စိတ်ကူးချိုချိုအနုပညာ

NYI SAY
MYANMAR EBOOK CREATOR

# ရသစာပေ
# အဖွင့်နှင့်နိဒါန်း

## ဇော်ဂျီ

ဒုတိယအကြိမ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

စိတ်ကူးချိုချို

# ရသစာပေ အဖွင့်နှင့်နိဒါန်း

ဇော်ဂျီ

၂၀၀၄ ခုနှစ် ဩဂုတ်လ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

စာမူခွင့်ပြုချက် ၁၆၁/၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက် ၄၀၃/၂၀၀၄ (၅)

မျက်နှာဖုံးဒီဇိုင်း m.s.o
စာအုပ်ချုပ် ကိုမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ပြည်လမ်း၊ ကမာရွတ်
ရန်ကုန်။

ပုံနှိပ်ခြင်း ဒုတိယအကြိမ်တစ်ပေါင်းတည်းထုတ်ဝေခြင်း
ပထမအကြိမ်(ရွှေအိုးစာပေ/ချင်းတွင်း-၁၉၇၆)
အုပ်ရေ ၅၀၀
ထုတ်ဝေသည့်ကာလ ဩဂုတ်လ၊ ၂၀၀၄
တန်ဖိုး ၂၀၀၀ ကျပ်

၁၅၀

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ပထမအခန်း

## ရှေးခေတ်မြန်မာစာပေ


၁။ မြန်မာစာပေ လမ်းခင်းလာပုံ ... ၅
၂။ အတိတ်ခေတ် မြန်မာစာပေ ... ၉
၃။ ပျို့ကဗျာနှင့် ပျို့စာဆို ... ၁၅
၄။ နတ်သျှင်နောင်၏အပြီး ... ၂၇
၅။ ရှေးရေးအိုင်ချင်းများမှတ်စု ... ၃၁
၆။ ရှေးက ခေတ်သစ်စာဆိုနှစ်ဦး ... ၄၇
၇။ ခနေပြုတွင် ချိုရတု ... ၅၇
၈။ ရှေးက မြန်မာစာပေသစ် [၁]
ဝန်ကြီးပဒေသရာဇာနှင့် တျာချင်း ... ၆၃
၉။ ရှေးက မြန်မာစာပေသစ် [၂] ... ၆၉
ဝန်ကြီးပဒေသရာဇာ၏တျာချင်းများ
၁၀။ ရှေးက မြန်မာစာပေသစ် [၃] ... ၇၉
ဦးကုလား၏ မဟာရာဇဝင်ကြီး
၁၁။ ရှေးက မြန်မာစာပေသစ် [၄] ... ၈၅
ရှင်ဥက္ကံသမာလာ၏ တောင်ငူဆိုရတုအဖြေ
၁၂။ ရှေးက မြန်မာစာပေသစ် [၅] ... ၉၁
ဒုတိယကျော်အောင်စံထား၏ ဝေါဟာရတ္ထပကာသနီ
၁၃။ ပထမမြန်မာ ဒဏ္ဍာရီဝတ္ထု ... ၉၉
၁၄။ ဦးပုညနှင့် ရှိတ်စပီးယား ... ၁၀၅


## ဒုတိယအခန်း

## မျက်မှောက်ခေတ်မြန်မာစာပေ


၁၅။ ၂၀ ရာစုနှစ် ခေတ်ဦး မြန်မာစာပေ၏ ထူးခြားချက်နှစ်ရပ် ... ၁၁၃
၁၆။ မြန်မာကာလပေါ်ဝတ္ထု ... ၁၄၇
၁၉၅၇-ခု၊ စာဆိုတော်နေ့၌ ဟောပြောသောစာ
၁၇။ မြန်မာကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာပုံလေ့လာချက် ... ၁၅၅
၁၈။ မြန်မာစာပေ ဝေဖန်ချက် ... ၁၇၁
၁၉။ ဦးလတ်၏ စံပယ်ပင်လောက ... ၁၇၅
၂၀။ ရွှေပြည်စိုးနှင့်ကျွန်တော် ... ၁၈၁

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

၂၁။ သခင်ကိုယ်တော်မှိုင်း၏ ဇာတိမာန်ကဗျာများ ... ၁၈၇
၂၂။ ဇာတိမာန်စာဆို-ဦးလွန်း ... ၁၉၃
၂၃။ မစ္စတာမောင်မှိုင်း မှာတော်ပုံ-ပထမတွဲ ... ၁၉၇
၂၄။ မစ္စတာမောင်မှိုင်း မှာတော်ပုံ-ဒုတိယတွဲနှင့် တတိယတွဲ ... ၂၀၉
၂၅။ သခင်ကိုယ်တော်မှိုင်း၏ ကဗျာသဘောနှင့် ကဗျာကျေးဇူး ... ၂၁၅

## တတိယအခန်း

## စာရေးမှုနှင့် ရသသဘော

၂၆။ ပြည်ကြီးဘာယာက စာဆိုသဘော ... ၂၃၅
၂၇။ သူတို့စာရေးကြပုံ ... ၂၄၁
၂၈။ စာအုပ်စင်နှင့်ကျွန်တော် ... ၂၄၇
၂၉။ ပြောက်ကျားစာရေးဆရာ ... ၂၅၃
၁၉၅၈ ခု၊ စာဆိုတော်နေ့၌ ပြောသောစာ
၃၀။ စာရေးဆရာနှင့် စာရေးစရာ ... ၂၅၇
၁၉၅၉ ခု၊ စာဆိုတော်နေ့၌ပြောသောစာ
၃၁။ ကဗျာသဘောနှင့် ကဗျာရည်ရွယ်ချက် ... ၂၆၁
၁၉၆၁ ခု၊ စာဆိုတော်နေ့၌ပြောသောစာ
၃၂။ ရသနှင့်အလွမ်း အဆွေး အသော ... ၂၈၃
၃၃။ အလွမ်း အဆွေး အသောနှင့် စာရေးဆရာ ... ၂၉၇
၃၄။ ရသစာပေပုံသဏ္ဌာန်ပြဿနာ ... ၃၀၃
၃၅။ သက္ကလဝတ္ထုတိုပြဿနာ ... ၃၁၁

## စတုတ္ထအခန်း

## မြန်မာအနုပညာ

၃၆။ မြန်မာအနုပညာ ဝေဖန်ချက် ... ၃၂၁
၃၇။ မြန်မာစာပေနှင့် အနုပညာတို့၏ နှောင်ရေး ... ၃၂၇
၃၈။ မြန်မာတို့၏ သဘင်ပညာသမိုင်းချုပ် ... ၃၃၅
၃၉။ မြန်မာပန်းချီမေတ္တာစာ ... ၃၅၅
၄၀။ မြန်မာအကပညာမေတ္တာစာ ... ၃၅၈

ရှေးခေတ်မြန်မာစာပေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာစာပေ လမ်းခင်းလာပုံ

ဦးဖြူသည် ကွင်းပြင်ကိုဖြတ်၍ မိမိရွာမှ တစ်ဖက်သောရွာသို့ နံနက်တိုင်း သွားလေ့ရှိသည်။ ညနေတိုင်း၌လည်း ထိုသွားလမ်းအတိုင်း ပြန်လေ့ရှိသည်။ ဤသို့လျှင် နေ့စဉ်သွားဖန်ပြန်ဖန်များ၍ လပေါင်းအတန်ကြာသောအခါ ဦးဖြူသွားသော လမ်းကြောင်းတွင် ခြေသွားလမ်းရာသည် တဖြည်းဖြည်းထင်လာသည်။ ထို့နောက် ရွာသား အပေါင်းတို့သည် ဦးဖြူ၏ ခြေသွားလမ်းရာကို မြင်သဖြင့်၊ အမှတ်မဲ့ပင် ထိုလမ်းရာကိုလိုက်၍ သွားလာကြသည်။ ဤသို့ဖြင့် ဦးဖြူ၏ခြေသွားလမ်းရာသည် အများ၏ အသိအမှတ်ပြုခြင်းကို ခံရ၍ လမ်းမကြီးဘဝကို ရလာသည်။

ခပ်သိမ်းသော လူမှုကိစ္စတို့ ဖြစ်ပေါ်လာကြရာ၌လည်း ထိုသဘောအတိုင်းဖြစ်သည်ဟု ဆိုအပ်သည်။

စာပေဟူသည် လူမှုကိစ္စတို့တွင် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတစ်ရပ်ဖြစ်သဖြင့် အထက်ပါသဘောနှင့် မကင်းနိုင်ချေ။ မကင်းနိုင်သည့်အတိုင်း၊ မြန်မာစာပေ ဖြစ်ပေါ်လာပုံ၌ ထိုသဘောကို ကပ်၍ ဆင်ခြင်လျှင် မြန်မာစာဆိုတို့သည် မြန်မာပြည်တွင် မိမိတို့၏ လမ်းကြောင်းကို အရာထင်အောင် ပြုနေကြဆဲတွင် လမ်းမကြီးတစ်ခုသဖွယ်ဖြစ်သော ဗုဒ္ဓစာပေကို ရလာ၍ မိမိတို့၏ လမ်းကြောင်းကို ထိုစာဖြင့် ချက်ချင်းဆောက်လုပ်ခဲ့သည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့်ဆိုသော်၊ မြန်မာစာပေတွင် မြန်မာစာဆိုတို့၏ ကိုယ်ပိုင်သက်သက်ဖြစ်သော လမ်းကြောင်းရာသည် မထင်ရှားခဲ့။ ဗုဒ္ဓစာပေဖြင့် ဆောက်လုပ်သော လမ်းရာအဖြစ်ဖြင့်သာ၊ ထင်ရှားခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် မြန်မာစာဆိုတို့သည် ရှေးခေတ် ဟိန္ဒူစာဆို၊ ဂရိစာဆိုတို့ကဲ့သို့ မိမိတို့၏လမ်းရာကို မိမိတို့ဘာသာ တသီးတခြားမခင်းခဲ့။ အခြားတစ်ပါးသော စာပေကိုမှီ၍ ခင်းခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော်လည်း မြန်မာစာပေသည် အာရုတိုက်တွင် ဗုဒ္ဓစာပေ၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရိပ်နှင့် မကင်းကြသော သီဟိုဠ်စာပေ၊ ယိုးဒယားစာပေတို့ကဲ့သို့လည်းကောင်း၊ ဥရောပတိုက်တွင် ရှေးခေတ် ဂရိစာပေ၏ အရိပ်နှင့်မကင်းကြသော အင်္ဂလိပ်စာပေ၊ ပြင်သစ်စာပေ စသည်တို့ကဲ့သို့လည်းကောင်း၊ ကံကောင်းသောစာပေဖြစ်သည်ဟု ဆိုပါက မှားမည်မဟုတ်ပါ။

ရှင်းပါအံ့။ ရှေးခေတ် အိန္ဒိယနိုင်ငံနှင့် ရှေးခေတ် ဂရိနိုင်ငံတို့တွင် စာပေတို့သည် အိန္ဒိယတိုင်းရင်းသား၊ ဂရိတိုင်းရင်းသား စာဆိုတို့၏ ဉာဏ်သက်သက်ဖြင့် ဖွဲ့နွဲ့သီဆိုသော မဟာကဗျာများဖြင့် စတင်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရသည်။ ရှေးခေတ် အိန္ဒိယနိုင်ငံတွင် လက်ဦးစာဆိုဖြစ်သည်ဟု ယူဆကြသော ဝါလမိကီသည် ရာမာယဏ မဟာကဗျာကို ဖွဲ့နွဲ့သီဆိုစဉ်အခါကသော်၊ အမှီပြုစရာတိုင်းတစ်ပါးစာပေဟူ၍ မရှိ။ ထိုစာဆို၏ ဉာဏ်မျက်စိရှေ့တွင် လူ့လောကတစ်ခုသာ ရှိခဲ့သည်။ ရှေးခေတ် ဂရိနိုင်ငံတွင် လက်ဦးစာဆိုဖြစ်သည်ဟု ယူဆကြသော ဟိုးမားသည်၊ အီလီယက်နှင့် အော်ဒီဆီမဟာ ကဗျာနှစ်ပုဒ်ကို ဖွဲ့နွဲ့သီဆိုစဉ်အခါကလည်း ထိုအတိုင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံ၌ကား မြန်မာစာပေသည် ရာမာယဏ မဟာကဗျာကဲ့သို့သော၊ အီလီယက်မဟာကဗျာကဲ့သို့သော မြန်မာတိုင်းရင်းသား ကဗျာများဖြင့် အစပြုလာသည်မဟုတ်။ ဗုဒ္ဓစာပေရောက်လာသောအခါမှာမှ၊ အကြီးအကျယ် ဖြစ်ထွန်း၍ တဖြည်းဖြည်းစည်ကားလာသည်ဟု ဆိုသင့်သည်။ ထိုသို့ဆိုသဖြင့် ဗုဒ္ဓစာပေမရောက်ခင်က တိုင်းရင်းသား မြန်မာတို့၌ တိုင်းရင်းသားဉာဏ်သက်သက်ဖြင့် နွဲ့နွဲ့သီဆိုသော ကဗျာသီချင်းများ မရှိခဲ့ဟု မဆိုလိုပါ။ ရိုင်းစဉ်အခါက ရိုင်းသူတို့ဘာသာဘာဝ သီဆိုကခုန်တတ်ကြသည့်အတိုင်း ထိုက်သည့်အားလျော်စွာ ကဗျာသီချင်းများ ရှိခဲ့ကြရာသည်။ ဗုဒ္ဓစာပေရောက်ပြီးမှ သီဆိုသော မြင်စိုင်းငါးစီးရှင်၏ ကာချင်းကိုလည်းကောင်း၊ အိုင်ချင်းများကိုလည်းကောင်း ထောက်ခြင်းအားဖြင့် ထိုအချက်ကို မှန်းဆ၍ သိအပ်ပါသည်။ သို့ရာတွင် ယခုတိုင် လူသိများ၍ အမြတ်တနိုးလေးစားကြသော မြန်မာစာတို့ကား ဗုဒ္ဓစာပေကိုမှီ၍ ဖြစ်ပေါ်လာသော မြန်မာစာများသာ ဖြစ်သည်ကို တွေ့ရသည်။

ဗုဒ္ဓစာပေသည် ဗုဒ္ဓသာသနာကို မြန်မာပြည်၌ ပျံ့နှံ့အောင် ဆောင်ရွက်လိုသည့် ရှင်အရဟံနှင့် အနော်ရထာတို့က အားပေးခဲ့ကြသောစာပေ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓစာပေကိုမှီ၍ ထွန်းကားလာသော မြန်မာစာပေသည် အထူးသဖြင့် ရဟန်းကျောင်းနှင့် နန်းတော် အိမ်တော်တို့၌ အများအပြားဖြစ်ပေါ်လာခဲ့ကြသည်ကို တွေ့ရပါသည်။ ခေတ်ဟောင်း မြန်မာစာပေတို့ကို လေ့လာသူတိုင်းသည် မြန်မာစာပေသမိုင်းတွင် သုံးဂိုဏ်းခွဲ၍ရသော စာတို့ကို တွေ့ရပေလိမ့်မည်။ အကြမ်းအားဖြင့် ဆိုရသော် (၁) ရဟန်းတော်များက စပ်၍ ရေးကြသော ပျို့နှင့် မော်ကွန်းတို့ကို တွေ့ရလိမ့်မည်။ ထိုကဗျာတို့တွင် ဇာတကဝတ္ထုများကို တန်ဆာဆင်၍ ဖွဲ့နွဲ့သည့် စာမျိုးပါသည်။ ဘုရားစေတီကျောင်းတို့၏ အကြောင်းခြင်းရာတို့ကို တန်ဆာဆင်၍ ဖွဲ့နွဲ့သော စာမျိုးပါသည်။ ထိုမှတစ်ဆင့် ထိုစာမျိုးတို့ကို ဝတ်ကြောင်စာဆိုတို့လည်း ဖွဲ့ဆိုလာကြရာ ကျယ်ဝန်းလာသည်။ (၂) မင်း၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှူးမတ်၊ မင်းညီမင်းသား၊ မင်းသမီး စသော နန်းတော်၊ အိမ်တော် စာဆိုတို့ ရေးကြသော ရတု၊ ဧချင်း၊ လူးတား၊ ရကန်၊ သာချင်း၊ တေးထပ်၊ လေးဆစ်၊ နှစ်ဆစ်၊ မှာတမ်း၊ နန်းတွင်းဇာတ်၊ ပြဇာတ်၊ ရာဇဝင်၊ အရေးတော်ပုံတို့ကို တွေ့ရလိမ့်မည်။ ထိုစာတို့တွင် မင်းတို့အကြောင်း၊ ထီးနေနန်းနေတို့၏ အမူအရာ အဖြစ်အပျက်တို့အကြောင်းကို ဖွဲ့နွဲ့သော စာမျိုးစုံပါသည်။ (၃) ရဟန်းစာဆို၊ ထို့နောက် အထူးသဖြင့် ထီးနန်းစာဆို၊ ဆင်းရဲသားစာဆို သုံးမျိုးစလုံးတို့ကပင် ဖွဲ့နွဲ့ကြသော ဗုံကြီးသံ၊ ဗုံထောက်သံ၊ သီချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်း၊ ဒုံးချင်း၊ လွမ်းချင်း၊ လေးဆစ်၊ သံချို၊ မေတ္တာစာ၊ ဟောစာတို့ကို တွေ့ရလိမ့်မည်။ ထိုတေးကဗျာတို့တွင် အများပြည်သူ လူရှင် ဆင်းရဲသားတို့၏ အမူအရာနှင့် အဖြစ်အပျက်အကြောင်း ဖွဲ့နွဲ့သော စာမျိုးစုံပါသည်။ ဆိုခဲ့သော စာသုံးမျိုးသည်၊ ရှေးဟောင်း မြန်မာစာပေ၏ ယေဘုယျလက္ခဏာတို့ပေတည်း။

ဂန္ထလောက၊ ၁၉၃၄။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အတိတ်ခေတ် မြန်မာစာ

ဥပမာလျှင် ခရီးသည်တစ်ဦးသည် မိမိ၏ ကျောဘက် ခရီးလမ်းကို ပြန်၍ကြည့်လိုက်လျှင် ခရီးလမ်းရှိ အလုံးစုံသော အာရုံဝတ္ထုတို့ကို ဂနစွာ မြင်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ခရီး၏ အကောက်အဖြောင့် အမြင့်အနိမ့်သဘောနှင့် ခရီးလမ်းရှိ တောင်အထွတ်ကဲ့သို့ မားမတ်သော အာရုံဝတ္ထုတို့ကိုကား တရုံးတစည်းတည်း သိမ်းကျုံး၍ မြင်နိုင်စရာအကြောင်း ရှိပါသည်။

ဤဆောင်းပါးတွင် ကျွန်ုပ်တို့သည် ပြန်၍ကြည့်သော ခရီးသည်ကဲ့သို့ မြန်မာစာကို ကြည့်ပါအံ့။ (မှတ်ရန်။ ။ ဤဆောင်းပါးတွင် 'မြန်မာစာ'ဟူသော အသုံးစကားသည် ဘာဝဖြင့် သို့မဟုတ်၊ ရသဖြင့် တန်ဆာဆင်သော မြန်မာစာမျိုးကို ဆိုလိုရင်း ဖြစ်ပါသည်။)

ခရီးအစ ဟူသည် ရေးရေးမှေးမှေးမျှသာ မြင်အပ်သော သဘောရှိသဖြင့် မြန်မာစာ၏ အရင်းမူလကို ဉာဏ်မျက်စိဖြင့် ပြန်ကြည့်ပါကလည်း ရေးရေးမှေးမှေးမျှသာ ဖြစ်မည်ကို သိရပေလိမ့်မည်။ သို့ရာတွင် ရေးရေးမှေးမှေး၏ သဘောသည် မြင်သူကြည့်သူတို့၏ဉာဏ် ဆန်းကြယ်သလောက် အထူးထူးသော အဓိပ္ပာယ်အနက်တို့ဖြင့် ပြည့်စုံနိုင်ပေသည်။ ငို့ကြောင့် ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့၊ အဘယ်ကြောင့်၊ အဘယ်နည်း စသော မေးခွန်းများကို ထုတ်ပါက မေးခွန်းထုတ်သူ၏ ဉာဏ်ဆန်းကြယ်သလောက် အဖြေလည်း ဆန်းကြယ်ပေလိမ့်မည်။ ထို့ကြောင့် ခရီးအစရှိ မြန်မာစာသည် အထွေထွေ တွေးတောစရာပင် ဖြစ်တော့သည်။

ထို့နောက် ခရစ်နှစ် ၄၀၀ ကျော်လောက်မှစ၍ ရေးသားကြသော ပုဂံကျောက်စာ မြန်မာစကားပြေတို့သည် မြန်မာစာပေတွင် တောင်ထွတ်ပမာ မားမတ်ထင်ရှား၍ ပုဂံဝူဘုရားများကဲ့သို့ပင် ဆန်းကြယ်ခဲ့သည်ကို တွေ့ရသည်။ အနော်ရထာမင်းစော ထွန်းညှိတော်မူခဲ့သော ဗုဒ္ဓသာသနာ အလင်းရောင်ကြောင့် မြန်မာတို့သည် နတ်ရေကန်၌ ရေချိုး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မိ၍ ချက်ချင်းပင် ၁၆ နှစ်အရွယ်သို့ ရောက်လာသော ဒဏ္ဍာရီပါ မင်းသားငယ်ပမာ၊ တစ်မုဟုတ်ချင်း အထက်တန်းကျသော ယဉ်ကျေးမှု၏ အရသာကို ခံစားကြရသည်။ ထိုသို့ ခံစားကြရသည့်နေ့မှစ၍ ပုဂံသားဉာဏ်ရှင်တို့သည် ဗုဒ္ဓဘာသာစာပေတို့ကို ဖတ်ရှုလေ့လာစ ပြုကြသည်။ ပစ္စည်းရှင်ဖြစ်ကြသော မင်းမှူးမတ် သူဌေးသူကြွယ်တို့သည် ဂူဘုရားတို့ကို ပြုကြသည်။ ထိုအခါ ဆင်းရဲသားတို့သည်လည်း ဉာဏ်ရှင် ပစ္စည်းရှင်တို့ကို တုပကြသည်။ ပုဂံသားတို့ပြုသမျှဖြစ်သော အရာအလုံးစုံသည် ဘုရားရှင်အတွက်ဖြစ်၍၊ ဘုရားရှင်၏ ဩဝါဒဖြစ်သော ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဖြစ်လာကြရသည်။ ထိုကဲ့သို့သော ခေတ်ထဲတွင် ပုဂံသာ. ပထမ စာရေးဆရာတို့သည်၊ မိမိတို့၏ ဉာဏ်စွမ်း လက်စွမ်းကို အဘယ်နေရာ၌ အသုံးပြုကြ၍၊ အဘယ်ကဲ့သို့သော ဘာဝစိတ်ကို အလေးတမူပြုကာ ရေးသားကြမည်နည်း။

သတ္တဝါတို့တဲထွာ ချစ်ကြ၊ ရယ်ကြ၊ ငိုကြ၊ ပျက်စီးကြ၊ ဖွံ့ဖြိုးကြ၊ တိုက်ခိုက်ကြ၊ စသော လောကီထုပ္ပတ် လူတို့ဇာတ် အဖြစ်အပျက်တို့သည်လည်းကောင်း၊ တောတောင်ရေမြေ စသော ဩကာသလောကသည်လည်းကောင်း၊ ပါဠိစာပေမှ ဇာတ်ဝတ္ထုအဆုံးအမတို့သည်လည်းကောင်း၊ ထိုထိုသောအကြောင်းတို့သည် ပုဂံသားစာရေးဆရာတို့၏ စာရေးလိုသောဆန္ဒကို မတိုက်တွန်းနိုင်ကြကုန်။ ထိုစာရေးဆရာတို့၏ အာရုံသည် ဘုရားရှင်ကို သဒ္ဓါကြည်ညိုခြင်း၌သာ လွှမ်းကဲသည်းထန်နေကြသဖြင့်၊ ဂူဘုရားပြုကြခြင်းနှင့် ရေစက်သွန်းလှူဒါန်းခြင်းတို့ကသာလျှင် စာရေးလိုသောဆန္ဒကို တိုက်တွန်းနိုင်ကြကုန်သည်။ တစ်နည်းအားဖြင့် ဆိုရသော်၊ ပုဂံစာရေးဆရာတို့၏ဘာဝစိတ်ဖြစ်ပေါ်ရာ ဝိဘာဝတို့သည်၊ အုတ်မြို့ရိုးရံသော ပုဂံထီးနန်းမဟုတ်။ နေပြည်တော်တစ်ဝိုက်ရှိ ကျောင်းပြာသာဒ် ကုဋီတို့ဖြင့် တင့်တယ်သောအရပ် ဖြစ်သည်။ ထိုစာရေးဆရာတို့၏သဘောသည် မိမိတို့အိမ်၌ တွေးတောကြံစည်၍ ရေးကြသော သဘောမဟုတ်၊ ဘုရားတစ်ဆူမှ တစ်ဆူသို့ လှည့်လည်၍ အလှူရှင်များနှင့် ရယ်ကာမောကာ ဂူဘုရားများကို ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများကို သာဓုအနုမောဒနာခေါ်ကာ ရေးကြသော သဘောကဲ့သို့ ဖြစ်သည်ဟု ဆိုချင်သည်။

ထိုသူတို့ရေးသားသော ကျောက်စာများသည် အလုံးစုံသော ပုဂံသားတို့၏ သဒ္ဓါစေတနာတို့ကိုလည်းကောင်း၊ ထိုခေတ်က အလေ့အထများတို့ကိုလည်းကောင်း ဖော်ပြသော စာများ ဖြစ်ကြသည်။ ဝါကျအထားအသို စကားအသုံးအနှုန်းအချို့သည် မြန်မာစကားပြေ အရေးအသားတွင် စံတင်လောက်သောစာများ ဖြစ်လာကြသည်။ ထို့ပြင် ကြည်ညိုခြင်း၊ ငြိမ်သက်ခြင်း ဖြစ်သော ဟရိဘာဝ၊ သမဘာဝတို့နှင့် ပြည့်စုံလှသဖြင့် မြန်မာစာပေသမိုင်းတွင် ခံ့ညားလှသော စာတစ်မျိုးဟု ယူဆထိုက်ပေသည်။

ပုဂံခေတ် မြန်မာစကားပြေတို့ကို ကျော်လွန်လာခဲ့ပြီးသည့်နောက် နောက်တစ်ကြိမ် တောင်ထွတ်ကဲ့သို့ ထင်ရှားသော မြန်မာစာပေကို သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်တွင် တွေ့နိုင်ပြန်သည်။ သက္ကရာဇ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်သို့ ရောက်လာသောအခါ စာရေးဆရာတို့၏ ဘာဝဖြစ်ပေါ်ရာ အကြောင်းဖြစ်သော ဝိဘာဝတို့သည်၊ များပြားကျယ်ပြန့်လာကြသည်။ ထို့ပြင် ထိုခေတ်က စာရေးဆရာတို့သည် အများအားဖြင့် မိမိတို့၏ဘာဝကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထုတ်ဖော်ရေးသားရာတွင်၊ သုတိသာသည်ထက်သာအောင် ကဗျာ ကာရန်တို့ကို အမြောက်အမြား သုံးစွဲလာကြသဖြင့် ပုဂံခေတ်တွင် ထင်ရှားခဲ့သော စကားပြေ အရေးအသားမျိုးသည် နည်းပါးသွားလေသည်။ ထို့ပြင် ထူးခြားသောအချက်တစ်ခုမှာ ပညာရှိတို့သည် ထိုခေတ်တွင် ဇာတကဝတ္ထုတို့ကို ကဗျာဖွဲ့လာကြသဖြင့် ဇာတကဝတ္ထုတို့သည် ယခင်ကထက်ပို၍ ထင်ရှားကျော်စောလာကြသည်။

ထိုခေတ်တွင် ပညာရှိတို့သည် ဗုဒ္ဓစာပေကို လေ့လာကြပြီးလျှင် လူသတ္တဝါတို့သည် ပစ္စုပ္ပန်သံသရာအတွက် မည်သို့ ကျင့်သင့်ကြသင့်သည်တို့၌ စိတ်ဝင်စား၍ ဇာတကနိပါတ်များနှင့် ဗုဒ္ဓဝင်ကျမ်းများတို့ကို အမှီပြုကာ ရေးသားကြသည်။ ထိုပုဂ္ဂိုလ်တို့၏ စာများသည် နေပြည်တော်၌ ကျော်စောကြသည်။ ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရ ကိုးခန်းပျို့၊ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့၊ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့ စသည်တို့သည် ရှင်ရှင်လူလူ ဖတ်ရှုလေ့လာကြသောစာများ ဖြစ်ကြတန်ရာသည်။ မြန်မာတို့၏ လေးလုံးစပ်ကာရန် အသုံးသည်လည်း သုတိသာယာခြင်းနှင့် ပြည့်စုံလာသည်။

ထို့ပြင် ပညာရှိတို့သည် ရေမြေ တောတောင် တင့်တယ်ဟန်တို့၌ ကသိဏ်းစိတ်ဖြင့်လည်းကောင်း၊ သမုဒ္ဒစိတ်ဖြင့်လည်းကောင်း ဝင်စား၍ နှစ်သက်မှုရခြင်း၊ စစ်အောင်၍ ရွှင်ပျော်ခြင်း၊ ရေမြေ့ရှင်၏ ဘုန်းဂုဏ်ကို ချီးကျူးခြင်း၊ ယောက်ျားမိန်းမတို့ မေတ္တာသက်ဝင်၍ လွမ်းဆွတ်ပူဆွေးခြင်း စသည်တို့ကိုလည်း ကဗျာဖွဲ့ဆိုရေးသားကြသည်။ ရှင်ဥတ္တမကျော်၏ တောလားရတုများ၊ နဝဒေး၊ နတ်သျှင်နောင်တို့၏ ဘုန်းတော်ဘွဲ့၊ မယ်မောင်ဘွဲ့၊ ဘုရားတိုင်ဘွဲ့ရတုများ၊ ရှင်သူရဲနှင့် လျော်ကားသုံးထောင်မှူးတို့၏ ဧချင်းများ၊ ရှင်မဟာရဋ္ဌသာရနှင့် ရှင်မဟာသီလဝံသတို့၏ မော်ကွန်းများတို့သည် ထင်ရှားကြသည်။

ထိုကဗျာတို့သည် ထိုခရစ်နှစ်အတွင်း မြန်မာနိုင်ငံနန်းတော်၊ အိမ်တော်၊ နေပြည်တော်များ၌ အနှံ့အပြားကျော်စောကြသဖြင့် မြန်မာစာသည် ပထမအကြိမ် မြန်မာလူမျိုးတစ်မျိုးလုံး၏ သင်းသီးပိုင်ပစ္စည်းတစ်ရပ် ဖြစ်ထိုက်သော အခြေအနေသို့ ရောက်လာပြီဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံသမိုင်းဘက်ကနေ၍ကြည့်လျှင် ထိုခေတ်က မြန်မာစာသည် မြန်မာနိုင်ငံ ခိုင်ခံ့အောင် ပြုစွမ်းနိုင်သော အားတစ်ပါးဖြစ်ခဲ့သည်။ မြန်မာစာပေသမိုင်းဘက်ကနေ၍ ကြည့်လျှင် နောင်ဖြစ်ပေါ်လတ္တံ့သော မြန်မာတို့၏ အမှီသဟဲ တံကဲဖြစ်နိုင်လောက်အောင် ကြွယ်ဝသော စကားအသုံး၊ သုတိသာသောကဗျာဖွဲ့၊ ဆန်းပြားသော အလင်္ကာနည်း အမျိုးမျိုးတို့နှင့် ပြည့်စုံလာကြသည်။ ထို့ပြင် စာဖွဲ့သောအကြောင်းအရာ အဖြစ်အပျက်များသည်လည်း မြန်မာစာဟု တခမ်းတနားခေါ်နိုင်လောက်အောင် နံ့စပ်ကျယ်ဝန်းလာကြသည်။ ထို့ကြောင့် ထိုခေတ်က မြန်မာစာသည် စံတင်လောက်အောင် ဖြစ်လာရပေသည်။

ဆိုခဲ့သော ပုဂံခေတ်ကျောက်စာနှင့် ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများကိုသာလျှင်၊ မြန်မာစာပေသမိုင်း၌ တောင်ထွတ်ပမာ ထင်ရှားစွာ မြင်နိုင်သော စာများဟု ယူဆမိတော့သည်။ ယခုထက်တိုင် အများအပြား ရေးသားနေကြသော မြန်မာစာသည်၊ တောင်အထွတ်တို့နှင့်တူသည်ဟု ဆိုခဲ့သော မြန်မာစာတို့၏ အရိပ်ကို ခိုလှုံလျက်သာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှိကြပေသေးသည်။ ဥပမာ တစ်မျိုးထပ်၍ ပြန်ရမည်ဆိုလျှင် ပုဂံခေတ်ကျောက်စာနှင့် ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများသည် အိုင်ကြီးများနှင့်တူကြသည်။ ယခု (၁၉၃၀ ကျော်) ထက်တိုင် ရေးသားနေကြသော မြန်မာစာသည် ထိုအိုင်ကြီးများမှ စီးဆင်းလျက် နေသော ရေအလျဉ်နှင့်တူသည်။

ညောင်ရမ်းဆက်၊ ကုန်းဘောင်ဆက်ခေတ်များ၌၊ စာအမြောက်အမြား ရှိကြပါ၏။ သို့ရာတွင် ထိုစာတို့သည် ဆိုခဲ့သော မြန်မာစာ နှစ်ခန်း၏ သဘောနှင့် မကင်းကြချေ။ ဝန်ကြီးပဒေသရာဇာရေးသော ပျို့တို့တွင် ငါးရာငါးဆယ် ဇာတ်နိပါတ်ဝတ္ထုမှအပ၊ အခြားသော ဝတ္ထုသွားများကို သုံးခဲ့သဖြင့် ထူးပါ၏။ နတ်သံ အဲချင်းများလည်း ထူးလာကြပါ၏။ တျာချင်းများလည်း ထူးလာကြပါ၏။ သို့ရာတွင် ထိုဝန်ကြီးတစ်ဦးတည်း၏ အသံသာ ရှိသဖြင့် ထိုခေတ်ကစာများကို တောင်ထွတ်ကဲ့သို့ မားမတ်ထင်ရှားသည်ဟု မဆိုသာချေ။ ထိုနောက် ဦးကြင်ဥ၏ ဒေဝကုမ္မာပြဇာတ်လည်း ထူးခြားလာပါ၏။ သို့ရာတွင် အားနည်းလှသဖြင့် ကြီးကျယ်သည်ဟု မဆိုသာချေ။ ဦးတိုး၏ ရာမရကန်၊ ဦးစ၏ အိနောင်ဇာတ်တို့သည် ဘာသာပြန်ကဗျာနှင့် ဇာတ်တို့သာ ဖြစ်ကြ၏။ ဦးပုည၏ မေတ္တာစာများလည်း ထူးကြပါ၏။ သို့ရာတွင် လောကသဘာဝ၊ လူ့သဘာဝတို့ကို ပြရာတွင် နယ်ကျဉ်းလှသေး၏။ သံဆန်းဖြစ်ကြသော တေးထပ်သံ၊ ဘောလယ်သံတို့သည်လည်း ထူးကြပါ၏။ သို့ရာတွင် ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က ချစ်မှု၊ ကြိုက်မှု၊ လွမ်းဆွတ်မှုနှင့် စပ်လျဉ်းလျက် ဖွဲ့လေ့ရှိသော သဘောမျိုးနှင့် မကင်းချေ။ ဦးမျှင်၊ ဦးကျော်လှတို့၏ သံချိုများလည်း လောကကို မြင်ပုံတွင် ထူးလာကြပါ၏။ သို့ရာတွင် အားနည်းလှသဖြင့် ကြီးကျယ်သည်ဟု မဆိုသာချေ။ အတိုချုပ်၍ဆိုရလျှင် ညောင်ရမ်းဆက်၊ ကုန်းဘောင်ဆက်မှစ၍ ယခုတိုင် အများအပြားရေးသားကြသော မြန်မာစာသည်၊ ပုဂံခေတ်က ကျောက်စာများကဲ့သို့လည်းကောင်း၊ ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော်ခေတ်က စာများကဲ့သို့လည်းကောင်း၊ သဘောသစ်၊ အမြင်သစ်တို့ကို တစုံတရုံးတည်း မဖော်ပြနိုင်ခဲ့ဟုလည်းကောင်း၊ သဘောသစ် အမြင်သစ်ပြသော စာများကလည်း တစုတရုံးတည်း မရှိကြဟုလည်းကောင်း၊ တစုတရုံးတည်း ရှိကြသော စာများကလည်း သဘောဟောင်း အမြင်ဟောင်းများကို ထပ်မံဖော်ပြသော စာများသာလျှင် ဖြစ်ကြသည်ဟုလည်းကောင်း ယူပါသည်။

ဆိုခဲ့သော စကားရပ်တို့ကို ချုပ်ဆိုပါအံ့။ (၁) ပုဂံခေတ်က စာရေးဆရာတို့သည် မိမိတို့၏ ဘာဝစိတ်ကို စကားပြေဖြင့် အများအပြား ရေးသားကြ၏။ ထိုသူတို့၏ ဘာဝစိတ် ဖြစ်ပေါ်ကြောင်းဖြစ်သော ဝိဘာဝတို့သည် ဂူဘုရား၊ ကျောင်း၊ ဇရပ်နှင့် ရတနာသုံးပါးတို့ ကိစ္စများ ဖြစ်ကြသည်။ (၂) ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော် ခေတ်က စာရေးဆရာတို့သည် မိမိတို့၏ ဘာဝစိတ်ကို သုတိသာသော ကဗျာကာရန်တို့ဖြင့် အများအပြား ရေးသားကြ၏။ ထိုသူတို့၏ ဘာဝစိတ် ဖြစ်ပေါ်ကြောင်းဖြစ်သော ဝိဘာဝတို့သည် သုတ်ပိဋကာ၊ အဘိဓမ္မာပိဋကတို့ ဖြစ်ကြသည်။ တောတောင်ရေမြေတို့၏ တင့်တယ်ဟန်များ ဖြစ်ကြသည်။ ယောကျ်ား မိန်းမတို့၏ မေတ္တာသက်ဝင်မှုများ ဖြစ်ကြသည်။ မင်းမှူးမတ်နှင့် ထီးနန်းများ အကြောင်း ဖြစ်ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာစာပေသမိုင်းကို လေ့လာသူတိုင်းသည် ဆိုခဲ့သော ပုဂံခေတ် ကျောက်စာများနှင့် ခရစ်နှစ် ၈၀၀ မှ ၉၀၀ ကျော် ခေတ်က စာတို့၏ သိမ်မွေ့ပုံ၊ ခံ့ညားပုံတို့ကို သိကြပေလိမ့်မည်။ ဤဆောင်းပါးတွင် အချို့သော သဘောတရားများကိုလည်းကောင်း၊ ထင်ရှားသော စာတို့၏အကြောင်းကိုလည်းကောင်း၊ အကြောင်းမည်ရုံမျှသာ ဆိုခဲ့သဖြင့်၊ ဉာဏ်ရှင်များ ကျက်စားစရာ ကျန်ရှိသေးကြောင်း သတိမူအပ်ပါသည်။

ဂန္ထလောက၊ ၁၉၃၄။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ပျို့ကဗျာနှင့် ပျို့စာဆို

မြန်မာနိုင်ငံတွင် ယခုခေတ်တိုင်အောင် မြတ်စွာဘုရား၏အဖြစ်တော် ဇာတကဝတ္ထုများသည် ရှင်လူကြီးငယ်တို့၏ အမြတ်နိုးဆုံးဖြစ်သော ဝတ္ထုများ ဖြစ်ကြသည်။ ရှင်ပြုအလှူ၌ တည်ကြသော ဖလားစုံကွမ်းအစ်ပတ်လည်တွင် ဝိဓုရအမတ်က တရားပြလျက်၊ ပုဏ္ဏကက လက်အုပ်ချီလျက် ရှိကြသေးသည်။ မင်္ဂလာပွဲထိုင်၌ အလှပြထားသော ငွေဖလား၏ နှုတ်ခမ်းအနားပတ်အောက်တွင် မင်းမဟော်က လက်သီးဆုပ်ပြလျက်၊ အမရာက လက်ဝါး ဖြန့်ပြလျက် ရှိကြသေးသည်။ လက်ဆောင်ပေးလေ့ရှိကြသော ယွန်းသေတ္တာငယ်အဖုံးပေါ်တွင် ဥမ္မာဒန္တီက ပန်းကြဲလျက်၊ သိဝရာဇ်မင်းက ငေးမောလျက်ရှိကြသေးသည်။ ကျောင်း၊ တန်ဆောင်း အချို့တို့ဝယ် နံရံမြင့်တစ်ခုခုတွင် သုဝဏ္ဏသျှံ၏ နံပါး၌ ဒုကူလနှင့် ပါရိက တို့က မျက်ရည်သုတ်လျက်၊ ပိဋိယက္ခမင်းကြီးက လေးကြီးကိုပိုက်ကာ ငိုင်လျက်ရှိကြသေးသည်။ ဘုန်းကြီးပျံလောင်တိုက် ပြာသာဒ်များတွင် ပစ္စယဆင်ဖြူတော်၏ နှာမောင်းကို ကိုင်ကာ ဝေဿန္တရာမင်းကြီးက ခရုသင်းမှ ရေစက်သွန်းချလျက်၊ ဘီလူးကဲ့သို့ မျက်နှာမဲ့ရွဲ့ထားသော ဇူဇကာ၏ တံပြာကြိမ်အောက်တွင် ကဏှာနှင့် ဇာလီတို့က ငိုယိုလျက် ရှိကြသေးသည်။ ရှေးခေတ်များကမူ စာရေးဆရာတို့သည် ဤဇာတကဝတ္ထုများကို မျက်စိကျလွန်းသဖြင့် ကိုယ်ပိုင်ဝတ္ထုသစ်များကိုပင် မကြံစည်ကြတော့ဘဲ ဤဇာတကဝတ္ထုများကိုသာ တန်ဆာဆင်၍ ရေးသားလေ့ရှိကြသည်။ နန်းတော်၊ အိမ်တော်၊ မြို့တော်၊ ကျေးတော နယ်ပယ်အရပ်ရပ်တို့ကလည်း ဤစာများကိုသာ အားရနှစ်ခြိုက်စွာ နာလေ့၊ ပျော်ရွှင်လေ့ရှိကြသည်။ ထို့ကြောင့် မြန်မာကဗျာသမိုင်းတွင် ပျို့ကဗျာဟူ၍ တခမ်းတနား ထွန်းကားလာခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။

ပင်ရင်းအရိုးခံ ဇာတကဝတ္ထုသည် ပျို့ကဗျာတွင် ဝေဝေဆာဆာ သစ်သစ်လွင်လွင် ဖြစ်လာတတ်သည်။ အကြောင်းရင်းကို ဆင်ခြင်သော် ပျို့စာဆိုတို့၏ 'အပြောကောင်းပုံ'ကို တွေ့ရသည်။ စီကာပတ်ကုံး ပြောတတ်ခြင်းသည်၊ ပါရမီရှင်တို့၏ အတတ်တစ်ခု ဖြစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၏ဟု ခေါ်ဆိုအပ်သည်။ အပြောကောင်းသူတို့၏ နှုတ်ဖျားတွင် အထပ်ထပ်အခါခါ ကြားဖူး ဖတ်ဖူးသော အကြောင်းအရာတစ်ခုသည် နားထောင်ကောင်း၊ ဖတ်ကောင်းလျက်သာ နေသည်။ စကားအပြောကောင်းသူတို့နှင့် တွေ့ကြုံဖူးသူတို့သည် ဤဂုဏ်ကို သိကြပေလိမ့်မည်။ ဥပမာ–လူချင်းတူပါလျက် အဆင်အပြင် တတ်လှသောကြောင့် ရှုမငြီးနိုင်သကဲ့သို့ ဖြစ်သည်။ အပြောကောင်းသည်ဆိုခြင်းသည် အဘယ်နည်း။ စဉ်းစားကြည့်ကြဦးစို့။ ဥပမာ–ဝတ္ထုအပြောကောင်းသူဆိုပါတော့။ ထို့ပြင် ဝတ္ထုကလည်း ချစ်ဆွေ ခဏခဏ ကြားဖူးသော ဝတ္ထု ဆိုပါတော့။ သို့ရာတွင် အပြောကောင်းသည် ဖြစ်ပါက ဝတ္ထုဇာတ်လမ်းကို သိပြီးသူ ချစ်ဆွေပင်လျှင်၊ သူ၏အပြော၌ စွဲလမ်းဖွယ်ကောင်းသော ဂုဏ်တို့ကို တွေ့လာပေလိမ့်မည်။ ရှေးဦးစွာ အမေမွေးကတည်းကပါလာသော သူ၏ အမေ့ဉာဏ်ကို (ဝါ) စိတ်ကူးဉာဏ်ကို တွေ့လာလိမ့်မည်။ ထို့နောက် ထိုစိတ်ကူးဉာဏ်က ရှေ့ဆောင်ရှေ့ရွက်ပြုကာ ခေါ်ငင်လာတတ်သော ဇာတ်ခန်း ဇာတ်ကွက်နေရာတကျ စီစဉ်တတ်ခြင်း၊ ထို့နောက် နသံ၊ နှဲ့သံ၊ ကြမ်းသံ၊ လွမ်းသံ၊ ရွှန်းသံ စသော အသံတို့ကို လေယူလေသိမ်း ကောင်းကောင်း၊ လျှာထား အာထား ကောင်းကောင်းဖြင့် ဆိုမြည်တတ်ခြင်း၊ ထို့နောက် ကိုယ်တွေ့မျက်မြင်တို့ကို အခြေပြု၍ ဖန်တီးတတ်ခြင်း၊ ထို့နောက် လူ့လောက သဘာဝကို နားလည်၍ ဖန်တီးတတ်ခြင်း၊ သုတများခြင်း၊ စိတ်ထားမြတ်ခြင်းတို့ကို အပြည့်အစုံ မတွေ့ရစေကာမူ အချို့အချို့ကို တွေ့လာရတတ်သည်။ စာအရေးကောင်းသည် ဆိုရာတွင်လည်း ထိုနည်းအတိုင်း ဖြစ်စရာအကြောင်းရှိသည်။

'အပြောတတ်သည်'၊ 'အဆင်အပြင်တတ်သည်'၊ 'စာရေးတတ်သည်' ဟူသော အတတ်ပညာတို့သည် သဘောအားဖြင့် တစ်မျိုးတည်းဖြစ်သည်ဟု ယူဆမိသည်။ ထိုသို့ ယူဆသဖြင့် အပြောတတ်သူသည် အဆင်အပြင်တတ်အံ့၊ အရေးတတ်အံ့ဟု မဆိုလိုပါ။ သဘောအားဖြင့် တစ်မျိုးတည်းဖြစ်သည်ဟုသာ ဆိုလိုရင်း ဖြစ်ပါသည်။ ဆိုခဲ့သော အပြောတတ်ခြင်း၊ အဆင်အပြင်တတ်ခြင်း၊ အရေးတတ်ခြင်းဟူသော အတတ်ပညာတို့ကို 'ပရိယာယ်' ဟု အမည်ပေးလိုက်ချင်သည်။ ပါရမီထူးသောပုဂ္ဂိုလ် စာဆို၌ ဤပရိယာယ်ရှိသည်။ သူရေးသောစာသည် ဤပရိယာယ်ကြောင့် ဘယ်သောအခါမျှ မကွယ်နိုင်။ မြန်မာစာ မကွယ်သမျှ ကာလပတ်လုံး ခိုင်မြဲ၍နေပေလိမ့်မည်။ ထို့ပြင် ပုဂ္ဂိုလ်ကောင်း မကောင်းကို သိလိုလျှင်လည်း ဤပရိယာယ်ဖြင့် ချိန်ထိုး၍ ကြည့်နိုင်သည်။ ပုဂ္ဂိုလ်၌ အရုပ်ရုပ်သုတ စုံလင်စွာပါခြင်း၊ ကျမ်းဂန်စကားပါခြင်းတို့သည် ပုဂ္ဂိုလ်၏ ဂုဏ်တစ်ရပ် ဖြစ်ပါ၏။ သို့ရာတွင် ထိုဂုဏ်သည် စင်စစ်မှာ ပုဂ္ဂိုလ်၏ အသက်မဟုတ်။ ပုဂ္ဂိုလ်၏နှလုံးသွေးမဟုတ်။ ပရိယာယ်သာလျှင် ပုဂ္ဂိုလ်၏အသက်၊ ပုဂ္ဂိုလ်၏နှလုံးသွေး ဖြစ်သည်ဟု ယူဆသည်။ ဗဟုသုတအလို့ငှာ ပုဂ္ဂိုလ်ကို ဖတ်ဖို့ကောင်းသည်ဟူသော သြဝါဒကို မနှစ်သက်ချင်ပါ။ ထိုထိုဗဟုသုတတို့ကို ပုဂ္ဂိုလ်ထဲတွင် ရှာမည့်အစား၊ ဆိုင်ရာဗဟုသုတကျမ်း၊ ဆိုင်ရာဓမ္မကျမ်းများ၌ ရှာ၍ ဖတ်လိုက်တော့မည်။ ပို၍ပင် သိလာနိုင်စရာအကြောင်းရှိသည်။ ကျွန်ုပ်သည် နှစ်သက်ခြင်း ပီတိဖြစ်လိုသောကြောင့်လည်းကောင်း၊ ပီတိနှင့်ယှဉ်သော လူ့လောကအသိ၊ ဘဝအသိ ရင့်သန်လိုသောကြောင့်လည်းကောင်း ပုဂ္ဂိုလ်ကို ဖတ်ချင်တော့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပရိယာယ်ကောင်းသောဂုဏ်ရှိလျှင် ပျို့ကောင်းဖြစ်နိုင်ကြောင်းကို ခရီးရောက်လှသော ဥဒါဟရုဏ်ပျို့တစ်စောင်ဖြင့် စစ်ဆေးဆွေးနွေးပြလိုသည်။ ပျို့သည် နေမိဘုံခန်းပျို့ဖြစ်သည်။ စာဆိုသည် ရှင်အဂ္ဂသမာဓိ ဖြစ်သည်။ ပြမည့် ဥဒါဟရုဏ်သည် ဗိရဏီဘုံခန်းဖြစ်သည်။ ရှင်အဂ္ဂသမာဓိသည် မြန်မာသက္ကရာဇ် ၈၄၁ ခုနှစ်၌ ဖွားမြင်၍ ၉၁၄ ခုနှစ်၌ ပျံလွန်တော်မူသည်။ အင်းဝမြို့ ဒုတိယမင်းခေါင်လက်ထက်တွင် ကျော်စောသော ရဟန်းစာဆိုကြီးတစ်ပါး ဖြစ်သည်။ ရှင်မဟာသီလဝံသအောက် အသက် ၂၆ နှစ်ငယ်၍၊ ရှင်ရဋ္ဌသာရအောက် အသက် ၁၁ နှစ် ငယ်သည်။ သို့ရာတွင် ရှင်ကြီးနှစ်ပါးတို့နှင့် စာဆိုဖက် ဖြစ်သည်ဟုဆိုက မှားမည်မဟုတ်ချေ။ ရှင်အဂ္ဂသမာဓိသည် သုဝဏ္ဏလျှံသူဋ္ဌေးခန်း၊ သစ္စာခန်း၊ လေးပစ်ခန်း၊ နေမိမဃ္ဃိုးခန်း၊ ငရဲခန်း၊ ဘုံခန်းတို့ကို ဆိုခဲ့သည်။ ငရဲခန်းက ခြောက်လွန်းသည်။ ဘုံခန်းက မြှောက်လွန်းသည်ဟူသော ရှေးအစဉ်အလာစကားကို ထောက်ခြင်းအားဖြင့် ရှင်အဂ္ဂသမာဓိ၏စာ ကျော်စောကြောင်း၊ ရှင်လူအများ နှစ်သက်ကြကြောင်း ထင်ရှားလှသည်။ သူ၏ စာဆိုဉာဏ်သည် သဘောအားဖြင့် ပန်းချီဆရာတို့၏ ဉာဏ်နှင့်တူသည်ဟု ယူဆသည်။ ရုပ်လုံးဖော်ခြင်း၊ အရောင်စပ်ခြင်း အရာတို့တွင် အထူးသဖြင့် တူသည်။

နေမိဘုံခန်းပျို့သည် နိမိဇာတကအဋ္ဌကထာကို အခြေခံ၍ ဖွဲ့ဆိုသောပျို့ ဖြစ်သည်။ လိုရင်းဇာတ်ကြောင်းမှာ မာတလိနတ်သားသည်၊ နေမိမင်းကို ဝေဇယန္တာရထား၌ တင်၍ သိကြားမင်းထံသို့ ပင့်ဆောင်သွားခြင်း ဖြစ်သည်။ ကောင်းကင်ခရီးတွင် မာတလိသည် ဘုံအဆောင်ဆောင်တို့၌ စံစားနေကြသော နတ်သမီး နတ်သားတို့ကို မင်းကြီးအားပြလျက် သူတို့၏အတိတ်ကုသိုလ်ကောင်းမှုတို့ကို ဟောပြောခြင်းဖြစ်သည်။ ဇာတ်တော်၏ ဩဝါဒမှာ ဒါန သီလတို့၏ မွန်မြတ်ခြင်း ဖြစ်သည်။

ဘုံခန်းပျို့၌ ပါဝင်သော ဗိရဏီဘုံခန်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာပါဠိနိဿယ၌ အရိုးခံဝတ္ထုကြောင်းသည် ဤသို့ဖြစ်သည်။

(၁)"ဝိဒိတာနိတေမဟာရာဇ . . . အစရှိသော စကားကိုဆို၍ မာတလိနတ်သားသည် နတ်ပြည်သို့ ရှေးရှုသည်ဖြစ်၍ ရထားကို နှင်လေ၏။ နေမိမင်းကြီးသည် နတ်ပြည်သို့ သွားသည်ရှိသော် တစ်ဆယ့်နှစ်ယူဇနာရှိသော၊ ပတ္တမြားဖြင့်ပြီးသော၊ အထွတ်ငါးခုရှိသော၊ ခပ်သိမ်းသော၊ တန်ဆာဆင်သော၊ ဥယျာဉ်ရေကန်နှင့်လည်း ပြည့်စုံထသော၊ ပဒေသာပင်တို့ဖြင့်လည်း ခြံရံထသော၊ ဗိရဏီအမည်ရှိသော နတ်သမီး၏ ကောင်းကင်၌တည်သော ဗိမာန်ကိုမြင်၍ ဗိမာန်၏အတွင်း အိပ်ရာထက်၌နေသော နတ်သမီးတစ်ထောင် ခြံရံလျက် ပတ္တမြားဖြင့်ပြီးသော ခြသေ့ံခံသော လေသာတံခါးကိုဖွင့်၍ ကြည့်သော ထိုနတ်သမီးကိုလည်း မြင်၍ မာတလိနတ်သားကို မေးလို၍ ဂါထာကို ဆို၏။ မာတလိနတ်သားသည်လည်း မင်းကြီးအား ကြား၏"

(၂) "မာတလိနတ်သား၊ ငါးခုကုန်သော အထွတ်တို့နှင့် ပြည့်စုံသော ဤဗိမာန်သည် ဆင်၏။ ထိုဗိမာန်၏ အိပ်ရာ၏အလယ်၌ ပန်းအစရှိသော ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်သော ကြီးသောအာနုဘော်ရှိသော နတ်သမီးသည်၊ အထူးထူးအပြားပြားရှိသော နတ်၏ တန်ခိုးကိုပြလျက်နေ၏။ ထိုစကားဆိုသင့်စွ။ နတ်၏ တမန်ဖြစ်သော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မာတလိနတ်သား၊ ထိုနတ်သမီးကိုမြင်၍ နှစ်လိုခြင်းသည် ငါ့ကို ရလေ၏။ နတ်၏ရထား ထိန်းဖြစ်သော မာတလိနတ်သား၊ သင့်ကို ငါမေး၏။ အကြင်နတ်သမီးသည် နတ်ပြည်သို့ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေ့လျော်ရ၏။ ထိုနတ်သမီးသည် အဘယ်မည်သော ကောင်းမှုကို ပြုခဲ့ဖူးသနည်း"

(၃) "နေမိမင်းကြီး မေးအပ်သော မာတလိနတ်သားသည် ထိုနေမိမင်းကြီးကို ကြားပေ၏။ ကောင်းမှုကံတို့၏အကျိုးကို မိမိသိသည်ဖြစ်၍ မသိသော နေမိမင်းအား ကြားပေ၏။ မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် စင်စစ်သဖြင့် အသက်ရှင်သော လူ၏ရွာ၌အကြင် ဗီရဏီမည်သော ကျွန်မကို ကြားဖူး၏လော။ ထိုဗီရဏီအမည်ရှိသော ကျွန်မသည် တစ်ယောက်သောပုဏ္ဏား၏ အိမ်ကျွန်မ၏ ဝမ်း၌ဖြစ်သော ကျွန်မ ဖြစ်ခဲ့ဖူးသည်။ ထိုအိမ်ကျွန်မ ၏သမီးဖြစ်သော ကျွန်မသည် နံနက်အခါရောက်လတ်သော်၊ ဧည့်သည်ဖြစ်သော ရဟန်းကို သိစေ၍ ကွေကွင်း၍ နေရာအရပ်မှလာသော သားကို အမိသည် တစ်ကြိမ် နှစ်လိုသကဲ့သို့ အခါခပ်သိမ်းနှစ်လို၏။ သီလသတင်းကလည်းရှိ၏။ ကျွေးမွေလည်းရှိ၏။ စွန့်ကြဲပေးကမ်းခြင်းလည်းရှိ၏။ ထိုသီလသတင်း စွန့်ကြဲခြင်းဖြင့် ဗီရဏီအမည်ရှိသော အိမ်ကျွန်မသည် ဗိမာန်၌ မွေ့လျော်ရ၏။ ဤသို့ဆို၏"

အဋ္ဌကထာ ပါဠိနိဿယတွင် အဋ္ဌကထာ ဆရာက အထက်ပါအကြောင်းကိုပင် ဖွင့်ပြပြန်သည်။ ဖွင့်ပြချက်အရ အကြောင်းသစ်များမှာ ဗီရဏီနတ်သမီးကိုမြင်၍ဖြစ်ပေါ်လာသော နှစ်လိုခြင်းသည် နှိပ်စက်ခြင်းနှင့်တူကြောင်း၊ အိမ်ကျွန်မသည် ကဿပဘုရားလက်ထက်ကဖြစ်ကြောင်း၊ ရဟန်းအား ဆွမ်းကပ်ရန် စာရေးတံမဲကို အိမ်ကျွန်မ ရကြောင်း၊ နွားချေးဖြင့် လိမ်းကျံအပ်သော၊ ကြက်အပ်သော ဗိမာန်ရှိသော၊ ကောင်းစွာခင်းအပ်သော နေရာ၌ ထိုရဟန်းအား ဆွမ်းကျွေးကြောင်းတို့ ဖြစ်ကြသည်။

ရှင်အဂ္ဂသမာဓိသည် ထိုအရိုးခံဝတ္ထုကြောင်းကို ဗီရဏီဘွဲ့ခန်းတွင် လွှမ်းဆွတ်ကြည်နူးဖွယ်ဖြစ်အောင် ရေးခဲ့သည်။ အရောင်အဆင်း ရုပ်သဏ္ဌာန်တို့ကိုပေါ်အောင် ဖော်နိုင်ခြင်း၊ မိန်းမပျိုတို့၏သဘောနှင့် ချစ်သူတို့၏သဘောတို့ကို ထင်ရှားစွာပြနိုင်ခြင်းတို့သည် ရှင်အဂ္ဂသမာဓိ၏ ထူးကဲသော ပရိယာယ်ဖြစ်သည်ဟု ယူဆပါသည်။ ဗီရဏီဘွဲ့ခန်းကို အပိုဒ် ၁၁ ပိုဒ် ရေး၍ ဖွဲ့ဆိုထားသည်။ အစချီလိုက်သော အပိုဒ် ၁ မှာပင် လွမ်းစရာကောင်းအောင် ရေးခဲ့သည်။ ရှင်အဂ္ဂမသာဓိသည် နေမိမင်းက ဗီရဏီအား စိတ်ညွတ်လိမ့်မည်ဖြစ်ကြောင်းကို ကြိုတင်သိထားနှင့်လေသည်။ ထို့ကြောင့် မိမိ၏စာ၌ နေမိမင်း နတ်ပြည်တက်ခန်းကို ဖွဲ့ရာတွင် လွမ်းစရာကောင်းသော နွေဦးရာသီဘွဲ့နှင့်စ၍ ချီလိုက်သည်။ အဋ္ဌကထာ၌ နေမိမင်း ဘယ်ရာသီတွင် နတ်ပြည်သို့ တက်သွားသည်ဟု တစ်ထစ်ချမပါချေ။ သို့ရာတွင် နွေဦးရာသီဘွဲ့နှင့် အစချီလိုက်သဖြင့် စာဆို၏အချိန်အဆသည် လျော်ကန်လှပေသည်။ ထိုမျှသာမကသေးပါ။ ဖွဲ့ထားသော နွေဦးရာသီ၏ အသွင်အပြင်ကလည်း နှစ်သက်ဖွယ်ကောင်းသည်။ အဖွဲ့တွင် စာဆိုသည် တော့ကြီးတောင်ကြီး၊ သစ်ကြီးဝါးကြီးကိုမပြ။ အရောင်ရင့်ကိုလည်းမခြယ်။ သေးငယ်သော အစိတ်အပိုင်းတို့ကို အရောင်နုဖြင့်သာ ခြယ်ခဲ့သည်။ ရွက်ဟောင်း၊ ရွက်နု၊ မင်းလွင်၊ လေညင်း၊ မြေသင်းနံ့တို့ နွေအိမ်၌ သဘာဝ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတိုင်း လှနေဟန်ကို ဖွဲ့ထားသည်မှာ စကားနည်းနည်းနှင့် ထင်ပေါ်လှသည်။ သုတိ လည်းသာသည်။ ဖွဲ့ပုံမှာ–

*"ခါလည်လှလှ၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျော့၍၊ ရွက်ကြောနုလှန်၊ ရွက်သစ်ပြန်တည်၊ ပန်းမာန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင် မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဒုန်ရိုက်မြည် ချွန်းချွန်း တည်း"*

ဟု ဖွဲ့ခဲ့သည်။

နေမိမင်းသည် ကောင်းကင်ကို မျှော်ရှုလိုက်ရာ ဘုံဗိမာန်နှင့် နတ်သမီးတို့ကို မြင် သည်။ နှစ်သက်ဖွယ်ကောင်းအောင် စာဖွဲ့စရာအကြောင်းများ ပေါ်လာကြပြန်ပြီ။ ရှင်အဂ္ဂ သမာဓိ၏ စာဆိုဉာဏ်သည် ဆိတ်ဆိတ်နေခဲ့သည်မဟုတ်ချေ။ အင်းဝရွှေမြို့တော်ကြီး၌ သူမြင်ရ တွေ့ရသော နန်းပြာသာဒ်၊ ကျောင်းပြာသာဒ်တို့၏ ပုံပန်းသဏ္ဌာန်အချိုးအစား အဆင်တန်ဆာ၊ အရောင်အဆင်းတို့သည် သူ၏ စာဆိုဉာဏ်တွင် ထင်ပေါ်လာဟန်တူသည်။ ဒိဗ္ဗ၏ ဗိမာန်က သူ၏စိတ်တွင် တစ်ကျွန်းတစ်နိုင်ငံကဲ့သို့ ခံ့ညားစွာ မြင်လာဟန်တူ သည်။ ကောင်းကင်တစ်ခုလုံးပင် နဲ့ကိုင်းသွားမတတ်၊ ကြီးမားလှသော ထိုဗိမာန်ကိုကြည့်၍ သူအံ့ဩလိုက်သည်။ ထို့ကြောင့်လျှင် သူ၏အဖွဲ့၌–

*"ရွှေတော်မျက်မြင်၊ မိုးဝပြင်ဝယ်၊ တုရင်ကမောင်း၊ မွန်ခေါင်းစုံလစ်၊ သရစ်သွန်းသွန်း၊ ထက်ဝန်းပြိုပြို၊ ကောင်းကင်နွဲ့မျှ၊ တစ်ဆယ့်နှစ်ယူဇနာ၊ အခန့်တာလျက်၊ ကျယ်စွာနံလျား၊ တစ်ကျွန်းအားသို့၊ ပတ္တမြားစိမ့်မြောင့်၊ ခြသေ့်စောင့်သား၊ ရှစ်ထောင့်ခုံမြင့်၊ ကျည်းရွက်ဖွင့်လျက်၊ ငါးဆင့်ဘုံမွန်၊ ရွှေဗိမာန်နှင့်"*

ဟု ဖွဲ့ခဲ့သည်။

ဗိမာန်၌ အပြောက်အမွမ်း အမျိုးမျိုးရှိဟန်၊ မကန်းခံတွင်း၌ ခြသေ့်က ခြေဖြင့် နင်း ထားဟန်၊ ခြူးညွန့်ခွေထားဟန်၊ အဝါရောင်၊ အစိမ်းရောင် ပြိုးပြိုးပြက်ပြက်အရောင်တို့ ဆောက်ပနေကြဟန်တို့ကို ဖွဲ့ဆိုပြန်သည်မှာ–

*"အဆန်းအဆန်း၊ ရွှေကျိုးရန်းနှင့်၊ မကန်းခံတွင်း၊ ခြသေ့်နင်းလျက်၊ ပြောက်ကွင်းရေးချဲ့၊ နွဲ့ရစ်ရွဲ့တုံ၊ ကယ်ကဲ့ရောင်ထွေ၊ ခြူးညွန့်ခွေလျက်"*

ဟုလည်းကောင်း၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*"ပဋ္ဌမိဝယ်၊ စွလီစွလာ၊ မသာရဂလီ၊ ကျောက်မွန်မြခဲ၊ သန္တာဆွဲလျက်၊ ပုလဲပျစ်ရှက်၊ ဗိမာန်ကြက်လည်း"*

ဟု လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

နေမိမင်းမျှော်ခိုက်တွင် ဗိရဏီနတ်သမီးသည် အခြွေအရံများနှင့်တကွ ပြာသာဒ် ပြတင်းကိုဖွင့်ကာ ကိုယ်ရောင်ပြနေသည်။ ရှင်အဂ္ဂသမာဓိသည် ဗိရဏီ၏ လှဟန်ကြော့ ဟန်ကို အနုစိတ်ဖွဲ့လိုက်ပြန်သည်။ ဗိရဏီ၏ပုံသည် ကျွန်ုပ်တို့၏ မျက်စိအနီးသို့ ကပ် လာသည်။ ရှင်အဂ္ဂသမာဓိသည် မိန်းမတို့၏ နဂိုချော နဂိုလှကိုမဖွဲ့။ နတ်သမီးဖြစ်နေ သောကြောင့်လားမသိ။ ပုတီးလက်ကောက် အဆင်အပြင်တို့နှင့် လျှမ်းလျှမ်းတောက်နေ သော အလှမျိုးကိုဖွဲ့သည်။ သျှတ္တရကျမ်း အဆိုနှင့်အညီ ညှိ၍လည်း ဖွဲ့ဟန်တူသည်။ ဗိရဏီနတ်သမီး၏ နားရွက်ပြန့်ကားနေပုံပင်ပါသည်။ ရှင်ရဋ္ဌသာရ၏ 'ဝဏ္ဏပဘာ'ချီ တောင့်တဲတွန့်ရတုဒ္ဓ လည်း ထိုနည်းအတိုင်း ဖွဲ့ဆိုသည်ကများသည်။ ထိုဖွဲ့နည်းမျိုးသည် ရှေးခေတ် မြန်မာစာတွင် အလွန်ခေတ်စားသော ဖွဲ့နည်းမျိုးဖြစ်သည်ဟု ဆိုရာသည်။ ရှေးမြန်မာ ပန်းချီဆရာ များရေးသော နာရီ ပန်းချီကားများနှင့် တူသည်။ သူ့နည်းနှင့်သူ၊ ကောင်းသော ဖွဲ့နည်းမျိုးဟု ခေါ်ထိုက်သည်။

ထိုဖွဲ့နည်းမျိုးတွင် ပါရမီထူးသော စာဆိုတို့သည် မိမိတို့ဖွဲ့လိုက်သော အရုပ်၌ အသက်ဝင်လာသည်ဟု ထင်ရအောင် ဖွဲ့နိုင်ကြသည်။ အောက်ပါအဖွဲ့တွင် စာဆိုက ဗိရဏီနတ်သမီး၏ ရင်လွှမ်းတန်ဆာ၌ ရတနာများ ဖိတ်ဖိတ်တောက်နေကြဟန်ကို ထည့် သွင်းဖွဲ့ဆိုလိုက်သဖြင့် နတ်သမီးရုပ်သည် အသက်ရှုနေ၊ အသက်ရှင်နေသကဲ့သို့ ထင်ဖွယ် ဖြစ်လာသည်။ အဖွဲ့မှာ—

*"ရွှေသလွန်ထက်၊ သေန်တူရှု၊ လေညင်းယုလျက်၊ ဖွင့်မှုပြုံးပြုံး၊ မျက်လုံးမျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ပြန့်ကား၊ ညွန့်ညွန့်ထွားမျှ၊ မေ့ပါးသွယ်သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်းမပြောက်၊ ကြန်လျှောက် နှာယောင်၊ မျက်တောင်ကော့ဖြူး၊ နှုတ်ပြင်လှ၊ ရင်ဝလည်းမောက်၊ ဖိတ် ဖိတ်တောက်မျှ၊ ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့၊ လက်သန်း လက်ချောင်း၊ ရိုးပျောင်းနုနု၊ ပိစ္စာထုလည်း၊ ရုပ်တုမရ"*

ဟု ဖွဲ့ခဲ့သည်။

ရှင်အဂ္ဂသမာဓိသည် သူ၏စာတွင် အခြွေအရံ နတ်သမီးတို့ကို မလှုပ်မယှက် မနေ စေရ။ အကခိုင်း၊ အဆိုခိုင်း၊ အတီးခိုင်းထားသည်။ ထိုမျှမကသေး။ ဗိရဏီနတ်သခင်မ၏ အချောအလှ၌ မိန်းမောနေရှာသော သူစိမ်းလူသား နေမိမင်းကြီး၏စိတ်ကိုလည်း အကျိုးစယ် နိုင်းထားသည်။ ရဟန်းစာဆိုကြီး ပါးနပ်လှပါပေသည်၊ ဖျတ်လတ်လှပါပေသည်။ ရှင်အဂ္ဂ သမာဓိသည် ထိုအဖွဲ့ကို ဖွဲ့စဉ်အခါက အင်းဝနန်းတော်သူ၊ အင်းဝမြို့တော်သူတို့၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမှုအရာကို ပြေး၍ သတိရလိုက်မိဟန်တူသည်။ အောက်ပါစာပိုဒ်များတွင် ဗိရဏီ၏ ရုံရွေတော်တို့က နေမိမင်းကို ရဲတင်းလာစေလို၍လားမသိ၊ ချစ်သူဟူသော စကားဖြင့် အစချီသော သီချင်းဆိုပြနေကြဟန်ကို ဖွဲ့ထားပုံမှာ–

*"နာပျော်လှည့်အံ၊ ချစ်သူချီလျက်၊ သံပြိုသံပြိုင်၊ ခွင့်ရေးကိုင်က၊ အတိုင်အဖောက်၊ လှယ်ကာ ကောက်တည့်၊ လက်ထောက်ပျံ့ပျူး၊ ဇရင့်ကျူးလျက်၊ တထူးတလည်၊ ကောင်းကင်ပြည်တွင်၊ ရွှေစည်ရွှေမောင်း၊ ရွှေငြင်းစောင်းနှင့်"*

ဟု ဖွဲ့ခဲ့သည်။ တစ်ဖန် နေမိမင်းကို ကြိုးစားစေလို၍လားမသိ။ စိတ်ပျက်စေလို၍လားမသိ။ ထိုရုံရွေတော်တို့ကပင် သခင်မနှင့် ဘုန်းကံချင်းတူလျှင် ချူပေတော့ဟူသော အဓိပ္ပာယ်ဖြင့် သီချင်းဆိုကြပြန်သည်မှာ–

*"တို့ရှင် ဘုန်းဖြိုး၊ ရွှန်းရွှန်းတိုးမျှ၊ ကောင်းကျိုးကောင်းသူ၊ ကောင်းအင်တူက၊ ရည်ချူပစေ"*

ဟု ဖွဲ့ခဲ့သည်။

ဗိရဏီနတ်သမီးနှင့် ရုံရွေတော်တို့၏ အမှုအရာကိုမြင်သော နေမိမင်းကို ရှင်အဂ္ဂသမာဓိသည် လွမ်းစရာဖြစ်အောင် ဖွဲ့ပြန်သည်။ ကျားသည် မကိုကြည့်၏။ မသည် ကျားကို ပြန်ကြည့်၏။ ထိုအခါ ရွာသူတို့၏ သဘာဝသည် ဖြစ်ပေါ်တတ်၏။ ရဟန်းစာဆိုကြီးသည် ဤလောကီဓလေ့မျိုးကို နားလည်သည်။ ဘုရား၏ အရေတော်ကို ဆင်မြန်းသားစေကာမူ အတွင်းစိတ်နှလုံးကို ဉာဏ်မျက်စိဖြင့် ပြန်ကြည့်တတ်သူသည် လောကီဓလေ့ကို အဘယ်မှာ နားမလည်ရှိအံ့နည်း။ ဝတ်ကြောင်များကဲ့သို့မဟုတ်ဘဲ ကာယိန္ဒြေကို ဆောင့်ချုပ်ထားသောကြောင့်သာ ဖြစ်ရာသည်။ ဗိရဏီ၏ ရုံရွေတော်များကို ရုတ်ခြည်းမြင်လိုက်မိသဖြင့် သိလိုမေးလိုသော နေမိမင်း၏ အာသာဆန္ဒကို ဖွဲ့ပြရာတွင်၊ ရွာသူတို့သဘာဝ လှပ်ရှားလျက်ရှိသည်ကို တွေ့နိုင်သည်။ ဖွဲ့ပုံမှာ–

*"ရွှယ်ငါးပြင်ဝယ်၊ တအင်မယုတ်၊ ရွှေလျော်ခုတ်သို့၊ အဟုတ်လှကြွယ်၊ မိစပယ်ကား။ ။ အဘယ်နတ်သမီးတို့နည်း"*

*"ရွှေငုံပေါ်စ၊ ဆင်းမြမြကို၊ ဘဝစပ်လျှည်၊ ဘုန်းမယှဉ်၍၊ ဝိဉာဉ်ပျော့ပျော့၊ တမောမောလျှင်၊ မင်းစောတိမ်းလု၊ မှိန်းကာရှသည်။ ။ အသူချစ်မငြိုးတို့နည်း"*

*"ပြည့်ရှိမ်းသီရိ၊ ကိုယ်လုံးငြိကို၊ မချည့်လှည့်တွန့်၊ မျက်စိလန်မျှ၊ အကျွန်ယခု၊ မျှော်ကာရှသည်။ ။ အသူဆွေဇနီးတို့နည်း"*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဖွဲ့ခဲ့သည်။

တစ်ဖန် မရနိုင်သော နတ်သမီးကိုမြင်၍ စုံမက်မိသောကြောင့်၊ မခံချိသောစိတ်ဖြင့် တမ်းတလိုက်သော နေမိမင်းကြီးသည်လည်း သနားဖွယ်ပင် ဖြစ်တော့သည်။ သူ့စကားတွင် ကြင်နာသံ၊ စုံမက်သံ၊ ဆွေးသံ၊ မျှော်ငံ့သံတို့သည် ဒုံးဒြဘယ်ညာကို သာယာစွာ တီးခေါက်လိုက်ဘိသကဲ့သို့ မြည်လျက်နေကြသည်။ ရတုစာဆိုတို့ သိဆိုလေ့ရှိကြသော မယ်ဘွဲ့များနှင့်တူသည်။ ရှင်အဂ္ဂသမာဓိသည် နေမိမင်းကြီးအား အလွမ်းမင်းသားကြီးဇာတ်ခန်းကို အထွက်ခိုင်းလိုက်သည်။ ဗိရဏီနှင့် အချစ်တော် တင့်လိုလှသော နေမိမင်း၏ တမ်းတပုံတွင်–

> *"တိန့်ခါလျှင်၊ ကြမ္မာတော်မီ၊ တူတည်ပြိုင့်၊ ရှေ့ဆီကြေးမုံ၊ နှောင်နှင့်ကြုံ၍၊ ပိုက်ခြုံကျွမ်းသူ၊ လွမ်းရမူကား၊ ပစ္စူလွမ်းထပ်၊ ရင်ချင်းအပ်၍၊ မြဲကွပ်မေတ္တာ၊ ထပ်ကာကာလျှင်၊ လက်ယာလက်ရုံး၊ အုံးပစေလျက်၊ နှစ်သက်ဖြားယောင်း၊ ပျော်ကြောင်းကြောင်းလျှင်၊ စုံပေါင်းအင်ခြိုက်၊ ရွှင်သောကြိုက်ဝယ်၊ ခေါ်စိုက်မောင်နည်း၊ ရင်ထက်လည်းလျက်၊ သာဖြည်းညင်းညင်း၊ လွမ်းတင်းဆိုယောင်၊ လူမင်းဂေါင်နှင့်၊ အိုအောင်သဖြင့်၊ ချစ်တော်တင့်က၊ ချီးမြင့်ရွက်ကျူး၊ တစ်သက်လုံးတွင်၊ မြကုံးဆံစု၊ ပန်နှစ်ပြုပိမ့်"*

ဟု ဖွဲ့ခဲ့သည်။

ဗိရဏီဘုံခန်းတွင် မာတလိနတ်သားဘွဲ့သည် အထူးချီးကျူးဖွယ်ဖြစ်သည်။ နွေဦးရာသီတင့်တယ်ဟန်အဖွဲ့၊ ဗိရဏီလှဟန်အဖွဲ့၊ နေမိမင်းလွမ်းဆွတ်တမ်းတဟန်အဖွဲ့တို့သည် အင်းဝခေတ်ဦးက ဆရာ့ဆရာများ ဖွဲ့ခဲ့ကြသော ရာသီဘွဲ့၊ မိန်းမလှဘွဲ့၊ အလွမ်းဘွဲ့များနှင့် တစ်သဘောတည်းဖြစ်သည်။ ရှင်ဥတ္တမကျော်၏ တောလားရတု၊ ရှင်ရဋ္ဌသာရ၏ တောင့်တဲတွန့်ရတု၊ အင်းဝမင်းခေါင်၏ ကျေးစေရတုတို့တွင် ထိုကဲ့သို့ အဖွဲ့များသည် ဦးနေနှင့်ကြလေပြီ။ ကွဲလွဲခြင်းရှိသည်ဆိုလျှင် အဆင်အပြင်အရာ၌သာ ရှိတန်ရာသည်။ မာတလိဘွဲ့၌ကား ရှင်အဂ္ဂသမာဓိသည် မိမိ၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်ကို ဖော်ပြခဲ့သည်ဟု ယူဆသည်။ ရှင်အဂ္ဂသမာဓိသည် (၁) အခြေအနေအရ၊ သင့်မသင့် ရာမရာ ချိန်ဆပြုမူတတ်သောသူမျိုး၏ သဘာဝကိုလည်းကောင်း၊ (၂) ကြိုးစားလျှင်ဖြစ်နိုင်၏ဟူသော ဇောစိတ်ဖြင့် မျှော်ဝံ့ပြုမူတတ်သောသူမျိုး၏ သဘာဝကိုလည်းကောင်း၊ (၃) အတွေ့အကြုံများခဲ့သဖြင့်၊ လောကရေးရာ၌ နောကျေနေ၍ ပြေရာပြေကြောင်းကို ရှာတတ်သောသူမျိုး၏ သဘာဝကိုလည်းကောင်း ကြိုက်ဟန်တူသည်။ ကဗျာဆရာ၊ ဝတ္ထုဆရာ၊ ပြဇာတ်ဆရာတို့အဖို့မှာ ကြိုက်တတ်ခြင်းရှိလျှင် အမှတ်မထင် သတိပြုမိခြင်း ရှိတတ်သည်။ အမှတ်မထင် သတိပြုမိခြင်းရှိလျှင် တွေးခေါ်စိတ်ကူးခြင်းကို ပြုနိုင်သည်ဟု ဆိုချင်ပါသည်။

ရှင်အဂ္ဂသမာဓိသည် မိမိ၏အကြိုက်တိုင်း မိမိ အမှတ်မထင် သတိပြုမိခဲ့သည်တို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို အခြေခံ၍၊ စိတ်ကူးပြီးလျှင် မာတလိအဖွဲ့ကို ဖွဲ့ခဲ့သည်ဟု ယူဆပါသည်။

သူ၏ ပထမအကြိမ်အတိုင်း သူ တွေးခေါ်စိတ်ကူးခဲ့သည်ကို အောက်ပါအဖွဲ့၌ သိမြင်နိုင်သည်။ နေမိမင်းသည် ဗိရဏီ၏ အတိတ်ဘဝကိုလည်းကောင်း၊ သူ၏ အကျိုးဆက် ကောင်းမှုကိုလည်းကောင်း မာတလိအားမေးရာ မာတလိပြန်ဖြေသည်။ မာတလိသည် ဒိရဏီနတ်သမီး လူ့ဘဝ၌ ကျွန်မ ဖြစ်ခဲ့သည်ကို သိသည်။ သိသည့်အတိုင်း ဖွင့်ပြောလိုက်လျှင် ဗိရဏီနတ်သမီးကြားသွား၍ ဝမ်းနည်းနေမည်လားဟု မာတလိ ကရုဏာသက်လိုက်ဟန်ကိုလည်းကောင်း၊ အဖြစ်မှန် မပျောက်မကွယ်စေချင်သောကြောင့်သာ ဖွင့်ပြောလိုက်ရဟန်ကိုလည်းကောင်း ရှင်အဂ္ဂသမာဓိသည် မာတလိ၏အပြေ၌ ထည့်သွင်းဖွဲ့ဆိုထားသည်ဖြစ်ရာ လေးစားအပ်သော မာတလိဂုဏ်သည် ပေါ်လာသည်။ အဖွဲ့တွင်–

*"ပြာစင်လတ်လတ်၊ မိမိုးနတ်ကား၊ နတ်လွတ်ခံတွင်း၊ ညိုးညိုးညင်းမှု၊ ဆိုတင်းစကား၊ လေသံကြားက၊ ပြာထွားနှောင်မယ်၊ ဝမ်းနည်းဖွယ်တည့်၊ ပစ်ပယ်လွဲသွေ၊ မဆိုချေလည်း၊ အနေကျကျ၊ မမှတ်ရသော်၊ ရှင်မကြောင်းနွယ်၊ နိဒါန်းသွယ်ပိမ့်"*

ဟု ဖွဲ့ဆိုခဲ့သည်။

တစ်ဖန် ဒုတိယအကြိမ်အတိုင်း ရှင်အဂ္ဂသမာဓိ တွေးခေါ်စိတ်ကူးခဲ့သည်ကို အောက်ပါအဖွဲ့၌ သိမြင်နိုင်သည်။ စိတ်ညှိုးနွမ်းသူကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားဖြင့်သော်လည်းကောင်း၊ သို့ကြံသို့ဆောင်ဟူသော နည်းလမ်းပြတရားဖြင့်လည်းကောင်း နှစ်သိမ့်တတ်ကြသည်ကို ရှင်အဂ္ဂသမာဓိသည် သိသည်။ သိသဖြင့် ဗိရဏီနတ်သမီးနှင့် ဘဝချင်းခြားသည်ကို သတိရ၍ စိတ်အားငယ်ခဲ့သော နေမိမင်းအား မာတလိက အားပေးဟန်ကို မာတလိ၏ အားပေးစကား၌ ထည့်သွင်းဖွဲ့ဆိုခဲ့သည်။

ထိုအဖွဲ့သည်လည်း ကြည်ညိုအပ်သော မာတလိ၏ဂုဏ်ကို ဖော်ပေးရာရောက်သည်။ အဖွဲ့တွင်–

*"မင်းစောလက်ရုံး၊ ဘုန်းပဌာန၊ ဘယ်တောင့်တအံ့၊ ယောကျ်ာ့တံခွန်၊ လူ့ရည်မွန်က၊ မိုးစွန်အထွတ်၊ ကြယ်ကိုဆွတ်သို့၊ မလွတ်တူဖျဉ်"*

ဟု ဖွဲ့ဆိုခဲ့သည်။

တစ်ဖန် တတိယအကြိမ်အတိုင်း ရှင်အဂ္ဂသမာဓိ တွေးခေါ်စိတ်ကူးခဲ့သည်ကို အောက်ပါအဖွဲ့၌ သိမြင်နိုင်သည်။ ထိုအဖွဲ့တွင် နတ်သမီးများကို အမြင်စုံလှသဖြင့် သုံးနေသော တာဝတိံသာပြည်သား ရထားမှူးမာတလိ၏ သဘောသည်လည်းကောင်း၊ ဒိရဏီတစ်ပါးကိုသာ နတ်သမီးထင်၍ စွဲလမ်းနေသော လူသား နေမိမင်း၏ သဘောသည်လည်းကောင်း၊ ပေါ်လွင်လာအောင် မာတလိက နေမိမင်းကို နှစ်သိမ့်သော စကား၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖွဲ့ဆိုခဲ့သည်။ ထိုအဖွဲ့တွင်–

*"အညာဆန်ဆန်၊ လွန်လတုံတုံ၊ ရွှေတိဘုံထက်၊ ရုပ်ပုံတွတ်တွတ်၊ မွတ်ရရွှတ်သား၊ နတ်သမီးများ၊ ဘဇာရှားရှင့်"*

ဟု ဖွဲ့ဆိုခဲ့သည်။

ဤသို့လျှင် ရှင်အဂ္ဂသမာဓိ၏ ပရိယာယ်အစွမ်းကြောင့် ဗိရဏီဘုံခန်း၏ အရိုးခံ ဇာတ်ကြောင်းသည် ဝေဝေဆာဆာ ဖြစ်လာရသည်ဟု ယူဆအပ်သည်။

တစ်ဖန် ဗိရဏီဘုံခန်းတွင် ရှင်အဂ္ဂသမာဓိသည် စကားကြွယ်လှပေသည်။ ရာသီဘွဲ့၊ ဗိသုကာအဆောက်အအုံဘွဲ့၊ မိန်းမလှဘွဲ့၊ အလွမ်းဘွဲ့တို့တွင် စကားစုံလှသည်။ အစား အသောက် အသုံးအဆောင်နှင့် စပ်လျဉ်း၍လည်း စကားစုံလှသည်။ ထူးခြားသော အချက်တစ်ချက်မှာ ရှင်အဂ္ဂသမာဓိသည် အဓိပ္ပာယ်လေးနက်ခြင်းလည်းရှိအောင်၊ သုတိ လည်းသာအောင် စကားလုံးကို နှစ်ခါထပ်၍ ရေးလေ့ရှိသောအချက် ဖြစ်သည်။ သူ၏ စာများတွင် အဓိပ္ပာယ်တူ နှစ်လုံးတွဲစကား ပေါလှသည်။ ဥပမာ 'ပြာညက်လဲ့လဲ့၊ နွဲ့နွဲ့နှောင်နှောင်း'၊ 'မျိုးလွန်းကြင်ကို၊ ရွှင်ရွှင်ပျပျ၊ ကကသီသီ၊ ချိချိကျူးကျူး၊ ထူးထူး ဆန်းဆန်း၊ ရွန်းရွန်းဖြိုးဖြိုး၊ ပျော်ဖွယ်နိုးမျှ'ဟူသော စကားများ ဖြစ်ကြသည်။

လေးလုံးတစ်ပါဒ စပ်ရာတွင် ရှင်အဂ္ဂသမာဓိသည် သက်စေ့နက် သုံးချက်ညီအစပ်ကို ပို၍ဂရုပြုသည်။ သူ၏စာတွင် ဘီလူးရယ် အစပ်နည်းသည်။ ရှိသော ဘီလူးရယ်အစပ်မှာ လည်း မထင်ရှားချေ။ ဦးတိုက်အစပ်သည် သာ၍နည်းသည်။ သက်စေ့နက် သုံးချက်ညီ တစ်သံတည်းသာလျှင် ကဲလျက်နေသည်။ ထို့ကြောင့် အသံမပြိုင်လှဟုဆိုသော် ဆိုနိုင်သည်။ အပိုဒ် ၄၊ ၅၊ ၆ တို့တွင် 'အဆန်းအဆန်း'၊ 'အထွေအထွေ'၊ 'မိန်းပြတ်မိန်းပြတ်'ဟု ယမကစပ်နည်းဖြင့် ချိထားသည်။ သုတိသာကြောင်း တစ်မျိုး ဖြစ်သည်။ သို့ရာတွင် ယမကအစပ်ကို အလွန်အကျွံမသုံး၊ နာပျော်လောက်ရုံမျှ သုံးသည်။ ရှင်အဂ္ဂသမာဓိသည် အချပါဒများကို အထူးဂရုစိုက်ဟန်တူသည်။ ထိုအချပါဒများတွင် အဓိပ္ပာယ်ရှင်းနိုင်သမျှ ရှင်း အောင် ရေးလေ့ရှိသည်။ သို့ရာတွင် စာတစ်ပုဒ်လုံး၌ ကတ္တား၊ ကံ၊ ဝါစက အထားအသို သည် အခါတိုင်း မရှင်းလင်းချေ။ တစ်ခါတစ်ရံ ငုပ်နေသည်။ တစ်ခါတစ်ရံ ခုန်ကျော်၍ ကောက်ယူရသည်။ တစ်ခါတစ်ရံ နတ်သမီးများ၏သီချင်း၊ နေမိမင်း၏စကား၊ မာတလိ ၏ စကားများနှင့် အခြားအဖွဲ့များတို့သည် ထွေးရောယှက်တင် ဖြစ်နေကြသည်။ သို့ ရာတွင် ရှင်းသောနေရာများတွင် ရှင်းသလောက် နှစ်သက်ဖွယ်ကောင်းသည်။

အဋ္ဌကထာ၌ ပါရှိသည့် အရိုးခံဇာတ်ကြောင်းကို စိစဉ်ပုံတွင် အချိုးအစားကျသည်ဟု မထင်ချေ။ ရှည်လွန်း၊ ဆန့်လွန်း၊ ဆွဲလွန်းသည်ဟုထင်သည်။ ရှင်အဂ္ဂသမာဓိသည် ဗိရဏီဘုံခန်း ဇာတ်ကြောင်းကို ကဗျာ ၁၁ ပုဒ်ဖြင့် ဖွဲ့ခဲ့သည်။ တစ်ပိုဒ်တစ်ပိုဒ်တွင် ပျမ်းမျှ ခြင်းအားဖြင့် ပါဒရေ ၈၅ ထက်မနည်း ရှိသည်။ စကားလုံးရေကို တွက်လိုက်လျှင် စကား လုံးပေါင်း ၄၀၀၀ နီးပါးရှိသည်။ စင်စစ်မှာ ဇာတ်ကြောင်းသည် ပါးလှသည်။ သို့ရာတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စကားများလွန်းသည်ဟု ထင်သည်။ ရှင်အဂ္ဂသမာဓိသည် စကားနည်းနည်းဖြင့် ကဗျာဂုဏ် မြောက်အောင် ဖွဲ့မည်ဆိုက ဖွဲ့နိုင်လိမ့်မည်ဟု ထင်သည်။ ရှည်လွန်း၊ ဆန့်လွန်း၊ ဆွဲ လွန်းသည်၏ အကြောင်းရင်းကို ရှာကြည့်သောအခါ နှစ်ရပ်ကို တွေ့နိုင်ပါသည်။

(၁) တစ်ရပ်မှာ အကြောင်းတစ်ခုကို သို့မဟုတ် သဘောတစ်ခုကို အထပ်ထပ်အခါခါ ဖွဲ့ခြင်းဖြစ်သည်။ ဗိရဏီနတ်သမီးဘွဲ့ကို အပိုဒ် ၂၊ ၃၊ ၄၊ ၉ တို့၌ အဖန်ဖန်ဖွဲ့ထားသည်ကို တွေ့ရသည်။ တစ်နေရာ၌သော်လည်းကောင်း၊ နှစ်နေရာ၌သော်လည်းကောင်း၊ အားရ ကျေနပ်စွာ ဖွဲ့ထားပါက သာ၍ကောင်းမည် ထင်သည်။ တစ်ဖန် အရိုးခံဇာတ်ကြောင်းတွင် ရထားဖြင့်တက်သွားသော နေမိမင်းသည် ကောင်းကင်၌ ဘုံဗိမာန်နှင့် ဗိရဏီတို့ကို မြင် ၍ မာတလိကိုမေးသည်။ မာတလိက ဖြေသည်။ ထိုမျှသာတည်း။ ထို့ကြောင့် ဇာတ် ကြောင်းရွေးရာတွင် သုံးဆင့်သော်လည်းကောင်း၊ အလွန်ဆုံး ငါးဆင့်သော်လည်းကောင်း ရှိနိုင်သည်။ ဖွဲ့ပြီးသားကို ထပ်ကာထပ်ကာ ဖွဲ့ခြင်းမပြုပါက ဇာတ်ကြောင်းသည် တစ်ဆင့် ပြီးတစ်ဆင့် သက်သက်သာသာ ရွေ့သွားစရာရှိသည်။ ဖတ်သူ နာသူသည် ချက်ချင်း အမြင်ရှင်း၍ သဘောပေါက်နိုင်စရာအကြောင်းရှိသည်။ အဖွဲ့တစ်ခုသည် အဖွဲ့အဖြစ်ဖြင့် ကောင်းပါ၏။ သို့ရာတွင် ဇာတ်ကြောင်း၌ အဖန်တလဲလဲပါနေပါက အစီအစဉ် ပျက်ရာ ပျက်ကြောင်းဖြစ်သည်ဟု ထင်သည်။ အစီအစဉ်ပျက်ပါက ကဗျာဂုဏ် အင်္ဂါချို့တော့သည်။ မျက်နှာ၌ နံ့သာလိမ်းရာတွင် ထူသောနေရာ၌ ထူလွန်း၍၊ ပါးသောနေရာ၌ ပါးလွန်းနေ သောကြောင့် ကြည့်မကောင်းသကဲ့သို့ ဖြစ်သည်။ အဆောက်အအုံတစ်ခုသည် ရှေ့ဆောင်၊ နောက်ဆောင်၊ အလယ်ဆောင်တို့သည် အကွာအဝေး မညီညွတ်ကြသောကြောင့်လည်း ကောင်း၊ အနိမ့်အမြင့် အဆင်မပြေသောကြောင့်လည်းကောင်း၊ ကြီးသည်ကကြီးလွန်း၍ ငယ်သည်က ငယ်လွန်းနေသောကြောင့်လည်းကောင်း ကြည့်၍ အချိုးအစားမကျသကဲ့သို့ ဖြစ်သည်။

(၂) ကျန်တစ်ရပ်မှာ အကြောင်းတစ်ခုကို သို့မဟုတ် သဘောတစ်ခုကို ကိုယ်ပိုင် မျက်စိဖြင့်မကြည့်၊ ကိုယ်ပိုင်နားဖြင့်မကြား၊ ကိုယ်ပိုင်အတွေ့အကြုံအသိစိတ်ဖြင့် မကူး မကြံဘဲ ကျမ်းဂန်၏အကူအညီ၊ မှတ်စု၏အကူအညီတို့ဖြင့် စာဖွဲ့ခြင်း ဖြစ်သည်။ မြို့ အကြောင်းကို ဖွဲ့မည်ဆိုလျှင် ကျမ်းဂန်၌ပြသော မြို့အင်္ဂါ ခုနစ်ပါး၊ ဆယ်ပါး စသည်ဖြင့် အစိတ်အပိုင်းဘို့ကို ရေးပြတတ်ကြသည်။ တောအကြောင်းကို ဖွဲ့မည်ဆိုလျှင်လည်း ပန်း စာရင်း စာအုပ်ငယ်၊ တိရစ္ဆာန်စာရင်းစာအုပ်ငယ်များမှာကဲ့သို့ ပန်းအမည်၊ တိရစ္ဆာန်အမည် တို့ကို ပြွတ်သိပ်၍ ရေးပြတတ်ကြသည်။ မိန်းမ၏ အလှအချောကို ဖွဲ့မည်ဆိုလျှင်လည်း သာမုဒ္ဒရာကျမ်း၏ အဆိုအမိန့်အတိုင်း ဂုဏ်အင်္ဂါတို့ကို ရေးပြတတ်ကြသည်။ ကျမ်းကိုမှီး၍ ရေးပြခြင်းသည် စာမဆိုသော ပညာရှင်တို့၏ကိစ္စ ဖြစ်သည်။ စာဆိုသည် စာဆိုသာဖြစ် သည်။ စာမဆိုသော ပညာရှင်တို့၏ အလေ့အလာများကို ကဗျာ၌ ထည့်သွင်းလာပါက ထိုကဗျာသည် ကဗျာ မစစ်တော့ပြီ။ စာမဆိုသော ပညာရှင်တို့အဖို့မှာ ကျမ်းဂန်လေ့လာ မှုနှင့် ကိုယ်တွေ့တို့ကို ညှိနှိုင်းဝေဖန်၍ ပြခြင်းသည် အဓိက ဖြစ်သည်။ စာဆိုတို့အဖို့မှာ သဘာကလေ့လာမှုနှင့် ကိုယ်တွေ့တို့ကို ဖန်တီးပြခြင်းသည် အဓိကဖြစ်သည်ဟုလည်းကောင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယူဆပါသည်။ ညှိနှိုင်းဝေဖန်၍ပြခြင်းသည် စာမဆိုသော ပညာရှင်တို့၏ တာဝန်ဖြစ်၍ ဖန်တီး၍ပြခြင်းသည် စာဆိုတို့၏ တာဝန်ဖြစ်သည်ဟု ယူဆပါသည်။

အများအပြားသော ပျို့များကို စစ်ဆေးကြည့်လျှင် ဆိုခဲ့သော အကြောင်းရင်းနှစ်ရပ်သည် အရောရောအနှောနှောဖြစ်နေသည်ကို တွေ့ရသည်က များသည်။ ရှင်အဂ္ဂသမာဓိသည် ဗိရဏီဘုံခန်းကဗျာတွင် ဘုံဗိမာန်အသွင်ကိုလည်းကောင်း၊ မာတလိ၏ သဘောကိုလည်းကောင်း၊ ဗိရဏီ၏သဘောကိုလည်းကောင်း၊ နေမိမင်း၏သဘောကိုလည်းကောင်း ပြနိုင်သဖြင့် သင့်ပေပြီ။ လွန်ကဲလာသည်မှာ ဗဟုသုတတို့ကို အပိုအမို ထည့်သွင်းလာခြင်းဖြစ်သည်။ ကျမ်းဂန်လေ့လာမှုကို ထုတ်ပြလိုက်သည်နှင့် တစ်ပြိုင်နက် စာဆိုဆုတ်ခွာရသည်။ စာဆိုကွယ်ရသည်ဟု ယူဆသည်။ မာတလိက နေမိမင်းအား ဗိရဏီ၏အတိတ်ဘဝကို ပြန်ကြားနေသော အပိုဒ်များတွင် ဤအချက် ထင်ရှားလှသည်။ အစေခံ၏ဝတ္တရားကို ကျမ်းဂန်အရ ရေးပြထားသော အဖွဲ့သည် စာဆို၏စာ မဟုတ်တော့ပြီ။ ကဗျာကိုလို၍ ကဗျာကို နှစ်သိမ့်သူသည် စိတ်အား ပျက်ရတော့သည်။ ကဗျာကောင်းသည် ဗဟုသုတကို ပြောင်ကျကျပေးရန်မဟုတ်။ အလိုလိုပွင့်၍ လှနေသော ပန်းပွင့်သည် သူ့လှကြောင်းကို ပြောင်ကျကျဖော်ပြရန် မလိုသကဲ့သို့ ဖြစ်သည်။

ခြုံ၍ကြည့်လိုက်သော် ဗိရဏီဘုံခန်းတွင် အညံ့ပင်ရှိသော်လည်း၊ အကောင်းက ထိုအညံ့စုကို ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်သည်။ ရှင်အဂ္ဂသမာဓိ၏ ပဋိဘာန်ဉာဏ်သည် အံ့ဖွယ်ကောင်းသည်။ စာဆိုကြီးသည် သက်ရှိလောက၊ သက်မဲ့လောကတို့၏ အပြင်သဘောကိုသာမက၊ အတွင်းသဘောကိုပါ ပြခဲ့သည်။ လွမ်းစရာ ကြည်နူးစရာကောင်းအောင်လည်း ဖွဲ့ခဲ့သည်။ ပျို့ပိုင်းတွင် ရှင်အဂ္ဂသမာဓိကို စံတစ်ဆူဟု ခေါ်ထိုက်သည်။ ခေါ်လည်း ခေါ်ခဲ့ကြပေပြီ။

ဂန္ထလောက၊ ၁၉၃၆။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# နတ်သျှင်နောင်၏အပြုံး

နတ်သျှင်နောင်ဟုဆိုလျှင် ရာဇဓာတုကလျာအရေးကြောင့် ဆွေးနေရသူဟု ထင်မြင်ဖွယ်ရှိသည်။ ထိုသို့ကားမဟုတ်ပါ။ ရာဇဓာတုကလျာအရေးကြောင့် ဆွေးသည့်အခါ ဆွေးမည်ဖြစ်သော်လည်း၊ တငေးငေးတမှိုင်မှိုင်နှင့် နေသည်ချည်းမဟုတ်။ ဆင်စီး၊ မြင်းစီး ဝါသနာပါသူဖြစ်သည့်အားလျော်စွာ၊ ဆင်မြင်း၌ အချိန်ကုန်သည့်အခါ ကုန်မည်။ အတီး အမှုတ်၌ ဝါသနာပါသူဖြစ်သည့် အားလျော်စွာ အတီးအမှုတ်၌ အချိန်ကုန်သည့်အခါ ကုန်မည်။ ဂုလိ၌ ဝါသနာပါသူ ဖြစ်သည့်အားလျော်စွာ ဂုလိ၌ အချိန်ကုန်သည့်အခါကုန်မည်။ ညီတော်၊ ဘထွေးတော်တို့ကို ချစ်ခင်မြတ်နိုးတတ်သူ ဖြစ်သည့်အားလျော်စွာ ညီတော်၊ ဘထွေးတော်တို့နှင့် ရယ်မောပျော်ရွှင်ကာ အချိန်ကုန်သည့်အခါ ကုန်မည်။ အထူးသဖြင့် ညီတော်၊ ဘထွေးတော်တို့နှင့် ရယ်မောပျော်ရွှင်စွာ နေသည့်အခါများတွင် နတ်သျှင်နောင် နှစ်ခြိုက်စွာပြုံးခဲ့သည်ဟု ဆိုနိုင်သည်။ ထိုအခါ နတ်သျှင်နောင်၏အပြုံးသည်၊ မြင်သူတိုင်းအဖို့ သော်စရာ ဖြစ်သည်။ ထိုအပြုံးသည် အဘယ်နည်း။

ဂုလိသဘင်အကြောင်း စပ်ဆိုသော 'ခုနစ်တောင်စွန်'ချီ ရတုနှင့် 'ဝေယန္တာတွင်'ချီ ရတုတို့တွင် ထိုအပြုံးကို သိမြင်နိုင်သည်။ ထိုရတုနှစ်ပုဒ်တွင် ဂုလိပွဲ၌ စွမ်းအားရှိသမျှ အားထုတ်ကြပါသော်လည်း ခဏခဏ ဂုလိရှုံးကြသော ဘထွေးတော်နှင့်၊ ညီတော်မင်းရဲကျော်စွာတို့ကို နတ်သျှင်နောင်ကြည့်၍ ပြုံးခဲ့သည်။ ထိုအပြုံးတွင် နတ်သျှင်နောင်၏ ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ ကျီစယ်တတ်ခြင်းတို့သည် အထင်အရှားဖြစ်သည်။ တစ်ဖန် ညီတော် မင်းရဲကျော်စွာ၏ မင်းသေ့ (ထိုးကွင်း) အကြောင်း စပ်ဆိုသော 'နဝမျက်ခြည်'ရတု၊ 'နတ်နန်းဘုံသာ'ချီရတု၊ 'အထွတ်ထက်မှာ'ချီ ရတုတို့၌လည်း နတ်သျှင်နောင်၏အပြုံးကို မြင်နိုင်သေးသည်။

ဘုရင့်နောင်မင်းတရားကြီး၏ နိုင်ငံတော်သည် ဘုရင့်နောင် နတ်ရွာလားသောအခါ ဝါးအစည်းပြေသကဲ့သို့ ပြေပြီးသည့်နောက် တောင်ငူက တစ်ထီးတစ်နန်း၊ ပြည်က တစ်ထီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်နန်း၊ အင်းဝက တစ်ထီးတစ်နန်း ဖြစ်လာသည်။ တောင်ငူတွင် နတ်သျှင်နောင် နန်းစံ၍ အင်းဝတွင် မဟာဓမ္မရာဇာဓိပတိ နန်းစံသည်။ အင်းဝမင်းသည် နိုင်ငံတော်ကို တလုံးတစည်း ပြန်ဖြစ်စေလိုသဖြင့် တောင်ငူကိုသိမ်းရန်ကြံစည်၍ ဝန်ရှင်တော် သီရိဇေယျနော်ရထာကို တိုင်ပင်တော်မူသောအခါ ဝန်ရှင်တော်က လျှောက်သည်မှာ-

"တောင်ငူသည် အခြားပြည်ကဲ့သို့မဟုတ်ချေ။ မူးကောင်းမတ်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်းလည်း များလှသည်။ မြို့ပြလည်းခိုင်ခံ့လှသည်။ တစ်ပါးမြို့ရွာကို လုပ်ကြံတော်မူသကဲ့သို့ မလေးမစား ပေါ့ပေါ့လျော့လျော့ လုပ်ကြံမူ၍ မသင့်ချေ။ နိုင်ငံတော် အလုံးတွင်ရှိသော ဆင်လုံးမြင်းရင်းနှင့် စည်းစည်းကြပ်ကြပ်၊ ရပ်ရပ်နေနေ လုပ်ကြံတော်မူသည် ဖြစ်မှ အရေးတော်လှမည်"ဟု လျှောက်ဖူးသည်။ ထိုလျှောက်ချက်ကို ထောက်သဖြင့် တောင်ငူတွင် ယောကျ်ားကောင်းတို့ ထွန်းကားလျက်ရှိသည်ဟု ယူသင့်လေသည်။

တစ်ဖန် ရှေးမြန်မာယောကျ်ားတို့တွင် မင်သေ့ထိုးသော ထုံးစံရှိသည်။ မင်သေ့ထိုးမှ ယောကျ်ားပီသသည်။ ယောကျ်ားကောင်းမည်သည်ဟု အထင်ရှိကြသည်။ ယခုတိုင်ပင် အချို့အရပ်တို့၌ ထိုအထင်မျိုး ရှိသေးသည်။ မင်သေ့ထိုးသည်ဆိုရာ၌ အောက်ဒူးကျမှ အထက်ခါးအထိ အပြည့်ထိုးကြရသည်။ ခါးအထိ မင်သေ့ထိုးသည်ဆိုရာ၌၊ ခါးဝမ်းပတ်မိအောင် ထိုးကြရသည်။ အသားဖြူသူတို့၏ကိုယ်တွင် မင်သေ့သည် မြကဲ့သို့စိမ်း၍ လှသည်ဟု ဆိုကြသည်။ ခါးမှ ဒူးကျအထိ ကွက်လပ်မရှိ။ မင်သေ့ထိုးသူသည် မိမိ၏မင်သေ့ကို ဂုဏ်ယူသည်။ သူတစ်ပါးကလည်း ထိုသို့သောသူကို ချီးကျူးသည်။ ထိုသို့ ဂုဏ်ယူခြင်း၊ ချီးကျူးခြင်းရှိသကဲ့သို့ မင်သေ့မရှိသူ၊ မင်သေ့အပြည့်မရှိသူတို့သည် ရှက်ရအံ့သကဲ့သို့ ဖြစ်သည်။ သူတစ်ပါးကလည်း ကဲ့ရဲ့ကျီစယ်ချင်ကြသည်။

ထို့ကြောင့် ယောကျ်ားကောင်း ထွန်းကားသော တောင်ငူတွင် ထိုခေတ်ကသော် ယောကျ်ားဟူသမျှ မင်သေ့အပြည့်ရှိကြမည် ဖြစ်သည်။ နတ်သျှင်နောင်၏ ညီတော်လတ်ဥပရာဇာ မင်းရဲကျော်စွာတွင်ကား ခါးနှင့် ဝမ်းတို့၌သာ မင်သေ့ရှိ၍၊ နံနှစ်ဖက်၌ရှိဟန် မတူချေ။ အပြည့်ရှိပြန်ကလည်း မင်သေ့ထိုးခါစက နံနှစ်ဖက်ကို ချန်ထားသေး၍နောင် အခါမှာမှ ချန်ထားသည့်နေရာကို ဖြည့်လိုက်သည်ဟု ယူဆလျက်ရှိသည်။ မင်သေ့ အထိုးခံသည် ဆိုခြင်းမှာ သက်သာသည့်အလုပ် မဟုတ်ချေ။ အလွန်ဒုက္ခကြီးသောအလုပ် ဖြစ်တန်ရာသည်။

တစ်ဖန် နံနှစ်ဖက်ကို ချန်ထားသည် ဆိုခြင်းမှာလည်း ဖြစ်နိုင်ကောင်းသောအရာဟု ဆိုအပ်သည်။ ခါး၊ ဝမ်း၊ ပေါင်၊ ဒူးတို့တွင် မင်သေ့ထိုးလျှင် နာရုံသာဖြစ်မည်။ နံဆိုသည်မှာ ယားတတ်သောနေရာဖြစ်သဖြင့်၊ အလွန်အခံရခက်ချိမ့်မည်။ ခဏခဏ အူတက်မတတ်ရယ်ချင်မိချိမ့်မည်။ မင်းရဲကျော်စွာသည် ထိုးဦးစ၌ နံကိုချန်ထားသေးသည်ဟု ယူဆနိုင်သည်။ ထိုသို့ နံကို ချန်ထားသေးသဖြင့်၊ မင်သေ့ ခါးမပတ်မိရှိမည်ရာ ခေတ်၏ အလိုအရ မင်းရဲကျော်စွာသည် ယောကျ်ားမပီသသလို၊ ယောကျ်ားကောင်းမဟုတ်သလို အပြောင်အလှောင်ခံရမည်ဆိုပါက ဖြစ်နိုင်သည်။

စင်စစ် မင်းရဲကျော်စွာသည် ယောကျ်ားကောင်းတစ်ဦး ဖြစ်သည်။ ခမည်းတော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လက်ထက် အင်းဝကို သိမ်းရန် ချီတက်ရာ၌ တပ်မကြီးတစ်တပ်ကို ဦးဆောင်သူဖြစ်သည်။ ထိုနောက် သန်လျင်စား ဇေယျကျော် တောင်ငူကို တိုက်သောအခါ၊ အင်အားရှိသမျှဖြင့် ခုခံ၍ အဆုံးတွင် အသက်ကိုစွန့်ခဲ့သူ ဖြစ်သည်။ ထိုအချက်တို့ကိုထောက်လျှင် မင်းရဲကျော်စွာကို ယောကျ်ားကောင်းဟု ဆိုနိုင်သည်။ နောင်တော် နတ်သျှင်နောင်သည် မိမိ၏ညီတော်လတ် ယောကျ်ားကောင်းဖြစ်နေမှန်း သိတန်ရာသည်။ သို့ရာတွင် ညီတော်၏ နံတောင်နှစ်ဖက်တွင် မင်းသေ့မရှိ၊ သလင်းတောင်ကဲ့သို့ အသားပကတိအတိုင်း ဖြူနေသည်ကိုမြင်တိုင်း ပြုံးချင်ဟန်တူသည်။ ချစ်ခင်မြတ်နိုးတော်မူသည် ဖြစ်သောကြောင့်လည်း၊ လှောင်ချင် ပြောင်ချင် နောက်ချင် ရွတ်ချင်ဟန်တူသည်။

ထို့ကြောင့် နတ်သျှင်နောင်သည် မင်းရဲကျော်စွာက မင်းသမီးတစ်ပါးအား မေတ္တာကမ်းလှမ်းလေဟန်၊ ထိုအခါ ထိုမင်းသမီးက နဝရတ်ကိုးပါးကဲ့သို့ လှပတင့်တယ်သော နဝမျက်ခြည်ကျေးကိုခေါ်၍၊ မင်းသေ့ ခါးမပတ်၊ ချန်ထားသော နန်းလျာအလတ် မင်းရဲကျော်စွာက မိမိအား ချစ်ကြိုးရစ်လာကြောင်း၊ သူ့ကိုယ်မှာ မြအရောင်နှင့်တူသော မင်းသေ့ကတစ်ဝက်၊ သလင်းတောင်နှင့်တူသော အသားပကတိကတစ်ဝက် ဖြစ်နေသောကြောင့် ၎င်းအနံ့ဖွယ်ကောင်းလှကြောင်း၊ သူ့ကို ယောကျ်ားမှဟုတ်ပါလေစဟု ဒွိဟဖြစ်နေကြောင်း၊ မင်းသေ့ချန်ထားသေးသော နံတောင်တွင် မင်းသေ့ပြည့်စေချင်သေးကြောင်း၊ မေတ္တာတုံ့ပြန်ချင်ပါသော်လည်း မြရောင်မင်းသေ့ ခါးမပတ်သေးသောကြောင့် တစ်ခက်ဖြစ်ကြောင်း ပြောကာ ထိုကျေးကို အပြောစေလိုက်ဟန်၊ ရတုဆို၍ ကျီစယ်ခဲ့သည်။ ရတုဆိုပုံမှာ–

*"နဝမျက်ခြည်၊ ကိုးပါးရည်တည့်၊ ရစ်လည်လျှံလက်၊ ထွေထွေစက်သား၊ တောင်ရွက်မြီးသွန်း၊ စိန်ပွင့်စွန်းသည်၊ တုကျွန်းလွတ်ပြိုင်၊ ကျေးမြစိုင်။ ။ ကြွနိုင်ရုပ်ဝါ၊ ကေသရာသို့၊ နန်းလျာအလတ်၊ ခါးမပတ်က၊ လေးမြတ်ခြင်းရာ၊ မိန့်တော်စာနှင့်၊ မေတ္တာချစ်ကြည်၊ ရစ်လှာသည်ကို၊ ရှိမည်မချန်၊ လျှောက်လိုက်ဟန်မူ၊ ပျို့အနံ့ဖွယ်အောင်၊ သလင်းတောင်နှင့်၊ မြရောင်တစ်ဝက်၊ နန်းပွင့်ဆက်ကို။ ။ နှစ်ချက်ကြံစည် တွေးသေးသည်။*

*"တမျှသက်ကြည်၊ စုနှင်းမည်ကို၊ ရည်လည်းရည်လျက်၊ မရည်ခက်ခဲ့၊ ကိုးမျက်လျှံဆုံး၊ တင့်မျိုးကျုံးသည်၊ ကိုယ်လုံးပြောင်ရွှန်း၊ ကျေးများပန်း။ ။နေဝန်းသွင်ရုပ်၊ လှခေါင်ချုပ်သို့၊ ကျွန်ပ်စေသည်၊ လျှောက်ချေထံအောက်၊ ရွှံ့မကြောက်နှင့်၊ ဖြီးမောက်မဆင့်၊ ပတ်မမြင့်တည့်၊ ရှေ့နှင့်နောက်သာ၊ နံမှာဖြူရောင်၊ သလင်းတောင်ကို၊ မည်းအောင်ဖြည့်လေ၊ ပြည့်မှစေလော့၊ မြင်ချေသည်မူ၊ ခြောက်ပြည်သခင်၊ နေလုလင်လည်း၊ သို့စင်လွန်ကဲ၊ တင့်မည်ခဲ့စွ၊ မင်းရဲကျော်စွာ၊ မည်သာလျှံ့ပေါ်၊ မင်းသေ့သော်မူ၊ နံတော်နှစ်ဖက်၊ စွန်းမစက်သည်။ ။ မယုက်ပတ်လည် ဝေးသေးသည်။*

*"မမြယုက်သည်၊ သည်တမည်ကြောင့်၊ ချစ်ကြည်ချင်လည်း၊ အရှင်*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ကျွန်ဝတ်၊ နတ်မလွတ်ခဲ့၊ မျိုးမြတ်ဘုန်းသစ်၊ လျှောက်သည့်ဖြစ်ကို၊ မောင်ချစ်တမန်၊ ကြွင်းမဲ့ပြန်လော့၊ တသွန်သာတွတ်၊ ဘုံနေမှတ်က၊ ခညွတ်များစွာ၊ စ၍သာလျှင်၊ မယ်မှာလိုက်လေ၊ ပြန်ခဲ့ပေရှင့်၊ ဖြူဝေ ဖြန့်ကြက်၊ ရဲဘုန်းတက်ကို။ ။ နံ့ရက်တာရှည် သွေးသေးသည်”*

နတ်သျှင်နောင်သည် မင်းရဲကျော်စွာကို ထိုသို့ကျီစယ်လိုက်ပြီးသည့်နောက် မင်းသေ့မထိုးဘဲ ကျန်နေသေးသော နံတောင်ကို မင်းသေ့ပြည့်စေလိုသောသဘောဖြင့် မင်းရဲကျော်စွာကလည်း ကျေးကိုခေါ်၍ မိမိမှာ နောင်တော်မင်းတရား၏ အမိန့်အာဏာကြောင့် မြရောင်ကဲ့သို့သော မင်းသေ့သည် ခါး၌ပတ်ပြီဖြစ်ကြောင်း၊ မယုံလျှင် နဝမျက်ခြည် ကျေးကိုပင်လွှတ်၍၊ ကြည့်စေချင်ကြောင်း ပြောကာ မိမိ၏ကျေးကို အပြောစေလိုက်ဟန် ရတုတစ်ပုဒ်ဆိုပြန်သည်။ ဆိုပုံမှာ–

'နတ်နန်းဘုံသာ'ချီ ရတုတွင်–

*“ပတ်ဝန်းဆုံမြှာ၊ ရှိစုံကြာဖြင့်၊ တရာဖြူရိပ်၊ မင်းများထိပ်၏၊ တံဆိပ်ပြန့်ကာ၊ မိန့်အာဏာကြောင့်၊ ပျော့ကွာကင်းရှောင်၊ ရန်လုံးအောင်၍၊ မြရောင်မိုက်မောင်း၊ ပတ်လည်ကြောင်းကို၊ သံညောင်းမြမြ၊ နဝမျက်ဟန်၊ ရှေးတမန်ပင်၊ ဧကန်မြင်နေ၊ ကြည့်ပါစေဟု”*

ဟူ၍လည်းကောင်း။

'အထွတ်ထက်မှာ'ချီ ရတုတွင်–

*“နှစ်တွေးရိပ်မှောင်၊ မရှိအောင်လျှင်၊ မြရောင်လွှမ်းရစ်၊ ပတ်သည်ဖြစ်ကို၊ ကျစ်လျစ် ထွေထွေ၊ လျှောက်ချေစေ၍၊ စေရေပြန်ခေါက်၊ ကျွန်ပ်လျှောက်ရှင့်၊ ချစ်ဖောက်မလဲ၊ သစ္စာမြဲသည်၊ မင်းရဲကျော်စွာ တမန်သော”*

ဟူ၍လည်းကောင်း ဆိုခဲ့သည်။

'နဝမျက်ခြည်'ရတုကို ရေးပြီးမှ မင်းရဲကျော်၏ ခါး၌ မင်းသေ့ပတ်မိလေသလော။ သို့တည်းမဟုတ် 'နတ်နန်းဘုံသာ'နှင့် 'အထွတ်ထက်မှာ' ရတုတို့ကို ရေးပြီးမှသာ ထိုသို့ ပတ်မိလေသလောဟူသော အချက်ကို အတွေးနက်လိုသေးက နက်နိုင်သည် ဖြစ်သော်လည်း နတ်သျှင်နောင်၏ အပြုံးသည်ကား အတွေးနက်ဖို့မလို၊ အဖြောင့်ပင် ဖြစ်သည်။

၁၉၃၃။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ရှေးရေး အိုင်ချင်းများ မှတ်စု

ယခုအခါတွင် အမှတ်အသားဖြင့် တွေ့ရသမျှသော ရှေးရေးအိုင်ချင်း ကဗျာများသည် သုံးဆောင့်အိုင် ဟူ၍ ၃ ပုဒ်၊ ရာပြည့်အိုင်* ဟူ၍ ၈ ပုဒ်၊ ပေါင်း ၁၁ ပုဒ်မျှသာ ဖြစ်သည်။ ရှေးအခါကမူ ထိုကဗျာမျိုးသည် များများစားစား အနှံ့အပြားရှိမည်ဟု ယူဆမိသည်။ တောသံပါသည်ဟုလည်းကောင်း၊ တောသံပါသောကြောင့် ရိုင်းစိုင်းသည်ဟုလည်းကောင်း အထင်ရောက်ခဲ့ကြသဖြင့် ပေမူမတင်။ ပေမူမတင်ခဲ့ကြသဖြင့် ထိုကဗျာမျိုး တိမ်မြုပ်ခဲ့ရသည်ဟုလည်း ယူဆမိသည်။

ကဗျာကောင်းမည်သည် နှလုံးသားမှ ယိုစီးလာသော စေတနာ၊ နှလုံးသားမှ စီမံဖန်တီးလိုက်သော စိတ်ကူး၊ နှလုံးသားမှ မြည်လာသော အသံတို့ ကိန်းဝပ်ရာ စာမျိုး ဖြစ်သည်။ ထိုစာမျိုး၌ ညို့ဓာတ်ရှိသည်ဟု ထင်သည်။ ထိုစာမျိုးကို ဖတ်မိ၊ နာမိ သူသည် နှုတ်တရက် မမေ့နိုင်။ မိမိ၏နှလုံးအိမ်၌ စွဲငြိနေတတ်သဖြင့် အခါအခွင့်ကြုံတိုင်း သီလို၊ ညည်းလို၊ ကြားလို၊ လွှမ်းဆွတ်လိုသည်။ ရှေးရှေးအခါကသော် အိုင်ချင်းကဗျာမျိုးသည် ရတုကဗျာမျိုးကဲ့သို့ နန်းတော် အိမ်တော်များ၌ ယုယုယယပြုခြင်းကို မခံခဲ့ကြရဟုလည်းကောင်း၊ နန်းတွင်း နန်းပြင်များ၌လည်း ခမ်းခမ်းနားနား သီဆိုခြင်းကို မခံခဲ့ကြရဟုလည်းကောင်း ထင်မိသည်။ သို့ရာတွင် မြန်မာကျေးတောသားတို့ ကောက်စိုက်ရင်း၊ လယ်ထွန်ရင်း၊ နွားကျောင်းရင်း၊ ဝါးခုတ်ရင်း၊ ထင်းပေါက်ကောက်ရင်း၊ ရေခပ်ရင်း သီဆိုခြင်းကိုကား ခံခဲ့ကြရာသည်။

နန်းတွင်းပေါက်များ၏ နှလုံးသားကို ညွတ်ပျောင်းစေနိုင်သော သတ္တိကြောင့် ရတုကဗျာမျိုးကို ကဗျာကောင်းဟု ယူဆကြပါလျှင် ကျေးတောနေတို့၏ နှလုံးသားကို ညွတ်ပျောင်းစေနိုင်သော သတ္တိကြောင့် အိုင်ချင်းကဗျာမျိုးကိုလည်း ကဗျာကောင်းဟုပင် ယူဆ

---

* ယခုအခါတွင် အချို့သော ရာပြည့်အိုင်ချင်းများကို ရှင်ငြိမ်းမယ် ရေးခဲ့ကြောင်း မန္တလေးတက္ကသိုလ် ဆရာဦးဆန်းထွန်းက ရှေးဦးစွာ သိမြင်ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သင့်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် နန်းတွင်းပေါက်နှင့် ကျေးတောနေတို့သည် အနေကွာ၊ အစားကွာ၊ အတွေးကွာသည်ဟု ဆိုနိုင်သော်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူသတ္တဝါချည်းသာ ဖြစ်ကြသောကြောင့်ပင်။ နန်းတွင်းပေါက်သည် မြရည်လိုလို စိမ်းစိုသော ကျေးမောင်နှံကိုမြင်၍ ချစ်သူကို လွမ်းဆွတ်တတ်လျှင်၊ ကျေးတောနေလည်း မီးသွေးခဲကဲ့သို့ မည်းနက်သော ကျွဲမောင်နှံကိုမြင်၍ လွမ်းဆွတ်နိုင်ပေလိမ့်မည်။ ကျေးသည် ယဉ်ကျေးသည်၊ ကျွဲကား ရိုင်းပျသည်ဟု ကျေးနှင့် ကျွဲကို အကြောင်းပြု၍ အယဉ်အရိုင်းကို မခွဲရာ။ ကဗျာတွင် အလွမ်းသန် မသန်ကိုသာ အကြောင်းပြု၍ အလွမ်းမှန် အလွမ်းရွှေရည်ပွတ်ဟု ခွဲကြရာသည်။

အိုင်ချင်းကဗျာများတွင် ရတုများမှာကဲ့သို့ ဘုံဆောင်နန်းပြတင်းမပါ။ မြင်းမိုရ်တောင်မပါ။ သလွန်တော်မပါ။ ညဦးခြုံတော်မပါ။ ပိုးပဝါမပါ။ မိဂသီနက္ခတ်မပါ။ စံပယ်၊ သရဖီ၊ အနန်း၊ ဂေါသဇင်မပါ။ ဟသ်ာ၊ ပိန်ညင်းမပါ။ လေပြည်လေညင်းမပါ။ မိုးနတ်ပဇ္ဇုန်မပါ။ မြောက်ပြန်လေမပါ။ စေတီ ရင်ပြင်မပါ။ ထန်းလျက်တဲ၊ သက်ငယ် အိမ်ပါသည်။ ဖောင်းလျားခြံပါသည်။ ယာခင်းပါသည်။ နွားရိုင်း၊ ခြင်ပုန်း၊ ကျွမ်းထိုးကောင်ပါသည်။ ကြို့ပင်၊ နှောပင်၊ ထနောင်းပင်၊ ကြောင်ချစ်ပင် ပါသည်။ အမဲကင်ပါသည်။ တံစက်ရေပါသည်။ စုန်း၊ မှင်စာ၊ တစ္ဆေပါသည်။ စောင်းပါသည်။ မောင်းပါသည်။ ပိုးသေးမည်းပါသည်။ ခေါင်းပေါင်းပြာပါသည်။ နတ်ခရိုင်ပါသည်။ သို့ရာတွင် ထိုအိုင်ချင်းကဗျာများသည် ရတု ကောင်းများကဲ့သို့ အလွမ်းသန်၊ အလွမ်းမှန်သော ကဗျာများဖြစ်ကြသည်။

ထိုအိုင်ချင်းများသည် မောင်ဘွဲ့သက်သက်ဖြစ်သည်ကို တွေ့ရသည်။ ချစ်သူအတွက် ကျေးတောသူများ လွမ်းဆွတ်၊ စိုးရိမ်၊ ပူဆွေးကြသော တေးသံဖြစ်သည်။ ဤအချက်တွင် ရတုမောင်ဘွဲ့များနှင့် မခြားလှ။ ခြားလည်းမခြားနိုင်။ အဘယ်ကြောင့်ဆိုသော် နန်းသူလည်း ချစ်တတ်၍၊ ကျေးတောသူလည်း ချစ်တတ်သောကြောင့် ဖြစ်သည်။ ခြားသောအချက်မှာ မြန်မာတို့၏ တောရွာပတ်ဝန်းကျင် အသွင်အပြင်နှင့် တောရွာဓလေ့တို့သာ ဖြစ်သည်။

အိုင်ချင်းများသည် အိုင်ချင်းပါ ဇာတ်လိုက်များ၏ စိတ်ထား သဘောထားအရာ၌သာမက ပတ်ဝန်းကျင် အသွင်အပြင်အရာ၌လည်း မြန်မာအဆန်ဆုံး ကဗျာများဖြစ်သည်ဟု ဆိုအပ်လှသည်။ အချုပ်မှာ အတွင်းသဘောရော၊ အပြင်သဘောပါ မြန်မာအဆန်ဆုံး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

'တိမ်ခိုးငယ်မှဝေဝေ'ချီ အိုင်ချင်းတွင် အိုင်ချင်း စာဆိုသည် ကျေးတောနေတို့၏ အယုံအကြည် အစွဲအလမ်းတရားများကို ရေးဖွဲ့ခဲ့သည်။ ဥပမာ– ဥသျှစ်သီးများကို မြေ၌မြှုပ်၍ မီးဖုတ်ခဲ့သော အပင်ပေါ်ရှိ သီးဖော်သီးဖက်ဖြစ်ကြသော အခြားဥသျှစ်သီးများသည် အလိုလိုအက်ကွဲသွားတတ်ကြောင်းကိုလည်းကောင်း စကားဦးသန်း၍ ရေးဖြဲတတ်သည်။ ထို့နောက် ပန်းနီနီမပန်လေနှင့်ဟုမှာသော မိခင်၏စကားကို မနာမိသောကြောင့် မိန်းမပျိုသည် ချစ်သူနှင့် ကွဲရကြောင်း ဖွဲ့ဆိုခဲ့သည်။

'မဲလည်ပင်နှင့်'ချီ အိုင်ချင်းတွင် ပဲခူး၊ သန်လျင်သို့ ကုန်ရောင်းသွားသော ချစ်သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတွက် စိုးရိမ်ပူပန်သော မိန်းမပျို၏ ညည်းညူသောစကားကို ရေးဖွဲ့သည်။

'မိကိုလွမ်းလည်း'ချီ အိုင်ချင်းတွင် အမိအဖကို ရည်မှန်း၍ ဘုရားတွင် ဆွမ်းဆက်ကပ်ရင်း အလွမ်းဖြေ၍ ပြေသော်လည်း၊ ချစ်သူအတွက် အလွမ်းမပြေလိုသော မိန်းမပျို၏ အလွမ်းကို ရေးဖွဲ့ခဲ့သည်။

'စိုက်ရေးငယ်မှ ကျင်းကျင်း'ချီ အိုင်ချင်းတွင် ချစ်သူအပေါ်၌ အင်းဝသူတစ်ယောက်နှင့် သကာ်သလိုလို ဖြစ်နေသော မိန်းမပျို၏ မေးခွန်းများကို ရေးဖွဲ့ထားဟန်တူသည်။

'ဝါဆိုငယ်မှ ဝါခေါင်'ချီ အိုင်ချင်းတွင် မိုးရွာပါသော်လည်း မိုးမသည်းကြောင်း၊ ဆောင်မလာသော်လည်း ဝမ်းမနည်းကြောင်း၊ ဆီးချုံရိပ်မှာသာ အလွမ်းပြေ နားနေမည်ဖြစ်ကြောင်း ပြောဆို၍ ရန်တွေ့လိုသော မိန်းမပျို၏ ရသေ့စိတ်ဖြေပုံကို ရေးဖွဲ့သည်။

'နှမထွေးမယ်တို့အိမ်ကို'ချီ အိုင်ချင်းတွင် အိမ်နေရာကို လမ်းညွှန်လျက် တန်ခူးလမှာသာ၍တောင်းလှည့်ပါဟု မ သံပစ်သော မိန်းမပျို၏ စကားမာယာကို ရေးဖွဲ့သည်။

'ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့'ချီ အိုင်ချင်းတွင် မိဘမောင်ဖွားများက သဘောမတူကြသဖြင့် မိန်းမပျိုသည် ချစ်သူနှင့် ကွဲနေရသည်။ မိန်းမပျိုသည် အစောင့်အကြပ် အခြေအရံတို့နှင့် ကြုံကြိုက်နေရသဖြင့် ချစ်သူနှင့် တွေ့ခွင့်မရနိုင်။ အစောင့်အကြပ်များ များလှ၏တကား။ ဘယ်သို့ တွေ့ကြလျှင် တော်ပါမည်နည်း။ မောင်က ကြောင်ယောင်ဆောင်၍ အိမ်ပေါ်သို့ တက်ခဲ့ပါလား။ အကယ်၍ ကြောင်ယောင်ဆောင်၍ ထုပ်နှင့်လျှောက်ကို ဒိုးဖောက်သွားပါက ထုပ်တိုင်ကျိုးသွားမည်လား။ ထိုသို့ဖြစ်လျှင် သူခိုး သူခိုးဟု ဟစ်၍ ဝိုင်းဝန်းလာကြမည်လား စသည်ဖြင့် အစိုးရိမ်အပူအပင်အားကြီးသော မိန်းမပျို၏ စိတ်ကူးကို ရေးဖွဲ့သည်။

'မြင်းမနီသား'ချီ အိုင်ချင်းတွင် သန်လျင်၊ မုတ္တမ၊ ဒလ၊ ထားဝယ်၊ ယိုးဒယား၊ အရုတ် စသည်တို့ကို အောင်မြင်ပြီဟု ချစ်သူက စစ်မြေပြင်က ပို့လိုက်သော ပေဖူးလွှာသတင်းကို ဖတ်ရသဖြင့် မိန်းမပျို လွမ်းဆွတ်၍ အားရနေဟန်ကို ရေးဖွဲ့သည်။

'ခေါင်းလောင်းငယ်မှ သံသာ'ချီ အိုင်ချင်းတွင် ခေါင်းလောင်း၊ ဆည်းလည်း၊ မောင်း၊ မျောခွက်၊ နွား ကြောင်တို့ကို မြေဒူးဈေးမှ ဝယ်ခဲ့ပါဟု သူ့ရည်းစားကို မှာလိုက်သော မိန်းမပျို၏ အလွမ်းကို ရေးဖွဲ့သည်။

'မဆင်သာသည်'ချီ အိုင်ချင်းတွင် ရွက်အုပ်သီးချစ် ချစ်၍၊ ရွက်အုပ်သီးပူ ပူနေသော မိန်းမပျို၏ ကြောက်ကြောက်ရွံ့ရွံ့ မဝံ့သော စကားတို့ကို ရေးဖွဲ့သည်။

'ရှင်လူထွက်သစ်'ချီ အိုင်ချင်းတွင် မိထွေးမိကြီးတို့က မလိုသဖြင့် ချစ်သူနှင့် ကွဲနေရပြီးမှ အလစ်တွင် ချစ်သူနှင့် တွေ့ခဲ့ရသော မိန်းမပျို၏ အဆွေးကို ရေးဖွဲ့သည်။

ထိုအိုင်ချင်းများသည် မြန်မာစာပေသမိုင်းတွင် တစ်မူထူးခြားသော ကဗျာများဖြစ်ကြသည်ဟု ဆိုသင့်သည်။ ရတု၊ လူးတား စသော နန်းပေါက်ကဗျာများနှင့်လည်း မတူချေ၊ သက္ကတကဗျာများ၏ ပယောဂနှင့်လည်း မယှက်မနွယ်ချေ။ နောက်လိုက်လည်း မဟုတ်ချေ။ မြန်မာ့မြေမှ သူ့အလိုအလျောက် ပေါ်လာကြသည်ဟု ဆိုအပ်လှသည်။ ထိုအိုင်ချင်းကဗျာများတွင် ကဗျာ့ပရိယာယ်တို့သည် အံ့ဖွယ်ဖြစ်သည်။ ကျေးတောနေမိန်းမပျို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တို့၏သဘာဝကို ဖော်ထားပုံသည် အားရဖွယ်ဖြစ်သည်။ မြန်မာကျေးရွာပုံပန်း အဆင်း၊ အနံ့၊ နေခင်းထိုင်ခင်း၊ အယုံအကြည်အစွဲအလမ်းတို့ကို ပွဲ့ထားပုံသည် နှစ်သက်ဖွယ်ဖြစ်သည်။ သဘာဝလောက သဘောထားသည် ဆင်ခြင်ဖွယ်ဖြစ်သည်။ စကားအသုံးအနှုန်း အစီအကုံးသည် ချီးကျူးဖွယ်ဖြစ်သည်။ ထို့ကြောင့် အိုင်ချင်းကဗျာများကို စံကဗျာများဟူ၍ ဆိုထိုက်သည်။

ကဗျာ့ပရိယာယ် လေးခုကို တင်ပြလိုသည်။ ထိုလေးခုမှာ (၁) ဆိုလိုသောသဘောတစ်ခုကို လေးနက်လာအောင် တစ်ဆင့်ပြီးတစ်ဆင့်တက်၍ ပြောတတ်ခြင်း၊ (၂) ဆိုလိုသော သဘောတစ်ခုကို အလားတူသဘောအမျိုးမျိုးဖြင့်ယှဉ်၍ ပြောတတ်ခြင်း၊ (၃) အသေးအနတို့ကို မြင်တတ် ကြားတတ်၍ ပြောပြတတ်ခြင်း၊ (၄) သွယ်ဝိုက်၍ မထိတထိပြောတတ်ခြင်းတို့ ဖြစ်ကြသည်။

သုံးထောင့်အိုင်၊ ရာပြည့်အိုင် (၁၁) ပုဒ်အနက် (၉) ပုဒ်တွင် မိန်းမပျိုတို့သည် မိမိတို့၏ အဖြစ်အပျက်ကို မပြောသေးခင် သူငယ်ချင်းမိတ်ဆွေတို့ကို ခေါ်လေ့ရှိကြသည်။ ထို့ကြောင့် အိုင်ချင်းများ၌ 'သူငယ်ချင်းရယ်ကောင်း၊ ယောင်းမတို့လေ'ဟု အစချီထားခြင်းဖြစ်သည်။ ထိုသို့ခေါ်ပြီးမှ မိန်းမပျိုသည် သူ၌ကြုံတွေ့ရသော အဖြစ်အပျက်ကိုလည်းကောင်း၊ သူ၏ အလွမ်းအဆွေးကိုလည်းကောင်း ပြောဆိုတတ်သည်။

(၁) တစ်ဆင့်ပြီးတစ်ဆင့်တက်၍ ပြောတတ်ခြင်း။ ။ ထိုပရိယာယ်သည် တဖြည်းဖြည်း ဆွဲငင်နိုင်သောနည်း ဖြစ်သည်ဟု ဆိုရာသည်။ အိုင်ချင်း စာဆိုသည် ထိုပရိယာယ်ဖြင့် ကိုယ်လိုရာသို့ရောက်အောင် အကြောင်းအမျိုးမျိုးတို့ကို ရှေ့က ကြိုတင်၍ ခင်းကျင်းပြတတ်သည်။ 'မိကိုလွမ်းလည်း'ချီ အိုင်ချင်းတွင် ထိုပရိယာယ် ထင်ရှားသည်။ ထိုအိုင်ချင်းတွင် ချစ်သူကို လွမ်းရသော အလွမ်းမျိုး ပြေနိုင်ခဲသည်ကို ပြလိုသဖြင့် အမိကိုလွမ်းရသော အလွမ်းမျိုး၊ အဖကိုလွမ်းရသောအလွမ်းမျိုးတို့၏ သဘောကို ရှေ့ကကြိုတင် ခင်းကျင်းခဲ့သည်။ ခင်းကျင်းပုံမှာ–

> *ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောင်းမတို့ရှင်၊ မိကိုလွမ်းလည်း၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ ပြေဖူးငဲ့ရှင်။ ။*
>
> *ဖကိုလွမ်းလည်း၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ ပြေဖူးငဲ့ရှင်။ ။*
>
> *မောင်ကလေး မောင့်ကိုလွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ မပြေပါလို့၊ သောက်တော်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူငယ် နှမမှာ၊ ကြုံရတယ်ရှင်။ ။*

(၂) အလားတူသဘောအမျိုးမျိုးဖြင့် ယှဉ်၍ ပြောတတ်ခြင်း။ ။ ထိုပရိယာယ်တွင် အလားတူသဘောနှင့် ယှဉ်၍ ပြခြင်းအားဖြင့် လိုရင်းသဘောသည် ပိုမိုထင်ရှား၍ ပိုမို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လေးနက်လာရသည်။ ထိုပရိယာယ်မျိုးသည် မြန်မာပြည်တွင် လူသိအများဆုံး၊ အသုံးအများဆုံး ဖြစ်သော ပရိယာယ်ဖြစ်ဟန်တူသည်။ ဥပမာ–သီချင်းတွင် လူပျိုက ခွန်း၈,လာသဖြင့်၊ အပျိုက မာယာဖြင့် ငြင်းလိုဟန်ကို၊ 'ချည်ခင်သေးလို့ ချားမလည်၊ ငယ်ပါသေးလို့ မှားမလည်'ဟုယှဉ်ပြ၍ စပ်ဆိုသည်ကို တွေ့နိုင်သည်။ ထိုနောက် ရှေးက လူပျိုလှည့်ရာဘွင် စကားထာဖွက်သလိုလိုနှင့် 'စံပယ်ပန်း တစ်ခက်နှစ်ခက်၊ မပြယ်တမ်း တစ်သက်နှစ်သက်'၊ 'သစ်ပင်ခွကြား၊ မြက်ထုံးထား၊ နွားကလေး ဘယ့်နယ်စားပါ့မယ်။ ချစ်တဲ့ရည်းစားနောက်မှာထား၊ ဘယ့်နယ်စကားပြောပါ့မယ်'ဟု လူပျိုအပျို စောင်းကာရိပ်ကာ သိဆိုလေ့ရှိကြသည်ကိုလည်း ကြားရဖူးသည်။ 'ဓိုက်ရေးငယ်မှ ကျင်းကျင်း'ချီ အိုင်ချင်းတွင် မိန်းမပျိုက ချစ်သူကို တစ်ပါးသူနှင့် မသင်္ကာချင်သလို ဖြစ်သဖြင့် ကင်းထားပုံ၊ ညှင်းပွားပုံတို့နှင့် ယှဉ်၍ ပြောဆိုသည်မှာ–

*ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းငယ်ကောင်း၊ ယောင်းမတို့လေ။ ။ ဓိုက်ရေးငယ်မှ ကျင်းကျင်း၊ နှမကြီးမယ်သာ ဓိုက်တဲ့ ကောင်ပင်ရင်းမှာ၊ ကင်းကိုဘယ်က ထားသလဲတော်။ ညိုလဲ့ငယ်မှ ရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းမှာ၊ ညှင်းကို ဘယ်ကပွားသလဲတော်။*

'ဝါဆိုငယ်မှ ဝါခေါင်'ချီ အိုင်ချင်းတွင် ချစ်သူပေါ်မလာသဖြင့် ဝမ်းမနည်းပါဘူးဟု ဆိုလိုက်သော်လည်း မိန်းမပျိုနှတ်ခမ်း စူချင်ဟန်ကို ဖွဲ့သည်မှာ–

*ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောင်းမတို့လေ။ ။ ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွာတောင်ကချောင်း၊ ရွာနောက်ပေါင်းကို၊ ထနောင်းကြောင်ချစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာသည်၊ ရွာပါသော်လည်း မိုးမသည်း။*

*လယ်ပြင်ငယ်မှ ပတ်သန်း၊ ပျို့ကောက်ငန်းနှင့်၊ အလွမ်းငယ်ဖျော်ရာ၊ နှမကြီးမယ်သာဓိုက်တဲ့၊ ကောက်ငန်းတာကို၊ မောင်ကလေးငယ် မောင်မလာသည်၊ မလာကတဲ၊ နှမကြီးငယ် ဝမ်းမနည်း။ ။*

'ဘိမ်ခိုးငယ်မှ ဝေဝေ' အိုင်ချင်းတွင်၊ ပန်းနီနီကိုပန်လျှင် ချစ်သူနှင့် ကွဲတတ်ကြောင်း ဆေးဘာသာ အစွဲအလမ်းသဘောကို လေးနက်စေလိုသဖြင့် အလားတူ ဓလေ့ဘာသာ အစွဲအလမ်းနှင့်ယှဉ်၍ ဖွဲ့ထားသည်မှာ–

*တံစက်ရေနှင့်၊ တွင်းရေမတူ၊ ရေက မိုးရေချိုးသူ၊ ညှင်းဖြူပြီးပြောက် ကွဲတတ်တယ်။ ။ ပဝါပြောက် အထောက်ကယ်မတန်၊ မျက်နှာသစ်လို့၊ အညစ်ခံ၊ ဝက်ခြံမှည့်လို့ မည်းတတ်တယ်။ ။ သနပ်ခါး၊ ကျောက်ပြား*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ပေါ်တွင်၊ သောက်ရေအေးနှင့် သွေးလာလျှင်၊ နံ့သာအပေါ် ကျဲတတ်တယ်။*
*မိုးချုပ်ကယ်မှ နေဝင်၊ စားဖို့ထဲ အမဲကင်၊ စုန်းမှင်နတ်တို့ ရဲတတ်တယ်။ ။ ပန်းနီနီမပန်လေနှင့်၊ အမယ်မှာ နတ်ပန်းပွင့်တဲ့၊ အတင့်ငယ်မှ ရဲချင်၊ ပျော်လိုအားနှင့်၊ ခေါင်းဖျားတင်၊ အရင်လူနှင့် ကွဲတတ်တယ်။ ။*

(၃) အသေးအနုတို့ကို မြင်တတ် ကြားတတ်၍ ပြောပြတတ်ခြင်း။ ။ ဤအချက်တွင် အိုင်ချင်းစာဆိုတို့သည် ပုံပြောကောင်းသောသူတို့နှင့် ခပ်ဆင်ဆင်တူသည်။ အသေးစိတ်၊ အနုစိတ်တို့ကို သတိမူတတ်ခြင်း၊ နေရာတကျ ပြန်ပြောတတ်ခြင်းတို့သည် ပါရမီထူးသော စိတ်ကူးဉာဏ်ရှင်တို့၏ ဂုဏ်တစ်ပါးဖြစ်သည်။ နား မျက်စိ ရှိကြသော်လည်း အများအားဖြင့် မြင်တတ်၊ ကြားတတ်စေကာမူ မှတ်တတ်ခဲသည်။ မှတ်တတ်စေကာမူ၊ စာဆိုသောအခါ နေရာတကျ ဆိုတတ်ခဲသည်။ အိုင်ချင်း စာဆိုတို့သည် မြင်တတ်၊ ကြားတတ်၊ မှတ်တတ်၊ ဆိုတတ်ကြသော စာဆိုများ ဖြစ်ကြသည်။ ရတုစာဆိုတို့သည် ထီးနန်းအကြောင်းကို အနုစိတ်နားလည်သလို၊ အိုင်ချင်းစာဆိုတို့လည်း တောရွာအကြောင်းကို အနုစိတ်နားလည်ကြသည်။ နားလည်သမျှကို သူ့နေရာနှင့်သူ သေချာစွာဖွဲ့ဆိုတတ်ကြသဖြင့် အဖွဲ့တို့သည် နှစ်သက်စရာကောင်းသည်။ 'နမထွေးမယ်တို့အိမ်ကို သိလိုချင်မူ' ချီ အိုင်ချင်းတွင် မိန်းမပျို၏ အိမ်နေရာနှင့်တကွ၊ အိမ်နယ်နိမိတ်ကို ဖွဲ့ထားသည်မှာ စုံလည်းစုံ၍၊ လှလည်းလှပပေသည်။ ဖွဲ့ဆိုပုံမှာ–

*နမထွေးမယ်တို့အိမ်ကို၊ သိလိုချင်မူ၊ နတ်ခရိုင်နှင့်၊ စျေးဆိုင်နှင့်။ ။*
*အိမ့်တောင်ကမူ၊ ကြက်သွန်ခင်းနှင့်၊ ရေတွင်းနှင့်။ အိမ်မြောက်ကမူ၊*
*စပါးလင်နှင့်၊ ဒန်းပင်နှင့်။ ။ အိမ်နောက်ကမူ၊ မိတ်သလင်နှင့်၊ ချင်းပင်နှင့်။*

'ဝါဆိုငယ်မှ ဝါခေါင်'ချီ အိုင်ချင်းတွင် ချစ်သူ၏ ဝတ်စားဆင်ယင်ပုံသည်လည်းကောင်း၊ အလွမ်းပြေ မျှော်စောင့်ရာ နေရာသည်လည်းကောင်း သေချာခြင်းလည်းရှိ၍ လွမ်းစရာလည်းဖြစ်သည်။ ချစ်သူသည် ခေါင်းပေါင်းကို ထိပ်လယ်မှာ ပေါင်းတတ်သည်။ မိန်းမပျိုသည် ယင်းမာကိုပန်လျက်၊ လက်ခုပ်ပင်၏ တောင်ဘက်ရှိ ညောင်ပင်၊ နှောပင်နှင့် လမ်းမဒိုးယို၌ရှိသော ဆီးချုံရိပ်တွင် ချစ်သူကို အလွမ်းပြေ မျှော်တတ်သည်။ ဖွဲ့ထားပုံမှာ–

*ကောက်ငန်းငယ်မှ သွယ်ဝိုက်၊ ကန်သင်းပေါ်က၊ မျှော်မိလိုက်တိုင်း၊ ပျိုကြိုက်တဲ့သူ၊ ပဝါထည်ကို၊ ထိပ်လယ်မှာပေါင်း၊ ဆံသွယ်ပျောင်းနှင့်၊ ဖောင်းကြော့လူကို၊ စိတ်တူနှောလို့၊ မပြောရလေ။ ။ ယင်းမာပန်လျက်၊ ကောက်စိုက်တက်ကို၊ လက်ခုပ်ပင့်တောင်၊ ပညောင်ပင်လှ၊ နှောပင်ခွနှင့်၊ လမ်းမဒိုးယို၊ ဆီးချုံရိပ်မှာလ၊ တဆိတ်ကယ် ခိုပြီးလျှင်၊ ချုံညိုစွန်းမှာလ၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*အလွမ်းပြေလေး။*

'ရှင်လူထွက်သစ်'အိုင်ချင်းတွင် လူကြီးများက သဘောမတူကြသောကြောင့် ခွဲခွာနေကြရသော ချစ်သူနှစ်ဦးသည် တစ်နေ့သ၌ ကံအားလျော်စွာ ပက်ပင်းပါတွေ့ကြသည်။ နှီးကြောင်ခိုးဝှက်သဘောပေါက်အောင် အချိန်နှင့်နေရာကို အနုစိတ်ဖွဲ့ထားသည်မှာ–

*မတွေ့ရတာ၊ ကြာတောင်းကြာမှ၊ မျက်နှာတူရှု၊ သူလည်းအလာ၊ မယ်မှာအမျှော်၊ နေဝင်ကျော်၊ ဒွေးတော်အိမ်ပါး၊ တောင်ဆီနားသို့၊ ယာသွားပို့ပြန်၊ စောင်းလျားခြံနှင့်၊ လက်ပံပင်ရှေ့၊ ကျဉ်းမြောင်းကွေ့မှာ၊ တွေ့ကြသောခါ။*

ထို့ပြင် ထိုအိုင်ချင်းစာဆိုတို့သည် ချစ်သူက စစ်မြေပြင်မှ ပေးပို့လိုက်သော ပေဖူးလွှာ၌ ဆီမလူးဘဲထားသည်ကိုပင် မြင်တတ်ကြသည်။ နွား၏ထိပ်၌ ကြာတစ်ပွင့်ကိုပင် မြင်တတ်ကြသည်။ လည်ပင်း မျက်နှာတို့က ညှင်းကိုပင် မြင်တတ်ကြသည်။

(၄) သွယ်ဝိုက်၍ မထိတထိပြောတတ်ခြင်း။ ။ ဤပရိယာယ်ဖြင့် အိုင်ချင်း စာဆိုတို့သည် မိမိတို့ပြောလိုသောအကြောင်းကို အပြည့်အစုံမပြောဘဲ ဖတ်သူ၊ ကြားသူတို့ကို စိတ်အကူးခိုင်း၍ နားလည်စေသည်။ ထိုအဖွဲ့မျိုးတွင် ဥပမာ ဥပစာသဘောတို့ကို အိုင်ချင်း စာဆိုတို့နိုင်ကြောင်း ထင်ရှားသည်။ 'မိကိုလွမ်းလည်း'ချီ အိုင်ချင်းတွင် အလွမ်းမပြေနိုင်သော မိန်းမပျို၏စိတ်ကို ပိုးလောက်လမ်းနှင့် နှိုင်းခိုင်း၍ ပြထားပုံသည် ထိမိလှသည်။ လှိုင်ထိပ်ခေါင်တင်၏ 'ဖြစ်ရေးကုန်စင်၊ ဘဝင်တုန်လေးတယ်လေး၊ တွေးကြည့်လိုက်လျှင်'ဟူသော စာက ရှည်လှသေးသည်။ ထိုအိုင်ချင်းစာဆို၏ စာက နည်းနည်းနှင့် ၍ ခရီးရောက်သည်ဟု ထင်သည်။ သူဖွဲ့ထားပုံမှာ–

*မောင်ကလေး မောင့်ကိုလွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ ညောင်ရေ၊ ပန်းသပြေနှင့်၊ မပြေပါလို့၊ သောက်တော်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူငယ်နှမမှာ၊ ကြုံရတယ်ရှင်။*

'နှမထွေးမယ်တို့အိမ်ကို သိလိုချင်မှ'ချီ အိုင်ချင်းတွင် အိုင်ချင်းစာဆို၏ မထိတထိဆောင်းပါးရိပ်ခြည် ပြောတတ်ခြင်းကို သိမြင်နိုင်သည်။ ဝါဆို ဝါခေါင်တွင် မိတ်သလင်၊ ချင်းတို့ကို တူးသကဲ့သို့၊ တန်ခူးအခါမှာ မယ့်ကို ခူးလှည့်ပါဟုပြောကာ မိန်းမပျို၏စကားသည် ဘွင်းဖွင့်စောင့်စည်းရာလည်း ရောက်သည်။ သိမ်မွေ့ခြင်းလည်း ရှိသည်။ မပိသဘူးလိုလိုနှင့်ပိသခြင်းလည်း ရှိသည်။ ဖွဲ့ထားပုံမှာ–

*မိတ်သလင်နှင့် ချင်းကိုလိုလျှင်၊ ဝါဆိုငယ်မှ ဝါဦး၊ မြေနုနုမှာ၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*တူးပါလည့်ရှင်။ ။ မိတ်သလင်နှင့် ချင်းကိုမလို၊ နမထွေးမယ့်ကိုလိုလျှင်၊ တပေါင်းငယ်မှ တန်ခူး၊ ရွှေဖိဦးကို၊ ရှူးပါလည့်ရှင်။*

'မဆင်သာသည်'ချီ အိုင်ချင်းတွင် မိန်းမပျိုက သူ့ကိုယ်ကို ဇလပ်ပွင့်သဏ္ဍာန်၊ သူ၏ချစ်သူကို ယင်းမာပျဉ်းဖြူသဏ္ဍာန် ထားသည်။ ယင်းမာပျဉ်းဖြူက ဂုဏ်ကြီးသော ကြောင့် ဇလပ်ကို ချူပစ်တော့မှာလားဟု သွယ်ဝိုက်သောသဘောဖြင့် မထိတထိ စကား နာထိုးသည်။ ဤသဘောမျိုးကို နန်းတွင်းပေါက် စာဆိုတို့လည်း သုံးလေ့ရှိကြသည်။ ဥပမာ ဦးစံသူသည် 'နှင်းဆီကယဉ်၊ သဇင်ကပြုံး၊ အပွင့်မှာ ပန်းတော်ဝင်မို့၊ အပင်မှာ ဘယ်အတွက်ကြောင့်၊ ဆူးခက်သတုံး'ဟု ရေးသည်။ ဦးပုညကလည်း 'ပန်းစံပယ်၊ နန်း အလယ် မပေါ်ခိုက်တာမို့၊ အလိုက်တော် တန်သင့်အောင်ပ၊ ခံပွင့်ကိုကုံး။ ပန်းစံပယ်၊ နန်းအလယ် တကယ်လှိုင်တော့၊ ခံပန်းခိုင် ယာယီရွှေ့တယ်၊ တောလေ့ရွာသုံး'ဟု ရေး သည်။ ဤစာမျိုးကို ယဉ်သည်ဟုဆိုလျှင် 'မဆင်သာသည်'ချီ အိုင်ချင်း၌ ဆိုထားပုံမှာ–

*မဆင်သာသည်၊ ယင်းမာပျဉ်းဖြူ၊ အပင်ငယ်ပျပ်၊ ဇလပ်ဖြူကို၊ ချူလို့ ပစ်ရတော့မလား။ မပန်သာသည်၊ ယင်းမာခေါင်ရမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူ့ပန်းကို၊ နွမ်းလို့ ပစ်ရချေတော့မယ်။*

'ရှင်လူထွက်သစ်'ချီ အိုင်ချင်းတွင် ဒွေးတော် မိကြီးများက အလိုမတူ စိတ်မဖြူကြသဖြင့် မိန်းမပျိုသည် ချစ်သူကိုလက်ခံ၍ စကားမပြောရတော့ကြောင်းကို တိုက်ရိုက်မပြော၊ သွယ်ဝိုက်၍ပြောသည်။ ရှေးအခါက လူပျိုလှည့်သော ဓလေ့ရှိသည်။ လူပျိုလှည့်လာသော အခါ မိန်းမပျိုက အိမ်ဦးခန်းတွင် လက်ခံရသည်။ လက်ခံရာတွင် မိန်းမပျိုသည် ဆေး လိပ်လိပ်ရင်းသော်လည်းကောင်း၊ ကွမ်းသီးညှပ်ရင်းသော်လည်းကောင်း၊ မိုင်းငင်ရင်းသော် လည်းကောင်း လူပျိုကိုလက်ခံ၍ စကားပြောသည်။ ဤအိုင်ချင်းတွင် ချစ်သူကို လက်ခံ ၍ စကားပြောရင်း သူမိုင်းငင်လေ့ရှိသော ရစ်ကိုထောင်ထားရပြီဖြစ်ကြောင်း သွယ်ဝိုက်၍ ဆိုထားသည်မှာ–

*ရှင်လူထွက်သစ်၊ ဆယ့်သုံးနှစ်က၊ ချစ်တဲ့သူကို၊ အယူတခြား၊ မိထွေး များက၊ ဆီးတားဆို၊ ရစ်ကိုထောင်ကာ ထားရတယ်။*

တစ်ဖန် အိုင်ချင်းများ၌ ဖွဲ့ဆိုထားသော ကျေးတောနေ မိန်းမပျိုတို့တွင် ချီးကျူး ထိုက်သော သဘာဝတို့ကို ရိပ်မိနိုင်သည်။ ထိုအိုင်ချင်းများတွင် မိန်းမပျိုတို့ ကြုံကြရသော ကိစ္စသည် ချစ်ကိစ္စသာဖြစ်သည်။ သို့ရာတွင် ထိုချစ်ကိစ္စ၌ ချီးကျူးထိုက်သော သဘာဝကို တွေ့နိုင်သည်။ စင်စစ်မှာ ရတုများ၌ဖွဲ့ထားသော နန်းသူတို့၏ ချစ်စိတ်နှင့်၊ အိုင်ချင်းပါ ကျေးတောသူတို့၏ ချစ်စိတ်တို့သည် အတူတူပင် ဖြစ်ရာသည်။ နန်းသူ လွမ်းတတ်သကဲ့သို့၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျေးတောသူလည်း လွမ်းတတ်ရာသည်။ နန်းသူစိုးရိမ်တတ်၊ ဝန်တိုတတ်၊ မြူခေါ်တတ်၊ ငမ်းသာတတ်၊ ဝမ်းနည်းတတ်သကဲ့သို့ ကျေးတောသူလည်း တတ်ရာသည်။ သို့ရာတွင် အိုင်ချင်းပါ မိန်းမပျိုတို့တွင် ဟန်မလုပ်တတ်သော သဘာဝ၊ ရဲရင့်သောသဘာဝ၊ သက်လုံကောင်းသောသဘာဝ၊ ကြံတတ် ဖန်တတ် ဆောက်တည်တတ်သော သဘာဝတို့ကို တွေ့နိုင်သေးသည်။ ထိုသဘာဝစုသည် ဘဝနှင့်ရင်ဆိုင်ရဲသော ဘဝသတ္တိပင် ဖြစ်သည်ဟု ဆိုသင့်သည်။

'ရှင်လူထွက်သစ်'ချီ အိုင်ချင်းတွင် မိန်းမပျိုသည် သူ့စိတ်ကို ဖော်ထုတ်ရာ၌ ဟန်လုပ်၍ ထိမ်ချန်ထားခြင်းမရှိ။ ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်ကို တွေ့နိုင်သည်။ အသိုမတူကြသဖြင့် ချစ်ခြင်းကို ဖျက်ဆီးနေသော သက်ကြီးဝန်တိုကို ကျိန်ဆဲလိုက်သည်မှာ–

*တို့ချစ်ခြင်းကို၊ ကွင်းအောင်တစေ၊ နေ့တိုင်းမွှေတဲ့၊ သက်ကြီးဝန်တို၊ မြင်တိုင်းမုန်းစရာ၊ ကုန်းမအို၊ ရေလိုခန်းခြောက်ပါစေသား။*

ကျေးတောသူများသည် နန်းကြီးသူများကဲ့သို့ စည်းစိမ်ရှင်များ မဟုတ်ကြ။ စည်းစိမ်ရှင်များ မဟုတ်ကြသောကြောင့်လည်း အိုင်ချင်းပါ ကျေးတောသူ မိန်းမပျိုများသည် ရတုပါ နန်းသူများကဲ့သို့ ပန်း၊ ကျေးငှက်၊ တောတောင်၊ သစ်ပင်၊ ရာသီအပြောင်းအလဲတို့ကို အကြောင်းပြု၍ မလွမ်းနိုင် မစိုးရိမ်နိုင်ကြချေ။ နဖူးတွေ့၊ ဒူးတွေ့၊ အခက်အခဲ၊ အကျပ်အတည်းများကိုသာ အကြောင်းပြု၍ လွမ်းကြရ၊ စိုးရိမ်ကြရရှာသည်။ ထိုမျှမကသေး။ အခက်အခဲများနှင့် လက်ပွန်းတတီးနေကြရသောကြောင့်လည်း ရဲရဲရင့်ရင့်ရှိကြသည်။ ကိုယ်ချင်းကိုယ်ထ လုံ့လရှိ၍ ယောကျ်ားများသဖွယ် အားမာန်နှင့် ပြည့်စုံကြသေးသည်။ 'မဲလည်ငင်နှင့်'ချီ အိုင်ချင်းတွင် မိန်းမပျိုက ယောကျ်ားထက်ပင် ပို၍စိတ်အားမာန်ကြီးပေသည်။ အသို့ ယောကျ်ားကလေး စုန်ဆင်းရသောအခါ မိန်းကလေးက မျက်ရည်မကျ။ ယောကျ်ားကလေးက မျက်ရည်ကျဟန်ကိုလည်းကောင်း၊ ထိုအခါ မိန်းကလေးက အားပေးစကား ပြောရဟန်ကိုလည်းကောင်း ဆိုထားသည်မှာ–

*စုန်မယ်ဆို၊ စုန်မယ့်ရက်ကို၊ ဆက်ဆက်မစုန်၊ တီးသည့်စောင်းနှင့်၊ လောင်းသည့်ကြက်ကို၊ ပိုက်လို့ငယ်ငို၊ မောင့်ကိုကုန်သွားထည့်သလားတော်။*

ထိုအိုင်ချင်း၌ပင် အိုင်ချင်းပါ မိန်းကလေး၏ စိုးရိမ်လွမ်းဆွတ်ပုံနှင့် ရတုပါ နန်းတွင်းသူတို့၏ စိုးရိမ်လွမ်းဆွတ်ကြပုံတို့ မတူကြဟန်ကို တွေ့နိုင်သေးသည်။ ရတုများတွင် နန်းသူသည် တစ်နယ်တစ်ပြည်တွင်ရှိသော မောင်တော်အတွက် ဤအခါတွင် မည်သူသည် မောင်တော်၏ သျှောင်ကို ထုံးပေးပါမည်နည်း၊ မည်သူသည် မောင်တော်၏ သျှောင်၌ ပန်းဆင်မြန်းပေးပါမည်နည်း၊ စသည်ဖြင့် စိုးရိမ်လွမ်းဆွတ်တတ်ကြသည်။ အိုင်ချင်းပါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျေးတောသူသည် စည်းစိမ်ရှင် နန်းသူကဲ့သို့ မလွမ်းနိုင် မစိုးရိမ်နိုင်ကြချေ။ မောင်ကလေး ဒုက္ခရောက်မည်၊ ဆင်းရဲပင်ပန်းမည်ကိုသာ တွေးတောပူပင်ရရှာသည်။ ပူပင်ပုံမှာ–

*"ပဲခူးသို့အဝင်၊ သန်လျင်သို့အဆိုက်၊ ပျို့မောင်ရင်၊ ခြင်ပုန်းကိုက်လို့၊ ခြင်ရိုက်ကယ်မပါ၊ လေမလာ၊ မယ်သာဖျပ်ဖျပ်၊ တရုတ်ယပ်နှင့်၊ ဖျပ်ဖျပ် လှူးအောင် မရိုက်ပါရ၊ မောင်ကလေး အောက်သို့စုန်၊ ရွှေဂုံကျွန်း၊ ဝေး လွန်းလှတော်"*

"ငါ့ကိုလွယ်၊ အမယ်ကြီးနဲ့ ဘကြီးဖျက်လို့" ချီ အိုင်ချင်းတွင် မိဘမောင်ဖားတို့၏ အစောင့်အရှောက်ကြောင့် ကျပ်တည်းကျဉ်းမြောင်းစွာနေရသော မိန်းမပျိုသည် ချစ်သူ နှင့် တွေ့လိုလှသဖြင့် တွေ့နိုင်သော နည်းလမ်းကို ကြံစည်ရှာဖွေနေပုံရသည်။ သို့ရာတွင် ကြံစည်နေရုံမျှဖြင့် ကိစ္စမပြီးနိုင်သည်ကိုလည်း သိဟန်တူသည်။ ဒိဋ္ဌမမွှသိရမှသာ ကျေနပ် တတ်ပုံကို ဖွဲ့ထားသည်မှာ–

*'ငါ့ကိုလွယ်၊ အမယ်ကြီးနဲ့ ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နဲ့ငယ်မှစေ့စုံ၊ လှေကားခုံမှာ၊ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်။ လှေကားဦးမှာ၊ ဘီလူးမောင့်ကြောင့် ထိုင်တော့တယ်။ လှေကားခြေမှာ၊ ဆူးလေမောင့်ကြောင့် ကြဲတော့တယ်။ အိမ်တိုင်တိုင်းမှာ၊ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။ ထရံကြားမှာ၊ ဓားသွားမောင့်ကြောင့် ထားတော့တယ်။ အိမ်ကြမ်းကြားမှာ အပ်သွားမောင့်ကြောင့် စိတော့တယ်။ အိမ်မိုးခေါင်မှာ၊ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။ မောင်လည်း ဘယ်ကတက်ပါ့မယ်၊ မယ်လည်းဘယ်ကဆင်းရမယ်။ ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား ထုပ်နှင့်လျှောက်ကို၊ ထိုးဖောက်သွားက၊ ထုပ်သားငယ်မှ မခိုင်၊ ထုပ်တိုင်ငယ်မှ ပိုးထိုး၊ အလယ်ကောင် ဖောင်ဖောင်ကျိုးက၊ သူခိုး ဆိုညွှန်း၊ မီးတင်ထွန်း၍၊ ဝန်းကြသောခါ၊ ဆင်းချခုန်၊ လမ်းဆုံရောက် ပါ့မလားရှင်။ ညီမအထွေး၊ ရွှေတလေးကို၊ ပြေး၍ကြည့်ချေ၊ စေသောအခါ၊ အမယ်မမ၊ ကျွန်မခဲ့အို၊ မြင်ခဲ့ငါတို့၊ ရွာလယ်ကောင် ခုတင်ကြီးမှာ စောင်းတီးလို့လေး။*

'ရှင်လူထွက်သစ်'ချီ အိုင်ချင်းတွင် ကွဲနေကြသော ချစ်သူနှစ်ဦးတို့ ကံအားလျော်စွာ တွေ့ကြသောအခါ မိန်းကလေးကပင် အားပေးစကား ပြောရရှာသည်။ ယောကျ်ားကလေး သည် လူ့ချွဲလူ့နွဲ့ဆန်လှသည်။ ဖွဲ့ဆိုထားသည်မှာ–

*လက်ပံပင်ရှေ့၊ ကျဉ်းမြောင်းကွေ့မှာ၊ တွေ့ကြသောခါ၊ ပဝါရက်သစ်၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*မယ်ကပေးတဲ့၊ ပိုးသေးမည်းပါ၊ ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့၊ ဖွင့်လှစ်ကယ်မဆို၊ ပခုံးပယ်တင်၊ မယ့်ကျော့ပြင်မှာ၊ လက်တင်ရပ်လို့၊ မတ်တတ်ကယ်ငို၊ မောင့်ကိုစိမ်းကား၊ မယ်နှမက ဆိုသလား။*

တစ်ဖန် အိုင်ချင်းစာဆိုတို့သည် ရတုစာဆိုများကဲ့သို့ ပန်း သစ်ပင် တိရစ္ဆာန် စသော သဘာဝလောကကို နှစ်သက်တတ်ကြသည်။ သို့ရာတွင် အိုင်ချင်းစာဆိုတို့ စိတ်ဝင်စားသော သဘာဝလောကနှင့် ရတုစာဆိုတို့ စိတ်ဝင်စားသော သဘာဝလောကတို့သည် မတူကြချေ။ သဘောထားပုံချင်းလည်း မတူကြချေ။

ရတုစာဆိုတို့၏ သဘာဝလောကသည် တောတောင် ပတ်ဝန်းကျင်၌ တွေ့မြင်ရသော ပန်း၊ သစ်ပင်၊ သတ္တဝါငယ်တို့ ဖြစ်ကြသည်။ အိုင်ချင်းစာဆိုတို့၏ လောကသည် တောရွာ ဘောအိမ် ပတ်ဝန်းကျင်၌ တွေ့မြင်ရသော ပန်းသစ်ပင်၊ သတ္တဝါငယ်တို့ ဖြစ်သည်။ သဘောထားပုံတွင် ရတုစာဆိုတို့သည် အများအားဖြင့် သဘာဝလောကကို စိတ်ဖျော်ဖြေစရာ ရွှင်းမျှော်ခင်းဟူ၍ သဘောထားတတ်ကြသည်။ တစ်ခါတစ်ရံ ဘဝအသိအမြင် ရရာရကြောင်း ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ သဒ္ဓါစေတနာ ဖြစ်ရာဖြစ်ကြောင်းဟူ၍လည်းကောင်း သဘောထားတတ်ကြသည်။ ရှုခင်းမျှော်ခင်းသဘောကို ရတုတိုင်းလိုလို၌ တွေ့နိုင်သည်။ ဘဝအသိအမြင်သဘောကို ရှင်ရဋ္ဌသာရ၏ တောလားရတု၌ တွေ့နိုင်သည်။ သဒ္ဓါစေတနာ ဖြင်ရာဖြစ်ကြောင်း သဘောကို ရှင်ဥတ္တမကျော်၏ တောလားရတုများ၌ တွေ့နိုင်သည်။

အိုင်ချင်းစာဆိုတို့ကား သဘာဝလောကကို အိမ်နီးနားချင်း၊ ပေါက်ဖော်ဆွေညာတကာ ဟူ၍ သဘောထားကြဟန်တူသည်။ တစ်ခါတစ်ရံ သဘာဝလောကကို လူကဲ့သို့ပင် ယူဆဟန်တူသည်။ တစ်ဖန် အိုင်ချင်းစာဆိုတို့သည် သဘာဝလောကကို အရောင်အဆင်း လှကြောင့်လည်းကောင်း၊ ပုံသဏ္ဌာန်ဂုဏ်ကြောင့်လည်းကောင်း ချစ်ခင်ကြသည် မဟုတ်ချေ၊ မိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးဟူဘိသကဲ့သို့ ချစ်ခင်ကြဟန်တူသည်။ ထို့ကြောင့် သူတို့၏စာများ၌ သဘာဝလောကသည် ရှုခင်း မျှော်ခင်းအဖြစ်ဖြင့်လည်း မပါ။ ဘဝ အသိအမြင် ရရာရကြောင်းအဖြစ်ဖြင့်လည်းမပါ။ သဒ္ဓါစေတနာဖြစ်ရာဖြစ်ကြောင်း အဖြစ်ဖြင့်လည်း မပါ။ ရိုးရိုးတန်းတန်း၊ သူ့စရိုက်နှင့်သူ၊ ချစ်စရာ ခင်စရာ အဖော်သူငယ်ချင်း အဖြစ်ဖြင့်သာပါသည်။ ဖွဲ့ဆိုသောအခါ အဆင်းအရောင်ဂုဏ်၊ ပုံသဏ္ဌာန်ဂုဏ်တို့ကို မဖွဲ့၊ ဆန်းပြားအောင်မဖွဲ့။ ခံ့ညားအောင်မဖွဲ့။ နုနွဲ့အောင်မဖွဲ့။ နဂိုဟန်ကိုသာ ချစ်ခင်စရာဖြစ်အောင် နေရာတကျဖွဲ့သည်။ အိုင်ချင်းများထဲတွင် ထိုသဘောတို့ကို တောရွာ၊ ဘောအိမ် အသွင်အပြင်များနှင့် သစ်ပင် တိရစ္ဆာန်ငယ် အမှုအရာများတို့၌ တွေ့နိုင်သည်။

'နှမထွေးမယ်တို့အိမ်ကို သိလိုချင်မူ'ချီ အိုင်ချင်းတွင် စာဆိုသည် မိန်းမပျို၏အိမ် နယ်နိမိတ်ကို ရေးပြသည်။ အိမ်နယ်နိမိတ် ဖြစ်ကြသော ပန်းသစ်ပင်တို့သည် အိမ်ပတ်ဝန်းကျင်တွင် မိန်းမပျို၏ အိမ်နီးနားချင်း မိတ်ဆွေများပမာ ရပ်တည်နေကြဟန်ကို ဖွဲ့ထားသည်။ ကြက်သွန်ပင်၊ စပါးလင်၊ ဒန်းပင်၊ မိတ်သလင်ပင်၊ ချင်းပင်တို့သည် မိန်းမပျို၏ အခြေအရံ တိုင်ပင်ဖော်တိုင်ပင်ဖက်များနှင့်ပင် တူလှသည်။ ဖွဲ့ထားပုံမှာ–

*မိတ်သလင်နှင့် ချင်းကိုလိုချင်၊ ဝါဆိုငယ်မှ ဝါဦး၊ မြေနှုံးနှုံးမှာ၊ တူး ပါလှည့်ရှင်၊ မိတ်သလင်နှင့် ချင်းကိုမလို၊ နှမတွေးမယ့်ကိုလိုလျှင်၊ တပေါင်း ငယ်မှ တန်ခူး၊ ရွှေဖီဦးကို နူးပါလှည့်ရှင်။*

ဤအဖွဲ့တွင် မိန်းမပျိုနှင့် သရဖီပန်းတို့ကို ဥပစာလိုလို၊ ရူပကလိုလို ပြုထားသော သဘောကို တွေ့နိုင်သည်။ စာဆိုသည် သရဖီပန်း၌ မြူခေါ်လို၊ ချိုသာလိုသော လှသား မိန်းမပျို၏ ပရိယာယ် မာယာနိမိတ်ကို မြင်လိုက်သည်ဟု ထင်မိသည်။ စာဆို၏မေတ္တာ သည် ပန်းသစ်ပင်၊ ငှက် စသော သဘာဝလောကနှင့် လူသားလောကတို့ကို ခွဲခြားဟန်မတူ၊ တစ်သွေးတည်း တစ်သားတည်းကဲ့သို့ သဘောထားသည်ဟု ထင်မိသည်။

'မိကိုလွမ်းလည်း'ချို အိုင်ချင်းတွင် ဖွဲ့ပြန်သည်မှာ–

*မောင်ကလေး မောင့်ကိုလွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော် ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ မပြေပါလို့။ သောက်တော် ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူငယ်နှမမှာ၊ ကြုံရတယ်ရှင်။*

ဤအိုင်ချင်းတွင် မိန်းကလေး၏ အလွမ်းစိတ်ကို သောက်ရေအိုးထဲ၌ ငုပ်ချည်ပေါ်ချည် တွန့်ကာလိမ်ကာ နေတတ်သော ပိုးလောက်လမ်းဖြင့် ဥမာတင်ထားသဖြင့် စာဆိုသည် ပိုးလောက်လမ်းကောင်၏ လှုပ်ရှားပုံ၌ ချစ်သူ၏ သောကနိမိတ်ကို မြင်လိုက်သည်ဟု ထင် သည်။ ပိုးလောက်လမ်းငယ်ကို ဒုက္ခသည်ကလေးဟူ၍ပင် စာဆို၍ ကရုဏာဖြစ်လိုက် ဟန်တူသည်။

တစ်ဖန် အိုင်ချင်းပါ စကားအသုံးအနှုန်း အစီအကုံးကလည်း ချိုးကျူးစရာ ဖြစ် သည်။ အိုင်ချင်းပါ စကားတို့သည် ကျေးရွာ၌ ပြောလေ့ပြောထရှိသော ပြောရိုးဆိုရိုးစကား များ ဖြစ်သည်။ အိုင်ချင်းစာဆိုတို့သည် ကျေးရွာများ၌ ပြောဆိုသုံးစွဲကြသော ဝေါဟာရများ ကို အညွန့်အခက် အဆင်တန်ဆာမထည့်ဘဲ စင်းချောသက်သက် မူမပျက်သုံးစွဲကြသည်ကို တွေ့နိုင်သည်။ အဖွဲ့များတွင် ဝါကျအထားအသို ရှင်းသည်။ ခုန်ကျော်၍ ကောက်ယူရ သည်မရှိချေ။ ဖြည့်စွက်၍ အဓိပ္ပာယ်ဖော်ရသည် မရှိချေ။ ဝါကျကဏ္ဍ အသုံး အလွန်နည်း သည်။ ဝါကျရိုး သုံးသည်သာများသည်။ နာမဝိသေသနစကားနည်း၍ နာမ်နှင့် ကြိယာသာ ခပ်များများပါသည်။ ထို့ကြောင့် အိုင်ချင်းပါအဖွဲ့သည် အလွန်ရှင်း၍၊ အိုင်ချင်းပါ စကားတို့သည် အလွန်အားရပါးရရှိလှသည်ဟု ဆိုချင်ပါသည်။

အိုင်ချင်းကဗျာစပ်ပုံအရာတွင် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတုတို့မှာကဲ့သို့ စည်းကမ်း တစ်သမတ်တည်း ရှိဟန်မတူချေ။ ကဗျာသဘောထက် ဂီတသဘောက ပို၍ ပူးလာဟန်တူသည်။ ကာရန်အသုံးတွင် (၁) ပြန်ဂဟပ်ကာရန်သဘောမျိုးလည်းပါသည်။ (၂) လေးလုံးစပ် လင်္ကာသဘောမျိုးလည်းပါသည်။ ဥပမာ–

(၁) 'တိမ်ခိုးငယ်မှ ဝေဝေ၊ နှောပင်ကြီး၊ နှောသီးကြွေ၊ လေဗွေတိုက်လို့ ဝဲတတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တယ်'ဟူရာ၌ အေကာရန်ကို (ဝေ)၌ ချိခဲ့၍၊ (ကြွေ)၊ (ဗွေ) တို့ဖြင့် ပြန်ဟပ်သည်ကို တွေ့နိုင်သည်။

(၂) 'မိဘဘိုးဘွား၊ ဆိုစကားကို၊ နားမှုမဝင်၊ ထိမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်' ဟူရာ၌ လေးလုံးစပ် လင်္ကာသဘောကို တွေ့နိုင်သည်။

'တိမ်ခိုးငယ်မှ ဝေဝေ'ချီ အိုင်ချင်းနှင့် 'မဆင်သာသည်'ချီ အိုင်ချင်း နှစ်ပုဒ်သည် ဆယ်နည်းအရာတွင် အထက်တန်းကျသော အိုင်ချင်းများ ဖြစ်သည်ဟု ဆိုရာသည်။ ထို အိုင်ချင်းနှစ်ပုဒ်ရှိ အချပိုဒ်များသည် ရတုအချပိုဒ်များမှာကဲ့သို့ ကာရန်စောင့်သည်ကို တွေ့နိုင်သည်။ ကာရန်စောင့်သဖြင့် သုတိသာသည်။ ဥပမာ-

'တိမ်ခိုးငယ်မှ ဝေဝေ' အိုင်ချင်းတွင်-

(က) လေဗွေတိုက်လို့ (ဝဲ) တတ်တယ်။

(ခ) မီးကင်သည့်နှယ် (ကွဲ) တတ်တယ်။

(ဂ) အင်ခွင်ဥစ္စာ (နဲ့) တတ်တယ်။

(ဃ) ညှင်းပြုပြုံးပြောက် (ခွဲ) တတ်တယ်။

(င) ဝက်ခြံမှည့်လို့ (မဲ)တတ်တယ်။

'မဆင်သာသည်'ချီ အိုင်ချင်းတွင်-

(က) ချူလို့ပစ်ရတော့မလား။

(ခ) မြူလို့ ရစ်ရတော့မလား။

(ဂ) နွမ်းလို့ပစ်ရချေတော့မယ်။

(ဃ) ကျမ်းနှင့် ဖြစ်ပြန်ချေတော့မယ်။

တစ်ဖန် ထိုအိုင်ချင်းများသည် ရှေးခေတ် မြန်မာလူမျိုး ကျေးတောနေတို့အကြောင်းကို မှတ်တမ်းတင်ထားသော မှတ်တမ်းအဖြစ်ဖြင့်လည်း အဖိုးတန်သည်။ ရှေးခေတ် ကျေးတော နေတို့၏ အစွဲအလမ်း အယုံအကြည်တရားသည်လည်းကောင်း၊ ဓလေ့ထုံးစံသည်လည်း ကောင်း၊ နေရေးထိုင်ရေး စီးပွားရေးအခြေအနေတို့သည်လည်းကောင်း ဤကဗျာများတွင် မှန်ရိပ်သဖွယ် ထင်လျက်ရှိကြသည်။ ယခုခေတ်တွင် အချို့ဓလေ့ထုံးစံ အခြေအနေတို့သည် ဒွေးယ်ပျောက်ကုန်ကြပြီ။ ထိုအိုင်ချင်း (၁၁)ပုဒ်၌ပါသော အကြောင်းတို့ကို ထောက်၍ ရှေးခေတ် ကျေးတောနေတို့သည် ဘုရားကိုသာမက နတ်ကိုလည်း ကိုးကွယ်ကြသည်။ ခေန်းနီနီပန်ငချင် ချစ်သူနှင့် ကွဲတတ်သည် စသော အစွဲအလမ်းတရားမျိုး အမြောက်အမြား ရှိသည်။ အပျိုအိမ်တွင် လူပျိုကို လက်ခံစကားပြောသောဓလေ့ ရှိသည်။ ယာလုပ်ကြသည်။ အောက်စိုက်ကြသည်။ အိမ်မှာ ရက်ကန်းရက်ကြသည်။ အချို့ စက်မှုယမ်းကြ... အညာနှင့်အကြေ ဆန်၊ ဆီ၊ ဆေး ကုန်သွယ်ကြသည်။ မြေဒူး မြို့ဈေးသည် အ... ခေန့်ဆင်ကုန်သည်တို့ စုဝေးရာဖြစ်ဟန်တူသည်။ ဈေးတွင် ခေါင်းလောင်း၊ ဆည်းလည်း၊ ဓောင်း၊ မျောခွက်၊ နွား စသည်တို့ကို အရောင်းအဝယ်ပြုကြသည်။ လူပျိုတို့သည် ပိုးသေး ငည်းဆံ ခေါင်းပေါင်းပြာကို ပေါင်းတတ်ကြသည်။ ပေါင်းသောအခါ အချို့ကာလသား ငြိမ်သည် ထိပ်လယ်မှာ ပေါင်းတတ်ကြဟန်တူသည်။ ပေဖူးလွှာ၌ စာရေးကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မိန်းမပျိုတို့သည် ဂုညိုကုံး လည်မှာ ဆင်မြန်းတတ်ကြသည်။ ယင်းမာပန်းကို အမြတ်တနိုး ပန်ဆင်ကြဟန်တူသည်။ ညီမငယ်များကို ချစ်စနိုးသဘောဖြင့် 'ရွှေတလေး'ဟု ခေါ်ကြဟန်တူသည်။ ယောကျ်ားတို့၏ အပျော်အရွှင်မျိုးသည် စောင်းတီးခြင်း၊ ကြက်တိုက်ခြင်းများ ဖြစ်သည်။ ရှေးခေတ် ကျေးတောအခြေအနေသည် ဤသို့ ဖြစ်ရာသည်။

ယခုအခါတွင် ထိုအိုင်ချင်း (၁၁) ပုဒ်နှင့် စပ်လျဉ်း၍ အခက်အခဲသုံးခု ရှိသေးသည်။ (၁) ထိုအိုင်ချင်းတို့ကို ရေးသားသီဆိုကြသော ခရစ်နှစ်အမှန်၊ (၂) စာဆိုသူတို့အကြောင်း၊ (၃) အိုင်ချင်း ဆိုပုံဆိုနည်း သို့မဟုတ် တေးသံတို့ ဖြစ်သည်။

(၁) မြန်မာစာပေသမိုင်းတွင် ရှေးရေးအိုင်ချင်း အရေအတွက်သည် နည်းလှသည်ဟု ဆိုနိုင်သည်။ လက်ရှိ အမှတ်အသားအတိုင်း ယူကြမည်ဆိုလျှင် အိုင်ချင်းရေးသော ခေတ်တို့ကို အကြမ်းအားဖြင့် သုံးစုခွဲ၍ ယူရန် ဖြစ်သည်။ ပထမခေတ်သည် ခရစ်နှစ် ၇၀၀ ကျော်မှစ၍ သုံးထောင့်အိုင် ရေးကြသောခေတ် ဖြစ်သည်။ ဒုတိယခေတ်သည် ခရစ်နှစ် ၉၀၀ ကျော်မှ ၁၁၀၀ ကျော်အထိ ရာပြည့်အိုင်ရေးကြသောခေတ် ဖြစ်သည်။ တတိယခေတ်သည် ခရစ်နှစ် ၁၂၀၀ ကျော် တစ်ဆယ့်နှစ်ရာသီဘွဲ့အိုင် ရေးသောခေတ် ဖြစ်သည်။ ထိုသုံးခေတ်တွင် ရေးခဲ့ကြသော အိုင်များအနက် ပထမခေတ် သုံးထောင့်အိုင်များအတွက် စဉ်းစားရန် လိုမည်ဟုထင်မိသည်။

သုံးထောင့်အိုင်များသည် ခရစ်နှစ် ၇၀၀ ကျော်မှစ၍ ပေါ်ဘိသကဲ့သို့ အဆိုရှိသည်ဖြစ်ရာ စဉ်းစားစရာ ဖြစ်ပါသည်။ စင်စစ်မှာ ဒုတိယခေတ် ၉၀၀ ကျော်မှစ၍ ရေးသည်ဟု ဆိုကြသော ရာပြည့်အိုင်များနှင့် ခေတ်ပြိုင်သော်လည်းကောင်း၊ ကာလအတန်ငယ်ဦး၍ သော်လည်းကောင်း၊ မရှေးမနှောင်းသော်လည်းကောင်း ပေါ်ခဲ့သည်ဟု ယူလျှင်လည်း ရကောင်းအံ့သို့ရှိသည်။ သုံးထောင့်အိုင်များသည် မြန်မာစာညွှန့်ပေါင်းကျမ်း ပထမတွဲပါ အမှတ် အသားတစ်ခုအရ ရာဇာဓိရာဇ်ကတော်က ဒဂုံသို့ချီသော ဗညားနွဲ့မင်းသား (နှောင်အခါ ရာဇာဓိရာဇ်) ထံသို့ ရေးပို့သော ကဗျာများ ဖြစ်သည်ဟု သိရသည်။ တစ်ဖန် မြန်မာစာညွှန့်ပေါင်း (ပထမတွဲ) စာတည်းက ထိုအိုင်ချင်းများသည် ရာဇာဓိရာဇ်၏မိဖုရားကပေးသော ကဗျာများ ဖြစ်သည်ဟုဆိုလျှင် သံသယဖြစ်ဖွယ်ရှိကြောင်း၊ ခရစ်နှစ် ၁၁၀၀ ကျော် အလောင်းမင်းတရားလက်ထက်က ရာဇာဓိရာဇ်ခေါ် မွန်အမတ်တစ်ဦးကို ရည်၍ ပေးသည်ဟု ထင်ကြောင်းများ ဖော်ပြပြန်သည်။ သို့ရာတွင် ထိုစာတည်းကပင် သူ့မှာ ပြစရာသက်သေမရှိဟုဆို၍ အထက်ပါ အမှတ်အသားကိုပင် လက်ခံခဲ့သည်ကို တွေ့ရသည်။ စဉ်းစားရန်မှာ မွန်မင်းသားဗညားနွဲ့ထံသို့ပေးသော ကဗျာဖြစ်ကြောင်း အမှတ်အသားရှိစေကာမူ ထိုအမှတ်အသားကို ဆင်ခြင်သင့်သည်ဟု ထင်မိသည်။ ဗညားနွဲ့ထံသို့ပေးသော ကဗျာများဟူ၍ ဆိုလျှင် ထိုကဗျာများသည် မွန်ဘာသာကဗျာများသာ ဖြစ်စရာအကြောင်း ရှိသည်။ မွန်မင်းသားသို့ပေးသော ကဗျာဟုဆိုလျှင်လည်း ရတုကဗျာများကဲ့သို့ ထီးမှုနန်းရာပါစရာအကြောင်းရှိသည်။ စကားအသုံးသည်လည်း ထီးသံနန်းသံ ပါစရာအကြောင်းရှိသည်။ သုံးထောင့်အိုင်များတွင် ထိုလက္ခဏာများမပါကြချေ။ ထို့ကြောင့် ထိုအိုင်ချင်းများသည် ကဗျာလည်းမဟုတ်နိုင်။ မွန်အမတ် ရာဇာဓိရာဇ်သို့ပေးသော ကဗျာ လည်း မဟုတ်နိုင်ဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယူချင်ပါသည်။

အမှတ်အသားသည် အပြင်သက်သေ ဖြစ်သည်။ စာ၏သဘောနှင့် စကားအသုံးအနှုန်းတို့သည် အတွင်းသက်သေ ဖြစ်သည်။ အပြင်သက်သေတစ်ခုတည်း လုံလောက်သည်မထင်ပါ။ အတွင်းသက်သေတို့ကိုလည်း ထည့်သွင်းစဉ်းစားထိုက်သည်။ ယူဆသည်မှာ ကျေးရွာများအကြောင်းကို သိနားလည်သော မြန်မာစာဆိုက စီရေး၍ ကျေးရွာများတွင် သီဆိုကြသော ကဗျာများ ဖြစ်သည်ဟု ယူချင်ပါသည်။ ထို့ပြင် သုံးထောင့်အိုင်များသည် ခရစ်နှစ် ၉၀၀ ကျော်မှ စတင်ရေးကြ၍ ကောက်စိုက်သမများ သီဆိုကြသော ရာပြည့်အိုင်များနှင့်လည်း စာသဘော၌လည်းကောင်း၊ စကားအသုံးအနှုန်း၌လည်းကောင်း တူကြသဖြင့် ထိုသုံးထောင့်အိုင်များသည် ရာပြည့်အိုင်များကဲ့သို့ပင် ခရစ်နှစ် ၉၀၀ ကျော် ညောင်ရမ်းခေတ်မှစ၍ ပေါ်ကြသည်ဟုယူလျှင် မလွဲတန်ရာဟု ထင်မိသည်။ ကျေးလက် နယ်ပယ်မှာ မှစ၍ ရေးသားသီဆိုလာကြသော ဗုံကြီးသံကဗျာသီချင်းများသည် အလောင်းမင်းတရားခေတ်မှ အစပြု၍ ထွန်းကားလာသည်ဟုယူလျှင် ဖြစ်နိုင်စရာအကြောင်းရှိသည်။

(၂) အိုင်ချင်းစာဆိုတို့အကြောင်းနှင့် စပ်လျဉ်း၍လည်း တစ်ချက်ရှိသေးသည်ဟု ဆင်သည်။ အိုင်ချင်းများတွင် မိန်းမပျိုက ဆိုဟန် ပြောဟန်တို့ကို အထောက်အထား ပြု၍လားမသိ။ အိုင်ချင်းစာဆိုတို့သည် အမျိုးသမီးများ ဖြစ်ရာသည်ဟု အချို့က ယူဆကြသည်။ ကဗျာတွင် မိန်းမပျိုက ဆိုဟန် ပြောဟန်တို့ကို အကြောင်းပြု၍ အမျိုးသမီးတို့ ရေးသည်ဟု တစ်ထစ်ချမဆိုသာပါ။ မြန်မာစာပေသမိုင်းတွင် မိန်းမသံပါအောင် ရေးသော မောင်ဘွဲ့ရတုများကို ယောကျာ်းစာဆိုတို့ ရေးခဲ့ကြသည်ကို တွေ့နိုင်သည်။ နဝဒေး၊ နတ်သျှင်နောင်၊ စိန္တကျော်သူတို့ရေးသော မောင်ဘွဲ့ရတုများသည် သက်သေအဖြစ်နှင့် ရှိကြပြီ။ ယခုခေတ်၌ ယောကျာ်း စာရေးဆရာများသည် (ရဟန်းတော်များပင်) မိန်းမအရေး၊ မိန်းမအသံဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် အိုင်ချင်းစာဆိုများကို အမျိုးသမီးများဟု သိမ်းကျုံး၍ မယူဆနိုင်။ ယောကျာ်းမဟုတ်ဟူ၍လည်း မယူဆနိုင်။ ကျားမ နှစ်မျိုးစလုံးဖြစ်နိုင်သည်ဟုလည်းကောင်း၊ ကျားချည်းသက်သက်လည်း ဖြစ်နိုင်သည်ဟုသော်လည်းကောင်း ထင်စရာဖြစ်ပါသည်။

ထို့နောက် အိုင်ချင်းစာဆိုတို့၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍လည်း မည်သည့်အကြောင်းအချက်ကိုမျှ မတွေ့ခဲ့ချေ။ သို့ရာတွင် မှန်းဆနိုင်သော အချက်တစ်ခုမှာ အိုင်ချင်းစာဆိုတို့သည် ခင်မင်ထိုက်သူကို ခင်မင်တတ်၍ ချီးကျူးထိုက်သူကို ချီးကျူးထိုက်သော ကျေးတောနေများထဲမှ ဖြစ်တန်ရာသည်။ ထိုသို့မဟုတ်လျှင်လည်း ဝန်ကြီးပဒေသရာဇာ၊ ဘိုးဝဒီရတို့ကဲ့သို့ တောရွာအသွင်အပြင် အခြေအနေတို့ကိုလည်းကောင်း၊ ရွာသူရွာသားတို့၏ စိတ်ထားစေတနာ၊ အပြုအမူတို့ကိုလည်းကောင်း၊ ကောင်းစွာနားလည်သောသူများ ဖြစ်ကြတန်ရာသည်။ ထိုမျှသာမကသေး၊ ရွာသူရွာသားများနှင့် ရောနှောနေထိုင်ဆက်ဆံတတ်၍ ကရုဏာ စေတနာထားတတ်သောသူများလည်း ဖြစ်ကြတန်ရာသည်။ အိုင်ချင်းစာဆိုများထဲတွင် ကျမ်းဂန်သုတများသူ ပါချင်လျှင်ပါပေလိမ့်မည်။ သို့ရာတွင် အိုင်ချင်းကို ဆိုရာ၌ကား စာဆိုပီသစွာ နား မျက်စိ စိတ်ကူးဉာဏ်တို့ကိုသာ အားကိုးခဲ့ကြသည်ဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆိုသင့်သည်။ ထို့ကြောင့် သူတို့၏စာများ‌တွင် ပျို့စာဆို၊ အချို့ ရတုစာဆိုတို့၏ စာများမှာကဲ့သို့ စာတတ် ပေတတ် လက္ခဏာထုတ်ပြခြင်းကို မတွေ့ရချေ။ လောကအမြင်သန်၊ အကြားသန်၊ စေတနာသန်၊ အကြံအစည်သန်သော လက္ခဏာတို့ကိုသာ တွေ့ရသည်။ အိုင်ချင်းစာဆိုတို့သည် စာဆိုပီသကြပါပေသည်။

(၃) ရှေးရေးအိုင်ချင်း ဆိုပုံဆိုနည်း၊ သို့မဟုတ် တေးသံနှင့်စပ်လျဉ်း၍လည်း တစ်ခက် ဖြစ်နေသေးသည်။ ရှာကြံ၊ စုံစမ်းကြရပေဦးမည်။ တေးသံကိုပါသိရလျှင် အိုင်ချင်း၏ သုတိသာယာမှုကို ပို၍ခံစားနိုင်ကြသည်။ ကာရန်အဖွဲ့အစည်းကို ထောက်ခြင်းအားဖြင့် အိုင်ချင်းတေးသံသည် တေးထပ်သံ၊ ဘောလယ်သံတို့ကဲ့သို့ တစ်မျိုးတည်း ဖြစ်မည်ဟု မထင်မိချေ။ တစ်ပုဒ်လျှင် တေးသံတစ်မျိုးစီရှိမည်ဟု ထင်မိတော့သည်။

သုံးထောင့်အိုင်၊ ရာပြည့်အိုင် (၁၁) ပုဒ်သည် မြန်မာစာပေသမိုင်းတွင် နေရာကောင်း နေရာမှန်ကို ရထိုက်ပြီဟု ထင်မြင်သည်။ ကဗျာပရိယာယ်အရာ၌လည်းကောင်း၊ လူ့သဘာဝ သရုပ်ဖော်ပုံ၌လည်းကောင်း၊ မြန်မာ့ကျေးရွာ သရုပ်ဖော်ပုံ၌လည်းကောင်း၊ သဘာဝလောကကို မြင်ပုံ၌လည်းကောင်း၊ စကားအသုံးအနှုန်း လွယ်ကူသန့်ရှင်းပုံ၌လည်းကောင်း ထူးခြားသဖြင့် စံတင်ထိုက်သော ကဗျာများ ဖြစ်သင့်သည်။ ရတုကဗျာများကို စောင်းသံ၊ ပတ္တလားသံတို့နှင့် တူသည်ဟု ဆိုချင်ကြလျှင်၊ အိုင်ချင်းများကို ဦသြနှဲ့သံ၊ ချိုးကူသံတို့နှင့် တူသည်ဟု ဆိုထိုက်လှပေသတည်း။

ဂန္ထလောက၊ ၁၉၃၆။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ရေးက ခေတ်သစ် စာဆိုနှစ်ဦး

ခေတ်ကို ဩဇာပေးရန် ခက်၏။ ဩဇာကိုက်ပြီးသော လက်ရှိခေတ်ကို ဩဇာသစ် ထပ်ပေးရန် သာ၍ခက်သည်။ မြန်မာစာပေသမိုင်းတွင် မြန်မာသက္ကရာဇ် ၁၀၀၀ နှင့် ၁၁၀၀ အောက် ခေတ်က ဝန်ကြီးပဒေသရာဇာနှင့် စိန္တကျော်သူဦးဩတို့သည်၊ ထိုသာ၍ခက်သော လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ ထိုစာဆိုနှစ်ဦးသည် အမြင်သစ်ကိုမြင်၍ စာသစ်ကို ရေးကြသည်။ သူတို့မြင်သော အမြင်သစ်နှင့် သူတို့ရေးသော စာသစ်တို့သည် နောက်ထပ် ရေးကြသော အချို့စာတို့ကို ဩဇာပေးနိုင်ကြသည်။

သစ်လိုသော ထိုစာဆိုနှစ်ဦးသည် ကျော်စောလို၍လော။ မဟုတ်။ ကျော်စောမည်မှာ ဆေးစွ။ အငြိုအငြင်ပင်ခံခဲ့ကြရဦးမည်။ လက်ရှိစာတို့ကို တော်လှန်လို၍လော။ ဤသို့လည်းမဟုတ်နိုင်။ သူတို့သည် လက်ရှိစာကို နှစ်သက်ရှိသေကြသည်။ လက်ရှိစာမှ တချို့ ဘဲ်ဝက်သော အကြံဉာဏ်တို့ကို သုံးစွဲကြသည်သာမက၊ အတုခိုးတန်သရွေ့ကိုလည်း အတုခိုးကြသေးသည်။ သူတို့အမြင်သစ်ကိုမြင်၍ စာသစ်ကိုရေးသော အကြောင်းရင်းသည် သူတို့၌ စေတနာသစ် ဖြစ်လာ၍ အမြင်သစ်ကို မမြင်မနေနိုင်၊ စာသစ်ကို မရေးမနေနိုင်သော အကြောင်းကြောင့် ဖြစ်သည်ဟု ယူသင့်သည်။

ဖန်တီးဖွဲ့ဆိုသောစာမျိုးသည် စာရေးဆရာတို့၏ စေတနာကိုလည်းကောင်း၊ စိတ်ကူးဉာဏ်ကိုလည်းကောင်း၊ အတွေ့အကြုံ အကြားအမြင်တို့ကိုလည်းကောင်း အမှီပြုနေသည်။ စေတနာကြီးလျှင် ခံ့ညားသောစာ ဖြစ်ထွန်းနိုင်သည်။ စိတ်ကူးဉာဏ် ထက်မြက်လျှင် နက်နဲသောစာ ဖြစ်ထွန်းနိုင်သည်။ အတွေ့အကြုံအကြားအမြင် နှံ့စပ်လျှင် ကျယ်ဝန်းသောစာ ဖြစ်ထွန်းနိုင်သည်။ အားလုံးစုံလျှင် စာမနောမယ ဖြစ်ထွန်းနိုင်သည်။ ဝန်ကြီးပဒေသရာဇာ (၁၀၄၅–၁၁၁၆) စာဆိုသော ကာလသည် ကာလငြိမ် ဖြစ်သည်။ စိန္တကျော်သူဦးဩ (၁၀၉၈–၁၁၃၃) စာဆိုသောကာလသည် ကာလဆူ ဖြစ်သည်။ ဝန်ကြီးသည် သိမ်မွေ့သည်။ ဦးဩသည် ထက်မြက်သည်။ ဝန်ကြီးသည် ဆင်းရဲသားတို့ကို သနားတတ်သူဖြစ်သည်။ ဦးဩသည် ရေးအစဉ်အလာမှ ဆင်းသက်၍၊ စည်းလုံးမပျက် ရပ်တည်ခိုင်မာခဲ့သော မြန်မာနိုင်ငံကို ချစ်သူ ဖြစ်သည်။

စိတ်ကူးချိုချို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝန်ကြီးပဒေသရာဇာသည် သူ့တစ်သက်တွင် အင်းဝ၌ စိုးစံတော်မူကြသော မင်းရဲကျော်ထင်၊ စနေမင်း၊ တနင်္ဂနွေမင်း၊ မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီရောက်မင်း) ပေါင်း မင်းလေးဆက်ကို မီသူဖြစ်သည်။ ပထမ မင်းနှစ်းပါးလက်ထက် ၃၂ နှစ်လောက်အထိ ဝန်ကြီးသည် စုရေးစုကိုင်အဖြစ်ဖြင့် မင်းမှုထမ်းခဲ့သည်။ ကဗျာကိုလည်း လေ့ကျင့်ခဲ့ဟန် တူသည်။ သို့ရာတွင် ကျော်စောပုံမပေါ်။ အမြင်သစ်သူသည် လက်ရှိခေတ်၏ ရေ့အစွန်ဖျား၌ နေလေ့ရှိသောကြောင့် သူ၏ဉာဏ်ကို လက်ရှိခေတ်သမားတို့သည် ရုတ်တရက်မမီဟု ဆိုလျှင် ဆိုနိုင်သည်။ ခေတ်ဆိုသည်မှာ လူတို့၏ အမြင်၊ လူတို့၏ ဆန္ဒတို့ကို ပြုပြင် တတ်သည် မှန်၏။ သို့ရာတွင် တစ်ခါတစ်ရံ ခေတ်သည် ဉာဏ်ရှင်တို့၏ ပယောဂကြောင့် ပေါ်ထွန်းလာရသောအရာ ဖြစ်သည်။ ထို့ကြောင့် ဉာဏ်ရှင်ပေါ်လျှင် ခေတ်သစ်ထွန်းတတ် သည်။ ထို့ပြင် ခေတ်သစ်ဉာဏ်ရှင်သည် လက်ဦးတွင် ခေတ်ဟောင်းဉာဏ်ရှင်တို့၏ အကဲ့ရဲ့ ကို ခံရစမြဲ ဖြစ်သည်။

ဝန်ကြီးသည် သူ့လက်ထက်တွင် စာပေခေတ်သစ်ကို ထူထောင်သူဖြစ်၏။ ထို့ကြောင့် သူ့စာ ချက်ချင်းမကျော်သည်မှာ အံ့သြစရာမဟုတ်။ ပျို့ရှယ်စဉ်က သူ မထင်မရှားဖြစ်ခဲ့ သည်မှာ အံ့သြစရာမဟုတ်။ ဓမ္မတာပင် ဖြစ်သည်။ သို့ရာတွင် ဉာဏ်ခံကလည်းကြီး၍ ဝီရိယကိုလည်း မလျှော့လိုသော သူ့အပေါ်၌ ကံတရားသည် အလွန်ကြီးမရှိုင်းပျချေ။ များမကြာမီ စနေမင်း နတ်ရွာစံ၍၊ တနင်္ဂနွေမင်း နန်းတက်သည်။ ဝန်ကြီး၏ နောင်ရေး သည် သာယာဖို့ ဖြစ်လာသည်။ မြန်မာစာပေသစ်အတွက် ထွက်ရပ်လမ်း ပွင့်လာသည်။

ဝန်ကြီးသည် စုရေးစုကိုင်အရာမှ (နောင်အခါ ဟံသာဝတီရောက်မင်း ဖြစ်လာသော) အိမ်ရှေ့မင်းသား၏ အချီတော်အရာသို့ တက်သွားသည်။ တိမ်မြုပ်နေသော ဉာဏ်ရှင် အရာရှိငယ်ကို နန်းလျာတစ်ဦး၏အချီတော် ခန့်လိုက်ခြင်းသည်၊ မြန်မာစာပေသမိုင်းတွင် အတော်ခရီးရောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဝန်ကြီးသည် တပည့်မင်းသားအား သူ၏ စာပေအယူအဆတို့ကို သင်ကြားပို့ချရာသည်။ မင်းသားကိုယ်တိုင်ကလည်း ကဗျာ၌ ဝါသနာထုံသူ ဖြစ်သောကြောင့် ထိုဆရာနှင့် ထိုတပည့်တို့သည် စာအရာ၌ နှစ်ကိုယ့် တစ်စိတ် ဖြစ်လာနိုင်သည်။ ထိုမျှမကသေးပါ။ မင်းသားသည် သူ့ဆရာကို အလွန် ချစ် မြတ်နိုးဟန်တူသည်။ ၁၀၉၅ ခုနှစ်တွင် ထိုမင်းသား နန်းတက်သောအခါမှစ၍၊ သူ့ဆရာ ကို အလွန်ပြုစုယုယကြောင်း သိရသောကြောင့် ဖြစ်သည်။ ဥပမာ–တပည့် ရှင်ဘုရင်က ဆရာဖြစ်သူ ဝန်ကြီးကို မြတ်နိုးတော်မူရာတွင် ဝန်ကြီး၏မြင်း၌ တပ်ဆင်သော မြင်းကြိုး ကိုပင် ပိုးဖြင့်ချုပ်စေချင်သည်။ ဝန်ကြီးကလည်း အသေးအဖွဲ့ကအစ ဂရုစိုက်တော်မူတတ် သော တပည့်ရှင်ဘုရင်၏ စေတနာကို တရိုတသေမှတ်သိမ်းထားသည်။ ဝန်ကြီးဆိုခဲ့သော သူဇာပျို့နိဂုံးတွင် တပည့်ရှင်ဘုရင်က သူ့အား မိန့်တော်မူပုံကို–

*'ကြည်ဖြူနှလုံး၊ ရယ်ပြုံးမေတ္တာ၊ ဆရာမြင်းကြိုး၊ နားရိုးကွပ်သည်၊ သတောင်းလည်ကို၊ ပိုးချည်သက်ကွန့်၊ ကွေးရွန့်အိကာ၊ ချုပ်ပါလော့ဟု၊ ချိုနှမွေးပျ၊ ရွှေခွန်းဟာ၏'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဖွဲ့ဆိုသည်။

ဝန်ကြီးကလည်း သူ့တပည့် ရှင်ဘုရင်ကို ဤဘဝတွင်သာမက ဘဝဆက်တိုင်း ဆက်တိုင်း ပူးမြဲလို၊ ချစ်ခင်လိုသည်။ ဝန်ကြီးက သစ္စာပြုရာတွင်

*'ဘဝသည်ဝယ်၊ ယခုနယ်လျှင်၊ များကြွယ်သံသာ၊ နောင်သောခါ လည်း၊ မကွာဆင့်ဆင့်၊ ရှင်နှင့်ကျွန်သာ၊ ဆက်ကာကာလျှင်၊ ဖြစ်ရပါ ကြောင်း၊ ကျွန်ုပ်တောင်းသည်။ ။ ရည်ရွယ်ချောင်းမြဲမြဲ သေချာတည်း'*

ဟု ဖွဲ့ဆိုခဲ့သည်။

ဟံသာဝတီရောက်မင်း လက်ထက်တွင် ဝန်ကြီး၏ ဇနီးသည် အနိစ္စရောက်သည်။ ထိုအခါ ဝန်ကြီးသည် အိမ်ရာမကပ်။ နေ့မှန်းမသိ၊ ညမှန်းမသိ။ စိတ်ညှိုးနွမ်းခဲ့သည်။ ဘယ်ညှိုရှင်ဘုရင်က ကြင်နာယုယသောကြောင့်သာ သက်သာရာရသည်။ တပည့်ရှင်ဘုရင် သည် ဝန်ကြီး ကြင်ချစ်ဖော် ကင်းမဲ့စွာနေသည်ကို ရှုစိမ့်တော်မမူနိုင်။ ဝန်ကြီးကို ဖျောင်း ဖျ၍ အိမ်ရာသစ် ဖက်ချည်ပေးတော်မူသည်။ အိုးသစ်အိမ်သစ်၏ အငွေ့ကိုလှူရသဖြင့် ရွှင်လန်းလာသော ဝန်ကြီးသည် တပည့်ရှင်ဘုရင်ကို ကျေးဇူးတင်ထားသည်မှာ–

*'ကျွန်ုပ်မှာလည်း၊ ထွတ်ချာမင်းကျော်၊ ရှင့်ဘုန်းတော်ကို၊ သာဖျော်စေစုံ၊ နေ့တိုင်းလှုံ၍၊ ကုလုံလောက်ဖြင်၊ ရှိရာတွင်ကို၊ အိမ့်ရှင်ဥစ္စာ၊ လောင်းပြန် လာ၍၊ ပမာပုံဆာ၊ အဟန်ပြသော်၊ ရှေးကသောခါ၊ ဝိသာခါသည်၊ မိဂါရ အိမ်၊ ရိပ်ငြိမ်ရုံထင်၊ ပြောင်ဝင်းနေသို့၊ တွက်ရေမလွယ်၊ များကြွယ်ကုံ လောက်၊ အိမ့်အောက်အိမ့်ထက်၊ အဆက်အကူး၊ အိမ်ဦးတပျင်း၊ ဝဲလင်း ရိပ်ကြီး၊ ဆောင်းသီးအိမ်မ၊ လပ်ရမမြင်၊ စင်လည်းဆင်ဆင့်၊ မြင့်ပြန့်ထုပ်ဆီ၊ မမီလက်လှမ်း၊ သဘော်ကြမ်းလည်း၊ ပြည့်မွမ်းဘဏ္ဍာ၊ ထားရာမဲ့ဖူး၊ အထူး ဖြည်းမျှ၊ များလှကျွန်ခြေ၊ အိမ်နေစရာ၊ မြေတာမလပ်၊ ချုပ်ကိုင်ကြပ် သည်။ ။ အရပ်ချနေ မသာတည်း'*

ဟု ဖွဲ့ဆိုခဲ့သည်။

တစ်ဖန် ဇနီးသစ်ကို ချီးမွမ်းရာတွင်–

*'စုံဖက်တော်မူ၊ အတူတကွ၊ ပေါင်းနေရသော်၊ နေကြစိတ်ရှိ၊ အမိတစ်ခါ၊ ပေါ်ပြန်လာသို့၊ မေတ္တာခွေရစ်၊ ရှိသေချစ်၏'*

ဟု ဖွဲ့ဆိုခဲ့သည်။

ဝန်ကြီးသည် အသက်ငါးဆယ်ကျော်မှ ကံပေါ်သည်။ ထိုငါးဆယ်ကျော် အသက် ပိုင်းမှစ၍ ဝန်ကြီးသည် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို အပြည့်ရခဲ့ပုံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပေါ်သည်။ ထို့ကြောင့်လျှင် နှောင်အိမ်မှလွတ်သော သီချင်းသည်ငှက်ငယ်ကဲ့သို့ မြန်မာစာပေသမိုင်းတွင် ဆန်းကြယ်လှသော တေးကဗျာတို့ကို ဆိုနိုင်ခဲ့သည်ဟု ဆိုချင်ပါသည်။

ဝန်ကြီးသည် သူတော်ကောင်းအင်္ဂါတို့နှင့် ပြည့်စုံသည်။ ပျို့ရွယ်စဉ်က မထင်မရှားနေခဲ့ရသော်လည်း လောကကိုမမုန်း၊ မရွံ့၊ မနာလိုမရှိ။ သမာဓိကို လက်သုံးပြု၍ ရဲရင့်ခဲ့သည်။ အထွတ်သို့ ရောက်သောအခါ၌ သွေးမကြောက်၊ မာနမရှိ။ လူ့လောကကို ပို၍ပင် ချစ်ခင်သည်။ ကျေးဇူးတရားကို ထုတ်ဖော်လေ့ရှိသည်။

ထို့ပြင် ဝန်ကြီးကို စာဆိုတစ်ဦးအဖြစ်ဖြင့် လေ့လာကြည့်လျှင် တွေ့နိုင်သည်မှာ ဝန်ကြီးသည် လောကကို မငြင်းလို။ လူ့အပေါင်းတို့အား လောက၌ ပြုအပ်သော လူ့မှုတာဝန်အလုံးစုံကို ကျေပွန်စွာ ဆောင်ရွက်စေချင်သည်။ အထူးသဖြင့် လူဆင်းရဲတို့ကို ကြင်နာသည်။ မိမိ၏ ပဋိဘာန်စိတ်ကူးဉာဏ်ကို လွတ်လွတ်လပ်လပ်ထုတ်လိုသည်။ စာရေးရာတွင် အဆင်တန်ဆာ အမြောက်အမြားထည့်၍ ရေးလေ့မရှိ။ နေ့စဉ်နေ့တိုင်း ပြောလေ့ပြောထရှိသော ပြောရိုးဆိုရိုးစကားတို့ကို နာပျော်ဖွယ်ဖြစ်အောင် သုံးတတ်သည်။ အလွမ်းကိုနိုင်သည်။

သူဇာပျို့တွင် ပုဏ္ဏား၏ ကောက်ကျစ်မှုကြောင့် သုဓနုမင်းသားသည် တိုင်းစွန်ပြည်နားသို့ သူပုန်ရန်ကို နှိမ်နင်းရန် ထွက်တော်မူရသည်။ မင်းသားမရှိခိုက်၊ ပုဏ္ဏားသည် မင်းသား၏ ကြင်ရာတော် သူဇာကိန္နရီမကို မသေသေအောင် စဉ်းလဲပြန်သည်။ သူဇာက သိသဖြင့် သားငယ်ကိုထားခဲ့၍ ကိန္နရာတို့၏ ဇာတိဌာန ဟေမာဂီရိ ရွှေတောင်သို့ ပြန်ရရှာသည်။ မင်းသား စစ်မှ ပြန်လာ၍ အကြောင်းစုံကို သိတော်မူသောအခါ များစွာပူဆွေးသည်။ ထိုအခါ ခမည်းတော်မင်းကြီးသည် မင်းသားအား စရိယသုံးသွယ် ဆောင်ရွက်ဖွယ်တို့ကိုသာ အရကြိုးရန် ဖျောင်းဖျပြောဆိုသည်။ မင်းသားသည် ဖြေမဆည်နိုင်သောကြောင့် ခမည်းတော်အား ပြန်လည်လျှောက်ထားသည်။ မင်းသား၏ စကားတွင် လောကလူမှုတာဝန်နှင့် စပ်လျဉ်း၍ ဝန်ကြီး၏ သဘောထားကို မှန်းဆနိုင်သည်။ ဝန်ကြီးသည် မင်းသားဘက်သို့ လိုက်သည်ကို တွေ့နိုင်သည်။ ထို့ပြင် ဝန်ကြီး၏ စကားသုံးပုံကိုလည်းကောင်း၊ ဝန်ကြီး၏အလွမ်းကိုလည်းကောင်း စံအဖြစ်ဖြင့် တွေ့နိုင်သေးသည်။ မင်းသားပြန်လည်လျှောက်ထားပုံကို ဝန်ကြီး ဖွဲ့ဆိုသည်မှာ–

*'မချိသည်သာ၊ ပူဆာလိုလို၊ နေသည်ကိုလည်း၊ ခဲငြိုငြင်စွာ၊ အဘယ်မှာလျှင်၊ စရိယာသုံးပါး၊ ကျင့်တရားကို၊ ကြိုးစားဖြည့်သည်၊ ဖြစ်တော့မည်လည်း၊ ထင်ရှည်ဖြောင့်ဖြောင့်၊ သို့သောကြောင့်လျှင်၊ စိုးနှောင့်ဗျာပါ၊ ပြန်သွားရာတွင်၊ သေလျှင်သေသည်၊ မှတ်တည်နေကျ၊ သိရလျှဉ်းအောင်၊ ရွှေတောင်ရပ်ခွင်၊ သို့ရောက်လျှင်လည်း၊ အလျင်မကြာ၊ ခေါ်ခဲ့လာ၍၊ သည်မှာသားငယ်၊ ထွားနုနယ်နှင့်၊ ရွှင်ရယ်တကွ၊ ပေါင်းစေရမှ၊ ပုတ္တဒါရသ၊ သင်္ဂဟကို၊ စ၍စရိယာ၊ သာသာသောင်သောင်၊ ဆောင်ရအောင်ကို၊ ဘောင်ဘောင်ပြောကျယ်၊ ပင်လယ်လယ်ဝယ်၊ ငြီတွယ်မလည်၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*နစ်သည်ယောကျာ်း၊ ကူးသောလားသို့၊ စွမ်းအားလုံ့လ၊ ဝီရိယကို၊ ချီကြွပါမည် လှယ်လှယ်တည်း'*

ဟု မတရားသဖြင့် အညှဉ်းဆဲခံရရှာသော ဇနီးသည်နောက်သို့ လိုက်၍ မတွေ့မနေ နိုင်သည်ဖြစ်ကြောင်း၊ တွေ့လျှင် ခေါ်ခဲ့မည်ဖြစ်ကြောင်း၊ အတူဆုံကြသောအခါမှသာ စရိယ သုံးပါးကို ဖြည့်လိုသော ဆန္ဒရှိကြောင်းတို့ကို သုဓနုမင်းသား၏နှုတ်မှတစ်ဆင့် ဖွဲ့ဆိုခဲ့သည်။ (ပုဒ်ရေ၁၆၃) သုဓနု၏ဘဝအယူအဆသည် ဝန်ကြီးနှစ်သက်သောအယူအဆ ဖြစ်နိုင်သည်ဟု ယူချင်သည်။

ထိုသို့သော အယူအဆမျိုးကြောင့် ဝန်ကြီး၏ ပျို့များသည် ယခင်ခေတ်စာဆိုတို့၏ ပျို့များနှင့်မတူ၊ သစ်လာသည်ဟု ဆိုနိုင်သည်။ ယခင်ခေတ် စာဆိုတို့သည် သင်္ဂါယနာတင် ဇာတကနိပါတ်များကိုယူ၍ ပျို့ဖွဲ့သည်သာများသည်။ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့ကဲ့သို့သော ပျို့မျိုးသည် ခြွင်းချက်ဖြစ်သည်။ ခြွင်းချက်၏သဘောသည် များရာကို မလွှမ်းဆန်နိုင်ဟု ဆိုအပ်သည်။ ဝန်ကြီးသည် သင်္ဂါယနာတင် ဇာတကနိပါတ် မဟုတ်သော အဖြစ်အပျက် ဇာတ်လမ်းများကိုသာ ပျို့ဖွဲ့ခဲ့သည်။ မနော်ပျို့၊ ကုမ္မာဘယပျို့၊ ဒန္တာသီရိပျို့၊ ကြာနတ်ကေသာပျို့၊ နအူပျို့၊ တောထွက်ခန်းပျို့၊ ဆေန်ပြန်ပျို့ စသည်တို့သည် သာဓကဖြစ်သည်။ ဝန်ကြီး ရဲရင့်လှပေသည်။ ယခုအခါတွင် သူ့ဇာပျို့ တစ်စောင်သာလျှင် ပုံနှိပ်ပြီးသားရှိသေးသည်။ သို့ရာတွင် သူရေးသားသော အခြားပျို့အမည်များကို ထောက်ချင့်ခြင်းအားဖြင့် ဝန်ကြီးသည် နဂိုမျက်စိ၊ နဂိုနား၊ နဂိုစိတ်ကူးဉာဏ်ကို လွတ်လွတ်လပ်လပ် သုံးနိုင်သလောက် သုံး၍ သူနှစ်သက်သော ဘဝအယူအဆတို့ကို တင်ပြလိုကြောင်း ထင်ရှားသည်။ (ယခုအခါ ကုမ္မာဘယပျို့တစ်စောင် ထွက်နေပြီ)

ဝန်ကြီး၏ မဏိကက်ဇာတ်နှင့် နတ်သံအဲချင်းတို့သည်လည်း မြန်မာစာပေသမိုင်းတွင် သစ်သည်ဟု ဆိုသင့်သည်။ မဏိကက်သည် ပထမဇာတ်အဖြစ်ဖြင့် သစ်သည်။ နတ်သံအဲချင်းများသည် မြန်မာနတ်များ၏ အတ္ထုပ္ပတ္တိတို့ကို ဖွဲ့ဆိုသော ကဗျာများအဖြစ်ဖြင့် သစ်သည်။ ထိုအဲချင်းများတွင် ဝန်ကြီးသည် မြန်မာတို့၏ ရှေးအဖြစ်အပျက်တို့ကို ဂရုထား စိတ်ဝင်စား၍ သနားဖွယ်ဖြစ်အောင် ဖွဲ့ဆိုခဲ့သည်။

တျာချင်းများသည်လည်း စာသစ်များဖြစ်သည်။ ဝန်ကြီးသည် သူ၏ တျာချင်းများတွင် ကျေးတောသားဘဝအကြောင်းကို ဖွဲ့ဆိုခဲ့သည်။ အိုင်ချင်းစာဆိုများသည်လည်း ကျေးတောသားဘဝအကြောင်းကိုပင် ဖွဲ့ဆိုကြသည်။ သို့ရာတွင် ဝန်ကြီး၏အမြင်သည် အိုင်ချင်း စာဆိုတို့၏ အမြင်နှင့် မတူချေ။ အိုင်ချင်းစာဆိုတို့သည် တောရွာများတွင် လှမ်းရောကောင်းသော သမီးရည်းစားတို့ ဘာသာဘာဝတို့ကိုသာ မြင်ကြ၍ အလွမ်းသဘော ဖွဲ့ကြသည်။ ဝန်ကြီးကား ထိုသို့မဟုတ်။ ကျေးတောသူကျေးတောသားတို့၏ ဆင်းရဲပင်ပန်းသော ဘဝကို မြင်၍ ကရုဏာ စေတနာဖြင့် ဖွဲ့သည်။ လယ်ထွန်ဘွဲ့တွင် လယ်သမား လင်မယားတို့ ဆင်းဆင်းရဲရဲ အလုပ်လုပ်ရသော ဘဝကို–

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*'မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ၊ သားသမီးကို၊ ကိုယ်ထီးပွေ့လို့လာ၊ ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း၊ လယ်ကွက်တစ်ခွင်၊ ထွန်ရေးငင်၊ ရေဝင်ပုစွန်တွင်းငယ်နှင့်လေး'*

ဟု သနားစရာဖြစ်အောင် ဖွဲ့ဆိုခဲ့သည်။

ကျေးတောသားတို့ ဝမ်းတစ်ထွာအတွက် အားတိုက်ခွန်တိုက် လုပ်ကိုင်ကြရသော ဘဝကို ကြည့်၍ သူတို့ကို ချီးမွမ်းသည့်အခါ ချီးမွမ်းသည်။ တောင်ဘက်ပိန်းဝင်ဘွဲ့တွင် လှေထိုးသမား အားသွန်၍ အလုပ်လုပ်နေပုံကို–

*'ခမောက်မှာကောင်း၊ အုပ်ဆောင်းမပါ၊ သိုးလည်းမစပ်၊ ဝါးပတ်ကယ် တစေသာ၊ ထိုးဝါးကိုယ်မှာ၊ ဘယ်ညာပခုံး၊ ခြေနှင့်ကျောက်ကန်၊ တွန်း လိုက်လှန်၊ အားအန်လွန်ကြီး ဆုံးငယ်နှင့်လေး'*

ဟု ပင်ပန်းပုံလည်းပေါ်အောင် ချီးမွမ်းစရာလည်း ဖြစ်ကြောင်း ဖွဲ့ဆိုခဲ့သည်။

ဝန်ကြီးသည် ကျေးတောသူကျေးတောသားတို့ သားသမီးဆွေညာတကာနှင့် ဘာသာ ဘာဝ ချစ်ချစ်ခင်ခင် နေကြပုံကိုကြည့်၍ သူတို့ကို ကြည်ညိုသည့်အခါ ကြည်ညိုသည်။ ထန်းတက်ဘွဲ့တွင် ထန်းတက်သမား လင်မယားသည် သားသမီးတစ်ပြုံတစ်ခေါင်းကို လုပ်ကျွေးပုံကိုလည်းကောင်း၊ ထမင်းစားချိန်တွင် နီးဒေါင်းလန်းကြီး၌ ဝိုင်းလျက် သားသမီး များနှင့်တကွ ထမင်းစားကြပုံကိုလည်းကောင်း၊ စားပြီးသောအခါ အိမ်မှာမွေးထားသော အိမ်ခွေးကို အလျက်ခိုင်းလိုက်ပုံကိုလည်းကောင်း၊

*'နီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ၊ သမီးနှင့်သား၊ များလို့မဝင်သာ၊ ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်၊ သူ့ထက်ငါလော၊ စားတော့မည်စော၊ စပေသာလှ အုန်းခွက်ကယ်နှင့်လေး။ ငှလျက်ကိုယ်စီသာ၊ ဆုပ်ကာလွေး တော့သည်။ ပြီးလျှင် ရေမရှာ၊ ခွေးသာကျွေးတော့သည်'*

ဟု သနားချစ်ခင်စရာဖြစ်အောင် ဖွဲ့ဆိုခဲ့သည်။

ဝန်ကြီးသည် ထိုတျာချင်းများကို အသည်ဝန်အဖြစ်ဖြင့်၊ ကျောက်ဆည် ပန်းလောင် ကျေးလက်ဒေသ၌ ခရီးလှည့်လည်စဉ်အခါက ရေးဖွဲ့ဟန်တူသည်။ ဝန်ကြီး၏ ကရုဏာ သည် ကျယ်ပြန့်လှပါပေသည်။ စာဆို၏ မေတ္တာသည် ကြီးမားလှပါပေသည်။ ဤသို့ဖြင့် ဝန်ကြီးပဒေသရာဇာသည် မြန်မာစာပေသမိုင်းတွင် ခေတ်သစ်ကို ထူထောင်ခဲ့သည့်ဟု ယူပါသည်။

မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်မှစ၍ သုံးလေးနှစ်ကာလအတွင်းတွင် မြန်မာပြည် သည်ကဲဆိုး သည်ဟု ဆိုသင့်သည်။ ထိုကာလအတွင်းတွင် အင်းဝပျက်သုဉ်း၍ စာဆိုဝန်ကြီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပဒေသရာဇာချုပ်ငြိမ်းရသည်။ ထိုကာလအတွင်း၌ပင် မြန်မာပြည်သည် ကံကောင်းသည် ဟုလည်း ဆိုနိုင်သည်။ ကုန်းဘောင် ရွှေဘိုမြို့သစ် ပေါ်ထွန်း၍ စာဆိုဦးသြ ပွင့်လန်းလာသည်။

အင်းဝနန်းတော်၌ ဝန်ကြီးပဒေသရာဇာ၏ ကဗျာသစ်ထွန်းခါစကာလတွင် မောင်းဆောင်ရွာ၌ ဦးသြကို ဖွားမြင်လာသည်။ အဖမှာ ဦးဖေယျ၊ အမိမှာ ဒေါ်ပု၊ ဦးရိုးမှာ စာဆိုတော် တွင်းသင်းတိုက်ဝန် မဟာစည်သူ ဖြစ်သည်။ မြန်မာသက္ကရာဇ်နှစ် ၁၁၀၃ ခုနှစ်တွင် ဟံသာဝတီဗညားဒလတို့ လူစုသည် အင်းဝကို တော်လှန်စပြုပြီ။ ထိုအခါကသော် ဦးသြသည် ၆ နှစ်သားအရွယ်မျှသာ ရှိသေးသဖြင့်၊ နိုင်ငံရေးအခြေအနေကို သတိပြုနိုင်ဦးမည် မဟုတ်ချေ။ စာအံ၍ကောင်းတုန်းပင်ဖြစ်မည်။ ထို့နောက် ဉာဏ်ကောင်းလှသဖြင့် မြန်မာသက္ကရာဇ်နှစ် ၁၁၁၃ ခုနှစ်၊ သူ့အသက် ၁၆ နှစ်အရွယ်လောက်တွင် စဥ့်ကိုင်ဘုရင်ခံ၏ မြောက်စားခြင်းကိုခံရသည်။ ရွှေတောင်ရာဇကျော်ဘွဲ့ကိုရသည်။ နဝဒေး၊ နတ်သျှင်နောင်တို့ကိုတု၍ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင် ရတုများကို ရေးနိုင်သဖြင့် ထိုဘွဲ့ကို ရဟန်ဘူသည်။ ဝန်ကြီးပဒေသရာဇာနှင့်ကား ကုသိုလ်အကျိုးပေးခြင်း မတူကြချေ။

၁၁၁၃ ခုနှစ်၌ အင်းဝပျက်သောအခါ စဥ့်ကိုင်ဘုရင်ခံလည်း ဟံသာဝတီသို့ ပါသွားသည်။ သို့ရာတွင် ဦးသြနှင့်တကွ အိမ်တော်သားတို့သည် မိမိတို့၏သခင်ကို ရန်သူတို့၏လက်မှ ခိုးယူကြသည်။ အောင်မြင်ကြသောအခါ ဟံသာဝတီကို ပြန်လည်တိုက်ခိုက်ရန် ကြံစည်ကြသည်။ အကြံမမြောက်ချင်၍လားမသိ၊ ဘုရင်ခံ ချက်ချင်းရောဂါစွဲကပ်၍ လွန်သဖြင့် အိမ်တော်သားအစည်းအရုံး ပြေရသည်။ ဘယ်သို့ ကြံကြစည်ကြဦးမည်နည်း။ ထိုအခါကား မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်၊ အထက်နယ်တစ်ခိုတွင် 'တစ်တောတစ်ဖ' ထိုလ်လုနေကြသော အခါဆိုးဖြစ်သည်။ အင်းဝကိုအောင်ပြီးသော ဗညားဒလလူစုသည် အင်းဝ အထက်တစ်ခွင်၌ သစ္စာရေတိုက်နေကြသည်။ မတ္တရာအုတ်ဖိုက ကွေ့ရှမ်းတို့သည် အင်းဝထီးနန်းကို လုလိုကြသည်။ မုဆိုးဘိုရွာရှိ ဦးအောင်ဇေယျ၏ လူငယ်လူရွယ် မြန်မာအစုသည် ဇာတိမာန်တက်ကြွနေကြသည်။ အင်းဝ၌ ဗညားဒလလူစု၊ မတ္တရာအုတ်ဖိုး၌ ကွေ့ရှမ်းလူစု၊ မုဆိုးဘို၌ မြန်မာလူစု ဟူ၍ အစုသုံးစု အားပြိုင်နေကြသည်။ ထိုခေတ်မျိုးတွင် ဦးသြသည် ဘယ်ဘက်သို့ လိုက်ပါမည်နည်း။ ရှင်းပါ၏။ ရွှေဘိုမြန်မာအစုသို့ ဝင်၍ အမှုထမ်းလေသည်။

၁၁၁၅ ခုနှစ်တွင် ဦးအောင်ဇေယျသည် အင်းဝကို ပြန်လည်အောင်တော်မူသည်။ အလောင်းဘုရားဘွဲ့ကို ခံတော်မူ၍ မုဆိုးဘိုကို နေပြည်တော်ပြုသည်။ ဦးသြသည် မင်းမှုထမ်းရင်း အလောင်းဘုရားကို ချီးကျူးသော ဘုန်းတော်ဘွဲ့ရတုများကို ဖွဲ့ဆို၍ အဝေးသို့ နံ့သည်။ ထိုရတုများ၏ အကျိုးအာနိသင်ကို သိမြင်သော အလောင်းဘုရားသည် အားရတော်မူလှသဖြင့် ဦးသြအား စိန္တကျော်သူဘွဲ့ကို သနားတော်မူသည်။

ထို့နောက် ဦးသြသည် အလောင်းဘုရား၏ သားတော်ဗဒုံမင်းသား၏ အိမ်တော်တွင် အကြီးတော်အဖြစ်ဖြင့် အမှုထမ်းရွက်သည်။ အခါအခွင့်ကြုံတိုင်း ရွှေဘိုမြို့အကြောင်း၊ အလောင်းဘုရားအကြောင်းတို့ကို ရတုဖွဲ့လေ့ရှိသည်။ ရတုများအပြင် ချေင်း၊ လူးတား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များကိုလည်း ရေးသည်။ ထို့နောက် အလောင်းဘုရားကို ဆက်ခံတော်မူသော နောင်တော်ကြီး လက်ထက်တွင် ဩဝါဒအထူးပျို့ကို ရေးသည်။ ထို့နောက် ဦးဩ၏အကြောင်းကို အသေအချာမသိရတော့ပြီ။ အညွန့်တက်တုန်းအရွယ်မှာပင် ဦးဩ အနိစ္စရောက်ဟန်တူသည်။

ဦးဩသည် ဥဏ်ကောင်း၍ နိုင်ငံကို ချစ်ခင်သူ ဖြစ်သည်။ ဥဏ်ကောင်းကို လူမမည်အရွယ်ကပင် ပြခဲ့သည်။ နိုင်ငံချစ်စိတ်ကို အင်းဝ ဟံသာဝတီအရေး၌ ပြခဲ့သည်။ သူ၏ ဘုန်းတော်ဘွဲ့ ရတုများသည် မြန်မာပြည်နှင့် မြန်မာစာအတွက် ခရီးအရောက်ဆုံးသော စာများ ဖြစ်သည်။ ထိုစာများသည် မြန်မာနိုင်ငံသမိုင်းတွင် နိုင်ငံလွတ်လပ်ရေး၊ စည်းလုံးရေးတို့ကို ကူပံ့ခဲ့၍ မြန်မာစာပေသမိုင်းတွင် သစ်နိုင်သလောက် သစ်ခဲ့ကြသည်။

ရှေးမြန်မာမင်းတို့ နိုင်ငံအုပ်ချုပ်ပုံ တစ်ရပ်မှာ လက်အောက်ခံ အဝေးအရာရှိကြီးများအား ရုံးတစ်လုံး၊ စားတစ်စင်း၊ အာဏာနှင့်တကွ မြို့ရွာကိုအပ်၍ အုပ်ချုပ်စေခြင်း ဖြစ်သည်။ ရှင်ဘုရင်နှင့် အဝေးအရာရှိကြီးများ ဆက်သွယ်ရာတွင် သစ္စာရေမှတစ်ပါး အခြား ခိုင်လုံသော အချုပ်အစည်းမရှိချေ။ အရာရှိကြီးများသည် မိမိတို့ပိုင်နက်အသီးသီးတွင် ဘုရင်ငယ်တစ်ဆူကဲ့သို့ ဘုန်းကြီးနိုင်ကြသည်။ ထိုအခါ ပြည်သူပြည်သားများ၏ အချစ် အရိုအသေသည် ရွှေနန်းတော်ကြီးသို့ တိုက်ရိုက်မရောက်နိုင်။ အရာရှိကြီးများမှ တစ်ဆင့်သာ ရောက်ရသည်။ ရှင်ဘုရင်ညံ့လျှင် အဝေးအရာရှိကြီးတို့ သစ္စာဖောက်လေ့ရှိကြသည်။ ထိုအခါ ရေ့စားထက် နောက်စားကို ပိုကြောက်ကြရသော ပြည်သူပြည်သားများသည် အရာရှိကြီးများဘက်သို့ လိုက်လေ့ရှိကြသည်။ ရှင်ဘုရင်အင်အားကြီးမှသာ ရှင်ဘုရင်ကို အရာရှိကြီးများက ရိုသေကြသည်။ အရာရှိကြီးများက ရိုသေကြမှလည်း ပြည်သူပြည်သားများကလည်း အညီအညွတ် ရိုသေနိုင်ကြသည်။ ထို့ကြောင့် မြန်မာမင်းများလက်ထက်ကသော် ပုဂ္ဂိုလ်တစ်ဦး အင်အားကြီးလာ၍ သူ့အင်အားကို ပို၍ကြီးလာသည် ထင်ရအောင် ကြော်ငြာပေးမှုသည် နိုင်ငံရေးလုပ်ငန်းတစ်ခု ဖြစ်သည်ဟု ဆိုအပ်သည်။

ထိုနိုင်ငံရေးလုပ်ငန်းကို ဘုန်းတော်ဘွဲ့ စာဆိုတို့က ဆောင်ရွက်ကြသည်။ ဘုရင့်နောင် ဘုန်းကြီးစဉ်က နဝဒေးဆောင်ရွက်ခဲ့သည်။ အနောက်ဘက်လွန် ဘုန်းကြီးစဉ်က ဗေယျ ရန္တ မိတ်နှင့် ရှင်သံခိုတို့ ဆောင်ရွက်ခဲ့ကြသည်။ ယခု အလောင်းဘုရား ဘုန်းကြီးစဉ်တွင် ဦးဩ ဆောင်ရွက်သည်။

စာဆိုဟောင်းတို့၏ ဘုန်းတော်ဘွဲ့များကို အဆီညှစ်လိုက်သောအခါ တွေ့ရသည်မှာ ထိုစာဆိုတို့သည် ရှင်ဘုရင်သဘောကျအောင်လည်းကောင်း၊ ရှင်ဘုရင်၌ ရာဇမာန် ကြွအောင်လည်းကောင်း နှိုးဆော်ရခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုစာဆိုတို့သည် တစ်ခါတစ်ရံ ရှင်ဘုရင်ကို အသားလွှတ် ချီးကျူးကြသည်။ တစ်ခါတစ်ရံ ရှင်ဘုရင်၏ ပတ်ဝန်းကျင်ကို ချီးကျူးကြသည်။ ဥပမာ–မင်းနေပြည်၏ တင့်တယ်ဟန်ကိုလည်းကောင်း၊ ကြွတော်မူ ချီတော်မူသော အခမ်းအနား၏ ရာဇဂုဏ် မောက်ဟန်ကိုလည်းကောင်း ရေးတတ်ကြသည်။

ဦးဩသည် အလောင်းဘုရား၏ ရာဇမာန်ဆန္ဒကိုလည်း နှိုးဆော်သည်။ ပြည်သူတို့၏ စိတ်ဓာတ်ကိုလည်း နှိုးဆော်သည်။ ဦးဩသည် အလောင်းဘုရား၏ လုပ်ရည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြံရည်ကိုလည်း ယုံကြည်သည်။ အင်းဝပြည်သူတို့၏ သတ္တိကိုလည်း မမေ့ချေ။ ဤအချက်တွင် ဦးညြ အမြင်သစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် အင်းဝပြည်သူတိုင်းနှင့် သက်ဆိုင်ဟန်ကိုလည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုလုပ်ငန်းသည် အင်းဝပြည်သူတိုင်း၏ တာဝန်ဖြစ်ဟန်ကိုလည်းကောင်း ဦးညြ မြင်သည်။ ဟံသာဝတီဗညားဒလသူစုနှင့် ဖက်ပြိုင်၍ တိုက်ခိုက်ကြရာတွင် အလောင်းဘုရားအတွက်သာမက အင်းဝပြည်သူအားလုံးအတွက်လည်း အသေခံထိုက်ကြောင်းကို ဦးညြ နှိုးဆော်လိုက်သည်။

ထို့ကြောင့် ဘုန်းတော်ဘွဲ့ရတုများတွင် ဦးညြသည် အလောင်းဘုရားကိုသာ ချီးကျူးသည်မဟုတ် အင်းဝပြည်သူတို့၏ စိတ်ကိုလည်း အားတက်သရော ဖြစ်လာအောင်၊ အင်းဝပြည်သူတို့၏ ဂုဏ်ကိုလည်း ချီးကျူးခဲ့သည်။ ထို့ကြောင့် ဦးညြ၏ စာသည် သစ်လာသည်ဟု ယူခြင်းဖြစ်သည်။

'ခနုဖြူတွင်'ချီ ရတုဌ် ဦးညြသည် အင်းဝပြည်သူတို့၏ အားကိုးအားထားဖြစ်သော အင်းဝစစ်မှုထမ်းတို့၏ ဖွဲ့သတ္တိကို ချီးကျူး၍ရေးသည်။ 'အောက်မိုးအောက်လေပီ'လှသော မှော်သုံမိုး၊ မုတ်သုံလေနှင့် ဒီရေလှိုင်းတံပိုးတို့တွင် အင်းဝလှေတပ်သားများ အပင်ပန်းခံကြပုံကိုလည်းကောင်း၊ ပင်ပန်းကြစေကာမူ တစ်ဦးကိုတစ်ဦး သည်းညည်းခံကြပုံကိုသည်းကောင်း၊

*'လေပြည်လှိုင်းရိုက်၊ ဝဲဝိုက်ကလိုင်၊ မနိုင်ခိုင်းမက်၊ ပဲ့တက်မစား၊ ထိုးဝါးမမီ၊ ခတ်ချီမပါ၊ ရေကြီးရာတွင်၊ ရှပ်လာလှေချင်း၊ ဦးသွင်းပဲ့ဆုတ်၊ ချိတ်ကုတ်မမြဲ၊ ရေထဲ ကူးသန်း၊ မြုပ်မွမ်းစုတ်ဖွား၊ ကြိုးဖျားငင်နွဲ၊ ခုန်ဆွဲ ဘောင်ကိုင်း၊ ကမ်းယံခိုင်း၍၊ လှေတိုင်းပဲ့ပန်း၊ စခန်းမလှ၊ ဆိုက်ကြရသည်၊ ချုပ်ညမှိုင်းဝေရီတော့၏'*

ဟုလည်းကောင်း၊

*'လှေချင်းကပ်၍၊ ကမ်းရပ်မှီတွဲ၊ ဆိုဆဲမနာ၊ ညစာဝေးလံ'*

ဟုလည်းကောင်း၊

*'နေဝင်မိုးသောက်၊ နှင်ချောက်မဆုတ်၊ မှက်ခြင်ဖြုတ်လည်း၊ ကိုက်စုတ် သွေးရဲ၊ ဆုပ်၍ကြိသို့၊ ထူထဲခြင်ရန်၊ ကာတန်မလုံ၊ ဆင်းရဲပုံခဲ့'*

ဟုလည်းကောင်း ယထာဘူတကျကျ ဖွဲ့ဆိုခဲ့သည်။

ဦးညြသည် အင်းဝဌ် ကျန်ရစ်ခဲ့သူအပေါင်းကို အင်းဝစစ်သည်များအတွက် အောင်ဆုများကိုတောင်း၍ နေရစ်ကြစေလိုသည်။ အင်းဝစစ်သည်တို့ စစ်အောင်၍ အမြန်ပြန်လာနိုင်ကြရန် စိတ်စော၍လည်း နေရစ်ကြစေလိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



'သန်းခေါင်ရောက်တွင်'ချီ ရတုတွင် ဇာတ်လမ်းဆင်ထားသည်မှာ မင်းသမီးသည် အိပ်မက်ထဲ၌ ချစ်သူမင်းသား စစ်ပွဲမှ ပြန်လာသည်ကို မြင်သည်။ နံနက်လင်း၍ အိပ်ရာမှထသည်နှင့် တစ်ပြိုင်နက် တစ်ခွန်းတည်းအာလာသော ကျီးသံကို ကြားရသည်။ ထိုအခါ မင်းသမီးက နိမိတ်ကောက်၍ ဆုတောင်းလိုက်ပုံကို-

*'တစ်ခွန်းတည်းနှင့်၊ ကျီးမည်းညိုပြာ၊ အာပြန်လှာ၍၊ ခုသည်နေ့က၊ အောက်မေ့နိမိတ်၊ တိတ်နှင့်အိပ်မက်၊ ညီစေဘက်သို့၊ ယွင်းကွက်မှူးရှင်၊ သူ့ရပ်ခွင်က၊ သခင်တူသည်၊ ရောက်တော့မည်ထင့်၊ ဘုန်းစည်ထွတ်ချာ၊ ကယ်မပါလော့၊ သုဒ္ဓါဝါသ၊ ကနိဋ္ဌဝယ်၊ ဒုသာထွတ်တင်၊ ဘုရားရှင်ကို၊ သဇင်နှစ်ခက်၊ တင်လှူဆက်သည်။ ။ ထိပ်ထက်မဆင် တောင်းကိုလည်း'*

ဟု အားကျစရာဖြစ်အောင် အလွမ်းသဘော ဖွဲ့ဆိုခဲ့သည်။

'ဘယ်နှယ်လည်းရှင်'ချီရတုတွင် ဇာတ်လမ်းဆင်ထားသည်မှာ မင်းသမီးသည် တအာအာ မြည်လာသော ကျီးသံကို ကြားသည်။ ထိုအခါ လူမျိုးခြား ရန်သူများကို အောင်မြင်ပြီးဖြစ်ကြောင်း၊ မကြာခင် ပြန်လာတော့မည်ဖြစ်ကြောင်းတို့ကို ချစ်သူရှိရာစစ်မြေမှ သတင်းအပို့လွှတ်လိုက်ဟန် နိမိတ်ကောက်လိုက်သည်။ မင်းသမီးနိမိတ်ကောက်ပုံကို-

*မြရည်လိုလို၊ ကျီးညိုညို၊ ချိုလည်းချိုသာ၊ ခွန်းတည်းအာသည်၊ ထိတ်ပြာကျွန်မ၊ လန့်စိုးလှ၏၊ ဘယ်ကစေပါ၊ ဘယ်အာဏာကြောင့်၊ ကျူးလာသည်လည်း၊ ကျည်း အင်္ဂလိပ်၊ ဆိပ်ပင်လယ်စွန်း၊ ဟိုင်းကြီးကျွန်းနှင့်၊ ရှမ်းယွန်းဂျမ်းပြည်၊ ဦးတည်ဘုရင်၊ ရန်မျိုးစင်၍၊ အောင်မြင်သည်ဆို၊ ကြားသလိုသည်။ ။ မင်းပျိုရောက်ခွင့် နေ့ဖက်ထင့်'*

ဟု အားကျစရာဖြစ်အောင် ဖွဲ့ဆိုခဲ့သည်။ ဤသို့ဖြင့် ဦးသြသည် မင်းကိုသာမက ပြည်သူတို့ကိုပါ ဇာတိမာန် တက်ကြွအောင် စာသစ်ကို ရေးခဲ့သည်။

ဝန်ကြီးပဒေသရာဇာ၊ စိန္တကျော်သူဦးသြ နှစ်ဦးစလုံးသည် နဝဒေး၊ နတ်သျှင်နောင်တို့ကဲ့သို့ ကျေးငှက် တောသစ်ရွက်စိမ်း စသော သဘာဝလောက၌ နှစ်နှစ်ခြိုက်ခြိုက်စိတ်ဝင်စားသူများမဟုတ်။ လူ့လောက၌ ပို၍စိတ်ဝင်စားကြသူများ ဖြစ်သည်ဟု ယူချင်သည်။ သူတို့၏ စာများတွင် လူ့လောကကိုသာ တစ်မျိုးတစ်ဖုံစီ ဖွဲ့ဆိုခဲ့ကြောင်း တွေ့နိုင်သည်။ အထူးသဖြင့် ဆင်းရဲသား ပြည်သူပြည်သားများကို အလေးမူခဲ့ကြောင်း တွေ့နိုင်သည်။ ထို့ပြင် စာရေးကြရာတွင် ပြောရိုးဆိုရိုးစကားတို့ကို သုံးနိုင်သလောက် သုံးခဲ့ကြကြောင်းကိုလည်း တွေ့နိုင်သည်။ ထို့ကြောင့် ထိုစာဆိုနှစ်ဦးကို မြန်မာစာပေသမိုင်း၌ ခေတ်သစ်စာဆိုများဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပါသတည်း။

ဂန္ထလောက၊ ၁၉၃၆။

# ခနေဖြူတွင်ချိရတု

'ခနေဖြူတွင်'ချိရတုကို စိန္တကျော်သူ ဦးညိုသည် မြန်မာသက္ကရာဇ် ၁၁၁၇ ခုနှစ်တွင် စပ်ဆိုသည်ဟု ယူဖွယ်ရှိသည်။

ဘုရင့်နောင်မင်းကြီး တည်ထောင်ခဲ့သော မြန်မာနိုင်ငံတော်သည် မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ကတိမ်းကပါး ဖြစ်လာသည်။ နေပြည်တော် အင်းဝအထက်တစ်လွှားဘုင်ကသည်း စစ်သည်တို့သည် ကြိမ်ဖန်များစွာ နိုင်ငံတော်အတွင်းသို့ဝင်၍ အနှောင့်အယှက်ပြုတတ်သည်။ အကြေဒေသ၌ အင်းဝမင်းက ခန့်ထားသော မြန်မာအမျိုးသားဖြစ်သူ ဟံသာဝတီမြို့ဝန် ဦးသာအောင်သည် ပဲခူးသားတို့နှင့် တကျိတ်တည်းပြု၍ အင်းဝမင်းကို ပုန်ကန်သည်။ အင်းဝမင်းသည် ဦးသာအောင်တို့လူစုကို အောင်မြင်ပြီးနောက် ဟံသာဝတီတွင် မင်းရဲအောင်နိုင်ကို မြို့ဝန်သစ်အဖြစ် ခန့်ထားသည်။ မင်းရဲအောင်နိုင်သည် အထိန်းအသိမ်းကောင်း။ ရက်စက်ကြမ်းကြုတ်သဖြင့် ပဲခူးသား မွန်မြန်မာတို့သည် မင်းရဲအောင်နိုင်ကို သတ်သည်။ ထို့နောက် ရှေးရှေးကပင် ပဲခူးအနီးအနား၌ ခိုအောင်းနေသော ဦးသာလှကို ဟံသာဝတီတွင် မင်းမြှောက်သည်။ ဦးသာလှသည် အင်းဝ စနေမင်း၏တူ၊ ပုဂံမြို့စားမင်းသား၏သားဖြစ်၍၊ ဟံသာဝတီပါ မဟာဓမ္မရာဇာဓိပတိမင်းနှင့် ဘထွေးတော်စပ်သူ ဖြစ်သည်။ ဦးသာလှသည် ဟံသာဝတီထီးနန်းကို တက်သောအခါ သမိန်ထောအမည်ကို ခံယူသည်။ နောင်အခါ ဆင်ကျားရှင်အမည်ကို ခံယူပြန်သည်။

ဦးသာသှလက်ထက်တွင် ဝမ်းဘဲအင်းရွာသား၊ အင်းဝမင်း၏ ဆင်ဝင်ဟောင်း ဦးအောင်လှသည် ဗညားဒလအမည်ခံကာ ဗိုလ်မှူးအမတ်တစ်ဦး ဖြစ်လာသည်။ ဦးသာလှနှင့် ဦးအောင်လှတို့ ဟံသာဝတီ၌ တန်ခိုးကြီးနေကြစဉ်၊ အင်းဝတပ်သည် ဟံသာဝတီသို့ ဆင်းလာ၍ သူပုန်တို့ကို နှိမ်နင်းခဲ့သည်။ သို့ရာတွင် ဦးသာလှတို့ လူစုကပင် အင်းဝတပ်ကို ပုဂံမြို့အထိ တိုက်ထုတ်နိုင်ခဲ့သည်။ ထိုအတွင်းတွင် ဦးသာလှသည် ဇင်းမယ်သို့ ဆက်ပြေးရာ၊ ဗညားဒလအမည်ခံ ဦးအောင်လှသည် ဟံသာဝတီ၌ မင်းဖြစ်လာသည်။

ဟံသာဝတီ၌ ဗညားဒလဦးအောင်လှ မင်းဖြစ်ပြီး၍ မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဗညားဒလဦးအောင်လှ ကိုယ်တိုင် ကွပ်ကဲလျက်အင်းဝသို့ တက်သည်။ အင်းဝမင်းကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖမ်းသည်။ ထိုအခိုက်တွင် ဦးအောင်လှကို ပြိုင်မည့်သူ ပေါ်လာသည်။ ထိုပုဂ္ဂိုလ်သည် မုဆိုးဘိုရွာမှ ဦးအောင်ဇေယျ ဖြစ်သည်။ ဦးအောင်ဇေယျသည် သုံးနှစ်ခန့်မျှ ဗညားဒလ လူစုကို ခံတိုက်၍ ၁၁၁၅ ခုနှစ်တွင် မုဆိုးဘိုကို ရွှေဘိုသမုတ်ကာ မင်းအဖြစ်ကို ခံယူသည်။ ထိုနောက် ၁၁၁၆ ခုနှစ်တွင် ဗညားဒလလူစုကို အင်းဝတစ်ခိုမှ တိုက်ထုတ်၍ ရောဝတီမြစ်ကြောင်း စုန်သည်။ ၁၁၁၇ ခုနှစ်တွင် ဟံသာဝတီကို သိမ်းပြီးလျှင် အစည်းပြေခဲ့သော နိုင်ငံတော် အကြေအညာကို စုစည်းနိုင်ပြန်သည်။ အင်းဝထီးနန်းအတွက် ဟံသာဝတီက တစ်စခန်းထခြင်းနှင့် ရွှေဘိုက တစ်စခန်းထခြင်းတို့သည် မတူဟု ဆိုသင့်သည်။ အဓိကအားဖြင့် ဟံသာဝတီက တစ်စခန်းထခြင်းသည် မင်းရှိပါလျက် မင်းလုပ်ချင်သော မတော်လောဘ ဦးဆောင်သောကြောင့် ထခြင်းဖြစ်၍၊ ရွှေဘိုက တစ်စခန်းထခြင်းသည် မင်းမရှိသောကြောင့် ဒုက္ခရောက်နေကြသော တိုင်းပြည်၏ အသရေကို ပြန်ဆည်လိုသော ဆန္ဒက ဦးဆောင်သောကြောင့် ထခြင်းဖြစ်သည်ဟု ဆိုအပ်သည်။ အင်းဝမင်းသည် မင်းအဖြစ် တည်ရှိနေပါသေးလျက်၊ ဟံသာဝတီမြို့ဝန် ဦးသာအောင်က မင်းလုပ်လိုခြင်း၊ ထို့နောက် ဦးသာလှကမင်းလုပ်ခြင်း၊ ထို့နောက် ဗညားဒလဦးအောင်လှက မင်းလုပ်လိုခြင်းတို့ကိုထောက်၍ သိနိုင်သည်။ ဦးအောင်ဇေယျသည်ကား အင်းဝမင်း သူပုန်လက်သို့ ပါပြီးနောက်မှ သူပုန်က မင်းအဖြစ်ယူမည်ကိုစိုး၍ ရွှေဘို၌ မင်းလုပ်ခြင်းကိုထောက်၍ သိနိုင်သည်။ ဤတွင် ဦးအောင်ဇေယျ၏ တိုက်ရေးခိုက်ရေးဆန္ဒ၌ အင်းဝသား၊ ရွှေဘိုသား လူထု၏ ဆန္ဒလည်း ပါရမည်သာ ဖြစ်သည်။

ပါလည်းပါခဲ့သည်။ ပါပုံကို စိန္တကျော်သူဦးဩက 'ခနေဖြူတွင်'ချီ ရတု၌ ထင်ရှားစွာ ဖွဲ့ဆိုခဲ့သည်။ ရတုစာဆိုတို့သည် အများအားဖြင့် ခေါင်းဆောင်ဖြစ်သော မင်း၊ မှူးမတ်၊ မင်းညီမင်းသားတို့၏ အစိုးရသော ဂုဏ်ကိုလည်းကောင်း၊ ရဲရင့်သတ္တိရှိပုံကိုလည်းကောင်း ချီးကျူးဖွဲ့ဆိုတတ်ကြသည်။ ထိုမင်း၊ မှူးမတ်၊ မင်းညီမင်းသားတို့၏ ခေါင်းဆောင်မှုတွင် အခြေခံတစ်ရပ်ဖြစ်သော တပ်သားရိုးရိုးတို့အကြောင်းကိုကား မေ့ချန်တတ်သည်သာ များသည်။ ခေါင်းဆောင်မှု၌သာ အာရုံအထားပို၍ နောက်လိုက်ကောင်းမှု၌ အာရုံလစ်ဟင်းတတ်ကြဟန်တူသည်။

ရတုစာဆို ဦးဩကား ထိုသို့မဟုတ်။ မင်း၊ မှူးမတ်၊ မင်းညီမင်းသားတို့၏ ဂုဏ်ကိုလည်း ဘုန်းတော်ဘွဲ့ အစဉ်အလာအရ ချီးကျူး၍ အင်းဝ၊ ရွှေဘိုတို့မှ အရပ်သားတို့၏ ဂုဏ်ကိုလည်း သတိရသူ ဖြစ်သည်။ ထို့ကြောင့်သာလျှင် ဦးအောင်ဇေယျ၏ ရေတပ် စုန်ဆင်းရာလမ်း၌ ခနေဖြူတွင် ညဥ့်အချိန်၊ ရေတပ်ဆိုက်ကပ်သောအခါ တပ်သားတို့ ဒုက္ခအမျိုးမျိုးခံကာ အားထုတ်ကြပုံ၌ ဦးဩသည် စေတနာပေါက်လာ၍ ထိုစေတနာကို 'ခနေဖြူတွင်'ချီရတု၌ ဖွင့်ဟဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်ဟု ယူသင့်လေသည်။ ၁၁၁၆ ခုနှစ်တွင် ဦးအောင်ဇေယျသည် ရေတပ်၊ ကုန်းတပ်ဖွဲ့ကာ ရွှေဘိုမှ အင်းဝသို့လည်းကောင်း၊ အင်းဝမှ အောက်ပြည်တလွှားသို့လည်းကောင်း အစဉ်တစိုက် စုန်ဆင်းသည်။ ပြည်အနီးအနားသို့ ရောက်သည်တွင် ဗညားဒလတပ်သည် ပြည်ကို ပိတ်ဆို့ဝန်းရံလျက် ရှိနေပြီးဖြစ်ကြောင်းကို ကြားတော်မူရာ နန္ဒကျော်ထင်တစ်တပ်၊ မင်းကျော်တဆောင် တစ်တပ်၊ မင်းလှသီရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်တပ်၊ ယင်းတော ဗိုလ်ဗလကျော်ခေါင်တစ်တပ်၊ နေမျိုးနန္ဒမိတ်တစ်တပ်၊ သားတော် မြဒူးမင်းတစ်တပ်၊ သားတော် အိမ်ရှေ့မင်းတစ်တပ် ပေါင်း ရေတပ် ခုနစ်တပ် စီရင်၍ ချီတော်သည်။ မင်းတရားကြီးကိုယ်တိုင်လည်း ရတနာဖောင်တော်စီး၍ လိုက်သည်။ ရေတပ်တို့တွင် တိုက်လှေငါးရာ၊ ဝန်တင်လှေ ငါးရာ၊ စစ်သည်တစ်သောင်း ပါသည်ဟု ဆိုသည်။ ထိုရေတပ်သည် ပြည်တွင် ရန်သူတို့ကို ရှင်းလင်းပြီးနောက် ၁၁၁၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့မှစ၍ ဒဂုံသို့အရောက် စုန်သည်။ ဒဂုံသို့မရောက်ခင် မြန်အောင်မြို့ဟု သမုတ်ခဲ့သော လွန်ဆေးမြို့၌ တစ်လကျော်ခန့် နားနေသည်။ ထို့နောက် ၁၁၁၇ ခုနှစ်၊ နှင်းဦးကျ ကဆုန်၊ နယုန်လောက်တွင် ညဥ့်အချိန်မတော် မိုးလေပြင်းထန်ခိုက် ဓနုဖြူမြို့ကို တပ်ကြရဟန်တူသည်။

ထို့ကြောင့် ဦးသြက–

> *'ဓနုဖြူတွင်၊ ထွက်သိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်၊ စံကွန်းထောက်က၊ တောင်မြောက်အုပ်မှိုင်း၊ ရှေ့အတိုင်းလျှင်၊ မှိုင်းကမ်းရပ်၊ တင်းကျမ်းစပ်မျှ၊ မကပ်ဆိပ်ခင်း၊ လေပြင်းလှိုင်းရိုက်၊ ဝဲဝိုက်ကလိုင်၊ မနိုင်ခိုင်းမက်၊ ပုံတက်မစား၊ ထိုးဝါးမမီ၊ ခတ်ချီမပေါ်၊ ရေကြီးရာတွင်၊ ရှုပ်လာလှေချင်း၊ ဦးသွင်းပုံဆုတ်၊ ချိတ်ကုတ်မမြဲ၊ ရေထဲကူးသန်း၊ မြုပ်မှမ်းစုတ်ဖွား၊ ကြိုးဖျားငင်နွဲ၊ ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းယံခိုင်း၍၊ လှေတိုင်းပဲ့ပန်း၊ စခန်းမလှ၊ ဆိုက်ကြရသည်။ ။ ချုပ်ညှိမှိုင်းဝေရီတော့၏'*

ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

အထက်ပါ အပိုဒ်သည် ရတုပါ သုံးပိုဒ်အနက် ပထမတစ်ပိုဒ် ဖြစ်သည်။ ထိုပထမပိုဒ်မှာပင် ဦးသြ၏ စေတနာ အထင်အရှားပါနေသည်ကို သိမြင်နိုင်သည်။ ထိုစေတနာသည် အခြားမဟုတ်။ ရေတပ်စစ်သည်တို့အပေါ်၌ ထားရှိသော စေတနာ ဖြစ်သည်။ ဦးသြသည် အင်းထောင်ရွာသားဖြစ်သည်။ အင်းဝတွင် စာသင်၍ အင်းဝ၌ ကြီးပြင်းလာသူ ဖြစ်သည်။ ဗညားဒလဦးအောင်လှလူစု ပုန်ကန်သောခေတ်အတွင်းတွင် အင်းဝပျက်သည်ကို လည်းကောင်း၊ အင်းဝမင်း အဖမ်းခံရသည်ကိုလည်းကောင်း ကိုယ်တွေ့မျက်မြင် ဖြစ်တန်ရာသည်။ တစ်ဖန် မုဆိုးဘိုမှ ဦးအောင်ဇေယျ တစ်စခန်းထပြန်သောအခါ အင်းဝ၊ စစ်ကိုင်း၊ အင်းသုံ၊ မုံရွာ၊ ရွှေဘိုတစ်ဝိုက်မှ ရပ်သူရွာသားတို့သည် ဦးအောင်ဇေယျကို အားကိုး၍ ဦးအောင်ဇေယျအဖွဲ့သို့ အားကြီးမာန်တက် ခိုဝင်ကြသည်ကိုလည်း ကိုယ်တွေ့မျက်မြင် ဖြစ်တန်ရာသည်။ ထိုရပ်သူရွာသားများတွင် မိမိရွာကလည်းကောင်း၊ အင်းဝကလည်းကောင်း ဆွေမျိုးဉာတကာအပေါင်းအဖော်တို့ ပါနိုင်သည်။ ဓနုဖြူ၌ တပ်ကြသော ရေတပ်စစ်သည်တွင်လည်း ထိုသူတို့ပါနိုင်သည်။ ထို့ကြောင့်သာလျှင် စစ်အောင်နိုင်ရေးအတွက် ထိုသူတို့ သတ္တိရှိရှိ၊ ခွဲကောင်းကောင်းနှင့် အပင်ပန်းခံကြသည်ကို ဦးသြ သိမြင်သောအခါ ထိုသူတို့ကို ဦးသြ မချီးကျူးဘဲ မနေနိုင်ဖြစ်၏ဟု ဆိုသင့်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စစ်မြေမှနေ၍ နေပြည်တော်သို့လည်းကောင်း၊ ကျန်ရစ်ခဲ့သော ချစ်သူခင်သူတို့ကို လည်းကောင်း၊ လွမ်းဆွတ်တမ်းတတတ်ကြသော စစ်သည်တို့၏ အလွမ်းကို နဝဒေးကြီးမှစ၍ ရတုစာဆိုများသည် အသွင်အမျိုးမျိုးဖြင့် ထပ်တလဲလဲ ဖွဲ့ဆိုခဲ့သည်မှာ များလှလေပြီ။ ထိုအလွမ်းအဆွေး အဖွဲ့တို့သည် ရတုလောကတွင် ကဗျာ့အစဉ်အလာတစ်ရပ် ဖြစ်ခဲ့သည်။ ထိုကဗျာ့အစဉ်အလာအရ အလွမ်းဝေါဟာရ၊ အဆွေးဝေါဟာရတို့သည်လည်းကောင်း၊ လှပသော ရေမြေတောတောင် ပန်းသစ်ပင် ဝေါဟာရတို့သည်လည်းကောင်း နယ်ကုန်အောင် ကြွယ်ဝခဲ့ပြီဖြစ်ရာ၊ ထိုအကြောင်းတို့ကိုဖွဲ့လိုလျှင် ထိုဝေါဟာရတို့သည် စာဆိုအဖို့အဆင်သင့် အလောတော် ဖြစ်နေကြလေပြီ။ ဦးဩ၏ ရတုများသည် အထက်ပါ ကဗျာအစဉ်အလာနှင့် မကင်းခဲ့ဟု ဆိုနိုင်ပါ၏။ သို့သော်လည်း 'ဓနုဖြူတွင်'ချီ ရတုသည်ကား ကင်းနိုင်သလောက် ကင်းခဲ့သည်။ ထိုသို့ကင်းနိုင်သည်မှာ ဓနုဖြူဆိပ်ကမ်းသို့ ပင်ပန်းနွမ်းနယ်စွာ ရောက်လာကြကုန်သော ရေတပ်စစ်သည်များ၏ လုံ့လကို ဦးဩ ချီးကျူးလိုသော စိတ်ဓာတ်က ပိုကဲနေသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။

မချီးကျူးဘဲမနေနိုင်ခြင်း၊ ချီးကျူးလိုခြင်းတို့သည် ရေတပ်စစ်သည်များအပေါ်၌ ဦးဩ ထားရှိသော စေတနာ ဖြစ်သည်။ ထိုစေတနာကြောင့် ဦးဩသည် စာဆိုအချို့ မမြင်သော၊ မြင်နိုင်ခဲသော အမှုအရာတို့ကို မြင်တတ်သည်ဟုယူသော် ရကောင်းအံ့သို့ ရှိသည်။ ဦးဩသည် လေကြီးမိုးကြီးထဲတွင် ဝဲကတော့များကို မြင်ခဲ့သည်။ လှိုင်းများကို မြင်ခဲ့သည်။ လှိုင်းလေရေကြားထဲတွင် ရေတပ်စစ်သည်တို့ ပဲ့ကိုင်၍ မနိုင်ကြပုံ၊ တက်ဖြင့် လှေမထိန်းနိုင်ကြပုံ၊ ထိုးဝါးထိုး၍ မမိကြပုံ၊ လှေချင်းတိုးခွေ့နေကြပုံ၊ တစ်လှေ၏ ပဲ့က ဆုတ်နေစဉ်၊ တစ်လှေ၏ဦးက ထိုးဝင်လာပုံတို့ကို မြင်ခဲ့သည်။ ရေကူးကြရပုံ၊ တစ်ယောက်မြုပ်သွား၍ တစ်ယောက်က ဆံပင်စုတ်ဖွားနှင့် ပေါ်လာပုံ၊ လက်လှမ်းမီရာ ဆွဲငင်ကြပုံတို့ကို မြင်ခဲ့သည်။ ထိုသို့မြင်ခဲ့သည်သာမက မိုး ရေ လေနှင့် လူတို့ ဆူညံရှုပ်ထွေးနေသောသဘောကိုပင် သိခဲ့သည်ဖြစ်ရာ ထိုအမြင် ထိုအသိတို့ကို ဦးဩသည် မိမိ၏စေတနာအလျောက် ထိုရတုပထမပိုဒ်၌ ထည့်သွင်းဖွဲ့ဆိုနိုင်ခြင်း ရှိခဲ့သည်ဟု ယူနိုင်ပါသည်။

ထိုမျှသာမကသေး။ ထိုရတု၏ ဒုတိယအပိုဒ်တွင်–

*'တစ်စုလူရှင်၊ အထင်ထင်တိ၊ ဘယ်တွင်မလပ်၊ လှေချင်းကြပ်၍၊*
*ကမ်းရပ်မှီတွဲ၊ ဆိုဆဲမနာ၊ ညစာဝေးလံ၊ မြစ်ယံကမ်းမှေး၊ ရွှံ့စေးထူထပ်၊*
*မြေလပ်ကုန်းခင်၊ မမြင်မြောက်တောင်၊ ညဥ့်မှောင်ရီနက်၊ ဗိုလ်ရဲမက်တို့၊*
*စိတ်စက်ကွဲပြို၊ ရှိသည်ကိုလည်း၊ တိမ်ညိုယှက်စေ့၊ မိုးလုံးဝေ့၍၊ ညဥ့်နေ့မစဲ၊*
*ပြန့်ကြဲဆွတ်ရွှမ်း၊ အလွမ်းရှိပေါင်း၊ အချမ်းလောင်းခဲ့၊ သိန်းသောင်းလူမျိုး၊*
*မရှင်ညှိုးသည်။ ။အောက်မိုး အောက်လေ ပိတော့၏'*

ဟု ဦးဩက ဆက်လက်ဖွဲ့ဆိုပြန်ရာ ရေတပ်စစ်သည်တို့ကို ဦးဩ ချီးကျူးခြင်း၊ ကရုဏာသက်ခြင်းတို့ ထွေးရောယှက်တင် ဖြစ်နေသည်ကို သိမြင်နိုင်သည်။ ဤအပိုဒ်တွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



'ဆိုဆဲမနာ'ဟူသောအနက်သည် ထူးသည်ဟု ဆိုသင့်သည်။ လေကြီးမိုးကြီး၊ မှောင်ကြီးမည်းကြီးထဲတွင် ရေတပ်စစ်သည်တို့သည် ကမ်းကိုလှ၍ ကပ်ကြဟန်တူသည်။ ထိုသို့အလုအယက် သူ့ထက်ငါ ကမ်းကပ်ကြရာတွင် အစီအစဉ် အတန်ငယ် တိမ်းယိမ်းသဖြင့် အချင်းချင်း ဆိုမိဆဲမိကြမည်မှာ ဧကန်ဖြစ်သည်။ သို့ရာတွင် ဦးညိုသည် 'ဆိုဆဲမနာ' ဟု ဖွဲ့ဆိုခဲ့ရာ ရေတပ်စစ်သည်တို့သည် စစ်၏သဘောကို နားလည်ဟန်၊ အဓိကအားဖြင့် အချင်းချင်း မေတ္တာထားကြဟန်၊ စစ်စိတ်တစ်ချောင်းတည်းထားကြဟန်၊ စိတ်ဓာတ်ခိုင်ခဲ့ဟန်၊ စုပေါင်းဆောင်ရွက်စိတ် ပြင်းထန်ဟန် ရှိကြသည်တို့ကို ထုတ်ဖော်၍ ဆိုထားဘိသကဲ့သို့ ဖြစ်သည်။

ထို့နောက် ညစာထမင်း မစားကြရရှာသေးသောကြောင့်လည်းကောင်း၊ မိုးမှောင်ကြီးကျနေသောကြောင့်လည်းကောင်း၊ အောက်မိုးအောက်လေ ပြင်းထန် ချမ်းအေးသောကြောင့်လည်းကောင်း၊ ထိုရေတပ် စစ်သည်တို့ စိတ်ဓာတ် ကွဲပြို၍ အလွမ်းဟောင်းတွင် အချမ်းလောင်းကြရပုံတို့ကို ဦးညိုက ဆက်၍ ဖွဲ့ဆိုပြန်ရာ ဦးညို၏ ကရုဏာသဘောသည် ဤရတုပိုဒ်၌ ထင်ရှားလာပြန်သည်။ ထမင်းဆာနေသူသည် သနားစရာ ဖြစ်သည်။ မိုးမှောင်ထဲတွင် နေရသူသည်လည်း သနားစရာပင်။ အလွမ်းဆာနေသူသည်လည်း သနားစရာပင်။ စစ်သည် ဖြစ်လင့်ကစား ထမင်းဆာသောအခါ၊ မမြင်မြောက်တောင် ဖြစ်နေရသောအခါ၊ အလွမ်းဆာသောအခါ၊ စိတ်အားလျော့ဖွယ်ရာရှိသည်။ တစ်ဖန် ဤရတုသည် မယ်ဘွဲ့ရတုဖြစ်ရာ 'မယ်'၏ စိတ်ကို ထိခိုက်အောင် ဖွဲ့ဆိုဟန်လည်းရှိသည်။ 'စိတ်စက်ကွဲပြို'ဟူသောစကားကို ဦးညို သုံးလိုက်သောအခါ တကယ့်စစ်စိတ် စစ်သွေး ဖြစ်သော စိတ်ဓာတ်ပြိုကွဲသွားသည်ဟု မယူဆသာ။ ညစာ မစားရသေးမှုကြောင့်၊ အမှောင်ကြောင့်၊ အောက်မိုးအောက်လေကြောင့်၊ အလွမ်းကြောင့် ပုထုဇဉ်သားပီပီ အခိုက်အတန့်၌ စိတ်ညှိုးငယ်ခြင်းမျှသာဖြစ်သည်ဟု ယူသင့်သည်။ ထိုရေတပ်စစ်သည်တို့ပင် နောင်အခါ သန်လျင်ကို တိုက်ရာ၌ ရန်သူနှင့် အကျိတ်အနယ် တိုက်ခိုက်စွန့်လွှတ်ကြသည်ကို ထောက်၍ သိနိုင်သည်။

ထိုသဘောမျိုးကို ရတု၏ တတိယပိုဒ်တွင် ဆက်၍ သိမြင်နိုင်သည်။ တတိယပိုဒ်သည် အောက်ပါအတိုင်း ဖြစ်သည်။

> *'ယခုပူပင်၊ သို့ဖြစ်သွင်ကို၊ ပန်းရင်မသည်း၊ မြိတ်စို့စည်းက၊ နောင့်ကျည်းကြင်ချစ်၊ မေတ္တာရစ်သား၊ ကျစ်လျစ်စောင့်ကြပ်၊ ပြစ်မစပ်မှု၊ တတ်အပ်မသိ၊ ပျော်ဖွယ်ရှိ၍၊ ဇာတိသူ့ခွင်၊ စစ်မှာရွှင်ဟု၊ မှတ်ထင်လေနိုး၊ စိုး၍လောင်လင်၊ သို့ရာတွင်ကို၊ နေဝင်မိုးသောက်၊ နှင်ချောက်မဆုတ်၊ မှက်ခြင်ဖြုတ်လည်း၊ ကိုက်စုပ်သွေးရဲ၊ ဆုပ်၍ကြဲသို့၊ ထူထဲခြင်ရန်၊ ကာတန်မလုံ၊ ဆင်းရဲပုံခဲ၊ စေးချုံပိတ်ပေါင်း ကိုင်းဘောင်းဘောင်ကျူ၊ ထပ်ကူမှိုင်းဝေ၊ မိုးလေဆော်မြူး၊ လွမ်းစေနှူးသည်။ ။ ကြားပူးသည်နှင့် ညီတော့၏'*

၁၉၅၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ရှေးက မြန်မာစာပေသစ် [၁]

## ဝန်ကြီး ပဒေသရာဇာနှင့် တျာချင်း

ရှေးက မြန်မာစာပေသစ်ဆိုသည်မှာ မြန်မာသက္ကရာဇ် ၁၀၆၀ ပြည့်နှစ်လောက်မှစ၍ ထင်ရှားကျော်စောခဲ့သော ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများကို ဆိုလိုရင်းဖြစ်သည်။ ဝန်ကြီးသည် ထိုတျာချင်းများကို ဖွဲ့ဆိုစဉ်အခါက မိမိသည် စာပေသစ်ကို ဖွဲ့ဆိုနေသည်ဟု သိချင်မှသိမည်။ စာပေခေတ် အစဉ်ကိုလိုက်၍ လေ့လာသောသူတို့အဖို့မှာမူကား ဝန်ကြီးစာပေသစ် ဖွဲ့ဆိုခဲ့သည်ဟု မှချဆိုနိုင်သည်။

ဝန်ကြီးခေတ်မတိုင်မီ သက္ကရာဇ် ၇၀၀ ကျော် အင်းဝခေတ်မှစ၍ အဓိကစာပေ အင်အားစုအဖြစ်ဖြင့် ပျို့အရာတွင် ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တို့သည်လည်းကောင်း၊ ချေင်းအရာတွင် အဒူမင်းညို၏ ရခိုင်မင်းသမီးချေင်း၊ ရှင်သုရဲ၏ သခင်ထွေး ချေင်းတို့သည်လည်းကောင်း၊ ရတုအရာတွင် နဝဒေး၊ နတ်သျှင်နောင်တို့၏ ရတုများသည်လည်းကောင်း ဩဇာရှိခဲ့ကြသည်။ ထိုအချက်သည် မြန်မာစာပေတွင် အထင်အရှားဖြစ်သည်။ ဆုတောင်းခန်းတွင် ရှင်မဟာသီလဝံသသည် သုမေဓာ၏ ဒါနပါရမီဖြည့်ပုံ၊ နိက္ခမပါရမီဖြည့်ပုံတို့ကို ချီးကျူးခဲ့သည်။ ကိုးခန်းတွင် ရှင်မဟာရဋ္ဌသာရသည် နိက္ခမပါရမီအတွက် ဟတ္ထိပါလထွက်မြောက်ဖွဲ့ ချေပပုံတို့ကို ချီးကျူးခဲ့သည်။ ရခိုင်မင်းသမီးချေင်းတွင် အဒူမင်းညိုသည် ရခိုင်မင်းသမီး၏ ဘိုးဘေးတို့ တန်ခိုးကြီးပုံကို ချီးကျူးခဲ့သည်။ သခင်ထွေး ချေင်းတွင် ရှင်သုရဲသည် သခင်ထွေး၏ ဘိုးဘေးတို့ တန်ခိုးကြီးပုံကို ချီးကျူးခဲ့သည်။ ရတုများတွင် နဝဒေး၊ နတ်သျှင်နောင်တို့သည် မင်းသားမင်းသမီးတို့ လွမ်းဆွတ်တသကြပုံ၊ တောခင်း တောင်ခင်းတို့၌ သာယာကြည်နူးကြပုံ၊ မင်းနေပြည် တင့်တယ်ခမ်းနားပုံတို့ကို ချီးကျူးခဲ့ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုအချက်ကို ဆင်ခြင်သော် ထိုခေတ်စာဆိုတို့ အဓိက အားဖြင့် အာရုံစိုက်ကြသော အကြောင်းအရာသည် ဘုရားအလောင်းတော်တို့၏ အမှုအရာနှင့် မင်း မှူးမတ်တို့၏ အမှုအရာတို့သာ ဖြစ်သည်ဟု ဆိုသင့်သည်။ တစ်နည်းဆိုရသော် ဘုရားအလောင်းတော်တို့၏ အမှုအရာဆိုသည်မှာ ထိုအမှုအရာကို ပြဆိုသော ဗုဒ္ဓစာပေဖြစ်သောကြောင့်လည်းကောင်း၊ မင်း မှူးမတ်တို့၏ အမှုအရာဆိုသည်မှာ ထိုအမှုအရာကိုပြုကြသော မင်းမှူးမတ်တို့ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုခေတ် စာဆိုတို့ အဓိကအားဖြင့် အာရုံစိုက်သော အကြောင်းအရာသည် ဗုဒ္ဓစာပေနှင့် မင်း မှူးမတ်တို့ ဖြစ်သည်ဟု ယူဆနိုင်သည်။ တစ်ဖန် အနုပညာရှင်သည် အကြောင်းအရာတစ်ခုခု၌ အာရုံစိုက်သည် ဆိုရာတွင် အာရုံမစိုက်မီ ထိုအကြောင်းအရာသို့ ရှေးဦးစွာ စေတနာရောက်ရမည် ဖြစ်သည်။ စေတနာရောက်မှုရှိလျှင် အာရုံစိုက်မှုရှိမြဲ။ အာရုံစိုက်မှုရှိလျှင် အကြောင်းအရာ၏အမှုအရာ သိမြင်မှု ရှိမြဲ။ အကြောင်းအရာ၏ အမှုအရာသိမြင်မှုရှိလျှင် ဖန်တီးဖွဲ့ဆိုမှု ရှိမြဲ ဖြစ်သည်။ ထို့ကြောင့် ထိုခေတ်က စာဆိုများ အဓိကအားဖြင့် စေတနာရောက်ရာတို့သည် ဗုဒ္ဓစာပေနှင့် မင်း မှူးမတ်တို့သာ ဖြစ်သည်ဟူ၍ ယူသော် ရသင့်သည်။ (ဝ) ထိုခေတ် စာဆိုတို့သည် ယဉ်ကျေးမှုအရာတွင် ဗုဒ္ဓစာပေကို အထွတ်အမြတ်ထားကာ လေ့လာ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် မင်း မှူးမတ်တစ်စုကို အရေးပေးဘိသကဲ့သို့ ရှိသည်ဟူ၍ ဆိုနိုင်သည်။

ဝန်ကြီးပဒေသရာဇာသည် သူဇာပျို့၊ ဆေးမြန်ပျို့ စသော စာမျိုးကို ဖွဲ့ဆိုခဲ့သည်။ ထိုအချက်ကို ထောက်သဖြင့် ဝန်ကြီးသည် သူ့အထက်က စာဆိုတို့ကဲ့သို့ပင် ယဉ်ကျေးမှုအရာ၌ ဗုဒ္ဓစာပေကို အထွတ်အမြတ်ထားကာ လေ့လာကြောင်း သိနိုင်သည်။ တစ်ဖန် စကုမင်း ချင်း စသော စာမျိုးကိုလည်း ဖွဲ့ဆိုခဲ့သည်ဖြစ်ရာ ထိုအချက်ကို ထောက်သဖြင့် ဝန်ကြီးသည် သူ့အထက်က စာဆိုတို့ကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် မင်း မှူးမတ်တစ်စုကို အရေးပေးကြောင်း သိနိုင်သည်။ သို့ရာတွင် ဝန်ကြီးသည် လယ်သမားဘွဲ့ တျာချင်း စသော စာမျိုးကိုလည်း ဖွဲ့ဆိုခဲ့သေးသည်။ ထိုအချက်ကိုထောက်လျှင် ဝန်ကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် မင်း မှူးမတ် တစ်စုကိုသာမက ကုန်သည် ဆင်းရဲသား အလုပ်သမားများကိုလည်း အရေးပေးသည်ဟု ဆိုသင့်သည်။

မြန်မာနိုင်ငံသည် အဓိကအားဖြင့် ဗုဒ္ဓသာသနာ ထွန်းကားသောနိုင်ငံဖြစ်ရာ ယဉ်ကျေးမှုအရာတွင် ဗုဒ္ဓစာပေကို တစ်တိုင်းတစ်ပြည်လုံးက အထွတ်အမြတ်ထားခြင်းသည် ထားသင့်သောကိစ္စ ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းတော်၏ အမှုအရာသို့ စာဆိုတို့၏ စေတနာရောက်၍ ချီးကျူးဖွဲ့ဆိုကြသောအခါ ထိုသို့ ဖွဲ့ဆိုကြခြင်းကို အံ့ဖွယ်ဟု မဆိုသာချေ။ တစ်ဖန် ထိုခေတ် ထိုအခါကသော် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်တို့သည် ကမ္ဘာပေါ်ရှိ အခြားအခြားသော နိုင်ငံများရှိ စနစ်တို့နှင့် ယေဘုယျအားဖြင့်တူသည်ဟု ဆိုရာသည်။ ထိုစနစ်များအရ နိုင်ငံအုပ်ချုပ်သူသည် သက်ဦးဆံပိုင်မင်း ဖြစ်သည်။ ထိုမင်းကို လောကသမုတိနတ် ဟူ၍ ယုံကြည်ယူဆကြသည်။ ထိုမင်း၏စကားသည် မိုးကြိုးသွားဖြစ်သည်။ ထိုမင်း၏ ပတ်ဝန်းကျင်တွင် မင်းညီမင်းသားတို့နှင့်တကွ အမှူးအမတ်တို့ ရှိသည်။ မင်း၏အမိန့်ကို ထိုသူတို့ ခံယူ၍ အမိန့်အတိုင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အုပ်ချုပ်ကြရသည်။ မင်း၊ မင်းညီမင်းသား၊ မှူးမတ်တစ်စုသာ အာဏာ ရှိသည်။ ဓနရှိသည်။ စည်ကားသော နေပြည်တော်သားများ ဖြစ်ကြသည်။ များလှစွာသော တိုင်းသူပြည်သားများသည်ကား ကျေးတော်မျိုး ကျွန်တော်မျိုးများ ဖြစ်ကြသည်။ အာဏာမရှိ၊ ဓနမရှိ၊ ကိုယ်စားဖို့ ကိုယ်စိုက်ရသည်။ စိုက်၍ရသည့် အသီးအနှံထဲမှ အခွန်ဆောင်ရသည်။ ကိုယ်ဝတ်ဖို့ ကိုယ်ရက်ရသည်။ ကိုယ်နေဖို့ ကိုယ်ဆောက်ရသည်။ လုပ်၍ရသော ပစ္စည်းချင်း ဖလှယ်၍ စားဝတ်နေရေးတို့ကို မျှတအောင်ပြုရသည်။ ဤအထဲတွင် ဆယ့်နှစ်မှ ချင်းတိုင်းကို မင်းအတွက် လုပ်ကိုင်ပေးရသေးသည်။ မင်း၊ မင်းညီမင်းသား၊ အမှူးအမတ်တို့ကို ပြားပြားဝပ်ကြောက်ကြရသည်။ ထိုခေတ် ထိုအခါက ဥရောပ၌လည်း ဤအတိုင်း ဖြစ်သည်။ အာရှ၌လည်း ဤအတိုင်းဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ဤအတိုင်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ထိုခေတ် ထိုအခါမျိုးက စာဆိုတို့သည် အုပ်ချုပ်သူတစ်စု၏ အမှုအရာသို့ စေတနာရောက်၍ ချီးကျူးဖွဲ့ဆိုကြသောအခါ ထိုသို့ဖွဲ့ဆိုခြင်းကြခြင်းကို အံ့ဖွယ်ဟု မဆိုသာချေ။

ထိုသို့သော ခေတ်မျိုးတွင် စာဆိုတစ်ဦးသည် အာဏာမဲ့၊ ဓနမဲ့၊ ကျေးတော်မျိုး ကျွန်တော်မျိုးတို့သို့ စေတနာရောက်၍ ချီးကျူးဖွဲ့ဆိုလျှင် ထိုသို့ဖွဲ့ဆိုခြင်းကို ထူးသည်ဟု ဆိုအပ်သည်။ ရဲရင့်ပါပေသည်ဟု ဆိုအပ်သည်။ ဉာဏ်ခကြီးပါပေသည်ဟု ဆိုအပ်သည်။ ထို့ကြောင့် ပျို့၊ ချေင်းတို့ကို ဖွဲ့ဆိုခဲ့သော ဝန်ကြီးကို အံ့ဖွယ်ဟု မဆိုသာသော်လည်း လယ်သမားဘွဲ့ တျာချင်း စသော စာများကို ဖွဲ့ဆိုခဲ့သော ဝန်ကြီးကိုကား ထူးသည်၊ ရင့်သည်၊ ဉာဏ်ခကြီးသည်ဟု ဆိုထိုက်သည်။ စာဖွဲ့ဆိုခြင်း၏ မူလအမြစ်သည် စာဆိုသူ၏ စေတနာဖြစ်ရာ လယ်သမားဘွဲ့ တျာချင်း စသော စာမျိုးကို ဖွဲ့ဆိုခဲ့သော ဝန်ကြီး၏ စေတနာသည် သူ့အထက်က စာဆိုတို့၏ စေတနာတို့ထက် ပိုလာသည်၊ သစ်လာသည်ဟု ဆိုသင့်သည်။ ထိုစေတနာသစ်မှ ပေါက်ပွားလာသော စာပေကိုလည်း စာပေသစ်ဟု ဆိုသင့်သည်။ ဝန်ကြီး၏ တျာချင်းများကို ရှေးက မြန်မာစာပေသစ်ဟု ဆိုခဲ့ခြင်းသည် ထိုအကြောင်းကြောင့် ဖြစ်သည်။

ကျေးတော်မျိုး ကျွန်တော်မျိုးဟု ယူဆခြင်း ခံခဲ့ရသော သူများအကြောင်း ဖွဲ့ဆိုခဲ့သော ဝန်ကြီး၏ တျာချင်းကိုးပုဒ် ကျန်ခဲ့သည်။ ထိုကိုးပုဒ်သည် လယ်သမား၊ ထန်းတက်သမား၊ ပိန်းကောလှေသမား၊ တောင်ပိုင်တက်သမား၊ အညာလှေကြီးသမားတို့အကြောင်း ဖွဲ့ဆိုသော တျာချင်းများ ဖြစ်ကြသည်။ ပုဒ်ရေအားဖြင့် ဝန်ကြီး၏ တျာချင်းကိုးပုဒ်သာ တွေ့ရသေးသော်လည်း ဝန်ကြီး၏ စေတနာကိုကား အထင်အရှား သိမြင်နိုင်သည်။ ဝန်ကြီးပဒေသရာဇာသည် အသည်ဝန်ကြီး ဖြစ်ခဲ့ဖူးကြောင်း အဆိုရှိရာ အင်းဝခေတ်ဝိုက်တွင် အသည်ဝန်ကြီးအဖြစ်ဖြင့် လှည့်လည်စဉ် မိမိသိခဲ့၊ မြင်ခဲ့သော၊ အာဏာမဲ့၊ ဓနမဲ့ လူတန်းစားသို့ စေတနာရောက်၍ ထိုသူတို့၏ဘဝ တစ်စိတ်တစ်ပိုင်းကို ယထာဘူတကျကျ ဖွဲ့ဆိုခဲ့ခြင်းပေလောဟု တွေးတောဆင်ခြင်ဖွယ် ဖြစ်သည်။

အင်းဝမြို့သည် ဧရာဝတီနှင့် မြစ်ငယ်မြစ်တို့ဆုံရာ သန်လျက်စွန်း၌ တည်ရှိသောမြို့ ဖြစ်သည်။ ထိုမြို့၏ အရှေ့တောင်ဘက် တစ်ခွင်တွင် ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်တို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စီး၍ အနောက်တောင်ဘက် တစ်ခွင်တွင် မြစ်သားမြစ်စီးလျက်ရှိသည်။ အင်းဝမြို့အနီးဤမြစ်သုံးစင်းစီးသော နေရာတစ်ဝိုက်သည် ယခုတိုင် စိမ်းစို၍ ပြောင်းခင်း၊ နှမ်းခင်းတို့တို့ ပေါသည်။ ထန်းတောအပြည့်ရှိသည်။ ထိုနေရာတစ်ဝိုက်သည် မြစ်သား တစ်ဆယ့်တစ်ခရိုင်တွင် (ဝါ) လယ်တွင်း တစ်ဆယ့်တစ်ခရိုင်တွင် အပါအဝင်ဖြစ်သည်။ ပုဂံခေတ်ကသော် ပုဂံပြည်ကြီးပွားစည်ကားခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ထိုနေရာတစ်ဝိုက်ရှိလယ်ယာ မိုးမြေတို့ကြောင့် ဖြစ်နိုင်သည်။

ဝန်ကြီးသည် ထိုနေရာတစ်ဝိုက်တွင် လယ်သမား၊ ကိုင်းသမား၊ ဥယျာဉ်သမားတို့ရာသီအလိုက် မိမိတို့ တစ်ဝမ်းတစ်ခါးအတွက် ကြိုးပမ်းလုပ်ကိုင်ကြသည်ကို မြင်ဖွယ်ရာအကြောင်းရှိသည်။ တစ်ဖန် ထိုသူတို့သည် လူတန်းစားအနေနှင့် အာဏာမဲ့၊ ခနမဲ့ လူစုအခြေ၌ တည်နေကြသော်လည်း တိုင်းပြည်ရိက္ခာ ဖူလုံရေး၏ အရင်းအမြစ်ဖြစ်သည်ကိုလည်း ဆင်ခြင်ဖွယ်ရာ အကြောင်းရှိသည်။ တစ်ဖန် ထိုသူတို့သည် မုချအားဖြင့် အင်းဝပြည်ကြီး၏ အရေးပါ အရာရောက်သော ပြည့်အင်္ဂါတစ်ရပ် ဖြစ်သော်လည်း စားရေး၊ ဝတ်ရေး၊ နေရေးတို့၌ လူတန်းမစေ့ ဖြစ်နေကြသည့်အဖြစ်ကိုလည်း တွေးမိဖွယ်ရာအကြောင်းရှိသည်။ ဝန်ကြီး၏ တျာချင်းများ၌ ထိုသူတို့၏ အမှုအရာတို့ကို ဖွဲ့ဆိုရာတွင် ထိုသူတို့ကို ကဲ့ရယ်ခြင်း၊ ရှုတ်ချခြင်းမပါ။ သနားချစ်ခင်ခြင်း၊ ချီးကျူးခြင်းတို့သာ ပါနေသည်ကိုထောက်၍ သိနိုင်သည်။

ထိုသို့သော သနားချစ်ခင်ခြင်း၊ ချီးကျူးခြင်းတို့သည် ဝန်ကြီးဖွဲ့ဆိုသော တျာချင်းများ၏ဂုဏ်ဖြစ်၍ ထိုခေတ်က မြန်မာစာပေသစ်၏လက္ခဏာတစ်ရပ် ဖြစ်သည်ဟု ဆိုသင့်သည်။ ထိုဂုဏ်၊ ထိုလက္ခဏာတို့သည် လယ်သမား၊ ထန်းတက်သမား၊ ပိန်းကောလှေသမားတို့၏ အမှုအရာတို့ကို ဖွဲ့ဆိုရာတွင် အထူးထင်ရှားသည်။ ထိုအမှုအရာတို့ကို ပြရာတွင် ဝန်ကြီးသည် ထိုအမှုအရာရှင်တို့၏ လုပ်ခင်းကိုင်ခင်းကိုလည်းကောင်း၊ လုံ့လကိုလည်းကောင်း၊ သားပါ မယားပါ ဝိုင်းဝန်းကူညီကြပုံကိုလည်းကောင်း၊ သို့ရာတွင် လုံ့လထုတ်သလောက် အကျိုးမခံစားရဘဲ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲပုံတို့ကိုလည်းကောင်း၊ ပျော်ရွှင်မှုအရာတွင်လည်း ချို့တဲ့ခေါင်းပါး၍ သားမယား အခြွေအရံ၌သာ မွေ့လျော်ရပုံ ကိုလည်းကောင်း၊ ယထာဘူတကျကျ ပြတတ်သည်။ တစ်ဖန် အဖွဲ့အနွဲ့အရာ၌လည်း အကြောင်းသင့် အရိုးခံစကားတို့ကိုသာ သုံးခြင်း၊ ပြေပြစ်ရှင်းလင်းမှုကိုသာ အားထုတ်ခြင်းတို့သည် အထူးထင်ရှားသည်။ ထိုအချက်သည်လည်း ထိုခေတ်က မြန်မာစာပေသစ်၏ လက္ခဏာတစ်ရပ် ဖြစ်သည်။

ထိုခေတ် လယ်သမားဘဝနှင့် စပ်လျဉ်း၍ ဝန်ကြီးသည် မိုးကျသည်နှင့် တစ်ပြိုင်နက်လယ်ကွက်သို့ သားမယားတို့နှင့် အတူတကွ တပျော်တပါး ဆင်းလာသော လယ်သမားကိုမြင်သည်။ ပုဆိုးအင်္ကျီ အစုတ်အပြဲနှင့် ချည်တဘက် နီတွတ်တွတ်တို့ကို လယ်သမားတို့၏ကိုယ်၌မြင်သည်။ အဝတ်မရှိသော လယ်သမား သားငယ် သမီးငယ်တို့ကို မြင်သည်။ လယ်သမားယောကျ်ားက လယ်ထွန်နေစဉ် မယားနှင့် သားသမီးတို့က ဖားပေါင်စင်းရှာကြပုံ၊ ခရုကောက်ကြပုံ၊ ဟင်းရွက်ခူးကြပုံတို့ကို မြင်သည်။ တစ်နေ့အလုပ်ပြီး၍ အိမ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်ရောက်သောအခါ ချက်ပြုတ်စားသောက်ကြပုံကို မြင်သည်။ စားသောက်ပြီးကြသောအခါ လယ်သမားသည် သားမြေးများကို ဘယ်ညာ ပိုက်ထွေးလျက် ကြည်နူးတတ်ပုံကို မြင်သည်။ ဤကား သူ၏ နေ့စဉ်အလုပ်။ ဤကား သူ့လုပ်အားအတွက် ဆုလာဘ်။ ထိုအလုပ်နှင့် ထိုမျှလောက်သာဖြစ်သော ဆုလာဘ်တို့သည် သူ့ဘဝဖြစ်ပေသည်တကားဟု ဒန်ကြီး မြင်လာဖွယ်ရာအကြောင်းရှိသည်။ သို့ရာတွင် ဝန်ကြီးသည် ထိုသူတို့အတွက် တတ်နိုင်သူမဟုတ်ချေ။ မိမိလည်း သက်ဦးဆံပိုင်စနစ်တည်းဟူသော ဆီဆုံထမ်းပိုးအောက်တွင် ဘဝလည်လည် နေရသူသာဖြစ်လေရာ မိမိ၏ သနားချစ်ခင်မှုကို မိမိ၏စာဖြင့်သာ ဖွင့်ဆိုနိုင်ခြင်း ဖြစ်လေသည်ဟု ယူသင့်သည်။ အင်းဝခေတ် လယ်သမားဘဝကို အောက်ပါအတိုင်း ဘွဲ့ချင်းဖွဲ့ဆိုခဲ့သည်ကို ရှုပါလေ။

*ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့် ဆွေငယ်လင်၊ လက်တွဲခြင်င်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအင်္ကျီ၊ စုတ်ပြဲပြီ၊ ချည်နှီဖောင်း တွတ်တွတ်ကယ်နှင့်လေး။*

*မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ၊ သားသမီး၊ ကိုယ်ထီးပွေ့လို့လာ၊ ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း၊ လယ်ကွက်တစ်ခွင်၊ ထွန်ရေးငင်၊ ရေဝင်ပုစွန် တွင်းငယ်နှင့်လေး။*

*ဖားပေါင်စင်းငယ်၊ ခြင်းပလိုင်းဝယ်၊ ခရုပီလော၊ ရောနှော၍သာလွယ်၊ ဟင်းရွက်ကယ်နနယ်၊ တစ်သွယ်ကန်စွန်း၊ ဆူးပုပ်ကင်းပုံ၊ အလုံးစုံ၊ မှုံးငုံသာရော၍ ပြွမ်းသည်နှင့်လေး။*

*ချိုလည်းချိုလွန်း၊ ရည်ရွှမ်းများစွာ၊ ကြွဟင်းကြွက်နာပေါင်း၊ သောင်းပြောင်းရော၍သာ၊ အိမ်သို့ရောက်ခါ၊ လျင်စွာချက်ပြုတ်၊ ထမင်းကပူ၊ ဟင်းကပူ၊ ရှူရှူသာ ရှမ်းရေတ်ကယ်နှင့်လေး။*

*အလုတ်ကယ် ဧရာသာ၊ ငုံ့ကာလွေးတော့သည်၊ သားမြေးငယ်မာချာ၊ ဘယ်ညာထွေးတော့သည်။*

၁၉၅၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ရှေးက မြန်မာစာပေသစ် [၂]

## ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများ

ဝန်ကြီးပဒေသရာဇာသည် မိမိ၏တျာချင်းတွင် ရှေးခေတ် သက်ဦးဆံပိုင်စနစ်အောက်ရှိ ခနမဲ့၊ အာဏာမဲ့တို့သို့ စေတနာရောက်၍ ထိုသူတို့၏ ဘဝရှိ သနားချစ်ခင်ဖွယ်ဖြစ်သော အချက်တို့ကို ရွေးယူဖွဲ့ဆိုတတ်ကြောင်းကိုလည်းကောင်း၊ အဖွဲ့အနွဲ့အရာတွင် အကြောင်းသင့် အရိုးခံစကားတို့ကိုသုံးကာ ပြေပြစ်စွာ ဖွဲ့ဆိုတတ်ကြောင်းကိုလည်းကောင်း ရှင်းပြခဲ့ပြီ။ ဘစ်ဖန် ထိုသို့ဖွဲ့ဆိုတတ်ခြင်းသည် ဝန်ကြီးရေးသော တျာချင်းများ၏ဂုဏ် ဖြစ်၍ထိုဂုဏ် ဘို့ကြောင့် ဝန်ကြီး၏ တျာချင်းများကို ထိုခေတ်က မြန်မာစာပေသစ်ဟု ခေါ်ထိုက်ကြောင်း ကိုလည်း ရှင်းပြခဲ့ပြီ။

ယခုတစ်ဖန် ကျန်တျာချင်းများ၌လည်း အဆိုပါ စာပေသစ် လက္ခဏာတို့ ပါရှိကြ ပုံကို ထပ်မံရှင်းပြပါဦးမည်။

ဝန်ကြီးသည် လယ်သမားဘဝအကြောင်းကိုသာမက ထန်းတက်သမားဘဝ၊ ပိန်းကော ဆသမားဘဝ၊ နွားဝန်တင်သမားဘဝ၊ အညာလှေကြီးသမားဘဝ အကြောင်းတို့ကိုလည်း တျာချင်းဖွဲ့ဆိုခဲ့သေးသည်။ ထိုတျာချင်းများကို ထောက်သဖြင့် ဝန်ကြီး၏ဘဝအသိသည် ဘုံနန်းပြာသာဒ်မှ လှမ်းမျှော်ရှုကြည့်သဖြင့် သိသော အသိမျိုးမဟုတ်။ ရင်းနှီးဆက်ဆံခြင်း ရှိသဖြင့် သိသော အသိမျိုးသာ ဖြစ်သည်ဟု ယူဆနိုင်သည်။ ဘုံနန်းပြာသာဒ်မှ လှမ်း မျှော် ရှုကြည့်သဖြင့် သိခြင်းဆိုသည်မှာ အခြားမဟုတ်၊ ဝန်ကြီးသည် အာဏာပိုင်တစ်ဦးအဖြစ် ဖြင့် ကြည့်၍ သိခြင်းမျိုးကို ဆိုလိုသည်။ ရင်းနှီးစွာ ဆက်ဆံခြင်းရှိသဖြင့် သိခြင်းဆိုသည် မှာ အခြားမဟုတ်။ ဝန်ကြီးသည် လောကလူသားတစ်ဦးအဖြစ်ဖြင့် လူသားအချင်းချင်း စာနာထောက်ထားကာ ရှုကြည့်သဖြင့် သိခြင်းမျိုးကို ဆိုလိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အကယ်၍ ဝန်ကြီးသည် အာဏာပိုင်တစ်ဦးအဖြစ်ဖြင့် ကြည့်ခဲ့သည်ရှိသော် ဆိုခဲ့သော ထန်းတက်သမား၊ ပိန်းကောလှေသမား၊ နွားဝန်တင်သမား၊ အညာလှေကြီးသမားတို့၏ ဘဝမှ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ အမှုအရာကိုသာ ရွေးယူဖွဲ့ဆိုခဲ့ဖွယ်ရာအကြောင်း ရှိသည်။ သို့ရာတွင် ဝန်ကြီး၏ တျာချင်းများတွင် ထိုအမှုအရာအဖွဲ့မျိုး မပါချေ။ ထိုအချက်ကို ထောက်သဖြင့် ဝန်ကြီးသည် ထိုသူတို့ ကျင်လည်ကျက်စားရာဒေသတို့ကို ရောက်သည့်အခါတိုင်း လောကလူသား တစ်ဦးအဖြစ်ဖြင့် ထိုသူတို့နှင့် ရင်းနှီးစွာဆက်ဆံ၍ ထိုသူတို့ကို လေးစားတတ်ခြင်းရှိသည်ဟု ယူသော် ရသင့်သည်။ ထိုသို့ ဆက်ဆံ၍ ထိုသို့ လေးစားတတ်ခြင်း ရှိသည်ကို ဝန်ကြီး၏ တျာချင်းများက ထောက်ခံလျက်ရှိသည်။

ထန်းတက်သမားကိုမြင်သောအခါ သနားချစ်ခင်တတ်သော ဝန်ကြီးသည်၊ ထန်းတက်သမား၏ လက်သုံးတန်ဆာပလာဖြစ်သော (ဝါ) ထန်းတက်သမား၏ အရင်းအနှီးဖြစ်သော ရင်းထောင်၊ ရင်းဆွဲတို့ကိုလည်းကောင်း၊ ထန်းရည်ခံအိုးကိုလည်းကောင်း၊ ထားနီးကိုလည်းကောင်း၊ ကလိုင်ကိုလည်းကောင်း၊ သတိထား၍ ကြည့်တတ်သည်။ ထန်းတက်သမားသည် နွေဦးကာလရောက်သောအခါ ထိုအရာတို့ကို ယူဆောင်၍ မိမိ၏ နေ့စဉ်လုပ်ငန်းကို ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ပုံကို ဝန်ကြီးမြင်သောအခါ ထိုထန်းတက်သမားလည်း သူလုံ့လနှင့်သူ ခံညားလေးစားအပ်သူပေတကားဟူ၍လည်းကောင်း၊ ထိုသူ၏ လုံ့လကြောင့် ထန်းရည်ထန်းလျက်တို့ ဖြစ်ထွန်းရပေသည်တကားဟူ၍လည်းကောင်း သတိရ ကျေးဇူးတင်လိုက်မည်ဆိုက ဆိုနိုင်သည်။ ထို့ကြောင့်သာလျှင် ထန်းတက်သမားဘွဲ့ တျာချင်း၌ ပထမအပိုဒ်တွင်–

*'နွေဦးကာလ၊ မြူထသောခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုး လွယ်ကာ။ ထားနီးထက်စွာ၊ ခါးမှာချပ်လျက်။ ထန်းပွင့် ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်လွယ်၍ တက်သည်နှင့်လေး'*

ဟူ၍ ထန်းတက်သမား၏ ခံညားသော လုံ့လဂုဏ်ကို အစချီ ချီးကျူး ဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်ဟု ယူသင့်သည်။

ထန်းတက်သမား အလုပ်လုပ်နေစဉ် မယားသည် ထန်းပင်ခြေရင်း၌ ချထားသော ထန်းရည်အိုးတို့ကို သိမ်းဆည်းရသည်။ ထိုအခိုက်တွင် သားမြေးများက ပုတတ်၊ ယုန်၊ ခါ၊ ငုံး၊ ကြက်၊ ဖွတ်၊ မြွေပါမကျန် စားကောင်းသော သတ္တဝါတို့ကို ခြောက်လှန့် ဖမ်းဆီးကြရသည်။ ဤသို့ဖြင့် အဖက ထန်းရည်ခံ၍ အမိက ထန်းရည်သိမ်း၍ သားမြေးများက အမဲလိုက်၍ တစ်အိမ်သားလုံး အလုပ်လုပ်ကြရသည်။ အလုပ်ပြီး၍ အိမ်ပြန်ရောက်ကြသောအခါ ထိုတောသတ္တဝါတို့ကို ဖုတ်ကင် ချက်ပြုတ်၍ တပျော်တပါး စားကြသောက်ကြသည်။ အိမ်၌ မွေးကျွေးထားသော ခွေးလည်း သူတို့နှင့်အတူရှိ၍ အတူစားသောက်ဟန်တူသည်။ စားသောက်ပြီးကြသောအခါ ခွက်တို့ကို ဆေးကြောဖို့မရ။ ခွေးကပင် ခွက်ကို စင်အောင် လျှာဖြင့်လျက်လိုက်ဟန်တူသည်။ ဝန်ကြီးသည် ထိုအမှုအရာတို့ကိုမြင်စဉ် ၎င်းအားထက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရယ်အားသန်မိစရာအကြောင်းရှိသည်။ လုံ့လထုတ်သလောက် အကျိုးခံစားခွင့် မရနိုင်ကြဘဲ ဖြစ်လေရာဘဝတွင် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုပျော်မွေ့ကြရသော ထိုသူတို့၏ ဘဝကို ဝန်ကြီး ကောင်းစွာရိပ်မိစရာအကြောင်းရှိသည်။ ထို့ကြောင့် ထိုတျာချင်း၏ ကျန်အပိုဒ်များတွင်–

*"ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ၊ စင်အောင်ခုတ်ထစ်၊ နှမျစ်ထန်းဦးရေ။ မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း၊ သားမြေး ဟစ်ကြော်၊ ခွေးဝက်ခေါ်၊ ထန်းလျော်ယုန်ပိုက်စည်းငယ်နှင့်လေး။*

*ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ၊ ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ် ခြောက်သောခါ၊ ပုတတ်ယုန်ခါ၊ တောမှာရှိကြ၊ ငုံးကြက်ဖွတ်မြွေ ဝံပုလွေ၊ မနေထွက်လာကြသည်တည့်လေး။*

*ဝမ်းသာအားရ၊ မယားကတစ်သွယ်၊ ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်၊ လင်ကတစ်သွယ်၊ ယုန်ငယ်ကစ၊ တောသတ္တဝါ၊ တွေ့တိုင်းသာ၊ အိတ်မှာသာယူ၍ ချသည်နှင့်လေး။*

*အိမ်ပြန်ရောက်က၊ ခဏအောင့်လျှင်၊ တံစို့ထက်နှင့်၊ ထန်းလျက် ဖိုမှာကင်၊ ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး၊ အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်၊ မိုးမျှော်ရတ်သီးငယ်နှင့်လေး။*

*နီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ၊ သမီးနှင့်သား၊ များ၍မဝင်သာ၊ ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်၊ သူ့ထက်ငါလေ၊ စားတော့မည်စေ၊ စပေသာလှ အုန်းခွက်ကယ်နှင့်လေး။*

*ငုံ့လျက်ကိုယ်စီသာ၊ ဆုပ်ကာလွေးတော့သည်။ ပြီးလျှင် ရေမရှာ၊ ခွေးသာကျွေးတော့သည်"*

ဟု ဖွဲ့ဆိုခဲ့သည်။

ဤတျာချင်းတွင် ထန်းတက်သမား၏ အရင်းအနှီး၊ သူ့လုံ့လ၊ သူ့နေထိုင်စားသောက်မှု၊ သူ့ပျော်ရွှင်မှုတို့ကို (ဝါ) ထိုထန်းတက်သမား၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေး အခြေအနေတို့ကို ဤမျှ အနုစိတ်ကာ ထန်းတက်သမား၏ ဘဝကို ချီးကျူးဖွယ်တစ်သွယ်၊ သနားချစ်ခင်ဖွယ်တစ်လှည့် ဖွဲ့ဆိုနိုင်ခြင်းမှာ ဝန်ကြီးသည် လောကလူသားတစ်ဦးအဖြစ်ဖြင့် ထန်းတက်သမားကို လေးစားသောကြောင့်သာ ဟူ၍လည်းကောင်း၊ ဝန်ကြီးနှင့် ထန်းတက်သမား ရင်းနှီးဆက်ဆံခြင်း ရှိသောကြောင့်သာ ဟူ၍လည်းကောင်း ဖြစ်သည်ဟု ယူသင့်သည်။ ကျန်တျာချင်းများ၌လည်း ယေဘုယျအားဖြင့် ထိုသဘောမျိုးကိုပင် သိမြင်နိုင်သည်။

တစ်ခါတစ်ရံ ဝန်ကြီးသည် အသည်ဝန်အဖြစ်ဖြင့် ပန်းလောင်မြစ်ရိုးတစ်လျှောက်သို့ ရောက်တန်ရာသည်။ ထိုအခါ မြစ်ရိုးတစ်လျှောက် ကူးခပ်သွားလာ လုပ်ကိုင်စားသောက်ကြသူများထဲတွင် ငါးပိ ဆားပြားအတွက် ပဲလွန်း ပဲကြီး စသော ကုန်စိမ်းတို့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တင်ဆောင်ကာ လှေငယ်တစ်စင်းဖြင့် တစ်ရွာဝင်တစ်ရွာထွက်၊ ဝမ်းကျောင်းရသော လှေသမားတစ်ဦး၏ ဘဝကို သတိပြုမိပုံရသည်။ ထိုသူ၏ ပိန်းကောလှေတွင် ပဲ့ကိုင်မည့်သူဟူ၍ လူပိုမပါ၊ သူပင် လှော်၊ သူပင် ခတ်၊ သူပင် ပဲ့ကိုင်၊ သူပင် လဲလှယ် ရောင်းဝယ်ရသူဖြစ်သည်။ လှေပေါင်းမိုးသည် ခိုင်လုံလှသည်မဟုတ်။ နီးသားဖြင့်ရက်လုပ်၍ ကွမ်းပေါင်ပင်၊ နဘူးပင်တို့၏ အခက်အလက် အရွက်တို့ကို အထက်အောက်လျှို၍ ဖုံး၍ အုပ်၍၊ မိုးထားသော ပေါင်းမိုးမျှသာဖြစ်သည်။ ထိုးဝါးကို ပခုံးဘယ်ညာ၌ တစ်လှည့်စီထောက်၍ ခြေနှင့်ကျောက်ကန်ကာ လှေကို ရှေ့သို့ တွန်းရသည်။ ဝန်ကြီး ဖွဲ့ဆိုခဲ့သော လယ်သမား၊ ထန်းတက်သမားတို့တွင် မယား သားသမီး အခြွေအရံရှိကြသည်ဖြစ်ရာ ထမင်း၊ ဟင်း ကိစ္စအတွက် ထိုသူတို့ကိုယ်တိုင် ချက်မှု ပြုတ်မှု ပြုဖို့လိုမည်မဟုတ်ချေ။ တစ်ဖန် ထိုသူတို့သည် မည်မျှအလုပ်ပင်ပန်းခဲ့စေကာမူ၊ မယား သားသမီး အခြွေအရံရှိသဖြင့် ထိုအခြွေအရံ၌ စိတ်ပျော်မွေ့ခြင်း ရှိနိုင်သည်။ ထိုပိန်းကောလှေသမားမှာမူကား ထိုသို့မဟုတ်ချေ။ တစ်ကိုယ်တည်း ဖြစ်သဖြင့် လှေကတစ်ဖက်၊ ထမင်းအိုးကတစ်ဖက်နှင့် ဗျာများရသူဖြစ်သည်။ ထို့ကြောင့် လေကွယ်ရာ လှေဝမ်းအတွင်း၌ နန်းနိ မီးအိုးကင်းဖြင့် ထမင်းချက်သောအခါ ထမင်းမနပ်နိုင်၊ အမြုပ်တစီစီဖြစ်နေသည်။ ထမင်းကျက်သောအခါ လှေဆိုက်၍ မစားမသောက်သေးခင် လမိုင်းနတ်ခေါ် လယ်စောင့်နတ်ကို ပူဇော်ပသသည်။ ထို့နောက်မှ စားသောက် ခြင်းအမှုကို ပြုသည်။

ဝန်ကြီးသည် ထိုပိန်းကောလှေသမား၏ အမှုအရာတို့ကို တိတ်တိတ်ဆိတ်ဆိတ် ကျိတ်၍ ကြည့်နေဘိသကဲ့သို့ ထင်ရသည်။ ချီးမွမ်းသည့်အခါ ချီးမွမ်း၍၊ သနားချစ်ခင်ခြင်း ရှိသည့်အခါ ရှိနေဘိသကဲ့သို့ ထင်ရသည်။ ဝန်ကြီး၏မျက်စိသည် ပိန်းကောလှေ၏ နီးသား ပေါင်းမိုးသို့ ရောက်သည်။ ပိန်းကောလှေသမား၏ ဝါးပတ်ခမောက်သို့ ရောက်သည်။ ထိုးဝါးကို ပခုံးဘယ်ညာ၌ ထောက်ကာ လှေကို ခြေနှင့် ကျောက်ကန် တွန်းလှန်လိုက်ဟန်သို့ ရောက်သည်။ ချွေးတစီးစီးကျနေဟန်သို့ ရောက်သည်။ နန်းနိ မီးကင်းအိုးသို့ ရောက်သည်။ မကျက်မနပ်နိုင်သော ထမင်းအိုးသို့ရောက်သည်။ ငါးကင်သို့ရောက်သည်။ လမိုင်းနတ် တင်မြှောက်နေဟန်သို့ ရောက်သည်။ အဝစားလိုက်သဖြင့် ပူလာသော ဝမ်းဗိုက်သို့ပင် ရောက်သည်။ မျက်စိရောက်သည့် နေရာတိုင်းသို့၊ မျက်စိနှင့်အတူ ဝန်ကြီး၏ စေတနာကလည်း ရောက်ခဲ့သည်။

ထို့ကြောင့် ဝန်ကြီး၏ စာကလည်း:-

*"မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်၊ ပန်းလောင်ကြောမှာ၊ ပိန်းကော လှေငယ်ရှင်၊ တောင်ဘက်တစ်ခွင်၊ ထွက်ဝင်ဖောက်ကား၊ ပဲ့ပါမည့်သူ၊ မပါလူ၊ ထိုးသူတစ်ယောက် သားငယ်နှင့်လေး။*

*ငါးပိ ဆားပြား၊ ဖောက်ကားရအောင်၊ ပဲလွမ်းပဲကြီး၊ သီးသီးယူကြည်း ဆောင်၊ တက်မကိုမြှောင်၊ ကွမ်းပေါင်နီကြောင်း၊ နဘူးခက်ညို၊ ကိုင်းညွတ် လျှို၊ ပင်ကိုနီးသား ပေါင်းငယ်နှင့်လေး။*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ခမောက်မှာကောင်း၊ အုပ်ဆောင်းမပါ၊ သိုးလည်းမစပ်၊ ဝါးပတ်တစေသာ၊ ထိုးဝါးကိုယ်မှာ၊ ဘယ်ညာပခုံး၊ ခြေနှင့်ကျောက်ကန်၊ တွန်းလိုက်လှန်၊ အားအန်လွန်ကြီးဆုံးငယ်နှင့်လေး။*

*ခါးတောင်းကျိုက်လုံး၊ ပခုံးခဲတွေ၊ ချွေးကလည်းစီး၊ ဒီးဒီးကျသည့်ရေ၊ စားဖို့မှာပေ၊ ချက်လေထမင်း၊ မနပ်နိုင်ပြီ၊ တစီစီ၊ နန်းနီ အိုးကင်းငယ်နှင့်လေး။*

*ဝမ်းလိုင်တွင်း၊ သွတ်သွင်းမြပင်၊ အငွေ့ချောင်းချောင်း၊ စလောင်းနှင့်ငါးပိကင်၊ လှေဆိုက်တည့်လျှင်၊ ကြေးလင်နှင့်ကျင်း၊ ရိုးရွက်ဖူးခေါင်၊ အာပါးလောင်၊ ချဉ်ပေါင်ပူလှသည့် ဟင်းငယ်နှင့်လေး။*

*တစ်ယောက်ချင်းသည်၊ ထမင်းနူးသော်၊ တစ်ဆုပ်ကယ်နေ့တိုင်း၊ လမိုင်းရှိပူဇော်၊ သွေးသောက်ကယ်ခေါ်၊ အဖော်ပေါင်းညို၊ ငုံ့ကာငုံ့ကာ၊ ဝပ်၍သာ၊ ဆုပ်ကာလွေးလိုက်ဘိသည်နှင့်လေး။*

*စားမိစားရာ ဝမ်းမှာကျင့်တော့သည်။ ပိန်းကောသူကြီးမှာ၊ ချမ်းသာမြင့်တော့သည်”*

ဟူ၍ ချီးကျူးသံ၊ ကရုဏာသံတို့ ရောပြွမ်းမြည်လာခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ ဝန်ကြီးသည် အင်းဝမြို့လှေဆိပ်သို့ရောက်၍ လှေဆိပ်တွင် ပဲ့ထောင်အညာလှေကြီးများကို မကြာခဏ မြင်ရသည်။ လှေကြီးတစ်စင်း၏ ပဲ့စင်တွင် စာမရှိမျိုးဖြစ်သော တိုးရုပ်ပန်းခက် ကိုယ်ဟန်လုပ်ထားသည်။ ဦးပဲ့ ပါးပြင်တို့၌ ဆေးခြယ်ထားသည်။ ရွက်တိုင်ထိပ် ကြက်လျှာ၌ အာသောမာဝ ဟူသော စာလေးလုံးကို ရေးထားသည်။ ထိုလှေကြီး၌ ဆန်စပါးမှစ၍ အထွေထွေကုန်များအပြင် ငါးပိကောင် အမြောက်အမြားပါလာသည်။ ကေန္တ ၊ အောက်ပြည်အောက်ရွာက ဆန်တက်လာသော ငါးပိလှေကြီးဖြစ်ဟန်တူသည်။ ထိုလှေကြီး ကမ်းသို့ ကပ်လာအောင် လှေဦးက လူသည် ထိုးဝါးဖြင့်မ်းကာစမ်းကာ ရေတိမ်ရာသို့ လှေကို ပို့ပေးသည်။ လှေဆိုက်သောအခါ လှေသမားများသည်အတူတကွ ထမင်းစားသောက်ကြသည်။ စားသောက်ပြီးကြသောအခါ ရောက်တတ်ရာရာအချင်းချင်း ပြောဟောတိုင်ပင် ရယ်ရွှင်ကာနေကြသည်။ ဤသို့ဖြင့် ရွှေမြို့တော် အင်းဝ၌ အရောင်းအဝယ် ဖွင့်လေသည်။ ပွဲစားများအနက် ပွဲစားကြီး ဦးကြာနှင့် ဈေးတည့်၍ပြတ်ကြဟန်တူသည်။ ထို့ကြောင့် လှေကို ဦးကြာ၏ ပွဲရုံအနီးအနား၌ ကပ်၍ ငါးပိသော ကုန်တို့ကို ချိန်ကာ ချိန်ကာ ရောင်းချကြသည်။ ဦးကြာကလည်း ငွေလက်ငင်းသးချေသည်။ အခြားလှေဆိပ် အခြားပွဲရုံတို့၌လည်း ထိုသဘောမျိုးပင် ဖြစ်နိုင်စရာအကြောင်းရှိသည်။

ဤတွင် ဝန်ကြီးသည် ကုန်သည် ပွဲစားတို့ကိုလည်းကောင်း၊ လှေသူကြီး၊ လှေထိုးသားတို့ကိုလည်းကောင်း မြင်လိုက်ပြီဟု ဆိုသင့်သည်။ ထိုခေတ် ထိုအခါကသော် ဧရာဝတီမြစ်နိုးဘစ်လျှောက် အကြေအညာစုန်ဆင်းသွားလာသည်မှာ အမြန်ဆုံး တစ်လ ကိုးသီတင်းမက

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြာမြင့်ရာသည်။ မိုးသက်မုန်တိုင်း လေလှိုင်းအန္တရာယ်တို့ကလည်း ရှိလေသေးသည်။ ထိုသို့သော ရေလမ်းခရီးအတွက် ပထမတန်း ရေယာဉ်ကြီးများသည် ရွက်လှေကြီးများ ဖြစ်သည်။ ထိုရွက်လှေကြီးများဖြင့် ဆန်စပါး၊ ဆား၊ ငါးပိ၊ ငါးခြောက် စသော အကြေကုန်ကို အညာ သို့ ပို့၍ ဆီ၊ ဆေး၊ ပဲ၊ နှမ်း၊ ဝါ၊ သကာ၊ ထန်းလျက် စသော အညာကုန်ကို အကြေသို့ပို့သည်။ ထို့နောက် အကြေအညာပွဲရုံများတွင် ထိုကုန်တို့ကို ဖလှယ်ကြသည်။ ဤသို့ဖြင့် အကြေအညာ စားသုံးသူတို့သည် ကိုယ့်တိုင်းပြည်ထွက် ကုန်အမျိုးမျိုးကို အလွယ်တကူ ရယူစားသုံးခွင့် ရနိုင်ကြသည်။ ကုန်ထုတ်လုပ်သူများဖြစ်ကြသော တောင်သူလယ်သမား၊ လက်မှုပညာသည်များသည်လည်း မိမိတို့၏ဝမ်းစာအပြင်၊ အပိုဝင်ငွေ ရှာဖွေခွင့်ကို ရနိုင်သည်။ ထိုသို့ ရယူစားသုံးခွင့်ကို ဖန်တီးပေးကြသူများသည် မည်သူတို့ပေနည်း။ ထိုသို့ အပိုဝင်ငွေ ရှာဖွေခွင့်ကို ဖန်တီးပေးကြသူများသည် မည်သူတို့ပေနည်း။ လှေသူကြီး၊ လှေထိုးသား၊ ကုန်သည် ပွဲစားတို့ မဟုတ်တုံလော။ ထိုသို့တပြီးကား ထိုသူတို့သည်လည်း အင်းဝပြည်ကြီး၏ စီးပွားရေး၌ အချက်အချာတစ်ခုဟု ဝန်ကြီးသိ၍ ထိုသူတို့၏ အလေ့ အလာနှင့် လုံ့လတို့ကို မြင်သောအခါ ဝမ်းမြောက်ခြင်း ဖြစ်ရာသည်။ ထို့ကြောင့် ဝန်ကြီးသည် ဝမ်းမြောက်စရာ၊ ချီးကျူးစရာအချက်တို့ကိုရွေး၍-

*"တပေါင်းမှာသ၊ ရွှေလငယ်ဆန်းခါ၊ တောင်လေဦး၊ သုတ်ဖြူးဆော်၍ လာ၊ ကိုးတောင်နှာဝါ၊ နိုင်စွာပျဉ်လုပ်၊ ကဲလားနံရံ၊ သင့်စီမံ၊ ရေနံသာ အရွဲသုတ်ပါလို့လေး။*

*ပဲ့စင်ထုပ်ကယ်မှာ၊ အရုပ်ကယ်ပီစွာ၊ စာမရှိမျိုး၊ တိုးကားပန်းကိုက်ကာ၊ အဖြူအပြာ၊ အဝါဆေးများ၊ ဦးပဲ့ပါးပြင်၊ ရေရိုးတွင်၊ ရစ်မျှင်မင်သေ့တားပါးလို့လေး။*

*ရွက်တိုင်ဖျားငယ်က၊ လှေသားငယ်တစ်တွေ၊ ရောတိုင်ဖူး၊ မြင့်ဖြူးထူကာနေ၊ စပါးငယ်ဆန်ရေ၊ ထွေထွေကုန်များ၊ ငါးပိငယ်အကောင်၊ ချိန်သောင်းထောင်၊ မြားမြောင်စွာ အပြည့်သားငယ်နှင့်လေး။*

*ရေတိမ်ငယ် မြေသား၊ ကျောက်များငယ်ရှိရာ၊ သည်အကြောင်းကို၊ လှူကောင်းဦးကသာ၊ ထိုးဝါးငယ်လက်မှာ၊ မြဲစွာသာမလွှတ်၊ ပုဒိုးနံငယ်၊ အသွယ်သွယ်၊ ခါးဝယ်ရှင် အမြဲဝတ်ပါလို့လေး။*

*ရွက်တိုင်ထွတ်ကယ်မှာ၊ ဖြူဆွတ်ကယ်ကြက်လျှာ၊ အာသောမာဝ၊ အမျာကိုးကွယ်ရာ၊ ရှေးထုံးငယ်စဉ်လာ၊ ရိုးရာသာအမှု၊ လေတိုးငယ်ရွက်စီ၊ ညီမညီ၊ ဝါးမှီသာ အစွဲပြုပါလို့လေး။*

*ကြိုးထွေးမှုငယ်က၊ တစ်စုငယ်မချာ၊ သို့ရုံးတိုင်ဆိုင်း၊ ချည်သိုင်းအမြှာမြှာ။ အချိန်ငယ်တော်ရာ၊ ယှဉ်ကာသာကမ်းနား၊ လေမိုးလုံရာ၊ ထောင့်ကောင်းကိုရှာ၊ ဆိုက်ကာဖော် အများငယ်နှင့်လေး။*

*စုံရာငယ်ပျော်ပါး၊ စားမှုကို စီရင်၊ အိုးသူကြီးမှာ၊ ပြည့်နီးမန်းနှင့်ပင်။*

*စလောင်းငယ်မြေအင်၊ ကုန်စင်မလပ်။ ဘူးရော ဖရုံ၊ ဟင်းမျိုးစုံ၊ ငါးပုံ မှာ အမဲစပ်ပါလို့လေး။*

*စောင်းကာခပ်ပါလို့၊ မလပ်ကယ်အောင်၊ လိုလိုတိုင်း၊ လိုတိုင်းတဲ့ မရှောင်၊ စပ်သီးငယ်ပူလောင်၊ သောင်မျှော်ငယ်တခြား၊ စုကာပုံကာ၊ ထမင်းမှာ၊ ဝ စွာဖော်အများငယ်နှင့်လေး။*

*ရုံးစုငယ်ပျော်ပါး၊ စားၡပြီးလျှင်၊ တစုတဝေး၊ ပျော်ရေးကိုသာဆင်၊ ပြောဟောငယ်တိုင်ပင်၊ ရယ်ရွှင်မအား၊ စိတ်ကရောက်ရာ၊ သဘောကိုသာ၊ များစွာပြောကြြား‌သည်နှင့်လေး။*

*တစ်နေ့တစ်ပါး၊ ရက်များရှည်ကြာ၊ ရွှေမြို့တော်ကြီး၊ ယှဉ်မှီးရောက် ပေလှာ၊ ပွဲမင်းငယ်ဦးကြာ၊ ဆိုင်မှာသာမလွဲ၊ ဦးပွဲငယ်ထိပ်ဆံ၊ သင့်စီမံ၊ ကမ်းယံသာ ကျားမြမြငယ်နှင့်လေး။*

*ဈေးနှုန်းငယ်မလွဲ၊ ပွဲမင်းရယ်ဆိုရာ၊ ပါသမျှကို၊ ခဏများမကြာ၊ ချိန်ကာချိန်ကာ၊ ချိန်ကာလက်ငင်း၊ နှစ်ဦးငယ်စပ်ညီ၊ အလီလီ၊ ကိုယ်စီငွေ ကြေးသွင်းပါလို့လေး။*

*လက်ငင်းချိန်တွယ်ကာ၊ သာရာပေတော့သည်။ တွက်စုငယ်သင့်ရာ၊ ငွေမှာဖွေးတော့သည်"*

ဟု အင်းဝနေပြည်တော် ဆိပ်ကမ်း၌ သိမြင်ရသော ကုန်သည်၊ ပွဲစား လှေသမားတို့ ဘဝကို ဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးသည် အင်းဝရွှေမြို့တော်မှ ရှမ်းပြည်နယ် တောင်ပိုင် တောင်မသို့တက်၍ ကုန်သွယ်ကြသော နွားဝန်တင်သမားတို့၏ အမူအရာကိုလည်း စောင့်ကြည့်၍ ထိုသူတို့၏ ဒုံလ၊ ထိုသူတို့၏ ကျေးရွာတို့ကိုလည်း ချီးကျူးခဲ့သေးသည်။ လှေကြီးသမားများသည် ရေကြောင်းကုန်သွယ်သူများ ဖြစ်သကဲ့သို့၊ နွားဝန်တင်သမားများသည် ကုန်းကြောင်း ကုန်သွယ်သူများ ဖြစ်ကြသည်။ လှေကြီးသမားများ၌ ရေအန္တရာယ်ရှိသကဲ့သို့၊ နွားဝန်တင် သမားများ၌ ကုန်းအန္တရာယ်ရှိမည် ဖြစ်သည်။ ထိုခေတ်တွင် အင်းဝမှ ရှမ်းပြည်နယ် တောင်ပိုင်သို့ တက်သော လမ်းသည် ပုဂံခေတ် ရှမ်းသခ်ဗိုလ်တို့ မက္ကရာ၊ မြင်စိုင်း၊ ပင်လယ်တို့သို့ တစိမ့်စိမ့်ဝင်လာသော လမ်းတစ်လမ်းဖြစ်တန်ရာသည်။ အင်းဝမှ မြစ်ငယ် တစ်ဖက်ကမ်းသို့ ကူး၍သော်လည်းကောင်း၊ အင်းဝမှ ပင်းယသို့၊ ပင်းယမှ ကျောက်ဆည် ခရိုင်သို့၊ ကျောက်ဆည်ခရိုင်မှ မြေလတ်တောင်ကို ကျော်၍သော်လည်းကောင်း၊ တော အထပ်ထပ်၊ တောင်အထပ်ထပ်၊ ချောက်ကမ်းပါးစောင်း အထပ်ထပ်တို့တွင် နွားသွား နိုင်သော လမ်းအတိုင်း၊ စခန်းများစွာ ရပ်နားလျက် ရက်ရှည်လများ၊ တောင်မ တောင်ပိုင်သို့ အရောက်သွားရခြင်း ဖြစ်သည်ဟု ယူသင့်သည်။ အင်းဝမှ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ကွမ်း၊ ကွမ်းသီး၊ ငါးပိ၊ ငါးခြောက်၊ ပန်းကန်၊ အိုးခွက်၊ ချည်ထည် စသော မြန်မာကုန်များကို တင်ဆောင်၍ ရှမ်းပြည်တစ်လွှားမှ လက်ဖက်စို၊ လက်ဖက်ခြောက်၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ချိပ်၊ သစ်စေး၊ မက်မန်းသီး စသော ရှမ်းတောင်တန်း ဒေသကုန်များကို ယူချလာတတ်သည်ဟု ယူသင့်သည်။ တောလမ်း တောင်လမ်းတစ်လျှောက်၊ ကုန်များကို တင်ဆောင်ယူချ ပြုကြရာတွင် နွားဝန်တင်များကို သုံးကြသည်။ နွားဝန်တင်တစ်ကောင်တွင် ခြင်းရှည်နှစ်လုံးကို အုံးခံ၍ တင်သည်။ ထိုခြင်းရှည်ကြီးကို တတင်ဟု ခေါ်တတ်သည်။

ဝန်ကြီးသည် ထိုနွားဝန်တင်သမားများကို အင်းဝမြို့ ဝန်းကျင် ဗဟိုစခန်း၌လည်း မြင်ဖူးဟန်တူသည်။ ခရီးထောက်စခန်းများ၌လည်း မြင်ဖူးဟန်တူသည်။ ဆောင်းဦးတွင် အင်းဝစခန်း၌ ထိုနွားဝန်တင်သမားများသည် နွားတစ်ရာဖြင့် တောင်ပိုင်တက်ရန် ပြင်ကြသည်။ ချည်ထုပ်များကို နွားကျောပေါ်သို့ တင်သူက တင်ကြသည်။ တောတောင်ခရီး၌ မပါမဖြစ်သော ထားလွယ်၊ ဓားမ၊ မီးခတ်၊ ဆုံ၊ ယမ်း၊ မှို့၊ စားရေရိက္ခာတို့ကို ထည့်သူက ထည့်ကြသည်။ ပြင်ဆင်မှုကိစ္စ ပြီးသောအခါ နွားပြာ၊ နွားဝါ၊ နွားပြေ၊ နွားကျစ်၊ နွားကျား စသည်တို့ကို ဟစ်အော်နှိုးဆော်၍ ခရီးထွက်ကြသည်။ နွားတို့တွင် ရှေ့ဆောင်နွားပိုက်ဟူ၍ပါသည်။ ထိုနွားပိုက်၌ ခေါင်းလောင်းဆွဲထားရာ နောက်နွားတို့သည် တင်တောင်နှောင်နှောင် မြည်သော ခေါင်းလောင်းသံကို နားထောင်၍ အစဉ်တစိုက် လိုက်ကြသည်။ နားနေရာ စခန်းတစ်ခုသို့ ရောက်ကြသောအခါ၊ နွားဝန်တင်သမားများသည် နွားတို့၏ကျောမှ ခြင်းနှင့် အုံးတို့ကို တစ်ယောက်တစ်လက် ချပေးကြသည်။ ထို့နောက် ထမင်း ဟင်း ချက်ပြုတ်၍ ကျက်သောအခါ နတ်တင်ပြီးမှ စားကြသည်။ ထို့နောက် သားရေအုံးကိုမှီ၍ ဆေးတံသောက်ကာ ထမင်းလုံး စီလိုက်ကြသည်။ ထိုသူတို့သည်လည်း အညာလှေကြီးသမားများကဲ့သို့ နိုင်ငံ၏စီးပွားရေး အချက်အချာတစ်ခုပင်ဟု ဝန်ကြီးသိ၍ ထိုသူတို့၏ အလေ့အလာနှင့် လုံ့လကို မြင်သောအခါ ဝမ်းမြောက်ခြင်း ဖြစ်ရာသည်။ ထို့ကြောင့် ဝမ်းမြောက်စရာ ချီးကျူးစရာ အချက်တို့ကို ရွေး၍–

[၁]

*ဆောင်းဦးကာလ၊ နှင်းကျသောအခါ၊ တောင်ပိုင်ထဲ၊ တက်မြဲနွားတစ်ရာ၊ ဘဲတောင်နွားဝါ၊ နွားပြာချိုကုပ်၊ တင်ခြင်းငယ်ချောပြေ၊ အုံးသားရေ၊ ရစ်ခွေနောက်မြီးတုပ်ကယ်နှင့်လေး။*

*တင်ချည်ထုပ်ကယ်မှာ၊ သုံးတောင်ထွာ၊ ငင်ခလောက်ကြိုး၊ ခွေးရိုးဖောင်းစီကာ၊ ခြင်းအုံးတန်ဆာ၊ အင်္ဂါစုံပေါင်း၊ အိုးသစ်နီလွင်၊ ခြင်းမှာတင်၊ ရေငင် ကရားတောင်းငယ်နှင့်လေး။*

*ဆား ငါးပိထောင်း၊ ပြောင်းရောကြိုးကြယ်၊ ဆန်ဆန်ကောင်း၊ ဆန်ကောင်း ပဲသွယ်သွယ်၊ ရောနှော ဆောင်သယ်၊ ထားလွယ်ထားမ။ ပုဆိုးအင်္ကျီ၊ ချည်နီတင်းတိမ်လှငယ်နှင့်လေး။*

*ဆေးကျပ်ကစ၊ မီးခတ်ဆုံပါ၊ ယမ်းဆို့မှို့နီတျာ၊ ခမောက်ရော၊ နေကာမိုးလွတ်၊ သိုးနှင့်လဲဘူး၊ အထူးတောင်ဝါး ပတ်ကယ်နှင့်လေး။*

*အဝတ်စုံညီလင်၊ ဆင်ယင်ပြီးတော့သည်။ တောင်မ တောင်ပိုင်ရွာ၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တက်ခါနီးတော့သည်။

[၂]

ပြင်ဆင်ပြီး၍၊ တက်နီးသော့ခါ၊ ငင်ကာစုရုံး၊ မြင်းအုံးဆင်တန်ဆာ၊ ဆော်ဖန်ညီညာ၊ တံပြာလက်ဝါး၊ ခြောက်ကွင်းချိုခွေ၊ ဆိုရိုးဗွေ၊ နွားပြေ၊ နွားကျစ်ကျားငယ်နှင့်လေး။

နွားပိုက်ငယ်ရှေ့သွား၊ စိတ်ထားငယ်မှန်၊ မျက်ကျားဗွေကောင်း၊ မရောင်းတစ်သက်ပန်၊ ဗွေတံခွန်၊ ရှေ့စွန်ဆော်တက်။ ခေါင်းလောင်းတင်တောင်၊ ဆွဲနောင်နောင်၊ ရှေ့ဆောင် တစ်ကောင်ကြွက်ကယ်နှင့်လေး။

အုတ်ကျက်စဥ့်ကာစီ၊ ညီညီတိုးတော့သည်။ စောင်းငိုက်ဟစ်ကြော်၊ ဆော်သံနှိုးတော့သည်။

[၃]

ဆော်နှိုးမြန်းပါလို့၊ စခန်းငယ်ရောက်ခါ၊ အရာအရာ၊ အရာသိလှ၊ နှစ်ယောက်ရင်ဆိုင်၊ ထမ်းမြောက်ကိုင်၊ တစ်ပြိုင်သာ ခြင်းအုံးချပါလို့လေး။

ထမင်းချက်ကြ၊ ခဏခိုက်သာ၊ လွတ်လိုက်ကျောင်းသည်၊ နွားပေါင်းတင် တစ်ရာ၊ သွေးသောက်ကယ်ညီညာ၊ စုကာထမင်း၊ ဆေးမစင်သည်၊ ကြေးလင်နက်နှင့် ကျင်းပါလို့လေး။

ကင်ပလင်းရွက်၊ ဖွတ်ခြောက်စွက်ကာ၊ မီးမှာဖုတ်၊ ငရုတ်မိုးမျှော်သာ၊ ကြက်သွန်မပါ၊ ဆုံမှာထောင်းမှ၊ ထမင်းကပူ၊ ဟင်းကပူ၊ လူလူအငွေ့ထသည်နှင့်လေး။

ရက္ခနတ်ကိုသာ၊ တင်ကာထားတော့သည်။ တိုးဖွေ့သူ့ထက်ငါ၊ ဆုပ်ကာစားတော့သည်။

[၄]

စားသောက်ပြီးလျှင်၊ အုံးကြီးသားရေ။ လဲလျောင်းမှီကာနေ၊ အငွေ့ဝေဝေ၊ ဗရော့တုတ်လောက်၊ ကြေးလုပ်ဆူးရုံ၊ ကန်တော့ခံ၊ ဆေးတံယူလှယ်သောက်ပါလို့လေး။

အိမ်ရောက်တချို့နေ၊ တွေဝေမှေးတော့သည်။ တချို့လမ်းကောင်းရှာ၊ ရှာကာတွေးတော့သည်။

[၅]

တရေးငံသည်၊ တစ်ဖန်ပျောက်ပြေ၊ အိပ်ကြလဲလျောင်းနေ၊ တွက်ချက်ကြေးငွေ၊ ရှာဖွေဝယ်နီး။ ပလောင်တကာ၊ ကြိုက်ရာရာ၊ ကြေးဝါဆေးအိုးကြီးငယ်နှင့်လေး။

ဆေးတံကျွဲမြီး၊ ပုတီးခုနစ်တောင်။ လက်စွပ် လက်ကောက်၊ ချက်ကျောက် တပြောင်ပြောင်။ လက်ဖက်ရအောင်၊ ရည်ဆောင်ဝယ်မှ၊ လွတ်ထားကျောင်း၊ တစ်ခါတင် နွားကပါလို့လေး။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ထထနှင်သောခါ၊ အိပ်ရာမှန်းတော့သည်။ ကျားလွှတ်စည်းကာရုံ၊ ခြံရှံဝန်းတော့သည်။*

လယ်သမားဘွဲ့၊ ထန်းတက်သမားဘွဲ့တို့သည် ကုန်ထုတ်လုပ်သူတို့အကြောင်း ဖြစ်သည်။ ပိန်းကောလှေသမားဘွဲ့၊ အညာလှေကြီးသမားဘွဲ့နှင့် နွားဝန်တင်သမားဘွဲ့တို့သည် ကုန်သွယ်သယ်ယူသူတို့အကြောင်း ဖြစ်သည်။ ထိုအကြောင်းတို့ကို တျာချင်းဖွဲ့ဆိုခဲ့သဖြင့်၊ ဝန်ကြီးပဒေသရာဇာသည် နိုင်ငံတော်အဆောက်အအုံ၏ အဓိကအစိတ်အပိုင်းဖြစ်သော ပြည်သူပြည်သားတို့၏ ဘဝနှင့် အမူအရာတို့ကို ထင်ရှားစွာ ပြခဲ့သည်ဟု ယူသင့်သည်။ ယခုခေတ်တွင် နိုင်ငံအချုပ်အခြာအာဏာကို ထိုအစိတ်အပိုင်းမှ သက်ဆင်းစေအောင် ပြုလာကြသည်။ ထိုခေတ်ကသော် အချုပ်အခြာအာဏာကို ထိုသို့သက်ဆင်းစေနိုင်စိမ့်သောငှာ၊ ဝန်ကြီးပဒေသရာဇာသည် နိုင်ငံရေးအရ မဆောင်ရွက်ခဲ့သော်လည်း၊ ထိုသို့သက်ဆင်းစေနိုင်သော မျိုးစေ့ကို စာပေမှတစ်ဆင့် ချပေးခဲ့သည်ဟု ယူနိုင်သည်။ ဝန်ကြီးပဒေသရာဇာသည် မြန်မာစာပေသမိုင်း၌ ပြည်သူ့ဗိမာန်တစ်ခန်းကို ဖွင့်ခဲ့သည်ဟူ၍ကား မှချဆိုနိုင်သည်။

၁၉၅၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ရှေးက မြန်မာစာပေသစ် [၃]

### ဦးကုလား၏ မဟာရာဇဝင်ကြီး

ရှေးက မြန်မာစာပေသစ်ဂိုဏ်း၌ ဝန်ကြီးပဒေသရာဇာအပြင် ဝန်ကြီးပဒေသရာဇာနှင့် မရှေးမနှောင်းဖြစ်ကြသော ဦးကုလားကိုလည်းကောင်း၊ ရှင်ဥက္ကံသမာလာကိုလည်းကောင်း၊ ဒုတိယကျော်အောင်စံထားကိုလည်းကောင်း ဂိုဏ်းဝင်များအဖြစ် သွင်းလျှင် သွင်းနိုင်သည်ဟု ယူပါသည်။ ဦးကုလားသည် မဟာရာဇဝင်ကြီးကို ပြုစုသူဖြစ်သည်။ ရှင်ဥက္ကံသမာလာသည် နတ်သျှင်နောင်ရတုအဖြေကို ပြုစုသူဖြစ်သည်။ ဒုတိယကျော် အောင်စံထားသည် ဝေါဟာရတ္ထပကာသနီကို ပြုစုသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သုံးဦး၏ စာများတွင် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများမှာကဲ့သို့၊ ရှေးစာများနှင့်မတူ တစ်မူကွဲသည်ဟု ဆိုထိုက်သော လက္ခဏာများကို သိမြင်နိုင်သည်။ ထိုလက္ခဏာများသည် အခြားမဟုတ်။ အတိတ်ကို ဆန်းစစ်ကြည့်ခြင်း၊ စကားပြေအသုံးများလာခြင်းတို့ ဖြစ်သည်။

အတိတ်ကို ဆန်းစစ်ကြည့်ခြင်းအရာတွင် ကာလစခန်းတစ်ခု၌ ရပ်နားကာ ထိုစခန်းယနေ့၌ အတိတ်ကာလခရီးတစ်လျှောက်လုံး၏ သဘောသကန်ကို ပြန်လှန်ကြည့်ရှုဆင်ခြင်ခြင်းသည်လည်းကောင်း၊ ဘိုးဘွားတို့ထံမှ ရခဲ့သော ယဉ်ကျေးမှုအမွေအနှစ်ကို စစ်ဆေးဝေဖန်ခြင်းသည်လည်းကောင်းပါဝင်သည်။ စကားပြေအသုံးများလာခြင်းဆိုရာတွင် ဖွဲ့နွဲ့ခြင်းနှင့် (ဝါ) စကားတန်ဆာဆင်ခြင်းနှင့်လျော်သော ကဗျာအရေးအသားမျိုးထက်၊ အကြောင်းအရာတင်ပြခြင်း၊ စစ်ဆေးဝေဖန်ခြင်းတို့နှင့်လျော်သော စကားပြေအရေးအသားမျိုးကို ပို၍သတိပြုလာသည်ကို ဆိုလိုသည်။ အတိတ်ကာလခရီး၏ သဘောသကန်သို့ ပြန်လှန်ကြည့်ရှုဆင်ခြင်သော စာသည် ဦးကုလား၏ စာဖြစ်၍၊ ဘိုးဘွားအမွေအနှစ်ကို စစ်ဆေးဝေဖန်သောစာများသည် ရှင်ဥက္ကံသမာလာနှင့် ဒုတိယကျော်အောင်စံထားတို့၏ စာများဖြစ်ကြသည်။ ထိုစာအားလုံးသည်ပင် စကားပြေဖြင့် ပြီးသည်ချည်း ဖြစ်သည်။

စိတ်ကူးချိုချို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဦးကုလားမတိုင်မီကသော် ရာဇဝင်ဟူ၍ ဒေသဆိုင်ရာ ရာဇဝင်များ ဖြစ်ကြသော ပုဂံရာဇဝင်၊ တောင်ငူရာဇဝင်၊ သထုံရာဇဝင် စသော ဒေသန္တရ ရာဇဝင်များသာ ရှိသည်ဟု ဆိုသည်။ ဦးကုလားသည် ထိုရာဇဝင်များကို လေ့လာ၍ မြန်မာ့လောက တစ်ခုလုံး၏ အတိတ်ခရီးအစကို ရှာသည်။ ထို့နောက် ထိုခရီးကို မိမိ၏ခေတ်ဖြစ်သော မဟာသီဟသူ (စနေမင်း) လက်ထက်အထိ ဆင်ခြင်သည်။ ခရီးတစ်လျှောက်၌ မြန်မာနိုင်ငံအတွင်း မင်းလုပ်အုပ်ချုပ်သူတို့၏ သဘောကို သိခဲ့သည်။ ထိုသူတို့အနက် မင်းကောင်းတို့ကိုလည်း တွေ့ခဲ့သည်။ မင်းဆိုးတို့ကိုလည်း တွေ့ခဲ့သည်။ မင်းကောင်းကို တွေ့သောအခါ ဝမ်းသာအားရရှိခဲ့မည်ဖြစ်၍၊ မင်းဆိုးကိုတွေ့သောအခါ စက်ဆုပ်ကြောက်ရွံ့ခြင်း ရှိခဲ့မည်ဖြစ်သည်။ ထိုခေတ်ထိုအခါကသော် မြန်မာနိုင်ငံ၌သာမက ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြား၌လည်း တိုင်းပြည်၏ ကံသည် မင်း၏ဆန္ဒတစ်ခုတည်း၌သာ တည်နေသည်ဟု ဆိုအပ်သည်။ ထို့ကြောင့် 'ရာဇဝင်'ဟူသော စကားကို အသုံးပြုခဲ့ခြင်း ဖြစ်ဟန်တူသည်။

မင်း၏ဆန္ဒတစ်ခုတည်းသာ အချုပ်အခြာအာဏာဖြစ်ခဲ့သောခေတ်တွင် မင်း၏ အမူအရာတို့ကို မှတ်တမ်းပြုရာ၌ မင်းကောင်း၏အမူအရာကို ရေးပြခြင်းသည် လွယ်ကူမည်မှာ မုချဖြစ်သည်။ မင်းဆိုး၏အမူအရာကို ရေးပြရသောအခါ၌မူကား လွယ်ကူတော့မည် မဟုတ်ချေ။ မင်းသည် မင်းဝါဒကိုသာ နှစ်သက်၍၊ မင်းဘက်ကသာနေမည်ဖြစ်ရာ ဆိုးသောမင်းအကြောင်းကို ထည့်၍ရေးလျှင် မင်းမကောင်းကြောင်းကို ရေးရမည်သာ ဖြစ်သည်။ သို့ပါသော်လည်း ဦးကုလားသည် မိမိ၏ မဟာရာဇဝင်ကြီးတွင် မင်းကောင်း၏ အမူအရာကိုသာမက၊ မင်းဆိုး၏ အမူအရာကိုပါ ထည့်သွင်းခဲ့သည်။ ဤတွင် ဦးကုလားသည် မြန်မာနိုင်ငံ၏အတိတ်ခရီးကို ပြန်လှန်ဆင်ခြင်၍၊ အမှန်အကောင်းကိုသာမက အမှားအဆိုးကိုပါ ဆန်းစစ်ထုတ်ဖော်ခဲ့သူ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဤအချက်တွင် ဦးကုလား၏ စာသည် မင်း၏ဂုဏ်ကိုသာ ချီးကျူးတတ်သော ဧချင်းတို့၊ ဘုန်းတော်ဘွဲ့ ရတုတို့နှင့် သဘောချင်းမတူ တစ်မူကွဲသည်ဟု ဆိုသော် ဆိုသင့်သည်။

ဦးကုလားသည် ပုဂံရာဇဝင်တို့ကို လေ့လာ၍၊ အနော်ရထာ၏ အမူအရာကိုလည်းကောင်း၊ ကျန်စစ်သားမင်းကြီး၏ အမူအရာကိုလည်းကောင်း ချီးကျူးခဲ့သည်။ နရသူ (ကုလားကျမင်း) ၏ အမူအရာကို ကဲ့ရဲ့ခဲ့သည်။ ထိုအခါ ချီးကျူးမှု၊ ကဲ့ရဲ့မှု နှစ်မျိုးလုံးကို ရေးပြရာ၌ ဦးကုလား၏ ကံ့ကူသည် သွက်သည်ချည်းသာ ဖြစ်သည်။ ဦးကုလား၏ ချီးကျူးမှု အရေးအသားကို ချန်လှပ်၍ ကဲ့ရဲ့မှုအရေးအသားကို ဥဒါဟရဏ်ဆောင်ပါအံ့။

ပုဂံရာဇဝင်တွင် နရသူမင်းသည် ယခုခေတ်စကားနှင့် ဆိုရသော် လက်တစ်လုံးခြား လုပ်တတ်သူ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဦးကုလားသည် ထိုမင်းလက်တစ်လုံးခြား လိမ်တတ်ပုံ၊ အာဏာရှူးသက်သက် ဖြစ်ပုံတို့ကိုပေါ်အောင် ရေးပြခဲ့သည်။ အလောင်းစည်သူမင်းကြီးတွင် သားတော်အကြီး မင်းရှင်စောနှင့် သားတော်အငယ် နရသူတို့ရှိရာ မင်းရှင်စောကို မနှစ်မြို့သဖြင့် နယ်နှင်ထားသည်။ အလောင်းစည်သူမင်းကြီး နတ်ရွာလားသော်၊ မင်းရှင်စောသည် ခမည်းတော်၏ ထီးနန်းကို ဆက်ခံရန် ပုဂံသို့ အလုံးအရင်းနှင့် ချီလာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်။ ထိုအခါ နရသူသည် ထိးနန်းကို သိမ်းပိုက်လိုသဖြင့် လက်တစ်လုံးခြား လိမ်နည်းကို သုံးသည်။ ဦးကုလားသည် နရသူ လက်တစ်လုံးခြားလိမ်နည်းကို အောက်ပါအတိုင်း ထည့်သွင်းဖော်ပြခဲ့သည်။

"ပုဂံတစ်ပြည်လုံး ဘုရားကဲ့သို့ကိုးကွယ်သော သပိတ်သည်သား ပုံသကူမဟာထေရ်ကို ကုလားကျ ဤသို့နားတော်လျှောက်၏။ နောင်တော် မင်းရှင်စောသည် ခမည်းတော် မရှိသောအကြောင်းကို ကြားတော်မူလျှင် ရေအား ကြည်းအား ချီတော်မူ၍ ခမည်းတော်အရာ ရွှေထီးရွှေနန်းကို သိမ်းမည်ဟူ၍ ကြားသည်။ ဤကဲ့သို့ အလုံးအရင်းနှင့် ချီတော်မူသော် ကြာချေတော့မည် ဖြစ်သည်။ ကြာ၍လည်း ပြည်ထဲအရေးသည် မသင့်ချေ။ ကျွန်တော် ငိုလေပြီးသည်ကို ဓားတစ်စင်း၊ မြင်းတစ်စီးနှင့်သာ အလျင်ကြွတော်မူ၍ နန်းတက်တော်မူမည့်အကြောင်းကို နောင်တော်အား ခေါ်တော်မူပါဟု လျှောက်၏။ ပုံသကူမထေရ်လည်း ငါခေါ်၍ရောက်သောအခါ မင်းမမြှောက်ဘဲ နေဘိမူကား ငါရဟန်းတရားနှင့်မလျော် ရှိလတ္တံ့သည်ဟူ၍ မိန့်တော်မူ၏။ ကုလားကျလည်း နောင်တော်ရောက်လျှင် နောင်တော်အားကိုထမ်း၍ နန်းတင်ပါမည်ဟု သစ္စာကြီးစွာ ပြု၏။ ပုံသကူမထေရ်လည်း ကုလားကျ သစ္စာပြုသည်ကို ယုံကြည်တော်မူ၍ မင်းရှင်စောရှိရာ ကြွတော်မူလေပြီးသော်၊ အကြောင်းမျိုးကို ပြန်တော်မူလေ၏။ မင်းရှင်စောသည် မဟာထေရ်စကားကို ကြားတော်မူသော် ယုံတော်မူ၍၊ ရွှေလှော်ကားတစ်စင်းနှင့်သာ မဟာထေရ်ကိုတင်၍ စုန်လာတော်မူ၏။ လက်ပံဆိပ်သို့ရောက်လျှင် ကုလားကျလည်း သစ္စာပြုသည့်အတိုင်း လှေသို့ဆင်း၍ နောင်တော်သန်လျက်ကို ထမ်းပြီးသော် နောင်တော်ကိုမ၍ နန်းတင်လေ၏။ ဘိသိက်သွန်း၍ ထိုညဥ့်ဘွင် စားတော်ဝယ် ဆေးခတ်ဘိ၍၊ အနိစ္စရောက်တော်မူလေသည်"ဟု ရေးခဲ့သည်။

ဦးကုလားသည် မင်းဆိုးအမှုအရာအား အတိုက်အခံပြုသော အင်အားကိုလည်း ချန်ထားခြင်းမပြု။ ထည့်သွင်းခဲ့သည်။ အတိုက်အခံသည် အောင်သည်လည်းရှိသည်။ ရှုံးသည်လည်းရှိသည်။ ထိုအကြောင်းကိုလည်း ဦးကုလား ချန်ထားခြင်းမပြု။ ထည့်သွင်းခဲ့သည်။ ဤအချက်သည် ရေးခေတ် မြန်မာ့အုပ်ချုပ်ရေးလောက၏ သဘောသကန်ကို ဖော်ပြသော အချက် ဖြစ်သည်။ မင်းတိုင်းမကောင်း၊ မင်းဆိုးလည်းရှိခဲ့ပုံ၊ မင်းဆိုးတိုင်းလည်း တိုင်းပြည်က ခေါင်းငုံ့၍မခံ၊ ပြန်လှန်ခဲ့ပုံတို့ကို ထင်ရှားစေသောအချက် ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံသည် အချို့အချို့သော ဥရောပနိုင်ငံများကဲ့သို့ အရောင်းအဝယ်ထွန်းကားသည်လည်းဖြစ်၍၊ လမ်းပန်းအဆက်အသွယ် ကောင်းနေသည်လည်းဖြစ်၍၊ ပုံနှိပ်စာအုပ်များဖြင့် ဗဟုသုတ ဖြန့်ချိနေသည်လည်းဖြစ်သော နိုင်ငံမျိုး ဖြစ်သည်ရှိသော် ထိုထိုသော ဥရောပနိုင်ငံများမှာကဲ့သို့ အင်းဝရွှေမြို့တော်၌လည်း ဦးကုလားကြောင့် သက်ဦးဆံပိုင်မင်း၏ အချုပ်အခြာအာဏာကို တော်လှန်မည့် ပြည်သူ့အရေးတော်ကြီး တစ်ခုတလေပေါ်ခဲ့မည် မုချဟု ဆိုနိုင်သည်။ ဦးကုလားသည် ပုဂံရာဇဝင်၌ မင်းဆိုးကို တော်လှန်ရန် အားထုတ်ခဲ့သော အမှုအရာတို့ကို တွေ့ခဲ့သည်။ တွေ့သည့်အတိုင်းလည်း မိမိ၏ မဟာရာဇဝင်ကြီး၌ ထည့်သွင်းခဲ့သည်။ ဦးကုလားသည် နရသူမင်း လက်တစ်လုံးခြားလိမ်ပုံကို ဖော်ပြပြီးသည်နှင့်တစ်ပြိုင်နက် ဆက်၍ ထိုမင်းကို အာခံ

ပြန်လှန်ခဲ့ပုံကို ဖော်ပြသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

"ထိုသို့ ဆေးခတ်၍ အနိစ္စရောက်ကြောင်း ပုံသကူမဟာထေရ် ကြားတော်မူသော် နန်းတော်သို့သွား၍ ဟယ်-မင်းဆိုးမင်းညစ်၊ နင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤစည်းစိမ်ကိုရလျှင် နင်၏ ကိုယ်ခန္ဓာသည် မအိုမသေပြီဟူ၍ မှတ်သည်လော။ လောကတွင် နင့်ထက်ပျက်သော မင်းမည်သည်ကား မရှိဟူ၍ မိန့်တော်မူ၏။ ကုလားကျလည်း အရှင်မြတ်ကို သစ္စာခံသည့်အတိုင်း နောင်တော့်သန်လျက်ကိုထမ်း၍ နန်းတင်ပါ၏တကား ဟူ၍ ဆို၏။ သခင်မြတ်လည်း လူ့ပြည်တွင် နင့်ထက် ဆိုးရွားညစ်ညမ်းသောသူမရှိဟု မိန့်တော်မူခဲ့၍ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူလေ၏"ဟု ရေးခဲ့သည်။

ဤတွင် ပုံသကူမထေရ် နှုတ်ဖြင့်တော်လှန်ပုံကို ဦးကုလားဖော်ပြခြင်း ဖြစ်သည်။ ပုံသကူမထေရ်သည် ပုဂံတစ်ပြည်လုံး ဘုရားကဲ့သို့ကိုးကွယ်သောပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုရာ မဟာထေရ်၏နောက်တွင် ပုဂံတစ်ပြည်လုံးရှိမည်ဟု ဆိုနိုင်သည်။ သို့ရာတွင် မဟာထေရ်သည် ထေရ်ရဟန်းဖြစ်သည့်အားလျော်ညီစွာ မင်းအား တရားစကားဖြင့်သာ တော်လှန်၍ မင်းဆိုး၏ တိုင်းပြည်ကို စွန့်သွားလေရာ နိုင်ငံရေးအရဖြစ်သော တော်လှန်မှု မဖြစ်မြောက်ခဲ့ချေ။

သို့ရာတွင် နိုင်ငံရေးအရဖြစ်သော တော်လှန်မှုနှင့် အောင်မြင်မှုတို့ကိုလည်း ဦးကုလားဖော်ပြခဲ့သေးသည်။ ထိုတော်လှန်မှုသည် နိုင်ငံရေးသဘောတရားကိုမှီ၍ ဖြစ်သော တော်လှန်မှုမျိုးမဟုတ်။ ပုဂ္ဂိုလ်ကိုစွဲ၍ဖြစ်သော တော်လှန်မှုမျိုး ဖြစ်သည်။ သို့ရာတွင် မင်းဆိုးကို တော်လှန်တတ်ခြင်းရှိခဲ့သည်ကား ထင်ရှားသည်။ ထိုအကြောင်းသည် သက္ကရာဇ် ၆၀၀ ကျော်တွင် ပုဂံခေတ် ပုဂံနန်းလျာ သီဟသူကို ရာဇသင်္ကြန်ဦးဆောင်သော အမှုးအမတ် ကလန်သံပျင်တို့ တော်လှန်ခြင်းအကြောင်းဖြစ်သည်။ ခမည်းတော် ဥဇနာ နတ်ရွာလားသော် သားတော် သီဟသူနှင့် မင်းခွေးချေးတို့ရှိသည့်အနက် သားတော်ကြီးသီဟသူ နန်းတက်ရန် ဖြစ်သည်။ ထိုအခါ အမတ်ကြီး ရာဇသင်္ကြန်သည် သီဟသူကိုမလိုလား။ မင်းခွေးချေးကို လိုလားသူဖြစ်သည်။ ထို့ကြောင့် မှူးမတ်တို့ကို စည်းရုံး၍ မှူးမတ်အင်အားဖြင့် သီဟသူ နန်းမတက်နိုင်အောင် အားထုတ်ရာ အောင်မြင်ခဲ့သည်။ ရာဇသင်္ကြန်၏ နည်းပရိယာယ်ကို ဦးကုလားက အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"သက္ကရာဇ် ၆၀၂ ခုသော် ဥဇနာမင်းကြီး သားတော် သီဟသူကို ခမည်းတော်ရှိစဉ်ကပင် နန်းလျာထားသည် ဖြစ်သောကြောင့် မင်းပြုမည်ဟူ၍ နန်းသို့တက်သည်ကို အမတ်ကြီး ရာဇသင်္ကြန် ဤသို့ နားတော်လျှောက်၏။ အရှင့်သား၊ ခမည်းတော်သည် ကျေးစွန် ရွာနားဖြစ်သော ဒလမြို့မှာ အနိစ္စရောက်တော်မူ၍ သင်္ဂြိုဟ်တော်မူသော သချိုင်းတော် ကို ဦးတိုက်ရသော အမှုးအမတ်တို့လည်း ဦးတိုက်ရပြီ။ ဦးမတိုက်ရသော အမှုးအမတ်တို့လည်း ဦမတိုက်ရသေး ဖြစ်သည်။ ကျွန်တော်တို့ အမှုးအမတ် ကလန်သံပျင်တို့သည် ခမည်းတော် သချိုင်းတော်တွင် ဦးတိုက်၍ပြန်မှ သိဘိက်ခံတော်မူပါဟူ၍ လျှောက်လေ၏။ သီဟသူလည်း ယုံကြည်တော်မူချေသောကြောင့် ခမည်းတော်သချိုင်းကို ဦးတိုက်၍ အလျင်ပြန်ခဲ့ပဲဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မိန့်တော်မူ၏။ အမတ်ကြီး ရာဇသင်္ကြန်မှစသော အမှူးအမတ် ကလန်သံပျင်အပေါင်းတို့လည်း သွား၍ ရောက်လေသော် သချိုင်းတော်တွင် ရုံးစု၍ ရာဇသင်္ကြန်က ဤသို့ဆို၏။

"အမတ်တို့၊ သီဟသူကို မင်းမြှောက်သည်ရှိသော် ပြည်ရွာအားလုံး ခက်လေတော့မည်။ သီဟသူဆိုသော မင်းသားသည် အမျက်စောင်မာန်ကြီး၏။ အငြူအစူလည်းပြင်း၏။ သူ၏ သားမယားတို့လည်း မျက်မှန်းကျိုးတတ်၏။ လောဘသက္ကာရလည်းကြီး၏။ သစ္စာစကားကိုလည်းမစောင့်။ အမတ်တို့ကိုထားဘိ၍ ငါအမတ်ကြီးဖြစ်သောသူကိုမျှ မထောက်မထား၊ မခန့်မရည်း ကျင့်ဖူးလေ၏။ တစ်ရံရောအခါ သီဟသူ နောက်ကလာသည်ကို မမြင်မိ၍ ဖျင်လက်မသိမ်းခင် ရှိလေပြီကို ဖျင်လက်ဝယ် ကွမ်းသွေးထွေးဘိ၏။ ငါလည်း အရှင့်သားလာသည်ကို မမြင်မိပလေဟူ၍ ဆိုသော်လည်း နှလုံးမပြေရှိဖူးလေ၏။ ကွမ်းသွေးဆွေးသောဖျင်ကိုလည်း ထားရာတံတင်းမှယူ၍ အမတ်တို့ကို ပြလေ၏။

"အမတ်တို့လည်း ထိုဖျင်ကိုမြင်သော် မင်းမဖြစ်ခင်ကမှ အမတ်ကြီးကို ဤသို့မထောက်မချင့် မျက်နှာဖျက်တုံ၏ရှင့်။ မင်းဖြစ်ပြီးတကား အဘယ်မှာ ငါတို့နေရအံ့နည်းဟူ၍ အမှူးအမတ် ကလန်သံပျင်အပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်းဖြစ်၍ ဒလကိုရောက်လေသော် သီဟသူကိုဖမ်း၍ ညီတော် မင်းခွေးချေးကို နန်းတင်ကြ၏"ဟု ရေးခဲ့သည်။

ဤသို့ဖြင့် ဦးကုလားသည် မြန်မာ့လောကတစ်ခုလုံးကို သိမ်းကျုံးခြုံငုံ မှတ်တမ်းတင်၍ ဆိုမြန်မာ့လောက၏ အတိတ်ခရီးတွင် မင်းဆိုးတို့၏ အမူအရာတို့ကိုသာမက တော်လှန်သူတို့၏ အမူအရာတို့ကိုပါ သတိပြုခဲ့သူ ဖြစ်သည်ဟု ဆိုသင့်သည်။ ထို့ကြောင့် ထိုသို့သတိပြုခဲ့သည်တို့ကို ထိမ်ချန်ခြင်း၊ တန်ဆာဆင်ခြင်းမပြုဘဲ ချေင်ဖွာ တင်ပြရေးသားအပ်သော မဟာရာဇဝင်ကြီးသည်လည်း ရေးစာများနှင့်မတူ တစ်မူကွဲသောစာပေ ဖြစ်သည်ဟုပင် ဆိုသင့်သည်။

၁၉၅၃။

# ရှေးက မြန်မာစာပေသစ် [၄]

## ရှင်ဥက္ကံသမာလာ၏ တောင်ငူဆိုရတုအဖြေ

မြန်မာ့အတိတ်လောက၏ သဘောတစ်ရပ်ကို မဟာရာဇဝင်ကြီးတွင် ဦးကုလား တင်ပြခဲ့ကြောင်း၊ ထိုသို့တင်ပြရာတွင် မင်းဆိုးတို့၏ အမှုအရာတို့ကိုသာမက မင်းဆိုးတို့ကို ဆက်လှန်တတ်သောသူတို့၏ အမှုအရာတို့ကိုပါ ထည့်သွင်းဖော်ပြခဲ့ကြောင်း၊ ဤသို့ဖြင့် ဦးကုလား၏စာသည် ဦးကုလားမတိုင်မီက စာမျိုးနှင့်မတူ၊ တစ်မူကွဲ၍ စာပေသစ်လက္ခဏာကို ဆောင်ကြောင်း ဆိုခဲ့ပြီ။ ယခုတစ်ဖန် ဦးကုလား၏ခေတ်၌ ကျော်စောကြသော ရှင်ဥက္ကံသမာလာနှင့် ဒုတိယကျော်အောင်စံထားဆရာတော်တို့၏ စာများသည်လည်း ခေတ်အလျောက် ထူးခြားသော စာပေသစ်လက္ခဏာ မည်သို့မည်ပုံဆောင်လျက်ရှိသည်ကို အားထုတ် ဖော်ပြပါအံ့။

ဦးကုလားသည် မြန်မာ့အတိတ်လောကကို မှတ်တမ်းရေးနေသောအခါ၊ ဆရာတော်နှစ်ပါးသည် မြန်မာ့ဘိုးဘွားတို့မှရရှိခဲ့သာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို စစ်ဆေးဝေဖန်ခဲ့ကြသည်။ ထိုဆရာတော်နှစ်ပါး မတိုင်မီကသော် များစွာကုန်သော မြန်မာပညာရှိဘိတို့သည် ပါဠိစာပေမှ ကိုးကားပြောဟောရေးသားခြင်းတို့ကို ပြုကြသည်သာများသည်ဟု ထင်အပ်သည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ဝေဖန်ပြောဟော ရေးသားခြင်းကိုမူကား ဤဆရာတော်နှစ်ပါးမှစ၍ အထူးအထွေ ပြုလာကြသည်ဟုယူသော် ရသင့်သည်။

ဆရာတော်နှစ်ပါးအဖို့မှာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ အခြားမဟုတ်၊ မြန်မာဘာသာစကားနှင့် မြန်မာ ပျို့လင်္ကာစာပေတို့ ဖြစ်သည်။ တစ်ဖန် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ဝေဖန်ဟောပြော ရေးသားခြင်းဆိုသည်မှာလည်း အခြားမဟုတ်။ ထိုအမွေအနှစ်တို့၏ သဘောသကန်ကို စစ်ဆေး၍ သန့်စင်သင့်သည်ကို သန့်စင်ခြင်း၊ စည်းပြုသင့်သည်ကို စည်းပြုခြင်းတို့ ဖြစ်သည်။ တစ်နည်းဆိုရသော် ဘိုးဘွားတို့ကိုယ်တိုင် ဖန်တီး

ထုတ်လုပ် သိုလှောင်ခဲ့သော ကုန်ပစ္စည်းအရပ်ရပ် မည်ရွေ့မည်မျှရှိသည်ကိုလည်းကောင်း၊ တန်ဖိုးမည်မျှ ရှိသည်ကိုလည်းကောင်း ပြန်လည် စာရင်းကောက်ယူ မှတ်တမ်းတင်ထားခြင်းမျိုး ဖြစ်သည်ဟု ဆိုထိုက်သည်။

ပုဂံခေတ်မှစ၍ မြန်မာတို့သည် မြန်မာစကားပြေ အမြောက်အမြား ရေးခဲ့ကြ၏။ ပျို့၊ လင်္ကာ၊ ရတု၊ ဧချင်း၊ မော်ကွန်း အမြောက်အမြားရေးခဲ့ကြ၏။ သို့ရာတွင် ထိုမြန်မာစာပေစု၏ အကျိုးအကြောင်းကို အမြတ်တနိုးပြု၍ရေးသောစာမျိုး ရှိသည်ဟု ဆိုနိုင်လင့်ကစား၊ ရှားလှ၏ဟု ဆိုသင့်သည်။ ဤကိုထောက်သဖြင့် မြန်မာမှုအကြောင်းသက်သက်ကို အရေးတယူပြုကာ စဉ်းစားခြင်း၊ ရေးသားခြင်းတို့သည် မြန်မာသက္ကရာဇ် ၁၀၀၀ကျော်ဖြစ်သော ရှင်ဥက္ကံသမာလာ၏ ခေတ်တိုင်အောင် နည်းပါးခဲ့သည်မှာ သိသာသည်။ ထိုသို့သော ခေတ်ထဲတွင် ရှင်ဥက္ကံသမာလာသည် တောင်ငူဘုရင် နတ်သျှင်နောင်ဆို ရတုတို့ကို အမြတ်တနိုးပြုကာ ဖြေရှင်းချက်များကို ရေးခဲ့၍၊ ဒုတိယကျော်အောင်စံထားဆရာတော်သည် မြန်မာပျို့၊ လင်္ကာ၊ ဧချင်း၊ မော်ကွန်းတို့ကို အမြတ်တနိုးပြုကာ မြန်မာဘာသာစကား၏ သဘောသကန်ကိုလည်းကောင်း၊ အနက်ကိုလည်းကောင်း တင်ပြခဲ့သည်။

ရှင်ဥက္ကံသမာလာသည် သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် နန်းတက်တော်မူသော တနင်္ဂနွေမင်းလက်ထက်တွင် ကျော်စောထင်ရှားသော ဆရာတော်ဖြစ်သည်။ မြန်မာမှုသက်သက်အကြောင်း ရေးသော ကျမ်းများအနက် မြန်မာစာပေနှင့်စပ်လျဉ်း၍ နတ်သျှင်နောင် ရတုအဖြေကို စီရင်ခဲ့သည်။ နတ်သျှင်နောင်ရတုများအနက် တစ်သောင်းရှစ်ပြန်ချီ၊ တစ်သောင်းရှစ်မည်ချီ၊ လွတ်ဦးသဘင်ချီ၊ သကျမဥ္ဇူချီ၊ ရှစ်ဆိုင်ရွက်ကြာချီ၊ နေ၊လ ရစ်လည်ချီ၊ မှာခဲ့ရက်လျှင်ချီ၊ မနီးရံလည်ချီ၊ ပေါ်နွေလလျှင်ချီ၊ ခေါင်ထွတ်ဆက်ကာချီ၊ ဖန်စကြာလျှင်ချီ၊ သမုတ်ဧရာချီ၊ လွမ်းလှရာတွင်ချီ၊ ဆွတ်ပျံ့ဘွယ်အောင်ချီ ရတုတို့အတွက် အဖြေများကို ရေးခဲ့သည်။ (သုတေသနမှု၌၊ ပြဆန်းမဆင်ချီ ရတုတစ်ပုဒ် တိုးလာသည်)

မြန်မာစာပေသမိုင်းတွင် ရတုအမြောက်အမြားရှိသည့်အနက် နတ်သျှင်နောင် ရတုများသည် ခေတ်အဆက်ဆက် ကျော်စောခဲ့ကြဟန်တူသည်။ ထိုရတုများအကြောင်း အဟောအပြော အလေ့အလာလည်း အတန်အသင့်ရှိခဲ့ဟန်တူသည်။ ကျော်စောခြင်း အပြောအဟောအလေ့အလာရှိခြင်းတို့ကြောင့် အကောက်အယူအမျိုးမျိုးရှိတန်သရွေ့ ရှိခဲ့ဟန်တူသည်။ ထို့ကြောင့်သာလျှင် ရှင်ဥက္ကံသမာလာ ဆရာတော်သည် မိမိ၏ ရတုအဖြေနိဒါန်းတွင် နည်းအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖော်ပြမည်ဖြစ်ကြောင်း၊ မှတ်သားနာယူ၍ ပွဲအလယ်၌ တင့်တယ်စေချင်ကြောင်းတို့ကို-

> *'ထုံးပြားနည်းနာ၊ ရှေးလင်္ကာကို၊ သိသာစေချင်၊ ဓိပ္ပာယ်ဆင်ပိမ့်၊ သဘင်ပွဲမှောက်၊ မရွံ့ကြောက်လျှင်၊ စံမြောက်ဘာသာ၊ မှတ်ယူနာ၍။ ။ ပညာသွေးစေကုန်သတည်း'*

ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှင်ဥက္ကံသမာလာသည် ရတုများကို ဖြေရာတွင် လိုရင်းအဓိပ္ပာယ်ကို သာမန်အားဖြင့် ခွဲခဲ့သည်မဟုတ်။ ထိုခေတ် ထိုအခါက အမှတ်အသား၌လည်းကောင်း၊ အဓိပ္ပာယ် ၌လည်းကောင်း ကွဲပြားနေသောအချက်ရှိပါက ထိုအချက်ကို ဖော်ပြ၍ ရေးပုဲ့လက်ာ၊ ချောင်း၊ မော်ကွန်းတို့မှ သင့်ရာရာကို အကိုးအကားပြုကာ မိမိ၏အယူအဆကို ဖော်ပြတတ်သော အလေ့ရှိသည်။ 'တစ်သောင်းရှစ်ပြန်'ချီ ရတုတွင် ရှင်ဥက္ကံသမာလာက 'တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊ သောကာလ ဘယ်'ဟူသော စာပိုဒ်၌ 'ယုဂန်လှည့်သွား'ဟူသော စကားကိုသာ မိမိနှစ်သက်ကြောင်း၊ အချို့က 'ယုဂန်ရှည့်သွား'ဟူ၍ ယူမှတ်ကြကြောင်း၊ ထိုအယူအမှတ်သည် အဓိပ္ပာယ် ပျက်ရုံသာရှိကြောင်း၊ ကျမ်းဂန်၌ ယုဂန်တောင်ကို နေ၊ လတို့ လှည့်ပတ်သွားသည်ဟု ဆိုသည်က များသဖြင့် 'ရှည့်သွား'ထက် 'လှည့်သွား'က ပို၍နှစ်သက်ဖွယ်ကောင်းကြောင်း တို့ကို ဆိုထားသည်မှာ–

> *'အချို့သသူတို့ကား၊ ယုဂန်ရှည့်သွားဟု ဆိုကုန်၏။ ယုဂန္ဓိုရ်တောင် ထွတ်နှင့်အမျှ အရှည်ရှိသောခရီးကို သွားသည်ဟု ဆိုလိုသည်။ ထိုစကား သည် အဓိပ္ပာယ်မပျက်ရုံသာ ရှိသည်။ ကျမ်းဂန်၌ နေ၊ လတို့ လှည့်၍ သွားကြောင်း အများရှိသည်။ ပျို့ကဗျာတို့၌လည်း အကြင်လှူပြည်၊ ထိုညဥ့်သည်တုံ၊ စက်လည်သောအား၊ ပြဗ္ဗာဖျား၌၊ ရထားတိုင်ဖူး ဟူ၍ ပါရမီခန်း၌လည်းကြောင်းကို စပ်သည်။ တောင်ငူမင်းဆိုသည့် စာများတွင် လည်း တစ်ဆယ့်နှစ်ခွင်၊ လှည့်ရာတွင်၌၊ ကောင်းကင်မှိုင်းဝေ ဟူ၍လည်း ကောင်း၊ နေလရစ်လည်၊ တောင်တို့သည်လည်း၊ ဘုန်းစည်ထွတ်ချာ ဟူ၍ လည်းကောင်း၊ ရှစ်မည် ဂြိုဟ်လျှင်၊ မြင်းမိုလက်ယာ၊ လှည့်ကြရာဝယ် ဟူ၍လည်းကောင်း၊ နေလုလင်လျှင်၊ ကျွန်းခွင်တားတား၊ စက်ရထားနှင့်၊ ပြန်သွားမလှည့်ခင်ကိုလည်း ဟူ၍လည်းကောင်း လှည့်လည်ကြောင်းကို အများရှိသည်။ ကျမ်းဂန်နှင့်လည်းညီသည်။ အလိုက်ရတု၌လည်း တစ် သောင်းရှစ်မည်၊ လေးထောင်တည်ကို၊ ရစ်လည်လှည့်ပတ်ဟူ၍ ဆိုသည် တို့ကို ထောက်၍ ယုဂန်လှည့်သွား ဟူသော စကားကိုသာ ငါတို့နှစ်သက် ပေသည်'*

ဟု ဆို၍ ရတုပါ စကားသုံး အထုံးအထွေးတစ်ခုကို ပြေအောင် ဆရာတော် ဖြေခဲ့ သည်။

တစ်ဖန် ရှင်ဥက္ကံသမာလာသည် နတ်သျှင်နောင် တစ်ဦးတည်းသာလျှင် ဧကန်မုချ သိနိုင်မည်ဖြစ်၍ ပဟေဠိဆန်ဆန် ရေးစပ်ဘိသကဲ့သို့ရှိသော စကားတစ်ရပ်၏ အဓိပ္ပာယ်ကို ကောက်ယူခဲ့သည်။ ထိုစကားသည် ဆွတ်ပျံ့ဘွယ်အောင်ချီ ရတု၏ ဒုတိယအပိုဒ်ရှိ 'မမျှ န်းချင်း၊ မွေးတုကင်းကို'ဟူသော စကား ဖြစ်သည်။ ထိုစကားကို နတ်သျှင်နောင် ရေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သောအခါ သက္ကရာဇ် ၉၀၀ ကျော်ဖြစ်ရာ ရှင်ဥက္ကံသမာလာလက်ထက်တွင် ထိုစကား သည် နှစ်ပေါင်း တစ်ရာခန့်မျှ ကြာမြင့်ခဲ့ပြီ။ ထို့ကြောင့် ထိုစကား၏ အဓိပ္ပာယ်သည် အထွေထွေတွေးတောဖွယ်ရာအခြေသို့ ရောက်နေပြီဟု ဆိုအပ်သည်။ ထိုစကား၏ ရှေ့ နောက် အဆက်အစပ်စကားတို့သည် အောက်ပါအတိုင်း ဖြစ်သည်။

*'ရွှေသားပြောင်ဝင်း၊ နန်းပြတင်းက၊ လေညင်းမြူရွှင်၊ ကြည့်စဉ်တွင်၌၊ ဘုန်းအင်ကြီးလှ၊ ဆင်ထိုက်ရသား၊ မမျှပန်းချင်း၊ မွေးတုကင်းကို၊ မယွင်း သတိ၊ ရှုမိမိသည်၊ မျက်စိမူးလည် သီတော့သည်'*

ဟု ဖြစ်သည်။ ဤအပိုဒ်၏အဓိပ္ပာယ်ကို ရေးပြီးနောက် ရှင်ဥက္ကံသမာလာသည် 'ဤ အပိုဒ်၌၊ မမျှပန်းချင်း၊ မွေးတုကင်းကို ဟူသည်ကား စေတီတော်ကို ဆိုသည်' ဟုအဓိပ္ပာယ် ကောက်ပြခဲ့သည်။

တစ်ဖန် ရှင်ဥက္ကံသမာလာသည် ရတုအဖြေများကို စီရင်ရင်း ပျို့၊ လင်္ကာ စာဆို တို့၏သဘောနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပျို့လင်္ကာအရေးအသား၌ အနက်ကောက်ပုံ နှင့် စပ်လျဉ်း၍လည်းကောင်း၊ဩဝါဒမှတ်ချက်များ ချခဲ့သည်။ ထိုဩဝါဒ မှတ်ချက်တို့သည် မြန်မာကဗျာသင် ဆရာတို့အတွက်လည်းကောင်း၊ စာပြင် စာတည်း ဆရာတို့အတွက် လည်းကောင်း၊ ယခုတိုင် လိုက်နာဖွယ် ဖြစ်သင့်သည်။ ပျို့လင်္ကာ စာဆိုတို့၏သဘော အကြောင်းကို 'ပျို့လင်္ကာစပ်ကုန်သော သုခမိန်တို့တွင် အချို့သော ကဝိတို့ကား အားလုံးစုံ သော သဒ္ဒါနည်း၊ အလင်္ကာနည်း၊ နေတ္တိနည်းတို့ကိုလည်းကောင်း၊ အထူးထူးသောကျမ်း တို့၌လာသော ယုတ္တိတို့ကိုလည်းကောင်း ဆောင်၍ စပ်ကုန်၏။ အချို့ကား နှုတ်ချိုခွန်းသာ၊ အသတ် အလတ် အစပ်ရလွယ်သော ပဋိဘာန်ရှိသောကြောင့် နာလိုနာပျော် စပ်ဆိုကုန် သည်လည်းရှိ၏' ဟု ဆိုခဲ့သည်။ ဤတွင် ရှင်ဥက္ကံသမာလာသည် စာဆို၏သဘောကို ကြံစည်ဖွဲ့၍ စာဆိုနှစ်မျိုးရှိကြောင်း သူ့အယူအဆကို တင်ပြခဲ့သည်။

တစ်ဖန် ရှင်ဥက္ကံသမာလာသည် ပျို့လင်္ကာအရေးအသား၌ အနက်ကောက်ရာတွင် သဒ္ဒါအနက် သင့်အောင် ယူအပ်ကြောင်း၊ ဘာသာစကားတစ်ခု၌ သဒ္ဒါကျမ်း ရေးပြီးသား ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သဒ္ဒါအရာကား ရှိမြဲဖြစ်ကြောင်း၊ သဒ္ဒါအနက် သင့်အောင် ရေးခြင်းမပြု၍ စာပျက်လေသော် ပြင်ဆင်အပ်ကြောင်း၊ ကဝိတို့၏ စာဖြစ်ဘိမူကား နည်း အမျိုးမျိုးဖြင့် ညှိနှိုင်းယူအပ်ကြောင်းတို့ကို–

*'သင်္ကရိုက်ဖြစ်သော သဒ္ဒါကျမ်းကို သဗ္ဗဝမ္မိဆရာ၊ ဒုဂ္ဂသိဟဆရာတို့ စီရင်သည်။ မဂဓဘာသာသဒ္ဒါကျမ်းကို ကစ္စည်းဆရာစီရင်သည်။ မြန်မာ ဘာသာ၊ ရှမ်း၊ တလိုင်းဘာသာ စသည်တို့၌ သဒ္ဒါကျမ်းကို ဆရာတို့ မစီရင်။ ကစ္စာယနဒီပနီကျမ်း၌မူကား ကာရက အစရှိသည်ကို စုံးစဉ်းမျှ ဆိုရာ၏။ အလုံးစုံသော ဘာသာတို့၌ သဒ္ဒါကျမ်းကို ဆရာကြီးတို့*

*စီရင်သော် ဖြစ်ကောင်းလျက်၊ သီလွယ်သည်ကို နှလုံးသွင်း၍ ကျမ်းအထူး မစီရင်လေကုန်။ ထိုသို့မစီရင်သော်လည်း ကမ္ဘာအဆက်ဆက်၊ ဘုရားအဆက်ဆက် သဒ္ဒါကျမ်းရှိသည်ချည်း ဟူ၍ ဉာဏ်ဆရာကြီး ဆိုသောကြောင့်လည်းကောင်း၊ ဒဏ္ဍီကျမ်း၌ အာဒိရာဇဝယသောဗိမှ အစရှိသည်ကို ဆိုသောကြောင့်လည်းကောင်း သဒ္ဒါသည် လောကတို့၏ ဝေါဟာရဖြစ်သည်။ ထို့ကြောင့် သဒ္ဒါအနက်သင့်အောင် အမိပ္ပာယ်ယူရာသည်။ အရေးအသား ပျက်လေသော်၊ စာအဆိုမတတ်၍ တိမ်းယိမ်းလေသော် ပြင်ဆင်ရာ၏။ များသော ဂုဏ်နှင့် ပြည့်စုံသော ဆရာကြီး ကဝိတို့ဆိုသော စာဖြစ်မှုကား ဆရာကို ပမာဏပြု၍ အထူးထူးသော သဒ္ဒါနယ အတ္ထနယ အလင်္ကာနည်း၊ နေတ္တိနည်း စသည်တို့နှင့် ညှိနှိုင်း၍ယူရာ၏'*

ဟု ဩဝါဒထားခဲ့သည်။ ဤတွင် ရှင်ဥက္ကံသမာလာသည် သဒ္ဒါအနက်အရကို အခြေပြု၍ စာပြင်သောအခါ၌လည်းကောင်း၊ ပယ်သောအခါ၌လည်းကောင်း ညှိနှိုင်းသောအခါ၌လည်းကောင်း လိုက်နာအပ်သောစည်းကို ဆင်ခြင်ကြံစည်ဖူးကြောင်း သိသာထင်ရှားသည်။ နတ်သျှင်နောင်ဆို ရတုများကို ဖြေရာတွင် သူကိုယ်တိုင်လည်း ထိုစည်းကို လိုက်နာခဲ့ပြီ ဟု ဆိုရာသည်။

ဤသို့ဖြင့် ရှင်ဥက္ကံသမာလာသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဟု ဆိုအပ်သော (၀၁) မြန်မာမှုဟု ဆိုအပ်သော နတ်သျှင်နောင်ဆို ရတု၏ သဘောသကန်ကို စစ်ဆေး၍ ဖော်ထုတ်ခဲ့သည်ဖြစ်ရာ ထိုသို့ဖော်ထုတ်သော ဆရာတော်၏ စာသည် တစ်နည်းဆိုရသော် စာပေဝေဖန်စာတစ်မျိုးပင် ဖြစ်သည်ဟု ဆိုရာသည်။ ထိုစာတစ်မျိုးကို ထိုခေတ်တွင် စာပေသစ်ဟူ၍ ခေါ်ထိုက်ပေသည်။

၁၉၅၃။

# ရှေးက မြန်မာစာပေသစ် [၅]

## ဒုတိယကျော်အောင်စံထား၏ ဝေါဟာရတ္ထပကာသနီ

ရှေးက မြန်မာစာပေသစ်ဂိုဏ်း၌ ဝင်နိုင်သည်ဟု ယူဆခဲ့သော ပုဂ္ဂိုလ်လေးဦးအနက် မင်း၊ မှူးမတ် မင်းညီမင်းသားတို့ခေတ်တွင် ဝန်ကြီးပဒေသရာဇာသည် ပြည်သူဆင်းရဲသားတို့၏ ဘဝအခြေအနေကို သတိပြုခြင်း ရှိနိုင်ကြအောင် ပြည်သူဆင်းရဲသားဘွဲ့ တျာချင်းများကို ဆိုခဲ့ကြောင်း ဖော်ပြခဲ့ပြီ။ တစ်ဖန် လောကသမုတိနတ်ဟု ရိုသေကြောက်ရွံ့ခြင်းခံကြရသော သက်ဦးဆံပိုင် ဧကရာဇ်၊ ပဒေသရာဇ်တို့ခေတ်တွင် ဦးကုလားသည် မြန်မာတို့၏ အတိတ်လောကကို ပြန်ကြည့်ပြီးနောက် ဧကရာဇ်၊ ပဒေသရာဇ်တို့၏ ကောင်းသောအမှုအရာတို့ကိုသာမက၊ ဆိုးသော အမှုအရာတို့ကိုပါ သတိပြုနိုင်ခြင်းရှိကြအောင် မဟာရာဇဝင်ကြီးကို ရေးခဲ့ကြောင်း ဖော်ပြခဲ့ပြီ။ တစ်ဖန် ပါဠိစာပေမှ သင့်နီးရာရာတို့ကို အနက်မြန်မာပြန်ခြင်း၊ ကိုးကားပြောဟောခြင်းတို့ကို အစဉ်တစိုက် ပြုလာကြသောခေတ်တွင် ရှင်ဥက္ကံသမာလာသည် မြန်မာပျို့လင်္ကာစာပေ၏ သဘောသကန်ကို သတိပြုခြင်းရှိနိုင်ကြအောင် နတ်သျှင်နောင် ရတုအဖြေကို စီရင်ခဲ့ကြောင်း ဖော်ပြခဲ့ပြီ။ ယခုသော် ထိုသို့သောခေတ်ထဲ၌ပင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဟုလည်း ခေါ်ထိုက်၍ မြန်မာ့လူမှုလောက၏ ဆက်ဆံရေး အသက်သွေးကြောတစ်ခုဟုလည်း ခေါ်ထိုက်သော မြန်မာဘာသာစကား၏ သဘောသကန်ကို သတိပြုခြင်း ရှိနိုင်ကြအောင် ဒုတိယကျော်အောင်စံထားဆရာတော် အားထုတ်ခဲ့ပုံကို ဆိုပါမည်။

ဒုတိယကျော်အောင်စံထားဆရာတော်သည် ၁၀၈၀ ပြည့်နှစ်၌ ဖွားမြင်၍ အင်းဝ၌ ရဟန်းအဖြစ် စာပေသင်ကြားသည်။ ကျော်အောင်စံထားဆရာတော် ပျံလွန်တော်မူသောအခါ ကျော်အောင်စံထားကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသဖြင့် ဒုတိယကျော်အောင်စံထားဆရာတော်ဟု ကျော်စောလာသည်။ သက်တော် ငါးဆယ်အကျော်လောက်တွင် ယခုတိုင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စံတစ်ဆူပြုရသော ဝေါဟာရတ္ထပကာသနီကို ရေးသားပြီးစီးခဲ့သည်။

ထိုကျမ်းသည် မြန်မာဘာသာစကား၏ သဘာဝကိုလည်းကောင်း၊ မြန်မာ့ဘာသာစကားတို့၏ အနက်ကိုလည်းကောင်း စုံစမ်းလေ့လာ၍ ဝေဖန်ဖွင့်ဆိုထားသောစာ ဖြစ်သည်ဟု ဆိုရာသည်။ ထိုကျမ်းကို ထောက်ခြင်းအားဖြင့်မြန်မာဘာသာသည် ပါဠိဘာသာ၊ သက္ကတဘာသာတို့ကို အမှီပြုသင့်သလောက် ပြုသော်လည်း၊ မြန်မာဘာသာသည် မြန်မာဘာသာဖြစ်၍ မြန်မာဘာသာ၏ သဘာဝအလျောက်သာဖြစ်လာ၊ ပွားလာကြောင်းကို ဆရာတော်သည် ပထမအကြိမ် တစ်ခဲနက် မိန့်ဟတင်ပြခြင်းပြုခဲ့သည်ဟု ဆိုသင့်သည်။ ထိုသဘောကို အထက် ယခင်ပညာရှိပုဂ္ဂိုလ်တို့လည်း သိကြတန်ရာသည်။ သို့ရာတွင် တစ်ခဲနက် မိန့်ဟတင်ပြခဲ့သူကား ဒုတိယကျော်အောင်စံထားဆရာတော်သာဖြစ်၏ဟု ယူဆဖွယ်ရာဖြစ်သည်။ ဆရာတော်သည် ဝေါဟာရတ္ထပကာသနီကို စီရင်ရေးသားရာ၌ မြန်မာဘာသာ၏သဘာဝကို အသိအမှတ်ပြု၍ မြန်မာဘာသာစကားအတွက် အချက်ပေါင်းများစွာကို ဆိုခဲ့သည်။ ထိုအချက်များအနက် စည်းပြုပုံအချက်ကိုလည်းကောင်း၊ အနက်ပေးပုံအချက်ကိုလည်းကောင်း၊ ဆရာတော်၏ ထူးခြားသော စကားပြေ အရေးအသားကိုလည်းကောင်း စာပေသစ်၏ လက္ခဏာအဖြစ်ဖြင့် ဖော်ပြရန် အားထုတ်ပါမည်။

ရှေးဦးစွာ မြန်မာဘာသာစကား၏ သဘာဝကို ဆရာတော် အသိအမှတ်ပြုကြောင်းကို ဆိုချင်ပါသည်။ ဆရာတော်သည် ကစ္စည်းဆရာ၊ ကစ္စာယနဝဏ္ဏနာဆရာ၊ နျာသဆရာ၊ ရူပသိဒ္ဓိဆရာ၊ သဒ္ဒနီတိဆရာ စသည်တို့၏ စာများ၌ နှံ့စပ်ခဲ့သူဖြစ်၏ဟု ဆိုသင့်သည်။ သို့ရာတွင် မြန်မာဘာသာအကြောင်းကို ဆင်ခြင်သောအခါ၌ကား၊ ဆိုခဲ့သော စာများမှ ရအပ်သော ဘာသာစကား သဘောတရားတို့ကို လှေနံဓားထစ် သုံးဆောင်ဟန်မတူ။ မြန်မာဘာသာ၏ သဘာဝကိုချင့်၍ ထိုသဘာဝကိုသာ လက်ခံ၍ အသိအမှတ်ပြုခဲ့သည်ဟု ဆိုနိုင်သည်။ တစ်နည်းဆိုရသော် ပါဠိဘာသာ၌ ထိုသို့၊ ထိုသို့သော သဘောတရားရှိသောကြောင့် မြန်မာဘာသာ၌လည်း ထိုအတိုင်းရှိထိုက်သည်၊ ရှိရမည်ဟုလည်းကောင်း ဆရာတော်သည် အခါခပ်သိမ်း မယူဆတတ်ခြင်း ဖြစ်သည်။ ဤအချက်ကြောင့် ဆရာတော် ဉာဏ်ကြီးလှပေသည်ဟု ချီးကျူးဖွယ်ရာဖြစ်သည်။ ထိုသို့မယူဆတတ်ပုံ သာဓက ရိုးရိုးလွယ်လွယ် တစ်ခုကို ဆိုရသော် ဤသို့ ဖြစ်သည်။

ပါဠိဘာသာ၏သဘာဝအရ နာမ်တို့တွင် ပုလ္လိင်၊ ဣတ္ထိလိင်၊ နပုလ္လိင်ဟူ၍ ခွဲဝေခြင်းရှိရာ၊ လိင်ကိုလိုက်၍ ပစ္စည်းသက်ရခြင်းရှိကြောင်း၊ သို့ရာတွင် မြန်မာဘာသာ၏ သဘာဝအရ နာမ်တို့တွင်ကား (ဝါ) မြန်မာမှု၌ကား ပုလ္လိင်၊ ဣတ္ထိလိင် စသည်ဖြင့် ခွဲဝေခြင်းမရှိကြောင်း၊ လိင်ကိုပြောလိုလျှင် ယောကျ်ား၊ မိန်းမ၊ နပုန်းဟူ၍သာ တိုက်ရိုက်ဆိုတတ်ကြောင်းတို့ကို တင်ပြခဲ့သည်။ ဝေါဟာရတ္ထပကာသနီ၌ တင်ပြပုံမှာ—

*'ပထဝီသဒ္ဒါသည် မာဂဓ၌ ဣတ္ထိလိင်၊ မြန်မာမှု၌ကား မြေဟူ၍သာ ဆိုလေခြင်းကြောင့်၊ လိင်ကိုမမှတ်သာ။ ထို့ကြောင့် လိင်မခွဲဝေသာသည် ဖြစ်၏။ ကြံ၍ဆိုမူကား လိင်ကိုလိုက်၍ ရုပ်မစီရင်သော်လည်း ပရိယာယ်*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ဝေါဟာရကိုမှတ်၍ မိန်းမ၊ အမိ၊ အဘွား၊ အရီး စသည်ဖြင့် ဣတ္ထိလိင်ကို ဆိုအပ်သော ဝေါဟာရသည် ဣတ္ထိလိင် မည်၏။ ယောကျ်ား၊ အဖ၊ အဘိုး၊ ဦးရီး စသည်ဖြင့် ပုလ္လိင်ကို ဆိုအပ်သော ဝေါဟာရသည် ပုလ္လိင်မည်၏။ ထိုသို့ ယောကျ်ား၊ မိန်းမ အထူးမထင်သာသော တစ် နှစ် သုံး လေး စသော အရေအတွက်၊ အဖြူ၊ အညို စသော အဆင်း၊ သွား၏ စား၏ စသော ကြိယာအနက်၊ ဤသို့ စသည်ဖြင့် ယောကျ်ား မိန်းမဟူ၍ မမှတ်ရ။ အလွတ်သော ဝေါဟာရကို နပုလ္လိင်မည်ဟူ၍ ဆိုမူကား ဆိုရ၏။ မာဂဓနှင့် ညီမူကား အချို့သောအရာ၌ မပြိုင်မိ ရှိလေအံ့သည်။ ထို့ကြောင့် မခွဲဝေတတ်သကဲ့သို့ ထင်၏'*

ဟု ဆို၍ ပါဠိ၌ လိင်ရှိသည့်နည်းအတိုင်း၊ မြန်မာ၌ မရှိဟု ပယ်ပြီးနောက်၊ မြန်မာ နည်းအတိုင်း ရှိပုံကို ဆိုခဲ့သည်။

ထို့နောက် ဆရာတော်သည် မြန်မာဘာသာ၏ သဘာဝကိုချင့်၍ မြန်မာဘာသာ ဆိုင်ရာ စည်းပြုခဲ့ပုံအကြောင်းကို ဆိုပါမည်။ ဆရာတော်ပြုခဲ့သော စည်းပေါင်းများစွာ ၌သကဲ့သို့ ဝေါဟာရတ္ထပကာသနီ၌ တွေ့နိုင်သည်။ ထိုစည်းတို့ကို ထောက်ခြင်းအားဖြင့် ဆရာတော်သည် ယေဘုယျအားဖြင့် မြန်မာဘာသာစကားကို သိပ္ပံနည်းကျကျ စုံစမ်းလေ့ လာ၍ သိပ္ပံနည်းကျကျ ဆုံးဖြတ်တတ်ခြင်းရှိ၏ဟု ယူနိုင်သည်။ ဆရာတော်၏ဉာဏ် သည်မြန်မာနိုင်ငံတွင် ထိုခေတ်၌ ခေတ်ရှေ့ပြေးခဲ့သည်သာမက ဤခေတ်၌လည်း ခေတ် ရှေ့ပြေးဆဲ ဖြစ်၏ဟု ဆိုလောက်ပေသည်။ သာဓကသုံးခုလောက်ကိုသာ တင်ပြလိုသည်။

မြန်မာတို့ ခေါ်ဝေါ်ရေးမှတ်သော အက္ခရာတို့သည် အိန္ဒိယမှရသော အက္ခရာတို့ ဖြစ်သည်မှာ ထင်ရှားပါသည်။ သို့ရာတွင် ဆရာတော်သည် မြန်မာတို့၏ အသံသဘာဝ အတိုင်း မြန်မာတို့အသုံးများသော အက္ခရာများကို စောင့်ကြည့်၍ သတိပြုခဲ့သည်။ ဆရာ တော်၏ စာ၌ ဆိုခဲ့သည်မှာ–

*"မြန်မာမှု၌ ရသင့်ဟန်ကား ကင၊ စဉ၊ တန၊ ပမ ဟူသော ရှစ်လုံးသော သိထိလအက္ခရာကို ရေးမှတ်သုံးစွဲသည်များ၏။ ဓနိတ အက္ခရာ ဆယ်လုံးတွင်လည်း စ၊ ဆ၊ တ၊ ဖ ဟူသော ဒုတိယအက္ခရာ လေးလုံးကို ရေးမှတ်သုံးစွဲသည် များ၏။ ကြွင်းသော ဓနိတခြောက်လုံးတို့ကို ရေးမှတ်သုံးစွဲသည်ကား နည်း၏။ သဘောအားဖြင့် ရှေးသူဟောင်းတို့ ရေးမှတ်ရာ၌ကားသက်သက် မြန်မာမှု၌ ဆိုခဲ့ပြီးသော သိထိလ အက္ခရာ၌ ရှစ်လုံး၊ ဓနိတအက္ခရာ လေးလုံးသာ ထင်၏"*

ဟု ဆို၍ မြန်မာသက်သက် အသုံးများသော မြန်မာအသံတို့၏ သဘာဝစည်းကို ပြခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ဖန် မြန်မာဘာသာသည် အများပရိသတ်၏ ပြောဆဲ၊ ရေးဆဲ ဘာသာဖြစ်ရာ ဆရာတော်သည် အများပရိသတ်၏နှုတ်၌ မြန်မာဝေါဟာရပွားတတ်ပုံ သဘာဝကို သတိပြုမိ၍ လေ့လာခဲ့ဟန်တူသည်။ မြန်မာဘာသာ၌ အခြေခံအားဖြင့် စကားတစ်ခွန်းလျှင် အသံတစ်ခု၊ အသံတစ်ခုလျှင် အနက်တစ်ခု ထင်တတ်သည်မှာ ဆရာတော်အဖို့ သိသာ ထင်ရှားလှသည်။ ထို့ကြောင့် ဆရာတော်သည် တစ်ဆင့်ပွားပုံကို ပြခဲ့သည်။ နှစ်ခွန်း နှစ်သံ အနက်နှစ်ခုကိစ္စ၌လည်းကောင်း၊ သုံးခွန်း သုံးသံ အနက်သုံးခုကိစ္စ၌လည်းကောင်း အနက်တစ်ခုကို ပေါင်းစပ်လိုက်ခြင်းအားဖြင့် ဒြပ်တစ်ခုအတွက် ဝေါဟာရအသစ် ပွား လာတတ်ကြောင်းကို 'ဆေးတံ၊ ဆေးအိုး'ဟူသော သမာသ်ဝေါဟာရမျိုးဖြင့်လည်းကောင်း၊ 'ပန်းသီတံ'ဟူသော သမာသ် ဝေါဟာရမျိုးဖြင့်လည်းကောင်း သာဓကပြခဲ့သည်။

ထို့ပြင် မူလစကားတွင် ထပ်ဆင့်၍ ရေးတတ်ခြင်းရှိသဖြင့် အနက်သစ် မရသော်လည်း ဝေါဟာရအသစ် ပွားလာပုံကို–

> *"ထောက်ကူ၏ ဟူသည်၌၊ ကူဟူသော စကားခွန်းသည် မူလကို မရောင့်ရဲ၍ လောင်းစွက်ထပ်လောက်ခြင်း၊ ထောက်ပံ့စောင်မခြင်းအနက် ဖြစ်၍ မူလရှိသင့်သည်တွင် ဆင့်ပွားခြင်းသဘော ဖြစ်၏"*

ဟု ဆိုခဲ့သည်။

ထို့ပြင် ပြေပြစ်ရုံဖက်ကာမျှ ရေးတတ်ခြင်း ရှိသဖြင့် အနက်သစ် မရသော်လည်း ဝေါဟာရအသစ် ပွားလာပုံကို–

> *"လွယ်ကူဟူရာ၌ ကူဟူသော စကားခွန်းသည် ပြေပြစ်ရုံ ဖက်ကာမျှ အရထူးမရှိ။ လွယ်သည်ဟူသော အနက်မျှသာ ဟူ၍လည်း ယူရာ၏"*

ဟု ဆိုခဲ့ရာ မြန်မာဘာသာ ဝေါဟာရပွားတတ်ပုံ သဘာဝစည်းကို တစ်စိတ်အားဖြင့် ဆရာတော်ပြခဲ့သည်ဟု ဆိုသင့်သည်။

အသတ် အလတ် အပင့်အရစ် အရာ၌လည်း ဆရာတော်သည် မြန်မာဘာသာ အသက်၏ သဘာဝကို စောင့်ကြည့်လေ့လာ၍၊ စည်းသဘောလိုလို ပြုခဲ့သည်။ အနက် အဓိပ္ပာယ်ရသော ဝေါဟာရမျိုး၌ ပသတ်၊ မသတ်တို့ကိုလည်းကောင်း၊ အနက်အဓိပ္ပာယ် မရသော အမည်နာမဝေါဟာရမျိုး၌ တသတ်၊ နသတ်တို့ကိုလည်းကောင်း သုံးတတ် ကြောင်းကို–

> *"သဘောအနက် ရကောင်းသော မြန်မာမှု ဝေါဟာရတို့၌ ယေဘုယျ အားဖြင့် ပသတ်၊ မသတ်။ အနက်မရ ပညတ်ခေါ်ဝေါ်ကာမျှသောအရာ၌ တသတ်၊ နသတ်ရှိသော အရာထင်၏"*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဆိုခဲ့သည်။ ထို့ပြင် အမည်နာမ ဝေါဟာရမျိုး၌ အရစ်သုံးတတ်ကြောင်းကို–

*"သမုတ် ပညတ်မှုသောအရာ၌ ရစ်သည် များသောကြောင့်၊ ရစ်၍ ရေးသည်ကို ကြိုက်သည်"*

ဟု ဆိုခဲ့သည်။

တစ်ဖန် ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းသည် ရှေးဦးစွာသော မြန်မာ အဘိဓာန် ဖြစ်၏ဟု ဆိုနိုင်သည်။ ထိုကျမ်း၌ ဆရာတော်သည် မြန်မာဝေါဟာရတို့ကို နေ့စ်တကျ ထုတ်၍ အနက်ပေးခဲ့သည်။ အနက်ပေးရာတွင် တစ်ခါတစ်ရံ ပျို့လင်္ကာ သော စာဟောင်းပေဟောင်းတို့၌ တွေ့ရသော စကားသုံးပုံအမျိုးမျိုးကို ထောက်ချင့်၍ ညာင့်သောအနက်ကို ဆိုခဲ့သည်။ ဆရာတော်၏ စာကြောင့် မြန်မာဝေါဟာရနှင့် မြန်မာ အနက်တို့သည် ဆရာတော်၏ လက်ထက်မှစ၍ ခိုင်မာလာပြီဟု ဆိုသင့်သည်။ စင်စစ်မှာ မြန်မာဝေါဟာရတို့သည် ဆရာတော်၏လက်ထက်သို့ ရောက်သောအခါ၊ အနှစ် အနည် ထိုင်တန်ပြီ ဖြစ်သောကြောင့် အနက်ပေးရန် အချိန်တန်ပြီဟု ဆိုရာသည်။

အနက်ပေးရာတွင် ဆရာတော်သည် စေ့စပ်သေချာလှသည်။ ဆွံ့အသည်၌ အ၏ အနက်ကို ပေးရာတွင် စေ့စပ်လှသည်။ စေ့စပ်ပုံသည် အောက်ပါအတိုင်း ဖြစ်သည်။

*"ဆွံ့အသည်ဟူရာ၌၊ အ၏အရကား ဆိတ်တိတ်၏။ စဲည်၏။ တိမ် အောင်း၏ ဟူသော အနက်သဘောတည်း။ ထို့ကြောင့် အ၏ဟူလျှင် အသံမထွက်၊ ဆိတ်တိတ်သည်၊ စဲည်သည်၊ တိမ်အောင်းသည်ပင် ဖြစ် ၏။ အသံထွက်လျက် မပီကာမျှကို အ၏ဟု ဆိုရာ၌လည်း လိုအပ်သော သဘောအနက် မိမိ၏နှလုံး၌ရှိလျက်ပင်၊ သူတစ်ပါး၏ နားနှလုံးသို့ ကူး ရောက်အောင် မပီသသော် ထိုလိုအပ်သော သဘောအနက်သည် မိမိ၏ နှလုံး၌သာတည်၍ သူတစ်ပါး၏ နား နှလုံးသို့ မရောက်သဖြင့် မိမိ၏ စိတ်၌သာ ထိုသဘောအနက်တည်၍ တိတ်ဆိတ်စဲည် တိမ်အောင်းလေ သည် ဖြစ်၏"*

ဟု အသံထွက်သောကိစ္စ၊ အသံမထွက်သောကိစ္စ နှစ်ရပ်လုံးအတွက် ဆိုခဲ့သည်။

သိသည်ကို အနက်ပေးရာတွင် တိကျသောအနက်ကို တိုတိုကျဉ်းကျဉ်းပေးနိုင်သည်။ ဆေးပုံသည် အောက်ပါအတိုင်း ဖြစ်သည်။

*"သိ၏ဟူသည်ကား၊ မနောဝိညာဏ်၏ကိစ္စ၊ ဓမ္မာရုံကို ခွဲခြမ်းနိုင်ခြင်း သဘောတည်း။ ထိုသဘောမျှကို စက္ခုဝိညာဏ်၏ကိစ္စ၊ ရူပါရုံကိုမြင်ခြင်း။ သောတဝိညာဏ်၏ကိစ္စ၊ သဒ္ဒါရုံကိုကြားခြင်း ဟူသော ဝေါဟာရတို့နှင့်*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ယှဉ်ဖက်၍ သိမြင်သည်၊ သိကြားသည် စသည်ဖြင့် ဆိုမိန့်သောအရာ တို့၌ သဘောအရကွဲ၊ ခွဲခြမ်း၍ နှလုံးသွင်းရာ၏”*

ဟု သိခြင်း၏ အနက်ကို ပေးပြီးနောက် သိမြင်ခြင်း၊ သိကြားခြင်းတို့၏ အနက်တို့ကိုပါ သာသာထိုးထိုးဆိုခဲ့သည်။

တစ်ဖန် စကားပြေအရာ၌လည်း ဆရာတော်၏ အရေးအသားသည် စံယူထိုက်သော အရေးအသား ဖြစ်သည်။ ထိုအရေးအသား တစ်ခုတည်းကြောင့်ပင်၊ ဆရာတော်၏စာသည် စာပေသစ် လက္ခဏာကို ဆောင်ရာရောက်၍ စာပေသစ်ဂိုဏ်းသို့ ဝင်နိုင်သည်ဟု ယူချင်သည်။ မဟာရာဇဝင်ကြီးကိုရေးခဲ့သော ဦးကုလား၏ အရေးအသားသည်လည်း စံယူလောက်သော အရေးအသားပင် ဖြစ်သည်။ စံယူစရာအချက်ချင်း မတူဟုသာ ဆိုစရာရှိသည်။ ထိုပုဂ္ဂိုလ်နှစ်ဦး၏ မြန်မာစကားပြေ အရေးအသားတို့တွင် လေ့လာစရာများစွာရှိသည်။ သို့ရာတွင် သိသာရုံမျှ ပြလိုသည်။

ဦးကုလားရေးသော အကြောင်းအရာသည် ရုပ်အမူအရာဖြစ်သည်။ ထိုအမူအရာတို့ကို စာရှုသူ၏မျက်စိ၌ ထင်အောင် ဦးကုလားရေးနိုင်၍ စာရှုသူ၏ စိတ်ကို လှုပ်ပေးတတ်သည်။ တစ်နည်းဆိုရသော်ဦးကုလားသည် ရုပ်အမူအရာတို့ကို မြင်ယောင်ယောင် ဖြစ်အောင်ပြု၍ ဝမ်းမြောက်ထိုက်သည်ကို ဝမ်းမြောက်စရာဖြစ်အောင်၊ ဝမ်းနည်းထိုက်သည်ကို ဝမ်းနည်းစရာဖြစ်အောင် ရေးတတ်ခြင်းဖြစ်သည်။ ထိုအခါမျိုးတွင် ဦးကုလား၏ စကားပြေသည် ကဗျာစာဆို၏စာကဲ့သို့ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဦးကုလား၏ အရေးအသား သာဓကတစ်ခုကို အောက်ပါအတိုင်း သမိန်ပရမ်းနှင့် ကာမဏိတို့ မြင်းစီးချင်းတိုက်ပုံ၌ သိမြင်နိုင်သည်။

*“သမိန်ပရမ်း ထွက်သည်ကိုမြင်လျှင် တရုတ်ကာမဏိလည်း မြင်းနီကြီးကို ရွှေကတင်၍၊ တပ်ကသည် မြင်းစီး၍၊ ကျုံးနားတိုင်အောင်လာ၏။ ယင်းတွင်မှ၊ သမိန်ပရမ်းနှင့် ဆိုင်၍ စကားပြောကြ၏။ ငါတို့နှစ်ယောက်သည် အမှူးအမတ် သူရဲကောင်း ဖြစ်ကြသည်။ ခြေကာလက်ကာ စနှောင့်စနင်းမပြုနှင့်။ အများကြည့်ကြပစေဟု ဆို၏။ ယင်းသို့မှ သမိန် ပရမ်းသည် ကိုယ်ကိုချုံ၍ မြင်းအလျင်စီးသည်။ ကာမဏိလည်း တု၍ စီး၏။ သမိန်ပရမ်းသည် ရပ်၍စီးပြန်၏။ ကာမဏိလည်း တု၍စီးပြန်၏။ သမိန်ပရမ်းလည်း လက်နှစ်ဖက်ဆန့်၍စီးပြန်၏။ ကာမဏိလည်း ဆန့်၍ စီးပြန်၏”*

ဟု ဝါကျအစီအစဉ်ကောင်းဖြင့် ဆိုခဲ့ရာ ရုပ်အမူအရာတို့သည် မြင်ကွင်းတစ်ခုစီ၌ ခွဲ၍လည်းထင်သည်။ မြင်ကွင်းချင်း ကွင်းဆက်ဖြစ်၍လည်းထင်သည်။ ထိုအခါ အသက်ဝင်လာရသည်။ ဝါကျရှိုးတို့ကိုသာ ဆက်ကာဆက်ကာ သုံးထားသဖြင့် လျင်မြန်ခြင်းသဘောလည်းပေါ်သည်။ စာရှုသူတွင် အံ့ဩခြင်း၊ စိတ်ခံစားလှုပ်ရှားမှု ဖြစ်လာရသည်။

ဆရာတော်၏ အရေးအသားသည် ထိုသို့မဟုတ်။ တစ်မျိုးဖြစ်သည်။ ဆရာတော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေးသော အကြောင်းအရာသည် စိတ်အမူအရာ ဖြစ်သည်။ ထိုအမူအရာတို့ကို စာရှုသူ၏ ဉာဏ်၌ ထင်အောင် ရေးနိုင်၍ စာရှုသူ၏စိတ်ကို ငြိမ်အောင် ပြုတတ်သည်။ တစ်နည်းဆိုရသော် သာဓကတို့ကိုပြ၍ နှိုင်းညိုဆင်ခြင်၍ အဆိုအချ အတက်အဆင်းပြု၍ ပြောဟာဆွေးနွေးခြင်းဖြင့် စာရှုသူ နှလုံးကျအောင် ရေးတတ်ခြင်း ဖြစ်သည်။ ထိုအခါမျိုးတွင် ဆရာတော်၏ အရေးအသားကို ဖတ်ရှုရခြင်းသည် အကြားအမြင် အဖတ်အရှု အလေ့အလာများသည်လည်းဖြစ်၍၊ အတ္တမာနမရှိသည်လည်းဖြစ်၍၊ အတ္တမာနမရှိမှုကြောင့် ပလွှားပြစားခြင်းသော်လည်းကောင်း၊ စိတ်ဆိုးတတ်ခြင်းသော်လည်းကောင်း မရှိသည်လည်းဖြစ်၍၊ ပညာဖြစ်ရာဖြစ်ကြောင်းကိုသာ လိုလားသည်လည်းဖြစ်၍၊ နှလုံးကြီးသည်လည်းဖြစ်၍၊ နှတ်ချိုသည်လည်းဖြစ်သောသူနှင့် တွေ့ဆုံပြောဟော ဆွေးနွေးနေရသကဲ့သို့ ဖြစ်သည်။ ဉာဏ်နောက်သို့သာ လိုက်နေရသည်ဖြစ်သဖြင့် စိတ်ချမ်းသာခြင်း ဖြစ်ရသည်။ ဆရာတော်၏ အရေးအသားတွင် ထိုသို့သော စိတ်ချမ်းသာစရာသဘောမျိုး အများအပြားပါသည်။ သဘာဝကိစ္စ ဖြစ်သောကြောင့် ပယ်ထိုက်၍ ပယ်ရာ၌လည်း ထိုသဘောပါသည်။ လောကဝတ်ကိစ္စ ဖြစ်သောကြောင့် အသင့်အတင့်နှလုံးသွင်းကာ လက်ခံထိုက်၍ လက်ခံရာ၌လည်း ဆိုသဘောပါသည်။

သဘာဝကိစ္စဖြစ်သောကြောင့် ပယ်ရာ၌ ထိုသဘောပါသော အရေးအသားမျိုးကို အထက်ကဆိုခဲ့သော ဣတ္ထိလိင်၊ ပုလ္လိင် စသည်ဖြင့် မာဂဓဘာသာ၌ ခွဲဝေခြင်းရှိသော်လည်း မြန်မာမှုဘာသာ၌ ခွဲဝေခြင်း မပြုအပ်ကြောင်း ကောက်နှုတ်ချက် စကားတို့၌ သိမြင်နိုင်သည်။ ဆိုစကားတို့တွင် ဆရာတော်သည် ရှေးဦးစွာ မာဂဓဘာသာ၏ သဘာဝကို ပြောပြသည်။ ဆို့နောက် မြန်မာဘာသာ၏ သဘာဝကို ပြောပြသည်။ ပြောပြတိုင်း သာဓကထည့်သည်။ ဆို့နောက် သဘာဝချင်းမတူပုံကို ရှင်း၍ အဆုံးအဖြတ်ပေးခဲ့သည်။

လောကဝတ်ကိစ္စ ဖြစ်သောကြောင့် အသင့်အတင့်နှလုံးသွင်း၍ လက်ခံရာ၌၊ ဆိုခဲ့သော သဘောပါသည့် အရေးအသားမျိုးကို အောက်ပါ ဆရာတော်၏ စကား၌ သိမြင်နိုင်သည်။

> *"လူမျိုး(တရုတ်)ကို ယခင် တသတ်၌လည်း ထင်သည်။ ဤပသတ် အရာ၌လည်း ထင်သည်ဖြစ်၍၊ တာဝတိန်ကို နသတ်၊ မသတ်။ ပညတ်ကို တသတ်၊ ပသတ်ယူသကဲ့သို့ ယူရဖွယ်ရှိ၏။ တရုတ်ပြည်တွင်၊ သမုတ်သည်လျှင်၊ မယုတ်ရည်ရှင်ချိုသော ရတုကိုလည်း ထောင်သင်းဆိုဟူခဲ့။ တသီးဦးထုပ်၊ (တရုတ်)မြင်းက ဟူ၍ မြစ်ရတုလျှင်ချိုသည့် ရတုတွင် စပ်သည်။ ထိုရတုကိုလည်း ထောင်သင်းဆိုဟူခဲ့။ စာဆိုမပြား၊ သဘောမခြားသင့်လျက် တသတ်၊ ပသတ် စပ်ခဲ့သည်။ ပင်လယ်ဝဲဝုတ်၊ မြစ်သမုတ်သို့၊ တရုတ်ဥတည် ဟူ၍လည်းကောင်း၊ ရွှေစိုင်ငွေဆုပ်၊ (တရုတ်) ရေတူ ဟူ၍လည်းကောင်း၊ ယိုးဒယား မိဖုရား ချေင်းတွင်ချည်း တသတ်၊ ပသတ် နှစ်ရပ်ရှိခဲ့။ ဤလည်း စာတစ်စောင်မပြား၊ သဘောမခြားပင်*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ထင်ခဲ့၏။ ထို့ကြောင့် မည်သည်မှာသာ သင့်မသင့် မဆိုကောင်းပြီ။ စပ်အင်များရာ၊ ရေးထုံးထင်ရာ သုံးဆောင်သင့်တော့သည်" (ဇရာဝတီမှ)*

ဟု ဆိုခဲ့သည်။ ထိုအဆိုအမိန့်တွင် ဆရာတော်သည် တရုတ်ဝေါဟာရ၌ တသတ်လည်းရှိပုံ၊ ပသတ်လည်းရှိပုံတို့ကို ရှေးဦးစွာ တင်ပြသည်။ ထို့နောက် စာဆိုတစ်ဦးတည်း၏ စာများ၌ပင် တစ်ခါတစ်ရံ တသတ်၍ တစ်ခါတစ်ရံ ပသတ်သည်ကို တွေ့ရကြောင်း သာဓကတင်ပြသည်။ ရှေးဦးစွာ အဆိုပြု၍ ထိုအဆိုကို ခိုင်အောင်ပြုခြင်းဖြစ်သည်။ ထို့နောက် စပ်အင်များရာ၊ ရေးထုံးထင်ရာ ဖြစ်သင့်သည်ဟု လောကဝတ်ကို ထောက်၍ ဆိုခဲ့သည်။

ဤသို့ဖြင့် ဒုတိယကျော်အောင်စံထား ဆရာတော်သည် မြန်မာ့အမွေအနှစ် တစ်ခုဟု ဆိုအပ်သော (ဝါ) မြန်မာမှုဟုဆိုအပ်သော မြန်မာဘာသာ စကားတို့၏ သဘာဝဆိုင်ရာ စည်းတို့ကိုလည်းကောင်း၊ မြန်မာအနက်ကိုလည်းကောင်း၊ ချေငပေါ့ပါးသော စကားပြေ အရေးအသားဖြင့် တစ်ခဲနက် တင်ပြခဲ့သည်ဖြစ်ရာ ထိုစာမျိုးကိုလည်း ထိုခေတ်တွင် စာပေသစ် ဟူ၍ပင် ခေါ်ထိုက်သည်ဟု ယူပါသည်။

၁၉၃၃။

## ပထမမြန်မာ ဒဏ္ဍာရီဝတ္ထု

စိတ်ကူးနှင့် စာပေအကြောင်းကို စကားဦးသန်းပါအံ့။ စိတ်ကူးသည် ကြံစည်ဖန်တီး၍ အားပြတတ်သောစာမျိုး၏အသက် ဖြစ်သည်။ အသက်မရှိလျှင် လူရှင်ဟု မခေါ်နိုင်သကဲ့သို့ စိတ်ကူးမပါလျှင် ကြံစည်ဖန်တီးသောစာဟု မခေါ်နိုင်ဟု ဆိုသင့်ပါသည်။

ဉာဏ်ကြီးရှင်လည်း စိတ်ကူးတတ်သည်။ လူမမည်လည်း စိတ်ကူးတတ်သည်။ သို့ရာတွင် စိတ်ကူးထုတ်ရာ၌ တစ်သဘောတည်း ဖြစ်နိုင်မည်မဟုတ်။ ကွဲပြားကြရမည်သာ ဖြစ်သည်။ ဉာဏ်ကြီးရှင်တို့၏ စိတ်ကူးမျိုးကို ပဋိဘာန်ဉာဏ်ဟု ဆိုချင်သည်။ လူမမည် တို့၏ စိတ်ကူးမျိုးကို ယုံတမ်းဉာဏ်ဟု ဆိုချင်သည်။ ထိုဉာဏ်နှစ်မျိုးသည် အံ့ဖွယ်ကောင်း သည်ချည်းတည်း။

ပဋိဘာန်ဉာဏ်သည် လောက၌ ဖြစ်ပျက်နေကြသည်ကို အခြေပြု၍ ဖန်တီးတင်ပြသော ဉာဏ်မျိုး ဖြစ်သည်။ ထိုဉာဏ်မျိုးသည် လောကကိုမှီ၍ ဖြစ်ပေါ်လာရသည်။ လောက၌ အမြစ်တွယ်လျက်ရှိသည်။ လောက၏မျက်နှာကို ရဲဝံ့စွာ ကြည့်ခဲ့ဖူးသည်။ လောကနှင့် ပေါက်ခဲ့ဖူးသည်။ လောက၏ဒဏ်ကို ကြံ့ကြံ့ခံခဲ့ဖူးသည်။ ထိုသို့သော သဘောရှိသော ကြောင့် ပဋိဘာန်ဉာဏ်ဖြင့် ဖန်တီး၍ ပြတတ်သော စာမျိုးသည် နှစ်သက်စရာ ဖြစ်သည် သာမက၊ သမာဓိကိုလည်း ဖြစ်စေနိုင်သည်။ လောကဓံတရားကိုလည်း သတိပြုစေနိုင်သည် ဟု ယူဆကြသည်။

ယုံတမ်းဉာဏ်သည် လောက၌ မဖြစ်နိုင်သည်ကို ဤသို့ ဤလိုဖြစ်လျှင် ကောင်းအံ့ ရှာသော ဆန္ဒဖြင့် ဖန်တီးတင်ပြသောဉာဏ်မျိုး ဖြစ်သည်။ ထိုဉာဏ်မျိုးသည် လောကကို မှီ၊ လောက၌ အမြစ်မတွယ်။ လောက၏ မျက်နှာကိုမကြည့်ရဲ။ လောကနှင့် စစ် ဆောင်ခဲ့။ လောက၏ဒဏ်ကိုမခံခဲ့။ လောကကို ကျောပေး၍ လွတ်ရာလို့ ပြေးလိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဥပမာ–လေထဲ၌ တိုက်အိမ်ဆောက်နေသော ဉာဏ်မျိုးဖြစ်သည်။ သို့ရာတွင် ထိုဉာဏ်မျိုး၌လည်း ဂုဏ်ထူးမရှိဟု မဆိုအပ်ပေ။ ထိုဉာဏ်မျိုးဖြင့် ဖန်တီး၍ ပြတတ်သော စာမျိုးကိုလည်း အဖိုးမထိုက်ဟု မဆိုအပ်ပေ။ ရွှံ့နွားရုပ်သည် သူငယ်တို့၏ စိတ်ကို ပျော်ရွှင်စေနိုင်သကဲ့သို့ ထိုစာမျိုးသည်လည်း အပြစ်ကင်းသော ပျော်ရွှင်မှုကို ပေးနိုင်သည်ဟု ဆိုသင့်သည်။ ပုထုဇဉ်မှန်သမျှသည် အခါတိုင်း သမာဓိမတည်နိုင်။ အခါတိုင်း လောကဓံတရားကို မခံနိုင်၊ တစ်ခါတစ်ရံ အရှုံးထလိုသောဆန္ဒဖြင့် လူ့လောကမှ လွတ်ရာကျွတ်ရာဖြစ်သော ယုံတမ်းလောက၌ နေလို ခံစားလိုကြသေးသည်။ နိဗ္ဗာန်နှင့် ဆန့်ကျင်သော ဝဋ်ကိစ္စပေတကားဟု နှုတ်ဖျားက တရားစကားကို ပြောတတ်ကြပါသော်လည်း အိမ်ထောင်သားမွေးနေလိုကြသေးသည်မဟုတ်ပါလော။ ယုံတမ်းစာသည် လောကမာယာစာ ဖြစ်သည်၊ မှန်၏။ သို့ရာတွင် ကျွန်ုပ်တို့ ဖြစ်ထွန်းလာရာ လူ့ဘုံသည် ဘုံအနှမ်းတစ်မျိုးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယုံတမ်းနှင့် မကင်းနိုင်ကြပါပြီ။ ယုံတမ်းနှင့် မကင်းနိုင်ကြပါက ယုံတမ်းစာကို မသင့်မလျော်ဟု မဆိုနိုင်ပါပြီ။

ထိုဉာဏ်နှစ်မျိုးသည် မည်သည့်စာပေ၌မဆို ရှိတတ်ကြသည်။ ပဋိဘာန်ဉာဏ်ကဲလာပါက 'လောကီထုပ္ပတ်၊ လူတို့ဇာတ်'သရုပ်မှန်သဘောကို ဖန်တီးပြနိုင်သော စာတို့သည် ပေါ်ထွန်းလာတတ်ကြသည်။ ယုံတမ်းဉာဏ် ကဲလာပါက 'နတ်သမီးပုံပြင်' ကဲ့သို့သော စာတို့သည် ပေါ်ထွန်းလာတတ်ကြသည်။ မြန်မာစာပေသမိုင်းတွင် တွေ့ရသော အဟောင်းဆုံး မြန်မာဝတ္ထု စာပေသည် 'နတ်သမီးပုံပြင်'ယုံတမ်းသဘောမျိုးဖြင့် စတင်ခဲ့သည်ဟု ဆိုချင်သည်။ ထိုဝတ္ထုသည် အလောင်းမင်းတရားလက်ထက်*တွင် ရွှေတောင်သီဟသူက စတင်ရေးသား၍ တောင်တွင်းမြို့ ခုံမင်းဦးသာက ဆက်လက်အဆုံးသတ်သော ရတနာကြေးမုံဝတ္ထု ဖြစ်သည်။

ဇာတ်လမ်းအတိုချုပ်သည် ဤသို့ ဖြစ်သည်။ ရမ္မဏီယပြည်၊ မဟာရာဇိန္ဒမင်းကြီး၏သားတော် ဣန္ဒကုမ္မာမင်းသားသည် အခါတစ်ပါး၌ ရွှေမြို့တော်အနီးရှိ သိရိဟေမာဥယျာဉ်တော်တွင် ပျော်ပါး၍နေသည်။ ထိုအခါ ယမုနာပြည်မှ ဧရာပထ နဂါးမင်းသည် နဂါးအခြွေအရံနှင့် တောလှည့်ရာ၊ ဂန္ဓမာတောင်ခါးပန်းသို့ရောက်၍ တောင်ထိပ်ရှိသံမြို့ ခုနစ်ထပ်ကာသော ဗိမာန်၏ အရှင်ဝေဠုမြတ်စွာ မင်းသမီးကို မြင်သည်။ နဂါးမင်းနှင့် နဂါးအပေါင်းတို့သည် ရှုပါရုံ၌ စွဲငြိကြ၍ ဆောက်တည်ရာမရ ဖြစ်ကြရသည်။ ဧရာပထ နဂါးမင်းသည် ညှိုးနွမ်းလှသဖြင့် အိပ်ပျော်လေသည်။

ထိုအခိုက် ဝိဇ္ဇာမယ် ရသေ့ကြီးထံသို့ သိတင်းသီလစောင့်ရန် လာလေ့ရှိသော ဟုရမ္ဗလ ဂဠုန်မင်းသည် နဂါးမင်းကို ထိုးသုတ်၍ ကောင်းကင်၌ ကစားသည်။ နဂါးမင်း၏အမြီးသည် သိရိဟေမာဥယျာဉ်တော်ရှိ ပုန်းညက်ပင်ကို ပတ်မိ၏။ ဂဠုန်မင်းသည် နောက်တစ်ကြိမ်အသုတ်တွင် ပုန်းညက်ပင်သည် အမြစ်နှင့်တကွ ပါလေ၏။ ဣန္ဒကုမ္မာမင်းသားသည် မိမိကို စော်ကားသည်ဟု ထင်မှတ်၍ ဂဠုန်နှင့် နဂါးတို့ကို ဝရဇိန်လက်နက်ဖြင့်ပစ်ရာ နှစ်ကောင်စလုံး မင်းသား၏ ခြေတော်ရင်းသို့ ကျလာ၍ မင်းသားထံ၌ ကျွန်ခံကြသည်။

* ဧဥ္ဇကူးမင်းလက်ထက်။ 'မြကေတု'

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်နေ့သ၌ ရောပထ နဂါးမင်းသည် ဣန္ဒကုမ္မာမင်းသားအား ဝေဠုမြတ်စွာ၏ လုပ်ဟန်ကျော့ဟန်ကို ချီးမွမ်းပြောဆိုပြီးလျှင် နှစ်ကိုယ်နီးကြစေရန် နဝတတ်အိုင်အနီးရှိ ဆင်စွယ်နန်းတော်သို့ မင်းသားကို ပင့်ခေါ်သည်။ ထိုနောက် ဣန္ဒကုမ္မာရမင်းသား၏ လှူပျိုတော် ပညာဟာသနှင့် ဝေဠုမြတ်စွာ မင်းသမီး၏ အပျိုတော် ရာသီမုတ္တာတို့ တွေ့ဆုံကြ၍ မိမိတို့၏ သခင်သခင်မအကြောင်းကို ချီးမွမ်းပြောဆိုရာမှ သခင်နှစ်ပါးအကြားတွင် အောင်သွယ်ကောင်းကြီးများ ဖြစ်လာကြသည်။ စကားအောင်သွယ် လဲလှယ်ကြပြီးသည့်နောက် ဣန္ဒကုမ္မာမင်းသားသည် ဝေဠုမြတ်စွာ မင်းသမီး၏ ဗိမာန်သို့ ကိုယ်တော်တိုင်ကြွတော်မူ၍ နှစ်ပါးသင့်မြတ်ကြသည်။

ဇာတ်လမ်းကို ထောက်ခြင်းအားဖြင့် ရတနာ့ကြေးမုံဝတ္ထုသည် ယုံတမ်းဝတ္ထု ဖြစ်သည်ဟု ဆိုသင့်လေသည်။ ထိုဝတ္ထုမျိုးတွင် စာရေးဆရာ၏ ယုံတမ်းဉာဏ် ကွန့်နိုင်လေလေ၊ မဖြစ်နိုင်သည်ကို ကြံကြံဖန်ဖန် ရေးတတ်လေလေ၊ ယုံတမ်းဝတ္ထုကောင်းမည်လေလေ ဖြစ်သည်။ ဖြစ်ပုံကို စိစစ်ကြည့်ပါအံ့။

ဤဝတ္ထု၌ ဖန်တီး၍ ပြထားသော လောကသည် လူသားတို့၏ လောကပေလော၊ မဟုတ်။ နတ်သား၊ နတ်သမီး၊ နဂါး ဂဠုန်တို့၏ လောကဖြစ်သည်။ ကောင်းကင်တိမ်ယံ၌ ပျံဝဲနေသော လောကကြီးပေတည်း။ ရှင်ဘုရင်ပုဆိုး၊ ပိုးချည်း ဟူသော စကားကဲ့သို့ဝတ္ထုတစ်ပုဒ်လုံးတွင် အရုပ်ဆိုးဟူ၍ လုံးဝမရှိ။ နားခါးစရာဟူ၍ လုံးဝမရှိ။ နံစော်စရာဟူ၍ လုံးဝမရှိ။ မြင်မြင်သမျှသည် အလှအပချည်းသာဖြစ်သည်။ ကြားကြားသမျှသည် အသောနှင့် အရွှင်ချည်းသာရှိသည်။ ရှူရှိုက်လိုက်သမျှသည် အမွှေးနှင့်အကြိုင်ချည်းသာ ဖြစ်သည်။ လှူပျိုတော်တို့သည် နဝတတ်ရေအိုင်အနီးတွင် ကေသရာဇာခြင်္သေ့၊ ဆဒ္ဒန်ဆင်တို့ကို ဖမ်း၍ သူတို့အချင်းချင်း ကိုက်စေ၊ ဝှေ့စေကြသည်။ အပျိုတော်တို့သည် ပတ္တမြားပုတီးကို ခိပ်ကြသည်။ မသာရဂလ်ဘီး၊ ဂေါမုတ်ဘီးတို့ဖြင့် ဆံပင်ကို ဖြီးသင်ကြသည်။ ပရမာမြူ ညွန့် လက်ဖက်ကိုစားမိ၍ ခေါင်းနောက်သည်ကို ပြေပျောက်စေရန် သန္တာညွန့်သလွန်ပေါ်တွင် လဲလျောင်းကြသည်။ သူတို့သည် ဟင်္သာစာခွံ့၊ ကရဝိက်နှုတ်သီး၊ ကွန်းလင်မြိတ်စို့ ဆံထုံးများကိုထုံး၍ မာရဘင်လျောင်းတော်ဦးမှသည် ပတ္တမြားလိုဏ်နန်းသို့၊ ပတ္တမြားလိုဏ်နန်းမှသည် မုတ်ကူး၊ ယွန်းဆက်ပွဲတက် လည်ပေါ်ဆောင်သို့ သွားလာလှည့်လည်ကြသည်။ ပန်းအိမ်၊ ပန်းနွယ်၊ ခြူးပတ်၊ ခြူးခက် ထုလုပ်သော တံခါးမှန်ရွက်ကိုဖွင့်၍ ဂန္ဓမာပန်း၊ မဉ္ဇူသကပန်း စသော ပန်းတို့ပွင့်ရာ ဥယျာဉ်သာသို့ ဝင်ကြသည်။ ကရဝိက်သံ၊ ကြိုးကြာသံတို့၌ နားစည်းစိမ်ခံကြသည်။

တစ်ဖန် ဣန္ဒကုမ္မာမင်းသားကလည်း ရန်ကြီးအောင် ကုန်းဘောင်ရွှေမြို့တော်သူများ ညွှမ်းဆွတ်တသ အလိုကျချင်စရာကောင်းသော မင်းသား ဖြစ်သည်။ လှလည်းလှ၍ချောလည်းချော၍ သဘောလည်းကောင်းသည်။ သတ္တိလည်းရှိ၍ တန်ခိုးလည်းကြီး၍ အမျိုးလည်းမြတ်သည်။ ဣန္ဒကုမ္မာမင်းသားသည် သိကြားမင်းက ဆက်သသော သားရတနာ ဖြစ်သည်။ ငယ်ရွယ်နုနယ်စဉ်အခါက သူရဿတီနတ်သမီးထံမှ ပညာသင်ယူသည်။ မြေလျှိုးနိုးပျံသောအတတ်ကို တတ်သည်။ ဝရဇိန်လက်နက်ကို ပိုင်စိုးသည်။ သူ့အပါးတွင် နဂါး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မင်း၊ ဂဠုန်မင်းတို့ ခစားကြသည်။ ရတနာအမျိုးမျိုး ဝင်းထိန်လျက်ရှိသော နန်းဆောင်တော်၌ ခစားသည်။ ဆင်စွယ်နန်း၌လည်း စံစားတတ်သည်။ ကေသရာဇာ ခြင်္သေ့နှင့် ဆဒ္ဒန်ဆင်တို့ကို အရုပ်ကလေးများသဖွယ် ကစားနိုင်သော အင်အားရှိသည်။

ဝေဠုမြတ်စွာမင်းသမီးကလည်း ရန်ကြီးအောင် ကုန်းဘောင်ရွှေမြို့တော်သား လူပျို ပေါက်စ မင်းသားငယ်များ အာရုံမျက်မြင် ဖူးမြော်စရာကောင်းသော မင်းသမီးဖြစ်သည်။ လှလည်းလှ၍ ယဉ်လည်းယဉ်၍ စကားလည်းချိုသည်။ ရှက်လည်းရှက်တတ်သည်။ သိမ်မွေ့ခြင်းလည်းရှိသည်။ ဣန္ဒြေနှင့်လည်း ပြည့်စုံသည်။ သူ့ဘိုးအေက နတ်မင်းကြီး ဖြစ်သဖြင့်၊ သူက နတ်သမီးကလေး ဖြစ်သည်။ သူငယ်ရွယ်နုနယ်စဉ်က အထိန်းအယ အမျိုးမျိုးသည် သူ့ကို ပိုးမွေးသလို မွေးခဲ့ကြသည်။ ရွှေတိုက်၊ ငွေတိုက်၊ ပတ္တမြားတိုက်တို့ ခြံရံသော ဗိမာန်၌ စံစားရသူဖြစ်သည်။ ပဋ္ဌင်တူရိယာကို နှစ်သက်သည်။ သူ၏ အသံ တော်သည် ပုလဲမုတ္တာ ရတနာအသံနှင့် တစ်ထပ်တည်းတူသည်။ ပလာစံနေတော်မူ သောအခါ၌ပင် ဝတ်လဲတော်ဆင်ထားသည်ဟု ထင်ရသလောက် ဖြစ်သည်။ တစ်နာရီတွင် ဝတ်လဲတော် ဆယ်ခါလဲလေ့ရှိသည်။ သူ့အသံတော် နှုလိုက်သည်မှာ နေခြည်ငယ် တစ်ပြောက်ခရုံမှုဖြင့် ရွှေမျက်နှာတစ်လျှောက် ချွေးပေါက်ပေါက် ယိုလာရှာသည်။ သူ့ ကိုယ်တော်ကလေး နူးညံ့လိုက်သည်မှာ အဆောင်တော်၌ ပျံသန်းနေသော လိပ်ပြာ၏ တောင်ပံခတ်ရုံမျှဖြင့် ပျောင်းအိ နွမ်းခွေသွားရရှာသည်။

ထိုမင်းသားနှင့် ထိုမင်းသမီးတို့ကို အောင်သွယ်ပေးကြသော လူပျိုတော် ပညာဟာသနှင့် အပျိုတော် ရာသီမုတ္တာတို့ကလည်း အောင်သွယ်အရာတွင် တစ်ဖက်ကမ်းခတ်သူများ ဖြစ်ကြ သည်။ စပ်ကြားက စကားအလှော်ကောင်းသောကြောင့် တစ်ဦးမျက်နှာတစ်ဦး မမြင်ဖူးကြ သော မင်းသားနှင့် မင်းသမီးတို့သည် မမြင်ခင်ကပင် အတော်ကြိုက်သွားကြသည်။

ပညာဟာသနှင့် ရာသီမုတ္တာတို့သည် အောင်သွယ်ပီပီ စကားအလွန်တတ်ကြသည်။ တစ်ဦးကိုတစ်ဦး ပုံသာဓကများဖြင့် ချေပတတ်သည်။ မင်းသားနှင့် မင်းသမီးတို့ကို နားချ သွေးဆောင်ပုံသည် ကျလောက်ပေသည်။ မင်းသားက သူသည် အိပ်မက်ထဲတွင် ဝေဇယန္တာ နတ်နန်းသို့ရောက်ကြောင်း၊ သုဓမ္မာဇရပ်သို့ ဝင်မည်ပြုရာ တံခါးပိတ်ထားသဖြင့် မဝင်နိုင်၊ ရပ်နေရကြောင်း၊ ထိုအခါ သုနန္ဒာနတ်သမီးက တံခါးဖွင့်ပေးကြောင်း ပညာဟာသအား သူ့အိပ်မက်ကို ပြောပြသည်။ ထိုအခါ ပညာဟာသက မင်းသားအား သုဓမ္မာဇရပ်သည် ဝေဠုမြတ်စွာနှင့်တူကြောင်း၊ နားတည်းဟူသော ဇရပ်တံခါးကို ဖွင့်အပ်ကြောင်းများဖြင့် နိမိတ်ဖတ်၍ မင်းသမီးထံတော်သို့ ရွှေစကြာဖြန့် မြန်းတော်မူရန် သွေးဆောင်နေသည်။

တစ်ဖန် ဣန္ဒကုမ္ဘာမင်းသား ကြွလာမည့်နေ့တွင် ရာသီမုတ္တာကလည်း မင်းသမီးကို နားချသွေးဆောင်သည်။ နားချသွေးဆောင်ပုံမှာ—

*'နဝရတ်တံခါး၊ ပတ္တမြားလက်ရန်းနှင့် ခြူးပန်းအကွေ့တွင် ရောဝဏ် ဆင်ရုပ်၏ အမြီးမှ ကျီးရုပ်တစ်ကောင်သည် ဖန်ညောင်စောင်းတော်ကို မျက်နှာပြု၍ ခုတင်ခု ကျည်ကျည်မြည်ကြောင်း'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျိုးမြည်နိမိတ်ကို ထောက်သဖြင့် ဝရဇိန်လက်နက်သခင် ကြွလာမည် ဖြစ်ကြောင်းကို လျှောက်ထားနှင့်လေသည်။ အောင်သွယ်ရာတွင် ပညာဟာသနှင့် ရာသီမှတ္တာတို့ကို တစ်ခေါ်လောက်ပေသည်။ သူတို့ အောင်သွယ်ပုံသည်၊ ဖဲကစားရာတွင် ကိုယ့်ကုလားဖန် ကိုယ်ထိုး၊ ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ့်ဖဲကိုယ်ဝေပြီးနောက် ကုလားသုံးစီးဝိုက် ထွက်နေသည်နှင့် တူလှသည်။

ရွှေတောင် သီဟသူဖန်တီးခဲ့သော ဤလောကကို ယုံတမ်းလောကမဟုတ်ဟုဆိုလျှင် မည်သို့ ဆိုရအံ့နည်း။

ရတနာ့ကြေးမုံဝတ္ထုတွင် မင်းသားမင်းသမီးတို့ကို သွေးဆောင်နားချသည်အထိ ရွှေတောင်သီဟသူ ရေးခဲ့သည်။ မင်းသမီးထံသို့ မင်းသားကြွလာ၍ တွေ့တော်မူခန်းကို ဦးသာက ဆက်၍ ရေးသည်။ ဦးသာသည် ရွှေတောင်သီဟသူ၏ ယုံတမ်း အာဝဇ္ဇန်းကို မီအောင်ရေးနိုင်သည်။ ယုံတမ်းစိတ်ကူးထုတ်ရာတွင်လည်း သီဟသူနှင့် ရှေ့သွားနောက် လိုက်ညီအောင် စိတ်ကူးထုတ်နိုင်သည်။ မင်းသားနှင့် မင်းသမီးတို့ တွေ့ဆုံခန်းကို ရေးပြရာတွင် ဦးသာ၏ ဉာဏ်စွမ်းထင်ရှားလှ၏။

ဣန္ဒကုမ္မာနှင့် ဝေဠုမြတ်စွာတို့ တွေ့ခန်းသည် ထိတ်လန့်တုန်လှုပ်စရာမဟုတ် သော်လည်း ရင်ဖိုမည်ဆိုလျှင် ဖိုလောက်သည်။ ဤအခန်းကို ရင်ဖိုစရာဖြစ်အောင် ဦးသာသည် ယုံတမ်းဉာဏ်နှင့် ပဋိဘာန်ဉာဏ်တို့ကို ဒွန်တွဲအသုံးပြု၍ ရေးခဲ့သည်ဟု ဆိုရာသည်။ ဝေဠုမြတ်စွာသည် မိန်းကလေးအပျိုအရွယ်၊ ယောကျ်ားတစ်ပါးနှင့် မတွေ့ဖူးသူ ဖြစ်သည်။ တွေ့ရမည့်သူကလည်း ယောကျ်ားလူပျို၊ တန်ခိုးရှင်ဖြစ်သည်။ မင်းသမီးသည် ကိုယ်တိုင် ကလည်း မင်းသားကို ကြိုက်ချင်သည်။ သို့ရာတွင် ကြောက်လည်းကြောက်သည်။ ရှက်လည်း ရှက်သေးသည်။ ဆီး၍တွေ့ရလျှင် ကောင်းပါမည်လော။ ရှောင်တိမ်း၍နေရသော် လျော်ပါမည်လော။ မင်းသမီးသည် အကျပ်ကြုံ၍ ရင်ခုန်ရှာပေလိမ့်မည်။ ခုန်ပါစေတော့။ ရှက်သွေးမွှန်ရှာပေလိမ့်မည်။ မွှန်ပါစေတော့။ ဦးသာမည်ကဲ့သို့ ကြံစည်ပါသနည်း။

ဝေဠုမြတ်စွာ မင်းသမီးသည် ပတ္တမြားနန်းဆောင်တွင် စံပယ်တော်မူလျက်နေသည်။ အပါးတွင် ဇမ္ဗူဂန္ဓာဥက်မသည် ခစားလျက်ရှိနေသည်။ ရှေ့တော်တွင် ကိန္နရာမနှစ်ကောင် သည် စောင်းတီး၍ အဲအန်သီဆိုလျက်နေကြသည်။ ထိုအခိုက်တွင် ဣန္ဒကုမ္မာမင်းသား သည် ပညာဟာသတို့နှင့်အတူ ဖန်ပြာမီးအိမ်ကို လက်ယာ၊ သူရကန်မီးအိမ်ကို လက်ဝဲ ခြံရံလျက် မင်းသမီးစံရာ ပတ္တမြားဝက်ပါ မင်္ဂလာလိုဏ်နန်းအတွင်းသို့ ဝင်လာသည်ကို ဇမ္ဗူဂန္ဓာဥက်မက မြင်လိုက်သည်။

*'ဇမ္ဗူဂန္ဓာဥက်မက ကြွလာတော်မူလာပြီဟု စီစီကျာကျာမြည်လျှင် မင်းသမီးလည်း ရှက်ကြောက်သည့် ဣန္ဒြေတော်ကို မသိမ်းတော်မူမိ၍ သန္တာညွန့်သလွန်ပေါ်မှ အလျင်တဆောဆင်း၍ ပယင်းနန်းတော်ဆောင်သို့ ကြွတော်မူသည်'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဣန္ဒကုမ္မာမင်းသားသည် ပတ္တမြားနန်းဆောင်သို့ ရောက်လာ၍ စံနေတော်မူသောအခါ ညှော်ဝတ်ထွက်ပြုရန် အထိန်းတော်တို့သည် မင်းသမီးကို ချော့ခေါ်ကြရ၏။ အတန်ငယ်ကြာမှ မင်းသမီး ထွက်လာတော့သည်။ လက်ဦးတွင် သုံးခွန်းသောစကားကို ချိုမိန့်လျက်နေသော မင်းသားအား မင်းသမီးသည် တစ်ခွန်းတစ်ပါဒမျှ မတုံ့မပြန်နေသည်။ အထိန်းတော်များကသာ မင်းသမီးကိုယ်စား အလိမ္မာဉာဏ်ဖြင့် လျှောက်တင်ကြရသည်။ အတော်ကြီးကြာမှ နှစ်ပါးအလိုပြည့်သွားကြသည်။

ဦးသာ၏ ယုံတမ်းဉာဏ်သည်လည်း ချီးမွမ်းစရာပင် ဖြစ်သည်။

ဤဝတ္ထုတွင် ရွှေတောင်သီဟသူနှင့် ဦးသာတို့၏ စကားပြေအရေးအသားသည် ဖြောင့်တန်းသော အရေးအသားမျိုးမဟုတ်။ ကာရန်အချိတ်အဆက်ဖြင့် ခက်ထားသော အရေးအသားမျိုး ဖြစ်သည်။ ဥပမာ၊ ဥပစာဖြစ်သော အနက်တန်ဆာများသည် ဆန်းပြားလှသည်။ နန်းဆောင်၊ ဘုံပြာသာဒ်၊ မင်းသုံးမင်းဆောင် သရုပ်ဖော်ပုံ စုံစေ့လှသည်။ ရေကန် ဥယျာဉ်တို့၏ အသွင်အပြင် သရုပ်ဖော်ပုံ စည်ကားလှသည်။ ထို့ပြင် ဝတ္ထုထဲတွင် ပညာဟာသနှင့် ရာသီမုတ္တာတို့ ပုံဆောင်၍ ပြောကြ ချေပကြသော ဝတ္ထုငယ် ဆယ့်သုံးပုဒ် ပါသေးသည်။ ထိုဝတ္ထုငယ်များသည်လည်း နှစ်သက်ဖွယ်ကောင်းကြပါသည်။

ဂန္ထလောက၊ ၁၉၃၆။

# ဦးပုညနှင့် ရှိတ်စပီးယား

ငလေဆရာ ဦးပုညကို မြန်မာတို့၏ ရှိတ်စပီးယား (Shakespeare) ဟူ၍ ဦးရွှေကျူးက ဆိုခဲ့သည်ဟု မှတ်ရဖူးသည်။

ရှိတ်စပီးယားဆိုသူသည် ဆယ့်ခြောက်ရာစုနှစ်မှစ၍ ယခုတိုင် ထင်ရှားကျော်စောသော ကမ္ဘာကျော် အင်္ဂလိပ်ပြဇာတ်ဆရာဖြစ်သည်။ တေးကဗျာများကိုလည်းကောင်း၊ ပြဇာတ်ပေါင်း သုံးဆယ့်ခုနစ်ဇာတ်ကိုလည်းကောင်း ရေးခဲ့သူ ဖြစ်သည်။ ရှိတ်စပီးယား၏ ပြဇာတ်များကို ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ရုရှား စသော ဥရောပ ဘာသာတို့၌လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ဘင်္ဂါလီ စသော အာရှဘာသာတို့၌လည်းကောင်း အနက်ပြန်ဆို၍ ကမ္ဘာအနှံ့ ဖတ်ရှုကြသည်ဟု သိရသည်။ ထို့ကြောင့် ရှိတ်စပီယား၏စာသည် ထူးချွန်သောစာဖြစ်၍ ရှိတ်စပီးယားသည် ကမ္ဘာကျော်ကြားသူ ဖြစ်သည်ဟု သိနိုင်သည်။

ဦးရွှေကျူးသည် မြန်မာနိုင်ငံ၌ ၁၉၀၀ ပြည့်နှစ်လောက်မှစ၍ မြန်မာသတင်းစာ လောကနှင့် စာပေလောကတို့၌ ထင်ရှားခဲ့သော ခေတ်ပညာတတ် ခေတ်မီပုဂ္ဂိုလ် ဖြစ် သည်ဟု ဆိုသည်။ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ နှစ်ရပ်စလုံးကို တတ်ကျွမ်းသည်သာမက ခေတ်ကျွမ်းသမျှကို မြန်မာသတင်းစာဆရာတစ်ဦး အဖြစ်ဖြင့် သတင်းစာ မဂ္ဂဇင်းတို့၌ ရေးသား၍ တိုင်းပြည်၏ မျက်စိကို ဖွင့်ပေးခဲ့သူ ဖြစ်သည်ဟုလည်း ဆိုသည်။ ထိုပုဂ္ဂိုလ် သည် ရှိတ်စပီးယား၏ ပြဇာတ်နှစ်ပုဒ်ကို ‘ရှိဇာလင်’ (As you like it)ဟူ၍လည်းကောင်း၊ ‘အန်တိုနီယို ကုန်သည်ပျို’ (Merchant of Venice)ဟူ၍လည်းကောင်း၊ အမည်ပေးကာ သင့်လျော်အောင် မြန်မာပြန်ဆို၍ ဝတ္ထုတိုနှစ်ပုဒ် ရေးခဲ့သည်။ ထိုဝတ္ထုတိုနှစ်ပုဒ်သည် ထိုခေတ်ကသော် လူကြိုက်များသည့်ပြင် မြန်မာပညာရှိပိုင်းကလည်း ချီးကျူးပြောဆိုကြ သည်ဟု မှတ်သားရဖူးသည်။ ထိုဦးရွှေကျူးက စလေဦးပုညကို မြန်မာရှိတ်စပီးယားဟူ၍ ရှုပကအလင်္ကာစကားကို သုံးခဲ့သဖြင့် နောင်အခါ၌ ရန်ကုန်မြို့ အင်္ဂလိပ်စာတတ် မြန်မာ ပိုင်းတွင် ထိုရှုပကအလင်္ကာ စကားကို အသုံးများလာသည်ဟုလည်း မှတ်သားရဖူးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာစာရေးဆရာ စလေဦးပုည၏ ဂုဏ်ကို အင်္ဂလိပ်စာရေးဆရာ ရှိတ်စပီးယား၏ ဂုဏ်ဖြင့် အဘယ်အကြောင်းကြောင့် ထပ်တူပြု၍ ဆိုခဲ့ပါသနည်း။ ဆိုသူက ဆိုလိုက်သော အခါ အင်္ဂလိပ်စာတတ် မြန်မာပိုင်းကလည်း ထိုရူပက အလင်္ကာစကားကို အဘယ့်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် လက်ခံခဲ့ကြပါသနည်း။ အကြောင်းကောင်းရှိရာသည်။ စစ်ဆေးကြည့်ကြရအောင်။

ရှိတ်စပီးယားသည် အင်္ဂလိပ်ပြဇာတ်များကို ရေးခဲ့သူဖြစ်သည်။ ဦးပုညလည်း ရေသည်ဇာတ်၊ ပဒုမဇာတ်၊ ကောသလဇာတ်၊ ဝိဇယဇာတ်တို့ကို ရေးခဲ့သူဖြစ်ရာ ထိုအကြောင်းကြောင့်ပေလောဟု မေးစရာရှိနိုင်သည်။ ထိုအကြောင်းကြောင့်ကား မဖြစ်သင့်ဟု ယူဆသည်။ ဝန်ကြီးပဒေသရာဇာသည် မဏိကက်ဇာတ်ကို ရေးခဲ့သည်။ ဦးကြင်ဥသည် ဒေဝကုမ္ဘာန်၊ ပါပဟိန်တို့ကို ရေးခဲ့သည်။ လှိုင်ထိပ်ခေါင်တင်သည် ဣန္နာဝံသ၊ ဝိဇယကာရီတို့ကို ရေးခဲ့သည်။ ပြဇာတ်ရေးသည်ကို အကြောင်းပြု၍ ရှိတ်စပီးယားဖြင့် ထပ်တူပြုလိုလျှင် ထိုစာရေးဆရာတို့ကိုလည်း ရှိတ်စပီးယားဖြင့်ပင် ထပ်တူပြုနိုင်သည်။ သို့ရာတွင် ထိုသို့ကား မပြုခဲ့ကြချေ။ ဦးပုညကိုသာ ရွေး၍ ပြုခဲ့ကြသည်မှာ အခြားအကြောင်း ရှိနိုင်သေးသည်။

တစ်ဖန် ရှိတ်စပီးယားသည် တေးကဗျာရေးရာ၌ဖြစ်စေ၊ ပြဇာတ်ရေးရာ၌ဖြစ်စေ၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာတို့ကိုလည်းကောင်း၊ သုတိသာယာမှုကိုလည်းကောင်း ဖန်တီးတတ်သူဖြစ်သည်။ ဦးပုညလည်း ထိုနည်းတူစွာ ဖန်တီးတတ်သူဖြစ်ရာ ထိုအကြောင်းကြောင့်ပေလောဟု မေးစရာရှိနိုင်ပြန်သည်။ ထိုအကြောင်းကြောင့်လည်း မဖြစ်သင့်ဟု ယူဆသည်။ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိ၊ ရကန်ဦးတိုးတို့သည် ဆိုခဲ့သောအလင်္ကာတို့ကိုလည်းကောင်း၊ သုတိသာယာမှုကိုလည်းကောင်း ဖန်တီးခဲ့ကြသည်။ ထိုသို့ ဖန်တီးတတ်ကြသည်ကို အကြောင်းပြု၍ ရှိတ်စပီးယားဖြင့် ထပ်တူပြုလိုလျှင် ထိုကဗျာ စာဆိုတို့ကိုလည်း ရှိတ်စပီးယားဖြင့်ပင် ထပ်တူပြုနိုင်သည်။ သို့ရာတွင် ထိုသို့ကား မပြုခဲ့ကြချေ။ ဦးပုညကိုသာ ရွေး၍ ပြုခဲ့ကြသည်မှာ အခြားအကြောင်း ရှိနိုင်သေးသည်။

ထိုအခြားအကြောင်းသည် အခြားမဟုတ်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဉာဏ်ခံရှိရာတွင် ဦးပုညနှင့် ရှိတ်စပီးယားတို့ တူကြသောကြောင့် ဖြစ်သည် ဟူသောအကြောင်း ဖြစ်တန်ရာသည်။

ရှိတ်စပီးယား ဝေဖန်ရေးဆရာတို့သည် (ဝါ)သင်ကြားပို့ချသော စာသင်ဆရာတို့သည် ခေတ်အဆက်ဆက်၌ ရှိတ်စပီးယား၏ ပြဇာတ်တို့ကို အကဲခတ်ဝေဖန်ပို့ချသည့်အခါတိုင်း၊ ရှိတ်စပီးယား၏ ထိုးထွင်းသိမြင်တတ်သော ဉာဏ်ဖြင့် ဖန်တီးဖွင့်ဆိုခဲ့သော လောကအမှုအရာ၊ လူ့အမှုအရာတို့မှ သဘောအတိမ်အနက် အလေးအပေါ့တို့ကို မိမိတို့၌ ဉာဏ်ခံကြီးသလောက်၊ မိမိတို့၌ အတွေ့အကြုံအကြားအမြင်ရှိသလောက်၊ မိမိတို့၌ ခံစားနိုင်မှုရှိသလောက် အဓိပ္ပာယ်ကောက်၍ အသစ်အသစ်ဖြစ်သော ဝေဖန်ချက်တို့ကို ရေးခဲ့ကြသည်။ ဦးရွှေကျူးသည် ရှိတ်စပီးယား၏ ပြဇာတ်တို့ကိုသာမက ထိုထိုသော ဝေဖန်ချက်တို့ကိုလည်း ဖတ်ရှုဖူး၍ သဘောပေါက်ဖူးဟန်တူပေသည်။ တစ်ဖန် ဦးပုည၏စာကို ဖတ်မိသောအခါ၌လည်း ရှိတ်စပီးယား၏စာကို ဖတ်ရစဉ်က သဘောပေါက်သကဲ့သို့ပင် သူ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခေတ်၌ သဘောပေါက်ခဲ့ဖူးဟန်တူသည်။ အခြားသော အင်္ဂလိပ်စာတတ် မြန်မာပိုင်းကလည်း ထိုသို့ပင် သဘောပေါက်ခဲ့ကြဖူးဟန် တူသည်။ ထို့ကြောင့် ဦးပုညကို မြန်မာရိုက်စပီးယားဟူ၍ ရူပကအလင်္ကာစကား သုံးကာ ဦးရွှေကျူးက ဆိုချင်၍ ဆိုလိုက်သောအခါ၊ အင်္ဂလိပ်စာတတ် မြန်မာပိုင်းကလည်း ဦးရွှေကျူး၏ ရူပကအလင်္ကာ စကားကို ဓာဒကမတက်ဘဲ လက်ခံခဲ့ကြသည်ဟု ယူဆပါသည်။

ဆိုသူကလည်း ဆိုခဲ့ပြီ။ လက်ခံသူတို့ကလည်း လက်ခံခဲ့ကြပြီ။ ဆိုထိုက်သလော။ လက်ခံထိုက်သလော။ ထပ်မံ၍ စစ်ဆေးကြည့်ရအောင်။

စာရေးကြရာတွင် အပေါ်ယံ အလှလောက်ကိုသာ (ဝါ) ရူပါရုံ သဒ္ဒါရုံ စသော အာရုံတို့နှင့် တွေ့ထိ၍ နှစ်သက်မှုရကြောင်းဖြစ်သော အာရုံအလှလောက်ကိုသာ ရေးတတ်ကြခြင်းလည်း ရှိသည်။ အသိဉာဏ်ပွင့်လာ၍ နှစ်သက်မှုရကြောင်းဖြစ်သော အသိဉာဏ်အလှကိုပါ ပါအောင် ရေးတတ်ကြခြင်းလည်း ရှိသည်။ စိတ်ကူးဉာဏ်ရှိသည် ဖြစ်စေကာမူ ပျို့ရှယ်စဉ်၌ရေးသော စာမျိုးသည် အာရုံအလှမျိုးဘက်၌ အားသန်တတ်၍ အတွေ့အကြုံပြည့်ဝသော အရွယ်ကောင်း၌ ရေးသော စာမျိုးသည် အသိဉာဏ်အလှမျိုးဘက်သို့လည်း လှမ်းဝင်လာတတ်သည်။ တစ်ခါတစ်ရံ အရွယ်နှင့်မဆိုင် ဉာဏ်ခံနှင့် ဆိုင်သည်ဟုလည်း ယူဆသည်။ အဘယ့်ကြောင့်ဆိုသော် ပျို့ရှယ်စဉ်၌လည်း အာရုံအလှမျိုးလိုသာ ရေးတတ်၍ အရွယ်ကောင်း၌လည်း အာရုံအလှမျိုးလောက်ကိုသာ တဝဲလည် လည် ရေးတတ်ကြသော စာရေးဆရာမျိုးကို တွေ့နိုင်သောကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ စာပေကို ဝေဖန်ကြရာ၌လည်း (စာပေသင်ကြားပို့ချခြင်းလည်း ပါဝင်သည်) အလှ မိတ်လင်စုံပါသောစာ ဖြစ်စေကာမူ ပျို့ရှယ်စဉ်၌ စာ၏အာရုံ အလှလောက်ကိုသာ မြင်တတ် ပြတတ်၍ အရွယ်ကောင်းရောက်မှသာ စာ၏အသိဉာဏ် အလှကိုပါ မြင်တတ် ပြတတ်ကြသည်။ တစ်ခါတစ်ရံ အရွယ်ကောင်းသို့ ရောက်သည့်တိုင်အောင်ပင် ဉာဏ်ခံကောင်းမရှိသဖြင့်၊ သို့တည်းမဟုတ် ဉာဏ်ခံကောင်းရှိပါလျက် သုံးရမှန်းမသိ၍ မသုံးသဖြင့် စာ၏အာရုံအလှလောက်ကိုသာ တဝဲလည်လည် မြင်တတ် ပြတတ်ကြသည်ကိုလည်း တွေ့ရဖူးသည်။ သို့ရာတွင် စာကောင်းဖြစ်အောင် ရေးတတ်ခြင်းသည် အရွယ်ကောင်းနှင့်လည်းဆိုင်၍၊ ဉာဏ်ခံကောင်းနှင့်လည်း ဆိုင်သည်ဟု ယေဘုယျအားဖြင့် ဆိုချင်သည်။ ထိုနည်းတူစွာ စာကောင်းကို ဝေဖန်ပို့ချတတ်ခြင်းသည်လည်း အရွယ်ကောင်းနှင့်လည်းဆိုင်၍၊ ဉာဏ်ခံကောင်းနှင့်လည်း ဆိုင်သည်ဟုပင် ဆိုချင်သည်။ အကြင်စာရေးဆရာသည် ဉာဏ်ခံကောင်းရှိသူလည်းဖြစ်၏။ အရွယ်ကောင်းသို့ ရောက်သူလည်းဖြစ်၏။ ထိုစာရေးဆရာသည် ပတ်ဝန်းကျင်၌ သာမန်အားဖြင့် မြင်နေရ၊ ကြားနေရ၊ ကြုံနေရသော သာမန်လောကအမှုအရာ၊ သာမန် လူ့ အမှုအရာတို့၌ အာရုံအလှကိုသာမက အသိဉာဏ်အလှကိုပါ မြင်တတ်၍ ရေးတတ်သည်။ ထိုနည်းတူစွာ အကြင် ဝေဖန်ရေးဆရာသည် (ဝါ) စာသင်ဆရာသည် ဉာဏ်ခံကောင်းရှိသူလည်း ဖြစ်သည်။ အရွယ်ကောင်းသို့ရောက်သူလည်း ဖြစ်၏။ ထိုသူသည် လွယ်သည်ဟု ထင်ရသော စာမျိုး၌ပင် အပေါ်ယံအလှကိုသာမက အသိဉာဏ်အလှကိုပါ မြင်တတ်၍ ပြတတ်သည်။ ဤကား စကားချပ်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဦးရွှေကျူးသည် ဦးပုညစာအကြောင်းနှင့်စပ်လျဉ်း၍ ဝေဖန်ချက် ရေးသားခဲ့ဟန် မတူချေ။ ရေးသားခဲ့သည့်တိုင်အောင် များများစားစား ရေးထားခဲ့ဟန်မတူချေ။ သို့ရာတွင် သူသုံးခဲ့သော ရိုတ်စပီးယား ရှုပကကို ထောက်ခြင်းအားဖြင့် ရိုတ်စပီးယား၏စာ၌ အသိဉာဏ်အလှကို သူမြင်ခဲ့သည့်နည်းတူ ဦးပုည၏ စာ၌လည်း အသိဉာဏ်အလှကို သူမြင်ခဲ့သည်ဟု ထင်သည်။ ထိုအသိဉာဏ်အလှသည် အခြားမဟုတ်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဦးပုည၏ဉာဏ်ဖြင့် (ဝါ) ဦပုည၏ စိတ်ကူးဉာဏ်ဖြင့် သိမြင်ခဲ့သည်လည်းဖြစ်၍၊ ပရိသတ်အား ဘဝအသိရသမျိုးကို ပေးတတ်သည်လည်းဖြစ်သော လောကသဘာဝအဖွဲ့၊ လူ့သဘာဝအဖွဲ့တို့ ဖြစ်သည်ဟု ဆိုချင်သည်။ ထို့ကြောင့် ဦးပုည၏စာ၌ အသိဉာဏ်အလှမျိုး ပါမပါကို (ဝါ) လောကသဘာဝအဖွဲ့၊ လူ့သဘာဝအဖွဲ့တို့ ထူးထူးခြားခြားပါမပါကို ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ သောနုတ္တရမုဆိုး၏ စကားတစ်ပုဒ်ဖြင့် ရှင်းပြရန် အားထုတ်ကြည့်ပါမည်။ ထိုစကားသည် မြားမှန်သော ဆဒ္ဒန်ဆင်မင်းက သောနုတ္တရမုဆိုးအား ငါ့ကို အဘယ်အကြောင်းကြောင့် သတ်လေသနည်းဟု မေးသောအခါ သောနုတ္တရက ပြန်ပြောသောစကား ဖြစ်သည်။

ဆဒ္ဒန္တဇာတ် (ညောင်ကန်) ၌ ထိုစကားသည် အောက်ပါအတိုင်း ဖြစ်၏။

> *"အရှင်ဆင်မင်း၊ ကာသိမင်း၏ မိဖုရားကြီးသည် သုဘဒ္ဒါအမည်ရှိ၏။ ထိုမိဖုရားကြီးကို မင်းအိမ်၌ ပူဇော်အပ်၏။ ထိုမိဖုရားသည် အရှင်ဆင်မင်းကို အိပ်မက်၌ မြင်မက်၏။ ထိုမိဖုရားကြီးသည်လျှင် အကျွန်ုပ်ကို ပြောဆို၏။ အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်သို့ဖြင့် ငါအလိုရှိ၏။ ဤသို့ အကျွန်ုပ်ကို ဆို၏"*

ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ ထိုစကားသည် အောက်ပါအတိုင်း တစ်မျိုးဖြစ်လာသည်။

> *"ဆင်မင်းသခင် ထိပ်ခေါင်တင်။ လူ့အိုမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့် သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက မြမရှား၊ စိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှ ပန်လိုသည်။ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း နားဝယ်လက်မခံ၊ ညှိစော်နံသည်ဟု ရွံသတဲ့ဘုရား။ ထိပ်ထားဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုသာ၊ နားတွောင်းပွတ်၍ဆင်ဝတ်တော်မူလိုသည်။ ဆဒ္ဒန်ဘုန်းကြွယ်၊ ကိုယ်တော်မြတ်အစွယ်ကို၊ နားဝယ်လှလှ၊ မဆင်ရလျှင် စိတ်ချပေရော့၊ သူသေပါတော့မည်ဟု ၊ ရွှေနန်းကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ ခေါင်းထား၍အသော့၊*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ငိုပါရှာသည် ဘုရား။ ပင်ပန်းလှိုက်ဖို၊ သူ့မယားငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပျာရိုးပျာရာ၊ ဘဇာအရေး၊ မတွေးမမျှော်၊ ကျွန်တော့်ကိုခေါ်ပြီးလျှင်၊ ဟဲ့နော်လုဒ္ဒက၊ ဆင်စွယ်ကိုမရလျှင်၊ ဇိဝနတ္ထိ၊ နင်သေမည်သိဝံ့ဟု မင်းသမီး မာန်စွဲနှင့်၊ အံခဲ၍ မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန်တော်မျိုး ကြောက်လှ၍၊ ဓားအောက်ကသာ၊ အနိုင်ခွာပြီးလျှင်၊ တောမှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည်လျှောက်သည်တွင် နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကံကျေး၊ ငါးရွာစားပေးပြီးလျှင် ကျေးဇူးရှင်မ၊ သူကိုယ်တိုင်လမ်းပြ၍၊ ဘုန်းဘုရာ့စွယ်တော်မြတ်ကို၊ အဖြတ် ကျွန်တော်ရောက်ပါသည်။ အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရာ့ကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက် သား အနက်တွင်မှ၊ ကံကွက်ကျား၍၊ ငမိုက်သား မုဆိုးလေ၊ နင့်ချည်းပင် သေပေတော့ဟု၊ ငွေတောင်ကြီးအပာန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့်အား သတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာရှေးရှု၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည် ဘုရား"*

ဟု ဖြစ်လာသည်။

ရှိတ်စပီးယားသည် မိမိပြဇာတ်ပါ ဇာတ်လမ်းတို့ကို မိမိကိုယ်တိုင် ဖန်တီးသည် မဟုတ်ချေ။ ထိုဇာတ်လမ်းတို့ကို ဂရိရာဇဝင်၊ ရောမ ရာဇဝင်တို့မှလည်းကောင်း၊ ပြင်သစ် ပုံပြင် စပိန်ပုံပြင်တို့မှလည်းကောင်း၊ အခြားသော တေးကဗျာတို့မှလည်းကောင်းယူ၍ ပြဇာတ်ရေးသူ ဖြစ်သည်။ သို့ရာတွင် သူ့နှုတ်ဖျား၌ ထိုဇာတ်လမ်းတို့သည် တစ်မျိုးတစ်ဖုံ ဆန်းသစ်လာ၍ သူ့ဇာတ်ဆောင်တို့သည်လည်း လူ့သဘာဝ အဖွဲ့ကောင်းများ ဖြစ်လာသည် ဟု ဆိုကြသည်။ ဥဒါဟရဏ်ကား ရာဇဝင်၌ မင်းကြီးတစ်ပါးသည် သဘောကောင်းလွန်း၍ ဒုက္ခတွေ့ခဲ့၏ ဆိုထားလျှင် ရှိတ်စပီးယားသည် ထိုမင်းကြီးကို သဘောကောင်းလွန်း သောသူတစ်ဦးနှင့် တူလာအောင် ဖန်တီး၍ သဘောကောင်းလွန်းသောကြောင့် ထိုမင်းကြီး မည်သို့ဒုက္ခတွေ့လာရပုံကို အသင့်ယုတ္တိအမျိုးမျိုးဖြင့် တင်ပြတတ်သည်။ ဦးပုညသည်လည်း ရှိတ်စပီးယားကဲ့သို့ပင် သူ့စာပါ ဇာတ်လမ်းတို့ကို ဖန်တီးခဲ့သူ မဟုတ်ချေ။ သို့ရာတွင် ရှိတ်စပီးယားကဲ့သို့ပင် ဇာတ်လမ်း၌လည်းကောင်း၊ ဇာတ်ဆောင်၌လည်းကောင်း၊ လောက သဘာဝ လူ့သဘာဝတို့ကို အသင့်ယုတ္တိအမျိုးမျိုးဖြင့် တင်ပြထည့်ပြတတ်သူ ဖြစ်သည်။ အထက်ပါမုဆိုး၏ စကားနှစ်ရပ်ကိုယှဉ်၍ လေ့လာကြည့်လျှင် ဦးပုည၏ဉာဏ်ကို တစ်စိတ် အားဖြင့် ရိပ်မိနိုင်သည်။ စိစစ်ကြည့်ရအောင်။

ဆဒ္ဒန္တ ဇာတ်တွင် ဗာရာဏသီမင်း၏ မိဖုရား သုဘဒ္ဒါ အငြိုးကြီးကြောင်း၊ သောနုတ္တရ မုဆိုး သတ္တိရှိကြောင်းတို့ကို တွေ့နိုင်သည်။ သောနုတ္တရမုဆိုးသည် ဆန္ဒန္တ ဇာတ်၏ အဆို အရ ခွန်အားဗလကြီး၍ အလွန်သတ္တိကောင်းသူ ဖြစ်ကြောင်း။ ဆန္ဒန်ဆင်မင်းရှိရာသို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခရီးပြင်းအသွားတွင် တောတောင်အခက်အခဲ ဟူဟူသမျှကို အောင်မြင်ခဲ့ကြောင်း။ မြက်ထူလျှင် တံစဉ်ဖြင့် ရိတ်ကြောင်း။ သစ်ဝါးထူလျှင် ဓားဖြင့်ဖြတ်၍၊ ညွှန်တောတွေ့လျှင် ပျဉ်ခင်း၍ ကျော်ကြောင်း။ ရေတွေ့လျှင် လှေထွင်း၍ကူးကြောင်း။ တောင်ထိပ်သို့ရောက်အောင် သံသက္ကဆူးတပ်လွန်ကြိုးဖြင့် တက်၍ တောင်ခြေရင်းသို့ ဆင်းလျှင် ထိုလွန်ကြိုးဖြင့်ပင် ဆင်းကြောင်း သိရပါသည်။ ထို့ကြောင့် ထိုမျှသော အခက်အခဲတို့ကို အောင်သူသည် လူညံ့မဟုတ်။ ချီးကျူးအပ်သူဖြစ်ရာ သောနုတ္တရ၏ ကာယသတ္တိသည် ထင်ရှားလှသည်။

ဦးပုည၏ နှုတ်ဖျားတွင်လည်း ထိုကာယသတ္တိသည် ဆန္ဒန္တဇာတ်၌ ပါသည့်အတိုင်း ထင်ရှားလျက်သာ ဖြစ်သည်။ ဤအထိ မထူးပြီ။ ထူးလာသည်မှာ ကာယသတ္တိပင် ရှိသော်လည်း သေရတော့အံ့ဟု အကယ်သိသည်နှင့် တစ်ပြိုင်နက်၊ စာရိတ္တသတ္တိ ချို့တဲ့မှုကြောင့် သက်လုံမကောင်းနိုင်တော့ဘဲ ကိုယ်လွတ်ရာလွတ်ကြောင်း 'ငယ်ငေါင်းစုတ်ပဲ့နုန့်နဲ့သော' စကားမျိုးကို ဆိုတတ်သော လူညံ့တို့၏ သဘာဝတစ်ခုကို (၀ါ) ကိုယ်ချမ်းသာရာချမ်းသာကြောင်းအတွက် မိမိကို သနားစေလို၍ သူတစ်ပါးကို ရွံမုန်းစရာဖြစ်အောင် မုသာဝါဒ၊ ပိသုဏဝါစာ လိမ်လည်ကုန်းချော ပြောဆိုတတ်သော လူညံ့တို့၏ သဘာဝတစ်ခုကို ဦးပုညက ဖန်တီးဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း သတ်ရမည့်အလုပ်ကို သောနုတ္တရသည် ဝမ်းပန်းတသာလက်ခံခဲ့ပြီးမှ မိဖုရားကို ယခု သူအပြစ်တင်သည်။ မင်းကို ယခု သူအပြစ်ဖို့သည်။ ထမင်းရည်ပူလာ လျှာလွှဲသော စကားကို ယခု သူဆိုသည်။ မိဖုရားအပေါ်၌ အပြစ်ပုံချရာတွင်

*"မြမရှား၊ စိန်မရှား၊ အလွန်ပင်များပြားသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှ ပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နားဝယ်လက်မခံ၊ ညီစော်နံသည်ဟု၊ ရွံ့သတဲ့ဘုရား"*

ဟူသော စကားသည် ဆဒ္ဒန်ဆင်မင်းအဖို့ အသည်းနာစရာကောင်းလှသည်။ မင်းမိဖုရားတို့အကြောင်းကို ကုန်းချောပြောဆိုရာတွင်–

*"သူမယားငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပျာရီးပျာရာ၊ ဘဇာအရေး၊ မတွေးမမျှော်"*

ဟူသော စကားသည် မယားမိုက်တိုင်း လင်ကလည်း လိုက်၍မိုက်သည်ဟု ရိပ်လိုသော ကုန်းစကားဖြစ်သဖြင့် ဆဒ္ဒန်ဆင်မင်းအဖို့ စက်ဆုပ်စရာဖြစ်၍ ပရိသတ်အဖို့ ရယ်စရာ ကောင်းလှသည်။ တစ်ဖန် သူ့တစ်ဦးတည်းကို သတ်လျှင် မတရားရာရောက်မည်ဖြစ်ကြောင်း သူခိုးသေဖော်ညှိ စကားသုံး၍ လျှောက်လဲရာ၌လည်း သောနုတ္တရသည် သူ့ကိုယ်သူ သနားစရာဖြစ်အောင် ပလီပလာပြောလေသေးသည်။ 'လူအိုမုဆိုး၊ ကျွန်တော်မျိုး' ဟု အစချီလိုက်သော သူ့ငိုသံပါစကားသည် ပရိသတ်အဖို့ ရယ်ဖွယ်သာ ဖြစ်သည်။ သူ့လျှောက်လဲချက်သည် မှန်သင့်သလောက် မှန်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် မိဖုရားရှေ့၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝမ်းပန်းတသာ တာဝန်ယူခဲ့သော သူ့ခံညားမှုသည်လည်းကောင်း၊ တောအထပ်ထပ် တောင်အထပ်ထပ်ကို ကျော်လွှန်နိုင်ခဲ့သော သူ့ကာယသတ္တိသည်လည်းကောင်း ရေစုန်မျောရလေသည်။

မူလ ဆဒ္ဒန္တဇာတ်၌ သောနုတ္တရ၏စကားသည် ရိုးရိုးမျှသာဖြစ်သည်။ ရိုးရိုးမျှသာဖြစ်သော ထိုစကားသည် ဦးပုည၏နှုတ်ဖျားတွင် တစ်မျိုးတစ်ဖုံဆန်းလာ၍ စာရိတ္တသတ္တိ ချို့တဲ့သူ၏သဘောကို ဖန်တီးဖော်ပြနိုင်ခဲ့သည်မှာ ထင်ရှားသည်။ ဆဒ္ဒန္တဇာတ်တွင် သောနုတ္တရမုဆိုးသည် ကာယသတ္တိနှင့် ပြည့်စုံသူဖြစ်သည်ကို အလွယ်တကူသိနိုင်သည်။ ဦးပုညသည် ထိုကာယသတ္တိကို ချီးကျူးခဲ့၏။ သို့ရာတွင် ဆန္ဒန္တဇာတ်ကို ဖတ်ရှုခဲ့သော ဦးပုညသည် ရန်ငြိုးကြီးသောစိတ်ညံ့၊ မိုက်မဲသောစိတ်ညံ့တို့၏အပြစ်ကို မြင်ခဲ့သည်။ ထို့ကြောင့် ဦးပုညသည် သူ့ဝတ္ထုကိုရေးသောအခါ ကာယသတ္တိဖြင့် ခံညားထည်ဝါလှသော သောနုတ္တရကို စာရိတ္တချို့တဲ့ခြင်းလက္ခဏာ တစ်မျိုးဖြစ်သော၊ မိုက်မဲသော မုသာဝါဒါ ပိသုဏာဝါစာ အမူအရာတို့ဖြင့် တန်ဆာဆင်ခဲ့သည်ဟု ဆိုချင်သည်။ ဦးပုညသည် သောနုတ္တရ လျှောက်လဲချက်စကားကို ဖွဲ့စဉ်ကသော်၊ ကာယသတ္တိသာရှိ၍ စာရိတ္တသတ္တိ ချို့တဲ့နေသောသူ တစ်ဦးဦးကို သတိရ၍၊ ကဲ့ရဲ့ရှုတ်ချ ရယ်သွမ်းသွေးလိုသောစိတ် ဖြစ်ခဲ့သောကြောင့် (ဝါ) မှားသည်၊ အကျိုးမဲ့သည်ကို မလိုလား၊ မှန်သည် အကျိုးရှိသည်ကိုသာ လိုလားသော စေတနာ ဖြစ်ခဲ့သောကြောင့် ဖွဲ့ခဲ့သည်ဟု ဆိုလျှင်လည်း ဖြစ်နိုင်သည်ဟု ထင်သည်။

ဤမျှဖြင့် အထက်ကဆိုခဲ့သော ဦးရွှေကျူး၏ ရူပကအလင်္ကာစကားသည် ဆိုထိုက်လက်ခံထိုက်သော စကားဖြစ်သည်ဟု ထပ်မံ၍ ထောက်ခံချီးကျူးပါသည်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဉာဏ်ခံရှိရာတွင် ဦးပုညနှင့် ရှိတ်စပီးယားတူကြသည်ဟု ယူချင်သည်။ သို့ရာတွင် ကာလဒေသပယောဂတို့ကြောင့်ပေလားမသိ၊ ဦးပုညသည် ထိုဉာဏ်ခံကို၊ ရှိတ်စပီးယားလောက် များများစားစား ထူးထူးချွန်ချွန် မပြနိုင်ဖြစ်ခဲ့ရှာသည်ဟုလည်း ယူချင်ပါသတည်း။

၁၉၆၃။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မျက်မှောက်ခေတ် မြန်မာစာပေ

# ၂၀ ရာစုနှစ် ခေတ်ဦး မြန်မာစာပေ၏ ထူးခြားချက် နှစ်ရပ်

[၁]

ဤစာတမ်း၏ ရည်ရွယ်ချက်သည် ၂၀ ရာစုနှစ်၊ ခေတ်ဦးဟု ဆိုအပ်သော အနှစ်နှစ်ဆယ်မျှသော ကာလအတွင်းတွင် တစ်မျိုးတစ်ဖုံပြောင်းလာသော မြန်မာစာပေကို သတိပြုနိုင်ကြစေရန် တင်ပြလိုခြင်း ဖြစ်ပါသည်။

မြန်မာစာပေဟုဆိုရာတွင် ပြည်သူအများ ဖတ်ရှုသော စာပေကို ဆိုလိုသည်။ အထူးသဖြင့် ထိုသို့သော စာပေတွင် ရသစာပေဂိုဏ်းဝင် စာမျိုးကို ဦးစားပေး၍ တင်ပြလိုသည်။ တစ်မျိုးတစ်ဖုံ ပြောင်းလာသည်ဆိုရာတွင် အများသူငါ သိပြီးဖြစ်ကြသည့်အတိုင်း (၁) ထိုခေတ်ဦးတွင် မြန်မာစာ ရေးသားပြုစုသူနှင့် ဖတ်ရှုသူတို့သည် ကဗျာထက် စကားပြေဘက်ကို ပို၍ အာရုံပြုလာကြသဖြင့် မြန်မာစကားပြေ အသုံးများလာခြင်းကို ဆိုလိုသည်။ (၂) စကားပြေကို အသုံးများလာရာမှ မြန်မာကာလပေါ် ဝတ္ထုအဖွဲ့ကို လက်ခံလာကြခြင်းကို ဆိုလိုသည်။ ထိုအချက် နှစ်ချက်သည် ၂၀ ရာစုနှစ်ခေတ်ဦး မြန်မာစာပေတွင် ထူးခြားလာသော အချက် နှစ်ချက် ဖြစ်သည်ဟု ဆိုချင်ပါသည်။

ထိုအချက် နှစ်ချက်သည် အဘယ်အကြောင်းများကြောင့် ဖြစ်ပေါ်လာကြသနည်း။ မည်သို့မည်ပုံ ဖြစ်လာကြသနည်း။ ဤစာတမ်းတွင် ဤအမေးနှစ်ရပ်အတွက် အဖြေရှာရန် အားထုတ်ပါမည်။ တစ်နည်းဆိုရသော် ၂၀ ရာစုနှစ်ခေတ်ဦး မြန်မာစာပေသည် (က) အဘယ်အကြောင်းများကြောင့် ပြောင်းခဲ့သနည်း၊ (ခ) မည်သို့မည်ပုံ ပြောင်းခဲ့သနည်းဟူသော အမေးနှစ်ရပ်အတွက် အဖြေရှာခြင်း ဖြစ်သည်။ ပြောင်းခဲ့သည်ဟု ဆိုသဖြင့် မပြောင်းမီက အဟောင်းသဘောရှိသည်ဆိုသောအချက်ကို သတိပြုသင့်သည်။ ထို့ပြင် ထိုအဟောင်းသဘောသည် ယခုတိုင် အမွေအနှစ်အဖြစ်ဖြင့် တည်ရှိနေသည်ဆိုသော အချက်ကိုလည်း သတိပြုသင့်သည်။ ပြောင်းသည်ကိုသိလိုလျှင် အဟောင်းသဘောကို ပြန်ကြည့်ဖို့လိုလိမ့်မည်။ ပြန်ကြည့်လျှင် အချုပ်အားဖြင့် ဤသို့ တွေ့နိုင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



[၂]

တစ်ဆယ့်တစ်ရာစုနှစ်တွင် ပုဂံပြည် အနော်ရထာမင်းလက်ထက်၌ မြန်မာတို့၏ ဒေသဖြစ်သော ပုဂံပြည်သို့ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် အတူတကွ ပိဋကတ်တော်စာပေစု ရောက်လာခဲ့သည်ဟူသောအချက်သည် ထင်ရှားပါသည်။ နိုင်ငံသမိုင်း သုတေသီပုဂ္ဂိုလ်တို့ သည် သက်သေများရှာ၍ ဟုတ်မှန်ကြောင်း ဆိုခဲ့ကြပြီ။ ထို့ပြင် ပုဂံခေတ်တွင် ပိဋကတ် တော် စာပေစုသာမက အခြားစာမျိုးရှိသေးသည်ဟုလည်း သိရပါသည်။ တစ်ဆယ့်သုံး ရာစုနှစ်တွင် ပုဂံထီးနန်း ပျက်သုဉ်းပြီးနောက် တစ်ဆယ့်ငါးရာစုနှစ်အတွင်းတွင် ပုဂံမြို့ ဟောင်း၌ ရေးခဲ့သော ကျောက်စာတစ်ခုကို ထောက်၍ သိနိုင်သည်။

ထိုကျောက်စာသည် မြန်မာသက္ကရာဇ် ၈၀၄ ခုနှစ် (အေဒီ ၁၄၄၂) တွင် ပုဂံမြို့ ဟောင်း၌ ပုဂံကျောင်းတော် ဆောက်လုပ်လှူဒါန်းပြီးသည့်နောက် ရေးခဲ့သော ပုဂံကျောင်းတော် မော်ကွန်းကျောက်စာ ဖြစ်သည်။ ထိုကျောက်စာကို ပုဂံမြို့၊ ဝက်ကြီးအင်း၊ တက်နွဲကျောင်း ကျောက်စာဟုလည်းခေါ်သည်။ အလှူရှင်ဖြစ်ကြသော တောင်တွင်းမင်း မင်းသီရိဇေယျသူရ မောင်နှံတို့သည် ကျောင်းနှင့် တစ်ပါတည်း ကျမ်းပေါင်း ၂၉၄ ကျမ်းကိုလည်း ပေထက် အက္ခရာတင်၍ လှူခဲ့ကြသည်။ ကျောက်စာ၌ ဆိုသည်မှာ ကျောင်းတော်၌ လာလတ်အံ့သော အမျိုးသားတို့ကို သင်စိမ့်သောငှာ ပေတင်နှင့်တကွ ပိဋကတ်သုံးပုံ ရေးတော်မူ၏ဟု ဆိုသည်။ ထိုသို့ဆိုပြီးနောက် တောင်တွင်းမင်းလှူသော ကျမ်းအမည်များကို ကျောက်စာ၌ ဖော်ပြထားသည်။ ကျမ်းစာရင်းတွင် ပိဋကတ်တော်ဆိုင်ရာကျမ်းများအပြင် အခြားကျမ်း များလည်းပါကြသည်။ ထိုကျမ်းများသည် ဓမ္မသတ်ကျမ်း၊ ဆေးကျမ်း၊ သဒ္ဒါကျမ်း၊ အလင်္ကာ ကျမ်းများ ဖြစ်ကြသည်။ ထို့အပြင် ထေရဝါဒမဟုတ်သော ဂါထာမန္တာန်များအကြောင်း၊ မဟိန္ဒိတန်ခိုးအကြောင်း၊ မဟာမာတာမယ်တော်ကြီးများအကြောင်းတို့ကိုလည်း ဆိုမိန့် တတ်သည်ဖြစ်သော မဟာယာနတန္တရဝါဒဟု ယူဆကြသော ကာလစက်ကြီး (မဟာ ကာလစက္က) ကာလစက်ကြီးဋီကာ၊ မရိတုဝဥ္စနကျမ်း၊ ရတ္တမာလာကျမ်းတို့ ဖြစ်သည်။ ကျောက်စာအရ ထိုကျမ်းများကို ဆယ့်ငါးရာစုနှစ်မှာမှ ဖော်ပြခဲ့သည်မှန်သော်လည်း ထိုကျမ်း များကို ပုဂံထီးနန်း မပျက်ခင်ကပင် သုံးခဲ့ကြသည်ဟုယူသော် ရကောင်းအံ့သို့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ပုဂံခေတ်၏ နောက်ပိုင်းတွင် နှစ်ပေါင်းအတော်ကြာမျှ အိန္ဒိယနှင့် အဆက်ပြတ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။

တောင်တွင်းမင်းလှူသော ကျမ်းအားလုံးသည် ပုဂံခေတ် ရဟန်းကျောင်းတိုင်း၌ ရှိ သည်ဟု မဆိုလိုပါ။ အချို့ကျောင်း၌ လျော့နည်း၍ရှိရာသည်။ အချို့ကျောင်းများ၌ ပိုကဲ၍ရှိရာသည်။ သို့ရာတွင် ပုဂံခေတ် ရဟန်းကျောင်းများ၌ အများအားဖြင့် သင်ကြား လိုက်နာသော အထက်တန်းစာပေ၏ စံချိန်ကိုကား ခန့်မှန်း၍ရသည်ဟုထင်ပါသည်။ တောင်တွင်းမင်း၏ ကျမ်းစာရင်းတွင် မြန်မာစာပေအတွက် ထူးခြားသော အချက်တစ်ချက် သည် မြန်မာပြန် နိဿယကျမ်းများအနက် မြန်မာပြန် ဇာတကနိဿယကျမ်းပါသော အချက် ဖြစ်သည်။ ထိုကျမ်းများသည် ပုဂံခေတ်၌ လူသိအများဆုံးဖြစ်နိုင်၍ နောင်အခါ ထွန်းကားလာမည့် မြန်မာစာပေ၏ ရေသောက်မြစ် ဖြစ်သည်ဟု ယူဆနိုင်သည်။ အဘယ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြောင့်ဆိုသော် အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့ လက်ထက်မှစ၍ ဗုဒ္ဓဘာသာ အနုပညာသည်တို့ ပြရိုးအစဉ်ရှိသည့်အတိုင်း ဒူရေနိဒါန်းဟု ဆိုအပ်သော မြတ်စွာဘုရား၏ နစဉ်ဘဝတို့ကို ပြဆိုရာဖြစ်သော နိပါတ်ဇာတ် ငါးရာထဲမှ နှစ်သက်ကြည်ညိုရာ ဇာတ်တို့ကို ပုဂံခေတ် ဂူဘုရား စေတီဘုရားတို့၌ ရုပ်ကြွရုပ်လုံး ပြုခြင်းဖြင့်သော်လည်းကောင်း၊ ပန်းချီဆေးရေးခြင်းဖြင့်သော်လည်းကောင်း သရုပ်ဖော်လှူဒါန်းကြသည်ဖြစ်ရာ ဇာတ်ငါးရာသည် ပရိယတ်အဖို့ တရားလည်းဖြစ်၍၊ ပညာလည်းဖြစ်၍၊ နှစ်သက်စရာလည်းဖြစ်၍ လူသိသူသိများခြင်း ရှိခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုဇာတ်ငါးရာ နိဿယကျမ်းများ ကျော်စောကြောင်းကို နောင်တစ်ခေတ်၌ ထွန်းကားလာသော ပျို့ကဗျာကြီးများကလည်း သက်သေထူပြီးဖြစ်သောကြောင့်ပင်။ ဤသို့ဖြင့် မြန်မာစာပေသည် အဓိကအားဖြင့် မဇ္ဈိမ ဒေသမှ (ဝါ) ရှေးခေတ် အိန္ဒိယမှ ရောက်လာသော ဗုဒ္ဓဘာသာစာပေကို အမှီပြု၍ ဖြစ်ပေါ်ထွန်းကားလာသည်ဟု ဆိုကြသော အဆိုအမိန့်သည် သင့်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် ပုဂံခေတ်၌ ခေတ်ပြိုင် မြန်မာ့ဘဝပတ်ဝန်းကျင်ရှိ နီးစပ်ရာ အဖြစ်အပျက်ကိုဖြစ်စေ၊ နီးစပ်ရာ ကိစ္စကိုဖြစ်စေ၊ နီးစပ်ရာ လူ့အမှုအရာကိုဖြစ်စေ အကြောင်းပြု၍ (ဝါ) ထိုခေတ်က မြန်မာ့ဘဝပတ်ဝန်းကျင်ကို အကြောင်းပြု၍ ခံစားမှုအသိဖြင့် ရေးဖွဲ့ကြသော စာမျိုး ရှိသေးသည်ကိုလည်း တွေ့ရသည်။ ထိုစာမျိုးကို ပုဂံခေတ်ကျောက်စာ စကားပြေအချို့၌ တွေ့နိုင်သည်။ ပုဂံခေတ်ကျောက်စာ ဆိုသည်မှာ အများသိပြီး ဖြစ်ကြသည့်အတိုင်း ဘုရားတည်၍သော်လည်းကောင်း၊ ကျောင်းဆောက်၍သော်လည်းကောင်း လှူဖွယ်ဝတ္ထုတို့ကို လှူပြီးသည့်နောက် မော်ကွန်းတင်ကြသောစာများ ဖြစ်သည်။ သို့ရာတွင် လှူဒါန်းခြင်း၏ အကြောင်းရင်းကို ပြန်၍ရေးကြရာတွင် အလှူရှင်တို့သည် လမ်းသွားရင်းဟန်လွဲ ဆိုဘိသကဲ့သို့ မိမိတို့အကြောင်းကို ထည့်၍ ရေးတတ်ကြသည်ကို တစ်ခါတစ်ရံ တွေ့ရသည်။ ထိုသို့သော အရေးအသားအချို့သည် အလှူရှင်အချို့၏ ခံစားမှုအသိဖြင့်ရေးသောစာများ ဖြစ်သဖြင့် ထိုစာမျိုးတွင် ရသစာပေ၏ လက္ခဏာပါတတ်သည်ကို တွေ့နိုင်ပါသည်။ ထိုအခါ ထိုစာမျိုးကို ဖတ်ရှုသူသည် ရသာနုဘဝန ရသအတွေ့အကြုံကိုရ၍ ထိုရသ အတွေ့အကြုံမှတစ်ဆင့် ဘဝအသိတစ်ခုခုကို သတိပြုလာမိခြင်း ရှိတတ်ပါသည်။

ပုံစံပြရသော် ဆယ့်နှစ်ရာစု ခေတ်ဦးပိုင်းတွင် ကျန်စစ်သားမင်းကြီး လွန်တော်မူပြီးသည့်နောက် ရေးထိုးသည်ဟု ယူဆကြသော (မြစေတီကျောက်စာဟုလည်း ခေါ်သော) သားတော် ရာဇကုမာရ်ကျောက်စာ၌ ရာဇကုမာရ်၏ ခံစားမှုအသိဖြင့် ရေးခဲ့သောစာကို တွေ့နိုင်ပါသည်။ တစ်ဖန် ဆယ့်သုံးရာစုနှစ် နောက်ပိုင်းတွင် မွန်ဂိုတာတာတို့ဘုရင် ခန်းမင်းကြီး၏ နယ်ချဲ့စစ်ဒဏ်ကြောင့် နရသီဟပတေ့ တရုတ်ပြေးမင်း၏ထီးနန်း ယိမ်းယိုင်နေသောခေတ်၌ ရေးထိုးသည်ဟု ယူဆနိုင်သော သျှင်ဒိသာပါမောက် ကျောက်စာ၌လည်း သျှင်ဒိသာပါမောက်၏ ခံစားမှုအသိဖြင့်ရေးခဲ့သောစာကို တွေ့နိုင်သည်။ ရာဇကုမာရ်၏ စာတွင် လွန်တော်မူအံ့ဆဲဖြစ်သော ခမည်းတော် ကျန်စစ်သားမင်းကြီးအနီးတွင် နောက်ဆုံး ကျေးဇူးပြုခဲ့သော သားတော် ရာဇကုမာရ်၏ ကိုယ်နှုတ်နှလုံးအမူအရာ စကားပြေအဖွဲ့သည် ထင်ရှားပါသည်။ ထိုအခါ ထိုစာကို ဖတ်ရှုသူ၌ ကျောက်စာဗဟုသုတကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှာရင်း ကြည်ညိုလေးစားအပ်သော သားကောင်းတစ်ဦး၏ သဘာဝကို သတိပြုခြင်းရှိလာရာသည်။ သျှင်ဒိသာပါမောက်၏စာတွင် တရုတ်ပြည်သို့ မင်းတမန်အဖြစ်ဖြင့်သွား၍ နိုင်ငံရေးကိုဆိုရာတွင် အောင်မြင်ခဲ့သော သျှင်ဒိသာပါမောက်၏ ကိုယ်နှုတ်နှလုံးအမူအရာ စကားပြေအဖွဲ့သည် ထင်ရှားပါသည်။ ထိုအခါ ထိုစာကို ဖတ်ရှုသူ၌ ကျောက်စာဗဟုသုတကိုရှာရင်း ဝမ်းမြောက်အားတက်ဖွယ်ဖြစ်သော တိုင်းကျိုးဆောင်ပုဂ္ဂိုလ်တစ်ဦး၏ သဘာဝကို သတိပြုခြင်း ရှိလာရာသည်။ ရာဇကုမာရ်မင်းသားနှင့် သျှင်ဒိသာပါမောက်တို့သည် ထိုအဖွဲ့နှစ်ခုကို ပျို့ကဲ့သို့၊ ရတုကဲ့သို့၊ ပြဇာတ်ကဲ့သို့၊ ပုံဝတ္ထုကဲ့သို့ ရသစာပေ အဖြစ်ဖြင့် ရေးခဲ့သည် မဟုတ်သော်လည်း ထိုအဖွဲ့နှစ်ခုသည် ပရိသတ်အား ရသအတွေ့ အကြုံမှတစ်ဆင့် ဘဝအသိကို ပေးနိုင်စွမ်းရှိကြသည်ဟု ဆိုချင်သည်။ ဤသို့ဖြင့် တောင်တွင်းမင်း၏ ကျမ်းစာရင်းကို ထောက်၍လည်းကောင်း၊ ပုဂံခေတ်ကျောက်စာအချို့တွင် ရာဇကုမာရ် ကျောက်စာပါ အရေးအသား၊ သျှင်ဒိသာပါမောက် ကျောက်စာပါ အရေးအသားတို့ကဲ့သို့သော အရေးအသားမျိုးရှိခဲ့သည်ကို ထောက်၍လည်းကောင်း၊ ပုဂံခေတ် မြန်မာစာပေယဉ်ကျေးမှု၏ အင်အားနှင့် မြန်မာရသစာပေ၏သဘောကို ခန့်မှန်း၍ ကြည့်နိုင် ပါသည်

ထို့နောက် ထိုသို့ပင် ခန့်မှန်း၍ ကြည့်နိုင်သော အထောက်အထားတစ်ခု ရှိသေးသည်။ ထိုအထောက်အထားသည် အများသူငါ သိပြီးဖြစ်ကြသော ပိဋကတ်တော်သမိုင်းကျမ်း ဖြစ်သည်။ ထိုကျမ်းကို မိုင်းခိုင်းမြို့စား ဦးယံ စီရင်ခဲ့သည်။ ဦးယံသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှစ၍ သီပေါမင်းလက်ထက်အထိ အမှုတော်ကို ထမ်းရွက်ခဲ့သူ ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ပိဋကတ်တော်အုပ်အဖြစ် ခန့်ထားခြင်းခံရ၍ နန်းတော်အနီးရှိ ပိဋကတ်တိုက်၌ ပိဋကတ်အမှုတော်ကို ထမ်းရွက်ခဲ့သည်။ ထိုခေတ်တွင် ပညာရှိတစ်ပါးဟု အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ သီပေါမင်းလက်ထက်တွင် ပိဋကတ်တော်အုပ်အဖြစ်ဖြင့် အမှုတော်ကို ဆက်လက်၍ထမ်းရွက်သည်။ မြန်မာသက္ကရာဇ် ၁၂၅၀ (အေဒီ ၁၈၈၈) ပြည့်နှစ်တွင် နန်းတော်ပိဋကတ်တိုက်၌၊ မြန်မာသက္ကရာဇ် ၁၂၄၈ (အေဒီ–၁၈၈၆) ခုနှစ်အထိ စုဆောင်းသိမ်းဆည်းခဲ့သော ကျမ်းစုကို သက်ဆိုင်ရာမှ တ်ချက် မှတ်စုများနှင့်တကွ စာရင်းပြု၍ ပိဋကတ်တော်သမိုင်းကျမ်းကို စီရင်ခဲ့သည်။

ထိုပိဋကတ်တော် သမိုင်းတွင် ကျမ်းပေါင်း ၂၀၄၇ (နှစ်ထောင်လေးဆယ်ခုနစ်) ကျမ်းကို ဖော်ပြထားသည်။ ထိုကျမ်းများအနက် ပိဋကတ်တော်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဂဏ္ဌိအစရှိသော ပါဠိဘာသာကျမ်းများသည် ၄၀၀ နီးပါးခန့်ရှိသည်။ မြန်မာပြန် ိသျှရည်းမားသည် ၄၅၀ ကျော်ရှိသည်။ ပါဠိသဒ္ဒါ၊ ပါဠိအဘိဓာန်နှင့် နိဿရည်းများသည် ၂၀၀ နီးပါးခန့်ရှိသည်။ ဆန်းအလင်္ကာနှင့် နိဿရည်းများသည် ၃၀ နီးပါးခန့်ရှိသည်။ ဝိဒဂ်၊ ဗျာကရိဏ်း၊ ပူရာဏ် အစရှိသော ကျမ်းများသည် ၁၀၀ ကျော်ရှိသည်။ အိန္ဒိယနှင့် သီဟိုဠ်ဖြစ် ဆေးကျမ်းများသည် ၂၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံဖြစ် ဆေးကျမ်းများသည် ၉၀ ကျော်ရှိသည်။ ဗေဒင်ဆိုင်ရာ ကျမ်းများသည် ၅၀ ကျော်ရှိသည်။ ဓမ္မသတ်ဖြတ်ထုံးဆိုင်ရာကျမ်းများသည် ၁၀၀ ကျော်ရှိသည်။ အရေးတော်ပုံနှင့် ရာဇဝင်ကျမ်းများသည် ၄၀ ခန့်ရှိသည်။ ပါရာယနဝတ္ထု၊ ရာဇောဝါဒဝတ္ထု၊ မဏိကုဏ္ဍလဝတ္ထု၊ သုဂန္ဓကထာမေတ္တာစာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အစရှိသော ဝတ္ထုစကားပြေကျမ်းများသည် ၄၀ နီးပါးခန့်ရှိသည်။ ရသစာပေဟု ယူဆအပ်သော ပျို့၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတားတို့သည် ၃၀၀ ကျော်ရှိသည်။

ပိဋကတ်တော် သမိုင်းပါ ကျမ်းများသည် သီပေါမင်းလက်ထက်အထိ စုဆောင်းလာသော ကျမ်းများ ဖြစ်သဖြင့် မြန်မာစာပေယဉ်ကျေးမှုသည် ပုဂံခေတ်၏ နောက်ပိုင်းခေတ်များ၌ မည်မျှ တိုးပွားလာသည်ကို မှန်းကြည့်နိုင်သည်။ တိုးပွားလာသော ကျမ်းအရေအတွက်သည် အကုန်ဟုတ်သေးမည် မထင်ပါ။ ပုံစံပြရသော် ပိဋကတ်တော်သမိုင်းပါ ကျမ်းစာရင်း၌ နန်းတွင်းဇာတ်စု မပါသေးပါ။ လက်ထက်တော်ပြဇာတ်၊ မေတ္တာစာ၊ တရားစာစု မပါသေးပါ။ တျာချင်း၊ အိုင်ချင်း၊ ဗုံကြီးသံ၊ ဒွံးချင်း၊ မှာတမ်း၊ တေးထပ်၊ ဘောလယ်၊ လေးဆစ် စသော တေးကဗျာစု မပါသေးပါ။ ပိဋကတ်တော်သမိုင်း၌ ထိုစာများ မပါကြသေးခြင်းသည် ထိုစာတို့ကို နန်းတော်ပိဋကတ်တိုက်၌ မသိမ်းမဆည်းဘဲ ထားသေးသောကြောင့်လည်း ဖြစ်တန်ရာသည်။ ထိုစာတို့ကို လက်ထက်တော်၌ အရပ်လေးမျက်နှာတွင် ရွတ်ဆဲဖတ်ဆဲ ပြုနေသေးသောကြောင့်လည်း ဖြစ်တန်ရာသည်။ သို့ရာတွင် ပိဋကတ်တော်သမိုင်း၌ ပါသမျှသော ကျမ်းစာရင်းကို ဆင်ခြင်ကြည့်ရှုမှုဖြင့် ပုဂံခေတ်ကုန်သည်မှစ၍ ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်အထိ နှစ်ပေါင်း ၆၀၀ ခန့်အတွင်းတွင် မြန်မာစာပေယဉ်ကျေးမှု၏ အင်အား မည်မျှတိုးတက်လာသည်ကို သိနိုင်ပါသည်။

တိုးတက်လာသော အစိတ်အပိုင်းတွင် ပုဂံခေတ် စာပေထက် ပို၍ထူးခြားလာသည်ဟု ဆိုအပ်သော အချက်သည် ရသစာပေဂိုဏ်းဝင် စာစုပိုင်း၌ ကဗျာအရေးအသားနှင့် အရေးတော်ပုံ ရာဇဝင် စကားပြေများ ဖြစ်သည်။ ထိုစာပေတို့၏သဘောသည် ဤသို့ဖြစ်သည်။ ကဗျာပိုင်းတွင် မြန်မာ့ဘဝပတ်ဝန်းကျင်ကို အကြောင်းပြု၍ ခံစားမှုအသိဖြင့် ရေးဖွဲ့သော စာများသည် ချေင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတားတို့ ဖြစ်သည်။ ပျို့သည် ယေဘုယျအားဖြင့် နိပါတ်ဇာတ်ကိုယူ၍ ရေးသော စာမျိုးဖြစ်သဖြင့် ပျို့တွင် မြန်မာ့ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထား၍ ရေးဖွဲ့လိုသော ဆန္ဒထက်၊ ဗုဒ္ဓဘာသာ ပိဋကတ်ဟော်လာ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ရာဇကြောင်းဆိုင်ရာ အနုသာသန အဆုံးအမဩဝါဒ ဥပဒေသတို့ကို သဒ္ဒါလင်္ကာရ စကားတန်ဆာဖြင့်လည်းကောင်း၊ အတ္ထာလင်္ကာရ အနက်တန်ဆာဖြင့်လည်းကောင်း ဆင်ယင်၍ ရေးဖွဲ့လိုသော ဆန္ဒက ပိုကဲနေသည်ဟု ယူချင်သည်။ သို့ရာတွင် ထိုစာမျိုးလည်း သူ့ဂုဏ်နှင့်သူ တင့်တယ်သည်ဟု ယူပါသည်။ ချေင်း၊ မော်ကွန်း၊ ရတု၊ အဲ၊ အန်၊ လူးတားတို့တွင် ရသအတွေ့အကြုံမှတစ်ဆင့် သတိပြုနိုင်ကြောင်းဖြစ်သော မြန်မာ့ဘဝပတ်ဝန်းကျင်ရှိ ကိစ္စသုံးမျိုးကို သာမန်အားဖြင့် တွေ့နိုင်သည်။ တစ်မျိုးသည် ပိုးမျှစ်သူတို့၏ လွမ်းစရာ ဆွေးစရာ အချစ်အကြိုက်ကိစ္စ ဖြစ်သည်။ ထိုကိစ္စမျိုးကို မယ်ဘွဲ့၊ မောင်ဘွဲ့ ရတုစသော ကဗျာစု၌ တွေ့နိုင်သည်။ နောက်တစ်မျိုးသည် နှစ်သက်ကြည်နူးစရာသဘာဝ အလှအပတို့ကိစ္စ ဖြစ်သည်။ ထိုကိစ္စမျိုးကို တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီဘွဲ့ ရတုစသော ကဗျာစု၌ တွေ့နိုင်သည်။ ကျန်တစ်မျိုးသည် ဇာတိမာန၊ ဂုဏ်မာနဘက်စရာ မင်းမိဖုရား၊ မင်းညီမင်းသားတို့၏ မင်းဂုဏ်စိုးဂုဏ်ကိစ္စ ဖြစ်သည်။ ထိုကိစ္စမျိုးကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘုန်းတော်ဘွဲ့ရတု စသော ကဗျာနှင့် ချေင်းတို့၌လည်းကောင်း၊ မော်ကွန်းအချို့၌လည်း ကောင်း တွေ့နိုင်သည်။ ထို့ကြောင့် ကဗျာပိုင်းတွင် ဆိုခဲ့သော ကဗျာစုသည် အများအားဖြင့် ဆို ခဲ့သော မြန်မာ့ဘဝပတ်ဝန်းကျင်ရှိ ကိစ္စသုံးမျိုးလောက်ကို တန်ဆာအမျိုးမျိုးဆင်၍ တိုးပွား လာသည်ဟု ယူချင်ပါသည်။ ဤကား ပုဂံခေတ်၏ နောက်ပိုင်းခေတ်များတွင် ရေးခဲ့ကြသော ကဗျာတို့၏သဘော ဖြစ်သည်။

စကားပြေပိုင်းတွင် အရေးတော်ပုံနှင့် ရာဇဝင်တို့၏သဘောသည် ဤသို့ဖြစ်သည်။ ထိုစာတို့သည် မြန်မာတိုင်းရင်းသားတို့၏ အတိတ်အဖြစ်အပျက်ကို ရေးခဲ့သောစာများ ဖြစ်သည်။ အထူးသဖြင့် မင်းမိဖုရား၊ မင်းညီမင်းသား အမှုအမတ်တို့အကြောင်း ဖြစ် သည်။ ထိုပုဂ္ဂိုလ်တို့၏ လုံ့လပယောဂကြောင့် တိုင်းပြည်၌ မည်သို့မည်ပုံ ဖြစ်ခဲ့သည် ဟူသော အကြောင်း ဖြစ်သည်။ ထို့ကြောင့် ထိုစာများတွင် မြန်မာ့ပတ်ဝန်းကျင် အကြောင်း သည် အပြည့်ပါသည်ဟု ဆိုနိုင်သည်။ ထူးသည်မှာ ထိုစာများသည် သာမန်အားဖြင့် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားတို့အကြောင်း မှတ်တမ်းများ ဖြစ်သော်လည်း ရသ စာပေ၏ ဂုဏ်ကို ဆောင်သော အရေးအသားတို့ ကြိုးကြားကြိုးကြား ပါတတ်ကြခြင်း ဖြစ်သည်။ ထိုအရေးအသားတို့တွင် အထက်ကဆိုခဲ့သော ကိစ္စသုံးမျိုးထက် ပိုမိုလေးနက် သော၊ အထူးထူးအပြားပြားသော လူ့ကိစ္စတို့ကို တွေ့နိုင်သည်။ ပုံစံပြရသော် မြန်မာ တစ်နိုင်ငံလုံး၏ ထီးနန်းအတွက် ဟံသာဝတီမင်း ရာဇာဓိရာဇ်နှင့် စစ်ပြိုင်ဘက်လည်းဖြစ်၍၊ ရာဇာဓိရာဇ်၏ ယောက်ဖ၊ ယောက္ခမလည်းဖြစ်သော အင်းဝမင်းခေါင်သည် အင်းဝ၌ နတ်ရွာစံပြီဟု သိကြသောအခါ ရာဇာဓိရာဇ်၏ မိဖုရားတို့သည် ပျော်ရွှင်ခြင်းဖြစ်၍ ရာဇာ ဓိရာဇ်ကို ပြက်ရယ်စကားဆိုကြသည်။ သို့ရာတွင် ရာဇာဓိရာဇ်သည် ဝမ်းမြောက်ခြင်းမဖြစ်။ စိတ်နှုန်းညှိုးခြင်းပင် ဖြစ်လာသည်။ ထိုအကြောင်းကိုဆိုသော အရေးအသား၌ လေးနက်သော လူ့ကိစ္စကိုတွေ့နိုင်သည်။ ဆယ့်ရှစ်ရာစုနှစ်အတွင်း ရေးခဲ့သော ဦးကုလား၏ မဟာရာဇဝင် ကြီး၌ ရာဇာဓိရာဇ်နှင့် သူ့မိဖုရားတို့အကြောင်းကို ဆိုထားသည်မှာ–

> *"မိဖုရားများကြားလျှင်၊ ဘုရင်မင်းခေါင်သည် ရှင်ဘုရင်ယောက်ဖ လည်း တော်သည်။ ယောက္ခမလည်းတော်သည်။ ယခု ဘုရင်မင်းခေါင် မရှိပြီးသော်၊ စစ်မက်ဆင်၍ မိဖုရားကတော် စိုးမင်းကိုယ်လုပ်မောင်းမ များကိုယူဟု ပြည်သွယ်ကြကုန်၏။ ရှင်ဘုရင်လည်း ညဲတို့ ပြည်သွယ် ကောင်းပလေ၏။ ယခု သူ့ကို စစ်မပြုပြီ။ ငါလည်း အသက်ကြီးပြီ။ ပခုံးတစ်ဖက်ကား ညဲတို့ကိုထမ်း၍ မွေးမည်၊ ပခုံးတစ်ဖက်ကား ကုသိုလ် ကောင်းမှု သံသရာစီးပွားကို ရှာမည် ငါကြံတော့သည်ဟူ၍ မိဖုရားများကို မိန့်တော်မူ၏။ ယင်းသည် နေ့မှစ၍ စစ်မက်မစီရင်ဘဲ ဘုရားစေတီ ရုပ်တုတော် ဆင်းတုတော်၊ ဂူ ကျောင်း ဇရပ် တန်ဆောင်း ပိဋကတ်သုံးပုံ၊ သာသနာတော် စီးပွားကိုသာ ဆောင်တော်မူ၏"*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဦးကုလား ထည့်၍ ဆိုခဲ့သည်။

ဤတွင် စစ်ပြိုင်ဘက်ဖြစ်သော အင်းဝမင်းခေါင် ဘဝတစ်ပါး ပြောင်းသွားသည့် ကိစ္စ၌ ရာဇာဓိရာဇ်၏ မိဖုရားတို့က ပေါ့ပေါ့ဆဆ ယူကြသည်ကိုလည်းကောင်း၊ ထိုကိစ္စ ၌ပင် အင်းဝ ဟံသာဝတီ ရန်စစ်အကြိမ်ကြိမ် ဖြစ်ခဲ့ကြသည်ကို ငြီးငွေ့နေပြီလည်းဖြစ်၍ ဇရာဘေးနှင့် နီးကပ်နေပြီလည်းဖြစ်သော ရာဇာဓိရာဇ်၌ အယူတစ်မျိုး ဖြစ်ခဲ့သည်ကိုလည်း ကောင်း ဦးကုလားသည် သတိပြုမိ၍ လေးစားခြင်းရှိခဲ့သည်ဟု ဆိုနိုင်သည်။ တစ်ဖန် မိမိ၏ လေးစားစိတ်ကို ပြလိုသဖြင့် မဟာရာဇဝင်ကြီး၌ အယူနှစ်မျိုး မတူပုံကို ထည့်ဖြစ် အောင် ထည့်ခဲ့သည်။ ထိုအခါ အင်းဝမင်းခေါင်လွန်သော အကြောင်းကြောင့် ရှင်လိုမြူးလို သော မိဖုရားတို့၏ အမူအရာအဖွဲ့သည် ထင်ရှားလာရသည်။ အင်းဝမင်းခေါင် လွန် သော အကြောင်းကြောင့်ပင် တရားယူလိုက်သော၊ ရဲရင့်သော၊ စိတ်ကောင်း နှလုံးကောင်း ရှိသော ချစ်စရာကောင်းသော ရာဇာဓိရာဇ်၏ အမူအရာ အဖွဲ့သည်လည်း ထင်ရှားလာရ သည်။ ထိုအခါ ထိုစာကို ဖတ်ရှုသော ပရိသတ်၌ ရာဇဝင် ဗဟုသုတကို ရှာနေရင်း ရသအတွေ့အကြုံမှုတစ်ဆင့် လေးနက်သောလူ့ကိစ္စနှင့် လူ့အမူအရာအဖွဲ့တို့ကို အကြောင်း ပြု၍ ဘဝအသိကို သတိပြုခြင်းရှိလာတန်ရာ၏ဟု ဆိုချင်ပါသည်။ ထိုကဲ့သို့ လေးနက်သော အခြားလူ့ကိစ္စနှင့် လူ့အမူအရာအဖွဲ့တို့ကို ထိုခေတ်က ရေးကြသော အရေးတော်ပုံနှင့် ရာဇဝင်တို့တွင် ကြိုးကြားကြိုးကြား တွေ့ရတတ်သည်။ ဤကား ပုဂံခေတ် နောက်ပိုင်း ခေတ်များ၌ ရေးခဲ့ကြသော အရေးတော်ပုံ စကားပြေ၊ ရာဇဝင်စကားပြေတို့၏သဘော ဖြစ်သည်။

[၃]

ပုဂံခေတ် မြန်မာစာပေ၏ သဘော အချုပ်ကိုလည်းကောင်း၊ ပုဂံခေတ်အကုန်မှ ကုန်းဘောင်ခေတ်အကုန်အထိ ထွန်းကားခဲ့သော ခေတ်အဆက်ဆက် မြန်မာစာပေစု၏ သဘောအချုပ်ကိုလည်းကောင်း၊ ထပ်၍ ချုပ်လိုက်လျှင် ရနိုင်သည်မှာ (၁) မြန်မာစကားပြေ အရေးအသား အားနည်းခဲ့သည်ဟုလည်းကောင်း၊ (၂) မြန်မာ့ဘဝပတ်ဝန်းကျင်ရှိ အထူးထူး အပြားပြားသော နီးစပ်ရာ လူ့ကိစ္စ၊ အထူးထူးအပြားပြားသော နီးစပ်ရာ လူ့အမူအရာတို့ကို အကြောင်းပြု၍ (ဝါ) မြန်မာ့ဘဝပတ်ဝန်းကျင်ကို အကြောင်းပြု၍ သရုပ်ဖော်ရေးသားခဲ့သော ရသစာပေမျိုး အားနည်းခဲ့သည်ဟုလည်းကောင်း ဆိုနိုင်ပြီဟု ထင်သည်။ ထို့ကြောင့်သာ လျှင် ၂၀ ရာစုနှစ် ခေတ်ဦးမှစ၍ မြန်မာစကားပြေ အသုံးများလာခြင်းကိုလည်းကောင်း၊ ကာလပေါ်ဝတ္ထုအဖွဲ့ကို လက်ခံလာကြခြင်းကိုလည်းကောင်း ထိုခေတ်ဦး မြန်မာစာပေ၏ ထူးခြားချက်နှစ်ရပ်ဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ထိုထူးခြားချက် နှစ်ရပ်၏ အနှစ်သာရကို ယူ၍ ဆိုရလျှင် ထိုခေတ်ဦးမှစ၍ ကျယ်ပြန့်သော မြန်မာ့ဘဝ ပတ်ဝန်းကျင်ကို တန်ဖိုး ထားလျက် ခံစားမှုအသိဖြင့် သရုပ်ဖော်ဖွဲ့ဆိုရေးသားလိုသော ဆန္ဒသည် မြန်မာစာပေ လောကတွင် တစ်စတစ်စ အားကောင်းလာပြီဟု ဆိုနိုင်သည်။ ထိုခေတ်ဦးမှစ၍ ထိုသို့ အားကောင်းလာခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည်။ အနီးစပ်ဆုံးဖြစ်သော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အကြောင်းသည် မြန်မာပြည်တွင် စာပုံနှိပ်စက်များကိုသုံး၍ မြန်မာစာအုပ်နှင့် မြန်မာသတင်းစာ မဂ္ဂဇင်းတို့ကို ထုတ်ဝေလာကြခြင်းနှင့် ပြည်သူတို့က လက်ခံဖတ်ရှုလာကြခြင်းတို့ ဖြစ်သည်ဟု ဆိုသင့်ပါသည်။ တစ်ဖန် ထုတ်ဝေသူတို့က ထုတ်ဝေ၍ ဖတ်သူတို့က ဖတ်ကြခြင်းသည် တိုင်းပြည်၏အခြေအနေ ပြောင်းလာသောကြောင့်လည်း ဖြစ်သည်ဟု ယူပါသည်။

ရှေးဦးစွာ စာပုံနှိပ်စက် သုံးလာခြင်းအကြောင်းကိုလည်းကောင်း၊ ပုံနှိပ်မြန်မာစာအုပ်နှင့် မြန်မာသတင်းစာများအကြောင်းကိုလည်းကောင်း သိသာရုံမျှ ဖော်ပြလိုသည်။ ပုံနှိပ်မြန်မာစာအုပ်များနှင့် စပ်လျဉ်း၍ အထောက်အထားများရှိသည့်အနက် အင်္ဂလန်နိုင်ငံ၊ ဗြိတိသျှပြတိုက်၏ မြန်မာစာအုပ်စာရင်း (The Catalogue of Burmese Books in the British Museum) ဟူ၍ ရှိပါသည်။ ထိုစာအုပ်စာရင်းသည် ၁၉၁၂ ခုနှစ်အထိ မြန်မာပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခဲ့သော မြန်မာစာအုပ်များကို ရသလောက် စုဆောင်း၍ စာအုပ်အမည် နာမတို့ကိုပါ ဖော်ပြကာ မှတ်တမ်းတင်ထားသော စာရင်းဖြစ်သည်။ ထိုစာအုပ်စာရင်းအပြင် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံတွင် ၁၈၆၇ ခုနှစ်၊ စာပုံနှိပ်စက်များနှင့် စာအုပ်များ အက်ဥပဒေအရ မြန်မာပြည်၌ ပုံနှိပ်ထုတ်ဝေ၍ အစိုးရသို့ ပေးပို့ရသော မြန်မာစာအုပ်များ၏ စာရင်းစု ဖြစ်သည်။ ထိုစာရင်းစုများကို ဘားမားဂေဇက်ခေါ် မြန်မာနိုင်ငံတော်အစိုးရ အမိန့်ပြန်တမ်း၌ ဖော်ပြလေ့ရှိပါသည်။

ဗြိတိသျှပြတိုက်၏ မြန်မာစာအုပ်စာရင်းကိုထောက်သော် မြန်မာပြည်၌ ပုံနှိပ်ထုတ်ဝေသော ကျမ်းများအနက် အေဘီအမ်ခေါ် အမေရိကန်သာသနာပြုအသင်းက ၁၈၁၇ ခုနှစ်တွင် ရန်ကုန်၌ ပုံနှိပ်ထုတ်ဝေသော 'အပြဟံနှင့် ဒါဝိဒ်တို့၏ သားစဉ်မြေးဆက် ဖြစ်သော' ခေါ် ကျမ်းသည် အစောဆုံး စာအုပ်တစ်အုပ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုစာအုပ်၌ပါသော စာရွက်၏အရွယ်သည် အကျယ်အားဖြင့် ၃၁ စင်တီမီတာရှိ၍ အမြင့်အားဖြင့် ၁၁ စင်တီမီတာ ဖြစ်သည်ဟု ဆိုပါသည်။ စာမျက်နှာနံပါတ် တပ်ခြင်းမရှိဟု ဆိုပါသည်။ မြန်မာတို့ ပြုလုပ်သုံးစွဲတတ်သောပုံမျိုးဖြစ်သည်ဟု ဆိုပြန်ရာ အငယ်စားဖြစ်သော ပုရပိုက်ပုံသဏ္ဌာန် ဖြစ်မည်ဟု ထင်ရပါသည်။ ထို့ကြောင့် မြန်မာပြည်တွင်း၌ စာပုံနှိပ်စက်သုံးလာခြင်းနှင့် မြန်မာစာအုပ် ပုံနှိပ်ထုတ်ဝေခြင်းတို့သည် ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲမဖြစ်ပွားမီကပင် ရှိနေကြပြီဟု ဆိုနိုင်ပါသည်။ ဗြိတိသျှပြတိုက်၏ မြန်မာစာအုပ်စာရင်းတွင် အဆိုပါ ကျမ်းကို ပုံနှိပ်သော ၁၈၁၇ ခုနှစ်မှ ၁၉၁၂ ခုနှစ်အထိ မြန်မာပြည်၌ ပုံနှိပ်သော စာအုပ်အမျိုးပေါင်း ၁၃၀၀ ခန့်ကို ဖော်ပြထားပါသည်။

ထို့ပြင် မြန်မာသတင်းစာ မဂ္ဂဇင်းတို့လည်း ရှိပါသေးသည်။ မြန်မာသက္ကရာဇ် ၁၂၆၂၊ အေဒီ ၁၉၀၀ ပြည့်နှစ် မတိုင်မီကသော် ရန်ကုန်မြို့၌ မြန်မာသံတော်ဆင့်သတင်းစာ (အေဒီ ၁၈၇၁)၊ မြန်မာဂေဇက်သတင်းစာ (၁၈၇၁)၊ မြန်မာသတင်းစာ (၁၈၇၂)၊ အစိုးရထုတ်သော လောကီသုတပညာသတင်းစာ (၁၈၇၃)၊ ရတနာပုံသတင်းစာ (၁၈၇၅)၊ မြန်မာအဆွေသတင်းစာ (၁၈၈၅)၊ ပိဋကတ်သတင်းစာ (၁၈၈၈)၊ ရှုပကဏ္ဍာသတင်းစာ (၁၈၈၈)၊ ဟံသာဝတီသတင်းစာ (၁၈၉၄)၊ သီရိမင်္ဂလာဂေဇက်သတင်းစာ (၁၈၉၄)၊ ဇမ္ဗူကျက်သရေ သတင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စာ (၁၈၉၅)တို့ ရှိခဲ့ကြသည်ဟု သိရသည်။ မော်လမြိုင်မြို့၌ မော်လမြိုင်အဆွေ ရှိခဲ့သည်ဟု သိရသည်။ မန္တလေးမြို့၌ မင်းတုန်းမင်းတရားလက်ထက်၌ ရတနာပုံနေပြည်တော်သတင်းစာ (၁၈၇၄) ရှိခဲ့သည်ဟု သိရသည်။ အေဒီ ၁၉၀၀ ကျော်လာသောအခါ ၁၉၂၀ ပြည့်နှစ်အထိ ရန်ကုန်၌ မဟာဗောဓိသတင်းစာ(၁၉၀၂)၊ လောကဗျူဟာသတင်းစာ (၁၉၀၂)၊ မြန်မာ့အကျိုးဆောင်သတင်းစာ (၁၉၀၃)၊ ကုန်သည်တိုင်းသတင်းစာ(၁၉၀၃)၊ ဟံသဝသျှောင်သတင်းစာ (၁၉၀၄)၊ တိုင်းလုံးဇမ္ဗူသတင်းစာ (၁၉၀၄)၊ သူရိယသတင်းစာ (၁၉၀၉)၊ မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေးသတင်းစာ(၁၉၀၉)၊ သာသနာပြုသတင်းစာ (၁၉၀၉)၊ သာသနာလင်္ကာရသတင်းစာ(၁၉၀၉)၊ မြန်မာ့အလင်းသတင်းစာ (၁၉၁၄)၊ ပညာ့အလင်းသတင်းစာ (၁၉၁၆)၊ မြန်မာပြည်စောင့်သတင်းစာ (၁၉၁၇)၊ ကုန်သည်အကျိုးဆောင်သတင်းစာ (၁၉၁၇) တို့ ရှိခဲ့ကြသည်ဟု သိရသည်။ ထို့နောက် ၁၉၁၇ ခုနှစ်တွင် သူရိယမဂ္ဂဇင်း၊ ပညာ့အလင်းမဂ္ဂဇင်းတို့လည်း ပေါ်လာသည်ကို တွေ့ရသည်။

တစ်ဖန် မြန်မာစာအုပ် ပုံနှိပ်ထုတ်ဝေသော အင်အားကိုလည်း ကာလပိုင်းခြား၍ ခိစစ်ကြည့်ချင်ပါသေးသည်။ အထက်က ဆိုခဲ့သော ဗြိတိသျှပြတိုက်၏ မြန်မာစာအုပ်စာရင်းကိုပင် ကြည့်ပါက သိရသည်မှာ ဤသို့ဖြစ်သည်။ မြန်မာစာအုပ် ပုံနှိပ်ထုတ်ဝေသောအင်အားသည် ၁၈၇၀ ပြည့်လောက်အထိ အလွန်နည်းသေးသည်။ ၁၈၇၀ ပြည့်လောက်မှစ၍ အရှိန်ရလာပြီးလျှင် ၁၈၈၀ ပြည့်ကျော်သောအခါ အရှိန်အလွန်ကောင်းလာပြီဟု ဆိုနိုင်သည်။ ၁၉၁၅ ခုလောက် ရောက်သောအခါ ထိုတစ်နှစ်အတွင်းမှာပင် မြန်မာစာအုပ်အမျိုးပေါင်း ၁၅၀ ခန့် ပုံနှိပ်ထုတ်ဝေနိုင်သည်ကို တွေ့ရသည်။ ထိုနှစ်အတွင်း၌ပင် စာရင်းကောက်သားကြသော ဆန်စက်၊ လွှစက်၊ ဆီစက်၊ ဝါကြိတ်စက်၊ ဓာတ်ဆီစက်၊ ရေခဲနှင့် ဘိလပ်ရည်စက်၊ မီးခြစ်စက်၊ ကြိုးစက် စသော စက်ရုံပေါင်း ၅၀၀ နီးပါးခန့်တွင် စာပုံနှိပ်စက်အကြီးအငယ် ၆၀ နီးပါးခန့်ပါသည်ကို တွေ့ရသည်။

နာမည်ကြီးသော စာပုံနှိပ်တိုက်များသည် ရန်ကုန်မြို့တွင် အေဘီအမ်၊ မြန်မာသံတော်ဆင့်၊ မြန်မာအဆွေ၊ ဟံသာဝတီ၊ ဧရာဝတီ၊ သီရိရတနာ၊ ဦးဘိုးအို၊ မမေ၊ မောင်ဘိုးမင်း၊ ဗြိတိသျှဘားမား၊ ဘင်္ဂါလီတို့ ဖြစ်သည်။ မော်လမြိုင်တွင် အေဘီအမ်၊ သုတရတနာ၊ မြန်မာတိုင်းသတင်းစာ ပုံနှိပ်တိုက်၊ မောင်ဘိုးရင်၊ မောင်စံမောင်၊ ဆန်ဒီ (W.S.Sandys)၊ ဉလဗ (S.Goolbas)တို့ဖြစ်သည်။ စစ်တွေမြို့တွင် စစ်တွေပုံနှိပ်တိုက်၊ လှဖော်သူ မောင်ဖုံဖြူး၊ င်တိုရိယဂျူဘိလီတို့ ဖြစ်သည်။ မန္တလေးမြို့တွင် ရတနာပုံ နေပြည်တော်၊ မေဓင်အင်၊ မောင်ဘိုးလုံးတို့ ဖြစ်သည်။ စာအုပ်တစ်မျိုးကို တစ်ကြိမ်ပုံနှိပ်လျှင် အောက်ထစ် စောင်ရေ ၂၀၀၀ ဖြစ်သည်။ အချို့စာအုပ်များသည် တစ်ကြိမ်လျှင် စောင်ရေ ၆၀၀၀ မျှ ဖြစ်သည်။ သခ်ါရဘာဇနီကျမ်းကို စောင်ရေ ၆၀၀၀ အထိ ပုံနှိပ်သည်ကို တွေ့ရသည်။ ထို့ပြင် ထိုကျမ်းကို ၁၈၇၅ ခုနှစ်၌ တစ်ကြိမ်၊ ၁၈၉၀ ပြည့်နှစ်၌ တစ်ကြိမ်၊ ၁၈၉၄ ခုနှစ်၌ တစ်ကြိမ် သုံးကြိမ်မျှ ပုံနှိပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သုဓမ္မာစာရီ ဖြတ်ထုံးသည် ၁၈၈၁ ခုနှစ်တွင် ၁ ကြိမ်မြောက် ပုံနှိပ်ခြင်းပင် ဖြစ်နေပြီ။ ထို့နောက် စာတစ်အုပ်၏ ရောင်းဈေးသည် အများအားဖြင့် ငွေတစ်ကျပ်ခန့် ဖြစ်သည်ကို တွေ့ရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာစာအုပ်အထွက်အား၊ မြန်မာသတင်းစာမဂ္ဂဇင်း အထွက်အားတို့ကို ဆိုခဲ့ပြီ။ မြန်မာပြည်၏ ပုံနှိပ်ထုတ်ဝေအားကိုလည်း ဆိုခဲ့ပြီ။ ဆင်ခြင်ကြည့်လျှင် အများပြည်သူ ဘက်ကလည်း လက်ခံဖတ်ရှုသောအားမသေးသည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ထုတ်ဝေသူတို့က ထုတ်ဝေ၍ ဖတ်ရှုသူတို့က ဖတ်ရှုကြခြင်းသည် တိုင်းပြည်၏ အခြေ အနေ ပြောင်းလာသောကြောင့်လည်း ဖြစ်သည်ဟု ယူခဲ့ခြင်း ဖြစ်သည်။

ထိုခေတ်ထိုအခါက မြန်မာနိုင်ငံ၌ နိုင်ငံအုပ်ချုပ်ရေးအခြေအနေ ပြောင်းလာပုံ၊ စီးပွားရေး၊ လူမှုရေး အခြေအနေ ပြောင်းလာပုံ၊ ပညာရေး ယဉ်ကျေးမှုအရေး ပြောင်းလဲ ပုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ သုတေသီပုဂ္ဂိုလ်တို့၏ လေ့လာချက်များ ရှိပြီးဖြစ်သဖြင့် ဤစာတမ်း၌ အထူးဆိုဖို့ မလိုပြီ။ သို့ရာတွင် ထိုလေ့လာချက်များကို အခြေပြုလျက် ၁၈၇၀ ပြည့်နှစ်လောက်မှစ၍ ပုံနှိပ်မြန်မာစာအုပ် အထွက်အား အရှိန်ရလာပြီးသည့်နောက် အဘယ်အကြောင်းများကြောင့် အားကောင်းလာသည်ကိုလည်းကောင်း၊ အများပြည်သူများ ကလည်း အဘယ်အကြောင်းများကြောင့် လက်ခံဖတ်ရှုလာသည်ကိုလည်းကောင်း ချိန်ဆ နိုင်အောင်၊ အောက်မြန်မာနိုင်ငံ အသိမ်းခံရသော ၁၈၅၂ ခုနှစ်မှစ၍ တစ်စတစ်စ ပြောင်း လာသော နိုင်ငံအခြေအနေတို့ကိုကား နောက်ခံကားအဖြစ်ဖြင့် အနည်းအကျဉ်းမျှ ဖော်ပြ ရန် လိုမည်ထင်ပါသည်။ တစ်ဖန် ဖော်ပြသောအခါ၌ ထိုခေတ်အခါက မြို့ထဲရွာထဲ၌ သာမန်အားဖြင့် အများပြည်သူ ပရိသတ်အဖို့ အမြင်သစ်၊ အကြားသစ် ဖြစ်နိုင်ရာ ဖြစ် နိုင်ကြောင်းဖြစ်သော မြင်စရာအသစ် ကြားစရာအသစ်တို့ကို ရွေး၍ သိသာရုံမျှ ထုတ်ပြ လိုပါသည်။

အများသိပြီးဖြစ်သည့်အတိုင်း ၁၈ ရာစုလောက်မှစ၍ ဥရောပနယ်ချဲ့တို့သည် အာရှသို့ အရောက်အပေါက်များလာ၍ နယ်ချဲ့ဝါဒကို ကျင့်သုံးလာကြသည်။ ထိုနှင့်အမျှ ဥရောပ အပြုအမူ၊ အလေ့အလာ၊ အတွေးအခေါ်တို့လည်း ပါလာကြသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယ အစိတ်အပိုင်း၌ အောင်မြင်ကြသည်။ ပြင်သစ်တို့သည် မြန်မာပြည်၏ အရှေ့ဘက်ရှိ အရှေ့တောင်အာရှကုန်းပိုင်း၌ အောင်မြင်ကြသည်။ ဒတ်ချ်တို့သည် အင်ဒိုနီးရှား၌ အောင် မြင်ကြသည်။

အင်္ဂလိပ်တို့သည် အိန္ဒိယ၌ အခြေချပြီးသည့်နောက် အိန္ဒိယအခြေခံစခန်းမှ မြန်မာ ပြည်ဘက်သို့ ၁၉ ရာစုနှစ်လောက်မှစ၍ ထိုးဝင်လာသည်။ ဘကြီးတော်ဘုရားလက်ထက် ၁၈၂၆ ခုနှစ်တွင် တနင်္သာရီနှင့် ရခိုင်ကို သိမ်းသည်။ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာနိုင်ငံကို သိမ်းသည်။ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ် အကုန်လောက်တွင် ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံကို သိမ်းသည်။ ထို့ကြောင့် တနင်္သာရီနှင့် ရခိုင် အသိမ်းခံရသည်မှစ၍ မြန်မာနိုင်ငံသည်၊ ကိုယ့်ခြံစည်းရိုးအတွင်း၌ ရှေးခေတ် အိန္ဒိယမှရခဲ့၍ နောင်အခါ ကိုယ့်ပစ္စည်းဖြစ်လာသော မြန်မာစာပေယဉ်ကျေးမှုဖြင့် ကိုယ့်သဘောကျ အထီး ကျန်နေခဲ့သည့် ဘဝမှ ဥရောပတိုက်သားများနှင့် အခြားသော အာရှတိုက်သားများ၏ အသွားအလာ အဝင်အထွက်ကို ခံလာရသည်ဖြစ်ရာ၊ ကိုယ့်ခြံစည်းရိုးအတွင်းတွင် အထီး ကျန်ဘဝကို မစွန့်ချင်ဘဲ စွန့်ရ၍ ကိုယ့်ခြံစည်းရိုးကိုကျော်၍ ကြည့်လာကြရမည့် အခြေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ တစ်စတစ်စ ဆိုက်လာပြီဟု ဆိုနိုင်ပါသည်။

ယခင်အခါကသော် မြန်မာနိုင်ငံသည် ရှိရင်းဖြစ်သော ကိုယ့်စာပေ ယဉ်ကျေးမှုဖြင့်သာ တင်းတိမ်နေဘိသကဲ့သို့ ဖြစ်မည်ဟု ယူပါသည်။ မြန်မာနိုင်ငံ အသိမ်းခံရပြီးသည့် နောက်ပိုင်း၌ပင် စာပေနှင့် စပ်လျဉ်း၍ သူတစ်ပါးအကြောင်းကို သိလိုသည်ထက် ကိုယ့်အကြောင်းကို သူတစ်ပါးသိစေလိုသောဆန္ဒ ပြင်းထန်လျက်ရှိသေးသည်ကို တွေ့ရသည်။ ပုံစံပြရသော် ၁၈၅၅ ခုနှစ်တွင် အောက်ရပ်ဒေသ ပဲခူးနိုင်ငံများကို အုပ်ချုပ်စီရင်ရသော အရေးပိုင် ဝန်ရှင်တော်မင်းကြီး မေဇာ၊ ဆာ၊ အာသာပါစီဘယ်၊ ဖဲရားသည် မင်းတုန်းမင်း စံတော်မူရာ အမရပူရမြို့တော်သို့ အဖူးအမြော် ရောက်လာသည်။ ဖဲရား အောက်ပြည်သို့ ပြန်ခါနီးတွင် မင်းတရားကြီးကို အဖူးအမြော်ဝင်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ဆိုထားသည်မှာ—

> *"အင်္ဂလိပ်သံကြီး ဆာ၊ အာသာပါစီဘယ်၊ ဖဲရားတို့ အဖူးအမြော်ဝင်ရာ ဇေတဝန် ဆောင်တော်တွင် အဖူးအမြော်ခံတော်မူပြီးလျှင် သံအကြီး၊ ဆာ၊ အသာပါစီဘယ်၊ ဖဲရားက ငါးရာ့ငါးဆယ်ဇာတ်၊ မဟာရာဇဝင်များကို ကြည့်ရှုမှတ်သားလိုကြောင်းနှင့် တင်လျှောက်သည်ဖြစ်၍ ငါးရာ့ငါးဆယ် ဇာတ်၊ မဟာရာဇဝင်တော်များကို သနားတော်မူလိုက်၏။ နောက် တစ်ခေါက် ဖဲရား သံလုပ်၍လာလျှင် ရာဇဝင်တော်အဆစ်အပိုင်း၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများကို မေးတော်မူမည်ဟူ၍လည်း အမိန့်တော်ရှိလိုက်၏။ ဖဲရားကလည်း မေးတော်မူသမျှကို လျှောက်ထားနိုင်အောင် ကြည့်ရှုပါမည်။ မလျှောက်ထားနိုင်လျှင် အရှက်ကြီးစွာရပါမည့် အကြောင်းနှင့် လျှောက်ထား၏"*

ဟု ဆိုထားသည်။ ဤတွင် သူ့စာပေ ယဉ်ကျေးမှုအကြောင်းကို မေးမြန်းစိစစ်လိုသောဆန္ဒထက် ကိုယ့်စာပေယဉ်ကျေးမှုကိုသာပေး၍ ကျေနပ်တင်းတိမ်လိုသောဆန္ဒက ပိုကဲနေသည်ဟု ထင်သည်။ မြန်မာစာပေကို ကြည့်လိုမှတ်သားလိုသော ဖဲရားသည် နောင်အခါတွင် အင်္ဂလိပ်လူမျိုး၏ အကျိုးအတွက် အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံသမိုင်းကျမ်းတစ်စောင်ကို ရေးသားခဲ့သူ ဖြစ်သည့်အပြင် ပညာသင်ကြားရေးစနစ်သစ်ကို မြန်မာပြည်၌ အကောင် အထည်ဖော်ရာတွင် အရေးပါအရာရောက်ခဲ့သောပုဂ္ဂိုလ် ဖြစ်သည်ကို သတိပြုအပ်သည်။

ထိုသို့ဆိုသဖြင့် မင်းတုန်းမင်းလက်ထက် မတိုင်မီက ဥရောပမှ ပညာအကြောင်း၊ စာပေအကြောင်းကို မေးမြန်းစိစစ်လိုသော ဆန္ဒမရှိဟု မဆိုလိုပါ။ ထိုဆန္ဒမျိုးရှိခဲ့ပါသည်။ ဘကြီးတော်ဘုရားလက်ထက်၌ မဏ္ဍရာမင်းသားကြီးသည် ဥရောပ ပညာ၌ စိတ်ဝင်စားသူဖြစ်သည်ဟု သိရသည်။ အထူးသဖြင့် အင်္ဂရာ သင်္ချာ၊ နက္ခတ်ပညာနှင့် သိပ္ပံပညာတို့၌ စိတ်ဝင်စား၍ သိလိုသော ဆန္ဒအားကြီးသည်ဟု ဆိုသည်။ ထိုမျှသာ မကသေးပါ။ သတိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြင့် စောင့်ကြည့်၍ စူးစမ်းလေ့လာတတ်လျှင် ဘဝပတ်ဝန်းကျင်သည် ပညာရရာရကြောင်း တစ်မျိုးဖြစ်သည်ဟု ယူ၍ ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်သော ဥရောပ ပညာရှိတို့၏ သဘောကိုပင် မက္ခရာမင်းသားကြီးသည် သဘောပေါက်ခဲ့ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် မက္ခရာမင်းသားကြီး၏ အကူအညီဖြင့် အင်္ဂလိပ်ကုန်သည် မစ္စတာလျင် (လိန်း) စီရင်ရေးသားခဲ့သော အင်္ဂလိပ်မြန်မာ အဘိဓာန်၏ အမှာစာတွင် မက္ခရာမင်းသားကြီးသည် ဥရောပပညာရှင်တို့၏သဘောနှင့် စပ်လျဉ်း၍ 'အထူးထူးသောဘာသာ၊ များစွာသောလူမျိုးတို့တွင် အင်္ဂလိပ်လူမျိုးသည် ဟုတ်မှန်သော၊ ထင်ရှားသော၊ မျက်မှောက်တွေ့မြင်သော အတတ်ပညာကိုသာ ရှာဖွေနိုင်းယှဉ်ပြီးလျှင် ရုံးစုမှတ်သားလေ့ရှိသည်' ဟု ဆိုခဲ့သည်ကိုထောက်၍ သိနိုင်သောကြောင့် ဖြစ်သည်။ ထိုပြင်မင်းတုန်းမင်းတရားလက်ထက်တော်၌ပင် ဥရောပ ဓာတုဗေဒကျမ်းမှ ရွှေပြည်ဝန်ကြီး ယောမြို့စားမင်းကြီး ဦးဘိုးလှိုင်နှင့် ပြင်သစ်ပြန် ဖန်ချက်ဝန်မင်းထင် ပညာသိဒ္ဓိ ကျော်ခေါင်တို့ မြန်မာဘာသာပြန်ဆိုသော လောကဓာတ်ဆေးကျမ်း တစ်ကျမ်းကို မင်းတရားကြီးအား ဆက်ခဲ့သည်ကိုလည်းကောင်း၊ ကာယနုပဿနာကျမ်းတွင် လူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ကို ပြရာ၌ ဥရောပ အနာတမီ (Anatomy) ကျမ်းကို ကိုးကားဖော်ပြခဲ့သည်ကိုလည်းကောင်း တွေ့ရသောကြောင့် ဖြစ်သည်။

ခေတ်ကိုထောက်သော် မြန်မာပညာရှိ လောကတွင် မက္ခရာမင်းသားကြီးနှင့် ယောမင်းကြီးတို့သည် ဉာဏ်လည်းကြီး၍ အမြော်အမြင်လည်းရှိသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်နှစ်ဦး စိတ်ဝင်စားသော ဥရောပ ပညာမျိုးသည် ဘဝပတ်ဝန်းကျင်ကို လေ့လာ၍ ဉာဏ်သက်သက်ကိုသာ သုံးရသော သိပ္ပံပညာဖြစ်သဖြင့် မြန်မာပြည်၌ ထိုခေတ်အခါကသော် စိတ်ဝင်စားသူ ပွားများလာခြင်း မရှိခဲ့သည်မှာ အံ့ဩစရာမဟုတ်လှပါ။ ထို့ကြောင့်လည်း မင်းသားကြီးနှင့် ယောမင်းကြီးတို့၏ စေတနာနှင့် လုံ့လတို့ ရှိခဲ့ဖူးကြသည်ဖြစ်သော်လည်း နန်းတွင်းပရိသတ်၌ပင် ဥရောပအကြောင်းကို နားလည်အောင် ပြုလိုသောစိတ်ဓာတ် လှုပ်လှုပ်ရှရှ မရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသင့်သည်။ တစ်နည်းဆိုရသော် ကိုယ့်ခြံစည်းရိုးကိုကျော်၍ ကြည့်လိုသောဆန္ဒ အားနည်းခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ဇေတဝန်ဆောင်သို့ ဖဲရားရောက်လာခိုက်တွင် မင်းတရားကြီးက အင်္ဂလိပ်စာအကြောင်းကို ဖဲရားအား အမေးအမြန်းရှိသဖြင့် ဖဲရားက ရှိတ်စပီးယား၏ ပြဇာတ်တစ်ခုခုအကြောင်းကိုသော်လည်းကောင်း၊ အင်္ဂလန်၌သာမက ဥရောပကုန်းပိုင်း၌ပင် ကျော်စောနေသော ဝတ္ထုဆရာကြီး စကော့ (Sir W. Scott)၏ 'အိုင်ဗင်ဟို' (Ivanhoe) ဝတ္ထုအကြောင်းကိုသော်လည်းကောင်း ရှင်းပြလျှောက်ထားသည် ဆိုအံ့။ ထိုအခါ အင်္ဂလိပ်စာတတ်တို့တွင် အထူးထင်ရှားသည်ဟုဆိုသော ခန်းပတ်မင်းကြီး၏ အကူအညီဖြင့် ဦးပုညက မြန်မာပြန်ဆိုရေးသားသည် ဆိုအံ့။ တစ်ဖန် မင်းတရားကြီးအမှုတော်ကို ထမ်းရွက်နေပြီဖြစ်သော ပြင်သစ်မိုလ် ဒေါင်ဂေါ်ရန်နီအား ပြင်သစ်စာပေအကြောင်းကို မင်းတရားကြီးက မေးသဖြင့် ဒေါင်ဂေါ်ရန်နီက ဗောလတဲယား (Voltaire)၏ ဝတ္ထုတစ်ပုဒ်အကြောင်းကိုသော်လည်းကောင်း၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒူမား (A. Dumas)၏ 'မွန်တီခရစ်စတိုအမတ်ကြီး' (The Count of Monte Cristo) (မောင်ရင်မ မမယ်မ) ဝတ္ထုအကြောင်းကိုသော်လည်းကောင်း၊ 'သူရဲကောင်းသုံးယောက်'ဝတ္ထု (Three Musketeers)အကြောင်းကိုသော်လည်းကောင်း ရှင်းပြလျှောက်ထားသည် ဆိုအံ့။ ထိုအခါ ပြင်သစ်စာတတ်တို့တွင် အထူးထင်ရှားသည်ဟုဆိုသော သံချက်ဝန်မင်းကြီး မင်းလှမဟာစည်သူ၏ အကူအညီဖြင့် အချုပ်တန်းဆရာဖေက မြန်မာ ပြန်ဆိုရေးသားသည် ဆိုအံ့။ စာပေအရာ၌လည်း သူတစ်ပါးအကြောင်းကိုသိလိုသော စိတ်ဓာတ်သည် လှုပ်လှုပ်ရွရွဖြစ်လာ၍ အမြင်ကျယ်လာရသည်ဟုလည်းကောင်း၊ မြန်မာစာပေလောက၌လည်း ထိုခေတ်အခါမှစ၍ ထူးခြားလာစရာအကြောင်း ရှိသည်ဟုလည်းကောင်း စိတ်ကူးဖြင့် ရှုးကြည့်မိသည်။

သို့ရာတွင် ပရိသတ်၌ သူတစ်ပါးအကြောင်းကို သိချင်သောစိတ် ဖြစ်လာကြအောင် (ဝါ) အမြင်သစ် အကြားသစ်တို့ကို ရလာကြအောင်လည်းကောင်း၊ အမြင်သစ် အကြားသစ်တို့ကို အကြောင်းပြု၍ အတွေးသစ်ကို တွေးလာကြအောင်လည်းကောင်း ဖန်တီးပေးနိုင်သော မြင်စရာအသစ်၊ ကြားစရာအသစ်တို့သည်ကား မြန်မာပရိသတ်၏ နား၊ မျက်စိ အောက်သို့ မြန်မာပရိသတ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မလွဲမရှောင်သာ အတင်းအဓမ္မတိုးဝင်၍ လာခဲ့ကြသည်ကို တွေ့ရသည်။ ထိုသို့သော မြင်စရာ၊ ကြားစရာ အသစ်အချို့ကို ဖော်ပြလိုပါသည်။

အောက်နိုင်ငံကို အင်္ဂလိပ်တို့ သိမ်းလိုက်ပြီးသည့်နောက် (၁) ရန်ကုန်မြို့၌ ရွှေတိဂုံဘုရား တောင်ဘက်ရှိ မြန်မာမြို့ဝန်အိမ်နှင့် ရုံးတော်တို့တွင် မျက်နှာဖြူ အင်္ဂလိပ်အရာရှိတို့ ဝင်ရောက်နေထိုင်ကြပြီဟု ရန်ကုန်မြို့၌ ကြားကြရသည်။(၂)နောက်တစ်နှစ်တွင် ရွှေတိဂုံဘုရားကို မြန်မာတို့ လုယူကြမည်ဟု သတင်းဖြစ်လိုက်သည်။ ထိုနောက် ရွှေတိဂုံဘုရား၏ အနောက်ဘက်မုခ်ကို ဗြိတိသျှစစ်တပ်က အပြီးအပိုင်ပိတ်လိုက်ကြောင်း ကြားကြရသည်။ (၃)ဘုရား၏ အနောက်ဘက် အောက်ပစ္စယံတွင်လည်းကောင်း၊ ဘုရား၏ခြေရင်း တောင်ဘက်ရှိ ကုန်းပေါ်တွင်လည်းကောင်း၊ မျက်နှာဖြူ ဂေါ်ရာစစ်သည်တို့ ဝင်ထွက် တက်ဆင်းသည်ကို မြင်ကြရသည်။ (၄)ရန်ကုန်မြို့ ရပ်ကွက်အနှံ့အပြား၌ ကုလားစစ်ပါရီ အချို့ကိုလည်းကောင်း၊ ပန်ချာပီ လမ်းစောင့်ပုလိပ်များကိုလည်းကောင်း မြင်ကြရသည်။ (၅) ထို့နောက် ၁၈၅၃ ခုနှစ်လောက်မှစ၍ ရန်ကုန်မြို့ဟောင်းကို အကွက်ရိုက်၍ မြို့သစ် တည်သည်ကို မြင်ကြရသည်။(၆) ထို့နောက် ဗြိတိသျှစစ်တပ်များသည် ရွှေတိဂုံ ခြေရင်း၌ တပ်တည်ကြသည်ကိုလည်းကောင်း၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဒတ်ချ်စသော ဥရောပကုန်သည်တို့သည် ရန်ကုန်မြို့ အရှေ့တောင်ကမ်းနားတစ်လျှောက်၌ စီးပွားရေး အခြေချကြသည်ကိုလည်းကောင်း၊ မြန်မာနှင့် အခြား အာရှအမျိုးသားကုန်သည်တို့သည် ဆူးလေဘုရား တောင်ဘက်ကမ်းနားတစ်လျှောက် နေလာကြသည်ကိုလည်းကောင်း မြင်ကြရသည်။

ထိုအခါမှစ၍ ပထမ အနှစ်အစိတ်အတွင်းတွင် (၇)ရန်ကုန်မြို့ မြစ်ဆိပ်ကမ်း၌ အင်္ဂလိပ်ရွက်သင်္ဘော၊ မီးသင်္ဘောအမြောက်အမြားကို မြင်ကြရသည်။ (၈) ထိုနှင့်အတူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရန်ကုန်မြို့တွင် အင်္ဂလိပ်ကုန်သည်ကြီးများ၏ ဘဏ်တိုက်များကိုလည်းကောင်း၊ ဆန်စပါး ကျွန်းသစ် စက်ကိရိယာ အရောင်းအဝယ်ပြုကြသော အင်္ဂလိပ်ကုမ္ပဏီများကိုလည်းကောင်း မြင်လာကြရသည်။ သရက်ထည်၊ ပိတ်ချော၊ ဖယောင်းတိုင်၊ ဆော်ဒါ၊ ဘိလပ်ရည် စသည်တို့ကို ရိုးတိုက်၊ အေစကော့တိုက်များ၌ ဝယ်ယူကြသည်ကို မြင်ကြရသည်။ (၉) အိန္ဒိယ အမျိုးသား၊ တရုတ်အမျိုးသား ဆိုင်ကြီး ကနားကြီးများ ဖွင့်လှစ်လာသည်ကိုလည်း မြင်ကြရသည်။ သိမ်ကြီးဈေး၊ ဘိုကလေးဈေးတို့ကို မြင်လာကြရသည်။ (၁၀) နိုင်ငံခြားသားများ၏ စီးပွားရေးလုပ်ငန်းကြီးများမှ ယိုစီးပေါက်၍ ကျလာသော အရောင်းအဝယ်လုပ်ငန်းနှင့် ပြည်တွင်းဖြစ်ကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းများဖြင့် စီးပွားဖြစ်လာကြသော မြန်မာ အမျိုးသားများ၏ တိုက်အိမ် ဈေးဆိုင်တို့ကို ဆူးလေဘုရား တောင်ဘက်မှ ကိုင်းတန်းလောက်အထိ မြင်ကြရသည်။ ထိုရပ်ကွက်အတွင်း၌ပင် ရွှေပန်းထိမ် ငွေပန်းထိမ် စသော မြန်မာလက်မှုပညာ လုပ်ငန်းများ တိုးပွားလာသည်ကို မြင်ကြရသည်။ ပုဇွန်တောင်၊ ကြည့်မြင်တိုင်ဘက်၌ မြန်မာစပါးပွဲစားများနှင့်အခြားသော ပွဲရုံများတိုးပွားလာသည်ကို မြင်ကြရသည်။ ရန်ကုန်ဆင်ခြေဖုံးများ၌ ဆန်စက်၊ သစ်စက်များတိုးပွားလာသည်ကို မြင်ကြရသည်။ (၁၁) ရေဝတီ သင်္ဘောငယ်များ မြစ်ဝကျွန်းပေါ်ဒေသသို့ သွားလာ ခုတ်မောင်းနေသည်ကို မြင်လာကြရသည်။

၁၈၅၆–ခုနှစ်မှစ၍ (၁၂) အစိုးရက ဖွင့်လှစ်သော ကျောင်းများ၌လည်းကောင်း၊ ၁၈၆၂–ခုနှစ်တွင် ဒိုင်အိုဆီဇင် အင်္ဂလိပ်ကျောင်း၌လည်းကောင်း၊ ၁၈၆၄–ခုနှစ်တွင် ဆရာမတ်ကျောင်းဟုလည်းခေါ်သော စိန့်ကျွန်းကျောင်း၌လည်းကောင်း၊ ၁၈၆၆–ခုနှစ်တွင် စိန့်မေရီ မိန်းကလေးကျောင်း၌လည်းကောင်း၊ ၁၈၇၂–ခုနှစ်တွင် ကူရှင်ကျောင်း၌လည်းကောင်း၊ ၁၈၇၃–ခုနှစ်တွင် အစိုးရ မိန်းကလေးကျောင်း၌လည်းကောင်း၊ အင်္ဂလိပ်စာ သင်ကြားလာသည်ကို မြင်ကြရသည်။ (၁၃) ၁၈၇၁–ခုနှစ်တွင် ဖဲရားပြတိုက်၌ ပြသသော ရှေးဟောင်း မြန်မာပစ္စည်းများကို မြင်ကြရသည်။ (၁၄) ၁၈၅၈–ခုနှစ်တွင် ရွှေတိဂုံစေတီတော်ခြေရင်း၌ ဆင်အပြေးပြိုင်ပွဲတစ်ပွဲကို မြို့သူမြို့သားများ တအံ့တဩ မြင်ကြရသည်။

ရန်ကုန်သို့ အိန္ဒိယဘုရင်ခံချုပ်နှစ်ကြိမ်ရောက်လာစဉ်၊ (၁၅) ခမ်းကြီးနားကြီး ကြိုဆိုသည်ကို မြင်ကြရသည်။ (၁၆) ၁၈၇၁–ခုနှစ်၌ မန္တလေးမှ ရန်ကုန်သို့ မင်းတုန်းမင်းတရားကြီး၏အလှူတော်ဖြစ်သော ထီးတော်သစ်ရောက်လာ၍၊ သောင်းသောင်းဖျဖျ ဆီးကြိုလက်ခံ၍ စိတ်အားထက်သန်စွာ ရွှေတိဂုံ၌ ထီးတော်တင်ကြသည်ကို မြင်ကြရသည်။ ထီးတော် မရောက်ခင်ကပင်၊ ရန်ကုန်ထုတ် မြန်မာဂေဇက်သတင်းစာ၌ "မြန်မာရွှေနန်းရှင်က ပို့လိုက်သော ထီးတော်ကြီးကို ရန်ကုန်ဆိပ်ကမ်းရောက်သည့်အခါ ကုန်းတော်သို့ရောက်အောင် သူ့ထက်ငါ ဆောင်ယူလိုကြသဖြင့် မဲချပေးရခြင်း" ဟူသော စာခေါင်းစည်းဖြင့် ရေးလိုက်သော သတင်းကို ဖတ်မိကြရသည်။ (၁၇) ထို့နောက် ၁၈၇၂–ခုနှစ်တွင် နှစ်ပြည်တပြည် ချစ်ကြည်ရေးအတွက် အင်္ဂလန်သို့သွားရန်၊ ကင်းဝန်မင်းကြီးနှင့်သံအဖွဲ့သည် ရတနာပုံနေပြည်တော်မှ ရန်ကုန်သို့ရောက်လာကြကြောင်းကို သိကြရသည်။ ကင်းဝန်မင်းကြီးတို့ ရောက်လာပြီးသည့်နောက် တတိယမြောက်သောနေ့တွင် မြန်မာဂေဇက်

သတင်းစာ၌ 'အင်္ဂလန်ပြည်သို့သွားမည့် မြန်မာသံတော်ကြီးများကို စောင့်ကြိုဧည့်ခံ နှုတ်ဆက်ကြပြီး အင်္ဂလိပ်အရာရှိများပါ စကြာယာဉ်ပျံသင်္ဘောသို့ လိုက်ပို့ကြခြင်း'ဟူသော ခေါင်းစည်းဖြင့် ရေးလိုက်သောသတင်းကို ဖတ်မိကြရသည်။

ထို့ပြင် ထိုနှစ်အစိတ်အတွင်းတွင် (၁၈)မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတစ်ဝိုက်၌ စပါးစိုက်သော လယ်များကို တိုးချဲ့စိုက်ပျိုးလာသဖြင့် အထက်မြန်မာနိုင်ငံမှ မြန်မာများ ရောက်လာကြသည်ကိုလည်းကောင်း၊ အိန္ဒိယမှ အိန္ဒိယအမျိုးသားပင် ရောက်လာကြသည်ကိုလည်းကောင်း မြင်ကြရသည်။ ၁၈၅၂ ခုနှစ်လောက်တွင် မြေဧက ခြောက်သိန်းခန့် စပါးစိုက်ခဲ့ရာမှ ၁၈၇၂ ခုနှစ်လောက်တွင် မြေဧက တစ်သန်းငါးသိန်းခန့် စိုက်လာသည်ဟုလည်းကောင်း၊ ၁၈၀၀ ပြည့်တွင် လူဦးရေ ငါးသန်းလောက်မှ ရှစ်သန်းနီးပါးခန့် ရှိလာသည်ဟုလည်းကောင်း သိရပါသည်။ (၁၉) စပါးဈေးသည် ၁၅ ကျပ်လောက်မှ ၄၀ ကျပ်နီးပါးအထိ တက်လာသဖြင့် ဝမ်းမြောက်ကြရသည်။ (၂၀) စပါးအရောင်းအဝယ်ကို အကြောင်းပြု၍ ထိုဒေသ၌ လူဦးရေ ငါးထောင်ကျော်ရှိ မြို့ငယ်များ တိုးပွားလာ၍ မြန်မာလယ်ပိုင်ရှင်ကလေးများ၊ စပါးပွဲစားများ၊ အင်္ဂလိပ်အစိုးရ၌ အမှုထမ်းကြသော မြန်မာရာထမ်းမှုထမ်းငယ်များ၊ ရှေ့နေရှေ့ရပ်များ၊ လက်မှုပညာသည်များ တိုးပွားလာသည်။ နိုင်ငံခြားဖြစ် ပစ္စည်းအသေးအဖွဲ့အပြင် မြန်မာဖြစ်ထီး၊ သားရေဖိနပ်၊ ပိုးထည်၊ မြေအိုး မြေခွက်၊ လက်ဖက်၊ လက်ဖက်ခြောက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ ငါးပိ၊ ငါးခြောက်၊ ဆီ၊ ဆား စသော ပြည်တွင်းကုန်ရောင်းသော ဈေးဆိုင်များ တိုးပွားသည်ကို မြင်လာကြသည်။ (၂၁) ၁၈၇၇ ခုနှစ်တွင် ရန်ကုန်၌လည်းကောင်း၊ မီးရထား လမ်းတစ်လျှောက်၌လည်းကောင်း မီးရထားကို တအံ့တသြမြင်ကြရသည်။ ဤသို့ဖြင့် နယ်ချဲ့ပယောဂကြောင့် နိုင်ငံခြားသား ကုန်သည်များ၏ စီးပွားရေးတိုးတက်လာမှုကို မှီ၍ မြန်မာတိုင်းရင်းသားအချို့၌ ယခင်ခါကနှင့်စာလျှင် စီးပွားအတန်ငယ်ဖြစ်လာကြသည်ဟု ဆိုနိုင်သည်။ (၂၂) သို့ရာတွင် နောက်အနှစ်အစိတ်လောက်အတွင်း၌ကား ရန်ကုန်မြို့တွင် နိုင်ငံခြားသားတို့၏ စီးပွားရေးဖိအားသည် တစ်စတစ်စ ကြီးမားလာသည်ဖြစ်ရာ၊ မြန်မာတိုင်းရင်းသား ကုန်သည်တို့သည် ဆူးလေဘုရားတစ်ဝိုက်မှ လမ်းမတော်လောက်အထိ ဆုတ်လာကြရသည်ကိုလည်းကောင်း၊ မှက်နှာအောက်ချလာကြရသည်ကိုလည်းကောင်း မသိမသာ မြင်လာကြရသည်။ ထို့ကြောင့် ၁၉၀၀ ကျော်လောက်မှစ၍ နိုင်ငံခြား၊ စီးပွားရေးဖိအားကို တော်လှန်ရန် ပြောသံဆိုသံ ကြားလာရပြီဟုပင် ထင်ပါသည်။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းပြီးသည့်နောက် မြန်မာမင်းနှစ်ပါး အုပ်ချုပ်ခဲ့သော အထက်မြန်မာနိုင်ငံ နေပြည်တော် အမရပူရနှင့် ရတနာပုံမန္တလေးတို့၌ အများပြည်သူ မြန်မာပရိသတ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ထိုပရိသတ်၏ နား မျက်စိ အောက်သို့ ရောက်လာသော မြင်စရာအသစ်၊ ကြားစရာအသစ် အချို့ကို ဖော်ပြပါဦးမည်။

ဒုတိယ အင်္ဂလိပ်မြန်မာစစ်ပွဲ ပြီးသောအခါ မင်းတုန်းမင်းသည် ၁၈၅၂ ခုနှစ်တွင် အမရပူရ နေပြည်တော်၌ ထီးနန်းကို ဆက်ခံတော်မူသည်။ (၁) ၁၈၅၃ ခုနှစ်၌ ပြင်သစ်ဒွိလ် ဒေါ်ဂေါ်ရဲနီနှင့် ပြင်သစ်အမျိုးသားအချို့ကို အမရပူရ၌ မြင်ကြရသည်။ မြန်မာမင်း၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမှုတော်ကို ထမ်းရွက်ရန် လာကြခြင်း ဖြစ်သည်။ (၂) နောက်တစ်နှစ်တွင် နန်းမတော်ဝန်ကြီးအဖွဲ့သည် အိန္ဒိယရှိ အင်္ဂလိပ်ဘုရင်ခံချုပ်ဆီသို့ သွားသည်ကို ကြားသိကြရသည်။ (၃) နောက်တစ်နှစ်တွင် အမေရိကန်သာသနာပြုဆရာ ကင်းကိတ်ရောက်လာ၍ မြန်မာဘာသာရေး ရာဇဝင်နှင့် ဂဏန်းတွက်ပုံစာအုပ်များ ယူလာဆက်သကြသည်ကို နန်းတွင်းပရိသတ် သိကြရသည်။ (၄) ထိုနှစ်၌ပင် အောက်နိုင်ငံ အင်္ဂလိပ်အရေးပိုင်ဝန်ကြီး ဖဲရားသည် လှေပေါင်း ၄၅၂ကို မီးသင်္ဘော နှစ်စင်း၊ တွဲသမ္ဗန် နှစ်စင်းတို့၌ တင်ဆောင်၍ ရောက်လာရာ မြန်မာမင်းက ခမ်းနားစွာကြိုဆိုသည်ကို တစ်မြို့လုံး မြင်ကြရသည်။ ရောက်လာသောအဖွဲ့၌ အင်္ဂလိပ် ဘင်ခရာတီးဝိုင်း ပါလာသဖြင့် အင်္ဂလိပ်ဘင်ခရာ တီးပြသည်ကို ကြားကြရသည်။ (၅) အာရမဏီကုန်သည်များ လာကြသည်ကိုလည်းကောင်း၊ ဘုံဘေမြို့နှင့် ကာလကတ္တားမြို့တို့မှ အိန္ဒိယအမျိုးသားကုန်သည်များ လာကြသည်ကိုလည်းကောင်း မြင်ကြရသည်။ (၆) သင်္ဘောသူကြီး အိုဝင်း ဆောင်ယူလာသော မီးသင်္ဘောကို တအံ့တဩ မြင်ကြရသည်။ (၇) နောက်တစ်ခေါက် ဖဲရား ရောက်လာပြီးသည့်နောက် အောက်နိုင်ငံက မြန်မာကုန်သည်ကြီး ကုန်သည်ငယ်များ လာသည်ကို မြင်ကြရသည်။ (၈) သာသနာပြု ဆရာမတ်၏ သံတဲကျောင်းသို့ ခေတ်ပညာနှင့် အင်္ဂလိပ်စာသင်ရန် သွားကြသော မင်းသားငယ်များနှင့် နောက်လိုက်နောက်ပါတို့ကို မကြာခဏ မြင်ကြရသည်။ ရတနာပုံနေပြည်တော်မှ အင်္ဂလန်နိုင်ငံသို့လည်းကောင်း၊ ပြင်သစ်နိုင်ငံသို့လည်းကောင်း၊ ဘင်္ဂလား သို့လည်းကောင်း၊ မြန်မာပညာတော်သင်များ စေလွှတ်သည်ကို ကြားသိကြရသည်။ (၉) လေးငါးနှစ်လောက်ကြာသောအခါ ပြင်သစ်စက်မှုပညာသည်၊ အီတာလျံစက်မှုပညာသည်များနှင့် နိုင်ငံခြားမှပြန်လာသော ပညာတော်သင်များကို မန္တလေး၌ စက်ရုံများ ဆောက်ကြရာ နေပြည်တော်၌ ရက်ကန်းစက်၊ ဆန်ကြိတ်စက်၊ လွှစက်၊ သကြားချက်စက်၊ လက်နက်လုပ်စက်၊ ဒင်္ဂါးသွန်းစက်၊ စာပုံနှိပ်စက် စသော စက်ရုံပေါင်း ၅၀ ကျော်ကို မြင်လာကြရသည်။ (၁၀) ကင်းဝန်မင်းကြီးအဖွဲ့ အင်္ဂလန်သို့သွားသည်ကိုလည်းကောင်း၊ နှစ်နှစ်ကြာသောအခါ ပြင်သစ်နိုင်ငံသို့ သွားသည်ကိုလည်းကောင်း မြင်ကြရသည်။ (၁၁) ယခင်ကသော် ရန်ကုန်မြို့မှပို့သော မြန်မာသတင်းစာများနှင့် မြန်မာစာအုပ်များကိုသာ မြင်ခဲ့ရာမှ မန္တလေး၌ ပုံနှိပ်နိုင်လာသဖြင့် ဝမ်းမြောက်ကြရသည်။ (၁၂) ခြင်္သေ့ရုပ်၊ ဒေါင်းရုပ်၊ ယုန်ရုပ်ပါသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ကြေးနီဒင်္ဂါးတို့ကို မြို့သူမြို့သားများ သုံးစွဲလာကြရသည်။

နေပြည်တော်အနောက်ပြင်၌ (၁၃) ဆောက်ရိုး အစဉ်အလာ ကျောင်းပုံကိုမယူဘဲ ဥရောပ ဗိသုကာပုံတို့ကိုယူ၍ ဆောက်လုပ်လှူဒါန်းကြသော ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်းတိုက်၊ ထိုသို့သော ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ကျောင်းတိုက်၊ ထိုသို့သော အက္ကပတ်မြင်းဝန်၏ ကျောင်းတိုက်၊ ထိုသို့သော မြို့သစ်မြို့စားမင်းကြီး၏ ကျောင်းတိုက်တို့ကို ကြည့်လျက် လိုသူတို့လည်းရှိ၍ မလိုသူတို့လည်း ရှိကြရသည်။ ဗိသုကာပုံစံသစ်ကိုယူ၍ ကျောင်းဆောက်ကြသည်မှာ ထူးပါသည်။ အများပြည်သူဆိုင်ရာ အဆောက်အအုံဆိုသည်မှာ နေ့စဉ်နေ့တိုင်း အများပြည်သူတို့ အလေးဂရုပြု၍ ကြည့်နေ၊ မြင်နေကြရသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရာ ဖြစ်သည်။ ထိုအခါ အဆောက်အအုံ၌ သုံးထားသော ဗိသုကာပုံသစ်သည် အများပြည်သူတို့၏စိတ်၌ အတွေးသစ်ကို ဖန်တီးပေးတတ်သည်ဟု ဆိုချင်ပါသည်။ နိုင်ငံ၏ အုပ်ချုပ်ရေး ယန္တရားကို ပြုပြင်ရန် အားထုတ်ကြသော ကင်းဝန်မင်းကြီးတို့လူတစ်စုသည် နောင်အခါ၌ မိမိတို့၏ အုပ်ချုပ်ရေး အယူအဆသစ်ကို အများပြည်သူတို့ အလွယ်တကူ လက်ခံနိုင်လာကြအောင် ဗိသုကာပုံသစ်များဖြင့် ကြိုတင်၍ ရေလာမြောင်းပေး ပြုနေကြပုံရသည်ဟုယူသော် ရကောင်းအံ့သို့ရှိသည်။ ဤကား စကားချပ်။ (၁၄) သီပေါမင်း လက်ထက်တွင် ဝန်ကြီး ဝန်ထောက်ဌာန ၁၄ ဌာနခွဲ၍ တိုင်းပြည်အုပ်ချုပ်ရန် စီမံသည်ဖြစ်ရာ မည်သည့်ဌာနကို မည်သည့်ဝန်ကြီး ကိုင်မည်နည်းဟု မေးကြမြန်းကြ၊ စကားဆိုကြရာသည်။ (၁၅) နန်းတော်၌ ပြင်သစ် ရာထမ်းမှုထမ်း၊ အီတာလျံ ရာထမ်းမှုထမ်း ပို၍များလာသည်ကို သတိပြုလာကြရာသည်။ ပြင်သစ်ဆရာ၊ အီတာလျံဆရာတို့ သင်ပေးသော မြန်မာ စစ်သည်တို့ ရင်ပေါင်တန်း လေးယောက်စီတန်း၍ စစ်ဝတ်အင်္ကျီ ဘောင်းဘီဝတ်၍ဘယ်ညာညီညီလှမ်း၍ သေနတ်ထမ်းကာ မြို့ကိုလှည့်ရာ တအံ့တဩမြင်ကြရာသည်။ သပြေတန်းခံတပ် ဆောက်သည်ကို မြင်ကြရာသည်။

ပညာရေးအခြေအနေ ပြောင်းလာပုံကိုလည်း သိသာရုံမျှ ဆိုရပါဦးမည်။ ဘုန်းတော်ကြီး ကျောင်းများ ရှိခဲ့သဖြင့် မြန်မာမင်းလက်ထက်၌ပင် မြန်မာပြည်၏ စာတတ်ဦးရေသည် အလွန်ကောင်းသည်ဟု အဆိုရှိသည်။ (၁) အောက်နိုင်ငံ၌ ၁၈၆၆ ခုနှစ်၊ပညာမင်းကြီးကို ခန့်ပြီးသည့်နောက်ပိုင်းတွင် ပညာအုပ် ပညာဝန်တို့ကို နယ်များ၌ မြင်လာကြရာသည်။ (၂) အောက်နိုင်ငံကို အင်္ဂလိပ်သိမ်းပြီးသည့်နောက် ၁၈၅၂ မှ ၁၈၇၇ လောက်အထိ အနှစ်အစိတ်လောက်အတွင်းတွင် ဘုန်းတော်ကြီးကျောင်း၊ လောကဓာတ်(အစိုးရမြန်မာစာသင်ကျောင်း ) ကျောင်းပေါင်း နှစ်ထောင့်ခြောက်ရာခန့် ရှိလာသည်။ ၁၉၀၀ ဘက် နီးလာသော အခါ လေးထောင်ခန့် ရှိလာသည်။ အင်္ဂလိပ်စာသက်သက်နှင့် အင်္ဂလိပ်မြန်မာ စာသင်ကျောင်းပေါင်း လေးဆယ်နီးပါးခန့်ရှိလာသည်။ ၁၉၀၀ ဘက် နီးလာသောအခါ ရှစ်ဆယ့်ငါးကျောင်း ရှိလာသည်။ (၃) ၁၈၈၁ ခုနှစ်လောက်တွင် မြန်မာစာတတ်သူ ရာခိုင်နှုန်းသည် ယောကျ်ားလေး ဆယ့်ခြောက်ယောက်ရှိ၍ မိန်းမ သုံးယောက်ခွဲလောက် ရှိသည်။ ၁၉၀၀ ဘက် နီးလာသောအခါ လူဦးရေ တစ်ထောင်လျှင် မြို့များ၌ မြန်မာစာတတ်သူ ကျားလေးရာ့ငါးဆယ်နီးပါးခန့်၊ မ နှစ်ရာနီးပါးခန့်ရှိ၍ ကျေးရွာများတွင် ကျား လေးရာနီးပါးခန့်၊ မ ငါးဆယ်နီးပါးခန့် ရှိလာသည်။ (၄) ထို့ပြင် တက္ကသိုလ်ပညာ တတ်မြောက်သော ဘွဲ့ရသူဦးရေသည် အသေအပျောက် အဖိတ်အစဉ်မရှိလျှင် ၁၈၈၅ ခုနှစ်မှ ၁၉၀၀ လောက်အထိ လေးဆယ်ခန့် ရှိလာသည်။

ထူးသည်ဟုဆိုနိုင်သော အချက်တစ်ချက်ရှိသည်။ ထိုအချက်သည် ၁၈၆၆ ခုနှစ်လောက်မှစ၍ မြန်မာစာသင်သော ကျောင်းငယ်များတွင် ယခင် သင်ရိုးသင်စဉ်ဖြစ်သော သင်ပုန်းကြီးပြီးလျှင် မင်္ဂလသုတ်၊ လောကနီတိ စသည်တို့နှင့်ဖက်၍ ခေတ်ဂဏန်းသချာ၊ ပထဝီဝင်တို့ကို သင်ကြားလာခြင်းဖြစ်၍ အထက်ဆင့်သို့ ရောက်လာသောအခါ မြေတိုင်းပညာ၊ ဂျီအောမေထရီပညာ၊ ကမ္ဘာ့ရာဇဝင်တို့ကို သင်လာကြခြင်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြောင်းလာသော အများပရိသတ်၏ မျက်မြင်နားကြား ဖြစ်တန်ရာသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုအရေး အခြေအနေ နောက်ခံကား သရုပ်တို့ကို ဆင်ခြင်၍ သဘောကိုကောက်လျှင် အကြမ်းအားဖြင့် ဤသို့ရနိုင်သည်ဟု ထင်ပါသည်။

စီးပွားရေးဘက်တွင် စားဝတ်နေရေးတို့အတွက် ငွေသုံးစွဲပြီးသည့်နောက် ပုံနှိပ်မြန်မာစာအုပ်အတွက် ငွေသုံးနိုင်စွမ်းရှိသည်ဟုလည်းကောင်း၊ စာအုပ်ဝယ်၍ လျှဒါန်းနိုင်အားရှိသည်ဟုလည်းကောင်း ယူဆနိုင်သော ပညာလိုလားသော အင်အားစုသည် ယခင်ကထက်ပို၍ ကြီးလာသည်ဟု ဆိုနိုင်သည်။ ထိုအင်အားစုတွင် အောက်နိုင်ငံ၌ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်ကလေးများ ပါနိုင်သည်။ အစိုးရ ရာထမ်းမှုထမ်းများ ပါနိုင်သည်။ ရှေ့နေ ရှေ့ရပ်၊ ကုန်သည်ပွဲစား၊ လက်မှုပညာသည်များ ပါနိုင်သည်။ ထိုသို့သော အင်အားစုကို အမှီပြု၍ အထက်က ဆိုခဲ့သည့်အတိုင်း ၁၉၁၅ ခုနှစ်လောက်အထိ ပုံနှိပ်မြန်မာစာအုပ်နှင့် မြန်မာသတင်းစာ အထွက်အား ကောင်းလာခဲ့ခြင်း ဖြစ်သည်ဟု ယူလျှင် ရသင့်သည်။

ထို့နောက် ပြောင်းလာသော မျက်မြင်နားကြားတို့ကို အကြောင်းပြု၍ အများပြည်သူ ပရိသတ်၌ စိတ်ဓာတ်သစ်များလည်း ပေါက်ဖွားလာနိုင်သည်ဟု ဆိုချင်သည်။ ကိုယ့်နိုင်ငံ မဟုတ်တော့ပြီ။ သူလုပ်၍ယူလိုက်သဖြင့် သူ့နိုင်ငံဖြစ်သွားပြီ။ သူ့ပစ္စည်းဖြစ်သွားပြီ။ ကိုယ့်ပစ္စည်းဟူ၍ ကိုယ့်ယဉ်ကျေးမှုသာ ကျန်တော့သဖြင့် ကိုယ့်ယဉ်ကျေးမှုကို ဖက်ထားချင်သော အတွေးသစ်သည် အချို့ပရိသတ်၌ ပေါ်လာရာသည်။ ထိုအတွေးသစ်ကို ထိန်းသိမ်းထားလိုသော စိတ်ဟူ၍ (ဝါ) ထိန်းသိမ်းမှု စိတ်ဓာတ်ဟူ၍ ဆိုချင်သည်။ တစ်ဖန် အုပ်ချုပ်မင်းလုပ်သူလူမျိုးခြား၏ လက်ရုံးအားကိုလည်းကောင်း၊ လောကီလူမှုပညာအားကိုလည်းကောင်း အားကျခြင်းလည်းဖြစ်၍ ကိုယ့်မင်းကိုယ့်ချင်း နေချင်ခြင်းလည်းဖြစ်၍ အားထုတ်လိုခြင်းလည်းဖြစ်သော အတွေးသစ်သည် အချို့ပရိသတ်၌ ပေါ်လာရာသည်။ ထိုအတွေးသစ်ကို ဖန်တီးတည်ဆောက်လိုသော စိတ်ဟူ၍ (ဝါ) ဖန်တီးတည်ဆောက်မှု စိတ်ဓာတ်ဟူ၍ ဆိုချင်သည်။ တစ်ဖန် နယ်ချဲ့အစိုးရ၏ နိုင်ငံရေးဖိအားကိုလည်းကောင်း၊ အထူးသဖြင့် လူမျိုးခြားတို့၏ စီးပွားရေးဖိအားကိုလည်းကောင်း၊ တော်လှန်လိုသော အတွေးသစ်သည် အချို့ပရိသတ်၌ ပေါ်လာရာသည်။ ထိုအတွေးသစ်ကို တော်လှန်လိုသော စိတ်ဟူ၍ (ဝါ) တော်လှန်မှုစိတ်ဓာတ်ဟူ၍ ဆိုချင်သည်။

၁၉၁၆ ခုနှစ်အထိ ပုံနှိပ်ထုတ်ဝေခဲ့သော မြန်မာစာအုပ်နှင့် မြန်မာသတင်းစာတို့သည် ဆိုခဲ့သော စိတ်ဓာတ်သုံးမျိုး၏ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာကြတန်ရာသည်ဟု ယူချင်သည်။ ယူထိုက် မယူထိုက် သိရအောင် လေ့လာကြည့်ရှင်း စကားပြေ အသုံးများလာပုံကိုလည်းကောင်း၊ စကားပြေအသုံးများလာရာမှ မြန်မာကာလပေါ်ဝတ္ထုအဖွဲ့ ပေါ်လာ၍ အများက လက်ခံလာကြပုံကိုလည်းကောင်း တွေ့မည်ဟုထင်သည်။ ထိုမှတစ်ဆင့် ကျယ်ပြန့်သော မြန်မာ့ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထားလျက် ခံစားမှုအသိဖြင့် သရုပ်ဖော်ရေးသားဖွဲ့ဆိုလိုသောဆန္ဒသည် ကျွဲကူးရေပါသဘောအဖြစ်ဖြင့် လိုက်ပါလာ၍ တစ်စတစ်စ အားကောင်းလာသည်ကိုလည်း တွေ့လာမည်ထင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အထက်က ဆိုခဲ့သည့်အတိုင်း ဗြိတိသျှပြတိုက်၏ မြန်မာစာအုပ် စာရင်းပါ စာအုပ်များကို ပညာရပ်အလိုက် ခွဲဝေကြည့်လျှင် ဤသို့တွေ့နိုင်သည်။ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းပေါင်း ၆၀၀ နီးပါးခန့်ရှိသည်။ ခရစ်ယာန်ဘာသာဆိုင်ရာ ကျမ်းပေါင်း ၅၀ နီးပါးခန့်ရှိသည်။ အစ္စလာမ်ဘာသာဆိုင်ရာ ကျမ်းပေါင်း ၁၅ ကျမ်းခန့်ရှိသည်။ မြန်မာဆေးကျမ်း ၄၀ ခန့်ရှိသည်။ မြန်မာဓမ္မသတ် ဖြတ်ထုံးဆိုင်ရာကျမ်း ၅၀ ခန့်ရှိသည်။ အင်္ဂလိပ်အစိုးရဥပဒေနှင့် လက်စွဲဆိုင်ရာကျမ်း ၆၀ ခန့်ရှိသည်။ ပါဠိဘာသာ သဒ္ဒါနှင့် အဘိဓာန်ဆိုင်ရာကျမ်း ၁၀၀ ခန့်ရှိသည်။ မြန်မာ ဘာသာသဒ္ဒါ၊ အဘိဓာန်သတ်ပုံကျမ်း ၃၀ ခန့်ရှိသည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာ သဒ္ဒါနှင့် အဘိဓာန်ကျမ်း ၂၀ ခန့်ရှိသည်။ ရှေးဟောင်း မြန်မာပျို့လင်္ကာနှင့် ဟောစာ ၆၀ ခန့် ရှိသည်။ ရှေးဟောင်းရာဇဝင်နှင့် သမိုင်း ၅၀ ခန့်ရှိသည်။ ဦးပေါ်ဦး လျှောက်ထုံး မိရဗလလျှောက်ထုံး စသော စကားပြေကျမ်း ၂၀ ခန့်ရှိသည်။ ခေတ်မီပညာဟုဆိုအပ်သော ပထဝီဝင်၊ ဂဏန်းသင်္ချာ၊ လောကဓာတ်ပညာ (ခေတ်သိပ္ပံ)၊ ခေတ်မြန်မာဖတ်စာ၊ ခေတ်ရာဇဝင်၊ မြေတိုင်းပညာ စသည်တို့ ၃၅ ခန့်ရှိသည်။ ကာလပေါ်ပြဇာတ် ၁၄၀ ခန့်ရှိသည်။ ထို့ပြင် အစိုးရအမိန့် ပြန်တမ်းပါ စာအုပ်စာရင်းစုအရ ၁၉၀၄ ခုနှစ်မှ ၁၉၁၆ ခုနှစ်အထိ ကာလပေါ်ဝတ္ထု ၅၀ ခန့်ရှိသည်။

ပညာရပ်အလိုက် ပြခဲ့သော ကျမ်းအမျိုးမျိုး၏ အရေအတွက်ကိုထောက်လျှင် ဤသို့ သိနိုင်ပါသေးသည်။ ဗုဒ္ဓဘာသာဆိုင်ရာ စာများသည် ပရိသတ်အများဆုံးဖတ်သော စာများဖြစ်ကြောင်း သိသာသည်။ ထို့နောက် ကာလပေါ်ပြဇာတ်နှင့် ကာလပေါ်ဝတ္ထုတို့က ဒုတိယလိုက်၍၊ ရှေးဟောင်းပျို့လင်္ကာ၊ ဟောစာနှင့် စကားပြေတို့က တတိယလိုက်သည်ဟု သိနိုင်သည်။ ပထဝီဝင်၊ လောကဓာတ်ပညာ စသော ခေတ်မီပညာရပ်ဆိုင်ရာ စာအုပ်များသည် အများအားဖြင့် ကျောင်းသင် ကျောင်းသုံး စာအုပ်များဖြစ်သောကြောင့် စာဖတ်ပရိသတ်၏ အင်အားကို အထူးဆိုဖို့မလိုပြီ။

[၄]

ဤတွင် ဗုဒ္ဓဘာသာစာ ပထမပြေးနေခြင်း၊ ကာလပေါ်ပြဇာတ်ဝတ္ထု ဒုတိယလိုက်နေခြင်း၊ ရှေးဟောင်း ပျို့လင်္ကာဟောစာ၊ စကားပြေ တတိယလိုက်နေခြင်းတို့သည် ထိန်းသိမ်းမှု စိတ်ဓာတ်ကြောင့် ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် ရဟန်းပရိသတ် လူပညာရှိပရိသတ် အမာခံရှိနေသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ အရပ်ကြိုက် မြန်မာ့ယဉ်ကျေးမှု တစ်ခုဖြစ်သော ရုပ်သေးသဘင်၊ ဇာတ်သဘင်တို့ကြောင့်လည်း ဖြစ်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်နှင့်ပြည် မီးရထားလမ်းပေါက်သော ၁၈၇၇ ခုနှစ်လောက်မှစ၍ အထက်မြန်မာနိုင်ငံမှ ရုပ်စုံသဘင်သည်တို့ စုန်လာတတ်ကြသည်ဟု သိရသည်ဖြစ်ရာ ရုပ်သေးသဘင်၊ ဇာတ်သဘင်တို့၌ ယခင်ကထက်ပို၍ စိတ်ဝင်စားလာကြသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုအခါကသော် မီးရထားလမ်းတစ်လျှောက်ရှိ ပေါင်းတည်၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ သုံးဆယ်၊ ဥက္ကံ၊ ကြည့်မြင်တိုင်နှင့် ရန်ကုန်၊ ပုဇွန်တောင်တို့တွင် စတည်းချ ကပြကြသော ရုပ်သေးစင်တို့သည် အလုံစင်၊ ကျောက်ကာစင်၊ ရေစကြိုစင်၊ ကွန်းရွာစင်၊ ပခုက္ကူစင်၊ တလုတ်မြို့စင်၊ အမြင့်စင်၊ ငမြားကြီးစင်၊ စလေစင်၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆင်ဖြူကျွန်းစင်၊ စလင်းစင်၊ မကွေးစင်၊ မင်းဘူးစင်၊ တောကျောင်းစင်၊ ပြည်စင်တို့ ဖြစ်ကြသည်ဟု ဆိုပါသည်။ ထိုအခါမှစ၍ ဆတိုင်မှွတ် ဦးကူး၊ မော်လမြိုင် ဆရာယော၊ ညောင်ဝေ့ုန်းဦးကျော်ရ၊ ပဲခူးဦးဆုသာ၊ ရန်ကုန်ဦးပုတ်နီ၊ ပုဇွန်တောင် ဆရာခ စသည်တို့၏ ပြဇာတ်နှင့် ဟောစာများကို ပုံနှိပ်လာကြခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုခေတ်ထိုအခါက ထိန်းသိမ်းမှုစိတ်ဓာတ် မည်မျှအားကောင်းခဲ့သည်ကို ခန့်မှန်းနိုင်သည်။ ၁၉၀၆ ခုနှစ်လောက်မှစ၍ လှုပ်ရှားလာသော ဝိုင်၊ အမ်၊ ဘီ၊ အေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ရည်ရွယ်ချက် ကြွေးကြော်သံကို နောင်လာပရိသတ်က အားပါးတရ ကြိုဆိုလက်ခံလာကြခြင်းသည် ထိုစိတ်ဓာတ် လှုံ့ဆော်မှုကြောင့် ဖြစ်သည်ဟု ဆိုချင်သည်။ အထက်ကဆိုခဲ့သော ဗုဒ္ဓဘာသာဆိုင်ရာစာမှ ရှေးဟောင်းစကားပြေစာ အထိဖြစ်သော စာစုတွင် စကားပြေအရေးအသား အတော်များများပါပါသည်။ အဖတ်အရှုအလွန်များသည်ဟု ယူဆအပ်သော သခ်ါရဘာဇနီကျမ်းသည် ကာရန်မသုံးဘဲ အရပ်ထဲ၌ ရိုးရိုးပြောသကဲ့သို့ ရေးသော စကားပြေအရာတွင် စံတစ်ခု ဖြစ်သည်။ သို့ရာတွင် အဆိုပါ စကားပြေတို့ကို လက်ရှိအခြေခံဟုသာယူဆသည်။ ထို့ပြင် ထိုစကားပြေတို့တွင် မြန်မာ့ဘဝ ပတ်ဝန်းကျင်အကြောင်းရေးသော စာမျိုး အားနည်းနေသေးသည်ကို တွေ့ရသည်။

ခေတ်မီပညာရပ်ဆိုင်ရာ မြန်မာစာအုပ်နှင့် မြန်မာသတင်းစာများသည်လည်း ပရိသတ်အများဆုံးဖတ်သောစာများ ဖြစ်သည်ဟု သိနိုင်သည်။ တစ်ဖန် ၁၉၀၄ ခုနှစ်မှစ၍ ပေါ်လာသော မြန်မာကာလပေါ် ဝတ္ထုများသည်လည်း ပရိသတ်အများဆုံးဖတ်သော စာများ ဖြစ်သည်ဟု သိနိုင်ပါသည်။ ထိုစာများ တွင်ကျယ်လာခြင်းသည် အဓိကအားဖြင့် ဖန်တီးတည်ဆောက်မှုစိတ်ဓာတ်ကြောင့်သော်လည်းကောင်း၊ တော်လှန်မှုစိတ်ဓာတ်ကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် လောကဓာတ်ကျောင်းထွက်၊ အင်္ဂလိပ်မြန်မာကျောင်းထွက် ပရိသတ်သစ် တစ်စခန်းထလာ၍ ထိုပရိသတ်သစ် အမာခံရှိလာသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုပရိသတ်သစ်တွင် ထိန်းသိမ်းမှုစိတ်ဓာတ် ရှိသည်လည်းဖြစ်၍ ဖန်တီးတည်ဆောက်မှု စိတ်ဓာတ်သော်လည်းကောင်း၊ တော်လှန်မှုစိတ်ဓာတ်သော်လည်းကောင်း ရှိသည်လည်းဖြစ်သော သူများလည်း အတန်အသင့် ပါကြမည်ဟု ယူချင်သည်။ အဘယ်ကြောင့်ဆိုသော် ၁၉၀၄ ခုနှစ်တွင် ပြင်သစ်ဝတ္ထုတစ်ပုဒ်ကို ဆီလျော်အောင် မြန်မာပြန်လျှင် သင့်နိုးအံ့ဟုမြင်၍ မောင်ရင်မောင်မမယ်မဝတ္ထုကို ရေးသားထုတ်ဝေခဲ့သော ဦးလှကျော်ကိုလည်းကောင်း၊ ၁၉၁၂ ခုနှစ်တွင် စံပယ်ပင်ဝတ္ထုထူးကို ရေးသားထုတ်ဝေခဲ့သော ဦးလတ်ကိုလည်းကောင်း တွေးမိသောကြောင့် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် အောက်နိုင်ငံ၌ ပညာသင်ကြားရေးစနစ်သစ်ကို အကောင်အထည်ဖော်ရန် ပညာမင်းကြီး ခန့်ထားဆောင်ရွက်စပြုသော ၁၈၆၆ ခုနှစ်တွင် ဖွားမြင်၍ ထိုပညာမင်းကြီး၏ စနစ်သစ်ကျောင်းများတွင် ပညာသင်ခဲ့ကြသောသူများ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးကို ထောက်၍ယူလျှင် ရနိုင်သောကြောင့် ဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးတွင် ထိန်းသိမ်းမှု စိတ်ဓာတ်လည်းရှိ၍ ဖန်တီးတည်ဆောက်မှု စိတ်ဓာတ်လည်းရှိသည်ဟု ဆိုချင်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်နှစ်ဦးကဲ့သို့သော သူများသည် ဆိုခဲ့သော ပရိသတ်သစ်တွင် အတန်အသင့်ပါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မည်ဟု ယူခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ထိုပရိသတ်၌ပင် ဦးလတ်လေ့လာ၍ သရော်ခဲ့သော ဘိလပ်ပြန်ဝတ်လုံ မောင်သောင်းဖေကဲ့သို့သော တစ်ဖက်စွန်းသို့ ရောက်သွားသော လူမျိုးလည်း ရှိနိုင်သည်။ ထိုလူမျိုးသည် ပွဲလယ်၌ အထူးအဆန်းကဲ့သို့ ဖြစ်ရာသည်။

ခေတ်မီပညာရပ်ဆိုင်ရာ ကျောင်းသုံး မြန်မာစာအုပ်များတွင် ထိုခေတ် ထိုအခါကသော် ဂျီအောမေထရီ၊ လောကဓာတ်ပညာ၊ ပထဝီဝင်၊ မြန်မာသဒ္ဒါတို့ ပါဝင်လာခြင်းသည် ထူးသည်ဟု ဆိုနိုင်သည်။ ဂျီအောမေထရီနှင့် လောကဓာတ်ပညာတို့ကြောင့် အာဂုံဆောင်ရခြင်းထက် စူစမ်းလေ့လာ၍ ဉာဏ်ထုတ်ရခြင်းသည် ပညာရှာသည့် ကိစ္စတွင် ပို၍ အရေးကြီးသည်ဟု သတိပြုလာမိကြရာသည်။ ပထဝီဝင်ကြောင့် မြန်မာ့ဘဝပတ်ဝန်းကျင်ကို ငယ်ရွယ်စဉ်ကပင် ရေးကထက်ပို၍ စိတ်ဝင်စားလာစရာအကြောင်းရှိသည်။ မြန်မာသဒ္ဒါ (မော်လမြိုင် ဦးရွှေပွင့်၏ သဒ္ဒါကျမ်း ၁၈၈၂) ကြောင့် မြန်မာစကားပြေ ရေးနည်းစနစ်ကို သတိပြုလာစရာ အကြောင်းရှိသည်။ ထို့ပြင် ဆရာယုဒသန်၏ အင်္ဂလိပ်မြန်မာ အဘိဓာန်၊ မော်လမြိုင် အစိုးရကျောင်းဆရာကြီး မစ္စတာဟောက်၏ အင်္ဂလိပ်မြန်မာ အဘိဓာန်တို့ကြောင့် အင်္ဂလိပ် စာမှ မြန်မာပြန်ဆိုရေးသားနိုင်သော အခွင့်အလမ်း ရလာစရာအကြောင်းရှိသည်။ ဆိုခဲ့သော ကျောင်းသင်စာအုပ်များသည် စကားပြေ ဖြစ်ကြသည်။ သို့ရာတွင် ထိုအကြောင်းကြောင့်ကား စကားပြေ အသုံးများလာပြီဟု မဆိုချင်သေးပါ။ စကားပြေ အရေးအသား အသုံးများလာအောင် အားပေးခဲ့သော အထောက်အကူသာဖြစ်သည်ဟု ယူပါသည်။ အခြားသော အထောက်အကူများလည်း ရှိပါသေးသည်။ ပေပုရပိုက်ခေတ်မှ ပုံနှိပ် စာအုပ်ခေတ်သို့ ပြောင်းလာသည်ဖြစ်ရာ စာဖတ်ရန် လွယ်ကူမှုပို၍ရှိလာခြင်းသည် အထောက်အကူတစ်ခု ဖြစ်နိုင်သည်။ ယခင်အခါက စာဖတ်များကြသူဟု ယူဆအပ်သော ရဟန်းပရိသတ်၊ နန်းတွင်းပရိသတ်တွင် ကုန်သည်ပွဲစား စသော အင်အားစုအသစ် ပရိသတ် တိုးလာသည် ဖြစ်ရာ စာဖတ်ပရိသတ်ခွင်ကျယ်လာခြင်းသည်လည်း အထောက်အကူတစ်ခု ဖြစ်နိုင်သည်။ ယခင်အခါက ပေပုရပိုက်၌သာရှိခဲ့၍ ပုံနှိပ်ခေတ်တွင် ထုတ်ဖော်ပုံနှိပ်လိုက်သော ရှင်ကျော်သူ ဖြတ်ထုံး (ပုံနှိပ်သောနှစ် ၁၈၇၁)၊ ဝေဿန္တရာဇာတ်တော် (၁၈၇၅)၊ သမန္တ စက္ခုဒီပနီ (၁၈၇၅)၊ ရာဇာဓိရာဇ်အရေးတော်ပုံ (၁၈၇၇)၊ ကဝိလက္ခဏာဒီပနီ (၁၈၈၀)၊ ဥဒေ္ဒါဝတီအရေးတော်ပုံ (၁၈၈၁)၊ နေမိဇာတ် (၁၈၈၁)၊ မဏိရတနာပုံ (၁၈၈၃)၊ မဟာဝင်ဝတ္ထု (၁၈၈၈)၊ ဘူရိဒတ်ဇာတ် (၁၈၈၉)၊ ဓမ္မပဒဝတ္ထု (၁၈၈၉)၊ မုံရွေးမေတ္တာစာ (၁၈၉၂)၊ မဟာဇနက (၁၈၉၅) စသည်တို့သည်လည်း အထောက်အကူတစ်ခု ဖြစ်နိုင်သည်။ ပုံနှိပ် ခေတ်အတွင်း၌ပင် မြန်မာပြန်ဆိုပုံနှိပ်ထုတ်ဝေကြသော ဆာရာယုဒသန် (Sarah Judson)၏ ခရစ်ယာန် (Pilgrim's Progress)ဝတ္ထု၊ (၁၈၅၅)၊ ရွှေတူးဆန်ဒီ (Shwe Too Sandys)၏ အီစွပ် ဒဏ္ဍာရီ၊ အဗ္ဗဒူရာမန်၏ ပသီပုံပြင် (၁၈၉၆)၊ မူဟမ္မက် ရှုရှုဒင်ခေါ် မောင်ဘိုးခင်၏ ဟာတင်တာယီဝတ္ထု(၁၈၈၉) တို့သည်လည်း အထောက်အကူတစ်ခု ဖြစ်နိုင်သည်။ စင်စစ်မှာ မြန်မာစကားပြေ အရေးအသား များလာခြင်းသည် အဓိကအားဖြင့် ၁၉၀၀ မတိုင်မီကသော် ကိုယ်တွေ့မျက်မြင် မြန်မာ့ဘဝပတ်ဝန်းကျင်အကြောင်းတို့ကိုလည်းကောင်း၊ ထိုပတ်ဝန်းကျင် နှင့်စပ်သော အကြောင်းတို့ကိုလည်းကောင်း ရေးသည်လည်းဖြစ်၍၊ ပရိသတ်မျိုးစုံ စိတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝင်စားအောင် ရေးသည်လည်းဖြစ်၍၊ နှစ်သက်စရာကောင်းအောင် ရေးသည်လည်းဖြစ်၍၊ မပြတ်မလတ် မှန်မှန်ရေးနေသည်လည်းဖြစ်သော မြန်မာသတင်းစာများကြောင့် ဖြစ်သည်ဟု ယူချင်သည်။

အထက်ကဆိုခဲ့သည့်အတိုင်း အင်္ဂလိပ်မင်းပိုင် အောက်နိုင်ငံ ရန်ကုန်မြို့၌ ၁၈၇၁ ခုနှစ်တွင် မြန်မာသံတော်ဆင့်သတင်းစာ ပေါ်လာပြီးသည့်နောက် ရန်ကုန်မြို့၌ပင် မြန်မာ ဂေဇက်သတင်းစာနှင့် မြန်မာသတင်းစာဟူ၍ သတင်းစာ နှစ်စောင်သည် နှစ်နှစ်အတွင်း ပေါ်လာကြသည်။ ထို့နောက် မော်လမြိုင်မြို့၌လည်းကောင်း၊ မြန်မာမင်းပိုင် အထက်နိုင်ငံ မန္တလေးမြို့၌လည်းကောင်း သတင်းစာများ ပေါ်လာကြပြန်သည်။ ပေါ်ခါစဖြစ်သောကြောင့် သတင်းစာများသည် ယေဘုယျအားဖြင့် ခုနစ်ရက်တစ်ပတ်လျှင် တစ်ကြိမ် ထွက်သည် ကိုသာ တွေ့ရသည်။ တနင်္လာနေ့တိုင်းထွက်သော သတင်းစာလည်းရှိသည်။ သောကြာ နေ့တိုင်းထွက်သော သတင်းစာလည်းရှိသည်။ စနေနေ့တိုင်းထွက်သော သတင်းစာလည်း ရှိသည်။ ထိုခေတ်က မြန်မာသတင်းစာ၏ ယေဘုယျသဘောကို ဤသို့သိရသည်။ ၁၈၇၅ ခုနှစ်မှစ၍ ရန်ကုန်မြို့၌ ထုတ်ဝေမည်ဖြစ်သော ရတနာပုံသတင်းစာသစ်အကြောင်းကို လက်ရှိ သံတော်ဆင့်သတင်းစာက ကြော်ငြာရင်း ဖော်ပြသည်မှာ–

> *"၎င်းသတင်းစာ (ရတနာပုံ) တွင် ပါဝင်မည့်အကြောင်းမှာ အစိုးရ အမိန့်တော်ပြန်တမ်းမှ ထုတ်နုတ်အပ်သော အစိုးရအရာရှိတို့ ပြောင်းလွှဲ ခန့်ထားခြင်းနှင့်ဆိုင်သောသတင်း၊ ဤဟံသာဝတီ ရန်ကုန်မြို့မှတစ်ပါး အခြားသောမြို့မှ ရောက်လာသဖြင့် ကြီးကျယ်ထူးဆန်းသော ကြေးနန်းကြီး သတင်း၊ အနောက်ဘက် ဥရောပတိုက်၊ အမေရိကတိုက်၊ အာဖရိက တိုက်စသော တိုင်းကြီးပြည်ကြီးတို့၌ ဖြစ်ပွားခြင်းနှင့် စပ်ဆိုင်သော သတင်း၊ အိန္ဒိယတိုင်းကြီးမှ ကြားသိရသောသတင်း၊ ဤဟံသာဝတီ ရန်ကုန်မြို့တွင် နေ့စဉ်မပြတ် ဖြစ်ပွားသောသတင်း၊ အရပ်ရပ်ကုန်သည် ကြီးငယ်တို့ အကျိုးစီးပွားအလို့ငှာ ရန်ကုန်မြို့ပေါ် အမှန်အကန်ဖြစ်သော ကုန်ဈေးနှုန်း၊ ကြော်ငြာစာ၊ လေလံစာမှစ၍ အများတို့၏ အကျိုးစီးပွား နှင့် ဆိုင်သော သတင်းစကားတို့ကိုလည်း ထည့်သွင်းပုံရိုက်ပါမည်"*

ဟု ဖော်ပြထားသည်။ ထိုဖော်ပြချက်၌ပင် သတင်းစာ၏အဖိုးနှင့်စပ်လျဉ်း၍ 'တစ်နှစ် အတွက် လက်မှတ်ထိုးလျှင် ၁၀ ကျပ်၊ တစ်လအတွက် ၁ ကျပ်၊ တစ်စောင်လျှင် ၈ ပဲ၊ အဝေးမြို့ ချောခပါ ၁၁ ကျပ် ၈ ပဲ'ဟု ပါသည်။

သတင်းစာ၏ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ ထိုခေတ် သတင်းစာတစ်ခု၏ သဘော ထားကိုလည်း ဤသို့သိရပါသည်။ မြန်မာသတင်းစာခေါ် သတင်းစာ၌ ဖော်ပြထားသည်မှာ–

> *"သတင်းစာဆိုသည်ကား အများနှင့်ဆက်ဆံသောအရာ ဖြစ်သည်။*

*သတင်းစာထည့်ရိုက်လျှင် တစ်စောင်တည်းနှင့် ပြီးသည်မဟုတ်။ သတင်းစာ တစ်စောင်မှသည် တစ်စောင်သို့ အဆင့်ဆင့်ကူးယူ၍ ဘာသာအများနှင့် ပြန်ဆို ထည့်ရိုက်ကြသဖြင့် ကြည်းကြောင်း၊ ရေကြောင်း ရောက်သွား၍ အဆိုးအကောင်းအကြောင်းတစ်ခုကို နှစ်လလောက်နှင့် တစ်ကမ္ဘာလုံး နှံ့ပြားလေသည်။ ကြီးသောသတင်းဖြစ်လျှင် ကြေးနန်းဆရာတို့က ကူး၍ ရိုက်သဖြင့် လေးငါးရက်နှင့် တစ်ကမ္ဘာလုံး ပျံ့နှံ့သည်။ သတိပညာနှင့် ပြည့်စုံတော်မူသော၊ တိုင်းပြည်ဝန်ကို ကောင်းစွာဆောင်ရွက်တော်မူလေ့ ရှိသော ဘုရင်မင်းမြတ်များလည်း သတင်းစာကို ကိုယ်တိုင်ကြည့်ရှုတော်မူကြသည်"*

ဟု ဖော်ပြထားသည်။ ဤအချက်ကို ထောက်လျှင် မြန်မာပြည်၌ သတင်းစာပေါ်ခါစ ခေတ်တွင် သတင်းစာကို လေးစားကြအောင်၊ သတင်းစာ၏အကျိုးသက်ရောက်မှု တန်ဖိုးကို သိကြအောင် (ဝါ) ဘဝပတ်ဝန်းကျင်ကို သတိပြုမိကြအောင် သတင်းစာကို ဂုဏ်တင်၍ ပြောဆိုနေကြရသည်ဟု ထင်သည်။

ပရိသတ်က ထိုသို့ သတိပြုမိကြအောင် သတင်းစာဆရာများက အားထုတ်ကြသည်ကိုလည်း တွေ့ရသည်။ မြန်မာတိုင်းရင်းသားအများ စိတ်ဝင်စားလာအောင် ရွှေတိဂုံ၌ မင်းတုန်းမင်းတရား၏ အလှူတော်ဖြစ်သော ထီးတော်သစ်တင်ပွဲအကြောင်းကို အဖက်ဖက်မှ လှည့်၍ ဖော်ပြခဲ့ကြသည်။ မြန်မာဂေဇက်သတင်းစာတွင် ရန်ကုန်မြို့သို့ ထီးတော်သစ် မရောက်ခင်ပင် ရောက်တော့မည့်အကြောင်းကို ကြိုဆို၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသည်။ ရောက်လာသော အခါ ကြိုဆိုကြပုံကို ရေးပြန်သည်။ အောက်နိုင်ငံက ပါဝင်လှူဒါန်းကြသည်ကို ဒါနရှင်၏ အမည်များနှင့်တကွ ဖော်ပြ၍ ရေးပြန်သည်။ မြန်မာမင်းလှူတော်မူလိုက်သော ငှက်မြတ်နားတွင် အောက်နိုင်ငံသားများကလည်း ကျောက်မျက်ရတနာများကို ထည့်ချင်ကြသဖြင့် ငှက်မြတ်နားကို ထိုးဖောက်ရ ထွင်းရတော့မည် ဖြစ်သောအခါ မြန်မာဝန်ထောက်တော် ပုပ္ပားမြို့စားမင်းက အခွင့်ပေးလိုကြောင်း၊ ထို့ကြောင့် "ကျွန်ုပ်ကို ဘဝရှင်မင်းမြတ် ကွပ်မျက်တော်မူလျှင် ခံတော့မည်"ဟု ပုပ္ပားဝန်ထောက်က ရဲရဲတောက်ဆိုသဖြင့် အောက်နိုင်ငံသားများက ဝမ်းမြောက်ကြကြောင်းကိုပါ သတင်းစာက ထည့်၍ ဖော်ပြထားသည်ကို တွေ့ရသည်။ တစ်ဖန် အင်္ဂလန်နိုင်ငံသို့ ကင်းဝန်မင်းကြီးတို့ သံအဖွဲ့ ထွက်သွားသော သတင်းကို ဖော်ပြပြီးနောက် အင်္ဂလန်၊ ပြင်သစ်၊ အီတလီနိုင်ငံတို့၌ ကင်းဝန်မင်းကြီး သံအဖွဲ့ လှည့်လည်ကြည့်ရှု ပြောဆိုသမျှတို့ကို အပတ်တိုင်းဖော်ပြသည်။ အင်္ဂလန်က ဒက်ရုံ စက်ပစ္စည်းများအကြောင်း၊ မီးရထားအကြောင်းတို့ကိုလည်း အင်္ဂလန်က ကုန်သည်တို့၏ သဘောထားနှင့်တကွ ဖော်ပြသည်။ အထက်မြန်မာနိုင်ငံသို့ နိုင်ငံခြားသံအမျိုးမျိုး ရောက်တိုင်း ဖော်ပြသည်။ ရတနာပုံမန္တလေး၌ မင်းတုန်းမင်းကြီး၏ အဘိသိက်ခံ နန်းသိမ်းပွဲအကြောင်းကို အခန်းဆက်သဘောဖြင့် အပတ်စဉ် ဖော်ပြသွားသည်။ ထိုသတင်းများသည် မြန်မာတိုင်းရင်းသားတို့ ထိုခေတ်ထိုအခါက အလွန်စိတ်ဝင်စားမည့် သတင်းများ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်နိုင်သည်။

တစ်ဖန် 'အများတို့၏ အကျိုးစီးပွားနှင့်ဆိုင်သော သတင်းစကားတို့ကိုလည်း ထည့်သွင်း ပုံရိုက်ပါသည်'ဟု ရတနာပုံသတင်းစာက ကတိပြုထားသည့်အတိုင်း အောက်နိုင်ငံ၌လည်းကောင်း၊ အထက်နိုင်ငံ၌လည်းကောင်း၊ မဖွယ်မရာဖြစ်နေကြသည်တို့ကိုလည်း မြန်မာသတင်းစာများ၌ ဖော်ပြကြဟန်တူသည်။ မြန်မာမင်း၏ ထီးတော်သစ်တင်ပွဲသို့ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ရောက်လာကြသော မြန်မာမင်း၏အရာရှိများ နေထိုင်ရေးအတွက် အောက်နိုင်ငံ မဟာဝန်ရှင်တော်မင်းကြီးက မိမိ၏လက်အောက်ခံ အရာရှိတစ်ဦးအား ငွေ ၆၀၀၀ ကျပ်နှင့်တကွ တာဝန်လွှဲအပ်သည့်ကိစ္စ၌ ဆောင်းပါးရှင်တစ်ဦးက ထိုအရာရှိ၏ ငွေသုံးပုံကို မကျေနပ်ကြောင်း မြန်မာဂေဇက် သတင်းစာတွင်–

> *"သနားတော်မူသည့် ငွေတော် ၆၀၀၀ ကျပ်အပြင် ငြိမ်းဆင်ရာသုံးစွဲဖို့ ရန်ကုန်မြို့ပေါ် အရပ်တကာတို့က ရွှေတိဂုံဘုရားတော်ကြီးတွင် ထည့်လှူရန်ရသော ငွေတစ်ထောင်ကျော်လည်း ရှိပါသည်။ သူကိုယ်တိုင်က ဆိုလျှင် ကစ်ပြားတစ်ချပ်မျှ မထည့်မလှူ၊ ပက်လက်ရထား မြင်းနှစ်စီးတို့ကို ဝယ်ယူကြောင်းကြား သိရပါသည်"*

ဟု ပြင်းပြင်းထန်ထန်ရေး၍ အလုပ်တာဝန်အတွက် သုံးစွဲခဲ့သော ထိုအရာရှိ၏ အသုံးစာရင်းကို အများသိအောင် အကြော်ငြာခိုင်းသည်ကို တွေ့ရသည်၊ တစ်ဖန် အထက်နိုင်ငံတွင် မြန်မာ မင်းပိုင် ရောင်းကုန်ပစ္စည်းများကို အောက်နိုင်ငံကုန်သည်များသို့ မြန်မာမင်း၏ အရာရှိများက အမိန့်အရ လွှဲအပ်ရောင်းချပြီးနောက် ထိုအရာရှိများ၏လက်၌ ကုန်ပစ္စည်း ၁၀၀၊ ၂၀၀၊ ၃၀၀ ကျန်ရှိတတ်ကြောင်း၊ ထိုကုန်ပစ္စည်းများကို ထိုအရာရှိတို့က သူတစ်ပါးအား လျှော့ပေါ့၍ ရောင်းစားကြောင်းလည်း မြန်မာသတင်းစာ၌ ဖော်ပြသည်ကို တွေ့ရသည်။

သတင်းရေးရာတွင် နှစ်သက်ဖွယ်ဖြစ်အောင် ရေးတတ်ကြသည်ကိုလည်း တွေ့ရသည်။ ကာရန်မသုံးဘဲ အရပ်ထဲ၌ ရိုးရိုးပြောသကဲ့သို့ရေးရာ၌ နှစ်သက်ဖွယ်ဖြစ်အောင် ရေးတတ်ကြသည်ကို မြန်မာမင်း၏ အလှူတော်ဖြစ်သော ထီးတော်စုန်ဆင်းရာ ရန်ကုန်မြစ်တွင်း၌ မီးဖောင်မျှော၍ မီးပူဇော်သော သတင်းအရေးအသား (၁၈၇၁ ခု၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာဂေဇက်သတင်းစာ) တွင်

> *"လွန်ခဲ့သော စနေနေ့က လမ်းမတော်အရပ်က မီးတိုင် လေးသောင်းလုပ်၍ ပူဇော်ပြီးလျှင် မြစ်တွင်းမျှောကြသည်။ အင်္ဂလိပ်တိုင် လေးတိုင်ကျော်ခန့်ရောက်မှ မီးဖောင်အလျားဆုံးသည်။ လူများသည် မြစ်ဆိပ်က ကြည့်ရှု၍ သာဓုခေါ် ကြလေသည်။ ဆီမီးလေးသောင်းကျော်လှူသည့် အကျိုးကို ဆိုဖွယ်မရှိ။ ဆီမီးတစ်ခွက်မျှ လှူဖူးသော ဇကေဒိပကမထေရ်၏ အကျိုးကိုပင် ကျမ်းဂန်၌ ကျယ်ဝန်းစွာ ပြလေသည်"*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ရေးထားသည်ကို ဆင်ခြင်ကြည့်ရန် ဖြစ်ပေသည်။ တစ်ဖန် ကာရန်ဖက်၍ လွမ်းစရာဖွက်၍ ရေးရာ၌ နှစ်သက်ဖွယ်ဖြစ်အောင် ရေးတတ်သည်ကို မန္တလေးမြို့ မင်းတရားကြီး၏ ပထမပြန်ပွဲစည်ကားပုံ သတင်းအရေးအသား (၁၈၇၄ ခု၊ ဇူလိုင်လ ၈ ရက်၊ မြန်မာသံတော်ဆင့်သတင်းစာ) တွင်-

*"ကာလသား ကာလသမီးတို့မှာလည်း အသီးသီး ချိုးမွမ်းဖွယ်ရာ၊ လူပျိုမှာ လူပျိုအလျောက်၊ အရောင်တောက်၊ အရောင်မှိန် အချိန် ၂၀ စီး၊ ၃၀ စီး၊ ပလာကြီး ပလာလတ်၊ လွန်းပုဆိုးအထပ်ထပ်၊ သက္ကလတ်တချို့၊ ဖဲတချို့၊ အစိုစိုကြီးဘောက်၊ အဖိုးရောက်သားမွေး၊ ၄၀ ကျပ်တန်၊ ၅၀ ကျပ်တန်၊ ဆင်ရန်အင်္ကျီများနှင့်တကွ လာရောက်ကြသည်။ အပျို့အရွယ်များမှာလည်း ထိုက်သည့်အားလျော်စွာ ပဝါတဘက်၊ အဆန်းကွက်၊ ပန်းခွက်၊ နန်းဆန်သည်ထက် နန်းဆန်သော အနောက်ရပ်တိုင်းတစ်ပါးက ဖြစ်ပွားသော အထည်မျိုး၊ အခိုးမှိန်မှိန်၊ မမှိန်မှိန်၊ ရွှေပုသိန် ငွေပုသိန်၊ နဂါးလိမ်၊ နဂါးသွဲ့ တစ်နည်းစီပြုသကဲ့သို့၊ နသတ့်၊ ကြော့သတ့်၊ လျော့ရဲ့ရဲ့အနေ၊ ဣန္ဒြေရှုပနှင့်၊ မူလဂုဏ်သိုက်မြိုက်စွာ ရတနာပုံ ကျက်သရေ၊ ရှိလေသည်ထက် ရှိလေအောင် သမ္မာဒေဝနတ်တို့ ဆောင်ပြုသကဲ့သို့၊ သုဓမ္မာသဘင်၊ မြေအပြင်တစ်ခုမှာ၊ လူ့ဗိုလ်ထုစည်ကားလေသည်"*

ဟု ရေးသားထားသည်ကို ဆင်ခြင်ကြည့်ရန် ဖြစ်သည်။ ဤအရေးအသားတွင် သရုပ်ဖော်ရာ၌ သတင်းတစ်ခုအဖြစ်ဖြင့် သဲလွန်း ကဲလွန်း ကားလွန်းသည်ဟု ယခုခေတ်၌ ဆိုကြတန်ရာသည်။ ထိုးဟန် နန်းနန် ကြွင်းဟန် ကြိုက်ကြသော ထိုခေတ်၌ကား လက်ဖွားခါ လောက်သောအပွဲ့ဖြစ်နိုင်သည်ဟု ထင်သည်။ မန္တလေးမြို့၊ ရတနာပုံနေပြည်တော်သတင်းစာတွင် သတင်းစာဆရာ ဘိုးဝဇီရ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသော 'မောင်ပြန့် မသင် စိန်စားသတင်း'ကို အရပ်ကြိုက် မြန်မာကာလပေါ်ဝတ္ထုတို၏ ရှေ့ပြေးသဘော ဟူ၍ပင် ဆိုနိုင်သည်။

ဤသို့ဖြင့် မြန်မာ့ဘဝပတ်ဝန်းကျင်နှင့်လည်း နီးစပ်၍၊ စိတ်ဝင်စားဖွယ်လည်းဖြစ်၍၊ နှစ်သက်ဖွယ်လည်းဖြစ်သော စကားပြေကို ရန်ကုန်မြို့၌လည်း အပတ်စဉ်ရေး၍၊ မန္တလေးမြို့၌လည်း အပတ်စဉ်ရေး၍ နေကြသည်ဖြစ်ရာ၊ စကားပြေအသုံးများလာပြီဟု မဆိုချင်လျှင် မည်သို့ဆိုရမည်နည်း။ မြန်မာ့ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထားလိုသောဆန္ဒ တစ်စတစ်စ အားကောင်းလာပြီဟု မဆိုချင်လျှင် မည်သို့ဆိုရမည်နည်း။ သို့ရာတွင် သတင်းစာ၏ အားမျက်စိသည် အဓိကအားဖြင့် လက်ငင်းချက်ချင်း အဖြစ်အပျက်၊ လက်ငင်းချက်ချင်း လူ့ကိစ္စ၊ လက်ငင်းချက်ချင်း လူ့အမူအရာတို့ကို အရှိအတိုင်းကြားရသော၊ အရှိအတိုင်းမြင်ရသော နား မျက်စိဖြစ်ရာ ထိုသို့သော နား မျက်စိ၏ အသိသက်သက်ဖြင့် ရေးသော စာ၏သဘောသည် တူမှုကို အရယူသော ဓာတ်ပုံ၏သဘော ဖြစ်သည်ဟု ဆိုချင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်နည်းဆိုရသော် ပဋိဘာန်စိတ်ကူးဉာဏ်ဖြင့် ရေးခြယ်သော ပန်းချီ၏သဘောမဟုတ် ဟု ဆိုနိုင်သည်။ ပန်းချီ၏သဘောတွင် တူမှုတွင် အဓိကမဟုတ်။ နားမျက်စိမှတစ်ဆင့် ခံစားမှုအသိ ရှိလာပြီးသည့်နောက် ထိုခံစားမှုအသိကိုမှီ၍ ဖြစ်ပေါ်လာသည့် ပဋိဘာန် စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရသောသဘောသည် အဓိကဖြစ်သည်။ ထိုအဓိကမျိုးကို လေးစား ရသော၊ အခြားသော အနုပညာတစ်ခုသည် ရသစာပေ ဖြစ်သည်။ ရသစာပေ၌လည်း ဥရောပတွင် နောင်းခေတ်သို့ ရောက်လာသောအခါ ကာလပေါ်ဝတ္ထုအဖွဲ့သည် ရသစာပေ အဖွဲ့တစ်ခု ဖြစ်လာသည်။ ထိုမျှသာမကသေးပါ။ ပရိသတ်ကို ဆွဲဆောင်ရာတွင် ကဗျာ အဖွဲ့၊ ပြဇာတ်အဖွဲ့တို့ထက် ပို၍အားကောင်းသေးသည်ဟု ဆိုကြသည်။ ထိုအခါ မြန်မာ ပရိသတ်အဖို့မှာ မြန်မာသတင်းစာများ၏ ဘဝပတ်ဝန်းကျင် ဓာတ်ပုံသစ်များနှင့် ကာလ အတန်ကြာမျှ အကျွမ်းဝင်ခဲ့ပြီဖြစ်ရာ မြန်မာကာလပေါ် ဘဝပတ်ဝန်းကျင် ပန်းချီကို မငြီး မငြင် လက်ခံရန် လွယ်ကူလာပြီဟု ယူချင်သည်။ ထိုအယူသင့်ကြောင်းကို ဦးလှကျော် ဆီလျော်အောင် မြန်မာပြန်၍ ၁၉၀၄ ခုနှစ်၌ ထုတ်ဝေလိုက်သော မောင်ရင်မောင်မမယ်မ ဝတ္ထု၏ နောက်ပိုင်းတွင် မြန်မာကာလပေါ်ဝတ္ထုများ ဆက်တိုက်ထွက်လာရာ ယနေ့တိုင် ဖြစ်နေရသည့်အခြေက သက်သေခံနေသည်။ နောင်ကာလ၌လည်း မြန်မာကာလပေါ်ဝတ္ထု အဖွဲ့သည် မြန်မာကဗျာအဖွဲ့၊ မြန်မာပြဇာတ်အဖွဲ့တို့ထက် ပို၍တာစားဦးမည်ဟု ဆိုချင် သည်။

မောင်ရင်မောင်မမယ်မဝတ္ထု၏ နောက်ပိုင်းတွင် ၁၉၁၆ ခုနှစ်လောက်အထိ ဆက်တိုက် ထွက်လာသော မြန်မာကာလပေါ်ဝတ္ထုအချို့၏ အမည်များကို ဖော်ပြချင်ပါသည်။ ထိုဝတ္ထု များသည် ယခုအခါ မြန်မာနိုင်ငံ၌ မရှိသလောက် ရှားပါးနေသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုအခါက မြန်မာကာလပေါ် ဝတ္ထုလောက၏ သဘောကို တစေ့တစောင်းအားဖြင့် သိမြင်နိုင်စရာအကြောင်းရှိသောကြောင့် ဖြစ်သည်။ ထိုဝတ္ထုများသည် ၁၉၀၄ ခုနှစ်၌ ဝန် စာရေးဦးကြီးရေးသော မောင်မှိုင်းဝတ္ထု ဖြစ်သည်။ ၁၉၀၅ ခုနှစ်တွင် မောင်မှိုင်း (၃)၊ မောင်မှိုင်း (တ) တို့ ဖြစ်သည်။ ဝန်စာရေးဦးကြီး၏ စိန်ကလေးဖြစ်သည်။ ဆရာဘရေးသော မောင်ဖေရှင်နှင့် မမေတင် ဖြစ်သည်။ မောင်ကာစင်နှင့် မောင်လှဒင်တို့၏ မောင်မင်းကျော် ဝတ္ထုနှင့် ရေးသူ၏ အမည်မသိရသေးသော မမင်းသိမ်ဝတ္ထုတို့ ဖြစ်သည်။ ၁၉၀၇ ခုနှစ်တွင် မောင်ဘသင်ရေးသော မောင်တာနော ဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် မအေးခင်ရေးသော ချစ်ရိုးအမှန်။ ၁၉၁၀ ပြည့်နှစ်တွင် မောင်စံသိန်းရေးသော မောင်ဘရွှေနှင့် မလှမေ။ ဆရာ ဒွေးရေးသော အံ့ဩဖွယ်။ ရစ်ချတ် (R.J. Richard) ရေးသော လူစွမ်းကောင်း မောင်တေလှ ဒဏ္ဍာရီဇာတ်ဝတ္ထု။ ၁၉၁၁ ခုနှစ်၊ ဆင်ဖြူကျွန်းဆရာသင်ရေးသော မောင်ရွှေတောင်၊ မောင်ဘိုးရီရေးသော မောင်မြဒင်နှင့် မမယ်ယု။ ၁၉၁၂ ခုနှစ်တွင် ဝန်စာရေးဦးကြီးရေးသော မြကလေး ပနှင့်၃။ ဒီနေဝင်းရေးသော မောင်မာနနှင့် မသခ် ပနှင့်၃။ ဦးလတ်ရေးသော စံပယ်ပင်။ မောင်သန်းရေးသော မောင်အေးဖေနှင့် မအေးမေ။ တီ၊ဘသွင်ရေးသော မောင်ချယ်ရီနှင့် မမြတ်လေး ပ။ မောင်သာဇံရေးသော ပဲမြစ်သည် မောင်လှိုင်။ ဦးဘဖိုး ရေးသော မောင်ဗာလ။ ၁၉၁၃ ခုနှစ်တွင် ဒီနေဝင်းရေးသော မောင်သက်တင်။ ၁၉၁၄ ခုနှစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘွင် မန္တလေး မောင်ခင်မောင် (လယ်တီပဏ္ဍိတဦးမောင်ကြီး) ရေးသော ခင်မြင့်ကြီး ပ။ ဦးလတ်ရေးသော ရွှေပြည်စိုး။ ဦးဘရှင်ရေးသော မောင်မောင်လတ်။ ဆရာသိန်းရေးသော ဆောင်တွင်းက မောင်ကင်း ဝတ္ထုနှင့် မောင်ချစ်ဆွေနှင့် မချစ်မေဝတ္ထု။ မောင်အုံးသွင်ရေးသော မောင်ဘဌေး။ ဦးကြည်ရေးသော ပုံပုံ။ ၁၉၁၅ ခုနှစ်တွင် မောင်ဘဖေရေးသော မောင်ကျော်လှိုင်၊ ရန်မျိုးအောင်ရေးသော တင့်တင့်။ မောင်ကျော်ရေးသော မောင်တင့်နှင့် အငြိမ့်သမ မယ်မြင့် ဝတ္ထုနှင့် စုံထောက်မောင်ရွှေရ။ မောင်ဘိုးကျော်ရေးသော မောင်စိန်တင်။ မောင်စံလွင်ရေးသော ခင်ခင်လှ။ မောင်ဖိုးစိန်ရေးသော မလှတင်။ မောင်တောရေးသော ဝန်ကတော် ခင်ခင်ညွန့်။ ၁၉၁၆ ခုနှစ်၌ ဆရာလွန်း(မစ္စတာမောင်မှိုင်း) ရေးသော မှာတော်ပုံဝတ္ထု ပ။ မောင်သာဒင် ရေးသော မောင်ဘိုးထင်။ မောင်ကျော်ရေးသော ခင်ထား။ မန္တလေး မောင်ခင်မောင်ရေးသော တင်တင်မြဝတ္ထုတို့ ဖြစ်သည်။

ဆက်တိုက်ထွက်လာသော ထိုမြန်မာကာလပေါ်ဝတ္ထုအချို့ကို ထောက်ခြင်းအားဖြင့် မောင်ရင်မောင်မမယ်မဝတ္ထု ထွက်လာပြီးမှသာ ကျယ်ပြန့်သော မြန်မာ့ပတ်ဝန်းကျင်ကို တန်ဖိုးထား လေ့လာ၍ ခံစားမှုအသိဖြင့် ရေးဖွဲ့သော ကာလပေါ် မြန်မာဝတ္ထုအဖွဲ့ဟူ၍ မြန်မာစာပေ၌ ပေါ်လာခြင်း ဖြစ်သည်ဟု ယူနိုင်သည်။ စင်စစ်မှာ မောင်ရင်မောင်မမယ်မ သည် မြန်မာပြန်ဝတ္ထုများအနက် ပထမဝတ္ထု မဟုတ်သေးပါ။ ကာလပေါ်ဝတ္ထု အင်္ဂါနှင့် ပြည့်စုံလာပြီဟု ယူဆကြသော အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ဦးဖိုးဇော်ဆိုသူက မြန်မာပြန်၍ ၁၉၀၂ ခုနှစ်၌ ထုတ်ဝေခဲ့ဖူးသည်။ ထိုဝတ္ထုသည် ဒီဖိုး (Defore)ရေးသော ရော်ဘင်ဆင် ကရူးဆိုး (Robinson Crusoe)ဖြစ်သည်။ မြန်မာပြန် ရော်ဘင်ဆင်ကရူးဆိုးဝတ္ထုကို ထုတ်ဝေစဉ်က ထိုဝတ္ထုကိုအားကျ၍ ကာလပေါ် မြန်မာဝတ္ထုမရေးကြဘဲ မောင်ရင်မောင် မမယ်မကို ထုတ်ဝေလိုက်သောအခါမှာမှ လိုက်၍ရေးကြခြင်းသည် စဉ်းစားမိသည်မှာ ဤသို့ဖြစ်သည်။ ရော်ဘင်ဆင်ကရူးဆိုးဝတ္ထုသည် အင်္ဂလိပ်ဝတ္ထုဖြစ်၍ အင်္ဂလိပ်ဝတ္ထု သမိုင်းတွင် စံချိန်ကောင်းသောဝတ္ထု ဖြစ်သည်ဟု ဆိုကြသည်။ ဝတ္ထုကြောင်းတွင် ပင်လယ်ထဲ၌ သင်္ဘောပျက်သဖြင့် ကျွန်းတစ်ကျွန်းသို့ရောက်လာ၍ နှစ်ပေါင်းများစွာ အထီးတည်း နေရရှာသော သင်္ဘောသားတစ်ဦးသည် သူ၏ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့မှ လွတ်မြောက်အောင် မည်သို့ကြံပုံ၊ ထိုသင်္ဘောသား၏ လူ့သဘာဝ အမျိုးစုံတို့ကို သရုပ်ဖော်ထားသည်ဟု သိနိုင်သည်။ ထိုဝတ္ထုတွင် အချစ်အကြိုက်အလွမ်းအဆွေးမပါသလောက် ဖြစ်သည်။ တစ်ဖန် မောင်ရင်မောင် မမယ်မကို ဆီလျော်အောင် မြန်မာပြန်ကြောင်းဖြစ်သော မွန်တီခရစ်စတို အမတ်ကြီးဝတ္ထုသည် ပြင်သစ်ဝတ္ထုဖြစ်၍ ပြင်သစ်ဝတ္ထုသမိုင်းတွင် ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်း၊ လွမ်းခန်း၊ ဆွေးခန်းတို့ကို စွဲမက်စရာဖြစ်အောင် အပြောကောင်း အဟောကောင်းဖြင့် စီရင်ရေးသားထားသော အရပ်ကြိုက်ဝတ္ထု ဖြစ်သည်ဟု ဆိုကြသည်။ ထိုဝတ္ထုတွင် အချစ်အကြိုက်လည်းပါ၍ အသည်းထိတ်စရာ၊ လွမ်းစရာ၊ ဆွေးစရာတို့လည်း အပြည့်ပါသည်။ ရော်ဘင်ဆင်ကရူးဆိုးဝတ္ထုသည် နှစ်ရှည်လများ အထီးကျန် နေရသဖြင့် စိတ်တည်ငြိမ်မှုကို ရှာနေရသော လူတစ်ဦး၏ လူ့သဘာဝကို အဓိကထား၍ ဖွဲ့သောဝတ္ထု ဖြစ်သည်။ မွန်တီခရစ်စတိုဝတ္ထုသည် မတရားသူကို ပယ်ရမည်ဟူသောသဘော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တရားကို အဓိကထား၍ ဖွဲ့သောဝတ္ထု ဖြစ်သည်။ ဝတ္ထုနှစ်ပုဒ်စလုံးသည် ကျယ်ပြန့်သော ဘဝပတ်ဝန်းကျင်ကို သတိပြုတတ်အောင် ဖွဲ့နိုင်ကြသော ဝတ္ထုများ ဖြစ်သည်။ ခြားနားချက် ရှိသည်ဆိုလျှင် အလေးအပေါ့ အတိမ်အနက်မျှသာ ဖြစ်ရာသည်။ တစ်ဖန် ရော်ဘင်ဆင် ကရူးဆိုးဝတ္ထုသည် ဇာတ်လိုက်၏ အမည်မှစ၍ တိုက်ရိုက်မြန်မာပြန်ဖြစ်သည်။ မွန်တီ ခရစ်စတိုအမတ်ကြီးဝတ္ထုသည် မြန်မာ့အလေ့အလာ၊ မြန်မာ့အကြိုက်တို့ပါအောင် ပြုပြင် ပြန်ဆိုထားသော (ဝါ) မြန်မာနှင့် ဆီလျော်အောင် ပြန်ဆိုထားသော မြန်မာပြန်ဖြစ်သည်။ ဆီလျော်အောင် မြန်မာပြန်ရာ၌လည်း တစ်စိတ်တစ်ပိုင်းလောက်ယူသည်ကိုသာ တွေ့ရသည်။ မောင်ရင်မောင် ရေးအချခံရသည်အထိသာ ပြင်သစ်ဝတ္ထုမှ ယူသည်ဟု ဆိုနိုင်လောက်အောင် အတန်အသင့်ယူသည်။ ပြင်သစ်ဝတ္ထုမှ ယူပါသည်ဟု ဆိုနိုင်လောက်အောင် အတန်အသင့် ယူသော အစိတ်အပိုင်းကိုပင် မြန်မာ့အလေ့အလာ၊ မြန်မာအကြိုက်ပါအောင် (ဝါ) မြန်မာ့ သဘောပါအောင် ရေးခဲ့သည်ဟု ဆိုနိုင်သည်။ မြန်မာ့သဘောပါအောင် ရေးခဲ့သော ဦးလုကျော်၏ အစွမ်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သုတေသနအသင်း၏ ၁၉၃၈ ခုနှစ်ထုတ် ဂျာနယ် အတွဲ ၈၊ အပိုင်း ၁ တွင် မောင်ရင်မောင် မမယ်မဝတ္ထုကို ဆရာကြီးဦးဖေမောင်တင် က ဝေဖန်ထားရာတွင် "ဤဝတ္ထုသည် အလွန်လူကြိုက်များသောဝတ္ထု ဖြစ်သည်။ ထို့ ကြောင့် ဝတ္ထုရေးသူသည် ရသစာပေအဖွဲ့သစ်တစ်ခုကို အင်္ဂလိပ်ဘာသာ မတတ်ကျွမ်း သောမြန်မာပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သူ အဖြစ်ဖြင့် ဥဒါန်းတွင်ခဲ့ပြီ။ မြန်မာဝတ္ထုထဲက မောင်ရင်မောင်သည် စင်စစ်မှာ မြန်မာ့အသွင်ကို ယူထားသော ပြင်သစ်အမတ် မွန်တီ ခရစ်စတိုပင် ဖြစ်သည်။ သို့ရာတွင် မြန်မာပြည်၌ ပြန်၍ ကိုယ်ထင်ပြလာသော အမတ် ကြီးသည် ဥရောပ၌ ပြုမူကျင့်ကြံသကဲ့သို့ မြန်မာပြည်၌ ပြုမူကျင့်ကြံနိုင်မည်မဟုတ်။ မြန်မာကဲ့သို့ ကျင့်ကြံရမည်သာ ဖြစ်သည်။ မြန်မာ မောင်ရင်မောင်သည် ကလဲ့စားချေ တတ်သော၊ ရက်စက်သော၊ မကောင်းသူကို ပယ်ရမည်ဟူသော တရားကို ဆုပ်ကိုင်၍ ခက်ထန်လွန်းလှသော ပြင်သစ်အမတ်ကြီး မဟုတ်တော့ပြီ။ ဗုဒ္ဓဘာသာဝင် သူတော်စင်ပီပီ သိမ်မွေ့သော၊ ချစ်ဖွယ်ကောင်းသော၊ သူတစ်ပါး၏ အဆိုးကို မေ့ဖျောက်လိုသော၊ အခွင့် လွှတ်တတ်သောသူ ဖြစ်လာရပေသည်" ထို့ကြောင့် ရော်ဘင်ဆင်ကရူးဆိုးခေါ် အင်္ဂလိပ် ကာလပေါ်ဝတ္ထုသည် ပထမမြန်မာပြန် ဖြစ်သော်လည်း ထိုခေတ် ထိုအခါက မြန်မာ ပရိသတ်အဖို့ စိမ်းတိမ်းတိမ်း ထောင့်တောင့်တောင့်ဖြစ်၍၊ သူ့နောက်သို့ မလိုက်ချင်ကြဘဲ၊ အမှုမဲ့နေခဲ့ကြတန်ရာသည်။ မောင်ရင်မောင်မမယ်မကို ဖတ်ရှုကြရသောအခါမှာမှ သူ့နောက် သို့ ညီညာပြိုင်ဖြိုင်လိုက်ရန် လိုလားလာကြသည်ဟု ဆိုနိုင်သည်။ ဤသို့ဖြင့် မောင်ရင်မောင် မမယ်မဝတ္ထုကို အကြောင်းပြု၍ ဥရောပ ကာလပေါ်ဝတ္ထုအဖွဲ့ကို မြန်မာပရိသတ်က လက်ခံလာသဖြင့် အထက်ကဆိုခဲ့သည့်အတိုင်း မြန်မာကာလပေါ်ဝတ္ထုများ ဆက်တိုက် ထွက်လာနိုင်ခြင်း ဖြစ်သည်ဟု ယူပါသည်။

ဆက်တိုက်ထွက်လာကြသော မြန်မာကာလပေါ်ဝတ္ထုများနှင့် စပ်လျဉ်း၍ ချိုသည် ခါးသည် ဤနှစ်လီကို ဤစာတမ်း၌ စိစစ်ရန် မရည်ရွယ်ပါ။ မောင်ရင်မောင်မမယ်မဝတ္ထု ထွက်လာပြီးသည်နောက်ပိုင်း၊ ဆယ့်ငါးနှစ်လောက်အတွင်းတွင် အလျှိုလျှိုထွက်လာကြသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာဝတ္ထုတို့၏ ယေဘုယျလက္ခဏာ သုံးခုလောက်ကိုသာ သိသာရုံမျှ တင်ပြလိုသည်။ ဤတွင် မြန်မာပြန် မောင်ရင်မောင် မမယ်မဝတ္ထုအကြောင်းကို အနည်းငယ်မျှ ပြန်ပြောချင်သေးသည်။ မောင်ရင်မောင်မမယ်မဝတ္ထုကို မြန်မာပြန်ကြောင်းဖြစ်သော မွန်တီခရစ်စတိုပြင်သစ်ဝတ္ထုသည် လူ့သဘာဝကို အဓိကထားသည့်ထက် လောကသဘောတရားကို ပို၍ အဓိကထားသောဝတ္ထုမျိုးဖြစ်ကြောင်း ဆိုခဲ့ပြီ။ ထို့ပြင် ဆီလျော်အောင် မြန်မာပြန်ခြင်းမျှသာဖြစ်ကြောင်းလည်း ဆိုခဲ့ပြီ။ နောက်ထပ်ဆိုစရာရှိသေးသည်မှာ ဆီလျော်အောင် မြန်မာပြန်သော အစိတ်အပိုင်းကိုပင် မူရင်း၏ အနှစ်သာရ အပြည့်အဝပါအောင် တိတိကျကျပြန်သည်မဟုတ်။ ဇာတ်လမ်းသဘောရရုံမျှသာ မြန်မာပြန်ခဲ့သည်ကို တွေ့ရသည်။ ထိုခေတ်ထိုအခါကသော် ထိုမျှလောက်မြန်မာပြန်မှသာ ပရိသတ်အလွယ်တကူလိုက်နိုင်၍ နှစ်သက်ကြမည်ဟု ဦးလှကျော် ယူဆပုံရသည်။ ယခုခေတ်၌ပင် အနှစ်သာရကိုပါရအောင် မြန်မာပြန်သော ဝတ္ထု ရှားလှပါသေးသည်။ ထိုအခါ ဥရောပစာပေမှ ရလိုက်သော အသိသစ်သည် ပြည့်စုံသော၊ တိကျသော၊ မှန်ကန်သော အသိသစ် ဖြစ်မလာဘဲ (က) မြန်မာ့ဘဝပတ်ဝန်းကျင်အကြောင်း ဝတ္ထုဖွဲ့လျှင် (ခ) သာမန်ချစ်ခန်းကြိုက်ခန်း၊ လွမ်းခန်း ဆွေးခန်းလောက်ပါအောင် ဝတ္ထုဖွဲ့လျှင် လူကြိုက်များနိုင်သည် ဟူသော အသိမျိုးသာ မင်းမူလာသည်ဟု ဆင်သည်။

ထို့ကြောင့် ဝန်စာရေးဦးကြီး၏ မောင်မှိုင်းဝတ္ထုသည် မောင်ရင်မောင်မမယ်မဝတ္ထုဆက်သော နှစ်အတွင်းမှာပင် မောင်ရင်မောင်မမယ်မကို အမီလိုက်၍ ထွက်နိုင်ခြင်း ဖြစ်သည်ဟု ယူသည်။ အဘယ့်ကြောင့်ဆိုသော် မောင်မှိုင်းဝတ္ထုသည် မဆွကပင် မြန်မာတို့၏ နှုတ်နား၌ ရှိခဲ့သောကြောင့်လည်း ဖြစ်သည်။ သာဓကကိုပြရလျှင် မောင်မှိုင်းဝတ္ထု၏ နိဒါန်း၌ 'ရှေးအထက်ကျော်ကာလ၊ အိပ်ဖန်အလှည့်ကျသောအခါက၊ တစ်ညလုံး မအိပ်ခင်အောင် ပုံပြင်ပြောဆိုကြမြဲ ဖြစ်သည့်အတိုင်း၊ ရတနာပုံရွှေမြို့တော်ကြီးကို ဒုတိယမြောက်နန်းစံတော်မူသော ဘုရင်ကေရာဇ်မင်းမြတ် လက်ထက်တော်က အမြောက်၊ ဆင်မြင်း ဝင်း ခိုင်း (၇) စုံဆိုင်ရာ ကုန်းကြောင်းစစ်သည် ဌာနချုပ်၊ တိုင်တားမြို့စားမင်းကြီး၏ ဝန်စာရေးကြီး ဦးမောင်ကြီး ပြောဆိုလေ့ရှိသော ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုကို ကျွန်ုပ်တို့တိုက်က စက်တင်ပုံနှိပ်လိုက်ပါသည်"ဟု ဆိုထားသည်ကို ထောက်၍ သိနိုင်သည်။ ဖြစ်နိုင်သည်မှာ ထိုခေတ်က ဝတ္ထုဆရာများသည် ရှေးခေတ်က နန်းတွင်းဇာတ်များကိုလည်း သတိရလာကြဟန်တူသည်။ အရပ်ထဲ နန်းတော်ထဲ၌ ပြောဆို ပျော်ရွှင်ခဲ့ကြသော ကွက်နိပ်ဟောစာ ပုံပြင်များကိုလည်း သတိရလာကြဟန်တူသည်။ ရှေးခေတ်က အကြိုက်ဟောင်း၊ အသိဟောင်းတို့သည် ထိုခေတ်တွင် အဝတ်သစ် အစားသစ် ဝတ်ဆင်၍ ပေါ်လာကြသည်ဟု ဆင်သည်။ ထိုအခါ ရှေးခေတ်က ရမ္မဏီယ၊ လင်္ကာဒီပတို့သည် ထိုခေတ်က အင်းဝ၊ အမရပူရ၊ မန္တလေး၊ ရန်ကုန်၊ ပြည်တို့ ဖြစ်လာကြရသည်။ ရှေးခေတ်က ဣန္ဒကုမာမင်းသား၊ ဥန္နာဝံသမင်းသားတို့သည် ထိုခေတ်က ခင်မောင်ကြီး၊ မောင်မောင်စိုး၊ မောင်ရွှေတောင်တို့ ဖြစ်လာကြရသည်။ ရှေးခေတ်က ဝေဠုမြတ်စွာမင်းသမီး၊ ပဂုတာရီမင်းသမီး၊ စိန်ကရာသီမင်းသမီးတို့သည် ထိုခေတ်က မမကြီး၊ မမင်းကြွယ်၊ မယ်မို့ကြီးတို့ ဖြစ်လာကြရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လက်စွဲလူပျိုတော် ပညာဟာသသည် ငညိုဖြစ်လာရသည်။ အထိန်းတော် ရာသီမှတ္တာသည် မဝွမ်း ဖြစ်လာရသည်။ ရှေးခေတ်က မင်းသားသည် အတိုင်းတိုင်း အပြည်ပြည်တွင် မင်းသမီးများနှင့် တွေ့ခဲ့ရ၍ ဗျာများရရှာသည်။ ထိုခေတ်တွင် ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆန်၍ ဗျာများရသည်။ ဤသို့ဖြင့် ကာလဒေသနှင့် ဇာတ်ဆောင်တို့သည် နာမပညတ် အားဖြင့်သာ ပြောင်းလာကြသည်။ အိပ်မက်လိုလိုလောကမှ အိမ်နီးနားချင်းလိုလို လောက သို့သာ ရွှေ့လျားကြသည်။ ထို့ပြင် ဆိုခဲ့သောဝတ္ထုစာရင်းကို ပြန်ကြည့်လျှင် တစ်ပုဒ် လောက်သာရေးသော စာရေးဆရာဦးရေက များနေသည်ကိုလည်း တွေ့ရသည်။ ထို အကြောင်းများကြောင့် နောက်ပိုင်းဝတ္ထုများတွင် ဒိဋ္ဌလောကပတ်ဝန်းကျင်မှ အချစ်အကြိုက်၊ အဖြစ်အပျက်၊ အချစ်အကြိုက်ကိစ္စ၊ အချစ်အကြိုက် အမူအရာတို့ကို အဓိကထား၍ဖွဲ့သော မယ်ဘွဲ့၊ မောင်ဘွဲ့ ဝတ္ထုမျိုးက များနေသည်ကိုလည်းကောင်း၊ စာရေးဆရာများတွင်လည်း အပျော်ဖတ် အရပ်ကြိုက်ဖြစ်အောင် လက်တည့်စမ်းနေသော စာရေးဆရာမျိုးက များနေ သည်ကိုလည်းကောင်း တွေ့ရခြင်းဖြစ်သည်ဟု ဆိုချင်သည်။ ဤကား ထိုခေတ်က စာဖတ် ပရိသတ် ဖတ်ရှုပျော်ရွှင်ကြသော မြန်မာကာလပေါ်ဝတ္ထုများ၏ ပထမ ယေဘုယျလက္ခဏာ ဖြစ်သည်။

ကာလပေါ်ဝတ္ထုဆရာ၏ သဘောဟူသည် လူ၏ ကိုယ်နှုတ်နှလုံးအမူအရာတို့ကို သရုပ်ဖော်ဖွဲ့ဆို၍ မိမိပြောလိုရာ ဟောနိုင်သော သတ္တိကို သုံးနိုင်သမျှ သုံးရသောသဘော ဖြစ်သည်။ သို့ပါသော်လည်း ထိုခေတ်က ဝတ္ထုဆရာများတွင် ထိုသတ္တိကို သုံးလိုသော ဆန္ဒထက် ဝတ္ထုဇာတ်ကြောင်းကိုမှီ၍ မိမိသိသော စာပေ ဗဟုသုတကိုသော်လည်းကောင်း၊ မိမိပြောဟောချင်သော အနုသာသန အဆုံးအမစကားကိုသော်လည်းကောင်း၊ ဝတ္ထု၌ ပြောင်ကျကျ ထည့်လိုသော ဆန္ဒက ပိုကဲနေသည်ဟု ထင်သည်။ စင်စစ်မှာ ဆိုခဲ့သော သတ္တိတို့သည် လွယ်လွယ်ကူကူရနိုင်သော သတ္တိမဟုတ်ပါ။ ဘဝအတွေ့အကြုံ နားမျက်စိ မှတစ်ဆင့် ရှိလာတတ်သော ခံစားမှု အသိအစွမ်းဖြင့် ဘဝအသိဟူ၍ ဖြစ်ပေါ်လာသော အခါမှာမှ ရနိုင်သော သတ္တိ ဖြစ်သည်။ ဤတွင် ထိုခေတ်က ဝတ္ထုဆရာများသည် လောက အကြောင်း၊ ဓမ္မအကြောင်း၊ ရာဇအကြောင်းဆိုင်ရာ အနုသာသန ဩဝါဒ ဥပဒေသတို့ကို သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်၍ ဖွဲ့ဆိုလေ့ရှိသော ပေခေတ် ပုရပိုက် ခေတ်က ပျို့အလေ့အလာကို မစွန့်နိုင်ကြသေးဟု ဆိုချင်သည်။ စင်စစ်မှာ ထိုအလေ့အလာကို ရုတ်တရက်ချက်ချင်း စွန့်ဖို့ကိစ္စသည် မလွယ်လှပါ။ ရုပ်ရှင်ပေါ်လာ၍ ရုပ်ရှင်အကြည့်အရှု များလာသော ၁၉၂၀ ခုနှစ်ဘက်သို့ ရောက်လာသောခေတ်တွင် ဆရာကြီးပီမိုးနင်း၏ နေညိုညိုဝတ္ထု (၁၉၂၀) နှင့် ဆရာကြီးရွှေဥဒေါင်း၏ ရန်ကြီးအောင်ဝတ္ထု (၁၉၁၉) တို့အထိ စောင့်ခဲ့ကြရသည်။ ပြောင်ကျကျ တရားဟောလိုသော အလေ့အလာကို မောင်တာနော ဝတ္ထုတွင် ပြောင်အကျဆုံး တွေ့ရပါသည်။ ထိုဝတ္ထု၏ နိဒါန်းတွင် ဝတ္ထုဆရာ ဦးဘသင် က ဆိုထားသည်မှာ "ယခု စီကုံးရေးသားအံ့သော မောင်တာနောနှင့် နားခံကတော် မမင်းဘော်တို့ အတ္ထုပ္ပတ္တိကို လောကဒ္ဓ ပညာ ဗဟုသုတကို လိုလားတောင့်တကုန်သော အမျိုးကောင်းသားသမီးတို့ မှတ်သားနာယူဖွယ်ကောင်းလှသော အရပ်ရပ်အသုံးအစွဲနှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာတို့ စကားပြောရေးဆိုရာ အဖြာဖြာနှင့်တကွ ရေးထုံးရေးနည်း နိသျရည်းတို့ပါ ဤစာအုပ်ထဲတွင် များစွာမှတ်သားရန် ပါသည်ဖြစ်ပါ၍”ဟု ဆိုထားသည်။ ထိုသို့ ဆိုသည့် အတိုင်းလည်း ဇနီးမယား ဆုံးခဲ့သော နားတော်ခံ ဦးသာလှသည် ဇနီးမယားအသစ်ယူရန် စိတ်အကြံရှိသော အခန်းတွင် မိန်းမတို့၏ အရွယ်ဆယ်ပါးအကြောင်း၊ မယားအပြား ခုနစ်ပါးအကြောင်း၊ မယားဝတ် ခြောက်ပါးအကြောင်း၊ မိန်းမတို့မာယာ လေးဆယ် အကြောင်း၊ မိန်းမမြတ်လက္ခဏာများအကြောင်း၊ မိန်းမယုတ်လက္ခဏာအကြောင်းတို့ကို တသီတတန်းကြီးရေးထည့်ထားသည်ကို တွေ့ရသည်။ ကုန်ကုန်ပြောရလျှင် သားရှင်ပြုကိစ္စခဲ့ အကျွေးအမွေးအတွက် တိုင်ပင်ပြောဆိုကြသော အခန်းတွင် ထောပတ်ထမင်းချက်နည်း၊ ဝမ်းဘဲနှင့် ကြက်နှပ် စီရင်နည်း၊ ဝက်သားနှပ် စီရင်နည်းတို့ကိုပင် ထည့်ရေး၍ နည်းပေး လိုက်ပါသေးသည်။ ဗဟုသုတနှင့် အဆုံးအမစကားတို့သည် ဗဟုသုတနှင့် အဆုံးအမ အဖြစ်ဖြင့် တန်ဖိုးရှိပါ၏။ သို့သော်လည်း ထိုစကားတို့ကို ဝတ္ထုအဖွဲ့၌ ပြောင်ကျကျ ထည့်ပြခြင်းသည် ဝတ္ထုအဖွဲ့မျိုး၏ လုပ်နည်းလုပ်ဟန်မဟုတ်သဖြင့် ဝတ္ထုက ပြုနိုင်သော ကျေးဇူးမပွားနိုင်သည်မှာ ထင်ရှားပါသည်။ သို့ရာတွင် စာအုပ်မများသေး၊ မစုံသေးသော ထိုခေတ် ထိုအခါကသော် ထိုသို့သော ဝတ္ထုမျိုးကို ပရိသတ်က သဘောကျကြမည်ဟု ထင်သည်။ ဤကား ထိုခေတ်က ဝတ္ထုများ၏ ဒုတိယ ယေဘုယျလက္ခဏာ ဖြစ်သည်။

နောက်ဆုံး လက္ခဏာသည် ဖွဲ့နည်းဖွဲ့ဟန်၊ ရေးနည်းရေးဟန်တို့နှင့် သက်ဆိုင်ပါသည်။ ဖွဲ့နည်းဖွဲ့ဟန်သည် ဇာတ်၊ ရုပ်သေး ဆန်သည်ဟု ဆိုနိုင်သည်။ ထိုခေတ် ဇာတ်ပွဲ၊ ရုပ်သေး ပွဲများ၌ တစ်ကိုယ်တည်း ထွက်လာ၍ တောင်တောင်မြောက်မြောက် စဉ်းစားနေသည်ကို သရုပ်ဖော်သော ဇာတ်ဆောင်က ‘ဩော်–’ဟု အစချီ၍ ညည်းချင်းစာကို ကဗျာရွတ်ဆိုသကဲ့သို့ ရွတ်ဆိုလေ့ရှိသည်။ ထိုအလေ့ကို ထိုခေတ် ဝတ္ထုများ၌ တွေ့ရပါသည်။ နောက်ပိုး သူတစ်ဦးမှ နှစ်ဦးတိုးလာသဖြင့် စိတ်ညစ်လာသော မြကလေး၏ ညည်းပုံကို ဖွဲ့ရာတွင် မြကလေး၏ဝတ္ထု၌ ဆိုထားသည်မှာ ‘မြကလေးစိတ်က အောက်မေ့သည်မှာ ဩော်–ကြုံ ရကြုံရ၊ သည်ဘဝ လှတဲ့အတွက် တိုးလို့တောင် ခက်ပါသေးကလား။ ရှက်စရာ ကြောက် စရာ နန်းတွင်းက မင်းတွေစိုးတွေ လာလှချည့်။ ကာမာဘဝ၊ ဩယလေးဖြာ သံသရာပြင်ကျယ် ပင်လယ်ခရီး ဤအဝိဇ္ဇာတည်းဟူသော မှောင်ကြီး၌’ စသည်ဖြင့် ဆိုထားသည်။ ထို့နောက် အရုပ်ထဲ၌ ရိုးရိုးပြောသကဲ့သို့ရေးသော စကားပြေတွင် ကာရန်ညှပ်ချင်သည်ကို ကွက်တိ ကွက်ကြား တွေ့ရသေးသည်။ မြကလေး၏ ညည်းချင်းကပင် သက်သေခံလျက်ရှိပြီ။ ထိုခေတ် ထိုအခါကသော် ရုပ်သေးပွဲ ဇာတ်ပွဲများ ခေတ်စားနေကြခြင်းကြောင့်လည်းကောင်း၊ ရုပ်သေးပွဲ ဇာတ်ပွဲများကို အကြောင်းပြု၍ ပြဇာတ် အဖတ်အရှုကလည်း ခေတ်မကုန် သေးသောကြောင့်လည်းကောင်း၊ အထက်ကဆိုခဲ့သော ဖွဲ့ဟန်မျိုး၊ ရေးဟန်မျိုးတို့ကို ထိုခေတ် ဝတ္ထုဖတ်သူတို့ သဘောကျကြမည်ဟုထင်သည်။ ဤကား ထိုခေတ်က ဝတ္ထု များ၏ တတိယ ယေဘုယျလက္ခဏာ ဖြစ်သည်။

ထိုခေတ်က ဝတ္ထုများ၏ ယေဘုယျလက္ခဏာ သုံးခုကို တင်ပြခဲ့ပြီ။ ထိုလက္ခဏာ သုံးခုသည် ခေတ်ဟောင်းက လက္ခဏာများဖြစ်သည်မှာ ထင်ရှားပါသည်။ ထိုလက္ခဏာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များသည် နောင်တစ်ခေတ်တွင် နောက်တစ်သုတ်ဖြစ်သော ပရိသတ်သစ် ပေါ်လာသောအခါ ကွယ်ခဲ့ကြပါပြီ။ ထိုခေတ်က ဝတ္ထုများတွင် ယခုထက်တိုင် တိုးဆဲတက်ဆဲ ဖြစ်နေသော နောင်ခေတ် အဆက်ဆက်၌လည်း တိုးလျက်တက်လျက်သာ နေမည်ဟု ယူဆသော လက္ခဏာတစ်ခု ကျန်နေသေးသည်။ ထိုလက္ခဏာသည် ယေဘုယျထဲက မဟုတ်ပါ။ ထိုခေတ်တွင် အလွန်ရှားပါသည်။ ထို့ကြောင့် ထူးသည်ဟု ဆိုသင့်သည်။ ယခုခေတ်၌ပင် ရှားနေပါသေးသည်။ ထို့ကြောင့် ပို၍ထူးသည်ဟု ဆိုသင့်သည်။ ထိုလက္ခဏာသည် ဝတ္ထုဆရာ၌ ရှိထိုက်သော စွမ်းရည်ဖြစ်၍ ဝတ္ထုပီသသောဝတ္ထု၏ အရည်အချင်းကောင်း ဖြစ်သည်။ ထိုလက္ခဏာ အားကောင်းလာသည်နှင့်အမျှ တိုးတက်နေသော ကမ္ဘာ့ဝတ္ထုလောက၌ မြန်မာဝတ္ထုဝင်၍ အကျိုးပြုနိုင်မည် ထင်သည်။ ထိုလက္ခဏာသည် အခြားမဟုတ်။ ဒိဋ္ဌလောကပတ်ဝန်းကျင်ရှိ အဖြစ်အပျက်နှင့်တကွ လူ့ကိစ္စ၊ လူ့အမှုအရာတို့ကို ပေါင်းစပ်သိမ်းကျုံး၍ ဖွဲ့တတ်သော လူ့သဘာဝအဖွဲ့ ဖြစ်သည်။

လူ့သဘာဝအဖွဲ့အင်အား ကောင်းသင့်သလောက် မကောင်းသေးဟု ဆိုနိုင်သော်လည်း အဖွဲ့အင်အား အသင့်အတန်၊ အရိပ်အယောင် ရှိလာပြီဟု ဆိုနိုင်သော လူ့သဘာဝအဖွဲ့သည် ထိုခေတ်က မြန်မာကာလပေါ်ဝတ္ထုအချို့၌ ရှိသည်ကို တွေ့ရသည်။ သတိပြုမိသမျှမှာ ၁၉၁၂ ခုနှစ်၌ ထုတ်ဝေသော ဦးလတ်၏ စံပယ်ပင်ဝတ္ထုတွင် ရွှေဘိုနယ်ပိုင်ဝန်ထောက်အဖွဲ့၊ လောစ်အဖွဲ့၊ မောင်ချိန်အဖွဲ့၊ မောင်စံဖဲအဖွဲ့၊ ဦးသေလာအဖွဲ့နှင့် မယ်ခေမာတို့ ဖြစ်ပျက်ကြပုံအဖွဲ့တို့ကို သတိပြုမိသည်။ ၁၉၁၄ ခုနှစ်တွင် ထုတ်သော ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုတွင် ဝတ်လုံမောင်သောင်းဖေအဖွဲ့၊ ရှေ့နေ မောင်ကိတ္တိအဖွဲ့၊ မောင်သောင်းဖေ၏ အဖ ဦးရာကျော်အဖွဲ့တို့ကို သတိပြုမိပါသည်။ ၁၉၁၆ ခုနှစ်၌ ထုတ်ဝေသော ဦးလွန်း (မစ္စတာမောင်မှိုင်း) ၏ မှာတော်ပုံ ပထမတွဲတွင် လူရိုးကိုပေါ်အဖွဲ့၊ မင်းကတော်ခင်အုံအဖွဲ့တို့ကို သတိပြုမိသည်။ ထိုအဖွဲ့များ၌ပါကြသော လူ့သဘာဝတို့သည် ကျမ်းဂန်စာပေများထဲမှ ထွက်လာကြသည်မဟုတ်။ ဝတ္ထုဆရာတို့၏ မျက်မြင် နားကြား လောက၊ ဘဝအသိများမှ ထွက်လာကြသော သတ္တဝါတစ်မျိုး ဖြစ်သည်ဟု ယူချင်သည်။ ထိုအဖွဲ့များအကြောင်းကို ယခင်အခါများက ဆိုခဲ့ပြီး ဖြစ်သဖြင့် ထပ်၍ မဆိုတော့ပြီ။

မောင်ရင်မောင် မမယ်မဝတ္ထုနှင့် မောင်မှိုင်းဝတ္ထုတို့ကို ထုတ်ဝေပြီးသည့်နောက် တတိယမြောက်နှစ်ဖြစ်သည့် ၁၉၀၇ ခုနှစ်တွင် ထုတ်ဝေသော ဦးဘသင်၏ မောင်တာနော ဝတ္ထု၊ ဒုတိယတွဲမှ မိန်းကလေးမယ်မို့ကြီး၏ လူ့သဘာဝအဖွဲ့တစ်ခုကိုကား တင်ပြချင်သည်။ ထိုခေတ်ဝတ္ထုများတွင် မိန်းမပျိုဇာတ်ဆောင်တို့သည် ရှဲ့တတ်၊ ထိတ်တတ်၊ အသည်းဖိုတတ်၊ ကုပ်ကုပ်ကလေးနေတတ်သည်က များသည်။ ထိုမိန်းမပျိုတစ်စုတွင် မယ်မို့ကြီးပါသည် မထင်ပါ။ သူ့အမှုအရာတို့ကိုထောက်သော် ရဲရဲရင့်ရင့်လည်းဖြစ်၍၊ သွားစရာရှိလျှင်သွား၊ လုပ်စရာရှိလျှင်လုပ်၊ ပြောစရာရှိလျှင် ပြောတတ်သည်လည်းဖြစ်၍ သိလွယ် နားလည်လွယ်သည်လည်းဖြစ်သော သဘောရှိသည်ဟု ထင်မိသည်။ ကိစ္စသည် သူနှင့် ရည်းစားဖြစ်မည့် မောင်ဇနဝ၏အိမ်သို့ သူရောက်လာသောကိစ္စ ဖြစ်သည်။ ရောက်လာရခြင်းသည် မောင်ဇဝန၏မိခင် သူကြီးကတော်ဆင်သော ပရိယာယ်ကြောင့် ဖြစ်သည်။ ပရိယာယ်သည် မိခင်၏

အိမ်၌ အင်းဝက အထည်သည်များ ရောက်လာသဖြင့် ထဘီအဆင်ဆန်းများ ကြည့်ရှုရန် မယ်မို့ကြီးကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ အမှန်မှာ အင်းဝက အထည်သည်များ လာကြသည် မဟုတ်။ သူ့သားနှင့် တွေ့စေလိုသောဆန္ဒကြောင့် ဖြစ်သည်။ မယ်မို့ကြီးကလည်း မောင်ဇဝန၏ မိခင်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ထိုအခါ မိခင်က ရှောင်ပေးသည်။ ဝတ္ထုဆရာ ဦးဘသင်သည် မောင်ဇဝန၏ မိခင်ကို အရှောင်ခိုင်းလိုက်ပြီးနောက် ဆက်၍ ရေးသည်မှာ–

ထိုအခါ မောင်ဇဝနက တိုက်ရိုက်အတင်း၊ မယ်မို့ကြီး၏အပါးသို့ ချဉ်း၍ မေးလိုက်သည်မှာ–

"ဘယ့်နှယ်နှမ၊ ဘာကိစ္စများရှိပါသလဲ"

မို့ ။ ။ ကိစ္စကတော့ အထူးမရှိပါရှင့်။ ရှင်တို့မိခင်က အင်းဝမြို့က အထည်သည်များ အိမ်မှာလာ၍ တည်းနိုတယ်။ အဲဒါ ထဘီအဆင်ဆန်းကလေးများ ပါလာတယ်ဆိုလို့ ကြည့်ရအောင် လိုက်လာတယ်။

ဇ။ ။ ဩော်–ဟုတ်ပါရဲ့၊ ထဘီအဆင်ဆန်းတွေ အများကြီးပါလာတယ်။ ကျုပ်မှာ နှမကလေးများ ရှိတာဖြင့် ဝယ်လို့ ဆင်ချင်လိုက်တာ။

မို့။ ။ (အာရဲ လျှာရဲ၊ ပါးစပ်ရဲနှင့် ပြောလိုက်သည်မှာ) နှမရှိမှ ပေးရမှာလားရှင့်။

ဇ။ ။ နှမမှတစ်ပါး၊ အခြားလိုချင်သူရှိလည်း ဝယ်ပေးပါရဲ့ဗျာ။

မို့။ ။ သို့...အထည်သည်များ ဘယ်သွားကြသလဲ။

ဇ။ ။ အထည်သည်များဟာ ညတုန်းကတော့ ကျွန်တော့်အမေ သည်တစ်ရက်ဆိုင်းပါဦး၊ ပါသမျှအထည် အကုန်မရောင်းရသော်လည်း တစ်ဝက်လောက်ကျအောင် ရောင်းပေးမယ် ပြောထားတယ်။ အဲသည်အတွင်း မြစ်ဆိပ် ရေချိုးဆင်းသွားတာ လှေကြုံနှင့်တွေ့လို့၊ ကတိုက်ကရိုက်နှင့် လိုက်သွားကြပြီ။ ဒါ... မိခင်ပြန်လာလျှင် ပြောလိုက်ပါတော့လို့ မှာသွားတယ်။

မို့။ ။ အို...ဖြစ်မှဖြစ်ရလေ။ သို့...ရှင်တို့အမေကို ကျွန်မ စောင့်နေပေတော့၊ တယ်ထူးမှာမဟုတ်ဘူး။ ကြာနေလျှင် အိမ်ကအမေ ဆိုလိမ့်မယ်။

ဇ။ ။ မဆိုပါဘူးဗျာ။ ဆိုမှာစိုးလျှင် ကျုပ်လိုက်ပို့ပါမယ်။

မို့။ ။ ရှင်က ဘာဆိုင်လို့ ပို့ရမှာလဲ။

ဇ။ ။ ကရုဏာတရားနှင့် သနားလို့ ကျုပ်က လိုက်ပို့မယ်ပြောတာပါ။ ဒါ...ဆိုင်ချင်လည်း ဆိုင်ရပါရဲ့။ မဆိုင်ဘူးဆိုလျှင်လည်း ဆိုင်ရပါရဲ့။

မို့။ ။ ဘယ့်နှာတုံး၊ ဘာစကားလဲ... ရှင့်စကားက။

ဇ။ ။ ဘာစကားမှ မဟုတ်ဘူး။ မြန်မာစကားပါ။

မို့။ ။ ဘယ့်နှယ်... ပြောင်ပြယ်ပြယ် မပြောပါနှင့်။

ဇ။ ။ ပြောင်ပြယ်ပြယ် ပြောတာမဟုတ်ပါဘူးဟု ပြောနေဆဲ။ သူကြီးကတော် ပြန်လာသဖြင့် မောင်ဇဝနသည် အိမ်ပေါ်သို့ ပြန်တက်သွား၏" (ဤအချီအချပြောခန်းကို ယခုခေတ်သုံး ပုံစံအတိုင်း စီစဉ်ထားသည်ကို သည်းခံပါရန်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၂၀ ရာစုနှစ် ခေတ်ဦး မြန်မာစာပေတွင်၊ စကားပြေ့ အသုံးများလာ၍၊ စကားပြေ အသုံးများလာရာမှ မြန်မာကာလပေါ် ဝတ္ထုအဖွဲ့ဟူ၍ ပေါ်လာသည်တွင်၊ မယ်မိုးကြီး၏ လူ့သဘာဝအဖွဲ့ကို မမျှော်လင့်ဘဲ ဖတ်ရှုရသည်မှာ အလွန်ကျေနပ်စရာကောင်းလှသည်။ မြန်မာစကားပြေ အသုံးများလာရာမှ (က) တိတိကျကျ သန့်သန့်ရှင်းရှင်း ရေးနိုင်ကြအောင်၊ (ခ) သက်ရှိသက်မဲ့ ဒိဋ္ဌလောကမှ ပတ်ဝန်းကျင်လေ့လာမှု၊ လူ့အမှုအရာ လေ့လာမှုတို့ကို လည်း လေးလေးစားစားတန်ဖိုးထား ၍ အားထုတ်နိုင်ကြအောင်၊ ယခုခေတ် ပရိသတ်နှင့်တကွ စာရေးဆရာများကလည်းကောင်း၊ ပညာရှင်များကလည်းကောင်း မယ်မိုးကြီးကဲ့သို့ ပြုမူ ဆောင်ရွက်ကြသည်ဖြစ်လျှင် မြန်မာ့ယဉ်ကျေးမှု တစ်ဆင့်တိုးတက်လာရေးအတွက် မျှော်လင့် စရာ အများကြီးရှိသည်ဟု ယုံကြည်ပါသတည်း။

၁၉၆၆။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာကာလပေါ်ဝတ္ထု

## ၁၉၅၇ ခု၊ စာဆိုတော်နေ့၌ ဟောပြောသောစာ

ကျွန်တော်တို့ ခပ်ငယ်ငယ်၊ ကျောင်းသားအရွယ်ကသော် ပျော်တော်ဆက်မဂ္ဂဇင်း၊ ကြည်တော်မူမဂ္ဂဇင်း၊ ထို့နောက် သူရိယမဂ္ဂဇင်း၊ ပညာ့အလင်းမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းတို့သည် သူ့ခေတ်နှင့်သူ လူဖတ်များသော မဂ္ဂဇင်းများ ဖြစ်ကြပါသည်။ ထိုမဂ္ဂဇင်းများ၌ ဝတ္ထုတို အတော်များများကို ဖတ်ရပါသည်။ ထို့နောက် ပြင်သစ်ဝတ္ထုတစ်ပုဒ်ဖြစ်သော 'ကောင့်အော့မွန်တီကရစ်စတို' ကို ဂျိမ်းဦးလှကျော်က ဆီလျော်အောင် မြန်မာဘာသာပြန်၍ 'မောင်ရင်မောင် မမယ်မ' အမည်ဖြင့် ၁၉၀၄ ခုနှစ်၌ ထုတ်ဝေလိုက်သည်ဟု သိရပါသည်။ ထိုနှစ်၌ပင် မောင်မှိုင်းဝတ္ထု ထွက်လာရာ ထိုအခါမှစ၍ မြန်မာကာလပေါ်ဝတ္ထု ဖြစ်ပေါ် လာသည်ဟုလည်း သိရပါသည်။ ထို့ကြောင့် မြန်မာကာလပေါ်ဝတ္ထုသည် မြန်မာဘာသာပြန် ဥရောပဝတ္ထုကို ဘစ်စိတ်တစ်ဒေသအားဖြင့် မှီ၍ ဖြစ်ပေါ်လာသည်ဖြစ်ရာ နောင်အခါ၌လည်း မြန်မာကာလပေါ်ဝတ္ထု၏ တိုးတက်မှုသည် ဥရောပဝတ္ထုတို့ကိုသာ မှီစရာရှိသည်ဟု တစ်ကြောင်းစွဲယူဆခဲ့မိသည်။ သို့ရာတွင် ရတနာ့ကြေးမုံဝတ္ထု၊ မစ္စတာမောင်မှိုင်း၏ မှာတော်ပုံဝတ္ထု၊ ဦးလတ်၏ ရွှေပြည်စိုးနှင့် စံပယ်ပင်ဝတ္ထုတို့ကို ဖတ်ရှုလေ့လာမိသော အခါ၌ကား ယခင်က အယူအဆသည် တစ်မျိုးတစ်ဖုံ ပြောင်းလာပါတော့သည်။

ယနေ့ စာဆိုတော်နေ့၌ မြန်မာကာလပေါ်ဝတ္ထုအကြောင်းကို ပြောခွင့်ရရာတွင် ကျွန်တော်၏အယူအဆ တစ်မျိုးတစ်ဖုံ ပြောင်းလာခဲ့ပုံကိုပါထည့်၍ ပြောချင်ပါသည်။ မြန်မာကာလပေါ်ဝတ္ထုအကြောင်းနှင့် စပ်လျဉ်း၍ (၁) မြန်မာကာလပေါ်ဝတ္ထု မည်သို့ဖြစ်ပေါ်လာသည်ကိုလည်းကောင်း၊ (၂) မည်သည့်အဆင့်အတန်းသို့ ရောက်ခဲ့သည်ကိုလည်းကောင်း အကျဉ်းချုပ်၍ ကျွန်တော် အစီရင်ခံချင်ပါသည်။ သို့ရာတွင် ထိုအချက်နှစ်ချက်ကို မပြောသေးခင် ကာလပေါ်ဝတ္ထု ဆိုသည်မှာ မည်ကဲ့သို့သော ဝတ္ထုမျိုးနည်းဆိုသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တို့ကို ရှေးဦးစွာ ရှင်းပြဖို့လိုပါလိမ့်မည်။

ဝတ္ထု၏သဘောသကန်နှင့် စပ်လျဉ်း၍ ပညာရှိတို့သည် အဓိပ္ပာယ်အမျိုးမျိုး ပေးခဲ့ကြပါသည်။ အနှစ်ကိုထုတ်ကြည့်လိုက်လျှင် ဝတ္ထုဆိုသည်မှာ လူ့အကြောင်း၊ လောကအကြောင်းတို့ကို ပြန်ရေးထားသောစာမျိုး ဖြစ်သည်ဟု သိရပါသည်။ ထို့နောက် ဝတ္ထုသည် အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိနိုင်ကြောင်း။ တစ်မျိုးသည် လူ့လောက၌ ကြားမြင်နေရသော သတ္တဝါတို့၊ အဖြစ်အပျက်တို့၏အကြောင်းကို ဇာတ်လမ်းဆင်၍ သို့မဟုတ် အကြောင်းနှင့် အကျိုးဆက်၍ တကယ့်လောက တကယ့်လူဟုထင်ရအောင် ရေးသောစာမျိုးဖြစ်ကြောင်း၊ နောက်တစ်မျိုးသည် ထိုအကြောင်းတို့ကိုပင် ဇာတ်လမ်းဆင်၍ တထူးတဆန်း အံ့ဘနန်း ဖြစ်အောင် ပို၍ကဲ၍သဲ၍ ရေးသောစာမျိုးဖြစ်ကြောင်း ဆိုတတ်ကြပါသည်။ ပထမအမျိုးအစားဖြစ်သော ဝတ္ထုမျိုး၏ သာဓကသည် မစ္စတာမောင်မှိုင်း၏ မှာတော်ပုံကဲ့သို့သောဝတ္ထုမျိုး ဆိုကြပါစို့။ ဒုတိယအမျိုးအစားဖြစ်သော ဝတ္ထု၏ သာဓကသည် ပသီပုံပြင်ကဲ့သို့သော ဝတ္ထုမျိုး ဆိုကြပါစို့။ အမှတ်ရလွယ်ရအောင် ပထမအမျိုးအစားကို ကာလပေါ်ဝတ္ထုဟုလည်းကောင်း၊ ဒုတိယအမျိုးအစားကို ဒဏ္ဍာရီဝတ္ထုဟုလည်းကောင်း ဆိုကြပါစို့။ ထိုနှစ်မျိုးစလုံးသည် အထင်အရှားရှိပါသည်။

အဆင့်အတန်းရှိသော ဝတ္ထု၏သဘောကို ဆက်၍ စဉ်းစားကြည့်ရအောင်။ ဤတွင် ချဉ်းကပ်ရာ၌ အဆင့်အတန်းရှိတတ်ခြင်း၏ အကြောင်းရင်းတို့ကို ပြောနေလျှင် ရှည်ပါလိမ့်မည်။ စာအုပ်များ၌လည်း ထိုအကြောင်းရင်းတို့အကြောင်းကို ဖတ်ကြည့်နိုင်ကြပါသည်။ လွယ်လွယ်သိနိုင်ကြအောင် အကျိုးအာနိသင်ဘက်မှနေ၍ ရှင်းရန် အားထုတ်ပါမည်။ ဝတ္ထု၏ အကျိုးအာနိသင်နှင့် စပ်လျဉ်း၍ ထိုသို့ဆိုတတ်ကြပါသည်။ ဒဏ္ဍာရီဝတ္ထုမျိုးသည် အများအားဖြင့် နှစ်သက်ပျော်ရွှင်မှုအတွက် ဖြစ်သည်ဟု ဆိုတတ်ကြပါသည်။ ကာလပေါ်ဝတ္ထုမျိုးသည် နှစ်သက်ပျော်ရွှင်မှုအတွက်သာမက စာဖတ်သူအား သူ့ပတ်ဝန်းကျင်လောကကို သတိပြုလာတတ်အောင်လည်း (ဝါ) ချီးကျူးထိုက်သည်ကို ချီးကျူးတတ်၍ ရှုတ်ချထိုက်သည်ကို ရှုတ်ချတတ်အောင်လည်း အထောက်အပံ့ပေးနိုင်သည်ဟု ဆိုတတ်ကြပါသည်။ သတိပြုတတ်သော အလေ့အထရှိခြင်းသည် လောကုတ္တရာကိစ္စ၌ဖြစ်စေ၊ လောကီကိစ္စ၌ဖြစ်စေ အတော်အရေးကြီးသည် ထင်ပါသည်။

ပတ်ဝန်းကျင်လောကကို စာဖတ်သူတို့ သတိပြုတတ်ကြအောင် ရေးနိုင်ဖို့ကိစ္စသည် လွယ်သောကိစ္စမဟုတ်ပါ။ ဝတ္ထုရေးဆရာ ကိုယ်တိုင်၌ ပတ်ဝန်းကျင်ကို သတိပြုတတ်မှုရှိဖို့ လိုပါသည်။ ထို့နောက် စာရေးဆရာသည် သူသတိပြုမိသမျှဖြစ်သော လောကအဖြစ်အပျက်တစ်ခုခုကိုသော်လည်းကောင်း၊ လူတို့၏ ကံသုံးပါး အမူအရာတို့ကိုလည်းကောင်း ဖွဲ့ရသည်ဖြစ်ရာ သူ့စိတ်ကူးဉာဏ်သည် အလွန်အရေးကြီးပါသည်။ ဤတွင် အဆင့်အတန်းရှိသော ဝတ္ထု၏အကြောင်းရင်း တစ်ရပ်ကို မြင်နိုင်သည်ဟု ထင်ပါသည်။ ထိုအကြောင်းရင်းသည် အခြားမဟုတ်။ စာရေးဆရာ၏ စိတ်ကူးဉာဏ်ဖြစ်သည်။ ထို့ကြောင့် စိတ်ကူးဉာဏ်၏သဘောကို လေ့လာကြည့်သင့်ပါသည်။ စိတ်ကူးဉာဏ်ဆိုသည်ကို ကျွန်တော်သည် ယခင်ကသော် ပေါ့ပေါ့ဆဆ အဓိပ္ပာယ်ကောက်ခဲ့ပါသည်။ သေသေချာချာ တွေးကြည့်သော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခါ၌ စိတ်ကူးဉာဏ်၏ အဖိုးတန်ပုံကို သဘောပေါက်လာပါသည်။ ကမ္ဘာပေါ်၌ ထူးချွန်သော သူတို့၏ လုပ်ငန်းတို့ကိုကြည့်လျှင် ထိုလုပ်ငန်းတို့သည် စိတ်ကူးဉာဏ်ကို သုံးပြီးမှသာ ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ကြသည်ကို တွေ့ရပါသည်။

လွယ်ကူသော ဥပမာတစ်ခုနှင့် နှိုင်း၍ စိတ်ကူးဉာဏ်၏သဘောကို ရှာကြည့်ရအောင်။ ဥပမာ–မိသားစုတစ်ခုသည် ရပ်ကွက်သစ်တစ်ခုသို့ ပြောင်းလာသည် ဆိုကြပါစို့။ ထိုမိသားစုက အိမ်ရှင်မသည် ရပ်ကွက်သစ်၌ရှိသော ဈေးသို့ ယခင်ကမရောက်ဖူးသေးဟု ဆိုကြပါစို့။ ထိုအခါ အိမ်ရှင်မသည် ထိုဈေး၌ မည်သည့်အရာတို့ကို ရောင်းလေ့ရှိသည်။ ဘယ်လိုအသားမျိုး ရောင်းလေ့ရှိသည်။ ဘယ်လိုအသီးအရွက်မျိုး ရောင်းလေ့ရှိသည်။ ဘယ်အခါမှာ ဘာပေါသည် အစရှိသည်တို့ကို ကြိုတင်၍ အသေးစိတ် သိထားခြင်း မရှိခဲ့လျှင် သူသည် ဟင်းချက်ဖို့ မည်သို့ စီမံနိုင်မည်နည်း။ မည်သည့်ဟင်းမျိုးချက်ချင်သည်ကိုကား ထိုအိမ်ရှင်မသည် အကြမ်းအားဖြင့် ရမ်းဆ၍ လျာထားနိုင်ပါ၏။ သို့ရာတွင် သူရမ်းဆ၍ လျာထားသည့်အတိုင်း သူလိုသော ပစ္စည်းတို့သည် ထိုဈေးထဲမှာ ရှိချင်မှရှိမည်။ သူ လျာထားသည့်အတိုင်း သူလိုသောပစ္စည်းတို့သည် ဈေးမှာမရှိလျှင် သူ့လျာထားချက်သည် အောက်ခြေလွတ်နေမည် ဖြစ်သည်။ တစ်နည်းဆိုရသော် စိတ်ကူးယဉ်မှုသာ ဖြစ်မည်။ အကယ်၍ ထိုအိမ်ရှင်မသည် ထိုဈေးသို့ တစ်ခေါက်လောက် ရောက်ဖူး၍ ဘယ်ဆိုင်မှာ ဘာရှိသည်။ ဘယ်လိုသားမျိုး ငါးမျိုး ဘယ်လိုသီးမျိုးရွက်မျိုး ရောင်းတတ်သည် စသည်ဖြင့် အသေးစိတ်မြင်သိပြီး ဖြစ်လျှင်မူကား သူသည် ဈေးသို့မထွက်ခင် အိမ်မှနေ၍ အရည်သောက်အတွက် ဘယ်အသားဟင်း၊ ဘယ်အရွက်အကြော်အတွက် ဘယ်အသား ဘယ်အရွက်၊ အသုပ်အတွက် ဘယ်အသား ဘယ်အရွက် စသည်ဖြင့် သူ့စိတ်ထဲ၌ တိတိကျကျ လျာထားနိုင်မည် ဖြစ်သည်။ ဘယ်အသား ဘယ်အရွက်မျိုးကို ဘယ်ဆိုင်မှာဝယ်လျှင် ပို၍လည်းကောင်းသည်၊ အလေးမှန်လည်းရသည် စသည်ဖြင့် ဤမျှအထိ သူ့စိတ်ထဲ၌ လျာထားနိုင်ပါလိမ့်မည်။ အိမ်ရှင်မသည် ဈေးမထွက်ခင် အိမ်မှနေ၍ သူ့စိတ်ထဲ၌ ထိုသို့ လျာထားခြင်းသည် စိတ်ကူးခြင်းပင်မဟုတ်ပါလော။ စိတ်ကူးဉာဏ်ထုတ်ခြင်းပင် မဟုတ်ပါလော။

ထိုသို့ စိတ်ကူးနိုင်ခြင်းသည် အဘယ်ကြောင့်နည်း။ သူကိုယ်တိုင် ဈေးသို့ရောက်ပြီးသောကြောင့် ဖြစ်သည်။ ဘယ်ဆိုင်မှာ ဘာရှိသည်။ ဘယ်အသားမျိုး၊ ဘယ်အရွက်မျိုး၊ ဘယ်အသီးမျိုး ရနိုင်သည်ကို သူကိုယ်တိုင် သိပြီးသောကြောင့် ဖြစ်သည်။ သူတကယ်ချက်နိုင်မည့် ဟင်းအတွက် အိမ်မှနေ၍ သူစိတ်ကူးနိုင်လေပြီ။ ထို့ကြောင့် သူ့စိတ်ကူးသည် ရမ်းဆ၍ တွေးတောနေသောစိတ် မဖြစ်နိုင်။ သူ့အမြင်၊ သူ့အသိတို့ကို မှီ၍ တွေးခြင်းမျိုးသာ ဖြစ်သည်ဟု ယူသင့်ပါသည်။ တစ်နည်းဆိုရသော် သူမြင်သည်၊ သူသိသည်တို့ကို ပြန်မှတ်မိသော မှတ်ဉာဏ်တစ်မျိုး ဖြစ်သည်။ စာရေးဆရာ၏ စိတ်ကူးဉာဏ်သည်လည်း အဓိကအားဖြင့် ထိုသဘောမျိုး ဖြစ်သည်ဟု ယူနိုင်ပါသည်။ ခြားနားချက်တစ်ခုသာရှိသည်။ ထိုအချက်သည် အခြားမဟုတ်။ အိမ်ရှင်မ၏စိတ်ကူးဉာဏ်သည် ဈေးကိုသာ မြင်သော သိသော မြင်မှု သိမှုအပေါ်၌ တည်ဆောက်ထားသော မှတ်ဉာဏ်ဖြစ်၍ စာရေး

ဆရာ၏ စိတ်ကူးဉာဏ်သည် ကျယ်ပြန့်သော ဒိဋ္ဌလောကကို မြင်သော၊ သိသော မြင်မှု သိမှုအပေါ်၌ တည်ဆောက်ထားသော မှတ်ဉာဏ်ဖြစ်သည်ဟူသောအချက် ဖြစ်သည်။

တစ်ဖန် စိတ်ကူးဉာဏ်ဆိုသည်မှာ ဆိုခဲ့သော မှတ်ဉာဏ် ဖြစ်သည်သာမက ဘဝ၏ အကောင်းအဆိုး အကျိုးအပြစ်တို့ကို ပြနိုင်သောဉာဏ်လည်း ဖြစ်သည်ဟု ယူချင်ပါသည်။ ရှင်းပါမည်။ စာရေးဆရာ၌ စေတနာဖြစ်လာသောအခါ၌သာ ပတ်ဝန်းကျင်လောကကို မြင်ခြင်း၊ ကြားခြင်း ရှိတတ်ပါသည်။ ထိုမြင်ခြင်း ကြားခြင်းဆိုသည်မှာ စေတနာညွှန်ပြရာသို့ မြင်ခြင်း ကြားခြင်း ဖြစ်သည်။ နှစ်သက်လျှင် နှစ်သက်သလို မြင်ခြင်း ကြားခြင်းဖြစ်သည်။ မနှစ်သက်လျှင်၊ မနှစ်သက်သလို မြင်ခြင်း ကြားခြင်း ဖြစ်သည်။ ထိုအခါ ထိုအရာသည် သနားစရာ၊ ထိုအရာသည် အားတက်စရာ၊ ထိုအရာသည် ချီးကျူးစရာ၊ ထိုအရာသည် ကဲ့ရဲ့စရာ၊ ထိုအရာသည် ကြောက်စရာ၊ ထိုအရာသည် ရှက်စရာ စသည်ဖြင့် ဘဝအသိဖြစ်လာတတ်ပါသည်။ ဘဝအသိဖြစ်လာသည်နှင့် တစ်ပြိုင်နက် စိတ်ကူးဉာဏ်သည် စည်ကားလာတတ်သည်။ ထိုအခါ ထိုစိတ်ကူးဉာဏ်ကပင် ဘဝ၏ အကောင်းအဆိုး အကျိုးအပြစ်ဆိုင်ရာ လူ့အမှုအရာ၊ လောကအမှုအရာတို့ကို ဖန်တီးနိုင်လာပါသည်။ ထို့ကြောင့် စိတ်ကူးဉာဏ်သည် ဘဝ၏ အကောင်းအဆိုး အကျိုးအပြစ်တို့ကို ပြနိုင်သောဉာဏ်လည်း ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုကို ထိုသို့သော စိတ်ကူးဉာဏ်မျိုးဖြင့် ရေးနိုင်မှသာ ထိုဝတ္ထုသည် အဆင့်အတန်းရှိနိုင်ပါသည်။ တစ်နည်းဆိုရသော် အဆင့်အတန်းရှိသော ဝတ္ထုသည် ဆိုခဲ့သော စိတ်ကူးဉာဏ်မျိုးဖြင့်ရေးသော စာမျိုး ဖြစ်သည်ဟု ဆိုလိုပါသည်။

ကာလပေါ်ဝတ္ထု ဆိုသည်မှာ မည်ကဲ့သို့သော စာမျိုးနည်းဟူသောအချက်၊ အဆင့်အတန်းရှိသော ကာလပေါ်ဝတ္ထုဆိုသည်မှာ မည်ကဲ့သို့သော ဝတ္ထုမျိုးနည်းဟူသောအချက်၊ ထို အချက် နှစ်ချက်အကြောင်းကို ဤမျှသာဆို၍ မြန်မာကာလပေါ်ဝတ္ထု သမိုင်းဘက်ကို လှည့်ကြပါစို့။

ကမ္ဘာ့ဝတ္ထုသမိုင်းကို ဖတ်ကြည့်လျှင် အကြမ်းအားဖြင့် ဒဏ္ဍာရီဝတ္ထု၊ ကာလပေါ်ဝတ္ထုဟူ၍ ဝတ္ထုနှစ်မျိုးရှိသည့်အနက် ဒဏ္ဍာရီဝတ္ထုမျိုးသည် ပထမဆုံးဖြစ်ထွန်း၍၊ ကာလပေါ်ဝတ္ထုမျိုးသည် နောက်ပိုင်းကျမှ ဖြစ်ထွန်းလာသည်ကို တွေ့ရပါလိမ့်မည်။ မြန်မာတို့ ဝတ္ထုသမိုင်း၌လည်း ထိုသဘောမျိုးကိုပင် တွေ့နိုင်သည်။

ပထမဦးစွာ ရတနာ့ကြေးမုံဆိုသောဝတ္ထုသည် အလောင်းမင်းတရားလက်ထက် ဆယ့်ရှစ်ရာစုနှစ် အကုန်လောက်မှာ ဖြစ်ထွန်းလာသည်ဟု ဆိုပါသည်။ ယခုအခါတွင် ရတနာ့ကြေးမုံဝတ္ထုကို စဉ့်ကူးမင်းလက်ထက်၌ ရေးသည်ဟု အထောက်အထားဖြင့် တင်ပြသည်ကို တွေ့လာရသည်။ ဝတ္ထုကို ရွှေတောင် သီဟသူနှင့် တောင်တွင်း ဦးသာတို့က ရေးခဲ့ကြသည်။ ရတနာ့ကြေးမုံဝတ္ထုသည် ဝတ္ထုဆိုသည့်အတိုင်း လူ့အကြောင်းကို ဇာတ်လမ်းဆင်၍ ရေးထားသောစာ ဖြစ်သည်။ သို့ရာတွင် လောက၌ သာမန် ကြားမြင် တွေ့ကြုံရတတ်သော လူ့အဖြစ်အပျက်ထက် ပို၍ထူးဆန်းသော လူ့အဖြစ်အပျက်အကြောင်းကို ရေးထားသဖြင့် ယုံတမ်းဒဏ္ဍာရီဝတ္ထုဟု ဆိုနိုင်ပါသည်။ ထိုဝတ္ထုတွင် ဇာတ်လမ်းကလည်း အထူးအဆန်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်သည်။ ဇာတ်ဆောင်တို့ကလည်း အထူးအဆန်း ဖြစ်သည်။

ဇာတ်လမ်းအချုပ်မှာ တိုင်းပြည်တစ်ပြည်က မင်းသားတစ်ပါးသည် ဥယျာဉ်တစ်ခုသို့ ထွက်၍ ပျော်ပါးနေသည်။ ထိုအချိန်၌ပင် မင်းသမီးတစ်ပါးကလည်း အနောဝတတ် ရေအိုင်နားမှာ ခြွေရံသင်းပင်းနှင့် စခန်းချ၍ ပျော်ပါးနေသည်။ ထိုအခါ နဂါးမင်းသည် မင်းသမီးကိုမြင်သဖြင့် မိန်းမောသွားသည်။ ထိုအခါ ဂဠုန်မင်းသည် နဂါးမင်းကို သုတ်ပါလေ၏။ နဂါးမင်းသည် ကြောက်အားလန့်အားနှင့် တွယ်မိတွယ်ရာကို တွယ်လိုက်ရာ မင်းသားပျော်ပါးရာဖြစ်သော ဥယျာဉ်ထဲက သစ်ပင်ကြီး တစ်ပင်ကို အမြီးဖြင့် ပတ်မိသဖြင့် သစ်ပင်ကြီးသည် အမြစ်ပါပြုတ်သွားသည်။ မင်းသားသည် စိတ်ဆိုးတော်မူ၍ ဝရဇိန် လက်နက်ဖြင့် ပစ်လိုက်ရာ နဂါးရော ဂဠုန်ပါ ကောင်းကင်မှ ကျလာကြသည်။ ထို့နောက် မင်းသားထံ၌ ကျွန်ရင်းခံကြသည်။ ထို့နောက် နဂါးမင်းသည် အနောဝတတ်အိုင်နား၌ ပျော်ပါးနေသော မင်းသမီး၏ အချောအလှအကြောင်းကို မင်းသားအား ပြောပြသည်။ ထို့နောက် မင်းသားနှင့် မင်းသမီးတို့ တွေ့ကြ၍ အကြောင်းဆက် ပေါင်းဖက်ကြသည်။ ထိုဇာတ်လမ်းသည် အထူးအဆန်းပင် မဟုတ်ပါလော။ တစ်ဖန် မင်းသားကလည်း အတော် ဆန်းသည်။ သူ့ကို သူ့ရသေ့တိနတ်သမီးက ပညာသင်ပေးသည်။ အင်မတန်ချော၊ အင် မတန်လှ၊ အင်မတန်နွဲ့၊ အင်မတန် ဗလကောင်း၊ မဆန်းပါလော။ မင်းသမီးကလည်း အင်မတန်ချော၊ အင်မတန်လှ၊ အင်မတန်နူးညံ့၊ နေခြည်တစ်ပြောက်ထိရုံမျှဖြင့် အရည် ပျော်မလောက် ဖြစ်သည်။ အခန်းထဲ၌ စံနေတုန်း လိပ်ပြာတစ်ကောင် ပျံဝင်လာရာ လိပ်ပြာ တောင်မှ လေခတ်မိသဖြင့် မေ့မျောသွားမတတ် ဖြစ်ရှာသည်။ မဆန်းပါလော။ ထိုမျှ ဆန်းပြားအောင် ရေးသည့်အရာတွင် ရွှေတောင်သိဟသူနှင့် ဦးသာတို့သည် လက်ဖျားခါ လောက်ပါသည်။ ယုံတမ်းဒဏ္ဍာရီဝတ္ထုအဖြစ်ဖြင့် ကမ္ဘာ့စာပေသမိုင်း၌ စံထားထိုက်သော ဝတ္ထုတစ်ပုဒ် ဖြစ်နိုင်သည်။ သို့ရာတွင် ရတနာ့ကြေးမုံကို ရေးပြီးသည့်နောက် ဝတ္ထုဆက် ပြတ်သွားပါသည်။

ထို့နောက် နှစ်ဆယ်ရာစုနှစ် ၁၉၀၄ ခုနှစ်သို့ ရောက်လာသောအခါမှာမှ မြန်မာ ကာလပေါ်ဝတ္ထုဟူ၍ ပေါ်လာပါသည်။ ၁၉၀၄ ခုနှစ်တွင် ဂျိမ်းလှကျော်သည် 'မောင်ရင်မောင် မမယ်မ'ဘာသာပြန် ဝတ္ထုတစ်ပုဒ်ကို ပုံနှိပ်ထုတ်ဝေပါသည်။ ထိုဝတ္ထုကိုအကြောင်းပြု၍ ဆိုနှစ်၌ပင် ဝန်စာရေးဦးကြီးရေးသော မောင်မှိုင်းဝတ္ထု ထွက်ပေါ်လာပါသည်။ မောင်မှိုင်း ဝတ္ထုသည် ပထမ မြန်မာကာလပေါ်ဝတ္ထုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မောင်မှိုင်းဝတ္ထုသည် ခေတ်အစားဆုံး ဖြစ်သဖြင့် မောင်မှိုင်းဝတ္ထု ဖြစ်ပေါ်လာပုံကို အနည်းငယ် ပြောချင်ပါသည်။

မောင်မှိုင်းဝတ္ထုထွက်သော ၁၉၀၄ ခုနှစ်မှ နောက်သို့ ပြန်၍ရေတွက်လျှင် မြန်မာပြည် အောက်ပိုင်း ရန်ကုန်ကို အင်္ဂလိပ်သိမ်းခဲ့သည်မှာ အနှစ်ငါးဆယ်လောက် ရှိလာပြီ။ ထို့ ကြောင့် ရန်ကုန်၌ အပြောင်းအလဲတို့ ရှိလာကြပြီ။ စီးပွားရေးဘက်တွင် မြန်မာ့ဆန်ကို နိုင်ငံခြားက ဝယ်လာကြသဖြင့် တိုင်းပြည်၌ ဝင်ငွေရှိလာပြီ။ ထို့ကြောင့် မြန်မာ လယ် ပိုင်ရှင်ကလေးများ ပေါ်လာစပြုပြီ။ သူတို့၏ အိတ်ထဲ၌ ငွေတချွင်ချွင်မြည်လာပြီး သား သမီးတို့ကို အင်္ဂလိပ်ကျောင်းကို ပို့စပြုပြီ။ စာပေယဉ်ကျေးမှုဘက်တွင် စာပုံနှိပ်စက်များ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတန်အသင့် ရှိလာပြီ။ ပုံနှိပ်ဖြန့်ချိသော စာအုပ်များကို ဝယ်ဖတ်နိုင်သူတို့ အတော်အတန်ရှိလာပြီ။ ပျို့၊ ရတု၊ ချေင်း၊ မော်ကွန်း စသည်တို့ကို ပြန်၍ ပုံနှိပ်လာကြပြီ။ ၁၈၈၀ ပြည့်နှစ်၌ အီစွပ်ပုံပြင်ကို ရွှေတူးစံဒိက ဘာသာပြန်၍ ပုံနှိပ်သည်။ ၁၈၈၉ ခုနှစ်၌ ဟာတင်တာရီဝတ္ထုကို ဦးဘိုးခင် (အီစွပ်) နှင့် စတိုင်မွတ် ဆရာကူးတို့က ဘာသာပြန်သည်။ ၁၈၉၆ ခုနှစ်၌ ပသီပုံပြင်ကို ဦးရာမန်က ဘာသာပြန်သည်။ ၁၉၀၂ ခုနှစ်၌ ကာလပေါ် အင်္ဂလိပ်ဝတ္ထု 'ရော်ဘင်ဆင်ကရူးဆိုး' (Robinson Crusoe)ကို ဦးဘိုးဇော်က ဘာသာပြန်သည်။ ထိုသို့သော အခြေအနေ ဖြစ်ပေါ်လာသောအခါ မြန်မာကာလပေါ်ဝတ္ထု ထွန်းကားလာဖို့အရေးသည် လွယ်ကူလာပြီဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ၁၉၀၄ခုနှစ် တစ်နှစ်အတွင်းတွင် 'မောင်ရင်မောင်မမယ်မ'လမ်းပြရာသို့ မောင်မှိုင်းဝတ္ထုပေါ်ပြီးသည့်နောက် မောင်မှိုင်း၏ လေသံဆန်ဆန် ဝတ္ထုသစ်အမျိုးမျိုး ပေါ်လာကြသည်ကို တွေ့ရပါသည်။

မောင်မှိုင်းဝတ္ထုသည် မျက်မှောက်ခေတ် မြန်မာစာပေသမိုင်း၌ ပထမဆုံး ကာလပေါ်ဝတ္ထု ဖြစ်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ဝတ္ထုအဆင့်အတန်းမှာကား သိပ်မမြင့်သေးဟု ဆိုရပါလိမ့်မည်။ ရေးပုံသည် ထိုခေတ်ထိုအခါက အပြောအဟော ကွက်စိပ်သောဖြစ်သည်။ ဝတ္ထုကြောင်းသည် ရှာရိုးလျှောက်၍ လိမ်ပုံ ကောက်ပုံအကြောင်း ဖြစ်သည်။ မောင်မှိုင်းဝတ္ထုတွင် ဇာတ်ဆောင် မောင်မှိုင်းသည် အမြို့မြို့သို့သွား၍ ပလီပလာပြောသည်။ ယုံသူကယုံ၍ သူ့ကို လင်အဖြစ် လက်ခံပေါင်းသင်းကြသည်။ ထို့နောက် ဒုက္ခတွေ့ကြသည်။ ထိုသဘောကို ထပ်တလဲလဲ၊ အာဝဇ္ဇန်းကောင်းကောင်းဖြင့် ရေးခဲ့သောဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုသည် လူလိမ်လူကောက်၏ စိတ်ထားသဘောထားကို တင်ပြနိုင်ခဲ့သည်။ ချို့တဲ့ချက်ဟု ယူဆအပ်သော အချက်တစ်ခုရှိသည်ဟု ထင်သည်။ ထိုအချက်မှာ ဦးကြီးသည် မောင်မှိုင်း၏ အလိမ်ကို ခံကြရသော အမျိုးသမီးတို့ကို ကရုဏာဖြစ်ခဲ့သလော၊ ထိုအချက်မကွဲမပြားဖြစ်သည်ဟု ထင်သည်။ ဦးကြီးသည် ပျော်ရရုံ ရွှင်ရရုံလောက် သဘောထား၍ ရေးခဲ့သည်ဟု ယူဆစရာဖြစ်သည်။ ဖတ်ကြည့်၊ ဆင်ခြင်ကြည့်ကြပါကုန်။ သို့ရာတွင် လူလိမ်လူကောက် လူချွဲ လူပလီတို့၏ ကိုယ်နှုတ်နှလုံးအမူအရာတို့ကိုကား တင်ပြနိုင်ခဲ့သည်။ ထိုခေတ်ကသော် ထိုဝတ္ထုသည် အလွန်ခေတ်စား၊ လူကြိုက်များခဲ့သည်ဟု သိရပါသည်။

သို့ရာတွင် ဆယ်နှစ်လောက်ကြာသောအခါ အဆင့်အတန်းကောင်းသောဝတ္ထု ပေါ်လာသည်ဟု ဆိုနိုင်သဖြင့် ဝမ်းသာစရာ ဖြစ်သည်။ ထိုဝတ္ထုသည် ၁၉၁၄ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေသော ရွှေပြည်စိုးဝတ္ထု ဖြစ်သည်။ ဝမ်းသာစရာကောင်းသည်မှာ ရွှေပြည်စိုးဝတ္ထုသည် မောင်မှိုင်းဝတ္ထု၏ လမ်းစဉ်ကို စွန့်လိုက်ခြင်း ဖြစ်သည်။ စာရေးဆရာသည် ဦးလတ် ဖြစ်သည်။ ဦးလတ်သည် အင်္ဂလိပ်မြန်မာ နှစ်ဘာသာ ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု သိရပါသည်။ နာမည်ကျော် အင်္ဂလိပ် ဝတ္ထုဆရာကြီးများ ဖြစ်ကြသော ဆာဝေါလတာစကော့နှင့် လော့လီတင်တို့၏ ဝတ္ထုများကို နှစ်သက်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟုလည်း သိရပါသည်။ ထို့ကြောင့် အင်္ဂလိပ်ဝတ္ထုကောင်းတို့၏ သဘောသည် အားသစ်အင်သစ်အဖြစ်ဖြင့် ဦးလတ်၏ ကလောင်မှတစ်ဆင့် မျက်မှောက်ခေတ် မြန်မာစာပေသို့ ဝင်လာသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ထိုအင်သစ်အားသစ်သည် စကော့နှင့် လီတင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တို့၏ ဝတ္ထုတို့ကို ပုံတူကူး၍ ပေးခဲ့သောသဘော မဟုတ်။ စကော့သည် အင်္ဂလိပ် ဘဝကို ကြည့်ရှုသတိပြု၍ အင်္ဂလိပ်ဘဝကို ရေးသကဲ့သို့ စကော့ကို နှစ်သက်လေ့လာသော ဦးလတ်သည်လည်း မြန်မာ့ဘဝကို ကြည့်ရှုသတိပြု၍ မြန်မာ့ဘဝကို ရေးလာတတ်သော သဘောသာ ဖြစ်သည်။ အင်္ဂလိပ်ဝတ္ထု၏ သဘောတရားကို လက်ခံ၍ မြန်မာဝတ္ထုကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ဦးလတ်သည် ဤသဘောမျိုးဖြင့်သာ အားသစ်အင်သစ်ကို မွေးပေးခဲ့ခြင်း ဖြစ်သည်။ ဦးလတ်သည် ဉာဏ်ကြီးသူပါပေတည်း။

ဦးလတ်သည် ရွှေပြည်စိုးဝတ္ထုအပြင် စံပယ်ပင်ဝတ္ထုကိုလည်း ရေးခဲ့သေးသည်။ ထိုဝတ္ထုနှစ်ပုဒ်နှင့် ၁၉၁၆ ခုနှစ်၌ ထုတ်ဝေသော မစ္စတာမောင်မှိုင်း၏ မှာတော်ပုံ ဝတ္ထုသည် အဆင့်အတန်းကောင်းသော ဝတ္ထုများဖြစ်သည်ဟု ယူဆပါသည်။ ထိုသုံးပုဒ်သည် မြန်မာကာလပေါ်ဝတ္ထုသမိုင်းတွင် စံတင်ထိုက်သော ဝတ္ထုများ ဖြစ်သည်ဟု ဆိုချင်ပါသည်။ အခုအခါ၌ ကျွန်တော်တို့သည် ကာလပေါ်ဝတ္ထု ထွန်းကားခဲ့ရာဖြစ် သော ဥရောပတိုက်က ဝတ္ထုတို့ကို လေ့လာခွင့် မရကြစေကာမူ ထိုဝတ္ထုသုံးပုဒ်ကိုသာ လေ့လာကြည့်ပါ။ ဝတ္ထုရေးနည်းပညာကို ရနိုင်လိမ့်မည်ဟု ထင်ပါသည်။ ထိုသို့ ဆိုလိုက်သဖြင့် တိုင်းတစ်ပါးက ဝတ္ထုကောင်းတို့ကို လေ့လာဖို့မလိုတော့ဟု မဆိုလိုပါ။ လေ့လာနိုင်လေလေ ကောင်းလေလေ ဖြစ်ပါသည်။

ထိုဝတ္ထုသုံးပုဒ်သည် ပျော်ရွှင်မှုသက်သက်အတွက်သာမဟုတ်ပါ။ ပတ်ဝန်းကျင်လောကကို မြင်သိ သတိပြုတတ်အောင်လည်း စွမ်းဆောင်နိုင်ကြသည်ဟု ယူပါသည်။ ရွှေပြည်စိုးဝတ္ထု၌ မောင်မောင်စိုးနှင့် ခင်ခင်ထားတို့အကြောင်းသည် ပထမဇာတ်လမ်းဖြစ်၍ ဝတ်လုံ မောင်သောင်းဖေနှင့် ရှေ့နေ မောင်ကိတ္တိတို့အကြောင်းသည် ဇာတ်လမ်းလက်တက် ဖြစ်သည်။ စိုးနှင့် ထားတို့အကြောင်းသည် ပျော်စရာ လွမ်းစရာ သက်သက်လောက်သာ ဖြစ်သည်။ မောင်သောင်းဖေနှင့် မောင်ကိတ္တိအကြောင်းသည် နှစ်သက်စရာသာမက စဉ်းစားစရာလည်းဖြစ်သည်။ မောင်သောင်းဖေတို့အကြောင်းကို ရေးရာ၌ ဦးလတ်သည် သူ့ခေတ် ၏ နှံကုန်ပတ်ဝန်းကျင်၌ သူမနှစ်သက်ခဲ့သော မင်္ဂလာတရားပျက်သူဟု သူထင်သော လူတစ်ဦးကိုသော်လည်းကောင်း၊ နှစ်ဦးကိုသော်လည်းကောင်း လေ့လာ၍ ရေးထားလေသလားဟု ထင်ရပါသည်။ မောင်ကိတ္တိအကြောင်းကို ရေးရာ၌ ဦးလတ်သည် သူ့ကိုယ်သူ အထင်ကြီးသော၊ မိန်းမမြင်လျှင် ငမ်းချင်ချင်ဖြစ်သော လူတစ်ဦးဦးကို လေ့လာ၍ ရေးထားလေသလားဟု ထင်ရပါသည်။ စံပယ်ပင်ဝတ္ထုတွင် ရွှေဖီနှင့် ခင်သီတို့အကြောင်းကို ပင်မဇာတ်လမ်း၌ ထည့်၍ လွမ်းစရာဖြစ်အောင်လောက်သာ ရေးထားသည်ဟု ဆိုချင်သည်။ ဇာတ်လမ်းလက်တက်၌ပါသော ပဏ္ဍိတဝေဒနိယ အသင်းအကြောင်းကိုလည်းကောင်း၊ အချောအလှမြင်လျှင် ငမ်းချင်သော ဦးလောစံအကြောင်းကိုလည်းကောင်း၊ ကိုချိန်နှင့် ကိုစံဖဲတို့ စကားတတ်ပုံ စိတ်တိုပုံတို့ကိုလည်းကောင်း ရေးရာ၌ ဦးလတ်သည် သူ့ခေတ်က နှံကုန်ပတ်ဝန်းကျင်ကို လေ့လာ၍ ရေးထားလေသလားဟု ထင်ရပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုသည်လည်း ထိုအတိုင်းပင် ဖြစ်သည်။ ဆရာကြီးကမူ ဝတ္ထုရေးရသည်ကို ရှက်သလိုလို ဖြစ်ခဲ့သလားမသိပါ။ ဗာဒံပုပ်၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိဂုံးလေးချုံး၌ ငွေအတွက်ကြောင့်သာ ကလက်တက်တက်တို့ကို ရေးခဲ့ရသလိုလို သဘောမျိုး ပါနေသည်။ စင်စစ်မှာ ဆရာကြီး၏ ဝတ္ထုသည် ဆရာကြီးထင်သကဲ့သို့ ကလက်တက်တက် မဟုတ်ပါ။ အဖိုးတန်သော တကယ့်ပညာ ဖြစ်သည်ဟု ပြောလိုပါသည်။ ဆရာကြီး၏ ကလောင်သည် မှာတော်ပုံဝတ္ထုကို ငွေအတွက် ရေးရပါသည်ဟု ဆိုခဲ့သော်လည်း ရေးရင်း စိတ်မသိမသာ ပြောင်းခဲ့သည်ဟု ကျွန်တော်ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာ ကြီး၏ ဇာတ်ဆောင်များဖြစ်ကြသော ကိုပေါ၊ ခင်အုံ၊ ဦးကျော်ဒွေး၊ သင်္ဘြိုဟ်ဆရာ ဆရာ အေးတို့ကို ဆရာကြီးက ဖွဲ့ထားရာ၌ ဆရာကြီး၏ ကရုဏာ၊ ဆရာကြီး၏ မေတ္တာ၊ ဆရာ ကြီး၏ ဟာသတို့သည် ထင်ထင်ရှားရှားပေါ်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဆရာ ကြီး၏ကလောင်သည် ငွေအတွက် လှုပ်ရှားရသည်ဟု ဆရာကြီးက ဆိုခဲ့စေကာမူ ဆရာ ကြီး၏စေတနာသည် တဖြည်းဖြည်းဝင်လာ၍ ထိုစေတနာကပင် ထိုဝတ္ထုကို ရေးသွား သည်ဟု ယူဆပါသည်။ ကိုပေါ၊ ခင်အုံ၊ ဦးကျော်ဒွေး၊ ဆရာအေးတို့အကြောင်းကို ရေး ရာ၌ ဆရာကြီးသည် အထက်အညာ၌ မိမိတွေ့ခဲ့ရသော လူတစ်စုကို လှေ့လာ၍ ရေးထား လေသလားဟု ထင်ရပါသည်။ လူရိုးကြီးကိုပေါ၊ အထည်ကြီးပျက် ခင်အုံ၊ မြာနကြိုက်မိသော လူဖြောင့်စိတ်တို ဦးကျော်ဒွေး၊ အညာအလိုင်းကောင်းသော ဆရာအေးတို့သည် မြန်မာ ကာလပေါ် ဝတ္ထုသမိုင်းတွင် မမေ့နိုင်သော ဇာတ်ဆောင်များ ဖြစ်ကြသည်ဟု ဆိုချင်ပါသည်။

ထို့ကြောင့် ဒဏ္ဍာရီဝတ္ထုပိုင်းတွင် ရတနာ့ကြေးမုံသည် စံဝတ္ထုဖြစ်သည်။ မြန်မာ ကာလပေါ်ဝတ္ထုပိုင်းတွင် ခေတ်ဦးက ရွှေပြည်စိုး၊ စံပယ်ပင်၊ မှာတော်ပုံတို့သည် စံဝတ္ထု များဖြစ်ကြသည်ဟု ဆိုချင်ပါသည်။ မြန်မာကာလပေါ်ဝတ္ထုပိုင်းတွင် အနှစ်ငါး ဆယ်ကျော် အတွင်း၌ စံဝတ္ထုသုံးပုဒ်ကို ရလိုက်သဖြင့် မြန်မာစာရေးဆရာများနှင့် မြန်မာစာဖတ်ပရိသတ် အဖို့မှာ အားတက်စရာ အလွန်ကောင်းပါသည်။ ရတနာ့ကြေးမုံကို လေ့လာ၍ ဒဏ္ဍာရီ ဝတ္ထုအသစ် ပွားနိုင်ပါပြီ။ ရွှေပြည်စိုး၊ စံပယ်ပင်၊ မှာတော်ပုံတို့ကို လေ့လာ၍ မြန်မာ ကာလပေါ် ဝတ္ထုအသစ် ပွားနိုင်ပါပြီဟု ဆိုရပါသည်။

၁၉၅၇။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာပုံ လေ့လာချက်

၁၉၀၄ ခုနှစ်တွင် မြန်မာစာပေလောက၌ ကာလပေါ်ဝတ္ထုနှစ်ပုဒ် ပေါ်လာသည်။ တစ်ပုဒ်သည် ဦးလှကျော်ရေးသော မောင်ရင်မောင်မမယ်မဝတ္ထုဖြစ်၍ တစ်ပုဒ်သည် ဝန်စာရေးဦးကြီး ရေးသော ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုနှစ်ပုဒ်သည် မြန်မာစာပေ သမိုင်းတွင် မှတ်တိုင်သစ်တစ်တိုင် စိုက်ထူခဲ့သည်ဟု ယူဆသင့်ပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုဝတ္ထုနှစ်ပုဒ်သည် အခြားဝတ္ထုများနှင့်မတူ၊ တစ်မူထူးခြားလာသောကြောင့် ဖြစ်သည်။ တစ်မူထူးလာသည်ဟု ဆိုရခြင်းမှာ ထိုဝတ္ထုနှစ်ပုဒ်တွင် အနောက်ဥရောပနိုင်ငံများ၌ ထွန်းကားနေသော နော်ဗယ် (Novel) ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး၏ သဘောအတော်ခပ်များများ ပါလာသောကြောင့် ဖြစ်သည်။ ဤတွင် နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး၏သဘော ဆိုသည်မှာ ဒိဋ္ဌလောကထဲ၌ မြင်ရ၊ ကြားရ၊ ကြုံတွေ့ရသော လူ့စိတ် လူ့သဘောထားနှင့် လူ၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ကို သဘာဝကျသည် ထင်ရအောင် (ဝါ) အသင့်ယုတ္တိရှိအောင် ဇာတ်လမ်းဆင်၍ သရုပ်ဖော်သော စကားပြေဝတ္ထုအဖွဲ့မျိုးကို ယေဘုယျအားဖြင့် ဆိုလိုခြင်းဖြစ်သည်။ အချုပ်မှာ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး ဆိုသည်မှာ ဒိဋ္ဌလောကကို ထင်ဟပ်ရသော ဝတ္ထုအဖွဲ့မျိုးကို ဆိုလိုခြင်း ဖြစ်သည်။

၂၀ ရာစုနှစ် ခေတ်ဦး မြန်မာစာပေလောကထဲသို့ ထိုသို့ တစ်မူထူးလာသော ဝတ္ထုအဖွဲ့မျိုး ရောက်လာခြင်းသည် စင်စစ်မှာ အံ့ဩစရာမဟုတ်လှပါ။ ၁၈ ရာစုနှစ်ဦးလောက်မှစ၍ အနောက်ဥရောပ၏ နယ်ချဲ့အရှိန်အဝါသည် အာရှတိုက်ထဲသို့ ထိုးဝင်လာသည်နှင့်အမျှ အနောက်ဥရောပ၏ ယဉ်ကျေးမှုအချို့သည်လည်း တဖြည်းဖြည်းစိမ့်ဝင်လာကြောင်းကို အကျယ်ချဲ့၍ ဆိုရန်မလိုဟု ထင်ပါသည်။ တစိမ့်စိမ့်ဝင်လာသော ဥရောပယဉ်ကျေးမှု အချို့အနက် ဥရောပစာပေပါလာသည်။ ထိုစာပေထဲ၌ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးလည်း ပါလာသည်။ ထိုအခါ ထိုဥရောပဝတ္ထုအဖွဲ့မျိုးကို အကြောင်းပြု၍ အာရှတိုက်မှာရှိသော စာပေများသို့ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး ဝင်လာခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝင်လာပုံသည် အမျိုးမျိုးဖြစ်သည်။ ပုံဆောင်ရသော် အိမ်နီးချင်းတိုင်းပြည်များ ဖြစ်သော ဗြိတိသျှနယ်ချဲ့၏ လက်အောက်ခံများဖြစ်သည့် ဘင်္ဂလားပြည်နှင့် အာသံပြည်တို့တွင် ခရစ်ယာန် သာသနာပြုအဖွဲ့က အမှူးပြု၍ ဂျွန်းဗန်းနယန်း (John Bunyan) ရေးသော ခရစ်ယာန်၏ဝတ္ထု (Pilgrim's Progress) နှင့် ဒီဖိုး (Defore) ရေးသော ရော်ဘင်ဆင် ကရူးဆိုး (Robinson Crusoe) ဝတ္ထုတို့ကို ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေကြသည်ဟု သိရပါသည်။ ဤနည်းအားဖြင့် ရှေ့ဆောင်မှုကို ပြုကြသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ထိုဘာသာပြန်ဝတ္ထုနှစ်ပုဒ်ကို အကြောင်းပြု၍ ဘင်္ဂါလီကာလပေါ်ဝတ္ထု၊ အာသံကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာခြင်း မဟုတ်ဟု ယူလျှင် ရနိုင်ပါသည်။ စင်စစ်မှာ အင်္ဂလိပ်ပညာသင်ကြားရေး စနစ်အောက်တွင် အင်္ဂလိပ်ဘာသာနှင့် အင်္ဂလိပ်စာပေကို ကိုယ်တိုင်တတ်မြောက်လာကြသော အင်္ဂလိပ်ပညာတတ် တိုင်းရင်းသားများ၏ ပယောဂကြောင့်သာ ဘင်္ဂါလီကာလပေါ်ဝတ္ထု၊ အာသံကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာသည်ဟု သိရပါသည်။

တရုတ်နိုင်ငံ၌ ကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာပုံသည် တစ်မျိုးဖြစ်သည်ကို တွေ့ရသည်။ တရုတ်နိုင်ငံ၌ ဘင်္ဂလားပြည်၊ အာသံပြည်တို့မှာကဲ့သို့ အင်္ဂလိပ်ဘာသာ မသင်မနေရ မဟုတ်ပါ။ ဥရောပနယ်ချဲ့၏ရန်ကို တွန်းလှန်ချင်လျှင် ဥရောပပညာကိုလည်း တတ်မြောက်ခြင်း ရှိထိုက်သည်ဟု ယူဆ၍ တရုတ်အစိုးရသည် တရုတ်လူငယ်များကို ဥရောပသို့ လွှတ်၍ ဥရောပ ပညာအမျိုးမျိုးကို သင်ကြားစေသည်။ တရုတ်ပြည်သို့ ထိုလူငယ်များ ပြန်လာကြသောအခါ ဥရောပသိပ္ပံပညာ၊ ဥရောပစက်မှုလက်မှုပညာတို့ကို တရုတ်ဘာသာသို့ ပြန်ဆိုကြပါသည်။ ဥရောပ၏ စိတ်ဓာတ်နှင့် ဥရောပစာပေကို အရပ်သားလူထု၏ စိတ်နားတို့သို့ ရောက်အောင် အားထုတ်သူသည် တရုတ်တိုင်းရင်းသား စာရေးဆရာ လင်းရှု (Lin Shu) ဖြစ်သည်။ ထိုစာရေးဆရာသည် နိုင်ငံခြားဘာသာကိုမတတ်ပါ။ ထို့ကြောင့် ဥရောပမှ ပညာသင်ကြားတတ်မြောက်၍ တရုတ်ပြည်သို့ ပြန်လာကြသော လူငယ်များနှင့် ပူးပေါင်းလျက် ဘာသာပြန်ဝတ္ထုများကို ရေးပါသည်။ နိုင်ငံခြားပြန် တရုတ်လူငယ်များသည် သူတို့ဖတ်ဖူးသော ဥရောပဝတ္ထုများကို တရုတ်ဘာသာသို့ပြန်၍ ပြောပြကြသည်။ စာရေးဆရာလင်းရှုက နားထောင်၍ မူရင်းအတိုင်း တိကျစေ့စပ်ခြင်းမရှိသော်လည်း တရုတ်စာဖတ်ပရိသတ် နားလည်နှစ်သက်အောင် ပြန်ရေးသည်ဟု ဆိုသည်။ ဤနည်းအားဖြင့် တရုတ်စာရေးဆရာ လင်းရှုသည် ဥရောပဝတ္ထုအမျိုးပေါင်း ၁၅၀ နီးပါး ပြန်ဆိုခဲ့သည်။ ထိုဘာသာပြန်ဝတ္ထုများအနက် ဒစ်ကင်း (Dickens)၊ စတီဗင်ဆင် (Stevenson)၊ ဟူးဂိုး (Hugo)၊ ဒူးမား (Dumas)၊ ဗောလဇက် (Balzac)၊ တော်စတွိုင်း (Tolstoy)၊ ကိုနင်ဒွိုင်း (Conan Doyle)၊ ရိုင်ဒါဟက်ဂတ် (Rider Haggard) တို့၏ ဝတ္ထုများပါသည်ဟု သိရပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၌ တရုတ်ကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာခြင်းသည် စာရေးဆရာ လင်းရှု ဘာသာပြန်သော ဘာသာပြန်ဝတ္ထုများ၏ ပယောဂကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဂျပန်နိုင်ငံ၌ ကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာပုံကလည်း တစ်မျိုးဖြစ်သည်။ ဂျပန်ကလည်း တရုတ်ကဲ့သို့ ဥရောပရန်ကို တွန်းလှန်ချင်လျှင် ဥရောပ ပညာများကို တတ်မြောက်ခြင်း

ရှိရမည်ဟု ဝါဒရှိပါသည်။ ထို့ကြောင့် ဥရောပသို့သွား၍ ဥရောပ ပညာများကို သင်ကြားပါသည်။ ကိုယ့်တိုင်းပြည်သို့ ပြန်လာကြ၍ ဘာသာပြန်များကို ရေးကြသောအခါ ဥရောပဝတ္ထု ဘာသာပြန်များလည်း ပါသည်ဟု ဆိုပါသည်။ ထူးခြားသော အချက်တစ်ခုမှာ နိုင်ငံခြား ပညာသင်များအနက် အင်္ဂလိပ်ပြဇာတ်ဆရာ ရှိတ်စပီးယား ၏ ပြဇာတ်များကို ကျကျနနသင်ယူလာခဲ့သော စာရေးဆရာ ရှိုယို (Shoyo)ပါပါသည်။ ရှိုယိုသည် 'ကာလပေါ်ဝတ္ထု၏ အနှစ်သာရ'ဟုခေါ်သော စာတမ်းတစ်ပုဒ်ကို ရေးပါသည်။ ထိုစာတမ်း၌ ရှေးခေတ် ဂျပန်ဝတ္ထုပုံပြင်အချို့၏ ချို့တဲ့ချက်တို့ကို ဝေဖန်တင်ပြ၍ ဒိဋ္ဌဓမ္မ လူ့လောကသို့ ထင်ဟပ်သော ကာလပေါ်ဝတ္ထုအဖွဲ့မျိုးကို ရေးကြဖို့ကောင်းကြောင်း တိုက်တွန်းခဲ့သည်ဟု သိရပါသည်။ ရှိုယိုကိုယ်တိုင်ကလည်း ဂျပန်ကာလပေါ် ဝတ္ထုတစ်ပုဒ်ကို ရေးပြပါသည်။ ထို့ကြောင့်ဂျပန်နိုင်ငံ၌ ဂျပန်ကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာခြင်းသည် စာရေးဆရာ ရှိုယို ရေးသော ကာလပေါ်ဝတ္ထု သဘောတရားဆိုင်ရာ စာတမ်းတစ်ပုဒ်နှင့် ကာလပေါ်ဝတ္ထု တစ်ပုဒ်ကြောင့် ဖြစ်သည်ဟုဆိုလျှင် ရနိုင်လိမ့်မည်ဟု ထင်ပါသည်။

ယခု အစီရင်ခံခဲ့သည့်အတိုင်း ဘင်္ဂလား၊ အာသံနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့၌ ကာလပေါ်ဝတ္ထု (ဝါ) နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး ဖြစ်ပေါ်လာအောင် စာပေလှုပ်ရှားမှု ပြုခဲ့ကြခြင်းသည် ၁၉ ရာစုနောက်ပိုင်းခေတ်လောက်မှ စတင်ခဲ့ကြသည်ဟု သိရပါသည်။ မြန်မာပြည်မှာကား နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး ဖြစ်ပေါ်လာအောင် လှုပ်ရှားမှုပြုခြင်းသည် ၂၀ ရာစုနှစ် ခေတ်ဦးကမှ စတင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ထို့ကြောင့် မြန်မာစာပေလောကထဲသို့ တစ်မူထူးလာသော ဥရောပဝတ္ထုအဖွဲ့မျိုး ရောက်လာခြင်းသည် အံ့ဩစရာမဟုတ်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ခေတ်သစ် အာရှစာပေ လောကတည်းဟူသော ပုံစံကားချပ်ကြီးတွင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ခေတ်သစ်မြန်မာစာပေလောကသည်လည်း အကွက်ငယ်တစ်ကွက်အဖြစ်ဖြင့် ပါဝင်လာရခြင်းဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထို့ကြောင့် ယနေ့တင်ပြမည့် စာတမ်းတွင် ကာလပေါ်ဝတ္ထု (ဝါ) နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးသည် ရှိရင်း မြန်မာစာပေလောကထဲသို့ ဘယ်ပုံဘယ်နည်း ဝင်လာသည်ကို တင်ပြဖို့ အားထုတ်ချင်ပါသည်။ နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးသည် ဒိဋ္ဌလောကကို ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်ရသောစာမျိုး ဖြစ်သောကြောင့် စာရေးဆရာသည် ဒိဋ္ဌလောကနှင့် ထိရတွေ့ရသည်။ ခံစားမှုအတွေ့အကြုံ ရှိရသည်။ ထို့နောက် ခံစားမှု အတွေ့အကြုံရှိလာရာမှ သိလာရသော လူ့လောက အမူအရာတို့ကို သရုပ်ဖော်တတ်ရသည်။ ထို့ကြောင့် ထိုသို့ သရုပ်ဖော်တတ်ခြင်းသဘောရှိသော ဒိဋ္ဌဓမ္မ ထိုးဇာတ်သဘောတရားသည် ၂၀ ရာစုနှစ်ခေတ်ဦး မြန်မာစာရေးဆရာလောကထဲသို့ ဘယ်ပုံဘယ်နည်း ရောက်လာသည်ကို စုံစမ်းလိုခြင်းဖြစ်သည်ဟုလည်း တစ်နည်းအားဖြင့် ဆိုနိုင်ပါသည်။ စုံစမ်းရာတွင် ၁၉၀၄ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့ကြသော မောင်ရင်မောင်မမယ်မဝတ္ထုနှင့် မောင်မှိုင်းဝတ္ထုတို့ကို သာဓကတင်၍ စုံစမ်းသွားပါမည်။

သိအပ်သော နောက်ခံကားချပ် အချုပ်မှာ မြန်မာနိုင်ငံ အကြေပိုင်းကို ၁၈၅၂ ခုနှစ်မှစ၍

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဗြိတိသျှက သိမ်းယူအုပ်ချုပ်ပြီးနောက် အညာပိုင်းကိုပါ ၁၈၈၅ ခုနှစ်မှစ၍ သိမ်းယူ အုပ်ချုပ်ခဲ့သောအချက်၊ အနှစ် ၅၀ လောက်အတွင်းတွင် မြန်မာနိုင်ငံ၏ ဆန်စပါး၊ ကျွန်းသစ် အရောင်းဝယ် အပေးအယူသည် ကမ္ဘာ့ဈေးကွက်ထဲသို့ တဖြည်းဖြည်းဝင်လာသဖြင့် တိုင်းပြည်ဝင်ငွေရှိလာ၍ ပြည်တွင်း၌ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်၊ လူလတ်တန်းစား ထင်ထင်ရှားရှား ပေါ်လာသောအချက်၊ ပညာရေးလောကတွင် အင်္ဂလိပ်ပညာရေးစနစ်ကို အသုံးပြုလာသဖြင့် ထိုစနစ်ကို တိုင်းပြည်က လက်ခံခဲ့ကြသောအချက်၊ ပုံနှိပ်စက်များကိုသုံး၍ သတင်းစာများကို ပုံနှိပ်ထုတ်ဝေကြသဖြင့် ကိုယ့်အကြောင်း သူ့အကြောင်း မြန်မာ့အကြောင်း၊ ကမ္ဘာ့အကြောင်းတို့၌ စိတ်ဝင်စားလာကြသောအချက်၊ ရှေးခေတ် ပျို့လင်္ကာ ရာဇဝင် နိပါတ်ပုံပြင်များနှင့် ကာလပေါ် ပြဇာတ်များကို ပုံနှိပ်ထုတ်ဝေကြသဖြင့် လွယ်လွယ်ကူကူ ဝယ်ယူဖတ်ရှုနိုင်၍ ကိုယ့်စာပေ ယဉ်ကျေးမှုကို သိလာကြသော ပရိသတ် ကျယ်ဝန်းလာသောအချက်၊ ထိုအချက်များသည် မြန်မာကာလပေါ်ဝတ္ထု ဖြစ်ပေါ်လာစဉ်က ရပ်တည်ပြီးရှိနေသော နောက်ခံကားအချုပ် ဖြစ်သည်။

ထိုနောက်ခံကားကို အားပြုလျက် မောင်ရင်မောင်မမယ်မဝတ္ထုသည် ၁၉၀၄ ခုနှစ်တွင် ပထမဦးဆုံး ထွက်လာပါသည်။ ထိုနှစ်အတွင်းမှာပင် မောင်မှိုင်း၏ဝတ္ထုသည် မောင်ရင်မောင်မမယ်မဝတ္ထုနောက်မှ ကောက်ကောက်ပါ လိုက်လာသည်။ သိရသလောက်မှာ နောက်လေးငါးခြောက်နှစ်အတွင်းတွင် မြကလေးဝတ္ထု၊ မောင်မှိုင်းဒုတိယတွဲနှင့် တတိယတွဲ၊ စိန်ကလေးဝတ္ထု၊ မောင်ဖေရှင် မမေတင်ဝတ္ထု၊ မသင်းကြွေဝတ္ထု၊ ခင်ခင်ညွန့်ဝတ္ထု၊ မောင်မင်းကျော်ဝတ္ထု၊ မမင်းသိမ်ဝတ္ထု၊ မောင်တာနောဝတ္ထု၊ မောင်ဘရွှေ မလှမေဝတ္ထုတို့ ထွက်လာကြပါသည်။ ထိုနောက် မြန်မာဝတ္ထုများ အလျှိုလျှိုထွက်လာကြသည်မှာ နှစ်စဉ်နှစ်တိုင်း အဆက်မပြတ်ပါ။ ယနေ့တိုင်အောင် ဝတ္ထုအထွက် အားကောင်းလာသည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာဝတ္ထုများ အဆက်မပြတ် ထွက်လာကြခြင်းသည် အဓိကအားဖြင့် (မောင်ရင်မောင်မမယ်မဝတ္ထုက ခေါင်းဆောင်မှုပေးခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။အထူးသဖြင့်) မောင်ရင်မောင်မမယ်မဝတ္ထု၏ အရှိန်အဝါကြောင့် မောင်မှိုင်းဝတ္ထုကို ရေးဖြစ်လာ၍ ပုံနှိပ်ထုတ်ဝေခြင်း ရှိလာရသည်ဟု ဆိုချင်ပါသည်။

ရှေးဦးစွာ နော်ဗယ်ဟုခေါ်နိုင်သော မြန်မာဝတ္ထုတို့၏ ရှေးသွားခေါင်းဆောင်ဟု ခေါ်နိုင်သော မောင်ရင်မောင်မမယ်မဝတ္ထုအကြောင်း စုံစမ်းချင်ပါသည်။ စင်စစ်မှာနော်ဗယ်ဟုခေါ်နိုင်သော ဝတ္ထုအဖွဲ့မျိုးသည် ၁၉၀၂ ခုနှစ်တွင် မြန်မာဘာသာပြန်အဖြစ်ဖြင့် ပေါ်ခဲ့ဖူးပါသည်။ ထိုမြန်မာပြန်သည် အင်္ဂလိပ်စာပေလောကတွင် ဆယ့်ရှစ်ရာစုနှစ် အင်္ဂလိပ်ဝတ္ထုပေါ်ခါစဝတ္ထု တစ်ပုဒ်ဖြစ်သော ဒီဖိုးရေးသော ရော်ဘင်ဆင်ကရူးဆိုးဝတ္ထုကို မြန်မာဘာသာပြန်သောဝတ္ထု ဖြစ်ပါသည်။ ထိုဝတ္ထုကို ဦးဘိုးဇော်က မြန်မာပြန်သည်။ ထို့နောက် ၁၉၀၂ ခုနှစ်အတွင်းမှာပင် ထိုဝတ္ထု၏ တစ်စိတ်တစ်ပိုင်းကို စာသင်ကျောင်းများ၌ သတ္တမတန်းအတွက် ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဝတ္ထုစာအုပ်၏ မျက်နှာဖုံး၌ 'ရော်ဘင်ဆင်ကရူးဆိုးအကြောင်း၊ ပထမတွဲ New edition (Student's translation of Robinson Crusoe) by B.P. Latt, Part I. ပညာပိုင်းဆိုင်ရာ ဝန်မင်းကြီး၏ အမိန့်တော်နှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သတ္တမတန်း စာစစ်ပွဲတော်၌ ဖြေဆိုရန်စာကို မြန်မာဘာသာကဲ့သို့ ပြန်ဆိုရေးသားအပ်သော ရော်ဘင်ဆင်ကရူးဆိုးအကြောင်း'ဟု ဆိုထားသော စကားကို ထောက်၍ သိရပါသည်။ ရော်ဘင်ဆင်ကရူးဆိုးအကြောင်းဆိုသည်မှာ အင်္ဂလိပ်စာပေတွင် နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုး ဖြစ်သည်ဟု ယခုအခါ လက်ခံထားကြသော ဝတ္ထု ဖြစ်သည်။ သို့ရာတွင် ထိုမြန်မာပြန်ဝတ္ထုကို အကြောင်းပြု၍ မြန်မာစာပေလောက၌ မြန်မာဝတ္ထု ဖြစ်ပေါ်လာခြင်းမရှိခဲ့ပါ။ မောင်ရင်မောင် မမယ်မဝတ္ထု ထွက်လာပြီးသောအခါမှာမှ မြန်မာဝတ္ထုများ ဖြစ်ပေါ်လာသည်ဖြစ်ရာ မြန်မာပြန် ရော်ဘင်ဆင်ကရူးဆိုးဝတ္ထု၏ အရှိန်အဝါသဘောကို စုံစမ်းဖို့ လိုမည်မထင်ပါ။

မောင်ရင်မောင်မမယ်မဝတ္ထုကို ဦးလှကျော် (James Hla Gyaw)က ရေးခဲ့ပါသည်။ ထိုဝတ္ထုကို အကြောင်းပြု၍ သတိပြုအပ်သော ဦးလှကျော်အကြောင်းမှာ မြန်မာနိုင်ငံ အကြေပိုင်း၌ အင်္ဂလိပ်ပညာရေးစနစ်ကို စတင်ပျိုးထောင်သော ၁၈၆၆ ခုနှစ်တွင် ဦးလှကျော်သည် ရွှေကျင်မြို့၌ မွေးဖွား၍ အင်္ဂလိပ်မြန်မာ အစိုးရကျောင်းနှင့် ကောလိပ်ကျောင်းတို့၌ ရှေးအိုင်အေဆင့်အထိ ပညာသင်ခဲ့သောအချက်၊ ရန်ကုန်မြို့ အစိုးရ စာတော်ပြန်ဌာန၌ အမှုထမ်းခဲ့သောအချက်၊ ထိုနောက် အစိုးရရုံးများမှထွက်၍ သတင်းစာဆရာအဖြစ် အလုပ်လုပ်ခဲ့ဖူးသောအချက်၊ ထိုအချက်များကို သတိပြုသင့်ပါသည်။ ထိုအချက်များကို သတိပြုလျှင် ဦးလှကျော်သည် အင်္ဂလိပ်ဝတ္ထုများကို နှစ်သက်သဘောကျခဲ့သည်ဟု မှချမှတ်ယူနိုင်ပါသည်။ မြန်မာစာဖက်မှာလည်း အတော်အတန် ခေါက်မိ၍ အရေးအသားနိုင်နိုင်နင်းနင်းရှိခဲ့ပြီဟုလည်း ယူဆနိုင်ပါသည်။ မောင်ရင်မောင်မမယ်မဝတ္ထုကိုယ်တိုင်က သက်သေဖြစ်နေပါပြီ။

ထိုဝတ္ထု၏ ဇာတ်လမ်းနှင့်ပတ်သက်၍လည်း ကြိုတင်သတိပြုထားသင့်သောအချက်အချို့ရှိပါသည်။ ဦးလှကျော် ဇာတ်လမ်းဆင်ပုံကို ရှင်းစရာရှိသောကြောင့် ဖြစ်သည်။ ကြိုတင်သတိပြုထားသင့်သော အချက်များမှာ သာယာဝတီမင်းလက်ထက် မောင်ရင်မောင်အမည်ရှိသော ကုန်သည်တစ်ဦးသည် သူ့ဘာမျှ မသိရှာသော်လည်း သူ့လက်ထဲ၌ရှိနေသော ရာဇဝတ်မကင်းသည့် စာတစ်စောင်ကြောင့် ဘုမသိဘမသိနှင့် အင်းဝမြို့မှာ ထောင်အသွင်းခံရသောအချက်၊ ထောင်ထဲ၌ ဆရာကြီးဦးပေါ်လာဆိုသူနှင့်တွေ့၍ ဆရာကြီးထောင်အသွင်းမခံရမီက အင်းဝအနီးမှာ မြှုပ်ထားသော ရွှေငွေဥစ္စာရတနာများအကြောင်းကို ဆရာကြီးထံမှ မောင်ရင်မောင် သိလာသောအချက်၊ ထိုနောက် ဆရာကြီးဦးပေါ်လာထောင်ထဲ၌သေ၍ ဆရာကြီးအလောင်းကို အိတ်စွပ်လျက် ဧရာဝတီမြစ်ထဲသို့ ပစ်ချဖို့ ခ်စဉ်သောအချက်၊ ထိုအခါ မောင်ရင်မောင်က လူချင်းလဲ၍ အိတ်၌ဝင်နေသဖြင့် မောင်ရင်မောင် ဧရာဝတီမြစ်ထဲသို့ ရောက်ပြီးနောက် စစ်ကိုင်းဘက်သို့ ကူးသွားသောအချက်၊ ခစ်ကိုင်းမှ ရွှေဘိုမြို့သို့ရောက်၍ ရွှေဘိုမြို့ဝန်၏သမီးက မောင်ရင်မောင်ကို မေတ္တာရှိသာအချက်၊ ထို့နောက် မောင်ရင်မောင် အင်းဝသို့ တိတ်တဆိတ်လာ၍ သူ့အချစ်ဟောင်းမမယ်မသည် ရန်သူ မောင်မြတ်သာနှင့် အကြောင်းပါပြီဆိုသည်ကို မောင်ရင်မောင် သိလာသဖြင့် ဦးပေါ်လာ၏ ရွှေငွေဥစ္စာ ရတနာအချို့ကို တူးဖော်ပြီးလျှင် ရာဇဝတ်ဘေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြောင့် အောက်ပြည် အောက်ရွာသို့ ကျောက်ကုန်သည်အဖြစ်ဖြင့် ခြောက်နှစ်လောက် နေပြီးနောက် ပုဂံမင်းနန်းတက်လာသောအခါ လွတ်ငြိမ်းခွင့်ရသဖြင့် မောင်ရင်မောင် အင်းဝသို့ ပြန်လာ၍ မုဆိုးမဖြစ်နေရှာသော ရည်းစားဟောင်း မမယ်မနှင့် ပြန်တွေ့သော အချက်၊ ထိုအချက်များ ဖြစ်သည်။

ဦးလှကျော် ဇာတ်လမ်းဆင်ပုံနှင့်ပတ်သက်၍ ရှင်းပြရလျှင် ဤသို့ဖြစ်သည်။ ၁၉၁၈ ခုနှစ် မြန်မာနိုင်ငံ သုတေသနအသင်း၏ ဂျာနယ် အတွဲ ၈၊ အပိုင်း ၁ ၌ ဆရာကြီး ဦးဖေမောင်တင်က မောင်ရင်မောင်မမယ်မဝတ္ထုထဲမှာ နာမည်ကျော် ပြင်သစ်ဝတ္ထုဆရာ ဒူးမားရေးသော မွန်တီခရစ်စတိုမြို့စားကြီး (The Count of Monte Cristo) ဝတ္ထုထဲက ပြင်သစ်ဇာတ်ဆောင်ကို ဦးလှကျော်က မြန်မာဖြစ်အောင် ပြောင်းထားကြောင်း၊ မောင်ရင်မောင်၏ လူ့သဘာဝကို ပြင်သစ်ဇာတ်ဆောင်၏ လူ့သဘာဝနှင့် လုံးဝမတူအောင် ဦးလှကျော်က ဖန်တီးနိုင်ကြောင်း ဝေဖန်ခဲ့ပါသည်။ မောင်ရင်မောင်မမယ်မဝတ္ထု စာအုပ်၌ကား ပြင်သစ်ဝတ္ထု၏ အမည်ကို ရည်ညွှန်းဖော်ပြခဲ့ခြင်း မရှိပါ။ ထို့ကြောင့် အင်္ဂလိပ်ဘာသာပြန် ပြင်သစ်ဝတ္ထုကို ဖတ်ကြည့်သောအခါ ဆရာကြီးဆိုခဲ့သည့်အတိုင်း ဟုတ်နေသည်ကို တွေ့ရပါသည်။ သို့ရာတွင် ဦးလှကျော်သည် ပြင်သစ်ဝတ္ထု အစအလယ်အဆုံး တစ်ပုဒ်လုံးကို တိုက်ရိုက်မြန်မာသည်လည်းမဟုတ်။ ဆီလျော်အောင် မြန်မာပြုန်သည်လည်း မဟုတ်သည်ကို တွေ့လာရပါသည်။

အင်းဝထောင်မှ မောင်ရင်မောင် လွတ်မြောက်သည်အထိသာ ဦးလှကျော်က ပြင်သစ်ဝတ္ထုမှ ပြုပြင်၍ယူပါသည်။ ယူသော အစိတ်အပိုင်း၌ ဇာတ်လမ်းလောက်ကိုသာ ဦးလှကျော် အသုံးပြု၍ မြန်မာ့အငွေ့အသက် ပါနိုင်သမျှပါအောင် ပုံသစ်ပြန်လောင်းထားသည်ကို တွေ့ရပါသည်။ ဦးလှကျော်တို့ခေတ်ကသော် အထူးသဖြင့် ၁၉၀၄ ခုနှစ်မတိုင်မီကသော် ဦးလှကျော်ဖတ်ရသော အင်္ဂလိပ်ဘာသာပြန် ပြင်သစ်ဝတ္ထုသည် မှုကောင်းမှုသန့် ဟုတ်မည်မထင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၁၉၀၄ ခုနှစ်၌ ထုတ်ဝေသော အင်္ဂလိပ်ဘာသာပြန် မွန်တီခရစ်စတို မြို့စားကြီး ဝတ္ထုစာအုပ်တွင် ထုတ်ဝေသူ၏ မှတ်ချက်အရ အင်္ဂလန်နိုင်ငံ၌ စောစောပိုင်းက အင်္ဂလိပ်ဘာသာပြန်များသည် မသန့်မစင်သည်လည်းရှိ၍ မပြည့်မစုံသည်လည်းရှိသည်ဟု သိရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဦးလှကျော်ယူ၍ အသုံးပြုသော အစိတ်အပိုင်းသည် မသန့်မစင် မပြည့်မစုံ ဖြစ်နေမည်လားဟု သံသယဖြစ်ဖွယ် ရှိပါသည်။ သို့ရာတွင် ဦးလှကျော်သည် ထိုအစိတ်အပိုင်း၏ ဇာတ်လမ်းလောက်ကိုသာ ယူသုံးခဲ့သဖြင့် မသန့်မစင် မပြည့်မစုံ ဖြစ်နေစေကာမူ အရေးမကြီးဟု ထင်ပါသည်။

ထို့ပြင် ဇာတ်လမ်းလောက်ကိုသာ ဦးလှကျော်က ယူသုံးခဲ့ကြောင်းကို ဤသို့လည်း သိနိုင်ပါသေးသည်။ ၁၉၀၄ ခုနှစ်ထုတ် မွန်တီခရစ်စတိုမြို့စားကြီး အင်္ဂလိပ်ဘာသာပြန်ဝတ္ထု၌ အစ အလယ် အဆုံး အခန်းပေါင်း ၁၀၀ ကျော်ပါသည်။ ထို ၁၀၀ ကျော်အနက် ပြင်သစ်ဇာတ်ဆောင် ထောင်မှလွတ်မြောက်သည့် အခန်းအထိ အခန်း ၂၀ ရှိသည်။ မောင်ရင်မောင် မမယ်မဝတ္ထု၌ အခန်းစုစုပေါင်း ၃၆ ခန်းသာပါသည်။ ထို ၃၆ ခန်းအနက် မြန်မာဇာတ်ဆောင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မောင်ရင်မောင် ထောင်မှလွတ်မြောက်သည့် အခန်းအထိ အခန်း ၉ ခန်းသာပါသည်ကို တွေ့ရပါသည်။ ထို အချက်ကို ထောက်ခြင်းအားဖြင့် ဦးလှကျော်သည် ပြင်သစ်ဝတ္ထု၏ ငါးပုံတစ်ပုံလောက်သာရှိသော အစပိုင်းဆိုင်ရာ ဇာတ်လမ်းလောက်ကိုသာ ယူသုံးခဲ့ကြောင်း ထင်ရှားသိသာပါသည်။ မောင်ရင်မောင်မမယ်မဝတ္ထုတွင် အခန်း ၁၀ မှ ဝတ္ထုအဆုံးအထိ ဆင်ထားသော ဇာတ်လမ်းကား ဦးလှကျော်၏ ပဋိဘာန်ဉာဏ်သက်သက်နှင့် ဆိုင်သည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြင်သစ်ဝတ္ထု၌ ပြင်သစ်ဇာတ်ဆောင် ထောင်မှ လွတ်မြောက်ပြီးသည့်နောက် ရတနာသိုက်ကိုရ၍ ကျိုကျိုတက် ချမ်းသာလာသောအခါ ယခင်တုန်းက သူ့ကို ကူညီခဲ့ဖူးသူကို သူက ပြန်၍ မစချီးမြှင့်ခြင်း၊ သူ့ကို မတရားသဖြင့် ထောင်ကျအောင် နှိပ်စက်ခဲ့ကြသော ရန်သူများကို သူက ပြန်၍ နှိပ်စက်ဖျက်ဆီးခြင်းတို့ပါသော ဇာတ်လမ်းဖြစ်နေသောကြောင့်ပင်။ ဦးလှကျော်၏ဝတ္ထု၌ကား မောင်ရင်မောင် အင်းဝထောင်မှ လွတ်မြောက်လာ၍ ရတနာသိုက်ကို ရပြီးသည့်နောက် အောက်ပြည် အောက်ရွာသို့ သွားရောက် တိမ်းရှောင်ပြီးမှ အင်းဝသို့ ပြန်လာ၍ မမယ်မနှင့် ပြန်လက်ဆက်ခြင်းပါသော ဇာတ်လမ်းဖြစ်နေသောကြောင့်ပင်။ ထို့ကြောင့် နောက်ပိုင်းဇာတ်လမ်းချင်း စိုးစဉ်းမျှမတူကြဟု သိနိုင်ပါသည်။

ဤတွင် ဦးလှကျော်သည် မောင်ရင်မောင် အင်းဝထောင်မှ လွတ်မြောက်ခန်းအထိ ဖြစ်သော ဇာတ်လမ်းကိုသာ အဘယ့်ကြောင့် ပြင်သစ်ဝတ္ထုမှ ကွက်ယူ၍ အသုံးပြုခဲ့သနည်း။ ပြင်သစ်ဝတ္ထု၏ ကျန်ဇာတ်လမ်းအဆက်ကို အဘယ့်ကြောင့် အသုံးမပြုဘဲ ချန်ထားခဲ့သနည်း။ ဤသို့ မေးချင်လျှင် မေးစရာ ဖြစ်နေပါသည်။ အထောက်အထားတစ်ခုအရ ဆိုလျှင် ဤသို့ မှန်းကြည့်နိုင်ပါသည်။ ပြင်သစ်နိုင်ငံတွင် ဒူးမား၏ မူလပြင်သစ်ဘာသာ ဝတ္ထုကို ၁၈၄၄–၄၅ ခုနှစ်မှာ ထုတ်ဝေပါသည်။ နောက်တစ်နှစ်ဖြစ်သော ၁၈၄၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ အင်္ဂလိပ်ဘာသာပြန် ထွက်လာပါသည်။ ထိုအခါ နာမည်ကျော် အင်္ဂလိပ် ဝတ္ထု ဆရာတစ်ဦးဖြစ်သော စတီဗင်ဆင်က ထိုဝတ္ထုကို အလွန်ချီးကျူးလိုက်ပါသည်။ ချီးကျူးပုံသဘောမှာ 'မွန်တီခရစ်စတိုမြို့စားကြီး ဝတ္ထုတွင် ရတနာသိုက်ကိုရှာ၍ တွေ့သည် အထိဖြစ်သော ဇာတ်လမ်းအစိတ်အပိုင်းကို ရေးဖွဲ့ထားပုံသည် အပြစ်ပြောစရာမရှိ။ လက်ဖျား ခါလောက်ပါပေသည်'ဟု ဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဦးလှကျော်သည် ထိုအဆိုအမိန့်ကို သူကိုယ်တိုင်သိရ၍ သဘောကျသောကြောင့်လား၊ သူ့ဆရာများထံမှ ဩဝါဒရသောကြောင့်လား။ ထိုသို့မှမဟုတ်လျှင်လည်း ဦးလှကျော်သည် ပြင်သစ်ဝတ္ထုထဲက ပြင်သစ်ဇာတ်ဆောင်၏ ကလဲ့စားချေသော အမူအရာတို့ကို သူကိုယ်တိုင်က မကြိုက်သောကြောင့်လား။ မောင်ရင်မောင်ကို သဘောကောင်း မနောကောင်း ဇာတ်ဆောင်မျိုး ဖြစ်စေချင်သော ဆန္ဒကြောင့်လား။ ထိုသို့မှမဟုတ်လျှင်လည်း ရတနာသိုက်ကို ရှာတွေ့သည် အထိဖြစ်သော ပထမတွဲကိုသာ ထိုအခါတုန်းက တွေ့ခွင့်ရသောကြောင့်လား။ အကြောင်း တစ်ခုခုကြောင့် ဖြစ်စရာရှိသည်ဟု မှန်းကြည့်ရုံသာ ဖြစ်နိုင်ပါတော့သည်။

ထို့နောက် ရွှေဘိုမြို့ဝန်၏သမီးက ယောကျ်ားပျိုယောင်ဆောင်၍ မောင်ရင်မောင်ကိုရှာသော အခန်းနှင့်ပတ်သက်၍ ဦးလှကျော်သည် အခြားအခြားသော စာများကို မှီးခဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သလားဆိုသော အချက်ကိုလည်း စဉ်းစားချင်လျှင် စဉ်းစားနိုင်ပါသေးသည်။ ပုံဆောင်ရလျှင် ဦးလှကျော်ဖတ်ဖူးမည် ကြားဖူးမည်ဟု ယူနိုင်သော အီနောင်နန်းတွင်းဇာတ်၌ အီနောင်မင်းသားနှင့် ပွတ်စပါးမင်းသမီးတို့သည် လေပြင်းမုန်တိုင်းဒဏ်ကြောင့် လူချင်းကွဲသွားကြပြီးနောက် ပွတ်စပါးမင်းသမီးသည် ယောကျ်ားပျိုဆောင်၍ သူ့ကိုယ်သူ ဥဏ္ဏာကံဆိုသော ယောကျ်ားအမည်ကိုယူ၍ အီနောင်ကိုရှာသော အခန်းသည် ရွှေဘိုမြို့ဝန်၏သမီးက ယောကျ်ားပျိုယောင်ဆောင်၍ မောင်ရင်မောင်ကို ရှာသောအခန်းနှင့် သဘောချင်းခပ်ဆင်ဆင်တူသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ဦးလှကျော်ဖတ်ဖူးမည် ကြားဖူးမည်ဟု ယူနိုင်သော အင်္ဂလိပ်ပြဇာတ်ဆရာ ရှိတ်စပီးယား၏ ပြဇာတ်ဖြစ်သော ကိုယ့်သဘောတော် (As You Like It) ပြဇာတ်၌ ရိုဇာလင် (Rosalind)ဆိုသော မြို့စားကြီး၏သမီးသည် ယောကျ်ားပျိုယောင်ဆောင်၍ သူ့ချစ်သူ အော်လင်ဒို (Orlando)ကို ရှာသော အခန်းသည်လည်း ရွှေဘိုမြို့ဝန်၏သမီးက ယောကျ်ားပျိုယောင်ဆောင်၍ မောင်ရင်မောင်ကိုရှာသောအခန်းနှင့် သဘောချင်း ခပ်နီးနီးပင်ဟု ဆိုနိုင်ပါသည်။ ထိုအဆိုများသည် ကျွန်တော်၏ အနုမာနမှန်းဆချက်မျှသာ ဖြစ်ပါသည်။ ယုတ်စွအဆုံး ဆိုခဲ့သော အီနောင်နန်းတွင်းဇာတ်မှသော်လည်းကောင်း၊ ရှိတ်စပီးယား၏ ကိုယ့်သဘောတော်ပြဇာတ်မှသော်လည်းကောင်း ယောကျ်ားပျိုယောင်ဆောင်၍ ရှာသည်ဆိုသော သဘောကို ဦးလှကျော်ကယူသည်ဟု ဆိုနိုင်စေကာမူ ထိုသဘောမျိုးကိုယူသုံးသော အကြောင်းကြောင့်ကား ဆိုကွက်မရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဝတ္ထုရေးရာတွင် အရေးကြီးဆုံး ပညာရပ်တစ်ခုဖြစ်သော သရုပ်ဖော်ပုံ၌ မောင်ရင်မောင်မမယ်မဝတ္ထုတွင် သူ့အကြောင်းနှင့်သူ တစ်မျိုးတစ်ဖုံ သရုပ်ဖော်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

မောင်ရင်မောင်မမယ်မဝတ္ထုနှင့်ပတ်သက်၍ အထက်ကဆိုခဲ့သော အချက်များကို ဆင်ခြင်ကြည့်လျှင် ၁၉၀၄ ခုနှစ်၌ ပထမဆုံးထုတ်ဝေသော မောင်ရင်မောင်မမယ်မဝတ္ထုသည် ဇာတ်လမ်းအရာ၌ မြန်မာဝတ္ထုအစစ ဖြစ်သည်ဟု မဆိုနိုင်ပါ။ ပြင်သစ်တစ်ပိုင်း မြန်မာတစ်ပိုင်းပါသော ပြင်သစ်မြန်မာဝတ္ထု ဖြစ်သည်ဟု ဆိုမှ မှန်လိမ့်မည်ထင်ပါသည်။ သို့ရာတွင် သရုပ်ဖော်သည့်အရာ၌ကား ပြင်သစ်ဝတ္ထုမှယူသော ဇာတ်လမ်းအပိုင်းမှာရော ဦးလှကျော်၏ ကိုယ်ပိုင်ဇာတ်လမ်းအဆက်မှာရော မြန်မာ့အငွေ့အသက် အပြည့်အဝပါသည်ကို တွေ့ရပါသည်။ ဒိဋ္ဌလောကဖြစ်သော မြန်မာ့ဘဝပတ်ဝန်းကျင်၏ အမူအရာတို့ကို အနုစိတ်တန်သလောက် အနုစိတ်၍ သရုပ်ဖော်နိုင်သည်ကိုလည်း တွေ့ရပါသည်။ အနုစိတ်သရုပ်ဖော်သည့်အရာ၌ မောင်ရင်မောင်မမယ်မဝတ္ထုသည် ပြင်သစ်ဝတ္ထုလောက်အားမကောင်းဟုဆိုနိုင်သော်လည်း ဒိဋ္ဌလောကကို ထင်ဟပ်ရသောစာမျိုး၏ အဆင့်အတန်းသို့ကား မီပြီဟု ဆိုချင်ပါသည်။ အထူးသဖြင့် မောင်ရင်မောင်မမယ်မတို့၏ ချစ်ခန်းကြိုက်ခန်း၌ ချစ်သူကြိုက်သူတို့၏ သဘာဝ အမူအရာတို့ကို အနုစိတ်၍ သရုပ်ဖော်ထားသည်မှာ ထိုခေတ် မြန်မာ့ဘဝပတ်ဝန်းကျင်၌ တကယ်တွေ့နိုင်သော အမူအရာမျိုးကဲ့သို့ ဖြစ်သည်ဟု ယုံချင်စရာ ဖြစ်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မောင်ရင်မောင်မမယ်မဝတ္ထုသည် မြန်မာဝတ္ထုအသစ်မဟုတ်သေးဟု ဆိုနိုင်သော်လည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြင်သစ်မြန်မာဝတ္ထု အဖြစ်ဖြင့်ကား ဒိဋ္ဌလောကကို ထင်ဟပ်ရသော ဒိဋ္ဌဓမ္မထိုးဇာတ် သဘောတရားကို မြန်မာစာရေးဆရာ လောကထဲသို့ရောက်အောင် ဦးလှကျော်က ပို့ပေးခဲ့ပြီဟု ဆိုချင်ပါသည်။

ဦးလှကျော်က ပို့ပေးခဲ့သော ဒိဋ္ဌဓမ္မထိုးဇာတ်သဘောတရားသည် ဟံသာဝတီ ပုံနှိပ်တိုက်၌ အလုပ်လုပ်နေသော ဝန်စာရေးဟောင်း ဦးကြီး၏ စိတ်၌ ဝင်းခနဲလက်ခနဲ ဖြစ်ခဲ့ဟန်တူပါသည်။ ထိုသို့ဖြစ်ခဲ့ဟန်ကို ဟံသာဝတီတိုက်ရှင်က မောင်ရင်မောင်မမယ်မ ဝတ္ထုကဲ့သို့သော ဝတ္ထုမျိုးကို ပုံနှိပ်ချင်ကြောင်း ပြောသောအခါ ဦးကြီးသည် ဤတာဝန်ကို သူယူပါမည်ဟုဆို၍ တာဝန်ယူရဲသည်ကို ထောက်ခြင်းအားဖြင့် သိနိုင်ပါသည်။ ထို့ပြင် ဦးကြီးသည် လပိုင်းအတွင်းတွင် မောင်မှိုင်းဝတ္ထု ပထမတွဲကို ရေး၍ ၁၉၀၄ ခုနှစ်အတွင်းမှာပင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်ကို ထောက်ခြင်းအားဖြင့်လည်း သိနိုင်ပါသည်။ ထိုသို့ တာဝန်ယူရဲခြင်း၊ လပိုင်းအတွင်း ပထမတွဲကို ပြီးအောင်ရေး၍ ထုတ်ဝေနိုင်ခြင်းတို့သည် သူ့စာအုပ်၏ နိဒါန်းမှာပါသည့်အတိုင်း မန္တလေးတွင် ဝန်စာရေးအဖြစ်ဖြင့် သူအမှုထမ်းစဉ်က နန်းမြို့တွင် အိပ်ဖန်အလှည့်ကျသောအခါ အိပ်ဖန်စောင့်များ နိုးနိုးကြားကြားရှိနေကြအောင် လူရှုပ်လူပွေ မောင်မှိုင်းအကြောင်းကို သူကိုယ်တိုင် ကွက်စိပ်သဘော ဟောခဲ့ဖူးသောကြောင့် ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ဦးကြီးသည် ဝန်စာရေးဘဝတုန်းက လူရှုပ်လူပွေ မောင်မှိုင်းအကြောင်း ကွက်စိပ်သဘော ဟောခဲ့ဖူးသည်ဟု ဆိုခဲ့ခြင်းသည် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့နှင့်အနောက် (East and West) ခေါ် ခရီးသွားမှတ်တမ်းလိုလို၊ ကိုယ်ရေးအတ္ထုပ္ပတ္တိလိုလို စာအုပ်ကို ရေးခဲ့သော အင်္ဂလိပ်အမျိုးသမီးတစ်ဦးက နန်းတော်ပွဲကြည့်ဆောင်တွင် ဇော်ကဲ* ဆိုသော လူရှုပ်လူပွေတစ်ယောက်၏ ရှုပ်ပုံပွေပုံအကြောင်း ကွက်စိပ်ဟောသည်ကို သူကြားသိခဲ့ရကြောင်း၊ သူ့စာအုပ်၌ ဖော်ပြခဲ့သည်ဖြစ်ရာ နန်းတော်အသိုက်အဝန်း၌ လူရှုပ်လူပွေ ဇာတ်ထုပ်မျိုးကို ကွက်စိပ်ဟောဖူးကြောင်း သိရသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ရန်ကုန်မြို့ ဟံသာဝတီ အယ်ဒီတာအဖွဲ့ဝင် ဦးကြီးသည် မောင်မှိုင်းဝတ္ထုကို သူ့အလိုအလျောက် ရေးခဲ့သည်မဟုတ်ပါ။ ဒိဋ္ဌဓမ္မထိုးဇာတ်သဘောတရားသည် မောင်ရင်မောင်မမယ်မဝတ္ထုမှတစ်ဆင့် သူ့စိတ်ထဲတွင် ဝင်းခနဲလက်ခနဲ ဖြစ်လာ၍ သဘောပေါက်လာသောအခါမှာမှ မောင်မှိုင်းဝတ္ထုဖြစ်လာအောင် သူအားထုတ်ခြင်းရှိခဲ့သည်ဟု ယူဆသင့်ပါသည်။ ဆိုချင်သည်မှာ ဝန်စာရေးဘဝတုန်းက သူပြောခဲ့ ဟောခဲ့ဖူးသော မောင်မှိုင်းအကြောင်း၌ မောင်ရင်မောင်မမယ်မဝတ္ထုထဲမှာကဲ့သို့ ဒိဋ္ဌဓမ္မထိုးဇာတ်သဘောတရား အတန်အသင့်အပါသားပင်ဟု သူသဘောပေါက်လာပုံရသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

မောင်မှိုင်းဝတ္ထု၏သဘောကို စုံစမ်းကြည့်ပါမည်။ မောင်မှိုင်းဝတ္ထုကို အကြောင်းပြု၍ သတိပြုအပ်သော ဦးကြီးအကြောင်းမှာ ဦးကြီးသည် မန္တလေးမြို့၌ရှိစဉ်က တိုင်တားမင်းကြီး၏ ဝန်စာရေးဖြစ်ခဲ့ဖူးသည်ဆိုသောအချက် ဖြစ်သည်။ ဦးကြီးသည် ဦးလှကျော်ကဲ့သို့ အင်္ဂလိပ်ဘာသာ၊ အင်္ဂလိပ်စာပေ တတ်မတတ် မသိရပါ။ မြန်မာစာပေကျမ်းဂန်ကိုကား

* နောက်ဆက်တွဲ၌ကြည့်။ မှန်ပုံပြင်၌ ဇော်ကဲဟု တွေ့ရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဆင့်အတန်းမီမီ တတ်မြောက်ခဲ့သည်ဟုယူလျှင် ရနိုင်ပါသည်။ သူ့အရေးအသားကလည်း သက်သေပြနေပါပြီ။

မောင်မှိုင်း၀တ္ထု၏ ဇာတ်လမ်းအချုပ်ကိုလည်း နည်းနည်းကျဲကျဲ သိထားဖို့ လိုပါလိမ့်မည်။ ထုတ်ဝေခဲ့သော မောင်မှိုင်း၀တ္ထုသည် စာအုပ်အတွဲ သုံးတွဲရှိနေသောကြောင့် သုံးတွဲစလုံးမှ မောင်မှိုင်း၏ ဇာတ်လမ်းအချုပ်ကို တင်ပြမှသာ လိပ်ပတ်လည်ကြလိမ့်မည် ထင်ပါသည်။ သတိပြုသင့်သော ဇာတ်လမ်းဆိုင်ရာအချက်များမှာ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းသည် အင်း၀နေပြည်တော်၌ အရှေ့ဝင်းမှူးကြီး၏သမီး ခင်လေးကြီး၏ မေတ္တာနှင့် ပစ္စည်းကို ရပြီးသည့်နောက် ဧရာဝတီမြစ်ကြောင်းကိုစုန်ရင်း မြို့စားယောင်ဆောင်၍၊ ကုန်သည်ယောင်ဆောင်၍၊ ဘုရင်အဝယ်တော်ယောင်ဆောင်၍ မင်းလှမြို့ရောက်သောအခါ မင်းလှမြို့သူနှစ်ယောက်၊ ပြည်မြို့ရောက်သောအခါ ပြည်မြို့သူတစ်ယောက်၊ ရန်ကုန်မြို့ရောက်သောအခါ ရန်ကုန်မြို့သူတစ်ယောက် စသည်ဖြင့် ထိုမြို့သူများကို မောင်မှိုင်းက လူကြီးစုံရာမှာ မင်္ဂလာအကြီးအကျယ်ဆောင်၍ယူသောအချက်၊ ထိုနောက် ဧရာဝတီမြစ်တွင် စုန်ရင်း ဆန်ရင်း မယားယူသေးသောအချက်၊ နောက်ဆုံး၌ မောင်မှိုင်းသည် မင်း၏ လူယုံတော်ဖြစ်လာ၍ ပုဂံမြို့ အတွင်းဝန်ရာထူးအထိ တက်နိုင်ခဲ့သောအချက်၊ ထိုအခါ သူယူခဲ့သော မိန်းမများလည်း အင်း၀တွင် မြို့စား ရွာစားများဖြစ်၍ အချင်းချင်း ဂုဏ်ပြိုင်ကြသောအချက်၊ ထိုနောက် မောင်မှိုင်းသည် မယားများကြားမှာ ဗျာများနေရသောအချက်၊ ထိုအချက်များ ဖြစ်ပါသည်။ မောင်မှိုင်း၀တ္ထု၏ ဇာတ်လမ်းကို စုံစမ်းရာတွင် တတိယတွဲအထိ ထိုအချက်များလောက်ကို သိထားလျှင် လုံလောက်ပါပြီ။ မောင်မှိုင်း၀တ္ထုတတိယတွဲအဆုံးတွင် စတုတ္ထတွဲကို ဆက်ပါဦးမည်ဟု ကြော်ငြာပေးခဲ့ပါသေးသည်။ သို့ရာတွင် စတုတ္ထတွဲကို မတွေ့ရပါ။ ထို့ကြောင့် မောင်မှိုင်းအကြောင်း မည်သို့အဆုံးသတ်သည်ကို မသိနိုင်ပါ။

ဆိုခဲ့သော ဇာတ်လမ်းဆိုင်ရာ အချက်များကိုထောက်လျှင် မောင်မှိုင်း၀တ္ထု၏ ဇာတ်လမ်းသည် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်ရေးသော ဣန္ဒာဝံသ နန်းတွင်းဇာတ်၏ ဇာတ်လမ်းနှင့် ခပ်ဆင်ဆင်တူသည်ဟု ဆိုနိုင်ပါသည်။ ဣန္ဒာဝံသ နန်းတွင်းဇာတ်တွင် ဣန္ဒာဝံသမင်းသားသည် ပဂုတာရီမင်းသမီး၏ မေတ္တာကို ရပြီးသည့်နောက်၊ ထိုတိုင်းပြည် ဤတိုင်းပြည်တို့သို့ လှည့်လည်၍ စိန်ကရာသီမင်းသမီး၊ ပန်းကြာရစာရီမင်းသမီး၊ ဝိတာရစာရီမင်းသမီး၊ ဝဏ္ဏပဒုံမင်းသမီး၊ မြနန်းကလျာမင်းသမီး၊ ပတ္တမြားဒါယူမင်းသမီးတို့ကို သိမ်းပိုက်ပါသည်။ တစ်ဖန် ဣန္ဒာဝံသနန်းတွင်းဇာတ် မြစ်ဖျားခံရာဖြစ်သည်ဟု ဆိုနိုင်သော အီနောင်နန်းတွင်းဇာတ်၌လည်း ထိုဇာတ်လမ်းသဘောမျိုးကိုပင် တွေ့ရပါသည်။ ထို့ကြောင့် မောင်မှိုင်း၀တ္ထုသည် ရှေးခေတ်နန်းတွင်းဇာတ် အစဉ်အလာနောက်ကို လိုက်ခဲ့သည်ဟု ဆိုသင့်ပါသည်။ အီနောင်နန်းတွင်းဇာတ်သည် ယိုးဒယားမှတစ်ဆင့် ရခဲ့သည်ဟု ယူဆကြသော ပသျှူးနန်းတွင်းဇာတ်ဖြစ်သဖြင့် မောင်မှိုင်း၀တ္ထုသည် နန်းတွင်းဇာတ်များ၏ ဇာတ်လမ်းကို ချွတ်စွပ်ယူသုံးသည်ဟု မဆိုသာပါ။ မောင်မှိုင်း၀တ္ထု၏ ဇာတ်လမ်းတွင် တစ်မျိုးတစ်ဖုံ ထူးခြားနေသောကြောင့် ဖြစ်ပါသည်။ နန်းတွင်းဇာတ် အစဉ်အလာကို လိုက်သည်ဟုကား ဆိုနိုင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နန်းတွင်းဇာတ်အစဉ်အလာကို လိုက်သည်ဟု ဆိုခြင်းမှာ ဤသို့ဖြစ်ပါသည်။ မယားအများအပြားယူခွင့်၊ တိုင်းတစ်ပါးက မင်းသမီးများကို သိမ်းယူခွင့်တို့ကို အများဆုံးအသုံးပြုကြသော အာရှဇကရာဇ် ပဒေသရာဇ်ခေတ် နန်းတွင်းဇာတ်ထဲက ဇာတ်ဆောင်မင်းသားများ ပြုမူလှုပ်ရှားသကဲ့သို့ မောင်မှိုင်းဝတ္ထုထဲက ဇာတ်ဆောင် မောင်မှိုင်းကလည်း အလားတူ ပြုမူလှုပ်ရှားသည်ကို ဆိုလိုခြင်းဖြစ်သည်။ နန်းတွင်းဇာတ်ထဲက မင်းသားများသည် စကြာလက်နက်၊ မီးရဟတ်လက်နက်တို့ဖြင့် ရန်သူတို့ကို တိုက်ခိုက်ချေမှုန်းပြီးနောက် ရန်သူ့လက်တွင်းက လွတ်မြောက်လာကြသော မင်းသမီးများကို လက်ဆောင်ပဏ္ဏာအဖြစ် ယူတတ်ကြပါသည်။ မောင်မှိုင်းဝတ္ထုထဲက မောင်မှိုင်းသည် သိကြားပေးသော မင်းသားမဟုတ်သဖြင့် မိန်းမများကို လှောက်ယူရာတွင် အပေါယံ စကားချော စကားလှလက်နက်၊ ဆိုင်သင့်ရာရာတရားစကား၊ စာစကားလက်နက်၊ မျက်ရည်ခံထိုးခြင်းလက်နက်၊ တစ်ဖက်သားအထင်ကြီးအောင် အယောင်ဆောင်ခြင်း သာဌေးယျလက်နက်၊ တစ်ဖက်သား အထင်မှားအောင် လှည့်စားခြင်း မာယာလက်နက်၊ သူများဆီကယူလာသော ပိုးဖဲကတ္တီပါ စိန်ရွှေငွေ အလှပြလက်နက်တို့ကို အသုံးပြု၍ လှုပ်ရှားရပါသည်။ ထို့ကြောင့် ချစ်ခန်းကြိုက်ခန်းနှင့် ရှုပ်ခန်းပွေခန်းတို့သည် ထပ်တလဲလဲပါလွန်းအားကြီးသဖြင့် ဦးကြီးသည် သူ့ခေတ်က ကာလသမီး ကာလသားတို့ မကြိုက်ကြိုက်အောင် မပျော်ပျော်အောင် ဇာတ်ဆောင် မောင်မှိုင်းကို စက်သရုပ်သဖွယ် သံပတ်ပေး၍ ခဏခဏချစ်ရေးအဆိုခိုင်းသော၊ ခဏခဏအရှုပ်ခိုင်း အပွေခိုင်းသော ယုံတမ်းဇာတ်လမ်းကို ဆင်ခဲ့သည်ဟုယူလျှင် ရနိုင်ပါလိမ့်မည်။

ထို့ကြောင့် ဦးကြီး၏ မောင်မှိုင်းဝတ္ထုသည် လူရှုပ်လူပွေတစ်ယောက်၏ ရှုပ်ပုံပွေပုံ၊ မယားများကြားမှာ ဗျာများရပုံအကြောင်းတို့ကို ရယ်ရပျော်ရအောင် ချဲ့ချဲ့ထွင်ထွင်ရေးထားသော အပျော်ဖတ် ယုံတမ်းဝတ္ထုရှည်ကြီး တစ်ပုဒ်ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။ အင်္ဂလိပ်စာပေတွင် ဆယ့်ရှစ်ရာစုနှစ်က ဝတ္ထုဖြစ်သော်လည်း ယနေ့တိုင် အဖတ်အရှုခံနေရသေးသော မောဖလန်းဒါး (Moll Falnders) ခေါ် မိန်းမရှုပ် မိန်းမပွေအကြောင်း ဝတ္ထုမျိုးဖြစ်သည်။ ပြင်သစ်စာပေတွင် ဆယ့်ရှစ်ရာစုနှစ်က ဝတ္ထုဖြစ်သော်လည်း ယနေ့တိုင် အဖတ်အရှု ခံနေရသေးသော ဂီးဗလ (Gil Blas) ခေါ် လူရှုပ်လူပွေအကြောင်း ဝတ္ထုမျိုးဖြစ်သည်။

မောင်ရင်မောင်မမယ်မဝတ္ထုတွင် ဇာတ်လမ်းသည် မကြုံစဖူး ထူးခြားသော အဖြစ်အပျက် ဇာတ်လမ်းသာ ဖြစ်သည်။ မောင်မှိုင်းဝတ္ထု၌ကား ထူးခြားသောသဘောထက် လွန်၍၊ ယုံတမ်းဇာတ်လမ်းသဘောသို့ပင် ရောက်သွားပါသည်။ သို့ရာတွင် မောင်မှိုင်းဝတ္ထု၏ ယုံတမ်းဇာတ်လမ်းတစ်လျှောက်တွင် တွေ့နိုင်သော လူ့သဘာဝ အဖွဲ့အချို့နှင့် အဖြစ်အပျက်ဇာတ်ကွက်အချို့တွင် မြန်မာ့နန်းတွင်းဘဝ ပတ်ဝန်းကျင်၌ တွေ့နေကျဖြစ်နိုင်သော လူ့အမူအရာများကို အနုစိတ်တန်သလောက် အနုစိတ်၍ ဦးကြီးက သရုပ်ဖော်နိုင်သည်ကို တွေ့ရပါသည်။ အထူးသဖြင့် ရွှေနန်းရှင် ဘုန်းတော်ကြီးဘုရားက ရွှေကြက်ယက် ဘုရားဖူး ထွက်တော်မူမည်ဟု မိန့်တော်မူ၍ ရွှေကြက်ယက်၌ ပွဲခင်းစီရင်ရန် ပုဂံအတွင်းဝန်က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မောင်မှိုင်းအား တာဝန်ပေးလိုက်သဖြင့် မောင်မှိုင်းက ပွဲခင်းစီရင်သောအခန်းသည် ဒိဋ္ဌလောကကို အထင်ရှားဆုံး ထင်ဟပ်နိုင်သော အခန်းတစ်ခန်း ဖြစ်သည်ဟု ဆိုချင်ပါသည်။ ထိုအခန်းတွင် ရွှေကြက်ယက်၌ ဆောက်လုပ်နေကြသော မင်းတဲပွဲမဏ္ဍပ်များကို မောင်မှိုင် လာရောက်စစ်ဆေးပါသည်။ ထိုအခါ တပည့်လက်သားများသည် ဓာတ်ပွဲဖြင့် ဧည့်ခံကြပါသည်။ ထိုအခါ မြို့စား ရွာစားများဖြစ်နေကြသော မောင်မှိုင်း၏ မယားရှစ်ယောက်သည် မမျှော်လင့်ဘဲ ရောက်လာကြပါသည်။ ထိုနောက် မင်းစင်ပေါ်တွင် အုပ်စုဖွဲ့ကာ စိန်တဝင်းဝင်း ရွှေတဝင်းဝင်း အချင်းချင်း ဂုဏ်ပြိုင်ကြပါသည်။ လင်တော်မောင် မောင်မှိုင်းကို အမှူးထားလျက် ရေ့တန်းနေရာ လုကြပါသည်။ တစ်ဖက်သားမခံချင်အောင် စောင်းကြ မြောင်းကြ ဆူကြဆောင့်ကြ လုပ်ကြပါသည်။ ထိုအမူအရာများကို ဦးကြီးက အနုစိတ်၍ သရုပ်ဖော်ရာတွင် မြန်မာနန်းတွင်းဘဝ ပတ်ဝန်းကျင်၌ တကယ်တွေ့နိုင်သော အမူအရာမျိုးကဲ့သို့ ဖြစ်သည်ဟု ယုံချင်စရာဖြစ်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။ ထိုအဖွဲ့သည် ဒိဋ္ဌလောကကိုသာမက လူ့လောက၏ ယထာဘူတသဘော (realism)ကိုပါ ထင်ဟပ်နိုင်ခြင်း ရှိသည်ဟု ဆိုနိုင်သည်။ မောင်ရင်မောင် မမယ်မဝတ္ထု၏ ချစ်ခန်း ကြိုက်ခန်း၊ ရွှေဘိုမြို့ဝန်၏သမီးနှင့်တွေ့ခန်း၊ မမယ်မနှင့် ပြန်လည်တွေ့ဆုံခန်းများတွင် ချစ်သူ ကြိုက်သူတို့၏ အမူအရာများကို သရုပ်ဖော်ပုံသည် လူ့လောက၌ ဖြစ်စေချင်သော၊ ရှိစေချင်သော၊ ပြုစေချင်သောဆန္ဒဖြင့် စာရေးဆရာက အမွမ်းတင်၍ လွမ်းစရာ၊ ဆွေးစရာပါအောင် (ဝါ) ဘဝအလွမ်းသဘော (romanticism)ပါအောင် သရုပ်ဖော်ပုံဖြစ်သည်။ မောင်မှိုင်း မယားတစ်စု၏ အုပ်စုလိုက် ဂုဏ်ပြိုင်ကြသော အမူအရာများကို သရုပ်ဖော်ပုံကား လူ့လောက၌ တကယ်ဖြစ်တတ်ခြင်း၊ ရှိတတ်ခြင်း၊ ပြုတတ်ခြင်းတို့ကိုသာ ပြလိုသော ဆန္ဒဖြင့် စာရေးဆရာက အမွမ်းမတင် အရောင်မခြယ်ဘဲ ဟုတ်တိုင်းမှန်ရာကို သတိပြုမိကြအောင် (ဝါ) ယထာဘူတသဘောပါအောင် သရုပ်ဖော်ပုံဖြစ်သည်။ ထို့ကြောင့် ဦးကြီးသည် မောင်မှိုင်းဝတ္ထု၌ ဒိဋ္ဌဓမ္မ ထိုးဓာတ်သဘောတရားကို ကျင့်သုံးရာတွင် ယထာဘူတသဘောကိုပါ ထည့်ပြနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အထက်ကဆိုခဲ့သော မောင်ရင်မောင်မမယ်မဝတ္ထုဆိုင်ရာ အချက်များနှင့် မောင်မှိုင်းဝတ္ထုဆိုင်ရာ အချက်များကို စာရင်းချုပ်၍ အနှစ်ထုတ်လိုက်လျှင် ဤသို့သိနိုင်ပါသည်။ ဒိဋ္ဌလောကကို ထင်ဟပ်ရသော ဝတ္ထုအဖွဲ့မျိုးသည် ၁၉၀၄ ခုနှစ်တွင် ရေးဦးစွာ မောင်ရင်မောင်မမယ်မဝတ္ထုဟုခေါ်သော ပြင်သစ်တစ်ပိုင်း မြန်မာတစ်ပိုင်းဖြစ်သော ပြင်သစ်မြန်မာ ကာလပေါ် ဝတ္ထုအဖြစ်ဖြင့်လည်းကောင်း၊ ထို့နောက် မောင်မှိုင်းဝတ္ထုဟုခေါ်သော မြန်မာနန်းတွင်းဓာတ် အစဉ်အလာမှ ဆင်းသက်လာသည့် ပထမမြန်မာကာလပေါ်ဝတ္ထု အစစ်အဖြစ်ဖြင့်လည်းကောင်း၊ မြန်မာစာပေလောကသို့ ဝင်လာသည်ဟု သိနိုင်ပါသည်။ ဝင်လာသောအခါ အဆင့်အတန်းကောင်းသော ရသစာပေ၊ အခြေခံဓာတ်နှစ်ခု ပါလာသည်ကို တွေ့ရပါသည်။

၁။ ဓာတ်တစ်ခုမှာ ထိုဝတ္ထုနှစ်ပုဒ်နှင့်အတူ ဒိဋ္ဌဓမ္မထိုးဓာတ်သဘောတရားသည် ဖဝါးခြေထပ် လိုက်ပါလာခြင်း ဖြစ်သည်။ မြန်မာစာပေလောကတွင် ထိုးဓာတ်သဘောတရားသည် မရှိမဟုတ်။ ရှိသင့်သလောက် ရှိခဲ့ပါသည်။ ပုံဆောင်ရလျှင် ရှေးခေတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က ရေးခဲ့သော ရတနာ့ကြေးမုံဝတ္ထုသည် ထိုးဇာတ်သဘောတရားအတွက် သာဓက တစ်ခု ဖြစ်သည်။ သို့ရာတွင် ထိုထိုးဇာတ်သဘောတရားသည် ဒိဋ္ဌလောကကို ထင်ဟပ်နိုင်သော ဒိဋ္ဌဓမ္မထိုးဇာတ်သဘောတရားမဟုတ်။ ယုံတမ်းအမှုအရာတို့ကို ဖွဲ့တတ်သော ယုံတမ်းထိုးဇာတ်သဘောတရားသာ ဖြစ်နေပါသည်။ အဘယ့်ကြောင့် ဆိုသော် ရတနာ့ကြေးမုံဝတ္ထုတွင် ဇာတ်လမ်းမှာရော၊ အဖြစ်အပျက်နှင့် လူ့သဘာဝ တိုကို အနုစိတ်၍ ပြနိုင်ရသော ဇာတ်ကွက်များမှာရော၊ ယုံတမ်းသဘောကသာ လွှမ်းမိုးနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

၂။ နောက်တစ်ခုမှာ ထိုဝတ္ထုနှစ်ပုဒ်တွင် ဒိဋ္ဌဓမ္မထိုးဇာတ်သဘောတရားကို ကျင့်သုံးပြရာ၌ ဘဝအလွမ်းသဘောရော၊ ယထာဘူတသဘောရော ပါလာနိုင်ခြင်း ဖြစ်သည်။ ပါပုံ ရင့်ကျက်ခြင်းမရှိသေး၊ အဟောင်းဓလေ့နှင့် ထွေးရောယှက်တင် ရှိနေသေးသည် ဟုသာ ဆိုချင်လျှင် ဆိုနိုင်ပါသည်။

၁၉၁၇ ခုနှစ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ အတွဲ ၇၊ အပိုင်း ၂ တွင် ဆရာကြီး ဦးဖေမောင်တင်က မြန်မာကာလပေါ်ဝတ္ထုအကြောင်းနှင့်ပတ်သက်၍ မြန်မာကာလ ပေါ်ဝတ္ထု ပေါ်လာခြင်းသည် ယုံတမ်းလောကထဲ၌သာ မွေ့လျော်နေကြသော စာဖတ် ပရိသတ်ကို လှုပ်နှိုးလိုက်၍ ဒိဋ္ဌလောကကို မြင်တတ်အောင် ပြုပေးလိုက်ဘိသကဲ့သို့ ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ ၁၉၁၈ ခုနှစ် ထိုအသင်းဂျာနယ် အတွဲ ၈၊ အပိုင်း ၁ တွင် ဒေါက်တာဘဟန်က မောင်မှိုင်းဝတ္ထု ပထမတွဲကို ဝေဖန်ရာ၌လည်း မြန်မာကာလပေါ်ဝတ္ထု ပေါ်ပေါက်လာနိုင်ခြင်းသည် ကျေးဇူးများကြောင်း၊ ဒိဋ္ဌလောက သရုပ်ဖော်သဘောသည် ယုံတမ်းလောကကို တိုက်ထုတ်လိုက်ပြီဖြစ်ကြောင်း၊ လူ့လောက၌ မြင်နေကျ၊ ကြားနေကျ ဖြစ်သော လူ့အမှုအရာတို့ကို ရသမြောက်အောင် ဖွဲ့နိုင်ကြပြီ ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ ထိုအဆိုအမိန့်တို့သည် ရှေ့ပြေးအမြင်ပါသော အဆိုအမိန့်တို့ ဖြစ်သည်။ ထိုအဆိုအမိန့် တို့ကိုထောက်လျှင် နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့မျိုးသည် ထိုခေတ်မှစ၍ မြန်မာ စာပေလောက၌ နေရာတစ်စွန်းတစ်စကို ရလာပြီဟု ယူဆနိုင်ပါသည်။

ယခုအခါ၌ကား နော်ဗယ်ဟုခေါ်သော ဝတ္ထုအဖွဲ့အမျိုးကို စောဒကမတက်ကြတော့ ပါ။ အရပ်ကရော၊ စာပေလောကကရော ကြည်ကြည်ဖြူဖြူ လက်ခံထားကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ သို့ရာတွင် ဦးလှကျော်နှင့် ဦးကြီးတို့ခေတ်တုန်းကသော် မြန်မာ စာပေလောကတွင် ထိုဝတ္ထုအဖွဲ့မျိုးကို မကျေနပ် မကြည်ဖြူနိုင်ကြသော အစိတ်အပိုင်း ရှိခဲ့ဖူးသည်ကို တွေ့ရပါသည်။ ထိုအစိတ်အပိုင်းသည် ထိုဝတ္ထုအဖွဲ့မျိုးကို စောဒကတက် ၍ သူတို့၏ မကျေနပ်ပုံကို ထိုခေတ်က မြန်မာသတင်းစာ တစ်စောင်ဖြစ်သော ဇမ္ဗူ ကျက်သရေ သတင်းစာ၌ ဆောင်းပါးရေး၍ ဖော်ပြကြပါသည်။ ထိုသို့ ဖော်ပြခြင်းသည် သင့်သည်ဟု ယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်ယဉ်ကျေးမှုအခံကလည်း အထုအထည်နှင့် ရပ်တည်ပြီး ရှိနေသည်ဖြစ်ရာ အသစ်ကို လက်ခံချင်စေကာမူ နှိုင်းနှိုင်းညှိညှိ စိစစ်ဆေးဆေး မေးမေးမြန်းမြန်းပြုပြီးမှသာ လက်ခံခြင်းမျိုး ဖြစ်နိုင်သောကြောင့်ဖြစ်သည်။

မကျေနပ်ကြပုံနှင့်ပတ်သက်၍ ၁၉၀၄ ခုနှစ်၊ သြဂုတ်လအစလောက်မှ စက်တင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘာလ အစလောက်အထိ ကာလအတွင်း ထုတ်ဝေသော ဗမ္ဘာ့ကျက်သရေသတင်းစာများတွင် ဆောင်းပါးရှင်များ အပြန်အလှန်ရေးကြသော ဆောင်းပါး ၇ ပုဒ်နှင့် ဗမ္ဘာ့ကျက်သရေသတင်းစာ အယ်ဒီတာ၏ ခေါင်းကြီးပိုင်း နှစ်ပုဒ်ကို တွေ့ရပါသည်။ ဆောင်းပါးရှင် လေးဦးရှိသည့်အနက်၊ တစ်ဦးသည် ဘွဲ့မည်ရင်းဖြင့်ရေးသော ရွှေကျင်မြို့၊ မန္တလေးကျောင်းဆရာတော် ဦးအာသဘ ဖြစ်သည်။ ကျန်သုံးဦးသည် အမည်ရင်းကိုဝှက်၍ ကလောင်ဘွဲ့တပ်ထားသော 'မောင်သိလို'၊ 'မောင်ဆင်ခြင်'၊ 'နမုစိ'တို့ ဖြစ်သည်။ ဆောင်းပါးတစ်စောင်တွင် မောင်မှိုင်းဝတ္ထုကို ရည်ညွှန်းဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုအချက်ကို ထောက်လျှင် အဆိုပါဆောင်းပါးများကို မရေးကြခင် မောင်ရင်မောင်မမယ်မဝတ္ထုနှင့် မောင်မှိုင်းဝတ္ထုတို့ထွက်ပြီး ဖြစ်နေပြီဟု သိနိုင်ပါသည်။ ထိုဆောင်းပါးများ၏ အာဘော်များကိုထောက်လျှင် ကာလပေါ်ဝတ္ထုအပေါ်၌ မကျေနပ်ကြသော အချက်နှစ်ချက် ရှိသည်ကို တွေ့ရပါသည်။ ပထမအချက်သည် ဝတ္ထုဆိုသော ဝေါဟာရအသုံးနှင့်ပတ်သက်၍ ချစ်ခန်းကြိုက်ခန်း၊ ချစ်စကားကြိုက်စကား ပြောခန်းတို့ပါသော စာမျိုးကို ရတနာသုံးပါးနှင့်ဆိုင်သော တေမိဝတ္ထု၊ ဇနကဝတ္ထု၊ ဝေဿန္တရာဝတ္ထုများကဲ့သို့ ဝတ္ထုဟုခေါ်လျှင် မသင့်ဟု ယူဆချင်ကြောင်း တင်ပြသောအချက် ဖြစ်သည်။ ထိုတင်ပြချက်ကို ဦးလှကျော်၏ ဇာတိဖြစ်သော ရွှေကျင်မြို့က ဆရာတော်ဦးအာသဘက ဝတ္ထုဆိုသော ဝေါဟာရသည် အကြောင်းဟူသော အနက်ကိုလည်း ဟောကြောင်း၊ ထို့ကြောင့် အကြောင်းတစ်ခုခုကို ရေးသော စာမျိုးကို ဝတ္ထုဝေါဟာရတပ်၍ သုံးနိုင်ခွင့်ရှိကြောင်း၊ ဝေါဟာရတစ်ခုတည်းကို ပင် သဒ္ဒါတစ်ပါးနှင့် ပေါင်းသင်း၍ သုံးပါက ပကရဏကိုလိုက်၍၊ လိင်ကိုလိုက်၍၊ အသင့်ကိုလိုက်၍၊ ကာလကိုလိုက်၍၊ ဒေသကိုလိုက်၍၊ အနက်ကို ဆုံးဖြတ်ပြီးနောက် ခေါ်ဝေါ်သုံးစွဲမြဲ ဓမ္မတာရှိကြောင်း ပြန်ဖြေပါသည်။ သို့ရာတွင် အမည်ဝှက် ကလောင်ဘွဲ့ ဆောင်းပါးရှင် သုံးဦး၏ အာဘော်မှာ အဆိုပါ ခေတ်ပေါ်စာများကို ဝတ္ထုဟုခေါ်လျှင် ဘုရားဟောနိပါတ် ဇာတ်ဝတ္ထုနှင့် ရှုပ်ထွေးကုန်မည် ဖြစ်သောကြောင့် အယူအဆ တက်တက်စင် ငါးပါးမှောက်၍ ရောက်တတ်ရာရာ ဖြစ်ရန်ရှိကြောင်း တင်ပြလျက် မိမိတို့၏ အယူအဆကို စိုးရိမ်တကြီးဖြင့် အတင်းဆုပ်ကိုင်ထားကြသည်ကို တွေ့ရပါသည်။

ဒုတိယ မကျေနပ်ချက်တစ်ခုမှာ မိဖြူနှင့် ငမဲချစ်ကြိုက်ပုံ၊ လူပျိုလှည့်ပုံ၊ ကွဲကြသဖြင့် ဒုက္ခရောက်ပုံ စသည်တို့ကို ကလေးများ စကားပြောသကဲ့သို့ ရေးကြသော စာမျိုးသည်လည်းကောင်း၊ ကိလေသာတဏှာရာဂကို အားပေးနှိုးဆော်၍ ရေးကြသော မဟုတ်မမှန် ဒဏ္ဍာရီပုံပြင်ဝတ္ထုဇာတ်သီချင်းတို့သည်လည်းကောင်း သိမ်ဖျင်းသေးနုပ်သော သမ္ဖပ္ပလာပဝစီဒုစရိုက်တို့သာ ဖြစ်ကြောင်း ဖော်ပြကြသောအချက် ဖြစ်ပါသည်။ ထိုမကျေနပ်ချက်ကို အမည်ဝှက် ကလောင်ဘွဲ့ခံ ဆောင်းပါးရှင် သုံးဦးကရော ဗမ္ဘာ့ကျက်သရေသတင်းစာ အယ်ဒီတာကရော တစ်ခါတစ်ရံ သိမ်သိမ်မွေ့မွေ့၊ တစ်ခါတစ်ရံ ငေါ့တော့တော့ စောင်းတောင်းတောင်းရေး၍ ဖော်ပြကြပါသည်။ 'နမုစိ'ဆိုသော ကလောင်ဘွဲ့ခံ ဆောင်းပါးရှင်သည် မောင်မှိုင်းဝတ္ထုကို ဝေဖန်ရာတွင် '၇ ရက်တစ်ပတ်၊ တစ်ကြိမ် နှစ်ကြိမ် ထုတ်ဝေသော သတင်းစာဟူသ၍တို့မှာ မကင်းတဏှာ၊ လေ့ူအတို့ကို၊ မှူအစပြုပြီး ထုတ်လိုက်ပါ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟာ–ဟာ–ဟာ အရင်တစ်ခါ။ ဟန်လိုက်လေ အယ်ဒီတာမင်းရယ်။ ဘာ့ကြောင့်လဲဆိုတော့၊ သမ္ဗုဒ္ဓလာပ အယုတ်အညစ်အညမ်းပေါ်တဲ့၊ ဘုတ်အသစ်အဆန်း မောင်မှိုင်းဝတ္ထုဟာ ဟဲသာဝတီ သတင်းစာကို ကပ်၍ ဖျတ်ဆိုထုတ်လိုက်ရင်ပဲ၊ ကြိုက်လိုက်ကြတာ အယ်ဒီတာမင်းရယ်"ဟုပင် မောင်မှိုင်းဝတ္ထုကို အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောင်ကျကျ မေးငေါ့လိုက်သေးသည်ကို တွေ့ရပါသည်။

ထိုဆောင်းပါးများသည် အသစ်ကို အဟောင်းက တိုက်သော ၂၀ ရာစုနှစ်ခေတ်ဦးက မြန်မာစာပေတိုက်ပွဲတစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုစာပေတိုက်ပွဲကြောင့် စာဖတ်ပရိသတ်သည် အတော်အတန် လှုပ်လှုပ်ရှားရှား ဖြစ်သွားလိမ့်မည်ဟု ထင်ပါသည်။ ထိုဆောင်းပါးများကို ယခုခေတ်တွင် ဖတ်ကြည့်၍ ချိန်ကြည့်သောအခါ ထိုဆောင်းပါးများသည် စိတ်မောစရာလည်းကောင်း၍ ဝမ်းမြောက်စရာလည်း ကောင်းသည်ကို တွေ့ရပါသည်။ စိတ်မောစရာကောင်းသည်မှာ တင်ပြဆွေးနွေးကြရာ၌ တစ်မျိုးတစ်ဖုံ ပြောင်းလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပတ်ဝန်းကျင် အခြေအနေအရ အသစ်ဝင်လာသော သဘောတစ်ခုကို လက်ရှိ အကြိုက်ဟောင်းဖြင့်သာလည်းကောင်း၊ လက်ရှိ အသိဟောင်း အာဂမယုတ္တိစာစကားတို့ဖြင့်သာလည်းကောင်း၊ ချိန်ထိုးစဉ်းစား၍ ဆွေးနွေးနေကြသဖြင့် အသိတရားသစ်စခန်း၊ ပညာသစ်စခန်းသို့ မဆိုက်နိုင်ကြသောကြောင့် ဖြစ်သည်။ မိမိတို့၏ အယူအဆကို စိုးရိမ်တကြီးဖြင့် ဆုပ်ကိုင်ထားချင်သလိုလို၊ ကာလပေါ်ဝတ္ထုရေးသူကို ပုတ်ခတ်ချင်သလိုလို ပြုကြသော အရိပ်နိမိတ်တို့ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုခေတ်တုန်းက ထိုသို့ဖြစ်ခဲ့ရခြင်းသည် ချစ်ခန်း၊ ကြိုက်ခန်း၊ ချစ်စကား၊ ကြိုက်စကား ပြောခန်း၊ ကွဲကြခန်း၊ ဒုက္ခရောက်ကြခန်းတို့ကို အလေးပေး၍ ရေးနေကြသော စာကိုယ်များနှင့် ဒိဋ္ဌလောကကို ထင်ဟပ်ရသော ဝတ္ထုအဖွဲ့မျိုး၏ ဒိဋ္ဌဓမ္မ ထိုးဇာတ်သဘောတရားကို ခွဲခြား၍ မကြည့်ခဲ့ကြ သောကြောင့် ဖြစ်သည်ဟု ဆိုချင်ပါသည်။ လက်တွေ့ကျင့်သုံးနေကြပုံ သရုပ်နှင့် သဘော တရားကို ခွဲခြား၍ မမြင်ခဲ့ကြသောကြောင့် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဘစ်နည်းဆိုရသော် လက်တွေ့ကျင့်သုံးပုံ နုနယ်နေသေးသည်။ ချို့တဲ့နေသေးသည်တို့ကို အပြစ်တင်စောလွန်း လှသဖြင့် သဘောတရားကိုပါ ငြင်းဆန်ရာရောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အကယ်၍ ဂျပန်ပြည်တွင် ဂျပန်စာရေးဆရာ ရှိုယိုက ကာလပေါ်ဝတ္ထုအဖွဲ့မျိုး၏ သဘော တရားကို စာတမ်းတစ်စောင်တစ်ဖွဲ့ ရေးသားဖွင့်ဆိုခြင်း ပြုသကဲ့သို့ မြန်မာစာပေကိုရော အင်္ဂလိပ်စာပေကိုရော တတ်ကျွမ်းသော ဦးလှကျော်ကလည်း အလားတူ ပြုခဲ့ခြင်းရှိလျှင် ဇမ္ဗူ့ကျက်သရေ သတင်းစာ စစ်တလင်းက မြန်မာစာပေတိုက်ပွဲပုံစံသည် တစ်မျိုးတစ်ဖုံ ဖြစ်ရာသည်ဟု မှန်းကြည့်မိပါသည်။ ဖြစ်ခဲ့သော တိုက်ပွဲပုံစံအရသော် ဆိုခေတ် မြန်မာစာပေလောကတွင် ကာလပေါ်ဝတ္ထုအဖွဲ့မျိုးကို လက်မခံချင်သော ဆန္ဒသည် လက်ခံချင်သော ဆန္ဒကို လက်ရှိအကြိုက်ဟောင်းဖြင့်လည်းကောင်း၊ လက်ရှိ အသိဟောင်း အာဂမယုတ္တိ စာစကားတို့ဖြင့်လည်းကောင်း အနိုင်ယူလိုက်ဟန်တူပါသည်။ သို့ရာတွင် ကာလပေါ်ဝတ္ထုအဖွဲ့မျိုးကို လက်မခံချင်သောဆန္ဒသည် ဒိဋ္ဌလောကထဲက လူ့သဘာဝကိုကား အနိုင်မရခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် မောင်ရင်မောင်မမယ်မဝတ္ထုနှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မောင်မှိုင်းဝတ္ထု ထွက်လာပြီးသည့် နောက် ကာလပေါ် မြန်မာဝတ္ထုများသည် နှစ်စဉ်နှစ်တိုင်း အဆက်မပြတ် ထွက်လာကြ သည်မှာ ယနေ့တိုင် ရှင်းနေသောကြောင့်ပင်။

ဝမ်းမြောက်စရာကောင်းသော အချက်မှာ ဆိုခဲ့သော ဇာတကဆောင်းပါးများသည် ဝတ္ထုဆရာများကို သတိတရားဖြစ်ကြအောင် နှိုးဆော်သကဲ့သို့ ပြုမူရာရောက်သောအချက် ဖြစ်သည်။ နော်ဗယ်ခေါ် ဝတ္ထုအဖွဲ့မျိုးသည် ဒိဋ္ဌလောက အမူအရာတို့ကို ကျယ်ကျယ် ပြန့်ပြန့် သရုပ်ဖော်တတ်ရသည်ဖြစ်သဖြင့် လူ့တစ်သက်တွင် အခန်းတစ်ခန်းအဖြစ် ပါဝင် နေသော အချစ်အကြိုက်သဘာဝကို သရုပ်ဖော်ရသည့်အခါ ရှိချင်လျှင်လည်း ရှိလာရသည်။ ရှောင်၍ရမည်မထင်ပါ။ သို့ရာတွင် အချစ်အကြိုက်သဘာဝကို စိတ်လေလွင့်စရာဖြစ် အောင်၊ လမ်းလွဲလိုက်စရာဖြစ်အောင်၊ အကျင့်စာရိတ္တပျက်စရာဖြစ်အောင်လောက်သာ အသားပေးလှုံ့ဆော်လျက် ဝတ္ထုရေးသားကြလျှင်ကား စိုးရိမ်စရာဖြစ်ပါသည်။ ထိုကြောင့် ဝတ္ထုအဖွဲ့မျိုးကို လက်မခံချင်ကြသော အစိတ်အပိုင်းသည်၊ ဝတ္ထုအဖွဲ့မျိုးကို သမ္မပ္ပလာပ ဝစီဒုစရိုက်စာမျိုးဟုဆို၍ စိုးရိမ်တကြီးဖြင့် တားမြစ်ခြင်းပြုကြသည် ထင်ပါသည်။ ထိုသို့ တားမြစ်ခြင်းသည် သဘောတရားသစ်ကို ကျင့်သုံးကြရာတွင် အလွဲအမှား အလွန်အကျွံ မဖြစ်နိုင်ကြအောင် နောက်မှလိုက်၍ ထိန်းပေးနေသည်နှင့် တူသည်ဟု ထင်ပါသည်။ ထို့ကြောင့် ဇာတကဆောင်းပါးရှင်များ၏ ဇာတကကို ဝမ်းမြောက်စရာအချက်ဟု ဆိုခဲ့ ခြင်းဖြစ်ပါသည်။

ဤစာတမ်း၌ နောက်ဆုံး တင်ပြချင်သည်မှာ ဤသို့ ဖြစ်သည်။ အသိဉာဏ်ပညာ ကိစ္စနှင့် ပတ်သက်၍ မြန်မာတို့တွင် စကားတစ်ခုရှိသည်ကို သတိပြုမိပါသည်။ ထိုစကား သည် အလိမ္မာစာမှာရှိသည်ဆိုသော စကား ဖြစ်သည်။ ထိုစကားသည် မှန်သောစကား ဖြစ်သည်။ သို့ရာတွင် စာထဲသို့ အလိမ္မာရောက်လာရာ ရောက်လာကြောင်းဖြစ်သောအရင်း အမြစ်တစ်ခုသည် ဒိဋ္ဌလောကနှင့် ထိရတွေ့ရ၍ စိတ်ထဲ၌ ဖြစ်ပေါ်လာသော ခံစားမှု အတွေ့အကြုံ ဖြစ်သည်ဆိုသောအချက်ကိုလည်း သတိပြုအပ်ကြပါသည်။ ယခု စုံစမ်းခဲ့သော မောင်ရင်မောင်မမယ်မဝတ္ထုနှင့် မောင်မှိုင်းဝတ္ထုတို့သည် တစ်စိတ်တစ်ဒေသအားဖြင့် ဒိဋ္ဌ ဓမ္မ ထိုးဇာတ်သဘောတရားကို ကျင့်သုံးလျက် အလိမ္မာ၏ အရင်းအမြစ် တစ်ခုဖြစ်သော ခံစားမှု အတွေ့အကြုံများကို ရသမြောက်အောင် သရုပ်ဖော်တင်ပြနိုင်သောစာများ ဖြစ် သည်ဟု ယူဆပါသည်။ ထို့ကြောင့် နိပါတ်ဇာတ်ဝတ္ထုများကိုသာ အစဉ်တစိုက် အင်ကြီး အားကြီးဖြင့် ရေးဖွဲ့လာခဲ့ကြသော မြန်မာစာပေ၏သမိုင်းတွင် ထိုဝတ္ထုနှစ်ပုဒ်သည် တစ်မူ ထူးလာသော စာပေအဖွဲ့တစ်ခုအဖြစ်ဖြင့် မှတ်တိုင်သစ်တစ်ခုကို ထူနိုင်ခဲ့သည်ဟု ဆိုချင်ပါ သည်။ ထိုမျှသာမကသေးပါ။ မြန်မာ့ဉာဏဗလနှင့် ယဉ်ကျေးမှုသမိုင်း၌၊ ပတ်ဝန်းကျင်ကို ရှု၍ အတွေးအခေါ် ပြုနိုင်ရေးအတွက်လည်းကောင်း၊ အသိတရားရှာနိုင်ရေးအတွက်လည်း ကောင်း၊ ပညာသဘောကို နှလုံးသွင်းနိုင်ရေးအတွက်လည်းကောင်း၊ ထိုဝတ္ထုနှစ်ပုဒ်သည် လမ်းကြောင်းအသစ်တစ်ခုကို၊ ထွင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုချင်ကြောင်း တင်ပြရခြင်း ဖြစ်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## နောက်ဆက်တွဲ
## စော်ကဲဝတ္ထုအကျဉ်းချုပ်*
## [မြန်မာဘာသာပြန်]

ရှေးသရောအခါ ရွာတစ်ရွာ၌ စော်ကဲဟုခေါ်သော လုလင်ပျိုတစ်ဦးသည် ရှိ၏။ စော်ကဲသည် တစ်ဦးတည်းသောသား ဖြစ်သဖြင့် မိဘနှစ်ပါးသည် စော်ကဲကို အလွန်ချစ်ကြသည်။ စော်ကဲသည် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ရေမြေ့ရှင်ဘုရင်မင်းမြတ်၏အမိန့်ဖြင့် တစ်အိမ်တစ်ယောက်ထွက်၍ ဘုရင့်လှေတော်များအတွက် သစ်ခုတ်ပေးရမည်ဟု ရွာတိုင်းတွင် ရွာသူကြီးကဆင့်သည်။ ထိုအခါ စော်ကဲ၏အဖသည် စော်ကဲကို ချစ်လွန်းလှသဖြင့် သားကိုမခိုင်းရက်ဘဲ အဖကိုယ်တိုင် ရွာသားများနှင့်အတူ သစ်တောရှိရာသို့သွား၍ သစ်ခုတ်လေသည်။ စော်ကဲ၏တာဝန်မှာ အဖထံသို့ ထမင်းပို့ရခြင်းသာ ဖြစ်သည်။

စော်ကဲ၏ အိမ်တွင် စော်ကဲ၏မိခင်သည် ဝက်နှစ်ကောင်မွေးထားသည်။ ဝက်သားဟင်းစားချင်လှသော စော်ကဲသည် ဝက်ကို မိခင်ထံမှ အလွယ်တကူမရနိုင်ဟု သိသဖြင့် အကြံထုတ်လေ၏။ တစ်နေ့သောအခါ ဖခင်ထံသို့ ထမင်းပို့ရာမှပြန်လာသော စော်ကဲသည် အိမ်သို့ရောက်သောအခါ တော၌ ဖခင်သည် သစ်ပင်ပိ၍ သေဆုံးပြီဖြစ်ကြောင်း၊ မြှုပ်နှံလိုက်ပြီဖြစ်ကြောင်း ပြော၍ ငိုကြွေးမြည်တမ်းလေသည်။ ထို့နောက် ဝက်သားဟင်းထည့်၍ နက်ဖြန် ဆွမ်းကပ်ပါမည့်အကြောင်း၊ တောင်းပန်ပြောဆိုလေသည်။ တစ်ဖန် ဖခင်ရှိရာသို့ ပြန်ရောက်အခါ မိခင်သည် ရွာတွင် ဝမ်းရောဂါဖြင့် သေဆုံးကြောင်း ငိုယိုကာပြော၍ မိခင်၏အလောင်းကို သင်္ဂြိုဟ်ရန် ငွေတောင်းပြန်သည်။ စော်ကဲသည် ဖခင်ထံမှ ငွေကိုယူ၍ မိခင်ထံသို့ ပြန်လာသည်။ နောက်တစ်နေ့တွင် စော်ကဲသည် ဝက်သားဟင်းနှင့် ထမင်းကို စားရလေသည်။

* **East and West: The Confession of a Princess, London, Jarrolds (n.d) Appendix: "The Story of Saw Kay"**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤသို့ဖြင့် တစ်နေ့ကုန်ခါနီးလောက်တွင် စော်ကဲသည် အကြံတစ်မျိုးထုတ်ပြန်သည်။ တစ်နေ့တွင် စော်ကဲသည် ဖခင်ထံသို့လာ၍ မိခင်နှင့်အလွန်တူသော မိန်းမတစ်ဦးကို သူတွေ့ခဲ့ကြောင်း၊ ထိုမိန်းမကို ဖခင်ယူသင့်ကြောင်း၊ မိုးကျသောအခါ သူစီမံပေးမည်ဖြစ်ကြောင်း ပြောသည်။ တစ်ဖန် မိခင်ထံသို့ ရောက်ပြန်သောအခါ ဖခင်နှင့်အလွန်တူသော သူတစ်ဦးကို သူတွေ့ခဲ့ကြောင်း၊ ထိုသူကို မိခင်ယူသင့်ကြောင်း၊ မိုးကျသောအခါ သူစီမံပေးမည်ဖြစ်ကြောင်း ပြောပြန်သည်။ မိုးကျလာ၍ သစ်ခုတ် လုပ်ငန်းသိမ်း၍ ဖခင်ပြန်လာမည့်နေ့တွင် စော်ကဲသည် မိခင်၏အိမ်၌ အခမ်းအနားကို စီစဉ်ထားသည်။ နေဝင်ဖျိုးဖျအချိန်တွင် ဖခင်သည် ရွာသို့ရောက်လာ၍ ဖခင်အား အခန်းအပ်သည်နှင့် တစ်ပြိုင်နက် စော်ကဲကို ဆိုကြဆဲကြသော မိဘနှစ်ပါး၏အသံတို့သည် မြည်လာသည်ဖြစ်ရာ စော်ကဲသည် အဖထံမှ ယူထားသော ငွေကိုလည်းကောင်း၊ မင်္ဂလာဆွမ်းအတွက်လှူထားသော ဝက်ပေါင်ကိုလည်းကောင်း၊ မန္တလေးပုဆိုးတစ်ထည်ကိုလည်းကောင်း ယူ၍ ပြေးလေတော့သည်။

စော်ကဲပြေးရာလမ်းတွင် စော်ကဲသည် ကရင်ရွာတစ်ရွာသို့ဝင်သည်။ ထိုရွာတွင် သူယူလာသော ဝက်ပေါင်ကိုပြ၍ ငွေတစ်ရာလိမ်၍ ယူလိုက်သည်။ ထို့နောက် မြန်မာရွာတစ်ရွာသို့ ရောက်ပြန်သည်။ ထိုရွာတွင် မြန်မာမင်း၏ အဝယ်တော်များနှင့်တွေ့ရာ စော်ကဲသည် ဆေးတောင်ဝှေးပရိယာယ်ဆင်၍ ထိုအဝယ်တော်များထံမှ ငွေတစ်ထောင်လိမ်၍ ယူလိုက်သည်။ ထို့နောက် ခရီးဆက်ပြန်ရာ ရွာတစ်ရွာသို့ရောက်သည်။ အပျိုမ မရွှေနှင့်တွေ့၍ အကြောင်းဆက် ပေါင်းဖက်နေထိုင်ကြသည်။

ထို့နောက် အလိမ်ခံရသော အဝယ်တော်များသည် စော်ကဲကို လိုက်လံရှာဖွေရာ စော်ကဲကို တွေ့ကြသည်။ စော်ကဲကို ကြိုးဖြင့်တုပ်၍ ခြင်းတောင်းကြီး၌ထည့်သည်။ သင့်တော်သောအချိန်တွင် ခြင်းတောင်းကြီးကို ဧရာဝတီမြစ်ထဲသို့ ပစ်ချလိုက်ရန် ဖြစ်သည်။ ဤသို့ဖြင့် မြစ်ကမ်းပါး၌ စော်ကဲရှိနေစဉ်၊ အစောင့်များမရှိခိုက် လှေတစ်စင်းသည်၊ ကမ်းသို့ ကပ်လာသည်။ ထိုအချိန်တွင် လူလိမ်လူကောက် စော်ကဲကို ဖမ်းမိပြီဖြစ်၍ အနီးအနားရှိရွာတွင် ဗုံမောင်းတီးကာ ပျော်ရွှင်နေကြသည်။

လှေမှတက်လာသော လှေသူကြီးသည် ကမ်းပေါ်တွင် စော်ကဲကို မြင်သောအခါ မေးလေသည်။ ထိုအခါ စော်ကဲက နေပြည်တော်၌ ဘုရင်မင်းမြတ် နတ်ရွာစံကြောင်း၊ မင်းလောင်းလိုက်ရှာကြရာ ဟူးရားပညာရှိတို့က သူ့ကို မင်းလောင်းဟု ဟောကြသဖြင့် မင်းလုပ်ရန် သူ့ကိုတောင်းပန်ကြကြောင်း၊ သူကမူ မင်းအဖြစ်ကို အလိုမရှိဟု ငြင်းမိသဖြင့် ယခုကဲ့သို့ ခြင်းတောင်း၌ အတင်းအကျပ် အထည့်ခံရကြောင်း၊ များမကြာမီ သူ့ကို နေပြည်တော်သို့ဆောင်ယူ၍ မင်းမြှောက်ကြတော့မည်ဖြစ်ကြောင်း ငိုယို၍ပြောလေသည်။ ထိုအခါ လှေသူကြီးက သူ့လှေနှင့်တကွ လှေပါပစ္စည်းတို့ကို စော်ကဲက ယူပါ၊ သူ့ကို ခြင်းတောင်း၌ ဝင်၍နေခွင့်ပေးပါဟုဆိုရာ စော်ကဲက သဘောတူသဖြင့် နေရာချင်းလဲလိုက်ကြသည်။ ဤသို့ဖြင့် စော်ကဲလွတ်မြောက်လေတော့သည်။

၁၉၆၀။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## မြန်မာစာပေ ဝေဖန်ချက်

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကာလမှစ၍ မြန်မာနိုင်ငံသည် ဘဝအမျိုးမျိုးကို ပြောင်းလဲ ဆင်ယင်ခဲ့သည်။ နိုင်ငံရေး အဆင့်အတန်းတွင် လွတ်လပ်သောနိုင်ငံဘဝမှ မလွတ်လပ်သော နိုင်ငံဘဝသို့ လျှောကျသက်ဆင်းခဲ့သည်။ နိုင်ငံရေးသဘောတရားတွင် သက်ဦးဆံပိုင်ဘဝမှ ပြည်သူ့ဆန္ဒစနစ်ဘဝသို့ တစ်စတစ်စကူးပြောင်းခဲ့သည်။ တစ်ဖန် ပညာရေး၊ စီးပွားရေး၊ လူမဆက်ဆံရေး အစရှိသော လူမှုရေးရာကိစ္စများ၌လည်း မြန်မာနိုင်ငံ၏ဘဝသည် တစ်စ တစ်စ ကျယ်ဝန်းခဲ့သည်။

### ပြောင်းလဲလာမှုကြောင့်...

ထိုသို့သော ပြောင်းလဲမှုများ ရှိလာသောကြောင့် မြန်မာတို့၏ အတွေ့အကြုံ အယူအဆ အကြိုက် အစရှိသော စိတ်ဓာတ်တို့သည်လည်း ပြောင်းလဲလာကြပြန်ရာ ထိုစိတ်ဓာတ်တို့ တစ်စိတ်တစ်ဒေသအားဖြင့် ကျက်စားကျင်လည်ရာဖြစ်သော စာပေသည်လည်း ပြောင်းလဲလာရသည်။ ပြောင်းလဲခဲ့သော လမ်းစဉ်တွင် ညှိုးနွမ်းသွားကြသည်လည်းရှိသည်။ အသစ်အနေ ပေါ်ထွက်လာကြသည်လည်းရှိသည်။ ညှိုးနွမ်းသွားကြရာမှ အသစ်တစ်ဖန် အားယူနေကြသည်လည်း ရှိသည်။ အသစ်အနေမှ အဖူးအပွင့် အရင့်အခြေသို့ တက်လှမ်းနေကြသည်လည်း ရှိသည်။ သို့ရာတွင် ခြုံ၍ကြည့်လျှင် မြန်မာစာပေသည် လွန်ခဲ့သော အနှစ် ၆၀ အတွင်းတွင် သိသိသာသာ တိုးတက်လာသည်ဟု ယူဆမိသည်။

မြန်မာပြည်အထက်ပိုင်းကိုပါ ဗြိတိသျှတို့ သိမ်းလိုက်သည်မှစ၍ မြန်မာစကား၏ အဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ရှေးဟောင်း ပျို့ကဗျာလင်္ကာ စသော စာပေ လေ့လာမှုသည်လည်း အားလျော့ခဲ့ရသည်။ သို့ရာတွင် ထိုသို့ နိမ့်ကျခြင်း အားလျော့ခြင်းတို့သည် အကြာအရှည်မဟုတ်ချေ။ စာပုံနှိပ်တိုက် အမြောက်အမြား အသုံးပြုလာခြင်း၊ နိုင်ငံရေး နိုးကြားမှုရှိလာခြင်းတို့ကြောင့် ရှေးဟောင်းစာပေလေ့လာမှုသည်၊ ပြန်လည်အားပြည့်လာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်မှာ အထင်အရှားဖြစ်သည်။ ထိုသို့ ပြန်လည်အားပြည့်လာသည်မှ၍ မြန်မာစာပေသည် ယခုထက်တိုင် ရှေ့သို့တိုးလျက်နေသည်ဟု ယူဆအပ်သည်။

ရှေးဟောင်းမြန်မာ ပျို့လင်္ကာ ရတုမော်ကွန်း ချောင်း အရှိသည်တို့ကို ကျောင်းစာသင်ခန်းများ၌သာ ဖတ်ရှုကြရ၏။ ထိုစကားသည် မှန်၏။ သို့ရာတွင် ထိုစကားကြောင့် မြန်မာစာပေ ဆုတ်ယုတ်သွားသည်ဟု မဆိုသာချေ။ မြန်မာလူထု၏ စိတ်ဓာတ်ပြောင်းသဖြင့် စာပေဘာဝ ပြောင်းခဲ့ခြင်းမျှသာ ဖြစ်သည်ဟု ဆိုသင့်သည်။ ပြောင်းသော အချက်တစ်ခုမှာ ကာလပေါ်ဝတ္ထု စာပေပေါ်ပေါက်လာ၍ စကားပြေအရေးအသား တိုးပွားများပြားလာ သည်ဖြစ်ရာ မြန်မာစကားပြေခေတ် ထွန်းကားလာခြင်း ဖြစ်သည်ဟု ယူဆအပ်သည်။

ရှေးခေတ် မြန်မာစာပေတွင် အဓိကအားဖြင့် ပျို့မော်ကွန်း ချောင်း ရတုအစရှိသော ကဗျာများသာ ကဲမိုးခဲ့ကြသည်။ ကာလဒေသဌာနတို့ကို ထောက်ထား၍ ထိုစာမျိုးအတွက် စာဖတ်ပရိသတ် (ဝါ) စာနာပရိသတ် ရှိခဲ့ဖူးသည်မှာ ယုံမှားဖွယ်ရာမရှိချေ။ ထိုစာမျိုး၌ ဖွဲ့ထားသည်တို့ကို စာဖတ်ပရိသတ်က နှစ်ခြိုက်ကြမည်ဟူသော အချက်သည်လည်း ယုံမှားဖွယ်ရာမရှိချေ။ ထိုခေတ် ထိုအခါများက စာပေထွန်းကားရာအရပ်သည် ပဟိုရ်စည်ရှိရာ ရွှေမြို့တော်သာ ဖြစ်သည်။ စာဖတ်ပရိသတ်များရာ အရပ်သည်လည်း ရွှေမြို့တော်သာဖြစ်သည်။ တစ်ဖန် စာဆိုသူတို့သည် အများအားဖြင့် ပိဋကတ်၊ ဗေဒင်တတ်ရဟန်းပညာရှိ မှူးမတ်ပညာရှိတို့သာ ဖြစ်ကြသည်။ စာဖတ်ပရိသတ်သည် အများအားဖြင့် ထီးသူနန်းသားများသာ ဖြစ်ကြသည်

ထိုအကြောင်းများကြောင့် ငါးရာငါးဆယ်နိပါတ်တော်မှ သင့်တော်သော ဇာတကဝတ္ထုများကို ချဲ့ထွင်တန်ဆာဆင်၍ ကျမ်းဂန်သုတ ထည့်နိုင်သမျှ ထည့်ကာ ဖွဲ့ဆိုသော ပျို့များသည် ခေတ်စားကြရသည်။ ရှင်ဘုရင်များ စစ်အောင်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ကန်ဆည်ခြင်း စသော အကြောင်းအရာများကို ထီးသူနန်းသားတို့ နှစ်သက်အားရအောင် ဖွဲ့ဆိုသော မော်ကွန်းများ ခေတ်စားကြရသည်။ မင်းမိဖုရား သားတော် သမီးတော်တို့ နှစ်ခြိုက်အောင် ထိုမင်းမိဖုရား သားတော် သမီးတော်တို့၏ ဘိုးစဉ်ဘောင်ဆက်ကို ချီးကျူးဖွဲ့ဆိုသော ချောင်းများ ခေတ်စားကြရသည်။ ထီးသူနန်းသား ပျော်ရွှင်ကြည်နူးကြအောင် ဖွဲ့ဆိုသော အလွမ်းဘွဲ့၊ မယ်ဘွဲ့ မောင်ဘွဲ့ စသော ရတုများ ခေတ်စားကြရသည်။

ထိုစာများသည် ကျွန်ုပ်တို့ အများဆုံး ဆက်ခံလိုက်သော စာပေအမွေအနှစ်များဖြစ်ကြသည်။ နှောင်းခေတ် စာရေးဆရာများသည် ထိုမှတစ်ဆင့်တက်၍ ထိုအမွေအနှစ်များ ကို နည်းသစ်ဖြင့် သုံးစွဲခဲ့ကြသည်။ ဦးလတ်၊ ဦးလွန်း၊ ဦးမောင်ကြီး (လယ်တီပဏ္ဍိတ) တို့သည် နည်းသစ်ဖြင့် သုံးစွဲခဲ့သောသူများ ဖြစ်ကြသည်ဟု ဆိုသင့်သည်။ ထို့ကြောင့် နှောင်းခေတ် မြန်မာစာပေသမိုင်းတွင် တိုးတက်မှုရှိသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

ထိုနည်းသစ်သည် အခြားမဟုတ်။ မိမိတို့ ကိုယ်တွေ့မျက်မြင်ဖြစ်သော မြန်မာ့လောကနှင့် လူ့အကြောင်းတို့ကို မိမိတို့၏ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ မိမိတို့ ဉာဏ်သွားသလောက် ဖန်တီးရေးသားကြသော ကာလပေါ် ဝတ္ထုစာပေနည်းသစ် ဖြစ်သည်။ တစ်နည်းဆိုရသော် ကျက်စာမှတ်စာလောက၌သာ ကျက်စားကျင်လည်နေ၍ ပညာခရီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆုံးသို့ မရောက်နိုင်ဘဲ ပတ်ဝန်းကျင်လောကကိုလည်း အလေးဂရုပြု၍ ထိုလောကကို ဆင်ခြင်သုံးသပ်ခြင်းရှိမှသာ ခရီးပေါက်နိုင်သည်ဟူသော အသိဉာဏ် ရရှိလာမှုဖြစ်သည်။ ထိုအသိဉာဏ် ရရှိလာမှုသည် နှောင်းခေတ်မြန်မာစာပေတွင် တိုးတက်မှု၏ အခြေခံတစ်ရပ်ဖြစ်သည်။

သို့ရာတွင် ယနေ့အထိ စကားပြေ အရေးအသားဖြင့် ချီတက်ခဲ့သော ကာလပေါ်ဝတ္ထုများအနက် အနှစ်ဖြစ်သော လောကသဘော လူ့သဘောတို့ကို ထွင်းဖောက် ထုတ်ဖော်နိုင်သော ဝတ္ထုမျိုးသည် နည်းပါးသေးသည်။ အကာဖြစ်သော လောကသဘော၊ လူ့သဘောတို့ကို ပြနိုင်သော ဝတ္ထုမျိုးကား အတန်အသင့်များပြားလှပြီဟု ဆိုအပ်သည်။ သို့ရာတွင် ကာလပေါ် မြန်မာဝတ္ထုစာပေ၏ အသက်အရွယ်သည် နုနယ်သေးသည်ဖြစ်ရာ ထိုမျှ ခရီးပေါက်နိုင်ခဲ့သည်မှာ အံ့ဩဖွယ်ဖြစ်သည်။ ကာလပေါ်ဝတ္ထုရေးဆရာများသည် ထိုမှတစ်ဆင့်တက်၍ အားထုတ်ကြပါမူ မြန်မာစာပေသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ်ဖြင့် ဝင်လာသော ဝတ္ထုအရေးအသားမျိုးသည် ရှေ့အဖို့တွင် တိုးတက်ဖွယ်ရာရှိမည့်အပြင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အသွင်အပြင် အသွေးအရောင် ဖန်တီးရာတွင် များစွာသော အထောက်အပံ့ကိုလည်း ပေးနိုင်မည်ဟု ယူဆမိသည်။

ယခုအခါတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဟူ၍ ရှိရာ အသင်း၏ တာဝန်သည် အလွန်ကြီးလေးလှပေသည်။ အသင်း၏ တာဝန်ကြီးလေးသလောက် အသင်း တန်ဖိုးသည်လည်း မဖြတ်နိုင်လောက်အောင် ဖြစ်သည်။ စာရေးဆရာတို့၏ လုံ့လ၊ စာရေးဆရာတို့၏ ဝါဒအပေါ်တွင် မြန်မာစာပေတိုးတက်မှုနှင့် မြန်မာနိုင်ငံအတွက် အထောက်အပံ့ဖြစ်မှုတို့သည် တည်လျက်ရှိနေသည်ကို သတိပြုအပ်လှပေသတည်း။

၁၉၄၈။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ဦးလတ်၏ စံပယ်ပင်လောက

ဦးလတ်သည် ၁၉၁၂ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ၊ ၇ နှစ်အတွင်းတွင် ကာလပေါ်ဝတ္ထု လေးပုဒ် ရေးခဲ့သည်။ ရှေးဦးစွာ စံပယ်ပင်ဝတ္ထုကို ရေးသည်။ ထို့နောက် ရွှေပြည်စိုး၊ ထို့နောက် တစ်နန်းပျော် ရင်သွေးတော်။ ထို့နောက် သုံးဘုံကို ရေးသည်။ စံပယ်ပင်ကို ၁၉၁၂ ခုနှစ်တွင် ထုတ်ဝေသည်။ ရွှေပြည်စိုးကို ၁၉၁၄ ခုနှစ်တွင် ထုတ်ဝေသည်။ တစ်နန်းပျော် ရင်သွေးတော်ကို ပျော်တော်ဆက်မဂ္ဂဇင်းတွင် ၁၉၂၀ ပြည့်နှစ်ဦးလောက်မှစ၍ အပတ်စဉ် ထည့်သွင်းခဲ့သည်။ သုံးဘုံကို အစိုးရထုတ် တိုင်းကျိုးသတင်းစာ၌ အပတ်စဉ် ထည့်သွင်းခဲ့သည်ဟု အဆိုရှိသည်။ ပုံနှိပ်ထုတ်ဝေခြင်း မပြုခဲ့ချေ။ ထိုဝတ္ထုကိုရေးစဉ်တွင် ဦးလတ် အနိစ္စရောက်သည်ဟု ထင်ဖွယ်ရှိသည်။

စံပယ်ပင် မပေါ်ခင်ကပင် မြန်မာကာလပေါ်ဝတ္ထုများ ပေါ်ခဲ့ကြပြီ။ ရှေးဦးစွာ ပြင်သစ်ဝတ္ထုဆရာကြီး ဒူးမားရေးသော 'ကောင့်အော့မွန်တီ ခရစ္စတို' (The Count of Monte Cristo) ခေါ် အင်္ဂလိပ်ဘာသာပြန် ပြင်သစ်ဝတ္ထုကို ဂျိမ်းလှကျော်က တစ်စိတ်ဘစ်ပိုင်းအားဖြင့် မြန်မာနှင့် ဆီလျော်အောင် ပြန်ဆိုရေးသား၍ ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ထိုနှစ်၌ပင် ဝန်စာရေးဦးကြီးက ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုကို ရေး၍ ထုတ်ဝေရာ လူကြိုက်များလာသည်ဟု သိရသည်။ ထိုနောက် မြကလေးဝတ္ထု၊ ဓိန်ကလေးဝတ္ထုတို့ကို ရေး၍ ထုတ်ဝေသည်။ ထို့နောက် မောင်တေလုခေါ် လူစွမ်းကောင်းဝတ္ထုတစ်ပုဒ်လည်း ပေါ်လိုက်သေးသည်။ ထိုဝတ္ထုတို့ကို အကြောင်းပြု၍ မြန်မာကာလပေါ်ဝတ္ထုသည် ယနေ့တိုင်အောင် ခေတ်စားလာဟန်တူသည်။ နောင်အခါတွင် ကာလပေါ်ဝတ္ထု မပေါ်မီက ခေတ်စားခဲ့ကြသော မြန်မာပြဇာတ်ငယ်များပင် ကာလပေါ်ဝတ္ထု၏ဒဏ်ကို မခံနိုင်သဖြင့် တိမ်ကောသွားကြသည်မှာ အထင်အရှားဖြစ်သည်။

ဦးလတ်၏ စံပယ်ပင်သည် ကာလပေါ်ဝတ္ထု ခေတ်စားခါစအချိန်တွင် ပေါ်လာသည်ဟု ဆိုရာသည်။ ထိုအခါကသော် ပေါ်ခါစ ကာလပေါ်ဝတ္ထုများကို နှစ်နှစ်ခြိုက်ခြိုက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြိန်ရေရှက်ရေ ဖတ်ရှုကြသည်ဟု ဆိုသင့်သည်။ ဦးလတ်ကိုယ်တိုင်ကပင် ထိုအချက်ကို အားပါးတရ ဝန်ခံခဲ့သည်။ ဦးလတ်သည် ပေါ်ခါစ ကာလပေါ်ဝတ္ထုများကို အဆီနှင့် ဝင်းဝင်း ထောပတ်ထမင်းနှင့်တူကြောင်း ဆိုသည့်အပြင်၊ ထိုဝတ္ထုဆရာများကို ဉာဏ်ကြီး ဉာဏ်ကျယ်နှင့် ပြည့်စုံကြောင်း၊ ထိုဆရာများ၏ဉာဏ်စွမ်း အံ့မခန်းဖြစ်ကြောင်း၊ ထိုဆရာများ၏ အာဝဇ္ဇန်းညွန့်ကြောင်း ကွန့်ကြောင်းတို့ကို လေးလေးနက်နက် ထောက်ခံခဲ့သည်။ ထို့ကြောင့် မိမိ၏ စံပယ်ပင်ဝတ္ထုနိဒါန်းတွင် ဦးလတ်က–

*"အသီးသီးဉာဏ်ကြီးဉာဏ်ကျယ်တို့ အသွယ်သွယ်ကွန့်မြူး၍ စိတ်ကူးနှင့်ထုတ်ကြသော မောင်ရင်မောင်မမယ်မဝတ္ထု၊ မောင်မှိုင်းဝတ္ထု၊ မြကလေးဝတ္ထု၊ မော်င်တေလုဝတ္ထု အစရှိသော ဝတ္ထုများကို ရေးသား စီကုံးတော်မူကြသော ဆရာများ၏ ဉာဏ်စွမ်းကို အံ့မခန်းရှိလှပါတော့သည်။ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ အသီးသီးသော ဆရာကြီးတို့၏ အာဝဇ္ဇန်းမှ တစ်ခန်းစီ၊ တစ်ဖုံစီ ဉာဏ်ရှိတိုင်း ညွန့်ပြီး၊ ကွန့်လို့များသိကြသည်၊ အဆီနှင့်တဝင်းဝင်း ထောပတ်ထမင်းကဲ့သို့ ကောင်းခြင်းနှင့် ပြည့်စုံပါကြောင်း"*

ဟု မှတ်တမ်းတင်ခဲ့သည်။

ဦးလတ် ထိုသို့မှတ်တမ်းတင်သည်ကို ထောက်သဖြင့် ဦးလတ်သည် ဝတ္ထု၏ ဂုဏ်ထူးဝိသေသကို ကောင်းစွာသိကြောင်း၊ ဝတ္ထုဆရာများကို အလေးအမြတ်ထားကြောင်း သိသာလေသည်။ ထို့ကြောင့်လည်း ဦးလတ်ကိုယ်တိုင် ကာလပေါ်ဝတ္ထုကို ရေးခဲ့ခြင်း ဖြစ်သည်။ ဦးလတ်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်ပေနည်း။ ဦးလတ်သည် တရားတတ်၊ စကားတတ်၊ မြန်မာပျို့လင်္ကာတတ်ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုသည်။ ကာလအလျောက် အင်္ဂလိပ်ဘာသာ တတ်ကျွမ်းသူ ဖြစ်သည်ဟုဆိုသည်။ လူပေါင်းဆံ့၍ အရပ်ရပ်အနယ်နယ် နံ့စပ်သည်ဟုလည်းဆိုသည်။ ဦးလတ်သည် စံပယ်ပင်ဝတ္ထု၌ ဇာတ်လိုက်တစ်ဦးဖြစ်သော ရွှေဘိုနယ်ပိုင်ဝန်ထောက်အကြောင်းကို အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့သည်။ ဖွဲ့ဆိုပုံမှာ–

*"နယ်ပိုင်ဝန်ထောက်မင်းသည် အောက်မြို့သားပင် ဖြစ်သော်လည်း မြန်မာတို့၏ ပြောရေးဆိုရေးမှစ၍ ထုံးစံအလေ့အလာများကို အလွန်နှစ်ခြိုက်သည့်အပြင် ပျို့ လင်္ကာ ချေ့င်းရတု ရကန်မှစ၍ များစွာဝါသနာပါလေသည်။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ရုံမျှမက မြန်မာစာ သဒ္ဒါ သင်္ဂြိုဟ်တို့ကိုလည်း အသင့်အတင့်ခေါက်မိလေသည်"*

ဟု ဖွဲ့ဆိုခဲ့သည်။

ဦးလတ်သည် ရန်ကုန်သားဇာတိဖြစ်၍ အစိုးရအရာရှိတစ်ဦးလည်း ဖြစ်လေရာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အထက်ပါ ဦးလတ်ဖွဲ့ဆိုသော နယ်ပိုင်ဝန်ထောက်သည်ပင် တစ်စိတ်အားဖြင့် ဦးလတ်၏ သဲဘောသဘာဝပေလောဟု တွေးတောနိုင်ဖွယ်ရှိသည်။

စံပယ်ပင်ဝတ္ထုသည် ဦးလတ်ပထမဆုံးရေးသောဝတ္ထု ဖြစ်သည်။ လက်တည့်စမ်းလိုက်သောဝတ္ထုဟူ၍လည်း ယူဆသင့်သည်။ လက်တည့်စမ်းလိုက်သောဝတ္ထု ဖြစ်သော်လည်း မြန်မာကာလပေါ်ဝတ္ထုသမိုင်းတွင် စာထိုးလောက်သောဝတ္ထု ဖြစ်သည်ဟု ဆိုသင့်သည်။ လူသည် လူ့အကြောင်းကို အပြောချင်ဆုံးလည်းဖြစ်၍ အကြားချင်ဆုံးလည်းဖြစ်သည်။ ပြောလည်းပြောသည်။ နားလည်းနားသည်။ ပြောတိုင်းနာတိုင်းလည်း နှစ်ခြိုက်ကြသည်။ ထိုသဘောရှိနေသမျှ ကာလပတ်လုံး ဝတ္ထုသည် အစဉ်သဖြင့် ဖတ်ချင့်စဖွယ်ဖြစ်မည်မှာ မုချဖြစ်သည်။ စံပယ်ပင်သည် အပျိုလူပျိုတို့၏ အချစ်ဇာတ်လမ်းသက်သက်မျှသာမဟုတ်။ လွမ်းရုံ၊ ဆွေးရုံမဟုတ်။ လူတို့ ကြားချင်၊ နာချင်သော လူ့အကြောင်း၊ လောကအကြောင်း (ဝါ) လူ့သဘာဝအဖွဲ့၊ လောကသဘာဝအဖွဲ့တို့နှင့်လည်း ပြည့်စုံသည်။ ရှင်းပါအံ့။

ဦးလတ်ရေးသော စံပယ်ပင်သည် ဝတ္ထုဖြစ်၏။ ထို့ကြောင့် ဝတ္ထု၏ အင်္ဂါတစ်ရပ်ဖြစ်သော ဇာတ်လမ်းပါရှိရသည်။ ထိုဇာတ်လမ်းကိုမှီ၍ ဦးလတ်သည် မိမိ၏ကိုယ်တွေ့ ဒိဋ္ဌလောကမှ ခံစားမှုအသိဖြင့် သုံးသပ်ဆင်ခြင်၍ ရခဲ့သော လူ့အကြောင်း၊ လောကအကြောင်းတို့ကို ပြောပြရမည်ဖြစ်သည်။ ဇာတ်လမ်းသည် အောက်ပါအတိုင်း ဖြစ်သည်။

တတိယအင်္ဂလိပ်မြန်မာ စစ်ပွဲအတွင်း အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းစဉ်က မြင်းခြံမှနေ၍ခံခဲ့သော မြန်မာမှူးမတ်တစ်ဦးသည် မန္တလေးပျက်ပြီးနောက် စစ်ကိုင်း၌ တိမ်းရှောင်နေသည်။ ထိုသို့ တိမ်းရှောင်နေခိုက် မိမိ၏သမီးဖြစ်သူ ခင်သီကို မန်ကျည်းတုံ့ရွာနေ အရီးခေါင်း၏အိမ်၌ မထင်မရှားနေစေသည်။ မန်ကျည်းတုံ့ဘုန်းကြီးတစ်ပါးက ခင်သီကို စောင့်ရှောက်လျက်ရှိသည်။ ခင်သီသည် တစ်ရွာတည်းနေ ရွှေဖီနှင့် ချစ်ကြိုက်စပျိုးလျက်ရှိသည်။ တစ်နေ့သ၌ ရွှေဘိုနယ်ပိုင်ဝန်ထောက်သည် နယ်လှည့်ရင်း မန်ကျည်းတုံ့ရွာသို့ ရောက်လာရာ ခင်သီကိုမြင်၍ ခင်သီကို တောင်းလေသည်။ ခင်သီ၏ မိဘအကြောင်းကိုလည်း မေးသည်။ ထိုသို့မေးသည်တွင် မန်ကျည်းတုံ့ဘုန်းကြီးသည် အထိတ်တလန့်ဖြစ်၍ တိမ်းရှောင်နေသော ခင်သီ၏ အဖအတွက် အသက်ချမ်းသာရာရကြောင်း အားထုတ်ရန် ရန်ကုန်သို့ စုန်မည်ဟု ကြံစည်သည်။ ထို့ကြောင့် ခင်သီ၏အဖရှိရာ စစ်ကိုင်းသို့ တပည့်ရွှေဖီကိုလွှတ်၍ မိမိ၏အကြံအစည်ကို ပြောစေသည်။ ရွှေဖီ စစ်ကိုင်းသို့ သွားသောအခါ ဘုန်းကြီးသည် ရန်ကုန်သို့ စုန်လေသည်။

ရွှေဖီသည် စစ်ကိုင်း၌ ခင်သီ၏အဖေနှင့် တွေ့ပြီးသည့်နောက် ရွာအပြန်တွင် ရွှေဖီကို ဓားပြများက ဖမ်း၍ သူတို့နှင့်အတူ လိုက်စေပြီးလျှင် ဓားပြတိုက်ရာ၌ ပါဝင်စေသည်။ ဓားပြများကို ဖမ်းမိသောအခါ ရွှေဖီကိုပါ မိသည်။ ရုံးတင်စစ်ဆေးသောအခါ ရွှေဖီသည် ဓားပြတို့ အခမ္မခိုင်းစေ၍ ပါဝင်ရကြောင်း ထင်ရှားသော်လည်း ထောင်ဒဏ် ခြောက်လ အပြစ်ပေးခံရသည်။ ရွှေဖီ၏မိခင် အရီးဒွန်းသည် သားအတွက် ပူပန်သဖြင့် အရီးခေါင်းနှင့် တိုင်ပင်ပြီးလျှင် ဘုန်းတော်ကြီးနှင့်အတူ ရန်ကုန်သို့ ရွှေဖီပါသည်အထင်နှင့် ရန်ကုန်သို့ စုန်သည်။ ထိုအခါ အရီးဒွန်းလည်းပါ၍ ခင်သီလည်းပါ၍၊ အရီးဒွန်း၏သမီး ခင်ခင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်းပါသည်။

ရန်ကုန်ဘူတာတွင် ခင်သီ ပျောက်လေသည်။ ရှာကြပါသော်လည်း မတွေ့ ဖြစ်သည်။ ထိုအခိုက် အရိုးဒွန်း အနိစ္စရောက်သည်။ ထို့ကြောင့် ခင်ခင်နှင့် အရိုးခေါင်းတို့ အထက်သို့ ပြန်ကြရသည်။ ခင်သီသည် ရန်ကုန်မြို့တွင် ထဘီကိုအလံပြု၍ အသက်မွေးသော မိန်းမဆိုးတစ်ဦး၏ လက်တွင်းသို့ရောက်၍ အနိုပ်စက်ခံရသည်။ တစ်နေ့နံနက်တွင် ထို မိန်းမဆိုး၏ အိမ်မှ ထွက်ပြေး၍ စာဆိုတန်းနေ ဦးကြာရိုး မမင်းဘုံတို့ထံ ရောက်သည်။ ထိုမှတစ်ဆင့် ရန်ကုန်သို့ ရောက်နေသော မန်ကျည်းတုံဘုန်းကြီးနှင့်တွေ့၍ မန်ကျည်းတုံသို့ ပြန်သည်။ ပြန်ရောက်သောအခါ အဖဆုံးနှင့်ပြီး ဖြစ်သည်။ ရွှေဖီလည်း ထောင်မှလွတ်လာပြီး နောင်အခါ ခင်သီသည် ရွှေဖီနှင့် ထိမ်းမြားသည်။ အဖထားခဲ့သော ပစ္စည်းအမြောက်အမြားကို ရကြသည်။

ဤကား စံပယ်ပင်၏ ဇာတ်ဆောင်များဟုဆိုအပ်သော ခင်သီ၊ ရွှေဖီတို့၏ အချစ်ဇာတ်လမ်းချုပ် ဖြစ်သည်။ ထိုသူနှစ်ဦး၏ အဖြစ်အပျက်သည် ထူးဆန်းလှပါပေသည်ဟု ဆိုနိုင်သည်မှအပ အခြား ဆင်ခြင်တွေးတောစရာမရှိချေ။ ထိုသူတို့၏ ဇာတ်လမ်းသည် ယုံတမ်းသာသာမျှလောက်သာ ဖြစ်သည်ဟုပင် ဆိုသင့်သည်။ ခင်သီ ရန်ကုန်၌ လမ်းပျောက်ပြီးနောက် မန်ကျည်းတုံသို့ ပြန်လည်ရောက်လာရသည်မှာ ထူးဆန်းလွန်းလှသည်။ ထိုဇာတ်လမ်းကိုဖတ်၍ နှစ်သက်ရသည်မှာ မျက်လှည့်ကြည့်၍ နှစ်သက်ရခြင်းမျိုးနှင့် တူသည်ဟုသာ ဆိုသင့်သည်။ ခင်သီ၊ ရွှေဖီ၊ မန်ကျည်းတုံဘုန်းကြီး၊ အရိုးခေါင်း၊ အရိုးဒွန်း၊ ခင်ခင်တို့သည် ရုပ်သေးသဘောမျှသာ ဖြစ်သည်။ တကယ့်လူ့သဘာဝပါသည်ဟု ပြောနိုင်လောက်အောင် မပြည့်စုံချေ။ (ဝါ) ခင်သီ၊ ရွှေဖီ စသည်တို့သည် ဦးလတ်၏ ကိုယ်တွေ့ဒိဋ္ဌလောကတည်း ဟူသော ကျောက်စိုင် ကျောက်ခဲကို ရွှေခြမ်း၍ အသက်ဝင်နေသည် ထင်ရလောက်အောင် ထုထွင်းထားသော ပန်းပုရုပ်များ ဖြစ်ကြသည်ဟု မဆိုသာချေ။ ထို့ကြောင့် လေးလေးပင်ပင် မရှိ။ ပေါ့ရွှင်ရရုံသာဟု ယူသင့်သည်။

သို့ရာတွင် ဦးလတ်၏ ကိုယ်တွေ့ဒိဋ္ဌလောကမှ (ဝါ) ဘဝအသိမှယူ၍ ပြလိုက်သော လူ့အကြောင်း၊ လောကအကြောင်းတို့ကို စံပယ်ပင်၌ တွေ့နိုင်သေးသည်။ ထိုအကြောင်းတို့သည် ပေါ့လည်းပေါ့၍ လေးလေးပင်ပင်လည်းရှိသည်။ ထိုအကြောင်းတို့ကို အထက်ပါဇာတ်လမ်းရှိ နယ်ပိုင်ဝန်ထောက်အဖွဲ့၌လည်းကောင်း၊ ဇာတ်လမ်းလက်တက်ရှိ ဦးသေလာ၊ မယ်ခေမာ၊ လောစံ၊ မောင်ချိန်၊ မောင်စံဖဲ တို့၏ အဖြစ်အပျက် အဖွဲ့တို့၌လည်းကောင်း တွေ့နိုင်သည်။ ထိုသူတို့သည် ဦးလတ်၏ ကိုယ်တွေ့ဒိဋ္ဌလောကမှ သီးပွင့်လာကြသောသူများ ဖြစ်ကြသည်ဟု ဆိုနိုင်သည်။ ဦးလတ်သည် နယ်ပိုင်ဝန်ထောက်၏ လူ့သဘာဝ၌လည်းကောင်း၊ ဦးသေလာ မယ်ခေမာတို့ ဖြစ်ပျက်ပုံ သဘာဝ၌လည်းကောင်း၊ လောစံ၊ မောင်ချိန်၊ မောင်စံဖဲတို့၏ လူ့သဘာဝတို့၌လည်းကောင်း စိတ်ဝင်စားဟန်တူသည်။ သတိပြုခဲ့ဟန်တူသည်။ နှစ်သက်ခြင်းလည်းဖြစ်၍၊ ကရုဏာသက်မိခြင်းလည်းဖြစ်၍၊ စက်ဆုပ်ခြင်းလည်း ဖြစ်ခဲ့ဟန် တူသည်။ ထို့ကြောင့်သာလျှင် ဦးလတ်သည် ထိုသူတို့အကြောင်းကို နှစ်သက်ဖွယ်၊ သနားဖွယ်၊ စက်ဆုပ်ဖွယ်ကောင်းအောင် ဖွဲ့ဆိုနိုင်ခြင်း ဖြစ်လေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရွှေဘိုနယ်ပိုင်ဝန်ထောက်အဖွဲ့သည် နှစ်သက်ဖွယ်ကောင်းသည်။ နယ်ပိုင်ဝန်ထောက်သည် အရိုးခေါင်းနှင့် တွေ့သည်။ ခင်သီနှင့် စကားပြောသည်။ သူကြီးနှင့် စကားပြောသည်။ ပြောလေသမျှတွင် ငါနယ်ပိုင်ဝန်ထောက်ပေတကားဟူ၍ မင်းသံ မာနသံမသုံး၊ ယဉ်ကျေးသော အမူအရာကိုသာသုံးသည်။ ဖော်ဖော်ရွေရွေရှိသည်။ ခင်သီကို မြင်စကပင် နယ်ပိုင်ဝန်ထောက် ကြိုက်ဟန်တူသည်။ သို့ရာတွင် မိမိ၏ ဣန္ဒြေကိုလည်း ငဲ့သည်။ ထို့ကြောင့် ခင်သီ၏ မေတ္တာကို မရလိုက် ဖြစ်သည်။ နယ်ပိုင်ဝန်ထောက်၏ သဘောသည် အဓမ္မနည်းကို မသုံးလိုသောသဘော ဖြစ်သည်ဟု ယူဆနိုင်သည်။ ထို့ပြင် နယ်ပိုင်ဝန်ထောက်သည် စိတ်ကောင်းနှလုံးကောင်း ရှိသည်။ စကားတတ်သည်။ ရယ်မောပျော်ရွှင်စွာနေတတ်သည်။ ထိုအချက်သည် တပည့် မောင်ညိုနှင့် ဆက်ဆံရာတွင် အထူးထင်ရှားသည်။

နယ်ပိုင်ဝန်ထောက်သည် ခင်သီ၏မေတ္တာတုံ့ပြန်မှုကိုမရသဖြင့် ဇရပ်သို့ ပြန်လာသည်။ သို့ရာတွင် စိတ်ပူပန်ခြင်းကားမရှိချေ။ နှစ်နှစ်ကာကာ ချစ်ကြိုက်ခြင်းမရှိသောကြောင့် ဖြစ်နိုင်သည်။ ဆရာအကြံမအောင်သည်ကို တပည့်မောင်ညိုက ရိပ်မိသောအခါ ဆရာ၏ သဘောကို သိပြီးဖြစ်သဖြင့် ဆရာပျော်အောင် ဆရာကို အစောင်းအချိတ်နှင့် လှောင်ပါလေသည်။ ထိုအခါ ဝန်ထောက်မင်းသည် အခြားတပည့်ဖြစ်သူ မောင်သံခဲဘက်သို့လှည့်၍–

"တို့ အိမ်ရှေ့က ခွေးကြီးဟာ နာမည်ဘယ့်နှယ်ခေါ်သလဲ"ဟု မေးလေသည်။

"ဂုတ်ကျားဟုခေါ်ပါသည်ဘုရား"

"ဘာပြုလို့ ဂုတ်ကျားဟု ခေါ်သလဲ"

"ဂုတ်ကျားနေသောကြောင့်သာ ဂုတ်ကျားဟု ခေါ်ပါသည်ဘုရား"

"ဂုတ်ကျား၍ ဂုတ်ကျားခေါ်လျှင်၊ ခွေးနီများကိုတော့ ဘယ်လိုနာမည်မှည့်ရသလဲ"

"ငနီဟု မှည့်တတ်ကြပါသည်"

"ဒါဖြင့် ညိုသောခွေးများကိုကော ဘယ်လိုမှည့်ရသလဲ"

"ငညိုလို့ မှည့်ရပါလိမ့်မယ်"

'ဩော်–ခွေးထဲမှာလည်း ငညိုရှိသေးသကိုး"

ဤသို့ ဆို၍ ဝန်ထောက်မင်းသည် ဘေးတစ်ဖက်သို့လှည့်၍ နေလိုက်သည်။ ဤအချက်ဖြင့်ပင် နယ်ပိုင်ဝန်ထောက်၏ ရယ်မောပျော်ရွှင်တတ်သောသဘောသည် သိသာထင်ရှားပါသည်။

ပဏ္ဍိတဝေဒနိယအသင်းမှ ဘုန်းကြီးဦးသေလာ၊ ဒကာ လောစံ၊ ဒကာ မောင်စံဖဲ၊ ဒကာ မောင်ချိန်တို့အကြောင်းကို စံပယ်ပင်၏ ဇာတ်လမ်းလက်တက်၌ တွေ့နိုင်သည်။ ဦးသေလာသည် တရားဟောဓမ္မကထိက ဖြစ်သည်။ ပဏ္ဍိတဝေဒနိယအသင်းကို တည်ထောင်သည်။ လောစံနှင့် မောင်စံဖဲတို့သည် အသင်းလူကြီးများ ဖြစ်ကြသည်။ ဦးသေလာသည် မိမိသီတင်းသုံးနေသော ဇရပ်တွင် သီလရှင်မယ်ခေမာကို နေစေသည်။ ဦးသေလာ မယ်ခေမာတို့အကြောင်းကို ဦးလတ်ရေးသည်မှာ ထိုအခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုကို စောင်းလို၍ရေးသည်ဟု ထင်ဖွယ်ရှိသည်။ မောင်ချိန်နှင့် မောင်စံဖဲတို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဇရပ်သို့ တက်အလာတွင် လူတစ်ယောက် မီးဖိုထဲသို့ ပြေးဝင်သွားသည်ကို မောင်ချိန်တို့ မြင်ကြရပုံသည်လည်းကောင်း၊ ထိုနောက် ဦးသေလာ၏ ကုလားထိုင်ပေါ်တွင် မယ်ခေမာ၏အပေါ်ရုံကို မြင်ကြရပုံသည်လည်းကောင်း အသည်းထိတ်ဖွယ်ပင် ဖြစ်သည်။

လောစ်အကြောင်းကို ရေးရာတွင် ဦးလတ်သည် စုံစုံလင်လင်ရေးပြနိုင်သည်။ စက်ဆုပ်ဖွယ်၊ သနားဖွယ်ဖြစ်အောင် ရေးပြနိုင်သည်။ လောစ်သည် ဦးသေလာကိုကြည်ညိုသူဖြစ်သည်။ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလည်း ဖြစ်သည်။ လောစ်သည် အသင်း၏အကျိုးဆောင်ဖြစ်သော်လည်း ကိုယ်နှုတ်နှလုံး ညံ့ဖျင်းသူ ဖြစ်သည်။ ရယ်သောအခါ လက်ဝါးကြီးနှစ်ဖက် ကော့ကာတီး၍ ရယ်မောတတ်သူဖြစ်သည်။ နောက်ပိုးဖြစ်သည်။ မယ်ခေမာ၏တူမ သော်တာကို ထိကပါးရိကပါးပြုချင်သည်။ ရန်ကုန်သို့ ရောက်လာသော အရီးခေါင်း၊ အရီးဒွန်း၊ ခင်ခင်တို့ကို စောင့်ရှောက်သူဖြစ်သော်လည်း ခင်ခင်တည်းဟူသော ယုန်ကို မြင်သောကြောင့် အရီးများ၏ ချုံကိုထွင်သူ ဖြစ်သည်။ ဤကား စက်ဆုပ်ဖွယ်ကောင်းသောအချက် ဖြစ်သည်။ သို့ရာတွင် လောစ်အလုပ်ပြုတ်သောအခန်းတွင် ဦးလတ်သည် လောစ်ကို သနားဖွယ်ဖြစ်အောင် ဖွဲ့သည်။ ထိုအခန်းတွင် လောစ်သည် သနားဖွယ်သာ ဖြစ်သည်။ လောစ်သည် လုပ်ရည်ကိုင်ရည်ရှိသူဖြစ်သည်။ ဣန္ဒြေမဲ့ခြင်းသာလျှင် သူ၏ အပြစ်ဖြစ်သည်ဟု ဆိုသင့်သည်။

ဦးလတ်သည် စံပယ်ပင်ဝတ္ထုတွင် အခန်းပေါင်း ၂၀ ဖြင့် စံပယ်ပင်လောကကိုဖန်တီးခဲ့သည်။ ထိုလောကတွင် စကားတတ် တရားတတ်လည်းဖြစ်၍၊ ယဉ်ကျေးသည်လည်းဖြစ်၍၊ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေတတ်သည်လည်းဖြစ်၍၊ စိတ်ကောင်းနှလုံးကောင်း ရှိသည်လည်းဖြစ်သော လူ့သဘောကို သိချင်လျှင် ရွှေဘိုနယ်ပိုင်ဝန်ထောက်တွင် တွေ့နိုင်သည်။ ဣန္ဒြေမစောင့်ထိန်းနိုင်သော လူ့သဘောကို သိချင်လျှင် လောစ်တွင်တွေ့နိုင်သည်။ အယောင်ဆောင်၍ နေတတ်သူတို့၏ သဘောကို သိချင်လျှင် ဦးသေလာ၊ မယ်ခေမာတို့တွင် တွေ့နိုင်သည်။ ခင်သီ၊ ရွှေဖီတို့ ဇာတ်လမ်းသည် လွမ်းစရာကောင်းလှပါ၏။ သို့ရာတွင် နယ်ပိုင်ဝန်ထောက်၊ လောစ်၊ ဦးသေလာ၊ မယ်ခေမာတို့သည် သာ၍ လွမ်းစရာကောင်းလှပါသတည်း။

၁၉၄၈။

# ရွှေပြည်စိုးနှင့်ကျွန်တော်

ရွှေပြည်စိုးဆိုသည်မှာ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုကို ၁၉၁၄ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်လောက်တွင် ကဝိမျက်မှန်မဂ္ဂဇင်း၌ လစဉ်လတိုင်း ပိုင်း၍ ဖော်ပြသွားသည်။ ထို့နောက် ၁၉၁၂ ခုနှစ်တွင် လုံးချင်းပုံနှိပ်၍ ထုတ်ဝေပြန်သည်။

ရွှေပြည်စိုးဝတ္ထုကို ၁၉၃၂ ခုနှစ်တွင် ဖတ်မိသည်မှစ၍ ထိုစာအုပ်သည် ကျွန်တော်၏ စာအုပ်စင်၌ အမြဲလိုလိုရှိတတ်သည်။ ပျောက်သွားလျှင် အစားဝယ်၍ ထည့်ထားသည်။ ငှားသွား၍ ပြန်မပေးကြလျှင် အစားဝယ်၍ ထည့်ထားသည်။ ဂျပန်ခေတ်တွင် ထိုစာအုပ် ပျောက်သွားသဖြင့် ဝယ်၍ တော်တော်နှင့်မရသောအခါ ကျွန်တော် စိတ်ညှိုးငယ်ရဖူးသည်။ ဝယ်၍ရမှပင် ပြန်၍ စိတ်ရွှင်လန်းလာသည်။

ကျွန်တော် ကျောင်းသားဘဝတွင် ဦးလေးတော်သူ တစ်ဦးက မြန်မာစာ ကောင်းကောင်းတတ်ချင်လျှင် ဦးလတ်၏ ရွှေပြည်စိုးကိုဖတ်ဟု တိုက်တွန်း၍ ထိုဝတ္ထုတွင် လောကီ လောကုတ္တရာ ပညာဗဟုသုတတို့ပါကြောင်း၊ နိပါတ်၊ ပုံပြင်၊ ရာဇဝင်တို့ပါကြောင်း၊ ပျို့ ကဗျာ လင်္ကာတို့ပါကြောင်း၊ ထိုးသံ နန်းသံ ကြွင်းသံ အရေးအသားတို့ပါကြောင်း ပြောပြသည်။ ထိုအခါ ရွှေပြည်စိုးဖတ်ချင်သော ဆန္ဒသည် ကျွန်တော့်တွင် ပြင်းပြလာသည်။ သို့ရာတွင် ထိုအခါကသော် သူ့မှာ ထိုဝတ္ထုမရှိ။ ကျွန်တော်သိကျွမ်းသော အိမ်နီးနားချင်းတို့၌လည်း ထိုဝတ္ထုမရှိ။ မရှိသဖြင့် မဖတ်ရ။ မဖတ်ရသဖြင့် အာသာမပြေ၊ အာသာမပြေသဖြင့် ဖတ်ချင်ငမ်းငမ်းနှင့်သာ နေခဲ့ရသည်။

ကျွန်တော် ဖတ်ချင်ငမ်းငမ်း ဖြစ်နေမှန်းကိုသိသော ဦးလေးသည် ကျွန်တော့်ကို စချင်ဟန်တူသည်။ သူက ရွှေပြည်စိုးတွင် လောကီ လောကုတ္တရာပညာဗဟုသုတ စသည်တို့သာမက ကိုလှပျို မောင်မောင်စိုးနှင့် မယ်အပျို ခင်ခင်ထားတို့ တစ်ဦးကိုတစ်ဦး ရိသဲ့သဲ့ ပြောကြပုံ၊ သူတို့၏ ပြောနည်းမျိုးကို အတုယူတတ်လျှင် လိုရာခရီးရောက်နိုင်ပုံတို့ကိုပါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထည့်၍ပြောပါသည်။ ကျွန်တော်၏ ဦးလေးသည် ထိုအခါကသော် မိုလ်ဆံတောက်ပြီး ၍ ကတ္တီပါအလှရည်လိမ်း၍ ညနေတိုင်း လမ်းလျှောက်၍ ဟန်ဓာတ်ခုတ်နေသော အရွယ်သို့ ရောက်နေပြီဖြစ်သဖြင့် ထိုစကားတို့ကို သူမြိန်ရေရှက်ရေ ပြောတတ်ပါသည်။ ကျွန်တော့်မှာလည်း ထိုအခါက မိုလ်ဆံတောက် ထားအုံဆဲဆဲအရွယ်သို့ ရောက်နေပြီဖြစ်ရာ ထိုစကားတို့ကို မြိန်ရေရှက်ရေပင် နားထောင်ပါသည်။ နားထောင်ရင်း ရွှေပြည်စိုးကိုတတောင့်တတ ဖြစ်ခဲ့သည်။

ရွှေပြည်စိုးကို ပြန်လည်ပုံနှိပ်သောအခါ ကျွန်တော့်မှာ လူလားမြောက်၍ အလိုက်အထိုက် စာဝါးဝနေနှင့်ပြီ။ လောကုတ္တရာဆိုင်ရာကျမ်း အတန်အသင့်ဖတ်ရှုဖူးပြီ။ မှန်နန်းရာဇဝင် အတန်အသင့်ဖတ်ရှုဖူးပြီ။ ပျို့လင်္ကာ အတန်အသင့် ဖတ်ရှုဖူးပြီ။ နန်းတွင်းဇာတ်အတန်အသင့် ဖတ်ရှုဖူးပြီ။ ကာလပေါ်ဝတ္ထုခပ်များများ ဖတ်ရှုဖူးပြီ။ ထို့ပြင် လူဝါးလည်း အတန်အသင့်ဝနေပြီ။ ကျွန်တော်၏လက်တွင်းသို့ ရောက်လာသော ရွှေပြည်စိုး၌ ကျွန်တော့်ဦးလေး ပြောပြခဲ့သမျှ အကုန်လိုလိုပါပါသည်။ အကယ်၍ ကျွန်တော့်ဦးလေး ပြောပြစဉ်အခါကသာ ရွှေပြည်စိုးကို ကျွန်တော် ဖတ်ရှုခဲ့ရသည်ရှိသော် ကျွန်တော့်ဦးလေး၏ ကြိုက်ပုံအတိုင်း၊ ကျွန်တော် ကြိုက်နေမည်မှာ မုချဖြစ်သည်။ ထိုသို့ဖြစ်သည်ရှိသော် ငယ်ကြိုက်အစွဲကို ကျွန်တော် ချွတ်မှ ချွတ်နိုင်ပါမည်လော။ ကျွန်တော်မပြောတတ်ပါ။ ယခုသော်တစ်မူကား ကျွန်တော့်ဦးလေး၏ ကြိုက်ပုံအတိုင်း ကျွန်တော် မကြိုက်နိုင်တော့ပါပြီ။

ဥပမာ– ရွှေပြည်စိုးမှ အဘိုးကြီး ဦးရွှဝံ၏ သံဝေဂညည်းချင်းကို ကျွန်တော့်ဦးလေး အလွန်ကြိုက်သည်။ အကုန်လိုလို သူအလွတ်ရွတ်ဖတ်နိုင်သည်။ "ဘုရား၊ ဘုရား၊ ဘုရား၊ သေရမည် မုချပါတကား။ ဘုံသုံးပါး၌ ကျင်လည်ကြရသော သတ္တဝါအပေါင်း၏ ဇာတိအစရှိသော တရားတို့မည်သည်ကား တုတ်လုံလက်နက်စွဲသော နွားကျောင်းသားတို့နှင့် တူလှချေ၏တကား။ နွားကျောင်းသားတို့သည် တုတ်လုံတံကို စွဲကိုင်လျက် နွားအပေါင်းတို့ကို နွားခြံမှ ကျက်စားရာအရပ်သို့ နှင်လေကုန်သကဲ့သို့၊ ထို့အတူ ဇာတိဟူသော တရားသည်လည်း သတ္တဝါတို့၏ အသက်ကို ဇရာသို့နှင်၏။ ဇရာဟူသော တရားကလည်း ဗျာဒိ သို့နှင်၏။ ဗျာဒိဟူသော တရားက မရဏာသို့နှင်၏။ မရဏာသို့ရောက်ကာလ၊ ဓားမဖြင့် ဖြတ်ကုန်သကဲ့သို့၊ အသက်ကို ဖြတ်ကုန်၏။ ဘုရား၊ ဘုရား၊ သေရမည် မုချပါတကား" ကောင်းလှပါပေသည်။ ကျွန်တော့်ဦးလေး၏ အလိုအတိုင်းဆိုရလျှင် ထိုသံဝေဂညည်းချင်း၌ လောကုတ္တရာစကားတို့ ပါကြသည်မဟုတ်ပါလော။ သို့ရာတွင် ထိုသံဝေဂညည်းချင်း စကားတို့ ပါကြသောကြောင့် ရွှေပြည်စိုးကို ကျွန်တော်ယခု အမြတ်တနိုးသိမ်းဆည်းမည် မဟုတ်သည်မှာ ကျွန်တော့်အတွက် သေချာပါသည်။ ထိုသံဝေဂညည်းချင်း၏ သဘောပါသော စကားမျိုးကို ပြောကာပြောကာ ခံညားနိုင်ကြပါသော်လည်း နေ့စဉ်နှင့်အမျှ လောဘ တစ်ထွက်တည်း ထွက်နေကြသောသူအချို့ကို ကျွန်တော် တွေ့ဖူးပေါင်း များလှပါပြီ။ ထိုစကားမျိုးကို အပြောဆုံးဖြစ်သော သူအချို့တွင် လောဘသက္ကာယ အများဆုံးဖြင့် အလုပ်လုပ်နေကြသောသူများ ပါနေတတ်ကြသည်ကိုလည်း ကျွန်တော်တွေ့ဖူးပေါင်း များလှပါပြီ။ ထို့ပြင် ထိုသံဝေဂညည်းချင်း၏သဘောမျိုးကို အခြားအခြား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော ကျမ်းများ၌ ထိုသဘောအတိုင်းပင် ခဏခဏ တွေ့နိုင်သောကြောင့်လည်း ဖြစ်ပါသည်။

တစ်ဖန် လက်တွင်းသို့ ရောက်လာသော ရွှေပြည်စိုးတွင် ကျွန်တော့်ဦးလေးပြောပြသည့်အတိုင်း ဇာတ်နိပါတ်ပုံပြင် ရာဇဝင်တို့ ပါကြပါသည်။ ပျို့ကဗျာ လင်္ကာတို့ ပါကြပါသည်။ သို့ရာတွင် ထိုသို့ ပါကြသောကြောင့်လည်း ရွှေပြည်စိုးကို ကျွန်တော် ယခု အမြတ်တနိုး သိမ်းဆည်းမည်မဟုတ်သည်မှာ ကျွန်တော့်အတွက် သေချာပါသည်။ ဇာတ်နိပါတ်ပုံပြင်ကို သိချင်လျှင် ပင်ရင်းကျမ်းများကို ဖတ်ရှုရသည်က ပို၍ကောင်းပါသည်။ ရာဇဝင်သိချင်လျှင်လည်း ထိုနည်းအတိုင်း၊ ပျို့ကဗျာ လင်္ကာတို့ကို သိချင်လျှင်လည်း ထိုနည်းအတိုင်းပင်။

တစ်ဖန် ထီးသံနန်းသံ ကြငှန်းသံ လက်ရာများပါ ပါကြပါသည်။ မောင်မောင်စိုး၊ ခင်ခင်ထား ဇာတ်ထုပ်လည်းပါပါသည်။ သို့ရာတွင် ထိုသို့ပါကြသောကြောင့်လည်း ရွှေပြည်စိုးကို ကျွန်တော် ယခု အမြတ်တနိုး သိမ်းဆည်းမည်မဟုတ်သည်မှာ ကျွန်တော့်အတွက် သေချာပါသည်။ ထီးသံ နန်းသံ ကြငှန်းသံ လက်ရာသည် သိမ်မွေ့ပါ၏။ မောင်မောင်စိုး ခင်ခင်ထားတို့၏ ဇာတ်ထုပ်သည် လွမ်းလောက်ပါ၏။ ရွှေပြည်စိုးကို ပိတ်လိုက်သောအခါ၌မူကား ထိုအသိမ်အမွေ့၊ ထိုအလွမ်းတို့သည် ရွှေပြည်စိုးသို့ ပြန်ပြေးကြပါသည်။

အဖ ဦးရာကျော်နှင့် သားမောင်သောင်းဖေတို့၏ ဇာတ်ထုပ်သည်သာလျှင် ရွှေပြည်စိုးသို့ ပြန်မပြေးဘဲ ကျွန်တော့်စိတ်တွင် တဝဲလည်လည်ကျန်နေတတ်သည်။ အဖ ဦးရာကျော်သည် သား မောင်သောင်းဖေကို ချစ်ရှာသည်။ ထို့ကြောင့် ရှိသည့်လယ်မြေကို ချစ်တီး၌ အပေါင်ထားကာ ငွေချေးယူ၍ သားကို ဘိလပ်သို့ပို့သည်။ ဝတ်လုံတော်ရပညာကို သင်စေသည်။ ဘိလပ်မှ သားပြန်လာခါနီးတွင် သားထိုင်ရန် ဆယ့်သုံးကျပ်တန် သင်ဖြူးဖျာကို ကတ္တီပါအနားကွပ်စေသည်။ ကတ္တီပါကွပ် သင်ဖြူး၌ သားကို ထိုင်စေလိုသည်။ သားပြန်ရောက်လာ၍ ထိုင်စေလိုသော သင်ဖြူးဖျာ၌ သားကမထိုင်ဘဲ ကုလားထိုင်၌ ဝင်ထိုင်လိုက်သောအခါ ဦးရာကျော် အနည်းငယ် စိတ်မသက်မသာ ဖြစ်သွားရှာသည်။ သို့ရာတွင် သား၌ ဗိုလ်စိတ်ပေါက်လာသည်ကိုပင် တိုင်းကြီးပြည်ကြီးသားတို့၏စိတ်ဟု ယူမှတ်၍ သဘောကျတတ ဖြစ်နေရှာသည်။ ထို့နောက် ချစ်တီးကြွေးမှ ပေါ်လာသဖြင့် သား ဝတ်လုံတော်ရ နေအိမ်သို့ သွားသည်။ ထိုအခါ ကာဖီသောက်နေသေးသောကြောင့် စောင့်ပါဦးဟု သားဝတ်လုံတော်ရ၏ ဒရဝမ်က တားသဖြင့် အောက်ထပ်လှေကားရင်းမှာ စောင့် နေရရှာသည်။ နောက်တစ်ကြိမ်သွားပြန်သောအခါ၌လည်း နောက်မှ စဉ်းစားပါမည်ဟု သားကဆို၍ လေညင်းခံထွက်သွားသဖြင့် ညှိုးငယ်စွာ အိမ်သို့ ပြန်လာရရှာသည်။

ဦးရာကျော်တို့ ဇာတ်ထုပ်သည် ကျွန်တော့်စိတ်တွင် တဝဲလည်လည် ဖြစ်ခဲ့သည်။ ညှိုးငယ်စွာ အိမ်သို့ ပြန်လာသော ဦးရာကျော်ကို ကျွန်တော် မြင်နေရသည်။ ဦးရာကျော်၏ စိတ်ထဲသို့ ကျွန်တော် ဝင်ကြည့်မိ၏။ ဘုရားကိုသာ တမိပါတော့သည်။ ဤဇာတ်ထုပ်သည် တကယ့်ဇာတ်ထုပ်ဖြစ်နိုင်သည်။ ဤဇာတ်ထုပ်မျိုးကို တကယ့်လောက၌ မြင်နိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တကယ့်လောက၌ ကြားနိုင်သည်။ ဦးလတ်မြင်ခဲ့သည်၊ ဦးလတ် ကြားခဲ့သည်၊ ဦးလတ် ဆင်ခြင်ခဲ့သည်၊ ဦးလတ် ကရုဏာဖြစ်ခဲ့သည်။ ထူးခြားသည်မှာ ဦးလတ်သည် ပြန်၍လည်း ပြောတတ်ပေသည်။

ရွှေပြည်စိုးကိုရစဉ်က ရွှေပြည်စိုးတွင် ဦးလတ်၏ ဓာတ်ပုံကို ကျွန်တော် ရှေးဦးစွာ တွေ့ရပါသည်။ လူချောလူကြော့ပေတည်း။ ဆေးပေါ့လိပ် လက်ကြားညှပ်ရာကအစ အသိမ်အမွေ့ ကြိုက်တတ်သူပေတည်း။ ထိုမျှလောက်သာ ကျွန်တော် အကဲခတ်မိသည်။ ဦးရာကျော်တို့ ဇာတ်ထုပ်ကို ဖတ်မိသောအခါ ဦးလတ်၏ ဓာတ်ပုံကို ပြန်ကြည့်ချင်လာသဖြင့် ကျွန်တော် ပြန်ကြည့်သည်။ ဦးလတ်သည် လူချောလူကြော့သက်သက်မဟုတ်။ အသိမ်အမွေ့ ကြိုက်တတ်သူသက်သက်မဟုတ်။ ပတ်ဝန်းကျင်လောကကို မြင်တတ်သော မျက်စိ ရှိသသူလည်း ဖြစ်သည်။ ပတ်ဝန်းကျင်လောကကို ကြားတတ်သောနား ရှိသသူလည်း ဖြစ် သည်။ ပတ်ဝန်းကျင် လောက၏ အကျိုးအပြစ်ကို သိမြင် ဆင်ခြင်တတ်သောစိတ်ရှိ သသူလည်း ဖြစ်သည်။ ပတ်ဝန်းကျင်လောကကို ချစ်ခင်တတ်သောစေတနာ ရှိသသူလည်း ဖြစ်သည်။

ထိုမျက်စိ၊ ထိုနား၊ ထိုစေတနာတို့ကို ကျွန်တော် အဖိုးမဖြတ်နိုင်ပါ။ ဦးရာကျော်တို့ ဇာတ်ထုပ်သည် ထိုမျက်စိ၊ ထိုနား၊ ထိုစိတ်၊ ထိုစေတနာတို့ဖြင့် ပြန်ပြောထားသော ဇာတ် ထုပ်ဖြစ်သည်။ ထိုဇာတ်ထုပ်သည် ရွှေပြည်စိုး၌ရှိနေဘိ၏။ ထို့ကြောင့် ကျွန်တော့်စာအုပ် စင်တွင် ရွှေပြည်စိုး အမြဲလိုလိုရှိနေခြင်း ဖြစ်သည်။ တစ်လောကပင် ကျွန်တော့် စာအုပ် စင်၌ ရွှေပြည်စိုးကို မမြင်မိဖြစ်ပြန်ရာ အစားဝယ်၍ ထည့်ထားလိုက်ရပြန်ပါသတည်း။

၁၉၅၅၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# သခင်ကိုယ်တော်မှိုင်း၏ ဓာတိမာန်ကဗျာများ

*ကောင်းမျိုးအထွေထွေရယ်နဲ့ ချွန်စေ မြစေစော*
*(ကျောင့်အမရယ်) ဒေါင်းအိုးဝေရယ်လို့ တွန်စေ ကစေသော။*

မြန်မာပြည်ကြီးသည် ကောင်းမျိုးအထွေထွေနှင့် ပြည်စုံ၍ ကမ္ဘာတစ်လွှားတွင် ချွန်နိုင်မြနိုင် ပါစေသတည်းဟူသော အထက်ပါစေတနာ တေးသံသည် ယခုအခါတွင် သခင်ကိုယ်တော်မှိုင်းဟုခေါ်၍ ယခင်အခါက မစ္စတာမောင်မှိုင်းဟုခေါ်သော မြန်မာ စာဆိုခေါင်းဆောင် ဦးလွန်း၏ စေတနာတေးသံ ဖြစ်သည်။

ဆရာမှိုင်းသည် ၁၂၈၀ ပြည့်နှစ်လောက်မှစ၍ ၁၂၈၆ ခုနှစ်လောက်အထိ အထက်ပါ တေးသံဖြင့် မြန်မာပြည်အား ပဲ့တင်ထပ်စေ၍ အထက်ပါတေးသံဖြင့် မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် မြန်မာစာပေဘက်မှနေ၍ ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့သည်။ ဆရာမှိုင်း၏ ဓာတိမာန်ကဗျာများသည် အများအားဖြင့် လေးချိုးရှည်ကြီးများဖြစ်၍၊ ထိုကဗျာများကို ဆရာကြီး၏ မှာတော်ပုံများ၌လည်းကောင်း၊ ဆောင်းပါးပေါင်းချုပ်၌လည်းကောင်း၊ ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဌိ၊ ဘွိုင်းကောက်ဋီကာများ၌လည်းကောင်း ဖတ်ရှုနိုင်သည်။

ဆရာကြီးသည် ထိုအခါက ထိုကဗျာများမှတစ်ဆင့် မြန်မာရာဇဝင်နှင့် မြန်မာစာပေယဉ်ကျေးမှုတို့ကို မေ့လုမတတ် စည်းကမ်းပျက်နေကြသော မြန်မာတို့၏ စိတ်ဓာတ်အညွှဲအဖျင်းများကို ပကတိ အဆင်းအရောင်နှင့် ပြည့်စုံလာစေရန် မြန်မာမင်းကောင်းမင်းမြတ်တို့၏ အကြောင်းကိုလည်းကောင်း၊ မြန်မာရာဇဝင်အဖြစ်အပျက်များကိုလည်းကောင်း၊ မြန်မာစာပေယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း လွမ်းဆွတ်ဖွယ်၊ ကြည်ညိုဖွယ်၊ အားတက်ဖွယ်ဖြစ်အောင် မြန်မာလူထုနားလည်နိုင်သော နည်းပရိယာယ်ဖြင့် ကြံဆောင် နှိုးဆော်ခဲ့သည်။

**စိတ်ကူးချိုချို**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုအခါက ဆရာကြီး ဖွဲ့ဆိုခဲ့သော ဇာတိမာန်ကဗျာများသည် ထိုခေတ်နှင့် အလွန်တရာ လျော်ကန်သင့်မြတ်သည်။ ၁၂၄၇ ခုနှစ်တွင် အထက်မြန်မာပြည် ကျဆုံးသဖြင့် မြန်မာတစ်ပြည်လုံး နယ်ချဲ့တိုင်းတစ်ပါး၏ လက်အောက်သို့ ရောက်ခဲ့ရသည်။ ရောက်ခါစတွင် မြန်မာတို့သည် ဇာတိမာန်စိတ်ဓာတ်ဖြင့် လက်နက်စွဲကိုင်ကာ ဆယ်နှစ်တိုင်တိုင် နယ်ချဲ့ကို တိုက်ခိုက်ကြသည်။ လက်နက်ချင်းလည်းမမျှ၊ ပစ္စည်းအင်အားချင်းလည်းမမျှဖြစ်လေရာ မြန်မာတို့မှာ အရှုံးပေးရသည်ကများ၍ ခေါင်းဆောင်များသည်လည်း သူ့လက်တွင်းသို့ သက်ဆင်းကျဆုံးခဲ့ကြသည်က များသည်။ အရှုံးပေးရဖန်များ၍ ဇာတိမာန် ဇာတိသွေးသည် ပျော့ခွေနွမ်းညှိုး၍ နယ်ချဲ့ တိုင်းတစ်ပါးကို ကိုယ့်အရှင် ကိုယ့်သခင်ဟု ထင်မြင်စ ပြုလာကြသည်။ ထိုသို့ ထင်မြင်စ ပြုလာကြသည်မှာ ၁၂၅၇ ခုနှစ်လောက်မှ စသည်ဟု ယူဆနိုင်သည်။

ထိုနှစ်လောက်မှစ၍ မြန်မာလူထုသည် မိမိတို့၏ ရာဇဝင်နှင့်အတူ ယဉ်ကျေးမှုတို့ကို အမေ့မေ့အလျော့လျော့ ဖြစ်လာရာ နှစ်ပေါင်း ၂၀ ကျော်သောအခါ မြန်မာ့စိတ်ဓာတ်သည် ညှဲ့ဖျင်းလာ၍ ဇာတိမာန်၊ ဇာတိသွေးသည် ကွယ်ပျောက်လုမတတ်ဖြစ်သော အခြေသို့ ဆိုက်ရောက်လာခဲ့သည်။ ထိုအခြေတွင် မြန်မာတို့သည် မိမိတို့၏ မြန်မာ့ဂုဏ်ရည်ကို ပြန်လည်သတိရဖို့လိုသည်။ မိမိတို့၏ အတိတ်ရာဇဝင်ကို ပြန်လည်နားလည်ဖို့လိုသည်။ မိမိတို့၏ စာပေယဉ်ကျေးမှုကို ပြန်လည်လေ့လာဖို့လိုသည်။ ဤလိုအပ်ချက်များကို ဆရာကြီးသည် ဇာတိမာန်ကဗျာများဖြင့် တစ်ဖက်တစ်လမ်းမှနေ၍ ဖြည့်တင်းနိုင်ခဲ့သည်။

ဆရာကြီးသည် ထိုအခါက နိုင်ငံရေးတွင် ပြင်းပြင်းထန်ထန် ထထကြွကြွ ဆောင်ရွက်နေကြသည်ဟု ဆိုထိုက်သော လူငယ်တစ်စု၏ သတင်းစာ (သူရိယသတင်းစာ) မှ နေ၍ မြန်မာမင်းကောင်းမင်းမြတ်တို့၏ ဂုဏ်ကိုလည်းကောင်း၊ မြင့်မြတ်သော မြန်မာ့ရာဇဝင် အဖြစ်အပျက်တို့ကိုလည်းကောင်း ဖော်ပြ၍ မြန်မာတို့၏ မီးခဲပြာဖုံး ဇာတိမာန်ကို ထစေ ကြွစေခဲ့သည်။ မြန်မာစာပေနှင့် ယဉ်ကျေးမှုတို့၏ ဂုဏ်အရသာကို ဖော်ပြ၍ တိုင်းချစ်ပြည်ချစ်စိတ်ကို ဖူးပွင့်စေခဲ့သည်။ ထို့ကြောင့် ၁၂၈၀ ပြည့်နှစ်လောက်မှစ၍ ဆရာကြီး ဖွဲ့ဆိုခဲ့သော ကဗျာများသည် ထိုခေတ်နှင့် အလွန်တရာ လျော်ကန်သင့်မြတ်ကြသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး၏ နည်းပရိယာယ်ဆိုသည်မှာ မိမိ၏ ကျမ်းများတွင် အမေးအဖြေသဘောဖြင့် မိမိ၏ အာဘော်ကို ဖော်ပြသောနည်း ဖြစ်သည်။ မှာတော်ပုံများတွင် မောင်ဖုန်းခင်သည် ဗားကရာလူထွက် ဆရာကြီးကို မေးမြန်းသဖြင့် လူထွက်ဆရာကြီးက မြန်မာရာဇဝင်ကြောင်းကို ပြန်ပြောင်းပြောပြပြီးလျှင် လေးချိုးရှည်ကြီးများကို ဖွဲ့ဆိုလေဟန် ရေးသားတတ်သည်။ ဋီကာများ၌လည်း ဆရာကြီးသည် လှိုဏ်ဂူ၌ ဖိုထိုးနေသော ယောဂီရသေ့ကြီးအနေဖြင့် ဘေဒါ ကေသာ အစရှိသော တပည့်မများအား မြန်မာစာပေ၊ မြန်မာရာဇဝင်တရားများကို မေးဖြေပြောကြား ဖွဲ့ဆိုလေဟန် ရေးသားတတ်သည်။ အကြောင်းသင့်တိုင်း မြန်မာပျို့လင်္ကာရတု မော်ကွန်း ဧချင်း အစရှိသည်တို့မှ စာများကို ကောက်နုတ်ဖော်ပြကာ ထိုစာတို့၏ ခဲရာခက်ဆစ် ဂုဏ်အရသာတို့ကို ထုတ်ဖော်ရေးသားတတ်သည်။ ဆရာကြီးသည်

ဤနည်းဖြင့် မြန်မာလူထု၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်ခဲ့သည်။

ဆရာကြီးသည် မိမိကဗျာများတွင် ခေတ်လူတို့ နားလည်နိုင်သော စကားမျိုးကို သုံးလေ့ရှိသည်။ ခေတ်လူတို့ ရွတ်ချင် ဖတ်ချင် သီဆိုချင်သော လေးချိုးကဗျာ အစပ်မျိုးကို အများအပြားသုံးလေ့ရှိသည်။ တစ်ဖန် စေတနာကလည်း မြင့်မြတ်၍၊ အဆိုအမိန့်ကလည်း ကောင်းပြန်လေရာ ထိုခေတ်က ဆရာကြီး၏ ကဗျာများကို ဖတ်ရှုကြားနာကြသော သူတို့၏ စိတ်တွင် မြန်မာစာပေ မြန်မာရာဇဝင်တည်းဟူသော လောကသစ်ကြီး ပေါ်ပေါက်လာ၍ ထိုလောကသစ်ကြီးတွင် ကျင်လည်ကျက်စား ပျော်ပါးနေရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်၍ စိတ်အားမာန်အား တက်ကြွကြရသည်။

အလောင်းမင်းတရားကြီးသည် ရဲဘက် ခြောက်ကျိပ် ရှစ်ယောက် အသင်းဖွဲ့ကာ ရွှေဘိုမှ တစ်စခန်းထလာပုံကို လေးချိုး၏ ဒုတိယပိုဒ်တွင်–

*'သတင်းကောင်းလိုက်ပါဘိသနှင့်၊*
*အသင်းအပေါင်းတွေနဲ့ မင်းလောင်း အောင်ဇေယျာတဲ့နော၊*
*တောင်ခြေကမ္ဘာမှာ ပြောင်ဝေသမ္ဘာ လျှမ်းချိန်မို့၊*
*နောင်အရှည်မကြာ၊ မောင်ရွှေမြန်မာတို့ လွှမ်းလောက်ပေရဲ့၊*
*ရွှေဗဟိုရ် ရွှေဘိုကရှမ်းချိန်မို့၊ ထွန်းသိုက်သြဘာ'*

ဟု အားတက်စရာ၊ အားရစရာဖြစ်အောင် ဖွဲ့ဆိုခဲ့သည်။

ဆရာကြီးသည် ပုဂံမြို့ဟောင်းသို့ ရောက်သောအခါ ပုဂံရာဇဝင်နှင့်တကွ ရှင်အရဟံကိုလည်းကောင်း၊ အနော်ရထာ၊ ကျန်စစ်သား၊ ကျစွာမင်းကြီးတို့ကိုလည်းကောင်း တဇေ့ဇေ့တွေး၍ တရေးရေးမြင်ပြီးလျှင် ဇာတိမာန် တက်ကြွခဲ့၏။ တစ်ဖန် နယ်ချဲ့တိုင်းတစ်ပါး၏ လက်အောက်သို့ ကျရောက်နေရသော ဇာတိပျောက်၊ အပင်ပျောက်၊ အခြေပျောက် မြန်မာ့ဘဝကို သတိရသဖြင့် ဝမ်းနည်းပူဆွေးခဲ့ပြန်၏။ ရှေးမြန်မာမင်းများ၏ဂုဏ်ကို ပြန်၍ ပြောမပြချင်လောက်အောင် စိတ်ညစ်ခဲ့ပုံရသည်။ ထို့ကြောင့် ဆရာကြီးသည် ပုဂံရာဇဝင်ကို ခင်းကျင်းဟောပြောပြီးသည်၏ အဆုံး၌–

*'ဇာတိအပင် အခြေပျောက်ပြန်တဲ့ ဘဝပေမို့၊*
*သာကီဝင်တွေ မောက် ဟန်လည်း မပြချင်ဘု၊*
*နောက်ယမန် သမယဆီက အထောက်မတန်လှခဲ့တဲ့ မြန်မာ့ပလ္လင်ပျံ့ကွန်းပေမို့၊*
*ပေါက္ကံကျကာမှ ဆရာ့မှာ အင်မတန်လွမ်း'*

ဟု ဇာတိမာန် တက်ကြွသံ၊ ဝမ်းနည်းပူဆွေးသံ၊ ရှက်သံ နှောကာ ဆိုခဲ့သည်။

ဆရာကြီးသည် ပုဂံကို လွမ်းတိုင်း မျက်မှောက်ခေတ် မြန်မာပြည်ကို ရှေးခေတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာပြည်ကဲ့သို့ လွတ်လပ်စေချင်၍၊ ကမ္ဘာ့ပွဲလယ်တွင် အဆင့်တူ အတန်းတူ တင့်တင့်တယ်တယ် ဖြစ်စေချင်ဟန်တူသည်။ ထိုဆန္ဒ ထိုဆုတောင်းကို–

*'အညာတစ်ခွင် တောင်စစ်ကိုင်းဆီက၊ မောင်မှိုင်း မသေမီပါ၊*
*ရွှေပြည်သူ မြန်မာရဟန်းရှင်လူအများတို့မှာလ၊*
*မြေဒီဗမ္ဗူကမ္ဘာမှာလေ အတန်းအသွင်တူ ကြွားပုံကိုဖြင့်၊*
*မျက်ဝါးထင်ထင် မြင်ခဲ့သေးချင်တဲ့ပြင်၊ ဘေးမခု တစ်ရန်ပြုံအောင်*
*နော်ကွယ်၊ အေးဆု ပန်ဆို'*

ဟူသော စကားတို့ဖြင့် ဖွဲ့ဆိုခဲ့သည်။ (ယခုအခါတွင် ဆရာကြီး၏ ဆုတောင်းပြည့်လေပြီ)

ဆရာကြီးသည် ထိုသို့ဆုတောင်းရုံမျှဖြင့် ကျေနပ် နှစ်သက်သည်မဟုတ်ချေ။ မြန်မာပြည်၏ အကျိုးကို သည်ပိုးလိုသဖြင့် ရသေ့ ယောဂီ တောမိုပုဂ္ဂိုလ်ကြီးပိပိ ရွှေဖြစ် ငွေဖြစ်လမ်းကို လိုက်ကာ အဂ္ဂိရတ်ထိုး ကြိုးစားနေဟန်ကို–

*'ကဝေဆရာ အဂ္ဂိရတ်သမားမှာဖြင့်၊*
*ရွှေ ငွေ ရတနာ လက်ရှိလှလှ ထွားအောင်ပါ၊*
*ဩော်–နဂါးတည်းဟူသော ပြဒါးသတ်စရာ ပြားသလိုနဲ့ ခုန်းချင်တဲ့၊*
*ဖားဆိုတဲ့ ဂမုန်းအပင် ဥတစ်မျိုးရယ်နှင့်၊*
*ဆရာ့စိတ်ရှိသလောက် ဓနသိဒ္ဓိပေါက်စရာကြိုးနိုင်မှ၊ အမျိုးဘာသာနှင့်*
*သာသနာ ပညာထွန်းမယ့်ပြင်၊*
*အစွမ်းကုန် ကမ္ဘာနဲ့ချင်လို့၊ ငါဟဲ့နော် အားအန်ကိုးကာပေါ့၊*
*ချောင်ခိုကာ တောင်လျှိုရိုးမှာကွယ် ထိုးရမကို'*

ဟု တစ်အားမြောက်ကာ၊ ရဲရင့်သောစိတ်ကို ဖော်ပြခဲ့သည်။

ဤစေတနာသည် ဆရာကြီး၏စိတ်တွင် အမြဲပူးဝင်စွဲကပ်နေဟန်တူသည်။ ထို့ကြောင့် နယ်ချဲ့အစိုးရကို တော်လှန်သော သဘောဖြင့် ပထမအကြိမ် ယူနီဗာစီတီကျောင်းသားများ သပိတ်မှောက်ကြသောအခါ ဆရာကြီးသည် ထိုအရေးတော်ပုံတွင် ကိုယ်ထိ လက်ရောက် ပါဝင်ခဲ့သည်။ ထိုအခါက ဆရာကြီးသည် အမျိုးသားကောလိပ်တွင် မြန်မာစာပေနှင့် ရာဇဝင်ဆရာကြီးအဖြစ်ဖြင့် ဆောင်ရွက်သူဖြစ်သည်။ သပိတ်အရေးတော်ပုံတွင် ရဲဝံ့စွန့်စားကြသော လူငယ်များကို မြင်ရသောအခါ ဆရာကြီးသည် ထိမထင်ခဲ့သော မိမိ၏ ကျောင်းသားဘဝကို သတိရဟန်တူသည်။ ဝမ်းသာအားရလည်း ဖြစ်ဟန်တူသည်။ အရေးကြီးသဖြင့် သွေးနီးရာပါလိုသော စိတ်ဓာတ်များလည်း ပေါ်ပေါက်လာဟန်တူသည်။ ထို့ကြောင့် ဆရာ ကြီးသည်–

*'ဘွိုင်းကောက်အဖြစ်မှာ မေတ္တာ အထည်မသေးသော်လည်း*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*မှိုင်းတစ်ယောက် မစွတာ ချစ်ရာ မမယ်သေးနိုင်ဘု၊*
*သစ္စာတကယ် သွေးတွေဟဲ့လို့ တွေးသနဲ့ နောင်ဖို့အလို၊*
*ခေတ္တရာနယ် တစ်ကျေးဆီက မေးရက် မောင်တို့ကို။*
*ပြော်-ဝေးခရီးပေမဲ့*
*အရေးကြီးလျှင်ဖြင့် သွေးနီးရာ ပါစမြဲပေမို့၊*
*ဆရာလည်းကွာ၊ ပထမအရင် ကနဦးဆီက၊*
*မြန်မာ့တစ်ခွင်မှာ သမ္မတ ရှင်ဘုရင် မလူးခင်ပဲ၊*
*(ထ) ဆင်ထူးကို တမြည်မြည် သင်ခဲ့သမို့၊*
*(ထီ) မထင် ကျောင်းတော်သားတွေရဲ့၊*
*အမည်အစဉ်မှာ ခေါင်းအပေါ်ဖျားမှာလ၊*
*မင်းရှိဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့'*

ဟု စိတ်ခါးတောင်းကို နာနာကျိုက်ကာ အားတက်စရာ ဖွဲ့ဆိုခဲ့သည်။

ဆရာကြီး၏ ကဗျာများသည် ပုံတင်သံမဟုတ်။ ခေတ်၏ အခြေအနေ၊ ခေတ်၏ ပတ်ဝန်းကျင်မှ အလိုလိုမြည်ဟည်းလာသော ပကတိအသံ ဖြစ်သည်။ ဆရာကြီး၏ကဗျာများသည် စာမှာကား ကရကရာဒေါက်ချာ မိုးလားကဲလား ဟူဘိသကဲ့သို့၊ ပညာဂုဏ်ဖော်လို၍ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့်ဖွဲ့ဆိုသော ကဗျာမျိုးမဟုတ်။ ကြည်လင်သောစေတနာဖြင့် သက်သက်သာသာ နာစချင့်ဖွယ်ဖြစ်အောင် ဖွဲ့ဆိုသောကဗျာမျိုး ဖြစ်သည်။

ဆရာကြီးသည် ရှေးဟောင်း မြန်မာ့ဂုဏ်ကျက်သရေ အဖြာဖြာလည်းကောင်း၊ မိမိ၏ နိုင်ငံချစ် စိတ်ဓာတ်ကိုလည်းကောင်း ထုတ်ဖော်ဖွဲ့ဆိုသူလည်းဖြစ်၍၊ ခံ့ညား တည်ကြည်သော အဆိုအမိန့်ဖြင့် လေးချိုးစပ်ကဗျာ၏ ဂုဏ်အဆင့်အတန်းကို မြှင့်တင်ခဲ့သူလည်းဖြစ်ရာ ဆရာကြီးသည် မြန်မာစာပေသမိုင်းတွင် အခန်းသစ်တစ်ခန်းကို ဖွင့်ခဲ့ပေပြီဟု ယူဆလိုက်ပါသည်။

၁၉၄၈။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဇာတိမာန်စာဆို ဦးလွန်း

တစ်လောတုန်းကပင် သခင်ကိုယ်တော်မှိုင်းဘွဲ့ခံ ဆရာကြီးဦးလွန်းထံသို့ ကျွန်တော်ရောက်ခဲ့၍ ကန်တော့ခွင့်ရခဲ့သည်။ ဆရာကြီးကို ကန်တော့ခွင့်ရသည့်အခါတိုင်း ကျွန်တော့်မှာ သောမနဿ ဖြစ်ခဲ့ရသည်။ နိုင်ငံရေးသမားတို့သည် ဆရာကြီးကို မည်ကဲ့သို့ မြင်ကြမည်ဟု ကျွန်တော် မမှန်းတတ်ပါ။ ကျွန်တော်တို့ စာပေသမားများကမူ ဆရာကြီးကို လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် သီလသမာဓိပညာနှင့် ပြည့်စုံ၍ ပြည်သူလူထုအပေါ်၌ မေတ္တာအထားဆုံးဖြစ်သော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ စာရေးဆရာတစ်ဦးအဖြစ်ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေး ရရာရကြောင်းအတွက် ကျေးဇူးအပြုဆုံးဖြစ်သော စာဆိုဟူ၍လည်းကောင်း တန်ဖိုးထားချင်ပါသည်။ ကျွန်တော်တို့ ခေတ်၌သာမက နောင်လာမည့်ခေတ် အဆက်ဆက်၌လည်း ထိုသို့ပင် တန်ဖိုးထားကြလိမ့်မည်ဟု ဆိုရဲပါသည်။ ထိုသို့သော ပုဂ္ဂိုလ်ထူးကို ကန်တော့ရသဖြင့် အဘယ်မှာလျှင် သောမနဿမဖြစ်ဘဲ ရှိပါအံ့နည်း။

၁၉၁၈ ခုနှစ်လောက်မှစ၍ ၁၉၃၅ ခုနှစ်လောက်အထိ အနှစ်နှစ်ဆယ်နီးပါးခန့် ကဗျာဆိုခဲ့သော ဆရာကြီးသည် အာရှတိုက်၌ ယခုတိုင် သတင်းမွှေး၍ ကျန်နေသော အိန္ဒိယစာဆို တဂိုးနှင့်လည်းကောင်း၊ တရုတ်ဝတ္ထုရေးဆရာ လူရွှန်းနှင့်လည်းကောင်း တူသည်ဟု ယူချင်ပါသည်။ တူပုံမှာ တဂိုး၏ကဗျာများသည် အိန္ဒိယပြည်သူလူထု မျက်စိပွင့်ရေးအတွက်လည်းကောင်း လူရွှန်း၏ဝတ္ထုများသည် တရုတ်ပြည်သူလူထု မျက်စိပွင့်ရေးအတွက်လည်းကောင်း၊ အခြေခံဖြစ်ခဲ့ကြသကဲ့သို့၊ ဆရာကြီး၏ ကဗျာများသည်လည်း မြန်မာတိုင်းရင်းသား၊ ပြည်သူလူထု မျက်စိပွင့်ရေးအတွက် အခြေခံဖြစ်ခဲ့သည်သည်ဟု ယူပါသည်။

ထိုခေတ် ထိုအခါကသော် အိန္ဒိယသည် ဗြိတိသျှနယ်ချဲ့၏ စိုးမိုးမှုကို ခံနေရသည်ဖြစ်ရာ အိန္ဒိယဇာတိမာန်သည် ကျဆုံးလျက်ရှိသည်။ ထိုသို့ဖြစ်ရသည်မှာ အိန္ဒိယ၌ ကိုယ့်ရာဇဝင်၊ ကိုယ့်ယဉ်ကျေးမှုတို့ကို အထင်သေးနေကြခြင်းတည်း ဟူသော အပြစ်ကြောင့် ဖြစ်သည်ဟု တဂိုး မြင်သည်။ ထိုအပြစ်ရှိနေသမျှ ကာလပတ်လုံး ဇာတိမာန်မရှိနိုင်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဇာတိမာန်မရှိလျှင် အိန္ဒိယလွတ်လပ်ရေးအတွက် ကြိုးပမ်းချင်စိတ်မရှိနိုင်ဟုလည်း တဂိုး မြင်သည်။ ထို့ကြောင့် တဂိုးသည် အမျိုးဘာသာ ယဉ်ကျေးမှုကို အခြေခံပြုလျက် ဂီတဥ္စလီ စသော ကဗျာတို့ကို ရေးခြင်းအားဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ကို နှိုးဆော်ပေးခဲ့သည်။

တစ်ဖန် တရုတ်ပြည်သည် နိုင်ငံရေးအားဖြင့် လွတ်လပ်သောနိုင်ငံ ဖြစ်နေသော်လည်း စီးပွားရေးအားဖြင့်လည်းကောင်း၊ လူမှုရေးအားဖြင့်လည်းကောင်း၊ ဥရောပနယ်ချဲ့နှင့် ပြည်တွင်းစကရာဇ်၊ ပဒေသရာဇ်တို့၏ ဒဏ်ကို ခေါင်းငုံ့၍ ခံနေရသည်။ ထိုသို့ဖြစ်ရသည်မှာ အထက်တန်းလွှာတို့၌ စည်းစိမ်ယစ်မူးနေကြခြင်းတည်းဟူသော အပြစ်ကြောင့်လည်း ကောင်း၊ ပြည်သူလူထု၌ အကျိုးမပြု၊ ခေတ်မမီတော့သော အစဉ်အလာ အယူအဆအချို့ကို မပြောင်းလဲချင်ကြသော အပြစ်ကြောင့်လည်းကောင်း ဖြစ်သည်ဟု လူရွှန်းမြင်သည်။ ထို အပြစ်တို့ ရှိနေကြသမျှ ကာလပတ်လုံး တရုတ်ပြည်သည် ဥရောပနယ်ချဲ့၊ ပြည်တွင်း စကရာဇ် ပဒေသရာဇ်တို့၏ဒဏ်ကို တွန်းလှန်ခြင်းမပြုနိုင်။ တွန်းလှန်ခြင်းမပြုနိုင်လျှင် တိုးတက်ခြင်း မရှိနိုင်ဟုလည်း လူရွှန်းမြင်သည်။ ထို့ကြောင့် လူရွှန်းသည် ထိုအပြစ်တို့ကို ပြည်သူလူထုက မြင်လာ၍ ရှက်ချချင်ကြအောင်၊ စွန့်ချင်ကြအောင်၊ ထိုအပြစ်တို့ကို ကဲ့ရဲ့ ၍လည်းကောင်း၊ သရော်၍လည်းကောင်း ဝတ္ထုတစ်မျိုး၊ ဆောင်းပါးတစ်ဖုံရေးကာ ပြည်သူ လူထု၏ မျက်စိကို ဖွင့်ပေးခဲ့သည်။

မြန်မာပြည်သည်လည်း ထိုခေတ် ထိုအခါကသော် အိန္ဒိယနှင့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေသော တိုင်းပြည်ဖြစ်ရာ အိန္ဒိယမှာကဲ့သို့ပင် ဗြိတိသျှနယ်ချဲ့ စိုးမိုး မှုဒဏ်ကြောင့် မြန်မာ့ဇာတိမာန်သည် ကျဆုံးခဲ့သည်။ ထိုသို့ဖြစ်ရသည်မှာ မြန်မာပြည်၌ ကိုယ့်ရာဇဝင်၊ ကိုယ့်ယဉ်ကျေးမှုတို့ကို အထင်သေးနေကြခြင်းတည်းဟူသော အပြစ်ကြောင့် ဖြစ်ရသည်ဟု အိန္ဒိယ၌ တဂိုး မြင်သကဲ့သို့၊ မြန်မာပြည်၌လည်း ဆရာကြီး ပြတ်ပြတ်သားသား မြင်ခဲ့သည်။ ထိုအပြစ်ကို ပွဲဦးထွက် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ချေဖျက်နိုင်မှသာ မြန်မာပြည်၏ လွတ်လပ်ရေးလမ်းစဉ် ဖြူးဖြောင့်မည်ဟုလည်း ဆရာကြီး ကောင်းစွာသဘော ပေါက်ခဲ့သည်။ အိန္ဒိယတွင် တဂိုးသည် အမျိုးဘာသာ ယဉ်ကျေးကို ကျယ်ကျယ်ပြန့်ပြန့် ခံကတုတ်ပြုကာ အိန္ဒိယဇာတိမာန် ကျဆုံးမှုကို တိုက်ဖျက်ခဲ့သည်။ မြန်မာပြည်၌ကား ဆရာကြီးသည် အတိတ် မြန်မာရာဇဝင်မှ မြန်မာ့ဂုဏ်ရည် အစိတ်အပိုင်းကို ပဓာနအားဖြင့် ခံကတုတ်ပြုကာ မြန်မာ့ဇာတိမာန်ကျဆုံးမှုကို တိုက်ဖျက်ခဲ့သည်။ ၁၉၁၃ ခုနှစ်၊ ဗိုလ် ဋီကာဆောင်းပါးများကို ရေးသည်မှအစပြု၍ မှာတော်ပုံဝတ္ထု၊ ဒေါင်းဋီကာ၊ ဘွိုင်းကောက် ဋီကာ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍီ၊ ခွေးဋီကာ၊ သခင်ဋီကာတို့ကို ဆက်တိုက်ရေးကာ ရာဇဝင် နီတိ ဆောင်းပါးများကို ရေးသည်အထိ ယုံယုံကြည်ကြည် တိုက်ပွဲဝင်၍ မြန်မာ တိုင်းသား ပြည်သူတို့၏ မျက်စိကို ဖွင့်ပေးခဲ့သည်။

သူ့စာ၌ 'ဘမရာပလ္လင် သောင်းမြေပဟိုရ်နှင့် ကြငှန်းဆီကာ၊ သမ္မာမထင် ဒေါင်းငွေ့ညို သနဲ့သန်းပေမဲ့၊ ရာဇဝင်ကောင်းပေ့ဆိုတဲ့ အခန်းတွေနှင့်၊ သိမ်ဦးရှာတောင်မှာ စိန်ခြူးကြာ ညောင်နဲ့ လွမ်းချိန်မို့၊ ဆရာအရှင်မှာ ရာဇဝင်နဲ့ ထမ်းရပေမပေါ့" ဟု ဆရာကြီးကိုယ်တိုင်က အတိအလင်း ကြွေးကြော်ခဲ့သည်ကို ထောက်ခြင်းအားဖြင့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတိတ်မြန်မာရာဇဝင်မှ မြန်မာ့ဂုဏ်ရည် ခံကတုတ်ကို ဆရာကြီး အသုံးပြုမည်ဖြစ်ကြောင်း ဆရာကြီး သန္နိဋ္ဌာန်ချခဲ့သည်ကို သိနိုင်သည်။

ထိုခေတ် ထိုအခါကသော် တေးကဗျာတို့၏ စကားအသိမ်အမွေ့ အယဉ်အကျေး အနုအနွဲ့ ပလီပလာ တီတီတာတာ သက်သက်တို့၌သာ မိန်းမောနေကြသော အခြားကဗျာ ဆရာအချို့သည်လည်းကောင်း၊ ကျမ်းဂန်ပေစာများထဲ၌ ပါပြီးသားဖြစ်သော အသိပေးစကား သက်သက်တို့ကိုသာ ချွတ်စွပ်ဖောက်သည်ချကာ ခံညားထည်ဝါနေကြသော စာရေးဆရာ အချို့သည်လည်းကောင်း ဆရာကြီး၏ ကဗျာများကို ပေါ့ပေါ့တန်တန်မျှသာ မှတ်ထင်ခဲ့ကြ သည်။ အချို့သည် အကာကိုပင် အနှစ်ထင်၍ အပြစ်တင် လွှဲခဲ့ကြသေးသည်။ ဥပမာ– ဆရာကြီးသည် မိမိရေးလေ့ရှိသော မန်ကျည်းရွက်သတ် နဘေထပ် လေးချိုးရှည်များကို မဟာကဗျာလေးချိုးကြီးဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့သည်။ ထိုသို့သော လေးချိုးအစပ်များသည် ထိုအခါကသော် ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့၌ ငိုချင်းအတွက် သုံးစွဲသော အစပ်မျိုး ဖြစ်သည်။ ထိုအခါ ထိုအချို့ထဲမှ "တေးမျိုး အပြီးမသာမယာကို လေးချိုးကြီး မဟာကဗျာရယ်လို့ ခေါ်ရက်လေခြင်း"ဟု ကဲ့ရဲ့သူများ ပေါ်ခဲ့ကြသည်။ ထိုသူတို့သည် ဆရာကြီး၏ ကဗျာ ဉာဏ်၌ တန်ဖိုးအစစ်အမှန်ကိုမမြင်။ နာမပညတ်လောက်ကိုသာ ရေးကြီးခွင်ကျယ် မြင်ခဲ့ ကြသည်ဟု ထင်မိသည်။ အနုပ်မက်၍ အခွက်ပျက်ရသော သဘောမျိုးနှင့် တူသည်။

ထိုခေတ် ထိုအခါက ထိုသို့ မြင်တတ်ကြ၍ ထိုသို့ ပေါ့ပေါ့တန်တန် မှတ်ထင်တတ် ကြသည်မှာ အံ့ဩစရာမဟုတ်လှပါပေ။ ယခုခေတ် ယခုအခါ၌ပင် ဆရာကြီး၏ ကဗျာ ဉာဏ်တန်ဖိုးမှန်ကို မြင်တတ်အောင် အားမထုတ်လိုကြသော စာသင်ဆရာပညာရှိ အခေါ် ခံသူ အချို့အစိတ်အပိုင်း၌ ဆိုခဲ့သော အယူအဆမျိုးနှင့် အမှတ်အထင်တို့ ရှိနေကြသေး သည်ကို တွေ့နေလျက် ဖြစ်သည်။ သို့ရာတွင် ဆရာကြီးသည် ထိုခေတ် ထိုအခါကပင် သူ့စိတ်ကို သူသိပြီး ဖြစ်သည့်အပြင် သူ့စာကို သူတန်ဖိုးဖြတ်ပြီး ဖြစ်သဖြင့်မသိသူ၊ တန်ဖိုး မဖြတ်တတ်သူတို့၏ အဆိုအမိန့် အသေးအဖွဲတို့ကို မမှုခဲ့ချေ။ သူ့စေတနာအစစ်၊ သူ့ အမြင်အစစ်၊ သူ့စိတ်ကူးဉာဏ်အစစ်တို့ကို သူ့စကားအစစ်ဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် မမိုတ်မသုန်ရေးခဲ့သည်။ ထိုသို့ရေးခဲ့သောကြောင့် မြန်မာ ပြည်သူလူထုသည် ဆရာကြီး၏ ကဗျာတို့မှတစ်ဆင့် အတိတ်မြန်မာရာဇဝင် အဖြစ်အပျက်များတွင် ချီးကျူးသင့်သည်ကို ချီးကျူးလာတတ်သော ပညာကိုလည်းကောင်း၊ ကရုဏာ ဖြစ်သင့်သည်ကို ကရုဏာဖြစ် လာတတ်သော ပညာကိုလည်းကောင်း၊ အားတက် သင့်သည်ကို အားတက်လာသော ပညာကိုလည်းကောင်း၊ နှမြောသင့်သည်ကို နှမြောတတ်လာတတ်သော ပညာကိုလည်း ကောင်း တတ်မြောက်လာကြ၍ မီးခဲပြာဖုံး ဇာတိမာန်စိတ်ဓာတ်ကို ပြန်လည်ရရှိလာကြ သည်ဟု ယူပါသည်။ ပုဂံခေတ်ဘွဲ့၊ အင်းဝခေတ်ဘွဲ့၊ တပင်ရွှေထီးဘွဲ့၊ တောင်ငူရာဇာဘွဲ့၊ အလောင်းမင်းတရားဘွဲ့၊ မင်းတုန်းမင်းဘွဲ့၊ ဗိုလ်လရောင်ဘွဲ့၊ ဘိလပ်သွား ကိုယ်စားလှယ် များဘွဲ့၊ ၁၉၁၉ ခုနှစ် ဂျူဗလီပြည်လုံးကျွတ် အစည်းအဝေးဘွဲ့၊ ဆရာတော်ဦးဥတ္တမဘွဲ့ စသည်တို့သည် ဇာတိမာန်စိတ်ဓာတ်အတွက် မရိုးနိုင်သောစာများ ဖြစ်သည်။

အိန္ဒိယလွတ်လပ်ရေးကို နေရူးသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို တဂိုးက စည်းရုံးပေးနိုင်ခဲ့သောကြောင့် ဖြစ်သည်။ တရုတ်ပြည်သစ် ထူထောင်ရေးကို မော်စီတုန်းသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာ မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို လူရှုန်းက စည်းရုံးပေးခဲ့သောကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံလွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာ မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို သခင်ကိုယ်တော်မှိုင်းက စည်းရုံးပေးနိုင်ခဲ့သောကြောင့် ဖြစ်သည်ဟု ယူဆပါသတည်း။

၁၉၆၃။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မစ္စတာမောင်မှိုင်း မှာတော်ပုံဝတ္ထု

## [ ပထမတွဲ]

၁၉၁၅ ခုနှစ်၊ ၁၆ ခုနှစ်တို့တွင်လည်း ဆရာကြီးဦးလွန်းသည် ရာဇဝင်ပုံပြင်များကို ပြောဟော၍လည်းကောင်း၊ ရှေးဟောင်း မြန်မာကဗျာ လင်္ကာတို့၏ အရသာကို ထုတ် ဖော်၍လည်းကောင်း၊ ဇာတိမာန်တက်ကြွစေမှုအကြောင်းကိုပင် ရေးလျက်ရှိသေးသည်။ သို့ရာတွင် ဗိုလ်ငွေကာမှာကဲ့သို့ ဆောင်းပါးနည်းကိုမသုံး၊ ဝတ္ထုနည်းကို သုံးလာသည်။

ဆရာကြီးသည် ဆောင်းပါးနည်းမှ ဝတ္ထုနည်းသို့ အဘယ်ကြောင့် ပြောင်းသွားပါသနည်း။ ထိုခေတ်၌ ပြဇာတ်စာပေမျိုးအပြင် ကာလပေါ်ဝတ္ထု စာပေမျိုးလည်း ထွန်းကားစပြုလာပြီ။ မောင်ရင်မောင်မမယ်မဝတ္ထု၊ ဝန်စာရေးကြီး ဦးကြီး၏ ချဥ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုနှင့် မြကလေးဝတ္ထု၊ ဦးလတ်၏ စံပယ်ပင်နှင့် ရွှေပြည်စိုးဝတ္ထုတို့သည် ထိုခေတ်တွင် လူအများ နှစ်သက်လာကြသောစာများ ဖြစ်သည်ဟု ဆိုသည်။ ဝတ္ထုကို လူအများနှစ်သက်လျှင် ဝတ္ထုနည်းဖြင့်လည်း မိမိ၏စေတနာကို တိုင်းပြည်သို့ တင်ပြမည်ဟု ဆရာကြီး၌ ရည်ရွယ်ချက်ရှိဟန်တူသည်။ ထို့ကြောင့်သာလျှင် ဆရာကြီးသည် ပြဇာတ်ဆန်သော ဆောင်းပါးနည်းမှ ဝတ္ထုနည်းသို့ ကလောင်စမ်းသည့်သဘောဖြင့် ပြောင်းကြည့်သည်ဟု ဆိုရာသည်။ သို့ရာတွင် ၁၉၁၆ ခုနှစ်၌ ထုတ်ဝေသော မှာတော်ပုံဝတ္ထု၌ ပြဇာတ်ဆန်သော လေးချိုး၊ ငိုချင်း၊ ညည်းချင်းတို့ ပါလျက်ပင်ရှိသေးသည်။ ထိုသို့ပါရှိသေးသည်မှာ ပြဇာတ်စာအုပ်ခေတ်ကလည်း မကုန်သေးဖြစ်ရာ ပြဇာတ်သဘောကိုလည်း ဆရာကြီးသုံးလုံးမစွန့်နိုင်သေးဟု ထင်ဖွယ်ရှိသည်။ သို့ရာတွင်၊ မှာတော်ပုံဝတ္ထုတွင် ဝတ္ထုဟု အမည်ဘပ်ထားသည့်အတိုင်း ဝတ္ထုသဘောက စိုးမိုးလျက်ရှိနေသည်ကို သိမြင်နိုင်သည်။

မှာတော်ပုံဝတ္ထု ပထမတွဲ၏နိဒါန်းတွင်–

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*"အများသော မြန်မာတိုင်းသူ ရှင်လူအပေါင်းတို့မှာ နှစ်ထောင်း အင်ခြိုက် ဘဝင်သို့ ခိုက်ပြီးလျှင် အစဉ်တစိုက် အာရုံပျော်မည့် မှာတော် ပုံ စာတမ်းအရေးကြောင့် မန္တလေးခေတ် လက်ထက်က ဖြစ်ပျက်သော အတ္တုပ္ပတ္တိကိုလည်း အဟုတ်အဟတ်သိရလိမ့်မည့်အကြောင်းကို ကောင်း မွန်စွာ ပြအံ့သောငှာ"*

ဟု ရေးခဲ့သည်။ ထိုရည်ရွယ်ချက်ကို ထောက်သဖြင့် ဆရာကြီးသည် မှာတော်ပုံဝတ္ထုကို ရေးခါစဉ်ကလည်းကောင်း၊ ရေးခိုက်၌လည်းကောင်း၊ အတတ်ပညာတွင် မိမိစာသင်စဉ်က မြင်ရ၊ ကြားရ၊ တွေ့ကြုံရသည်တို့ကို ပြန်လည်သတိရအောက်မေ့ခဲ့သည်ဟု ဆိုသင့်သည်။ ထိုသို့ဆိုသင့်အောင်လည်း မှာတော်ပုံဇာတ်လမ်းတွင် ကိုပေါ ရိုးပုံ အပုံကိုလည်းကောင်း၊ ဗားကရာလူထွက် ဦးကျော်ဒွေး တဲ့တိုးပြောတတ်ပုံကိုလည်းကောင်း၊ ခင်အုံ မာယာများပုံ ကိုလည်းကောင်း၊ မောင်မောင်ရွှေ၊ ဆရာဧ၊ ဘုရားဒကာ ညွှန့်တို့ အညာအလိုင်းဖြင့် စား သောက် နေထိုင်ကြပုံကိုလည်းကောင်း၊ တကယ့်လူ၊ တကယ့်လောကနှင့် တူသည်ထင်ရ အောင် ဆရာကြီး အနုစိတ်၍ ရေးဖွဲ့နိုင်သည်။ ထိုမျှမကသေး၊ ထိုအဖွဲ့များကို သနား ဖွယ်ဖြစ်အောင်လည်း ရေးဖွဲ့နိုင်သေးသည်။ ဤလူစုကိုကြည့်၍ ဆရာကြီးကရုဏာ ဖြစ် ခဲ့သည်မှာ ထင်ရှားသည်။

၁၉၂၃ ခုနှစ်လောက်က ရန်ကုန်မြို့ ဘားလမ်းရှိ သူ့အခန်း၌ ဆရာကြီးကို ပထမ အကြိမ် တွေ့ဖူးသည်။ ဆရာကြီးသည် သင်ဖြူးတစ်ချပ်ပေါ်တွင် ဝမ်းလျားမှောက်ကာ စာရေးလျက်နေသည်။ သူ့အနီးတွင် ကလေးနှစ်ယောက် ကစားနေသည်ဟု ထင်မိသည်။ ကျွန်တော်တို့ကို မြင်သောအခါ ဆရာကြီးသည် ခဲတံကိုချကာ ကျွန်တော်၏မိတ်ဆွေကို အားရဝမ်းသာ ခေါင်ငြိမ့်နှုတ်ဆက်၍ စကားပြောသည်။ စကားပြောရင်းလည်း အနီး၌ကစား နေကြသော ကလေးနှစ်ယောက်ကို တိုးတိုးသက်သာကစားကြကွဲ့ဟု ခဏခဏ ချော့မော့ ရရှာသည်။ ကျွန်တော့်မိတ်ဆွေနှင့် ပြောကြသော စကားများကို ကျွန်တော် မမှတ်မိတော့ပြီ။ သို့ရာတွင် ဆရာကြီးပြောသော အကြောင်းတစ်ခုကိုကား ကျွန်တော် စွဲစွဲမြဲမြဲမှတ်မိလိုက် သည်။

ထိုအကြောင်းကား ဆရာကြီး၏ သားအကြောင်း ဖြစ်သည်။ ဆရာကြီးက ထိုသား သည် ဆိုဆုံးမသည်ကို စိတ်ကောက်၍ အိမ်မှထွက်ခွာသွားရာ တစ်လနီးပါးမျှကြာကြောင်း ပြောပြီးနောက် ဆက်လက်၍ "ဆရာကတော့ ဒီကောင်လေး ပြန်လာမှ နာနာနက်ပေး လိုက်ဦးမယ်လို့ စိတ်ကခဲထားတာ၊ မောင်မင်းကြီးသားက ကိုရင်ဝတ်နဲ့ ပြန်လာလေတော့ မနက်ရတဲ့အပြင် ကိုယ်တော်မြတ်ကို ဆွမ်းတော်တောင်ကပ်လိုက်ရသေးသကွ"ဟု ပြော၍ ရယ်ရှာလေသည်။ ထိုသို့ရယ်လိုက်ခြင်းသည် သားလုပ်ပုံကို ဆရာကြီး စိတ်မဆိုး၊ သား၏ အပြစ်ကို ခွင့်လွှတ်ကာ ကရုဏာစိတ်ဖြင့်ဖြေ၍ ရယ်မောလိုက်ခြင်း ဖြစ်သည်ဟုထင်သည်။

ဆရာကြီးသည် ထိုစိတ်ထားမျိုးဖြင့် ပတ်ဝန်းကျင်လောကကိုရှု၍ ဆင်ခြင်တတ် သည်။ ပတ်ဝန်းကျင်လောကတွင် အပြစ်ကိုမြင်သော်လည်း အပြစ်မတင်လို။ သနားဖွယ်

သာတကားဟူသော သမာဓိအမှုအရာဖြင့် အသင့်အတင့် နှလုံးသွင်းတတ်သည်။ ကိုပေါ၊ ဦးကျော်ဒွေး၊ ခင်အုံ စသော လူ့သဘာဝအဖွဲ့များတွင် ထိုစိတ်ထားမျိုးဖြင့် ဆင်ခြင်တတ်ပုံ၊ အသင့်အတင့် နှလုံးသွင်းတတ်ပုံတို့ကို ထင်ရှားစွာသိမြင်နိုင်သည်။ ဆရာကြီးသည် ကိုပေါကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ ဦးကျော်ဒွေးကဲ့သို့သောလူမျိုးကိုလည်း သနားသည်။ ခင်အုံကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ သို့ရာတွင် ကိုပေါအကြောင်းကို ချစ်စိတ်ဖြင့် ပြောပြသည်။ ဦးကျော်ဒွေးအကြောင်းကို လေးစားစိတ်ဖြင့် ပြောပြသည်။ ခင်အုံအကြောင်းကို ခွင့်လွှတ်စိတ်ဖြင့် ပြောပြသည်။

ကိုပေါ ဆိုသူသည် ညောင်ကန်ရွာသား မုဆိုးဖိုဖြစ်သည်။ ငွေကြေးအတော်အသင့်ရှိသူ ဖြစ်သည်။ မန္တလေးသို့ အလည်အပတ်လာစဉ် ဘုရားဒကာ ဦးကြာညွန့်၏အိမ်၌ တည်းခိုသည်။ တစ်နေ့သ၌ ဦးကြာညွန့်၏မိတ်ဆွေများဖြစ်ကြသော ဝန်စာရေး မောင်မောင်ရှနှင့် သင်္ဂြိုဟ်ဆရာကလေး မောင်ဇတို့သည် ဦးကြာညွန့်၏အိမ်သို့ ရောက်လာ၍ စကားစမြည်ပြောကြပြီးလျှင် ကိုပေါကိုပါခေါ်၍ ဗားကရာလူထွက် ဦးကျော်ဒွေး၏အိမ်သို့ သွားကြသည်။ ရောက်သောအခါ အဘိုးအို ဦးကျော်ဒွေးနှင့် သမီးအရွယ် မြေးအရွယ်ဖြစ်သော ဇနီးသည် ခင်အုံတို့ ရန်ဖြစ်နေကြသည်ကို တွေ့ကြသည်။ ဦးကြာညွန့်တို့လူစုသည် ကိုပေါထံမှ ငွေစကြေးစ ချူလိုသဖြင့် ဦးကျော်ဒွေးနှင့် ခင်အုံတို့ ကွဲအောင် ပြုပြီးလျှင် ခင်အုံကို ကိုပေါနှင့် တို့ပေးသည်။ နောက်ဆုံးတွင် ဦးကျော်ဒွေးမှာလည်း ဒုက္ခဖြစ် ကျန်ရစ်ခဲ့၍ ကိုပေါမှာလည်း ဒုက္ခသစ်နှင့် ရင်ဆိုင်တိုးနေရရှာလေသည်။ ဤကား မှာတော်ပုံဝတ္ထု ပထမတွဲ၏ ဇာတ်လမ်းအချုပ် ဖြစ်သည်။

ဤဇာတ်လမ်းတွင် အသည်းထိတ်စရာလည်းမပါ။ ပျိုရွယ်နနယ်သူတို့ လွမ်းချင်ကြသော မယ်ဘွဲ့ မောင်ဘွဲ့ အလွမ်းမျိုးလည်းမပါ။ အထူးအဆန်းဟူ၍ အလျှင်းမပါ။ အရိုးခံသက်သက်မျှသာ ဖြစ်သည်။ သို့ရာတွင် ဤဇာတ်လမ်း၌ လောကီဘုံဓလေ့ ကြုံတွေ့ရတတ်သော သဘောတို့ပါသည်။ လောကသဘာဝ၊ လူ့သဘာဝတို့ကို ကြားတတ် မြင်တတ် ဆင်ခြင်တတ်၍ ကရုဏာမေတ္တာထားတတ်သော ဉာဏ်ရှင် စာရေးဆရာတို့တွင် လောကအကြောင်း လူ့အကြောင်းတို့ကို ထိုဇာတ်ဆင်၍ သနားဖွယ် ချစ်ခင်ဖွယ်ဖြစ်အောင် ဖန်တီး ဖွဲ့ဆိုနိုင်သော စွမ်းရည်ရှိသည်။ ဆရာကြီး၌ ထိုစွမ်းရည်ရှိသည်။ ရှိသည်ကို မှာတော်ပုံဝတ္ထုတွင် အထင်အရှားပြခဲ့သည်။

ဆရာကြီးသည် ကိုပေါကို ဖွဲ့ရာတွင် အနှစ်သက်ဆုံးဖြစ်ဟန်တူသည်။ ကိုပေါသည် ရိုးသည်။ စကားကြွယ်လှသော မန်းသား မောင်မောင်ရှတို့အလယ်တွင် နှုတ်ဆိတ်၍သာ နေရရှာသည်။ သို့ရာတွင် မိမိသိသော ကိစ္စ၌ကား နှုတ်မနည်းလှ၊ ကျကျနနပြောတတ်သည်။ စစ်ကိုင်းမြို့၊ ငါးထပ်ကြီးဘုရားပွဲ စကားဝိုင်း တရားဝိုင်းတွင် ဗားကရာလူထွက် ဦးကျော်ဒွေးသည် ရာဇဝင်အကြောင်းကို ကောင်းကောင်းကြီး ပြောနိုင်သည်။ မောင်မောင်ရှသည် ထီးနန်းအကြောင်းကို ကောင်းကောင်းကြီးပြောနိုင်သည်။ ကိုပေါမှာကား မိမိ၏နားကိုသာ အသုံးပြုရသည်။ သို့ရာတွင် ကျောင်းဒကာကြီးတစ်ဦးက မောင်တို့ အလုံမုံရွာဆီမှာ ဆီဈေးများ ဘယ်လိုပေါက်နေသတုံးဟု မေးလိုက်သောအခါ ကိုပေါသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆီဈေးသာမက ငရုတ်ဈေး၊ ပြောင်းဖူးဈေး၊ ပဲကြားဈေး၊ ချိပ်ဈေးတို့ကိုပါ သာသာထိုးထိုး သွက်သွက်လက်လက် ပြောပြနိုင်သည်။

"ကျောင်းဒကာရဲ့၊ ကျွန်တော်လာတုန်းကဖြင့် ၄၅ ကျပ်ဈေး ဖြစ်နေတာပါပဲ။ မုံရွာနှင့် ကြေးမုံမတော့ ငရုတ်ကောင်း အစိတ်ဈေးဖြစ်နေတဲ့အပြင် ခင်မွန်နှင့် ချောင်းဦးမတော့ ပြောင်းဖူးစေ့ ၁၅ကျပ်ဈေးပြု၍ ဘုတလင်၊ ညောင်ကန်၊ စစ်ပင်၊ ရောက်ခါးတို့မတော့ ပဲကြားဈေး ၃၂ ကျပ်ခွဲ ပေါက်လို့မို့ ကျောက်ကာနှင့် အင်းတိုင်မတော့ အရိုင်းချိပ်ထုတ်၊ စပ်တိုင်ခားခွဲ ၄၂ ကျပ်ခွဲပါပဲခင်ဗျာ"ဟူသော စကားများသည် ကျွမ်းကျင်ရာ လိမ်မာသော ကိုပေါ၏ စကားများပင် ဖြစ်သည်။

ဆရာကြီး၌ တည်ငြိမ်သော အမူအရာရှိ၏။ သို့ရာတွင် မတော်မတည့်ကိုမြင်လျှင် ရယ်ချင်သောသဘောလည်းရှိသည်။ သူချစ်သော ကိုပေါကိုပင် မတော်မတည့်ဆင်၍ ရယ်လိုက်သည်။ ဆရာကြီးသည် ကိုပေါကို လူရိုးကြီးသက်သက်ဖြစ်အောင် ဖန်တီးသော်လည်း လူရိုးဟန်လုပ်လျှင် ရယ်စရာကောင်းသည်ဟူသော သဘောကိုလည်း ပြလိုက်ချင်သေးသည်။ ထိုသို့ပြလိုက်သဖြင့် ရိုးသူ၏ ရိုးသောသဘာဝသည် ပို၍ပင်ထင်ရှားလာသည်။ ဘုရားဒကာညွန့်က ကိုပေါကို မုဆိုးဖိုဖြစ်သောကြောင့် သနားလေဟန်ပြော၏။ ဝမ်းထဲမှာကား ခင်အုံနှင့် ဆွယ်လိုသောစိတ် ရှိသည်။ ခင်အုံ၏အိမ်သို့ ကိုပေါကို ပို့လိုသဖြင့် ကိုပေါကို အဝတ်အစားလဲနိုင်းသည်။ ကိုပေါသည် မဝတ်စဖူး ဝတ်စားလာဟန်တူသည်။ ဆရာကြီးသည် ကိုပေါကို ဤသို့ ဝတ်စားစေပြီးလျှင် ရယ်ချင်သောသဘောဖြင့် လှောင်လိုက်ပုံမှာ–

အိမ်ပေါ်မှ ဆင်းခဲ့ကြ၍ စကားတပြောပြောနှင့် လာခဲ့ကြရာ မောင်ပေါမှာ ဟန်လုပ်အားကြီးသည့်အပြင် ဆီးဝတ်သော ပုဆိုးကလည်း ခြေမျက်စိဖုံးလျက်ရှိနေသဖြင့် ပုဆိုးတုပ်၍ ယိမ်းယိုင်သွားရာ ရှေ့နားမှာရှိသော ကြိုးကွင်းတစ်ကွင်းနှင့် ငြိ၍ ကိုယ်ကို မဟန်နိုင်ဘဲ မှောက်ရက်လဲသွားလေ၏။

ထိုအခါ အတူပါလာသူ သင်္ဂြိုဟ်ဆရာဇေက "ယခု ခင်ဗျားတို့ လာခဲ့ကြတဲ့ကိစ္စကို ကြိုးကွင်းငြိတဲ့ ပထမနိမိတ်ဟာ သင်္ဂြိုဟ်ကျမ်းတွင်လာတဲ့ သံယောဇဉ်ကြိုး အနှောင်အဖွဲ့တွေနှင့် တည့်တည့်ကြီးတွေ့ရမယ့် ပုဗ္ဗနိမိတ်ဗျာ။ ဒုတိယမှောက်ရက်လဲတဲ့ နိမိတ်ကတော့ စိတ်သာချပါတော့၊ လဲချင်လို့ လဲတာပဲဗျာ့ဟု ရယ်လား မောလား စကားပြောရင်းနှင့်ပင် လာခဲ့ကြရာ ခင်အုံတို့နေအိမ်သို့ ရောက်ကြလေ၏"ဟု ဆရာကြီးက လှောင်ပြောင်ရယ်မောလိုက်သည်။ ဆရာကြီးသည် ကိုပေါကို ဝိုင်းညာနေကြသော သူတို့၏ သဘောကိုလည်း ဤအချက်ဖြင့် ထင်ရှားစေခဲ့သည်။

ခင်အုံနှင့် နှစ်ယောက်ချင်း နဖူးတွေ့ဒူးတွေ့ တွေ့သော ကိုပေါအကြောင်းကို ပြောပြရာတွင် ဆရာကြီးသည် ကိုပေါကို ရိုး၍လည်း သနားစရာကောင်းပုံ၊ အ၍လည်း သနားစရာကောင်းပုံ၊ မယားသစ်ယူအံ့ဆဲဆဲတွင် ကွယ်လွန်သူ မယားဟောင်းကို အောက်မေ့သတိရ တတ်၍လည်း သနားစရာကောင်းပုံ၊ ကြောက်ရွံ့ကြောက်ရွံ့နှင့် နောက်တွန့်တတ်၍လည်း သနားစရာကောင်းပုံ ဇာတ်အစုံကို ခင်းပြခဲ့သည်။ ဤအခန်းတွင် ခင်အုံ ရှူးနှပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရချူတတ်ပုံသည်လည်း အလိုလိုထင်ရှားလာသည်။ ခင်အုံသည် ကိုပေါ် အင်းမလှုပ် အဲမလှုပ် ငုတ်တုတ်ကြီး ဖြစ်နေပုံကို မြင်သောအခါ ရေလာမြောင်းပေးသဘောဖြင့်–

"ပြောသာ ပြောပါ ကိုပေါ်ရဲ့၊ မုန်းလို့ကြည့် ကြည့်တယ်။ ချစ်လို့ကြည့် ကြည့်တယ်။ တည့်တည့်မတ်မတ်သာပြောပါ"ဟူ၍လည်းကောင်း၊

"ကိုပေါ်ရဲ့၊ လောကမှာ လူဆိုတာ ရိုးရင်လည်း မိုက်သတဲ့၊ ထိုက်မှလည်းရသတဲ့" ဟူ၍လည်းကောင်း၊

"ဟောတော့်၊ ကြည့်ပြန်ပြီ ကိုပေါ်ရဲ့။ ရှင် အကြည့်အရှု ရဲလှချည့်ကလား၊ အခု ကြည့်တာကတော့ မိတ်ဆွေခင်ပွန်းသဘောမျိုးနှင့် ရိုးရိုးကြည့်ပြန်တာပဲလား"ဟူ၍ လည်းကောင်း ခင်အုံသည် ပေါက်ပေါက်ဖောက်သကဲ့သို့ ဆင့်ကာဆင့်ကာ မေးသည်။

ထိုအခါ ကိုပေါ်သည် ငုံ့လျှိုးလျှိုးလုပ်နေရာမှ "ဩော်–ကြည့်ပြန်လည်းတစ်ပြစ်၊ မကြည့်ပြန်လည်းတစ်ပြစ်နှင့် အမိတို့ မြို့သူများဟာ စိတ်ညစ်စရာကြီးပါလား"ဟုသာ ဆိုတတ်သည်။ တစ်ဖန် ခင်အုံက "ကျွန်မတို့မှာတော့ ရှင်ဘုရင်များလို မြို့စား ရွာစား မပေးနိုင်ဘူး။ ကိုယ်တတ်နိုင်တာပဲပေးရမှာပဲ။ ရှင်ကကော ဘာများလိုချင်သလဲ။ တောင်းသာတောင်း ကိုပေါ်ရဲ့။ အချိပ်ပုဆိုးများ မဆီးချင်ဘူးလား၊ အားမနာပါနှင့်"ဟု ကိုပေါ်ကို ရဲဆေးတင်ပေးနိုင်သမျှ တင်ပေးရှာသည်။

ကိုပေါ်အတွက် နှစ်ကိုယ်နီးဖို့အရေးသည် တဲတဲကလေးသာ ကျန်တော့သည်ဟု ထင်မိ၏။ သို့ရာတွင် ကိုပေါ်မှာကား "ဆေးလိပ်တစ်တိုတော့ဖြင့် လိုချင်တာပဲ၊ ခံတွင်း ချဉ်လိုက်တာ မပြောပါနှင့်တော့"ဟူ၍သာ ဆိုလိုက်သည်။

ကိုပေါ်ကို ဤမျှစကားရိပ်ပြောရုံနှင့် မရမှန်းသိလာသောအခါ ခင်အုံသည် နောက်ပိုးစခန်းတွင် ခြေတစ်လှမ်းတိုးလိုက်သည်။ "ကိုပေါ် ကိုပေါ် ကြည့်စမ်းပါဦး။ ဟောဒါ သိရဲ့လား"ဟု ခေါင်းက စကားဝါနှစ်ငုံကို ယူပြီးလျှင် "နမ်းချင်ရင်ရော့"ဟု လှမ်းပေးပြန်လေသည်။ ကိုပေါ်သည် ပရိယာယ်ကို နားမလည်။ ကြိုက်လျှင်ကြိုက်သည်၊ မကြိုက်လျှင် မကြိုက်ဘူးဟု ဆိုတတ်သော လူရိုးတို့၏သဘောအတိုင်း ခင်အုံ ဘေးအောင့်စရာ ဖြစ်အောင် ပြောလိုက်သည်မှာ–

"ပန်းတကာ့ပန်းထဲမှာ စကားဝါပန်းကို မနမ်းချင်ဆုံးပဲ"ဟူလေသတည်း။

ခင်အုံမှာ အတော်စိတ်မောရာလိမ့်မည်။ သို့ရာတွင် ခင်အုံ လက်မလျှော့။ တစ်နည်းဖြင့် ကျော့ပြန်သည်။ ဤတစ်ကြိမ်တွင် ခင်အုံသည် မိမိကိုသနားအောင် မိမိဒုက္ခကို ပြောပြသည်။ ဤနည်းသည် ငြိတိတိရှိသည်ဟုဆိုရာသည်။ ကိုပေါ်သည် လူရိုးပီပီ ခင်အုံကို သနားလာသလိုလိုဖြစ်လာသည်။ "မင်းကတော်ရဲ့အတွက် ခက်လှချည်ရဲ့နော"ဟု ကိုပေါ် စဉ်းစားလာသည်။ သို့ရာတွင် ခင်အုံ ဆွယ်ယောင်ပြသည့်နောက်သို့ ကောက်ကောက်ပါအောင် မလိုက်နိုင်သော အချက် ကိုပေါ်မှာရှိနေသည်။ ထိုအချက်ကား ကွယ်လွန်သူ မယားဟောင်း မအိမ်ကောင်းကို အရေးထဲတွင် ထင်လာမြင်လာသောအချက် ဖြစ်သည်။ ကိုပေါ်သည် မဝေခွဲနိုင် ငေးငိုင်၍သာနေရရှာသည်။ ချီတုံချတုံ တအုံနွေးနွေး ဖြစ်ရရှာသည်။ မယားဟောင်း မအိမ်ကောင်းကို အောက်မေ့၍ ခင်အုံကို သနားနေသော ကိုပေါ်သည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သနားစရာ သတ္တဝါမဟုတ်လျှင် အဘယ်သို့ ဆိုအံ့နည်း။

ဆရာကြီးသည် မုဆိုးဖို လူရိုးတစ်ယောက်၏သဘောကို အဆန်းတကြယ် နှစ်သက် ဖွယ် ဖွဲ့ဆိုတတ်ပါသည်။ ကိုပေါသည် မြန်မာ၀တ္ထုစာပေတည်းဟူသော ဗိမာန်တွင် ကောင်းကောင်းကြီး ထင်ရှား၍ တကယ့်ကျေးတောသား လူရိုးအဖြစ်ဖြင့် အမှတ်တရရလွမ်း စရာဖြစ်မည် မုချဟု ဆိုချင်ပါသည်။

ထို့နောက် ကိုပေါ ရိုးသလောက် ခင်အုံ့ ဆန်းပြားမာယာများလွန်းလှ၍ ဗားကရာ လူထွက် ဦးကျော်ဒွေး တဲ့တိုးနိုင်လှပုံကို ဤ၀တ္ထု၌ သိမြင်နိုင်သေးသည်။

ခင်အုံ့သည် လက်ယာဝင်းတော်မှူး၏ မယားအငယ်ဆုံးဖြစ်ခဲ့ဖူးသည်။ ဝင်းတော်မှူး သေဆုံးသောအခါ ခင်အုံ့မှာ အသက် ၂၀ ခန့်သာ ရှိသေးသည်။ ယခု အသက် ၃၆ နှစ် မျှ ရှိပြီ။

ရုပ်ဆင်းသဏ္ဌာန်မှာ မဖြူမညို အသားလတ်ဖြစ်၍ ချစ်ကြိုက်ဖွယ်ရာ ပျူငှာသော လောကဝတ်တို့နှင့် ပြည့်စုံသည်ဟု ဆိုသည်။ လက်ပါးစေ အပျိုတော်အဖြစ် လေးငါးနှစ်ခန့် ရွှေနန်းတော်ကြီးအတွင်း ခစားဖူးသူ ဖြစ်သဖြင့် ထီးမှုနန်းရာ အယဉ်အကျေး အသိမ်အမွေ့ကို သိသည်ဟု ဆိုသည်။ ပျို့ကဗျာ လင်္ကာတို့၌ ဝါသနာထုံ၍ စကားအရာ အင်္ဂါလေးတန် ကျေပွန်တတ်မြောက်သည်ဟု ဆိုသည်။ ခင်အုံ့၏မျက်နှာတွင် မျက်ရည်ခံ မှဲ့တစ်လုံးပါ သည့်ပြင် လင်ပေါ် သားပေါ်၌ မြည်တွန်တောက်တီးတတ်သော အလေ့ရှိသည်ဟုဆိုသည်။

ဝင်းတော်မှူး သေဆုံးပြီးသည့်နောက် ခင်အုံ့သည် ဆင်းရဲရှားပါး၍ အမရပူရ မန္တလေး သို့ ရွှေ့ပြောင်းနေထိုင်သည်။ မိမိ၏ ရုပ်ရည်ရူပကာရကို အားကိုးအားထားပြု၍ မင်းကတော် ဟူသော အမည်တစ်လုံးနှင့် ဟိတ်ဟန်ထုတ်၍နေသည်။ ထိုအခိုက်တွင် မောင်မောင်ရှတို့က ကြားကဝင်လှော်သဖြင့် ဖအေအရွယ် ဗားကရာလူထွက် ဦးကျော်ဒွေးနှင့် အကြောင်းပါသည်။ ပထမသော် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရမည်အမှတ်ဖြင့် အဘိုးအိုကို ယူလိုက်သည်။ နောင်အခါမှာမှ တစ်ပတ်ရိုက်ခံရမှန်းကို သိသည်။ ထိုသို့သိသည့်နေ့မှစ၍ ခင်အုံ့သည် အဘိုးအိုကို ရန်ထောင်လေတော့သည်။ ထိုအခိုက် ဦးကြာညွန့်တို့က အလုံ သား မုဆိုးဖို ကိုပေါနှင့် ဆွယ်လာကြပြန်သဖြင့် အဘိုးအို၏အိမ်မှ ဆင်းလေသည်။ ထို့နောက် ကိုပေါနှင့် တွေ့ပြန်သောအခါမှာလည်း စိတ်ထင်တိုင်းမပေါက် ဖြစ်ရရှာပြန်သည်။ ဤကား ခင်အုံ့၏အကြောင်း ဖြစ်သည်။

ခင်အုံ့သည် ချောသလောက် လှသလောက် ကံမကောင်းရှာချေ။ ခင်အုံ့သည် အလွင်အကြော့ နေလို၏။ နေလိုက်ရပါ၏။ သို့ရာတွင် ခဏမျှသာတည်း။ နောင်အဖို့၌ကား ရေလိုက်လွဲသဖြင့် အဘိုးအိုနှင့် နွဲ့ရ၍ အလိုမပြည့်နိုင် ဖြစ်ရသည်။ တစ်ဖန် မုဆိုးဖို ကိုပေါနှင့် တွေ့ရပြန်ပါသော်လည်း ထင်တိုင်းမပေါက် ဖြစ်ရပြန်သည်။ ခင်အုံ့၏ဘဝ သည် သနားဖွယ်ပင် ဖြစ်သည်။ ခင်အုံ့၏ ဒုက္ခသည် မြက်မြက်ကို အစွဲမပြေနိုင်သော အထည်ကြီးပျက်တို့၏ဒုက္ခမျိုး ဖြစ်သည်။ ဆရာကြီးဦးလွန်းသည် ထိုသဘောကို ကောင်းစွာ ဆင်ခြင်မိဟန်တူသည်။ ဗားကရာလူထွက်ကို ခင်အုံ့ စွန့်ခန်းနှင့်၊ ကိုပေါကို အမိဖမ်းခန်းတို့ တွင် ထိုသဘောကို ထင်ရှားစွာ ဖွဲ့ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘုရားဒကာညွန့်တို့က ကိုပေါနှင့်ဆွယ်နေမှန်း သိသောအခါ ခင်အုံသည် အဘိုးကြီးအိမ်မှ ဆင်းလိုသည်။ ဇွတ်ဆင်းသော် မိမိတရားသဖြင့်ပြုသောအရာကို မတရားပြုသောအရာဟူ၍ အရပ်က ထင်မည်စိုးသေးသည်။ ခင်အုံသည် စာတတ်ပေတတ်ဖြစ်သဖြင့် အရပ်မျက်စိတွင် အရပ်ဆိုးမည့်အလုပ်ကိုမလုပ်လို။ အိမ်မှ မိမိဆင်းခြင်းသည် ကောင်းသောဆင်းခြင်း၊ မှန်သောဆင်းခြင်း၊ တရားသောဆင်းခြင်း ဖြစ်သည်ဟူ၍ အရပ်မျက်စိ၌ ထင်ရှားစေလို၏။ သို့မှသာ အဘိုးအိုက အတင်းတားလျှင် အဘိုးအိုကို အရပ်က ဝိုင်း၍ လက်ညှိုးထိုးကြမည် ဖြစ်သည်။ အဘိုးအိုက စိုက်မည့်လှံသည် အဘိုးအိုကိုပင် ပြန်၍ စူးမိ အောင်ပြုရမည် ဖြစ်သည်။ ထို့ကြောင့် ခင်အုံသည် မာယာကို သုံးလေသည်။

ထိုမာယာကို ဖွဲ့ရာတွင် ဆရာကြီးဦးလွန်း၏ ကလောင်သည် စွမ်းလှပေသည်။ မာယာဆင်တတ်သော မိန်းမ၏သဘောကိုလည်း သိတတ်လှပေသည်။ ခင်အုံသည် ရှေးဦးစွာ ဗေဒင်၏ အကူအညီကိုယူ၍ အဘိုးအိုကို ဗေဒင်နှင့် ခြောက်သည်။ ထိုနောက် နတ်၏ အကူကိုတောင်း၍ နတ်နှင့်လှန့်ပြန်သည်။ ဤအဖွဲ့များတွင် ခင်အုံသည်ပလီပလာ နိုင်လှသည်။ သို့ရာတွင် ခင်အုံခြောက်သမျှ လှန့်သမျှတို့ကို အဘိုးအိုကမယုံ၊ ကန့်လန့်ကျကျ ပြန်၍ တွန်းလှန်လိုက်သောအခါ ခင်အုံမှာ သနားဖွယ်သာ ဖြစ်တော့သည်။

အဘိုးအိုကို ခြောက်ခန်းတွင် ခင်အုံ ပလီပလာနိုင်ပုံကို ကြည့်ကြစို့။ ခင်အုံသည် အဘိုးအိုကို မနေ့က ရန်ထောင်၍ တစ်ချီတစ်ပွဲ လင်မယားသတ်ပြီး ဖြစ်သည်။ အိမ်က ဆင်းမည့်နေ့၌မူကား ခင်အုံ မျက်နှာတစ်မျိုး ပြောင်းသည်။ လေသံတစ်မျိုး ပြောင်းသည်။ ဘိလူးသည် မင်းသားခေါင်းကို ဆောင်းလေပြီ။ ခင်အုံသည် ယခင်က အဖိုးအိုအပေါ်တွင် မျက်နှာသုန်မှုန်သည်။ မခန့်လေးစားလုပ်သည်။ ထို့နောက် “ဆရာကြီးရဲ့၊ ကျွန်မ တစ်နေ့ညက အိပ်မက်ရာမက်များကလည်းမကောင်း၊ မျက်ခုံး၊ လက်ရုံးတွေကလည်းလှုပ်နှင့် စိတ်ရှုပ်လွန်းလို့ အိမ်တော်ရာဘုရားသွားပြီး ထီးတံခွန် ကုက္ကား မုလေးပွားနှင့် ရေချမ်းများ သွန်းပြီး ဆွမ်းများသက်စေ့လှူလို့မို့၊ ကြည်ဖြူမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးချပြီးသော် ခြော်–ဆရာကြီးနှင့်ကျွန်မ ယခုဘဝမှာလည်း အိုအောင်မင်းအောင် ပေါင်းရပါစေ။ ဖြစ်လေရာ သံသရာအဆက်ဆက်မှာလည်း ငှက်ပင် ဖြစ်ကတည်း တစ်ကိုင်းတည်း အတူနားပါရစေလို့ ပန်ချွေသမှု ဆုတောင်းခြင်း ပြုခဲ့၍၊ ထတဲ့ပြီးနောက် အနောက်နားလျှောက်သွားရာ ဗေဒင်ဆရာကိုလည်း အခန့်သင့်တွေ့တာနဲ့ ဝင်ပြီး ဗေဒင်ကြည့်ပြန်တော့ အမိတို့ လင်မယားဟာ မကြာခင် ကွဲစစ်မြင်တယ်တဲ့။ ရှင်ကွဲမကွဲ၊ သေကွဲကွဲရမတဲ့။ ယတြာဆင်ပြီး၊ ခဏလောက်ကွာရင် ကောင်းမယ်လို့ ဗေဒင်ဆရာက ဟောလိုက်တယ်။ သို့အတွက် ယတြာကောင်း မင်းလောင်းပျောက်ဆိုတာလို ကွာရှင်းပြီး ယာယီဆိုသလို ကျွန်မဆင်းသွားပါရစေ။ နှစ်ရှည်လများလည်း မဟုတ်ပါဘူး ဆရာကြီးရဲ့”ဟု ခင်အုံက မာယာသံနှော၍ ပြောလိုက်သည်။ ခင်အုံ အချက်ပိုင်လှပေသည်။

သို့ရာတွင် ဗားကရာလူထွက် အဘိုးအိုသည် ခင်အုံထင်သလို အတတ နတတ မဟုတ်။ ဗေဒင်ကိုမယုံဟု ကန့်လန့်ကျကျ အတင်းကန့်ကွက်လိုက်သည်။ ထိုအခါ ခင်အုံမှာ ပွဲဦးကပင် တပ်လန်၍ “ဆရာကြီးရဲ့၊ ဆရာကြီးကတော့ ဗေဒင်ဆိုတာများကို လား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လား။မှု မယုံ။ ကံကိုသာ ယုံစား၍ ဘုရားတရားကိုသာ ယုံကြည်အားထားကြောင်းကို တော့ ကျွန်မလည်း သိဟောင်းပင် ဖြစ်တော့သည်။ သို့သော် ဗေဒင်ဆိုတာ တစ်ခါတလေ တော့လည်း ပြေးကြည့်သလို မှန်တာပဲ။ မယုံလည်းပဲ မရှိကောင်းဘူး"ဟု အရှုံးမပေး၍ လေချိုသွေးရှာသည်။

သို့ရာတွင် ခင်အုံ လက်မလျှော့ချေ။ မာယာတစ်ကိန်း ဆင်ပြန်သည်။ ခင်အုံသည် အသိမိန်းမတစ်ဦးနှင့် အချိတ်အဆက်ပြုထား၍ ထိုမိန်းမတစ်ဦးကို အိမ်သို့လာရောက် လည်ပတ်စေသည်။ အိမ်တွင် မိန်းမတစ်ယောက်ကို ပခန်းနတ် ဝင်ပူးဟန်ပြု၍ အဘိုးအိုကို ကြိမ်းလားမောင်းလား လုပ်စေသည်။ အချိတ်အဆက် ပြုထားသည့်အတိုင်း နတ်ပူးသူက ပူး၍ ကြိမ်းစရာရှိသည့်အတိုင်း ကြိမ်းဝါးသမ်းဝေ နတ်ထွက်သွားလေသည်။ ထိုအခါ ခင်အုံက "ကိုင်း ဘယ့်နှယ်ရှိစ၊ မနက်က ကျွန်မပြောလိုက်တဲ့အတိုင်း ဗေဒင်ဆရာဟော လိုက်တာနဲ့ တစ်သဝေမတိမ်းပါဘူး။ တစ်ခါတည်းကိုက်နေတာပဲ။ တော်တို့ရဲ့ ဘိုးဘဆိုင်ရာ ပခန်းနတ်ကြီးကိုယ်တိုင် ပူးပြောသတော့။ တစ်ခါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး။ သေကွဲ ကွဲကြရတော့မယ်။ ရှင်ကွဲကွဲရတာကမှ တစ်ယောက်နှင့်တစ်ယောက် တစ်ခါတလေ တွေ့ချင်မြင်ချင်တယ်ဆိုရင် တွေ့ရမြင်ရသေးလို့ အလွမ်းပြေနိုင်သေးရဲ့။ ယခုတော့ တစ်ယောက်တစ်လမ်း သေနယ်ကို လှမ်းရမတဲ့။ အလွမ်းကို ဘယ်လိုဖြေလို့ ပြေနိုင်ပါ တော့မလဲ"ဟု သူ့အကျိုးလိုယောင် ဟဲသံ ချွဲသံနှင့် ပြန်ပြောလေသည်။ သို့ရာတွင် ဗားကရာလူထွက်ကြီးသည် နတ်ကိုလည်း ယုံသူမဟုတ်သဖြင့် ခင်အုံ၏မာယာသည် သဲထဲ ရေသွန်သကဲ့သို့ ဖြစ်ရရှာသည်။ နောက်ဆုံးတွင် ခင်အုံသည် အဘိုးအိုကို ရန်ထောင်၍ ဆင်းခွင့်ရအောင်ပြုသည်။ ထိုနောက် အဘိုးအို၏အိမ်မှ ဖွတ်အတင်း ဆင်းသွားလေတော့ သည်။

ဗားကရာလူထွက် အဘိုးအို ဦးကျော်ဒွေးအဖွဲ့သည်လည်း မှာတော်ပုံဝတ္ထုတွင် အမှတ် တရ လွမ်းလောက်သောအဖွဲ့ပင် ဖြစ်သည်။ ဦးကျော်ဒွေးဆိုသူမှာ ပခန်းကြီးမြို့ဇာတိ၊ ရဟန်းလူထွက် ဖြစ်သည်။ ရဟန်းဘဝ၌ရှိစဉ် ပိဋကတ်တတ်၊ စာတတ်ပေတတ်၊ လောကီ လောကုတ္တရာနှစ်ဖြာ နှံ့စပ်သူဖြစ်သဖြင့် မကွေးမြို့စား အတွင်းဝန်ကြီးက အင်းဝမှ အမရ ပူရသို့ပင့်ခဲ့သည်။ အမရပူရ ဗားကရာတိုက်၌ သီတင်းသုံးနေစဉ် ဘိုးတော်မင်းတရားနှင့် အမှုမျိုးကို တော်သင့်အောင်လိုက်၍ အကြိုက်ကိုမငဲ့ဘဲ မိန့်တော်မူတတ်သည်။ မင်းတရား အမျက်ရှိသဖြင့် မဟာဒါန်ဝန် မဟာဒါန် စာရေးများအား ဗားကရာဆရာတော်၏ သင်္ကန်း ကို အတင်းချွတ်၍ အဝတ်ဖြူလဲစေရမည်ဟု အမိန့်တော်မှတ်ရာ ဗားကရာဆရာတော် မှာ အမိန့်တော်အတိုင်း လူထွက်ရရှာသည်။ ထိုနောက် မန္တလေးမြို့ တပည့်များ၏အိမ်၌ နေစဉ် မောင်မောင်ရွှေတို့ အလှော်ကောင်းသဖြင့် သမီးအရွယ် မြေးအရွယ်လောက်ရှိသော ခင်အုံနှင့် အကြောင်းဆက် ပေါင်းဖက်မိကြသည်။

ဆရာကြီးဦးလွန်းသည် ဗားကရာလူထွက် ဦးကျော်ဒွေးအကြောင်း ဖွဲ့ရာတွင် လေး စားဖွယ်၊ သနားဖွယ်ဖြစ်အောင် ဖွဲ့သည်။ ဆရာကြီး ဦးလွန်းသည် ထိုပုဂ္ဂိုလ်များကို ချီးမွမ်းလိုဟန်တူသည်ဟု ယူဆနိုင်သည်။ ဦးကျော်ဒွေးအဖွဲ့တွင် ဦးကျော်ဒွေး ဉာဏ်ကြီးသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သဘော၊ ထွင်းဖောက်၍ သိမြင်တတ်သောသဘော၊ မဟုတ်သည်ကို မြင်၍ မဟုတ်သည်ကို ကြားလျှင် အားမနာပါးမနာ တဲ့တိုးပြောတတ်သောသဘော၊ အများမိုးခါးရေသောက် လောကတွင် တစ်ဦးတည်း ကန့်လန့်ကျနေသောသဘောတို့ကို ထင်ရှားအောင် ဖွဲ့ခဲ့သည်။ ရှယ်ကြီး အိုမ ဖြစ်ခါမှ မြာနကိုယူ၍ မြာနဒုက္ခကို ခံနေရသော ဦးကျော်ဒွေး၏သဘော ကိုလည်း တင်ပြ၍ သနားလိုက်သေးသည်။

စစ်ကိုင်း ငါးထပ်ကြီး ဘုရားပွဲတော်ချိန်၊ ဇရပ်တစ်ခုတွင် ဦးကျော်ဒွေး၊ ဘုရားဒကာ ဦးကြာညွန့်၊ မောင်မောင်ရှတို့သည် တရားဝိုင်း စကားဝိုင်းဖွဲ့ကာ မိမိသန်ရာ ပြောဆို လျက်ရှိကြသည်။ ဘုရားဒကာညွန့်က ဦးကျော်ဒွေးအား ရွှေဘုံနိဒါန်းအကြောင်း စ၍ ရေးအစီအစဉ် ရာဇဝင်အကြောင်းကိုပါ အဟောခိုင်းရာ ဦးကျော်ဒွေးသည် အများ နားမဆံ့ ကန့်လန့်ကျကျပြောသည်။ ရွှေဘုံနိဒါန်းဆရာကို အပြစ်တင်ရာတွင် "ကျုပ်တို့ မြန်မာပြည် ဧရာဝတီမြစ်တောင်မှ မဆံ့နိုင်တဲ့ သင်္ဘောကြီးတွေ ဘာတွေ ပေါ်နေတဲ့ခေတ်ထဲ မှာပဲ တကတဲ ဘာမဟုတ်ညာမဟုတ်၊ အနုတ်စုပ်ကုပ်စုတ် ဗရုတ်သုတ်ခလေ့တွေ၊ သမ္မန် တွေ၊ လှော်ကားတွေ၊ ဖောင်တွေကို အမြတ်တနိုးလုပ်ပြီး နဝရတ်ဖောင်တော်၊ သုံးလူ့ပူဇော် လှေတော်၊ ရေနန်းစကြာကိုး၊ ဘာကိုးနဲ့ ရှေးရိုးလက်ဟောင်းတွေကို အကောင်းလုပ်နေ ကြတာလား"ဟူ၍လည်းကောင်း၊ လက်နက်ငါးပါး၏သဘောကို သရော်ရာ၌လည်း "ပြီး တော့ ကျုပ် ရယ်ချင်တာတစ်ခုရှိသေးတယ်။ ရှေးကျုပ်ပုံက ကြည့်စမ်းပါလား ဘုရားဒကာ ညွန့်ရဲ့။ အဲဒီအနီ ပြုစောထီးတို့ကိုင်တဲ့ လေးတွေ၊ ခက်ရင်းတွေ၊ လက်ရိုက်ခေါ်တဲ့ ဆောက်ပုတ်တွေကို လက်နက်ကြီးငါးပါးလုပ်ပြီး လက်နက်စကြာသခင်ရယ်လို့ ရှင်ဘုရင် ကြိုက်အောင်ဟာ မှူးတွေမတ်တွေက အလိုက်သင့် မြှောက်ပင့်ခေါ်နေကြတယ်။ တကယ် လို့ဆိုတော့ အနောက်နိုင်ငံများမှာ ကြောက်ပါးလိလိ ကြီးပါလား ကျောင်းဒကာရဲ့။ တကယ့်ကို ရှက်စရာဗျာ။ ကျုပ်တို့ မြန်မာမှူးမတ်များဟာ စက်တို့၊ စိန်တို့၊ အမြောက်တို့၊ ဗုံးတို့ဆိုတာကို ဘယ်လိုနေမှန်းတောင် ကောင်းကောင်းမသိကြရှာဘူး" ဟူ၍လည်းကောင်း ဦးကျော်ဒွေးသည် အားမနာပါးမနာ တဲ့တိုးပြောပြလိုက်သည်။

ထိုမျှသာမကသေး၊ ဦးကျော်ဒွေးသည် ဗေဒင်ကိုလည်းမယုံ၊ နတ်ကိုလည်းမယုံ၊ ခင်အုံ၏ မာယာကြောင့် မိမိ၏အိမ်တွင် ပခန်းနတ်ပူး၍ ကြိမ်းလားမောင်းလား လုပ် သောအခါ ဦးကျော်ဒွေးသည် "စောက်ကစနတ်၊ နင် ငါ့ကို ဘာမှတ်သလဲ"ဟုဆိုကာ ဒုတ္တာ၊ ဟင်းရိုင်း၊ လက်ချား စသော အင်္ဂရိတ်ဆေးများ ထုထောင်းသည့် ကျည်ပွေ့ကြီးနှင့် ချိန်ရွယ်လိုက်သေးသည်။ နတ်ပူးဟန်ဆောင်သူမှာ ကြောက်လန့်၍ ကမန်းကတန်း နတ် ထွက်လိုက်သောကြောင့်သာ သက်သာရာရသွားဟန်တူသည်။ ဦးကျော်ဒွေးသည် အသိမ် အဖျင်းကိုလည်း စိုးစဉ်းမျှ မကြိုက်ချေ။ မိမိ၏အိမ်တွင် ခင်အုံ၏သူငယ်ချင်းများသည်–

"ကတည်းမှပဲတော်၊ ကျွန်မတို့ကိုတော့ မျက်နှာမရှိလို့ အသိမဟုတ်သလို အကြောင်း မှမကြားဘူး။ ကောင်းကြပါပေရဲ့တော်၊ ကောင်းကြပါပေရဲ့" စသည်ဖြင့် အချင်းချင်း ခနဲ့တဲ့တဲ့ ပြောနေကြသည်ကို ကြားသောအခါ ဦးကျော်ဒွေး သည်းမခံနိုင်ချေ။

"သူတို့မိန်းမများ တွေ့ကြုံဆုံစည်းမိကြလျှင် တစ်ယောက်နှင့်တစ်ယောက် အတင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြော၊ အဖျင်းပြော၊ ပြောချင်ရာ ပြောကြ၍ လင်စကား သားစကားနှင့် အလကား တောင်မရောက် မြောက်မကျ စကားကိုသာ ပြောဆိုတတ်ကြသည်။ ဤမိန်းမများ အနီး အပါးမှာ ငါနေလို့ မတော်ချေတကား"ဟု ဆိုလေသည်။

ဆရာကြီးဦးလွန်းသည် ကလေးများကို ကြင်နာတတ်သော ဦးကျော်ဒွေး၏သဘော ကိုလည်း ဖွဲ့ခဲ့သေးသည်။ အဖွဲ့တွင် ဦးကျော်ဒွေးသည် ချစ်စဖွယ်ပင် ဖြစ်သည်။ မိမိ အိမ်တွင် ပခန်းနတ်ပူး၍ ကြိမ်းလားမောင်းလား လုပ်ဟန်ပြုနေသောအခါ အတူပါလာ သော ကလေးမလေးသည် အထိတ်တလန့်ဖြစ်သည်။ ထိုအခါ ဦးကျော်ဒွေးသည်-

"ငါ့မြေး၊ လာပါလာပါ မကြောက်ပါနှင့်၊ အဘိုးအရှိသားပဲ။ အလကားဟာတွေပါ၊ မင်း ဘယ်သူ့သမီးလဲ၊ ငါ့မြေးရဲ့၊ မကြောက်ပါနဲ့။ ရတနာသုံးပါး ဆရာသမား ဘိုးဘွား မိဘတို့ကိုသာ ရှိသေလေးမြတ် ဆည်းကပ်ယုံကြည်ပါ"ဟု ကလေးအကြောက်ပြေအောင် ချော့တတ်လေသည်။

ဦးကျော်ဒွေးသည် သတ္တိရှိသည်၊ ပြောရဲသည်၊ ဆိုရဲသည်၊ စိတ်ထဲကမပါသော ဆိုမှု ပြောမှုမျိုးကို အမြင်ကတ်သည်။ လောကဝမ္မတာဟန်လုပ်မှုကို မုန်းသည်။ လောက ၏ တကယ့်သဘောကို ထွင်းဖောက်၍ မြင်တတ်သည်။ အပေါ်ယံ ညာလှိုင်းမြှောက်ပင့်၍ ရေးသောစာ၊ ပြောသောစကားတို့ကို မျက်မုန်းကျိုးသည်။ ကလေးကို ချစ်တတ်သည်။ ဤအချက်တို့သည် လေးစားဖွယ်ဖြစ်သည်။ ရဟန်းလူထွက်ဖြစ်သည့်အားလျော်ညီစွာ လက်ကြောတင်းအောင် အလုပ်မလုပ်တတ်။ အလုပ်မလုပ်နိုင်။ စားရေးသောက်မှုကို ဂရုမစိုက်။ စာပေနှင့်သာ ပျော်ချင်သည်။ အင်္ဂရုတ်နှင့်သာ ပျော်ချင်သည်။ ဤအထဲတွင် အကြော့အလှင် ဂုဏ်ပကာသနကိုမက်သော ခင်အုံနှင့် အကြောင်းပါမိလျက်သား ဖြစ်သည်။ ခင်အုံနှင့် ရန်တကျက်ကျက်ဖြစ်ရသည်။ ခင်အုံကိုချော့ရသည်။ ခင်အုံ၌ သံယောဇဉ် အတွယ်ကြီးတွယ်သည်။ ဤအချက်များသည် သနားဖွယ် ဖြစ်သည်။

ဆရာကြီး ဦးလွန်းသည် သူ့မှာတော်ပုံဝတ္ထုထဲက ဦးကျော်ဒွေးကဲ့သို့ပင် စိတ်ထဲ ဝမ်းထဲကမပါ၊ လူမြင်ကောင်းအောင်သာ ပြုတတ်သော လူတို့၏ ဟန်ဆောင်သဘောကို မြင်ပြင်းကတ်ဟန်တူသည်။ အမှန်မှာ ထိုသဘောသည် မုသားတစ်မျိုးပင်ဖြစ်ရာ မြင်ပြင်း ကတ်စရာ ဖြစ်တော့သည်။ သို့ရာတွင် ဤမုသားမျိုးသည် ဤလူ့လောက၌ သူသူငါငါ မလွတ်ကင်းနိုင်ကြောင်းကို ဆရာကြီးဦးလွန်း ဆင်ခြင်မိ၍လားမသိ၊ အပြစ်မတင်လို၊ ခွင့်လွှတ်သောသဘောဖြင့် ရယ်မောတတ်ဟန်တူသည်။ ဆရာကြီးဦးလွန်း ဖွဲ့ဆိုလိုက်သော လူ့ဝမ္မတာ မုသားအဖွဲ့တစ်ခုကို (ဝါ) သာဒ္ဒေယျအဖွဲ့တစ်ခုကို ထုတ်ပြလိုသည်။ ဤ အဖွဲ့ကို ခင်အုံ၏အိမ်မှ ပြန်သွားကြသော နတ်ဝင်သည် မိန်းမတစ်စု၏ အမူအရာတို့၌ သိမြင်နိုင်သည်။ ထိုမိန်းမတစ်စုသည် လမ်းတွင် အောက်ပါအတိုင်း ပြောဆိုသွားကြသည်။

ခင်ခင်ညွန့်က။ ။ "ဒေါ်ဒေါ်မြင့်ရဲ့၊ အဲသည်အထဲမှာ ရှင်မြင်လိုက်ကဲ့လား၊ လမ်း ပေါ်က ဟိုငနဲက ပြိတ္တာနဲ့"

ခင်မြင့်က။ ။ "မြင်လိုက်ပါရဲ့၊ မြင်လိုက်ပါရဲ့။ ဟိုပုဆိုးဝါ ခေါင်းပေါင်းဝါနှင့် သူငယ်မဟုတ်လား။ ညည်းကစပြီး ပြုံးတုံးတုံးလုပ်တာကိုအေ့"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မစောဦးက။ ။ "ပြီးတော့လည်း ပိန်ရှည်ရှည် မျက်နှာမှာ ကျောက်ပေါက်မာ သက်သက်နဲ့ အကောင်ဟာက ဘာ့ကြောင့်လဲမသိရဘူး။ ကျွန်မတို့လူစုကိုကြည့်ပြီး၊ ဖွဲ့ဖွာနှင့်တောင် လုပ်သွားသေးတယ်"

ခင်ခင်ညွန့်က။ ။ "အဲသည် လျှောက်သွားတဲ့လူ လေးငါးယောက်ထဲမှာ ရှေ့ဆုံးကသွားတဲ့ ပုဆိုးအပြာနှင့်လူဟာ မျက်နှာကျက်သရေရှိတယ်ရှင့်"

ခင်မြင့်က။ ။ "အေးလေ၊ သည်လူကို ခင်ခင်ညွန့်က မျက်စိကျသွားတာပ။ ညည်းတို့ အပျိုကြီးမျိုးဟာ လူမြင်ရင် မျက်စိကျဖို့ချည်းပဲ"

ဤသို့ ပြောဆိုသွားရင်း သူတို့နောက်က ဘုန်းကြီးတစ်ပါးနှင့် ဥပသကာ သုံးလေးဦး လျှောက်လာကြသည်ကို ရုတ်တရက် သိသွားသောအခါ အောက်ပါအတိုင်း ချက်ချင်း လေသံပြောင်းလိုက်ကြသည်။

ခင်မြင့်က။ ။ "ကတဲ့မှပဲတော်၊ ခင်မကန်တိုက်က ကိုယ်တော်ကလေးနှယ်၊ တရားဟောကောင်းလိုက်တာ ဘယ်လိုများ ကောင်းမှန်းမသိဘူး"

မစောဦးက။ ။ "ဩော်-လပြည့်နေ့က ရှင်တို့ ခင်မကန်တိုက်ကို သွားကြသကိုး"

ခင်ခင်ညွန့်က။ ။ "ကျွန်မတို့တော့ မြတောင်တိုက်ကိုသွားပြီး စောင့်တယ်"

ဆရာကြီး ဦးလွန်းသည် ထိုမိန်းမတစ်စု၏ သာဌေယျသဘောကို ဆင်ခြင်မိ၍ ရယ်လိုက်သည်မှာ ထင်ရှားလေသည်။ ထိုကဲ့သို့သော လူ့သဘောသည် ရယ်စရာကောင်းလှသည်။

ကာလပေါ်ဝတ္ထု မြန်မာနိုင်ငံ၌ ပေါ်လာခဲ့သည်မှာ အနှစ်လေးဆယ်လောက်ရှိလာပြီ။ သို့ရာတွင် တကယ့် လူ့လောက၊ တကယ့်လူ့သဘော အသိအမြင်ဖြင့် ဖန်တီးရေးဖွဲ့သော ဝတ္ထုမျိုးကား လက်ချိုး၍ ရေတွက်ရမလောက် ရှားလှသေးသည်ဟု ဆိုကြသည်။ ဆိုလည်း ဆိုစရာဖြစ်နေသည်။ ထိုသို့ရှားနေသော မြန်မာကာလပေါ်ဝတ္ထုများတွင် မစ္စတာမောင်မှိုင်း၏ မှာတော်ပုံဝတ္ထုသည် ရဲရဲကြီးပါနေသည်ဟု ဆိုချင်သည်။ ဆရာကြီးဦးလွန်းသည် သူ့ခေတ်အလျောက် ဝတ္ထုတွင် ကဗျာများကို ညှပ်၍လည်းကောင်း၊ ပျို့ကဗျာ ရာဇဝင်စကားများကို ထည့်၍လည်းကောင်း ရေးသော်လည်း၊ လူ့အကြောင်း၊ လောကအကြောင်းကို အချက်ပိုင်ပိုင် ဖွဲ့နိုင်သည်။ ဝတ္ထုကောင်း၏ အသက်သည် လူ့သဘာဝအဖွဲ့၊ လောကသဘာဝအဖွဲ့၌ အဓိကအားဖြင့် အခြေတည်နေသည်ဆိုသော အချက်သည် မည်သူမျှ မငြင်းနိုင်သောအချက် ဖြစ်သဖြင့် ဆရာကြီးဦးလွန်း၏ မှာတော်ပုံဝတ္ထုသည် မြန်မာစာပေ သမိုင်းတွင် သမိုင်းထိုးလောက်သောဂုဏ်နှင့် ပြည့်စုံသည်ဟု ယူဆမိပါသတည်း။

၁၉၄၉။

.

## မစ္စတာမောင်မှိုင်း၏ မှာတော်ပုံ

[ဒုတိယတွဲနှင့် တတိယတွဲ]

မှာတော်ပုံဝတ္ထု ပထမတွဲကို ၁၉၁၆ ခုနှစ်၌ ထုတ်ဝေခဲ့ကြောင်း ဆိုခဲ့ပြီ။ ထို့နောက် ဒုတိယတွဲကို ၁၉၁၉ ခုနှစ်၌လည်းကောင်း၊ တတိယတွဲကို ၁၉၂၁ ခုနှစ်၌လည်းကောင်း ထုတ်ဝေခဲ့သည်။ တတိယတွဲအဆုံး၌ စတုတ္ထတွဲကို ဆက်၍ ထုတ်ဝေဦးမည်ဟု မျှော်လင့်ချက်ပေးခဲ့သည်။ သို့ရာတွင် စတုတ္ထတွဲ ထွက်မလာတော့ချေ။ ထို့ကြောင့် ဆရာကြီး ဦးလွန်းသည် မှာတော်ပုံဝတ္ထု၏ ဇာတ်လမ်းကို အဆုံးသတ်ခြင်း မပြုခဲ့ဟု ဆိုရာသည်။ မှာတော်ပုံဝတ္ထုသည် ဇာတ်လမ်းထက် လူ့သဘာဝအဖွဲ့ကို ပို၍ပဓာနထားသော ဝတ္ထုဖြစ်သဖြင့် ဇာတ်လမ်းမဆုံးသော်လည်း လူ့သဘာဝအဖွဲ့သည် ပြီးပြည့်စုံသလောက် ဖြစ်၏ဟု ဆိုနိုင်ပါသည်။

ဒုတိယတွဲနှင့် တတိယတွဲတို့၏ ဇာတ်လမ်းအချုပ်သည် ဤသို့ဖြစ်သည်။ ခင်အုံသည် မိမိ၏အိမ်မှ ဇွတ်အတင်းဆင်း၍ ဦးကြာညွန့်၏အိမ်သို့ သွားသည်။ နောက်တစ်နေ့တွင် ဦးကြာညွန့်က တမင်ရှောင်ပေးသဖြင့် အိမ်တွင် ခင်အုံနှင့် ကိုပေါတို့ နှစ်ဦးသာ ကျန်ရစ်ခဲ့ကြသည်။ ထိုအခါ ခင်အုံသည် ကိုပေါကို နှူးရရှာသည်။ နောက်ဆုံး၌ ကိုပေါသည် ခင်အုံ၏အလိုဘက်သို့ ပါသွားသည်။ ထိုအခိုက် မန္တလေးမြို့တွင် အမှုတစ်ခုပေါ်လာ၍ ဦးကြာညွန့်ကို မြို့ဝန်က မသင်္ကာဖြစ်လာရာ ဦးကြာညွန့်သည် အောက်ပြည်သို့ဆင်း၍ ရှောင်ရသည်။ ကိုပေါသည် အလုံသို့ပြန်သည်။ ခင်အုံသည် ရွှေဘိုသို့သွား၍ မိုးခိုသည်။ ရွှေဘိုတွင် ခင်အုံသည် လူပျိုပေါက် တစ်ယောက်ကို မျက်စိကျ၍ မုန့်ပေးကြိုက်သည်။ ညားကြသည်။ တစ်ဖန် ထိုကာလအတွင်း၌ပင် ကြာသမားတစ်ယောက်နှင့်တွေ့၍ ညားကြပြန်သည်။ လူပျိုပေါက်နှင့် ကြာသမားတို့ သတ်မောင်းပုတ်မောင်း ဖြစ်လာသောအခါ ခင်အုံ ထိတ်လန့်၍ အင်းဝသို့ပြေးသည်။ အင်းဝမြို့၊ ဖိုးရွှေအိတ်၏အိမ်၌ တည်းခိုနေစဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပခန်းမြို့၊ မြိုင်ရွာသို့ပြန်သွားသော ဗားကရာလူထွက် ဦးကျော်ဒွေး အနိစ္စရောက်ကြောင်း ကြားသည်။ ထိုအခါ ခင်အုံသည် ဦးကြာညွန့်တို့လူစုနှင့်အတူ မြိုင်ရွာသို့သွား၍ အသုဘ ပို့ကြသည်။ အသုဘအိမ်၌ ခင်အုံ ဆွေးလိုက်သေးသည်။ ဤတွင် ဇာတ်လမ်းကို ဖြတ်ထားလိုက်သည်။

ဤအထိဖြစ်သော ဇာတ်လမ်းသည်လည်း အရိုးခံ ခပ်စင်းစင်းပင် ဖြစ်သည်။ ထူးလာသည်မှာ ဆရာကြီးဦးလွန်းသည် ဦးကျော်ဒွေး၊ ကိုပေါ၊ ဦးကြာညွန့် စသည်တို့ကို နောက်တန်းထား၍ ခင်အုံကို ရှေ့တန်းတင်ကာ အဓိကဇာတ်ဆောင်အဖြစ် အကခိုင်းလိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ခင်အုံ၏ လူ့ဘဝတွင် လောကီဘုံဝလေ့ ကြုံတွေ့ရတတ်သော လူ့သဘောကို ပို၍ထင်ရှားလာအောင် ဖွဲ့ခဲ့သည်ဟု ဆိုနိုင်သည်။ စင်စစ်မှာ ခင်အုံအကြောင်းကို အဓိကထား၍ ပြောချင်သောကြောင့် မှာတော်ပုံကို ဆရာကြီးရေးသည်ဟု ယူဆဖွယ်ရှိသည်။ တစ်နည်းဆိုရသော် မကောင်းမှန်းသိပါလျက် စိတ်အလိုလိုက်၍ မိုက်တတ်သောလူ့သဘာဝကို စက်ဆုပ်ခြင်းလည်းဖြစ်၍ ကရုဏာလည်း ဖြစ်သောကြောင့် ထိုလူ့သဘာဝကို ဆရာကြီး ဖွဲ့ခဲ့သည်ဟု ဆိုနိုင်သည်။

ခင်အုံကို တွေ့စဉ်ကပင် ခင်အုံကို ထိးနန်း အယဉ်အကျေး အသိမ်အမွေ့ကြိုက်သူ၊ ဂုဏ်ပကာသနမက်သူအဖြစ်ဖြင့် တွေ့ရသည်။ ထိုနောက် သူ့ဘဝကိုသူ မကျေမနပ်ဖြစ်ခဲ့ရသည်။ သူ့ဘဝတွင် သူ့စိတ်ကိုသူ အလိုလိုက်မှုတို့သည် သူ့ကို ဒုက္ခပေးခဲ့သည်ချည်းသာ ဖြစ်သည်။ ပို၍ဆိုးသည်မှာ ခင်အုံသည် မိမိစိတ်အလိုလိုက်မှုကြောင့် ဒုက္ခတွေ့၍ သုခသစ်ကို ထပ်ရှာရာတွင် စိတ်အလိုလိုက်၍ရှာသဖြင့် ဒုက္ခသစ်နှင့် တိုးနေရခြင်း ဖြစ်သည်။ ထိုအမှုအရာတို့ကို ဖွဲ့ရာတွင် ဆရာကြီးသည် ခင်အုံကို စက်ဆုပ်စရာဖြစ်အောင်လည်း ဖွဲ့သည်။ သနားစရာဖြစ်အောင်လည်း ဖွဲ့သည်။ ဘယ်သူမပြု မိမိမှုကြောင့် ဒုက္ခတွေ့ရခြင်း ပေတကားဟု ဖြေနိုင်စရာဖြစ်အောင်လည်း ဖွဲ့သည်။

ခင်အုံ အသက် ၂၀ အရွယ်၌ သူ့ယောကျ်ား လက်ယာဝင်းတော်မှူး သေဆုံးသဖြင့် သူဒုက္ခရောက်ရခြင်းသည် သူ့ကံမကောင်းသောကြောင့် ဖြစ်ရ၏ဟု ဆိုနိုင်ပါသည်။ ဗားကရာလူထွက်ကြီးနှင့် အကြောင်းပါရခြင်းကား၊ တစ်စိတ်တစ်ပိုင်းအားဖြင့် သူ၏ စိတ်အလိုကို လိုက်ခဲ့သောကြောင့် ဖြစ်သည်။ သူအညာခံရသည်ကား မှန်၏။ သို့ရာတွင် တစ်နေ့နေ့၌ ဝန်ကတော် ဖြစ်လာအုံနိုးအထင်၊ စိတ်ကူးယဉ်မှုကြောင့် လက်သည်းဝှက် အညာအလိုင်းကို သူမမြင်နိုင်၍ သူဒုက္ခရောက်ရသည်ဟု ဆိုရသည်။ ထိုနောက် ကိုပေါနှင့်တွေ့သည်။ ထိုအခါ ခင်အုံသည် ဗားကရာလူထွက် မယားအဖြစ်မှ လွတ်မြောက်ရေးအတွက် လမ်းစကိုရှာသည်။ လွတ်မြောက်အောင် သူကြံဖန်၍ အတင်းရုန်းထွက်နိုင်သည်။ ထို့နောက် ကိုပေါကို သူ အမိဖမ်းရရှာသည်။ ဤအထိ ခင်အုံ၏ အပြုအမူတို့သည် သူ့အဖို့ မှန်သည်ဟု ဆိုနိုင်သည်။ ညှပ်ပူးညှပ်ပိတ်အမိခံနေရသော သူ၏ဘဝမှ သူလွတ်အောင် ပြုရသောကြောင့် ဖြစ်သည်။

ထိုနောက် ဦးကြာညွန့်ကို အကြောင်းပြု၍ မသင်္ကာမှု ပေါ်လာသောအခါ ကိုပေါကို အမိဖမ်းနိုင်သော ခင်အုံသည် ကိုပေါနောက်သို့ အတင်းမလိုက်၊ သူ့စိတ်အလိုကို သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုက်သည်။ ရွှေဘိုသို့သွားသည်။ ရွှေဘိုတွင် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် သူ့ မင်း သူ့ချင်းနေသည်။ ဆရာကြီးဦးလွန်းသည် ဤအခန်းမှစ၍ ခင်အုံ ကြုံရသမျှသည် ခင်အုံ စိတ်ရှုးထ၍ စိတ်ရှူးအလိုကိုလိုက်သောကြောင့် ဖြစ်ရပုံကို တင်ပြလိုဟန်တူသည်။

ရွှေဘို၌ မိုးခိုနေစဉ် ခင်အုံသည် ပျင်းမှန်းညည်းငွေ့လာသဖြင့် သူ့စိတ်အလိုကို သူလိုက်၍ အပျင်းဖြေသည်။ ဤအခန်းကို ဖွဲ့ရာတွင်လည်း ဆရာကြီးသည် ခင်အုံ မာယာများပုံကို ပိုင်ပိုင်နိုင်နိုင် ဖွဲ့ခဲ့သေးသည်။ "ထထထိုင်ထိုင်၊ မောင်ဘေဘကိုဖြင့် ငါ လုလု ပိုင်ရနိုင်ရရဲ့။ ငယ်နိုင်ကြက်သွင်၊ ကွက်ရုပ်ကြီးမို့၊ ရွက်အုပ်သီးကြင်ရလျှင်၊ သခင် နှင့် ကျွန်လောက် သေးတာမို့ ဝန်လေးမယ်မထင်ပါဘူးလေ"ဟု ခင်အုံ တစ်ကိုယ်တည်း ဆိုသည်ကို ထောက်ချင့်ခြင်းအားဖြင့် ခင်အုံသည် လာမည့်ဘေးကိုမတွေး၊ သူအပျင်း ပြေချင်သည်ကိုသာ တွေးသည်။ သူဖောက်ပြန်လာပြီဟုမထင်။ သူအပျင်းပြေမည်ဟုသာ ထင်သည်။ ထို့နောက် အမေဘွားဆိုသူနှင့် တိုင်ပင်သည်။ ထိုနောက် မိန်းမကစတင်၍ ယောကျ်ားကို ရဲဆေးတင်ပေးသော တေးထပ်ကို စာရေးဆရာတစ်ယောက်အား ရေးစေသည်။ ထို့နောက် လူပျိုပေါက် မောင်ဘေဘကို အိမ်သို့အရောက်ခေါ်၍ အဆိုခိုင်းသည်။ ထို့ နောက် တေးထပ်၏ အဓိပ္ပာယ်ကို ခင်အုံကပင် လူပျိုပေါက်ရှေ့၌ အမေဘွားကို ရှင်းပြ သည်မှာ–

"မမကလည်း မောင်လေးမှတစ်ပါး တခြားကိစ္စကို စိတ်မကူးဘူး။ အထူးပဲ မောင့် ကို သနားတယ်။ မောင်ကလေးသည် ကြွားဝါပလွှားခြင်းမရှိ။ ပကတိ တက်တက်ရိုး ကလေးဖြစ်လေတော့ စကားသွင်းပြန်က မှားယွင်းမှာလားလို့လည်း ကြောက်လန့်နေတယ်။ အဟန့်ပယ်၍ အရွယ်ချင်း တစ်ဆိတ်မှ မမျှတာကြောင့် စိတ်က ထိတ်ခနဲဖြစ်နေရှာ လိမ့်မယ်။ တစ်ခါဖြင့် ကြာရှည်မဆွဲနဲ့တော့။ ရဲသင့်ပါပြီ။ မမ ဆွဲမယ့် ပုလဲသီပုတီးကုံးနဲ့ တူတဲ့ မောင်ကလေးရယ်၊ မမ ရှောင်မပြေးပါဘူး။ နောင်ရေးကို ကြံမည်မို့၊ လွဲမဖည်သင့်ဘူးပ တဲ့ အမေဘွားရဲ့၊ မှတ်ထား၊ နားလည်ပလား"ဟု ရှင်းပြလိုက်သည်။

ထို့နောက် လူပျိုပေါက် ပေါင်းလာသော ခေါင်းပေါင်းပဝါအဟောင်းကို ယူ၍ ပဝါသစ် ပေါင်းပေးသည်။ ပါးစပ်ချင်းအပ်၍ ကွမ်းဖတ်ခွံ့ပေးသည်။ ထို့နောက် ရေမွှေး တစ်ပုလင်းပေးသည်။ သက္ကလတ်အင်္ကျီ၊ ကတ္တီပါဖိနပ်၊ ငွေသား ဒင်္ဂါးပြားရေ ၅၀ပေးသည်။ ထို့နောက် "အနောက်ဆောင်မှ အရှေ့ဝဲဆောင်သို့ ပြောင်းရွှေ့ခဲ့ကြပြီးလျှင် ဇောင်းသင်ဖြူး ကြီးပေါ်မှာ ဗျူလဒီ ကော်ဇောကြီးကိုခင်း၍ နေရာထိုင်ကြီးကို ပြန့်ပြီးလျှင် ခန့်ခန့်ကြီး ယှဉ်တွဲပြီး ကြင်ဖိကစား၍ တဟားဟားနှင့် ပျော်ရွှင်လျက်ရှိကြကုန်၏" ဟု ဆရာကြီးက ဆိုခဲ့သည်။ ထိုကာလအတွင်း၌ပင် ခင်အုံသည် အပျင်းဖြေချင်ပြန်သဖြင့် ကျောက်ကုန် သည်၊ စိန်ပွဲစား၊ တစ်ခုလပ်ယောကျ်ား၊ ကြာသမားတစ်ဦးကို လက်ခံပြန်သည်။ ကြာ သမား၏အမူအရာ တိုက်စစ်ကို ခုခံခြင်းမပြု။ အလွယ်တကူ အရှုံးပေးလိုက်သည်။ ထို့ နောက် ခင်အုံသည် သူ့ဇာတ်ကို သူမနိုင် ဖြစ်လာသဖြင့် အင်းဝသို့ ပြေးလေသည်။

ခင်အုံသည် သူ့စရိုက်ဆိုးကို သိသူဖြစ်သည်။ သူ့စရိုက်ဆိုးကို မိန်းမချင်းတို့ကပါ သိကြသည်ကိုလည်း သိသူ ဖြစ်သည်။ ဆရာကြီးသည် ထိုသို့သော ခင်အုံ၏ သဘာဝကိုပင်

ဆိုခဲ့သေးသည်။ အင်းဝတွင် ဖိုးရွှေအိတ်၏အိမ်၌ ခင်အုံ တည်းခို၍ ဖိုးရွှေအိတ်နှင့် အတန်ကြာ စကားပြောဆိုပြီးနောက် ခင်အုံက "ဩော်- တငိုငိုတရိုရိုနှင့် နေတယ်လို့၊ အခြေမလှသေးဘူး။ ဘုရားဒကာဇနီး မေမေကြီးလည်း ပြန်ချိန်နီးပြီ။ အဖေကြီးနဲ့ နီးနီးကပ်ကပ်နေလျှင် အမေမြင်ရင် အထင်လွဲပြီး အဖေ့ကို ဆဲဦးမယ်။ ကဲ-အဖေက အိမ်ပေါ်ကြွ။ ကျွန်မက မီးဖိုချောင်အတွင်းမှာ ထမင်းဟင်းချက်မယ်" ဟူသော စကားကို ခင်အုံ၏ နှုတ်အမူအရာ၌ ထည့်ပေးခဲ့သည်ကိုထောက်၍ သိနိုင်သည်။

တတိယတွဲ၏ နိဂုံးတွင် ဆရာကြီးဦးလွန်းက ဆိုခဲ့သည်မှာ "ခင်အုံမှာ လေးငါးရက်ကြာလျှင် မြိုင်ရွာမှ ထွက်ခွာသွားသဖြင့် တရားကျင့်ဖို့ ရည်ရွယ်လျက် မယ်သီလ လုပ်သွားသည်ဟူ၍လည်းကောင်း၊ မန္တလေးမြို့မှာပင် မောင်ဘုန်းခင်နှင့် အတူနေထိုင်သည်ဟူ၍လည်းကောင်း၊ အလုံမြို့နယ်ပါ ညောင်ကန်ရွာသား ကိုပေါနှင့်ပင် သဘောသင့်မျှ ပေါင်းသင်းနေထိုင်ကြသည်ဟူ၍လည်းကောင်း၊ သထုံ ဇင်းကျိုက်တွင် အင်းသိုက်ကို တွေ့ရသဖြင့် ရသေ့မ လုပ်သွားသည်ဟူ၍လည်းကောင်း ပခန်းမြို့အပိုင် မြိုင်ရွာသူမြိုင်ရွာသားတို့သည် အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြလေသည်။ ဤမင်းကတော် ခင်အုံရဲ့အကြောင်းကို ကောင်းကောင်းအဟုတ်သိရလျှင် စတုတ္ထတွဲစာအုပ်ကို ပြုလုပ်စီရင်မည်ဟု ကြံစည်မျှော်လင့်လျက်ရှိလေသည်"ဟုဆို၍ မျှော်လင့်ချက်ပေးခဲ့သည်။

တစ်ဖန် ကာလပေါ်ဝတ္ထုအဖွဲ့တွင် ဘဝအလွမ်းသဘော (Romanticism)ကဲသော ဘဝအလွမ်းဝတ္ထုမျိုးဟူ၍လည်းကောင်း၊ ယထာဘူတသဘော (Realism)ကဲသော ယထာဘူတဝတ္ထုမျိုးဟူ၍လည်းကောင်း အကြမ်းအားဖြင့် ဝတ္ထုနှစ်မျိုးရှိသည်ဟု ဆရာဆရာများ ဆိုခဲ့ကြသည်။ အဆင့်အတန်းကောင်းရှိသော ထိုဝတ္ထုနှစ်မျိုးစလုံးသည် ဝတ္ထုဆရာ၏ အကြားအမြင် အတွေ့အကြုံနှင့် ဘဝအသိတို့ကို အခြေပြု၍ စိတ်ကူးဉာဏ်ဖြင့် ရေးကြသော ဝတ္ထုများ ဖြစ်၏ဟုလည်း ဆိုကြသည်။ သို့သော်လည်း ဘဝအလွမ်းဝတ္ထုမျိုးသည် သစ္စာရှိခြင်း၊ သတ္တိရှိခြင်း၊ သမာဓိရှိခြင်း၊ ပရဟိတစိတ်ရှိခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိခြင်း စသော လူတော်လူကောင်းတရားတို့ကို ရွေး၍ အံ့ဩစရာဖြစ်အောင်၊ လွမ်းစရာဖြစ်အောင်၊ သနားစရာဖြစ်အောင်၊ ထိတ်လန့်စရာဖြစ်အောင်၊ သံဝေဂရစရာဖြစ်အောင်၊ အားတက်စရာဖြစ်အောင်၊ ချိုးချိုးကျူးကျူး ၊ ချဲ့ချဲ့ထွင်ထွင်ဖွဲ့တတ်သော စာမျိုးဖြစ်၍ ယထာဘူတကျသည် ထင်ရအောင် ဒိဋ္ဌလောက၏ သဘောကိုမြင်၍ သဘောပေါက်လာကြအောင် ဖွဲ့တတ်သောစာမျိုး ဖြစ်သည်ဟုလည်း ဆိုကြပါသည်။

ယခုအခါတွင် စတုတ္ထတွဲကို မမျှော်လင့်နိုင်တော့ပြီ။ ထို့ကြောင့် မင်းကတော်ခင်အုံ၏အကြောင်းကို အပြည့်အစုံ မသိနိုင်တော့ပြီ။ မြိုင်ရွာသူရွာသားတို့ အမျိုးမျိုးအဖုံဖုံ ပြောဆိုကြသည့်အတိုင်း ခင်အုံသည် နောက်ဆုံးတွင် တစ်ခုခုဖြစ်လာနိုင်ပါသည်။ သို့ရာတွင် မကောင်းမှန်းသိပါလျက် စိတ်အလိုလိုက်၍ မိုက်တတ်သော ခင်အုံ၏ လူ့သဘာဝကိုကား နောင်ဖြစ်လာမည့် ဇာတ်လမ်းသည် ဖုံးကွယ်၍ရမည်မဟုတ်ဟုထင်သည်။ ထို့ကြောင့် အဆုံးမသတ်ခဲ့သော မှာတော်ပုံဝတ္ထုသည် ကျေနပ်စရာပင် ဖြစ်တော့သည်။ တစ်ဖန် စိတ်အလိုလိုက်၍ မိုက်တတ်သော လူ့သဘာဝကို ခင်အုံ၏ အမူအရာတို့ဖြင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တင်စား၍ ဆရာကြီးဖွဲ့ပြရာတွင် သနားစရာအလွန်အကျွံဟူ၍လည်းမပါ၊ အံ့ဩစရာအလွန်အကျွံဟူ၍လည်းမပါ။ အထူးအဆန်းဟူ၍လုံးဝမပါ။ ဖြစ်တတ်ပျက်တတ်ပုံတို့၏သဘောသည် စဉ်းစားစရာ ဖြစ်ရုံမျှလောက်သာပါသဖြင့် မှာတော်ပုံဝတ္ထုကို ယထာဘူတဝတ္ထုမျိုး၌ထည့်လျှင် ရနိုင်သည်ဟု ယူဆပါသည်။

ဒုတိယတွဲနှင့် တတိယတွဲတို့တွင် ပြောစရာအချက်တစ်ခု ရှိပါသေးသည်။ ထိုအချက်သည် ဇာတိမာန် တက်ကြွရာ တက်ကြွကြောင်းဖြစ်သော မြန်မာရာဇဝင် ဗဟုသုတစကားနှင့် မြန်မာရာဇဝင်ကဗျာများကို ဝတ္ထု၌ ထည့်၍ ရေးလိုသော ဆရာကြီးဦးလွန်း၏ဆန္ဒ အားကောင်းလာသောအချက် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၁၉ ခုနှစ်မှစ၍ ဝံသာနုလှုပ်ရှားမှုသည် တရှိန်ရှိန်တက်လာသည်။ ဆရာကြီးသည် ဝံသာနုလှုပ်ရှားမှုဘက်သို့ တဖြည်းဖြည်းယိုင်လာသည်ဖြစ်ရာ ဆရာကြီး၏ကလောင်သည် နောက်ဆုံးတွင် ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍီ၊ ဘွိုင်းကောက်ဋီကာ၊ သခင်ဋီကာ စသည်တို့သို့ ကူးပြောင်းသွားသည်မှာ အထင်အရှားဖြစ်သည်။ ထို့ကြောင့် မှာတော်ပုံ ဒုတိယတွဲနှင့် တတိယတွဲတို့တွင် အလောင်းဘုရား အရေးတော်ပုံ ရာဇဝင်စကားများနှင့်တကွ အလောင်းဘုရားဘွဲ့လေးချိုး၊ အင်းဝပျက်ရပုံဘွဲ့လေးချိုး၊ အင်းဝမင်းအောက်ပြည်စုန်လေးချိုး၊ တောင်ငူရာဇာဘွဲ့လေးချိုး၊ ဟံသာဝတီရောက်မင်း တမ်းချင်းလေးချိုး၊ ရွှေဘိုမြို့ဘွဲ့လေးချိုး၊ မင်းတုန်းမင်းတရားဘွဲ့လေးချိုးတို့ကိုလည်း တခမ်းတနားတွေ့ရခြင်းဖြစ်ပါသတည်း။

၁၉၆၆၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# သခင်ကိုယ်တော်မှိုင်း၏
# ကဗျာ့သဘောနှင့် ကဗျာ့ကျေးဇူး

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးခဲ့သော စာများကို စာရင်းပြုလျှင် များလှပါသည်။ ပြဇာတ်များအပြင် ၁၉၁၃ ခုနှစ်လောက်မှစ၍ ၁၉၅၀ ပြည့်နှစ်လောက်အထိ ၃၈ နှစ်မျှသော ကာလအတွင်း၌ ဆရာကြီးရေးခဲ့သော ကဗျာပါစာအုပ်များအနက် ထင်ရှားသောစာများသည် ဗိုလ်ဋီကာ၊ မစ္စတာမောင်မှိုင်းမှာတော်ပုံ (၃)တွဲ၊ ဒေါင်းဋီကာနှင့် ဒေါင်းဂဏ္ဍိ၊ မျောက်ဋီကာနှင့် မျောက်ဂဏ္ဍိ၊ ဘွိုင်းကောက်ဋီကာ၊ စစ်ကိုင်းပြန် မှာတော်ပုံ၊ ဓမ္မစေတီ၊ အိမ်နောင်၊ ခွေးဋီကာနှင့် ခွေးဂဏ္ဍိ၊ သခင်ဋီကာ၊ ဂဠုန်ပျံ ဒီပနီဋီကာ၊ ရာဇဝင်နိတိ၊ အာဇာနည်ဗိမာန်ဋီကာ၊ အိပ်မက်ဒိဋ္ဌိဋီကာတို့ ဖြစ်သည်။

ယခုဟောပြောပွဲတွင် ဆရာကြီး၏စာများကို ပရိသတ်နှင့် မိတ်ဆက်ပေးရုံမျှသာ ဖြစ်ပါသည်။ မိတ်ဆက်ပေးရာ၌ တစ်နေရာ တစ်ဌာနမှ ကြည့်သဖြင့် မြင်ရသောအကွက်ငယ်တစ်ကွက်မျှသာ ဖြစ်ပါသည်။ ထို့ပြင် အဝေးမှ မြင်ရသော အကွက်ငယ်တစ်ကွက်မျှသာ ဖြစ်ပါသည်။ သုတလိုလားသူတို့၌ ဆက်လက် လေ့လာလိုက်စားလိုစိတ် ပေါ်ပေါက်လာ၍ ဝိုင်းဝန်းလေ့လာနိုင်ခြင်းရှိကြသည်ဖြစ်လျှင် ဆရာကြီး၏ စာများမှ ရသအတွေ့အကြုံ အလှအပများနှင့်တကွ သတိပြုစရာ၊ ဘဝအသိရလာနိုင်စရာ၊ ဘဝသဘောထား ရင့်ကျက်လာနိုင်စရာ အများအပြား ပေါ်ထွက်လာမည်ဟု ထင်မြင်ပါသည်။

ရှေးဦးစွာ ကဗျာ့သဘောကို ယေဘုယျအားဖြင့် ရှင်းပြလိုပါသည်။ ကဗျာ့သဘောတွင် အပိုင်းနှစ်ပိုင်းရှိသည်ဟု ယူပါသည်။ တစ်ပိုင်းသည် အကြောင်းအရာဖြစ်၍၊ ကျန်တစ်ပိုင်းသည် ပုံသဏ္ဌာန် ဖြစ်သည်။ အကြောင်းအရာဟုဆိုရာ၌ ကဗျာဆရာ၏ စေတနာအလျောက်၊ ကဗျာဆရာ၏ စိတ်ကူးဉာဏ်(ပဋိဘာန်ဉာဏ်)အစွမ်းဖြင့် သိမြင်ခြင်းရှိလာသော ပတ်ဝန်းကျင် လောက အမှုအရာများကို ဆိုလိုပါသည်။ ပုံသဏ္ဌာန်ဟု ဆိုရာ၌ ကဗျာဆရာ၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စေတနာအလျောက်၊ ကဗျာဆရာ၏စိတ်ကူးဉာဏ်စွမ်းဖြင့် သိမြင်လာသော အကြောင်းအရာကို၊ ထိုစေတနာအလျောက် ထိုစိတ်ကူးဉာဏ်စွမ်းဖြင့်ပင် ဖွဲ့စည်းရေးသားနိုင်သော ဖွဲ့ပုံရေးပုံ စွမ်းရည်ကို ဆိုလိုပါသည်။ အကြောင်းအရာနှင့်ပုံသဏ္ဌာန်တို့သည် နှစ်ပိုင်းဖြစ်သည်ဟု ဆိုခဲ့ရာတွင် စာအဖြစ် ပြောရသောကြောင့်သာ နှစ်ပိုင်းရှိလေဟန် ပြောရခြင်းဖြစ်ပါသည်။ စင်စစ်မှာ ခွဲ၍စိတ်၍ မရစကောင်းသောအရာ ဖြစ်သည်။ ကဗျာကောင်းတို့တွင် ထိုနှစ်ပိုင်းသည် အံကျထပ်မိနေသောသဘော ဖြစ်သည်။ ထိုသဘောကိုပင် ကဗျာသဘောဟုဆိုလျှင် ဖြစ်နိုင်ပါသည်။ ထိုနည်းတူစွာ ဝတ္ထုဖြစ်လျှင်လည်း ဝတ္ထုသဘောဟူ၍လည်းကောင်း၊ ပြဇာတ်ဖြစ်လျှင်လည်း ပြဇာတ်သဘောဟူ၍လည်းကောင်း ဆိုနိုင်ပါသည်။

နောက်တစ်ချက် သိအပ်သေးသည်မှာ ဤသို့ဖြစ်သည်။ အကြောင်းအရာအပိုင်းနှင့် ပုံသဏ္ဌာန်အပိုင်းတို့အကြောင်းကို ဆိုခဲ့ရာ၌ ထိုနှစ်ပိုင်းစလုံးကို စာရေးဆရာ၏ စေတနာကသာ ဦးဆောင်နေသည်ကို တွေ့နိုင်ပါသည်။ ထိုအခါ ကဗျာ၌သော်လည်းကောင်း၊ ဝတ္ထု၌သော်လည်းကောင်း၊ ပြဇာတ်၌သော်လည်းကောင်း အခြေခံအရင်းအမြစ်သည် စာရေးဆရာ၏စေတနာသာဖြစ်ကြောင်း သတိပြုအပ်ပါသည်။

ထို့ကြောင့် ဆရာကြီး၏ ကဗျာသဘောကို (ဝါ) ဆရာကြီး၏ ကဗျာဆိုင်ရာ ပတ်ဝန်းကျင်လောက အမှုအရာများနှင့် ရေးပုံဖွဲ့ပုံ စွမ်းရည်တို့ကို လေ့လာအကဲခတ်လိုလျှင် ဆရာကြီး၏ ကဗျာများမှတစ်ဆင့် ဆရာကြီး၏ စေတနာကို ရှေးဦးစွာ ရှာကြည့်သင့်သည်ဟု ထင်ပါသည်။ ဆရာကြီး၏ ကဗျာများကို လက်လှမ်းမီသမျှ လေ့လာကြည့်သည့်အခါတိုင်း ဆရာကြီးရေးခဲ့သော ကဗျာများ၏ အခြေခံအရင်းအမြစ်သည် ယေဘုယျအားဖြင့် ဆရာကြီး၏ ကရုဏာစေတနာနှင့် မေတ္တာစေတနာတို့ ဖြစ်သည်ကို တွေ့ရပါသည်။ ရှေးဦးစွာ နယ်ချဲ့လက်အောက်သို့ ရောက်ခဲ့ရသော မြန်မာနိုင်ငံ၏ ဘဝအပေါ်၌လည်းကောင်း၊ နယ်ချဲ့စနစ်ကြောင့် ဆင်းရဲတွင်းက မတက်နိုင်ခဲ့ကြသော တောင်သူလယ်သမားထု၏ ဘဝအပေါ်၌လည်းကောင်း ဆရာကြီးသည် ကရုဏာဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုကရုဏာစေတနာသည် ဆရာကြီး၏ စာခပ်သိမ်းတွင် အမျှင်တန်းလျက် အသွင်အမျိုးမျိုးကိုဆောင်၍ ပြခဲ့သည်ကို တွေ့နိုင်ပါသည်။ ထိုနောက် အခြေအနေကိုလိုက်လျက် ကမ္ဘာသူ ကမ္ဘာသား ခပ်သိမ်းအတွက်ပါ မေတ္တာစေတနာလည်း တိုးပွားလာ၍ အသွင်အမျိုးမျိုးဆောင်၍ ပြသည်ကို တွေ့နိုင်ပြန်ပါသည်။ ထို့ကြောင့် ဆရာကြီးသည် ကရုဏာအစွမ်းဖြင့် မြန်မာနိုင်ငံ၏ သမုတိဘဝဒုက္ခ အထွေထွေကိုလည်းကောင်း၊ မေတ္တာ၏အစွမ်းဖြင့် ထိုဘဝ ဒုက္ခအထွေထွေမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတို့ကိုလည်းကောင်း သိမြင်၍ ဖွဲ့ဆိုခဲ့သည်ဟုဆိုသော် ရသင့်ပါသည်။

ဆရာကြီး၏ ကရုဏာစေတနာ သဲလွန်စကိုရှာလျှင် ဆရာကြီး ဆယ်နှစ်သားအရွယ်က ဆရာကြီး၏စိတ်၌ ဖြစ်ပေါ်ခဲ့ဖူးသော ကရုဏာကို တွေ့နိုင်ပါသည်။ ၁၈၈၅ ခုနှစ်တွင် မန္တလေးနေပြည်တော်၌ အရှင်နှစ်ပါးကို နယ်ချဲ့တို့ ဖမ်းဆီးခေါ်ဆောင်သွားသောအခါ ဆရာကြီးသည် မြတောင်ကျောင်း လက်ရန်းမှနေ၍ အရှင်နှစ်ပါး၏အဖြစ်ကို မြင်လိုက်သဖြင့် ဆရာကြီး ဝမ်းနည်းခြင်း ဖြစ်ခဲ့သည်ဟု အတ္ထုပ္ပတ္တိဆရာတို့က ဆိုခဲ့ကြပါသည်။ အသက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရွယ်ငယ်စဉ်က အပြင်းအထန် တွေ့ကြုံခံစားခဲ့ရသော စိတ်လှုပ်ရှားမှုနှင့် ထိုစိတ်လှုပ်ရှားမှု၏ အကြောင်းရင်းဖြစ်သော အဖြစ်အပျက်တို့သည် မေ့နိုင်ခဲသော အရာများဖြစ်၏ဟု ဆိုတတ်ကြသည်ဖြစ်ရာ ဆရာကြီးကဲ့သို့သော ပဋိဘာန်ဉာဏ်ရှိသူအဖို့ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ ငယ်စဉ်ခါ၌ မေ့မေ့ပျောက်ပျောက် ဖြစ်နိုင်သော်လည်း လူလားမြောက်လာသောအခါ ငယ်စဉ်က တွေ့ကြုံခံစားခဲ့ရသော စိတ်လှုပ်ရှားမှုသည် ငုပ်နေရာမှ ပြန်၍ ပေါ်လာနိုင်ပါသည်။ ဆရာကြီး လူလားမြောက်လာ၍ ဝါသနာအလျောက် ကဗျာရေးလာသောအခါ အရှင်နှစ်ပါးကြောင့် ကရုဏာဖြစ်၍ ဝမ်းနည်းခြင်း ဖြစ်ခဲ့ရသော စိတ်လှုပ်ရှားမှုသည် သူ့ကဗျာများတွင် ဥဒါနသဘောအဖြစ်ဖြင့် ပေါ်လာရမည်သာ ဖြစ်သည်။ ပေါ်လာခြင်းလည်း ရှိခဲ့သည်ကို တွေ့ရပါသည်။

၁၉၁၃ ခုနှစ်၊ ဆရာကြီး၏ ၃၈ နှစ်အရွယ်လောက်မှစ၍ ရေးခဲ့သော ကဗျာများကို လေ့လာကြည့်လျှင် ဤသို့တွေ့နိုင်သည်။ ၁၉၁၃ ခုနှစ်အတွင်း ဆရာကြီးရေးခဲ့သော မိုလ်ဋီကာ ဆောင်းပါးများ၌လည်းကောင်း၊ ထိုနောက် ၁၉၁၅ ခုနှစ်လောက်မှစ၍ ရေးခဲ့သော မစ္စတာမောင်မှိုင်းမှာတော်ပုံဝတ္ထုများ၌လည်းကောင်း၊ ဆရာကြီး၏ ပါတော်မူ ကရုဏာစေတနာသည် လက်အောက်ခံဘဝမှ လွတ်မြောက်စေလိုသော ဇာတိမာန်စိတ်ဓာတ်အသွင် ဆောင်လာသည်ကို တွေ့နိုင်ပါသည်။ ထိုဇာတိမာန်စိတ်ဓာတ်ကြောင့် ဆရာကြီးသည် အဓိကအားဖြင့် သူ့ပတ်ဝန်းကျင်လောက အမှုအရာသုံးမျိုးကို သတိပြုမိလာသည်ဟု ထင်မိသည်။

(က) တစ်ခုသည် အတိတ်ခေတ် ကိုယ့်မင်းကိုယ့်ချင်းဘဝက မြန်မာ့ဂုဏ်ရည် အမှုအရာများ ဖြစ်သည်။

(ခ) နောက်တစ်ခုသည် လက်အောက်ခံဘဝ၌ ရှိနေကြလင့်ကစား ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်လိုကြသော အမှုအရာများ ဖြစ်သည်။

(ဂ) ကျန်တစ်ခုသည် နယ်ချဲ့အရင်းရှင်စနစ်ကြောင့် ဆင်းရဲတွင်းမှ မတက်နိုင်ကြရှာသော တောင်သူလယ်သမားတို့၏ ဒုက္ခအမှုအရာများ ဖြစ်သည်။

(က) အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်။ ။ ဆရာကြီးသည် မြန်မာရာဇဝင်ကို အထူးလေ့လာသူဖြစ်၍ အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်တို့ကို အလွန်နှစ်သက်သည်ဟု သိရပါသည်။ ထိုအခါ ဆရာကြီး၏ ရာဇဝင်အသိသည်ပင်လျှင် ဆရာကြီး၏ ဇာတိမာန်စိတ်ဓာတ်ကို နှိုးဆော်နေဘိသကဲ့သို့ ဖြစ်သည်။ ထိုအသိဖြင့် ဆရာကြီးသည် အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်အမှုအရာများ၌ သူ့စိတ်ကိုဖြေ၍ ဂုဏ်ယူလိုသောဆန္ဒ ရှိသည်။ ထိုဆန္ဒဖြင့် ရာဇဝင်ရုပ်စုံတို့ကို ကြည့်တတ်သည်။ ထိုအခါ ဇာတိမာန်ပီတိကို သူ့တွေ့သည်။ သူတွေ့သော ပီတိကို ပရိသတ်အားပေးလျက် သူကဲ့သို့ ဇာတိမာန်တက်ကြွ၍ ကိုယ့်မင်းကိုယ့်ချင်းဘဝကို ပြန်၍ သတိရကြစေချင်သည်။

ထို့ကြောင့် အင်းဝခေတ်ဘွဲ့၌–

*'ဘယ်သူကမှ မထိသကွာ၊ ပြည်တကာ ပဏ္ဏာဖွင့်ရတဲ့*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*အခါနှင့်အခွင့် မြန်မာတွေလည်း ဝင့်ခဲ့ပေသပေါ့*
*တရာမင့်ရိပ်ထီးသဘင်သာ*
*ဟိတ်ကြီးအထင်ကရာနဲ့ အစဉ်အလာသမိုင်း*
*စိတ်ကြီးဝင်စရာပါ့ ယခင်မြန်မာတိုင်း'*

ဟုလည်းကောင်း

*'မင်းလောင်းအောင်ဇေယျာတဲ့နော*
*တောင်မြေကမ္ဘာမှာ ပြောင်ဝေသမ္ဘာလျှမ်းပေသမို့*
*နောင်အရှည်အကြာ မောင်ရွှေမြန်မာတို့ လွှမ်းလောက်ပေရဲ့*
*ရွှေပဟိုရ် ရွှေဘိုက ရွှမ်းချိန်မို့*
*ထွန်းသိုက်ဩဘာ'*

ဟုလည်းကောင်း
မင်းတုန်းမင်းတရားဘွဲ့၌-

*'ရာဇာဓမ္မသင်္ဂဟတရားတွေနဲ့*
*သတ္တဝါမျှ ရင်ကသားလိုပါ့*
*အညာက မြန်မာမျှ ဘုရင်သမ္မတဘုရား'*

ဟု လည်းကောင်း ဆိုခဲ့ခြင်း ဖြစ်သည်။

**(၁) ကိုယ့်ယဉ်ကျေးမှုအမှုအရာ။** ။ဆရာကြီးသည် အတိတ်ခေတ်က မြန်မာ့ဂုဏ်ရည် အမူအရာတို့ကိုသာ တိုင်းပြည်က ချီးကျူးနှစ်သက်ချင်ကြအောင် နှိုးဆော်သည်မဟုတ်၊ မျက်မှောက်ခေတ်၌ ကမ္ဘာကျော် ကမ္ဘာသိဖြစ်အောင် ဉာဏ်ဝီရိယ ပြနိုင်ကြသော မြန်မာတို့၏ အမူအရာတို့ကိုလည်း တိုင်းပြည်က ဂုဏ်ယူချင်ကြအောင် နှိုးဆော်လိုဟန်တူသည်၊ ထို့ကြောင့် ပိဋကတ်စာပေ၌ အနောက်ဥရောပသားတို့ စိတ်ဝင်စားလာကြအောင် ပြောဟောနိုင်စွမ်းရှိသော လယ်တီဆရာတော်နှင့် နိုင်ငံခြားသာသနာပြု အသင်းဘွဲ့တို့၌-

*'သာသနာတစ်ဝက် သီသီနင်းကာမှ*
*ကမ္ဘာမှာ စက်ခြည်လင်းစေဖို့*
*သည်အသင်းအချိန်ကျပြီလို့ နှလုံးဝယ်ရည်*
*ထေရိတနင်းမပါဒ္ဒလိုပါ့ ဘုန်းလယ်တီ'*

ဟုလည်းကောင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*'ဘုရားစူးရပါစေရဲ့*
*ကြားဖူးပေ သည်တစ်ခါပ*
*ပြည်မြန်မာမှာ ထွန်းလာရတာက*
*အင်မတန် လွမ်းစရာဘဝပေပေါ့*
*အင်္ဂလန် ကျွန်းသာစွဆီသို့*
*ဗုဒ္ဓသာသနာရောင်နှင့် ဓမ္မာဖောင် မာလိန်မှူးပေမို့*
*ထူးမပေါ့ ပဝေဏီမှာနေ့်ကွယ်*
*ကူးတော့ချေပြီ'*

ဟုလည်းကောင်း၊

*'သာသနာ့ဒါယကာ တစ်မြေမြန်းရှာလျက်ပေမဲ့*
*အာကအညာ ရွှေနန်းရတနာ ကနက်ဆီက*
*မြန်မာမျှ ဘာသာအသရေ လျှမ်းကာတက်စေဖို့*
*ငွေအစွမ်းအသပြာထွက်လေရဲ့ တခြားနယ်*
*ပြည်မန်းရတနာပျက်ပေမဲ့ အားမငယ်'*

ဟုလည်းကောင်း လယ်တီဆရာတော်နှင့် နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းအကြောင်းတို့ကို ချီးကျူးဖွဲ့ဆိုခဲ့ပါသည်။

ထို့ပြင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ် နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာစစ်တပ်ငယ် တစ်တပ်အား အင်္ဂလိပ်အတွက် တိုက်ခိုက်ရန် အခွင့်ပေးခဲ့သည်ကိုပင် မြန်မာ့စွမ်းရည်ကို အသိအမှတ်ပြုပေးသည်တကားဟု ဆရာကြီးက ယူဆလိုက်ဟန်တူသည်။ ထို့ကြောင့် ရန်ကုန်သို့ စုဝေးရောက်လာကြသော မြန်မာစစ်သည်များအကြောင်းကို–

*'ကမ္ဘာရေမြေ ခေတ်အပြည့်ပြည့်ဖျက်ပေမဲ့*
*မြန်မာတွေ စစ်ချီလို့ ထွက်ပြီမို့*
*ဖြစ်မည်အတွက်ကိုတဲ့ အပြိုးသားဆရာမြင်*
*ကြိုးဝါးဘာမထင်ပါတဲ့ အရင်သမ္မာအစွမ်း*
*အလုံးအပြား ကမ္ဘာတစ်ခွင်မှာဖြင့် အကြင်မြန်မာတစ်ဝန်း'*

ဟု မြန်မာ့သတ္တိကို သတိရလာကြအောင် ဖွဲ့ဆိုခဲ့သည်။

ထိုမျှသာမကသေး။ ပါတော်မူပြီးသည့် နောက်ပိုင်းတွင် မျိုးချစ်မြန်မာတို့သည် ဆယ်နှစ်ဆယ်မိုးမျှ အင်္ဂလိပ်ကို တော်လှန်ခဲ့သော်လည်း လက်နက်ချင်းမမျှ၍ ဓားချလိုက်ရပြီးနောက် စိတ်ဓာတ်လည်း ကျဆုံး၍ အင်္ဂလိပ်ကို အထင်ကြီးစပြုလာကြပုံရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မင်းပွဲများ၌ အင်္ဂလိပ်အဝတ်အစားသာ ဂုဏ်ရှိသည်ဟု အထင်ရှိနေကြသော ခေတ်ထဲတွင် စစ်ရှုံးသူ မြန်မာတို့၏ အဝတ်အစားကို ဝတ်စားဆင်ယင်လျက် အင်္ဂလိပ်မင်းပွဲတက်ခဲ့သူကိုပင် ဆရာကြီး ချီးကျူးရှာသည်။

*'နန်းစရိုက်ကျမ်းသိုက်နွယ်တယ်*
*လွှမ်းလိုက်ဖွယ်တစ်ပွဲ*
*မန်းဂိုက်နွယ်ဆင်နွဲ့လို့*
*သွင်တနဲ့တင့်အောင်။*
*ဖော့လုံးဖြူ မြိုင်မြိုင်ထိန်းပါလို့*
*ထိုင်မသိမ်းဝတ်လို့ မြင်ယောင်။*
*မင်းတစ်ပါး ဦးမေအောင်မှာ*
*မှူးကေသျှောင် သဒ္ဒါမြို့ပါလို့*
*မြန်မာတို့ ကိုးကြွစရာ*
*ဖြိုးကြွသမ္ဘာ'*

ဟု တေးထပ်ဖွဲ့ဆိုခဲ့သည်ကို ထောက်၍ သိနိုင်ပါသည်။

**(ဂ) တောင်သူလယ်သမားတို့၏ဒုက္ခ။** ။ ဆရာကြီး၏ ဇာတိမာန်စိတ်ဓာတ်သည် နယ်ချဲ့အရင်းရှင်စနစ်ကြောင့် ဆင်းရဲတွင်းမှ မတက်နိုင်ကြသော တောင်သူလယ်သမားတို့၏ဒုက္ခ အမှုအရာများကိုလည်း သတိပြုခဲ့မိသည်။ ဤတွင် သူတစ်ပါး၏ လက်အောက်ခံဘဝသို့ ရောက်နေကြရသောကြောင့် တောင်သူလယ်သမားတို့သည် ကယ်မည့်သူမရှိဖြစ်နေကြရပြီဟု ဆရာကြီးယူဆလိုဟန်တူသည်။ တောင်သူလယ်သမားအရေးနှင့် စပ်လျဉ်း၍ ဆရာကြီး၏ အသိသတိတို့သည် ခေတ်ရှေ့ပြေးခဲ့သည်ဟုပင် ဆိုလောက်ပါသည်။ ကမ္ဘာက အဝယ်အယူ အနုတ်အသိမ်းရှိလာပြီ ဖြစ်သဖြင့် မြန်မာ ဆန်၊ စပါး၊ ပဲ၊ ပြောင်းစသည်တို့သည် ဈေးကောင်းလာပါသော်လည်း နယ်ချဲ့အရင်းရှင်စနစ်ကြောင့် စီးပွားတက်သောသူ အသင့်အတင့်သာရှိ၍ စီးပွားပျက်သော တောင်သူလယ်သမား လူများစု၏ဘဝ ချည့်နဲ့လာခြင်းသည် ထိုခေတ်အခါကပင် စတင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ တောင်သူလယ်သမားတို့တွင် အကြွေးနှိပ်စက်လှသဖြင့် လယ်မြေ လက်လွတ်ဖြစ်ကြရခြင်းသည် ထိုခေတ်က တောင်သူလယ်သမားတို့၏ ဒုက္ခတစ်ခု ဖြစ်ဟန်တူသည်။ ထို့ကြောင့် ဆရာကြီးသည် လယ်မြေလက်လွတ်ဖြစ်ရပုံ အမှုအရာကို ဇာတ်လမ်းဆင်၍ ဖွဲ့ဆိုခဲ့သည်ဟု ယူဆမိသည်။

ဇာတ်လမ်းဆင်ပုံမှာ အညာမှာ ကျန်ခဲ့သော ဇနီးသည်က အကြေသို့ အလုပ်လုပ်ရန် ဆင်းခဲ့သော ခင်ပွန်းထံသို့-

*'ဒွေးခါမှာ ချေးကာလှည့်ခဲ့ရတဲ့*
*အကြွေးတစ်ရာ ပေးစရာမရှိတာကြောင့်*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*လေးခါတိတိရယ်တဲ့ သူကြီးကခေါ်*
*ကိုယ့်မှာတော့ တော်ပေရဲ့ ပျို့ချစ်ဦးတဲ့'*

ဟု စာပါးလိုက်ရာ၊ စာရသော ခင်ပွန်းက အလုပ်အကိုင် အပေါက်အလမ်းမတည့် ဖြစ် နေသည့် အထဲတွင် အကြွေးကြောင့် စိတ်ဆင်းရဲခြင်း ပြင်းပြလာသဖြင့်-

*'ခေါင်းတခါခါနဲ့ ဆတ်လှစွာသော လှလှဗွေ့ဗွေ့ရယ်နဲ့*
*ဝဝပြည့်ပြည့် နွားပြာတစ်ရှဉ်းကိုလ*
*ကျောင်းဒကာကိုသာ အပ်လိုက်ပေရော့*
*ရသဗွေ့ ဘာဘာညာညာ မငြင်းလေနဲ့*
*(မလေးရယ်) ရောင်းကာသာ ဆပ်လိုက်ပေတော့*
*ရွာရှေ့ယာတစ်ခင်း'*

ဟု စာပြန်ပေးလိုက်သော ကြေးကွဲဖွယ်ဇာတ်လမ်း ဖြစ်ပါသည်။

ဤသို့ဖြင့် ဆရာကြီးသည် ၁၉၁၂ ခုနှစ်လောက်မှစ၍ ၁၉၁၈ ခုနှစ်လောက်အထိ အထက်ပါ ဇာတိမာန်ကဗျာနှင့် တောင်သူလယ်သမားကဗျာတို့ကို ရေး၍ တိုင်းပြည်အနှံ့ ဖြန့်ခဲ့သည်ဖြစ်ရာ နိုင်ငံအတွက် မိမိ၏စိတ်၌ ခံစားရသကဲ့သို့ ပရိသတ်ကိုလည်း ခံစား စေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကိုယ့်တိုင်းပြည်သည် သူတစ်ပါးလက်အောက်သို့ ရောက် နေပြီဟူသောအချက်ကို လူလားမြောက်သူတိုင်းပင် သိကြတန်ရာသည်။ သို့ရာတွင် အသိ တရားရှိရုံမျှဖြင့် အရာမရောက်နိုင်သေး။ သတိတရားကိုပါ ရရှိမှ အရာရောက်နိုင်သည် ထင်ပါသည်။ သတိတရားရရှိဖို့ကိစ္စ၌ စိတ်ခံစားမှုလည်း ရှိလာလျှင် သတိတရားရတတ် သည်ကို တွေ့ရပါသည်။ သတိတရားရမှသာ ဝစီကံမှုသော်လည်းကောင်း၊ ကာယကံမှုသော် လည်းကောင်း၊ နှစ်မျိုးစလုံးသော်လည်းကောင်း ပြုလာတတ်၍ အရာရောက်နိုင်သည်ဟု ယူချင်ပါသည်။ ဤတွင် ဆရာကြီးသည် အသိတရားသာရှိနေသော ပရိသတ်ကို သူ ကဲ့သို့ ခံစားစေ၍ သူကဲ့သို့ သတိပြုလာတတ်အောင် သူ့ကဗျာများဖြင့် ပြုခဲ့သည်ဟု ထင်ပါသည်။ တစ်နည်းဆိုရသော် ဆရာကြီးသည် သူ၏ဇာတိမာန်ကဗျာများဖြင့် သတိ ပြုမိသူ ဦးရေကို တိုးပွားအောင် ပြုခဲ့သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းဆိုရသော် တိုင်း ပြည်၌ တိုင်းချစ်ပြည်ချစ်စိတ် ပြန်လည်တက်ကြွ၍ ဝစီကံမှု၊ ကာယကံမှုတို့ ပေါ်လာကြ အောင် ပြုခဲ့သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းဆိုရသော် ၁၉၁၁ ခုနှစ်လောက်မှစ၍ အရှိန် ယူလာပြီးသည့်နောက် ၁၉၁၈ ခုနှစ်လောက်တွင် အရှိန်ရလာပြီဖြစ်သော ဝိုင်-အမ်-ဘီ- အေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတွင် လူငယ်ပိုင်း၏ ဝံသာနုလှုပ်ရှားမှုကို အောက် ခြေမှစ၍ အားဖြည့်ပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

၁၉၁၉ ခုနှစ်လောက်သို့ ရောက်သောအခါ ဆရာကြီး၏ ကဗျာများတွင် ဒေါင်းအလံကို သိသိသာသာကြီး လွှင့်ထူလာသဖြင့် ထူးခြားလာသည်ဟု ဆိုသင့်သည်။ ၁၉၁၈ ခုနှစ်တွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဗြိတိသျှတို့ ပါဝင်တိုက်ခိုက်ခဲ့သော ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်။ စစ်ကြီးအတွင်းကသော် ဗြိတိသျှအင်ပါယာ ငြိမ်ဝပ်၍ အင်ပါယာအတွက် အကူအညီရရန် လက်အောက်ခံ တိုင်းပြည်များအား တာဝန်ခံအုပ်ချုပ်ရေး ပေးမည်ယောင်ယောင် အသံကောင်းဟစ်ခဲ့သော ဗြိတိသျှအစိုးရသည် စစ်ပြီးသောအခါ မြန်မာပြည်အပေါ်တွင် သဘောထားတစ်မျိုး ထားရှိသကဲ့သို့ ပြုကျင့်လာပါသည်။ ထိုအခါ ဝိုင်-အမ်-ဘီ-အေ လူငယ်ပိုင်း၏ အသံသည် ပြင်းထန်လာသည်။ လှုပ်ရှားမှုလည်း သွက်လာသည်။ ၁၉၁၉ ခုနှစ်တွင် ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်၍ 'ဟုမ်းမရူး'(Home Rule) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်အတွက် မြန်မာတို့ဆန္ဒကို တင်ပြခဲ့ကြသည်။ ပြည်တွင်းတွင် အစိုးရကြိုးဆွဲရာ ကလိုကြသော လူကြီးပိုင်း၏ အဖျက်အဆီးကို တွန်းလှန်ကြရသည်။ ထိုအခါမှစ၍ ဆရာကြီးသည် နောင်အခါ ဂျီ-စီ-ဘီ-အေခေါ် မြန်မာအသင်းချုပ်ကြီး ဖြစ်လာသော လူငယ်ပိုင်း နိုင်ငံရေးပါတီ၏ လုပ်ငန်းကို မျက်စိကျလာပါသည်။ ထိုအခါမှစ၍ပင် လူငယ်ပိုင်း နိုင်ငံရေးပါတီ လှုပ်ရှားမှု အတက်အကျသည် ဆရာကြီး၏ ပတ်ဝန်းကျင်လောကအမှုအရာများ ဖြစ်လာ၍ အားတက်စရာဖြစ်သော အမှုအရာတို့ကို ဆရာကြီးမြင်လျှင် အားတက်လာတတ်ကြအောင် ကဗျာဖွဲ့သည်။ ဝမ်းနည်းစရာ အမှုအရာတို့ကို ဆရာကြီးမြင်လျှင် ဝမ်းနည်းလာတတ်ကြအောင် ကဗျာဖွဲ့သည်။ ဤသို့ဖြင့် ဆရာကြီး၏ ကဗျာများသည် မြန်မာနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်အတွက် နိုင်ငံရေးလှုပ်ရှားမှု၏ တစိတ်တစ်ပိုင်းအဖြစ်ဖြင့် တစ်မျိုးတစ်ဖုံ ထူးလာသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ၁၉၁၉ ခုနှစ်လောက်မှစ၍ ဆရာကြီး၏ ကဗျာများတွင် ဒေါင်းအလံကို သိသိသာသာကြီး လွင့်ထူလာပြီဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်အတွက် ဘိလပ်၌ အရေးဆိုရန် ဝိုင်-အမ်-ဘီ-အေ အသင်းချုပ်၏ စေလွှတ်ခြင်းကို ခံရသော လူငယ်ကိုယ်စားသုံးဦးနှင့်တကွ တိုင်းပြည်၏ ခြေလှမ်းကို ဆရာကြီး သဘောကျ အားတက်သဖြင့် တိုင်းပြည်ကလည်း သဘောကျ အားတက်လာအောင်-

*'ဩော်-ပြည်အမှုပေမို့*
*ငွေခရင်ယ်နှင့် ဖေယျာတုပါကွဲ့*
*သပြေနချိန်တင်ရန်ပန်းတွေကလည်း များပါဘိသနဲ့*
*ဖေ-ပု-ရှိန် အင်္ဂလန် နန်းမြေသွားတို့မှာဖြင့်*
*အားမြောက်ဖွယ် ကြံလွယ်ဖန်လွယ်နှင့်*
*အဠရာယ် ရန်စွယ်မောင်းတဲ့ပြင်*
*မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနှင့်*
*ဆုတောင်းကာ ပတ္တနာဆင်တဲ့ပြင်*
*ဆရာအရှင် မင်းရို့ ကိုရင်မှိုင်းမှာဖြင့်*
*လယ်ကိုင်းသူ အစွယ်သင့်တွေနဲ့*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*မယ်မြင့်ခေါ် ကေသာဝတီရဲ့ပြင်*
*ခေမာထေရီ မေရီကြော့ကြော့ရွှန်းတို့နှင့်*
*မဟာအလုံ အညာမုံရွာတစ်ဝန်းငဲ့ပြင်*
*ဟံသာဒဂုံပါ စံရာသထုံကွန်းဆီက*
*လွှမ်းရက်မမေ့ .သူတွေမှာနော်ကွယ်*
*ဆွမ်းသက်စေလို့'*

ဟု ဖွဲ့ဆိုခဲ့သည်။

လူငယ်ပိုင်း၏ ကြိုးပမ်းမှုကို ကဖျက်ယဖျက်လုပ်ချင်ကြသော ဗြိတိသျှအစိုးရဘက်သား လူကြီးပိုင်းကို ကန့်ကွက်လိုသဖြင့် လူငယ်များသည် ပြည်လုံးကျွတ် ညီလာခံကြီးကို ပထမအကြိမ် ကျင်းပနိုင်ကြသောအခါ တိုင်းပြည်ကလည်း အုံကြွအားပေးလာအောင် ဆရာကြီးကလည်း–

*'ဟောင်းသမျှအရာရာ ပြန်ကာဆလိုက်တော့*
*နှောင်းမြန်မာ မြန်မာကံသာဖို့ ဘဝပေလော့*
*တကောင်းကသာ မန္တလာကျအောင်ပါ*
*တစ်ရံတစ်ခါ၄ မြန်ရွာန ပြည်ရာဇဝင်မှာ*
*သည်တစ်ခါတွင်လိုသဖြင့် အစုအရောက်အညီမများ*
*ညီလာသဘင်မှာတောင်မှ ခုလောက်မစည်ကား'*

ဟု ဖွဲ့ဆိုခဲ့ပါသည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ်အတွင်းတွင် နိုင်ငံရေးအလားအလာရှိလှသော ဦးထွန်းရှိန်သည် နိုင်ငံရေးဆောင်ရွက်ရင်း အနိစ္စရောက်သောအခါ၌လည်းကောင်း၊ ဝံသာနုတရားဟော၍ မြန်မာတို့၏ မျက်စိကို ဖွင့်ပေးနေသော ဆရာတော်ဦးဥတ္တမကို ဗြိတိသျှအစိုးရက ဖမ်းဆီးသောအခါ၌လည်းကောင်း၊ တိုင်းပြည်ကလည်း ဝမ်းနည်းကြေကွဲ၍ နှမြောလာအောင် ဆရာကြီးသည် ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ နှမြောစရာ ကဗျာများကို ဖွဲ့ဆိုပြန်သည်။ ဘစ်ဖန် ၁၉၂၀ ပြည့်အတွင်း၌ပင် နယ်ချဲ့ကို တော်လှန်လိုသဖြင့် ယူနီဗာစီတီသပိတ်ကြီးမှောက်ပြီးသည့်နောက် အမျိုးသား (နေ့ရှင်နယ်) ကျောင်းများကိုလည်းကောင်း၊ အမျိုးသားကောလိပ်ကိုလည်းကောင်း တည်ထောင်နိုင်ကြသောအခါလည်း တစ်တိုင်းပြည်လုံး စိတ်အားတက်လာအောင် ဆရာကြီးသည် စိတ်အားတက်စရာ ကဗျာများကို ဖွဲ့ဆိုခဲ့ပြန်သည်။

၁၉၁၉ ခုနှစ် ဘိလပ်သွား ကိုယ်စားလှယ်များဘွဲ့ လေးချိုး၌ ဆရာကြီးသည်–

*'ဘဂဝါဘုရာ့ စက်ပျံနိဗ္ဗာန်ကောင်းကင်စခန်းပေမို့*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ပါဒနက်သန် ဗိမာန်ကျောင်းသခ်မ်းတွင်မှ*
*ခအောင်းကညင် သဖန်းငုံပြင်*
*ထနောင်းပင် တစ်နန်းရယ်နှင့် ဝနာ ကဘယ်အငူ*
*အပေါင်းဘဝင် ချမ်းစေဖို့*
*အကောင်းတမင် မှန်းမှန်းပြီး*
*ဒေါင်းအဆင်ဆန်းတွေနဲ့ ပဝါအလံထူ'*

ဟူ၍ အစချီခဲ့ပါသည်။ ထိုအစချီစာတွင် ဆရာကြီးသည် ကျောင်းသခ်မ်း၏ အသွင်အပြင်ကို ဖော်ပြထားပါသည်။ ထိုကျောင်းသခ်မ်းကို တောမြိုင်အတွင်းတွင် ကမ်းပါးအငူတစ်ခု၌ တည်ရှိနေဟန်၊ ခအောင်းပင်၊ ကညင်ပင်၊ သဖန်းပင်၊ ထနောင်းပင်တို့ ခြံရံနေဟန် ဖွဲ့ဆိုထားသည်ဖြစ်ရာ ထိုကျောင်းသခ်မ်းသည် တောရသဘောဖြစ်၍ ကာမဂုဏ်အာရုံဆိတ်သုဉ်းသော အမှုအရာကို ဆောင်နေပါသည်။ ထိုအမှုအရာတွင် လောကီကို မမက်လိုဟူသော သဘောသည် ပေါ်လွင်နေသည်ဟု ထင်ရပါသည်။ သို့ရာတွင် ထိုကျောင်းသခ်မ်း၌ ဒေါင်းအလံ လွှင့်တင်ထားဟန်ကိုလည်း ဖွဲ့ထားသည်ဖြစ်ရာ လောကီကို လုံးဝစွန့်သည်ဟုလည်း မဆိုသာပါ။ ဒေါင်းအလံသည် အတိတ်ခေတ် ကိုယ့်မင်းကိုယ့်ချင်းဘဝက လွတ်လပ်သော မြန်မာနိုင်ငံကို ကိုယ်စားပြုခဲ့သည်ဖြစ်ရာ နိုင်ငံအကျိုး လောကီအကျိုး ပြည်သူလူထုအကျိုး လောကီတို့ကိုကား ဆရာကြီး မက်လိုသောဆန္ဒရှိ၏ဟု ယူသော် ရနိုင်ပါသည်။ ဆရာကြီး၏ ဘဝခရီးတွင် ၁၉၁၄-၁၅ ခုနှစ်လောက်က ဇနီးသည် အနိစ္စရောက်ခဲ့ပါသည်။ သို့သော်လည်း အိမ်ထောင်သစ် မထူခဲ့ပါ။ နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် အားသွန်ခဲ့သည်ကိုသာ တွေ့ရပါသည်။ ထို့ကြောင့် ဆရာကြီး မမက်လိုသောလောကီဆိုသည်မှာ ကိုယ်ကျိုးလောကီမျိုးသာ ဖြစ်တန်ရာပါသည်။ ဇနီးသည် အနိစ္စရောက်ပြီးသည့်နောက်ပိုင်းတွင် ဆရာကြီးသည် အသင့်အတင့် နှလုံးသွင်းခြင်း၊ ရောင့်ရဲခြင်း၊ ငြိုးခြံခြင်း၊ မတုန်မလှုပ်ခြင်းတို့ဖြင့်သာနေ၍ နိုင်ငံအကျိုးအတွက် အားသွန်တော့မည်ဟု ဆုံးဖြတ်ခဲ့ဟန် တူပါသည်။ ထို့ကြောင့် ဆရာကြီး၏ ဒေါင်းလံတင် ကျောင်းသခ်မ်းသည် သူ့ရာသက်ပန်ဆန္ဒကို ဥပမာတင်စား၍ ဖွဲ့ဆိုခဲ့သော ဥပမာအဖွဲ့ ဖြစ်သည်ဟု ယူချင်ပါသည်။ နောင်အခါ ဆရာကြီးရေးလေ့ရှိသော ကဗျာများသည် ယေဘုယျအားဖြင့် ထိုဒေါင်းလံတင် ကျောင်းသခ်မ်းမှ သာသာယာယာမြည်လာသော ဘဝတေးဂီတများသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

၁၉၁၃ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်လောက်အထိ ၈ နှစ်ခန့်မျှ ကြာမြင့်သော ကာလအတွင်း မီးခဲပြာဖုံးဖြစ်ခဲ့သော ပြည်သူတို့၏ ဇာတိမာန်စိတ်ဓာတ်အင်အားသည် ကိုယ်ပိုင် အုပ်ချုပ်ရေးစနစ်ရမှုအတွက် နိုင်ငံရေးခေါင်းဆောင်များ နိုင်ငံရေးအလုပ်ကို လုပ်လာကြသည့် အခြေအထိ တိုင်းပြည်၌ တက်ကြွစုစည်းမိခြင်း ရှိလာပြီဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ပါတော်မူကရုဏာကြောင့် ဖြစ်ခဲ့သော ဆရာကြီး၏ ဇာတိမာန် နိုင်ငံချစ်စိတ်ဓာတ် ကဗျာများသည် အခြေခံဖြစ်သော ပြည်သူလူထု ဇာတိမာန်စိတ်ဓာတ်ကို ခိုင်မာအောင် စည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရုံးပေးနိုင်ခဲ့ပြီဟု ယူသင့်ပါသည်။ ထို့နောက်ပိုင်း၌ကား သူစည်းရုံးပေးခဲ့သော ဇာတိမာန် စိတ်ဓာတ် အင်အားစုကို နိုင်ငံရေးသမားများက အောင်မြင်စွာ အသုံးပြုနိုင်ရေးအတွက် ဆရာကြီးသည် သင့်မြတ်ကြစေလိုသော၊ အချင်းချင်း ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်၍ သည်းခံကြစေလိုသော ညီညွတ်ရေးတရားကိုလည်းကောင်း၊ စစ်ပြီးခေတ်တွင် ငြိမ်းချမ်းရေးတရားကိုလည်းကောင်း မေတ္တာနှလုံးသွင်းဖြင့် ဖွဲ့ဆိုရှာပါသည်။

အစကနဦးတွင် နိုင်ငံ၌ ဇာတိမာန်ခေါင်းပါးနေသေးသဖြင့် ဇာတိမာန် ကြွယ်ဝမှုကို ဆရာကြီး တောင့်တခြင်းရှိ၍ စာဆိုခဲ့သည်ဟု ဆိုနိုင်ပါသည်။ နောက်ပိုင်းတွင် နိုင်ငံ၏ ဇာတိမာန်ကြွယ်ဝမှုကို အကျိုးရှိအောင် အသုံးပြု၍ အကောင်အထည်ဖော်နိုင်ကြရေး အတွက် ဆရာကြီးကြောင့်ကြခြင်းရှိ၍ ညီညွတ်ရေး ငြိမ်းချမ်းရေးတို့ကို ဖွဲ့ဆိုခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့သော တောင့်တမှု၊ ကြောင့်ကြမှုတို့သည် နိုင်ငံနှင့်ပြည်သူ လူထု၏ အကျိုးအတွက် ဖြစ်သဖြင့် မြတ်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့်လည်း သဘော ပေါက်ကြသောပြည်သူလူထုသည် ဆရာကြီး၏စာများကို မြတ်နိုးကြသည်ဟု ထင်ပါသည်။

၁၉၂၂ ခုနှစ်မှစ၍ နိုင်ငံရေးလုပ်ငန်း ဆောင်ရွက်နေသော ဂျီ-စီ-ဘီ-အေခေါ် မြန်မာ အသင်းချုပ်ကြီးတွင် မညီမညွတ်သော အခြေအနေပေါ်လာပါသည်။ အများကလိုချင်ကြသည် မှာ 'ဟုမ်းမရူး'ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် ဖြစ်သည်။ ဗြိတိသျှအစိုးရက အတင်းပေး သည်ကား 'ဒိုင်အာခီ'ခေါ် တစ်ဝက်တစ်ပျက် အတုအယောင် အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်ပိုင်းတွင် လက်ခံသင့် လက်မခံသင့် ဝိဝါဒ ပေါ်လာပြီးနောက် သဘောချင်းမတိုက်ဆိုင်ကြသဖြင့် မြန်မာအသင်းချုပ်၌ ၂၁ ဦးဂိုဏ်း ဟူ၍လည်းကောင်း၊ ဝံသာနု ဂျီ-စီ-ဘီ-အေ ဟူ၍လည်းကောင်း နှစ်ဂိုဏ်းကွဲကြလေတော့သည်။ ဤတွင် မညီ မညွတ်ဖြစ်လာကြသော ပတ်ဝန်းကျင်လောက အမှုအရာသည်ဆရာကြီး၏ ကဗျာများအဖို့ ပေါ်လာဘိသကဲ့သို့ ဖြစ်လာပါသည်။ လူခေါင်းဆောင်ပိုင်း၌ သာမက သံဃသာမဂ္ဂီအဖွဲ့ လည်း ကွဲသည်။ ဂိုဏ်းလက်ကိုင် သတင်းစာများမှတစ်ဆင့် ဂိုဏ်းဂဏစိတ်တို့ဖြင့် တစ် ဖက်ကိုတစ်ဖက် ပုတ်ခတ်ကြသည်။ ထိုအခါ နိုင်ငံရေးလောက တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး စနစ် ပန်းတိုင်သည် ကွယ်ရရှာလေတော့သည်။

ထိုအခါ ဆရာကြီး၏ စိတ်ညစ်သံပါလာသည်။

*'ဪ-နှစ်ဂိုဏ်းမသင့်ပြန်တော့ စစ်ကိုင်းလွင့်ချင်ပေ့*
*မှိုင်းဖြင့်ဖြေကာ မကြည်သနှင့်*
*ပြည်ဌာနီ အခက်ကြုံဖို့လို့ နှစ်ဖက်စွယ်စုံ သွေးကြတော့၊*
*ဝေသာလီပျက်ပုံလည်း တွေးမိတဲ့ပြင်*

ဟု ဆရာကြီး ဆိုခဲ့ပါသည်။ တစ်ဖန် သံဃသာမဂ္ဂီအဖွဲ့ကပင် ဒကာခေါင်းဆောင်များ ကို ဆုံးမသည့်အစား နှစ်ဂိုဏ်းကွဲပြန်သောအခါ-

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*'မငဲ့မထောက်တော်မူရှာတဲ့ ထေရ်ဆရာရဟန်းတို့ကြောင့်*
*အတည့်လျှောက်ရပါတော့*
*တပည့်တစ်ယောက်မှာဖြင့် မကြည်မသာပန်း'*

ဟု ဆို၍ ဆရာကြီး စိတ်မောရပြန်သည်။

နောက်ပိုင်း၌ကား ဆရာကြီးသည် မေတ္တာနှလုံးသွင်းဖြင့် နှစ်ဂိုဏ်းရန် အေးချမ်းစေရန်-

*'ရန်မရှည်ရန် ဓမ္မရာဇ်ဘဂဝါဘုရားတရားပေပေါ့*
*ခန္တီဖလ် မေတ္တာဗရပွအားရဲ့ပြင်*
*ဂန္ထီသဏ္ဌာန် သစ္စာဓမ္မစကားရယ်နှင့်*
*ခေတ်ကာလသမားတွေကဖြင့် ဘုရားနှလုံးသုံးပြီး*
*မမုန်းကြစရာ*
*အနှစ်တစ်ရာမက မျှားအောင်ပါ*
*အချစ်ဆရာက ပွားလေတော့လို့ ဆုံးမတာ'*

ဟု ညီညွတ်ငြိမ်းချမ်းရေးတရားကို ဟောစပြုလာပါသည်။ သို့ရာတွင် ဟောမရပြောမရ ဖြစ်သောအခါ ဆရာကြီးသည် ကရုဏာဒေါသောဖြင့်-

*'ဒေါင်းရောင်နေ မေ့သကိုအခိုက်တွင်မှ*
*ခေါင်းဆောင်တွေ ရှေးနဂိုမလိုက်ပြန်တော့*
*အရေးထိုထို၌ အခိုက်အခွင့်မဟန်*
*ခွေးလိုကိုက်ချင်တဲ့ စရိုက်အကျင့်တန်'*

ဟု ကလော်ခဲ့ပါသည်။ တစ်ခါတစ်ရံ စိတ်နာသံပင် ပါလာတတ်သည်။

ထိုနောက် စံဖဲကိစ္စပေါ်လာသောအခါ၌လည်းကောင်း၊ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား တော်လှန်ပုန်ကန်သော ဂဠုန်အရေးတော်ပုံ၌လည်းကောင်း၊ ဆရာကြီးသည် လက်ပိုက်၍ ကြည့်မနေနိုင်။ အရေးတော်ပုံ ဒုက္ခသည်တို့အား တစ်ဖက်တစ်လမ်းမှ အကူအညီပေးခဲ့ပါသည်။

*'သာမျှို့အရကို အစုံဖန်ပေါ့*
*ရဂုံစံချစ်စရာ တပည့်တို့မှာဖြင့်*
*ဥုံအရဟံ သစ္စာကတိတွေနှင့်*
*ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့*
*အပြစ်ဘယာ မထိစေချင်တဲ့ ပဏ္ဍိတစေတနာ သဘောတွင်မှ*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ရှိရှိသမျှ အငွေ့ရသဘောပါကွဲ့*
*ခေတ်အခါကြည့် ပြည်ရွာတစ်ကြောကိုဖြင့်*
*ရှစ်ခါတိတိဖြစ်မှာ သိသိကြီး*
*မေတ္တာရှိတာကြောင့် ကဝိက သေသေချာချာဟော'*

ဟုလည်း ဆရာစံ ဂဠုန်အရေးတော်ပုံအကြောင်းကို ဖွဲ့ဆိုခဲ့သည်။

၁၉၃၀ ပြည့်နှစ်လောက်တွင် ဒို့ဗမာအစည်းအရုံးသည် လုံးဝလွတ်လပ်ရေး ကြေညာချက်အသစ်ဖြင့် ပေါ်လာရာ ဆရာကြီးအဖို့ ပတ်ဝန်းကျင်လောက၏ အမှုအရာသစ်များ ပေါ်လာ၍ ဆရာကြီး အလွန်အားတက်လာပြန်သည်။ နောင်အခါ၌ မစ္စတာမောင်မှိုင်း ကလောင်ဘွဲ့ကို စွန့်၍ သခင်ကိုယ်တော်မှိုင်းဘွဲ့ကိုပင် ခံယူလိုက်သည်။ သို့ရာတွင် နောက်ပိုင်း၌ ဒို့ဗမာအစည်းအရုံးတွင် သဘောကွဲလွဲမှုရှိလာပြန်ရာ၊ ဆရာကြီး စိတ်မအေး ဖြစ်ရပြန်သဖြင့်–

*'ယခု မကောင်းသဟာ ပျောက်မည်မပျောက်မည် အရေးကိုလ*
*ဆုတောင်းကာ ကျောက်ချိုလို့ မေးကြတော့*
*မအေးစဖွဲ့ အထွေထွေပေနော်ရှင်*
*အကလေးတပည့်တွေမှာဖြင့် တနွေးနွေးမတည့်မှု၍*
*နဘေးဖွဲ့ချင်ကြရှာသလား လေးတဲ့အနေ'*

ဟု ဖွဲ့ဆို၍ သခင်ညီညွတ်ရေးတရားကို ဟောရပြန်ပါသည်။

ထို့နောက်ပိုင်း၌ကား ဆရာကြီးသည် ကဗျာအရေးအသား နည်းပါးလာ၍ နိုင်ငံရေး လုပ်ငန်းတွင် ကာယကံမြောက် ဆောင်ရွက်လာပါသည်။ ညီညွတ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တရားတို့ကို အနိစ္စရောက်သည်အထိ ဟောခဲ့ပြောခဲ့သည်မှာ အထင်အရှား ဖြစ်ပါသည်။ ဆရာကြီးဖွဲ့ဆိုခဲ့သော ကဗျာ့သဘော၏ အခြေခံအရင်းအမြစ်ဖြစ်သည့် ကရုဏာ မေတ္တာ စေတနာအကြောင်းကိုလည်းကောင်း၊ ထိုစေတနာတို့ ကျရောက်ခဲ့ရာဖြစ်သော ဆရာကြီး၏ ပတ်ဝန်းကျင်လောက၏ အမှုအရာများ အကြောင်းကိုလည်းကောင်း ဤမျှဖြင့် တစ်ခန်းရပ် ပါရစေ။

ဆရာကြီး၏ ကဗျာ့ပုံသဏ္ဌာန်သို့ ဆက်ကြဦးစို့။ ဆရာကြီး၏ ကဗျာ့ပုံသဏ္ဌာန်သည် ခေတ်နှင့်လည်းညီ၍ ကဗျာ့အကြောင်းအရာတို့နှင့်လည်း ညီသည်ဟု ဆိုချင်ပါသည်။ ခေတ်နှင့်ညီသည်ဆိုခြင်းမှာ ဆရာကြီးတင်ပြပုံသည် ခေတ်ကကြိုက်၍ ခေတ်ကလက်ခံသော တင်ပြပုံကို ဆိုလိုပါသည်။ ဆရာကြီး ကဗျာရေးသော ခေတ်ကသော် ရုပ်သေးပွဲ ဇာတ်ပွဲ တို့သည် အလွန်ခေတ်စားသည်ဟု သိရပါသည်။ ထိုပွဲများတွင် မင်းသားမင်းသမီးတို့သည် အရေးကိစ္စ တစ်ခုခုအကြောင်းကို စကားဖန်တစ်လှည့်၊ တေးကဗျာတစ်လှည့် ပြောဆိုဖွဲ့နွဲ့၍ ဇာတ်ကွက်ပေါ်အောင် ဖော်တတ်ကြပါသည်။ အရေးကိစ္စအကြောင်း အကောင်းအဆိုးကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြိုတင် ပြောပြပြီးနောက် ထိုအကြောင်းကိုပင် လွမ်းချင်းဖြစ်စေ၊ တေးထပ်ဖြစ်စေ၊ လေးချိုးဒွေးချိုးဖြစ်စေ ဖွဲ့၍ သီဆိုသောသဘော ဖြစ်သည်။ ထိုသဘောသည် လူထုသို့ လွယ်လွယ်ကူကူ ရောက်သဖြင့် လူထုနှစ်သက်သောသဘော ဖြစ်သည်။ သူ့ကဗျာများကို တိုင်းပြည်သို့ တင်ပြရာတွင် ဆရာကြီးသည် ထိုသဘောကို အသုံးပြုခဲ့ပါသည်။

သူ့ကဗျာများပါသော စာအုပ်စာတမ်း အမည်များ၌ ဗိုလ်ဋီကာ၊ ဒေါင်းဋီကာ၊ ဒေါင်းဂဏ္ဍိ စသည်ဖြင့် ဋီကာ ဂဏ္ဍိ အမည်တပ်ထားသော်လည်း ထိုစာအုပ်စာတမ်းတို့၏ အနှစ်သာရသည် သူပြောချင်သော အကြောင်းတစ်ရပ်၏ အကောင်းအဆိုးတို့ကို ယောဂီရသေ့ ဆရာမှိုင်းအဖြစ်ဖြင့် ရှေးဦးစွာ စကားဖန် ခင်းပြီးသော်မှလည်းကောင်း၊ ယောဂီရသေ့ မောင်မှိုင်းနှင့် ဘေဒါကေသာ အရိုးစိမ်း စသော ရသေ့မတို့ စကားအချီအချ ပြောကြဟန် ဇာတ်လမ်းဆင်ပြီးမှသော်လည်းကောင်း ထိုအကြောင်း၏ အကောင်းအဆိုးတို့ကိုပင် ကဗျာဖွဲ့ဆိုတတ်ခြင်း ဖြစ်သည်ကို တွေ့ရပါသည်။ ထိုအခါ ရုပ်သေးမင်းသားကြီး၏ အံပြော နှင့် အဆိုကို နားထောင်နေဘိသကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ ကဗျာ့ ပုံသဏ္ဌာန်ကို ခေတ်နှင့်ညီသော ပုံသဏ္ဌာန်ဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ကဗျာ့အကြောင်းအရာတို့နှင့်ညီသည်ဟု ဆိုရာတွင် ဆရာကြီး၏ကဗျာများ၌ ဆရာကြီးသည် သူဖွဲ့သော အကြောင်းအရာ၏ သဘောအလိုက်လည်းကောင်း၊ သူ၏စိတ်ခံစား လှုပ်ရှားမှုအလိုက်လည်းကောင်း သက်ဆိုင်ရာ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ကို သုံးတတ်ကြောင်းတို့ကိုသာ တင်ပြလိုပါသည်။ အတိတ်ရာဇဝင်မှ မြန်မာ့ဂုဏ်ရည်အကြောင်း ကို ချီးကျူးဖွဲ့ဆိုလျှင် ရာဇဝင်သုံးစကား၊ ထီးသုံးနန်းသုံးစကားတို့ကို သုံးတတ်သည်။

*'သနင်းထီးပဟိုရ် ဗွေပြဒ္ဒပေပေါ်*
*မင်းကြီးညို အခြေပြုခဲ့တဲ့ ရွှေကေတု တောင်ငူပြည်'*

ဟု ဆိုခဲ့သော ကေတုမတီ တောင်ငူခေတ်ဖွဲ့ကို ထောက်၍ သိနိုင်ပါသည်။ မျက်မှောက်ခေတ် တောင်သူလယ်သမားတို့အကြောင်းကို ဖွဲ့ဆိုလျှင် တောင်သူလယ်သမား ဘဝဆိုင်ရာ စကားတို့ကို ဆိုတတ်သည်။

*'လမ်းချိုးအရှေ့က စမ်းရိုးအကွေ့ ခရောင်းယာမှာ*
*အထုပ်တွေ ဖြေဖြေပြီး အကုန်သာကြဲလေတော့ ဟဲ့လို့*
*ခရမ်းမျိုးစေ့ကောင်းစွာ*
*ငရုတ် ဂျုံ ကုလားပဲသာပေါ့*
*နှမ်းမျိုးသွေ့သွေ့ပြောင်းဝါ*
*ငပြုပ် ဖရုံပါ ဖရဲငုံပြင်*
*ထမ်းပိုး၍ ရောင်းစရာ*
*အသုပ်မုန်လာ ခဝဲတွေနှင့်'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဆိုခဲ့သော အဖွဲ့ကိုထောက်၍ သိနိုင်ပါသည်။

စိတ်ခံစားလှုပ်ရှားမှုအလိုက် စကားရွေးရာတွင် ဆရာကြီးသည် နအောင်၊ နွဲ့အောင်၊ ယဉ်အောင်၊ ခံ့အောင်၊ စကားနု၊ စကားနွဲ့၊ စကားယဉ်၊ စကားခံ့တို့ကို မရမက ရှာဖွေလုပ်ကြံ၍ ရွေးသည်မဟုတ်။ သူ့စိတ်အတွေ့အကြုံကို တိတိကျကျ ဖော်နိုင်စွမ်းရှိသော သုံးရိုးစွဲရိုးစကားတို့ကို ရွေး၍ ဆိုတတ်ပါသည်။ ဝမ်းနည်းသဖြင့် ဝမ်းနည်းစရာကိုရေးလျှင်–

*'ဆရာမှိုင်း*
*ခါတိုင်းသို့ စိတ်မပျော်'*

ဟုလည်းကောင်း

*'စိတ်ငယ်ဖွယ် အမှောင်ဆိုင်းပြန်တော့*
*သပိတ်လွယ် တောင်စစ်ကိုင်းဆီက*
*မောင်မှိုင်းဖြင့် ပူတော်မူ'*

ဟုလည်းကောင်း၊

*'ပြန်ပြောလျှင် ကျွန်ပ်ဘဝအများပေပေါ့*
*သံယောဇဉ် ရှုပ်စွ တရားတွေနှင့်*
*ဒုက္ခများလှချည့် ရွှေမှိုင်းရယ်'*

ဟုလည်းကောင်း စိတ်ကူးယဉ်စကားမပါ၊ အပိုအချဲ့မပါ၊ လိုသလောက်ကိုသာ ရိုးရိုးမတ်မတ် ဆိုတတ်ပါသည်။ ၁၉၂၀ ပြည့်နှစ် ယူနီဗာစတီသပိတ်ကြောင့် စိတ်အားတက်သဖြင့် စိတ်အားတက်စရာကို ရေးသောအခါ–

*'ဝေးခရီးပေမဲ့*
*အရေးကြီးလျှင်ဖြင့် သွေးနီးရာပါစမြဲပေမို့*
*ဆရာလည်းကွာ၊ ပထမအရင်ကနဦးဆီက·*
*မြန်မာ့တစ်ခွင်မှာ သမ္မတရှင်ဘုရင်မလူးခင်ပါ့*
*ထဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့*
*(ထိ)မထင်ကျောင်းတော်သားတွေတို့*
*အမည်အစဉ်မှာ ခေါင်းအပေါ်ဖျားတွင်မှ*
*မင်းရှိဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့'*

ဟု ပြောရိုးဆိုရိုးဖြစ်သော အားရစရာ စကားတို့ကို ဆိုတတ်ပါသည်။ ရန်တွေ့ချင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သောအခါ -

*'မင်းတို့ဉာဏ်အမြင် တစ်မိုက်တစ်ထွာမျှရယ်နှင့်*
*ငြင်းဖို့သန်လျှင် မိုက်ရာကျပါလိမ့်*
*စရိုက်သဘာဝရယ်တဲ့ ကျမ်းဂန်နယ်*
*မန်းသံထယ်ထယ်နှင့် မာနတက်စရာအများ*
*အရမ်းထန်မဟယ်ဖြင့် ဗာလလက္ခဏာတစ်ပါး'*
*'မှိုင်းဟဲ့နော်*
*တိုင်းနဲ့ ပြည်ကျော်ဖို့*
*ဖြေမနော် အဖက်ဖက်က စမ်းကြပေတော့*
*မပြေသော် တစ်သက်နှစ်သက်တမ်းပါပဲ'*

ဟု အရပ်သုံးစကားတို့ကိုပင် ထက်မြက်အောင် သုံးတတ်ပါသည်။

နောက်တစ်ချက် တင်ပြလိုသည်မှာ ဆရာကြီး၏ ဥပစာစကားသုံးတတ်ပုံ ဖြစ်ပါသည်။ ဆရာကြီးသည် ကဗျာများကို ရေးရာတွင် ယောဂီရသေ့အဖြစ်ကိုယူ၍ ရေးလေ့ရှိသဖြင့် ရသေ့ အသုံးအဆောင်တို့ကိုလည်းကောင်း၊ ရသေ့အခြေအရံဆိုင်ရာ ကေသာ ဘေဒါ စသော ရသေ့မ အမည်များကိုလည်းကောင်း၊ ဘန်းဒမက၊ ဘန်းတပဲ့ စသော စကားများကိုလည်းကောင်း သုံးသည်ကို တွေ့ရပါသည်။ ထိုစကားများသည် ယေဘုယျအားဖြင့် သူနှင့် ရင်းနှီးသော၊ သူနှင့် ဆက်ဆံတတ်သော မိတ်ဆွေများ၊ တပည့်များတို့ကို တင်စားထားခြင်းသာ ဖြစ်သည်ဟု ယူသင့်ပါသည်။ တစ်ဖန် ထိုယောဂီရသေ့ကြီးသည် အင်္ဂရိတ်ဝါသနာပါသူ ဖြစ်သဖြင့် အင်္ဂရိတ်စကားများကိုလည်း သုံးလေ့ရှိပါသည်။ အဖြူအဝါလမ်း၊ ပြဒါးလုံး၊ ဖားဂမုန်း စသော စကားတို့သည် သူ့ယုံကြည်ချက်အတိုင်း တိုင်းပြည်အကျိုးအတွက် ထားရှိသော သူ့ဆန္ဒကို တင်စားထားခြင်းသာ ဖြစ်သည်ဟု ယူသင့်ပါသည်။ တစ်ဖန် ထိုယောဂီ ရသေ့သည် ပျို့လင်္ကာ ရာဇဝင်တတ်ကျွမ်းသူလည်း ဖြစ်ပြန်သဖြင့် မျက်မှောက်ခေတ် နိုင်ငံရေးလှုပ်ရှားမှုကိစ္စများကိုဖွဲ့ရာ၌ပင် ဧကရာဇ်ပဒေသရာဇ် ထီးသုံးနန်းသုံး စကားတို့ကို သုံးလေ့ရှိပါသည်။ သို့ရာတွင် ဧကရာဇ်ပဒေသရာဇ်တို့ကို စွဲလမ်းသောကြောင့်မဟုတ်။ အတိတ်ခေတ် ကိုယ့်မင်းကိုယ့်ချင်းဘဝကို တင်စားလိုသောကြောင့်သာ သုံးသည်ဟု ယူသင့်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့သည် လွတ်လပ်သော မြန်မာနိုင်ငံတွင် အထွတ်အထိပ်သို့ မရောက်မီ အနိစ္စရောက်ကြရသဖြင့် နမြောလှကြောင်းကို ဖွဲ့ရာတွင် ထီးသုံးနန်းသုံးစကားတို့ကို သုံးခဲ့ပါသည်။

*'ဩော်-တောင်နန်းမြောက်နန်းအဆောင်ဆောင်ကြငှန်းနဲ့*
*အခေါင်မမြန်းရခင်က အောင်ပန်းညို့ရှာတဲ့*
*အောင်ဆန်တို့ သေပုံနမြော'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဖွဲ့ဆိုပုံကို ထောက်၍ သိနိုင်ပါသည်။ တစ်ဖန် ၁၉၂၃ ခုနှစ်လောက်မှစ၍ ရေစုန်မျောခဲ့ဖူးသော နိုင်ငံရေးလောကတွင် မကျေနပ်စရာ ဒေါမနဿဖြစ်စရာတို့ကို တွေ့ခဲ့ရသဖြင့် သူမကျေမနပ် ဖြစ်ခဲ့ရာမှလည်းကောင်း၊ သူဒေါမနဿဖြစ်ခဲ့ရာမှလည်းကောင်း၊ မေတ္တာ စိတ်အေး စိတ်မွေးဝင်လာသလို ရှိလာခြင်းကို ဖွဲ့ရာ၌လည်း ပန်းကောင်းပန်းသန့်စကား၊ ကမ္ဘာ့ဌာန်းရနံ့စကား၊ နေရီရီစကားတို့ကို ဆရာကြီး သုံးခဲ့ပါသည်။

*'ဘန်းအပြန့်လေတချီချီ သွေးရော့သလား*
*အနမ်းခန့်ပါတဲ့*
*ပန်းသန့်သန့်ရွှေဖီမာလာကလေးလိုပါ*
*ကမ္ဘာ့ဌာန်းရနံ့ နေရီရီမှာမွေး'*

ဟု ဥပစာ စကားထူးသုံးဖွဲ့၍ ဆိုခဲ့ပုံကိုထောက်၍ သိနိုင်ပါသည်။ ထိုသို့ ဖွဲ့ဆိုတတ်ပုံမျိုးကို ရှေးခေတ် နတ်သျှင်နောင်၏ ဆွတ်ပျံ့ဘွယ်အောင်ချီရတု၌ ရှားရှားပါးပါး တွေ့ရဖူးသဖြင့် ဆရာကြီး၏ ထိုစာသည် ထူးလှပေသည်ဟု ယူဆမိသည်။

ဆရာကြီး၏ ကဗျာကျေးဇူးနှင့်စပ်လျဉ်း၍ အချက်နှစ်ချက်လောက်ကိုသာ တင်ပြလိုပါသည်။ တစ်ချက်သည် မြန်မာစာပေသမိုင်းတွင် ကဗျာပိုင်း၌ တိုးတက်လာခြင်းဖြစ်ပါသည်။ အများအားဖြင့် ဆရာကြီး အသုံးပြုလေ့ရှိသော ကဗျာအစပ်သည် လေးချိုးစပ်ဖြစ်သည်။ လေးချိုးစပ်သည် ရုပ်သေးသဘင်၊ ဇာတ်သဘင်တို့တွင် သဘင်ထုံးစံအတိုင်း ငိုချင်းအတွက် သီဆိုလေ့ရှိသော အစပ်မျိုး ဖြစ်သည်။ ဆရာကြီးမတိုင်မီကပင် ထိုအစပ်မျိုး ရှိခဲ့ပါသည်။ သို့ရာတွင် စာပေအပိုင်းသို့မရောက်၊ သဘင်အပိုင်း၌သာ တန့်ခဲ့ရသည်။ ဆရာကြီး၏ ကလောင်ဖျား၌ကား ထိုငိုချင်းအစပ်မျိုး အခန့်ပြော၊ အခန့်ဆိုသဘောသို့လည်း ဝင်လာပြီဟု ဆိုချင်ပါသည်။ သူ့လေးချိုးများအတွက် ဆရာကြီးသည် နဘေကို အသုံးပြုရာတွင် မန်ကျည်းရွက်ထပ် နဘေကို ကျွမ်းကျင်စွာ သုံးတတ်သည်။ ဆရာကြီး ပြောပြချင်သောအနက်နှင့် ဆရာကြီးယူတတ်သော နဘေတို့သည် အများအားဖြင့် အပိုအလိုမရှိ ထပ်မိကြသည်။ ပြေပြစ်ခြင်းလည်းရှိ၍ သုတိသာခြင်းလည်းရှိသည်။

*'အစိန္တေယျ အပ္ပမေယျ*
*ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ တွေနှင့်*
*ဝတီဝေဇယနှင့်တကွ ပြေအမတကိုဖြင့်*
*အခြေတကျပေးဖူးသနော်*
*အဖုံဖုံပုံသော် စံရနိုင်တဲ့*
*ပဝရံပဝရတန်ခိုးအသွယ်သွယ်ဖြာ*
*အဟံ တပသရယ်က ပရမံ ပရမတည်းဟူသော*
*အရဟံ ဘဂဝကိုတဲ့ ကိုးကွယ်ပါ'*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဘုရားရှိခိုးခဲ့သည်ကိုထောက်၍ ဆရာကြီး၏ မန်ကျည်းရွက်ထပ် နဘေအစွမ်းကို သိ နိုင်ပါသည်။ တစ်ဖန် ဆရာကြီး၏ ဒွေးချိုးများသည် ရေးက စာများကဲ့သို့မဟုတ်။ မြန်မာပြည်နှင့် ပြည်သူလူထု၏ သုခ ဒုက္ခအကြောင်းကို အများအပြားစပ်ဆိုခဲ့သော ကဗျာများ ဖြစ်သည်မှာ ထင်ရှားလှပါသည်။

ထိုအကြောင်းနှစ်ခုကြောင့် ဆရာကြီး၏ လက်ထက်တွင် လေးချိုး၏ ဂုဏ်သိက္ခာသည် တက်လာသည်။ အကြောင်းအရာ နယ်နိမိတ်သည်လည်း ကျယ်ဝန်းလာသည်ဖြစ်ရာ လေးချိုးသည် မြန်မာစာပေသမိုင်းတွင် တခမ်းတနားဖြစ်လာပြီဟု ဆိုသင့်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ လေးချိုးများကို ကဗျာဆိုပွဲများ၌ ရွတ်ဆိုကြသောအခါ ငိုချင်းသံကို ရှောင်နိုင်သမျှ ရှောင်၍ အလွမ်းပင် ဖြစ်စေကာမူ လွမ်းစရာဖြစ်ရုံမျှ ခံ့ခံ့ညားညား ရွတ်ဆိုကြလျှင် ဆရာကြီး၏ ဆန္ဒနှင့်ညီမည်ဟု ထင်ပါသည်။

နောက်တစ်ချက်မှာ ဆရာကြီး၏ ကဗျာများသည် ပျော်ရရုံ၊ လွမ်းရရုံ ကာရန် အလှအပသက်သက်မဟုတ်။ မြန်မာနိုင်ငံနှင့် တိုင်းသူပြည်သားတို့အတွက် ထက်မြက်သော အကျိုးပြုစာများ ဖြစ်ပါသည်။ လွတ်လပ်ရေးရကြသည်အထိ တိုင်းပြည်ကို ကျေးဇူးပြုခဲ့ပြီဟု ဆိုချင်ပါသည်။ ဆရာကြီး၏ ကဗျာများကြောင့် အမှုမဲ့အမှတ်မဲ့မနေရလို။ နိုင်ငံအတွက် ဝမ်းမြောက်စရာရှိလျှင် ဝမ်းမြောက်လာတတ်ကြသည်။ ဝမ်းနည်းစရာရှိလျှင် ဝမ်းနည်းလာတတ်ကြသည်။ တိုင်းပြည်အရေးသည် ကိုယ့်အရေးဟူ၍ မြင်လာတတ်ကြသည်။ ဤသို့ဖြင့် တိုင်းသူပြည်သားတို့၏စိတ်တွင် ကိုယ့်နိုင်ငံ၏ လက်အောက်ခံဘဝကို သတိပြုလာတတ်ခြင်းရှိ၍ ကိုယ့်မင်းကိုယ့်ချင်း နေချင်သော ဆန္ဒပြင်းပြခြင်း ရှိလာကြသည်။ ဆရာကြီးသည် ဤနည်းဖြင့် တိုင်းသူပြည်သားတို့၏ စိတ်တွင် လွတ်လပ်ရေးဆန္ဒကို ဖန်တီး၍ အစိုင်အခဲဖြစ်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံးပေးခဲ့ဘိသကဲ့သို့ ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်တို့သည် ဆရာကြီး ဖန်တီးစည်းရုံးပေးခဲ့သော လွတ်လပ်ရေးဆန္ဒတို့ကို တစ်ဆင့်ပြီးတစ်ဆင့် အသုံးပြု၍ ဆောင်ရွက်လာကြရသည်ဖြစ်ရာ နောက်ဆုံးအဆင့်တွင် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ကြသည်မှာ အထင်အရှားဖြစ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်တို့သည် လောလောဆယ်အားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်မှာ မှန်ပါ၏။ သို့ရာတွင် ဆရာကြီးက သူ၏ကဗျာများဖြင့် တိုင်းပြည်၏ဆန္ဒကို စည်းရုံးပေးနိုင်ခဲ့သောကြောင့်သာ ဖြစ်သည်ဟု ယူဆချင်ပါသည်။ ဆင်ခြင်ကြည့်ကြပါကုန်။

၁၉၆၄၊ ဇူလိုင်လ၊ သခင်ကိုယ်တော်မှိုင်းရာပြည့်နှင့် ဟောပြောချက်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# စာရေးမှုနှင့် ရသသဘော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ပြည်ကြီးဘာယာက စာဆိုသဘော

*အောက်ပါစာသည် ၁၉၃၄ ခုနှစ်က ထင်ရှားခဲ့သော တိုးတက်ရေးမဂ္ဂဇင်း၌ လစဉ်လတိုင်း အခန်းဆက်သဘောဖြင့် ဆရာဇော်ဂျီ ရေးသားခဲ့သော 'ပြည်ကြီးဘာယာ'ဝတ္ထုမှ ကောက်နုတ်ချက် ဖြစ်သည်။ ထိုကောက်နုတ်ချက်၌ ခေတ်စမ်းစာပေ ပေါ်ခါစကာလတွင် ခေတ်မမီတော့ပဟု ယူဆသော ကဗျာအရေးအသားအတွေးအခေါ်အချို့ကို ဆရာဇော်ဂျီက ပြက်ရယ်ပြုထားသည်ဟု ထင်ပါသည်။ ပြည်ကြီးဘာယာဝတ္ထုသည် မဆုံးပါ။ ဝတ္ထုထဲ၌ ပြည်ကြီးဘာယာသည် 'မြင်းမိုရ်တောင် ခြေရင်း၌ ငေါထွက်နေသော အင္ဂူပေါ်တွင် ပက်လက်တင်နေ'သော တိုင်းပြည်ဖြစ်သည်ဟု ဆိုထားသည်။ ဘာယာပြည့်ရှင်၏ နံနက်ညီလာခံအတွက် ဝန်ကြီးဝန်ငယ်တို့သည် လွှတ်တော်သို့ စုရုံးရောက်ရှိလာကြသည်။ အောက်ပါကောက်နုတ်ချက်သည် လွှတ်တော်ရှိ အဆောင်တစ်ဆောင်၌ ဝန်တစ်ပါးနှင့် စာဆိုတစ်ဦး ဆွေးနွေးနေကြပုံ ဖြစ်သည်။*

လွှတ်တော်၏ အပြင်ဆောင်တွင် ဝန်ကြီးနှင့် ဝန်မပျို့တပျိုတစ်စုတို့သည် ရောက်နှင့်နေကြလေပြီ။ အချို့သည် ညဉ့်က အိပ်ပျက်လာခဲ့၍လားမသိ ငိုင်တိုင်တိုင် ဖြစ်နေကြ၏။ အချို့သည် ဘာသိဘာသာ ဣန္ဒြေရရနေကြ၏။ အချို့သည် ညက ခင်းကျင်းကပြသော ပွဲသဘင်အကြောင်းကို ပြောနေကြ၏။ အချို့သည် အနောက်ဆောင်က အပျိုတော်များအကြောင်းကို တီးတိုးပြော၍ ရယ်မောနေကြ၏။ အချို့သည် ဘောဂဗလသူဌေးအိမ်၌ ညက တိုက်ကျွေးလိုက်သော၊ အသူရာတို့သာ မူးလေ့ရှိကြသော သေရည်၏ အရသာကို ဆန်းစစ်ဝေဖန်နေကြ၏။ အားလုံး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်မှာ တစ်ဆောင်လုံး ကျွက်စီကျွက်စီ ညံလျက်ရှိကြသည်။

ထိုသို့ ကျက်စီကျက်စီ ညံနေသော အဆောင်ထဲတွင် ဝန်ပျိုတစ်ဦးနှင့် ဝန်ကြီးတစ်ဦးသည် မျက်နှာချင်းဆိုင်မိတိုင်း ပြုံးလည်းပြုံးကြ၍ မသင်္ကာသော အမူအရာကိုလည်း ပြကြ၏။ နောက်တစ်ခါ မျက်နှာချင်းဆိုင်မိကြသောအခါ ဝန်ကြီးဖြစ်သူသည် ရှိုးတိုးရှန့်တန့် မျက်နှာထားဖြင့် ဝန်ပျိုအနီးသို့သွား၍ "ပုစွန်ခပ်နေတဲ့လူကို ငါးမျှားရာကနေပြီး မြင်သလိုဆိုတဲ့ စကားဥပမာဟာ ဘာဆိုလိုတာတုံး၊ စာဆိုမင်းကလေးရဲ့"ဟု မေးလိုက်၏။

ဝန်ပျို စာဆိုကလေးသည် အနည်းငယ် တွေဝေနေပြီးမှ နှစ်ခါသုံးခါ ချောင်းဟန့်၍–

"ဝန်မင်းနဲ့ ကျွန်တော်ပေါ့။ ညကဟာ မဟုတ်လား။ ဝန်မင်းက ခုတော့ ဣန္ဒြေလုပ်နေလိုက်တာ၊ လားလား ဒါမျိုးဆိုတာ မျက်နှာမချိုမချဉ်ထားရတယ် ဝန်မင်းရဲ့"

"အေးဗျာ၊ ညကတွေ့ခဲ့ကြတဲ့ မြောက်ကျွန်းသူဟာ ဘယ်တုန်းက ရောက်လာတာလဲဗျ။ တကယ့်ကို ရက်ရက်စက်စက် ချောတာ လှတာကိုးဗျ။ ကျုပ်ဗျာ ဒီအရွယ်ရောက်လာပြီ။ ဒီတစ်ခါကျမှပဲ မြောက်ကျွန်းသူရဲ့ လှပဟန် ကြော့ဟန်ကို မြင်ဖူးတယ်။ ကျုပ်ကလည်း ကျုပ်ပါပဲ။ ဒီဘက်မှာတော့ ကျုပ်က တယ်မစွမ်းလှဘူးဗျ။ ဒီတော့ အပြောအရေးမှာ ဖွေးဖွေးဖြူသွားအောင် ပြောတတ် ရေးတတ်တဲ့ စာဆိုမင်းကလေးကို ကပ်ရတော့မှာပဲ"

"ကပ်နိုင်ပါတယ်၊ ကပ်နိုင်ပါတယ်။ ကျွန်တော်တို့မှာတော့ စိတ်ထဲက ဘယ်လိုမှ မပါပေမဲ့၊ ဘယ်စေတနာမှ မရှိပေမဲ့ အကြောင်းဆိုက်ရာ အဖြာဖြာတို့ကို မဟာကဗျာ၊ ကဝိလက္ခဏာပါပါ၊ ဘယ်ညာ ဘယ်သို့ အနို့လို သို့လို စသည်ဖြင့် အကြောင်းအားလျော်စွာ ပြောတတ် ရေးတတ်သကိုးဗျ"

"ဒါမှ ထူးခြားတဲ့လူ ဖြစ်မှာပေါ့။ ဒီလိုထူးခြားမှလည်း စာဆိုပညာရှိ ကဝိမည်တာပေါ့။ ဟိုနားသွားရအောင်၊ လာဗျာ"

ဝန်ကြီးသည် ဝန်ပျိုစာဆိုကလေးကို လက်ကုတ်၍ အဆောင်၏ တစ်ထောင့်သို့ ခေါ်သွားလေ၏။

တစ်ထောင့်သို့ ရောက်သောအခါ ဝန်ကြီးနှင့် ဝန်ပျိုစာဆိုတို့သည် ချမ်း၍ ကုပ်နေကြသော ကြောင်ငယ်နှစ်ကောင်ကဲ့သို့ ခေါင်းချင်းဆိုင် ထိုင်မိကြသည်။ ထိုအခါ စာဆိုကလေးက ပြောလိုက်သည်မှာ–

"ဟိုညက ဝန်မင်းမြင်တဲ့ မြောက်ကျွန်းသူကလေးဟာ ရက်ရက်စက်စက်လှပါပေတယ် ဝန်မင်း။ ဆံပင်က ပိတုန်းရောင်၊ ဆံပင်အဖျားက သားလိုးစား၊ မျက်လုံးက သမင်မယ်ရဲ့မျက်လုံး၊ နှုတ်ခမ်းက ပတ္တမြားသွေး၊ လည်တိုင်က ဖော့ဖယောင်း၊ လက်ချောင်းက သွယ်ပျောင်း၊ ကိုယ်ဟန်က နွဲ့နှောင်း၊ မကောင်းဆိုတာနတ္ထိ ပကတိအသစ်၊ ဘာယာ ပြည်ကြီးရဲ့ အနှစ်ပေါ့။ နို့ပေမဲ့ ဒီလိုရှိတယ် ဝန်မင်းရဲ့။ ကိုယ်က ချစ်ခင်မြတ်နိုးလို့ လှတယ်၊ ချောတယ်ထင်နေပေမဲ့ သျှတ္တရကျမ်းနဲ့ညီမှ လှတယ်၊ ချောတယ်လို့ ယူဆရတယ်။ ဟောဟိုမှာကြည့်စမ်း၊ တိုင်မှာကပ်နေတဲ့ အကောင်နှစ်ကောင်ဟာ ပက်ကျိ မဟုတ်လား။ အင်း–ဟုတ်တာပေါ့။ သူတို့ဟာ လင်မယားပဲ။ လင်လုပ်တဲ့ ပက်ကျိဟာ သူ့မျက်စိထဲမှာ မယားပက်ကျိကို ဒေဝစ္ဆရာနတ်သမီးထက် လှတယ်လို့ သူထင်နေမှာပဲ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့အထင်ဟာ မှန်တာပဲ။ နို့ပေတဲ့ မှားတယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ပက်ကျိရဲ့ လုပ်ဟန်ကြော့ဟန်ဟာ သျှတ္တရကျမ်းအဆိုနဲ့မကိုက်ညီဘူးဗျ။ ကျမ်းဆိုနဲ့ မညီလျှင် မှားတယ်လို့ယူဆရမယ်။ ဝန်မင်းမြင်တဲ့ မြောက်ကျွန်းသူကလေးဟာ လှတော့လှတယ်လို့ ကျွန်တော်လည်း အထင်သားပဲ။ နို့ပေတဲ့ မျက်နှာက မြောက်ကျွန်းသူပီပီ လေးထောင့်ဖြစ်နေတော့ ခက်တယ်ဗျ။ သျှတ္တရကျမ်းဆိုနဲ့ မညီဘူးဗျ။ မညီလျှင် မလှဘူးဗျ"

"ဟာ–စာဆိုတော်မင်းနယ်၊ မျက်နှာလေးထောင့်ဖြစ်နေကော ဘာဖြစ်သလဲဗျ။ ကိုယ့်စိတ်ထဲက လှတယ်ထင်လျှင် ပြီးတာပဲမဟုတ်လား။ သျှတ္တရကျမ်းရဲ့ အဆိုအမိန့်နဲ့ ညှိနေဖို့ လိုသေးသလားဗျ"

"ကျွန်တော်တို့အဖို့မှာ လိုသဗျ ဝန်မင်းရ။ ကျွန်တော့်စိတ်ထဲမှာ ဒီမြောက်ကျွန်းသူကလေးဟာ တကယ်ပဲလှတယ်လို့ အောက်မေ့နေပေတဲ့ သျှတ္တရကျမ်းနဲ့ မညီတဲ့အတွက် လှတယ်လို့ မပြောဝံ့ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ သျှတ္တရကျမ်းတောထဲမှာ ကြီးပြင်းပြီး အနေကြာခဲ့ရတော့ ကိုယ့်စိတ်ကိုကိုယ် အစိုးမရဝံ့တော့ဘူး။ ဘာမဆိုသျှတ္တရကျမ်းနဲ့ ညှိရမှ စိတ်ချမ်းသာတယ်ဗျ။ သျှတ္တရကျမ်းနဲ့မညှိရလျှင် ကျွန်တော် နေမကောင်းဘူးဗျ"

"အို–စာဆိုကလေးနယ်၊ မြောက်ကျွန်းသူရဲ့အလှကို မျက်ဝါးထင်ထင် မြင်နေရတော့ ကိုယ့်မှာ စေတနာ ဖြစ်လာတဲ့အတိုင်း ကိုယ့်စေတနာကို ဘာမပြောရဲစရာရှိသလဲ။ ရဲရဲမှာပေါ့"

"နှစ်ပေါင်းများစွာကတည်းက ရဲမလာရလို့ မရဲနိုင်တော့ဘူးဗျ။ ရှေးရှေးက ရေးခဲ့တဲ့ သျှတ္တရကျမ်း အဆိုအတိုင်းဟာ မှန်တာချည်းပဲလို့သာ အသင်အကြားခံလာရတော့ ကိုယ့်ဉာဏ်ကို သုံးရမှန်းမသိဘဲ အမှတ်မဲ့နေလာတဲ့ ကျွန်တော်ရဲ့စိတ်ကို အခုချက်ချင်း ကျွန်တော်မပြောင်းနိုင်ဘူးဗျ။ မပြောင်းပါရစေနဲ့ဗျ"

"ကဲ–ကဲ မငိုပါနဲ့ဗျာ၊ ငိုစရာလည်း မဟုတ်ပါဘူး။ မပြောင်းနိုင်သေးလျှင်လည်း နေသေးတာပေါ့။ ကိုင်း–ကိုင်း အဲဒီညက တွေ့ခဲ့တဲ့ မြောက်ကျွန်းသူကလေး လှကြောင်းချောကြောင်းကို ဖွဲ့နွဲ့ပြီး တေးတစ်ပုဒ် ရေးပေးစမ်းဗျာ။ စာဆိုမင်းကို ကျူပ် ကန်တော့ရမှာပေါ့"

"ဟော–အကျပ်တွေ့ပြန်ပြီ။ ကျွန်တော့်စိတ်ထဲမှာ ဒီမြောက်ကျွန်းသူကို တကယ်ပဲလှတယ်လို့ ထင်မိပါရဲ့။ နို့ပေတဲ့ သျှတ္တရကျမ်းကို ကြည့်မိလေတော့ ကျမ်းဆိုနဲ့ မညီတာတွေကို တွေ့နေရတယ်။ ကျမ်းဆိုနဲ့မညီလို့ အရုပ်ဆိုးတယ်လို့ အောက်မေ့ပြီးမှ အခုလှကြောင်း ချောကြောင်း ချီးမွမ်းရဦးမယ်ဆိုလျှင် ခက်တာပဲ ဝန်မင်းရဲ့"

"အို–မခက်ပါဘူးလေ၊ စာဆိုမင်းကလေးဟာ ကိုယ့်စိတ်ကိုမှ ကိုယ်အစိုးမရဝံ့ဘဲပဲ၊ ရေးသာရေးပါ၊ ရပါတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ စိတ်မပါပေမဲ့ ကျွန်တော် ရေးတတ်ပါတယ်။ ဒါဟာ ကျွန်တော်ရဲ့ဂုဏ်ထူးတစ်ရပ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က စာဖတ်လျှင် စကားလှလှကလေးတွေကို ရွေးရွေးပြီး ကျက်မှတ်ထားတယ်။ ဒီတော့ စာရေးတဲ့အခါမှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆိုလိုချင်တဲ့ အဓိပ္ပာယ်ပါပါ မပါပါ၊ စကားလုံတွေကိုတော့ ပါအောင်ရေးတတ်တာပဲ။ ဒီတော့ ကိုယ့်စိတ်က တကယ်မပါပေတဲ့လည်း ရေးနိုင်ပါတယ်လေ။ ရေးနိုင်ပါတယ်။ ရေးရတာပေါ့"

"ဒါမှပေါ့ စာဆိုမင်းရဲ့၊ ဟော–ကျုပ်ရဲ့အပေါ်အင်္ကျီကိုကြည့်စမ်း၊ ဘယ့်ကလောက်လှသလဲ၊ နို့ပေတဲ့ ဒီမှာကြည့်ပါဦး။ အတွင်းက အင်္ကျီဟာ ညစ်ထည်းနေတာပဲ။ ဒါပေမဲ့ အပေါ်ယံကောင်းတော့ အကြောင်းလှရတာပေါ့"

"ဝမ်းသာလိုက်တာ ဝန်မင်းရယ်၊ ကျွန်တော်က ဒါမျိုးမှ သဘောကျတယ်။ ကာရန်နဘေကို ရေးတဲ့အခါမှာလည်း အနက်အဓိပ္ပာယ် ပါပါ မပါပါ ကာရန်နဘေ အထပ်များနိုင်သလောက် များအောင် ကျွန်တော်က ရေးတတ်တယ်။ ဒီတော့မှ ကိုယ်ဆိုလိုချင်တဲ့ အနက်အဓိပ္ပာယ်မပါပေတဲ့ နဘေသံတွေနဲ့ ရောထွေးပြီး ကဗျာကောင်းဖြစ်သွားတာပဲ။ နားထောင်လို့လည်း အင်မတန်ကောင်းသွားတာပဲ။ ပါဠိလို ပြောရမယ်ဆိုလျှင် ကဏ္ဍသုခ ဖြစ်သွားတယ် ဆိုပါတော့"

"စာဆိုမင်းကလေးလို ကဗျာရေးတတ်လိုက်ချင်စမ်းပါဘိနော်"

"အို–ဘာခက်သလဲ၊ ကျွန်တော် သင်ပေးမယ်။ ကဗျာဖွဲ့ဆိုတဲ့အခါမှာ လောကနဲ့ ပတ်သက်ပြီး ကိုယ့်အထင်ကိုယ့်အတွေး ကိုယ်စေတနာတွေကို မရေးလေနဲ့။ ဒါတွေက ခက်တယ်။ အလွယ်ဆုံးနည်းကတော့ အင်း–ကိုယ့်အကြောင်း ကိုယ်ထုတ်ပြောရမှာမို့ ရှက်တော့လည်း အရှက်သားပဲ"

"အို–ကျုပ်ကို မရှက်ပါနဲ့လေ။ စာဆိုမင်းဟာ ကိုယ့်စိတ်ကို ကိုယ်အစိုးမရဝံ့မှန်းကို ကျုပ်အသိသားပဲ"

"အလွယ်ဆုံးကတော့ မိန်းမလှလှတစ်ယောက်ကိုမြင်လျှင် ဖမ်းကြိုက်လိုက်။ နောက်ပြီးတော့ တော်လေးဝ မိန်းမတွေထက်သာတယ်။ ဥမ္မာဒန္တီ၊ မယ်ပပဝတီတို့ထက် လှတယ်လို့ ရေး။ မျက်လုံး၊ မျက်ခုံး၊ ခါး၊ ရင်၊ တင်၊ ခြေ၊ လက်၊ ဆံပင်၊ ဆံထုံး၊ ကိုယ်နေ အလုံးအဖန်တို့ကို ချီးမွမ်း။ လမင်းနှင့်နှိုင်း၊ ပန်းကလေးနှင့်နှိုင်း။ အဲဒီလိုရေးလျှင် စာဆိုဉာဏ်မရှိပေတဲ့ ကဗျာကောင်းတစ်ပုဒ်တော့ ဖြစ်လာတာပဲ။ မြှောက်ပင့်ရေးတဲ့လူက စိတ်ထဲမှာ တကယ်မပါဘဲ မြှောက်ပင့်ရေးလို့ အမြှောက်အပင့်ခံရသူက စိတ်ထဲက တကယ်မယုံသော်လည်း ကဗျာကတော့ အထင်အရှားဖြစ်ပေါ်လာရတာပဲဗျာ့။ လောကမှာ မိန်းမချောချောတစ်ယောက်ကို မြှောက်ပင့်ပြီး ပြောရတာရယ်၊ ရှင်ဘုရင်ကို မြှောက်ပင့်ပြီး ပြောရတာရယ် ဒီနှစ်ခုဟာ အင်မတန်ပျော်စရာကောင်းတယ်။ ဘာယာပြည့်ရှင် ဘုရင်မင်းတရားကြီး ထွက်တော်မူလာမှ ကျွန်တော် သိပ်ပျော်ပြလိုက်ဦးမယ်"

"အေးကွယ်၊ တစ်တိုင်းတစ်ပြည်လုံးဟာ စာဆိုမင်းကလေးတို့လိုသာ ကဗျာရေးတတ်ကြမယ်ဆိုလျှင် တို့ဘာယာပြည်ကြီးဟာ တယ်ပျော်စရာကောင်းမှာပဲကွဲ့"

"ဒါကြောင့်မို့သာ ကျွန်တော်တို့တိုင်းပြည်က စာဆိုပညာရှင်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှုတ်က တတွတ်တွတ်ရွတ်ဖတ်နေကြသော်လည်း မင်္ဂလာဆောင်တဲ့ပွဲကျတော့ မင်္ဂလာဆောင် ကဗျာတွေကို ရေးကြတာပေါ့။ သူတို့ရဲ့ နှုတ်ဖျားတွေကသာ ပညာရှိပီပီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လောကီကို ငြင်းနေကြတာပါ။ တကယ်ဆိုတော့ လောကီမှာ အနေတတ်လျှင်လည်း ပျော်စရာကောင်းတယ်ဆိုတာကို သူတို့အသိကြသားပဲ"

"အေးလကွယ်၊ သူတို့က ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုတဲ့ စကားနှင့် လိုက်လျောညီအောင် ပြောကြတာထင်ပါရဲ့။ လောကီကို တကယ်ငြင်းချင်လျှင် တောထွက်သွားကြမှာပေါ့ကွဲ့။ လောကီကို သူတို့ငြင်းတာက သူတို့စာတတ်ကြောင်း ပြချင်တာထင်ပါရဲ့"

"ဟုတ်တယ်၊ ဟုတ်တယ်။ ကဗျာရေးတဲ့အခါမှာလည်း ကျမ်းဂန်ကောက်နုတ်ချက်တွေကို မပါလျှင် ပါအောင် ဆွဲထည့်ရတယ်။ ဒါမှ ခံ့တယ်။ ပညာရှိပီသတယ်။ ကျွန်တော်ဟာ ကျမ်းခေါင်းစဉ် နာမည်တွေကို စာရင်းလုပ်ပြီး အလွတ်ကျက်ထားတယ်လေ။ ကိုယ်ကိုယ်တိုင်က တကယ်မသိပေတဲ့ ဘယ်ကျမ်းက ဘယ်လို၊ ဘယ်ဂန်က ဘယ်လိုလို့ ပြောပြနိုင်လျှင် ပရိသတ်က သဘောကျသွားတာပဲ။ ဘာသာပြည်ကြီးမှာရှိတဲ့ စာဆိုတွေဟာ သူတစ်ပါးတိုင်းပြည်က စာဆိုတွေနဲ့မတူဘူးဗျ။ လမ်းပေါ်ကလူတွေ နားမလည်အောင် သူတို့စာရေးတတ်ကြသဗျ။ ဒီလိုစာရေးတတ်တာဟာ စာဆိုတွေရဲ့ အပြစ်မဟုတ်ဘူး။ မသိနားမလည်ကြတဲ့ လူပြိန်းတွေရဲ့ အပြစ်ဗျ။ တကယ်ဆိုတော့ ဒီလူပြိန်းတွေဟာ စာဆိုပညာရှိတွေကို အတင်းလိုက်ပြီး နားလည်ဖို့ ကောင်းပါတယ်ဗျာ"

"ဟာ-ဒီလိုလည်းမဟုတ်ဘူးလေ။ လူပြိန်းတွေပညာတတ်ကုန်လျှင် ပညာအပေါစားဖြစ်သွားမှာပေါ့ စာဆိုမင်းရဲ့"

"အင်း-ဟုတ်သားပဲ၊ ပညာဟာ အဖိုးတန်တယ်။ စာတစ်လုံး ဘုရားတစ်ဆူတဲ့။ လူပြိန်းတွေဟာ ပညာမတတ်တာဘဲကောင်းတယ်။ ဒါမှ ပညာရှိ ဈေးတက်လာမယ်။ အရှိအသေခံရမယ်"

"ဒီတော့ စာဆိုမင်းတို့လို ပညာရှိ သုခမိန်တွေဟာ စာရေးတဲ့အခါမှာ မခက်လျှင် ခက်အောင် ကြံဖန်ပြီး ရေးကြရမယ်။ စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေကို ရေးထည့်ကြရမယ်။ နောက်ပြီးတော့ မရှည်လျှင် ရှည်အောင် ဆွဲဆွဲငင်ငင် ပညာရှိသံပါပါ ရေးကြရမယ်"

"ဒါပေါ့၊ လောကမှာ ပညာရှိနည်းလေလေပညာရှိတွေ အဖိုးတန်လေလေပေါ့။ နောက်ပြီးတော့ ပညာရှိတွေဟာ သူတို့ထင်သလို လုပ်နိုင်ကြတာပေါ့။ လူပြိန်းတွေက နာကြည်းလာလို့ အာခံလာလျှင် စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေနဲ့ ခြောက်လှန့်လိုက်တာပေါ့။ ကျွန်တော်တို့ ဘာသာပြည်သားတွေဟာ လိမ်မာတယ်။ စကားခက်တွေ၊ စကားဝှက်တွေ၊ ကောက်နုတ်ချက်တွေ ထုတ်ပြလိုက်လျှင် ပြားပြားဝပ်သွားတတ်ကြတာပဲ။ ခေါင်းမဖော်ဝံ့ကြပါဘူး။ အရှိအသေတရား အင်မတန်များပါတယ် ဝန်မင်း"

"အရှိအသေတရားဟာ မြတ်တာပေါ့ကွဲ့"

"ဒါပေါ့၊ ကျွန်တော်ဟာ ကဗျာရေးတာတောင် အရှိသေတရားကိုထားတယ်။ ကဗျာရေးခါနီးပြီဆိုလျှင် စိတ်ကူးထုတ်မယ့်အစား ကျမ်းကြီးကျမ်းငယ်တွေကို အနားမှာထားတယ်။ ကျမ်းကိုဖွင့်၊ ဘယ်ဂုဏ်၊ ဘယ်ရသပါလျှင် ကောင်းမှာပဲလို့ တွေးတယ်။ ဒီလိုတွေးပြီး ရေးတယ်။ ဒီသဘောကိုနားလည်ထားလျှင် စာဆိုဖြစ်နိုင်တာပဲ။ ဝန်မင်းလည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပညာရှိပဲ။ စာဆိုဖြစ်ဖို့ အလွယ်ကလေးပေါ့”

“အေး–စာဆိုမင်းကလေး ပြောရုံနဲ့ပဲ ကျုပ်အတော်တတ်သွားပြီ။ ဒီအတိုင်းကြိုးစားလိုက်ရလျှင် ကျုပ်လည်း စာဆိုကြီးများ ဖြစ်နေဦးမှာလား မသိပါဘူးဗျာ။ သို့ပေတဲ့ ဟိုညက တွေ့ခဲ့ကြတဲ့ မြောက်ကျွန်းသူ မြောက်ပင့်ဘွဲ့ တစ်ပုဒ်ကိုတော့ ရေးပေးဦးဗျာ”

“အို–ဝန်မင်းဟာ ဘာ့ကြောင့် စာဆိုကြီးမဖြစ်နိုင်ရမှာလဲ။ စကားလုံတွေကို ကျက်ထား၊ နောက်ပြီးတော့ ကိုယ်ဆိုလိုတဲ့ အဓိပ္ပာယ်တွေ ပါပါမပါပါ၊ ဒီစကားလုံတွေကို ဖောဖောသီသီ ရေးပစ်လိုက်။ ကာရန် နဘောတွေကို ထပ်နိုင်သမျှ ထပ်ပစ်လိုက်။ နောက်ပြီးတော့ စိတ်ထဲမှာ တကယ်မထင် တကယ်မမြင်ပေတဲ့ ကောက်နုတ်ချက်တွေနဲ့ တန်ဆာဆင်လိုက်။ ရသတို့ ဂုဏ်တို့ မပါလျှင် ပါအောင် ကြံဖန်ဆွဲထည့်လိုက်။ ဟား–စာဆိုကြီးပေါ့။ ကဝိကြီးပေါ့။ ဘာယာပြည်မှာတင်မက စကြဝဠာတစ်ခုလုံးမှာတောင် ကျော်စောနိုင်တဲ့ ပညာရှိ ကဝိကြီးပေါ့။ အေးပါလေ၊ စိတ်ထဲက မပါပေတဲ့ ဒီတစ်ပုဒ်ကိုတော့ ရေးပေးရတာပေါ့”

ထိုသို့ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ဒေါမာန်ပါပါ ပြောနေကြစဉ်တွင် အမတ်ကြီး သီရိကျော်ခေါင်၏ လှည်းယာဉ်သည် ခြုံဆည်းလည်းသံများကိုပေးကာ လွှတ်တော်တံခါးဝသို့ ရောက်လာ၏။ ထို့နောက် ပြုံးနေကြ၊ ငိုင်နေကြ၊ ကျွက်စီကျွက်စီညံအောင် ပြောနေကြကုန်သော ဝန်တို့သည် လှေကားမှတက်လာသော သီရိကျော်ခေါင်ကို အညီအညွတ် လက်အုပ်ချီ ရှိခိုးကြသည်။ ထိုးထိုးထောင်ထောင် ကြွားဝါနေကြသော သစ်ပင်ငယ်တို့သည် လေပြင်းတစ်ချက် ဝင်မွှေ့လိုက်သဖြင့် ပြားပြားဝပ်သွားသည်နှင့် တူလှပေသည်။

၁၉၃၄။

# သူတို့စာရေးကြပုံ

စာတတ်လျှင် စာရေး၍ဖြစ်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် လေးစားအပ်သောစာမျိုး ဖြစ်လာအောင် ရေးသောအခါ၌ကား ဉာဏ်ထုတ်၍ ဝီရိယထုတ်၍ ရေးကြရမည်သာ ဖြစ်သည်။

လေးစားအပ်သောစာမျိုး ဖြစ်မြောက်လာရေးအတွက် စာရေးသူတွင် ကလောင်စွမ်းရည်ရှိရန်လည်းကောင်း၊ ကိုယ်နှုတ်နှလုံး အတွေ့အကြုံရှိရန်လည်းကောင်း လိုအပ်သည်ဟု ယူဆမိပါသည်။

ကလောင်စွမ်းရည်ဟု ဆိုရာတွင် စာနာသူ စာဖတ်သူ နားပေါက်အောင် (ဝါ) ပီသအောင် ရေးတတ်သော အရည်အချင်းကို ဆိုလိုပါ၏။ ကလောင်စွမ်းရည်ရဖို့အရေးတွင် ပါရမီဓာတ်ခံရှိမှ ရနိုင်သည်ဟု အချို့က ဆိုချင်ကြသည်။ ဆိုနိုင်ကြပါ၏။ သို့ရာတွင် အတန်အသင့် ဖတ်ရှုလေ့လာခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် အရေးလေ့ကျင့်ခြင်းတို့ မရှိခဲ့ပါမူ ပါရမီဓာတ်ခံသည် သုညဘဝ၌ မှိန်၍နေမည်သာ ဖြစ်သည်။ ထို့ကြောင့် ပါရမီဓာတ်ခံ ရှိနေရုံမျှဖြင့် ကိစ္စမပြီးနိုင်။ ဖတ်ရှုလေ့လာခြင်း၊ အရေးလေ့ကျင့်ခြင်းတို့ကိုလည်း ပြုကြဖို့လိုသည်။ သို့မှသာ ကလောင်စွမ်းရည် ရှိလာနိုင်မည် ဖြစ်သည်။

ကလောင်စွမ်းရည်မရှိလျှင် အအ အိပ်မက်မက်သကဲ့သို့ ဖြစ်တတ်သည်ဟု ပုံနိုင်းလေ့ရှိကြသည်။ ထိုပုံနိုင်းသည် စင်စစ်ရိုင်းလှပါ၏။ သို့ရာတွင် လက်ဖျားခါလောက်အောင် ကောင်းသော ပုံနိုင်း ဖြစ်သည်။ အအသည် အိပ်မက်ထဲတွင် နတ်သမီး တစ်ဖက် ငါးရာနှင့် စည်းစိမ်ခံစားရသည် မြင်မက်ရာ အတိုင်းမသိ ဝမ်းမြောက်ခြင်း ဖြစ်သည်ဟုဆိုသည်။ နံနက်လင်းသောအခါ ထိုကိုရွှေအသည် မိမိအတိုင်းမသိဝမ်းမြောက်ခြင်း ဖြစ်ခဲ့သည်ကို ပြန်မပြောဘဲမနေနိုင်။ ပြန်ပြောချင်လာသည်။ ပြန်ပြောသောအခါ ဝမ်းမြောက်ခြင်း အမူအရာတို့သည် သူ၏ မျက်နှာ၌လည်းကောင်း၊ ကိုယ်ဟန်လက်ဟန် ခြေဟန်တို့၌လည်းကောင်း ပေါ်နေကြပါ၏။ နှုတ်အမူအရာမှာကား ဝူးဝါးသံဖြစ်နေလေရာ သူ့နတ်သမီးကို

သူသာလျှင်သိ၍ သူ့မှာသာလျှင် ဝမ်းမြောက်မဆုံး ဖြစ်ရရှာသည်ဟု ဆိုကြခြင်း ဖြစ်သည်။

တစ်ဖန် ကလောင်စွမ်းရည်သက်သက်ရှိနေရုံမျှဖြင့်လည်း လေးစားအပ်သော စာမျိုး ဖြစ်လာအောင် ပြုနိုင်သည်မဟုတ်သေးပါ။ ကလောင်စွမ်းရည်သက်သက်သည် နွဲ့နိုင်၏။ နနိုင်၏။ ယဉ်နိုင်၏။ ခံ့နိုင်၏။ စကားတန်ဆာ၊ အနက်တန်ဆာအမျိုးမျိုး ဆင်နိုင်၏။ သို့ရာတွင် ဘဝအသိလည်းပါလာမှသာလျှင် လေးစားအပ်သောစာမျိုး ဖြစ်လာနိုင်သည်။ စာရေးသူ၏ ဘဝအသိသည် ဥမမည် စာမမြောက်သေးသောအခြေ၌ ရှိနေချင်လျှင် ရှိမည်။ သို့တည်းမဟုတ် ရင့်ရင့်ကျက်ကျက် ဖြစ်ချင်လျှင် ဖြစ်မည်။ သို့ရာတွင် ဘဝအသိ ပါမှသာ လေးစားအပ်သည်ဟု ဆိုရာသည်။

ဘဝအသိရဖို့အရေးတွင် စာရေးလိုသောကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ စာရေးသူတွင် ဒိဋ္ဌလောကကို မြင်မှု၊ ကြားမှု၊ ကြုံမှု စသော ကိုယ်နှုတ်နှလုံး အတွေ့အကြုံတို့သည် ရှိခဲ့ရမည် ဖြစ်သည်။ စာရေးသူ၏စိတ်တွင် မြင်မှု၊ ကြားမှု၊ ကြုံမှုတို့ကိုမှီ၍ ခံစားမှုသည် ပေါ်ရမြဲ ဖြစ်သည်။ ခံစားမှုအရာ၌လည်း စာရေးဆရာ၏ စေတနာအလိုက် ဆင်းရဲသော ခံစားမှုသော်လည်းကောင်း၊ ချမ်းသာသော ခံစားမှုသော်လည်းကောင်း ပေါ်ရမြဲဖြစ်သည်။ ထို့နောက် ခံစားမှုအသိ (ဝါ) ဘဝအသိပေါ်ရမြဲ ဖြစ်သည်။ ဤစိတ်အစဉ်သည် စာရေးဆရာ၌ စာမရေးသေးခင် ရှိအပ်သော စိတ်အတွေ့အကြုံဖြစ်သည်။ ထိုစိတ်အတွေ့အကြုံသည် စိတ်၏တစ်နေရာ၌ ခိုအောင်းလျက်နေတတ်သည်။ နောင်အခါ စေတနာက လှုံ့ဆော်ပေးသဖြင့် ရေးချင်စိတ်ပေါ်လာသောအခါ ခံစားမှု အသိသည် ပြန်ပေါ်လာသည်။ ထိုအခါကျမှသာ ကလောင်စွမ်းရည်သည် ထိုခံစားမှုအသိကို နေရာတကျ စီစဉ်၍ စေတနာလွတ်ရာသို့ အရောက်ပို့ပေးနိုင်လာသည်။ ရသစာပေရေးမှုနှင့် စပ်လျဉ်း၍ ဤသို့ပင် ကျွန်တော် ယူဆမိသည်။

ခြုံငုံကြည့်သော် လေးစားအပ်သောစာမျိုး ဖြစ်မြောက်လာရေးအတွက် အနည်းဆုံး ကလောင်စွမ်းရည်သည်လည်းကောင်း၊ ကိုယ်နှုတ်နှလုံး အတွေ့အကြုံသည်လည်းကောင်း ရှိပြီးဖြစ်အပ်သည်မှာ ထင်ရှားသည်။ တစ်ဖန် ထိုအင်္ဂါနှစ်ပါးနှင့် ပြည့်စုံလိုလျှင်လည်း ဉာဏ်ဝီရိယထုတ်နိုင်ပါမှ ပြည့်စုံနိုင်စရာအကြောင်းရှိသည်။ ထို့ကြောင့်သာလျှင် လေးစားအပ်သောစာမျိုး ဖြစ်မြောက်လာအောင် ရေးသောအခါ ဉာဏ်ထုတ်၍၊ ဝီရိယထုတ်၍ ရေးကြရမည်သာ ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

ဉာဏ်ဝီရိယထုတ်၍ ရေးသူများဟု ယူဆအပ်သော ပုဂ္ဂိုလ်သုံးဦးအကြောင်းကို တင်ပြလိုသည်။

ပထမပုဂ္ဂိုလ်သည် စိတ်ကူးဉာဏ်ကို သုံးသော ဦးလတ် ဖြစ်သည်။ ဦးလတ်သည် မြန်မာပျို့လင်္ကာ၌လည်း ကျွမ်းကျင်သည်။ အင်္ဂလိပ်စာပေ၌လည်း ကျွမ်းကျင်သည်။ စံပယ်ပင်ဝတ္ထုနှင့် ရွှေပြည်စိုးဝတ္ထုတို့ကို ရေးခဲ့သည်။ ထိုဝတ္ထုနှစ်ပုဒ်၏သဘောသကန်ကို ထောက်လျှင် ဦးလတ်သည် အင်္ဂလိပ်ဝတ္ထုကောင်းများကို ဖတ်ရှုရာမှ ဝတ္ထုသဘောကို အရအမိသိလာသည်ဟု ယူနိုင်သည်။ အင်္ဂလိပ်ဝတ္ထုကောင်းတို့၏ သဘောတစ်ရပ်သည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူကိုလည်းကောင်း၊ ပတ်ဝန်းကျင်လောကကိုလည်းကောင်း ရှုကြည့်လေ့လာခြင်း ဖြစ်သည်။ ဦးလတ်သည် ထိုသဘောကိုသိ၍ ပတ်ဝန်းကျင်ကို ရှုကြည့်လေ့လာခဲ့သည်။ ဦးလတ်သည် ရန်ကုန်၌နေထိုင်စဉ် ဘိလပ်အမှုအရာသို့ ပြောင်းသွားသော ဘိလပ်ပြန် မြန်မာဝတ်လုံတော်ရ အချို့အကြောင်းကို သတိပြု ရှုကြည့်လေ့လာခဲ့ဟန်တူသည်။ သူ့စိတ်ထဲတွင် မြန်မာအမျိုးသား ဖြစ်ပါလျက် ဘိလပ်ဆန်လွန်းလှသည်ကို လှောင်ချင်စိတ် ပေါက်ခဲ့ဟန်တူသည်။

ထို့ကြောင့် ရသစာပေဂိုဏ်းဝင် ရွှေပြည်စိုးဝတ္ထု၌ ဝတ်လုံတော်ရ မောင်သောင်းဖေ ဘိလပ်မှ ရန်ကုန်သို့ ရောက်လာ၍ အဖ ဦးရာကျော်၏ အိမ်သို့ တက်ပုံကို ပြရာတွင် မောင်သောင်းဖေ ဘိလပ်ဆန်ပုံကိုဖွဲ့၍ လှောင်ခဲ့ခြင်း ဖြစ်သည်။ လှောင်ပုံမှာ–

> *"အိမ်သို့ရောက်လျှင် ဦးရာကျော်သည် သားမောင်သောင်းဖေ၏ လက်ကိုဆွဲ၍ အဖိုးငွေ ၁၃ ကျပ်ပေး၍ ဝယ်ထားသော ကတ္တီပါကွပ် သင်ဖြူး ဖျာပေါ်၌ ထိုင်ပါဟု ပြောသောအခါ မောင်သောင်းဖေက ကျွန်တော်မှာ ဘောင်းဘီနှင့် ဖျာပေါ်မှာထိုင်ရန် အလွန်ခက်ပါလိမ့်မည်။ ကျေးဇူးပြု၍ ကုလားထိုင်ပေါ်မှာ ထိုင်နိုင်ရန် ကျွန်တော့်ကို အခွင့်ပေးပါဟု ဆိုသည်နှင့် တစ်ပြိုင်နက် အနီး၌ ခင်းထားသော ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လေ၏"*

ဟု လှောင်ထားသည်။ ထို့နောက် မောင်သောင်းဖေ၏နှမဖြစ်သူအား မောင်သောင်းဖေက တကယ့် ဘိလပ်သားကြီးပမာ "အို–ချစ်လှစွာသော နှမကလေး ယပ်တောင်ရှိလျှင် တစ်ခုပေးလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မိသည်"ဟုလည်းကောင်း၊ "အို–နှမကလေး၊ ကျွန်ုပ် မျက်နှာနှင့် လက်ကို ဆေးရအောင် ဇလုံတစ်ခုနှင့် ကောင်းသောရေကို ယူခဲ့စေချင်ပါသည်"ဟုလည်းကောင်း ဘာသာပြန်စကားများကို မောင်သောင်းဖေ၏ ပါးစပ်၌ ထည့်ပေးလျက် လှောင်ထားသည်။ ဦးလတ်၏ လှောင်ပုံသည် ပွဲကျလောက်ပေသည်။ ထိုသို့ လှောင်တတ်ခြင်းသည် စိတ်ကူးယဉ်မှုကြောင့်မဟုတ်နိုင်။ မောင်သောင်းဖေကဲ့သို့သော သူတစ်ဦးကိုသော်လည်းကောင်း၊ နှစ်ဦး သုံးဦးကိုသော်လည်းကောင်း ရန်ကုန်လောကတွင် ဦးလတ်ကိုယ်တိုင် မြင်ဖူး၍ စိတ်မချမ်းမသာဖြစ်ဖူး၍ နောက်ဆုံးတွင် လှောင်ချင်လာသောကြောင့် ဖြစ်တန်ရာသည်။ ဦးလတ်၏ ကလောင်စွမ်းရည်ကလည်း ဆွဲတိုင်းငင်တိုင်းပါသော စွမ်းရည်ဖြစ်လေရာ မောင်သောင်းဖေအကြောင်းကို ဖတ်မိသူတိုင်းသည် ပြုံးမိမည်သာ ဖြစ်သည်။ ပြုံးမိအောင် ရေးနိုင်ခြင်းသည် ဦးလတ်၏ ဉာဏ်ဝိရိယတို့ကြောင့် ဖြစ်သည်ဟု ဆိုသင့်သည်။

ဒုတိယပုဂ္ဂိုလ်သည် ဝိပဿနာအတွေ့အကြုံရှိသော သစ်ချတောင်ဆရာတော် ဦးတိလောက ဖြစ်သည်။ ပျို့ရွယ်စဉ်၌ လယ်တီဆရာတော်ထံ၌ ပိဋကတ်သင်သည်။ တတ်မြောက်သောအခါ ကျိုက်ထိုမြို့၊ သစ်ချတောင်၌ သီတင်းသုံး၍ ဝိပဿနာအလုပ်ကို စွဲစွဲမြဲမြဲလုပ်သည်။ ဝိပဿနာအလုပ်တွင် စာတွေ့သာမက ကိုယ်တွေ့လည်း အမြောက်အမြားရှိသည်ဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျော်စောသည်။ ပြောဟောရာ၌ ပြတ်သားသည်ဟု ကျော်စောသည်။ ကျမ်းပြုရာ၌ ရဲဝံ့သည်ဟု ကျော်စောသည်။ ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်းတွင် ပထဝီကသိုဏ်းပွားပုံ စိတ်အတွေ့အကြုံတို့ကို ရေးခဲ့သည်။ ပထဝီကသိုဏ်းကိုရှု၍ ဥဂ္ဂဟနိမိတ်ကို ရပြီးနောက် စိတ်ဖြစ်ပျက်ပုံကို ထိုကျမ်း၌ အောက်ပါအတိုင်း ရဲရဲဝံ့ဝံ့ရေးပြခဲ့သည်။ ရေးပြပုံမှာ–

> *"ဤဥဂ္ဂဟနိမိတ်ကိုရသောအခါ စိတ်သည် သံလိုက်ကောင်းကောင်းကို အပ်တွယ် ဘိသကဲ့သို့၊ ဤမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍နေတော့၏။ ဘယ်ကိုမှ များစွာမပြေး တော့ပြီ။ မျက်စိကိုဖွင့်ထားလျှင်ကား ရှေ့တူရူရှိ အဆင်းတို့ကို မြင်၏။ မျက်စိကို မှိတ်လိုက်စေ၊ ဘယ်ကိုမှမမြင်ဘဲ မြေကြီးကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့၏။ မျက်စိ ကိုမှိတ်၍ ပက်လက်နေလျှင် မျက်နှာပေါ်က ကသိုဏ်း မြေချပ်ဝန်းကြီး မိုးလျက်နေ၏။ မှောက်၍နေလျှင် အောက်က ကြမ်းရယ် ဖျာရယ်ဟု မမှတ်ဘဲ မြေကြီးဝန်းကြီးကိုသာမြင်၍ နေတော့၏။ ရေထဲ၌ ငုပ်၍နေလျှင်လည်း မျက်နှာရှေ့က ရေရယ်လို့မမှတ်ဘဲ မြေချပ် ကသိုဏ်းဝန်းကြီးသာရှိ၍ နေတော့၏။ မျက်နှာကို လုံလုံလက်ဝါးပိတ်ဖုံး၍နေလျှင်လည်း လက်ဝါးဟူ၍ အမှတ်မထားဘဲ မြေချပ်ကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့၏"*

ဟု တိတိကျကျ ရဲရဲဝံ့ဝံ့ ရေးပြနိုင်သည်။

တစ်ဖန် ဥဂ္ဂဟနိမိတ်မှ တစ်ဆင့်တက်၍ ပဋိဘာဂနိမိတ်သို့ ကျသောအခါ နီဝရဏတရားတို့ ငုပ်သွားကြကြောင်း၊ ဈာန်အင်္ဂါများ ပေါ်လာကြကြောင်း၊ ဈာန်အင်္ဂါတို့နှင့် လိုက်လျောနိုင်သော စေတသိက်တရားများ အားကောင်းထင်ရှားလာကြကြောင်း ရေးပြပြီးနောက် ဆက်၍–

> *"ထိုအခါ သတိတရားများ အလွန်ထင်၏။ ယခုအခါမှစ၍ အမိရင်ခွင်တွင် နောက်ဆုံးပိတ် နို့စို့သည့်အခါကျအောင် ဤအတွင်းပြုဖူးသမျှ အမှုကိစ္စတွေကို ယခုပြုနေရဘိသကဲ့သို့ အကုန်လုံး ပြန်၍ အမှတ်ရ၏"*

ဟုပင် မိမိ၏စိတ် အတွေ့အကြုံကို ရဲဝံ့စွာတင်ပြပြန်သည်။ ထိုသို့ရဲဝံ့စွာ တင်ပြနိုင်ခဲ့ရခြင်းသည် ဆရာတော် ဦးတိလောက၏ ကိုယ်တွေ့အလုပ်ဆိုင်ရာ ဉာဏ်ဝီရိယအကြောင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုသင့်သည်။

တတိယပုဂ္ဂိုလ်သည် သုတေသနဉာဏ်သုံးသော ရှေးခေတ် မြန်မာနိုင်ငံသမိုင်းပါမောက္ခဟောင်း အင်္ဂလိပ်လူမျိုး မစ္စတာလု ဖြစ်သည်။ မစ္စတာလုသည် ဦးလတ်ကဲ့သို့ မိမိ၏ဘဝအသိကို ဝတ္ထုရေးပြသူလည်းမဟုတ်၊ အရှင်ဦးတိလောကကဲ့သို့ သမထဝိပဿနာအတွေ့အကြုံကို ရေးပြသည်လည်းမဟုတ်၊ မှတ်တမ်းချင်းညှိ၍ ကျောက်စာ အကိုးအကားပြု၍ ဟုတ်မဟုတ် မှန်မမှန်၊ ယုတ္တိတန်မတန် စုံထောက်ဆင်ခြင်လေ့လာ၍ နိုင်ငံသမိုင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေးသော နိုင်ငံသမိုင်းပါမောက္ခ ဖြစ်သည်။ မစ္စတာလုသည် မြန်မာလူမျိုးအကြောင်းနှင့် စပ်လျဉ်း၍ မြန်မာလူမျိုးသည် ကမ္ဘာသုံး နှစ် ၈၀၀ ကျော်ခေတ်တွင် ကျောက်ဆည်ခရိုင် အရှေ့ဘက်ရှိ နတ်ထိပ်တောင်ကြားသို့ရောက်၍ ထိုတောင်ကြားမှ ကျောက်ဆည် မြေပြန့်သို့ မြင်းများဖြင့် ဒုန်းစိုင်းကာ ဆင်းလာကြသူများဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။

ထိုအဆိုအမိန့်သည် အံ့ဖွယ်သရဲ ဖြစ်သည်။ ယခုအခါတွင် ထိုအဆိုအမိန့်ကို မြန်မာနိုင်ငံ သမိုင်းဆရာအချို့ လက်ခံနေကြပေပြီ။ သို့ရာတွင် ထိုအဆိုအမိန့်ကို ပြုနိုင်အောင် မစ္စတာလုမှာ ဆယ်နှစ်ခန့် လေ့လာရသည်ဟု သိရသည်။ ဆယ်နှစ်သော ကာလအတွင်းတွင် မစ္စတာလုသည် ကမ္ဘာသုံး နှစ် ၈၀၀၊ ၉၀၀ ခန့်က တရုတ်အရာရှိများ၊ မှတ်တမ်းတင်ခဲ့ကြသော တရုတ်မြန်မာ နယ်စပ်မှတ်တမ်းများကို လေ့လာရသည်။ နောက်ထပ် ရှာစရာရှိသည်တို့ကို ရှာရသည်။ မေးစရာရှိသည်တို့ကို မေးရသည်။ စုံစမ်းစရာရှိသည်တို့ကို စုံစမ်းရသည်။ တောင်ကြားလမ်းကို ကြည့်ရသည်။ တစ်ဖန် ပုဂံခေတ်ထိုး ကျောက်စာ၊ စုံနိုင်သမျှစုံအောင် အရရှာ၍ ဖတ်ရသည်။ မှတ်စုထုတ်ရသည်။ ညှိရသည်။ ချိန်ရသည်။ ထိုသို့သော မျက်စိမွဲစရာ၊ ခါးချည့်စရာ၊ စိတ်မောစရာအလုပ်တို့ကို လုပ်ပြီး၍ သက်သေခိုင်လုံလောက်ပြီ ယူဆပြီးမှသာ ဆရာကြီးခမျာမှာ ထိုအဆိုအမိန့်ကို ပွဲအလယ်၌ တင်ပြနိုင်ခြင်း ဖြစ်သည်။

စစ်ပြီး ဤဘက်ခေတ် မနှစ်တုန်းကပင် ဆရာကြီးသည် ထိုအဆိုအမိန့်နှင့် စပ်လျဉ်း၍ စိတ်အညစ်ကြီး ညစ်လိုက်ရသေးသည်ဟု သိလိုက်ရသည်။ အကြောင်းမှာ ဆရာကြီးသည် ကျောက်ဆည်နယ်၌ ခရီးလှည့်လည်နေစဉ် ရွာသားတစ်ဦးအား နတ်ထိပ်တောင်ကြားလမ်းကို ဖြတ်၍ မြင်းဖြင့်သွား၍ရမရ မေးကြည့်သည်။ ရွာသားက မြင်းဖြင့်သွား၍ရမည်မဟုတ်။ မြင်းဖြင့်သွားသည်ကိုလည်း သူမမြင်ဖူးပါဟု ဖြေလိုက်ရာ ဆရာကြီးမှာ မိမိ၏အဆိုအမိန့်လွဲပြီဟု မြည်တမ်းမိလေတော့သည်။ သို့ရာတွင် ဆက်လက်မေးမြန်းသောအခါ ထိုရွာသားသည် ကျောက်ဆည်အရပ်ကမဟုတ်။ အခြားအရပ်က ဖြစ်သည့်အပြင် ကျောက်ဆည်သို့ လာရောက်နေထိုင်သည်မှာလည်း မကြာသေးဟု သိရသည်။ ထို့ကြောင့် ကျောက်ဆည်နယ်သားဇာတိတစ်ဦးကို ရှာ၍ မေးကြည့်ပြန်သည်။ ထိုသူသည် သူကိုယ်တိုင် ထိုတောင်ကြားလမ်းကို ဖြတ်၍ ရှမ်းပြည်ထဲသို့ မြင်းဖြင့် သွားဖူးသူဖြစ်ရာ မြင်းဖြင့်သွား၍ရကြောင်း ရှမ်းကုန်သည်များသည် မြင်းများဖြင့်ပင်လျှင် ထိုတောင်ကြားလမ်းမှ ဆင်းလာတတ်ကြကြောင်း အဖြေပေးသည်။ ထိုအခါကျမှသာ ဆရာကြီးသည် မိမိ၏ အဆိုအမိန့်အတွက် စိတ်ချ၍ နေသာထိုင်သာရှိသွားသည်ဟု သိရသည်။ ဆရာကြီးသည် ထိုအဆိုအမိန့်အတွက် ထိုမျှပင် ဉာဏ်ဝီရိယတို့ကို ထုတ်ခဲ့ရရှာသည်။

ထို့ကြောင့် အထက်ပါ ပုဂ္ဂိုလ်ကြီးသုံးဦး၏ စာများသည် လေးစားအပ်သောစာများ ဖြစ်လာကြရပေသည်။ လေးစားအပ်သောအလုပ်ဟူသမျှတွင် ဖြတ်လမ်းဟူ၍မရှိချေ။ တစ်နပ်စားဉာဏ်သုံး၍ မရချေ။ စိတ်ကူးယဉ်၍မရချေ။ ရုတ်ခြည်း ပညာရှိလုပ်၍မရချေ။ ယခုအခါ၌ ကလောင်သစ်တို့၏ စာများအနက် ဉာဏ်ဝီရိယ အတန်အသင့်သုံး၍ ရေးကြသောစာမျိုးရှိ၍ တိုးပွားနေသည်ကို သတိပြုမိသည်။ နောင်ရေးအတွက် ဝမ်းမြောက်၍မဆုံးပြီ။

၁၉၅၇။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# စာအုပ်စင်နှင့်ကျွန်တော်

မြန်မာနိုင်ငံတွင် ပျို့လင်္ကာအစရှိသော မြန်မာစာပေများကို ပေပုရပိုက်မှတစ်ဆင့် စက်တင်ပုံနှိပ်ခြင်းပြု၍ ရောင်းချခဲ့သည်မှာ ကြာလှသေးသည်မဟုတ်ပါ။ အမြောက်အမြား ပုံနှိပ်ရောင်းချလာကြသည်မှာ လွန်ခဲ့သော ၁၉၀၀ ပြည့်နှစ်လောက်မှ စတင်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ တစ်ခါကသော် ပေပုရပိုက်များနှင့်သာ အဖော်ပြုခဲ့ကြရသော စာပေရတနာတို့သည် ပုံနှိပ် မြန်မာစက္ကူစာအုပ် အမြောက်အမြားကို မြင်သောအခါ အလွန်ဝမ်းမြောက်ကြသည်ဟု မှတ်ရဖူးပါသည်။ ဝယ်ယူဖတ်ရှုကြပြီးနောက် အိမ်နံရံကပ်စာအုပ်စင်များ၌ တရိတသေ အစီအရီ တင်ထားလေ့ရှိကြသည်ကိုလည်း တွေ့ရဖူးပါသည်။

ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့၏အိမ်၌ ထိုစာအုပ်စင်မျိုး ရှိခဲ့သည်။ အစကနဦး၌ ထိုစာအုပ်စင်ကို ကျွန်တော် အသုံးပြုရမှန်းမသိပါ။ အသုံးပြုရမှန်းသိဖို့ဝေးစွ။ ထိုစာအုပ်စင်အနီးသို့ ချဉ်းကပ်ရမည်ကိုပင် အတော်ကြောက်လှပါသည်။ ကျွန်တော်တို့ ခပ်ငယ်ငယ် ကျောင်းသားအရွယ်က စာမရလျှင် ဆရာက ရိုက်လေ့ရှိပါသည်။ စာအုပ်ကို အဖတ်ခိုင်း၍ အဖတ်နေရာမကျလျှင် လက်ဝါးဖြန့်စမ်းဆို၍ ဆရာက လက်ဝါးကို ကြိမ်လုံးဖြင့် ရိုက်လေ့ရှိသည်။ ထိုအခါမှစ၍ ကျွန်တော်တို့သည် စာအုပ်နှင့် ကြိမ်လုံးတို့ကို တွဲ၍ တွဲ၍မြင်နေတတ်ကြပါသည်။ စာအုပ်ဟု ဆိုလိုက်လျှင် ကြိမ်လုံးတဝင့်ဝင့်ကို ပြေးမြင် မိပါသည်။ ကျွန်တော်တို့သည် ငယ်ရွယ်သူများ ဖြစ်ကြသဖြင့် အရိုက်ခံကြရသည်မှာ စာဖတ်နေရာမကျသောကြောင့် ဖြစ်သည်ဟု မတွေးတတ်ပါ။ စာအုပ်ကြောင့် ဖြစ်သည်ဟုသာ လူငယ်ကျောင်းသားဉာဏ်ဖြင့် တွေးတတ်ကြပါသည်။ ယခုကာလ အချို့ကျောင်းသားများလည်း ထိုအတိုင်းပင် ဖြစ်မည်ဟု ထင်ပါသည်။ ကိုယ်နေရာမကျသည်ကို ကိုယ်နေရာမကျသောကြောင့်ဟု မယူဆလိုဘဲ ဟိုနယ်ကြောင့်၊ သည်နယ်ကြောင့်ဟု လူငယ်ကျောင်းသားတွေးတွေး၍ မဆိုင်သည်ကို အပြစ်ဖို့တတ်ကြသည်မှာ အံ့သြစရာမဟုတ်လှပါ။

**မိတ်ကူးချိုချို**

မိပါသည်။ ထိုအခါမှစ၍ ကျွန်တော်၏မိတ်ဆွေ ရင်ခတ်ပန်းရှိနေသော စာအုပ်စင်ကို ကျွန်တော် မကြောက်တော့ပါပြီ။ မကြောက်တော့သည်နှင့် တစ်ပြိုင်နက် ချဉ်းကပ်ခြင်းကိုလည်း ပြုလာပါသည်။

နောင်အခါတွင် ထိုစာအုပ်စင်၌ ငါးရာငါးဆယ်ဇာတ်ဝတ္ထုများကိုလည်းကောင်း၊ ပသီပုံပြင်ဝတ္ထုကိုလည်းကောင်း၊ မောင်ရင်မောင်မမယ်မဝတ္ထုကိုလည်းကောင်း၊ ရော်ဘင်ဆင်ကရူးဆိုး (Robinson Crusoe)ဝတ္ထုကိုလည်းကောင်း၊ နန်းတွင်းဇာတ်များကိုလည်းကောင်း၊ တောင်တွင်း ဦးကြော့၏ သီချင်းများကိုလည်းကောင်း တွေ့ပါသည်။ အားလုံးသည်ကျွန်တော်၏မိတ်ဆွေသစ်များ ဖြစ်လာကြပါသည်။ ထိုအခါမှစ၍ စာအုပ်ဆိုသည်မှာ ငါ့ပတ်ဝန်းကျင်ဘဝ၌ ငါမြင်သော၊ ငါကြားသော၊ ငါတွေ့သော၊ ငါသိသော အကြောင်းခြင်းရာများကိုရေးထားသော အရာတို့သာပါတကားဟုလည်းကောင်း၊ ငါ့ပတ်ဝန်းကျင်ဘဝကို ငါပြန်၍သတိပြုမိအောင် ငါ့ကို ပြုပေးတတ်သောအရာတို့သာပါတကားဟုလည်းကောင်း အတွေးဝင်လာပါသည်။ ထိုအခါမှစ၍ စာကောင်းပေကောင်းကို ဖတ်ရတိုင်း ပတ်ဝန်းကျင်ဘဝအကွက်ကို မြင်လာတတ်ပါသည်။ ပတ်ဝန်းကျင်ဘဝအကွက်ကိုမြင်တိုင်း စာကောင်းပေကောင်းကို ဖတ်ရဘိသကဲ့သို့ သဘောထားလာတတ်ပါသည်။ စာကောင်းပေကောင်းကို ဖတ်ရခြင်းသည် ဘဝအကွက်ကို မြင်ရခြင်းသာ ဖြစ်သည်။ ဘဝအကွက်ကို မြင်ရခြင်းသည် စာကောင်းပေကောင်းကို ဖတ်ရခြင်းသာ ဖြစ်သည်ဟု ယူဆလာတတ်ပါသည်။

ရှင်ဥတ္တမကျော်၏ "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဘွယ့်မြိုင်ခြေ၊ မြူခိုးဝေခဲ့" ဟူသော စာပိုဒ်ကိုတွေ့တိုင်း ကျွန်တော်မြင်ဖူးသော သဲသောင်ဖွေးဖွေးကို သတိရလာတတ်ပါသည်။ သဲသောင်ဖွေးဖွေးကို မြင်ရတိုင်းလည်း ထိုစာပိုဒ်ကို သတိရလာတတ်ပါသည်။

တစ်ဖန် ရှင်မဟာရဋ္ဌသာရ၏ "တသန္တေခေ၊ တပေလျှဉ်းလျှဉ်း၊ တညှဉ်းဆိုးဆိုး၊ တညှိုးလျှလျှ၊ တလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရိုက်ငင်ငင်၊ တပင်ပန်းပန်း"ဟူသော စာပိုဒ်ကိုတွေ့တိုင်း "မင့်အသက် ဘယ်လောက်ရှိပြီလဲ၊ မင့်ကိုယ်မင်း ငယ်သေးတယ်လို့ ထင်မနေနဲ့။ မင်းလုပ်နေတဲ့ အလုပ်တွေဟုတ်လုပြီလို့ တစ်ဖက်သတ်စွဲမနေနဲ့။ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲအစရှိတဲ့ ဆင်းရဲအပေါင်းမှလွတ်အောင် ရုန်းဖို့ကိုလည်း သတိပြုလေ"ဟု ဆိုဆုံးမသော ဆရာဘုန်းကြီး၏ စကားကို ပြေး၍ သတိရလိုက်ပါသည်။ ထိုစကားကို သတိရတိုင်းလည်း ရှင်မဟာရဋ္ဌသာရ၏ စာကို ရွတ်လိုက်ချင်ပါသည်။

တစ်ဖန် ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် သောနုတ္တရမုဆိုးကို ဆဒ္ဒန်ဆင်မင်းက သတ်မည်ပြုသောအခါ မိမိကို မသတ်သင့်ကြောင်း သောနုတ္တရ ဆင်ခြေတက်ပုံကို ဦးပုညက "အစွယ်လိုသူ မိဖုရား၊ အသွားစေနိုင်သူ မင်းဧရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင် ကံကွက်ကျား၍ ငမိုက်သားမုဆိုးလေ၊ နင့်ချည်းပင် သေပေရော့ဟု၊ ငွေတောင်အဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့်အား သတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်။ ကရုဏာရှေးရှု၊ လွှတ်တော်မူလျှင်လည်း လူမလိမ္မာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျွန်မိစ္ဆာသည် ချမ်းသာရာရပါတော့မည် ဘုရား”ဟု ဖွဲ့ခဲ့ပါသည်။ ထိုစာပိုဒ်ကို ကျွန်တော် ရွတ်မိတိုင်း “အမေ့ဖန်ခွက်က ဆပ်ပြာတွေပေလို့ ချောနေတာပဲ၊ ကိုင်လို့တောင်မရဘူး။ အမေ့ဗီရိုကလည်း အမြင့်ကြီးပဲ။ ကျွန်မလက်နဲ့ ဘယ်မီမှာလဲ။ ဒါကြောင့်မို့လို့ ဖန်ခွက် ကျကွဲရတာပေါ့။ အမေက ကျွန်မကိုချည်းဆူတာပဲ”ဟု ဆင်ခြေတက်သော သမီးငယ် ကို ပြေး၍ သတိရပါသည်။ သမီးငယ်ကို ပြေး၍ သတိရတိုင်းလည်း ဦးပုညရေးသော သောနုတ္တရ၏ ဆင်ခြေစကားကို ရွတ်လိုက်ချင်ပါသည်။

စာအုပ်စင်ကို ကြောက်နေရာမှ စာအုပ်စင်ကို အချစ်ဝင်လာရသော ကျွန်တော်၏ စာပေဘဝကို ပြန်လှန်သုံးသပ်ကြည့်သောအခါ၊ အကြောက်မှ အချစ်သို့ ပြောင်းပေးနိုင်သော ပယောဂတစ်ခုကို တွေ့မိပါသည်။ ကဗျာကောင်း၊ ဝတ္ထုကောင်း၊ ပြဇာတ်ကောင်း စသည် တို့သည် (ဝါ) ရသစာပေကောင်းဟူသည် သက်ရှိသက်မဲ့ ပတ်ဝန်းကျင်ဘဝ၌ မြင်နေ ကြရသော၊ ကြားနေကြရသော၊ ကြုံနေကြရသော အာရုံတို့အပေါ်၌ စာရေးဆရာ၏ စေတနာ သက်ရောက်၍ သူ့အမြင်၊ သူ့အကြား၊ သူ့အကြုံတို့ကို သူ့စေတနာအလိုက် သရုပ်ဖော် ဖွဲ့ဆိုထားသောစာမျိုး ဖြစ်သည်ဟု ယူဆပါသည်။ တစ်နည်းဆိုရသော် ရသစာပေကောင်း ဟူသည် စာရေးဆရာ၏ စိတ်စေတနာကို ရေးထားသောစာမျိုး ဖြစ်သည်ဟုဆိုလိုပါသည်။ စာတတ်ပေတတ်တို့သည် (ဝါ) စာပေဝေဖန်ရေးဆရာတို့သည်လည်းကောင်း၊ ရသစာပေပို့ချ သင်ကြားနေသူတို့သည်လည်းကောင်း ထိုအချက်ကို သဘောပေါက်သင့်ကြပါသည်။ ထို အချက်ကို အခြေခံပြု၍ စာပေအကြောင်းကို ပြန်ပြောနိုင်စွမ်းရှိသင့်သည်။ ကျွန်တော်တွေ့ ခဲ့သော ပယောဂသည် အခြားမဟုတ်။ ထိုအချက်ကို အခြေခံပြု၍ ရသစာပေအကြောင်းကို ပြန်ပြောနိုင်သော အစွမ်းပင် ဖြစ်ပါသည်။ မြန်မာစာပေလောက၌ ထိုအစွမ်းမျိုးလည်း ကျယ် ကျယ်ပြန့်ပြန့် ရှိလာမည်ဆိုလျှင် မြန်မာစာအုပ်စင်သည် ကြောက်စရာဖြစ်တော့မည်မဟုတ်၊ ချစ်စရာဖြစ်လာတော့မည်မှာ မုချဖြစ်သည်။

ထိုမျှသာမကသေးပါ။ ရသစာပေကောင်းကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုမိလာနိုင်စရာအကြောင်း ရှိပါသည်။ လောဘထွက်သူသည် မိမိလောဘထွက်သည် ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကို သတိပြုမိလျှင်၊ မာန တက်သူသည် မိမိမာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်ခြင်းရှိလာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာရနိုင်သည်ဟု ပညာရှိတို့ ဆိုမိန့်ကြပါ သည်။ ထိုနည်းတူစွာ ပတ်ဝန်းကျင်ကို သတိပြုမိသူသည် မိမိ၏ကိုယ်နှုတ်နှလုံးကို သုံး သည့်အခါတိုင်း ဆင်ခြင်တတ်ခြင်းရှိလာ၍ မိမိတစ်ဦးတည်း၏ အကျိုးစီးပွားအတွက် သာမက၊ ပတ်ဝန်းကျင်၌ မိမိကဲ့သို့ သုခ ဒုက္ခ အမျိုးမျိုးနှင့် ကျင်လည်နေကြကုန်သော သတ္တဝါခပ်သိမ်း၏ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်မြင်တတ် ကရုဏာဖြစ်တတ် လာနိုင်စရာအကြောင်းရှိသည်ဟု ထင်ပါသည်။ ထိုသို့ဆိုလိုက်သဖြင့် ကျွန်တော် အတွေး ကွဲနေပြီလားမသိပါ။ နားတံဆိပ်ခတ်နေကြသော အများပရိသတ်ကသာ ဆင်ခြင်ကြည့်ကြ စေလိုပါသတည်း။

၁၉၅၇။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ပြောက်ကျားစာရေးဆရာ
## (၁၉၅၈ ခု၊ စာဆိုတော်နေ့၌ ပြောသောစာ)

ယနေ့ည ကျွန်တော်ပြောမည့် အကြောင်းရပ်ကို "ပြောက်ကျားစာရေးဆရာ"ဟု ခေါင်းတပ်ထားပါသည်။ ခေါင်းတပ်ပုံသည် ထူးဆန်းနေပါ၏။ သို့သော်လည်း အကြောင်းရပ်ကမူ မထူးဆန်းပါ။ သူလိုငါလိုသဘောသာ ဖြစ်ပါသည်။ ပြောက်ကျားဆိုသော စကားကို စာရေးဆရာဆိုသောစကား၌ ကပ်ထားသဖြင့် အားနာစရာကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် ပြောက်ကျားဆိုသောစကားကို ယခုခေတ်တွင် အများအားဖြင့် စစ်တိုက်ရာ၌ သုံးစွဲပြောဆိုနေကြသောကြောင့် ဖြစ်သည်။ ပြောက်ကျားဆိုသော စကား၏အဓိပ္ပာယ်ကို စစ်တိုက်ရာ၌ မည်သို့နားလည်ကြပါသနည်း။ ကျွန်တော်နားလည်သည်မှာ တောအုံ၊ တောင်ကမ်းကြီးသော အရပ်များ၌ အစုငယ် အအုပ်ငယ် အများအပြားဖွဲ့စည်း၍ ရန်သူကို အလစ်ဝင်တိုက်လိုက်တုံ၊ တောရိပ်တောင်ရိပ် ခိုနေလိုက်တုံပြုကာ တိုက်သော တိုက်ပုံမျိုး ဖြစ်သည်ဟု ဆိုကြသည်ကို ကြားဖူးသဖြင့် ထိုသို့ပင် နားလည်ခဲ့ပါသည်။

ထိုနည်းတူစွာ စာပေလောက၌လည်း စာရေးဆရာအလုပ်ကို အချိန်ပြည့်မလုပ်ဘဲ စာရေးဆရာအလုပ်မဟုတ်သော အခြားအလုပ်တစ်ခုခုကို လုပ်ရင်း စိတ်ပေါက်ပေါက်ရှိလာ၍ ရေးနိုင်သောအခါ ရေးလိုက်၊ မရေးနိုင်သောအခါ ငုံ့နေလိုက်။ ရေးလိုက်ငုံ့လိုက်၊ ငုံ့လိုက် ရေးလိုက်ပြုကာ ထုံ့ပိုင်းထုံ့ပိုင်း စာရေးလေ့ရှိသော စာရေးဆရာ၏ သဘောသည်လည်း ပြောက်ကျားသဘောမျိုး ဖြစ်သည်ဟု ထင်မိပါသည်။ ထို့ကြောင့် ထိုသို့သော စာရေးဆရာမျိုးကို ပြောက်ကျားစာရေးဆရာဟု ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် စာရေးဆရာအလုပ်မဟုတ်သော အခြားအလုပ်တစ်ခုခုကိုလုပ်ရင်း ဝါသနာအလျောက် စာရေးနေကြသော သူတို့ကို ဆိုလိုပါသည်။ ထိုအဓိပ္ပာယ်သည် ကျွန်တော်ပေးလိုသော အဓိပ္ပာယ် ဖြစ်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြောက်ကျားစာရေးဆရာအကြောင်းနှင့် စပ်လျဉ်း၍၊ အချက်နှစ်ချက်ကို ကျွန်တော် တင်ပြလိုပါသည်။

တစ်ချက်မှာ စာပေလောကဆိုသော ဇာတ်ခုံ၌ ပြောက်ကျားစာရေးဆရာတို့ ပါဝင်ကပြခဲ့ကြသော အခန်းသည် အရေးပါအရာရောက်ခဲ့သည်ဟူသောအချက် ဖြစ်ပါသည်။ မြန်မာစာပေသမိုင်းကို ပြန်ကြည့်ပါ။ ယနေ့အထိ ရပ်တည်နေသော မြန်မာစာပေလောကသည် အများအားဖြင့် ပြောက်ကျားစာရေးဆရာတို့ တည်ဆောက်ခဲ့ကြသော စာပေလောကဖြစ်နေသည်ကို တွေ့ရပါသည်။ ဗန်းပြအနေနှင့် သာဓကတင်ပြရမည်ဖြစ်လျှင် အင်းဝခေတ်၌ ကျော်စောခဲ့ကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ အစရှိသော စာဆိုကြီးများစ၍ ကျွန်တော်တို့ခေတ်မှာ ကျော်စောကြသော လယ်တီပဏ္ဍိတဦးမောင်ကြီး၊ သခင်ကိုယ်တော်မှိုင်း အစရှိသော ပုဂ္ဂိုလ်များအထိ ပြောက်ကျားစာရေးဆရာနည်း အသုံးများကြသည်ကို တွေ့ရပါသည်။ ရဟန်းစာဆိုကြီးများသည် ရဟန်းဖြစ်သည်နှင့်အညီ ဂန္ထဓုရ၊ ဝိပဿနာဓုရ အလုပ်တို့ကိုလည်း တစ်ဖက်က လုပ်ကြရပါသည်။ ကြိုးကြားကာလတွင် ပျို့လင်္ကာတို့ကိုလည်း ရေးခဲ့ကြပါသည်။ ဤသို့ဖြင့် ရှင်မဟာသီလဝံသသည် ပါရမီခန်း၊ ဆုတောင်းခန်း အစရှိသော ပျို့ကဗျာများကို ရေးခဲ့ပါသည်။ ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်၊ သံဝရ၊ ကိုးခန်း အစရှိသော ပျို့ကဗျာများကို ရေးခဲ့ပါသည်။ လူစာဆိုတို့ဘက်ကို ကြည့်ပါဦး။ နဝဒေးကြီးသည် မင်းမှုထမ်းဖြစ်ပါသည်။ မင်းမှုထမ်းရင်း ရတုတို့ကို ရေးခဲ့ပါသည်။ နတ်သျှင်နောင်သည် တောင်ငူမှာ မင်းပြုခဲ့သည်။ မင်းအလုပ်ကိုလုပ်ရင်း သူလည်း ကောင်းပေ့ဆိုသော ရတုကို ရေးခဲ့ပါသည်။ ဝန်ကြီးပဒေသရာဇာသည် ဝန်ကြီးအလုပ်လုပ်ရင်း ကဗျာမျိုးစုံကို ရေးခဲ့သည်။ စိန္တကျော်သူသည်လည်း ထိုသဘောအတိုင်းပင်။ နောက်ဆုံး ကျွန်တော်တို့ခေတ်က စာရေးဆရာတို့သည် သတင်းစာ အယ်ဒီတာအလုပ်၊ မဂ္ဂဇင်း အယ်ဒီတာအလုပ်၊ ကျောင်းဆရာအလုပ် စသည်တို့ကိုလုပ်ရင်း ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စသည်တို့ကို ရေးခဲ့ကြပါသည်။ လယ်တီပဏ္ဍိတ၊ သခင်ကိုယ်တော်မှိုင်း၊ ပီမိုးနင်းတို့သည် ထင်ရှားသော သာဓကများ ဖြစ်ကြသည်။

ထိုသာဓကများသည် မြန်မာစာပေ လောကထဲက သာဓကများ ဖြစ်ကြသည်။ နိုင်ငံခြားစာပေလောကထဲက သာဓကများကိုလည်း ကြည့်ပါဦး။ အင်္ဂလိပ်စာပေလောကသည် ၁၈၀၀ ပြည့်နှစ်လောက်အထိ ပြောက်ကျားစာရေးဆရာနည်းဖြင့် ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရပါလိမ့်မည်။ ၁၈၀၀ နောက်ပိုင်း၌ပင် စာရေးဆရာအလုပ်ကို အချိန်ပြည့်လုပ်နိုင်သော စာရေးဆရာဦးရေသည် အင်မတန်နည်း၍ ပြောက်ကျားစာရေးဆရာဦးရေကသာ များသည်ကို တွေ့နိုင်ပါလိမ့်မည်။ ယခုအခါတွင် လူဦးရေကလည်း အလွန်များ၍ စာရေးစာဖတ်တတ်သူ ဦးရေကလည်း အလွန်များ၍ ငွေပေးဝယ်ဖတ်နိုင်စွမ်းရှိသူ လူဦးရေကလည်း အလွန်များသော ဗြိတိသျှအင်ပါယာ၊ ဆိုဗီယက်၊ ရုရှား၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နိုင်ငံတို့ကလွဲလျှင် ကျန်ရှိကြသေးသော အနောက်နိုင်ငံများ၌ပင် စာရေးဆရာအလုပ်ကို အချိန်ပြည့် လုပ်နိုင်သော စာရေးဆရာဦးရေသည် နည်းနေသေးသည်ကို တွေ့ရပါလိမ့်မည်။ ပြောက်ကျားစာရေးဆရာတို့က ဝိုင်း၍ မြေတောင်မြှောက်ပေးနေကြရသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိုသာ တွေ့နိုင်ပါသည်။ ထို့ကြောင့် စာပေလောကဆိုသော ဇာတ်ခုံ၌ ပြောက်ကျားစာရေးဆရာတို့ ပါဝင်ကပြခဲ့ကြသော အခန်းသည် အရေးပါ အရာရောက်သည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

နောက်တစ်ချက်မှာ အခြားမဟုတ်ပါ။ ကျွန်တော်တို့ တိုင်းပြည်တွင် လက်ရှိမြန်မာစာပေ ယဉ်ကျေးမှု အခြေအနေအရ စာကောင်းပေကောင်း ထွက်ပေါ်နိုင်ရေးအတွက် ပြောက်ကျားစာရေးဆရာ နည်းသည်လည်း နည်းကောင်းတစ်ခုဖြစ်သည်ဟု ဆိုချင်သော အချက်ဖြစ်ပါသည်။ လက်ရှိမြန်မာစာပေယဉ်ကျေးမှု အခြေအနေဆိုသည်မှာ အဘယ်နည်း။ ကျွန်တော်တို့တိုင်းပြည်တွင် လူဦးရေကလည်း သန်းနှစ်ဆယ်ပင် ပြည့်သေးမည်မထင်ပါ။ ထိုမျှလောက်သော လူဦးရေတွင် စာရေးစာဖတ်တတ်သူ ဦးရေကလည်း များသေးမည်မထင်ပါ။ မများလှသေးသော စာရေးစာဖတ်တတ်သူ ဦးရေတွင် စာဖတ်ဝါသနာပါသူ ဦးရေကလည်း အားရလောက်အောင် များသေးမည်မထင်ပါ။ တစ်ဖန် စာအုပ်ကောင်း တစ်အုပ်ကို အဖိုးစားနားပေး၍ ဝယ်ဖတ်နိုင်စွမ်းရှိသော ဦးရေကလည်း မည်မျှရှိဦးမည်နည်း။ ပြောပလောက်အောင် ရှိဦးမည်မထင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုကောင်း တစ်ပုဒ်၊ ကဗျာကောင်းတစ်အုပ်ကို ပုံနှိပ်သောအခါ အများအားဖြင့် အုပ်ရေ သုံးထောင်ကျော်လောက် ပုံနှိပ်နိုင်လျှင် ကံကောင်းသည်ဟု ပြောကြသည်ကို ခဏခဏ ကြားရသောကြောင့် ဖြစ်ပါသည်။ ထိုသုံးထောင်ကျော်လောက်ကိုပင် သုံးလေးနှစ်လောက်ဆိုင်း၍ ရောင်းကြရသည်ဟု သိရပါသည်။ ဤအခြေအနေသည် လက်ရှိ မြန်မာစာပေယဉ်ကျေးမှု အခြေအနေဖြစ်သည်ဟု ခန့်မှန်းပါသည်။ ဤအခြေအနေမျိုးတွင် စာရေးဆရာအလုပ်ကို အချိန်ပြည့်လုပ်မည့် စာရေးဆရာတစ်ဦးသည် စာကောင်းပေကောင်းကိုချည်း အဘယ်မှာ ရေးနိုင်တော့အံ့နည်း။ ထို့ကြောင့် လက်ရှိ မြန်မာစာပေယဉ်ကျေးမှု အခြေအနေအရ ပြောက်ကျားစာရေးဆရာနည်းသည်လည်း နည်းကောင်းတစ်ခုဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ယခင်တစ်လောက စာရေးဆရာများဖြစ်ကြသော ကိုအောင်လင်းနှင့် ကိုတင့်တယ်တို့သည် စာကောင်းပေကောင်း ပေါ်ထွက်နိုင်ရေးအတွက် အပြန်အလှန် ရေးကြသည်ကို ကြေးမုံသတင်းစာ၌ ဖတ်လိုက်ရပါသည်။ ကိုအောင်လင်းက ယခုအခါ၌ ဝတ္ထုဆရာတို့သည် ဆူးလေဘုရားလမ်းရှိ ရုပ်ရှင်ရုံတို့၊ အင်္ဂလိပ်စာအုပ်ဆိုင်တို့၏ ပတ်ဝန်းကျင်မှာသာ ကျက်စားရင်း ရုပ်ရှင်ကားတို့ အင်္ဂလိပ်ဝတ္ထုတို့မှ ဇာတ်လမ်းများကိုယူ၍ ဝတ္ထုရေးနေကြသည်ကများသည်။ ပတ်ဝန်းကျင်ဘဝ လေ့လာမှုက နည်းလှသည်ဟု ညည်းတွားရှာသည်။ ထိုအခါ ကိုတင့်တယ်က ကိုအောင်လင်းရယ်၊ ဘဝကိုလေ့လာ၍ ကျွန်တော်လည်း စာရေးချင်ပါ၏။ ထိုသို့ရေးနိုင်မှ စာကောင်းပေကောင်းဖြစ်သော ဘဝသရုပ်ဖော်စာမျိုးကိုချည်း ရေးရမည်ဆိုလျှင် 'ခါနာနိမ်း'လိမ့်မည်ဟု ကိုတင့်တယ်ကလည်း ပြန်ညည်းရှာသည်။

ဟုတ်ပါသည်။ သူတို့နှစ်ဦးစလုံး ပြောကြသော စကားတို့သည် စာကောင်း ပေကောင်း ပေါ်ထွက်ရေးအတွက် စေတနာကောင်းဖြင့် ပြောကြသော စကားဟု ဖြစ်ကြပါပေသည်။ လက်ရှိ မြန်မာစာပေယဉ်ကျေးမှု အခြေအနေအတွက် မှန်ကန်သော စကားများလည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်သည်ဟု ယူဆပါသည်။ စာရေးဆရာအလုပ်ကို ကြောင့်ကြမဲ့ အချိန်ပြည့်ဆောင်ရွက်နိုင်ခြင်းလည်း ရှိမည်။ စာကောင်းပေကောင်း ခပ်များများ ရေးနိုင်ခြင်းလည်း ရှိမည်ဆိုလျှင် အကောင်းဆုံး ဖြစ်သည်။ သို့ရာတွင် ထိုအကောင်းဆုံးသည် (ဝါ) ထိုပန်းတိုင်သည် လက်ရှိ မြန်မာစာပေယဉ်ကျေးမှု အခြေအနေအရချက်ချင်းလက်ငင်း ရယူနိုင်သော အရာ ပေလော။ ပန်းတိုင်စကားသည် အပြောရလွယ်သောစကား ဖြစ်ပါသည်။ ဗဟုသုတ အတန်အသင့်ရှိလျှင် သူသူငါငါ ပြောတတ်ကြသောစကား ဖြစ်ပါသည်။ ထို့ကြောင့် ပန်းတိုင်စကားကိုသာပြော၍ ခုံညားထည်ဝါနေကြရုံမျှဖြင့် ကိစ္စပြီးမည်လော။ ပန်းတိုင်စကားကိုသာ ပြော၍ ပန်းတိုင်သို့ မရောက်နိုင်တိုင်း အပြစ်ဖို့၍သော်လည်းကောင်း၊ ညည်း၍သော်လည်းကောင်း နေကြရုံဖြင့် ကိစ္စပြီးမည်လော။ စေတနာကောင်းတို့ကို တစာစာအော်မြည်နေကြရုံမျှဖြင့် ကိစ္စပြီးမည်လော။ ပန်းတိုင်သို့ ချောမောစွာရောက်အောင်သွားနိုင်သော နည်းလမ်းတို့ကို ကိုယ့်အခြေ ကိုယ်လေ့လာကာ ကိုယ်ပိုင်အင်အားကို အဓိကထားကာ သည်းခံထိန်းသိမ်းတတ်သော စိတ်ကိုမွေးကာ လိုက်၍မရှာလိုတော့ ဘူးလော။ စာကောင်းပေကောင်း ပေါ်ထွက်လာဖို့အရေးတွင် အကောင်းဆုံးရအောင် မတတ်နိုင်သေးသောအခါ၌ တစ်ထစ်လောက်ဆင်း၍ ပြောက်ကျားစာရေးဆရာနည်းကို သုံးကြလျှင် မည်သို့နေမည်နည်း။ စဉ်းစားစရာပင်။

ဝါသနာအလျောက် ရေးကြသော သူများအဖို့မှာ ပြောက်ကျားစာရေးဆရာနည်းလောက် ကောင်းသောနည်းသည် မရှိဟု ထင်ပါသည်။ ရှေးက မြန်မာစာဆိုများသည် ပြောက်ကျားစာရေးဆရာနည်းကိုသုံး၍ လက်ရာကောင်း ထားနိုင်ခဲ့ကြသော သက်သေတို့သည် ထင်ရှားနေကြပြီ။ ထို့ပြင် ပြောက်ကျားစာရေးဆရာနည်းသည် လက်ရှိမြန်မာစာပေယဉ်ကျေးမှုအခြေအနေအရ အသင့်တော်ဆုံး ဖြစ်သည်ဟု ထင်မြင် ပါသည်။ ထိုနည်းသည် စာကောင်းပေကောင်း အရေအတွက် ခပ်များများထွက်နိုင်လောက်အောင် ပြုစွမ်းနိုင်သော အင်ကြီးအားကြီးမဟုတ်သော်လည်း တစ်ယောက်တစ်လက် ဆောင်ရွက်နိုင်ကြလျှင် စာကောင်းပေကောင်းအရေအတွက် အသင့်အတင့်ထွက်ပေါ်နိုင်ရေးကို အကောင်အထည်ဖော်ပေးနိုင်သော နည်းတစ်ခု ဖြစ်သည်ဟူ၍ကား ယူချင်ပါသတည်း။

၁၉၅၈။

## စာရေးဆရာနှင့် စာရေးစရာ
## (၁၉၅၉ ခု၊ စာဆိုတော်နေ့၌ ပြောသောစာ)

ကျွန်တော် စဉ်းစားမိသည်မှာ တခြားမဟုတ်ပါ။ ကျွန်တော် ခဏခဏကြားနေရသော စာရေးဆရာအချို့၏ ပြဿနာတစ်ခု ဖြစ်ပါသည်။ ထိုပြဿနာနှင့်စပ်လျဉ်း၍ တက္ကသိုလ် ကျောင်းသူကျောင်းသား စာရေးဝါသနာပါသူအချို့၏ ပြောဆိုညည်းညူသံကိုလည်းကောင်း၊ တက္ကသိုလ်အပက မိတ်ဆွေစာရေးဆရာအချို့၏ ပြောဆိုညည်းညူသံကိုလည်းကောင်း၊ ကျွန်တော် ကြားရဖူးသည်။ ကျွန်တော်ကိုယ်တိုင်လည်း ထိုပြဿနာနှင့် ရင်ဆိုင်တိုးခဲ့ရသည်မှာ ခဏခဏဖြစ်သည်။ ထိုပြဿနာသည် အခြားမဟုတ်ပါ။ ကျွန်တော် စာရေးချင်ပါသည်။ သို့ရာတွင် မည်သည့်အကြောင်းရေးရမှန်း မသိပါ။ ရေးစရာ ရှာမတွေ့ပါ။ ဦးနှောက်ခြောက်လှသည်ဟု ပြောဆိုညည်းညူတတ်ကြသောပြဿနာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုပြဿနာကို ကျွန်တော် အဖန်တလဲလဲ ဆင်ခြင်ကြည့်ဖူးရာ အဖြေတစ်ခုကို တွေ့မိသလိုလို ဖြစ်သည်။ ထိုအဖြေ မှန်မမှန်ကိုကား ကျွန်တော် တစ်ထစ်ချ မပြောရဲပါ။ သို့ရာတွင် ကျွန်တော့်အဖို့မှာ မှန်သလိုလိုဖြစ်ပါသည်။ ကျောင်းသူကျောင်းသား စာရေးဆရာများသည် ကျွန်တော်၏အဖြေကို နားကြားပြီးကြသောအခါ ဆင်ခြင်ကြည့်ကြပါ။

ရှေးဦးစွာ စာရေးသည်ဆိုခြင်းသည် အဘယ်နည်း။ ဆန်းစစ်ကြည့်ရအောင်။ စာရေးသည် ဆိုခြင်းသည် မိမိမြင်ဖူးသည်၊ ကြားဖူးသည်၊ ကြုံဖူးသည်၊ တွေ့ဖူးသည်၊ သိဖူးသည်တို့ကို တစ်ဖက်သားနားဝင်အောင် ပြောပြခြင်းမဟုတ်ပါလော။ ထိုအခါ စာရေးဆရာဆိုသော သတ္တဝါတစ်ဦးတွင် အနည်းဆုံး မြင်မှုနှင့် ကြားမှုတို့ ရှိကြရမည်သာ ဖြစ်သည်။ မြင်မှု ကြားမှု မရှိလျှင် ခက်ပါသည်။ တစ်ဖန် အနည်းဆုံး မြင်မှု ကြားမှုရှိဖို့ လိုအပ်သည်ဟု ကျွန်တော်က ပြောသောအခါ ပြောရသည်မှာ လွယ်ပါသည်။ လက်တွေ့ကျင့်ကြည့်သောအခါ အပြောရလွယ်သလောက် အလုပ်လုပ်ရ မလွယ်လှပါ။ သူသူငါငါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူသတ္တဝါတို့သည် ပတ်ဝန်းကျင်ကို ကြည့်ကြသော်လည်း မြင်ချင်မှ မြင်ကြသည်။ နား ထောင်ကြသော်လည်း ကြားချင်မှ ကြားကြသည်။ မျက်စိရှိတိုင်းလည်းမမြင်ပါ။ နားရှိ တိုင်းလည်း မကြားပါ။ မြင်ချင်သောဆန္ဒရှိလာမှ မြင်တတ်ပါသည်။ ကြားချင်သောဆန္ဒ ရှိလာမှ ကြားတတ်ပါသည်။ ကောင်းပြီ။ ဘယ်သောအခါမှာ မြင်ချင်သောဆန္ဒ ရှိမည်နည်း။ ဘယ်သောအခါမှာ ကြားချင်သောဆန္ဒရှိ မည်နည်း။ ထိုမေးခွန်းတို့ကိုဖြေဖို့ လိုအပ်ပါသည်။ ကျွန်တော်ကြိုးစား၍ ဖြေကြည့်ပါမည်။

ကျွန်တော်၏အဖြေသည် အခြားမဟုတ်ပါ။ စိတ်ဝင်စားလာသောအခါမှာ ထိုဆန္ဒတို့ ဖြစ်လာတတ်ကြသည်ဟူသောအဖြေ ဖြစ်သည်။ ထိုအဖြေကို ကျွန်တော် ယခုလို ပြော လိုက်သောအခါ လွယ်သယောင်ရှိပါသည်။ သို့ရာတွင် လက်တွေ့ကျင့်မည်ပြုသောအခါ စိတ်ဝင်စားလာအောင် အဘယ်သို့ပြုရပါမည်နည်းဟူသော မေးခွန်းသစ်တစ်ခု ပေါ်လာ ပြန်သည်။ ကျွန်တော် ဖြေချင်သည်မှာ နှစ်သက်ခြင်း ဖြစ်လာသောအခါ စိတ်ဝင်စားခြင်း ရှိလာမည်ဟု ထင်ပါသည်။

နှစ်သက်ခြင်း ဖြစ်လာသောအခါ စိတ်ဝင်စားခြင်း ရှိလာတတ်ပုံကို ဥပမာပေး၍ တင်ပြချင်ပါသည်။ ထိုဥပမာကို ကျောင်းသူကျောင်းသား စာရေးဆရာတို့က ရိုင်းလှသည်ဟု အထင်ရှိကြလျှင် နားနှင့်မနာ ဖဝါးနှင့်နာကြပါ။ ထိုဥပမာသည် ဤသို့ ဖြစ်ပါသည်။ လူငယ်လူရွယ်တို့၏ ချစ်ရေးကိစ္စ ဖြစ်သည်။ ကိုဟာဝါ မဟာဝါတို့မှာ ချစ်မှုကြိုက်မှု ရှိ လာကြသည် ဖြစ်လျှင် မည်သို့ဖြစ်တတ်ကြသနည်း။ ကိုဟာဝါတစ်ဦးသည် မဟာဝါတစ်ဦး အပေါ်တွင် သို့မဟုတ် မဟာဝါတစ်ဦးသည် ကိုဟာဝါတစ်ဦးအပေါ်တွင် စိတ်ဝင်စားမှု ရှိလာတတ်သည် မဟုတ်ပါလော။ စိတ်ဝင်စားသည်နှင့် တစ်ပြိုင်နက် မြင်မှု ကြားမှုတို့သည် အလိုအလျောက် ရှိလာတတ်ကြသည် မဟုတ်ပါလော။ မည်သည့်နေ့က မည်သည့်ပန်း ကို ပန်သွားသည်ကို မြင်လိုက်သောအခါ စိတ်ထဲ၌ မည်သို့ဖြစ်ခဲ့မိကြောင်း။ မျက်လုံး ကလေးက မည်သို့၊ မျက်ခုံးကလေးက ဘယ့်နှယ်၊ အသံကလေးက ဘယ်လို ထိုထိုဤဤ အလီလီအလာလာ အနုစိတ်အမှုအရာတို့သည် မျက်စိထဲ၌ တဝဲလည်လည် ဖြစ်လာပြီးလျှင် ထိုအကြောင်းတို့ကိုပင်ရေး၍ စာပေးတတ်ကြသည် မဟုတ်ပါလော။ သူ ပြောသမျှ၊ သူ လုပ်သမျှ၊ သူဝတ်ဆင်သမျှတို့ကို အနုစိတ်မြင်လာ၍ စာရေးကြသည် မဟုတ်ပါလော။ ထိုကိစ္စသည် မဆန်းလှပါ။ ကိုဟာဝါ မဟာဝါအချို့သည် ကျင့်သုံးနေကြသည်ပင်။(ရယ်ကြ သည်) ကျွန်တော်က ဥပမာအဖြစ် ပြောရခြင်း ဖြစ်ပါသည်။ ရှက်စရာမဟုတ်သင့်ပါ။ ပုထုဇဉ်တို့၏ သဘာဝ ဖြစ်ပါသည်။ ကျွန်တော်၏ ဥပမာသည် ထိုမျှသာ ဖြစ်သည်။

ကိုဟာဝါ မဟာဝါတို့၏ ချစ်ကြိုက်မှုသည် လောကဓမ္မတာ အညစ်အကြေး မကင်း နိုင်သော မေတ္တာမျိုးဖြစ်သည်ဟု ဆိုကြပါစို့။ သို့ရာတွင် ကိုဟာဝါ မဟာဝါတို့ ချစ်ကြိုက် တတ်ကြသကဲ့သို့ပင် စာရေးဆရာဆိုသော သတ္တဝါသည်လည်း ပတ်ဝန်းကျင်လောကကို ချစ်ကြိုက်အပ်ပါသည်။ စာရေးဆရာ၏ မေတ္တာစာတ်အင်အားသည် ပတ်ဝန်းကျင်အပေါ်၌ ကောင်းကောင်းရှိနေဖို့ လိုအပ်ပါသည်။ ထိုသို့ပြောရသည်မှာ လွယ်လှပါသည်။ လက်တွေ့ ကျင့်ကြည့်သောအခါ ခက်ပါသည်။ သို့ရာတွင် ကျွန်တော် တွေးမိသောအချက်တစ်ခုမှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စာရေးဆရာ၏ မေတ္တာဓာတ်အင်အား ကောင်းလာအောင် စာရေးဆရာသည် ရှေးဦးစွာ မိမိကိုယ်မိမိ ဆုံးမနိုင်မှ ဖြစ်မည်ဟူသောအချက် ဖြစ်ပါသည်။ ကောင်းပြီ။ မိမိကိုယ်မိမိ ဆုံးမရမည်ဆိုခြင်းသည် အဘယ်နည်း။ ကျွန်တော် ကြိုးစား၍ ရှင်းပြပါမည်။

လူကြီးလူငယ်မရွေး လူတိုင်းလိုလို၌ပင် နေ့စဉ်နှင့်အမျှ မတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ဣဿာမစ္ဆရတို့သည် အနည်းအများဆိုသလို ရှိတန်သလောက် ရှိနေတတ်ကြသည်ဟု ထင်ပါသည်။ ပုထုဇဉ်တို့၏ သဘာဝပင်။ ထိုသို့ရှိတတ်ကြခြင်းသည် အဘယ့်ကြောင့်နည်း။ မိမိကိုယ်ကိုသာ မိမိနှစ်သက်၍၊ မိမိကိုယ်၌သာ မိမိစိတ်ဝင်စားနေတတ်ခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။ မိမိကိုယ်ကိုသာ မိမိနှစ်သက်၍၊ မိမိကိုယ်၌သာ မိမိစိတ်ဝင်စားခြင်း ရှိနေလျှင်၊ မိမိကိုယ်ကိုသာ မိမိမြင်နေ၍၊ မိမိကိုယ်ကိုသာ မိမိကြားနေရာသည်။ မိမိကိုယ်ကိုသာ မိမိမြင်နေ၍၊ မိမိကိုယ်ကိုသာ မိမိကြားနေလျှင် ပတ်ဝန်းကျင်ကို အဘယ်မှာ မြင်နိုင်တော့အံ့နည်း။ ကြားနိုင်တော့အံ့နည်း။ ထိုသို့ဖြစ်လျှင် စာရေးစရာသည် အဘယ်မှာရှိတော့အံ့နည်း။ ဦးနှောက်ခြောက်ကြရလေပြီ။ ထိုသို့ဖြစ်လျှင် မည်သို့ပြုရမည် ည်း။ ဦးနှောက်ခြောက်ရခြင်း၏ အကြောင်းရင်းကို ရှာရန် ဖြစ်လာပါသည်။ ထိုအကြောင်းရင်းသည် အခြားမဟုတ်။ အထက်ကဆိုခဲ့သော မတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ဣဿာမစ္ဆရိယဆိုသော စိတ်ဆိုးစိတ်ညစ်တို့ပင် ဖြစ်သည်။ ထိုစိတ်ဆိုး စိတ်ညစ်တို့ကို ကြိုးစား၍ နှိမ်ကြရာသည်။ ထိုသို့ပြောလိုက်သောအခါ အပြောရလွယ်ပါ၏။ ကျင့်ကြည့်သောအခါ ခက်ပါသည်။

သို့ရာတွင် စိတ်ကူးဉာဏ်ရှိသည်ဟုထင်၍ စာကောင်းပေကောင်း ရေးချင်စိတ်ရှိလျှင် ကြိုးစား၍ ကျင့်ရမည်သာ ဖြစ်သည်။ အထက်က ဆိုခဲ့သည့်အတိုင်း စိတ်ဆိုးစိတ်ညစ်တို့သည် လူ၌ ပူးကပ်နေတတ်သည်ကို ရှေးဦးစွာ သိရာသည်။ ထို့နောက် ထိုစိတ်ဆိုးစိတ်ညစ်တို့ကို စောင့်ကြည့်သတိပြုရာသည်။ ထို့နောက် ထိုစိတ်ဆိုးစိတ်ညစ်တို့ အားနည်းသွားအောင် အားထုတ်ရာသည်။ နေ့စဉ်နှင့်အမျှ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ ပြောရင်း၊ ဆိုရင်း ဆိုသလို မတော်လောဘ ထွက်တတ်သည်။ မတော်ဒေါသ ထတတ်သည်။ မတော်မာန ကြွတတ်သည်။ ဣဿာမစ္ဆရိယ ပေါ်တတ်သည်ဟု ကြိုတင်၍ သိထားရန် လိုပေသည်။ ထိုသို့သိထား၍ စိတ်ဆိုးစိတ်ညစ်ပေါ်လာတိုင်း သတိထားကြည့်ပါ။ ထိုသို့ ကျင့်ရသည်မှာ မလွယ်လှပါ။ ကြိုတင်သိထား၍ သတိပြုနေပါလျက် သတိပြုနေသည့်အထဲက ပေါက်ကျ၊ ယိုကျ၊ ဖိတ်ကျ၊ တစ်ခါတစ်ရံ ဟုန်းဟုန်းပင် ထတတ်သည်မှာ ခဏခဏ ဖြစ်သည်။ သို့ရာတွင် ကြိုးစားရမည်သာ ဖြစ်သည်။ မတော်လောဘထွက်တိုင်း မတော်လောဘထွက်ပြီ။ မတော်ဒေါသထတိုင်း မတော်ဒေါသထပြီ။ မတော်မာနကြွတိုင်း မတော်မာနကြွပြီ။ ဣဿာမစ္ဆရိယပေါ်တိုင်း ဣဿာမစ္ဆရိယပေါ်ပြီဟု သတိပြုနိုင်အောင် စောင့်ကြည့်ဖို့ လိုပါသည်။ မှန်ထဲ၌ မိမိ၏ရုပ်ကိုမိမိ ပြန်ကြည့်သကဲ့သို့ မိမိ၏ စိတ်ဆိုးကို မိမိပြန်ကြည့်တတ်ဖို့ ဖြစ်ပါသည်။ မြင်လာလျှင် အလွန်ရယ်စရာကောင်းပါသည်။ မမြင်သေးလျှင်မူ မိမိကိုယ်ကိုမိမိ လူဟုတ်ဟူ၍ ထင်နေချင်တတ်ပါသည်။

နည်းများမထို တတ်နိုင်သလောက် ထိုသို့အားထုတ်နိုင်လျှင် မတော်လောဘ၊ မတော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါ်သ၊ မတော်မာန၊ ဣဿာမစ္ဆရိယတို့သည် စိတ်သန္တာန်၌ အားနည်းသွားစရာအကြောင်း ရှိသည်ဟု ထင်ပါသည်။ ထိုသို့အားနည်းသွားသည်နှင့်အမျှ မေတ္တာဓာတ်သည် အားကောင်းလာမည်ဟု ထင်ပါသည်။ မေတ္တာဓာတ်အားကောင်းလာလျှင် ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်း ရှိလာနိုင်သည်။ ပတ်ဝန်းကျင်၌ စိတ်ဝင်စားခြင်း ရှိလာလျှင်၊ ပတ်ဝန်းကျင် မြင်မှု၊ ကြားမှု ရှိလာနိုင်သည်။ အနည်းဆုံး ပတ်ဝန်းကျင် မြင်မှု၊ ကြားမှုရှိလာလျှင် စာရေးစရာအကြောင်းအချက်တို့သည် တစ်ပုံတစ်ခေါင်းကြီးပါပေ။

၁၉၅၉။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ကဗျာ့သဘောနှင့် ကဗျာ့ရည်ရွယ်ချက်
### (၁၉၆၁ ခု၊ စာဆိုတော်နေ့၌ ပြောသောစာ)

ကဗျာ့သဘောနှင့် ကဗျာ့ရည်ရွယ်ချက်တို့ကို သိလိုလျှင် ကဗျာဆိုသည်မှာ အဘယ် နည်း ဟူသော မေးခွန်းအတွက် အဖြေရှာဖို့လိုမည်ဟု ထင်ပါသည်။ တစ်ဖန် အဖြေရှာရာ၌ အဖြေရပြီဟု ပြော၍ရရုံမျှ မဖြစ်စေဘဲ ကဗျာရေးလိုသူအားလည်းကောင်း၊ ကဗျာလေ့လာလိုသူအားလည်းကောင်း၊ တကယ့်အထောက်အပံ့ပေးနိုင်သည်အထိ အဖြေရှာသင့်သည်ဟုလည်း ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခုအခါတွင် ကဗျာဝါသနာဦးရေသည် တစ်နေ့တခြား တိုးပွားနေသည်ဟု ဆိုနိုင်သောကြောင့် ဖြစ်သည်။

မဂ္ဂဇင်းကြီး လေးစောင်လောက်ကိုကြည့်ပါ။ လတိုင်း လတိုင်း၌ ကဗျာအပုဒ်ပေါင်း လေးငါးဆယ်လောက်ကို တွေ့နေကြရပါသည်။ တွေ့နေကြရသော ကဗျာများတွင် အတွေးသစ်ကဗျာများ အတန်အသင့်ပါဝင်ကြသည် ဖြစ်သော်လည်း အချစ်ဘွဲ့၊ အလွမ်းဘွဲ့၊ အဆွေးဘွဲ့ ကဗျာစုက မဲသာနေကြပါသေးသည်။ အချစ်သမားသက်သက်၊ အလွမ်းသမားသက်သက်၊ အဆွေးသမားသက်သက်တို့၏ အသံက ပို၍မြည်နေပါသေးသည်။ သို့ရာတွင် အပြစ်မတင်နိုင်ပါ။ ရေးသူအများအပြားသည် ပျိုမျစ်သောအရွယ်၌လည်းကောင်း၊ ထိုအရွယ်သာသာ၌လည်းကောင်း ရှိနေကြသောကြောင့် ဖြစ်သည်ဟု ထင်ရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကဗျာအများအပြားရေးလာ ကြသည်ကိုကား မငြင်းသာပါ။ ထို့ကြောင့် ထိုသူတို့အတွက် အထောက်အပံ့ ဖြစ်ကောင်း၏ဟု ယူဆလျက် ကျွန်တော်၏ အမြင်ကို တင်ပြပါရစေ။

ကဗျာဆိုသည်မှာ အဘယ်နည်းဟု ကျွန်တော်တို့ ကျောင်းသားဘဝက မေးဖူးပါသည်။ ထိုအခါက ကဝိနံ ကြံဒံ ကဗျံဟု ရွတ်ပြ၍ ကဗျာဟူသည်မှာ ကဝိ၏ပစ္စည်း ဖြစ်သည်ဟု အဖြေပေးကြပါသည်။ တစ်ဖန် ကဗျံ ဗန္ဓတီတိ ကဝိ ဟု ရွတ်ပြပြန်၍၊ ကဝိဟူသည်မှာ ကဗျာကို ဖွဲ့တတ်၏။ ထို့ကြောင့် ကဝိ မည်၏ဟု အဖြေပေးကြပြန်သည်။ ထိုအခါကသော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျွန်တော်တို့သည် ကဗျာ့သဘောနှင့် စပ်လျဉ်း၍ သဘောမပေါက်ခဲ့ကြသော်လည်း အဖြေပေးသူ ရွတ်ပြသော ဘာသာစကားကလည်း ပါဠိဘာသာစကား ဖြစ်နေသောကြောင့်လည်းကောင်း၊ ရွတ်ပြပုံကလည်း ခံ့ခံ့ညားညားရှိလှသောကြောင့်လည်းကောင်း ရခဲ့သော အဖြေနှင့် ကျေနပ်ခဲ့ကြပါသည်။ ကျေနပ်ခဲ့ကြခြင်းမှာ ကိုယ့်အလှည့်သို့ ရောက်လာလျှင်လည်း ခံ့ခံ့ညားညားရွတ်ပြနိုင်လေပြီ ဟူသော အမှတ်ဖြင့် ကျေနပ်ခဲ့ကြခြင်း ဖြစ်ဟန်တူပါသည်။ ယခုအခါ၌ကား မြန်မာလို ရိုးရိုးတန်းတန်းပြောပြ၍ ကိစ္စပြီးနိုင်ပါလျက် ခံ့ခံ့ညားညား ရွတ်ပြပြီးမှ ပြောလာလျှင် ကျွန်တော် အင်မတန်ကြောက်ပါသည်။

အတန်ငယ် တွေးတောလာတတ်သောအခါ အဆိုပါ အဖြေနှစ်ခုကို ဆက်စပ်၍တွေးကြည့်မိသည်။ ကဗျာသည် ကဝိ၏ပစ္စည်း ဖြစ်၏။ ကဗျာဖွဲ့တတ်သူသည် ကဝိမည်၏ဟု အဖြေပေးကြပုံမှာ ဦးမဲသည် ကိုဖြူ၏ ယောက္ခမဖြစ်၏။ ကိုဖြူ၏ ယောက္ခမသည် ကိုဖြူ့ဇနီးသည်၏ ဖခင်ဖြစ်၏ဟု ဖြေလိုက်ပုံနှင့် မည်သို့မျှ မခြားသည်ကို တွေးမိလာသဖြင့် ပြုံးမိပါသည်။ ဦးမဲသည် နှုတ်ခမ်းမွေးနှင့်လား၊ အရပ်ရှည်ရှည်လား၊ ပုပုလား၊ သဘောကောင်း၏လား စသည်ဖြင့် သိချင်သောသူအဖို့ ပြုံးမိမည်မှာ မုချဖြစ်ပါသည်။

တစ်ဖန် ကဝိ၏သဘောကိုသိရလျှင် ကဝိ၏ပစ္စည်းဖြစ်သော ကဗျာ၏သဘောကို သိတန်ကောင်း၏ဟု ယူဆ၍ ကဝိ၏သဘောကို ရှာကြည့်ပါသည်။ ကြံ၍သိသောပညာရှိ စိန္တာကဝိ၊ ကြား၍သိသော ပညာရှိ သုတကဝိ၊ အနက်အဓိပ္ပာယ်ကိုမှီ၍ သိသောပညာရှိ အတ္ထကဝိ၊ ထိုးထွင်းသိသောပညာရှိ ပဋိဘာနကဝိ ထိုသို့ဆိုသော် ကဗျာဟုခေါ်ရာ၌ စိန္တာကဝိဟုဆိုသဖြင့် ကြံခြင်းသဘောရှိနိုင်သည်။ သုတကဝိဟုဆိုသဖြင့် ကြားခြင်းသဘော ရှိနိုင်သည်။ အတ္ထကဝိဟုဆိုသဖြင့် အနက်အဓိပ္ပာယ်မှီခြင်းသဘော ရှိနိုင်သည်။ ပဋိဘာနကဝိဟု ဆိုသဖြင့် ထိုးထွင်းခြင်းသဘော ရှိနိုင်သည်။ ထို့ကြောင့် ကဗျာသည် ကြံခြင်း၊ ကြားခြင်း၊ အနက်အဓိပ္ပာယ်မှီခြင်း၊ ထိုးထွင်းခြင်းတို့ဖြင့်ပြီးသော အရာဖြစ်သည်ဟု အဖြေထွက်လာဖွယ် ရှိပါသည်။ ဟုတ်ပြီ။ အဖြေကား ထွက်လာပါပြီ။ ထိုအဖြေကို ကျွန်တော်သည် ပရိသတ်ဗိုလ်ပုံအလယ်၌ ထည်ထည်ဝါဝါ ပြောလိုက်နိုင်ပါသည်။

သို့ရာတွင် ကျွန်တော် မပြောဝံ့ပါ။ အဆိုပါ အဖြေကို ကျွန်တော်သည် မရရလျှင် ရအောင် သုံးချက်တွက်နည်းမျိုးဖြင့် ရှာခဲ့ခြင်းမျှသာ ဖြစ်သည်။ စင်စစ်မှာ ကိုယ့်အဖြေကို ကိုယ်သဘောမပေါက်နိုင်အောင် ရှိနေသောကြောင့် ဖြစ်ပါသည်။ မည်သည့်အရာကို ကြံခြင်းပေနည်း။ မည်သည့်အရာကို ကြားခြင်းပေနည်း။ မည်သည့်အနက်အဓိပ္ပာယ်ကို မှီခြင်းပေနည်း။ မည်သည့်အရာကို ထိုးထွင်းခြင်းပေနည်း၊ ထို့ထက်ပို၍ အရေးကြီးသော အချက်လည်း ရှိပါသေးသည်။ ထိုအချက်သည် အခြားမဟုတ်။ အဆိုပါ အဖြေသည် ကဗျာရေးလိုသူအားလည်းကောင်း၊ ကဗျာလေ့လာလိုသူအားလည်းကောင်း အထောက်အပံ့ပေးနိုင်ပါ၏လော ဟူသော သို့လော၊ သို့လော အချက် ဖြစ်ပါသည်။ စင်စစ်မှာ အဆိုပါ အဖြေသည် နှုတ်ဖြင့် ပြောပြ၍၊ စာဖြင့်ရေးပြ၍ရရုံမျှ ကောင်းသောအဖြေ သာဖြစ်သည်ဟု ထင်ပါသည်။ ဆင်ခြင်ကြည့်ကြပါလေ။

ကျွန်တော် ယခုပေးချင်သော အဖြေသည် ဤသို့ ဖြစ်ပါသည်။ ကဗျာ့သဘောသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဘယ်နည်းဟု ကျွန်တော့်အားမေးလျှင် “ဖန်ပြာခွက်နှင့် ကျောက်စက်ရေ အမောပြေအောင် တိုက်ပါ့မမ” ဟူသော သံချပ်ကိုသာ ထိုးပြလိုက်ချင်ပါသည်။ သကြီန်ရက်များ၌လည်းကောင်း၊ ဝါကျွတ်ရက်များ၌လည်းကောင်း၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတို့သည် အရပ်တကာလှည့်၍ တီးသူ မှုတ်သူတို့ကလည်း အားရပါးရ တီးမှုတ်လေ့ရှိကြသည်။ ကသူကလည်း အားရပါးရ ကလေ့ရှိသည်။ တီရင်း၊ မှုတ်ရင်း၊ ကရင်း၊ ခုန်ရင်း၊ သံချပ်အလှည့်သို့ ရောက်လာသောအခါ အထက်ပါ သံချပ်ကိုလည်း ထိုးလေ့ရှိကြပါသည်။ ထိုသံချပ်ပါ ‘ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ’သည် ကဗျာ့သဘောနှင့် တူသည်ဟု လည်းကောင်း၊ ‘အမောပြေအောင်တိုက်ပါ့မမ’သည် ကဗျာ့ရည်ရွယ်ချက်နှင့် တူသည်ဟုလည်းကောင်း ဆိုချင်ပါသည်။

ရှင်းပြပါမည်။ ‘ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ’သည် ကဗျာ့သဘောနှင့်တူပုံကို ရှေးဦးစွာ ရှင်းပြလိုပါသည်။ ကျောက်စက်ရေ ဆိုသည်မှာ ကျောက်ရေစစ်၌ ရေရှိုးရှိုးကို လောင်းထည့်သဖြင့် ထိုရေရှိုးရှိုးသည် ကျောက်သား၌ တဖြည်းဖြည်းစိမ့်ဝင်၍ တစ်ဖက်မှ တစ်စက်စက်ယိုကျလာသောရေ ဖြစ်သည်မှာ ထင်ရှားပါသည်။ ‘ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ’ဆိုသည်မှာ ဖန်ပြာခွက်ထဲ၌ ထည့်ထားသဖြင့် အတိုင်းသားမြင်နေရသော ဖန်ပြာခွက်ထဲက ကျောက်စက်ရေပင် ဖြစ်သည်။ ဤတွင် ကျောက်စက်ရေသည် စိတ်ကူးဉာဏ်နှင့်တူ၍ ဖန်ပြာခွက်သည် ဖွဲ့နွဲ့ပုံ*နှင့် တူသည်ဟု ဆိုချင်ပါသည်။ ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသော ရသစာပေသည် စိတ်ကူးဉာဏ်၏ အစွမ်းကြောင့် ဖြစ် ပေါ် လာသောစာမျိုး ဖြစ်ရာ ကဗျာ့သဘော၊ ဝတ္ထုသဘော၊ ပြဇာတ်သဘော စသည် တို့သည် စိတ်ကူးဉာဏ်မှ ယိုကျလာရမည်သာ ဖြစ်သည်။ ထိုသို့ဖြစ်လျှင် စာရေးဆရာ၏ စိတ်ထဲသို့ စိတ်ကူးဉာဏ်သည် မည်သို့ဝင်လာပါသနည်း။ လေ့လာကြည့်သင့်ပါသည်။

ကျွန်တော့်အဖို့မှာ ကဗျာအရေး ဝါသနာပါခဲ့သည့်အလျောက် ကျွန်တော်၏ ကဗျာ့အတွေ့အကြုံကို တင်ပြခွင့်ရလျှင် စိတ်ကူးဉာဏ်အကြောင်းလည်း ပါလာနိုင် ကောင်း၏ဟု ယူဆမိပါသည်။ ထို့ကြောင့် တင်ပြခွင့်ပေးကြစေလိုပါသည်။ ယခုတစ်လောတွင် ကျွန်တော်သည် ဗေဒါလမ်း ကဗျာစုအတွက် ကဗျာအသစ်တစ်ပုဒ် ရေးဖြစ်ပါသည်။ ထိုကဗျာသည် အောက်ပါအတိုင်း ဖြစ်သည်။

ပန်းခဲ့သည်ပဲ

*နေလုံးရယ်နီ*
*တိမ်ပန်းချီနေသွေးနဲ့၊ နတ်ရေးသည့်သို့။*
*ဒီအကျပေမို့*
*အလှလတာပြင်က၊ ကျူးရိုးရှင်လှေကလေးနဲ့*
*မျှော်ငေးလိုလို့။*
*သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ။*

---

• ပုံသဏ္ဌာန်ဟုလည်း သုံးပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*ဘယ်ပြောင်းညာပြန်နဲ့*
*ဟိုငါးပျံ လတာစွန်းမှာ၊ သူကျွမ်းဟန်ချည့်။*

*သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ။*
*ဘုတ်မ ခုနစ်သံနဲ့*
*တည်ည် လတာစွန်းမှာ၊ သူ့လွမ်းသံချည့်။*

*အိုအချင်း ကျူရိုးရှင်။*
*သူ့မူရာ သူ့အတင်း၊ မင်းဆိုခဲ့စဉ်။*
*မင့်ကိုယ်လည်း မင်းပင်လျှင်၊ ဘာထင်လို့လေလဲ။*
*မဖေဒါ စုန်ဆန်လမ်းမှာ၊ ပန်းခဲ့သည်ပဲ။*

ထိုကဗျာသည် ကဗျာကောင်းတစ်ပုဒ် ဟုတ်မဟုတ်ကို အပထား၍၊ ထိုကဗျာ မည်သို့ဖြစ်ပေါ်လာရသည်ကို ပြောပြခွင့်ပေးကြလျှင် ကျွန်တော်၏ စိတ်ထဲသို့ စိတ်ကူးဉာဏ် မည်သို့ ဝင်လာသည်ကို တစ်စိတ်အားဖြင့် ရိပ်မိကြအောင် ကျွန်တော် ပြနိုင်မည် ထင်ပါသည်။ ယခုတစ်လောတွင် သတင်းစာများ၌ ကမ္ဘာ့သတင်း မြန်မာ့သတင်းတို့ကို ဂရုတစိုက် ဖတ်မိကြလျှင် စိတ်မောစရာအတော်များများကို တွေ့ကြလိမ့်မည် ထင်ပါသည်။ စိတ်မောစရာဖြစ်လောက်အောင် နိုင်ငံအုပ်စုများသည်လည်းကောင်း၊ လူအုပ်စုများသည်လည်းကောင်း အရေးကိစ္စတိုင်းလိုလို၌ပင် မည်သူ့ကိုမျှ လူမထင်။ ငါ့အတွက် ငါတကောကောနေကြသည်ဟု ကျွန်တော့်စိတ်ထဲတွင် ထင်လာမိသည်။ (ကျွန်တော့်အထင်မျှသာ ဖြစ်ပါသည်) ထိုအခါ ထိုသူတို့၏ အမူအရာများကို တွေးကြည့်၍ ကျွန်တော်တို့ စိတ်မောခြင်း ဖြစ်မိသည်။ ထိုနှင့်အတူ ဤအုပ်စု ထိုအုပ်စုတို့သည် သူတို့ကိုယ်သူတို့ မည်သို့ ထင်နေကြပါလိမ့်ဟူသော အသိလိုလိုအမြင်လိုလိုဖြစ်သည့် အမေးအတွေးတစ်ခုလည်း ကျွန်တော့်စိတ် ထဲသို့ မသိမသာဝင်လာပါသည်။ (ကျွန်တော့်စိတ်ထဲ၌ လှုပ်ရှားခဲ့သည်တို့ကို ကျွန်တော် ပြောပြနေခြင်းမျှသာ ဖြစ်ပါသည်၊ ကျွန်တော်ထင်သကဲ့သို့ ဟုတ်ချင်မှ ဟုတ်မည်) တစ်ဖန် ထိုအတွေးနှင့်အတူ "သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ" ဟူသောကဗျာတိုကလေး တစ်ကြောင်းပင် ကျွန်တော့်နားသို့ ရောက်လာပါသည်။ ကျွန်တော့်အဖို့မှာ ထိုအတွေးနှင့် ထိုကဗျာတို့ကို ရလိုက်သည်မှ၍ သူတို့သည် ကျွန်တော်၏စိတ်ကို အလုပ်ပေးကြပါတော့သည်။ ကျွန်တော်၏စိတ်သည် အငြိမ်မနေနိုင်၊ ရုန်းကန်စပြုပါတော့သည်။

လွန်ခဲ့သော နှစ်နှစ်လောက်မှစ၍ ကျွန်တော်သည် စိတ်ကူးပေါက်တိုင်း ဖေဒါလမ်းကဗျာများကို ထုံ့ပိုင်းထုံ့ပိုင်း ရေးလာခဲ့သည်ဖြစ်ရာ အဆိုပါ ကမ္ဘာ့သတင်း မြန်မာ့သတင်းတို့ကြောင့် ဖြစ်ပေါ်လာခဲ့သော ကျွန်တော့်အတွေးနှင့် ကျွန်တော့်ကဗျာတို့ကိုလည်း ကိစ္စတိုင်းအတွက် အများက လက်ခံနိုင်ကြအောင် ဖေဒါလမ်းကဗျာစု၌ ကျွန်တော်ထည့်ချင်လာပါသည်။ ထိုအခါ ရေးနေကျဖြစ်သော ဒိတက်ဒိကျကိုလည်းကောင်း၊ စုန်တုံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆန်တဲ့ ပြုတတ်သော ဗေဒါပန်းတို့ကိုလည်းကောင်း၊ လတာပြင်ကိုလည်းကောင်း ကျွန်တော် သတိရလာပါသည်။

သို့ရာတွင် "သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ" ဟူသော အတွေးသည် ကျွန်တော် ယခင်က စိတ်မောခဲ့သည့်သဘောအတိုင်း ကျွန်တော့်ကဗျာ၌ ထင်ပေါ်လာအောင် မည်သို့ စီရင်ရပါမည်နည်း။ မည်သို့နေရာချရပါမည်နည်း။ ကျွန်တော့်စိတ်သည် ပို၍လှုပ်ရှားလာပါသည်။ ပို၍ရုန်းကန်လာပါသည်။ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၌ပင် အခွင့်ရသည့်အခါတိုင်း လှုပ်ရှားရုန်းကန်တတ်ပါသည်။ ထွက်ပေါက်ရှာနေသူကဲ့သို့ ဖြစ်ရပါသည်။ ဒီချောင်းဒေသ၌ ကျွန်တော် သဘောကျခဲ့ဖူးသည့် အမှုအရာတို့ကို စိတ်မျက်စိဖြင့် လိုက်ကြည့်ပါသည်။ အသံတို့ကို စိတ်နားဖြင့် လိုက်နားထောင်ကြည့်ပါသည်။ ကြိုက်သည်ကိုလည်း တွေ့ရသည်။ မကြိုက်သည်ကိုလည်း တွေ့ရသည်။

ထိုသို့ ရုန်းကန်နေရင်း တစ်ခါသော် လတာပြင်၌ ခုန်တတ် ပေါက်တတ်သော ငါးပျံကိုလည်းကောင်း၊ အဆက်မပြတ်အော်တတ်သော ဘုတ်ငှက်ကိုလည်းကောင်း၊ ကျွန်တော် သတိရလာပါသည်။ ငါးပျံနှင့် ဘုတ်ငှက်တို့သည် မည်သူ့ကိုမျှ ဂရုမစိုက်၊ သူတို့အစွမ်းကိုသာ သူတို့ပြ၍ ငါတကော ကောနေကြဟန် ဖွဲ့လိုက်လျှင် "သူ့ကိုယ်သူလျှင် ဘာထင်လေမသိ" ဟူသော အတွေးသည် ထင်ပေါ်အံ့ဟု ယူဆ၍ ယူဆသည့်အတိုင်း ဖွဲ့ရန်၊ ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ သို့ရာတွင် ကျွန်တော့်စိတ်ထဲ၌ အားမရသလိုလို ဖြစ်နေပါသေးသည်။ ကိုယ့်အစွမ်းကိုသာ ကိုယ်ပြနေကြသော ငါးပျံနှင့် ဘုတ်ငှက်တို့ကို ဖွဲ့လိုက်ရုံမျှဖြင့် ကျွန်တော့် အတွေးသည် ထင်ပေါ်လာကောင်းပါ၏။ သို့ပါသော်လည်း ကြွတက်လာအောင် ပြုနိုင်ဦးမှ ကောင်းမည်။ တစ်ခုခုဖြင့် အားဖြည့်ပေးစရာလိုနေသေးသည်ဟု အထင်ရောက်လာပါသည်။ လတာပြင်၌ ငါးပျံဆော့ချင်တိုင်း ဆော့နေသည်ကို မြင်ကြည့်သည်။ ဘုတ်ငှက် ဆူချင်တိုင်း ဆူနေသည်ကို ကြားကြည့်သည်။ မျက်စိရှုပ်လာသည်။ နားငြီးလာသည်။ ထိုအခိုက်တွင် ကျွန်တော် ကြည်နူးခဲ့ဖူးသော ညနေ၊ နေစောင်းချိန် နေလုံးနီနီကို ကျွန်တော် သတိရလာသည်။

နေနီနီရှုခင်းသည် မမို့နဲ့တမို့နဲ့လည်းဖြစ်သည်။ ငြိမ်လည်းငြိမ်သည်။ အနီရောင်သန်းနေသော တိမ်တို့နှင့် လှလည်းလှသည်။ သူ့ကို နောက်ခံကားအဖြစ် ထည့်လိုက်လျှင် ဆော့ချင်တိုင်းဆော့နေပုံ၊ ဆူချင်တိုင်း ဆူနေပုံတို့သည် ကြွတက်လာနိုင်စရာအကြောင်း ရှိသည်။ နေလုံးနီနီသည် ကြည်နူးစရာ ဖြစ်သင့်သည်။ ကြည်နူးစရာနောက်ခံတွင် ငါးပျံနှင့် ဘုတ်ငှက်တို့၏ အမူအရာများသည် မေးငေါ့စရာဖြစ်သင့်ကြသည်။ ကျွန်တော်သည် ထိုသို့ယူဆ၍၊ ယူဆသည့်အတိုင်း ဆုံးဖြတ်လိုက်ပြန်သည်။ ထိုအခါကျမှ ကျွန်တော့်စိတ်ရုန်းကန်မှုသည် ငြိမ်သလိုလို ဖြစ်လာ၍ ထွက်ပေါက်ရလိုက်ဘိသကဲ့သို့ ဖြစ်လာပါသည်။ ထိုအခါကျမှပင် ရေးရန်အားထုတ်ပါတော့သည်။ ရေးရန်အားထုတ်သောအခါ ရုန်းကန်မှုအသစ်ကို တွေ့ရပြန်ပါသည်။ သို့ရာတွင် ထိုရုန်းကန်မှုသည် အတွေးရုန်းကန်မှုမဟုတ်။ ပုံပေါ်အောင် ဖော်ရသည့် အရေးရုန်းကန်မှုသာ ဖြစ်ပါသည်။

ရှေးဦးစွာ ပုံကြမ်းကို လောင်းလိုက်သည်။ ရပြီ။ သို့ရာတွင် အချောမကိုင်ရသေးခင်ပင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိုယ့်စာကို ကိုယ်သဘောမကျနိုင်သလိုလို ဖြစ်လာပါသည်။ ပုံကြမ်းကို သဘောမကျ၍မဟုတ်၊ ပုံကြမ်းကို အချောကိုင်လိုက်လျှင် ချောလာမည်မှာ သေချာပါသည်။ ကိုယ့်အတွေးကို ကိုယ်သဘောမကျနေခြင်းသာ ဖြစ်ပါသည်။ "သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ"ဟု သူတစ်ပါးကိုသာ ငါကဲ့ရဲ့နေခြင်းသည် မှန်နိုင်ပါမည်လော။ သင့်နိုင်ပါမည်လော။ ကျွန်တော် တွေဝေခြင်း ဖြစ်ခဲ့သည်။ ထို့ကြောင့်အခြေမခိုင်သေး၊ ဆိုင်းထားလိုက်သည်။

အရေးကိုသာ ဆိုင်းလိုက်ရသည်။ အတွေးကား တဒိုင်းဒိုင်း မြည်လာပြန်ပါသည်။ ယခင်က ထွက်ပေါက်မှ ထွက်လာနိုင်ခဲ့သော ကျွန်တော်သည် အတွေးနယ်ထဲသို့ ပြန်ဝင်ချင်လာပါသည်။ ဝင်လည်း ဝင်ခဲ့သည်။ သွားရင်း လာရင်း လုပ်ရင်း ကိုင်ရင်း အခွင့်ရတိုင်း ဝင်ခဲ့သည်။ ဝင်တိုင်း ဝင်တိုင်း၌ သူတစ်ပါး ငါတကော ကောနေသည်ကိုသာ ငါက ကဲ့ရယ်နေသည်မှာ မှန်၏လော။ သင့်၏လော။ ကျွန်တော့်စိတ်သည် ရှန်းကန်နေပြန်သည်။ နှစ်ရက်မျှပင် ရှန်းကန်ခဲ့ရသည်ဟု ထင်ပါသည်။ နှစ်ရက်အကြာတွင် "သူတစ်ပါးကိုသာ ငါက ကဲ့ရယ်ချင်ရသည်မှာ၊ ငါတကော ငါ့ကိုယ်ငါ ဘာထင်နေလို့လဲ"ဟူသော အသိကို ရလာပါသည်။ ကျွန်တော်ဝမ်းသာ၍မဆုံးပြီ။ ဝမ်းသာခြင်း ဖြစ်လိုက်သည်မှာ အခြားကြောင့်မဟုတ်ပါ။ ဤအသိသည်လည်း စိတ်မောစရာတစ်မျိုးပါတကားဟု ငိုအားထက်ရယ်အားသန်လိုက်မိသောကြောင့် ဖြစ်ပါသည်။ ဟုတ်သည်။ ငါ့အသိသည် မှန်လာပြီ။ သင့်လာပြီဟု ဆုံးဖြတ်လိုက်ပြန်သည်။ ထွက်ပေါက်ရလိုက်ပြန်သည်။ ထိုမှစ၍ ရေးလက်စပုံကြမ်းကို ဆက်ကိုင်နိုင်၍ နောက်ဆုံးတွင် ကျွန်တော့်စိတ်တိုင်းကျ ရလာပါသည်။ ဤသို့ဖြင့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတို့ကြောင့် ကျွန်တော်တစ်ဦးတည်း၌သာ ဖြစ်ပေါ်ခဲ့သော စိတ်မောခြင်း၊ စိတ်လှုပ်ရှားမှုတရားသည် လှုပ်ရင်း ရှားရင်း ရှန်းရင်း ကန်ရင်း ပွားများလာကာ စိတ်ကူးဉာဏ်ဘဝကို ရလာသည်ဟု ထင်မိပါသည်။ ထို့ပြင် ထိုစိတ်ကူးဉာဏ်ကပင် နေလုံးနီနီကိုလည်းကောင်း၊ ကျူရိုးရှင်မျှော်ငေးနေပုံကိုလည်းကောင်း၊ ထိုအခါ လတာပြင်ဝယ် ငါးပျံကလည်း ကျွမ်းကိုချည်းပစ်ပြနေပုံကိုလည်းကောင်း၊ ဘုတ်မကလည်း အလွမ်းကိုချည်း ဟစ်ပြနေပုံကိုလည်းကောင်း၊ ထိုအခါ ကျူရိုးရှင်သည် နေနီနီအလှ၌ ကြည်နူး၍ မရနိုင် ဖြစ်လာသဖြင့် ငါးပျံနှင့် ဘုတ်မတို့ကို ကဲ့ရဲ့လိုက်ပုံကိုလည်းကောင်း၊ ထိုအခါ ဗေဒါက ကျူရိုးရှင်ကို ဝေဖန်လိုက်ပုံကိုလည်းကောင်း၊ ဖန်တီး၍ ဇာတ်လမ်းဆင်နိုင်ခဲ့သည်ဟုလည်း ထင်မိပါသည်။ ဤကား'နေလုံးရယ်နီ'ချီ ဗေဒါလမ်း ကဗျာအတွက် ကျွန်တော်၏စိတ်၌ စိတ်ကူးဉာဏ်ဝင်လာပုံကို တင်ပြခြင်း ဖြစ်ပါသည်။

အထက်ပါ တင်ပြချက်သည် အထက်ပါ ကဗျာတစ်ပုဒ်နှင့်ဆိုင်သော စိတ်ကူးဉာဏ် ဖြစ်ပေါ်လာပုံအကြောင်း သက်သက်သာ ဖြစ်ပါသည်။ ထိုသို့ဆိုရခြင်းမှာ စိတ်ကူးဉာဏ်ဝင်လာပုံအရာတွင် စာရေးဆရာ တစ်ဦးနှင့်တစ်ဦး တူချင်မှ တူပေလိမ့်မည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။ ထိုမျှသာမကသေးပါ။ စာရေးဆရာတစ်ဦးတည်း၏ စာများအနက် စာတစ်ပုဒ်အတွက် စိတ်ကူးဉာဏ်ဝင်လာပုံနှင့်၊ အခြားတစ်ပုဒ်အတွက် ဝင်လာပုံတို့သည် တူချင်မှ တူကြလိမ့်မည်ဟု ယူဆသောကြောင့်လည်း ဖြစ်ပါသည်။ သို့ရာတွင် အထက်ပါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကဗျာတစ်ပုဒ်အတွက် စိတ်ကူးဉာဏ် ဝင်လာပုံအကြောင်းကို ထောက်၍ စိတ်ကူးဉာဏ်၏ ယေဘုယျသဘောကိုကား မှန်းကြည့်နိုင်သည်ဟု ယူဆမိပါသည်။ မှန်းကြည့်ရအောင်။

အထက်ပါ စိတ်ကူးဉာဏ် ဝင်လာပုံကို ဆင်ခြင်ကြည့်လျှင် (၁) အာရုံအမှုအရာ တစ်ခုခုကို မြင်ရ ကြားရ သိရလျှင်သော်လည်းကောင်း၊ အရေးကိစ္စတစ်ခုခုနှင့် ကြုံရလျှင်သော်လည်းကောင်း၊ ခံစားမှုတရား တစ်ခုခု ဖြစ်ပေါ်လာတတ်သည်မှာ သိသာပါသည်။ (၂) ခံစားမှု တရား ဖြစ်ပေါ်လာလျှင် စိတ်ချမ်းသာသော ခံစားမှုကြောင့်သော်လည်းကောင်း၊ စိတ်ဆင်းရဲသော ခံစားမှုကြောင့်သော်လည်းကောင်း၊ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း၊ ကရုဏာဖြစ်ခြင်း၊ စက်ဆုပ်ခြင်း၊ အားတက်ခြင်း၊ စိုးရိမ်ခြင်း၊ အံ့သြခြင်း၊ ငြိမ်းချမ်းခြင်း စသော စိတ်လှုပ်ရှားမှု တရားတစ်ခုခုသည် အကြောင်းအားလျော်စွာပေါ်လာတတ်သည်မှာ သိသာလှပါသည်။ (စိတ်လှုပ်ရှားမှုတရားကို ကဗျာ့ဝေါဟာရအားဖြင့် ဘာဝစိတ်ဟု ဆိုကြပါသည်။) (၃) စိတ်လှုပ်ရှားမှုတရား ပေါ်လာသည်နှင့် တစ်ပြိုင်နက် စိတ်ကူးဉာဏ်ရှိသော စာရေးဆရာ၏စိတ်တွင် ဘဝအသိ *တစ်ခုခုရလာသလိုလို ဖြစ်သည်ဟု ထင်ရပါသည်။ (၄) ထိုအခါမျိုးတွင် ထိုစာရေးဆရာ၏စိတ်၌ နောက်ထပ် လှုပ်ရှားလာတတ်သေးသည်မှာ ယခင်က မမှတ်မိဘူးလိုလိုနှင့် မှတ်မိနေတတ်သော၊ သို့မဟုတ် မှတ်ဉာဏ်တစ်နေရာရာ၌ ခိုနေ၊ အောင်းနေ၊ ငုပ်နေတတ်သော ရုပ်ဆင်းသဏ္ဌာန် အသံ စသည်တို့သည်လည်းကောင်း၊ ကံသုံးပါး အမူအရာတို့သည်လည်းကောင်း၊ အဖြစ်အပျက်တို့သည်လည်းကောင်း ဘာဝစိတ်ကိုမှီ၍ ဝိုးတဝါးပေါ်လာတတ်ကြသည်ဟု ထင်ရပါသည်။ (ထိုသို့ ဝိုးတဝါးပေါ်လာတတ်ကြသည်ကို အနုသဿတိ သတိတရားဟု ဆိုကြပါစို့) (၅) ထို့နောက် ထိုစာရေးဆရာ၏စိတ်၌ ထိုသတိတရားတို့သည် ဘာဝစိတ်၏ အင်အားကောင်းသလောက် ပွားများလာတတ်၍၊ ပုံသစ် အသွင်သစ်ကိုယူရန် ရုန်းကန်တတ်ကြသည်ဟု ထင်ရပါသည်။

ထို့ကြောင့် ရသစာပေဆိုင်ရာ (အနုပညာအမျိုးမျိုးနှင့်လည်း ဆိုင်သည်ဟု ထင်ပါသည်) စိတ်ကူးဉာဏ်ဆိုသည်မှာ ခံစားသောစိတ် အတွေ့အကြုံကိုလည်းကောင်း၊ လှုပ်ရှားသောစိတ် အတွေ့အကြုံကိုလည်းကောင်း၊ ဘဝအသိရလာသလိုလိုဖြစ်သော စိတ်အတွေ့အကြုံကိုလည်းကောင်း၊ မှတ်မိသတိရသော စိတ်အတွေ့ကြုံကိုလည်းကောင်း၊ သတိတရားပွားများသော စိတ်အတွေ့အကြုံကိုလည်းကောင်း ဖြတ်သန်းလာခဲ့ရသောဉာဏ်မျိုး ဖြစ်သည်ဟု ထင်ပါသည်။ ထိုသို့ ဖြတ်သန်းခဲ့ပြီးသည့်နောက်တွင် စိတ်ကူးဉာဏ်သည် အလုပ်အမျိုးမျိုးကို လုပ်ရပါတော့သည်။ စာရေးဆရာ၏ ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန်ဖြစ်အောင် အားထုတ်ရှာသည်။ ဘာဝစိတ်ကို ပုံဖော်ရန်အလို့ငှာ အနုသဿတိ သတိတရားများအနက် ပယ်တန်သည်ကိုပယ်၍၊ ယူတန်သည်ကိုယူပြီးနောက် ယူသော သတိတရားတို့ကို ရှေ့သွားနောက်လိုက်ညီအောင် စီစဉ်၍လည်းကောင်း၊ အမြီးအမောက်တည့်အောင် ပြုပြင်၍လည်းကောင်း၊ နေရာချပေးခြင်း၊ စည်းရုံးပေးခြင်းတို့ကို ပြုပေးရှာသည်။ ထိုမျှသာမကသေးပါ။ တစ်ခါတစ်ရံ စာရေးဆရာသည် သူ၏ဘာဝစိတ် တစ်ဖက်သတ်ကျနေသည်ကို မြင်လာသဖြင့်

*ခံစားမှုဟုလည်း သုံးပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မကျေမနပ် ဖြစ်လာတတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်ကူးဉာဏ်သည် တစ်ဖက်သတ် မကျအောင် လမ်းမှန်သို့ ပို့ပေးရရှာပါသည်။ တစ်ခါတစ်ရံ ပါသွားတတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်ကူးဉာဏ်သည် လိုက်၍ ဆယ်ပေးရရှာပါသည်။

အချုပ်ကိုဆိုရသော် ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်ဆိုသည်မှာ တောရောက်တောင်ရောက် လွင့်တတ်သော စိတ်မျိုးမဟုတ်။ ဘဝအတွေ့အကြုံ၊ စိတ်ခံစားလှုပ်ရှားမှု *ဘဝသတိ၊ ဘဝအသိတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ်မျိုးသာ ဖြစ်သည်ဟု ယူဆအပ်ပါသည်။ အထိန်းအမကောင်းလျှင် ကောင်းသလောက် စိတ်ကူးဉာဏ် ထက်မြက်နိုင်သည်ဟု ထင်ပါသည်။ အထိန်းအမညံ့လျှင် ညံ့သလောက် ယုံတမ်းဉာဏ်ဘက်သို့ ယိုင်သွားနိုင်၍ စိတ်ကူးယဉ်အခြေသို့ တန်းလျှောသွားနိုင်သည်ဟု ထင်ပါသည်။ ထိုသို့ဆိုသဖြင့် ယုံတမ်းဉာဏ်သည်အဖိုးမထိုက်ဟု မဆိုလိုပါ။ ရသစာပေအရာတွင် သူ့နေရာနှင့်သူ အလိုက်အထိုက် တန်ဖိုးရှိသည်ဟု ယူဆသင့်ပါသည်။ ထိုမျှလောက်ဖြင့် စိတ်ကူးဉာဏ်သည် ကျောက်စက်ရေကဲ့သို့ စိမ့်ဝင်လာသောသဘောရှိပုံ၊ သို့မဟုတ် ကျောက်စက်ရေနှင့်တူပုံ ထင်ရှားသိသာပြီဟု ထင်ပါသည်။

ဖန်ပြာခွက်အကြောင်းကို ဆက်ကြဦးစို့။ ဖန်ပြာခွက်သည် ဖွဲ့နွဲ့ပုံနှင့်တူကြောင်း ဆိုခဲ့ပြီ။ စင်စစ်မှာ ကဗျာ့သဘော (ရသစာပေသဘော) ကို ဖန်ပြာခွက်၌ အတိုင်းသားမြင်နေရသော ကျောက်စက်ရေနှင့် ခိုင်းနှိုင်းခဲ့သည်ဖြစ်ရာ ကဗျာ့သဘောဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဖွဲ့နွဲ့ပုံ၌ အံကျဝင်နေသော စိတ်ကူးဉာဏ်နှင့်၊ စိတ်ကူးဉာဏ် အံကျဝင်နေရာဖြစ်သော ဖွဲ့နွဲ့ပုံတို့ မကွဲမပြား တစ်သားတည်းဖြစ်၍ ရပ်တည်နေသောသဘောကို ဆိုလိုရင်း ဖြစ်ပါသည်။ ထိုကြောင့် ဖွဲ့နွဲ့ပုံနှင့် စိတ်ကူးဉာဏ်တို့သည် ခွဲ၍မရစကောင်းသော အရာနှစ်ခု ဖြစ်သည်ဟု ယူဆအပ်ပါသည်။ သို့ရာတွင် ခွဲ၍ရနိုင်ဘိသကဲ့သို့ ခွဲကြည့်ရအောင်။ ခွဲကြည့်လျှင် ဖန်ပြာခွက်သက်သက်ကို ရနိုင်သကဲ့သို့ ဖွဲ့နွဲ့ပုံသက်သက်ကို ရနိုင်ပါသည်။ ဖွဲ့နွဲ့သည်ဆိုခြင်းသည် အပြောဖြင့်သော်လည်းကောင်း၊ အရေးဖြင့်သော်လည်းကောင်း ကိုယ့်စိတ်ရှိသောသဘောကို သူ့နား၊ သူ့စိတ်သို့ရောက်အောင်ပို့ခြင်း ဖြစ်ပါသည်။ ထိုအခါစကားသည် စာရေးဆရာ၏ တန်ဆာပလာဖြစ်သဖြင့် ထိုတန်ဆာပလာကို အသုံးပြုတတ်ရေးအတွက် (၁) အနက်ကိုမှန်အောင် ဖော်နိုင်ဖို့ကိစ္စတွင် သဒ္ဒါနည်းဟူ၍ရှိသည်။ ဝါကျဖွဲ့နည်းဟူ၍ ရှိသည်။ ကဗျာအတွက်ဖြစ်လျှင် ကဗျာစပ်နည်းဟူ၍လည်းရှိသည်။ (၂) အနက်ကို ပြေပြစ်အောင် ဖော်နိုင်ဖို့ကိစ္စတွင် ဒေါသဟူ၍ရှိသည်။ ဂုဏ်ဟူ၍ရှိသည်။ ယေဘုယျအားဖြင့် သဒ္ဒါလင်္ကာရ၌ အကျုံးဝင်သည်။ (၃) အနက်ဆန်းကြယ်အောင် ဖော်နိုင်ဖို့ကိစ္စတွင် ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ စသော အတ္ထာလင်္ကာရတို့ ရှိကြသည်။ သဒ္ဒါအကြောင်း၊ သဒ္ဒါလင်္ကာရအကြောင်း၊ အတ္ထာလင်္ကာရအကြောင်းတို့သည် ရှေးခေတ်ရေး၊ နှောင်းခေတ်ရေး သက်ဆိုင်ရာ မြန်မာကျမ်းများ၌လည်းကောင်း၊ အင်္ဂလိပ်ဘာသာ အစ ရှိသော ဘာသာခြားကျမ်းများ၌လည်းကောင်း ရှိကြပြီဖြစ်သဖြင့် ထိုအကြောင်းတို့ကို ဤနေရာ၌ ပြောပြဖို့ မလိုတော့ပြီ။ သိလို၍ ဖတ်ကြည့်ကြလျှင် နားလည်နိုင်ကြပါသည်။

*ခံစားမှုဟုလည်း သုံးပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ရာတွင် သတိပြုစေလိုသော အချက်တစ်ခု ရှိပါသည်။ ထိုအချက်သည် အခြား မဟုတ်။ ဆိုခဲ့သော သဒ္ဒါနည်း၊ သဒ္ဒါလင်္ကာရနည်း၊ အတ္ထာလင်္ကာရနည်းတို့ကိုသိ၍ ကျွမ်း ကျင်လိမ္မာစွာ သုံးတတ်စေကာမူ စိတ်ကူးဉာဏ်မရှိလျှင် ထိုသူသည် ကဗျာဆရာမဖြစ်နိုင်၍

ထိုသူ၏ စာသည်လည်း ကဗျာအဖြစ် မရပ်တည်နိုင် ဟူသော အချက် ဖြစ်ပါသည်။ ဖြစ်နိုင်သည်ဟုဆိုလျှင် ထိုသူသည် ကာရန်သမားမျှသာ ဖြစ်နိုင်၍၊ ထိုသူ၏ စာသည်လည်း နည်းအမျိုးမျိုးသုံးထားသော ကာရန်စာမျှသာ ဖြစ်နိုင်သည်ဟု ထင်ပါသည်။ ဥပမာ– ပကတိပန်းကဲ့သို့ မလှနိုင်၊ စက္ကူပန်းကဲ့သို့သာ လှနိုင်သည်ဟု ဆိုချင်ပါသည်။ စင်စစ်မှာ စိတ်ကူးဉာဏ်ကောင်းသော ရှေးစာရေးဆရာကြီးများ၏ စာများသည် ကနဦးကပင် ရှိခဲ့ကြ သည်။ ဆိုခဲ့သောနည်းများ ရှိလာကြသည်မှာ ထိုစာရေးဆရာကြီးများ၏ စာများမှ ကောင်း နိုးရာရာတို့ကို စံအဖြစ်ထုတ်၍ စည်းကမ်းပြုခဲ့ကြသောကြောင့်ဖြစ်သည်။ တစ်နည်းဆိုသော် စာသည် ရှေ့ဆောင်ဖြစ်၍ နားသည် နောက်လိုက်သာ ဖြစ်သည်ဟု ဆိုပါသည်။ ထို့ ကြောင့် စိတ်ကူးဉာဏ်ကောင်းသူဖြစ်လျှင် သူရေးသောစာသည် သူ့အလိုအလျောက် စာကောင်းအဖြစ်ကို ရနိုင်ပါသည်။ ဤကား ဓမ္မတာကို ပြောရခြင်း ဖြစ်သည်။ သို့ရာ တွင် နည်းတို့ကိုလည်း နားလည်ထားသည်ဖြစ်လျှင် ကြိုတင်ပြင်ဆင်မှု ရှိထားသကဲ့သို့ ဖြစ်နိုင်ပါသည်။ ထို့ထက် အရေးကြီးသောအချက်မှာ ရသစာပေသည် လူ့အမှုအရာ၊ လောကအမှုအရာတို့ကို ဖွဲ့တတ်သောစာမျိုး ဖြစ်သဖြင့် မည်သည့်လူမျိုး စာရေးဆရာက ရေးရေး၊ မည်သည့်ဘာသာစကားဖြင့်ရေးရေး၊ အဓိကအားဖြင့် တစ်သဘောတည်းသာ ဖြစ်သည်ဟူသောအချက် ဖြစ်ပါသည်။ ထိုအချက်ကို လက်မခံနိုင်ဟုမြင်လျှင် ထိုအမြင် သည် ကျဉ်း၍ မသင့်ဟု ဆိုချင်ပါသည်။ ထိုအချက်ကို လက်ခံနိုင်သည်ဟုမြင်လျှင် ထိုအမြင်သည် ကျယ်၍ သင့်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် စာကောင်းဟူသမျှကို ဖတ်ရှုလေ့လာစေချင်ပါသည်။ ဖတ်ရှုလေ့လာနိုင်လျှင် အသိကျယ်ဝန်းမှုကို ရနိုင်သည်။ အသိကျယ်ဝန်းမှုကိုရလျှင် အမြင်သစ်ကိုမြင်၍၊ အတွေးသစ်ကိုတွေး၍၊ အရေးသစ်ကို ရေးနိုင်ကြစရာ အကြောင်းရှိပါသည်။ ဤနည်းအားဖြင့် ကိုယ့်စာပေကို တစ်ထစ်တက်လာ အောင် သို့မဟုတ် တစ်ရစ်တိုးလာအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဤကား စကားချပ်။

ဖွဲ့နွဲ့ပုံကို ဖွဲ့နွဲ့ပုံသက်သက်အဖြစ် ခွဲကြည့်သောအခါ သဒ္ဒါနည်း ၊ ဝါကျဖွဲ့နည်း စသည်ဖြင့် နည်းအမျိုးမျိုးရှိသည်ကို သိခဲ့ကြပြီ။ ထို့နောက် ဖွဲ့နွဲ့ပုံကို ကဗျာ့သဘော ၏အစိတ်အပိုင်းတစ်ခုအဖြစ်ဖြင့် သို့မဟုတ် စိတ်ကူးဉာဏ် အံကျဝင်နေရာဖြစ်သောဖွဲ့နွဲ့ ပုံအဖြစ်ဖြင့် ဆင်ခြင်စရာရှိပေသေးသည်။ ကျွမ်းကျင်မှုလည်းရှိ၍ စိတ်ကူးဉာဏ်လည်း ရှိသော ကဗျာဆရာတစ်ဦးသည် ကဗျာရေးပြီ ဆိုကြပါစို့။ ထိုအခါ ထိုဆရာသည် မရေး ခင်၌သော်လည်းကောင်း၊ ရေးစဉ်၌သော်လည်းကောင်း ဆိုခဲ့သောနည်းအမျိုးမျိုးကို ထည့်၍ စဉ်းစားပါသလော။ ဥပမာ ထိုဆရာသည် သူစုဆောင်းမှတ်သားထားသော သို့မဟုတ် သူ အလွတ်ကျက်မှတ်ထားသော စကားစုမှထုတ်ကာ ဤနေရာတွင်စကားခံကို သုံးလိုက်မည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုနေရာ၌ စကားယဉ်ကို သုံးလိုက်မည် စသည်ဖြင့် တွေး၍ စာရေးပါသလော။ ဤနေရာတွင် ဘီလူးရယ်စပ်နည်းကိုသုံး၍ ထိုနေရာတွင် ဦးတိုက်စပ်နည်းကို သုံးလိုက်မည် စသဖြင့် တွေး၍ စာရေးပါသလော။ ဤနေရာတွင် ပဒါသတ္တိဂုဏ်ကိုသုံး၍ ထိုနေရာတွင် ရူပကအလင်္ကာကို သုံးလိုက်မည် စသည်ဖြင့် တွေး၍ စာရေးပါသလော။ ကျွန်တော့်အထင်မှာ ထိုဆရာသည် ထိုသို့တွေး၍ စာရေးလိမ့်မည်မဟုတ်ပါ။ သူ့စိတ်၌ ဖြစ်ပေါ်လာကြသော ခံစားမှုတရား၊ လှုပ်ရှားမှုတရား စသည်တို့ကြောင့် သူ့မှာ ရုန်းကန်နေရရှာသဖြင့် ထိုထိုသောနည်းတို့ကို သူတွေးနိုင်လိမ့်မည် မဟုတ်ပါ။ ထိုသို့မဟုတ်လျှင် ထိုဆရာသည် မည်သို့ရေးပါသနည်း။ ကျွန်တော့်အထင်မှာ ထိုဆရာ၌ စကားရလာခြင်း၊ ဝါကျချောလာခြင်း၊ သဒ္ဒါလင်္ကာရပေါ်လာခြင်း၊ အတ္ထာလင်္ကာရထင်လာခြင်းတို့သည် သူ့စိတ်ကူးဉာဏ်ကြောင့်သာ ဖြစ်လာကြရသည်ဟု ထင်ပါသည်။ တစ်နည်းဆိုရသော် သူ့စိတ်ကူးဉာဏ်ကသာ ဖန်တီးပေးသည်ဟု ဆိုနိုင်ပါသည်။

ဥပမာ–စကားရပုံနှင့်ပတ်သက်၍ "တဗူးတဗယ်ဗယ်နှင့် နွားသူငယ် မိခင်ပျောက်ရှာရှော့ထင့်၊ ဆင်းရေသောက်လမ်း"ကို စစ်ကြည့်ရအောင်။ ထိုတေးသည် ကျေးရွာရှုခင်းတစ်ခုကို ဖွဲ့ဆိုထားသောစာ ဖြစ်သည်။ မြစ်ကမ်းပါးတွင် နွားများ ရေသောက်ဆင်းရာလမ်း၌ နွားငယ် တစ်ကောင်သည် တဗူးတဗယ်ဗယ်အော်ကာအော်ကာ သူ့မိခင်ကိုရှာနေပုံ ဖြစ်သည်။ ထိုတေးတွင် အဖြစ်အပျက်ကိုယ်တိုင်ကပင် ကရုဏာသက်ဖွယ် ဖြစ်နေသည်မှာ ထင်ရှားပါသည်။ 'နွားသူငယ်'ဟူသော စကားကို ကြားလိုက်ရသူအဖို့မှာ ကရုဏာသဘောသည် တိုးလာစရာ ဖြစ်ပါသည်။ ဤတွင် ထိုစကား၌ သတ္တိထူးရှိသည်ဟု ထင်ပါသည်။ ထိုတေးကို ရေးသူသည် ထိုစကားကို မည်သို့ရသနည်း။ လုပ်ကြံရှာဖွေ၍ရသလော။ စိတ်ကူးဉာဏ်ကြောင့် ရသလော။

စကားပြောကြရာတွင်၊ ကြားသူ၌ စကား၏ အနက်သက်သက်သာထင်အောင် ပြောခြင်းမျိုး လည်းရှိသည်။ ကြားဖူး မြင်ဖူး ကြုံဖူး သိဖူးသော အာရုံတစ်ခုခုကို သတိရသလိုလိုဖြစ်စေ၍ စိတ်လှုပ်ရှားမှုကိုပါ ဖြစ်စေသော အနက်ထင်အောင် ပြောခြင်းမျိုးလည်း ရှိသည်ဟု ဆိုကြပါသည်။ 'အပြောရိုင်းသူ'ဟု ပြောရာ၌ ထိုစကား၏အနက်သည် အနက်သက်သက်သာဖြစ်၍ ထိုအနက်ကို အနက်ရိုးဟု ခေါ်ကြပါစို့။ "နှုတ်ဖွေဆိုးသူ"ဟု ပြောလိုက်သောအခါ၊ ကြားရသူသည် နွား မြင်းတို့၏ ပါပလက္ခဏာဖြစ်သော ဖွေဆိုးကို သတိရ၍ စက်ဆုပ်ရွံရှာသော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်။ ထိုသဘောသည် အနက်ရိုးကို အကြောင်းပြု၍ ဂယက်ရိုက်လာသောသဘော ဖြစ်ပါသည်။ ထိုသဘောရှိသောအနက်ကို ဂယက်အနက်* (အန္တောဂဓအနက်ဟုလည်းခေါ်သည်) ဟု ခေါ်ကြပါစို့။ ဤတွင် ထိုဂယက် အနက်ထွက်အောင် ပြောနိုင်ခြင်း၏ အကြောင်းရင်းသည် စက်ဆုပ်ရွံရှာခဲ့သော ပြောသူ၏ စိတ်ကူးဉာဏ်ကြောင့် ဖြစ်သည်ဟု ယူဆသင့်ပါသည်။

အထက်ပါတေး၌ပါသော 'နွားသူငယ်'စကားတွင်လည်း 'နှုတ်ဖွေဆိုးသူ' စကားမှာကဲ့သို့ပင် ဂယက်အနက်ရှိသည်ဟု ယူဆပါသည်။ 'နွားသူငယ်'ဟု ဆိုရာ၌ 'သူငယ်'

*တွဲဖက်အနက်ဟုလည်း ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟူသော စကားကို ကြားရသူသည် လူသားဖြစ်သော သားငယ် သမီးငယ်တို့ကို သတိရ၍ ကရုဏာသက်သော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်။ တစ်ဖန် တေးရေးသူသည် ထိုစကားကို မရခင်ကပင် ကရုဏာသက်ခြင်း၊ စိတ်လှုပ်ရှားမှုရှိခဲ့၍ သားငယ် သမီးငယ်တို့ကို သူ့စိတ်မျက်စိ၌ မြင်ခဲ့ရာသည်။ ထို့ကြောင့် 'နွားသူငယ်'ဟူသော စကားသည် ကရုဏာသက်ခြင်းဖြစ်ခဲ့သော တေးရေးသူ၏ စိတ်ကူးဉာဏ်ကြောင့် ဖြစ်လာရသည်ဟု ယူသင့်ပါသည်။ ဤသို့ဖြင့် 'နွားသူငယ်'စကားကို တေးရေးသူရခြင်း ဖြစ်ခဲ့သည်ဟု ထင်ပါသည်။

တစ်ခါတစ်ရံ အနက်ရိုးစကားပင် ဖြစ်စေကာမူ ထိုစကားကို သုံးတတ်ပါက ထိုစကားမှ ဂယက်အနက် ထွက်လာနိုင်၍ ထိုဂယက်အနက်ကြောင့် တေးတစ်ပုဒ်လုံးသည် စိုစိုပြည်ပြည်ဖြစ်လာတတ်သည်ကို တွေ့ရပါသည်။ 'ရွှေဘိုမြို့အဝင်၊ ကျွန်းဖိုနှစ်ပင်။ ကျွန်းဖိုနှစ်ပင်၊ ရှင်အောင်မွေးပါ့၊ မယ်နဲ့မောင် အလှူပေး၊ ဝဲတိုင်ဖို့လေး"ဟူသော တေးတွင် 'မွေး' ဟူသော စကားကို သုံးတတ်သောကြောင့် တေးတစ်ပုဒ်လုံး ချစ်ခင်ကြင်နာစရာ ဖြစ်လာသည်ကို သတိပြုမိပါသည်။ ထိုတေးသည် ကျွန်းဖိုနှစ်ပင်ကို အကြောင်းပြု၍ ဖွဲ့ဆိုထားသော မောင်မယ်အချစ်ဘွဲ့ဖြစ်သည်။ မောင်နှင့်မယ် အလှူပေးချိန်ရောက်သောအခါ ဝဲတိုင်အတွက်ဟု ရည်ရွယ်ထားသော ကျွန်းဖိုနှစ်ပင်ကို 'ရှင်အောင်စိုက်ပါ့'ဟုမဆို၊ 'ရှင်အောင်မွေးပါ့'ဟု ဆိုခဲ့ရာ ထိုစကားကို ကြားရသူသည် သက်ရှိသတ္တဝါတို့ ကျွေးမွေးပြုစုတတ်ကြပုံကို သတိရ၍ ချစ်ခင်သာယာသော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်။ တစ်ဖန် တေးရေးသူသည် ထိုစကားကိုမရခင်ကပင် ချစ်ခင်သာယာသောစိတ်လှုပ်ရှားမှုရှိခဲ့၍ သက်ရှိသတ္တဝါတို့ ကျွေးမွေးပြုစုတတ်ကြပုံကို သူ့မျက်စိ၌ မြင်ခဲ့ရာသည်။ ထို့ကြောင့် 'ရှင်အောင်မွေးပါ့' ဟူသော စကားသည် ချစ်ခင်သာယာခြင်း ဖြစ်ခဲ့သော တေးရေးသူ၏ စိတ်ကူးဉာဏ်ကြောင့် ဖြစ်လာရသည်ဟု ယူသင့်ပါသည်။ ဤသို့ဖြင့် 'ရှင်အောင်မွေးပါ့' စကားကို တေးရေးသူ ရခဲ့ခြင်း ဖြစ်သည်ဟု ထင်ပါသည်။

ကဗျာဆရာသည် ဂယက်အနက်စကားကို ဖန်တီးတတ်သူဖြစ်သည်ဟုလည်းကောင်း၊ ဂယက်အနက်ထွက်အောင် သုံးတတ်သူ ဖြစ်သည်ဟုလည်းကောင်း ဆိုကြပါသည်။ တစ်ဖန် အထက်ပါအကြောင်းတို့ကို ထောက်ပြန်လျှင်လည်း ဝါကျချောခြင်း၊ အစပ်ချောခြင်း၊ သဒ္ဒါလင်္ကာရပေါ်ခြင်း၊ အတ္ထာလင်္ကာရထင်ခြင်းတို့ကို မဆိုထားဘိ၊ စကားရခြင်းသည်ပင် စိတ်ကူးဉာဏ်ကြောင့်သာ ဖြစ်ရသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကဗျာသဘော၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဖွဲ့နွဲ့ပုံသည် စိတ်ကူးဉာဏ်မှသာ ဖွားမြင်လာသည်ဟု ဆိုချင်ပါသည်။ ထိုသို့ဆိုသဖြင့် စိတ်ကူးဉာဏ်က အရင်ကျ၍ ဖွဲ့နွဲ့ပုံက နောက်ကျသည်ဟု မဆိုသာပါ။ စိတ်ကူးဉာဏ်သည် ရှေးဦးစွာရှိမည်မှာ အမှန်ဖြစ်ပါသည်။ သို့ရာတွင် စာရေးသူ၏ စိတ်၌ရှိခြင်းသာ ဖြစ်ပါသည်။ ထုတ်ဖော်လိုက်သောအခါ၌ကား စိတ်ကူးဉာဏ်နှင့် ဖွဲ့နွဲ့ပုံတို့သည် တစ်ပြိုင်နက်ထွက်၍ တစ်သားတည်း ဖြစ်ပေါ်လာကြရသည်ဟု ထင်ပါသည်။ စကားအဖြစ်ပြောရလျှင် စိတ်ကူးဉာဏ်က အဝန်းဖြစ်၍၊ ထိုအဝန်းကို ထုတ်ဖော်လိုက်ပါက၊ ဖွဲ့နွဲ့ပုံသည်လည်း အဝန်းအတိုင်း ပုံပေါ်လာရန်ရှိသည်ဟူသော သဘော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်ပါသည်။ ဤမှုလောက်ဖြင့် ဖွဲ့နွဲ့ပုံသည် ကျောက်စက်ရေထည့်ထားသော ဖန်ပြာခွက်နှင့် တူပုံ ထင်ရှားသိသာပြီဟု ထင်ပါသည်။

ဤတွင် စကားအလျဉ်းသင့်၍ ဆိုချင်သေးသည်မှာ ဤသို့ ဖြစ်ပါသည်။ ကဗျာသဘောဟု ဆိုရာတွင် (ရသစာပေဟူသမျှ၏ သဘောလည်း ဖြစ်ပါသည်) စိတ်ကူးဉာဏ်နှင့် ဖွဲ့နွဲ့ပုံကို မကွဲမပြား တစ်သားတည်း ရပ်တည်ပုံကို ဆိုခဲ့ပါပြီ။ ဖွဲ့နွဲ့ပုံသည် ထုတ်ဖော်ရသောသဘော ဖြစ်သဖြင့် သိလွယ်သည်ဟု ယူဆပါသည်။ စိတ်ကူးဉာဏ်သဘောကိုကား ထပ်မံ၍ ရှင်းလိုပါသေးသည်။ ထုတ်ဖော်ခြင်းကို မပြုသေးသမျှကာလပတ်လုံး စိတ်ကူးဉာဏ်သည် စာရေးဆရာ၏ စိတ်၌သာ တည်ရှိနေသည်ကို သတိပြုအပ်ပါသည်။ ထို့ပြင် ထိုသို့တည်ရှိနေရာ၌ စိတ်ကူးဉာဏ်သည် စာရေးဆရာ၏ စိတ်ခရီးတွင် အဆုံးဖြစ်သော စခန်း၌ ရောက်နေပြီဟုလည်း သတိပြုအပ်ပါသည်။ ထိုသို့ဖြစ်လျှင် အစဖြစ်သော စခန်းသည် အဘယ်နည်း။ ခံစားမှုတရားဟု ဆိုချင်ပါသည်။ ခံစားမှုတရားတွင် ချမ်းသာသော ခံစားမှု၊ ဆင်းရဲသော ခံစားမှုဟူ၍ ရှိပြန်ရာ ချမ်းသာသော ခံစားမှုကိုသော်လည်းကောင်း၊ ဆင်းရဲသော ခံစားမှုကိုသော်လည်းကောင်း မည်သူက ပြုပေးပါသနည်း။ ပြုပေးသူသည် စာရေးဆရာ၏ စေတနာဖြစ်သင့်သည်ဟု ယူဆပါသည်။ ဤနေရာတွင် စေတနာဆိုသည်မှာ စာရေးဆရာ၏ မေတ္တာ ကရုဏာ စေတနာ၊ အကျိုးလိုလားခြင်းစေတနာ၊ အမှန်လိုလားခြင်းစေတနာ၊ အမှားမလိုလားခြင်းစေတနာ၊ တရားသည်ကိုလိုလားခြင်းစေတနာ၊ မတရားသည်ကို မလိုလားခြင်းစေတနာ စသည်ဖြင့် ထိုကဲ့သို့သော စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။ စေတနာသည် ပဲ့ကိုင်ဖြစ်သည်။ စေတနာထားအပ်သောအရာသည် ပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်သို့ စေတနာက ပဲ့ကိုင်ပေးသည့်အတိုင်း စိတ်ကူးဉာဏ်သည် စာရေးဆရာ၏ စာကို အရောက်လှော်ပို့တတ်သည်ဟုယူသော် ရသင့်ပါသည်။ ဤကား စကားချပ်။

'အမောပြေအောင် တိုက်ပါ့မမ' ဟူသော စကားအကြောင်းကို ဆက်ကြဦးစို့။ ထိုစကားသည် ကဗျာ့ရည်ရွယ်ချက်နှင့် (ဝါ) ရသစာပေ၏ ရည်ရွယ်ချက်နှင့်တူကြောင်း ဆိုခဲ့ပြီ။ ပေးခဲ့သော ဥပမာအရ အိုးစည် ဒိုးပတ်တို့မှ သံချပ်ဆရာတို့သည် ပရိသတ်နှင့်တူသည်ဟု ဆိုနိုင်ပါသည်။ မမသည် ကဗျာဆရာနှင့် (ဝါ) စာရေးဆရာနှင့်တူသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ဆိုသော် တီးမှုတ် ကခုန်နေကြမှုကြောင့် မောဟိုက်နေကြသော ဝိုင်းတော်သားများ အမောပြေအောင် မမသည် ကျောက်စက်ရေကို ဖန်ပြာခွက်၌ထည့်၍ တိုက်ကျွေးရန်ဖြစ်သကဲ့သို့၊ ပရိသတ်၌ ဘဝအမောပြေမှု ဖြစ်ပေါ်လာအောင် ကဗျာဆရာက စာရေးရန် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းဆိုရသော် ကဗျာ့ရည်ရွယ်ချက်သည် ပရိသတ်၌ ဘဝအမောပြေမှု ဖြစ်ပေါ်လာအောင် စိတ်ကူးဉာဏ်အစွမ်းကို သုံးစွဲကာ ဖွဲ့နွဲ့ပြခြင်းအားဖြင့် ဘဝအသိရသ နှစ်သက်ခြင်းကိုပေးရန် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ရှေးဦးစွာ ဘဝအမောကို ရှင်းပြလိုပါသည်။ ဘဝအမောဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟစိတ်တို့ကြောင့် မောဟိုက်ခြင်းကို ဆိုလိုပါသည်။ စာပေအကြောင်း ပြောဟောရာတွင် ထိုသို့ဆိုလိုက်မိသဖြင့် စကားကြီးစကားကျယ်တို့ကို ကျွန်တော် ပြောနေမိပြီလား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မသိပါ။ ပြောမိသည်ထင်ကြလျှင် ခွင့်လွှင့်ကြပါ။ တစ်နည်းပြင်ပြောပါရစေ၊ ပုထုဇဉ်တို့ ဘာဝ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေတတ်သော တောင့်တစိတ်၊ ကြောင့်ကြစိတ်၊ တင်စီးချင်စိတ်၊ ကြွားလိုစိတ်၊ မခံချင်စိတ်၊ အလိုမပြည့်စိတ်၊ မနာလိုစိတ်၊ မလိုလားစိတ်၊ မဆင်ခြင်စိတ်၊ အထင်ကြီးစိတ်၊ အားလျော့စိတ် စသည်ဖြင့် များလှစွာသော ပုထုဇဉ်စိတ်တို့ကြောင့် မောဟိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုသို့မောဟိုက်ရခြင်းသည် ငါ့အကျိုးအတွက်သာ စဉ်းစားနေချင်ခြင်း၊ ငါ့အကြောင်းကိုသာ တွေးနေချင်ခြင်း၊ ငါ့ကိစ္စကိုသာ ဂရုစိုက်နေချင်ခြင်းတို့ကြောင့် ဖြစ်ရသည်ဟု ယူဆနိုင်ပါသည်။ ငါစွဲကြီးနေသော ငါသည် ကာယကံအားဖြင့်လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း၊ သူတစ်ပါးနှင့် ဆက်ဆံနေသည် ဖြစ်သော်လည်း စင်စစ်မှာ မနောကံအားဖြင့်ကားလူလယ်ကောင်တွင် ငါတစ်ဦးတည်း ရှိနေသူသာ ဖြစ်ပါသည်။ ထိုအခါမျိုးတွင် ထိုငါသည် ငါမှလွဲ၍ သို့မဟုတ် ငါ့လောကမှလွဲ၍ သူတစ်ပါးအကျိုး၊ သူတစ်ပါးအကြောင်း၊ သူတစ်ပါးကိစ္စတို့ကို (ဝါ) သက်ရှိသက်မဲ့ဖြစ်သော သူ့လောကကို သတိမပြုနိုင်ဘဲ မေ့ကျန်နေတတ်သည်ဟု ထင်ပါသည်။ ထိုသို့ဖြစ်လျှင် ထိုငါသည် ငါစွဲကြီးနေသမျှ ကာလပတ်လုံး ဘဝအမောနှင့် ရင်ဆိုင်တိုးနေရမည်သာ ဖြစ်သည်။

ငါစွဲကြီးလွန်းလှ၍ သူ့လောကကို သတိမပြုနိုင်သောကြောင့် မောဟိုက်ခြင်း ဖြစ်ရသည်ကို တရုတ်ပုံပြင်တစ်ခုဖြင့် ဥဒါဟရဏ် ဆောင်ပြချင်ပါသည်။ တရားရုံး တစ်ရုံး၌ တရားခံသူခိုးကို စစ်မေးရာတွင် တရားသူကြီးက "ဘာခိုးသလဲ"ဟု မေးပါသည်။ "ရွှေခိုးလို့"ဟု တရားခံက ဖြေပါသည်။ "ဘယ်မှာခိုးသလဲ"၊ "ဈေးထဲမှာခိုးပါသည်"၊ "ဘယ်အချိန်မှာခိုးသလဲ"၊ "နေ့ခင်းကြောင်တောင်မှာ ခိုးပါသည်"။ ထိုအခါ တရားသူကြီးသည် စိတ်မသက်မသာဖြစ်၍ "မင်းနှယ်ကွာ မင်းခိုးတာဟာ ဈေးထဲမှာလည်းဖြစ်တယ်။ နေ့ခင်းကြောင်တောင်လည်း ဖြစ်တယ်ဆိုတော့ မင်းကို ချက်ချင်းဖမ်းပေးနိုင်တဲ့လူတွေဟာ မင်းအနီးအနားမှာ သွားလာနေကြတာကို မင်းသတိမပြုမိတော့ဘူးလား"ဟု မေးရာ တရားခံသူခိုးက "ကျွန်တော့်မှာ ဈေးဆိုင်ထဲက ရွှေကိုသာ မြင်နေတော့၊ ဘေးကလူတွေကို ဘယ်မှာ သတိပြုမိမှာတုံး"ဟု ပြန်ဖြေပါသည်။ ထိုနည်းတူစွာ ငါ့လောကသမားသက်သက်သည်လည်း ငါ့လောကကိုသာ မြင်နေသဖြင့် သူ့လောကကို သတိမပြုနိုင်အောင် ဖြစ်နေတတ်ပါသည်။ သူ့လောကကို သတိမပြုနိုင်သမျှ ကာလပတ်လုံး ဘဝအမောဆိုက်ရမည်သာ ဖြစ်ပါသည်။ ဤကား ဘဝအမောအကြောင်းကို ရှင်းပြလိုသဖြင့် အားထုတ်ရခြင်း ဖြစ်ပါသည်။

ဤတွင် ဘဝအမော၏ အကြောင်းရင်းတစ်ခုသည် သူ့လောကကို သတိပြုမိတတ်မှု ဖြစ်သည်ဟု သိနိုင်ပါသည်။ အကယ်၍ ထိုငါ၌ သူ့လောကကိုပါ သတိပြုတတ်မှု ရှိလာအောင် ပြုပေးနိုင်သဖြင့် ထိုငါ၌ ထိုသို့ သတိပြုတတ်မှု ရှိလာသည်ဖြစ်ပါက ထိုငါသည် အသင့်အတင့် နှလုံးသွင်းထိုက်သည့်ကိစ္စတွင် အသင့်အတင့် နှလုံးသွင်းတတ်ရန်လည်းကောင်း၊ မုဒိတာဝင်ထိုက်သည့်ကိစ္စတွင် မုဒိတာဝင်တတ်ရန်လည်းကောင်း၊ အခွင့်အလမ်းရလာနိုင်၍၊ ဘဝအမောကို ဖြေနိုင်ရာ၏ဟု ထင်ပါသည်။ ဤတွင် အဆင့်အတန်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှိသော ကဗျာ၌၊ သို့မဟုတ် ထိုသို့သော ရသစာပေ၌၊ ထိုအခွင့်အလမ်းကို ပေးနိုင်သော အာနိသင်ရှိသည်ဟု ယူပါသည်။ ထို့ကြောင့်သာလျှင် အဆင့်အတန်းရှိသော စာပေမျိုးကို ယဉ်ကျေးမှုတစ်ခုအဖြစ်ဖြင့် ကမ္ဘာက အထင်အရှား လေးစားကြသည် မဟုတ်ပါလော။ ပျော်ရွှင်မှုသက်သက်၊ ဖျော်ဖြေမှုသက်သက်သာဖြစ်လျှင် အကြောင်းမထူးပြီ။ ရှင်းပြပါမည်။

သို့ရာတွင် ရှင်းမပြသေးခင် ဘဝအမောအကြောင်းကို ဆိုစရာရှိသဖြင့် ဆိုချင်ပါသေးသည်။ ဘဝအမောဟုဆိုရာ၌ စားဝတ်နေရေး ချို့တဲ့မှုအမော၊ ကျန်းမာရေး ချို့တဲ့မှုအမော၊ လွတ်လပ်ရေး ချို့တဲ့မှုအမော စသော ဘဝအမောမျိုးလည်း ရှိပါသေးသည်။ ထိုဘဝအမောမျိုးလည်း အရေးကြီးပါသည်။ ထိုဘဝအမောကိုပြေအောင် ရသစာပေသည် တိုက်ရိုက်ပြုနိုင်သည် မဟုတ်ပါ။ ထိုဘဝအမောမျိုးကို ပြေအောင်ပြုရန်မှာ သူ့နည်းနှင့်သူ ရှိကြပါသည်။ သို့ရာတွင် ရသစာပေသည် ထိုဘဝအမောသမားများကို ထိုဘဝအမောမျိုးမှ လွတ်မြောက်စေရေးအတွက် နိုးကြားခြင်း၊ တက်ကြွခြင်း၊ ရဲရင့်ခြင်း ရှိလာအောင်ကား ပြုပေးနိုင်သည်ဟု ယူဆပါသည်။

ဆိုခဲ့သော အခွင့်အလမ်းကို ပေးနိုင်သည့် အာနိသင်အကြောင်းကိုရှင်းရန် အားထုတ်ပါတော့မည်။ ကဗျာသည် (ဝါ) ရသစာပေသည် ဆိုခဲ့သော အာနိသင်ကို ပေးနိုင်သည်ဖြစ်လျှင် မည်သို့ပေးပါသနည်း။ စာတစ်ပုဒ်ကိစ္စတွင် စိတ်ကူးဉာဏ်ထုတ်ခြင်းနှင့် ဖွဲ့နွဲ့ခြင်းတို့သည် စာရေးဆရာဘက်က ပြုရသော အလုပ်များဖြစ်သဖြင့်၊ စာ၏အကြောင်းတရားများ ဖြစ်ကြပါသည်။ ထိုအကြောင်းတရားများကြောင့် စာဖြစ်လာသည်။ စာဖြစ်လာ၍ ထိုစာများသည် အနာ အယူ အဖတ် အရှု မခံရဘဲ တစ်နေရာရာ၌ သူ့ဘာသာသူရှိနေလျှင် ရှေ့ဆက်၍ ဆိုစရာမရှိတော့ပြီ။ သို့ရာတွင် ဓမ္မတာအားဖြင့် ထိုစာသည် အနာ အယူ အဖတ် အရှု ခံရတတ်သည်။ ထိုအခါ ပရိသတ်ဘက်၌ သဘောကျခြင်းတည်းဟူသော တုံ့ပြန်မှုအကျိုးတရား ပေါ်လာရပါသည်။ ထိုသို့တုံ့ပြန်မှု အကျိုးတရားသည် ဘယ်ပုံဘယ်နည်း ဖြစ်ပေါ်ရသနည်း။ ထိုတုံ့ပြန်မှုအကျိုးတရား၌ အဘယ်သဘောရှိသနည်း။ ထိုပြဿနာတို့ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်လောက်မှစ၍ ဆွေးနွေးခဲ့ကြပြီ။ ဥရောပဘက်တွင် ကမ္ဘာသုံးနှစ်၊ ဘီစီ လေးရာကျော် (လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်သုံးရာကျော်)၌ ဂရိပညာရှိများ ဖြစ်ကြကုန်သော ပလေးတိုးနှင့် အရစ္စတော်တလတို့သည် စုံစမ်းဆွေးနွေးခဲ့ကြ၍ ယခုတိုင် ဆွေးနွေးဆဲပင် ဖြစ်သည်။ အာရှဘက်တွင် ကမ္ဘာသုံးနှစ် ခရစ်နှစ် အေဒီ ၃၀၀ မတိုင်မီ (လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင့်ခြောက်ရာကျော်) က အိန္ဒိယပညာရှိ ဘရတသည် သက္ကတဘာသာ နဋ္ဌသျှတ္တရကျမ်း၌လည်းကောင်း၊ ထိုနောက် မေဒါဝိန်သည် အလင်္ကာရကျမ်း၌လည်းကောင်း၊ ဘာမဟသည် ကဗျာလင်္ကာကျမ်း၌လည်းကောင်း၊ ဒဏ္ဍိန်သည် ကဗျာဒသကျမ်း၌လည်းကောင်း စုံစမ်းဆွေးနွေးခဲ့ကြပြီဟု သိရပါသည်။ ထိုနောက် သီဟိုဠ်ဗုဒ္ဓဘာသာလောကတွင် ခရစ်နှစ် အေ-ဒီ ၁၂၀၀ ကျော်၌ ရှင်သဃ်ရက္ခိတမထေရ်သည် ဆိုခဲ့သော သက္ကတကျမ်းအချို့ကို အခြေပြုလျက် ပါဠိဘာသာ သုဗောဓာလင်္ကာရကျမ်းကို ရေးသားခဲ့သည်ဟု ဆိုပါသည်။ ထို့နောက် မြန်မာနိုင်ငံတွင် ခရစ်နှစ် အေဒီ ၁၄၄၂ (မြန်မာသက္ကရာဇ် ၈၀၄) ခုနှစ်၌ ထိုးသော တောင်တွင်းမင်းသီရိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဓေယျသူရမောင်နံ့၏ တက်နွဲကျောင်း ကျောက်စာပါ အလှူစာရင်း၌ သုဗောဓာလင်္ကာကို လည်းကောင်း၊ အလင်္ကာကိုလည်းကောင်း၊ အလင်္ကာဋီကာကိုလည်းကောင်း၊ ထည့်ထား သည်ကို တွေ့ရပါသည်။ ထိုကျောက်စာအရ၊ အဆိုပါ အလင်္ကာကျမ်းများကို အနည်းဆုံး ပုဂံခေတ်နောက်ပိုင်းလောက်မှစ၍ မြန်မာတို့ သင်ကြားလေ့လာခဲ့ကြသည်ဟု ယူနိုင်ပါသည်။ နောင်အခါတွင် သုဗောဓာလင်္ကာရကျမ်းကိုသာ အဓိကထား၍ ယနေ့တိုင် လေ့လာကြဆဲ ဖြစ်သည်။

အထက်ကဆိုခဲ့သည့်အတိုင်း ပရိသတ်ဘက်၌ ပေါ်လာတတ်သော အကျိုးတရားသည် အခြားမဟုတ်၊ သက္ကတဘာသာဖြင့် ဆရာဘရတ ရေးခဲ့သော နဋကျမ်းထွက် ရသတရား ဖြစ်သည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၌လည်း ယနေ့တိုင် ရသဟူ၍ပင် သိကြသည်မှာ အထင်အရှားဖြစ်ပါသည်။ ထိုရသအကြောင်းသည် မြန်မာဘာသာ အလင်္ကာနိဿယကျမ်း များ၌ ရှိပြီးဖြစ်သဖြင့်၊ ထိုအကြောင်းကို ဤနေရာ၌ ပြောပြဖို့မလိုပြီ။ သိလိုကြ၍ ဖတ်ရှု ချိန်ဆတတ်ကြလျှင် နားလည်နိုင်ကြပါသည်။

သို့ရာတွင် သတိပြုကြစေလိုသော အချက်တစ်ချက် ရှိပါသည်။ ထိုအချက်သည် အခြားမဟုတ်၊ အဆင့်အတန်းရှိသော ရသတွင် ပရိသတ်အား သူတစ်ပါးအကျိုး၊သူတစ်ပါး အကြောင်း၊ သူတစ်ပါးကိစ္စတို့ကို (ဝါ) သက်ရှိသက်မဲ့ဖြစ်သော လူ့လောကကို သတိပြုလာ တတ်အောင် ပြပေးနိုင်သော အာနိသင်ရှိသည်ဟူသောအချက် ဖြစ်ပါသည်။ ဤတွင် ရသစာပေမှ ရအပ်သော ရသနှစ်သက်ခြင်းကို ဆင်ခြင် ကြည့်ချင်ပါသေးသည်။ ဥပမာ– "နန်းသပြေပင်ညွန့်၊ စမ်းရေကွန့်ရိပ်ပြန်၊ ပန်းဟေဝန့်ဗိမာန်ဝယ်၊ အဓိဋ္ဌာန်ဆင်မြန်း၊ ပင်လုံးကျွတ် ပွင့်ဝေဆာတယ်၊ ကေစာသုံးတဲ့ သခ်မ်း"ကိုလည်းကောင်း၊ "မုလေးရုံတော အစ၊ ဒေါနလမ်း မြေညီ၊ လျှောကျစမ်း ရေသင်းကြည်တယ်၊ ရွှေနှင်းဆီကန်ချောင်း။ လွမ်းမတတ် စကားဝါဝှမှာ၊ နံ့သာဖြူ လေးမောင့်စံကျောင်း"ကိုလည်းကောင်း ဆင်ခြင်ကြည့် စေလိုပါသည်။ နှစ်ပုဒ်စလုံးသည် သာယာသော ကျောင်းသခ်မ်း၏ ပုံပန်းကိုပြထားခြင်း ဖြစ်ပါသည်။ ဆရာဖေ၏ ကျောင်းသာယာခြင်းသည် အဓိကအားဖြင့် ကာရန်သုတိကြောင့် ဖြစ်သည်ဟု ယူဆပါသည်။ ဦးပုည၏ ကျောင်းသာယာခြင်းသည် အဓိကအားဖြင့် ဆန်း ကြယ်သော ရူပကအလင်္ကာအဖွဲ့တို့ကြောင့် ဖြစ်သည်ဟု ယူဆပါသည်။ နှစ်ပုဒ်စလုံးသည် နှစ်သက်စရာ ဖြစ်နေကြသည်မှာ ထင်ရှားပါသည်။ သို့ရာတွင် နှစ်သက်စရာသက်သက် ဖြစ်သည်ဟု ထင်ပါသည်။ (ထိုနှစ်ပုဒ်ကို ဖတ်မိ၍ ဓမ္မသိင်္ဂါရ ရသသော်လည်းကောင်း၊ သန္တ ရသသော်လည်းကောင်း ပေါ်လာသည်ဟု ထင်သဖြင့် တောထွက်ချင်စိတ် ပေါက် လာသည်ဟုဆိုလျှင် တကယ် တောထွက်သွားမှသာ ယုံချင်ပါတော့သည်။ ယုံမည်ဟုမဆို၊ ယုံချင်ပါတော့သည်ဟု ဆိုခြင်းမှာ တကယ်တောထွက်သွားသည့်တိုင်အောင် ပြန်မလာ သည်အထိ စောင့်ကြည့်ချင်သေးသောကြောင့် ဖြစ်ပါသည်) နှစ်သက်ခြင်း ဖြစ်ရသည်ကား မှချ ဖြစ်ပါသည်။ တစ်ဖန် တအိအိပျံတက်သွားသော မီးပုံပျံကိုသော်လည်းကောင်း၊ ရောင်စုံ ပဒေသာပျံကျလာသော မီးပန်းကိုသော်လည်းကောင်း၊ သူတစ်ပြန် ငါတစ်ပြန် အကျောက် အကန် ကစားကြသော ဘောလုံးပွဲကိုသော်လည်းကောင်း၊ ခေတ်မီ ရေကူးကန်စင်မြင့်မှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိုင်ဗင်ထိုးချုပ်ကိုသော်လည်းကောင်း မြင်ရသူသည် နှစ်သက်ခြင်း ဖြစ်ပါသည်။ ဤတွင်လည်း နှစ်သက်စရာသက်သက်သာ ဖြစ်သည်ဟု ထင်ပါသည်။

ထို့ကြောင့် အဆိုပါ စာနှစ်ပုဒ်မှ ရအပ်သော နှစ်သက်ခြင်းနှင့် အဆိုပါ အမှုအရာတို့ကို မြင်ရသဖြင့် ရအပ်သော နှစ်သက်ခြင်းတို့သည် မတိမ်းမယိမ်း ဖြစ်သည်ဟုသာ ဆိုချင်ပါသည်။ ထိုနှစ်သက်ခြင်းမျိုးသည် သစ်သီး အမဲဟင်းလျာ၏ အရသာကဲ့သို့ ခဏမျှသာ ကြာတတ်သည်ဟု သိနိုင်ပါသည်။ တစ်ခါတစ်ရံ နှစ်သက်ခြင်း ဖြစ်ဆဲ၌ပင် စိတ်ညစ်စရာ တစ်ခုခုရုတ်ခြည်းရောက်လာလျှင် ထိုနှစ်သက်ခြင်းသည် စိတ်ညစ်စရာဒဏ်ကို မခံနိုင်၊ ရုတ်ခြည်းကွယ်တတ်သည်ဟုလည်း သတိပြုမိပါသည်။ သို့ရာတွင် မာနၥ်သာယာနေခြင်း၊ လောဘ၌သာယာနေခြင်း၊ ဒေါသ၌သာယာနေခြင်းတို့နှင့်စာလျှင် သို့မဟုတ် ညစ်ညမ်းသော အမှုအရာ အဖွဲ့အနွဲ့တို့၌ သာယာနေခြင်းနှင့်စာလျှင် ဆိုခဲ့သောနှစ်သက်ခြင်းမျိုးသည် အများကြီး စင်ကြယ်၍ အလိုရှိအပ်ပါသည်။ ထို့ကြောင့်သာလျှင် ရှေးဆရာတို့သည် ထိုသို့သော နှစ်သက်ခြင်းသဘောကို တခမ်းတနား စုံစမ်းဆွေးနွေးခြင်း ပြုခဲ့သည်ဟု ယူသင့်ပါသည်။

ရသတွင် ဆိုခဲ့သော သဘောထက်ပို၍ ထက်မြက်သောသဘော ရှိသေးသည်ဟု ထင်ပါသည်။ ဆိုခဲ့သောသဘော ဆိုသည်မှာ တစ်ခဏမျှသာ ကြာတတ်သော နှစ်သက်ခြင်းသက်သက်ကို ဆိုလိုပါသည်။ ပို၍ထက်မြက်သောသဘော ဆိုသည်မှာ တစ်ခဏမျှသာ ကြာတတ်သော နှစ်သက်ခြင်းသည် ဆိတ်သုဉ်းသွားသော်လည်း ထိုနှစ်သက်ခြင်း၏ဂယက်ကြောင့် သူတစ်ပါးလောကကို သတိပြုလာတတ်မှုသည် ပရိသတ်စိတ်၌ သူ့အလိုအလျောက် ပေါ်လာ၍ ကျန်နေခဲ့တတ်သောသဘောကို ဆိုလိုပါသည်။ ဥပမာ–ဦးပုညသည် သားသမင်ငယ်၏ အမှုအရာကို 'တစ်ဖက်ခွာခြေချို၍၊ ပိပိလည်းမနင်း:'ဟု ဖွဲ့ခဲ့သည်။ (ထိုအဖွဲ့သည် ပန်းပုအရုပ်၏ အမှုအရာမှရသော အဖွဲ့လည်း ဖြစ်နိုင်ပါသည်) ပရိသတ်၏မျက်စိတွင် သားသမင်ငယ်တို့၏ အယဉ်အလှ အကြွအရွအမှုအရာသဘောသည် ထင်လာ၍ နှစ်သက်ခြင်း ဖြစ်နိုင်ပါသည်။ ဤအထိ နှစ်သက်ခြင်းသက်သက်သာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုနောက် ထိုနှစ်သက်ခြင်းသည် ဆိတ်သုဉ်းသွားရမည်သာ ဖြစ်သည်။ သို့ရာတွင် ထိုနှစ်သက်ခြင်း၏ ဂယက်ကြောင့် သက်ရှိ သားသမင်ကို သတိပြုမိခြင်း ဖြစ်လာနိုင်ပါသည်။ နောက်တစ်ကြိမ် တိရစ္ဆာန်ရုံသို့သွားလျှင် သားသမင်၏ခြေကို ဂရုတစိုက်ကြည့်ချင်လာစရာအကြောင်း ရှိနိုင်၍ မုဒိတာ ဝင်လာနိုင်သည်။ ထိုသို့မဟုတ်ဘဲ ဆန့်ကျင်သောစိတ်ဝင်လာသည်ဟုဆိုလျှင်ကား ကျွန်တော်မတတ်နိုင်ပြီ။ စိတ်၌ ထိုသို့ဖြစ်လာအောင် ပြုတတ်ခြင်းကို ဘဝအသိ အာနိသင်ဟူ၍ ခေါ်ချင်ပါသည်။ ထိုအာနိသင်မှသာ ထူးခြားသော ရသဟု ဆိုချင်ပါသည်။ ထိုအာနိသင်အတွက် အထက်ပါ သမင်ဘွဲ့ကို ဥဒါဟရဏ်အဖြစ်ဖြင့် တင်ပြခဲ့သည်မှာ သဘောပေါက်လွယ်အောင် တင်ပြလိုခြင်းကြောင့်သာ ဖြစ်သည်။ စင်စစ်မှာ ထိုအာနိသင်၏ အင်အားသည် ကြီးသင့်သလောက်မကြီးသေးဟု ယူပါသည်။ အင်အားကြီးသော ဘဝအသိအာနိသင် ပါနိုင်မှုသည် စာရေးဆရာ၏ စေတနာအပေါ်၌ တည်နေသည်ဟုလည်းကောင်း၊ ထိုစေတနာကျရောက်ရာဖြစ်သော သက်ရှိသက်မဲ့ လောက

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဖြစ်အပျက် အမှုအရာတို့၏ အနုအရင့် အထိမ်အနက်အပေါ်၌လည်း (ဝါ) ဘဝ အကြောင်းအရာ အလေးအပေါ့၌လည်း တည်နေသေးသည်ဟုလည်းကောင်း သတိပြုအပ် ပါသည်။ ထို့ပြင် လေ့လာလိုသူအဖို့တွင် ကဗျာဖြစ်စေ၊ ဝတ္ထုဖြစ်စေ၊ ပြဇာတ်ဖြစ်စေ အစအလယ်အဆုံး တစ်ပုဒ်လုံးကို ငုံမိပြီးမှသာ ထိုဘဝအသိ အာနိသင်ကို ရနိုင်သည်ဟု လည်း သတိပြုအပ်ပါသေးသည်။ ဥပမာ- ဦးပုည၏ ဝတ္ထုအချို့ကိုသော်လည်းကောင်း၊ မစ္စတာမောင်မှိုင်း မှာတော်ပုံဝတ္ထုကိုသော်လည်းကောင်း၊ ဦးလတ်၏ ဝတ္ထုကိုသော်လည်း ကောင်း၊ ဖြစ်နိုင်လျှင် ရှိတ်စပီးယား၏ ပြဇာတ်အချို့ကိုသော်လည်းကောင်း၊ ဂျိန်းအော်စတင် (Jane Austin)၏ ဝတ္ထုအချို့ကိုသော်လည်းကောင်း၊ တော်စတွိုင်း (Leo Tolstoy)၏ ဝတ္ထုတစ်ပုဒ်လောက်ကိုသော်လည်းကောင်း အစ အလယ် အဆုံး တစ်ပုဒ်လုံး ဖတ်ကြည့် ပြီးသောအခါ ဆိုခဲ့သော ဘဝအသိ အာနိသင်ကို ရိပ်မိလာနိုင်ပါသည်။

ဤတွင် အထက်ပါ ကျောင်းသခ်မ်းဘွဲ့နှစ်ခုမှ ရအပ်သော ရသ၌ ဘဝအသိ အာနိသင်မရှိနိုင်ပြီလောဟု မေးဖွယ်ရာရှိပါသည်။ မေးသင့်သော မေးခွန်းပင်။ ဖြေကြည့်ပါ မည်။ ကျောင်းသခ်မ်းဘွဲ့နှင့် သမင်ဘွဲ့တို့သည် စာရေးဆရာတို့၏ စိတ်ကူးဉာဏ်မှ ဖြစ် လာကြသော အဖွဲ့များ ဖြစ်ကြသည်။ သို့ရာတွင် စိတ်ကူးဉာဏ်ကို ပဲ့ကိုင်ပေးတတ်သော စေတနာချင်း မတူကြဟု ယူဆပါသည်။ ထိုမတူမှုကြောင့် ကျောင်းသခ်မ်းဘွဲ့နှစ်ခု၌ နှစ်သက်ခြင်းသက်သက်သာရှိသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ရှင်းပါမည်။ ကျောင်းသခ်မ်း ဘွဲ့နှစ်ခုကို ဖွဲ့ခဲ့ကြရာ၌ ဆရာဖေနှင့် ဦးပုညတို့သည် လောကီကို တကယ်ငြီးငွေ့သောစိတ်ဖြင့်၊ သို့မဟုတ် ငြီးငွေ့စေလိုသောဆန္ဒဖြင့် ဖွဲ့ခဲ့သည်ဟု မထင်ပါ။ မန္တလေးခေတ် တေးကဗျာ လောကတွင် စာဆိုတို့သည် ထိုခေတ်က ခေတ်စားခဲ့သော အပြိုင်အဆိုင်သဘောဖြင့် သူ က ဤမျှလွမ်းနိုင်လျှင် ငါက ထိုမျှ။ သူက ဤမျှ ချစ်နိုင်လျှင် ငါက ထိုမျှ။ သူက ဤမျှ စိမ်းနိုင်လျှင် ငါက ထိုမျှ။ သူက ဤမျှ ငြီးငွေ့နိုင်လျှင် ငါက ထိုမျှ စသည်ဖြင့် မိမိတို့၏ စာများကို လှသည်ထက်လှအောင်၊ ယဉ်သည်ထက်ယဉ်အောင်၊ ဆန်းသည်ထက် ဆန်းအောင် နှစ်သက်စရာအကွက်တို့ကိုရှာ၍ စကားတန်ဆာ၊ နားတန်ဆာ ဆင်တတ်ကြပါသည်။ ဆရာဖေနှင့် ဦးပုညတို့သည်လည်း သူတို့၏ ကျောင်းသခ်မ်းကို ထိုနည်းအတိုင်း တန်ဆာ ဆင်ခဲ့ကြသည်ဟု ယူချင်ပါသည်။ ဤတွင် ဆိတ်ကွယ်ရာ၌ အေးဆေးစွာ နေလိုသောစိတ်ဖြင့် ရေးဖွဲ့ကြသည်ဟုဆိုလျှင် မဖြစ်နိုင်သလောဟု မေးနိုင်ပြန်ပါသည်။ ထိုသို့မေးလျှင် ကျောင်း သခ်မ်းတို့၏ အမှုအရာတို့ကို ကြည့်ရသည်မှာ စိတ်ကူးမယဉ်လွန်းဘူးလားဟု ပြန်မေးချင် ပါသည်။ စိတ်ကူးယဉ်မှုကို ဖြစ်စေတတ်သော ယုံတမ်းဉာဏ်မျိုးသည် နှစ်သက်ခြင်း သက်သက်သာ ပေးနိုင်စွမ်းရှိသည်ကို သတိပြုအပ်ပါသည်။

တစ်ဖန် ထိုအဖွဲ့ နှစ်ခု၌ပါသော သက်ရှိသက်မဲ့ လောကအဖြစ်အပျက်နှင့် အမှုအရာ တို့ကလည်း ကျောင်းသခ်မ်း၌ ဧကစာနေလိုသည်ဟူသော နှုတ်ဖျားဆန္ဒမျှသာ ဖြစ်သည် ဟု ထင်ပါသည်။ ထိုအကြောင်းများကြောင့် ထိုအဖွဲ့နှစ်ခုတွင် ကျောင်းသခ်မ်းတို့၏ အလှအပ အဆင်တန်ဆာတို့သာလျှင် အဓိကဖြစ်လာကြရပါသည်။ အလှအပအဆင် တန်ဆာသဘောလောက်ကိုသာ ဖွဲ့ရာတွင် စကားတန်ဆာ သဒ္ဒါလင်္ကာရ၊ အနက်တန်ဆာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဏ္ဏာလင်္ကာရတို့ ပေါ်လာအောင် ဖွဲ့တတ်လျှင် ကိစ္စပြီးနိုင်ပါသည်။ ကျောင်းသခ်မ်းဘွဲ့များတွင် ထိုသို့ ပြီးခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ နန်းသပြေတွင် သဒ္ဒါလင်္ကာရကသာ မင်းမူနေသည်။ မုလေးရုံတွင် အဏ္ဏာလင်္ကာရကသာ မင်းမူနေသည်။ နန်းသပြေရသသည် သဒ္ဒါလင်္ကာရမှ ပေါ်လာသော ရသသာ ဖြစ်သည်။ မုလေးရုံရသသည် အဏ္ဏာလင်္ကာရမှ ပေါ်လာသောရသသာ ဖြစ်သည်။ ထို့ကြောင့် ထိုရသတို့တွင် နှစ်သက်ခြင်းသက်သက်သာရှိသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ဆင်ခြင်ကြည့်ပါလေ။

သမင်ဘွဲ့၌ကား အစပ်ကာရန်ဖြစ်ကြသော 'ချိ'နှင့် 'ပိ'တို့မှ လွဲ၍ သဒ္ဒါလင်္ကာရလည်းမပါ၊ အဏ္ဏာလင်္ကာရလည်းမပါ၊ ဗလာသက်သက်ဖြစ်သည်ကို တွေ့နိုင်ပါသည်။ စင်စစ်မှာ "တစ်ဖက်ခွာခြေချို၍ ပိပိလည်းမနင်း"ဟု ဝါကျပြုခဲ့ရာတွင် ခြေတစ်ဖက်ကို မ ချိထား၍ အခြားတစ်ဖက်က မြေ၌ မနင်းသလိုလို နင်းသလိုလို ပြုထားဟန်ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်လျှင် သဒ္ဒါမှားနေသည်ဟု ဆိုနိုင်သည်။ သဒ္ဒါမှားနေစေကာမူ ထိုအတိုင်း အဓိပ္ပာယ်ကောက်လျှင် ပိုသင့်သည်ဟု ထင်ပါသည်။ သဒ္ဒါမှားသည်ဟု ဆိုနိုင်သော်လည်း ထိုအဖွဲ့သည် နားလည်လွယ်၍ အလှလည်းထူးလာသောကြောင့် ဖြစ်ပါသည်။ ဤနေရာမျိုး၌ သဒ္ဒါကိုလိုက်နေလျှင် ခြေတစ်ဖက်ကို ချိပြီးမှ ထိုခြေကပင် ပိပိသသမနင်းဟု ကောက်ရမည်ကဲ့သို့ ဖြစ်နေသည်။ ထိုသို့ ကောက်လျှင် သိမ်မွေ့သောအလှပျက်ရန်သာ ရှိတော့သည်ဟု ထင်သည်။ သမင်ဘွဲ့သည် ရိုးပါသည်။ သမင်ဘွဲ့၌ပါသော ခြေအမူအရာတွင် အဆင်တန်ဆာ ထည့်မထားပါဘဲလျက် အလှပါနေသည်။ ထိုအချက်ကို ထောက်ခြင်းအားဖြင့် ဦးပုည၌ သားသမင်ကို ချစ်ခင်သောစိတ် ရှိခဲ့သည်ဟု မှန်းကြည့်နိုင်ပါသည်။ အကယ်၍ ဦးပုညသည် ပန်းပုရုပ်ကို ကြည့်၍ ရေးသည်ဟုဆိုလျှင် ပန်းပုဆရာ၏ ချစ်ခင်သောစိတ်သည် ရှေးဦးစွာ ရှိပြီးဖြစ်၍၊ ထိုမှတစ်ဆင့် ဦးပုညသို့ ကူးသွားသည်ဟု ယူနိုင်ပါသည်။ တစ်ဖန် သမင်ဘွဲ့၌ပါသော အကြောင်းအရာကလည်း အများအသိ၊ အများအမြင်၊ အများချစ်ခင်လိုကြသော သက်ရှိ သမင်ဖြစ်သည်။ ထိုအခါ ထိုသားသမင်ကို ချစ်ခင်သော ဦးပုည၏ စေတနာကြောင့် သမင်ဘွဲ့ ဖြစ်လာရသည်ဟု ယူနိုင်ပါသည်။ ထိုစေတနာ၏ ပံ့ကိုင်ပေးမှုကြောင့်၊ ထိုစေတနာမှ အဆင့်ဆင့်ဖြစ်လာသော စိတ်ကူးဉာဏ်သည်၊ ချစ်ခင်ဖွယ်ဖြစ်သော သားသမင်အမူအရာကို ပုံ ဖော်ပေးနိုင်ခဲ့သည်ဟု ထင်ပါသည်။ ထိုသို့ပုံဖော်ပေးနိုင်မှုကြောင့် ပရိသတ်၏စိတ်တွင် နှစ်သက်ခြင်းနှင့်အတူတကွ သက်ရှိသားသမင်ကို သတိပြုတတ်မှုပါ တိုးဝင်လာနိုင်သည်ဟု ထင်ပါသည်။ ထို့ကြောင့် သမင်ဘွဲ့မှရအပ်သော ရသ၌ ဘဝအသိအာနိသင်ပါသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဆင်ခြင်ကြည့်ပါလေ။

ဤအထိ ကဗျာ၏အစွမ်းကြောင့် (ရသစာပေ၏အစွမ်းလည်း ဖြစ်သည်) ပရိသတ်၌ ပေါ်တတ်သော အကျိုးတရားတွင် (၀၁) ရသတွင် နှစ်သက်ခြင်းသက်သက်လည်းရှိ၍ ဘဝအသိအာနိသင် နှစ်သက်ခြင်းလည်းရှိကြောင်း ဖော်ပြခဲ့ပြီ။ ဤတွင် နှစ်သက်ခြင်းသက်သက်ကို ယေဘုယျအားဖြင့် သဒ္ဒါလင်္ကာရ၊ အဏ္ဏာလင်္ကာရ အစိတ်အပိုင်းတို့မှ ရတတ်၍ ဘဝအသိအာနိသင် နှစ်သက်ခြင်းကိုကား စာရေးဆရာ၏ စေတနာ အခြေခံလည်းရှိ၍ လေးနက်သောအကြောင်းအရာ အခြေခံလည်းရှိသော အစ–အလယ်–အဆုံး စာတစ်ပုဒ်လုံးမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရတတ်သည်ဟု ယူချင်ပါသည်။ (ရသစာပေကိစ္စတွင် စိတ်ကူးဉာဏ်သည် သပိတ်ဝင် အိတ်ဝင် ပါရမြဲဖြစ်သည်ကိုကား လက်ခံထားရမည်သာ ဖြစ်သည်) ထို့ကြောင့် ကဗျာ ရေးလိုသူသည် မိမိ၏စာ၌ နှစ်သက်ခြင်းသက်သက် ပါအောင်သာမက ဘဝအသိ အာနိ သင် နှစ်သက်ခြင်းပါလာအောင်လည်း အားထုတ်သင့်သည်ဟု ထင်ပါသည်။ ကဗျာ လေ့လာလိုသူသည်လည်း စာတစ်ပုဒ်ကို လေ့လာသောအခါ နှစ်သက်ခြင်းသက်သက်ကို သာမက ဘဝအသိ အာနိသင်နှစ်သက်ခြင်း ရှိမရှိကိုပါ သိအောင် အားထုတ်သင့်ပါသည်။ သို့မှသာ ပရိသတ်၌ သူ့လောကကို သတိပြုတတ်မှု ရှိလာနိုင်၍ ဘဝအမောဖြေခွင့်ရမည်ဟု ထင်ပါသည်။ ကာမဂုဏ်အာရုံ နှစ်သက်ခြင်းထက်၊ ရသအတွေ့အကြုံနှစ်သက်ခြင်းသက် သက်က ယဉ်ကျေးမှုနှင့် ပို၍နီးသည်ဟု ဆိုချင်ပါသည်။ ရသအတွေ့အကြုံ နှစ်သက် ခြင်းသက်သက်ထက်၊ ရသအတွေ့အကြုံ ဘဝအသိ အာနိသင်နှစ်သက်ခြင်းက ယဉ်ကျေးမှု နှင့် နောက်တစ်ဆင့် ပို၍နီးလာသည်ဟု ဆိုချင်ပါသည်။ ထိုအကြောင်းများကြောင့် စာရေး လိုသူနှင့် လေ့လာလိုသူတို့သည် ဘဝအသိ အာနိသင် နှစ်သက်ခြင်း ပန်းတိုင်သို့ ရောက် အောင် အားထုတ်စေလိုခြင်း ဖြစ်ပါသည်။

ထိုသို့ဆိုသဖြင့် ကဗျာ့တာဝန်သည် ဗဟုသုတပေးရန် အဆုံးအမပေးရန် ဖြစ်သည်ဟု မယူဆစေလိုပါ။ ထိုသို့ မယူဆသင့်ဟုလည်း ဆိုမိန့်ကြပါသည်။ ထိုအဆိုအမိန့်ကို ကျွန်တော် လက်ခံချင်ပါသည်။ ဗဟုသုတပေးရန် အဆုံးအမပေးရန် ကဗျာရေးလျှင် ကဗျာမဖြစ်ဘဲ ကာရန်ဗဟုသုတစာသာ၊ ကာရန်ဆုံးမစာသာ ဖြစ်ချိမ့်မည်။ ထိုကဗျာမျိုး ကို ဖတ်ရသည်ထက် ဗဟုသုတစာအုပ်၊ ဆုံးမဩဝါဒစာအုပ်တို့ကို ဖတ်လိုက်သည်က ပို၍ကောင်းမည်ထင်ပါသည်။ တစ်ဖန် ကဗျာသည် ဗဟုသုတပေးရန်မဟုတ်။ အဆုံးအမပေး ရန်မဟုတ်ဟု ဆိုခဲ့သောကြောင့် ကဗျာသည် အကျိုးပြုတတ်သော အရာမဟုတ်တော့ပြီဟု ဆိုဖွယ်ဖြစ်လာပြန်သည်။ ကဗျာသည် အကျိုးပြုသင့်သည်ဟု ကျွန်တော်ယုံပါသည်။ သို့ ရာတွင် ပြုပုံချင်းမတူထိုက်ဟု ယူသောကြောင့် ဆိုခဲ့ခြင်းသာ ဖြစ်သည်။ အကျိုးပြုရာတွင် ကဗျာသည် ပရိသတ်၌ နှစ်သက်ခြင်းကို ဖြစ်စေလျက် ထိုနှစ်သက်ခြင်း၏ ဂယက်ဖြင့် ဘဝအသိကိုပေး၍ အကျိုးပြုတတ်သည်ကို သတိပြုအပ်ပါသည်။

ဤတွင် ကဗျာမှ ရအပ်သော နှစ်သက်ခြင်းသည် (ဝ၁) ကဗျာ့ရသသည် ဘဝအသိ ကို မည်သို့မည်ပုံပေးတတ်သနည်း။ စစ်ကြည့်ဖို့လိုလာသဖြင့် စစ်ကြည့်ရအောင်။ ဒိဋ္ဌ လောကတွင် ထိတ်လန့်စရာကိုတွေ့၍ ထိတ်လန့်နေကြရလျှင် သို့မဟုတ် ထိတ်လန့်သော စိတ်လှုပ်ရှားမှု ရှိနေကြလျှင် မည်သူမျှ နှစ်သက်ခြင်း ဖြစ်နိုင်ကြမည် မဟုတ်ပါ။ ရသ စာပေလောက၌ကား ထိုသို့မဟုတ်ပါ။ ဇာတ်လမ်း၌သော်လည်းကောင်း၊ ဇာတ်ကွက်(ဇာတ် လမ်းရှိ အဖြစ်အပျက် သို့မဟုတ် အရေးကိစ္စ) တစ်ခုခု၌သော်လည်းကောင်း၊ ဇာတ်ဆောင် အမူအရာတို့၌သော်လည်းကောင်း၊ စာရေးဆရာ၏ ခံစားလှုပ်ရှားမှုကို တင်ပြပုံ၌လည်း ကောင်း၊ အသင့်ယုတ္တိရှိသော ထိတ်လန့်စရာ အမူအရာပါသောကြောင့် ပရိသတ်၌ ထိတ် လန့်ခြင်း လှုပ်ရှားမှုဖြစ်လေလေ၊ နှစ်သက်ခြင်းပွားလေလေ ဖြစ်သည်မှာ ထင်ရှားပါသည်။ ထိုနှစ်သက်ခြင်းမျိုးကို အလင်္ကာကျမ်းတွင် ဘယာနကရသဟု ဆိုပါသည်။ ထိတ်လန့်ခြင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်နေရင်း၊ နှစ်သက်ခြင်း ဖြစ်နေသည်ဟု ဆိုသင့်ပါသည်။ ထိုသို့သော ရသအတွေ့အကြုံသည် ထူးပါသည်။ နှစ်သက်ခြင်း ရသသည် တစ်မျိုးတည်းသာဖြစ်နိုင်သည်ဟု ယူပါသည်။ အလင်္ကာကျမ်း၌ ရသကိုးပါးရှိသည်ဟု ဆိုခဲ့ခြင်းမှာ စိတ်ခံစားလှုပ်ရှားမှုမျိုးကို အကြောင်းပြု၍ ရသကိုးပါးရှိကြောင်း ဆိုလိုရင်းသာ ဖြစ်သည်ဟု ထင်ပါသည်။ မျက်မှောက်ခေတ် စိတ္တဗေဒပညာရှင်တို့၏အလိုအရ အဓိကအားဖြင့် စိတ်ခံစားလှုပ်ရှားမှု တစ်ဆယ့်လေးခုရှိကြောင်း သိရပါသည်။

အသိကိစ္စတွင် ကြားသိ မြင်သိ ဟူ၍လည်းကောင်း၊ ခံစားမှုအသိဟူ၍လည်းကောင်း နှစ်မျိုးခွဲ၍ရနိုင်ပါသည်။ ဥပမာ- ဆားငန်ကြောင်း စာရွက်၌ ရေးထားသည်ကို ဖတ်ရလျှင်လည်း ငန်သည်ဟု သိနိုင်ပါသည်။ တစ်ဖန် ဆားကို လျှာ၏ခံစားမှုမှ သိရသော အသိသည် ထူးသည် မဟုတ်ပါလော။ ထိုအသိသဘောသည် ရသစာပေကိစ္စတွင် ဘဝအသိသဘောဖြစ်၏ဟု ဆိုသင့်ပါသည်။ ဒိဋ္ဌလောကတွင် ဒိဋ္ဌတွေ့ကြုံမှုတို့သည် အကြောင်းအားလျော်စွာ ရှိတန်သလောက် ရှိကြရပါသည်။ ထိုအခါ ဒိဋ္ဌခံစားလှုပ်ရှားမှုတို့သည်လည်း အကြောင်းအားလျော်စွာ ရှိတန်သလောက် ရှိကြမည်သာ ဖြစ်သည်။ ထိုသို့ဆိုသော် ခံစားလှုပ်ရှားမှုတို့ကို အကြောင်းပြုလျက် ဘဝအသိတို့ကလည်း ရှိတန်သလောက် ရှိကြရမည် ဖြစ်ပါသည်။ ဤတွင် ရသစာပေ၌ ဒိဋ္ဌလောကတွင် ပရိသတ်မကြုံဖူးသေးသော လောကအမှုအရာ၊ လူ့အမှုအရာ အဖွဲ့အနွဲ့တို့ကိုသော်လည်းကောင်း၊ ကြုံဖူးခဲ့သော်လည်း သတိမပြုခဲ့မိသော ထိုအမှုအရာ အဖွဲ့အနွဲ့တို့ကိုလည်းကောင်း ဖတ်နိုင်၊ နာနိုင်ကြ၍ ရသအတွေ့အကြုံ အမျိုးမျိုးရနိုင်ကြသည်ဖြစ်ရာ ဆား၏အငန်သဘောကို လျှာ၏ခံစားမှုမှ သိရသကဲ့သို့ ဘဝအကြောင်းအမျိုးမျိုးကိုလည်း သိလာနိုင်သည်ဟု ယူပါသည်။ ထို့ကြောင့် ကဗျာသည် (ဝါ) ရသစာပေသည် ဤနည်းဖြင့် ဘဝအသိကို ပေးခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤမျှလောက်ဖြင့် ကဗျာ့ရည်ရွယ်ချက်သည် "အမောပြေအောင်တိုက်ပါ့မမ" ကဲ့သို့ ဖြစ်ထိုက်ကြောင်း သိသာပြီဟု ထင်ပါသည်။

ကဗျာဆိုင်ရာ သို့မဟုတ် ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်အကြောင်းကို ဖွင့်ခဲ့ပြီ။ ဖွဲ့နွဲ့ပုံအကြောင်းကို ပြောခဲ့ပြီ။ ကဗျာ့ရည်ရွယ်ချက် မည်သို့ဖြစ်သင့်သည်ကို ရှင်းခဲ့ပြီ။ သို့ရာတွင် စုံစမ်းစရာ၊ ဆင်ခြင်စရာ ရှိသေးလျက်ပင်ဟု ယူပါသည်။ စိတ်ကူးဉာဏ်ရှိ၍ စာရေးလိုသော သူတို့အဖို့မှာ စိတ်ကောင်းမွေးရခြင်းသည် အခရာဖြစ်သင့်သည်။ ထို့နောက် အရေးအကျင့်နည်းသေးလျှင် လေ့ကျင့်ပါဦးဟု ဆိုချင်ပါသည်။ လေ့လာသူအဖို့မှာ သု-စိ-ပု-ဘာ လမ်းစဉ်ကို လိုက်သင့်သည်။ သုမှာ သုဏေယျ နာရာ၏ဟု ဆိုသည်။ ဤတွင် ခရီးသွားခြင်းကိုလည်း ထည့်ချင်သည်။ စိမှာ စိန္တေယျ ကြံရာ၏ဟု ဆိုသည်။ ပုမှာ ပုစ္ဆေယျ မေးရာ၏ဟု ဆိုသည်။ ဤတွင် ပညာမာနတက်မှုကို ရှောင်ဖို့လိုလိမ့်မည်။ ဘာမှာ ဘာသေယျ ပြောဆိုရာ၏ဟု ဆိုသည်။ ဤတွင် အပေါင်းအသင်းကောင်းရှိဖို့ လိုလိမ့်မည်။ ဆွေးနွေးပွဲ သို့မဟုတ် သက်ဆိုင်ရာ အသင်းအပင်း၌ ဝင်ဖို့ လိုလိမ့်မည်။ ဆွေးနွေးပွဲများသို့ သွားဖို့လိုလိမ့်မည်။ အချုပ်မှာ ကြံစည်တွေးတောသော အလေ့အကျင့်ကို ကျင့်အပ်သည်။ တက္ကသိုလ်ဆိုသည်မှာ တက္ကသီလမှလာ၍ ကြံစည်ခြင်းအလေ့အကျင့်ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျင့်အပ်သည်။ ကြံစည်ခြင်း အလေ့အကျင့်ရှိရာ အရပ်သည်သာလျှင် တက္ကသိုလ်ဖြစ်သင့်သည်။ ကြံစည်ခြင်း အလေ့အကျင့်မရှိလျှင် တက္ကသိုလ်အမည်ခံထားစေကာမူ တက္ကသိုလ်မဖြစ်နိုင်ဟုလည်းကောင်း၊ ကြံစည်ခြင်းအလေ့အကျင့်ရှိလျှင် တက္ကသိုလ်အမည်မခံစေကာမူ တက္ကသိုလ်ဖြစ်နိုင်သည်ဟုလည်းကောင်း သတိပြုအပ်ပါသတည်း။

၁၉၆၁။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ရသနှင့် အလွမ်း အဆွေး အသော

အလွမ်းအဆွေးအသော ဆိုသည်မှာ အခြားမဟုတ်ပါ။ စာပေလောကၡ ပြောဆိုနေကြသော အလင်္ကာကျမ်းထွက် ရသ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ရသဆိုသည်မှာ စာတတ်ပေတတ်တို့ သုံးစွဲကြသော မူလသက္ကတဘာသာ စာစကားဖြစ်၍ အလွမ်းအဆွေးအသော ဆိုသည်မှာ မြန်မာအရပ်သားတို့ နားလည်သည့်အတိုင်း သုံးစွဲလာကြသော အမျိုးဘာသာ အရပ်စကားဖြစ်ရာ ထိုစကားနှစ်ရပ်သည် ပညတ်အရာ၌သာကွဲ၍ သဘောမှာမကွဲ၊ အတူတူဖြစ်သည်ဟု ယူပါသည်။

မြန်မာနိုင်ငံတွင် ရသအကြောင်းကို အနှောင်းဆုံး ပုဂံခေတ်နောက်ပိုင်းလောက်မှစ၍ ကျနစွာ လေ့လာခဲ့ကြသည်ဟု ယူအပ်သည်။ ထိုခေတ်တွင် သီဟိုဠ်ရှင် သဃ်ရက္ခိတမထေရ်၏ သုဗောဓာလင်္ကာရကျမ်းသည် ထိုခေတ် ပုဂံရဟန်း ကျောင်း စာတိုက်တို့၌ ရှိနေနှင့်လေပြီ။ ရဟန်းပညာရှိ၊ လူပညာရှိတို့သည် ထိုကျမ်းပါ ရသဘာဝါဝဗောဓအပိုင်းကို လေ့လာကြသည်ဟုယူသော် ရသင့်သည်။ ထို့နောက် ခေတ်အဆက်ဆက်တွင် သုဗောဓာလင်္ကာရနိဿယဆရာတို့သည် ရသအကြောင်း ပရိသတ်နားပေါက်အောင် အထူးထူးအပြားပြားသော ဥဒါဟရဏ်တို့ဖြင့် မြန်မာဘာသာပြန်၍ ဖွင့်ဆိုခဲ့ကြသည်ဖြစ်ရာ ချီးကျူးဖွယ်ဖြစ်ပါသည်။

ရှေးဦးစွာ သတိပြုအပ်သည်မှာ ရသသည် စိတ်ကိစ္စဖြစ်သည်ဟူသောအချက် ဖြစ်သည်။ သိကြသည့်အတိုင်း စိတ်ကိစ္စဆိုသည်မှာ ကြားသိ၊ ဖတ်သိ ရှိရုံမျှဖြင့် အသိလုံလောက်ပြီဟု မဆိုသာပါ။ စိတ်၌ အတွေ့အကြုံရှိလာ၍ ထိုစိတ် အတွေ့အကြုံကို ဖမ်းယူ ဆင်ခြင်မိပြီး ဖြစ်ပါမှ တကယ့်အသိရှိပြီ (ဝါ) သဘောပေါက်ပြီဟု ဆိုသင့်သည်။ ထိုသို့မဟုတ်လျှင် ဗဟုသုတရှိရုံမျှသာ ဖြစ်တန်ရာသည်။ ဗဟုသုတရှိရုံမျှသာ ဖြစ်နေသေးသည်ကို သဘောပေါက်ပြီဟု အထင်ရှိ၍ ဗဟုသုတအားကိုးသက်သက်ဖြင့်ပြောလျှင် လိုလေသေးဖြစ်နေတတ်သည်ကို မကြာခဏ တွေ့ဖူးသောကြောင့် ဖြစ်သည်။ တစ်ဖန်သဘော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပေါက်သူက သဘောပေါက်သည့်အတိုင်း ပြန်ပြောနိုင်သည် ဖြစ်စေကာမူ၊ နာသူကလည်း သူ့စိတ် အတွေ့အကြုံဖြင့် ခံယူနိုင်ပါမှ အောင်မြင်စရာရှိသည်ဟု ထင်သည်။

ရသ၏သဘောသည် စိတ်ကိစ္စဖြစ်သည်ဟု ယူခဲ့သည်မှာ ကျွန်တော့်အဖို့ မကြာသေးပါ။ ယခင်ကသော် ရသအကြောင်းကို စာအုပ်မှတစ်ဆင့် အတန်အသင့် သင်ကြားဖတ်ရှုခဲ့ဖူးသဖြင့် အမေးအမြန်းရှိလာကြသောအခါ ကျွန်တော်သည် စာအုပ်မှာပါသည့်အတိုင်း ချွတ်စွပ်ပြန်ပြောလေ့ရှိသည်။ ထိုအခါကသော် ဗဟုသုတရှိရုံမျှသာ ဖြစ်နေသေးသည်ကို သဘောပေါက်ပြီဟု ထင်ခဲ့မိသည်။ သို့ရာတွင် သဘောပေါက်သလိုလို ဖြစ်လာပြီဟု ယူဆချင်သောအခါကျမှ ယခင်အထင်သည် ပါစင်အောင်လွဲခဲ့ကြောင်း သိလာပါသည်။ ထို့ကြောင့် ယနေ့ဟောမည့်အကြောင်းသည် ရသနှင့်စပ်လျဉ်း၍ ဗဟုသုတရှိရုံမျှဖြစ်သောအခြေမှ သဘောပေါက်သလိုလို ဖြစ်သောအခြေသို့ မည်သို့မည်ပုံ ရောက်လာခဲ့သောအကြောင်းလည်း ဖြစ်နိုင်သည်။

သဘောပေါက်ခြင်းဆိုသည်မှာ ခမ်းကြီးနားကြီး ကြံစည်တွေးတောနိုင်စွမ်းရှိပါမှ ဖြစ်ပေါ်တတ်သည်မဟုတ်ပါ။ စိတ်ဝင်စားခြင်း၊ မပြတ်မလပ်လေ့လာခြင်းရှိသော သူတို့အဖို့ တစ်ခါတစ်ရံ အသေးအဖွဲဟု ဆိုအပ်သော အချက်တစ်ခုခုကို သတိပြုလိုက်မိသောအခါ၌လည်း ဖြစ်ပေါ်တတ်သည်ကို တွေ့ရပါသည်။ ရသအကြောင်း သဘောပေါက်သလိုလို ဖြစ်ခဲ့ရာ၌ ကိုယ်ကြည့်ခဲ့ဖူးသော ဇာတ်ပွဲတစ်ခုအကြောင်းကို သတိပြုလိုက်မိရာမှ အစ အမျှင်အခြည်တန်းထွက်လာ၍ အထုံးပြေဖူးသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က ကြားဖူးခဲ့သော ပွဲကြော်ငြာ မောင်းသံတစ်ခုသည် ကျွန်တော့်အဖို့ အမျှင်စတစ်စ ဖြစ်ခဲ့သည်။ မောင်းသမားက "ယနေ့ည ကျက်သရေရှိလှသော အောင်မင်္ဂလာဇာတ်ရုံကြီးတွင် နိုင်ငံကျော်မင်းသမီး မထွေးလေးက ပဋာစာရီထေရီကို အကြောင်းပြု၍ မပဋာ ကိုဒါသ ဇာတ်ကို အလွမ်းအဆွေး အသောနှင့်တကွ ပရိသတ်ကြိုက်အောင် ကပြအသုံး တော်ခံပါလိမ့်မည်။ လူကြီး တစ်မတ်၊ ကလေး တစ်ဝက်ခ" ဟု ပွဲကြော်ငြာမောင်းခတ်ပါသည်။ ထိုကြော်ငြာမောင်းကို ကျွန်တော် သတိရလိုက်သည်။ ထိုနှင့်အတူ မင်းသမီး မထွေးလေး ခင်းကျင်းပြသခဲ့သော မပဋာ ကိုဒါသဇာတ်ကိုလည်း သတိရလိုက်သည်။ ထိုနှင့်အတူ အလွမ်းအဆွေး အသော ဟူသော စကားသုံးခွန်းကိုလည်း သတိရလိုက်သည်။ ထိုအခါ အလွမ်း အဆွေး အသော ဟူသော စကားသုံးခွန်း၏သဘောကို စိစစ်လိုစိတ်ပေါက်လာသည်။ တန်ဖိုးအမှန်ကို မသိတတ်သေးသောအရွယ်က အဖိုးမတန်ဟု ထင်မှတ်မှား၍ စွန့်ခဲ့ရာမှ ကံကောင်းသဖြင့် တစ်ဖန် ပြန်လည်ကောက်ရလာသော ပစ္စည်းဟောင်းကို ပွတ်တိုက်ကြည့်လိုသကဲ့သို့ဖြစ်သည်။ မြန်မာတို့ ဇာတ်သဘင်လောက၌ ထိုအရပ်စကားသုံးခွန်းသည် ယနေ့တိုင် စုံစုံမက်မက် သုံးစွဲနေကြသော အနုပညာ လက်သုံးဝေါဟာရစု ဖြစ်နေပြီ။ ထိုဝေါဟာရစု၌ ထူးခြားသော သဘောရှိတန်ရာသည်။ ထို့ကြောင့် မထွေးလေး၏ ဇာတ်ခင်းပုံ၌ ထိုသဘောကိုရှာလျှင် တွေ့ကောင်း၏ဟုမျှော်၍ ရှာကြည့်သည်။ ရှာကြည့်သောအခါ တွေ့သလိုလို ဖြစ်လာသည်။ တွေ့ပုံသည် ဆန်းလှသည်မဟုတ်။ ရယ်စရာဟူ၍ပင် ဆိုချင်ပါက ဆိုနိုင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပဋာစာရီထေရီ၏အကြောင်းသည် ဤသို့ဖြစ်သည်။ သာဝတ္ထိပြည် သူဌေးတစ်ဦး၌ ပဋာစာရီအမည်ရှိသော သမီးတစ်ယောက်ရှိသည်။ ထိုသမီးသည် အဖသူဌေး၏ကျွန်နှင့် ချစ်ခင်စုံမက်သည်။ အဖသူဌေးသည် သင့်တော်သူနှင့် လက်ဆက်မည်ပြုသောအခါ ပဋာစာရီသည် သူချစ်သော ကျွန်နှင့် လိုက်ပြေး၍ ရွာတစ်ရွာ၌ နေထိုင်သည်။ အချိန်တန်သော် သားတစ်ယောက်ရသည်။ ထို့နောက် ဒုတိယသားကို လွယ်ရပြန်သည်။ တစ်နေ့သ၌ သူ့ချစ်လင်အား အသိမပေးဘဲ ပဋာစာရီသည် ဒုတိယသားကိုလွယ်လျက် သာဝတ္ထိသို့သွားသည်။ သူ့ချစ်လင်လိုက်လာ၍ တောလမ်းခရီး၌ တွေ့ကြသည်။ တောလမ်းခရီး၌ပင် ဒုတိယသားကို ဖွားသည်။ ထိုအခါ မိုးသက်မုန်တိုင်းကျသည်။ သူ့ချစ်လင်သည် အမိုးအကာအလို့ငှာလည်းကောင်း၊ သားဖွားသောမိခင်အတွက်လည်းကောင်း၊ သစ်ဝါးနှင့် ထင်းတို့ကို အရှာထွက်ရာ မြွေခဲ၍ အနိစ္စရောက်သည်။ ထို့နောက် ပဋာစာရီသည် လင်အတွက်ပူဆွေးလျက် သာဝတ္ထိသို့ ခရီးဆက်သည်။ တောင်ကျချောင်းတစ်ခုသို့ ရောက်သောအခါ၊ ချောင်းကို ဖြတ်ကူးရန် ကြုံလာသည်။ ရှေးဦးစွာ သားအကြီးကို ကမ်းတစ်ဖက်၌ထား၍ ဖွားစသားငယ်ကို ပိုက်ချီကာ ကူးသည်။ တစ်ဖက်ကမ်းသို့ရောက်၍ ဖွားစသားငယ်ကို ထားခဲ့ပြီးလျှင် သားကြီးကို ယူအံ့သောငှာ ချောင်းသို့ဆင်းပြန်သည်။ ထိုအခိုက် ငှက်စွန်တစ်ကောင်သည် ဖွားစသားငယ်ကိုချီသည်။ ပဋာစာရီသည် ငှက်စွန်ကိုမောင်းရန် လက်ခုပ်တီး၍ ဟစ်လိုက်သောအခါ သားကြီးသည် အမိကခေါ်သည်ထင်မှတ်၍ ချောင်းသို့ဆင်းလေရာ ရေစီး၌ မျောသည်။ လင်လည်းဆုံး၍ သားလည်းဆုံးသော ပဋာစာရီသည် ငိုကြွေးမြည်တမ်းလျက် သာဝတ္ထိသို့ပြန်သည်။ ရောက်သောအခါ မိဘမောင်ဖွားတို့ကို အရှင်မတွေ့။ ယခင် မိုးသက်မုန်တိုင်းကြောင့် တစ်အိမ်လုံး ပျက်စီးပြိုလဲခဲ့သဖြင့် သေဆုံးကုန်ကြသည်၏ အဖြစ်ကိုသာ တွေ့ရသည်။ ပဋာစာရီ ရူးပါလေတော့သည်။ ထို့နောက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ရောက်၍ တရားတော်၏ အေးရိပ်သာယာကို ခိုလှုံရသည်မှစ၍ နောင်အခါ၌ ပဋာစာရီထေရီ ဖြစ်လာသည်။

ဇာတ်မင်းသမီး မထွေးလေးသည် ထိုပဋာစာရီထေရီ၏ အတ္ထုပ္ပတ္တိကို အကြောင်းခံ၍ မပဋာ ကိုဒါသဇာတ်ကို သူ့အလိုကျ စီစဉ်ခင်းကျင်းကပြခဲ့သည်။ ထိုဇာတ်တွင် အရေးကြီးသော အခန်း လေးခန်းကို ကျွန်တော်သတိရသည်။ ပထမအခန်းသည် မပဋာကိုဒါသ 'လူပျိုလှည့်ခန်း'ဖြစ်သည်။ ထိုအခန်းသည် မင်းသမီးမင်းသား နှစ်ပါးသွားခန်း ဖြစ်သည်။ ဒုတိယအခန်းသည် ကိုဒါသ မြွေခဲခန်းဖြစ်သည်။ တတိယအခန်းသည် သားစွန်ချီ၊ သားရေမျောခန်း ဖြစ်သည်။ စတုတ္ထအခန်းသည် မပဋာရူးခန်း ဖြစ်သည်။ တစ်ဇာတ်လုံးကို မင်းသမီး မထွေးလေးက ဦးဆောင်၍ ကပြသွားသည်ကို သတိရသည်။ ထိုဇာတ်သည် အနုပညာရှင် မင်းသမီးကောင်းတို့အတွက် ပညာပြကွက် အတော်များများပါသောဇာတ်ဖြစ်သည်။ ထို့ကြောင့် ထိုဇာတ်မျိုးကို ရေချို ရေငန် နှစ်နိုင်ငံ ကျော်ကြားသော မထွေးလေးသာ ခင်းကျင်းကပြဝံ့သည်ဟု ထင်သည်။ ထို့ကြောင့် မထွေးလေး ကျော်ကြားခဲ့ခြင်း ဖြစ်သည်။

ကြည့်ခဲ့ရသော မပဋာ ကိုဒါသဇာတ်တွင် မောင်းသမား၏ စကားသုံးခွန်းသဘောကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မည်သည့်အခန်းတို့၌ တွေ့နိုင်သနည်း။ မပင္ဇာ ကိုဒါသတို့ လူပျိုလှည့်ခန်းသည် နှစ်ပါးသွားခန်း ဖြစ်သည်။ ထိုအခန်းတွင် မပင္ဇာ ကိုဒါသတို့သည် မထိတထိ ဖိုသံမသံပစ်ကြသောအခါ ရှေ့ပွဲလာတို့သည် သူတို့၏စိတ်၌ အိုးတိုးအတ ကိုဒါသဖြစ်လိုက်တုံ၊ တွတ်တီး တွတ်တာ မပင္ဇာဖြစ်လိုက်တုံ၊ တအုံနွေးနွေး တွေးချင်ရာတွေး၍ ငေးချင်ရာ ငေး၍ လွမ်းလိုက်ကြရသည်။ လွမ်းရင်းလည်း နှစ်သက်သာယာခြင်း ဖြစ်ခဲ့ကြသည်။ ထိုကိုပင် မောင်းသမားက အလွမ်း ဟူ၍ ကြော်ငြာပေးခဲ့ဟန် တူသည်။ ထိုအခန်း၌ပင် လူရွှင်တော်တို့က ပြက်လုံးထိုးကြသဖြင့် ရှေ့ပွဲလာတို့မှာ တသောသောရယ်မော၍ နှစ်သက်သာယာခြင်း ဖြစ်ခဲ့ကြသည်။ ထိုကိုပင် မောင်းသမားက အသောဟူ၍ ကြော်ငြာပေးခဲ့ဟန်တူသည်။ ထို့နောက် ကိုဒါသ မြွေခဲခန်းနှင့် သားစွန့်ချိ၊ သားရေမျောခန်းတို့တွင် ရှေ့ပွဲလာတို့သည် သူတို့၏စိတ်တွင် ကိုဒါသဖြစ်လိုက်ပြန်၍ ထိတ်လန့်ကာ ဆွေးလိုက်ကြသည်။ တစ်ဖန် မပင္ဇာဖြစ်လိုက်ပြန်၍ ဝမ်းနည်းကြေကွဲကာ မျက်ရည်စမ်းစမ်းနှင့် ဆွေးလိုက်ကြရသည်။ ဆွေးရင်းလည်း နှစ်သက် သာယာခြင်း ဖြစ်ခဲ့ကြသည်။ မပင္ဇာက အဆွေးကောင်းလေလေ ရှေ့ပွဲလာတို့မှာ ပို၍ဆွေးလေလေ၊ ပို၍နှစ်သက်သာယာလေလေ ဖြစ်မည်ထင်သည်။ ထိုကိုပင် မောင်းသမားက အဆွေးဟူ၍ ကြော်ငြာပေးခဲ့ဟန်တူသည်။

နောက်ဆုံးအခန်းသည် မပင္ဇာရူး၍ ဇေတဝန်ကျောင်းတော်ဝင်ခန်း ဖြစ်သည်။အထက်နှစ်ခန်းတွင် မထွေးလေးသည် အစွမ်းကုန်ဆွေးပြခဲ့သဖြင့် ရှေ့ပွဲလာတို့သည် အတော်နာနေကြသည်။ ရူးခန်း၌လည်း မထွေးလေးသည် ဆွေးပြချင်လျှင် ဆွေးပြနိုင်သေးသည်။ သို့ရာတွင် မထွေးလေးသည် အနုပညာသမားပီပီ စောင့်စည်းတတ်သည်။ မိုးလင်းခါနီးဇာတ်သိမ်းခန်းတွင် ရှေ့ပွဲလာတို့ကို နောက်ထပ်နာအောင် ပြလိုက်ခြင်းအားဖြင့် အကြောင်းမထူး။ နာနေသော ရှေ့ပွဲလာတို့၏စိတ်ကို ပြောင်းပေးနိုင်ပါမှ အကြောင်းထူးမည်ကို မထွေးလေး မြင်သည်။ သူ့အသောပညာကိုလည်း သူထုတ်ပြနိုင်မည်။ ထို့ကြောင့် ရူးခန်းတွင် မထွေးလေးသည် အဆွေးကို အရောင်ရရုံမျှထည့်၍ အရူးနှင့်တူအောင် အသောသီချင်းကိုသာဆိုလျက် အသောအကကိုသာ ကခဲ့သည်။ ထို့နောက် ကျောင်းတော်ဝင်ခန်းကို အံ့သြစရာ၊ ကြည်ညိုစရာဖြစ်အောင်ခင်း၍ ပွဲသိမ်းလိုက်သည်။ ရှေ့ပွဲလာတို့သည် ထိုအခန်းတွင် အူမြူး၍ အရူးထနေသော မပင္ဇာ ဖြစ်လိုက်ကြပြန်၍ တသောသောရယ်ခဲ့ကြသည်။ ရယ်ရင်းလည်း နှစ်သက်သာယာခြင်း ဖြစ်ခဲ့ကြသည်။ ထို့နောက် ကျောင်းတော်ဝင်ခန်းသို့ ရောက်သည်နှင့် ကစ်ပြိုင်နက် သောကပရိဒေဝဘာအမောမှ လွတ်မြောက်သွားသော မပင္ဇာ ဖြစ်လိုက်ကြပြန်၍ လွမ်းလိုက်ကြရပြန်သည်။ လွမ်းရင်းလည်း ငြိမ်သက်၍ ကြည်နူး၍ ဝမ်းမြောက်၍ နှစ်သက်သာယာခြင်း ဖြစ်ခဲ့ကြပြန်သည်။ ထို့နောက် မထွေးလေး၏ပညာကို လက်ဖျားတခါခါ၊ ပြောကာဆိုကာ အိမ်ပြန်ကြသည်။ (နောင်အခါ၌ မပင္ဇာ ရူးခန်းကိုသာ အသားပေးကပြ၍ ရူးခန်းဖြင့်သာ ဇာတ်သိမ်းသည်ကို တွေ့ရသည်)

ဤတွင် မပင္ဇာ ကိုဒါသဇာတ်ကို အကြည့်အရှုလာကြသော ရှေ့ပွဲလာတို့သည် ဇာတ်ခုံပေါ်တွင် ကိုဒါသ၏ ဟန်အမူအရာ (အနုဘာဝ) အမျိုးမျိုးကိုလည်းကောင်း၊ မပင္ဇာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၏ အမှုအရာအမျိုးမျိုးကိုလည်းကောင်း၊ မြွေ၏ ဟန်ပန်အမှုအရာမျိုးမျိုးကိုလည်းကောင်း၊ စွန်ရဲ၏ အမှုအရာအမျိုးမျိုးကိုလည်းကောင်း ပွဲသိမ်းသည်အထိကြည့်ရင်း လွမ်းခန်း၌ လွမ်း၍ နှစ်သက်သာယာလိုက်သော စိတ်အတွေ့အကြုံကိုလည်း ရခဲ့ကြသည်။ ဆွေးခန်း၌ ဆွေး၍ နှစ်သက်သာယာလိုက်သော စိတ်အတွေ့အကြုံကိုလည်း ရခဲ့ကြသည်။ သောခန်း၌ သော၍ နှစ်သက်သာယာလိုက်သော စိတ်အတွေ့အကြုံကိုလည်း ရခဲ့ကြသည်။ ထိုအချက်ကို သတိပြုမိသောအခါကျမှပင် ဇာတ်ဝတ္ထုကဗျာတို့မှ (ဝါ) ရသစာပေမှ ရအပ်သော နှစ်သက်သာယာခြင်းရသ၏ သဘောဟူသည် မပင္ဍာ ကိုဒါသဇာတ်မှ ကျွန်တော်အပါအဝင် ရှေ့ပွဲလာတို့ရခဲ့ကြသော စိတ်အတွေ့အကြုံမျိုး ဖြစ်ပေသည်တကားဟု ကျွန်တော် နှလုံးကျခဲ့ရသည်။ ထိုသို့သော စိတ်အတွေ့အကြုံမျိုးကိုပင် နဋသျှတ္တရဆရာဘရတမှ အစပြု၍ ခေတ်အဆက်ဆက်၌ ပေါ်လာကြသော အလင်္ကာကျမ်းဆရာတို့မှ ရသဟူ၍လည်းကောင်း၊ မြန်မာဇာတ်သဘင်သည်နှင့် မြန်မာအရပ်သားတို့က မိမိတို့နားလည်ကြသည့်အတိုင်း မိမိတို့ အမျိုးဘာသာ အရပ်စကားကိုသုံးလျက် အလွမ်း၊ အဆွေး၊ အသော ဟူ၍လည်းကောင်း ပညတ်ခဲ့ကြခြင်းဖြစ်သည်ဟု ယူချင်ပါသည်။ ရှေ့ပွဲလာအပေါင်းတို့တွင် စာတတ် ပေတတ်တို့ သိကြသော အလင်္ကာကျမ်းအမည်ကို လေသံမျှ မကြားဖူးကြသော သူတို့သည် အမြောက်အမြားပါကြတန်ရာသည်။ ထိုသူတို့သည် ရသဟူသော စကားကို ကြားဖူးကြမည် မဟုတ်သော်လည်း ရသ၏သဘောကိုကား အတွင်းသိ သိခဲ့ကြပြီ။

ထို့ကြောင့် အလွမ်းအဆွေးအသော ဆိုသည်မှာ အခြားမဟုတ်။ အလင်္ကာကျမ်းထွက်ရသ ဖြစ်၏ဟု ကနဦးက ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်အဖို့ ထိုသို့ပင် ဆိုချင်သည်။ ဆိုလည်း ဆိုထိုက်သည်ဟု ထင်သည်။ ဆိုထိုက်သောအကြောင်းသည် ဤသို့ဖြစ်သည်။ ရှေ့ပွဲလာတို့သည် မပင္ဍာကိုဒါသဇာတ်တွင် လူပျိုလှည့်ခန်း၌ မပင္ဍာ ကိုဒါသတို့၏ ချစ်ခင် ကြင်နာသော အမှုအရာတို့ကို မြင်ခဲ့ကြရသည်။ တောဘွဲ့၊ တောင်ဘွဲ့ သီချင်းတို့ကို ကြားခဲ့ကြရသည်။ ထိုသို့ မြင်ကြရ၊ ကြားကြရသည်မှာ လွမ်းစရာမဟုတ်ပါသလော။ ထိုသို့ မြင်ကြရ၊ ကြားကြရသဖြင့် ရှေ့ပွဲလာတို့၌ ချစ်ခင်ကြင်နာသောစိတ်ဖြစ်၍ ကြည်နူးသောစိတ်ဖြစ်၍ နှစ်သက်သာယာလိုက်ကြခြင်းသည် အလင်္ကာကျမ်းထွက် ရသသုံးပါးတွင် သိင်္ဂါရရသ မဟုတ်ပါလော။ တစ်ဖန် မပင္ဍာကျောင်းတော်ဝင်ခန်း၌ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထိန်ထိန်ဝင်းနေသော ဘုရားပုံတော်ကို မြင်ခဲ့ကြရသည်။ ပုံတော်ရှေ့၌ သောကပရိဒေဝမီး ငြိမ်းသွားသော မပင္ဍာ၏အမှုအရာတို့ကို မြင်ခဲ့ကြရသည်။ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ ဂီတကို ကြားခဲ့ကြရသည်။ ထိုသို့ မြင်ကြရ၊ ကြားကြရသဖြင့် ရှေ့ပွဲလာတို့၌ အံ့သြသောစိတ်ဖြစ်၍၊ အားတက်သောစိတ်ဖြစ်၍၊ ငြိမ်သက်သောစိတ်ဖြစ်၍ နှစ်သက်သာယာလိုက်ကြခြင်းသည် အဗ္ဘုတရသ၊ ဝီရရသ၊ သန္တရသတို့ မဟုတ်ပါလော။

တစ်ဖန် ရှေ့ပွဲလာတို့သည် ကိုဒါသ မြွေခဲခန်း၊ သားစွန်ချီ၊ သားရေမျောခန်းတို့၌ ကြိမ်းကြ၊ ဝါးကြ၊ နှိပ်စက်ကြသော မြွေ၏အမှုအရာတို့ကိုလည်းကောင်း၊ စွန်ရဲ၏အမှုအရာတို့ကိုလည်းကောင်း၊ အတိဒုက္ခရောက်၍ တမ်းတငိုကြွေးသော ကိုဒါသ၏ အမှုအရာကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်းကောင်း၊ ထိုသို့သော မပင္ဒာ၏ အမူအရာတို့ကိုလည်းကောင်း မြင်ခဲ့ကြရသည်။ ဖိန်းဖောင်းသံ၊ ငိုချင်းသံတို့ကို ကြားခဲ့ကြရသည်။ ထိုသို့ မြင်ကြရ၊ ကြားကြရသည်မှာ ဆွေးစရာမဟုတ်ပါလော။ ဤသို့ မြင်ကြရ၊ ကြားကြရသဖြင့် ရွှေပွဲလာတို့ ထိတ်လန့်သောစိတ်ဖြစ်၍၊ မခံမရပ်နိုင်သောစိတ်ဖြစ်၍၊ စက်ဆုပ်သောစိတ်ဖြစ်၍၊ သနားသောစိတ်ဖြစ်၍ နှစ်သက်သာယာလိုက်ကြခြင်းသည် ဘယာနကရသ၊ ရုဒ္ဒရသ၊ ဝိဘစ္ဆရသ၊ ကရုဏာရသတို့ မဟုတ်ပါလော။ တစ်ဖန် ရွှေပွဲလာတို့သည် မပင္ဒာရူးခန်း၌ အရူးမ မပင္ဒာ၏ အမြီးအမောက်မတည့်သော အဆိုအက အမူအရာတို့ကို မြင်ခဲ့ကြရသည်။ ထိုသို့သော စည်းမကျ ဝါးမကျ ဗုံသံပတ်သံတို့ကို ကြားခဲ့ကြရသည်။ ထိုသို့ မြင်ကြရ၊ ကြားကြရသည်မှာ သောစရာမဟုတ်ပါလော။ ထိုသို့ မြင်ကြရ ကြားကြရသဖြင့် ရွှေပွဲလာတို့တွင် ရယ်ချင်သောစိတ်ဖြစ်၍ နှစ်သက်သာယာလိုက်ကြခြင်းသည် ဟဿရသမဟုတ်ပါလော၊ ဆင်ခြင်ကြည့်ကြပါကုန်။

ဇာတ်ဝတ္ထု၊ ကဗျာတို့မှ ရအပ်သော အလွမ်း(သိင်္ဂါရသ၊ အဗ္ဘုတရသ၊ ဝီရရသ၊ သန္တရသ) သဘောနှင့် အဆွေး (ဘယာနကရသ၊ ရုဒ္ဒရသ၊ ဝိဘိစ္ဆရသ၊ ကရုဏာရသ) သဘောတို့သည် အတန်အသင့် ရှင်းပြီဟု ထင်ပါသည်။ အသော (ဟဿရသ) သဘောကိုကား၊ ဆန်းစစ်ကြည့်လိုပါသေးသည်။ ကျွန်တော် မှတ်မိသလောက်မှာ မပင္ဒာ ကိုဒါသဇာတ်တွင် အသောသဘောကို လူရွှင်တော်တို့၏ ပြက်လုံးများ၌လည်းကောင်း၊ မပင္ဒာရူးခန်းတွင် မထွေးလေး သီဆိုကပြခဲ့သော အမူအရာတို့၌ ပိုင်းတွေ့ရသည်။ လူရွှင်တော်တို့၏ ပြက်လုံးများကိုကား ကျွန်တော် မမှတ်မိတော့ပြီ။ မထွေးလေးဆိုသော သီချင်း၌ "အရှေ့ဆိုတောင်ပေါ်ထိပ်က၊ လိပ်ခွပ်လို့ သမင်သေ၊ ခြေမိုးမျှော်လို့နေ၊ သိကြားမင်းက မနေပိုင်၊ တုတ်တိုကိုင်လို့ လေးနဲ့ပစ်၊ ပေါင်မှန်လို့ မျက်စိကျိုး၊ သွားဟောက်တောက်ကန်း" ဟူသော စာပိုဒ်ကိုသာ မှတ်မိတော့သည်။ ထိုသီချင်းကြောင့် ရွှေပွဲလာတို့ ပွဲကျခဲ့ကြသည်ကိုကား ကျွန်တော် ကောင်းစွာမှတ်မိသည်။ ထိုစာပိုဒ်သည် ယခုတိုင် ရယ်စရာဖြစ်နိုင်သေးသည်။ မရယ်ရစေကာမူ ပြုံးမိကြမည်ဟုထင်သည်။ ထိုစာပိုဒ်ကို အဘယ့်ကြောင့် ပွဲကျခဲ့ကြသနည်း။

ပိတ်စတစ်စကို အားကောင်းသော မှန်ဘီလူးဖြင့် ကြည့်ဖူးသူများ ရှိကြပေလိမ့်မည်။ ထိုအခါ မှန်ဘီလူး၏အောက်တွင် ပိတ်ချော၏ အလှရုပ်ပျောက်၍ ချည်ကြမ်း၏ ဇာတိရုပ် ပေါ်လာသည်ကို မြင်ကြရလိမ့်မည်။ ထိုအခါ ပြုံးချင်သောစိတ် ဖြစ်မိရာသည်။ ပြုံးချင်သောစိတ်ဖြစ်၍ ပြုံးမိသည်ဖြစ်လျှင် အဘယ်အကြောင်းကြောင့်ပေနည်း။ အဖြေသည် ဤသို့ ဖြစ်နိုင်သည်။ ပိတ်စတစ်ခုတည်းတွင် ရှေ့ရုပ်နှင့် နောက်ရုပ်တို့ အမြီးအမောက်မတည့် ဖြစ်နေကြသည်ကို ရုတ်တရက် မြင်လိုက်သော အကြောင်းကြောင့် အသိတစ်မျိုးရလာ၍ ပြုံးမိခြင်း ဖြစ်သည်ဟု ဖြေချင်ပါသည်။ အသိတစ်မျိုးဆိုသည်မှာ အခြားမဟုတ်။ လှည့်စားခြင်းခံရသော မိမိ၏အဖြစ်ကို၊ မိမိကိုယ်တိုင် အမှတ်မထင် သတိပြုလိုက်မိ၍ သိလာသော အသိကို ဆိုလိုသည်။

ဤတွင် အမြီးအမောက်မတည့်သော သဘောသည် ပြုံးရယ်ရခြင်း၏ အကြောင်းရင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ခု ဖြစ်သည်ဟု ဆိုနိုင်သည်။ အလင်္ကာကျမ်းတွင် ဟာသရသသည် ဖောက်ပြန်သော အပြုအမူပုံသဏ္ဌာန် စသည်တို့ကြောင့် ဖြစ်ပေါ်တတ်ဟန် ဆိုမိန့်ထားသည်ဖြစ်ရာ ဖောက်ပြန်သော သဘောသည်လည်း ပြုံးရယ်ရခြင်း အကြောင်းရင်းတစ်ခုပင် ဖြစ်နိုင်သည်။ စင်စစ်မှာ ဖောက်ပြန်ခြင်းနှင့် အမြီးအမောက်မတည့်ခြင်းတို့သည် တစ်သဘောတည်း ဖြစ်သည်ဟု ယူနိုင်သည်။ ထိုနည်းတူစွာ ရှေ့နောက်မညီသောသဘောနှင့် ဗီလာဖြစ်သော သဘောတို့သည်လည်း ပြုံးရယ်ရခြင်း၏ အကြောင်းရင်းဖြစ်၏ဟု ဆိုနိုင်သည်။

မထွေးလေး၏ အရှုးမသီချင်းကို အဘယ်ကြောင့် ပွဲကျခဲ့ကြသနည်း။ သီချင်း၌ အမြီးအမောက်မတည့်သောသဘော ပါသောကြောင့် ဖြစ်ရာသည်။ သီချင်း၌ လိပ်ဖြစ်လျှင် လိပ်ခဲသည် ဆိုသင့်ပါလျက် လိပ်ခွပ်သည်ဟု ဆိုထားသည်။ လိပ်ခွပ်သောကြောင့် သမင်သေ၍ ခြေမိုးမျှော်နေသည်ဟု ဆိုထားသည်။ တုတ်တိုကိုင်လျှင် တုတ်တိုကို ပစ်သည်ဟု ဆိုသင့်ပါလျက် တုတ်တိုကိုင်လို့ လေးနဲ့ပစ်ဟု ဆိုထားသည်။ ပေါင်မှန်လျှင် ပေါင်ကျိုးသည်ဟု ဆိုသင့်ပါလျက် ပေါင်မှန်လို့ မျက်စိကျိုးဟု ဆိုထားသည်။ မျက်စိဟောက်တောက်ကန်းသည်ဟု ဆိုသင့်ပါလျက် မျက်စိကျိုးဟု ဆိုထားသည်။ သွားကျိုးသည်ဟု ဆိုသင့်ပါလျက် သွားဟောက်တောက်ကန်းဟု ဆိုထားသည်။ အဆိုတိုင်းကို စစ်ကြည့်လျှင် ရှေ့စကားနှင့် နောက်စကားတို့ အမြီးအမောက်မတည့် ဖြစ်နေကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် မထွေးလေး၏ အရှုးမသီချင်းကို ပွဲကျခဲ့ကြသည်ဟု ဆိုသင့်သည်။ ဤကား အဖြေတည်း။

ထို့ကြောင့် ရသစာပေမှ ရအပ်သော အသောသည် (ဝါ) ဟာသရသည် ယေဘုယျအားဖြင့် ဟာသဉာဏ်ရှိသူ၏ အသိအမြင်၌ အမြီးအမောက်မတည့်သောသဘောဖြစ်၍ ထိုသဘောကို ဖွဲ့ပြလိုက်သောအခါ အဖွဲ့၏ အစွမ်းသတ္တိကြောင့် ပရိသတ် လွယ်လင့်တကူ ရယ်မောပျော်ရွှင်၍ နှစ်သက်သာယာခြင်း ဖြစ်လိုက်သောစိတ် ဟူ၍ ဆိုချင်သည်။

ဤအထိ အမြီးအမောက်မတည့်သော သဘောကို ဖွဲ့သော စာမျိုးသည် အသောကို ဖြစ်စေတတ်သည်ဟု သိအပ်ပြီ။ ထိုမှတစ်ဆင့်တက်သော် သိနိုင်သေးသည်မှာ အမြီးအမောက်မတည့်သောသဘော၏ အခြေအမြစ်ကိုလိုက်၍ ပျော်ရွှင်မှုသက်သက်ကိုသာ ဖြစ်စေတတ်သော အသောသက်သက် (ဝါ) ဟာသရသသက်သက်ဟူ၍လည်းကောင်း၊ ပျော်ရွှင်မှုသာမက ဘဝအသိကိုပါ ဖြစ်စေတတ်သော ဘဝအသိအသော (ဝါ) ဘဝအသိဟာသရသဟူ၍လည်းကောင်း ရှိတတ်သည်ဟူသော အချက် ဖြစ်သည်။ ထိုအချက်ကို ဆင်ခြင်ကြည့်ကြရအောင်။

အမြီးအမောက်မတည့်သောသဘော၏ အခြေအမြစ်သည် အဘယ်နည်း။ အသောသက်သက်သည် မည်သည့်အခြေအမြစ်မျိုးမှ ဖြစ်ပေါ်တတ်သနည်း။ ဘဝအသိအသောသည် မည်သည့်အခြေအမြစ်မျိုးမှ ဖြစ်ပေါ်တတ်သနည်း။ ယေဘုယျအားဖြင့် အမြီးအမောက်မတည့်သောသဘော၏ အခြေအမြစ်နှစ်မျိုး ရှိနိုင်သည်ဟု ထင်သည်။ ပထမတစ်မျိုးသည် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြစ်၍၊ ဒုတိယတစ်မျိုးသည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့၌ အံကျဝင်နေသော ဟာသဉာဏ်ရှိသူ၏ ဘဝအသိ ဖြစ်သည်ဟု ထင်သည်။ ဤတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အသောသက်သက်သည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ အခြေအမြစ်မှ ဖြစ်ပေါ်တတ်၍ ဘဝအသိ အသောသည် ဟာသဉာဏ်ရှိသူ၏ ဘဝအသိအခြေအမြစ်မှ ဖြစ်ပေါ်တတ်သည်ဟု ဆိုချင်သည်။ ရှင်းပါအံ့။

အထက်ပါ မထွေးလေး၏ အရှုးမသီချင်းကို ပြန်ကြည့်လျှင် တွေ့နိုင်သည်ကား သီချင်းဆရာသည် သီချင်းတွင် ဆိုသင့်သည်ကိုမဆို၊ မဆိုသင့်သည်ကို ဆို၍ ရယ်ချင်သဖြင့် ပေါင်မှန်လို့ မျက်စိကျိုးဟု ဆိုရာ၌ အကြောင်းအကျိုးမသင့်သော စကားတို့ကို အကြောင်းသင့်ဘိသကဲ့သို့လည်းကောင်း၊ သွားဟောက်တောက်ကန်းဟု ဆိုရာ၌ မဆီမဆိုင်သော စကားတို့ကို ဆီဆိုင်ဘိသကဲ့သို့လည်းကောင်း တွဲဖက်၍ သုံးထားသည်ကို တွေ့နိုင်သည်။ ထိုသို့သုံးတတ်ခြင်းသည် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရသဘော ဖြစ်သည်။ ထိုသို့ သုံးထားသော စကားတို့ကို ပရိယာယ်စကားဟု ဆိုချင်သည်။ ဤတွင် အမြီးအမောက် မတည့်သောသဘော ရုပ်လုံးပေါ်လာခြင်းသည် သီချင်းဆရာ၏ စကားကျွမ်းကျင်မှုကြောင့် (ဝါ) ပရိယာယ်စကားတို့ကြောင့် ဖြစ်သည်ဟု ဆိုသင့်သည်။ ထိုသီချင်းကို ကြားရသဖြင့် မည်သည့်ဘဝအသိကိုမျှမရ၊ ပျော်ရွှင်မှုသက်သက်ကိုသာ ရလိုက်သည်ဟု ယူပါသည်။ ထို့ကြောင့် အသောသက်သက်သည် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့မှ (ဝါ) ပရိယာယ်စကားတို့မှ ဖြစ်ပေါ်တတ်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောကျ်ားက ရေသည်မိန်းမကိုခေါ်ရာတွင် "ဆံထုံးတော်ကြီး တမာသီးနှင့်၊ ခါးစီးဝတ်လဲ၊ ချုပ်စပြကို၊ တဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့၊ မရေသည်"ဟု ရေသည်မကို ဖွဲ့ခဲ့သည်။ ထိုအဖွဲ့သည် "ဆံထုံးတော်ကြီး တမာသီး"ဟူရာ၌ ရှေ့နောက်မညီသော စကားတို့ကို ရှေ့နောက်ညီဘိသကဲ့သို့သုံး၍ ရယ်စရာ ရူပကအလင်္ကာဖွဲ့ခဲ့သည်ကိုလည်းကောင်း၊ "လူမြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့ မရေသည်"ဟူရာ၌ အကြောင်းအကျိုးမသင့်သော စကားတို့ကို အကြောင်းအကျိုးသင့်ဘိသကဲ့သို့ သုံးထားသည်ကိုလည်းကောင်း တွေ့နိုင်သည်။ ဤတွင်လည်း အမြီးအမောက်မတည့်သောသဘော ရုပ်လုံးပေါ်လာခြင်းသည် ဦးပုည၏ ပရိယာယ်စကားတို့ကြောင့် ဖြစ်သည်ဟု ယူသင့်သည်။ များလှစွာသော လူရွှင်တော်တို့၏ ပြက်လုံးများတွင်လည်း ပရိယာယ်စကားတို့ကို သုံးတတ်သောကြောင့် အသောသက်သက်သာ ဖြစ်တတ်သည်ကို တွေ့နိုင်သည်။

ဘဝအသိ အသောသည် ဟာသဉာဏ်ရှိသူ၏ ဘဝအသိ အခြေအမြစ်မှ ဖြစ်ပေါ်တတ်သည်ဟု ဆိုခဲ့ပြီ။ ဤတွင် ရသစာပေနှင့် အနုပညာပိုင်း၌ ဘဝအသိဆိုသည်မှာ အခြားမဟုတ်။ လူ့သဘာဝနှင့် စပ်၍သော်လည်းကောင်း၊ လောကသဘာဝနှင့် စပ်၍သော်လည်းကောင်း၊ ဉာဏ်ရှိသူတို့၏ ဘဝအတွေ့အကြုံမှ ဖြစ်ပေါ်လာတတ်သော ခံစားမှုကို မှီလျက် ရလာအပ်သော အသိတစ်မျိုးဖြစ်၏ဟု ဆိုချင်ပါသည်။ ထို့ကြောင့် ဘဝအသိ အသော၏ သဘောကို ရှင်းပြရမည်ဖြစ်လျှင် ဤသို့ဖြစ်နိုင်သည်။ လူတိုင်းလူတိုင်းသည် လူမှုကိစ္စတို့ကို လုပ်ဆောင်ကြရာ၌ အချင်းချင်းဆက်ဆံနေကြရသည်။ ထိုအခါ လူ့သဘာဝ၌သော်လည်းကောင်း၊ လောကသဘာဝ၌သော်လည်းကောင်း ကိန်းနေသည်လည်းဖြစ်၍ အမြီးအမောက်မတည့်တတ်သည်လည်းဖြစ်သော ကံသုံးပါးအမူအရာတို့ကို ပြုမိသည့်အခါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဆွေးစာပေ ဟူ၍လည်းကောင်း၊ အသောစာပေ ဟူ၍လည်းကောင်း သုံးမျိုးသုံးစား ပုံကြည့်၍ရသည်ဟု ထင်သည်။ ပုံကြည့်ရအောင်။

ပုံနည်း နှစ်နည်းကို ဆင်ခြင်မိသည်။ တစ်နည်းသည် အပုံရလွယ်သောနည်း ဖြစ်သည်။ အနည်းဆုံး အလွမ်းဝေပုံပါ ရသတစ်ပါးပါးပါလျှင် အလွမ်းစာဟု ပုံလိုက်ရုံ ဖြစ်သည်။ အဆွေးဝေပုံပါ ရသတစ်ပါးပါးပါလျှင် အဆွေးစာဟု ပုံလိုက်ရုံ ဖြစ်သည်။ အသောဝေပုံပါ ဟာသရသပါလျှင် အသောစာဟု ပုံလိုက်ရုံဖြစ်သည်။ မြန်မာစာပေသမိုင်း၌ မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီဘွဲ့၊ ဘုန်းတော်ဘွဲ့ ရတု စသည်တို့ကို ယေဘုယျအားဖြင့် အလွမ်းစာ၌ ပုံလျှင် ရသည်ထင်သည်။ ထိုကဗျာစုပါ အမှုအရာတို့သည် ချစ်ခင်ကြင်နာကြသော၊ အောက်မေ့တမ်းတကြသော၊ လှပတင့်တယ်ကြသော၊ ခမ်းနားကြီးကျယ်ကြသော အမှုအရာများ ဖြစ်ကြသည်မှာ သိလွယ်သောကြောင့် ဖြစ်သည်။ ဝန်ကြီး ပဒေသရာဇာ၏ တျာချင်းအချို့ကို အဆွေးစာပုံလျှင် ရသည်ထင်သည်။ ထိုကဗျာစုပါ အမှုအရာတို့သည် ဆင်းရဲပင်ပန်းကြသော အမှုအရာများဖြစ်ကြသည်မှာ သိလွယ်သောကြောင့် ဖြစ်သည်။ ထိုစာမျိုးသည် ယထာဘူတအမြင်ဖြင့် ဖွဲ့သောစာ ဖြစ်ရာ ယထာဘူတကျသည်ဟုလည်း ဆိုချင်လျှင် ရနိုင်သည်ထင်သည်။ ဦးပုည၏ ဒုံးချင်းအချို့ကို အသောစာ၌ပုံလျှင် ရသည်ထင်သည်။ ထိုကဗျာစုပါ အမှုအရာတို့သည် ရယ်စရာကောင်းသော အမှုအရာများ ဖြစ်ကြသည်မှာ သိလွယ်သောကြောင့် ဖြစ်သည်။

ကျန်တစ်နည်းမှာ အလွမ်းအဆွေး အသော သုံးမျိုးရှိသည့်အနက် တစ်မျိုးထက်ပို၍ ပါနေလျှင် ထိုသို့ပါသောစာကို ပုံရမည့်နည်း ဖြစ်သည်။ မည်သို့ပုံမည်နည်း။ ယေဘုယျအားဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်ဖော်၍ ရှည်ရှည်လျားလျား ရေးတတ်ကြသော ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တို့တွင် အလွမ်းအဆွေး အသော သုံးမျိုးစလုံး ပါတတ်ကြသည်ကို တွေ့နိုင်သည်။(ဝါ) အလွမ်းဆိုင်ရာ ရသ၊ အဆွေးဆိုင်ရာရသ၊ အသောဆိုင်ရာရသ အစုံအလင် ပါတတ်ကြသည်ကို တွေ့နိုင်သည်။ ရသအစုံအလင်ပါကြမှလည်း ပြောင်မြောက်သောစာ ဖြစ်နိုင်သည်။ မထွေးလေး၏ မပဉ္စာ ကိုဒါသ ဇာတ်ခင်းပုံကိုပင် ဆင်ခြင်ကြည့်ကြစေလိုသေးသည်။ ဇာတ်ခင်းရာတွင် မထွေးလေးသည် အလွမ်း အဆွေး အသော သုံးမျိုးစလုံး ထည့်ခဲ့သည်ကို တွေ့နိုင်သည်။ ပဉ္စာစရိုထေရီဝတ္ထု၏ အာဘော်သည် ပဉ္စာစရိ၌သောကပရိဒေဝမီး တောက်လောင်ခဲ့ရာမှ မြတ်စွာဘုရား၌ သဒ္ဓါစိတ်ပေါက်လာခြင်း၊ အဆုံးအမ၌ ဉာဏ်သဘောပါဝင်ခြင်းတို့ကြောင့် သောက ပရိဒေဝမီးငြိမ်း၍ နောက်ဆုံး၌ ငြိမ်သက်သော စိတ်အခြေရလာသည်ကို ပြလိုခြင်း ဖြစ်သည်။ မထွေးလေးသည် သူ့ဇာတ်ကို ထိုအာဘော်အထိရောက်အောင် (ဝါ) ရွှေပွဲလာတို့၌ ငြိမ်သက်သော စိတ်အခြေရလာသည် ထင်ရအောင်၊ အသင့်ယုတ္တိအမျိုးမျိုးဖြင့် အိုင်ကျင်းဖွဲ့ကာ ခင်းကျင်းကပြခဲ့သည်။

ထိုအခါ နှစ်ပါးသွားခန်းမှစ၍ ဇာတ်သိမ်းခန်းအထိ ကြည့်လာကြသော ရွှေပွဲလာတို့၏ စိတ်တွင် မပဉ္စာ ပျော်သကဲ့သို့ ပျော်၍၊ မပဉ္စာ ပင်ပန်းသကဲ့သို့ ပင်ပန်း၍၊ ပွဲသိမ်းခါနီးတွင် မပဉ္စာ လွတ်မြောက်သကဲ့သို့ လွတ်မြောက်သည်ဟု အထင်ရှိလာကြရသည်။ မပဉ္စာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတွက် လွှမ်းခဲ့ကြရပြီးမှ ဆွေးခဲ့ကြရပြန်သော အကျိတ်အခဲသည် ပွဲသိမ်းခါနီးတွင် ကျေသွားသကဲ့သို့ ဖြစ်လိုက်ကြရသည်။ ဤတွင် ပွဲဦးအလွမ်းကို ပွဲအလယ် အဆွေးက ဖျက်ပြီးနောက် ထိုအဆွေးကို အသောက ထုတေ၍ အဆုံး၌ ပွဲသိမ်းအလွမ်းက ချေပေးခဲ့သည်မှာ ထင်ရှားသည်။ တစ်နည်းဆိုရလျှင် ပွဲဦးသိင်္ဂါရရသကို ပွဲလယ် ဘယာနကရသ၊ ရုဒ္ဒရသ၊ ဝိဘစ္ဆရသ၊ ကရုဏာရသတို့က ဖျက်ပြီးနောက်၊ ထိုရသတို့ကို ဟဿရသက ထုတေ၍၊ အဆုံး၌ ပွဲသိမ်း သန္တရသက ချေပေးခဲ့သည်ဟု ဆိုနိုင်သည်။

ဤတွင် မထွေးလေး၏ မပဗ္ဗာ ကိုဒါသ ဇာတ်ခင်းပုံ၌ သန္တရသသည်သာလျှင် ဇာတ်၏ ပန်းတိုင်ရသဖြစ်၍ အခြားသော ရသတို့သည် ထိုဇာတ်ကို ပန်းတိုင်ရသသို့ ရောက်အောင် ပို့ပေးကြသော အိုင်ကျင်းရသတို့ ဖြစ်သည်ဟု ဆိုသင့်သည်။ ထိုအခါ ပန်းတိုင်ရသကိုသာ အမှူးပြုထိုက်သည် ဖြစ်သောကြောင့် မထွေးလေး၏ မပဗ္ဗာ ကိုဒါသ ဇာတ်ကို အလွမ်းဝေပုံ၌ထည့်၍ အလွမ်းဇာတ်ဟု ခေါ်ချင်သည်။ ထိုနည်းတူစွာ အလွမ်းအဆွေး အသော သုံးမျိုး ရှိသည့်အနက် တစ်မျိုးထက်ပို၍ ပါသောစာကို ပုံကြည့်လိုလျှင်လည်း ပန်းတိုင်ရသကို အမှူးပြု၍ အလွမ်းစာဟုသော်လည်းကောင်း၊ အဆွေးစာ ဟုသော်လည်း ကောင်း၊ အသောစာဟုသော်လည်းကောင်း ဆိုသင့်ရာ ပုံလျှင် ရသည်ဟု ယူပါသည်။

အလွမ်းအဆွေးအသော ဟူသော စကားတို့သည် ရသသဘောကို အတွင်းသိ သိခဲ့ကြသော မြန်မာတို့၏ အမျိုးဘာသာ နှုတ်အမှုအရာဖြစ်သည်မှာ ထင်ရှားပြီဟု ထင်သည်။ စာရေးဆရာများအဖို့မှာ ထိုစကား သုံးခွန်းဖြင့် ဘဝကို ချဉ်းကပ်တတ်လျှင် သိခြင်း မြင်ခြင်း ရှိလာ၍ ပြောချင်ရေးချင်သော (ဝါ) ဥဒါန်းပြုချင်သော ဘဝသဘောသည် လွမ်းကွက်အလိုက် ဆွေးကွက်အလိုက် သောကွက်အလိုက် သော်လည်းကောင်း၊ ကွက်စုံအလိုက်သော်လည်းကောင်း ပေါ်လာစရာအကြောင်းရှိသည်ဟု ယူဆသည်။ စာ၏သဘောကိုသော်လည်းကောင်း၊ စာရေးဆရာ၏ဘဝအသိကိုသော်လည်းကောင်း လေ့လာဆင်ခြင်လိုကြသော ဝေဖန်ရေးဆရာ၊ စာသင်ဆရာများအဖို့မှာ မြန်မာ့ရသစာပေကို သို့မဟုတ် ရသစာပေ ဟူသမျှကို အဆွေအနွေး အဝေအဖန် အသင်အပြ ပြုကြရာ၌ အလွမ်း အဆွေး အသော ဟူသော ထိုစကားသုံးခွန်းသည် အနက်အားဖြင့် ကျယ်ပြန့်သော တန်ခိုးသတ္တိကို ရလာသဖြင့် အရပ်သားများ၌ပင် ရသစာပေသဘောကို နားပေါက်လွယ်အောင် စိတ်ချလက်ချ အသုံးပြုနိုင်သော အများသိ မြန်မာမှုစကားများ ဖြစ်ထိုက်သည်ဟု ယူဆသည်။ ဆင်ခြင်ကြည့်ကြပါကုန်။

၁၉၆၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အလွမ်း အဆွေး အသောနှင့် စာရေးဆရာ

အလွမ်း အဆွေး အသောဆိုသည်မှာ အခြားမဟုတ်။ ပရိသတ်၌ ခံစားအပ်သော အလင်္ကာကျမ်းထွက် ရသနှစ်သက်ခြင်း ကိုးပါးဖြစ်ကြောင်း ဆိုခဲ့ပြီ။ ထို့နောက် အလွမ်းသဘောတွင် ချစ်ခင်နှစ်သက်ခြင်း သိင်္ဂါရရသ၊ စိတ်ငြိမ်အေးချမ်းခြင်း သန္တရသ၊ အံ့သြခြင်း အဗ္ဘုတရသ၊ ရဲရင့်အားတက်ခြင်း ဝီရရသတို့ အကျုံးဝင်နေကြောင်းကိုလည်းကောင်း၊ အဆွေးသဘောတွင် ထိတ်လန့်ခြင်း ဘယာနကရသ၊ မခံမရပ်နိုင်ဖြစ်ခြင်း ရုဒ္ဒရသ၊ စက်ဆုပ်ခြင်း ဝိဘစ္ဆရသ၊ သနားခြင်း ကရုဏာရသတို့ အကျုံးဝင်နေကြောင်းကိုလည်းကောင်း၊ အသောတွင် ရယ်ရွှင်ခြင်း ဟဿရသပါဝင်ကြောင်းကိုလည်းကောင်း ဆိုခဲ့ပြီ။ စင်စစ်မှာ အလွမ်း အဆွေး အသော ဟူသော စကားသုံးခွန်း၌ ထိုမျှမကသော ရသတို့ ရှိနိုင်သည်ဟု ယူပါသည်။ သို့ရာတွင် စာပေလောကအတွက်မှာမူ ဆိုခဲ့သော ရသကိုးပါးကို သိလျှင် စာပေအကြောင်း ဟောပြောဆွေးနွေး၍ရပြီဟု အသင့်အတင့် နှလုံးသွင်းအပ်တော့သည်။

ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသော ရသစာပေ စာရေးဆရာသည် လူ့လောကပတ်ဝန်းကျင်ကို လွမ်းစရာဖြစ်အောင်၊ ဆွေးစရာဖြစ်အောင်၊ သောစရာဖြစ်အောင် ရေးဖွဲ့ရသူဖြစ်သည်မှာ ထင်ရှားပါသည်။ ထို့ပြင် ရေးဖွဲ့ရာ၌ သက်သက်သောအလွမ်း၊ သက်သက်သောအဆွေး၊ သက်သက်သော အသောတို့ကို ရေးဖွဲ့သည့်အခါလည်းရှိ၍၊ ဘဝအသိကိုပါ ပေးနိုင်သော အလွမ်း၊ ထိုသို့သောအဆွေး၊ ထိုသို့သောအသောတို့ကို ရေးဖွဲ့သည့်အခါလည်း ရှိသည်မှာလည်း ထင်ရှားပါသည်။ ထိုအခါ သက်သက်ကို ရေးဖွဲ့သည်ဖြစ်စေ၊ ဘဝအသိပါပါအောင် ရေးဖွဲ့သည်ဖြစ်စေ၊ လွမ်းစရာဖြစ်အောင်၊ ဆွေးစရာဖြစ်အောင်၊ သောစရာဖြစ်အောင် ရေးဖွဲ့သော စာရေးဆရာဘက်၌ မည်သို့သောသဘောရှိသနည်း။ ဆင်ခြင်ကြည့်ရအောင်။

စာရေးဆရာသည် လူဖြစ်၍ စာရေးဆရာဆက်ဆံသော လောကသည် လူ့လောကပတ်ဝန်းကျင် ဖြစ်၏ဟုလည်းကောင်း၊ ထိုပတ်ဝန်းကျင်တွင် လွမ်းစရာအပြည့်၊ ဆွေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စရာအပြည့်၊ သောစရာအပြည့်ရှိ၏ဟုလည်းကောင်း ရှေးဦးစွာယူစရာရှိသည်။ အလွမ်း၊ အဆွေး၊ အသောကို လက်ခံလျှင်၊ ထိုသို့ယူသည်ကို လက်မခံနိုင်စရာအကြောင်းမရှိဟု ထင်သည်။ လွမ်းစရာ၊ ဆွေးစရာ၊ သောစရာဟူ၍ မိမိကိုယ်၌လည်းကောင်း၊ ပတ်ဝန်းကျင်၌လည်းကောင်း၊ မြင်ခြင်း၊ ကြားခြင်း၊ ထိတွေ့ခြင်း၊ သိခြင်းရှိသော (ဝါ) ကြုံတွေ့နေရသော လောကအမှုအရာ၊ လူ့အမှုအရာ ဖြစ်သည်။ စာရေးဆရာသည် ထိုအမှုအရာတို့ကို မည်သို့မှတ်ခဲ့သနည်း။ ဤမေးခွန်းကို ဖြေကြည့်လျှင် စာရေးဆရာဘက်၌ မည်သို့သောသဘောရှိသည်ကို ရိပ်မိနိုင်စရာအကြောင်းရှိ၏ဟု ထင်သည်။ စဉ်းစားမိသော အချက်နှစ်ချက်ကို တင်ပြရန် အားထုတ်ပါမည်။

စာရေးဆရာသည် မြင်သည်ကို မြင်သည့်အတိုင်း ပြန်၍ရေးပြသည်ဟု မယူပါ။ ဆိုလိုသည်မှာ ပကတိသော ရုပ်ဝတ္ထုကို အဓိကထား၍ ရေးပြခြင်းသည်၊ မဟုတ်ဟု ဆိုလိုသည်။ ပကတိသောရုပ်ကို အဓိကထား၍ ရေးပြခြင်းသည် သိပ္ပံသုတေသီ၏ကိစ္စ ဖြစ်သည်။ စားပွဲပေါ်၌တင်ထားသော ဖန်ခွက်ကို ရေးပြရာတွင် သိပ္ပံသုတေသီသည် ဖန်ခွက်၏ အမြင့်မည်မျှ၊ လုံးပတ်မည်မျှ စသော အချက်တို့ကို အဓိကထား၍ ရေးပြခြင်းဖြစ်သည်။ ရသစာပေ စာရေးဆရာအဖို့မှာ ထိုသို့မဟုတ်ချေ။ ဖန်ခွက်ကိုမြင်သောအကြောင်းကြောင့် သူ၌ စိတ်လှုပ်ရှားမှုတစ်ခုခု ဖြစ်လာပြီးသည့်နောက်၊ ထိုစိတ်လှုပ်ရှားမှုတစ်ခုခုဖြင့် မြင်သော ဖန်ခွက်ကို အဓိကထား၍ ရေးပြခြင်း ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာသည် မြင်သည်ကို မြင်သည့်အတိုင်း ပြန်ရေးပြသည်မဟုတ်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

စာရေးဆရာ၏ ဖန်ခွက်သည် စားပွဲပေါ်က ဖန်ခွက်လောဟု မေးအံ့။ မဟုတ်ဟု ဖြေသင့်သည်။ အဘယ်ကြောင့်ဆိုသော် စာရေးဆရာ၏ဖန်ခွက်၌ စာရေးဆရာ၌ ဖြစ်ပေါ်သော စိတ်လှုပ်ရှားမှု တစ်ခုခု ပိုပါသောကြောင့် ဖြစ်သည်။ ဥဒါဟရဏ်ကား ထိုစိတ်လှုပ်ရှားမှု တစ်ခုခုသည် လွမ်းစိတ်ဖြစ်လျှင် စာရေးဆရာ၏ ဖန်ခွက်၌ လွမ်းစရာပါနိုင်၍၊ လွမ်းစရာ ဖန်ခွက်ဖြစ်သောကြောင့်ပင်။ သို့ရာတွင် စာရေးဆရာ၏ ဖန်ခွက်သည် စားပေါ်က ဖန်ခွက်နှင့်လည်းမကင်းဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် စားပွဲပေါ်က ဖန်ခွက်ကို အကြောင်းပြု၍ စာရေးဆရာ၏ ဖန်ခွက် ဖြစ်လာရသောကြောင့် ဖြစ်သည်။ သိပ္ပံသုတေသီအဖို့မှာ ဖန်ခွက်၏ပကတိရုပ်သည် လိုရင်းဖြစ်၍၊ သိပ္ပံပညာအတွက် အမှန်တရား ဖြစ်သည်။ စာရေးဆရာအဖို့မှာ ဖန်ခွက်၏ ပကတိရုပ်၌၊ သူ့စိတ်လှုပ်ရှားမှုတစ်ခုခုဖြင့် မြင်သော သူ့အမြင်ပုံသဏ္ဌာန်သည် (ဝါ) ဖန်ခွက်၏နိမိတ်ပုံသည် လိုရင်းဖြစ်၍ ရသစာပေအတွက် အမှန်တရားဖြစ်သည်။ ထိုမှ တစ်ဆင့်တက်၍ ဆင်ခြင်သော် စာရေးဆရာသည် လောကအမှုအရာ၊ လူ့အမှုအရာတည်းဟူသော ဒိဋ္ဌလောကကို ရေးသည်လည်းမဟုတ်။ ဒိဋ္ဌလောကနှင့်ကင်း၍ ရေးသည်လည်းမဟုတ်။ ဒိဋ္ဌလောကနှင့်ကြုံသော အကြောင်းကြောင့် သူ၌ စိတ်လှုပ်ရှားမှုတစ်ခုခု ဖြစ်လာပြီးသည့်နောက် ထိုစိတ်လှုပ်ရှားမှုတစ်ခုခုဖြင့် မြင်သော သိသော စိတ်မြင် စိတ်သိ ပုံသဏ္ဌာန်ကို (ဝါ) ဒိဋ္ဌလောက၏ နိမိတ်ပုံကို ရေးခြင်း ဖြစ်သည်ဟု ဆိုလျှင် ရကောင်းအံ့သို့ရှိသည်။ ထိုနိမိတ်ပုံ၌ ထူးခြားသော အစွမ်းရှိ၏ဟု ဆိုချင်သည်။ ထိုအစွမ်းသည် အခြားမဟုတ်။ ပရိသတ်ကို နိမိတ္တသဒ္ဒ နိမိတ်သဏ္ဌာန်၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သာယာခြင်းဖြစ်စေအောင် (ဝါ) အလှမ်း အဆွေး အသော ဖြစ်စေအောင် (ဝါ) ရသနှစ်သက်ခြင်းဖြစ်စေအောင် ပေးနိုင်သော အစွမ်းဖြစ်သည်။ ထို့ထက်ထူးသည်မှာ နိမိတ်ပုံဟူသည် ဆွေးစရာဖြစ်နေစေကာမူ ပရိသတ်၌ ဆွေးလျက် ရသနှစ်သက်ခြင်းပေါ်အောင် ပြုပေးနိုင်သောအစွမ်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒိဋ္ဌလောက၌ကား ဆွေးစရာနှင့်ကြုံရလျှင် ဒိဋ္ဌလောကသည် ဒေါမနဿဖြစ်အောင် ပြုတတ်သောကြောင့်ပင်။

အလင်္ကာကျမ်းတွင် နဋသျှတ္တရ၏ အလိုအရ ဝိဘာဝဟူ၍ရှိရာ ဝိဘာဝသည် ဒိဋ္ဌလောက ဖြစ်သင့်သည်ဟု ယူချင်သည်။ တစ်ဖန် ဝိဘာဝကို အကြောင်းပြု၍ သဘင်သည်၌ ဌာယီဘာဝ ဖြစ်ပေါ်ရကြောင်းဆိုရာ၊ ဌာယီဘာဝသည် စိတ်လှုပ်ရှားမှု တစ်ခုခုဖြစ်သင့်သည်ဟု ယူချင်သည်။ တစ်ဖန် ရသပေါ်အောင်၊ ဌာယီဘာဝကို အနုဘာဝတို့ဖြင့် တန်ဆာဆင်၍ ကပြအပ်ကြောင်းဆိုင်ရာ အနုဘာဝသည် သဘင်သည် သိမြင်ခြင်းရှိခဲ့သော သက်ဆိုင်ရာ ဟန်အမူအရာတို့ကို (ဝါ) နိမိတ်ပုံတို့ကို ဆိုလိုသည်ဟု ယူချင်သည်။ ဥဒါဟရဏ်ကား ပွဲကြည့်ပရိသတ်၌ ကရုဏာရသပေါ်အောင် သဘင်သည်သည် သောက ဌာယီဘာဝဖြင့်၊ သောကဟန်အမူအရာ အနုဘာဝတို့ကို ခင်းကျင်းပြသရခြင်း ဖြစ်သည်။ စာရေးဆရာအဖို့မှာ သူရေးဖွဲ့သော အရာသည် သူသိမြင်ခဲ့သော နိမိတ်ပုံသာဖြစ်သည်ဟု မှတ်ယူထားသည်ဖြစ်ရာ အနုဘာဝသည် နိမိတ်ပုံသဘော (ဝါ) ဟန်အမူအရာသဘောနှင့် ဆင်ဆင်တူသည်ဟုယူသော် ရသင့်သည်။ ဤကား အလင်္ကာ ကျမ်းထွက်စကားတို့နှင့် ညှိကြည့်ခြင်း ဖြစ်သည်။

နိမိတ်ပုံတို့သည် (ဝါ) စိတ်လှုပ်ရှားမှုတစ်ခုခုဖြင့် သိမြင်ခဲ့သော လောကအမူအရာ၊ လူ့အမူအရာတို့သည် စာရေးဆရာအဖို့မှာ ကုန်ကြမ်းသဘောဖြစ်သည်ဟု ဆိုထိုက်သည်။ ထိုနိမိတ်ပုံတို့သည် စိတ်ကူးဉာဏ်ရှိသော (ဝါ) ပဋိဘာန်ဉာဏ်ရှိသော သူ၌ မဆွကပင် အမှတ်မထင် ရှိခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်လှုပ်ရှားမှုရှိသောအခါတိုင်း၊ နိမိတ်ပုံသည် ထိုသူ၌ ထင်၍ကျန်ခဲ့တတ်သောကြောင့် ဖြစ်သည်။ ဤတွင် အလင်္ကာကျမ်း၌ ဌာယီဘာဝနှင့် ရသတို့သည် နို့နှင့် နို့ဓမ်းကဲ့သို့ဖြစ်ကြောင်း၊ စာရေးဆရာ၏စိတ်၌ ဖြစ်ပေါ်သော ဌာယီဘာဝသည် ပရိသတ်၌ သာယာခြင်းကိုဆောင်လျှင်၊ ထိုဌာယီဘာဝသည် ရသမည်ကြောင်း ဆိုသည်။ တစ်ဖန် ဌာယီဘာဝ ကိုးပါးရှိသည်ဟုဆိုရာ၊ နိမိတ်ပုံတို့ကို သိမြင်တတ်သော စိတ်လှုပ်ရှားမှု ကိုးမျိုးရှိသည်ဟု ဆိုရာရောက်နိုင်သည်။ ထိုအခါ ချစ်ခင် မွေ့လျော်ခြင်း ရတိဌာယီဘာဝကြောင့်၊ ချစ်ခင်မွေ့လျော်အပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ စိတ်အေးချမ်းငြိမ်သက်ခြင်း သမဌာယီဘာဝကြောင့်၊ စိတ်အေးချမ်းငြိမ်သက်အပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ ရဲရင့်ကြိုးပမ်းခြင်း ဥဿာဟဌာယီဘာဝကြောင့်၊ ရဲရင့်ကြိုးပမ်းခြင်းကိုပြသော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ လွန်ကဲ ထူးကဲသည်ကို အလိုရှိခြင်း ဝိမှယဌာယီဘာဝကြောင့်၊ လွန်ကဲထူးကဲသော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ စိုးရိမ်ပူဆွေးခြင်း သောကဌာယီဘာဝကြောင့် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကြင်နာခြင်း ဖြစ်အပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ ထိတ်လန့်ခြင်း ဘယဌာယီဘာဝကြောင့်၊ ထိတ်လန့်တုန်လှုပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ စက်ဆုတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခြင်း ဓိဂုစ္ဆာဌာယီဘာဝကြောင့်၊ စက်ဆုပ်အပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ ကြမ်းကြုတ်ခက်ထန်ခြင်း ကောဓဌာယီဘာဝကြောင့်၊ ကြမ်းကြုတ်ခက်ထန်ခြင်းရှိသော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ ရယ်ရွှင်ဝမ်းမြောက်ခြင်း ဟာသဌာယီဘာဝကြောင့် ရယ်ရွှင်ဝမ်းမြောက်အပ်သော နိမိတ်ပုံအမျိုးမျိုးသည်လည်းကောင်း၊ စာရေးဆရာ၌ မဆွက ပင် အကြောင်းအားလျော်စွာ၊ အခါအားလျော်စွာ ထင်၍ ကျန်ခဲ့ကြမည်သာဖြစ်သည်။ ဤသို့ဖြင့် စာရေးဆရာသည် လောကအမှုအရာ၊ လူ့အမှုအရာတို့ကို နိမိတ်ပုံအမျိုးမျိုး အဖြစ်ဖြင့် မှတ်ခဲ့သည်ဟု ဆိုနိုင်သည်။ စေတနာတစ်ခုခုကြောင့်သော်လည်းကောင်း၊ ဆန္ဒ တစ်ခုခုကြောင့်သော်လည်းကောင်း၊ ဥဒါန်းမြွက်ဆိုလိုခြင်း ရှိလာသောအခါ စာရေးဆရာ သည် ထိုနိမိတ်ပုံများအနက် သူ့စေတနာကိုလိုက်လျက် သူ့စိတ်ကူးဉာဏ်က အလိုရှိ သော နိမိတ်ပုံတို့ကို ရွေး၍ ရွေး၍ သုံးမည်ဖြစ်သည်။ မိမိအလိုရှိသည်ကို တိုက်ရိုက်ရေးဖွဲ့ လေ့ရှိသော မယ်ဘွဲ့၊ မောင်ဘွဲ့၊ ရတုကဲ့သို့သော ကဗျာမျိုး၌လည်း ထိုနိမိတ်ပုံတို့ကို စာရေး ဆရာတို့ သုံးခဲ့ကြပြီ။ မိမိအလိုရှိသည်ကို ဇာတ်လမ်းဆင်၍ ရေးဖွဲ့လေ့ရှိသော ပျို့၊ ပြဇာတ်၊ ဝတ္ထု ကဲ့သို့သော စာမျိုး၌လည်း ထိုနိမိတ်ပုံတို့ကို သုံးခဲ့ကြပြီ။ ဤကား လွမ်းစရာဖြစ်အောင်၊ ဆွေးစရာဖြစ်အောင်၊ သောစရာဖြစ်အောင် ရေးဖွဲ့ရာတွင် စာရေးဆရာဘက်၌ ရှိအပ်သော စာရေးဆရာ၏သဘောကို ရှင်းပြခြင်း ဖြစ်သည်။

ထို့ပြင် နောက်တစ်ချက် ဆိုပါဦးမည်။ ထိုအချက်သည် ဆိုခဲ့သော စာရေးဆရာ၏ သဘောနှင့် ဆက်နေသောအချက် ဖြစ်သည်။ ထိုအချက်သည် အခြားမဟုတ်။ စာရေး ဆရာ၏သဘောသည် သူ့စိတ်ခံစားလှုပ်ရှားမှုကို သူပြန်ရေးပြသောသဘောဖြစ်၏ ဟူသော အယူကို ဆင်ခြင်လိုခြင်း ဖြစ်သည်။ ခံစားလှုပ်ရှားမှုသည် ရသစာပေ၏ အကြောင်းအရင်း ဖြစ်သည်မှာ မှန်၏။ သို့ရာတွင် ခံစားလှုပ်ရှားမှုကို တိုက်ရိုက်ရေးပြခြင်းသည်၊ စာရေး ဆရာ၏သဘော၌ တင်းပြည့်ကျပ်ပြည့် ဝင်သည်ဟုမထင်။ စိတ်ကူးဉာဏ်ရှိသော စာရေး ဆရာအဖို့မှာ ဒိဋ္ဌလောကနှင့်ကြုံသဖြင့် သူ့ခံစားလှုပ်ရှားမှုကို အကြောင်းပြု၍သာ (ဝါ) သူ့စေတနာအလိုက် သူ့၌ ခံစားလှုပ်ရှားလာသော သုခ၊ ဒုက္ခ ဝေဒနာတစ်ခုခု၏ အခြေခံ ကို အကြောင်းပြု၍သာ ကဗျာ၊ ပြဇာတ်၊ ဝတ္ထု စသော ရသစာပေကို ရေးဖွဲ့ခြင်းဖြစ်သည် ဟု ယူချင်ပါသည်။ ဥဒါဟရဏ်ဆောင်၍ ရှင်းရန် အားထုတ်ပါမည်။

အထက်ကဆိုခဲ့သော မပဋာ ကိုဒါသဇာတ်ကိုပင် ဥဒါဟရဏ်အဖြစ်ဖြင့် ဆင်ခြင် ကြည့်နိုင်သည်။ ပဋာစာရီထေရီဝတ္ထုသည် ပဋာစာရီ၌ သောကပရိဒေဝမီး ငြိမ်းခဲ့ပုံအကြောင်း ဖြစ်ရာ ထိုဝတ္ထုကို ဖတ်ရှုသူတိုင်းသည် ဝတ္ထုအဆုံးတွင် ပဋာစာရီအတွက် စိတ်မချမ်းမသာ ဖြစ်ခဲ့ရာမှ စိတ်ချမ်းသာခြင်းကို ပြန်လည်ရခဲ့ကြတန်ရာသည်။ ပဋာစာရီထေရီဝတ္ထုကို ဖတ်ရှုသော မထွေးလေးသည်လည်း ထိုသို့ပင် ဖြစ်ခဲ့တန်ရာသည်။ ထိုအခါ ပဋာစာရီကို ချီးကျူးကြည်ညိုလိုသော မထွေးလေး၏ စေတနာသည် သူခင်းကျင်းသော မပဋာ ကိုဒါသ ဇာတ်ကို ပန်းတိုင်ရသဖြစ်သော သန္တသို့ရောက်အောင် ပဲ့ကိုင်ပေးရင်း လွမ်းအပ်သော၊ ဆွေးအပ်သော နိမိတ်ပုံအမျိုးမျိုးဖြင့် တန်ဆာဆင်၍ ကပြစေခဲ့သည်ဟု ထင်သည်။ မထွေးလေး၏ ခံစားလှုပ်ရှားမှုသည် သုခဝေဒနာဖြစ်သည်။ သို့ရာတွင် မထွေးလေးသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့ဇာတ်ကို ခင်းပြရာတွင် ထိုသုခဝေဒနာကို တိုက်ရိုက်ဖော်ပြသည်မဟုတ်။ ထိုသုခဝေဒနာ အခြေခံကို အကြောင်းပြု၍ သမဋ္ဌာယီဘာဝ ဖြစ်ခဲ့ရာမှအစ သက်ဆိုင်ရာ ရသများပါသော ဇာတ်ကွက်တို့ကို စီစဉ်ခဲ့သည်ဟု ဆိုချင်သည်။ ဤသဘောမျိုးဖြင့်သာ မထွေးလေးသည် သူ၏ ခံစားလှုပ်ရှားမှုကို ပြန်၍ဖော်ပြသည်ဟု ယူသင့်သည်။

တစ်ဖန် လွန်ခဲ့သောအနှစ် နှစ်ထောင်ကျော်လောက် ရှေးခေတ် အိန္ဒိယ၌ ရာမာယဏ မဟာကဗျာကို ရေးဖွဲ့လာရပုံ၌လည်း ထိုသဘောမျိုးကို တွေ့ရသည်။ ၁၉၂၉ ခုနှစ်လောက်တွင် ကမ္ဘာကျော် မြေပဒေသာ (The Good Earth)ခေါ် ဝတ္ထုကို ရေးဖွဲ့လာရပုံ၌လည်း ဤသဘောမျိုးကို တွေ့ရသည်။

ရာမယဏ မဟာကဗျာ၊ ဗလကဏ္ဍ၌ ဆိုခဲ့သည်မှာ ထိုမဟာကဗျာကို စပ်ဆိုသော ဝါလမိကိရသေ့ကြီးသည် မြစ်ကမ်းပါးတစ်ခု၌ ဘာသာဘာဝ ပျော်ရွှင်မြူးထူး တွန်ကျူး ပျံဝဲလျက် ရှိနေကြသော ဥဗျိုင်းကဲ့သို့သော ငှက်မောင်နှံကို မြင်ကြောင်း၊ ထို့နောက် ငှက်ခတ်မုဆိုးပေါ်လာ၍ ငှက်ဖိုကို လေးဖြင့်ခွင်းရာ၊ ငှက်ဖိုကျ၍ သွေးအလိမ်းလိမ်းဖြင့် ဝေဒနာခံစားရကြောင်း၊ ငှက်မ၏ အမူအရာတို့သည် သနားစဖွယ် ဖြစ်လာကြောင်း၊ ထိုအကြောင်းအရာကို မြင်သော ရသေ့ကြီးသည် ကရုဏာဖြစ်၍ ဒုက္ခဝေဒနာခံစားရကြောင်း၊ ထိုဒုက္ခဝေဒနာကြောင့် ရသေ့ကြီးသည် မုဆိုးကို ကျိန်ဆဲသော ကဗျာတစ်ပုဒ်ကို စပ်ဆိုပြီးနောက် ရာမာယဏ မဟာကဗျာကို ဆက်၍ ရေးဖြစ်ခဲ့ကြောင်း ဆိုခဲ့သည်။ ထိုအဆိုကို ထောက်ခြင်းအားဖြင့် ဝါလမိကိရသေ့ကြီးသည် ကရုဏာဖြစ်၍၊ ဒုက္ခဝေဒနာခံစားရ၍၊ သောကဋ္ဌာယီ ဘာဝဖြစ်ခဲ့ရာမှအစ ရာမ၊ လက္ခဏာ၊ မယ်သီတာ၊ ဒသဂီရိတို့ ဇာတ်လမ်းကို(ဝါ) ရာမာယဏမဟာကဗျာကို စပ်ဆိုခဲ့သည်ဟု ဆိုချင်သည်။ (ရာမာယဏမဟာကဗျာသည် အလွမ်းသဘောဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဗျာသည် သောက ကရုဏာတို့ စတင်ဖြစ်ပေါ်လာသော်လည်း ဇာတ်နိဂုံးကိုလိုက်၍ အလွမ်းသဘော ဖြစ်သည်ဟု ယူနိုင်သောကြောင့်ပင်။ ဤကား စကားချပ်)

တစ်ဖန် မြေပဒေသာဝတ္ထု၏ ၁၉၄၉ ခုနှစ် နိဒါန်း၌ ဆိုခဲ့သည်မှာ ထိုဝတ္ထုကို ရေးသော အမေရိကန်အမျိုးသမီး ဝတ္ထုဆရာ ပါးဗတ် (Pearl Buck)သည် ၁၉၂၉ ခုနှစ်တွင် တရုတ်ပြည်၏ မြို့တော်ဖြစ်သော နန်ကင်း၌ နေထိုင်စဉ် ၊ တစ်နေ့သ၌ အိမ်အပေါ်ထပ်သို့ သူတက်၍ ပတ်ဝန်းကျင်ကို မျှော်ကြည့်ခဲ့ကြောင်း၊ မြို့တော် မြို့ရိုးအဆုံးအထိ လူနေအိမ် ကွက်တိကွက်ကျား၊ ဥယျာဉ်ခြံမြေ ကွက်တိကွက်ကျားတို့ကို မြင်ကြောင်း၊ သို့ရာတွင် မြို့ရိုးအပတွင်ကား တရုတ်ပြည်မြောက်ပိုင်းဒေသမှာကဲ့သို့ များလှစွာသော လယ်မြေတို့ရှိ၏ဟု သူသတိပြုမိကြောင်း၊ ထိုနှင့်အတူ တရုတ်တောင်သူလယ်သမားတို့ဆီသို့ သူ့စိတ် ရောက်သွားကြောင်း၊ ထိုနှင့်အတူ သူငယ်စဉ်တောင်ကျေး အကလေးဘဝမှစ၍ တောင်သူလယ်သမားတို့နှင့် ရင်းရင်းနှီးနှီးသူနေထိုင်ခဲ့ဖူးသည်ကို သတိရ အောက်မေ့ကြောင်း၊ ထိုအချိန်မှစ၍ မြေပဒေသာဝတ္ထုကို သူရေးခဲ့ကြောင်း ဆိုခဲ့သည်။ ပါးဗတ်သည် ထိုဝတ္ထုတွင် တရုတ်လယ်ကူလီ သူဆင်းရဲလင်မယားကို ဗဟိုပြု၍လည်းကောင်း၊ လယ်မြေအတွက် ထိုသူဆင်းရဲလင်မယား အဆင်းရဲခံကြပုံ၊ အဖိအနှိပ်ခံကြရပုံ၊ ရုန်းကန်ကြပုံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တို့ကိုလည်းကောင်း၊ ကြွယ်ဝလာသောအခါ ပုထုဇဉ်သားပီပီ တရားပျက်ချင်သလိုလို ဖြစ်လာပုံ၊ ဆင်းရဲဒဏ်ကို ခံနိုင်သော်လည်း ချမ်းသာဒဏ်ကို မခံနိုင်ရှာပုံတို့ကိုလည်းကောင်း ဇာတ်လမ်းဆင်၍ ရေးခဲ့သည်ကို တွေ့နိုင်ကြသည်။ ထိုအချက်ကို ထောက်ခြင်းအားဖြင့် ပါးဗတ်သည် တရုတ်လယ်ကူလီတို့ဘဝအတွက် ကရုဏာဖြစ်၍၊ ဒုက္ခဝေဒနာခံစားရ၍၊ သောကဌာယီဘာဝ ဖြစ်ခဲ့ရာအစ၊ တရုတ်ပြည်၏ မင်းပြောင်းမင်းလဲ ခေတ်နှင့်တကွ လယ်ကူလီဘဝ၊ လယ်ရှင်ဘဝတို့အကြောင်းကို အလွမ်း အဆွေး အသောတို့ဖြင့် တန်ဆာဆင်၍ ရေးခဲ့သည်ဟု ဆိုချင်သည်။

ယခုရှင်းပြခဲ့သော စာရေးဆရာ၏သဘောနှစ်ခုကို သုတေသီတို့ ဆင်ခြင်ကြရန်။

၁၉၆၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ရသစာပေပုံသဏ္ဍာန်ပြဿနာ
### (၁၉၆၂ ခု၊ စာရေးဆရာညီလာခံ၌ ဖတ်သောစာ)

စာရေးခြင်းသည် အဆန်းမဟုတ်ပါ။ စကားပြောခြင်းနှင့်အတူတူဖြစ်သည်။ စာရေးခြင်းကို အဘယ့်ကြောင့် ပြုသနည်းဟု မေးလျှင် စာရေးသူ၏ စိတ်ထဲရှိသောအနက်ကို သူတစ်ပါး၏နားနှင့် စိတ်တို့သို့ရောက်အောင် ပို့ချင်သောကြောင့် ပြုသည်ဟု ဖြေရပေလိမ့်မည်။ ထိုနည်းတူစွာ စကားပြောခြင်းကို အဘယ့်ကြောင့် ပြုသနည်းဟု မေးလျှင်လည်း ပြောသူ၏ စိတ်ထဲ၌ ရှိသောအနက်ကို သူတစ်ပါး၏နားနှင့် စိတ်တို့သို့ရောက်အောင် ပို့ချင်သောကြောင့် ပြုသည်ဟုပင် ဖြေရပေလိမ့်မည်။ စာရေးခြင်းဆိုသည်ကား အရာဝတ္ထုတစ်ခုခုပေါ်၌ ရေးခြစ်ခြင်းဖြစ်၍၊ စကားပြောဆိုခြင်း ဆိုသည်က နှုတ် အာ လျှာ တို့ကို လှုပ်ရှားရခြင်းဖြစ်ရာ ပြုပုံချင်းသာကွဲသည်။ ရည်ရွယ်ချက်ချင်းကား အတူတူဖြစ်သည်။ စကားပြောတတ်သောအရွယ်သို့ ရောက်လာ၍ စကားအပြောတတ်လာသဖြင့် ကလေးစကားပြောသည်ကို မဆန်းပါဟု ဆိုချင်လျှင်၊ စာရေးတတ်သော အရွယ်သို့ ရောက်လာ၍ စာရေးတတ်လာသဖြင့် ကလေးစာရေးသည်ကိုလည်း မဆန်းပါဟု ဆိုသင့်ပါသည်။ ဤအထိ ကျွန်တော်ရေးလာသောစာကို တစ်ဦးတစ်ယောက်သောသူက နှုတ် အာ လျှာတို့ကို လှုပ်ရှား၍၊ ဖတ်ပြလိုက်လျှင်ပင် ထိုသို့ဖတ်ပြလိုက်ခြင်းသည် စင်စစ်မှာ ကျွန်တော် ဆိုလိုသောအနက်မှာ ပြောပြခြင်းသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

စကားပြောသည့်အခါ၌ အပြောနှစ်မျိုးရှိသည်ဟု ပညာရှိအချို့ ဆိုမိန့်ခဲ့ကြသည်ကို ကျွန်တော် သဘောကျခဲ့သည်။ ယခုတိုင်လည်း သဘောကျလျက်ဖြစ်သည်။ ထိုနှစ်မျိုးအနက် (၁) တစ်မျိုးမှာ အမှားအမှန်တို့ကိုသော်လည်းကောင်း၊ အကျိုးအပြစ်တို့ကိုသော်လည်းကောင်း၊ စုံစမ်းစစ်ဆေး၍ ထိုအရာကား မှန်၏။ ဤအရာကား မှား၏။ ထိုအရာကား အကျိုးရှိ၏။ ဤအရာကား အပြစ်ရှိဟု သိပြီးမှ ထိုအသိကို ပဓာနထား၍ သူတစ်ပါးကိုလည်း သိစေလိုသေးသဖြင့် ပြောပြခြင်းဖြစ်သည်။ ဥပမာ- မန္တလေးအဆန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မီးရထား ရန်ကုန်မှ ညနေ သုံးနာရီနှင့် လေးဆယ့်ငါးမိနစ်အချိန်တွင် ထွက်၏ဟု မီးရထား အချိန်စာရင်းက ဆိုလျှင် မီးရထားထွက်ချိန်ကို အသိပေးသော ပြောခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ (၂) နောက်တစ်မျိုးမှာ ထိုသို့ဖြစ်သင့်၏။ ဤသို့မဖြစ်သင့်။ ထိုသို့ရှိသင့်၏။ ဤသို့မရှိသင့်။ ထိုသို့ပြုသင့်၏။ ဤသို့မပြုသင့်ဟု စေတနာဖြစ်ပြီးမှ ထိုစေတနာကို ပဓာန ထား၍ သူတစ်ပါးကိုလည်း ထိုအတိုင်း စေတနာဖြစ်စေလိုသဖြင့် ပြောခြင်းဖြစ်သည်။ ဥပမာ– မန္တလေး အဆန်ရထားသည် ကင်းခြေများကဲ့သို့ တရွေ့ရွေ့သွား၍ ရန်ကုန်ဘူတာမှ ထွက်သွား၏ဟု တစ်ဦးတစ်ယောက်သောသူက ဆိုလျှင် ထိုသူ နှစ်သက်ခြင်း၊ အံ့ဩခြင်း ဖြစ်သည့်အတိုင်း သူတစ်ပါး၌လည်း နှစ်သက်ခြင်း၊ အံ့ဩခြင်း ဖြစ်စေလိုသဖြင့် ပြောခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဖြင့် အသိကိုပေးတတ်သော ပြောခြင်းဟူ၍လည်းကောင်း၊ စေတနာကို နှိုးဆော်တတ်သော ပြောခြင်းဟူ၍လည်းကောင်း အကြမ်းအားဖြင့် ခွဲ၍ရသည် ဟု ထင်မြင်ပါသည်။ စာရေးခြင်းဆိုသည်မှာလည်း ပြောသည့်သဘောအတိုင်းဖြစ်ရာ စာပေအရာ၌လည်း ဆရာ့ဆရာများ ဆိုခဲ့ကြသည့်အတိုင်း (၁) အသိကိုပေးသော အသိ ပေးစာဟူ၍လည်းကောင်း၊ (၂) စေတနာကို နှိုးဆော်သော စေတနာနှိုးစာပေဟူ၍လည်း ကောင်း ရှိသည်ဟု သိသင့်ပါသည်။

ရေးပုံရေးဟန်ကို အဓိကတစ်ခုအဖြစ်ဖြင့် သတိပြုအပ်သော စာပေသည် အခြား မဟုတ်။ ဆိုခဲ့သော စေတနာနှိုးစာပေ (ဝါ) ရသစာပေ ဖြစ်ပါသည်။ ရသစာပေ၌ ရေးပုံ ရေးဟန်ရှိရခြင်းသည် ပရိသတ်၏စေတနာကို နှိုးဆော်ရသောအလုပ်ကို လုပ်ရသော ကြောင့် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ပရိသတ်အားရနှစ်သက်ခြင်းကို ဖြစ်စေလျက် ထိုနှစ်သက်ခြင်းနှင့် တစ်ပါတည်း ဘဝအသိတစ်ခုသည် ပရိသတ်၏စိတ်၌ အလိုအလျောက် ဝင်ရောက်လာအောင် အလုပ်လုပ်ရသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤကား ရေးပုံ ရေးဟန်၏အလုပ် ဖြစ်သည်ဟု ယူသင့်ပါသည်။

ရေးပုံရေးဟန်ဟူသော စကားသည် ရသစာပေ အရေးအသားနှင့်သာ သက်ဆိုင် သည်ဟု ဆိုလျှင် ကျဉ်းမြောင်းသည်ဟု ယူဆနိုင်ပါသည်။ ထိုသို့မဟုတ်ပါ။ ရသစာပေကဲ့သို့ စေတနာကို နှိုးဆော်တတ်သော အခြားအနုပညာများလည်း ရှိကြပေသေးသည်။ ဥပမာ– ပန်းချီပညာ၊ ပန်းပုပညာ၊ ဗိသုကာပညာ၊ ဂီတပညာ စသည်တို့ ဖြစ်သည်။ ထိုပညာတို့၌ လည်း ရသစာပေမှာကဲ့သို့ ရေးပုံရေးဟန်ကဲ့သို့သော သဘောသည် ရှိပါသည်။ ထို့ကြောင့် ရသစာပေအတွက်သာမက အနုပညာအတွက်လည်း ခြုံ၍ သုံးနိုင်အောင် ခြုံသောအနက် ရှိသည့် ဝေါဟာရကို လိုအပ်သည်ဟု ထင်ပါသည်။ ယခု သုံးစွဲလျက်နေကြသော ပုံသဏ္ဌာန် ဟူသော ဝေါဟာရသည် သင့်ပြီဟု ထင်မြင်ပါသဖြင့် ဤစာတွင် ရှေ့အဖို့၌ ရေးပုံရေး ဟန်အစား ပုံသဏ္ဌာန်ဟူသော ဝေါဟာရကိုသော်လည်းကောင်း၊ ပုံဟူသော ဝေါဟာရ ကိုသော်လည်းကောင်း သင့်တော်သလို သုံးခွင့်ပြုကြပါဘိ။

ထို့နောက် ပုံသဏ္ဌာန်ပြဿနာသို့ ဆက်ပါအံ့။ ပုံသဏ္ဌာန်နှင့်စပ်လျဉ်း၍ ပြဿနာ အမျိုးမျိုး ရှိနိုင်ပါသည်။ သို့ရာတွင် ဤစာ၌ စာရေးဆရာကောင်းတို့သည် ပုံဏ္ဌာန်လှ ပုံသဏ္ဌာန်ကောင်းတို့ကို၊ ပုံကောင်းပုံလှတို့ကို မည်သို့ ဖန်တီးတတ်ကြသနည်း ဟူသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြဿနာကိုသာ ဆွေးနွေးလိုပါသည်။ ထိုပြဿနာသည် ကျွန်တော်အဖို့မလွယ်ပါ။ သို့ရာတွင် ကျွန်တော် မိသလောက် အားထုတ်ကြည့်ပါမည်။

ရှေးဦးစွာ ပုံသဏ္ဌာန်ဟူသော ဝေါဟာရအသုံးကို စစ်ဆေးကြည့်လိုပါသည်။ အမှန်မှာ စစ်ဆေးကြည့်ဖို့ပင် လိုမည်မထင်ပါ။ စာရေးဆရာ အများသူငါ သိကြပြီးဖြစ်သည်ဟုထင်ပါသည်။ သို့ရာတွင် ကျွန်တော်တင်ပြလိုသော ပုံသဏ္ဌာန်၏သဘောကို နားရှင်းကြစေလိုသောကြောင့်သာ စစ်ဆေးကြည့်လိုခြင်း ဖြစ်ပါသည်။ ဥပမာ– ကိုရင် ပြောချင်သည်ကို ကဗျာရေးမည်လား၊ ဝတ္ထုရေးမည်လား၊ ပြဇာတ်ရေးမည်လားဟု မေးလျှင် ကဗျာသန်သူသည် ကဗျာရေးမည်ဟုလည်းကောင်း၊ ဝတ္ထုသန်သူသည် ဝတ္ထုရေးမည်ဟုလည်းကောင်း၊ ပြဇာတ်သန်သူသည် ပြဇာတ်ရေးမည်ဟုလည်းကောင်း ဖြေတတ်ကြသည် မဟုတ်ပါလော။ ဤတွင် ကဗျာကိုလည်းကောင်း၊ ဝတ္ထုကိုလည်းကောင်း၊ ပြဇာတ်ကိုလည်းကောင်း ပုံသဏ္ဌာန် အနက်ထွက်အောင် သုံးသည်မှာ ထင်ရှားပါသည်။ ပုံသဏ္ဌာန်တစ်ခုတည်း၌ပင် ရတုသန်သူက ရတုရေးမည်ဟုလည်းကောင်း၊ လွမ်းချင်းသန်သူက လွမ်းချင်းရေးမည်ဟု လည်းကောင်း၊ သံချိုသန်သူက သံချိုရေးမည်ဟုလည်းကောင်း၊ လင်္ကာသန်သူက လင်္ကာရေးမည်ဟုလည်းကောင်း ဆိုတတ်ကြသေးသည် မဟုတ်ပါလော။ ဤတွင်လည်း ရတုကိုလည်းကောင်း၊ လွမ်းချင်းကိုလည်းကောင်း၊ သံချိုကိုလည်းကောင်း၊ လင်္ကာကိုလည်းကောင်း ပုံသဏ္ဌာန်အနက်ထွက်အောင် သုံးသည်မှာ ထင်ရှားနေပြန်ပါသည်။

ကျွန်တော် ယခုတင်ပြချင်သော ပုံသဏ္ဌာန်သည် ထိုသို့သော ပုံသဏ္ဌာန်မျိုးမဟုတ်ပါ။ ထိုသို့သော ပုံသဏ္ဌာန်မျိုးမှ အပဖြစ်သော ပုံသဏ္ဌာန်ဖြစ်ပါသည်။ ထိုပုံသဏ္ဌာန်သည် အခြားမဟုတ်ပါ။ ကဗျာကိုရေးသည်ဖြစ်စေ၊ ဝတ္ထုကိုရေးသည်ဖြစ်စေ၊ ပြဇာတ်ကိုရေးသည်ဖြစ်စေ၊ ထို့ပြင် ကဗျာအရာ၌လည်း ရတုကို ရေးသည်ဖြစ်စေ၊ လွမ်းချင်းကို ရေးသည်ဖြစ်စေ၊ သံချိုကိုရေးသည်ဖြစ်စေ၊ လင်္ကာကိုရေးသည်ဖြစ်စေ ကောင်းအောင်၊ လှအောင် ဖွဲ့စည်းစီစဉ်ထားသော ပုံကောင်းပုံလှသဘော ဖြစ်ပါသည်။

ပုံကောင်းပုံလှရဖို့အရေးတွင် ပုံကောင်းပုံလှရအောင် ပြုနိုင်သော အတတ်ပညာဟူ၍ သီးခြားရှိပါသလောဟု ကျွန်တော့်ကိုမေးကြလျှင် ရှိလည်းရှိ၏။ မရှိလည်းမရှိဟု ကျွန်တော် ဖြေချင်ပါသည်။ ကျွန်တော် ထိုသို့ဖြေလိုက်သဖြင့် ကြားရသူအပေါင်း၏စိတ်၌ ထွေသွားကြမည်လားမသိပါ။ ကျွန်တော်ကိုယ်တိုင်ပင် ကိုယ့်အဖြေနှင့်ကိုယ် လုံးလည်ချာလည်လိုက်၍ စိတ်ထဲ၌ ထွေခဲ့မိပါသည်။ ရှိလည်းရှိသည်။ မရှိလည်းမရှိ ဟူသော အဆိုနှစ်ရပ်ကို အခြားမဲ့ ဖြေလိုက်မိသဖြင့် ဗီလာဖြစ်နေသော အနက်နှစ်ခုသည် ပန်းတိုင်တွင် စုံဝင်၍ ဦးတိုက်တိုးလိုက်ကြဘိသကဲ့သို့ ဖြစ်သွားရာ စိတ်ထဲတွင် ထွေစရာပါပင်။

ကောင်းပြီ။ စိတ်ထဲ၌ ထွေစရာဖြစ်နေလျှင် အဆိုနှစ်ရပ် ထွေးနေကြသောကြောင့်သာ ဖြစ်တန်ရာ၏ဟူ၍၊ ထိုအဖြေကိုစွန့်ဖို့ကောင်းပေသည်။ သို့ရာတွင် ထိုအဖြေကို ကျွန်တော် မစွန့်ရက်အောင် ဖြစ်ခဲ့မိသည်။ ထိုသို့ ဖြစ်ခဲ့ရသည်မှာ လောဘတည်းဟူသော နှစ်သက်စုံမက်ခြင်းကြောင့်လည်းမဟုတ်ပါ။ ဒေါသမာနတည်းဟူသော ငါစွဲကြောင့်လည်း မဟုတ်ပါ။ စာတိုစာစ၊ ကဗျာတိုကဗျာစ ရေးနေသူဖြစ်သည့်အလျောက် ရေးတိုင်းရေးတိုင်းသောအခါ၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုအဖြေကို သိသလိုလို ရှိနေတတ်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သိသလိုလိုရှိနေသော ဝိုးတဝါးအသိကို ဖြည်းညင်းသာယာစွာ ဆင်ခြင်ကြည့်ပါသည်။ ထိုအခါ ပြတ်သားသလိုလိုဖြစ်လာသည်ကို တွေ့ရပါသည်။ တွေ့ရပြန်သောအခါ၌လည်း အံ့ဩစရာမဟုတ်လှ။ စာရေးဆရာအများသူငါ သိနေကြသော စိတ်ကူးဉာဏ်နှင့် ကျွမ်းကျင်မှုတို့ပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ထိုအသိကို ကျွန်တော်သည် ခါတိုင်းထက်ပို၍ လေးစားမိပါသည်။ ထို့ကြောင့်လည်း မဆွကပင် မစွန့်ရက်အောင် ဖြစ်ခဲ့သည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ပုံကောင်းပုံလှရအောင် ပြုနိုင်သော အတတ်ပညာသည် ရှိလည်းရှိ၏။ မရှိလည်း မရှိဟု ဆိုခဲ့ခြင်းသည် စိတ်ကူးဉာဏ်နှင့် ကျွမ်းကျင်မှုတို့အတွက် ဆိုခဲ့ခြင်း ဖြစ်ပါသည်။ စိတ်ကူးဉာဏ်အတွက် အတတ်ပညာရှိသည့် အစိတ်အပိုင်းလည်းရှိ၍၊ အတတ်ပညာမရှိသည့် အစိတ်အပိုင်းလည်း ရှိသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ကျွမ်းကျင်မှုအတွက်လည်း ထိုအတိုင်းပင် ဖြစ်ပါသည်။

ရှင်းပြလိုပါသည်။ စိတ်ကူးဉာဏ်အတွက် အတတ်ပညာရှိ၏ဟု ဆိုခဲ့သော အစိတ်အပိုင်းသည် အခြားမဟုတ်ပါ။ စိတ်ကူးဉာဏ်ရှိသော စာရေးဆရာအဖို့ ဒိဋ္ဌလောက ပတ်ဝန်းကျင်၌ လှုပ်ရှားရခြင်းကို ဆိုလိုပါသည်။ စင်စစ်မှာ လှုပ်ရှားရခြင်းကို အတတ်ပညာဟူ၍ကား ခေါ်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် အတတ်ပညာရှာရခြင်း သဘောပါသောကြောင့် ဆိုရခြင်း ဖြစ်ပါသည်။ စိတ်ကူးဉာဏ်ရှိသောသူသည် စာရေးဆရာဖြစ်လိုလျှင် ဖြစ်နိုင်ပါသည်။ သို့ရာတွင် စိတ်ကူးဉာဏ်ရှိတိုင်း စာရေးဆရာကောင်းတစ်ဦး ဖြစ်လာဖို့ မလွယ်ပါ။ စိတ်ကူးဉာဏ် ရှိစေကာမူ အသွားအလာ အမြင်အကြား အလေ့အလာ နှံ့စပ်ခြင်းမရှိ၊ အဆက်အဆံမရှိ၊ သုခဒုက္ခကြုံဖူးခြင်းကို သတိမပြုမိ၊ သုခဒုက္ခကြုံဖူးသူကိုမသိ။ တာဝန်ယူ၍ ထွန်းထွန်းပေါက်ပေါက် လုပ်ဖူးကိုင်ဖူးသည်မရှိ။ အခါခပ်သိမ်း အထီးကျန် အခန်းအောင်း နေတတ်သူဖြစ်လျှင် သူ၌ရှိသော စိတ်ကူးဉာဏ်သည် စိတ်ကူးယဉ်သို့ တန်းလျှောသွားနိုင်စရာ အကြောင်းရှိပါသည်။ နွံ့သမားနှင့်မခြား ဖြစ်သွားနိုင်ပါသည်။ နွံ့သမားနှင့်မခြား ဖြစ်သွားလျှင် နွံ့သမားပီပီ ပလီပလာ တီတီတာတာလောက်ကိုသာ အရေးပေးချင်လာ၍ သူ့စာသည် ဖျော်ဖြေမှုသက်သက်အတွက် အားသန်လာတတ်ပါသည်။ ဖျော်ဖြေမှုသက်သက်ဖြစ်သော စာပေကို ကျွန်တော် အပြစ်ဆိုနေသည်မဟုတ်ပါ။ ထိုစာပေမျိုးလည်း စာပေလောက၌ သူ့အဆင့်နှင့်သူ၊ အထိုက်အလျောက်ရှိသင့်သည်ဟု ယူဆပါသည်။ ပုထုဇဉ်လောက၌ မရှိလျှင်မဖြစ်သောကြောင့် တစ်နေ့ရာပေးထိုက်သော လောကတန်ဆာ အသေးအဖွဲ့တစ်ခု ဖြစ်သည်ဟု ဆိုချင်ပါသည်။

လူတို့၌ ဉာဏ် အထူးထူးအပြားပြားရှိသည်ဖြစ်ရာ စိတ်ကူးဉာဏ်သည် လူ့လောကကို လွှမ်းမိုးစွာအကျိုးပြုနိုင်သော ဉာဏ်တစ်ပါးဖြစ်သည်ဟု ကျွန်တော် ချီးကျူးချင်ပါသည်။ ခံ့ညားသော ဝေါဟာရကို သုံးလိုကြလျှင် ထိုဉာဏ်ကို သက္ကတဘာသာအားဖြင့် ပြတိဘာဟုလည်းကောင်း၊ ပါဠိဘာသာအားဖြင့် ပဋိဘာနဟုလည်းကောင်း ဆို၍ သုံးနိုင်ပါသည်။ သို့ရာတွင် စိတ်ကူးဉာဏ်ဟူ၍ သာမန်ရိုးရိုးသိကြလျှင်လည်း သင့်ပါပြီ။ စိတ်ကူးဉာဏ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သာလျှင် စာရေးဆရာအဖို့ မျိုးစေ့ကောင်း ဖြစ်သည်ဟု ယူဆပါသည်။ ထို့ကြောင့် စာရေးဆရာတို့သည် စိတ်ကူးဉာဏ်နှင့် စိတ်ကူးယဉ်ကို ခွဲခြား၍ သိထားသင့်ကြပါသည်။ သိထားကြလျှင် စာရေးဆရာတို့သည် ပုထုဇဉ်သား ဖြစ်သည့်အလျောက် တစ်ခါတစ်ရံ ခြေချော်လက်ချော်၊ နွံ့သမားနှင့်မခြား ဖြစ်သွားတတ်ကြစေကာမူ ထိန်းနိုင်သိမ်းနိုင် ရှိကြမည်ဟု ယူဆပါသည်။ ထို့ကြောင့် စိတ်ကူးဉာဏ်ရှိသူအဖို့ စိတ်ကူးဉာဏ်ရလိုလျှင် အခါခပ်သိမ်း အထီးကျန် အခန်းအောင်းခြင်း မရှိသင့်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

အခါခပ်သိမ်း အထီးကျန်အခန်းအောင်းခြင်း မရှိမှလည်း ရူပါရုံ၊ သဒ္ဒါရုံ စသော ဗဟိဒ္ဓအာရုံ အမူအရာမျိုးမျိုးနှင့် တွေ့လာမည်။ ဗဟိဒ္ဓအာရုံ အမူအရာအမျိုးမျိုးနှင့် တွေ့မှလည်း ခံစားမှုအသိ(ဝါ) ဘဝအသိမှ အညှောက်ထိုး၍ အပင်ပေါက်၍၊ အဖူးဖူး၍ အပွင့်ပွင့်လာသောဉာဏ် ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ကူးဉာဏ်ရှိလင့်ကစား အခါခပ်သိမ်း အထီးကျန် အခန်းအောင်းနေတတ်ခြင်းမရှိအောင် အားထုတ်ခြင်းကို စိတ်ကူးဉာဏ်အတွက် အတတ်ပညာရှိသည်ဟု ဆိုခဲ့သော အစိတ်အပိုင်းဟူ၍ ယူဆလိုပါသည်။

စိတ်ကူးဉာဏ်အတွက် အတတ်ပညာမရှိဟု ဆိုခဲ့သော အစိတ်အပိုင်းဆိုသည်မှာ စိတ်ကူးဉာဏ်မရှိသောသူ၌ စိတ်ကူးဉာဏ်ရှိလာအောင် ပြုနိုင်သော နည်းနာမရှိဟု ဆိုလိုရင်း ဖြစ်ပါသည်။ စိတ်ကူးဉာဏ်ရှိခြင်းသည် ဗီဇဓာတ်ခံနှင့်ဆိုင်သည်ဟု ဆိုပါက ထိုအဆိုကို သဘောတူကြလိမ့်မည်ဟု ထင်ပါသည်။

ထို့နောက် ကျွမ်းကျင်မှုအတွက် အတတ်ပညာရှိ၏ဟု ဆိုခဲ့သော အစိတ်အပိုင်းသို့ ဆက်ပါမည်။ လက်သမားကောင်းသည် ဈေး ဆောက် လွှ စသည်တို့၏ သဘောကို သိ၍ အကိုင်အတွယ် ကျွမ်းကျင်သူ ဖြစ်သည်။ လယ်သမားကောင်းသည် ထွန်တုံး ထွန်တံ၊ မြေကြီး၊ မျိုးစပါး စသည်တို့၏ သဘောကိုသိ၍ အကိုင်အတွယ်ကျွမ်းကျင်သူ ဖြစ်သည်။ ပန်းချီဆရာကောင်းသည် ဆေး စုတ်တံ စသည်တို့၏ သဘောကိုသိ၍ အကိုင်အတွယ် ကျွမ်းကျင်သူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းတို့၏သဘောကို သိထား၍ အကိုင်အတွယ် ကျွမ်းကျင်ထားခြင်းရှိပါမှ လိုရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ပြုနိုင်သောကြောင့် ဖြစ်ပါသည်။ ထိုနည်းတူစွာ စာရေးဆရာ၌လည်း လိုရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ပို့ပေးနိုင်သော ပစ္စည်းတို့ ရှိကြသည်ကို သိကြလိမ့်မည်။ သတိရကြစိမ့်သောငှာ ထပ်မံ၍ ပြောဆိုခွင့်ပြုကြပါ။ ထိုပစ္စည်းတို့သည် အခြားမဟုတ်။ စာရေးဆရာ၏စိတ်ထဲ၌ ရှိသော အနက်ကို မှန်ကန်အောင်ပြုပေးနိုင်သော သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ ကဗျာစပ်နည်းတို့ ဖြစ်သည်။ ပြေပြစ်အောင် ပြုပေးနိုင်သော သဒ္ဒါလင်္ကာရနည်း ဖြစ်သည်။ ဆန်းကြယ်အောင်ပြုပေးနိုင်သော အတ္ထာလင်္ကာရနည်းတို့ ဖြစ်သည်။ ထိုနည်းတို့ကို သိထားလျှင် ကောင်းပါသည်။ လေ့ကျင့်မှုရှိလျှင် သာ၍ကောင်းပါသည်။ အကြိမ်ကြိမ်အဖန်ဖန်သော လေ့ကျင့်မှုရှိလျှင် အကောင်းဆုံး ဖြစ်ပါသည်။ ဤအချက်တို့ကို ကျွမ်းကျင်မှုအတွက် အတတ်ပညာရှိ၏ဟု ဆိုခဲ့သော အစိတ်အပိုင်းဟူ၍ ယူဆလိုပါသည်။

ကျွမ်းကျင်မှုအတွက် အတတ်ပညာမရှိဟု ဆိုခဲ့သော အစိတ်အပိုင်းသည် စိတ်ကူးဉာဏ်အတွက် အတတ်ပညာမရှိဟု ဆိုခဲ့သော အစိတ်အပိုင်းသဘောမျိုးပင် ဖြစ်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အထက်က ဆိုခဲ့သော ကျွမ်းကျင်မှုနည်းတို့ကို သိပြီး၍ လေ့ကျင့်ပြီး၍ ရထားသော ကျွမ်းကျင်မှုသက်သက်ဖြစ်သည်။ ယခုဆိုအံ့သော ကျွမ်းကျင်မှုသည် ကျွမ်းကျင်မှုသက်သက် မဟုတ်ပါ။ စာရေးအံ့ဆဲဆဲ၌သော်လည်းကောင်း၊ စာရေးနေဆဲ၌သော်လည်းကောင်း စိတ်ကူးဉာဏ်နှင့်လျော်အောင် (ဝါ) စိတ်ကူးဉာဏ်၌ အံကျဝင်နေအောင် ရေးတတ်သော သဘော ဖြစ်သည်။ ရှင်းပြပါမည်။ စာရေးဆရာတစ်ဦးသည် စကားလက်ဖျားသီးနေအောင် စကားလုံးတို့ကို သိသည်။ လှိုင်နေအောင် နည်းအမျိုးမျိုးကိုသိသည်။ သိသည့်အတိုင်း ထိုနေရာ၌ စကားခံ့ သုံးလိုက်မည်။ ဤနေရာ၌ စကားယဉ် သုံးလိုက်မည်။ ထိုနေရာ၌ ဦးတိုက်စပ်နည်း သုံးလိုက်သည်။ ထိုနေရာ၌ ဘီလူးရယ်စပ်နည်း သုံးလိုက်မည်။ ထိုနေရာ၌ သမာဓိဂုဏ် သုံးလိုက်မည်။ ထိုနေရာ၌ ရူပကအလင်္ကာ သုံးလိုက်မည် စသည်ဖြင့် တွေး၍ရေးသော ကျွမ်းကျင်မှုမျိုးမဟုတ်။ စိတ်ကူးဉာဏ်က ရွေးသော စကားတို့ဖြင့်လည်းကောင်း၊ ထိုသို့သောနည်းတို့ဖြင့်လည်းကောင်း စိတ်ကူးဉာဏ် ဆွဲဆောင်ရာသို့ အဆင်သင့် လိုက်သွားတတ်သောသဘော ဖြစ်ပါသည်။ ထိုသဘောကိုပင် ကျွမ်းကျင်မှုဟူ၍ ဆိုခဲ့သော်လည်း စင်စစ်မှာ စိတ်ကူးဉာဏ်သာ အရင်းခံဖြစ်၍ စာရေးဆရာ၏ ဗီဇဓာတ်ခံနှင့်သာ ဆိုင်သည်ဟု ယူပါသည်။ ထို့ကြောင့် ထိုသို့သော ကျွမ်းကျင်မှုမျိုးကို ကျွမ်းကျင်မှုအတွက် အတတ်ပညာမရှိဟု ဆိုခဲ့သော အစိတ်အပိုင်း၌ ထည့်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

စာရေးဆရာကောင်းသည် စိတ်ကူးဉာဏ်နှင့် ကျွမ်းကျင်မှုရှိရသူ ဖြစ်သည်ဟု တင်ပြခဲ့ပြီ။ ထို့နောက် စိတ်ကူးဉာဏ်နှင့် ကျွမ်းကျင်မှုတို့အတွက် အတတ်ပညာရှိ၏ဟု ဆိုခဲ့သော ပထမအစိတ်အပိုင်းကို (ဝါ) အားထုတ်ရခြင်း သင်ယူရခြင်းတို့ကို (ဝါ) ဝီရိယကို တင်ပြခဲ့ပြီ။ အတတ်ပညာမရှိဟု ဆိုခဲ့သော ဒုတိယအစိတ်အပိုင်းကို (ဝါ) ဗီဇဓာတ်ခံရှိရခြင်းကို (ဝါ) စိတ်ကူးဉာဏ်ရှိရခြင်းကို တင်ပြခဲ့ပြီ။ ထို့ကြောင့် စာရေးရာ၌ ပုံကောင်းပုံလှရဖို့အရေးတွင် (ဝါ) ပုံသဏ္ဌာန်ကောင်းရဖို့အရေးတွင် ဝီရိယအခြေခံကောင်းသော စိတ်ကူးဉာဏ်သည် အရေးပါသည်ဟု အများယူဆကြသည့်အတိုင်း ကျွန်တော်လည်း ယူဆချင်ပါသည်။

စိတ်ကူးဉာဏ်ရှိဖို့အရေးသည် ဗီဇဓာတ်ခံနှင့်ဆိုင်သဖြင့် အထူးပြောစရာမရှိပြီ။ စိတ်ကူးဉာဏ်ရှိသော စာရေးဆရာအဖို့မှာကား ဝီရိယအပိုင်းကိုလည်း သတိပြုသင့်သည်ဟု ဆိုချင်ပါသည်။ ဝီရိယပိုင်း၌ လိုအပ်သည့်အတိုင်း၊ (၁) စာရေးဆရာသည် အထီးကျန်အခန်းကို စွန့်၍ ဗဟိဒ္ဓအာရုံ အမှုအရာအမျိုးမျိုးနှင့် တိုးမိအောင် အားထုတ်သင့်ကြပါသည်။ (၂) လက်သမားကောင်း၊ လယ်သမားကောင်းတို့သည် ဓူး ဆောက် ထွန်တုံး တွန်တံ စသော မိမိတို့၏ လက်သုံး တန်ဆာပလာပစ္စည်းတို့၏ သဘောကိုသိ၍ ကျွမ်းကျင်မှုရှိတတ်ကြသကဲ့သို့၊ စာရေးဆရာတို့သည်လည်း သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ သဒ္ဒါလင်္ကာရနည်း၊ အတ္ထာလင်္ကာရနည်း စသော မိမိတို့၏ တန်ဆာပလာပစ္စည်းတို့၏ သဘောကို သိအောင်၊ ကျွမ်းကျင်အောင် အားထုတ်သင့်ကြပါသည်။ ထိုသို့အားထုတ်နိုင်ကြသည် ဖြစ်လျှင် မျက်မှောက်ခေတ် မြန်မာ့ရသစာပေပုံသဏ္ဌာန် အကောင်းအလှရရေးပြဿနာသည် တစ်စိတ် တစ်ဒေသအားဖြင့် ပြေလည်မည်ဟု ထင်ပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အလုံးစုံအားဖြင့် ထိုပြဿနာ ပြေလည်ခြင်းကို အလိုရှိကြလျှင်မူကား စာရေးဆရာ၌ စိတ်ကူးဉာဏ်နှင့် ကျွမ်းကျင်မှုတို့ ရှိရုံမျှဖြင့် အလိုမပြည့်နိုင်သေးဟု ဆိုချင်ပါသည်။ စိတ်ကောင်းရှိရခြင်းလည်းပါပါမှ အလိုပြည့်နိုင်မည်ဟု ယူပါသည်။ ကျွန်တော်၏စကားသည် စကားကြီးစကားကျယ် ဖြစ်သွားပြီလားမသိပါ။ ဖြစ်သွားပြီဟု အထင်ရှိကြလျှင် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။ သို့ရာတွင် ကျွန်တော်ရှင်းပြချင်ပါသေးသည်။ စာရေးဆရာ၌ စိတ်ကောင်းရှိရခြင်းဆိုသည်မှာ စေတနာကောင်းမွေးခြင်း ဖြစ်ပါသည်။ မေတ္တာ ကရုဏာစေတနာ၊ အမှန်ကိုလိုလားခြင်းစေတနာ၊ အမှားကိုမလိုလားခြင်းစေတနာ၊ အကျိုးရှိသည်ကို လိုလားခြင်းစေတနာ၊ အကျိုးမဲ့သည်ကို မလိုလားခြင်းစေတနာ စသည်ဖြင့် ထိုသို့သော စိတ်ထားစေတနာမျိုး မွေးရခြင်းကို ဆိုလိုပါသည်။

စာရေးဆရာ၏ စိတ်ကူးဉာဏ်သည် ခံစားမှုအသိမှ (ဝါ) ဘဝအသိမှ ဖူးပွင့်လာသောဉာဏ် ဖြစ်သည်ဟု ဆိုခဲ့ပြီ။ သို့ရာတွင် သူ့စေတနာက ပဲ့ကိုင်ပေးသည့်အတိုင်း၊ သူ့စာကို လှော်ခတ်၍ ပို့နေတတ်သောဉာဏ်လည်း ဖြစ်ပါသည်။ စာရေးဆရာသည် ဗဟိဒ္ဓအာရုံအမှုအရာ အမျိုးမျိုးနှင့် ကြုံသည့်အခါတိုင်း သူ့စေတနာအလိုက်၊ အမှားအမှန်အကျိုးအပြစ် ဆုံးဖြတ်ချင်ခြင်းသည် အလိုအလျောက် ပေါ်တတ်ပါသည်။ ဆုံးဖြတ်ချင်ခြင်းပေါ်၍ ဆုံးဖြတ်သည်နှင့် တစ်ပြိုင်နက်၊ သူ့စိတ်တွင် ချမ်းသာသော ခံစားမှုရှိခဲ့သောကြောင့်လည်းကောင်း၊ ဆင်းရဲသောခံစားမှု ရှိခဲ့သောကြောင့်လည်းကောင်း၊ အကြောင်းအားလျော်စွာ ခံစားမှု အသိတစ်ခုကို (ဝါ) ဘဝအသိတစ်ခုကို ရလာတတ်ပါသည်။ ထို့နောက် သူ့ခံစားမှုကို မှီနေသော ခံစားမှုအသိမှ (ဝါ) သူ့ဘဝအသိမှ သူ့စိတ်ကူးဉာဏ်သည် ဖူးပွင့်လာသည်ဟု ယူပါသည်။ သို့ရာတွင် သူ့စိတ်ကူးဉာဏ်ကို သူ့စေတနာက ပဲ့ကိုင်နေသည်ဟုလည်း သိအပ်ပါသည်။ သူ့စေတနာ ဖြူလျှင်၊ သူ့စေတနာအဖြူက ပဲ့ကိုင်နေသော သူ့စိတ်ကူးဉာဏ်မှ စေတနာအဖြူကို နှိုးဆော်နိုင်သော ပုံသဏ္ဌာန်သည် ထွက်လာတတ်ပါသည်။ သူ့စေတနာမည်းလျှင် သူ့စေတနာအမည်းက ပဲ့ကိုင်နေသော သူ့စိတ်ကူးဉာဏ်မှ စေတနာအမည်းကို နှိုးဆော်နိုင်သော ပုံသဏ္ဌာန်သည် ထွက်လာတတ်ပါသည်။ ဤသို့ဖြင့် စေတနာကိုလိုက်၍ ကျယ်ပြန့်သော ပုံသဏ္ဌာန်၊ ကျဉ်းမြောင်းသောပုံသဏ္ဌာန်၊ မှန်မြတ်သောပုံသဏ္ဌာန်၊ သိမ်ဖျင်းသောပုံသဏ္ဌာန် စသည်တို့သည် ထွက်လာတတ်ကြပါသည်။ ထို့ကြောင့် လူ့လောကအတွက် မှန်၍ကန်၍ အကျိုးပြုမည့် စေတနာကို နှိုးဆော်နိုင်သော ပုံသဏ္ဌာန်ရအောင်၊ စာရေးဆရာ၌ စိတ်ကောင်းလည်းရှိထိုက်၏ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ စိတ်ကောင်းရှိလိုလျှင် စိတ်ကောင်းမွေးရမည်သာဖြစ်သည်။ လွယ်သောအလုပ်ကား မဟုတ်ပါ။ စိတ်ကောင်းမွေးနေရင်း၊ စိတ်ညှိုဝင်မွှေတတ်သည်မှာ ခဏခဏ ဖြစ်ပါသည်။ သို့ရာတွင် မမေ့မလျော့သော သတိဖြင့် အားထုတ်နိုင်လျှင် ရသင့်သလောက် ရနိုင်ပါသည်။ ဤသို့ဖြင့် မျက်မှောက်ခေတ် မြန်မာ့ရသစာပေပုံသဏ္ဌာန် အကောင်းအလှရရေးပြဿနာသည် အလုံးစုံအားဖြင့် ပြေလည်မည်ဟု ထင်မြင်ပါသတည်း။

၁၉၆၂။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## သကုန္တလ ဝတ္ထုတိုပြဿနာ

ကျွန်တော်ရေးသော 'သကုန္တလ'*ဝတ္ထုတိုကို ဂျာနယ်တစ်စောင်၌ ပြစ်တင်ဝေဖန်ခဲ့သည်ကို ဖတ်ရပါသည်။ ဝေဖန်ချက်နှင့် စပ်လျဉ်း၍ ဝေဖန်သူ၏ သဘောအတိုင်းပင်ဟု ပြောလိုပါသည်။ သို့ရာတွင် ဝေဖန်သူ၏ အမြင်နှင့် သကုန္တလဝတ္ထုတိုရေးသူ၏ ရည်ရွယ်ချက်တို့မတူဟု ယူဆသည်။ ထို့ကြောင့် စာဖတ်ပရိသတ် ချိန်ဆနိုင်ရန် သက္ကတပြဇာတ်ဘဝမှ မြန်မာဝတ္ထုတိုဘဝသို့ ပြောင်းရာ၌ ကြုံရသောပြဿနာအမျိုးမျိုးကိုတင်ပြရင်း အနည်းငယ် ဖြေရှင်းလိုသည်။ စင်စစ်မှာ အောက်၌ ဖြေရှင်းလတ္တံ့သောအချက် အချို့သည် နိဒါန်းထည့်သော စာအုပ်မျိုးသာလျှင်ဖြစ်လျှင် နိဒါန်းအဖြစ်ပါရမည် ဖြစ်ပါသည်။

ဝေဖန်သူ၏ အမြင်မှာ ကျွန်တော်၏ သကုန္တလဝတ္ထုတိုကို အဘယာရာမ ဆရာတော်၏ သက္ကတဘာသာ ဟိတောပဒေသနိဿယ မြန်မာပြန်ကဲ့သို့ ပြဇာတ်နိဿယ မြန်မာပြန် ဟူ၍ မြင်နေဟန်တူသည်။ ဆရာတော် ဘာသာပြန်သကဲ့သို့ ကာလိဒါသ၏ သက္ကတပြဇာတ်ကို ဘာသာပြန်ရမည်ဖြစ်လျှင် (၁) သကုန္တလ ပြဇာတ်ကို ပြဇာတ်အသွင်မပျက်စေဘဲ သက္ကတမှ မြန်မာသို့ ကူးပြောင်းပေးရန်ဖြစ်၍ (၂) ထိုသို့ ကူးပြောင်းပေးသောအခါ နိဿယပြန်နည်းကိုသုံးရန် ဖြစ်သည်။ ပြဇာတ်ဘဝမှ ဝတ္ထုတိုဘဝသို့ ပြောင်း၍ရေးခဲ့သော သူ၏ ရည်ရွယ်ချက်မှာ သကုန္တလပြဇာတ်သဘောမျှလောက်ကိုသာ မြန်မာစာသက်သက် တတ်မြောက်ခါစ စာဖတ်ပရိသတ်၏ အသိသို့ လွယ်လွယ်ကူကူပေါ့ပေါ့ပါးပါး ရောက်အောင် ပြုပေးရန် ဖြစ်သည်။ ဤတွင် ဝတ္ထုတိုရေးသူအဖို့မှာ သက္ကတသကုန္တလ ပြဇာတ်ကိုမြန်မာဝတ္ထုတို တစ်ပုဒ်အဖြစ်ဖြင့် တင်ပြရန်ဖြစ်လာသည်။ ထိုအခါ ပြဿနာ အမျိုးမျိုးပေါ်လာကြပါသည်။

ပြဿနာတစ်ခုမှာ ရှေးဦးစွာ သကုန္တလပြဇာတ်၏ ပြဇာတ်အသွင်ကိုဖျက်၍ ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာအောင် ဆောင်ရွက်ရမည့် အရေးတွင် ပြဇာတ်၏ အာဘော်ကို မထိခိုက်စေဘဲ

* သကုန္တလ၊ စာပေဗိမာန်၊ ရန်ကုန်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြုပြင်စရာရှိသည်တို့ကို ပြုပြင်ပေးရတော့မည်။ ထိုအခါ ဝတ္ထုတိုရေးသူသည် ရုပ်ရှင်ဇာတ်ညွှန်းရေးသူကဲ့သို့ ပြဇာတ်အသွင်ဖြင့် ရှိနေကြသောကြောင်းခြင်းရာများအနက်အချို့ကို အကျဉ်းချုံးမှ ဖြစ်မည်။ အချို့ကို ချန်မှ ဖြစ်မည်။ အချို့ကို ပြောင်းပစ်မှ ဖြစ်မည်။ အချို့ကို ဖြည့်ထည့်မှ ဖြစ်မည်။ အချို့ကို ဖော်ပေးမှ ဖြစ်မည်။ ခုန်ကျော်၍ ဆက်ပေးတန်သည်ကိုဆက်ပေးမှ ဖြစ်မည်။ ထို့ပြင် ပြဇာတ်ပါ စကားအချီအချတို့ကိုလည်း ပြုပြင်ပေးမှ ဖြစ်မည်။ အထူးသဖြင့် မြန်မာစာသက်သက်တတ်ခါစ စာဖတ်ပရိသတ်၏ အဆင့်သို့ ဆင်းလျက် မြန်မာ့အသုံးအစွဲ၊ အကုံးအဖွဲ့နှင့်တကွ မြန်မာ့အသိအကြိုက်နှင့် ကိုက်သော အနက်အဓိပ္ပာယ်တို့ကို ဆောင်ပေးမှ ဖြစ်မည်။ ထိုအခါ လွယ်မည်ယောင်ယောင်ထင်ရသော အခက်များသည် အလျှိုလျှိုပေါ်လာကြရာ သကုန္တလ ဝတ္ထုတိုရေးသူသည် လက်ရွံ့ခဲ့ဖူးသည်။ သို့ရာတွင် ဝတ္ထုတိုရေးသူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ထိုဆုံးဖြတ်ချက်သည် အခြားမဟုတ်။ သကုန္တလမြန်မာဝတ္ထုတိုကို ဖတ်ရှုကြရခြင်းအားဖြင့် မြန်မာစာဖတ်ပရိသတ်၏စိတ်၌ သကုန္တလ၏ နူးညံ့သိမ်မွေ့ပုံကိုလည်းကောင်း၊ ဒုဿန္တမင်း၏ နူးညံ့သိမ်မွေ့ပုံကိုလည်းကောင်း၊ တပ်မက်သော ချစ်စိတ်တွင် မေတ္တာကရုဏာစီးဝင်လာပုံ ကိုလည်းကောင်း ထင်ရှားစွာ ဖြစ်ပေါ်လာ နိုင်အောင် လိုအပ်သော အဓိကသဘောများကိုသာ ပြဇာတ်မှယူ၍ ပြုပြင်သွားမည်ဟူသော ဆုံးဖြတ်ချက် ဖြစ်သည်။

သို့ရာတွင် ထိုဆုံးဖြတ်ချက်သည် သင့်မသင့် ချိန်ဆရပြန်သေးသည်။ ချိန်ဆသောအခါ တိတိကျကျမှန်သည်ဟု မဆိုနိုင်စေကာမူ မမှားနိုင်သော အကြောင်းများကို တွေ့ပါသည်။ ထိုအကြောင်းများကား ၁၉၁၃ ခုနှစ်ထုတ်၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ စာမျက်နှာ လေးရာနီးပါးခန့် ရှည်လျားသည့် ‘သကုန္တလဝတ္ထု’ဟု အမည်တပ်ထားသော မြန်မာဘာသာပြန်စာအုပ်နှစ်တွဲ ဖြစ်သည်။ စာအုပ်နိဒါန်းတွင် ဆရာက “သကုန္တလနာဋကကို ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းဘာသာဖြင့် ရေးသားစီစဉ်ပြီး မရှိလေသည်နှင့် မြန်မာအမျိုးသားတို့ ဖတ်ရှုကြရလေအောင် ရည်ဆောင်သဘောထားရင်းရှိသည့်အတိုင်း သသ်ကရိုင်ဘာသာမှ မြန်မာပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုမြန်မာဘာသာပြန်ဆိုရာ၌ ကျွန်ုပ်တို့ မြန်မာစိတ်သဘောများနှင့် တိုက်ဆိုင်မိလေအောင် မြန်မာအလေ့အလာအားဖြင့် ဖွဲ့နွဲ့ သီကုံး၍ သက်ဆိုင်သော အချက်များမှာ တေးထပ်သဖြန် စသော မြန်မာဂီတများကိုလည်း ထည့်သွင်းဖော်ပြလေသည်” ဟု ရေးခဲ့သည်။ ဆရာ၏ ဘာသာပြန်ကို ဖတ်ကြည့်သောအခါ နိဒါန်း၌ ဆရာရေးခဲ့သည့်အတိုင်း မြန်မာ့စိတ်သဘောများနှင့် တိုက်ဆိုင်အောင် ပြုပြင်ချက်၊ ပြောင်းလဲချက်၊ ချဲ့ထွင်ချက်၊ ဖြည့်ထည့်ချက်တို့ကို တွေ့ရသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ပြုပြင်ဘာသာပြန်ပုံမှ ထင်ရှားသော သာဓကတစ်ခုကို ပြပါမည်။ သက္ကတပြဇာတ်မူတစ်ခု၏ အခန်း (၄) တွင် သကုန္တလ၏ ထဘီစကို သမင်ငယ်က ဆွဲငင်ထားသော အပိုင်း၌ သကုန္တလက အောက်ပါအတိုင်း ဆိုပါသည်။ (သက္ကတကို အဘယာရာမ ဆရာတော် သုံးစွဲသော မြန်မာအက္ခရာများဖြင့် ပြမှသာလျှင် တိကျမည်။ သို့ရာတွင် အချို့စာလုံးများအတွက် လက်ငင်းပုံနှိပ်ရန် အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် လိုရင်းဖြစ်သော မြန်မာအနက်၍ကိုသာ ပြလိုက်သည်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"သားကောင်ငယ်၊ အတူတကွနေကြခြင်းကို စွန့်ပစ်အံ့သော အကျွန်ုပ်အား (၏ နောက်သို့) လိုက်သည်ကား အဘယ်နည်း။ အသင့်ကို မွေးပြီးနောက် မကြာမီကာလ၌ (အသင်၏) အမိမရှိပြီ (သေဆုံးခဲ့သည်) ဖြစ်၍ (အကျွန်ုပ်သည်) သင့်ကို စင်စစ် ကျွေးမွေးပြုစုခဲ့ပြီ။ ယခုအခါ၌ အကျွန်ုပ် စွန့်ပစ်သော် သင့်ကို (ကျွန်ုပ်၏) ဖခင်သည် စောင့်ရှောက်လိမ့်မည်။ ပြန်လေလော့"

အထက်ပါစကားကို လယ်တီပဏ္ဍိတ ဆရာက "အို-နုနယ်သေးငွေး၊ အလွန်ယဉ်ကျေးလှသော ဒရယ်ကလေး၊ အဘယ်ကြောင့် ငိုချင်ရပါသနည်း။ လောကဆိုသည်မှာ ဓမ္မတာ သခါရ၊ ဝဋ်ဒုက္ခနယ်အတွင်းမှ လွတ်ကင်းနိုင်တာမျိုးမဟုတ်ပေဘူး။ ဖြစ်လျှင်ပျက် မြဲ ဆုံလျှင်ကွဲ၊ ရလည်းကုန်တတ်စွ ဆိုသည့်အတိုင်း ဖြစ်လာလျှင် အဆုံးသတ်တော့ ပျက်ရလိမ့်မည်။ ဆုံစည်းပေါင်းသင်းရလျှင် တစ်နေ့နေ့တော့ ကွဲကြလိမ့်မည်။ ရပြန်သော်လည်း ကုန်ဖို့ရာလမ်း ပေါ်လာတတ်သည်။ ပုပုရွရွ မြင်သမျှတွေဟာ ဘယ်သူမှ အစဉ်ထာဝရ မဟုတ်ကြလေဘူး။ တစ်နည်းနှင့်မကွဲလျှင် တစ်နည်းနှင့်ကွဲရ၊ တစ်နည်းနှင့်မပျက်လျှင် တစ်နည်းနှင့် ပျက်ကြရတာမျိုး ဖြစ်လေသည်။ အို-နုနုနယ်နယ် ရှုစဖွယ်ကောင်းလှသော ဒရယ်ကလေး၊ သင့်မိခင်က သင့်ကို ပစ်စွန့်ကာ သေဆုံးသွားသည့်နောက် ငါကောက်၍ မွေးကျွေးသုတ်သင်လာရာ ယခုမှာ ငါနှင့်ခွဲရတော့မည်။ သင်နှင့်တူစွာ ကျွန်ုပ်ကို ငယ်စဉ် နုသေး၊ အကလေးကပင် ကျွေးမွေးသုတ်သင်၍လာသော ဖခင်ရသေ့ကြီးနှင့် ခွဲခွာရပါတော့မည်။ ငါမရှိသည့်နောက်၊ ငါကဲ့သို့ပင် ဖခင်ရသေ့ကြီးက သင့်ကို မွေးကျွေးပြုစုပါလိမ့်မည်။ အားမငယ်ပါနှင့်။ ပြန်ပါကွယ်။ ပြန်ပါ၊ ပြန်ပါ"ဟု ဗုဒ္ဓဘာသာ မြန်မာစာဖတ်ပရိသတ်၏အလိုသို့လိုက်လျက် ပြုပြင် ပြန်ဆိုခဲ့သည်။ (ကန္နရသေ့အရပ်တစ်ပါးသို့သွား၍ ရှာန်တရား ပွားများနေသည်ဟု ဝတ္ထု၌ ဆိုခဲ့သော ကိစ္စတွင် ပင်ရင်းဖြစ်သော မဟာဘာရတ မဟာကဗျာ၌ သစ်သီးရှာထွက်နေသည်ဟု ဆိုခဲ့သည်။ ဤကား စကားချပ်)

အင်္ဂလိပ်ဆရာကြီးတစ်ဦး၏ ဘာသာပြန်ပုံကိုလည်း ပြပါဦးမည်။ အထက်ပါစကားကိုပင် သက္ကတကျွမ်းသော အင်္ဂလိပ်လူမျိုး ဆရာမော်နီယာ၊ ဝီလျံက ပြုပြင်ပြန်ဆိုသည်မှာ- "ကျွန်ုပ်၏ သနားစရာသမင်ကလေး၊ အသင်သည် အဖော်မိတ်ဆွေများကို စွန့်သွားတော့မည်ဖြစ်သော ကျေးဇူးမသိတတ်သော ငါ၏နောက်သို့ လိုက်ရန် တောင်းဆိုနေသလော။ အသင့်ကို မွေးပြီးနောက် အသင်၏မိခင် သေဆုံးသောအခါ သင့်မိခင်အစား အကျွန်ုပ်သည် အသင့်အား ကျွန်ုပ်၏လက်ဖြင့် မွေးကျွေးခဲ့၏။ ယခုအခါ၌ အသင်၏ ဒုတိယမိခင်သည် အသင့်ကို စွန့်ဦးတော့မည် ဖြစ်သောကြောင့် သင့်ကို မည်သူစောင့်ရှောက်ပါမည်နည်း။ အို-ဖခင်၊ ဖခင်ကသာလျှင် ဤသမင်ငယ်၏ မိခင်သဖွယ် ဖြစ်ပါလော့။ အကျွန်ုပ်၏သားငယ်၊ သင်ပြန်လော့။ သင်သည် အကျွန်ုပ်ဖခင်၏ သမီး ဖြစ်လေလော့"ဟု ပြုပြင်ပြန်ဆိုခဲ့သည်။ ဤတွင် ဝတ္ထုတိုကိုသာရေးလိုသော ကျွန်တော်၏ ဆုံးဖြတ်ချက် သင့်နိုးအံ့ဟု ယူဆလိုက်သည်။

လယ်တီပဏ္ဍိတဆရာ၏ မြန်မာဘာသာပြန်ချက်နှင့် မော်နီယာဝီလျံ၏ အင်္ဂလိပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘာသာ ပြန်ချက်တို့၌သာလျှင် အဆိုပါ ပြုပြင်ချက် စသည်တို့ ရှိကြသည်လော။ မဟုတ်သေးပါ။ အခြားသော အင်္ဂလိပ်ဘာသာပြန် ပြဇာတ်များ၌လည်းကောင်း၊ ပြဇာတ်အသွင်ကိုဖျက်၍ အင်္ဂလိပ်ဘာသာဖြင့်ရေးသော သက္ကုန္တလဝတ္ထုတိုများ၌လည်းကောင်း ထိုနည်းအတိုင်း ပြုပြင်ကြသည်ကို တွေ့ရသည်။ ၁၈၈၅ ခုနှစ်မှစ၍ ဘာသာပြန်ဆိုခဲ့ကြသော အင်္ဂလိပ်ဘာသာပြန် သက္ကုန္တလပြဇာတ်ငါးမျိုးကို ဝတ္ထုတို ရေးသူ ဖတ်ရှုဖူးရာ အနက်ပေးပုံ၊ ယူဆပုံ စသည်တို့၌ တစ်မျိုးနှင့်တစ်မျိုး မတူသည်ကိုလည်းကောင်း၊ ပြုပြင်ပုံမတူသည်ကိုလည်းကောင်း တွေ့ရသေးသည်။ တစ်ဖန် သက္ကုန္တလအင်္ဂလိပ်ဝတ္ထုနှစ်မျိုးကို ဖတ်ရှုဖူးရာ ထိုနည်းအတိုင်းပင် တွေ့ရပြန်သည်။ ဥပမာ– ပြဇာတ်၌ သက္ကုန္တလ၏ သားငယ်ထံသို့ သက္ကုန္တလ ငှက်ရုပ်ယူလာသည်ဟုပါသော်လည်း စွန်န၊ ဆာဗေးယားရေးသော သက္ကုန္တလဝတ္ထုတို၌ အရုပ်ဟု မဆိုချေ။ ဥဒေါင်းပျံသန်းသွားသည်ကို မြင်ကြရကြောင်း ဆိုသည်။ တစ်ဖန် အလားတူ သဘောတစ်ခု ရှိပါသေးသည်။ အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်များကို လင်းဗ်ဆိုသူ စာရေးဆရာက ဝတ္ထုတိုအဖြစ် ပြန်လည်ရေးသားခဲ့သည်။ ထိုအခါ ထိုနည်းအတိုင်းပင် ပြုပြင်ခဲ့ကြောင်း တွေ့ရသည်။ ဤတွင်လည်း ဝတ္ထုတိုကိုသာ ရေးလိုသော ကျွန်တော်၏ ဆုံးဖြတ်ချက် သင့်နိုးအံ့ဟု ယူဆလိုက်ပြန်သည်။

သက္ကုန္တလအင်္ဂလိပ်ဘာသာပြန် ပြဇာတ်များနှင့် သက္ကုန္တလ အင်္ဂလိပ်ဝတ္ထုတိုများ၌သာလျှင် အဆိုပါ ပြုပြင်ချက် စသည်တို့ ရှိကြသည်လော။ မဟုတ်သေးပါ။ အလားတူသဘော၌ အကျုံးဝင်သော မြန်မာပျို့လင်္ကာများကို ကြည့်ကြဦးစို့။ အဋ္ဌကထာ ဇာတ်နိပါတ်စသည်တို့ကို ဖွဲ့ဆိုကြသော နေမိဘုံခန်း၊ မနောဟရီ၊ ဓမ္မရာသီပျို့၊ ဝိဓူရပျို့ စသည်တို့၌လည်းကောင်း၊ နှောင်းခေတ်တွင် ရာမဇာတ်၊ ရာမရကန်၊ ဝေဿန္တရာဇာတ်ဝတ္ထု၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ဗုဒ္ဓဝင်ဟောစာ စသည်တို့၌လည်းကောင်း၊ ပြုပြင်ခြင်း ဖြည့်ထည့်ခြင်း စသည်တို့ကို ပြု၍ ရေးသားဖွဲ့ဆိုတတ်ကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဘုရားဟောပင် ဖြစ်စေကာမူ၊ ကဗျာ လင်္ကာ စသည်တို့အဖြစ် ရေးသားကြရာတွင် လိုရင်းကိုသာ အမိအရယူ၍ အလိုက်သင့် ပြုပြင်မှုများကိုပြုလျှင် အပြစ်မတင်သင့်ကြောင်း ထင်ရှားနေပါသည်။ သက္ကုန္တလပြဇာတ်သည် ဘုရားဟောမဟုတ်။ ဟိန္ဒူတို့၏ ရေးခေတ် လောကီပြဇာတ်မျှသာ ဖြစ်သည်။ မြန်မာစာတတ်ခါစ စာဖတ်ပရိသတ်၏အသိသို့ အလွယ်တကူရောက်နိုင်အောင် ဝတ္ထုတိုနှင့်သင့်တော်သော ပြုပြင်ချက်များကိုပြုလျှင် အဘယ်မှာ လက်မခံနိုင်စရာအကြောင်း ရှိပါမည်နည်း။ ဤတွင်လည်း ဝတ္ထုတိုကိုသာရေးလိုသော ကျွန်တော်၏ ဆုံးဖြတ်ချက် သင့်နိုးအံ့ဟု ယူဆလိုက်ပြန်သည်။

တစ်ဖန် အင်္ဂလိပ်ဘာသာပြန် သက္ကုန္တလပြဇာတ်တို့၌သာလျှင် အဆိုပါ ပြုပြင်ချက် စသည်တို့ ရှိကြသလော။ မဟုတ်သေးပါ။ ဘင်္ဂါလီ၊ တမိလ်စသော ဘာသာတို့ဖြင့် ပြန်ဆို ရေးသားကြသည့် ပြဇာတ်များ၌လည်း သက္ကုန္တလပြဇာတ်၏ အာဘော်ကို မထိခိုက်သမျှ ကာလပတ်လုံး မိမိတို့လူမျိုး၏ စရိုက်အကြိုက်သို့လိုက်၍ ပြုပြင်မှုများကို ပြုကြသည်ဟု သိရပါသည်။ ဝတ္ထုရေးသူကိုယ်တိုင် ဖတ်ရှုရန် မတတ်နိုင်သော်လည်း သင့်တော်သော အိန္ဒိယအမျိုးသားတို့ကို မေးမြန်းစုံစမ်းကြည့်သောအခါ ထိုအတိုင်း သိရပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤတွင်လည်း ဝတ္ထုတိုရေးလိုသော ကျွန်တော်၏ ဆုံးဖြတ်ချက် သင့်နိုးအံ့ဟု ယူဆလိုက်ပြန်သည်။

တစ်ဖန် အင်္ဂလိပ်ဘာသာပြန်ဆရာ အမျိုးမျိုးရှိခဲ့ရာ ဦးသူကို နှောင်းသူကသော်လည်းကောင်း၊ မူတစ်ခုကိုင်သူကို အခြားမူတစ်ခု ကိုင်သူကလည်းကောင်း၊ တစ်နည်းနည်းဖြင့် မကျေနပ်ဖြစ်ပုံတို့ကို ရေးသားဖော်ပြတတ်ကြသည်ကို ဖတ်ရှုရသည်။ ၁၉၅၈ ခုနှစ်၌ပင် ပီ၊လားလ်ဆိုသူက ယခင်ယခင်က အယူအဆအချို့ကိုလည်းကောင်း၊ ယခင်ယခင်က ဘာသာပြန်ပုံအချို့ကိုလည်းကောင်း မကျေမနပ်ဖြစ်ကာ ဘာသာပြန်အသစ်တစ်ခုကိုပင် ရေးပြန်လေသည်။ လားလ်၏ ဘာသာပြန်ကို ဖတ်ကြည့်သောအခါ ကျွန်တော်ကိုယ်တိုင်ကြိုက်သည်လည်းရှိ၍ မကြိုက်သည်လည်း ရှိနေသည်ကို တွေ့ရသည်။ ထိုအခါ ဘာသာပြန်ဆရာတို့ သည်ပင်လျှင် တစ်ဦးကိုတစ်ဦး မကျေမနပ် ပြောဆိုခဲ့ကြလေသည်တကားဟု အသင့်အတင့် နှလုံးသွင်းခဲ့ရသည်။ သို့ရာတွင် ဘာသာပြန်အသစ်အသစ် ပွားလာကြသည်ကား လက်ငင်းအကျိုး ဖြစ်သည်ဟု ယူဆသည်။ မြန်မာ့ကိစ္စ၌လည်း မကျေနပ်သူ၊ အပြစ်ပြောသူရှိမည်ဆိုက ရှိနိုင်ရာသည်ဟု ကြိုတင်၍ တွက်ခဲ့သည်။ ဤတွင်လည်း ဝတ္ထုတိုကိုသာ ရေးလိုသော ကျွန်တော်၏ဆုံးဖြတ်ချက် သင့်နိုးအံ့ဟု ယူဆလိုက်ပြန်သည်။

အထက်ပါ ပြုပြင်ခွင့် ရှိသင့်မရှိသင့် ပြဿနာအပြင် သကုန္တလမြန်မာဝတ္ထုတိုကို ရေးရန် အားထုတ်ရာ၌ အခြားပြဿနာများကို တွေ့ရသေးသည်။ ရေးဦးစွာ သက္ကတဘာသာ သကုန္တလပြဇာတ်မူများ၌ပင် တစ်စောင်နှင့်တစ်စောင် မတူ၊ မူအကွဲကွဲရှိသည်ကို တွေ့ရခြင်း ဖြစ်သည်။ ထိုပြဿနာကိစ္စတွင် ဝတ္ထုတိုရေးသူအဖို့မှာ နှစ်သက်ရာကို ရွေးယူဖို့သာ ရှိလေတော့သည်။ ဤနည်းဖြင့် ဤပြဿနာကို ဖြေရှင်းလိုက်ရသည်။ ထို့နောက် သက္ကတပုဒ်တို့၏ အနက်ကိုရှာရန်ရှိသောအခါ တစ်ခက်တွေ့ရပြန်ပါသည်။ ယခုအခါ၌ 'အမရကောသ'ပါဋ္ဌိသယမှတစ်ပါး၊ ကျယ်ဝန်းသော သက္ကတမြန်မာအဘိဓာန် တစ်စောင်တစ်ဖွဲ့ ပုံနှိပ်ပြီး မတွေ့ရသေးခြင်း ဖြစ်သည်။ ထိုအခါ သက္ကတအင်္ဂလိပ်အဘိဓာန်ကို ကြည့်ရသည်။ အင်္ဂလိပ်အနက်ကို ရသောအခါ၊ အင်္ဂလိပ်မြန်မာ အဘိဓာန်၌ ရှာရပြန်သည်။ ဤနည်းဖြင့် သက္ကတပုဒ်၏ အနက်ကို ထုတ်ရသည်။

နောက်ပြဿနာတစ်ခုမှာ အင်္ဂလိပ်ဘာသာပြန်များကို အားကိုးအားထားပြုရခြင်း ဖြစ်သည်။ သက္ကတဘာသာ မူများ၌ပင် မူအကွဲကွဲ ရှိနေကြရာ အင်္ဂလိပ်ဘာသာပြန်များ၌လည်း မူအကွဲကွဲရှိကြသည်။ ထို့ကြောင့် နှစ်သက်ရာတို့ကို ရွေးယူဖို့သာရှိသည်။ တစ်ဖန် သက္ကတဘာသာ တစ်မူတည်းအတွက်ပင် အင်္ဂလိပ်ဘာသာပြန်ဆရာတို့၏ လက်ရာ အမျိုးမျိုးကို တွေ့နေရသည်။ တစ်ဦးက အဓိပ္ပာယ်တစ်မျိုးကောက်လျှင်၊ အခြားတစ်ဦးက အဓိပ္ပာယ်တစ်မျိုး ကောက်သည်။ တစ်ဦးက သက္ကတဘာသာ ကြွယ်ဝသလောက် ကြွယ်ကြွယ်ဝဝ ပြန်ဆိုလျှင်၊ အခြားတစ်ဦးက အလှမပျက်ရုံ ပြန်ဆိုသည်။ တစ်ဦးက ရှေးခေတ်ပရိသတ်အကြိုက်အတိုင်း ပြန်ဆိုလျှင်၊ အခြားတစ်ဦးက မျက်မှောက်ခေတ်ပရိသတ်အကြိုက်သို့လိုက်၍ ပြန်ဆိုသည်။ တစ်ဦးက ပြည့်ပြည့်စုံစုံပြန်ဆိုလျှင်၊ တစ်ဦးက ခေတ်မီ ဇာတ်စင်၌ ကပြနိုင်လောက်ရုံသာ ဖြတ်တောက်၍ ပြန်ဆိုသည်။ ဤတွင် သက္ကတပြဇာတ်၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုရင်းအာဘော်ကို မပျက်စေဘဲ ပြုခဲ့ကြသော ပြုပြင်မှုအမျိုးမျိုးကို တွေ့ရသည်။ သူ့နေရာနှင့်သူ သင့်ကြသည်ချည်းဟု ထင်မြင်သည်။

ထို့နောက် ပြဿနာတစ်ခု ရှိပါသေးသည်။ ထိုပြဿနာမှာ ဘာသာပြန်ရာ၌ သက္ကတအမည်များကို အက္ခရာလှယ်ခြင်း ဖြစ်သည်။ ဒေဝနာဂရီ အက္ခရာများကို အဘယာရာမဆရာတော် လှယ်သည့်အတိုင်း လိုက်နာလျှင် လွယ်ပါသည်။ သို့ရာတွင် အချို့သက္ကတအမည်များအတွက် မြန်မာတို့ သိနေကျဖြစ်သော မြန်မာအက္ခရာတို့ဖြင့် လှယ်ရန် မလွယ်သည်ကို တွေ့ရပါသည်။ ဥပမာ–အဘယာရာမဆရာတော်၏ နည်းအတိုင်းလှယ်လျှင်၊ သကုန္တလဝေါဟာရမှ (သ) စကားလုံးကို မြန်မာတို့ သိနေကျဖြစ်သော (သ) ရိုးရိုးဖြင့် လှယ်သင့်သည် မဟုတ်ချေ။ သို့ရာတွင် မြန်မာတို့ နားလည်သည့် (သ) ရိုးရိုးကို လက်ခံရမည်သာ ဖြစ်သည်။ (ကန္ဒ) ဝေါဟာရသည် စင်စစ်မှာ (ကဏ္ဍ) သာ ဖြစ်သည်။ (လယ်တီပဏ္ဍိတဆရာ၏ ဘာသာပြန်၌ စန္ဒ ဖြစ်သည်) သို့ရာတွင် (ကဏ္ဍ) သည် မြန်မာတို့မြင်နေကျမဟုတ်ဟု ထင်မြင်သည်။ ထို့ကြောင့် အချို့သက္ကတအမည်များအတွက် ပါဠိနှင့် သက္ကတတတ်သော ပုဂ္ဂိုလ်ကို ချဉ်းကပ်၍ ပါဠိအသွင်သို့ တတ်နိုင်သမျှ ပြောင်းစေရသည်။ ပြောင်းပုံစနစ် တိတိကျကျမရှိသေးဟု သိရသုဖြင့် တစ်ခက်ဖြစ်ခဲ့သည်။ သို့ရာတွင် နီးနိုင်သမျှ နီးအောင် ပါဠိအသွင်သို့ ပြောင်းစေခဲ့သည်။

ထို့နောက် ပြဿနာတစ်ခု ရှိပါသေးသည်။ ထိုပြဿနာမှာ ဘာသာစကားဆိုင်ရာ လိင်ကိစ္စဖြစ်သည်။ သက္ကတသကုန္တလာ၊ ပြိယံဝဒါ၊ မေနကာ စသည်တို့သည် သက္ကတ၌ ဣတ္ထိလိင်ဖြစ်၍ အာကာရန္တဖြင့် ဆုံးကြရာ၊ သက္ကတဘာသာဆိုင်ရာ လိင်သဘောအရ မှန်ပါသည်။ သို့ရာတွင် ထိုအမည်များကို မြန်မာမှုပြုခဲ့ပြီ။ မြန်မာဘာသာ၌ သက္ကတဘာသာဆိုင်ရာ လိင်သဘောမျိုး မရှိသဖြင့် အာကာရန္တဖြင့် ဆုံးသည်ဖြစ်စေ၊ အကာရန္တဖြင့် ဆုံးသည်ဖြစ်စေ မထူးပြီ။ ဤတွင် အကာရန္တပြုခဲ့သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ သကုဏ္ဏလ (သကုန္တလ) ပိယံဝဒ၊ မေနကတို့ကို လိုက်ချင်၍ လိုက်ခဲ့သည်။ ထို့ကြောင့် ဝတ္ထုတို ရေးသူကလည်း သက္ကတသကုန္တလာကို မြန်မာသကုန္တလဟု အကာရန္တဖြင့်ပင် အဆုံးပြုခဲ့သည်။ မြန်မာမှုတွင် ပါဠိမှ မြန်မာသို့ လှယ်ရာ၌ မြန်မာ့နှုတ်လျှာအလိုက် အသံပြောင်းပုံတို့ကို မြန်မာမှုကြိုက်၍ ဘာသာရင်း အစွဲအလမ်းမရှိလိုသူတို့ လက်ခံခဲ့ကြသည်မှာ ကြာပါပြီ။ ဥပမာ–ပါဠိနိမိအတွက် မြန်မာနေမိကိုလည်းကောင်း၊ ပါဠိမဟောသဓအတွက် မြန်မာမဟောသဓာကိုလည်းကောင်း၊ ပါဠိသံသာရအတွက် မြန်မာသံသရာကိုလည်းကောင်း၊ သက္ကတကာလိဒါသအတွက် မြန်မာကာလိဒါသကိုလည်းကောင်း၊ သက္ကတသုဓနအတွက် မြန်မာသုဓနုကိုလည်းကောင်း၊ သက္ကတမနောဟရာအတွက် မြန်မာမနောဟရီကိုလည်းကောင်း လက်ခံခဲ့ကြပြီ။ မြန်မာမှုအတွက်ဖြစ်သောကြောင့် ဤသို့ လက်ခံလျှင် မမှားနိုင်ဟု ယူဆ သည်။ အနိုင်အမာသိလိုလျှင်မူကား ပါဠိသက္ကတတို့ကို ကြည့်ရန်သာရှိသည်။ မြန်မာ ပဂိုး (ပဲခူး)နှင့် အင်္ဂလိပ် ပီးဂူးတို့ကိုလည်းကောင်း၊ မြန်မာ မော်လမြိုင်နှင့် အင်္ဂလိပ် မော်လ်မိန်းတို့ကိုလည်းကောင်း၊ ဆိုင်သင့်ရာရာ ဘာသာစကားကို ပြောကြရာတွင် သုံးစွဲနေကြသည်ကို သတိရှိသင့်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤသည်တို့ကား လွန်ခဲ့သော နှစ်ပေါင်း ၁၆၀၀ ခန့်ကဟု အချို့ ယူဆကြသော ခေတ်က ဟိန္ဒူတို့၏ သက္ကတပြဇာတ်ကို ယခုခေတ် မြန်မာဝတ္ထုတို ဖြစ်လာအောင် ပြုပြင်ရေးသားခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြဿနာများကို တင်ပြရင်း အကျဉ်းမျှ ဖြေရှင်းခြင်း ဖြစ်သည်။ အချုပ်မှာ ပြဇာတ်၏ ပြဇာတ်အသွင်ကို ဝတ္ထုတိုအသွင်သို့ ပြောင်းလျှင် ပြဇာတ်၏အာဘော်ကို မထိခိုက်စေဘဲ အပိုအလို အပြည့်အနှုတ်၊ အပြောင်းအလဲ စသည် တို့ကို ပြုခြင်းဖြင့် ပြုပြင်ပေးမှသာ ဖြစ်နိုင်သည်။ ဟိန္ဒူတို့၏ ရှေးခေတ် ပြဇာတ်၏သဘော ကို မြန်မာစာတတ်ခါစ မျက်မှောက်ခေတ် မြန်မာစာဖတ်ပရိသတ် နားလည်နှစ်ခြိုက်အောင် ပြုလိုလျှင် ထိုနည်းအတိုင်းပင် အဆိုပါ ပရိသတ်၏အလိုအကြိုက်သို့ လိုက်၍ ပြုပြင်ပေးမှသာ ဖြစ်နိုင်သည်။ ထိုသို့ယူဆချင်၍ ယူဆခဲ့သည်။ ယူဆခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ပြီ။ ယခုခေတ်တွင် အင်္ဂလိပ်ဝတ္ထုများကို ဘာသာပြန်ဖူးသူတို့သည် ဤအချက်ကို သတိ ပြုဖူးကြမည်ဟု ထင်သည်။

ပျို့ကဗျာရေးရာကိစ္စတို့၌ အခါကာလအားလျော်စွာ မူရင်းအတိုင်း အတိအကျမလိုက် သဖြင့် မှန်သည်ဟု မဆိုနိုင်စေကာမူ မှားသည်ဟုလည်း မဆိုသင့်ပြီ။ ဤတွင် ကျမ်းဂန် သိနှံ့သည်လည်းဖြစ်၍ လောကဝတ် ဓမ္မဝတ် ကျေပွန်သည်လည်းဖြစ်၍၊ နိုင်းယှဉ်တတ် သည်လည်းဖြစ်၍၊ ချောင်သည်လည်းဖြစ်၍၊ နှလုံးကျယ်ပြန့်သည်လည်းဖြစ်သော မုံရွေးဆရာ တော်သည် မြန်မာစာပေလောက၌ ထွန်းခဲ့သည်ကို သတိပြုဖူးသဖြင့် အားတက်ဝမ်း မြောက်ခြင်း ဖြစ်ရသည်။ ပျို့လင်္ကာရေးရာကိစ္စနှင့် စပ်လျဉ်း၍ မုံရွေးဆရာတော်၏ အဆုံး အဖြတ်တစ်ခုကို တင်ပြလိုသည်။ ဘုရားဟော ဇာတက အဋ္ဌကထာ စသော ကျမ်းဂန် တို့ကိုမှီ၍ ဖွဲ့ဆိုကြသော ပျို့လင်္ကာအချို့၌ ကျမ်းဂန်လာ မဟုတ်ပါဘဲလျက် စကားစဉ်ရှိ သည်ကိုလည်းကောင်း၊ သမ္ဘုတိဝေါဟာရ ထင်ရှားရှိသည်ကိုလည်းကောင်း၊ ကျမ်းဂန်လာ ထင်မှတ်ရသော အချက်ကိုလည်းကောင်း ထည့်သွင်းစပ်ဆိုတတ်သည်ကို သိမြင်လာရာ တွင် ထိုသို့သိမြင်သော မုံရွေးဆရာတော်သည် ထိုအချက်များကြောင့် အပြစ်မဆိုချေ။ ပုဂ္ဂိုလ်အရည်ကို ထောက်၍ ကျမ်းဂန်နှင့် ညှိ၍ ညီလျှင် ယူသင့်ကြောင်း၊ မညီသော်လည်း အပြစ်မဆိုသင့်ကြောင်း စုံစမ်းသင့်သေးကြောင်း မိန့်ဆိုခဲ့သည်။ (အကျယ်သိလိုမူ သမန္တစက္ခု ဒီပနီမှ ပုစ္ဆာ ဝိသဇ္ဇနာ အမှတ် ၇၂ နှင့် ၇၅ တို့ကို ကြည့်နိုင်သည်) မုံရွေးဆရာတော်၏ သုတပြည့်စုံမှု၊ လောကနားလည်မှု၊ အဆင်ခြင်ဉာဏ် ကြီးမားမှု၊ ကိုယ်နှုတ်ပြေပြစ်မှု၊ စေတနာထက်သန်မှုတို့သည် ထင်ရှားစွ။ ဆရာတော်ကြီး၏ အဆုံးအဖြတ် ရှိသေထိုက်စွ။ သကုန္တလသည် ဘုရားဟောမဟုတ်၊ ရှေးခေတ်ဟိန္ဒူတို့၏ နဋကပြဇာတ်မျှသာ ဖြစ်သည်။ ဝတ္ထုတိုရေးသူ၏စာသည် ပါဠိလျှောက် ဘာသာပြန် ပြဇာတ်မဟုတ်၊ ပြုပြင်ထားသော မြန်မာဝတ္ထုတိုမျှသာ ဖြစ်သည်ကို သတိပြုသင့်သည်။

အခိုင်အမာ အတိအကျ သိလိုသူများသည် သက္ကတဘာသာ ပြဇာတ်ကို ဖတ်ရှုမှသာ အခိုင်အမာ အတိအကျ သိနိုင်ကြမည်။ သက္ကတမတတ်ကျွမ်းလျှင်လည်း နိဿယဘာသာပြန် ကို ဖတ်ရှုမှသာ အခိုင်အမာ အတိအကျ မဟုတ်စေကာမူ ဆင်တူရိုးမှားကို သိနိုင်ကြမည်။ မြန်မာဘာသာ သကုန္တလဝတ္ထုတိုကို မကျေနပ်၍ အခိုင်အမာ အတိအကျသဘောကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အလိုရှိလျှင် အနိုင်အမာ အတိအကျရအောင် အားထုတ်သင့်ကြပြီ။ စင်စစ်မှာ သက္ကလဇာတ်၏ အရင်းအမြစ်ကို သိလိုလျှင်ကား မဟာဘာရတကို ကြည့်မှသာ သိနိုင်မည်။ ကာလီဒါသကိုယ်တိုင်ကပင် မဟာဘာရတ၌ပါသော သက္ကလဇာတ်ကို တစ်မျိုးတစ်ဖုံ ပြုပြင် ချဲ့ထွင်၍ ပြဇာတ်ရေးဖွဲ့ခဲ့ခြင်းကြောင့် ဖြစ်သည်။ အချို့ အဋ္ဌကထာဆရာတို့ကမူ ကာလီဒါသသည် ပင်မပုရာဏကျမ်းမှလည်း နုတ်ယူသုံးစွဲသေးသည်ဟု ယူဆကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေကာမူ ဝတ္ထုတိုရေးခဲ့သူအဖို့မှာ ဝေဖန်သူ၏ ဝေဖန်ချက်ကြောင့် ကျေးဇူးရှိပါသည်။ ထိုကျေးဇူးကား မြန်မာဝတ္ထုတိုဖြစ်အောင် ရေးရသဖြင့်လည်းကောင်း၊ မြန်မာစာတတ်ခါစ စာဖတ်ပရိသတ် နားဝင်နှစ်သက်အောင် ရေးသဖြင့်လည်းကောင်း ပြုပြင်လွန်းသောအချက်များ ရှိခဲ့သော် ဆင်ခြင်ခွင့်ရခြင်း ဖြစ်သည်။

၁၉၅၈။

မြန်မာအနုပညာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာအနုပညာ ဝေဖန်ချက်

ဤဆောင်းပါးအဖို့တွင် အနုပညာဆိုသည်မှာ အကအခုန်၊ ဇာတ်သဘင်ပညာ၊ ပန်းချီ၊ ပန်းပုတို့ကို ဆိုလိုသည်။ ဤဝေဖန်ချက်သည် မြန်မာနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ကာလအတွင်းက ဖြစ်ပျက်ခဲ့၍ ယခုတိုင် ဖြစ်ပျက်ဆဲရှိသော အနုပညာရပ်တို့၏ အခြေအနေကို အကြမ်းအားဖြင့် ဝေဖန်ခြင်းမျှသာ(ဝါ) အစေးကြည့် ဝေဖန်ခြင်းမျှသာ ဖြစ်သည်ဟု ယူဆကြစေလိုပါသည်။

ရှေးမြန်မာဘုရင်များ ခေတ်အခါကသော် ဂီတနှင့် အကအခုန် ဇာတ်သဘင်ပညာရပ်များသည် မြန်မာစာပေကဲ့သို့ပင် နန်းတော် အိမ်တော်များ၌သာ ပျော်ခဲ့သော ပညာရပ်များ ဖြစ်ကြသည်။ သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကာလအတွင်းတွင် ရွာသိမ် ရွာငယ်များအထိ ပျံ့နှံ့လာခဲ့ကြသည်။

သီချင်းဂီတဘက်တွင် ကျွန်ုပ်တို့ အမြောက်အမြားရလိုက်သော အမွေသည်အများအားဖြင့် စောင်း၊ ပတ္တလား စသော တူရိယာတို့နှင့် တွဲဖက်၍ သီဆိုတီးမှုတ်ကြသော ကြိုးဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယား သီချင်းများ ဖြစ်ကြသည်။ ထိုသီချင်းများသည် ထီးကြိုက် နန်းကြိုက်ဖြစ်သော မင်းခမ်းမင်းနားအကြောင်း၊ ရေမြေတောတောင် ရာသီပန်းမန်တို့၏ သာယာပုံအကြောင်း၊ ချစ်မှုကြိုက်မှု လွမ်းဆွတ်မှုအကြောင်း စသော အကြောင်းတို့ကို ဖွဲ့ဆိုသော သီချင်းများ ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ခေတ်တွင် ယခုတိုင် ထိုသီချင်းတို့ကို ဆိုတတ်တီးတတ်သူ အစဉ်အဆက် ရှိနေသည်မှာ အထူးဝမ်းမြောက်ဖွယ် ဖြစ်သည်။ ထိုအစဉ်အဆက် မပျောက်မပျက်အောင် ထိန်းသိမ်းလာကြသော ပညာသည်များကို ကျေးဇူးတင်ဖွယ် ဖြစ်သည်။ တစ်ခါတစ်ပါး ကသော် ထိုသီချင်းများ ဆိုနည်းတီးနည်း၏ အဆင့်အတန်းသည် နိမ့်ကျသွားသည်ဟု အဆိုရှိသည်။ ပညာသည်များနှင့် သီချင်းဂီတကို ချစ်ခင်သူတို့က အသင်းအပင်းများ ဖွဲ့စည်း၍ နည်းမှန်လမ်းကောင်းများကို လေ့လာရှာဖွေခဲ့ကြသောကြောင့်သာ အဆင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတန်း ပြန်လည်မြင့်တက်လာသည်ဟု ယူဆအပ်သည်။

ထိုသီချင်းတို့ကို ဆိုခြင်း၊ တီးမှုတ်ခြင်းနှင့် စပ်လျဉ်း၍ ယခုအခါတွင် ခဲရာခဲဆစ် တီးကွက်တီးလုံး အစိပ်အကျဲ အလှအဆန်း လောကွတ် စသည်တို့ကိုသာ နယ်ကုန်အောင် အရေးတယူပြု၍ အားထုတ်နေကြသည်ဟု ထင်ဖွယ်ရှိသည်။ သီချင်း၏အရသာ ပေါ် သည်ထက် ပေါ်အောင် (ဝါ) သီချင်း၏ အလိုအာဘော်နှင့် ကိုက်ညီအောင် (ဝါ) လွမ်းမှု အကြောင်းကို သီဆိုလျှင် လွမ်းစိတ်ပေါ်လာနိုင်အောင်၊ ရွှင်မှုအကြောင်း သီဆိုလျှင် ရွှင် စိတ်ပေါ်လာနိုင်အောင်၊ ကြည်ညိုမှုအကြောင်း သီဆိုလျှင် ကြည်ညိုစိတ် ပေါ်လာနိုင်အောင် အားထုတ်မှုများကိုလည်း အထူးအရေးပေးသင့်သည်။ တစ်နည်းအားဖြင့်ဆိုသော် တီးလုံး တီးကွက်၏ အရသာ ပေါ်မှုကိုသာမက သီချင်းစပ်ဆိုသူတို့၏ အလိုဖော်နိုင်မှုကိုလည်း အားထုတ်ကြစေလိုခြင်း ဖြစ်သည်။ ထိုသို့အားထုတ်သူများ ပေါ်ပေါက်လာပါက မြန်မာ ဂီတ၏ အဆင့်အတန်းသည် မြင့်သည်ထက် မြင့်လာဖွယ်ရာအကြောင်းရှိ၏ဟု ထင်မိသည်။ တစ်ဖန် အားထုတ်စရာရှိသေးသော အချက်များနှင့် စပ်လျဉ်း၍ အဆိုဘက်တွင် သီချင်း ဖွဲ့ဆိုသူများနှင့် သီချင်းများအကြောင်း (ဝါ) မြန်မာဂီတသမိုင်းနှင့်တကွ သီချင်းစာသား ၏ အနက်အဓိပ္ပာယ်တို့ကို ရှာဖွေလေ့လာရေးအတွက်လည်းကောင်း၊ အတီးအမှုတ်တွင် မြန်မာတူရိယာတို့၏သဘောသတ္တိကို ရှာဖွေရေး၊ အတီးအမှုတ်ပညာသည်တို့၏အကြောင်း အရာတို့ကို ရှာဖွေလေ့လာရေး၊ နာဖွယ်နှစ်သက်ဖွယ်ဖြစ်အောင် တူရိယာတို့ကို သင့်နိုးရာရာ ညှိနှိုင်းတွဲဖက်ရေးနှင့်တကွ သင့်နိုးရာရာ တီလုံးတီးကွက် အချီအချ အဝင်အထွက် အနုတ် အခု စီစဉ်ရေးတို့အတွက်လည်းကောင်း၊ သုတေသနလုပ်ငန်း၊ စမ်းသပ်မှုလုပ်ငန်း၊ စာအုပ် စာတမ်း ဖြန့်ချိမှုလုပ်ငန်းများ လိုအပ်လှသည်။

ဤကိစ္စတို့သည် အားတိုက် ခွန်တိုက် အားပေးကူညီမှုများအပေါ်တွင် တည်လျက် ရှိသည်။ ယခုအခါတွင် မြန်မာသီချင်းများကို နေ့စဉ်နေ့တိုင်းလိုလိုပင် မြန်မာနိုင်ငံတော် အသံလွှင့်ရုံမှတစ်ဆင့် သီဆိုတီးမှုတ် အသံလွှင့်လေ့ရှိသဖြင့် မြန်မာသီချင်းတို့၏ တကယ့် အရသာကို နှစ်ခြိုက်နားလည်သူ တိုးတက်လာမည်ဟု မျှော်လင့်ဖွယ်ရှိသည်။

နှစ်ပေါင်း ၆၀ ကျော်အတွင်းတွင် သံပြောင်းသံလဲ သံဆန်းများလည်း ပေါ်ထွက်လာ ကြသည်။ ခေတ်လတ် သီချင်းသံများသည် အများအားဖြင့် ရှေးသီချင်းသံများနှင့် လုံးဝ အဆက်မပြတ်ဘဲ ရှေးသီချင်းသံသဘော စွက်ဖက်အခြေခံလျက် ရှိသည်ဟု ဆိုကြသည်။ ခေတ်နှောင်းသီချင်းသံများသည် ယခုအခါတွင် အချို့လည်း အနောက်တိုင်းသီချင်းသံ ဘာသာပြန်ဖြစ်၍ အချို့လည်း အနောက်တိုင်းသီချင်းသံတို့မှ ထုတ်ယူရောဖက်ထားသော အသံများ ဖြစ်ကြသည်။ နှောင်းခေတ်သည် အဟောင်းအသစ် ရောမွှေလျက်နေသေးသော ခေတ် ဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ချေ။

ထူးခြားသော အချက်တစ်ခုမှာ နှောင်းခေတ်သီချင်းဖွဲ့ဆိုသော အကြောင်းအရာများတွင် လူမှုရေးရာ၊ နိုင်ငံရေးရာ စသည်တို့နှင့် စပ်လျဉ်းသော အကြောင်းအရာများ ပါဝင်လာခြင်း ဖြစ်သည်။ သတိထားသင့်သည်ဟု ထင်မြင်မိသော အချက်တစ်ခု ရှိသေးသည်။ ထိုအချက် မှာ သီဆိုတီးမှုတ်မှုတွင် သီချင်းသံ တေးသွား၏ အစွမ်းသတ္တိသည်သာလျှင် ဂီတ၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဓိကသဘောတရားဖြစ်၍ စာသားမှာ အထောက်အပံ့မျှ ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ ဥဒါဟရဏ်ကား ဇာတိမာန် တက်ကြွစေလိုသော သီချင်းမျိုးတွင် စာသားသည် ဇာတိမာန်တက်ကြွစေလိုသည့် ခံညားသော စာသားပင် ဖြစ်စေကာမူ သီချင်းသံ တေးသွားသည် မင်းသမီး၊ မင်းသား နစ်ပါးသွားသီချင်းသံ တေးသွား ဖြစ်နေပါလျှင် ထို သီချင်းမျိုးကို မင်သေသောသီချင်း (ဝါ) ဂီတမြောက်သောသီချင်းဟူ၍ မှတ်ယူ လက်ခံရန် ခဲယဉ်းပေလိမ့်မည်။ ကျွန်ုပ်တို့ နောင်းခေတ်သီချင်းရေးဆရာများသည် ဤအချက်ကို သတိပြုသင့်သည်ဟု ယူဆမိသည်။

ကျွန်ုပ်တို့ အမွေအနှစ်အဖြစ်ဖြင့် ဆက်ခံရရှိလိုက်သော အချို့အချို့သော ရှေးမြန်မာ သီချင်း တီးမှုတ်သံတို့ကို၊ တီးမှုတ်ထားသော အကြောင်းအရာများနှင့် ယှဉ်ဖက်၍လည်း ကောင်း၊ သီဆိုတီးမှုတ်လေ့ရှိသော အခါကာလ၊ အခမ်းအနားများနှင့် ယှဉ်ဖက်၍လည်း ကောင်း သေချာစွာ လေ့လာဆင်ခြင်ကြပါမူ ဂီတမြောက်သည်၏အဖြစ် (ဝါ) ဂီတဂုဏ် ကိုသိနိုင်ကြပေလိမ့်မည်။ စည်တော်သီချင်းနှင့် စည်တော်တီးမှုတ်သံတို့ သဘာဝကျပုံသည် ထင် ရှားသိသာသော သာဓကတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့၏ နောင်းခေတ် သီချင်းရေး ဆရာများနှင့် အတီးအမှုတ် တတ်သူတို့သည် မြန်မာတို့၏ နား၌ အပေါ်ယံနာပျော်ဖွယ် ကောင်းရုံမျှ လောက်ကိုသာမက စိတ်ဓာတ်ကို သိမ်းကျုံးယူငင်နိုင်သော ဂီတသတ္တိထူးကို ဖန်တီးနိုင်၍ ကမ္ဘာ့နား၊ ကမ္ဘာ့စိတ်ဓာတ်ကိုပါ သိမ်းကျုံးယူငင်နိုင်အောင် တစ်ဆင့်တက်၍ အားထုတ်ရန် လိုသည်ဟု ထင်မိသည်။ (ဝါ) မြန်မာလည်းပီ၍ ကမ္ဘာကလည်းကြိုက်သော မြန်မာ တေးသံသစ်များကို ဖန်တီးနိုင်အောင် အားထုတ်ရန်လိုသည်ဟု ထင်မိသည်။

ကြီးဘွဲ့ ပတ်ပျိုး စသော အသိမ်အမွေ့ဆိုင်ရာ ရှေးသီချင်းများအပြင် မြန်မာတို့ ထုံးစံအလေ့အတိုင်း အလုပ်လုပ်ကိုင်စဉ်၊ ပျော်ပွဲရွှင်ပွဲ ကျင်းပစဉ် သီဆိုတီးမှုတ်ကြသော ဓလေ့ဘာသာ သီချင်းများလည်း ရှိကြသေးသည်။ အိုးစည် ဒိုးပတ် ဓလေ့ဘာသာ သီချင်း တို့သည် ယခုတိုင် ရှာနှံ့ရပ်နှံ့ ဖြစ်နေကြသည်မှာ ထင်ရှားလှသည်။ လယ်ယာလုပ်ကိုင်မှုနှင့် တွဲဖက်နေသော ဗုံကြီးဗုံရှည် သီဆိုတီးမှုတ်ခြင်းသည် ရွှေဘိုတစ်ဝိုက်၌သာ ခေတ်စားလျက် ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံ ဖြစ်သဖြင့် ထိုသီချင်း မျိုး သီဆိုတီးမှုတ်မှုကို အပျံ့အနှံ့ဖြစ်စေ၍ အားပေးသင့်သည်ဟု ယူဆသည်။ ထို့ပြင် ရှေးမြန်မာလူထု သီဆိုပျော်ရွှင်လေ့ရှိသော ဓလေ့ဘာသာလွန်သီချင်း၊ ထင်းခွေသီချင်း စသည်တို့သည် တိမ်မြုပ်လုမတတ်ပင် ဖြစ်နေရာ ပြန်လည်ဖော်ထုတ်သင့်သည်။

အကအခုန် ဇာတ်သဘင်ပညာရပ်များသည်လည်း လွန်ခဲ့သော အနှစ် ၆၀ ကျော် အတွင်းတွင် ဆုတ်သည်လည်းဆုတ်၍ တိုးသည်လည်း တိုးလာကြသည်ကို တွေ့မြင်နိုင်သည်။

ဆုတ်သည်ဆိုသည်မှာ ရာမဇာတ်၊ အိနောင်ဇာတ်များ ခေတ်မစားသဖြင့် ထိုဇာတ် တို့၏ အသက်သဖွယ်ဖြစ်သော ငြိမ့်လေးသာယာစွာ ကရသည့် အကမျိုး ဆုတ်လာခြင်း ဖြစ်သည်။ ထိုအကမျိုးတွင် သက်ဆိုင်ရာ ဇာတ်ကွက် ဇာတ်ခန်း ဇာတ်လမ်းတို့ကို လိုက် ၍ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော ကပုံကနည်း (ဝါ) သက်ဆိုင်ရာ ရသကို ဖော်ပြ ထားသော သရုပ်ဖော် အကမျိုးစုံတို့ ပါဝင်ကြသည်။ ထိုအကမျိုးစုံတို့သည် ဝါးအစည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြေသကဲ့သို့ ပြေ၍ တကွဲတပြားစီဖြစ်သွားရာ နည်းမှန်နည်းကောင်းတို့ ဆုတ်ကြရသည်ဟု ဆိုရာသည်။ ထိုစကားသည် မှန်၏။ ယခုအခါတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲများ၌ ကြည့်ရမြင်ရသော အကများတွင် အပျော်က အလှကသာများသည်။ အချို့လည်း အနက်အဓိပ္ပာယ်မရှိသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။ မျက်စိပသာဒ ကြည့်ကောင်းရုံမျှသာများ၍ အပျော်အလှ ရသတစ်မျိုးတည်းသာ ထင်ရှားနေသလို ဖြစ်သည်။

သို့ရာတွင် မြန်မာအကပညာ ယခုတိုင်အောင် အသက်ဆက်လာခဲ့သည်မှာ ဇာတ်ပညာသည်နှင့် အငြိမ့်ပညာသည်များ၏ လုံ့လကြောင့်ဟု ဆိုရာသည်။ မြန်မာအကပညာ သန့်ရှင်းကြည်လင်လာရေးနှင့် စပ်လျဉ်း၍ ဇာတ်ပွဲအငြိမ့်ပွဲများသို့သာ လုံးဝ တာဝန်လွှဲထားရန် အချိန်မဟုတ်တော့ပြီ။ မြန်မာအကပညာသည် အနည်းဆုံး အိန္ဒိယ၊ ယိုးဒယား၊ ပသျှူး၊ အင်ဒိုနီးရှားတို့၏ အနုပညာလောက၌ ဝင်ဆံ့နိုင်သည်။ ထိုလောကသည် ရာမဇာတ်၊ အီနောင်ဇာတ်တို့ကို လက်ကိုင်ပြုသော လောကဖြစ်လေရာ မြန်မာအက ဇာတ်သဘင်ပညာသည် အနည်းဆုံး ထိုလောကတွင် အကြိုက်တူမှုကို ဖန်တီးပေးနိုင်သည်။ အကြိုက်တူလျှင် အမြင်အယူအဆ တူလာစရာအကြောင်းရှိသည်။ အမြင်အယူအဆတူလာလျှင် နှစ်ပြည့်တစ်ပြည် ဆက်ဆံရေး ချောမောရန် ဖြောင့်တန်းသည်။ ထို့ကြောင့် မြန်မာတို့၏ အကပညာကို တစ်နည်းတစ်လမ်းအားဖြင့် အားပေးရန် အချိန်ရောက်ပြီဟုထင်မိသည်။ ထိုပညာနှင့်စပ်လျဉ်း၍ ပြန်လည်စုဆောင်းစည်းရုံးမှု၊ လေ့လာမှု၊ ကျမ်းရေးသားမှု၊ အသက်သွင်းပေးမှု အစရှိသည်တို့ကို ဆောင်ရွက်သင့်သည်။ ယခုအခါ ရန်ကုန်၌လည်းကောင်း၊ အချို့အချို့သော မြို့ငယ်များ၌လည်းကောင်း၊ အရပ်ရာမဇာတ်အဖွဲ့များ ရှိကြသည်။ ထိုအဖွဲ့များကို အားပေးသင့်သည်ဟု ထင်မိသည်။

ဆုတ်သွားသော ဇာတ်သဘင်များထဲတွင် ရုပ်သေးလည်းပါဝင်သည်။ ရုပ်သေးသည် သိသိသာသာ ဆုတ်သွားသည်။ သို့ရာတွင် ရုပ်သေးသည် အဆုတ်ခံအပ်သော ပညာမဟုတ်ဟု ထင်မြင်သည်။ မဆုတ်အောင် (ဝါ) အသက်ပြန်ဝင်အောင် ရုပ်သေးတွင် နည်းသစ်များကို သုံးနိုင်သည်။ ရုပ်ရှင်ကြိုက် ပရိသတ်လည်း နှစ်သက်နိုင်အောင် ခေတ်ဆန်သောနည်းဖြင့် ကပြနိုင်သည်။ ကလေးသူငယ်များ နှစ်သက်နိုင်အောင် ဝတ္ထုဇာတ်လမ်းများကို တီထွင်ကပြနိုင်သည်။

ဇာတ်သဘင်လောကတွင် တိုးတက်လာသော အချက်များ ရှိကြပါ၏။ သို့ရာတွင် မပြောပလောက်သေးချေ။ အဘယ်ကြောင့်ဆိုသော် သဘောအားဖြင့် တိုးတက်ခြင်းမဟုတ်၊ အသွင်အားဖြင့် တိုးတက်ခြင်းမျှလောက်သာ ဖြစ်သောကြောင့်ပင်။ ဥဒါဟရဏ်ကား မြေဝိုင်း ဇာတ်ကနည်းမှ ဇာတ်ခုံ ကားဆွဲဇာတ်ကနည်းသို့ ပြောင်းလဲတိုးတက်လာမှု ဖြစ်သည်။ ထိုမှတစ်ဆင့် လွန်ခဲ့သော ငါးနှစ်လောက်က စတင်ကပြလာသော ရုပ်ရှင်ပြဇာတ်ကနည်း ဖြစ်သည်။ ယခုအခါတွင် ဒရာမာခေါ် စကားအချိအချပြင့် သဘာဝကျအောင် ရေးသားကြသော စကားပြေပြဇာတ်မျိုးလည်း ကြိုးကြားပေါ်လာပြီ။ ထိုပြဇာတ်မျိုး ခေတ်စားလာသောအခါ မြန်မာသဘင်သမိုင်းတွင် သဘင်သဘော တိုးတက်လာ၍ အဆင့်အတန်းလည်း မြင့်လာပြီဟု ဆိုနိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြန်မာပန်းချီဟူ၍ မြောက်မြားစွာ အမွေအနှစ်မရခဲ့ချေ။ ရလိုက်သည်တို့မှာ အထက်မြန်မာပြည်ရှိ ဂူ၊ ဘုရား နံရံများတွင် ရေးဆွဲကြသော ပန်းချီဆေးရေးရုပ်များနှင့် မြန်မာတို့ နန်းပျက်သည်မှစ၍ အနည်းအကျဉ်း မြန်မာတို့လက်သို့ ရောက်ခဲ့သော ထီးနန်းဝေလေ့နှင့် သက်ဆိုင်သည့် ပုရပိုက် ပန်းချီဆေးရေးများသာ ဖြစ်ကြသည်။

ပန်းချီနည်းသည် အာရှတစ်တိုက်လုံး၌ ရှေးခေတ်ကစ၍ အသုံးပြုကြသော မျဉ်းရေးဆေးခြယ်နည်း ဖြစ်သည်။ ရှေးအာရှပန်းချီကျော်တို့သည် ထိုနည်းဖြင့် (ဝါ) မျဉ်းသက်သက်ဖြင့် လူတို့၏သဘောဝစိတ်ဓာတ်ကို ပေါ်အောင် ဖော်နိုင်ကြသည်။ ထိုနည်းဖြင့် ရေးဆွဲကြသော ပန်းချီကားများကို ပုဂံဂူဘုရားအချို့၏ နံရံများတွင် အစောဆုံးတွေ့မြင်နိုင်သည်။ အများအားဖြင့် ထိုပန်းချီကားများသည် ဗုဒ္ဓဝင်ခန်းနှင့် ဇာတ်နိပါတ်ခန်းများ၊ ထို့ပြင် ခြုံးပန်းခြုံးနွယ် သဇင်ခွေ အစရှိသော ကနုတ်ပန်းများ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ လောက်မှစ၍ မျဉ်းရေးဆေးခြယ်နည်းသည် တဖြည်းဖြည်းပပျောက်၍ အလင်းအမှောင် စသည်တို့ကိုလည်းကောင်း၊ ဆီဆေးကိုလည်းကောင်း သုံးသော အနောက်တိုင်းနည်းကို အသုံးပြုလာကြသည်။ ထိုသို့အသုံးပြုလာကြသည်မှစ၍ မြန်မာပန်းချီသည် ကျယ်ပြန့်သော မြန်မာလူထုနှင့် အဆက်ပြတ်ခဲ့သလောက် ဖြစ်လာသည်။

ယခုခေတ် မြန်မာပန်းချီဆရာများသည် အနောက်တိုင်းနည်းကိုသာမက ရှေးမြန်မာနည်းကိုလည်း ပြန်လည်အသုံးပြုအပ်သည်ဟု ထင်မိသည်။ မြန်မာလူထု နားလည်နိုင်သော မြန်မာဆန်သည့် အကြောင်းအရာမျိုးကိုလည်း ပြန်လည်အာရုံပြု၍ ရေးဆွဲအပ်သည်ဟု ထင်မိသည်။ အနောက်တိုင်းနည်းနှင့် မြန်မာ့နည်းတို့ကို ရောကျိုသဖြင့် နည်းသစ်ကိုပင် ထွင်လာနိုင်လိမ့်မည်ဟု ထင်မိသည်။

မြန်မာပန်းတမော့ပညာ၊ ပန်းတော့ပညာ၊ ပန်းပုပညာ စသည်တို့သည် ရှေးအခါက ဂူဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အိမ်တော် နန်းတော် ဆောက်ခြင်းတို့ကို မှီ၍ ကြီးပွားထွန်းကားခဲ့ကြသည်။ ရှေးမြန်မာပညာသည်တို့၏ လက်ရာများ ဖြစ်ကြသော ဒရင်၊ စိုင်ပေါင့်၊ အဆော်၊ ကနုတ်ပန်း စသော စုလစ်မွမ်းချွန်တို့ကို ကြွင်းကျန်နေသေးသော ရှေးဂူဘုရား ကျောင်း အစရှိသော အဆောက်အအုံများတွင် တွေ့မြင်နိုင်သည်။ ယခုခေတ်တွင် ရှေးမြန်မာတို့၏နည်းဖြင့် စီမံဖန်တီးသော လက်ရာများ ပေါ်ပေါက်စပြုလာကြပြီ။ ထင်ရှားသော သာဓကများမှာ ရန်ကုန်မြို့ မြူနီစီပယ် အဆောက်အအုံရှိ စုလစ်မွမ်းချွန် အဆင်တန်ဆာများနှင့် ရွှေတိဂုံစေတီတော် အနောက်ဘက် စောင်းတန်းရှိ အဆင်တန်ဆာ လက်ရာများသည် ပျောက်ကောင်းသောအရာမဟုတ်ချေ။ တဲကနားမျိုးပင်ဖြစ်စေ၊ မဏ္ဍပ်ပင်ဖြစ်စေ၊ သစ်ပျဉ်အိမ်မျိုးပင်ဖြစ်စေ အများပြည်သူနှင့်ဆိုင်သော အဆောက်အအုံများတွင် မြန်မာဆန်သော အမိုးနှစ်ထပ် လည်ပေါ် မော်ပွင့်တပ် စနစ်နှင့် အဆင်တန်ဆာတို့ကို သင့်တော်သလို အသုံးပြုလျှင် မြန်မာ့ပညာနှင့် မြန်မာ့စိတ်ဓာတ်ကို တစ်နည်းတစ်လမ်းအားဖြင့် အားပေးရာရောက်သည်ဟု ထင်မိသည်။ တိုးရုပ်၊ နရားရုပ်၊ ကိန္နရာရုပ်၊ ကျေးရုပ် အစရှိသော အိမ်တွင်း မြန်မာ အသုံးအဆောင် ကနုတ် အဆင်တန်ဆာများကို မြန်မာအိမ်ရှင်တို့ အသုံးပြုကြလျှင်၊ မြန်မာတို့၏ သစ်သား ဆင်စွယ် စသော ပန်းပုပညာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုးတက်မည်မှာ မုချဖြစ်သည်။ ထို့ကြောင့် ယခုကစ၍ စံတင်လောက်သော အဟောင်းအမြင်း အဆင်တန်ဆာများကို စုဆောင်းလေ့လာကြဖို့ အချိန်တန်လေပြီ။

မြန်မာအနုပညာသည် မြန်မာနိုင်ငံသား အားလုံး၏ စိတ်ဓာတ်နှင့် သက်ဆိုင်သော ပညာ ဖြစ်သည်။ ထိရောက်စွာ အသုံးချနိုင်လျှင် ထိုပညာသည် ပြည်ထောင်စု မြန်မာနိုင်ငံသစ်၏ ရည်ရွယ်ချက် ပေါက်မြောက်အောင် အကူအညီ အမြောက်အမြား ပေးနိုင်လိမ့်မည်။ မြန်မာအနုပညာကိုသာမက ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော မြန်မာတိုင်းရင်းသားအားလုံး၏ အနုပညာတို့ကိုလည်း ရုံးစည်းစုဆောင်း၍ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးဖို့ အချိန်ရောက်ပြီ။ အကျိုးရှိမည်မှာ မုချတည်း။

၁၉၄၈။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာစာပေနှင့် အနုပညာတို့ နှောင်ရေး

လွတ်လပ်ရေးရ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို တည်ထောင်သော ၁၉၄၈ ခုနှစ်မှစ၍ ရေသော် ၁၉၅၆ ခုနှစ်အကုန်တွင် ကိုးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ထိုကိုးနှစ် ရောက်သောကာလအတွင်းတွင် ကျွန်တော်တို့၏ စာပေနှင့်အနုပညာတို့သည် မည်သည့် အခြေအနေ၌ ဆိုက်နေကြပါသနည်း။ ထိုအရာတို့၏ နှောင်ရေးကို မည်သို့ ပြုပေးနိုင်သနည်း။ ကျွန်တော်တို့သည် ထိုမေးခွန်းနှစ်ရပ်အတွက် အဖြေရှာရန် အချိန်တန်ပြီဟု ထင်မြင်ပါသည်။ အဖြေကိုတွေ့လျှင် ထိုအဖြေကို အသုံးပြုလျက် ထိုအရာတို့၏ နှောင်ရေးကို ယခုအချိန်မှစ၍ ကျွန်တော်တို့နိုင်ငံ ကြီးပွားတိုးတက်ရေး အတွက် စနစ်တကျ တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

အတိတ်ခေတ်သဘောကိုသိလျှင် ပစ္စုပ္ပန်ခေတ်၏သဘောကို နားလည်နိုင်သည်ဟုလည်းကောင်း၊ ပစ္စုပ္ပန်ခေတ်၏ သဘောကို သိလျှင် အနာဂတ်ခေတ်၏သဘောကို မျှော်မှန်းနိုင်သည်ဟုလည်းကောင်း ယူဆပါသည်။ ထို့ကြောင့် ရှေးဦးစွာ အတိတ်ခေတ်မြန်မာစာပေနှင့် အနုပညာတို့၏ သဘောကို ဆင်ခြင်ကြည့်ဖို့ လိုပါသည်။ အတိတ်ခေတ်ဟု ဆိုသည်တွင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ကုန်အထိ နှစ်ပေါင်းကိုးရာခန့် ကြာမြင့်ခဲ့သော ကာလအပိုင်းအခြားကို ဆိုလိုပါသည်။

မြန်မာစာကို ပုဂံခေတ်မှစ၍ ရေးလာကြသည်မှာ အထင်အရှားဖြစ်သည်။ သို့ရာတွင် ကဗျာလင်္ကာစာမျိုး ထင်ရှားလာသည်မှာ.အင်းဝခေတ်ကနဦးပိုင်းတွင် ဖြစ်သည်ဟု ယူဆကြသည်။ အင်းဝခေတ် ကနဦးပိုင်းတွင် နိပါတ် ဇာတ်တော်များကို ဖွဲ့ဆိုလေ့ရှိသော ပျို့ကဗျာမျိုးကို ရေးလာကြသည်။ မင်းဧကရာဇ်ဆိုင်ရာ အကြောင်းကို ဖွဲ့ဆိုလေ့ရှိသော ဧချင်းကဗျာမျိုးကို ရေးလာကြသည်။ နန်းသူနန်းသားတို့ဆိုင်ရာ မယ်ဘွဲ့ မောင်ဘွဲ့ အလွမ်းဘွဲ့ စသည်တို့ကို ဖွဲ့ဆိုလေ့ရှိသော ရတုကဗျာမျိုးကို ရေးလာကြသည်။ ဆေးကျမ်း၊ နက္ခတ်ကျမ်း စသော အခြား လောကီကျမ်းမျိုးကို ရေးလာကြသည်။ ထိုအခါမှစ၍ ထိုသဘောမျိုးနှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မကင်းသော စာအမျိုးမျိုးသည် ကုန်းဘောင်ခေတ်အကုန် ဗြိတိသျှခေတ်အကူးအထိ အမြောက်အမြား ထွန်းကားလာကြသည်။

ပျို့၊ လင်္ကာ စသော ထိုစာတို့၏ အကြောင်းရပ်သဘောကို ဆင်ခြင်လျှင် ထိုအခါကသော် ထီးနန်းနှင့်တကွ ထီနန်းဆိုင်ရာ ပုဂ္ဂိုလ်တို့သာလျှင် လောကီကိစ္စ အရပ်ရပ်၌ အရေးပါသူများ ဖြစ်သဖြင့် ထိုစာများ၌လည်း ယေဘုယျအားဖြင့် ထိုသူတို့၏ ဘဝအကြောင်းရပ်များ သာလျှင် ထင်ရှားခဲ့သည်ကို သိမြင်ရသည်။

ထင်ရှားသော ရှေးမြန်မာ အနုပညာများသည် ဗိသုကာ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းချီ၊ တူရိယာ ဂီတအကတို့ ဖြစ်ကြသည်။ ထိုအနုပညာများသည် ရှေးခေတ် အိန္ဒိယမှ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာနှင့် အတူတကွရောက်လာသောပညာများ ဖြစ်ကြသည်။ ထိုအနုပညာများသည် ရှေးဦးစွာ သရေခေတ္တရာ၌လည်းကောင်း၊ ရှေးသထုံ၌လည်းကောင်း ထွန်းကားကြသည်။ ထို့နောက် ပုဂံမြို့ဟောင်း၌ ယခုတိုင် မြင်နိုင်သေးသော သာသနိက အဆောက်အအုံများကို ထောက်ရှုခြင်းအားဖြင့် ပုဂံခေတ်တွင် ထိုအနုပညာများသည် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အနှံ့အပြားဖြစ်၍ ဖွံ့ဖြိုးအားရှိလာကြသည်ဟု ဆိုနိုင်သည်။ ထိုအခါကသော် ထိုအနုပညာများတွင် လက်ဦးဆရာဖြစ်သော ရှေးခေတ် အိန္ဒိယအနုပညာ၏ ဇာတိသည် ပါမြဲဖြစ်သည်။ သို့ရာတွင် လက်ရာမှာကား ပုဂံပြည်သားတို့၏ လက်ရာ ဖြစ်သည်ဟု ဆိုကြသည်။

ပုဂံခေတ်ကုန်ပြီးသော နောင်အဖို့၌ကား လက်ရာသာမက ဇာတိသည်လည်း မြန်မာဇာတိ ဖြစ်လာသည်ကို သိမြင်ရသည်။ အုတ် ကျောက်တို့ကို အသုံးနည်း၍ သစ်သား အသုံးများလာသည်ကို သိမြင်ရသည်။ အခန့်အသန့်နည်း၍ အနုအယဉ် ကဲလာသည်ကိုလည်း သိမြင်ရသည်။

တူရိယာ ဂီတနှင့် အကဘက်တွင် ယိုးဒယားမှရလာသော ပညာကို စနစ်တကျ လေ့လာကြသဖြင့် ရှိရင်းဖြစ်သော ကြိုး၊ ဘွဲ့၊ ပတ်ပျိုးနှင့် ရှိရင်းဖြစ်သော အကတို့တွင် ယိုးဒယားဟန်ပါသော မြန်မာသီချင်းသည်လည်းကောင်း၊ ယိုးဒယားဟန်ပါသော မြန်မာ အကသည်လည်းကောင်း တိုးလာသည်။ သဘင်ဘက်တွင် မဏိကက်ဇာတ်၊ ရာမဇာတ်၊ အီနောင်ဇာတ်၊ ဒေဝကုမ္ဘာန်ဇာတ်၊ ဝိဇယဇာတ်၊ ဝိဇယကာရီဇာတ် စသည်တို့ကို ခင်းကျင်း ပြသနိုင်လာကြသည်။ ရုပ်သေး၊ သဘင်နှင့် စာဟောပွဲလည်း ပွားလာကြသည်။

အတိတ်ခေတ်တွင် မြန်မာစာပေပညာရှိနှင့် အနုပညာရှင်တို့ မှီခိုရာဖြစ်သော လောကသည် ထီးနန်းလောက ဖြစ်သည်။ ဗြိတိသျှတို့ ရောက်လာသောအခါ ထီးနန်းလောက မရှိတော့ပြီ ဖြစ်သောကြောင့်လည်းကောင်း၊ ပုံနှိပ်စက်ပေါ်လာ၍ စီးပွားဖြစ် ပုံနှိပ်ရောင်းချသောအလေ့ ရှိလာသောကြောင့်လည်းကောင်း စာပေပညာရှိနှင့် အနုပညာရှင်တို့၏ မှီခိုရာသည် ကျယ်ပြန့်သော တိုင်းသူပြည်သား စာဖတ်ပရိသတ် ဖြစ်လာသည်။ ထိုအခါ စာပေနှင့်အနုပညာတို့၏ အကြောင်းရပ်သည်လည်း ပြည်သူတို့ဘဝ အကြောင်းရပ်သို့ ပြောင်းလာသည်။

စာပေလောကတွင် ပြင်သစ်စကားပြေဝတ္ထုတစ်ခုမှ ဆီလျော်အောင် မြန်မာပြန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထားသော 'မောင်ရင်မောင်မမယ်မ'ဝတ္ထုကို ပုံနှိပ်ဖြန့်ချိလိုက်သောအခါ ထိုမြန်မာပြန်ဝတ္ထုကို လူအများ နှစ်သက်လက်ခံကြသည်ဟု အဆိုရှိသည်။ နောင်အခါ၌ ဝတ္ထုအဖွဲ့မျိုး ခေတ်စားလာသည်ကိုထောက်လျှင် ထိုအဆိုမှန်သည်ဟု ယူဆသင့်သည်။ ဤသို့ဖြင့် ကာလပေါ် စကားပြေဝတ္ထုအဖွဲ့မျိုးသည် မြန်မာစာပေ၌ တိုးလာသည်။ သို့ရာတွင် ဗြိတိသျှခေတ်၌ ရုံးသုံး ကျောင်းသုံးဘာသာသည် အင်္ဂလိပ်ဘာသာဖြစ်သဖြင့် ခေတ်မီကမ္ဘာ့မျက်စိကို ပေးနိုင်သော ခေတ်မီပညာရပ်များကား မြန်မာစာ၌ တိုးသင့်သလောက် မတိုးဘဲ ရှိခဲ့ကြသည်။

ဗိသုကာပညာ၊ ပန်းတော့ပညာတို့သည် ဘုရားကျောင်း တည်ဆောက်ခြင်းနှင့် သက်ဆိုင်၍ ဘုရား၊ ကျောင်း၊ တန်ဆောင်း တည်ဆောက်တိုင်း ထိုပညာတို့ကို အသုံးပြုသည်ဖြစ်ရာ ရှေးအတိုင်းပင် ရှိခဲ့သည်ဟု ယူဆအပ်ပေသည်။ ပန်းချီပညာတွင် ဥရောပပန်းချီနည်းကို လက်ခံလာရာ အားသစ်ရလာသည်ဟု ထင်မြင်သည်။ ဇာတ်ပွဲသည် အရှိန်မပျက် ကြီးပွားလာရာ အကပညာ၊ ဆိုင်းပညာတို့သည် အခြေမပျက် တည်ခဲ့ကြသည်။ တူရိယာ ဂီတ အဖွဲ့များကို ဖွဲ့စည်း၍ ထိန်းသိမ်းတတ်ကြသဖြင့် တူရိယာ ဂီတပညာတို့သည် အခြေပျက်သင့်သလောက် မပျက် ဖြစ်ခဲ့သည်။ ကာလပေါ်အငြိမ့်ပွဲမျိုး တိုးလာသည်။ ရုပ်ရှင်ပညာ ရောက်လာသည်။ ရုပ်သေးပညာနှင့် စာဟောပွဲတို့မှာကား ခေတ်နောက်ပိုင်းတွင် အသုံးနည်းလာသဖြင့် ခေတ်မှိန်လာကြသည်ဟု ယူဆသည်။

ဗြိတိသျှအစိုးရသည် အထက်ပါ အနုပညာတို့ကို အားပေးခြင်းမပြုခဲ့ဟု ထင်မြင်သည်။ သို့ရာတွင် တိုင်းပြည်ငြိမ်ဝပ်အေးချမ်း၍ တိုင်းပြည်တွင် အရောင်းအဝယ် တိုးတက်လာသဖြင့် ပြည်သူပရိသတ်က အားပေးချီးမြှင့်နိုင်ကြသောကြောင့်လည်းကောင်း၊ ဝံသာနုလုပ်ငန်း၏ အရှိန်အဝါကြောင့်လည်းကောင်း၊ ပညာရှင်တို့၏ ဖွဲ့သတ္တိကြောင့်လည်းကောင်း ထိုပညာတို့ မတိုးတက်ခဲ့စေကာမူ မပျောက်မကွယ် ဖြစ်ခဲ့ကြသည်ဟု ယူဆအပ်သည်။

ထို့ကြောင့် လူမျိုးခြားလက်မှ တိုင်းပြည်လွတ်မြောက်လာသောအခါ စာပေအမွေအနှစ်၊ အနုပညာအမွေအနှစ်တို့သည် ကျွန်တော်တို့၏ လက်၌ပင် အတော်အသင့် ကျန်ရှိနေကြသေး သည်ကို တွေ့ရခြင်း ဖြစ်သည်။ ထိုသို့ကျန်ရှိနေသေးသော စာပေနှင့် အနုပညာတို့သည် မည်သို့အခြေ၌ ဆိုက်နေကြသနည်း။ ထိုမေးခွန်းကို ဖြေဆိုရန် အားထုတ်လိုပါသည်။

မြန်မာစာအတွက် ကိစ္စနှစ်ခုကိုသာ တင်ပြလိုသည်။ ပထမကိစ္စမှာ မြန်မာစာ၌ ခေတ်မီ ကမ္ဘာ့ပညာရပ် မစုံမလင်ဖြစ်နေသေးသော အခြေခံ၌ ဆိုက်နေသည့်ကိစ္စ ဖြစ်သည်။ ဒုတိယကိစ္စမှာ ကဗျာ၊ လင်္ကာ၊ ဝတ္ထု စသော အဖွဲ့မျိုးသည် ပြောင်းမြောက်သင့်သလောက် ပြောင်းမြောက်ခြင်း မရှိသေးသော အခြေ၌ ဆိုက်နေသည့်ကိစ္စ ဖြစ်သည်။

ပထမကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် အမိန့်ပြန်တမ်း၌ ဖော်ပြသော ၁၉၅၂-၅၃ ခုနှစ်အတွက် စာအုပ်စာရင်းအရ မြန်မာနိုင်ငံ၌ နှစ်စဉ် ထွက်နေသော စာအုပ်များကို ပညာရပ်အလိုက် အကြမ်းဝေဖန်ကြည့်လျှင် ဘာသာ၊ သာသနာရေးဆိုင်ရာ စာအုပ် အရေအတွက်သည် ရာခိုင်နှုန်း ၃၀ မျှ ရှိသည်ကိုလည်းကောင်း၊ အပျော်ဖတ် ကာလပေါ်ဝတ္ထု အရေအတွက်သည် ရာခိုင်နှုန်း ၃၀ မျှ ရှိသည်ကိုလည်းကောင်း၊ နိုင်ငံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေးရာ ဝါဒဆိုင်ရာ စာအုပ်အရေအတွက်သည် ရာခိုင်နှုန်း ၂၀ မျှ ရှိသည်ကိုလည်းကောင်း၊ ပျို့လင်္ကာ စသော စာပေ၊ နိုင်ငံသမိုင်း၊ လူ့သမိုင်း၊ ပထဝီဝင်၊ သိပ္ပံပညာ၊စိုက်ပျိုးရေးပညာ၊ စက်မှုလက်မှုပညာ စသော လောကီပညာများဆိုင်ရာ စာအုပ်အရေအတွက်သည် ရာခိုင်နှုန်း ၂၀ မျှရှိသည်ကိုလည်းကောင်း သိမြင်နိုင်သည်။ ထိုလောကီပညာများဆိုင်ရာ စာအုပ်များမှာလည်း အများအားဖြင့် ကျောင်းသုံး၊ ကျောင်းသင်စာအုပ် အဆင့်အတန်း၌သာ ရှိကြသည်။ ထိုအချက်ကိုထောက်လျှင် ကမ္ဘာ့မျက်စိကိုပေးနိုင်သော ခေတ်မီ လောကီစာမျိုးသည် မြန်မာနိုင်ငံတွင် မြန်မာစာဖတ်ပရိသတ်အတွက် ရှိသင့်သလောက် မရှိသေးဟု ယူဆအပ်သည်။

သို့ရာတွင် ထိုပြဿနာကို လွတ်လပ်ရေး ရစကပင် ဖြေရှင်းလျက်ရှိနေသည်ကို တွေ့ရသည်။ အစိုးရသည် မြန်မာစာကို ရုံးသုံးဘာသာပြုခဲ့ပြီ။ အထက်တန်းကျောင်း အဆင့်အတန်းအထိ ကျောင်းသင် ပညာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားစေခဲ့ပြီ။ ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ဆိုင်ရာ ပညာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားနိုင်အောင် ဘာသာပြန်လုပ်ငန်းကို စတင်ဆောင်ရွက်စေခဲ့ပြီ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို တည်ထောင်၍ မြန်မာများ ကမ္ဘာ့မျက်စိကိုရနိုင်အောင် လိုအပ်သော ခေတ်မီ လောကီပညာ စာအုပ်များကို ရေးသားထုတ်ဝေရန် အားထုတ်စေခဲ့ပြီ။ စာေဒနာပုဂ္ဂိုလ် အချို့သည် အထက်ပါအသင်းထုတ် စာအုပ်ကို စာဖတ်ပရိသတ် စိတ်မဝင်စားသော စာအုပ်များ ဟူ၍ ဝေဖန်တတ်ကြသည်ကို ကြားရဖူးသည်။ အမှန်မှာ စာဖတ်ပရိသတ်၏ အကြိုက်ကိုသာ လိုက်နေလျှင် ကမ္ဘာ့မျက်စိကို ပေးနိုင်သောစာအုပ်များ ထွက်လာရန် အချိန်အတော်ကြာ စောင့်ရဦးမည်ဟု ထင်သည်။ အထက်ပါအသင်းသည် ထိုသို့ကား စောင့်နိုင်မည် မထင်ပါ။ စာဖတ်ပရိသတ်သည် စာကောင်းပေကောင်း၌ စိတ်မဝင်စားသေးလျှင် စိတ်ဝင်စားလာအောင် ဇန်းပြပေးသင့်သည်ဟု ထင်မြင်သည်။ စာဖတ်ပရိသတ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မြန်မာစာ၌ လိုနေသေးသော ပညာများကို စီးပွားဖြစ် မလုပ်သော ထိုအသင်းက ငွေကုန်ကြေးကျခံ၍ စာအုပ်ထုတ်ပေးနိုင်သမျှ ကာလပတ်လုံး စာကောင်းပေကောင်း ကြိုက်တတ်သော အကြိုက်ကောင်းကို ဖန်တီးပေးရာရောက်မည်ဟုလည်းကောင်း၊ မြန်မာစာ၌ ခေတ်မီပညာရပ် စုံလင်လာသဖြင့် မြန်မာစာ ရုံးသုံးဖြစ်ရမည် ဟူသော အမိန့် အောင်မြင်မည်ဟုလည်းကောင်း ထင်မြင်သည်။

ဒုတိယကိစ္စမှာ ကဗျာ လင်္ကာ ဝတ္ထု စသော အဖွဲ့မျိုးသည် ပြောင်းမြောက်သင့်သလောက် ပြောင်းမြောက်ခြင်းမရှိသော အခြေ၌ ဆိုက်နေသည့်ကိစ္စ ဖြစ်သည်။ မည်သည့်နိုင်ငံ၌မဆို ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ပြဇာတ် စသော အဖွဲ့မျိုးသည် အထက်တန်းကျသော ယဉ်ကျေးမှုတစ်ခု ဖြစ်သည်။ တိုင်းသူပြည်သားလူအများ၏ သီလ၊ သမာဓိ၊ ပညာ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် ထိုအဖွဲ့မျိုး၏ အရည်အသွေးကို မှီနေသည်ဟု ယူဆအပ်သည်။ ထိုအဖွဲ့တို့၏ အရည်အသွေးညံ့လျှင် နိုင်ငံ၏ သီလ၊ သမာဓိ၊ ပညာ ညံ့တတ်သည်။ ထိုအဖွဲ့တို့၏ အရည်အသွေးကောင်းလျှင် နိုင်ငံ၏ သီလ၊ သမာဓိ၊ ပညာကောင်းတတ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုအဖွဲ့တို့၏ အရည်အသွေးသည် ပါရမီရှိသော စာရေးဆရာများ၏ စေတနာပေါ်၌ ခပ်များများ တည်နေသည်ဟု ထင်မြင်နိုင်ပါသည်။ ထိုစေတနာတွင် ပတ်ဝန်းကျင် လူ့လောက လူ့ဘဝ၏ ကွယ်ဝှက်သော အမှုအရာတို့ကို မြင်တတ်သောအစွမ်းရှိသည်။ စေတနာမရှိလျှင် အစွမ်းမရှိ ဖြစ်တတ်သည်။ အစွမ်းမရှိလျှင် လူ့လောက လူ့ဘဝ၏ ကွယ်ဝှက်သော အမှုအရာတို့ကိုမမြင် ဖြစ်တတ်သည်။ မမြင်လျှင် အဖိုးတန် စာကောင်း ရေးနိုင်ခြင်း မရှိတတ်ပါ။ မမြင်ဘဲရေးသောစာ အကောင်းဆုံးသည် အပျော်ဖတ်စာမျှသာ ဖြစ်နိုင်သည်။

အပျော်ဖတ်စာပေမျိုးသည် မည်သည့်နိုင်ငံ၌မဆို ရှိမြဲဖြစ်သည်။ ရှိလည်း ရှိထိုက်ပါသည်။ သို့ရာတွင် မျက်မှောက်ခေတ် မြန်မာစာပေတွင် အပျော်ဖတ် စာပေမျိုးသည် ရှိသင့်သည်ထက် ပိုကဲ၍ ဘဝအမြင် အသိ စာပေမျိုးသည် ရှိသင့်သည်ထက် နည်းနေသေးသည်ဟု ထင်မြင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကဗျာ၊ လင်္ကာ၊ ဝတ္ထု စသော အဖွဲ့မျိုးသည် ပြောင်းမြောက်သင့်သလောက် ပြောင်းမြောက်ခြင်း မရှိသေးသော အခြေ၌ ဆိုက်နေသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

မျက်မှောက်ခေတ် မြန်မာစာပေ လောကတွင် ပါရမီရှိသော စာရေးဆရာဦးရေ မနည်းလှဟု ယူဆသည်။ ဘဝလေ့လာမှုမများဘဲ ရှိနေခြင်းသည်သာလျှင် ထိုစာရေးဆရာများအဖို့ လိုအပ်သောအချက် ဖြစ်သည်ဟု ထင်မြင်သည်။ ထို့ပြင် နောက်ထပ် လိုအပ်ချက်တစ်ခု ရှိသေးသည်။ ထိုလိုအပ်ချက်မှာ ဘဝအမြင်ကို နှစ်သက်ဖွယ်ဖြစ်အောင် သရုပ်ဖော်တတ်သော မြန်မာဘာသာပြန်ဝတ္ထု ခပ်များများရှိဖို့ လိုအပ်ခြင်းဖြစ်သည်။ ကာလပေါ်ဝတ္ထုအဖွဲ့မျိုးသည် ဥရောပတွင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်မှစ၍ ဖြစ်ပေါ် ထွန်းကားလာသော အဖွဲ့မျိုးဖြစ်ရာ ဥရောပဘာသာများတွင် စံတင်လောက်သော ဝတ္ထုအမြောက်အမြား ရှိနေပြီးဖြစ်သည်။ ထိုဝတ္ထုများကို ဝတ္ထုဂုဏ် မပျက်စေဘဲ မြန်မာဘာသာပြန်၍ ထုတ်ဝေနိုင်ကြပါလျှင် မြန်မာဝတ္ထုလောကအတွက် အကျိုးထူးလာမည်ဟု ထင်မြင်သည်။ ကာလပေါ်ဝတ္ထုအဖွဲ့မျိုးသည် မြန်မာနိုင်ငံသို့ ရောက်လာသည်မှာ အနှစ်ငါးဆယ်မျှသာ ရှိသေးသည်။ သို့ရာတွင် စာရေးဆရာများ၌ ဘဝလေ့လာမှု၊ ဘဝသရုပ်ဖော်မှု များလာခြင်း၊ စာဖတ်ပရိသတ်အတွက် ဥရောပဝတ္ထုကောင်းများကို ဝတ္ထုဂုဏ်မပျက် မြန်မာပြန်ဆိုခြင်းတို့ သွက်လက်လာလျှင် မြန်မာဝတ္ထုအဆင့်အတန်းသည် နှစ်အနည်းငယ်အတွင်းတွင် တစ်ဟုန်တည်း တက်လာစရာအကြောင်းရှိသည်ဟု ထင်မြင်သည်။ မြန်မာတိုင်းသူပြည်သားတို့၏ သီလ၊ သမာဓိ၊ ပညာတို့အတွက် ကြီးစွာသော အထောက်အပံ့တစ်ခု ဖြစ်လာစရာ အကြောင်းရှိသည်ဟုလည်း ထင်မြင်သည်။

မြန်မာအနုပညာများသည် ကျွန်တော်တို့၏လက်၌ အတော်အတန် စည်စည်ကားကား ကျန်နေသေးသဖြင့် ဝမ်းမြောက်စရာ ဖြစ်သည်။ သို့ရာတွင် အနုပညာများအတွက်လည်း ကိစ္စနှစ်ခုလောက်ကိုပင် တင်ပြလိုသည်။ ပထမကိစ္စမှာ သုတေသနပြုရေးအတွက် ပိုမို အားထုတ်ရန်လိုသေးသော အခြေ၌ ဆိုက်နေသည့်ကိစ္စ ဖြစ်သည်။ ဒုတိယကိစ္စမှာ တိုင်းခြား အနုပညာများကို စနစ်တကျ လေ့လာရန် လိုသေးသောအခြေ၌ ဆိုက်ရောက်နေသည့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိစ္စ ဖြစ်သည်။

ပထမကိစ္စဖြစ်သော သုတေသနပြုရေးဆိုသည်မှာ ကျွန်တော်တို့၏ အနုပညာ အမွေအနှစ်များ၏ အခြေအမြစ်များကိုလည်းကောင်း၊ ရည်ရွယ်ချက်များကိုလည်းကောင်း၊ စည်းကမ်းများကိုလည်းကောင်း စုံစမ်း၍ မှတ်တမ်းယူထားခြင်းကို ဆိုလိုသည်။ ကျွန်တော်တို့၏ အနုပညာများတွင် အခြေအမြစ်ရှိခဲ့သည်ဟုလည်းကောင်း၊ ရည်ရွယ်ချက်ရှိသည်ဟုလည်းကောင်း၊ စည်းကမ်းတကျ ရှိခဲ့သည်ဟုလည်း ယူဆသည်။ ဘိုးတော်ဘုရားလက်ထက်တွင် နတ်သံများနှင့် စပ်လျဉ်း၍ မြဝတီမင်းကြီးပါသော အဖွဲ့တစ်ခု ဖွဲ့ခဲ့ဖူးသည်။ ထိုအဖွဲ့သည် နတ်ထိန်းများကိုလည်းကောင်း၊ နတ်သံဆိုင်ရာ အတီးဆရာတို့ကိုလည်းကောင်း မေးမြန်းစုံစမ်းရာ အခြေအမြစ်နှင့်တကွ ရည်ရွယ်ချက်များ၊ စည်းကမ်းများတို့ကို သိလာကြ၍ မှတ်တမ်းတင်ခဲ့ကြသည်။ ထိုမှတ်တမ်းသည် ယခုတိုင် ရှိသည်။ ထိုနည်းတူစွာ ထိုအဖွဲ့မျိုးကဲ့သို့သော အဖွဲ့များဖွဲ့၍ လက်ရှိအနုပညာများကို စုံစမ်း၍ သုတေသနပြုနိုင်လျှင် အကျိုးရှိမည်ဟု ထင်သည်။ အကျိုးမှာ အစစ်အမှန်ကို သိလာနိုင်သဖြင့် အစစ်အမှန်ကို ထိန်းသိမ်းခြင်းအားဖြင့် မိမိတို့၏ယဉ်ကျေးမှုကို မယိုင်မလဲအောင် ပြုနိုင်မည့် အကျိုး ဖြစ်သည်။ ထို့ပြင်သာမက အစစ်အမှန်ကို အခြေပြု၍ ခေတ်နှင့်လျော်အောင် အသစ်ပွားလိုလျှင် ကောင်းသော အပွားမျိုး ဖြစ်လာနိုင်စရာအကြောင်းလည်း ရှိမည်ဟု ထင်သည်။

၁၉၅၂ခုနှစ်တွင် သီချင်းကြီး မူမှန်ပြုရေး ကော်မတီတစ်ခုကို ပြည်ထောင်စု ယဉ်ကျေးမှု ဝန်ကြီးဌာနက ကြီးမှူး၍ သုတေသနပြုမှုကိစ္စတို့ကို ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်ဆဲဟုလည်း သိရသည်။ ထိုကော်မတီ၏လုပ်ငန်းသည် မြန်မာသီချင်းကြီးများ တည်တံ့ရေးအတွက် အကျိုးပြုမည်ဟု ယူဆထိုက်သည်။ ထို့ပြင် ကပုံကနည်းများကို စနစ်တကျ လေ့လာ၍ ရှေးဦးသင်အက သင်ခန်းစာအဖြစ်ဖြင့် 'ကဗျာလွတ်အက'ဟူ၍ ကကြိုးကကွက်မှုတစ်ခုကို ဖွဲ့စည်းတီထွင်ခဲ့ရာ ချီးကျူးဖွယ်ဖြစ်သည်။ ထို့ပြင် ရှေးမြိုင်ထအကတစ်မျိုးကို စည်းကမ်းတကျဖြစ်အောင် ပြုပြီးနောက် ပြန်လည်ထုတ်ဖော်နိုင်ခဲ့ပြန်ရာ ချီးကျူးဖွယ် ဖြစ်သည်။ ထို့ပြင် ကရင်ပြည်နယ်ဘက်၌ ကရင်ခုံးအက မူတစ်ခုကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပြန်ရာ ချီးကျူးဖွယ်ဖြစ်သည်။ သို့ရာတွင် မှတ်တမ်းရေးသားထားဖို့ လိုပေသေးသည်။ မှတ်တမ်းရှိမှသာ ခိုင်မြဲခြင်း၊ စနစ်တကျ ပြန့်ပွားခြင်းတို့ရှိမည် ဖြစ်သည်။

တစ်ဖန် ပြည်ထောင်စုခေတ်တွင် ပြည်နယ်တိုင်းရင်းသားတို့၏ အတီးအမှုတ်၊ အဆို၊ အက အမျိုးမျိုးကို နှစ်စဉ်နှစ်တိုင်းပင် မြင်ကြရ၊ ကြားကြရသည်မှာ လွတ်လပ်ရေးရစအခါမှ ယခုတိုင် ဖြစ်သည်။ ထိုအတီးအမှုတ်၊ အဆို၊ အက အမျိုးမျိုးတို့ကို သုတေသနပြု၍ မှတ်တမ်းတင်ဖို့ လိုပေသေးသည်ဟု ထင်မြင်သည်။ မှတ်တမ်းတင်ထားခြင်းရှိလာလျှင် ထိုပညာတို့သည် မူမပျက် တည်တံ့ခြင်း ရှိလာမည် ဖြစ်သည်။ ထို့ပြင်မက မှတ်တမ်းကို အခြေပြု၍ တိုးတက်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုယဉ်ကျေးမှု စည်းလုံးရေးအတွက်လည်းကောင်း အားထုတ်သွားနိုင်မည်ဟုလည်း ထင်မြင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုင်းခြားအနုပညာကို စနစ်တကျ လေ့လာအပ်သော ဒုတိယကိစ္စနှင့် စပ်လျဉ်း၍ တိုင်းခြားအနုပညာများသည် ယခုအခါတွင် ယခင်အခါများကထက် ပို၍ ရောက်လာနေကြသည်မှာ အထင်အရှားဖြစ်သည်။ ထိုအနုပညာများကို မြန်မာအနုပညာရှင်များနှင့် မြန်မာတိုင်းသူပြည်သားများတို့သည် မြင်လျက်၊ ကြားလျက် နေကြပေရပြီ။ ထိုအခါ ဖြစ်တတ်သည်မှာ မြန်မာအနုပညာရှင်တို့သည် မိမိတို့၏ ယဉ်ကျေးမှု အခြေအနေနှင့် သင့်မသင့် မဆင်ခြင်နိုင်ဘဲ မိမိတို့ မြင်ရ ကြားရသော တိုင်းခြား အနုပညာများကို အတုယူမှားတတ်ခြင်း ဖြစ်သည်။ တိုင်းခြားအနုပညာသည် အနုပညာပင်ဖြစ်ရာ အနုပညာဂုဏ် ရှိမည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် သူ့အနုပညာတွင် သူ့လူမျိုးဓာတ်၊ သူ့ယဉ်ကျေးမှုတို့လည်း ပါရှိနေရာသည်။ ထိုဓာတ်တို့သည် ကျွန်တော်တို့၏ ဓာတ်များနှင့် သင့်မြတ်ခြင်း ရှိချင်မှ ရှိမည် ဖြစ်သည်။ ဖြစ်ထိုက်သည်မှာ တိုင်းခြားအနုပညာများကို အသုံးပြုရာတွင် သူ့လူမျိုးဓာတ်၊ သူ့ယဉ်ကျေးမှုဓာတ်တို့ကိုပါ လေ့လာကြည့်နိုင်မှ သင့်မည်ဟု ထင်မြင်သည်။ ထို့နောက်မှသာ မိမိတို့လူမျိုးဓာတ်၊ မိမိတို့ ယဉ်ကျေးမှုဓာတ်တို့နှင့် သင့်မြတ်မည်လည်းဖြစ်၍ မိမိတို့၏ အနုပညာမြေခံ၌ လွတ်လပ်စွာ သီးနိုင်ပွင့်နိုင်မည် လည်းဖြစ်သော အချက်အလက်တို့ကိုသာ ရွေး၍ အသုံးပြုထိုက်သည်ဟု ထင်မြင်သည်။

ယခုခေတ်တွင် အနုပညာရှင်တို့သည် ကိုယ့်ပညာမှုမှန်ကိုသာမက သူ့ပညာ မှုမှန်ကိုပါ စနစ်တကျ နားလည်ဖို့ လိုသည်။ သို့မှသာ သင့်မြတ်သော တီထွင်မှုကို ပြုနိုင်ကြမည် ဖြစ်သည်။ ဥဒါဟရဏ်ကား ဘိုးတော်ဘုရားလက်ထက်၌ မြဝတီမင်းကြီး ပါဝင်သော အဖွဲ့တစ်ခုသည် အယုဒ္ဓယမှ ယူလာသော ယွန်းယိုးဒယားဘာသာရာမဇာတ်၊ အီနောင်ဇာတ်တို့ကို ယွန်းဘာသာ၊ ယိုးဒယားဘာသာတတ်သူများထံမှ မေးမြန်း၍ စနစ်တကျ မြန်မာမှုပြုဖူးကြသည်၊ တစ်ဖန် ပြင်စည်မင်းသားကြီးသည် ယိုးဒယားသီချင်း ရှစ်မျိုး အဆိုအတီးတို့ကို မြန်မာမှုပြုဖူးသည်။ ထိုပညာတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့်လည်း သင့်၍ ရှိရင်းမြန်မာ့အနုပညာမြေခံ၌ သီးနိုင်ပွင့်နိုင်ကြသည်လည်းဖြစ်ရာ၊ နောင်အခါ၌ မြန်မာ့ပညာရှင်တို့ ခင်းကျင်းကပြသော ရာမဇာတ်သည် မြန်မာ့မှုအဖြစ်ဖြင့် ထွန်းကားလာသည်ဟု ယူဆသည်။ ထိုနည်းတူစွာ မြန်မာ့ပညာရှင်တို့ သီဆိုတီးမှုတ်ကြသော ယိုးဒယားသီချင်းဟုခေါ်သည့် သီချင်းများသည်လည်း မြန်မာမှုအဖြစ်ဖြင့်ပင် ထွန်းကားလာသည်ဟု ယူဆသည်။ ယိုးဒယားရာမဇာတ်၊ ယိုးဒယားသီချင်းဟု ယိုးဒယားတပ်၍ ခေါ်နေကြသော်လည်း ကျွန်တော်တို့ကကြသော ရာမဇာတ်နှင့် ကျွန်တော်တို့ သီဆိုကြသော ယိုးဒယားသီချင်းများတွင် အများအားဖြင့် ယိုးဒယားမှုကို မတွေ့နိုင်တော့ဟုလည်းကောင်း၊ မြန်မာတစ်ဘာသာ ဖြစ်သွားပုံရသည်ဟုလည်းကောင်း ယိုးဒယားပညာရှင် တစ်ဦးနှစ်ဦးက မှတ်ချက်ချဖူးသည်ကိုထောက်၍ သိခဲ့ရပါသည်။ ဝေဇယန္တာသီချင်းကို ကျွန်တော်တို့က ယိုးဒယားသီချင်းဟု ယခုတိုင်ခေါ်နေကြသော်လည်း၊ ယိုးဒယားတို့ကမူ မြန်မာသီချင်းဟု ခေါ်နေကြသည်။ ထို့ကြောင့် ယခုခေတ်တွင် တတ်သိကျွမ်းကျင်သော မြန်မာပညာရှင်များအား တိုင်းခြားအနုပညာများကို စနစ်တကျလေ့လာနိုင်ရန် အခွင့်အလမ်း အစီအစဉ်များကို ပြုနိုင်လျှင် သင့်မည်ဟု ယူဆသည်။ အနောက်နိုင်ငံ တီးဝိုင်းကြီးမျိုးကို အနောက်စနစ်အတိုင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှုမပျက်၊ မြန်မာပညာသည်များ တီးတတ်အောင် အခွင့်အလမ်းဖွင့်ပေးရန် အချိန် ရောက်ပြီဟု ထင်သည်။ တိုင်းခြားအနုပညာကို စနစ်တကျမဟုတ်သေးဘဲ အမြင်အကြားဖြင့်သာ သင့်နိုးရာရာကို ယူ၍ တီထွင်ခဲ့သော ပညာများတွင် ယခုခေတ် ဇာတ်သဘင်၏ ဖခင်ကြီးဖြစ်သော ဦးဖိုးစိန်၏ ခြေကသည် အထင်အရှားဖြစ်သည်။ ယခင်တစ်လောက မြန်မာအတီးသက်သက်နှင့် တွဲဖက်၍ မြန်မာအက အမူအရာသက်သက်ဖြင့်သာ သုဝဏ္ဏသျှံဇာတ်ကို စနစ်တကျ သရုပ်ဖော် ခင်းကျင်းပြသသွားနိုင်သော ရွှေမန်းတင်မောင်၏ အားထုတ်မှုသည်လည်း ချီးကျူးဖွယ်ဖြစ်သည်ဟု ထင်မြင်သည်။

ထို့ကြောင့် ကိုယ့်အနုပညာများကို သုတေသနပြုနိုင်အောင် အခွင့်အလမ်းဖွင့်ပေးခြင်း၊ တိုင်းခြားအနုပညာများကို စနစ်တကျ လေ့လာကျင့်သုံးနိုင်အောင် အခွင့်အလမ်းပေးခြင်းတို့ ရှိလာလျှင် ကိုယ့်အနုပညာမူမှန်လည်း မကွယ်နိုင်ဘဲ ကိုယ့်အနုပညာ မြေခံတွင် လွတ်လပ်စွာ သီးပွင့်လာမည့် တီထွင်မှုများလည်း ရှိလာကြမည်ဟု ထင်မြင်သည်။

မြန်မာစာ၏ နောင်ရေးကိစ္စ၊ မြန်မာအနုပညာများ၏ နောင်ရေးကိစ္စတို့အတွက် ဆောင်ရွက်အပ်သော လုပ်ငန်းအချို့ကို တင်ပြခဲ့ပါပြီ။ လုပ်ငန်းကို လုပ်သွားကြရုံမျှနှင့် မပြီးသေးဟု ထင်ပါသည်။ အလုပ်လုပ်သွားလျှင် အလုပ်ကား ဖြစ်နိုင်ပါ၏။ သို့ရာတွင် ရည်ရွယ်ချက်ထား၍ အလုပ်လုပ်ခြင်းမပြုလျှင်၊ အလုပ်လုပ်ရကျိုး နပ်ချင်မှ နပ်ပေလိမ့်မည်။ ထို့ကြောင့် ထားသင့်သော ရည်ရွယ်ချက်သဘောတရားကို ဆင်ခြင်သင့်ပါသည်။ တိုင်းသူပြည်သားတို့၏ ဘဝတွင် ဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ၊ ချီးကျူးစရာ၊ အပြစ်တင်စရာ၊ သနားစရာ၊ ချစ်ခင်စရာ၊ ကြေကွဲစရာ၊ ကြည်နူးစရာ၊ အားပေးစရာ၊ သနားစရာ၊ ရယ်စရာ၊ ကဲ့ရဲ့စရာ စသည်တို့သည် အမြောက်အမြားပင် ရှိသည်။ စာရေးဆရာများနှင့် အနုပညာရှင်များတို့သည် လူ့ခပ်သိမ်း၏ ချမ်းသာမှု၌ စေတနာထား၍ ထိုသူတို့ဘဝကို လေ့လာခြင်း သရုပ်ဖော်ခြင်းတို့ကို ပြုနိုင်ကြလျှင်၊ ကျွန်တော်တို့၏ စာပေနှင့် အနုပညာတို့သည် ပြောင်မြောက်လာမည်ဟု ထင်မြင်သည်။ လူ့ခပ်သိမ်း၏ အကျိုးအတွက် ကြီးစွာသော အထောက်အပံ့တစ်ခု ဖြစ်မည်ဟုလည်း ထင်မြင်ပါသတည်း။

၁၉၅၇။

# မြန်မာတို့၏ သဘင်ပညာသမိုင်းချုပ်

ယခုခေတ်၌ အသုံးပြုလျက်ရှိသော မြန်မာတိုင်းရင်းသားတို့၏ သီဆိုတီးမှုတ် ကခုန်မှု သဘင်ပညာသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်မှ စ၍ ဆင်းသက်ပေါက်ဖွားလာသော ပညာဖြစ်သည်ဟု ယူဆနိုင်သည်။ တစ်ဖန် မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးခြင်း၊ ဗုဒ္ဓသာသနာထွန်းကားခြင်းတို့ရှိပြန်ရာ ထိုသဘင်ပညာသည် ထိုအကြောင်းအချက် နှစ်ခု၌ အမြစ်တွယ်၍ တစ်စတစ်စ ကြီးပွားတိုးတက်လာသောပညာဖြစ်သည်ဟုလည်း ယူဆနိုင်သည်။

စီးပွားရေးနှင့် စပ်လျဉ်း၍ မြန်မာတိုင်းရင်းသားတို့၏ဘဝသည် ယခုတိုင် စပါးစိုက်ပျိုးခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ စပါးသည် မြန်မာတိုင်းရင်းသားတို့၏ အသက်သခင်ဖြစ်ရာ စပါးစိုက်ပျိုးခြင်းကို အကြောင်းပြု၍ ကောက်စိုက်ချိန်၌လည်းကောင်း၊ စပါးရိတ်သိမ်းချိန်၌လည်းကောင်း ပျော်ပွဲရွှင်ပွဲများကို ကျင်းပမြဲ ဖြစ်သည်။ ဤသို့ဖြင့် မြန်မာတို့၏ သဘင်ပညာသည် ထွန်းကားလာမည်ဟု ယူသင့်သည်။

ဗုဒ္ဓသာသနာရေးနှင့် စပ်လျဉ်း၍ မြန်မာတိုင်းရင်းသားတို့သည် ဗုဒ္ဓသာသနာအရေးကိစ္စများနှင့် ဆက်စပ်လျက်ရှိသော ပွဲတော်များကို ကျင်းပလေ့ရှိသည်။ ကဆုန်ညောင်ရေသွန်းခြင်း၊ သီတင်းကျွတ်မီးထွန်းပွဲ ကျင်းပခြင်းတို့သည် ယခုတိုင်ရှိသည်။ ထို့အပြင် အလှူပေးခြင်း၊ ရှင်ပြုခြင်း၊ နားထွင်းခြင်း၊ ဘုရားတည်ခြင်း၊ ဘုရားပွဲကျင်းပခြင်းတို့သည်လည်း ယခုတိုင်ရှိသည်။ ထိုအခါ ထိုကိစ္စနှင့် သင့်တော်သော ပျော်မှုရွှင်မှုတို့သည် ပွင့်လန်းလာရမြဲ ဖြစ်သည်။ ဤသို့ဖြင့်လည်း မြန်မာတို့၏ သဘင်ပညာသည် ထွန်းကားလာမည်ဟု ယူသင့်သည်။

တစ်ဖန် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ မထွန်းကားမီအခါက နတ်ကိုးကွယ်မှုကို အထူးလေးစားခဲ့သည်။ နတ်ကို ပူဇော်ပသသောအခါ၌ သက်ဆိုင်ရာ နတ်အကြောင်း သီဆိုတီးမှုတ်ခြင်း၊ သက်ဆိုင်ရာ နတ်ဟန် နတ်အမူအရာတို့၏ သရုပ်ပြ အကအခုန်တို့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြခြင်းတို့သည် ရှိရမြဲဖြစ်သည်။ ဤသို့ဖြင့်လည်း မြန်မာတို့၏ သဘင်ပညာသည်ထွန်းကား လာမည်ဟု ယူသင့်သည်။

တစ်ဖန် မြန်မာနိုင်ငံ၌ ရှေးမင်းတို့သည် အနည်းဆုံး တစ်နှစ်တစ်ကြိမ် လက်ဆောင်တော် ကန်တော့ပွဲ ကျင်းပတတ်ကြသည်။ ထွက်တော်မူသောအခါတွင် တခမ်းတနား ထွက်တော်မူကြသည်။ ထိုအခါတွင် သက်ဆိုင်ရာ ခံညားသော သီဆိုတီးမှုတ်ခြင်းတို့ကို မင်းခမ်းမင်းနား၏ တစိတ်တစ်ပိုင်းအဖြစ်ဖြင့် ပြမြဲ ဖြစ်သည်။ ဤသို့ဖြင့်လည်း မြန်မာတို့၏ သဘင်ပညာသည် ထွန်းကားလာမည်ဟု ယူသင့်သည်။

ထို့ကြောင့် မြန်မာတို့၏ သဘင်ပညာသည် အထက်ကဆိုခဲ့သော အကြောင်းလေးရပ်တွင် အခြေစိုက်၍ နောင်ကာလများတွင် ခေတ်အလျောက် ကြီးပွားတိုးတက်လာခဲ့ရာ ကျွန်ုပ်တို့ခေတ်တွင် ယခု ကျွန်ုပ်တို့ သိမြင်လျက်ရှိသော အခြေသို့ ရောက်လာသည်ဟု ထင်သည်။ ရှေးခေတ်မှ ယခုခေတ်အထိ ရှည်လျားလှစွာသော ခေတ်လမ်းခရီးတွင် မြန်မာသဘင်ပညာသည် အသစ်သစ် ဖြစ်ထွန်းခဲ့သည်လည်းရှိ၍ အသစ်သစ် ဖြစ်ထွန်းမှုကြောင့် လက်ရှိ အဟောင်းတိမ်ငုပ်ခြင်း၊ ကွယ်ပျောက်ခြင်းတို့လည်း ရှိမည်ဟု ဆိုနိုင်သည်။

ခေတ်၏အလိုအရ မြန်မာသဘင်ပညာသည် ငါးရာစုခေတ် (လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ခန့်) မှ စ၍ မြန်မာနိုင်ငံ အောက်ပိုင်းတွင် သထုံမြို့၊ ပဲခူးမြို့ဖြစ်သော မွန်တို့၏ ဒေသ၌လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် သရေခေတ္တရာ (ပြည်မြို့၏ အရှေ့ဘက်၌ ရှိသည်) မြို့ဖြစ်သော ပျူတို့ဒေသ၌လည်းကောင်း ဝေဝေဆာဆာ ထွန်းကားခဲ့သည်။ ထိုခေတ်တွင် ဗုဒ္ဓသာသနာတော်နှင့်တကွ ရှေးအိန္ဒိယယဉ်ကျေးမှုတို့သည် ထိုမြို့များသို့ သက်ဆင်းကြပြီး ဖြစ်သည်။

သထုံမြို့၊ ပဲခူးမြို့ပတ်လည်တစ်ဝိုက်၌ ကမ္ဘည်းကျောက်စာဌာနမှ တူးဖော်ရရှိသော စဥ့်ကွင်းတို့တွင် သီဆိုတီးမှုတ် ကခုန်ဟန် အမူအရာတို့ကို အထင်အရှားမြင်နိုင်သည်။ အများအားဖြင့် ငြင်းမှုတ်သူ၊ စည်တီးသူ၊ စည်းဆုပ်တီးသူတို့၏ အမူအရာများကို မြင်နိုင်သည်။ ထိုသူတို့၏ အမူအရာများသည် ယခုခေတ် ဒိုးပတ်အတီးအက အမူအရာများနှင့် ဆင်ဆင်တူသည်။ ထိုအမူအရာများကို ထောက်သဖြင့် ထိုခေတ် ထိုအခါက ဘုရားပွဲ၊ အလှူပွဲတို့၌ အရပ်သူအရပ်သားများ လှည့်လည်သီဆို ကခုန်သော အရပ်က၊ အရပ်သီချင်းမျိုး ထွန်းကားခဲ့ပြီဟု ယူဆနိုင်သည်။

တစ်ဖန် သထုံ၊ ပဲခူး၊ သန်လျင် မြို့ကြီးများ၌ ထိုအခါက ရာမဇာတ်တော်ကြီးကိုပင် တခမ်းတနား ခင်းကျင်းပြသခဲ့သည်ဟု ဆိုချင်ကြသည်။ ထိုခေတ်လောက်တွင် အိန္ဒိယတိုင်းသား ကုန်သည်များသည် သင်္ဘောဆိပ်မြို့များဖြစ်ကြသော သထုံ၊ ပဲခူး၊ သန်လျင်တို့သို့ ရောက်ကြသဖြင့် မိမိတို့ အမြတ်တနိုးထားသော ရာမဇာတ်ကို မိမိတို့နှင့် တစ်ပါတည်း ယူဆောင်ခဲ့မည်ဟု ခန့်မှန်းနိုင်သည်။ မွန်တို့သည် ထိုအိန္ဒိယတိုင်းသားများ၏ ရာမဇာတ်တော်ကို အတုယူ၍ မိမိတို့လည်း မိမိတို့ဘာသာဖြင့် ရာမဇာတ်ကို ခင်းမည်ဟု ဆိုပါက ဆိုနိုင်သည်။ ထိုအချက်ကို ပဲခူး၊ သန်လျင်တစ်ဝိုက်တွင် တူးဖော်ရရှိသော စဥ့်ကွင်းပါ အရုပ်အချို့က သက်သေခံလျက်ရှိကြောင်း အဆိုရှိသည်။ ထိုစဥ့်ကွင်းများတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘီလူးတပ်ချီဟန်၊ တိုက်ခိုက်ဟန်တို့ အထင်အရှားပါရှိလေရာ ထိုဟန်တို့သည် ရာမမင်း၏ ဟနုမာန် စစ်တပ်နှင့် ဒသဂီရိဘီလူးတပ် စစ်ထိုးဟန်တို့ ဖြစ်မည်ဟု ယူဆကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ သရေခေတ္တရာမြို့၌လည်း သဘင်ပညာ အခြေအနေသည် ထိုခေတ် ထိုအခါကပင် အထူးတိုးတက်လျက်ရှိသည်ဟု ယူဆနိုင်သည်။ သက်သေအထောက်အထားမှာ အခြားမဟုတ်။ ရှစ်ရာစုခေတ်တွင် ပျူယဉ်ကျေးမှု အဖွဲ့တစ်ခုသည် တရုတ်နိုင်ငံ၏ နေပြည်တော်သို့ ရောက်ခဲ့ကြောင်း ရေးမှတ်ထားသော တရုတ်မှတ်တမ်းများပင် ဖြစ်ကြသည်။ ထိုမှတ်တမ်းများအရ ပျူအတီးအမှုတ်မျိုးနှင့် ပျူအကမျိုးတို့ အလွန်စုံလင်ကြောင်း သိသာသည်။ တီးမှုတ်မျိုးတို့မှာ ကြေးဖြင့်ပြုလုပ်သော တူရိယာမျိုး၊ ခရုသင်း စသော အရာဝတ္ထုဖြင့်ပြုလုပ်သော တူရိယာမျိုး၊ ကြိုးတပ်တူရိယာမျိုး၊ ဆင်စွယ်ဖြင့်ပြုလုပ်သော တူရိယာမျိုး၊ ဘူးသီးဖြင့်ပြုလုပ်သော တူရိယာမျိုး၊ ဦးချို စသော တူရိယာမျိုးတို့ ဖြစ်ကြသည်။

ကပြသောအခါ အတီးအမှုတ်ကိုလိုက်၍ နှစ်ယောက်တွဲအက၊ လေးယောက်တွဲအက၊ ခြောက်ယောက်တွဲအက၊ ရှစ်ယောက်တွဲအက၊ ဆယ်ယောက်တွဲအက စသည်ဖြင့် အကမျိုးစုံလှသည်။ ကချေသည်များသည် ပန်းနုရောင်ခါးဝတ်၊ ပန်းနုရောင်တဘက်တို့ကို ဆင်ယင်ကြသည်။ ကျောက်စီလက်ကောက်၊ လက်ကြပ်တို့ကို ဆင်ယင်ကြသည်။ ရွှေမကိုဋ်၊ ရွှေစည်းပုံတို့ကို ဆောင်းကြသည်။ ကပုံများမှာ ခရုသင်းကို မှုတ်လိုက်သောအခါ ဦးခေါင်းတို့သည် တစ်ညီတစ်ညာတည်း ဘယ်ညာယိမ်းနွဲ့ပြုလျက်လည်းကောင်း၊ မောင်းကို တီးလိုက်သောအခါ ခြေလက်တို့ကို တစ်ပြိုင်တည်း မြှောက်ချီလျက်လည်းကောင်း၊ ကိုယ်တို့ကို ကော့ညွတ်လျက်လည်းကောင်း ကကြသည်ဟု မှတ်တမ်း၌ ဆိုထားသည်။

သီဆိုသော သီချင်း တစ်ဆယ့်နှစ်မျိုးရှိကြောင်းလည်း မှတ်တမ်း၌ ဆိုထားသည်။ ထိုသီချင်းများသည် အများအားဖြင့် ဘုရားဂုဏ်တော်ကို ချီးကျူးဖွဲ့ဆိုသော သီချင်းများ ဖြစ်ကြသည်။ ထို့ပြင် အင်ကြင်းပန်းဘွဲ့၊ ဥချိုးငှက်ဘွဲ့၊ ကြိုးကြာငှက်ဘွဲ့၊ အောင်တော်မူခြင်းဘွဲ့၊ ဘုန်းတော်ဘွဲ့၊ ဈာနလာဘီ ရှင်ရသေ့ဘွဲ့၊ ဥဒေါင်းမင်းဘွဲ့၊ ဟသ်ာဘွဲ့၊ စားတော်ခေါ်ခြင်းဘွဲ့၊ ပျော်တော်မူခြင်းဘွဲ့ ဟူ၍လည်း ရှိကြသည်ဟု ဆိုသည်။

ထိုပျူအတီးအမှုတ်မျိုး၊ ထိုပျူအကမျိုး၊ ထိုပျူသီချင်းမျိုးတို့ကို ထောက်ခြင်းအားဖြင့် ထိုအခါက မြန်မာနိုင်ငံ၏ သဘင်ပညာသည် အဆန်းတကြယ် ပွင့်လန်းနေကြောင်း သိသာသည်။ အထူးသဖြင့် ယိမ်းဟန်အကမျိုးသည်လည်းကောင်း၊ နန်းတွင်းအငြိမ့် အဆိုမျိုးဖြစ်သော ကြိုးကြီးဘွဲ့ကြီးများသည်လည်းကောင်း ထွန်းကားနေကြကြောင်း သိသာသည်။

ဆယ့်တစ်ရာစုနှစ်လောက်တွင် သထုံ၊ သရေခေတ္တရာတို့သည် ညှိုးမှိန်၍ ပုဂံမြို့ ထွန်းကားလာသည်။ အနော်ရထာမင်းစောသည် ပုဂံမြို့ကို အခြေပြုကာ သထုံ၊ သရေခေတ္တရာတို့ကို မိမိ၏နိုင်ငံတော်နှင့် ပေါင်းရုံးစုစည်း၍ ပုဂံခေတ် မြန်မာနိုင်ငံတော်ကို တည်ထောင်သည်။ နတ်ကိုးကွယ်ခြင်း၊ နဂါးကိုးကွယ်ခြင်းတို့ကို နှိပ်ကွပ်၍ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားလာအောင် အားထုတ်ရာ အောင်မြင်သည်။ ထိုအခါ သထုံရှိ ယဉ်ကျေးမှု၊ သရေခေတ္တရာရှိ ယဉ်ကျေးမှုတို့သည် ပုဂံသို့ တစုတဝေးရောက်လာ၍ ပုဂံ၌

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထွန်းကားလာကြရာသည်။ မွန်တူရိယာ၊ မွန်သီချင်း၊ မွန်အကနှင့် ပျူတူရိယာ၊ ပျူသီချင်း၊ ပျူအကတို့သည်လည်း ပုဂံသို့ စုဝေးရောက်လာကြရာသည်။ အနော်ရထာမင်း လွန်တော်မူပြီးနောက် ကျန်စစ်သားမင်းကြီး ထီးသစ် နန်းသစ် တည်ဆောက်တော်မူသောအခါ ပုဂံနန်းတည် အခမ်းအနား၌ မွန်သီချင်း၊ မွန်အတီးအမှုတ်၊ ပျူသီချင်း၊ ပျူအတီးအမှုတ်တို့ ပါသည်ဟု ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာ၌ အတိအလင်း ရေးမှတ်ခဲ့သည်။ ထိုနန်းတည်ကျောက်စာကို ထောက်ခြင်းအားဖြင့် ကျန်စစ်သားမင်းကြီး၌ လူမျိုးမရွေး၊ ကျောသားရင်သားမခြား အုပ်ချုပ်သောဝါဒ ရှိသည်မှာ ထင်ရှားသည်။ တစ်ဖန် ထို ပျူ၊ မွန်၊ မြန်မာတို့သည် ထိုခေတ်မှစ၍ ထေရဝါဒ ဗုဒ္ဓသာသနာ၌ တညီတညွတ်တည်း သက်ဝင် ယုံကြည်လာကြသောကြောင့်လည်းကောင်း၊ အသက်မွေးရာတွင်လည်း စပါးစိုက်ပျိုးမှုဖြင့် အသက်မွေးကြသောကြောင့်လည်းကောင်း၊ ထိုလူမျိုး သုံးမျိုးသည် ဓလေ့ထုံးစံနှင့် ပညာတို့ကို တစ်ဦးထံမှတစ်ဦး လွယ်လင့်တကူ သင်ယူလက်ခံကြမည်ဖြစ်သည်။ ကာလကြာမြင့်သော် ထိုဓလေ့ထုံးစံနှင့် ပညာတို့သည် ရောနှောပေါင်းစပ်လာကာ ပုဂံခေတ်ယဉ်ကျေးမှုဟူ၍ တသီးတခြား ပေါ်ပေါက်လာသည်ဟု ယူဆနိုင်သည်။

ပုဂံခေတ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ အစွန့်ရှည်ကြာ တည်စိမ့်သောငှာ စေတီဘုရား၊ ဂူဘုရား၊ တန်ဆောင်းအမြောက်အမြား တည်ကြသည်။ ထိုသို့ တည်ကြတိုင်း ထိုဘုရားများအတွက် လယ်မြေပစ္စည်းတို့ကို လှူတတ်ကြသည်။ ထိုမျှသာမက တီးတတ်မှုတ်တတ်သူတို့ကိုလည်း လှူတတ်ကြသည်။ ကျောက်စာများတွင် စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်၊ ပန်တျာ ဟူသော စကားဝေါဟာရများကို တွေ့ရသည်ဖြစ်ရာ၊ ထိုအခါက ထိုတူရိယာများကို တီးမှုတ်ခြင်းသည် ယခုအခါ အချို့မြို့များ၌ ဘုရားတန်ဆောင်းကျောင်းကန်များတွင် အဖိတ်နေ့များ၌ တီးမှုတ်ကြသော နရည်းတီးမှုတ်ခြင်းမျိုး ဖြစ်မည်ဟု ယူဆနိုင်သည်။ တစ်ဖန် ကချေသဘင်ဟူသော စကားဝေါဟာရများကိုလည်း ကျောက်စာများ၌ တွေ့တတ်သေးလေရာ ဘုရားဂုဏ်တော်ကို ချီးကျူးသီဆိုတီးမှုတ်ရာ၌ အကအခုန်ပါတန်ရာသည်။ ယခုခေတ်တိုင်အောင် သီဟိုဠ်၌ ဘုရားဥဏ်တော်ကို ချီးကျူးသီဆို၍ အရှိအသေအကမျိုးကို ကကြသေးသည်။ ပုဂံခေတ်တွင် ပုဂံနှင့် သီဟိုဠ်တို့ အဆက်အဆံရှိသည်ဖြစ်ရာ ပုဂံခေတ် ဘုရားတန်ဆောင်း ကျောင်းကန်တို့၌ ကပြမည်ဖြစ်သော အကမျိုးသည် သီဟိုဠ်အကမျိုး ဖြစ်သည်ဟု ယူဆနိုင်သည်။

တစ်ဖန် ပုဂံမြို့ အာနန္ဒာဘုရားတွင် ဗုဒ္ဓဝင်အခန်းတို့ကို ဖော်ပြထားသော ပန်းတမော့ ကျောက်ပုံတစ်ခု၌ အသိမ်အမွေ့ ကခုန်နေဟန် အမူအရာများကို မြင်နိုင်သည်။ ထို့ပြင် အချို့အချို့သော ဂူဘုရားနံရံများရှိ အချို့အချို့သော ပန်းချီဆေးရေးကားများတွင်လည်း ကဟန်အမူအရာမျိုးမျိုးကို မြင်နိုင်သေးသည်။ အထူးသဖြင့် ပုထိုးသားများဘုရား၏ နံရံပန်းချီတွင် ဒိုးပတ်အတီး အကကဲ့သို့သော အကမျိုးကို မြင်နိုင်သည်။ ထို့ပြင် နန္ဒမညာဘုရား၏ နံရံပန်းချီတွင် မိန်းမပျိုအိုတစ်စု စီတန်း၍ သီဆိုကခုန်နေကြသော အမူအရာများကို မြင်နိုင်သည်။ ထိုအမူအရာများသည် ယခုအခါ၌ ယိုးဒယားအကဟု နှုတ်ဝသီအတိုင်းခေါ်နေကြသော အချို့ အကအမူအရာတို့နှင့်တူသည်။ သို့ရာတွင် ပုဂံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကောင်းစားနေသောခေတ်၌ ယခုအခါ ယိုးဒယားနိုင်ငံဟုခေါ်သောဒေသ၌ ယိုးဒယားလူမျိုးများသည် နိုင်ငံမတည်ကြသေးချေ။ ထို့ကြောင့် ယိုးဒယားအကဟု ယခုအခါ ခေါ်ဆိုလျက်ရှိသော မြန်မာတို့၏ အချို့ အကအမူအရာများသည် ပုဂံခေတ်မှ ဆင်းသက်လာသော မြန်မာ့အကပညာအစစ် ဖြစ်သည်ဟုလည်းကောင်း၊ ထိုအကအမူအရာများကို ရှေးရိုးမြန်မာအကပညာဟုလည်းကောင်း ထိုသို့သာ ဆိုထိုက်သည်။

အင်းဝမင်းဖြစ်သော အနောက်ဘက်လွန်မင်းလက်ထက် သက္ကရာဇ် ၉၈၁ ခုနှစ် (ဆယ့်ခုနှစ်ရာစုခေတ်) တွင် ပုဂံမြို့ ဓမ္မရာဇိကဘုရားပွဲတော် ကျင်းပသည့် အကြောင်းကို ထိုမင်း၏ ဆရာတော်က ထိုဓမ္မရာဇိက ဘုရားနံရံ၌ မင်ဖြင့် လင်္ကာဖွဲ့ဆို ရေးသားခဲ့သည်။ 'ဖော်စံမြူး၍'ချီ လင်္ကာပိုဒ်၌-

> *"နတ်သွင်ငြိမ့်လေး၊ ပျိုငယ်သွေးတို့၊ နံ့မွှေးပေါက်ပြ၊ ဝတ်ဆင်ကြ၍၊ ဇောတသွယ်ပြောင်း၊ နားတောင်းလက်ကြပ်၊ လက်စွပ်ရွှေပန်း၊ ပြောင်ရှန်းပြိုးပြက်၊ လျှံတက်ဆံကျင်၊ ကိုယ်စီဆင်၍၊ နတ်သွင်စံမြောက်၊ ကြိုင်သစ်အောက်ဝယ်၊ ဝင်းတောက်ပြောက်ရှင်၊ ဖော်ပင်တရှိ၊ နိုးဘိရွှေရင်၊ လက်ငင်တူကွ၊ မှုးလာကြ၍၊ သံမြသာလေး၊သီကြွေးငြင်းစောင်း၊ မိကျောင်းစည်းဆုပ်၊ လက်ခုပ်အညီ၊ ကချင်းသီ၍၊ ရှုအီဖွယ်ရာ၊ အာကာကွန့်မြူး၊ မိးရှူးမီးပုံ၊ တည်ယံ ပစ်လွှတ်၊ ရဟတ်စကြာ၊ ကြိကာစပ်ရိုက်၊ ဆူလှိုက်အုံချီး၊ ပူဇော်ပြီးမှ၊ ရှိညွတ်ခ၍၊ ကျင်းပစီရင်၊ ရွှယ်လုလင်တို့၊ သာရွှင်ရုံးပေါင်း၊ ဗုံမောင်းရိုက်ကြူး၊ သံမူးပြွေနဲ့၊ အုံအဲစရာ"*

ဟု ပါရှိသည်။

ထိုလင်္ကာ ကောက်နုတ်ချက်၏ အလိုအရ အနောက်ဘက်လွန်မင်းလက်ထက် ပုဂံမြို့၌ကျင်းပသော ဓမ္မရာဇိကဘုရားပွဲတွင် ဘုရားဖူးများဖြစ်ကြသော ယောကျ်ား မိန်းမ လူကြီး လူငယ်များအနက် လုံမပျိုတို့သည် သာသာယာယာသီဆို၍ စောင်း၊ ငြင်း၊ မိကျောင်း၊ စည်းဆုပ်၊ လက်ခုပ်တီးလာကြကြောင်း၊ လုလင်ပျိုတို့ကလည်း တစုတရုံး ဗုံမောင်း ပလွေ နှဲ တီးမှုတ်လာကြကြောင်း သိလာလေသည်။ ပုဂံမင်းများလက်ထက် ကျင်းပမည်ဖြစ်သော ထိုဓမ္မရာဇိကဘုရားပွဲ၌လည်း အထက်ပါလင်္ကာအထွက် အမူအရာအတိုင်း ဖြစ်ချိမ့်မည်ဟုယူသော် ရသင့်သည်။ ထိုအမူအရာများသည် ပုဂံမြို့ နန္ဒမညာဘုရား၏ နံရံပန်းချီ၌ ရေးခြယ်ထားသော မိန်းမပျိုအို ဆယ့်နှစ်ဦးတို့ စီတန်းကခုန်နေကြသော အမူအရာမျိုးပင် ဖြစ်တန်ရာသည်။

တစ်ဖန် သက္ကရာဇ် ၇၀၀ ကျော် (ဆယ့်လေးရာစုခေတ်) အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက်၌ နောင်အခါ အင်းဝမင်းခေါင် ဖြစ်လာသော သားတော်မင်းဆွေနှင့် မင်းသိဒ္ဓတ်တို့သည် ပြည်ထဲရေးရာကိစ္စကြောင့် တောကျေးလက်၌ ခိုအောင်းနေထိုင်ကြရကြောင်း၊ ထိုသို့နေထိုင်ကြစဉ် အထိန်းတော် ငခင်ညိုက ငြင်း၊ ငခင်ဘက စည်းဆုပ်တီးမှုတ်

ကာ နတ်ကလျက် ထိုမင်းသားတို့ကို ကျွေးမွေးရကြောင်း ရာဇဝင်၌ ဆိုသည်။ ထိုအဆိုကို ထောက်ခြင်းအားဖြင့် အင်းဝခေတ်၌ တောကျေးလက်များတွင် နတ်ပွဲများ ကျင်းပကြောင်း၊ ထိုနတ်ပွဲများ၌ ငြင်းမှုတ်ခြင်း၊ စည်းဆုပ်တီးခြင်း၊ နတ်အကမျိုးကခြင်းတို့ရှိကြောင်း သိသာသည်။ ထေရဝါဒဗုဒ္ဓသာသနာ မထွန်းကားမီက နတ်ကိုးကွယ်ခြင်းသည် ပုဂံ၌ရှိခဲ့သည်၊ ထိုအခါက ကျင်းပမည်ဖြစ်သော ပုဂံနတ်ပွဲများတွင်လည်း နတ်ဆိုင်ရာ သီဆိုတီးမှုတ်ကခုန်ခြင်းသည် ခေင်ညို၊ ငခေင်ဘတို့၏ အကအမှုအရာအတိုင်းပင် ဖြစ်ချိမ့်မည်ဟု ယူသော် ရသင့်သည်။ စင်စစ်မှာ ခေင်ညို ခေင်ဘတို့၏ အကအမှုအရာသည် ပုဂံခေတ်နတ်ပွဲ အကအမှုအရာမှ ဆင်းသက်လာခြင်း ဖြစ်တန်ရာသည်။

ဤသို့ဖြင့် ပျူသဘင်ပညာ၊ မွန်သဘင်ပညာ၊ မြန်မာသဘင်ပညာတို့သည် ပုဂံခေတ်တွင် ရောနှောပေါင်းစပ်ကာ ပုဂံခေတ်သဘင်ပညာဟူ၍ တသီးတခြား ဖြစ်ပေါ်လာဟန်တူသည်။ ထိုသဘင်ပညာသည် ပုဂံထီးနန်း၌လည်းကောင်း၊ တစ်ဆယ့်နှစ်ရာသီဘွဲ့များ၌လည်းကောင်း၊ တောကျေးလက် နတ်ပွဲနှင့် စိုက်ခင်းပျိုးခင်းများ၌လည်းကောင်း ထွန်းကား၍ ပုဂံသူပုဂံသားတို့၏ စိတ်နှလုံးကို ယူကျုံးမတတ်ရှိမည် ဖြစ်သည်။

ပုဂံခေတ်တွင် သိဃ်သူရမည်သော အမတ်ကြီးတစ်ဦးသည် သက္ကရာဇ် ၅၅၂ ခုနှစ် (ဆယ့်နှစ်ရာစုခေတ်) တွင် ဂူဘုရားတစ်ဆူ ဌာပနာသည်။ ပိဋကတ်တော်လှူသည်။ သင်္ကန်းအမြောက်အမြားလှူသည်။ ထိုသို့အလှူဒါနပြုပြီးသောအခါ အလှူစာရင်းနှင့် ဆုတောင်းကို ကျောက်စာရေးထိုးခဲ့သည်။ ထိုကျောက်စာပါ ဆုတောင်းတွင် မိမိသည် ဘုရားအဖြစ်ကို မရမီစပ်ကြား၌ ပဥ္စင်္ဂတူရိယာမည်သော စည်သံဖြင့် အိပ်ရာနိုးရသောအဖြစ်ကို ရလိုပါကြောင်း ရေးခဲ့သည်။ ထိုဆုတောင်းစာကို ထောက်ခြင်းအားဖြင့် ပုဂံခေတ် သဘင်ပညာ၏ အဆင့်အတန်းသည် မြင့်နေပြီဟု ခန့်မှန်းနိုင်သည်။

တစ်ဆယ့်သုံးရာစုခေတ်တွင် နိုင်ငံခြားသား မွန်ဂိုတာတာတို့၏ ဘုရင် ကူဗလေခန်မင်းကြီး၏ရန်ကြောင့် ပုဂံပျက်၍ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝမြို့များ ထွန်းကားလာကြသည်။ ထိုခေတ်တွင် ပျူ၊ မွန်၊ မြန်မာ သုံးဦးစပ်ဖြစ်သော ပုဂံအင်အားဟောင်း၌ ရှမ်းအင်အားသစ် ရောစပ်လာကာ အင်းဝအင်အားဟူ၍ တသီးတခြား ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ပုဂံသဘင်ပညာတွင် ရှမ်းသဘင်ပညာ ရောစပ်လာကာ အင်းဝသဘင်ပညာဟူ၍ တသီးတခြား ဖြစ်ပေါ်လာပြီဟု ဆိုနိုင်သည်။ တစ်ဖန် ထိုအင်းဝခေတ်တွင် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ယိုးဒယားကို အောင်တော်မူ၍ ယိုးဒယားမှ သဘင်သည်များကို ဟံသာဝတီသို့ ယူလာသည်ဟု ဆိုသည်။ ထို့ကြောင့် ယိုးဒယားသဘင်ပညာကိုလည်း နောင်အခါ မြန်မာဟု ခေါ်တွင်လာသော အင်းဝသားများ ကြည့်မြင်လေ့လာခွင့်ရမည်ဟု ဆိုနိုင်သည်။

အင်းဝခေတ်ဟုဆိုရာတွင် ပုဂံပျက်သည်မှ ဟံသာဝတီရောက် မင်းတရား၏ အင်းဝပျက်လာသည်အထိ ကြာမြင့်သောခေတ်ကို ဆိုလိုသည်။ ထိုခေတ်သည် ဆယ့်လေးရာစုမှ ဆယ့်ရှစ်ရာစုအထိ နှစ်ပေါင်း ငါးရာကျော်မျှ ကြာမြင့်သည်။ ထိုခေတ်တွင် မြင်စိုင်းငါးစီးရှင်၏ ကာချင်း၊ ထို့နောက် ကြိုးသီချင်း၊ တျာချင်း၊ အဲချင်း၊ ရတုတို့ ပေါ်လာ၍ မင်းခမ်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မင်းနား၌လည်းကောင်း၊ နန်းတွင်းအငြိမ့်များ၌လည်းကောင်း သီဆိုတီးမှုတ်ကခုန်ဖွယ်ရာ ရှိသည်။ ထို့ပြင် ၁၆ ရာစုလောက်မှစ၍ တောင်ငူနှင့် အင်းဝတို့၌ မွန်၊ ယိုးဒယား၊ လင်းဇင်း၊ တရုတ်၊ သက်၊ ကသည်း အတီးအကတို့ ရှိနေကြပြီဟု မင်းရဲကျော်ထင်၏ ဧကင်တော်ဖွင့် အမိန့်ကို ထောက်လျက် သိရသည်။ ထို့ပြင် အိုင်ချင်းများလည်း ပေါ်လာ၍ တောကျေးလက် စိုက်ခင်းပျိုးခင်းများ၌ သီဆိုတီးမှုတ် ကခုန်ဖွယ်ရာရှိသည်။ ထို့ပြင် နတ်သံအဲချင်းများလည်း ပေါ်လာ၍ နတ်ပွဲများတွင် သီဆိုတီးမှုတ်ကခုန်ဖွယ်ရာရှိသည်။ ထို့ပြင် မဏိကက်နန်းတွင်းဇာတ်လည်း ပေါ်လာ၍ နန်းတွင်းပွဲကြည့်ဆောင်တွင် ဇာတ် ခင်းပြဖွယ်ရာရှိသည်။ ထိုနန်းတွင်းဇာတ်ကြီးကို ထိုခေတ်တွင် တခမ်းတနား ကပြနိုင်သည်ကို ထောက်ခြင်းအားဖြင့် မြေဝိုင်းဇာတ် ခင်းကျင်းပြသခြင်းသည် ထိုနန်းတွင်းဇာတ် မတိုင်မီကပင် ရှိခဲ့ပြီဟု ယူဆနိုင်သည်။

အင်းဝခေတ် သဘင်ပညာခန်းတွင် နဝဒေး၊ နတ်သျှင်နောင်၊ ဝန်ကြီးပဒေသရာဇာ တို့သည် ထင်ရှားကြသည်။ နဝဒေးနှင့် နတ်သျှင်နောင်တို့သည် ရတုများကို ရေးခဲ့၍ ဝန်ကြီးပဒေသရာဇာသည် ကြိုးသီချင်း၊ သီချင်းခံ၊ တျာချင်း၊ နတ်သံအဲချင်း၊ နတ်ယိုင် သံနှင့် မဏိကက်ဇာတ်တို့ကို ရေးခဲ့သည်။ ထိုခေတ်အခါက နန်းတွင်း အငြိမ့်များတွင် ကြိုးသီချင်း၊ သီချင်းခံ၊ တျာချင်း၊ အဲချင်း၊ ရတုတို့ကို သုံးကြဟန်တူသည်။ ထင်ရှား သော အငြိမ့်တူရိယာများမှာ စောင်း၊ ငြင်း၊ နှဲ၊ ပတ်တို့ ဖြစ်ကြသည်။ အထူးသဖြင့် တောင်ငူနတ်သျှင်နောင်သည် ရတုဆိုခြင်း၌သာမက အတီးအမှုတ်တွင်လည်း ဝါသနာ ထုံတော်မူသည်ဟု ဆိုသည်။ မိမိ၏ တောင်ငူထီးနန်းတွင် ထိုပညာသည်တို့ကို မြှောက် စား ချီးမြှင့်သည်။ ထို့ကြောင့် တောင်ငူ သဘင်ပညာသည်တို့၏ ဂုဏ်သတင်းသည် မြန်မာ တစ်နိုင်ငံလုံးတွင် မွေးပျံ့လျက်ရှိသည်။ အင်းဝမင်းဖြစ်သော အနောက်ဘက်လွန်မင်းသည် တောင်ငူကို အောင်တော်မူသောအခါ တောင်ငူမင်း နတ်သျှင်နောင်ထံမှ စောင်းတတ်သူ၊ ငြင်းတတ်သူ၊ နှဲတတ်သူ၊ ပတ်တတ်သူတို့ကို အင်းဝသို့ ယူသည်ကိုထောက်၍ သိသာ သည်။

တစ်ဖန် ထိုအခါက အဲသီချင်းကို ဘုရားပွဲများ၌ သီဆိုတတ်ကြဟန်တူသည်။ အင်းဝ ရွှေပြည်သူတို့သည် ကဆုန်လ၌ ဘုရားစေတီများသို့ ညောင်ရေသွန်းရန်အသွားတွင် အဲသီ ချင်းသီဆို၍ သွားကြကြောင်းကို မင်းဇေယျန္တ မိတ်ဆို 'ခုနစ်ခွေလျှင်' ချီရတု၌–

> *"ရွှေဝမင်းနေ၊ အတွေတွေကို၊ ကြည့်လေရာရာ၊ နတ်ခြောက်ရွာသို့၊ အတာသဘင်၊ ကဆုန်တွင်လည်း၊ ပြာစင်ညက်ဖြူ၊ ရွှေပြည်သူတို့၊ သင်းမြူကြိုင်ခွာ၊ ရေနံ့သာဝယ်၊ ရင်းမာကွမ်းဖူး၊ စကားဦးနှင့်၊ ထွန်းမြူး လျှံမောင်း၊ မွှေတော်ပေါင်းကို၊ ပုံ့လျောင်း ကြိုင်ရှင်း၊ အဲသီချင်းနှင့်၊ ပြန်တင်းရည်စောင်၊ အဆောင်ဆောင်သည်၊ ခါညောင်မသွန်း လှည့် လေလော"*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဖွဲ့ဆိုသည်ကို ထောက်၍ သိသာသည်။

တစ်ဖန် ထိုအခါက၊ ထိုအင်းဝခေတ်၌ပင် ပတ်ဆိုင်းကို သုံးလာပြီဟု ယူဆနိုင်သည်။ မင်းတရားရွှေထီး လက်ထက်တွင် မင်းတရားရွှေထီးတပ်သည် စလင်းမြို့ကို ဝိုင်းရံထားစဉ် စလင်းမြို့တွင်း ရွှေတန်ဆာဘုရားရင်ပြင်တော်၌ ပတ်ဆိုင်းတင်၍တီးကြောင်း။ မင်းတရားရွှေထီးသည် ပတ်ဆိုင်းသံကိုကြားတော်မူ၍ အဘယ်အသံနည်းဟု မေးတော်မူရာ ပတ်ဆိုင်းတီးသံဟု လျှောက်ကြကြောင်း၊ ထိုအခါ စလင်းမြို့ကို အောင်တော်မူလျှင် ပတ်ဆိုင်းတီးသသူကို လက်ခြေ မလွန်စေနှင့်ဟု မင်းတရားရွှေထီး မိန့်တော်မူကြောင်း ရာဇဝင်၌ ဆိုသည်။ ထို့ပြင် မဏိကက်ဇာတ်ကဲ့သို့သော ဇာတ်ကြီးမျိုးကို ကပြရာတွင် ဇာတ်လမ်းပါ ကကွက်ကခင်းများနှင့်လိုက်အောင် ပတ်ဆိုင်းကို အသုံးပြုမည် ဖြစ်သည်။ တစ်ဖန် ထိုအင်းဝခေတ်၌ပင် ကြေးဝိုင်းကို သုံးလာပြီဟု ယူဆနိုင်သည်။ ဝန်ကြီးပဒေသရာဇာ ရေးသား၍ ဝန်ကြီးလက်ထက်မှစ၍ သီဆိုတီးမှုတ်ကြသော သုံးဆယ့်ခုနစ်မင်း နတ်သံ အဲချင်းများနှင့် နတ်ပွဲ ခင်းကျင်းပုံတို့ကို ဘိုးတော်ဘုရားလက်ထက်၌ မှတ်တမ်းတင်ထားကြသည်။ ထိုမှတ်တမ်းများ၌ မည်သည့် နတ်ကရာတွင် ပတ်ဝန်း ကြေး နဲ့တို့ တီးမှုတ်ရကြောင်း ပါရှိသည်ကို ထောက်၍ သိသာသည်။

တစ်ဖန် ထိုအင်းဝခေတ်၌ပင် ပတ္တလားတူရိယာမျိုး ထင်ရှားလာပြီဟု ဆိုသင့်သည်။ မြန်မာသက္ကရာဇ် ၉၀၀ ကျော် (တစ်ဆယ့်ခြောက်ရာစုခေတ်) တွင် ရခိုင်စာဆို ဥက္ကာပျံသည် မိမိ၏ သီတင်းကျွတ်လရတု၌–

*"ဝါကျွတ်သဘင်၊ ပျော်မှုဆင်သည်၊ လူရှင်အစုနှင့်၊ ယစ်ဝမှုအန်ကာ၊ တချို့ကိုလည်း၊ တချို့ဆဲသည်၊ တချို့ရိုက၊ ရန်ခိုက်ရှာ၍၊ တချို့သာပြစ်တင်ကုန်၊ ပိန်ပေါင်ခရာ၊ စည်ဒုပ္ပာနှင့်၊ ပတ်သာမြို့လုံးချုံမျှ၊ ကခြိမ့်ပတ္တလား၊ စောင်းငြင်းပြီသာ၊ တူရိယာသည်၊ လူ့ရွာသဘင်များနှင့်"*

ဟု ပတ္တလားတူရိယာကို ထည့်သွင်းစပ်ဆိုခဲ့သည်။

ဥက္ကာပျံနှင့် နတ်သျှင်နောင်တို့သည် တစ်ခေတ်တည်းတွင် မရှေးမနှောင်း ထင်ရှားသူများ ဖြစ်ကြသည်။ တောင်ငူနတ်သျှင်နောင်၏ ထီးနန်းတွင် ထိုအခါက စောင်း၊ ငြင်း၊ နဲ၊ ပတ်သာတို့ကိုသာ အသုံးပြုနေစဉ်၊ ရခိုင်ဘက်၌ ပတ္တလားကိုပါ အသုံးပြုနေသည်မှာ ထင်ရှားသည်။ နောင်အခါတွင် မြန်မာပြည်မဘက်ရှိ ထီးနန်းအငြိမ့်သဘင်များ၌ ပတ္တလားကိုပါ ထည့်သွင်း အသုံးပြုလာသည်ဟု ယူဆအပ်သည်။

တစ်ဖန် ထိုအင်းဝခေတ်၌ပင် အကပညာ တိုးတက်လာသည်ဟု ဆိုသင့်သည်။ မဏိကက်ကဲ့သို့သော နန်းတွင်းဇာတ်ကို ခင်းကျင်းရာတွင် ဇာတ်လမ်းကိုလိုက်၍ ကကွင်းကကွက်များ ပါရှိမည်ဖြစ်သည်။ မဏိကက်ဇာတ်တွင် မဟာဗြဟ္မဒတ်မင်း ထွက်တော်မူသောအခါ မင်းထွက်တော်မူဟန် အကမျိုး ပါရှိမည် ဖြစ်သည်။ သိကြားထွက်သောအခါ သိကြားမင်းဟန်အကမျိုးပါရှိမည် ဖြစ်သည်။ "ဝေလာဟာက မြင်းမျိုးဖြစ်သော မြင်းမပျံတစ်စီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထွက်စေ။ အယိုင်တီး၊ နန်းရင်ပြင်သို့ရောက်လျှင် ဆီးစေ့ကိုမြင်စေ။ မြင်းမက ဆိုရမည်မှာ- ဩဇာကြွေ့ကြွေ့၊ နတ်ဆီးစေ့ကို၊ ယနေ့ စားရချေတော့သည်ဆို၍ စားပြီးလျှင် ထွက်သွားစေ၊ အယိုင်တီး"ဟူသော မဏိကက်ဇာတ်ပါ စကားများကို ထောက်သဖြင့် ဆိုင်းက အယိုင်တီးသောအခါ မြင်းကချင်းကို ကပြရမည်သာ ဖြစ်သည်။

ထို့ပြင် သုံးဆယ့်ခုနစ်မင်း နတ်သံ အဲချင်းနှင့် နတ်ယိုင်သံမှတ်တမ်းတွင် သက်ဆိုင်ရာ နတ်ထွက်သောအခါ မည်သို့မည်ပုံ ကရသည်ဟူ၍ ဖော်ပြထားသည်။ ထိုဖော်ပြချက်အရ သိကြားနတ်ထွက်သောအခါ၊ သိကြားနတ်ကသူသည် ခရုသင်းကို လက်ဝဲက၊ သပြေပန်းကို လက်ယာက၊ သားမြီးယပ်သဏ္ဍာန်ကိုကိုင်၍ သိမ်မွေ့စွာ ဟန်ပန်နှင့် လှမ်းရသည်ဟု သိရသည်။ သံတော်ခံနတ်ထွက်သောအခါ၊ သံတော်ခံနတ်ကသူသည် ယပ်ကိုကိုင်ပြီးလျှင် ဟန်လွှဲ၍ ကရသည်ဟု သိရသည်။ ရွှေနော်ရထာနတ်ထွက်သောအခါ၊ ရွှေနော်ရထာ နတ်ကသူသည် ပုခက်လွှဲဟန်၊ ထို့နောက် ဂုညင်းထိုးဟန်၊ ထို့နောက် ဗလီကစားဟန် ကရသည်ဟု သိရသည်။ ငါးစီးရှင်နတ်ထွက်သောအခါ၊ ငါးစီးရှင်နတ်ကသူသည် မြင်းစိုင်းနှင်ဟန် ကရသည်ဟု သိရသည်။ အောင်ပင်လယ် ဆင်ဖြူရှင်နတ် ထွက်သောအခါ၊ အောင်ပင်လယ် ဆင်ဖြူရှင်နတ် ကသူသည် ဆင်ကျော့ဟန်၊ ထို့နောက် ကောက်စိုက်ဟန် ကရသည်ဟု သိရသည်။ မြောက်မင်းရှင်ဖြူနတ် ထွက်သောအခါ၊ မြောက်မင်းရှင်ဖြူနတ် ကသူသည် လှေလှော်ဟန်ကပြီးနောက်၊ ရှမ်းတို့ဘာသာကရသည်ဟု သိရသည်။ မယ်တော်ရွှေစကားနတ် ထွက်သောအခါ၊ မယ်တော်ရွှေစကားနတ်ကသူသည် စိပ်ပုတီးကိုကိုင်၍ ဟန်လွှဲကာ ကရသည်ဟု သိရသည်။ မောင်ဖိုးတူနတ် ထွက်သောအခါ၊ မောင်ဖိုးတူနတ်က သူသည် နွားမောင်းဟန်၊ ကျားဟုန်းဟန် ကရသည်ဟု သိရသည်။ မင်းကျော်စွာနတ် ထွက်သောအခါ၊ မင်းကျော်စွာနတ်ကသူသည် ကြက်တိုက်ဟန်၊ မီးလွှတ်ဟန်၊ လက်ပန်းပေါက်ရိုက်ဟန် ကသည်ဟု သိရသည်။ ဤသို့ဖြင့် နတ်တိုင်းနတ်တိုင်းအတွက် သက်ဆိုင်ရာ အကတစ်မျိုးစီ ရှိသည်ဖြစ်ရာ၊ အကပညာတွင် ကချင်း ကဟန် အမူအရာ အစုံအလင် ရှိနေပြီဟု ယူနိုင်သည်။

ကုန်းဘောင်ခေတ်သည် အလောင်းမင်းတရားကြီးမှ သီပေါမင်းအထိ အနှစ်တစ်ရာကျော် ကြာမြင့်သောခေတ် ဖြစ်သည်။ ထိုခေတ်တွင် သရေခေတ္တရာ၊ သထုံ၊ ပုဂံ၊ အင်းဝတို့မှ အမွေရခဲ့သော မြန်မာ့သဘင်ပညာသည် အထူးစည်ကားတိုးပွားလာသည်။ ထိုခေတ်တွင် တိုင်းတစ်ပါး သဘင်ပညာတို့ မြန်မာ့ထီးနန်းသို့ရောက်လာ၍ ထိုပညာတို့ကို မြန်မာပညာရှိများ လေ့လာကြသည်။ မင်းတို့သည် သဘင်ပညာကို အားပေးသည်။ တီထွင်ကြံစည်တတ်သော ပညာရှိ အများအပြား ပေါ်ပေါက်ကြသည်။ တိုင်းရင်းသား သဘင်ပညာချင်း ဖလှယ်ကြသည်။

အလောင်းမင်းတရားကြီး၏ သားတော်လတ်ဖြစ်သော ဆင်ဖြူရှင်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၁၂၉ ခုနှစ် (ဆယ့်ရှစ်ရာစုခေတ်) တွင် ဇင်းမယ်၊ လင်းဇင်း၊ အယုဒ္ဓယတို့ကို အောင်တော်မူရာ ယိုးဒယားမင်းသား မင်းသမီးတို့နှင့်တကွ ယိုးဒယားသဘင်ပညာသည်တို့သည် အင်းဝသို့ ရောက်လာကြသည်ဟု ဆိုသည်။ ဂျမ်းပြည် ယွန်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည်တို့မှ အရပ်ရပ် ဒဏ္ဍာရီပုံပြင်များလည်းပါသည်ဟု ဆိုသည်။ ထိုပုံပြင်များအနက် သခ်ပတ္တ၊ ကေသာသီရိ၊ အီနောင်၊ ရာမတို့သည် ထင်ရှားကြသည်။ မြန်မာတို့သည် ထိုပုံပြင်များကို ကြားနာကြရမည် ဖြစ်သည်။ ယိုးဒယား အဆိုအတီးမျိုးကိုလည်း ကြားနာကြရမည် ဖြစ်သည်။ ယိုးဒယား အကမျိုးကိုလည်း မြင်ကြရမည် ဖြစ်သည်။

တစ်ဖန် ဘိုးတော်ဘုရားလက်ထက် တရုတ်သံတို့သည် အမရပူရမြို့သို့ ရောက်လာ၍ သံတဲ၌နေစဉ် တရုတ်သီချင်း၊ တရုတ်အတီးအမှုတ်တို့ကို နေ့ညမပြတ် သီဆိုတီးမှုတ်ကာ နေတတ်ကြသည်ဟု ဆိုသည်။ ဤတွင်လည်း တရုတ်ဂီတသံကို မြန်မာတို့ ကြားနာကြရမည် ဖြစ်သည်။

တစ်ဖန် မြန်မာအမြောက်တပ်များတွင် အများအားဖြင့် ဗရင်ဂျီခေါ် ဗရင်ဂျီ ခရစ်ယာန် ဘာသာဝင် မြန်မာတို့ အမှုထမ်းတတ်ကြသည်။ ထို့ပြင် ဗရင်ဂျီတို့သည် နေပြည်တော် ရပ်ကွက်တစ်ခု၌ တစုတဝန်း နေထိုင်ကြသည်။ ဗရင်ဂျီဘုရားရှိခိုးကျောင်းကို ဆောက်လုပ်ကိုးကွယ်ကြသည်။ ထိုအခါ ဘုရားရှိခိုးကျောင်း၌ ဝတ်တက်သီဆိုသော ဓမ္မသီချင်းသံများကို မြန်မာတို့ ကြားနာကြရမည် ဖြစ်သည်။ တစ်ဖန် အချို့ မြင်းတပ်များတွင် မဏိပူရကသည်းများ အမှုထမ်းကြသည်။ ထိုအခါ ကသည်းတို့၏ သီဆိုတီးမှုတ်မှုမျိုးကို မြန်မာတို့ ကြားနာကြရမည် ဖြစ်သည်။ တစ်ခါတစ်ရံ ကသည်းတို့ ရာမဇာတ်ခင်းသည် ကိုပင် မြင်ကြရမည် ဖြစ်သည်။

တစ်ဖန် ပထမမြန်မာ အင်္ဂလိပ်စစ်ပွဲပြီး၍ ရန္တပိုစာချုပ် ချုပ်ဆိုပြီးနောက် အင်္ဂလိပ်တို့ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် မြဝတီဝန်ကြီးဦးစသည် ဗရင်ဂျီသီချင်းတစ်ပုဒ်ကို သီဆိုကပြသည်ဟု အမှတ်အသားရှိသည်။ ဦးစသည် ကသည်းစကားကို တတ်မြောက်သည် ဟူ၍လည်း အမှတ်အသားရှိသည်။ တစ်ဖန် အင်းဝနေပြည်တော်တွင် တရုတ်အမျိုးသားများ နေထိုင်သော တာရဲတန်း၌ တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပသောအခါ ဗန်းမော်ဘက်မှ လက်လှူကြပြရသော တရုတ်ရပ်သေးအဖွဲ့များ ရောက်လာတတ်ကြောင်း အဆိုရှိသည်။ ထိုတရုတ် ရုပ်သေးများကို မြန်မာတို့ မြင်ကြရမည် ဖြစ်သည်။ တစ်ဖန် မန္တလေးမြို့ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၄ခုနှစ်၊ သီတင်းကျွတ်လတွင် ကျင်းပ မြဲ ဆိမ်းမြင်းမိုရ်ပွဲတော် ကျင်းပပုံအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်၌ ဖော်ပြထားသည်။ ထိုပွဲတော်ကို အရှင်နှစ်ပါးကိုယ်တော်တိုင် နန်းမြို့တော်တွင်း၌ ခမ်းနား ကြီးကျယ်စွာ ဆင်ယင်ကျင်းပသည်။ ထိုအခါ တောင်နန်းတော်ဦး ပွဲကြည့်ဆောင်၌ ပါရသီ ကုလားအမျိုးသားတို့ဘာသာ တီးမှုတ်ကခုန်သီဆိုနေခြင်းတို့ဖြင့် ပါရသီဇာတ်ကြီးကို ညဦးတစ်ပဟိုရ်ခန့် ကပြစေသည်ဟု ဆိုသည်။ ထိုဆိမ်းမြင်မိုပွဲတော်အခါ၌ပင် တရုတ် နဂါး အတီးအကစုံများကို ခင်းကျင်းစေသည်ဟူ၍လည်း ဆိုသည်။

ဤသို့ဖြင့် တိုင်းတစ်ပါး သဘင်ပညာကို ကုန်းဘောင်ခေတ် မြန်မာတို့ လေ့လာ ခွင့်ရကြသည်ဟု ဆိုနိုင်သည်။ တိုင်းတစ်ပါး သဘင်ပညာများမှ ကောင်းနိုးရာရာတို့သည် ထိုခေတ် မြန်မာ့သဘင်ပညာတို့၌ ပါဝင်ရောနှောခွင့် ရလာကြသည်ဟုလည်း ဆိုနိုင်သည်။ မြန်မာ့သဘင်ပညာကို မင်းတို့အားပေးသည်ဆိုရာ၌ အားပေးသော မင်းနှစ်ပါးသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘိုးတော်မင်းကြီး၏သားတော် အိမ်ရှေ့မင်းနှင့် နောင်အခါ ဘကြီးတော်ဘုရား အမည်တွင်သော ထိုအိမ်ရှေ့မင်း၏သားတော် (ဘိုးတော်မင်းတရားကြီးမြေးတော်) တို့ ဖြစ်ကြသည်။ အထူးသဖြင့် အိမ်ရှေ့မင်းသည် သဘင်ပညာအသစ်ပွားမှုကိစ္စ၊ ရှိဟောင်းသဘင်ပညာထိန်းသိမ်းစောင့်ရှောက်မှုကိစ္စ နှစ်ရပ်လုံးကို ဆောင်ရွက်ခဲ့သည်။ အိမ်ရှေ့မင်း ဆောင်ရွက်သမျှသည် မြန်မာ့သဘင်ပညာသမိုင်းတွင် မှတ်တမ်းတင်လောက်ပေသည်။

အသစ်ပွားရန် ဆောင်ရွက်ရာ၌ ဆင်ဖြူရှင်မင်းတရားလက်ထက် ဂျွမ်းပြည်၊ ယွန်းပြည်တို့မှ ပါလာသော အီနောင်၊ ရာမ၊ သခ်ပဏ္ဍု၊ ကေသာသီရိဇာတ်များကို ဂျွမ်းသံခဲ ယွန်းသံခဲတို့၏ အကူအညီဖြင့် သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် မြန်မာပြန်ဆိုစေသည်။ ထို့နောက် မြန်မာသဘင်ပညာရှိများကို ပင့်ဖိတ်စုရုံးစေ၍ ထိုဘာသာပြန် ဒဏ္ဍာရီများကို နန်းတွင်းဇာတ်တော်ကြီးများအဖြစ် ကပြ ခင်းကျင်းနိုင်အောင် မြန်မာတို့နှင့် သင့်လျော်သော ဇာတ်လမ်းဇာတ်ကွက်များထုတ်ကာ ကဗျာ လင်္ကာ သီချင်းများကို ရေးစပ်ဖွဲ့ဆိုတော်မူသည်။ အိမ်ရှေ့မင်း ထိုသို့ ဆောင်ရွက်တော်မူခဲ့ကြောင်း အစီရင်ခံစာကို မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၅ ခုနှစ်တွင် ရွှေတိုက်သို့ တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာသည် အောက်ပါအတိုင်း ဖြစ်သည်။

> *"သက္ကရာဇ် ၁၁၅၁ ခု၊ နတ်တော်လပြည့်ကျော် တစ်ရက်နေ့၊ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရား အမိန့်တော်နှင့် အယုဒ္ဓယတိုင်း ဂျွမ်းပြည်၊ ဟရိဘုဥ္စတိုင်း ယွန်းပြည် အရပ်ရပ်ဒဏ္ဍာရီဇာတ်များကို ဂျွမ်းသံခဲ ယွန်းသံခဲတို့နှင့် ညှိနှိုင်း၍ မြန်မာဘာသာသို့ ပြန်ဆိုစေရာ၊ လုံးဝဥဿုံ ပြီးစီးသည်များကို နန်းတော် အိမ်တော်များနှင့် သင့်လျော်မည် ဖြစ်သော ဇာတ်လမ်းဇာတ်ကွက်များကို ရွေးချယ်၍ သီဆိုခင်းကျင်းကပြနိုင်ရန် ဇာတ်လမ်း ဇာတ်ကွက်အလိုက် ကဗျာလင်္ကာဇာတ်ချင်းများ အပြည့်အစုံဖြစ်အောင် ရေးလိုသူတို့ တာဝန် ယူကြသည့် ဇာတ်ခန်းဝေပုံကျစာရင်းဘုရား။*
>
> *တီးကွက်နှင့် ဇာတ်ချင်းရေးသူများဘုရား။*

(က) *စစ်ကိုင်းကူးမင်း မိဖုရားဟောင်း ပဘာဝတီဘွဲ့ခံ သခင်မင်းမိ။ ၎င်းမှာ အမရပူရ ပထမမြို့တည် မင်းတရား၏သားတော် ကာမမြို့စားမင်းသားနှင့် ခမည်းတော်ဘုရားလက်ထက် ထိမ်းမြားသည်။*

(ကာ) *ပန္နီမြို့စား မြင်းမှူးမင်းသား။*

(ကိ) *မလဲသာရွာစား ငယ်တိုးအတွင်းဝန် မဟာနန္ဒယော်ဇာ ဦးကျီစိုး။*

(ကီ) *ဗြဲတိုက်သံတော်ဆင့် ဇေယျသင်္ခယာ၊ ၎င်းမှာ နောက် မြဝတီမြို့စား ဝန်ကြီးဦးစ။*

(ခ) *မလွန်မြို့စား မင်းသား မင်းရဲနန္ဒမိတ်၊ နောက် မက္ခရာမြို့စားသူ။*

(ခါ) *မိုးတားမြို့စား ဝန်ထောက်တော် နေမျိုးကျော်စွာ၊ စမွေယျပျို့ရေးသူ။*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*(ခ) အိမ်ရှေ့သံတော်ဆင့် ရွှေတိုက်စိုး နေမျိုးရာဇာသူ၊ ရာမရကန်ရေးသူ ဦးတိုး။*

*(ဒ) တောင်ငူမြို့စား မင်းသား သတိုးဓမ္မရာဇာ၊ ပထမကာမ မြို့စားစဉ် သခင်မင်းမိနှင့် ထိမ်းမြားသူ။*

*ဇာတ်ကွက် ဇာတ်လမ်းရေး၍ ပြီးစီးသော ပြဇာတ်များမှာ အိနောင်၊ ရာမ၊ သခံ ပတ္တ၊ ကေသာသီရိ၊ ယင်းသည့်လေးဇာတ်ဘုရား။ ယင်းသည့် လေးဇာတ်အနက်၊ သခံပတ္တပြဇာတ်မှာ တောင်ငူမြို့စား မင်းသား သတိုးဓမ္မရာဇာ တစ်ဦးတည်း ရေးသည်ဘုရား။ ကေသာသီရိပြဇာတ်မှာ ပဘာဝတီဘွဲ့ခံ သခင်မင်းမိ တစ်ပါးတည်း ရေးသည် ဘုရား။*

*သက္ကရာဇ် ၁၂၅၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့၊ သညာ သည် စာရေး သောထွန်းသွင်း။ ရွှေတိုက်ဝန်မင်းက ရွှေတိုက်ကြပ် ရွှေ တိုက်စိုးတို့သို့ အပ်စာရင်းဘုရား"*

အိမ်ရှေ့မင်းသည် ရှိဟောင်းမြန်မာသဘင်ပညာကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အင်းဝခေတ် ဝန်ကြီးပဒေသရာဇာရေး၍ ဆိုင်ရာလူတို့ သီဆိုတီးမှုတ် ကခုန်ခင်းကျင်းခဲ့ကြ သော သုံးဆယ့်ခုနစ်မင်း နတ်သံနှင့်တကွ၊ တီးနည်း၊ မှုတ်နည်း၊ ကပြခင်းကျင်းနည်းတို့ မပျောက်မပျက်စိမ့်သောငှာ၊ နတ်ထိန်းနတ်နေများ၊ အတီးအမှုတ်သမားများ၊ ရာဇဝင်တတ် သူများပါဝင်သော အဖွဲ့တစ်ခုကို သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင် ဖွဲ့စေသည်။ ထိုအဖွဲ့ပညာရှင် တို့၏ ထွက်ဆိုချက်အားလုံးစုံကို မြဝတီဝန်ကြီးဦးစက စာရင်းရေးယူ မှတ်ထားရသည်။ ထိုစာရင်းမှတ်တမ်းတွင် သုံးဆယ့်ခုနစ်မင်း နတ်စဉ်စာရင်းနှင့်တကွ နတ်သံအဲချင်းများ၊ တီးနည်းမှုတ်နည်းများ၊ ကခုန်နည်းများ ပါကြသည်။ အထက်ပါအဖွဲ့ကို ဖွဲ့ပြီးနောက် အိမ်ရှေတော် လေသာဆောင်တွင် အတီးအမှုတ်သမားတို့သည် မြဝတီဝန်ကြီးဦးစရှေ့၌ ကျနစွာ တီးမှုတ်ပြကြရဟန်တူသည်။ ထို့နောက် နတ်ထိန်းနတ်နေတို့၏ ထွက်ဆိုချက်၊ ရာဇဝင်တတ်သူတို့၏ ထွက်ဆိုချက်တို့ကို တိုက်ဆိုင် ညှိနှိုင်း၍ ရေးမှတ်ရဟန်တူသည်။ အထောက်အထားမှာ အောက်ပါအတိုင်း ဖြစ်သည်။

*"သက္ကရာဇ် ၁၁၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ရှေးအစဉ်အဆက်က ပသခဲ့သော ၃၇ မင်းနတ်တို့ကို ပွဲကနားသဘင် ကျင်းပ ကခုန်တီးမှုတ်ရာ ပတ် နှဲ လင်း ကွင်း၊ မည်သို့ ကခုန်သည့် အချက်အလက်၊ နတ်ထိန်းနတ်နေ၊ အတီးသမားတို့ကို မေးစစ်၍ မှတ် သားထားရမည်။ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရား အမိန့်တော်ကို ဦးထိပ်ရွက်ဆင်ရသည့်အတိုင်း အိမ်ရှေ့တော်ကြီး လေသာဆောင်တွင် ဆိုင်းအတီးဆရာ ငမြတ်သာ၊ တေရုတ်တို့နှင့် တီးတတ်သူတို့ကို မေး စစ်၍ တီးမှုတ်ပြသစေပြီးလျှင် မှတ်သားထားသည့် ဆင်ယင်နည်း၊ တီး*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



*မှတ်နည်းများနှင့်ပေါင်း၍ သက္ကရာဇ် ၁၁၈၂ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ရာဇဝင်ငနု၊ ရာဇဝင်တတ်တို့နှင့် တိုက်ဆိုင်၍ ၃၇ နတ်စင် အမျိုးအမည် ဆင်ယင်ပသနည်း၊ တီးမှုတ်နည်းနတ်သံများကို မဟာဓေယသူရကသည် မင်းကြီးမဟာသူရဘွဲ့မည်သော ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စား မှတ်သားစုထားသည့် စာရင်းစာတမ်း။”*

ဘကြီးတော်ဘုရားသည်လည်း ခမည်းတော် အိမ်ရှေ့မင်းကဲ့သို့ပင် မြန်မာသဘင်ပညာကို ကျနစွာ အားပေးတော်မူသည်။ အထူးသဖြင့် ခမည်းတော် အိမ်ရှေ့မင်း၏အမိန့်နှင့် ရေးသားစပ်ဆိုခဲ့၍ မပြီးမပြတ်ရှိနေသေးသော အီနောင်နန်းတွင်းဇာတ်ကို မြဝတီဝန်ကြီး ဦးစအား အပြီးတိုင် ဆက်လက်ရေးသားစေသည်။ အီနောင်နန်းတွင်း ဇာတ်တော်ကြီး၏ ကျမ်းနိဒါန်း၌ “နောက်၊ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး (ဘိုးတော်ဘုရား) မြေးတော်ဖြစ်သော ငါတို့အရှင် ရတနာပူရ စတုတ္ထမြို့တည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ထက်တော် ရောက်သည်တွင် အီနောင်ဇာတ်ကို ဆက်လက်၍ ကောင်းမွန်စွာ ရေးသားဖွဲ့စုရမည် အမိန့်တော်မြွတ်ကို ဦးထိပ်ထက်ဆင် ရွက်ရသည့်အတိုင်း အထက်အိမ်ရှေ့တော်တွင် အီနောင်ဇာတ်ကို ဖွဲ့စုရေးရင်းဖြစ်သော ဝန်ရှင်တော် မြဝတီမြို့စားမင်းကြီး ဆက်လက်၍ ရေးသားဖွဲ့စုသည့် ဣန္နာဝုဓ (အီနောင်) ဇာတ် တီးမှုတ်ခြင်းပါ လင်္ကာစကားပြေ”ဟု ဖော်ပြခဲ့သည်။

ထို့ပြင် ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရားလက်ထက်တွင် ရုပ်သေးသဘင်* ခင်းကျင်းပြသမှုရှိနေပြီဟုလည်း သိရသည်။ ၁၇၉၅ ခုတွင် အမရပူရမြို့တော်သို့ ရောက်လာသော ဗြိတိသျှရာဇသံ မိုင်ကယ်ဆိုင်း၏ မှတ်တမ်း၌ ဟံသာဝတီမြို့တွင် မြို့ဝန်က သူ့အား ရုပ်သေးပွဲဖြင့်လည်းကောင်း၊ ရာမဇာတ်ပွဲဖြင့်လည်းကောင်း ဧည့်ခံလိုက်ကြောင်း ရေးမှတ်ခဲ့သည်ကို ထောက်၍ သိရခြင်းဖြစ်သည်။ ရုပ်သေးသဘင် ပေါ်လာရခြင်းသည် အင်းဝမြို့ တာရဲတန်း၌ မြင်ဖွယ်ရှိသော လက်လျှို တရုတ် ရုပ်သေးသဘောကိုယူ၍ မြန်မာတို့က ကြိုးဆွဲရုပ်သေး တီထွင်လိုက်သောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ထိုတစ်ခေတ်တည်း၌ပင် တရုတ်နိုင်ငံ၌ ကြိုးဆွဲရုပ်သေးသဘင် ပေါ်နေနှင့်လေပြီ။ မြန်မာရုပ်သေးသဘင်ကို ကြံစည်သူသည် သဘင်ဝန်ဦးသော် ဖြစ်သည်ဟု အဆိုရှိသည်။ စီစဉ်ခင်းကျင်းပုံသည် အဓိကအားဖြင့် ရုပ်သေးသဘင် အစဉ်အလာအရ ပထမပိုင်း ညဦးယံအခန်းများသည် လူ့လောကဖြစ်ပေါ်လာပုံကို ဥပစာတင်သောသဘော ဖြစ်သည်ဟု အဆိုရှိသည်။ သိကြားနတ်သံ ပစ်ခြင်းသည် မြင်းမိုရ်တောင် ပေါ်လာခြင်းကိုလည်းကောင်း၊ မြင်းထွက်ခြင်းသည် လူနှင့် အနီးကပ်ဆုံး တိရစ္ဆာန်သဘောကိုလည်းကောင်း၊ ကျေးငှက်၊

---

* ရှင်မဟာရဋ္ဌသာရ၏ စာများ၌ ရုပ်ကြီး ရုပ်ငယ် အစရှိသော ဝေါဟာရများကို တွေ့ရသဖြင့် သဘင်ပညာတစ်ရပ် အဖြစ်ဖြင့် ရုပ်သေးသဘင်သည် အင်းဝခေတ်မှစ၍ ရှိခဲ့ပြီဟု ရုတ်ခြည်းထင်စရာဖြစ်သော်လည်း ဆင်ခြင်ဖွယ်ရှိသေးသည်ဟု ထင်မြင်ပါသည်။ အဆိုပါ ရုပ်ကြီး ရုပ်ငယ်တို့သည် ဘုန်းကြီးပျံပွဲများ၌ မြင်နိုင်သော ဒုံးရုပ် အစရှိသော အရုပ်ကြီး အရုပ်ငယ် အမျိုးမျိုးလည်း ဖြစ်နိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မျောက်၊ ဘီလူး၊ ဇော်ဂျီတို့ ထွက်ခြင်းသည် ဟိမဝန္တာသဘောကိုလည်းကောင်း၊ ပြလိုခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ထို့နောက် ဝန်ကြီးလေးပါးထွက်ခြင်း၊ လွှတ်တက်ခြင်း၊ နေရာတော်ခင်းခြင်း၊ နန်းထိုင်ခြင်း၊ ပြည်ရေးပြည်ရာ ဆွေးနွေးခြင်းတို့သည် တိုင်းကြီးပြည်ကြီးသဘောကို ပြလိုခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ဒုတိယပိုင်းသဘာယ၌ကား ဇာတ်လမ်းအတိုင်း ခင်းကျင်းပြသသွားခြင်း ဖြစ်သည်။ ရုပ်သေးသဘင် ပေါ်လာခြင်းသည် မြန်မာ့သဘင်ပညာသမိုင်းတွင် အထူးတိုးတက်ချက်တစ်ခု ဖြစ်သည်ဟု ဆိုထိုက်သည်။ ဇာတ်သဘင် ရုပ်သေးသဘင် တိုးတက်လာသောကြောင့်လည်း ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များနှင့်၊ လှိုင်ထိပ်ခေါင်တင်၏ ဣန္နာဝံသ ဝိဇယကာရီ၊ နန်းတွင်းဇာတ်များကို ရေးသားဖွဲ့ဆိုလာကြခြင်း ဖြစ်နိုင်သည်။ ကဟန်အမျိုးမျိုး၊ ဇာတ်ခင်းဟန်အမျိုးမျိုး၊ တီးလုံးတီးကွက် အမျိုးမျိုးတို့လည်း တိုးပွားလာကြ၏ဟု ယူဆနိုင်သည်။

ကုန်းဘောင်ခေတ်၌ပင် သဘင်ပညာအရာ၌ တီထွင်ကြံစည်သူ အများအပြား ထွန်းကားလာကြသည်။ ထိုသူများ၏ တီထွင်ကြံစည်မှုကြောင့် အထူးထူးသော ကမျိုး၊ သီမျိုး၊ တီးမှုတ်မျိုးတို့သည် အသစ်သစ် တိုးပွားလာကြသည်။ အကမျိုးတွင် စာမရီပွဲ၊ ကိန္နရာဖိုမကပွဲ၊ အငြိမ့်မိန်းမတို့ လဲ့ရိုက်ကပွဲတို့ ရှိခဲ့ကြသည်။ အကမျိုးများသာမက မီးပန်းရှုက်ပွဲ၊ သန်လျက်မျှခြင်း၊ သေသူကို အသက်သွင်းခြင်း စသော မျက်လှည့်ပွဲ၊ မီးပုံဆင်းပွဲ၊ ဂျမ်းထိုးတိုင်တက်ပွဲ၊ အလမ္မာယ်ပွဲ၊ လက်ပန်းပွဲ၊ လက်ပွေ့ပွဲစသည်တို့လည်း ရှိခဲ့ကြသည်။ ထိုသို့ရှိခဲ့ကြကြောင်းကို သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် အင်းဝမြို့၌ မဟာအောင်မြေဘုံသာကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူသော ဘကြီးတော်ဘုရား၏ ကျောက်စာတွင် "တံတိုင်းမီးတားမုခ်တံခါး အထွတ်ပြာသာဒ်တို့နှင့်တကွ ပြုဖွယ်ကိစ္စမကျန်၊ ခပ်သိမ်းပြည့်စုံကုန်စေပြီး၍ မဟာအောင်မြေဘုံသာတံဆိပ် မော်ကွန်းထိုး မှတ်တော်မူသတည်း။ ဤသို့လျှင် ငါတို့ ရွှေနန်းသခင်မင်းတရားကြီးသည် မြတ်သော မိဖုရားခေါင်ကြီး၊ သမီးတော်ချစ် ရွှေနန်းရှင်မယ်၊ သားတော်၊ ညီတော်၊ ဆွေတော်မျိုးတော်၊ မှူးကြီးမတ်ပေါင်း၊ စော်ဘွားမြို့စား နက္ခတ်တာရာကြယ်များတို့ဖြင့် လမင်းပြည့်ဝန်း ထွန်းအိဘိသို့ မြတ်သောမင်း၏ အသရေကိုဆောင်တော်မူ၍ အထူးထူးသော ကမျိုး၊ သီမျိုး၊ တီးမှုတ်မျိုးတို့ဖြင့် သဘင်ကြီးစွာ ခံတော်မူသည်။ ပွဲတော်ကား ရှေးဦးစွာ ပရမေသူရာ မဟာဒေဝ၊ ပဥ္စရူပသားမျိုး တိုးအောင်းစာမရီပွဲ၊ ဘောလောင်းတော်သီရိ ဓမ္မာသောက ရတနာလက်စွပ်တော်ကိုစေ၍ ဟိမဝန္တာမှ ရောက်လာရသော ပက္ခိဒုမကုဏာ ကိန္နရာတို့ကဲ့သို့ ဆေးဒန်း မြင်းသီလာမဏ္ဍပ်အပြင် ကိန္နရာဖိုမကသောပွဲ၊ မဟာပနာဒ မင်းကြီးထီးဆောင်းမင်္ဂလာအခါ ကျရောက်လာသော နတ်ကခြေတို့ကဲ့သို့ နှစ်ကျိပ် သုံးကျိပ်မျှသော အငြိမ့်မိန်းမတို့ လဲ့ရိုက်အကပွဲ၊ မင်္ဂလာဘုရားအလောင်းတော်ကဲ့သို့ ညီညီးထိန်လက် မီးပန်းရှုက်သောပွဲ၊ သုံးဆယ့်သုံးတန် လက်သစ်ပြန်သော သန်လျက်ကိုမျှ၍ မန္တန်ကိစ္စထွက်စေရသောပွဲ၊ သေပြီးသူလျက် အသက်ဝင်မှု ရှင်ဟန်ပြုသော မတုဠာန သဒ်ဝမန္တရားပွဲ၊ ရှားမီးကျီးထက်နင်းလျက် ဖဝါးစကြံသွားသော မီးပုံဆင်းပွဲ၊ ကျွမ်းထိုး တိုင်တက်၊ ပခြုပ်ငှက်ထွက်၊ သရက်သီးဆွတ်၊ လမ္မာယ်မြွေဖမ်း၊ လက်ပန်းလက်ပွေ၊ ဇာတ်ကြီးရုပ်သေး၊ မြန်မာတလိုင်း၊ ရှုံးယွန်းယိုးဒယား ကုလား ဝေသာလီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တရုတ်တရက် ဘာသာအဖွဲ့အခြီး အတီးအက ယင်းသို့ စသော ပွဲမျိုးစုံတို့ဖြင့် ဝေးနီးမျက်နှာ လာရောက်ကုန်သော ပရိသတ်တို့အား အားရစိမ့်ချေ နှစ်သိမ့်စေလျက်”ဟု ရေးထားသည်ကို ထောက်၍ သိနိုင်သည်။

သိမျိုး တီးမှုတ်မျိုးတွင်လည်း ယောကျ်ားပညာရှင်များအနက် အထူးသဖြင့် မြဝတီဝန်ကြီးဦးစနှင့် ပြင်စည်မင်းသားတို့ ထင်ရှားကြသည်။ မိန်းမပညာရှိများအနက် လှိုင်ထိပ်ခေါင်တင် မင်းသမီးသည် ထင်ရှားသည်။ ဦးစ စပ်ဆိုသော သီချင်းများအနက် သီချင်းခံနှင့် ပတ်ပျိုးတို့သည် မြန်မာ့ဂီတသမိုင်းတွင် အထူးခြားဆုံး ဖြစ်ကြသည်။ ပြင်စည်မင်းသား စပ်ဆိုအပ်သော သီချင်းများအနက် ယိုးဒယားသံရှစ်မျိုးဖြင့် သီကုံးဖွဲ့ဆိုရသော ယိုးဒယားသံ သီချင်းရှစ်ပုဒ်သည် အထူးခြားဆုံး ဖြစ်ကြသည်။ ယိုးဒယားသံ ရှစ်ပုဒ်မှာ ဖရုံတင်သံဖြင့် ရွှေတညာချီသီချင်း၊ ခက်မွှန်သံဖြင့် နှင်းယွန်းခါပေမာနချီ သီချင်း၊ ခမိန်သံဖြင့် တောတောင်စွယ်ချီသီချင်း၊ ထနောက်သံဖြင့် တောမြိုင်ခြေသီချင်း၊ ဖိန်းချားသံဖြင့် ပန်းမြိုင်လယ်သီချင်း၊ ထပ်တွန့်သံဖြင့် ခိုင်ပန်းစုံချီသီချင်း၊ ချွတ်ချန့်သံဖြင့် မော်ရုံပေဝန်ချီသီချင်း၊ ငုစ်သံဖြင့် မှိုင်းမှုန်ပြာရီမှောင်ဝေချီသီချင်းတို့ ဖြစ်ကြသည်။ (ရွှေနှင်းတောမြိုင်၊ ပန်းခိုင်မော်မှိုင်း၊ ခြားပိုင်းရှစ်သံ၊ ဖရုံတင်ညွန့်၊ ခက်မွှန့်ခမိန်၊ ထနောက်ချိန်ပြား၊ ဖိန်းချား ထပ်တွန့်၊ ချွတ်ချန့်ငုစ်၊ အသံရှစ် မှတ်လစ်စဉ်ပမာ) ပြင်စည်မင်းသားကြီးသည် ဤ ရှစ်ပုဒ်ဖြင့် ယိုးဒယားသံ မြန်မာသီချင်းများ၏ အုတ်မြစ်ကို ချခဲ့သည်ဟု ဆိုရာသည်။ လှိုင်ထိပ်ခေါင်တင်၏ သီချင်းများအနက် ဘောလယ်သည် မြန်မာ့ဂီတသမိုင်းတွင် အထူးခြားဆုံး ဖြစ်သည်။ ထို့ပြင် ထိုခေတ် နောက်ပိုင်း၌ တေးထပ်၊ လွမ်းချင်း၊ ခွန်းထောက်၊ သဖြန် စသည်တို့ကိုလည်း အမြောက်အမြား စပ်ဆိုလာကြသည်။

ထိုကုန်းဘောင်ခေတ်၌ပင် စည်တော်သံ အတီးအက၊ ဗုံကြီးသံ အတီးအက၊ အိုးစည်သံ အတီးအက၊ ဒိုးပတ်သံ အတီးအက၊ ဗျောသံ အတီးအကတို့ ပေါ်ပေါက်လာကြသည်။ ထို့ပြင် လေ့တော်သံ အတီးအမှုတ်၊ ထို့နောက် အသုဘကိစ္စအတွက် ဗျိုင်းတောင် အတီးအမှုတ်တို့လည်း ပေါ်ပေါက်လာကြသည်။ စည်တော်သံ အတီးအကသည် အလောင်းမင်းတရားကြီး လက်ထက်မှစ၍ အသုံးများလာဟန်တူသည်။ မြဝတီမင်းကြီးဦးစ ဆက်လက်ရေးသားသော အိနောင်ဇာတ်တွင် အိနောင်မင်းသား စစ်ထွက်သောအခန်း၌ စည်တော်သံ ထည့်လာသည်ကို ထောက်လျှင် ဝန်ကြီးဦးစ လက်ထက်မှစ၍ စည်တော်သံ ထင်ရှားကျော်စောလာပြီဟု ဆိုနိုင်သည်။ ဗုံကြီး၊ အိုးစည်၊ ဒိုးပတ်၊ ဗျော၊ အတီးအကတို့သည် ကုန်းဘောင်ခေတ်ဦးတွင် ရွှေဘိုမြို့တစ်ဝိုက် ကျေးလက်တောရွာများ၌ ကောက်စိုက်ချိန်တွင် ကောက်စိုက်ချိန်အလိုက်၊ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းချိန်အလိုက်၊ အလှူအတန်းပေးချိန်တွင် အလှူအတန်းပေးချိန်အလိုက် လုပ်ကိုင်ပျော်ရွှင်ကြသော တောင်သူလယ်သမားတို့၏ဘဝနှင့် အနုပညာဉာဏ်တို့မှ ဖြစ်ပေါ်လာသော အတီးအကများ ဖြစ်ကြသည်ဟု ယူသင့်သည်။ နောင်အခါ ကုန်းဘောင်ဆက်မင်းများ လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပကြသောအခါ ထိုအတီးအကတို့သည် ထီးသုံးနန်းသုံး၊ နေပြည်တော်သုံး ဖြစ်လာကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဗုံကြီးသံနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် ရတနာနာဒီမြစ်၏ တစ်ဖက်ကမ်းတွင် ရွှေထွန် ရွှေထမ်းပိုးတို့ဖြင့် လယ်ထွန်မင်္ဂလာပွဲသဘင် ဆင်ယင်တော်မူသောအခါ ဆော့မြို့စားက လယ်ထွန်မင်္ဂလာ ဗုံကြီးသံ ရေးသားဆက်သွင်းသည်ကို ထောက်၍ သိနိုင်သည်။ အိုးစည်သံ ဒိုးပတ်သံတို့နှင့် စပ်လျဉ်း၍ ထိုအတီးအမှုတ် အကအခုန်တို့သည် ဘကြီးတော်ဘုရားလက်ထက်တွင် တောကျေးလက်သုံးဖြစ်၍ နောင်မင်းများလက်ထက်သို့ ရောက်ခါမှ နေပြည်တော်သုံး ဖြစ်လာကြဟန်တူသည်။ သက္ကရာဇ် ၁၂၄၄ ခုနှစ် မန္တလေးမြို့ သီတင်းကျွတ်ပွဲတော်အခါတွင် "ရွှေနန်းတော်က တစ်ဆယ့်ခြောက်ဌာန မီးစောင်းတန်းလမ်းတစ်လျှောက်များသို့လည်း တစ်ညဉ့်လုံး အစဉ်မပြတ် တူရိယာသံတို့ဖြင့် မဆိတ်စေရ။ လမ်းလျှောက်တီးမှုတ်ကခုန်စေရန် အသင့်ရန်ထားရှိကြသည်။ ဗုံရှည်၊ ဒိုးပတ်၊ အိုးစည် စသော တီးမှုတ်မျိုးစုံရေ ငါးဆယ်ကျော်၊ အတီးအက လူငါးရာကျော်ကိုလည်း ဆုတော်သနားတော် မြှတ်ခံစေ၍ နန်းတော်က ဘုရားရောက်၊ တစ်ဦးသွား တစ်ဦးပြန် တီးမှုတ်ကခုန်ပြီးလျှင် ရောက်ရာဌာန အကြီးအကြပ်တို့ထံ စာရင်းချမှတ်ကြရမည်"ဟု ရာဇဝင်၌ ဆိုသည်ကို ထောက်၍ သိနိုင်သည်။

တစ်ဖန် ကုန်းဘောင်ခေတ်၌ပင် တိုင်းရင်းသား သဘင်ပညာချင်း ဖလှယ်ကြသည်ဟု ဆိုရာ၌ မြန်မာပြည်မသားတို့သည် ထားဝယ်ဘက်မှ ဒိန်းသံသီချင်းများကိုလည်းကောင်း၊ မွန်သီချင်းများကိုလည်းကောင်း၊ ကရင်သီချင်းများကိုလည်းကောင်း အလေးအမြတ်ထား၍ မြန်မာမှုပြုခဲ့ကြခြင်းကို ဆိုလိုသည်။ အထူးသဖြင့် သာယာဝတီမင်းလက်ထက်တွင် ဒိန်းသံများ၊ မွန်သီချင်းကြီးများ၊ ကရင်ဩသံများ ပေါ်လာကြသည်။ သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် သာယာဝတီမင်းသည် ဒဂုံဆံတော်ရှင်ကို ဖူးမြော်လှူဒါန်းလိုသဖြင့် နေပြည်တော် အမရပူရမှ ဥက္ကလာပ (ရန်ကုန်)သို့ စုန်၍ ဥက္ကလာပ ရွှေထီးရွှေနန်း၌ ယာယီစံတော်မူသည်။ ဤသို့ စံတော်မူစဉ် မွန်အမျိုးသား၊ ကရင်အမျိုးသား သီချင်းတို့၌ စိတ်ဝင်စားတော်မူဟန် တူသည်။ ပြင်စည်မင်းသားကြီးသည် မွန်သံ မြန်မာသီချင်းများကို ဖွဲ့ဆိုဆက်သ၍ သီဆိုတီးမှုတ်ပြသရာ၊ မင်းတရားကြီး နှစ်ခြိုက်တော်မူသည်ဟု ဆိုသည်။ ပြင်စည်မင်းသားကြီးသည် ယခင်က ယိုးဒယားသံ မြန်မာသီချင်း ရှစ်ပုဒ် ဖွဲ့ဆိုခဲ့သော ပုဂ္ဂိုလ်ပင် ဖြစ်သည်။ မင်းသားကြီးသည် မွန်သံခြောက်မျိုးကို အခြေပြု၍ သီချင်းရှစ်ပုဒ် ဖွဲ့ဆိုခဲ့သည်။ ထိုသီချင်းများမှာ (၁) မွန်သံစုံ ကောင်းကြီးသခ်ါ၊ (၂) မွန်ဆယ့်နှစ်ခန်း ညှင်းညှင်း၊ (၃) ဥက္ကလာပပြန် စိန်ခြယ်ညီးလင်း၊ (၄) မွန်ကြာစေ့ကောက် နှင်းယွန်းဂိမာန်၊ (၅) မွန်အလေးမေ့ တောင်ယံတောကြီးနှင့် တောင်ယံတောကလေး၊ (၆) ပိမ္ဗာသားကျူး စိန်မြလျှံခြယ်နှင့် သောင်းကျေးဒီပါတို့ ဖြစ်ကြသည်။ သာယာဝတီဦးဝိုင်း ဖွဲ့ဆိုသော တစ်ကြောမှောင်ပြာချီ ကရင်ဩသံ မြန်မာသီချင်းသည်လည်း သာယာဝတီ မင်းလက်ထက်၌ပင် ပေါ်သည်ဟု ခန့်မှန်းသင့်သည်။

နှောင်းခေတ်ဆိုသည်မှာ သီပေါမင်းလက်ထက်မှ စတင်ဖြစ်ထွန်းလာသော ခေတ်ကို ဆိုလိုသည်။ ထိုခေတ်ကို နှစ်ပိုင်းပြု၍ ဆင်ခြင်သော် ဤသို့ သိမြင်နိုင်သည်။

ထိုခေတ် ပထမပိုင်းတွင် ဇာတ်သဘင် ရုပ်သေးသဘင်တို့ ဇာတ်ခင်းကျင်းပုံ အမူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရာသစ်များ ဝင်လာကြသည်ဟု ဆိုနိုင်သည်။ ရှေးအခါကသော် နန်းတွင်းဇာတ်များကိုလည်းကောင်း၊ ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များကိုလည်းကောင်း ထောက်ခြင်းအားဖြင့် ညဦးယံခန်းပြီးလျှင် ဇာတ်လမ်းဖော်၍ ကပြခင်းကျင်းတတ်ကြောင်း သိသာသည်။ ထိုခေတ် ပထမပိုင်းသို့ ရောက်သောအခါ နှစ်ပါးသွားခန်းကို ညဦးယံခန်းနှင့် သဘာယံခန်းတို့အကြား၌ အခန်းတစ်ခုအနေဖြင့် အထင်အရှား ထည့်သွင်းလာသည်ဟု ဆိုကြသည်။ နှစ်ပါးသွားခန်း ဆိုသည်မှာ မင်းသမီးမင်းသား သစ္စာထားသိဆိုခြင်း၊ အဖွယ်အရာ အလှအပ ကခုန်ခြင်းတို့ဖြစ်ရာ သီချင်းသံဆန်းနှင့် ကကြိုးကကွက်များ တိုးပွားလာကြသည်။ ထို့ပြင် ထိုနှစ်ပါးသွားခန်း၌ လူရွှင်တော်တို့ ပါရှိလေရာ လူရွှင်တော်တို့၏ ဟာသအစွမ်းလည်း ပေါ်ထင်လာရသည်။ တစ်ဖန် ဇာတ်လမ်း၌ လူကြမ်း (ဝါ) ကုန်းရုပ် ဟူ၍ ပြတ်သားစွာ ထည့်သွင်းလာသည်။ နိပ်စက်ခန်းများ၌ ထိုလူကြမ်းသည် (ဝါ) ကုန်းရုပ်သည် အရေးပါလာရသည်။ နိပ်စက်ခန်းကို အကြောင်းပြု၍ ဒွေးချိုးလေးဆစ် ငိုချင်းသံများလည်း ပေါ်လာကြရပြန်သည်။ ထိုအခါ ရုပ်သေးသဘင်ဘက်တွင် ဆရာပု၊ ဦးဖွားညိုတို့ ထင်ရှားကြသည်။ ဇာတ်သဘင်ဘက်တွင် မထွေးလေး၊ အောင်ဗလ၊ ဦးစိန်ကတုံး၊ ဦးဖိုးစိန်တို့ ထင်ရှားကြသည်။

တစ်ဖန် ထိုခေတ် ပထမပိုင်း၌ပင် ရှေးက မြေဝိုင်းကပြ ခင်းကျင်းသည့် အခြေမှ ဇာတ်ခုံနှင့် ကပြခင်းကျင်းသော အခြေသို့ ပြောင်းလာပြီဟု ဆိုနိုင်သည်။ မြေဝိုင်းတွင် ကခင်း၌ ပန်းပင်စိုက်သည်။ ပန်းပင်ကို လှည့်၍ ဇာတ်ခင်းကပြ ကခုန်ကြသည်။ ကခင်း၌ရှိသော ဇာတ်သေတ္တာသည် ဇာတ်ကွက်အလိုက် ထီးနန်းဖြစ်သည့်အခါ ဖြစ်ရသည်။ သလွန်တော်ဖြစ်သည့်အခါ ဖြစ်ရသည်။ ကျောင်းသခ်မ်း ဖြစ်သည့်အခါ ဖြစ်ရသည်။ တောင်ဖြစ်သည့်အခါ ဖြစ်ရသည်။ ထိုခေတ် ပထမပိုင်းသို့ ရောက်သောအခါ ဇာတ်ခုံထိုးခြင်း၊ ထီးကား နန်းကား တောကား တောင်ကား ဆင်ယင်ခြင်း ပြုလာကြသည်။ ဇာတ်ခုံဇာတ်ကားတို့ကို စတင်သုံးသူသည် ရန်ကုန်မြို့၊ မင်းသား ကိုကျော်ဇံခေါ် ဦးဘကျော် ဖြစ်သည်ဟု ဆိုသည်။ ဆရာနုရေးသော သဘင်ဝန်မှတ်တမ်း (၁၉၃၉ ခုနှစ် မတ်လထုတ် သူရိယ မဂ္ဂဇင်း)၌–

"သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ ဝါခေါင်လမှာ ကိုကျော်ဇံလှသည် ပန်းချီများကိုခေါ်၍ မြို့ရိုးကား နန်းကား တောကားများကို အရေးခိုင်းပြီးလျှင် မင်းသား ကိုစိန်အုပ်၊ မင်းသမီး မငွေရှံ၊ မင်းသားလတ် ကိုဘကျော်၊ ထီးကား နန်းကား တောကား ရေကားတို့ဖြင့် မြန်မာဇာတ်တော်ကြီး စီစဉ်၍ပြီးပါပြီ။ နောက်ကျလျှင် ရရှိလိမ့်မည်မဟုတ်။ အာမခံရန်ခဲယဉ်းပါသဖြင့် ကန်ထရိုက်များ သိရှိစေရန် သတိပေးပါသည်ဟူသော ကြော်ငြာကို ပုံနှိပ်၍ အမြို့မြို့ကန်ထရိုက်ရုံပိုင်ရှင်တို့ထံပို့လေ၏"ဟု ရေးထားသည်ကို ထောက်၍ သိနိုင်သည်။

တစ်ဖန် ထိုခေတ် ပထမပိုင်း၌ပင် ထိုင်ဆိုအငြိမ့်အခြေမှ ထကအငြိမ့်အခြေသို့ ပြောင်းလာပြီဟု ဆိုနိုင်သည်။ ထိုခေတ်မတိုင်မီက အငြိမ့်ဆိုသည်မှာ အများအားဖြင့် အဆိုနှင့် အတီးအမှုတ်တို့သာ ဖြစ်သည်ဟု အဆိုရှိသည်။ ထီးနန်းများတွင် တေးကြီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘွဲ့ကြီးများ သီဆို၍ စောင်း ငြင်း မိကျောင်း ပတ္တလားတို့ကို တီးမှုတ်ကြရသည်။ အောက်မြန်မာနိုင်ငံ၊ ရန်ကုန် မော်လမြိုင်တို့၌လည်း အရပ်ထဲတွင် ထီးနန်းအငြိမ့်ကဲ့သို့သော ထိုင်ဆိုအငြိမ့်ဟူ၍ ရှိသည်။ ထိုခေတ် ပထမပိုင်းသို့ ရောက်သောအခါ ထိုင်ဆိုအမူအရာတွင် ထကအမူအရာသစ် ဝင်လာသည်ဟု ဆိုသည်။ ဆရာနရေးသော သဘင်ဝန်မှတ်တမ်း (၁၉၄၀ ပြည့်၊ သီတင်းကျွတ်လထုတ် သူရိယမဂ္ဂဇင်း) ၌-

"မော်လမြိုင်မြို့က မစိန်ငုံအငြိမ့်သည် ရန်ကုန်မြို့သို့ ပထမ ရောက်ရှိလာရာ ပုဇွန်တောင်ပိုင်းမှာ ရှေးဦးစွာ ပြရလေသည်။ ထိုအခါ ပုဇွန်တောင် စပါးပွဲစားကြီး ဖောင်သာဝေ အိမ်၌ မစိန်ငုံအငြိမ့်ပွဲ ကျင်းပလေသည်။ ခနောင်တိုချောင်း၊ ပုဇွန်တောင်ချောင်းရှိ လှေသူကြီးများ၊ ပဲ့ကိုင်များ၊ လှေထိုးသားအချို့တို့ လာရောက်ကြသဖြင့် အငြိမ့်ပွဲဖြစ်သော်လည်း ဇာတ်ရုပ်သေးပွဲလောက် ပရိသတ်များပေသည်။ ဤအခါက ၁၄ နံပါတ် လသာမီးအိမ်မပေါ်သေး။ ဖန်ပြောင်းကျဉ်းကလေးနှင့် ဖန်အိုးတပ်သော လသာမီးအိမ်များသာရှိပေသည်။ ဖန်ပေါင်းချောင် ဖန်ပဒိုင်းများမှာ ဖယောင်းတိုင်စိုက်၍ အလှူအတန်းမျက်နှာကြီးသူကိစ္စ၌ သုံးလေ့ရှိကြသည်"

ထိုညတွင် ပထမယာမ်၌ မစိန်ငုံသည် စောင်းဆရာညီက ပုလဲကြိုးဖြင့် တေးခံ၍ ပေးလိုက်သဖြင့် စောင်းဆရာဘက်သို့ လှည့်၍ ထိုင်နေရာမှ ပရိသတ်ဘက်သို့ ဆတ်ခနဲလှည့်ပြီး ပြုံးစေ့စေ့မျက်နှာပေးဖြင့် ထိုင်လျက် လက်ဟန်ဖြင့် ကလျက်၊ ထိုင်လျက်ဆိုသည်မှာကား-

*"ပန်းတွေလေလေ၊ ပန်းလေးတွေနှင့်ဝေ၊ တွေနှင့်ဝေ ပန်းလေးတွေနှင့်ပါတဲ့ဝေ။ အို-ပန်းတွေနှင့်ဝေသလေ။ စန်းငွေတစ်ပွင့် လျှမ်းသရေတင့်ပါဘိ။ အိုရှင် ပန်းတွေနှင့်ဝေ။*

*တစ်မြို့စီ၊ တစ်ပြည်စီခြားတဲ့ မောင်ရယ်။ အို-ကိုကိုတို့ရဲ့ တလိုင်းမကလေးရဲ့ အချစ်တွေ တစ်ပြည်စီခြားလို့နေတယ်။ ခြားလို့နေတယ်။ အို-ရွှေလမင်းမှာလ၊ သည် ရွှေလမင်းမှာလ၊ မျက်နှာချင်းရယ်ဆုံစို့လေ။*

*အချစ်တွေ ဖြစ်ထွေကို ပြောရလျှင်တကယ်၊ အမိုက်ကလေး စိတ်အနေ ဖြစ်ထွေကို ပြောရလျှင်တကယ်။ အို-ရွှေရင်ကွဲလောက်ပါငဲ့။ ငုံငုံကလေး ရွှေရင်ကွဲလောက်ပါငဲ့၊ အူသည်းပါ လှိုက်ပါတော့တယ်"*

ဟု ရေးထားသည်ကို ထောက်၍ သိနိုင်သည်။

ဤသို့ဖြင့် ရှေးဇာတ်သဘင် ရုပ်သေးသဘင် အငြိမ့်သဘင်တို့၏ အမူအရာများသည် ယခုတိုင် ကျွန်ုပ်တို့ ကြားမြင်လျက်ရှိသော အမူအရာသဘောသို့ ပြောင်းလာကြသည်ဟု မှချဆိုနိုင်သည်။

နှောင်းခေတ် ဒုတိယပိုင်းတွင် မြန်မာတို့၏ သဘင်ပညာသည် လှုပ်ရှားဆဲ ပြောင်းဆဲဖြစ်သည်။ ခေတ္တမျှ တိမ်ငုပ်ခဲ့သော ရှေးမြန်မာသီချင်းကြီးများသည် နိုင်ငံ၌ ဝံသာနုစိတ်ဓာတ် တက်လာသည်နှင့်အမျှ ပြန်လည်ပေါ်ထွန်းလာခဲ့ကြသည်။ ထိုသီချင်းကြီးများကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အသံလွှင့်ရုံမှ အသံလွှင့်သီဆိုခြင်း၊ နိုင်ငံတော်အစိုးရက ကျောင်းကန်များ၌ သင်ပေးခြင်း၊ အထူးကျောင်းများ ဖွင့်ပေးခြင်း၊ မှုကောင်းမွမ်ရအောင် အစိုးရက ကျနစွာ ဆောင်ရွက်ပေးခြင်း၊ ပြိုင်ပွဲများ ကျင်းပခြင်းတို့ ရှိနေပြီဖြစ်ရာ ရှေးမြန်မာသီချင်းကြီးများ၏ နောင်ရေးသည် အားတက်ဖွယ်ဖြစ်သည်။ တစ်ဖန် တိုင်းပြည်ကြီးပွားရာ ကြီးပွားကြောင်းဆိုင်ရာ အကြောင်းအရာများကို သီချင်းစပ်ဆိုလာကြရာ ရှေးရှိခဲ့သော ထီးဘွဲ့ နန်းဘွဲ့ မယ်ဘွဲ့ မောင်ဘွဲ့ အကြောင်းအရာများအပြင် အကြောင်းအရာသစ်များ တိုးလာကြသည်။ တစ်ဖန် မြန်မာနိုင်ငံသည် ရှေးအခါကထက် အနောက်ဥရောပနှင့် အဆက်အဆံ ပိုမိုများပြားလာသောကြောင့် မြန်မာသီချင်း၊ မြန်မာအက၊ မြန်မာဇာတ်များ၌ အနောက်ဥရောပ အမှုအရာများ ဝင်လာရာ ပြေပြစ်မှုရသည့်အခါလည်းရ၍၊ မရသေးသည့်အခါလည်းမရ ဖြစ်သည်။ တစ်ဖန် ပြည်ထောင်စု ယဉ်ကျေးမှု ပြပွဲပြိုင်ပွဲများကို နှစ်စဉ်ကျင်းပသည်ဖြစ်ရာ တိုင်းရင်းသားအဆိုအက ပညာချင်းဖလှယ်နိုင်ခွင့်ကို ရလာပေပြီ။ မြန်မာနိုင်ငံ သဘင်ပညာ၏ နောင်ရေးသည် မည်သို့မည်ပုံ ဖြစ်လာဦးမည်ဟု ကြိုတင်၍ မသိနိုင်သော်လည်း လှုပ်ရှားလျက် ပြောင်းလဲလျက်ရှိသည်မှာ မုချဖြစ်သည်။

၁၉၅၃။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာပန်းချီမေတ္တာစာ*

ဆရာတို့ ပန်းချီဆရာများအား မေတ္တာစကားကြားမှာ အပ်ပါသည်။

ယခုခေတ်တွင် အစစအရာရာ၌ အတိတ်ပစ္စုပ္ပန်နှစ်ရပ်ကို ပြန်လည်စစ်ဆေးခြင်းပြုဖို့ လိုပြီဟု ထင်ပါသည်။ ကုန်သည် ဈေးသည်တို့ လောကတွင် ရောင်းရေးဝယ်မှုအတွက် ရှေ့အလားအလာကို သိလိုသဖြင့် မိမိ၏ပစ္စည်းကျိုရှိ ပစ္စည်းအမျိုးအမည် စာရင်းယူခြင်း၊ အရေအတွက်စာရင်းယူခြင်းတို့ကိုပြုသော သဘောမျိုး ဖြစ်သည်။ ထိုနည်းတူစွာ အနာဂတ်အရေးကို မှန်းကြည့်နိုင်စိမ့်သောငှာ အတိတ်ပစ္စုပ္ပန် နှစ်ရပ်ကို ပြန်လည်စစ်ဆေးခြင်း ပြုဖို့လိုလာပြီ။

ဆရာတို့ မြန်မာပန်းချီလောက၌လည်း ထိုသို့ပြုချိန်တန်ပြီဟု ထင်သည်။ ဤမေတ္တာစာတွင် ကျွန်တော့်အား စစ်ဆေးခွင့်ပေးပါ။ မှန်းကြည့်ခွင့်ပေးပါ။ ကျွန်တော့်မှာ ပန်းချီရေးခြယ်တတ်သူမဟုတ်သဖြင့် ပန်းချီအကြောင်းကို ပြောပြရမည် ဖြစ်သောအခါ တစ်အားလျော့ပါ၏။ သို့ရာတွင် ပန်းချီမြတ်နိုးသူအဖြစ်ဖြင့်ကား ကျွန်တော့်အကြိုက်ကို ကျွန်တော် ပြောပိုင်ခွင့်ရှိသည်ဟု ထင်သည်။ ထင်သည့်အတိုင်းလည်း ပန်းချီမြတ်နိုးသူအဖြစ်ဖြင့်သာ ပြောလိုသည်။

မြန်မာတို့ ရေးခြယ်သော ပန်းချီသည် သုံးဘဝကူးခဲ့ပြီဟု ယူဆသည်။ သမိုင်းသုတေသီတို့ အလိုအရ မြန်မာနိုင်ငံသို့ ရှေးဦးစွာ သက်ဆင်းလာသော ပန်းချီပညာသည် မဇ္ဈိမဒေသ၊ မဂဓတိုင်း (ယခုခေတ် ဘင်္ဂလားပြည်နယ်မြောက်ပိုင်း)၊ ပါလမင်းများလက်ထက်၌ ထွန်းကားသော ပါလပန်းချီပညာ ဖြစ်သည်ဟု ဆိုကြသည်။ ထိုပန်းချီပညာသက်ဆင်းရာအရပ်သည် ပုဂံပြည် ဖြစ်သည်။ သက်ဆင်းလာသောနှစ်သည် ကမ္ဘာသုံးနှစ်၊ တစ်ထောင်ကျော် ဖြစ်သည်။ ကမ္ဘာသုံးနှစ်၊ တစ်ထောင့်တစ်ရာကျော်ခေတ်တွင် ပုဂံဘုရား အုတ်အင်္ဂတေနံရံများ၌ ရေးခြယ်သော ပန်းချီကားတို့သဘောကို ကမ္ဘာသုံးနှစ်၊ ရှစ်ရာ ကိုးရာခေတ်

* ယခင်က 'ပန်းချီမေတ္တာစာ'ဟု ဆိုခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လောက်က ပါလပေချပ်များ၌လည်းကောင်း၊ သစ်သားပေါ်၌လည်းကောင်း၊ ရေးခြယ်သော ပန်းချီကားတို့၏သဘောနှင့် ယှဉ်ကြည့်လျှင် မတိမ်းမယိမ်းဖြစ်နေသည်ကို တွေ့ရသည်။ မတိမ်းမယိမ်းဖြစ်နေပုံကို ပုဂံခေတ်ဦးက အပယ်ရတနာဘုရား ပန်းချီကားများဖြင့်လည်းကောင်း၊ ပုဂံခေတ်နှောင်းက သမ္ဗုလ၊ ဘုရားသုံးဆူ၊ နန္ဒမညာဘုရားများ ပန်းချီကားများဖြင့်လည်းကောင်း သက်သေထူနိုင်သည်။ ရေးခြယ်ပုံမှာ ပါလပန်းချီမှုကို ယူ၍ ရေးခြယ်သည်ဖြစ်ရာ ထိုအခါကသော် ပုဂံခေတ် ပန်းချီသည် မြန်မာတို့ ရေးခြယ်သော ပါလပန်းချီ ဖြစ်သည်ဟု ဆိုသင့်သည်။ ဤကား ပထမဘာဝ ဖြစ်သည်။

ကမ္ဘာသုံးနှစ်၊ တစ်ထောင့်သုံးရာနီးပါးသို့ ရောက်သောအခါ ပုဂံပြည် ပျက်သုဉ်းသည်။ မဇ္ဈိမဒေသပန်းချီနှင့်လည်း အဆက်ပြတ်သည်။ ထိုအခါ ပုဂံပန်းချီသည် ပါလမှုကို တစ်စတစ်စ စွန့်လာသည်။ အရုပ်တို့၏ အသွင်အပြင်သည် မြန်မာဖြစ်လာသည်။ မြန်မာ့အကြိုက်၊ မြန်မာ့အမြင်အတိုင်း ရေးခြယ်စပြုလာသည်။ ပုဂံမြို့ဟောင်းရှိ ဥပါလိသိမ် ပန်းချီကားများသည် ထင်ရှားသောသာဓက ဖြစ်သည်။

ဥပါလိသိမ် ပန်းချီကားများကို တစ်ထောင့်သုံးရာကျော်တွင် ရေးခြယ်သည်ဟု ယူဆကြသည်ဖြစ်ရာ ပုဂံပန်းချီသည် ထိုအခါမှစ၍ မြန်မာပန်းချီအဖြစ်ဖြင့် ဆင်းသက်လာသည်။ မန္တလေးခေတ်ဘက်သို့ ချဉ်းလာလေလေ၊ မြန်မာဆန်လာလေလေ ဖြစ်သည်။ ပုဂံမြို့ဟောင်း၌ပင် ဘိုးတော် ဘကြီးတော်ခေတ်က ရေးခြယ်သော စူဠာမဏိပန်းချီကား၊ အာနန္ဒာအုတ်ကျောင်းသစ် ပန်းချီကား၊ မင်းတုန်း သီပေါခေတ်က ရေးခြယ်သော ပုရပိုက်ရေး ပန်းချီကားတို့သည် သာဓက ဖြစ်သည်။ ဤကား ဒုတိယဘာဝ ဖြစ်သည်။

ပထမဘာဝ၊ ဒုတိယဘာဝတို့၌ မြန်မာပန်းချီဆရာများ လိုက်နာခဲ့ကြသော ပန်းချီနည်းအကြောင်းကိုလည်းကောင်း၊ ပန်းချီရေးသော ကြောင်းခြင်းရာအကြောင်းကိုလည်းကောင်း၊ ပန်းချီ၏ သဘောအကြောင်းကိုလည်းကောင်း ပြောပြချင်ပါသေးသည်။ ပန်းချီနည်းသည် အခြားမဟုတ်ပါ။ ကမ္ဘာသုံးနှစ်၊ တစ်ထောင့်ငါးရာမတိုင်မီက အာရှဥရောပ နှစ်ဌာနစလုံး၌ လိုက်နာခဲ့ကြသော မျဉ်းရေးဆေးခြယ်နည်း၊ (ဝါ) ကောက်ကြောင်းနည်း ဖြစ်သည်။ မူမှာ မဇ္ဈိမဒေသ ပါလမူ ဖြစ်သည်။

တစ်ဖန် ပါလပန်းချီသည် မဇ္ဈိမဒေသမှ ပုဂံသို့ရောက်လာလေရာ ပုဂံ၌ ဗုဒ္ဓသာသနာ ပွင့်လင်းရေး ကြိုးပမ်းမှုကိုမှီ၍ ရောက်လာရသည် ဖြစ်သောကြောင့် ပန်းချီရေးသော ကြောင်းခြင်းရာသည် ပုဂံခေတ်တွင် ဗုဒ္ဓဝင် နိပါတ်တို့နှင့်သာမက မင်းနှင့်စပ်သည်တို့လည်း များလာသည်။ ထို့ကြောင့် ထိုခေတ်များက ရေးခြယ်ခဲ့သော ပန်းချီ၏ ရည်ရွယ်ချက်သည် ထိုခေတ်များက စပ်ဆိုလေ့ရှိသော နိပါတ်ဇာတ်တော်လာ ပျို့များ၏ ရည်ရွယ်ချက်နှင့်လည်းကောင်း၊ ဘုန်းတော်ဘွဲ့ ရတုများ၏ ရည်ရွယ်ချက်နှင့်လည်းကောင်း တူသည်ဟု ဆိုနိုင်သည်။

တစ်ဖန် ပန်းချီ၏သဘောသည် အခြားမဟုတ်ပါ။ ဓမ္မာရုံ၏အလိုကို အခြေခံ၍ အရုပ်ရေးရသောသဘော ဖြစ်ပါသည်။ ဓမ္မာရုံ၏အလိုဆိုသည်မှာ ပန်းချီဆရာ၏ စေတနာ အလျောက်၊ ပန်းချီဆရာ၏ မျက်စိ၌ မြင်သိလာသည်ကိုသာ ရသပေါ်အောင် သရုပ်ဖော်ခြင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်သည်ဟု ဆိုကြသည်။ လွယ်ကူသော ဥဒါဟရဏ်ကို ဆောင်ရလျှင် မိန်းမပျို၏ မျက်လုံးအလှကို သရုပ်ဖော်သည် ဆိုကြပါစို့။ ထိုအခါ ပန်းချီဆရာသည် မံသမျက်စိဖြင့် မြင်ရသော မိန်းမပျို၏ မျက်လုံးအလှကို မြင်သည့်အတိုင်း ရေးပြသည်မဟုတ်။ တင့်တယ်သည်၊ မြတ်သည်၊ လှသည် ထင်လာရအောင်၊ တင့်တယ်သည်၊ မြတ်သည်၊ လှသည်ဟု အများက စွဲယူထားသော ပဒုမ္မာကြာဖူးသဘောဖြင့် တင်စား၍ ကြာဖူးသဏ္ဍာန် ရေးပြခြင်းဖြစ်သည်။ ဤကား အလွန်လွယ်ကူသော ဥဒါဟရဏ်ဖြစ်သည်။ ထိုပန်းချီ၏ သဘောသည် ဓမ္မာရုံ၏အစွမ်း၌ အခြေခံနေသဖြင့် ကောက်ကြောင်းက နိုင်နင်းသည် ဖြစ်စေကာမူ ပြောင်မြောက်အောင်ရေးခြယ်ရန် အလွန်မလွယ်သောသဘော ဖြစ်သည်။ ထို့ကြောင့် ရှေးခေတ် မြန်မာပန်းချီဆရာတို့သည် ထိုသို့သော ပန်းချီသဘောရှိသည့် ပန်းချီ ပညာမျိုးကို ကိုင်ခဲ့ စမ်းခဲ့ဖူးသည်ဟု ဆိုသင့်သည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်ချုပ်၍ ဗြိတိသျှတို့နှင့် အဆက်အဆံများလာသောအခါ ကမ္ဘာသုံးနှစ်၊ တစ်ထောင့်ငါးရာလောက်မှစ၍ ဥရောပ၌ အသစ်ထွန်းကားလာသော ဥရောပနည်းသည် မြန်မာပန်းချီလောကသို့ ကြိုးကြားဝင်လာသည်။ ဥရောပနည်းဆိုသည်မှာ ဆရာတို့လည်း သိပြီးဖြစ်ကြသည့်အတိုင်း ကောက်ကြောင်းနည်းမဟုတ်တော့ပြီ။ အကြည်ရေဆေးကိုလည်းကောင်း၊ ဆီဆေးကိုလည်းကောင်း သုံး၍ အချိုးအစားအလုံးအဖန်၊ အဝေးအနီး၊ အလင်းအမှောင်၊ အနုအရင့်၊ လေ ရေ အပူ အအေး စသည်တို့ဖြင့် အမြင်တွင် ခံစားမှုအသိသွင်း၍ အရုပ်ရေးပြနိုင်သောနည်း ဖြစ်သည်။ ကြောင်းခြင်းရာကိစ္စတွင် ပုံတူရေးမှု၊ ရှုခင်း မြင်ခင်းရေးမှု၊ ပတ်ဝန်းကျင် မြင်မြင်သမျှရေးမှု စသည်တို့ပါလာသည်။ ပန်းချီအယူအဆကိစ္စတွင် မျက်မြင်ရူပါရုံကို အခြေခံ၍ အရုပ်ရေးရသောသဘောဖြစ်သည်။

ထိုသို့သောသဘောရှိသည့် ဥရောပပန်းချီနည်းကို မြန်မာနိုင်ငံတွင် ၁၉၂၈ ခုနှစ်လောက်မှစ၍ ဥရောပပြန်၊ ပန်းချီဆရာ ဦးဘဇော်၊ ဦးဘဉာဏ်တို့က စနစ်တကျ အုတ်မြစ်ချပေးခဲ့သည်။ ထိုပန်းချီနည်းကို အထိုက်အသင့် အလေ့အကျင့်ပြုသူလည်း များလာကြသည်။ ယနေ့တိုင်အောင် တိုးတက်လျက်ရှိသည်။ ဤကား တတိယဘဝ ဖြစ်သည်။ လက်ရှိဘဝ ဖြစ်သည်။

ဆိုခဲ့သော ဘဝသုံးခုလုံးကို ခြုံငုံ၍ ဆင်ခြင်လျှင် ဤသို့သိနိုင်သည်။ မြန်မာတိုင်းရင်းသား ပန်းချီဆရာတို့သည် ပုဂံခေတ်တွင် မဇ္ဈိမဒေသ ပါလမှုကို သင်ကြသည်။ ထို့နောက် နှစ်ပေါင်း တစ်ရာ့ငါးဆယ်မျှ ပါလမှုအတိုင်း ပန်းချီရေးကြသည်။ ထိုအခါက ရေးသော ပန်းချီကား အကောင်းဆုံးသည် ပါလမှုကို အတုနိုင်ဆုံးဖြစ်သော ပန်းချီကားသာ ဖြစ်သည်ဟု ပညာရှိတို့ ယူဆကြသည်။ ထိုနောက် ပါလနှင့် အဆက်ပြတ်သောအခါ ပုဂံခေတ် ပါလပန်းချီသည် မြန်မာဆန်လာ၍ မြန်မာပန်းချီ ဖြစ်လာသည်။ မြန်မာဆန်လာသောအခါ ပညာအရာ၌ နိမ့်သွားသည်ဟု ဆိုနိုင်သော်လည်း မြန်မာဆန်လာသောဂုဏ်ကား ထင်ရှားလာသည်။ ထိုဂုဏ်ကြောင့် မြန်မာ့ပစ္စည်းဖြစ်ပြီဟု ဆိုနိုင်လာကြသည်။ ထို့နောက် ဥရောပနည်းကို လက်ခံကျင့်သုံးလာကြသည်။ ယခုအခါတွင် ကျွန်တော်တို့၏ ပန်းချီသည် ဤစခန်း၌ ရောက်နေသည်မှာ အနှစ်သုံးဆယ်နီးပါးခန့် ရှိလာပြီ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤစခန်းမှ မျှော်ကြည့်လိုက်သော် လမ်းနှစ်လမ်းကို ကျွန်တော်မြင်သလိုလို ဖြစ်မိသည်။ ကျွန်တော် အမြင်ချော်ချင်လျှင်လည်း ချော်မည်။ သို့ရာတွင် တင်ပြပါရစေ။

တစ်လမ်းမှာ ကျွန်တော်တို့၏ ပန်းချီဆရာများသည် ဥရောပနည်းကို ကြိုက်လျှင် ထိုနည်းကို သင်ရိုးကျွတ်အောင် စနစ်တကျ လေ့လာကြရန် ဖြစ်သည်။ ယခုအခါတွင် ပြင်သစ်ပန်းချီဆရာ မော်နေးတို့လူစု ချပေးခဲ့သော 'အင်ပရက်ရှင်း' မှမှ ပေါက်ပွားလာသည့် မူသစ်အမျိုးမျိုးပင် ကမ္ဘာပေါ်၌ ပြန့်ပွားထွန်းကားလျက် ရှိနေကြပေပြီ။ ကျွန်တော်တို့၏ ပန်းချီဆရာများသည် ကြိုက်ရာမှ တစ်ခုခုကို စွဲစွဲမြဲမြဲ စူးစူးစိုက်စိုက် လေ့လာနိုင်ကြလျှင် ကောင်းမည်ဟုထင်သည်။ သို့တည်းမဟုတ် ကိုယ်ပိုင်မူသစ်ကို ချိန်နိုင်ပါသည်။ သို့ရာတွင် ဘိုးတော်ဘုရား မင်းကွန်းတည်သကဲ့သို့ကား မဖြစ်စေလိုပါ။

နောက်တစ်လမ်းမှာ ပုဂံခေတ်က တတ်မြောက်ခဲ့၍ မင်းတုန်း သီပေါခေတ်အထိ ကျင့်သုံးလာခဲ့သော ရှေးရိုးမြန်မာ့မူကို စနစ်တကျ ပြန်လည်လေ့လာပြီးနောက် ဥရောပနည်းမှ ရလာသော ပညာနှင့် အဆင်ပြေအောင်သမ၍၊ မြန်မာ့ကိုယ်ပိုင်မူသစ် တစ်ခုခုကို ဖန်တီးရန် ဖြစ်သည်။ ထိုကိစ္စသည် အလွန်မလွယ်လှသောကိစ္စ ဖြစ်သည်။ တတ်နိုင်ခဲ့သော် လူထူးဖြစ်မည်မှာ သေချာသည်။ ယခုခေတ် အိန္ဒိယတွင် ပန်းချီဆရာ ဂျာမနီရှိုင်းနှင့် ပန်းချီဆရာမ အမြိတရှားဂီးတို့သည် အိန္ဒိယ ကိုယ်ပိုင်မူသစ် ဟူ၍ ဖန်တီးနိုင်သူများ ဖြစ်ကြသည်။

ဆိုခဲ့သော လမ်းနှစ်လမ်းအနက် မည်သည့်လမ်းကို လိုက်စေကာမူ ပန်းချီကို နိုင်နင်း၍ ကိုယ်တိုင်ရေးခြယ်လာကြသောအခါ မြန်မာပန်းချီဆရာများ သတိပြုဖွယ်အချို့ ရှိသည်။ ထိုအချို့တွင် မြန်မာနိုင်ငံ အသွင်အပြင်၊ အရောင်အဆင်း၊ အဆင်အသွေး၊ ပတ်ဝန်းကျင်နှင့် မြန်မာ့ကိုယ်နှုတ်နှလုံးအမူအရာတို့ပါပါသည်။ ထိုအချက်တို့သည် မြန်မာပန်းချီဆရာများသာမက မြန်မာစာရေးဆရာနှင့်၊ အခြား မြန်မာအနုပညာရှင်များလည်း အစဉ်သတိရှိအပ်သော အချက်များ ဖြစ်ကြသည်။

တစ်ဖန် ဖွဲ့နွဲ့စရာကို ရှာကြဦးမည်။ ဖွဲ့နွဲ့စရာကို ဝေးဝေးလံလံ ကြကြဖန်ဖန် ရှာနေဖို့မဟုတ်ပါ။ ဖွဲ့နွဲ့စရာသည် ကိုယ့်စိတ်ထဲ၌ပင် ရှိသည်။ ထိုအရာသည် မိမိ၏ စေတနာ ဖြစ်သည်။ ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် သနားစရာ၊ ဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ၊ နှစ်သက်စရာ၊ စက်ဆုပ်စရာ၊ ကဲ့ရဲ့စရာ၊ ထိတ်လန့်စရာ၊ သံဝေဂရစရာ၊ ကြည်နူးစရာ စသည်တို့သည် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိကြသည်။ မြင်အောင်ကြည့်တတ်လျှင်၊ ကြားအောင်နာတတ်လျှင် စေတနာဖြစ်တတ်သူ၌ စေတနာဖြစ်ပါလိမ့်မည်။ စေတနာဖြစ်လာလျှင် ထိုစေတနာသည် ကျင့်သားရနေသော ပန်းချီစုတ်တံကို ဦးဆောင်သွားမည်မှာ မုချဖြစ်သည်။ ထိုပန်းချီစုတ်တံမျိုးမှ ဖွားမြင်လာသော ပန်းချီကားမျိုးသည် အပေါ်ယံ အာရုံအလှကို ကျော်လွှားလျက် အသိဉာဏ်အလှကို (ဝါ) ဘဝအသိကို ပေးတတ်ပါသည်။ ထိုသဘောကို မြန်မာပန်းချီကားများမှ အခါခပ်သိမ်း မဟုတ်စေကာမူ ရံဖန်ရံခါ ရချင်ပါဘိ၏။ ရပါရစေဟု မေတ္တာရပ်ခံပါသည် ဆရာတို့။

၁၉၅၇။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# မြန်မာအကပညာ မေတ္တာစာ*

မြန်မာအကပညာရှင်အပေါင်းတို့ခင်ဗျား။ မြန်မာအကပညာ တိုးတက်ရာ တိုးတက်ကြောင်းကို ဆွေးနွေးသည့်သဘောဖြင့် အောက်ပါအချက်များကို တင်ပြခွင့်ပြုပါ။ ကျွန်တော်သည် စင်စစ် အကပညာ တတ်မြောက်သူမဟုတ်ပါ။ သို့ရာတွင် ရံဖန်ရံခါ ကြည့်သူလည်း ဖြစ်၍ ရံဖန်ရံခါ အကပညာစာပေကို ဖတ်ရှုခဲ့ရသူလည်း ဖြစ်သည်။ ထို့ကြောင့် တင်ပြသည့်အခါတွင် အကြည့်သမား အဖတ်သမားအဖြစ်ဖြင့်သာ တင်ပြနိုင်ပါလိမ့်မည်။

ယခုခေတ်တွင် အများအပြား မြင်တွေ့နေရသက်နေကြသော မြန်မာအက အမူအရာတို့၏ မြစ်ဖျားကိုရှာသော် ထိုမြစ်ဖျားသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ ကျော်မှစ၍ ထွန်းကားခဲ့သော သထုံ ပဲခူးခေတ်၊ သရေခေတ္တရာ ဟလင်းခေတ် အကအမူအရာတို့မှ ခံယူခဲ့သည်ဟု လက်ရှိအထောက်အထားများအရ ခန့်မှန်းနိုင်ကြသည်။ ထို့ပြင် ထိုအထောက်အထားများအရ မြစ်ဖျားခံ အကအမူအရာတို့သည် ရှေးခေတ် အိန္ဒိယသဘင်နှင့် အဆက်အနွယ်ရှိခဲ့ကြောင်းကိုလည်း သိသာပါသည်။ ထို့နောက် ထိုအကအမူအရာတို့သည် ပုဂံခေတ်တွင် အားသစ်အင်သစ်ရ၍ ခေတ်အဆက်ဆက် ပွားများထွန်းကားခဲ့ရာ နောက်ဆုံးတွင် ကျွန်တော်တို့ခေတ်၌ ကျွန်တော်တို့ ယခု အများအပြား မြင်နေကြသော အကအမူအရာများအတိုင်း ဖြစ်ပေါ်လာကြသည်ဟု ဆိုနိုင်သည်။ ထိုအက အမူအရာတို့သည် ယခုအခါတွင် မည်သည့်အခြေ၌ ဆိုက်နေကြပါသနည်း။ ရှေ့အဖို့တွင် မည်သည့်ခြေလှမ်းကို လှမ်းသင့်ကြပါသနည်း။ ထိုမေးခွန်းနှစ်ခုသည် ပွဲကြည့်သည့်အခါတိုင်း ကျွန်တော်၏စိတ်၌ ဖြစ်ပေါ်ခဲ့ကြသည်။ ထိုမေးခွန်းနှစ်ခုသည် တစ်ခါတစ်ရံ ကျွန်တော်၏စိတ်တွင် ဝန်ထုပ်ဝန်ပိုးပမာ လေးလံနေသကဲ့သို့ ဖြစ်ခဲ့မိသည်။ ထို့ကြောင့် ထိုအကအမူအရာတို့ကို စစ်ဆေးကြည့်ချင်လာသည်။ စစ်ဆေးကြည့်ပါရစေ။ အပြစ်မြင်လျှင် သည်းခံတော်မူကြပါ။ စစ်ဆေးကြည့်ရာ၌ ပြည်ထောင်စု ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ထုတ်ဝေသော

* ယခင်က 'အကပညာမေတ္တာစာ'ဟု ဆိုခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



'ပြည်ထောင်စုအကပဒေသာ'ကျမ်းသည် ကျွန်တော့်အဖို့ အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါသည်။

ထိုကျမ်း၌ပါသော မြန်မာအကအမူအရာတို့ကို ခွဲကြည့်လျှင် (၁) အပျော်က အလှ က၊ (၂) သရုပ်ဖော်အက ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲနိုင်သည်ဟု ထင်မြင်သည်။ အပျော်က အလှက ဆိုသည်မှာ ခေါင်း ခါး ခြေ လက် စသော ကိုယ်အင်္ဂါတို့ကို လှလှ ပပဖြစ်လာအောင် လှုပ်ရှားဖန်တီးသောအကဖြစ်သည်။ ပျော်ရွှင်စိတ်၊ မြူးထူးစိတ် သက် သက်ကို ဖော်ပြသော အက ဖြစ်သည်။ ထိုအကမျိုးတွင် ကသူသည် ကနေရင်း နှစ်သက် ပျော်ရွှင်သည့်အလိုက် မိမိတတ်မြောက်ထားသော ကကွက်အမျိုးမျိုးကို သီကုံးလှုပ်ရှား၍ ကပြရခြင်း ဖြစ်သည်ဟု ထင်သည်။ ဥဒါဟရဏ်ကား မင်းသမီး မင်းသား နှစ်ပါးသွားအက၊ အိုးစည်က စသော အကမျိုး ဖြစ်သည်။

သရုပ်ဖော်အကဆိုရာတွင် သဘာဝကိုသော်လည်းကောင်း၊ ဇာတ်လမ်းကိုသော်လည်း ကောင်း သရုပ်ဖော်ခြင်းကို ဆိုလိုသည်။ သရုပ်ဖော်အကတွင် အလှအပလည်း ပါရမည်သာ ဖြစ်သည်။ သို့ရာတွင် အလှအပထက် ဇာတ်ဆောင်၏ သဘောကိုသော် လည်းကောင်း၊ ဇာတ်လမ်း၏သဘောကိုသော်လည်းကောင်း ထင်ရှားလာအောင် ပိုမိုအလေးပေး၍ ဖော်ပြ ရခြင်း ဖြစ်သည်ဟု ထင်သည်။ မြင်းကတွင် ဇာတ်ဆောင်ဖြစ်သော မြင်း၏သဘာဝ အမူအရာတို့ကို အကဖြင့် ဖော်ခြင်းဖြစ်သည်။ ဇာတ်လမ်းဖြစ်လျှင်လည်း ဇာတ်ကွက် အဖြစ်အပျက်တို့၏ အလိုအတိုင်း ပူဆွေးဟန်၊ ကြောက်လန့်ဟန်၊ ဝမ်းမြောက်ဟန်၊ ချစ်ကြိုက်ဟန်၊ မုန်းဟန်၊ အငြိုးရှိဟန် စသည်ဖြင့် သက်ဆိုင်ရာ ဇာတ်ကွက်အတွက် လို အပ်သော ဟန်အမူအရာတို့ အကဖြင့် ဖော်ပြခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ သဘာဝ သရုပ်ဖော်နှင့် ဇာတ်သရုပ်ဖော်တို့သည် ရောနှောနေတတ်သည်ကို တွေ့နိုင်သည်ဟု ထင် သည်။ ဇော်က၊ ကိန္နရီအကတို့တွင် သူ့သဘာဝနှင့် အဖြစ်အပျက်သဘောတို့သည် ထွေးရော ယှက်တင် ဖြစ်နိုင်ကြသည်ဟု ထင်သည်။

ဆိုခဲ့သော အပျော်က အလှကနှင့် သရုပ်ဖော်အကနှစ်မျိုးတွင် အပျော်က အလှက သည် ခေတ်အလျောက် တိုးတက်လျက်ရှိသည်ဟု တွင်သည်။ ဇာတ်ဆရာကြီး ဦးဖိုးစိန်၏ နှစ်ပါးသွားအကမှစ၍ ယနေ့မျက်မြင် နာမည်ကျော် ဇာတ်ဆရာ၊ ဇာတ်မင်းသားများ၏ နှစ်ပါးသွားအကများအထိ ထိုနှစ်ပါးသွားအကများတွင် အလှအပ ပုံသဏ္ဌာန်အမျိုးမျိုး တိုးတက်နေသည်ကို မြင်နိုင်သည်။ အချို့အချို့သော နာမည်ကျော် မင်းသမီးများ၏ အငြိမ့် အကများ၌လည်း ထိုအတိုင်း မြင်နိုင်သည်။ သရုပ်ဖော်အကသည်ကား တိုးတက်သင့် သလောက် မတိုးတက်ဘဲရှိနေသည်ဟု ထင်မိသည်။ သရုပ်ဖော်အကမျိုးတွင် သဘာဝ အနက်၊ ဇာတ်အဖြစ်အပျက်အနက်တို့ကို အပြည့်အစုံဖော်သူများ ရှားလာသည်ကို တွေ့ ရသည်။ အချို့လည်း အရောရောအနှောနှော ပြုတတ်ကြသည်။ အချို့လည်း ဝိုးတဝါးမျှ ကနိုင်ကြသည်။ အပျိုတော်အကကို ပြည့်ပြည့်စုံစုံ ပြတ်ပြတ်သားသား ကနိုင်သူတို့ ရှား လာပြီဟု ထင်သည်။ ဇော်က၊ ကိန္နရီကတို့အတွက်လည်း ထိုနည်းနှင်နှင် ဖြစ်လာပြီဟု ထင်သည်။ ထို့ကြောင့် မြန်မာအကပညာသည် ယခုအခါတွင် ထိုအခြေ၌ ဆိုက်နေသည်ဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယေဘုယျအားဖြင့် ဆိုလျှင် မမှားဟု ထင်သည်။ အကယ်၍ ကျွန်တော်၏အထင်သည် မှန်သင့်သလောက် မှန်သည်ဟုဆိုလျှင် ကျွန်တော့်အား ရှေ့ဆက်၍ ပြောခွင့်ပြုပါဦး။

ကျွန်တော် ရှေ့ဆက်၍ ပြောချင်သည်မှာ ခြေလှမ်းသစ် လှမ်းသင့်သည့်အကြောင်း ဖြစ်သည်။ ခြေလှမ်းသစ်ကို လှမ်းလို၍ လှမ်းရာတွင် ပွဲကြည့်ပရိသတ်ကို လျစ်လျူပြု၍ လှမ်းရန်မဟုတ်ပါ။ ပွဲကြည့်ပရိသတ်ကို လျစ်လျူပြုလျှင် လုံးဝလှမ်းနိုင်မည်မဟုတ်ဟု ထင်သည်။ မသိမသာ ဆွဲတင်သောသဘောဖြင့် လှမ်းရန်ဖြစ်သည်။ တကယ်လှမ်းသင့်သော ခြေလှမ်းသည် သရုပ်ဖော်အကဘက်တွင် ဖြစ်သည်။ သို့ရာတွင် အပျော်က အလှက ဘက်တွင်လည်း လက်ရှိနယ်ထက် ပို၍ နယ်ကျယ်လာစေချင်သောဆန္ဒ ရှိနေပါသေးသည်။ ထို့ကြောင့် အပျော်က အလှကအတွက် နယ်ချဲ့ရေးကို ရှေးဦးစွာ တင်ပြပါရစေ။

မြန်မာတို့၏ အပျော်က အလှကဘက်တွင် ကကွက်ပေါင်းမည်မျှရှိသည်ဟု မသိရ သေးပါ။ ကကွက်တိုင်းကို အမည်ပေးထားခြင်းရှိပြီဟုလည်း မထင်ပါ။ မကြာခဏ ကြား နေရသလောက်မှာ ဗောင်းတော်ပြင်၊ မှန်တော်ရှု၊ ပန်းစိုက်၊ သားပိုက်၊ ကျောက်ကောက်၊ ဆံတော်သိမ်း စသည်ဖြင့်လည်းကောင်း၊ အထိုင်က၊ ပလို့က၊ အပျိုတော်က၊ စည်တော်က၊ ခြေထိုးက စသည်ဖြင့်လည်းကောင်း၊ ထိုကကွက်များကိုသာ ကြားနေရသည်။ သို့ရာတွင် အမည်မတပ်ရသေးသော ကကွက်အရေအတွက်သည် နည်းလှမည်မထင်ပါ။ ထို့ကြောင့် ရှိသမျှ၊ သိသမျှ ကကွက်တို့ကို စာရင်းတင်ထားသင့်ပြီဟု ယူဆသည်။ ကကွက်သဘောကို ထောက်လျက် အမည်ပေးသင့်ပြီဟုလည်း ယူဆပါသည်။

ရှေးခေတ် အိန္ဒိယ အကပညာဘက်တွင် ကကွက်ပေါင်း ၁၀၈ ကွက်ရှိသည်ဟု သိ ရသည်။ ထိုကကွက်တို့ကို မဒရတ်ပြည်နယ် ချိဒမ်ဗရမ်မြို့ရှိ မဟာဒေဝနတ် တန်ဆောင်း နံရံများ၌ တမော့ထုထားခဲ့သည်ဖြစ်ရာ ယခုကိုင် ခိုင်မြဲလျက်ရှိသည်။ ယခုခေတ် အိန္ဒိယ အကပညာရှင်တို့သည် ထိုကကွက်တို့ကို ပြန်လည်လေ့လာ၍ လှသည်ထက်လှအောင် ကြိုးစည် ဖန်တီးကာ မိမိတို့ စိတ်အကြိုက် ... ... တိုးကပြနိုင်ကြသည်ဟု သိရသည်။ ယခုအခါတွင် ထိုကကွက် ၁၀၈ ကွက်တို့ကို အခြေခံ၍ ဘရတကကွက်ဟုခေါ်သော ကကွက်ပေါင်း ၁၀၀ ကို ဖန်တီးနိုင်ကြပြီဟုလည်း သိရသည်။ တစ်ဖန် ယိုးဒယားအမျိုးသား အကပညာရှင်တို့သည်လည်း ထိုမဟာဒေဝနတ်တန်ဆောင်း၌ ထိုကကွက်များကို လေ့ လာပြီးလျှင် မိမိတို့၏ လက်ရှိယိုးဒယားကကွက်တို့ကို ပြန်လည်ဆန်းသစ်ခြင်း၊ အားဖြည့် ခြင်း ပြုခဲ့ကြသည်ဖြစ်ရာ ပြန်လည်ဆန်းသစ်ချက်အရ ကကွက်ပေါင်း ၆၆ ကွက်ရသည်ဟု သိရသည်။ စင်စစ်မှာ မွန်မြန်မာအက၊ ယိုးဒယားအက၊ ကမ္ဘောဇအက၊ ဂျာဝါးအက၊ ဘာလီအကတို့ဖြစ်သော အရှေ့တောင်အာရှ အကပညာ...တို့၏ မြစ်ဖျားခံရာသည် ရှေးခေတ် အိန္ဒိယအကပညာဖြစ်သဖြင့် မြန်မာအကပညာရှင်တို့သည် ချိဒမ်ဗရမ်မြို့က မဟာဒေဝ နတ်တန်ဆောင်းရှိ ကကွက်များကိုသော်လည်းကောင်း၊ ယခုခေတ် ဘရတ ကကွက် ၁၀၀ ကိုသော်လည်း...ကောင်း လေ့လာကြည့်နိုင်ကြလျှင် အကျိုးရှိမည်ဟု ထင်သည်။

သရုပ်ဖော်အကပညာဘက်တွင် ကျွမ်းကျင်သူ ရှားပါးလာပြီဟု အထင်ရှိကြောင်း ဆိုခဲ့ပြီ။ ထပ်လောင်း၍ ဆိုချင်သေးသည်မှာ မြန်မာတို့၏ အကပညာတွင် သရုပ်ဖော်အက

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မျိုးကို များများစားစား မတွေ့ရခြင်း ဖြစ်သည်။ မကြာခဏ မြင်နေရသော သဘာဝသရုပ်ဖော်အကများသည် နတ်ကတော်အက၊ ဝန်က၊ ရှင်ဘုရင်ထွက်အက၊ ဇော်က၊ ကိန္နရီကိန္နရာအက၊ မြင်းက၊ တိုးနယားအက၊ ဘီလူးက၊ မျောက်က စသည်တို့ ဖြစ်ကြသည်။ ထို့ပြင် ဘိုးတော်ဘုရားလက်ထက် အိမ်ရှေ့မင်း၏ အမိန့်တော်အရ စစ်ဆေးမှတ်သားထားခဲ့သော ၃၇ မင်းနတ်များအကြောင်း အမှတ်အသားတွင် သက်ဆိုင်ရာ နတ်အချို့၏ သဘာဝ သရုပ်ဖော်ကဟန်များအကြောင်းကို ဖတ်ရှုရသည်။ အထူးသဖြင့် ရှေးရိုးမြန်မာ ရာမဇာတ်များမှတစ်ပါး ဇာတ်သရုပ်ဖော် အကမျိုးကို ယခုခေတ်တွင် မမြင်ရသလောက် ဖြစ်သဖြင့် ရှိမှ ရှိပါလေစဟု တွေးတောအံ့ဩမိသည်။ ရှိသည်ဟုဆိုလျှင် ဝမ်းမြောက်ပါသည်။ များများစားစားရှိသည်ဆိုလျှင် ပို၍ဝမ်းမြောက်ပါသည်။ ကပြနိုင်ကြလျှင်ကား ဝမ်းအမြောက်ဆုံး ဖြစ်စရာရှိပါသည်။

သရုပ်ဖော်အကဆိုသည်မှာ ဇာတ်ကွက်အဖြစ်အပျက် တစ်ခုခုတွင် သက်ဆိုင်ရာ ဇာတ်ဆောင်အတွက် ဇာတ်ရည်ရွယ်ချက်အတိုင်း အကဖြင့် သရုပ်ဖော်ရခြင်းဖြစ်ရာ ထိုပညာသည် ပညာကြီးတန်ရပ် ဖြစ်သည်ဟု ယူဆပါသည်။ ထိုပညာကြီးမျိုးသည် ကမ္ဘာ့ပွဲလယ်တွင် အချီးအမွမ်းခံရရုံသာမက လေးစားခြင်းကို ခံရတတ်သည်။ ယိုးဒယားအကပညာတွင် ဇာတ်သရုပ်ဖော်အကမျိုးမျိုး ရှိသည်ဟု ဆိုသည်။ ဘန်ကောက်မြို့တွင် မနော်ဟရီဇာတ်၌ သုဓနုမင်းသားစစ်ချီပုံ၊ မနော်ဟရီ ငွေတောင်ပြည်ပြန်ပုံ၊ ညီမခုနစ်ဖော်ထဲမှ မနော်ဟရီကို သုဓနုမင်းသား ရွေးယူပုံတို့ကို အကသက်သက်ဖြင့် သရုပ်ဖော်ရာတွင် ပညာကြီးမားခြင်း၊ ပရိသတ်ကလည်း ကြိုက်ကြခြင်းကို တွေ့ရသဖြင့် အထူးအံ့ဩခဲ့ရသည်။ တစ်ဖန် ဂျာဝါးအက၊ ဘာလီအကတို့တွင်လည်း မဟာဘာရတဇာတ်မှ နှစ်သက်ရာ အခန်းများကို ထုတ်နုတ်၍ ကပြကြသည်ကို မြင်ဖူးသည်။ ယခုခေတ် မြန်မာနိုင်ငံတွင် လယ်သမား၏ သဘာဝကို ပြသလိုသဖြင့် လယ်သမားသဘာဝ သရုပ်ဖော် အကမျိုးစုံကိုလည်းကောင်း၊ သုဝဏ္ဏသျှံကို သရုပ်ဖော်သော် ဇာတ်သရုပ်ဖော်အကမျိုးစုံကိုလည်းကောင်း ဇာတ်ဆရာ ရွှေမန်းဦးတင်မောင်ကပြသည်ကို မြင်ဖူးသည်။ ထိုသရုပ်ဖော်အကများတွင် မြန်မာတို့၏ လက်ရှိ အပျော်က အလှက ကကွက်များနှင့် လက်ရှိ သရုပ်ဖော် ကကွက်များကို သိကုံးရုံးစည်း၍ ကသွားသည်ဟု ထင်သည်။ ထိုအကမျိုးသည် ပွဲကြည့်ပရိသတ်၏ မျက်စိတွင် စိမ်းတိမ်းတိမ်းဖြစ်နေ၍ လက်ခုပ်မတီးကြလင့်ကစား ဆွဲတင်သည့် သဘောဖြင့် တစ်ခန်းတလေလောက်ကို ပွဲကတိုင်း ညှပ်၍ ကသွားမည်ဆိုလျှင် သရုပ်ဖော်အက၏တန်ဖိုးသည် ပေါ်ထင်လာမည်ဟု ထင်သည်။

နိဂုံးချုပ်တွင် မေတ္တာရပ်ခံချင်သည်မှာ ကျွန်တော်တို့သည် မိမိတို့၏ အကပညာ အမွေဟောင်းကို မှတ်တမ်းတင်၍ ပြန်လည်လေ့လာကြရန် အချိန်တန်ပြီဟု ထင်သည်။ ပြန်လည်လေ့လာခြင်းအားဖြင့် ပုံသစ်ပုံဆန်း တိုးတက်လာစရာအကြောင်းရှိသည်။ တစ်ဖန် အနည်းဆုံး အရှေ့တောင်အာရှ အကပညာတို့၏ မြစ်ဖျားခံရာဖြစ်သော ရှေးခေတ် အန္ဒိယ အကပညာကို ရှာဖွေလေ့လာကြရန် အချိန်တန်ပြီဟုလည်း ထင်သည်။ လေ့လာခြင်းအားဖြင့် အကပညာသည် အားသစ်အင်သစ် ရလာစရာအကြောင်းရှိသည်။ ထိုမျှသာမကသေးပါ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုသို့လေ့လာခြင်းအားဖြင့် မြန်မာအကပညာ၏ အဆင့်အတန်းကို မြှင့်တင်နိုင်ရန် လမ်းစပေါ်လာစရာအကြောင်းလည်း ရှိသည်။ အဘယ်ကြောင့်ဆိုသော် အကပညာတိုင်းသည် ပျော်ရွှင်မှုသက်သက်အတွက် မဖြစ်သင့်ပါ။ ရသစာပေကဲ့သို့ ပျော်ရွှင်မှုအတွက်သာမက ပတ်ဝန်းကျင်ရှိ လူ့အမှုအရာ၊ လောကအမှုအရာ၊ လူ့သဘာဝ၊ လောကသဘာဝတို့ကို သတိပြုမိ၊ ဆင်ခြင်မိလာကြအောင် ပြုပေးတတ်သောသဘော ရှိသောကြောင့် ဖြစ်သည်။ မြန်မာအကပညာကို ထိုအဆင့်အတန်းသို့ရောက်အောင် မြှင့်တင်သင့်သည်။ မြှင့်တင်လိုလျှင် လေ့လာကြရမည်သာ ဖြစ်သည်။ လေ့လာနိုင်ရေးအတွက် ရှေးမြန်မာသီချင်းကြီးများနှင့် စပ်လျဉ်း၍ စာမူမှန်၊ အသံမူမှန် တီးလုံးတီးကွက်မူမှန်တို့ကို စုံစမ်းမေးမြန်းမှတ်တမ်းတင်နေကြသကဲ့သို့ အကပညာ အရေးကိုလည်း ဆောင်ရွက်နိုင်သည်ဟု ထင်သည်။

အလျဉ်းသင့်သဖြင့် အိန္ဒိယဇာတ် သရုပ်ဖော်အကတစ်ခုကို ဥဒါဟရဏ်ဆောင်၍ တင်ပြချင်ပါသည်။ ဇာတ်မှာ ကရစ်ရှနာနတ်သားအမိတို့အကြောင်း ဖြစ်သည်။ ကရစ်ရှနာနတ်သည် အိန္ဒိယတွင် အလွန်ထင်ရှားသောနတ် ဖြစ်သည်။ ထိုနတ်၏ ကလေးဘဝ၊ လူပျိုဘဝ အဖြစ်အပျက် အမှုအရာတို့ကို လူကြိုက်များကြသည်။ ယခု တင်ပြမည့် ဇာတ်သည် ကရစ်ရှနာ၏ ကလေးဘဝဇာတ် ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းချုပ်မှာ မိခင်ပြုလုပ်ထားသော ထောပတ်ကို ကရစ်ရှနာ ကလေးတို့ ဘာသာဘာဝ နှိုက်စားသောဇာတ်လမ်း ဖြစ်သည်။ မိခင်က ကရစ်ရှနာကို ပုတ်ခတ်မည်ပြုသောအခါ ကရစ်ရှနာက ပါးစပ်ဟသည်။ ထိုအခါ မိခင်သည် ပါးစပ်အတွင်း၌ လောကသုံးပါးကို မြင်လိုက်ရဖြင့် နတ်ဘုရား၏ အဖြစ်ကို သတိရလာ၍ သားကို ရှိခိုးလေသည်။ ထိုဇာတ် သရုပ်ဖော်အကတွင် ကသူတစ်ဦးတည်းကပင် ဇာတ်ဆောင်နှစ်ဦး၏ သရုပ်ကို တစ်လှည့်စီ ဖော်ထားသည်ကို မြင်နိုင်သည်။ ပုံ(၁)သည် နံနက်ခင်း၌ မိခင်အလှပြင်နေခြင်း ဖြစ်သည်။ ပုံ (၂)သည် မိခင်



၁ ၂

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထောပတ်ပြုလုပ်နေခြင်း ဖြစ်သည်။ ပုံ(၃)သည် မိခင် ထောပတ်ထုတ်ယူနေခြင်း ဖြစ်သည်။ ပုံ(၄)သည် သားဖြစ်သူ ကရစ်ရှနာက ထောပတ်ပြုလုပ်နေသည်ကို ငေးကြည့်



နေခြင်း ဖြစ်သည်။ ပုံ(၅)သည် မိခင်က သားငယ်အား ထောပတ်ခွံ့နေခြင်း ဖြစ်သည်။ ပုံ(၆)သည် ကရစ်ရှနာ မဝသေးသဖြင့် မိခင်မရှိခိုက် ထောပတ်ရှိရာနေရာသို့ ပလွေမှုတ်ကာ ဝင်လာခြင်း ဖြစ်သည်။ ပုံ(၇)သည် ထောပတ်ကိုပြခြင်း ဖြစ်သည်။ ပုံ(၈)သည် ထောပတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စားခြင်း ဖြစ်သည်။ ပုံ(၉)သည် မိခင်ကမြင်သဖြင့် သားကို ပုတ်ခတ်မည်ပြုခြင်း ဖြစ်သည်။ ပုံ(၁၀)သည် ကရစ်ရှနာ၏ပါးစပ် ဟပြခြင်း ဖြစ်သည်။ ပုံ(၁၁)သည် မိခင်




အံ့အားသင့်ခြင်း ဖြစ်သည်။ ပုံ(၁၂)သည် လောကကို မြင်လိုက်သော မိခင်သည် သားကို ရှိခိုးခြင်း ဖြစ်သည်။

၁၉၆၁။

●

NYI SAY
MYANMAR EBOOK CREATOR

“ ခရီးသည်တစ်ဦးသည်
မိမိ၏ကျောဘက်ခရီးလမ်းကို ပြန်၍ကြည့်လိုက်လျှင်
ခရီးလမ်းရှိ အလုံးစုံသော အာရုံဝတ္ထုတို့ကို
ဂနစ္စာ မြင်နိုင်မည်မဟုတ်ပေ၊
သို့ရာတွင်
ခရီး၏ အကောက်အဖြောင့်အမြင့်အနိမ့်သဘောနှင့်
ခရီးလမ်းရှိ တောင်အထွတ်တဲ့သို့
မားမတ်သော အာရုံဝတ္ထုတို့ကိုကား
တရုံးတစည်းတည်း သိမ်းကျုံး၍
မြင်နိုင်စရာအကြောင်းရှိပါသည် ”...
ဤသို့လျှင် စာရေးသူက
ဤစာအုပ်ပါ ဆောင်းပါးတစ်ပုဒ်တွင်
ဖွင့်ဆိုထားခဲ့ရာ
ဤအချက်သည်ပင်
ဤစာအုပ်၏ ညွှန်းဆိုဖွယ်အချက်ဖြစ်ပေလိမ့်မည်ဟု
စီစဉ်သူတို့ဖက်မှ ယူဆကာ
တစ်ဖန် ပြန်လည်ထုတ်ဝေရပါကြောင်း . . .

**ဇော်ဂျီ**

# ရသစာပေ
# အဖွင့်နှင့်နိဒါန်း